

မြန်မာ့ စွယ်စုံကျမ်း

ဒုတိယတွဲ



၁၉၇၉

မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ်



၁၉၀၉

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၇၉ ခုနှစ်၊ အုပ်ရေ ၁၀,၀၀၀

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ တွဲဖက်ညွှန်ကြားရေးမှူး ဦးမျိုးသန့်က
(မှတ်ပုံတင်အမှတ် ၀၂၀၁၉) ဖြင့် စာပေဗိမာန်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍
(မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ်တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်တုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသည့်တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ်နေဆဲပင်ဖြစ်သည်ဟု ခံယူပါသည်။

ဤလူ့ဘောင်သမိုင်းစဉ်သည် မရပ်မနား ပြောင်းလဲရွေ့လျားနေလေသည်။ ၁၉၇၇ ခုနှစ်အတွင်း ဖြစ်ပျက်ခဲ့သော သမိုင်းစဉ်သည် ၁၉၇၈ ခုနှစ်နှင့် မတူနိုင်ကောင်းချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ၁၉၇၇ ခုနှစ်တွင် စစ်ခင်းနေခဲ့ကြရာမှ ၁၉၇၈ ခုနှစ်တွင် သင့်မြတ်လာကြသည့် နိုင်ငံများလည်းရှိသည်။ စစ်ရှိန်ကို မြင့်တင်လာသော ဖြစ်ရပ်များလည်းရှိသကဲ့သို့ ငြိမ်းချမ်းရေးအတွက် သမိုင်းဝင်စာချုပ်ချုပ်ဆိုသည့် ဖြစ်ရပ်လည်းရှိသည်။ စီးပွားရေးနယ်ပယ်ကိုလည်း လေ့လာကြည့်ပါ။ ကြွေးမြီပြဿနာ ပြေလည်ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်လာသည့် ဖြစ်ရပ်လည်းရှိသကဲ့သို့ ကုန်သွယ်ရေးမည်မျှမှုကြောင့် အပြန်အလှန် ပိတ်ဆို့အရေးယူနေကြသည့် ဖြစ်ရပ်လည်းရှိသည်။ စားနပ်ရိက္ခာဖူလုံရေးအတွက်ပင် အထူးကြိုးပမ်းနေရသည့် ဖြစ်ရပ်များရှိသည်နည်းတူ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြင့်ရန် တံခါးဖွင့်ပေါ်ထွန်းလာကြသည့် ဖြစ်ရပ်များလည်းရှိသည်။ စွယ်စုံကျမ်းပါ ပုဂ္ဂိုလ်တို့အနက် အချို့ထူးအရှိန်အဟုန် အတက်အကျရှိသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေအနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့်နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးချဲ့သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများ ပေါ်ထွန်းလျက်ရှိသည်။ ယင်းသို့သော နှစ်စဉ် ပြောင်းလဲဖြစ်ပေါ်နေသည့် သမိုင်းဖြစ်စဉ်များကို စွယ်စုံကျမ်းပြုစုတည်းဖြတ် ပုံနှိပ်ထုတ်ဝေသူတို့သည် မျက်ခြည်ပြတ်မခံဘဲ လေ့လာဆည်းပူး၍ နေရမည်သာဖြစ်သည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဗဟုသုတများအား ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ သုတေသနပြုလျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၉ ကို မြန်မာ့ရည်ညွှန်းကျမ်းများ စီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစုပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ရည်ညွှန်းကိုးကားလိုသူတိုင်းအတွက် လိုလေသေးမရှိအောင် ပြီးပြည့်စုံသည့် ရည်ညွှန်းကျမ်းအဆင့်ထိ ပြုစုနိုင်ခြင်းမရှိသော်လည်း အထိုက်အလျောက် အထောက်အကူပြုနိုင်သည့် ကျမ်းတစ်အုပ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ယင်းသို့ ပြုစုပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်နိုင်ခဲ့ကြသူ စာပေပညာရှင်များနှင့် ပုံနှိပ်ပညာရှင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြပါသည်။ ။

စာပေဗိမာန်

ဤကျမ်းကို မရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်မျှားသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းမျှား ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၉ ကို ယခင် ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၈ ပါ အကြောင်းရပ်မျှားနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ် ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်မျှားလည်း အမျှားအပြား ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၈၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာမျှားကို ၁၉၈၉ ခုနှစ်တွင် ပုံနှိပ် ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၈၉ ခုနှစ်အတွင်း အဖြစ်အပျက်မျှားကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၀ ပုံနှိပ် ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူမျှား လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်း ခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၈၈ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်မျှားကို မြန်မာ့သတင်းစဉ် သတင်းလွှာမျှားနှင့် ညှိနှိုင်း၍ နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ်ချုပ်အထူး ဆောင်းပါးနှစ်ပုဒ် ပါဝင်ပါသည်။ တတိယပိုင်းတွင် သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါးခြောက်ပုဒ်ကို တင်ပြထားပါသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးမျှားကို ပညာရပ်အလိုက် ကျမ်းကျင်ရာ ပညာရှင်မျှားက လေ့လာသုတေသနပြု၍ ရေးသားထားခြင်း ဖြစ်ပါသည်။ စတုတ္ထပိုင်း၌ ဖော်ပြထားသော အကြောင်းရပ်မျှားသည် ၁၉၈၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာအကြောင်းမျှား ဖြစ်ပါသည်။ အကြောင်းရပ်မျှားကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ်စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါအကြောင်းရပ်မျှားကို အလွယ်တကူ ရှာဖွေ ဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်းကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။ အသံလှယ် ဝေါဟာရ အချို့ကိုလည်း စာရင်းပြုစု ဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိမျှားကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်မျှား၏ အတ္ထုပ္ပတ္တိမျှားကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်မျှားတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်မျှား၏ အတ္ထုပ္ပတ္တိမျှားကိုလည်းကောင်း၊ နိုင်ငံတကာရေးရာမျှားတွင် ထင်ရှားလာသော ပုဂ္ဂိုလ်မျှား၏ အတ္ထုပ္ပတ္တိမျှားကိုလည်းကောင်း ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ယခု ထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၈၈ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်မျှား၏ အတ္ထုပ္ပတ္တိမျှားကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်မျှား၏ အတ္ထုပ္ပတ္တိမျှားကိုလည်းကောင်း ထည့်သွင်းဖော်ပြထားပါသည်။

အကြောင်းရပ်မျှားတွင် အညွှန်းမျှားကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်မျှားကိုညွှန်းလျှင် စာအုပ်အမည်(ဥပမာ၊ စွယ်စုံနှစ်ချုပ် ၁၉၈၇)နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၉ ပါ အကြောင်းရပ်မျှား၊ ဆောင်းပါးမျှားကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း တစ်

၁၉၇၈ ခုနှစ် ဖြစ်ရပ်များ ၁

အပိုင်း နှစ်

နှစ်ချုပ်အထူးဆောင်းပါးများ

— ပါးရှင်းပင်လယ်ကွေစပ်ပဲ ၂၀

— ဆိုးလ်အိုလင်းပစ်အား‌ကစားပဲ့တော် ၃၂

အပိုင်း သုံး

စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါးများ

-- သခ္ဓာသစ်နှင့် ခေတ်သစ်သခ္ဓာသပိုင်း ၄၄

ဖန်ပြန်သန္ဓေသား ၅၆

တိုးတက်ပြောင်းလဲလာသော ရှေးဟောင်းသုတသန ၆၃

— တတိယအကြိမ် ပြည်သူလွှတ်တော်ဥပဒေများ ၇၃

— စတုတ္ထအကြိမ် ပြည်သူလွှတ်တော်ဥပဒေများ ၈၂

— အပြည်ပြည်ဆိုင်ရာ ရေကြောင်းသယ်ယူပို့ဆောင်ရေး ၉၅

အပိုင်း လေး

၁၉၇၈ ခုနှစ် အကြောင်းရပ်များ ၁၀၅

အသံလှိုင်းဝေါဟာရများ ၃၀၈

အက္ခရာစဉ်အညွှန်း ၃၀၉

အာပိုင်း တစ်

၁၉၁၈ ခုနှစ် ဖြစ်ရပ်များ


၁၉၁၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံ
တကာဖြစ်ရပ်အချို့ကို နှစ်စဉ် သတင်းမှတ်တမ်းများအဖြစ်
ရေးသားပူးစု ဖော်ပြထားပါသည်။



ပုံ ၄၆



ပုံ ၄၇




ပုံ ၄၈

ရုပ်ပြကြည့်ခြင်းဖြင့် ကွန်ပျူတာ၏ အသုံးပြုပုံကို သင်ယူနိုင်သော ကလေးငယ်များ။



ပုံ ၄၉



ပုံ ၅၀

၁၉၈၈ ခုနှစ် ဖြစ်ရပ်များ

ဇန်နဝါရီလ

၁ ဆိုဗီယက် ပြည်ထောင်စု၏ စက်မှုစီးပွားရေးလုပ်ငန်း ၆၀ ရာခိုင်နှုန်းကို ယင်းတို့၏ ရောင်းကုန်အမြတ်ဖြင့် ကိုယ်ပိုင်ငွေကြေး ဘဏ္ဍာထောက်ပံ့ သုံးစွဲနိုင်သည့် ကိုယ်ပိုင် စီမံခန့်ခွဲရေးစနစ်သို့ ပြောင်းလဲလိုက်ရာ စီးပွားရေး စီမံခန့်ခွဲမှုမဝါဒတွင် ဗဟိုချုပ်ကိုင်သော စီမံကိန်းမှ သိသိသာသာ စတင် လမ်းခွဲထွက်ခြင်း ဖြစ်သည်။

၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက် ခဲ့ကြ သည့် ပုဂ္ဂိုလ်များအနက် ဆရာစံ ခေါင်းဆောင်သော တောင်သူလယ်သမားတော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး ထောင်ဒဏ်ကျခံခဲ့ရသည့် ပုဂ္ဂိုလ် တစ်ဦးဖြစ် သည့် ဦးထွန်းမောင် (ပေါက်ခေါင်း) အား တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေကျပ် ၁၀,၀၀၀ တိတိနှင့် လစဉ် ချီးမြှင့်ငွေကျပ် ၂၀၀ တိတိကို ခံစားခွင့် ပြုလိုက်သည်။

၇ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယုက မြန်မာနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာအူဖီ အယ်လီမန် ဂျင်ဆင် အား ပြည်သူ့လွှတ်တော် ဝင်းအတွင်း ရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟီနန် ပြည်နယ်မှ အသက် ၄၅ နှစ်အရွယ် လယ်သမားကြီး ကျောက်ကျန်ဂျင်က ဆံပင်ပေါက်ဆေးရည် တစ်မျိုးကို တီထွင် ထုတ် လုပ်လိုက်ရာထိပ်ပြောင်သူ ၁၀,၀၀၀ ကျော်သည် ယင်းဆေးရည်ကြောင့် ဆံ ပင် သစ် များ ပေါက်လာကြသည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အနောက်ဘာလင်ကို တရားဝင်အုပ်စိုးခဲ့ဖူးသော အင်အားကြီးနိုင်ငံသုံးနိုင်ငံအနက် တစ်နိုင်ငံဖြစ်သော ပြင်သစ်နိုင်ငံသို့ အရှေ့ဂျာမနီခေါင်းဆောင် အဲရစ် ဟွန်နက်ကာသည် အရှေ့ဂျာမနီနိုင်ငံအကြီးအကဲတစ်ဦး အနေဖြင့် ပထမဆုံးအလည်အပတ်ရောက်ရှိသည်။

၁၂ လွန်ခဲ့သည့်နှစ် နိုဝင်ဘာလတွင် ဝန်ကြီးချုပ် ဖြစ်လာခဲ့သော ဂျပန်နိုင်ငံဝန်ကြီးချုပ် နိုဘိုရု တာကေရှီတာသည် အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် နိုင်ငံပိုင် စီးပွား ရေး လုပ် ငန်း များ အား ကိုယ်ပိုင် လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့် တိုးမြှင့်ပေးသည့် ဥပဒေကိုသတင်းစာများ၌ တရားဝင်ဖော်ပြကြေညာသည်။

ဆူရီနမ်နိုင်ငံအမျိုးသားလွတ်တော်သည် ရမ်ဆီဝက် ရှန်ခါကို သမ္မတအဖြစ် လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်က စစ်တပ်၏ အာဏာသိမ်း ဖြုတ်ချခြင်းကို ခံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း ဟင့်ခ် အာရွန်ကို ဝန်ကြီးချုပ်အဖြစ်လည်းကောင်း ရွေးချယ် တင်မြှောက်သည်။

၁၅ စပိန်နိုင်ငံ တော်ရီယွန် အခြေစိုက် စခန်း၌ ချထားသော အမေရိကန် အက်ဖ် ၁၆ တိုက်လေယာဉ် ၇၂ စင်းကို သုံးနှစ်အတွင်းရုပ်သိမ်းရန် စပိန်နှင့်အမေရိကန်ပြည်ထောင်စုတို့ သဘောတူညီမှု ရရှိသည်။

မြောက်ကိုရီးယားနိုင်ငံ ခေါင်းဆောင်တစ်ဦးဖြစ်သော ကင်ဂျုံအိ၏ အမိန့်အရ လွန်ခဲ့သည့်နှစ် နိုဝင်ဘာလ ၂၉ ရက်နေ့က ဘဂ္ဂဒက်မှဆိုးလ်မြို့သို့ပျံသန်းသော ခရီးသည်တင် တောင် ကိုရီးယား လေယာဉ်ကို ဗုံးဖောက်ခဲ့ ခဲ့ကြောင်းဖြင့် အသက် ၂၆ နှစ်ရှိ ကင်ဟုန်ဟွီး ဆိုသူမြောက်ကိုရီးယား အမျိုးသမီးက ဆိုးလ်မြို့တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ကိုယ်တိုင်ထုတ်ဖော်ဝန်ခံသည်။

၂၁ ဗီယက်နမ်ထောက်ခံသော ကမ်ပူးချားနိုင်ငံအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်သူ ဟွန်ဆင်နှင့် ဒီမိုကရက်တစ်ကမ်ပူး



ချားညွန့်ပေါင်းအစိုးရ (စီဂျီဒီကေ) ၏ သမ္မတဖြစ်သူ နီရိုဒမ် သီဟာနု တို့သည် ပြင်သစ်နိုင်ငံ ပါရီမြို့အနီး၌ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးကြသည်။

၂၁– ၄၁ နှစ်မြောက် ပြည်ထောင်စု နေ့ ကျင်းပရေးအတွက် ရန်ကုန်မြို့တော် ၃၁ ခန်းမ၌ တစ်နှစ်တာ ရပ်နားခဲ့သော ပြည်ထောင်စု အလံ တော်သည် မဟာ ဗန္ဓုလပန်းခြံအတွင်း စင်မြင့်မှ ဇရာဝတီတိုင်း ရွှေလောင်းကျေးရွာ၊ ဝါးခယ်မမြို့၊ ပုသိမ်မြို့၊ ဟသ်ာတမြို့၊ ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဥသျစ်ပင်ကျေးရွာ၊ မကွေးတိုင်းမင်းတုန်းမြို့၊ ရခိုင်ပြည်နယ်ကျောက်ဖြူမြို့၊ ချင်းပြည်နယ် မတူပီမြို့၊ မင်းတပ်မြို့နှင့် မကွေးတိုင်းပေါက်မြို့တို့သို့ လက်ဆင့်ကမ်းရောက်ရှိသည်။

၂၂ ဖိလစ်ပိုင်နိုင်ငံ၏ လယ်ယာမြေပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို ကွန်ဂရက်က အတည်ပြု ပြဋ္ဌာန်း ရေးအတွက် မိမိမိသားစုပိုင် ကြံစိုက်ခင်းကို လယ်ယာမြေပြုပြင်ရေး လုပ်ငန်းတွင် ထည့်သွင်းမည်ဟု သမ္မတ မစ္စက်အကီနိုက ပဋိညာဉ်ပြုသည်။

၂၃ ဟေတီနိုင်ငံ ရွေးကောက်ပွဲများတွင် မသမာမှုများ ရှိနေသည်ဟု သတင်းများထွက်ပေါ်နေစဉ်မှာပင် ကွန်ဆာဗေးတစ် ဝါဒီ နိုင်ငံရေးသိပ္ပံ ပါမောက္ခ လက်စလီ မာနီဂက်သည် သမ္မတအဖြစ် ထောက်ခံမဲ ၅၀ ဒသမ ၃ ရာခိုင်နှုန်း ဖြင့် ရွေးချယ် တင်မြှောက်ခံရသည်ဟု တရားဝင် ကြေညာ ချက်ထုတ်ပြန်သည်။

၂၄ သြစတြေးလျနိုင်ငံတွင် ဥရောပ တိုက် သား ၁၀၀၀ တို့ မေဆော်ဦး အခြေ ချ နေထိုင်ခြင်း နှစ် နှစ်ရာ ပြည့် အထိမ်း အမှတ် အခမ်းအနားများကို သြစတြေးလျ မေးနေပဲဟူ၍ နိုင်ငံတစ်ဝန်းကျင်းပရာ ဗြိတိန် နိုင်ငံ အိမ်ရှေ့မင်းသား အပါအဝင် လူ နှစ် သန်းခန့်သည် ဆစ်ဒနီမြို့၌ ကျင်းပသော အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ကာဗွန် မိုနော့ ဆိုဒ် ဓာတ်ငွေ့ အဆိပ် သင့်၍ တစ်နှစ်ကြာ သတိမေ့မြောနေခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေပေ ပြည်နယ် မှ အသက် ၂၄ နှစ်အရွယ်ရှိ တီယန်ကီချင် ဆိုသူ ချည်မျှင်စက် အလုပ်သမကလေးသည် သတိပြန်လည်လာသည်။

ဖေဖော်ဝါရီလ

၁– ၄၁ ကြိမ်မြောက် ပြည်ထောင်စုနေ့ အလံတော် သယ်ယူရေး အစီအစဉ် ၁၂ အရ မကွေးတိုင်း ပေါက်မြို့တွင် တစ်ညတာ ရပ်နားခဲ့သော ပြည်ထောင်စု အလံတော်သည် ရေစကြိုမြို့၊ စစ်ကိုင်းတိုင်း မုံရွာမြို့၊ စစ်ကိုင်းမြို့၊ မန္တလေးတိုင်း မန္တလေးမြို့၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊



ရှမ်းပြည်နယ် ကျိုင်းတုံမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ တနင်္သာရီတိုင်း မြိတ်မြို့နှင့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့တို့သို့ ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် လူထုအစည်း အဝေးကြီးကျင်းပရာ ကျိုက္ကဆံကွင်းစင်မြင့် သို့ ရောက်ရှိသည်။

ဥဿရည် ထက်မြက်စေရန် မိဘများက သားသမီးများအား ဗီတာမင်ဆေးများ အလွန်အကျဲ တိုက်ကျွေးခြင်းသည် သားသမီးများကို အဆိပ်အတောက် ဖြစ်စေကြောင်းဖြင့် ဗြိတိန်နိုင်ငံ ဆရာဝန်များက ပြောကြားသည်။

၁– ၁၅ ဖင်းလန်နိုင်ငံ သမိုင်းတွင် ပထမဆုံး အကြိမ်အဖြစ် တိုက်ရိုက် သမ္မတရွေး ကောက်ပွဲကိုကျင်းပရာ လက်ရှိသမ္မတ မောနိုကွိုင် ဗစ္စတို သည် ထောက်ခံမဲ ထက်ဝက်ကျော်မရဘဲ ၄၇ ဒသမ ၉၂ ရာခိုင်နှုန်းသာရသည်။ အဖွဲ့ဝင် ၃၀၁ ဦး ပါဝင်သော အီလက်တိုရယ်ကောလိပ်က တစ်ဆင့် ခံရွေးကောက်ပွဲကျင်းပရာတွင်မူ မောနိုကွိုင် ဗစ္စတိုကိုပင် ရွေးချယ် တင်မြှောက်လိုက်သည်။

၂ အဖွဲ့ဝင် ၁၅၄ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (အီကိုဆော့)၏ ဥက္ကဋ္ဌအဖြစ် ကုလသမဂ္ဂ ဆိုင်ရာ ဗင်နီဇွဲလား ကိုယ်စားလှယ် အင်ဒရေ အော့ဂလာအား ရွေးချယ်လိုက်သည်။

၄ ဆိုဗီယက် ပြည်ထောင်စု တရားရုံး ချုပ်သည် ၁၉၃၀ ခုနှစ်က ဟန်ပြ တရားခွင်ဖြင့် သေဒဏ်သော်လည်းကောင်း၊ နှစ်ရှည် အလုပ်ကြမ်းစခန်းဝင် အပြစ်ဒဏ် သော်လည်းကောင်း စီရင်ခံခဲ့ရသော (ပေါ်လစ်ဗျူရိုအဖွဲ့ဝင်ဟောင်း နီကိုလိုင်ဘူခါရင် နှင့် အလက်ဇီရိုင်ကော့တို့အပါအဝင်) ကွယ်လွန်ပြီးသော ဆိုဗီယက် ထိပ်တန်း ခေါင်း ဆောင်ဟောင်း ၁၀ ဦးကို တရားဥပဒေ ကြောင်းအရ အပြစ်ကင်းစင်ကြောင်းဖြင့် အတည်ပြု ကြေညာပေးလိုက်သည်။

၂၆– ၂၈ အမေရိကန်ပြည်ထောင်စု တရားရေး ဌာနသည် ပနားမားနိုင်ငံ ကာကွယ်ရေး ဦးစီးချုပ်နှင့် အမှန်တကယ် အာဏာရှိသူ ဗိုလ်ချုပ်ကြီးမင်းချယ်နိုရီဂါ အား နိုင်ငံတကာ မူးယစ်ဆေးဝါးပြစ်မှုဖြင့် စွဲချက်တင်လိုက်ရာ ယင်း မူးယစ် ဆေးဝါး

၂၉ အလယ်ပိုင်း အာဖရိက နိုင်ငံတွင် လူသတ်မှု၊ တရားဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်မှု၊ အလွဲသုံးစား ပြုလုပ်မှုတို့ဖြင့် ၁၉၇၇ ခုနှစ် ဇွန်လက သေဒဏ်ချမှတ်ခြင်း ခံထားရသော ကေထုင်ဟောင်း ဂျင်းဘက်ဒဲ ဗိုကက် ဆာအား ထောင်ဒဏ် တစ်သက်တစ်ကျွန်းသို့ လျှော့ချ ပေးလိုက်ကြောင်းဖြင့် အစိုးရကကြေညာသည်။

မတ်လ

၃– ၅ ထိုင်းနိုင်ငံ အိမ်ရှေ့မင်းသား မဟာဗာဂျိရာလောင်ကွန် မြန်မာနိုင်ငံသို့ အလည်အပတ် လာရောက်သည်။

၃– ၂၇ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ဂျတီယာဆန်ဂဆတ် (ပါလီမန်) အမတ်နေရာ ၃၃၀ အတွက် ရွေးကောက် ပဲ့မျှားကျင်းပရာ အာဏာရ ဂျတီယ (အမျိုးသား) ပါတီက ၂၅၁ နေရာကို အနိုင်ရရှိ၍ လက်ရှိ ဒုတိယ ဝန်ကြီးချုပ် မိုဒွတ် အာမက်က ဝန်ကြီးချုပ်အဖြစ် တာဝန်ယူကာ အစိုးရ အဖွဲ့သစ်ကို ဖဲ့စည်းသည်။

၄ တရုတ် နိုင်ငံသည် စီချမ် ပြည်နယ် အာကာသ စခန်းမှ ဆက်သွယ်ရေး ဂြိုဟ်တုတစ်လုံးကို အောင်မြင်စွာ ပစ်လွှတ် လိုက်သည်။

၁၀– ၁၁ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဗဟိုကော်မတီ အင်္ဂမအကြိမ် အစည်းအဝေးကို ပြည်သူ့လွှတ်တော်အစည်း အဝေးခန်းမ၌ ကျင်းပသည်။

၁၀ အင်ဒိုနီးရှားသမ္မတ ဆူဟာတိုအား ပဉ္စမငါးနှစ်သက်တမ်းအတွက် သမ္မတ အဖြစ် ပြည်သူ အတိုင်ပင်ခံ လွှတ်တော်က တညီတညွတ်တည်း ရွေးချယ် တင်မြှောက် လိုက်သည်။

၁၁ အီတလီနိုင်ငံ ဝန်ကြီးချုပ် ဂီယိုဇန်နီ ဂိုရီယာသည် ဝန်ကြီးချုပ် အဖြစ်မှ နုတ်ထွက်သည်။

၁၂ အင်ဒိုနီးရှား ဒုတိယသမ္မတ ဟာတို၏ လက်ရုံးတစ်ဦးဖြစ်သူ ဆူဒါမိုနိုအား ပြည်သူ့ အတိုင်ပင်ခံ လွှတ်တော်က တညီတညွတ်တည်း ရွေးချယ်လိုက်သည်။

ပြစ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုအဆင့် ပြေစေရန် ကာကွယ်ရေးဦးစီးချုပ် ထူးမှုနုတ်ထွက် ပေးရမည်ဟု ပနာမားသမ္မတ အဲရစ်ဒယ်ဗောကအမိန့်ထုတ်သည်။ ဥပဒေပြုလွှတ်တော်က သမ္မတ၏ ဆောင်ရွက်မှုသည် ဖဲ့စည်းပုံအခြေခံဥပဒေနှင့် သွေဖည်ကြောင်း ကြေညာပြီး သမ္မတနှင့် ဒုတိယသမ္မတတို့ကို ဖြုတ်ချ၍ ပညာရေး ဝန်ကြီးမင် ရှူယယ် ဆိုလစ် ပါးလမားကို ယာယီသမ္မတအဖြစ် ခန့်အပ်သည်။

၆ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ဦးစန်းယုသည် ကျို ကွ ဆံ ကွင်း အတွင်းရှိ ၎ခ နှစ်မြောက် ပြည်ထောင်စုနေ့ ပြခန်း များ ကို လှည့်လည်ကြည့်ရှုသည်။

နှစ်သစ်ကူးပွဲတော် (တက်ပွဲတော်) အထိမ်းအမှတ်အဖြစ် တစ်နိုင်ငံလုံးရှိ ပြန်လည် ပညာပေးရေးစခန်း အသီးသီးမှ အကျဉ်းသား ၃,၀၂၀ ကို လွှတ်ပေးလိုက်ကြောင်းဖြင့် ဗီယက်နမ်နိုင်ငံ အစိုးရက ကြေညာသည်။ လွှတ်မြောက်လာသူများတဲတွင် တောင်ဗီယက်နမ် အစိုးရဟောင်းမှ ထိပ်တန်းအရာရှိကြီးများ ပါဝင်သည်။

တောင်ကိုရီးယားနိုင်ငံ သမ္မတအဖြစ် ရွေးချယ်ခြင်း ခံထားရသော မစွတာနိုတေဝူးသည် အစိုးရအဖွဲ့သစ် ဖဲ့စည်း လိုက် ရာ နိုင်ငံရေးသမား တစ်ဦးဖြစ်သော လီဟန်ကျေးကို ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးသည်။

၁၄ -စိုက်ပရပ်နိုင်ငံတွင် လုပ်သားပြည်သူ တိုးတက်ရေး ပါတီ (အေကေအီးအယ်) အမည်ရှိ ကွန်မြူနစ်ပါတီ၏ထောက်ခံမှုရသော တစ်သီးပုဂ္ဂလ သမ္မတဟောင်း ကျော်ကျီယောင့်ဗက်ဆီလီယိုသည် ထောက်ခံမဲ ၅၁ ဒသမ ၆၃ ရာခိုင်နှုန်းဖြင့် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

၁၅ ပါရာဂွေးနိုင်ငံတွင် မသမာမှုများနှင့် အတိုက်အခံ ခေါင်းဆောင်များကို နှိပ်ကွပ်ဖမ်းဆီးမှုများ ရှိသည်ဟု စွပ်စွဲကာ ဆန့်ကျင်နေသော ဆန္ဒပြပွဲများနှင့် ရင်ဆိုင်နေရသည့် သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ ဗိုလ်ချုပ်ကြီးစထရိုအက်စနာသည် ထောက်ခံမဲ ၈၈ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အင်္ဂမ အကြိမ်မြောက် သက်တမ်း အတွက် ရွေးချယ်တင်မြှောက်ခံရသည်။

၁၇ ပါကစ္စတန်နိုင်ငံ သမ္မတ အော်စကာအေရီယက်စ် ဆန်ရွေးဇ် သည် ၁၉၇၇ ခုနှစ်ကရရှိခဲ့သော နိုဗဲဆုငွေကို နိုင်ငံအတွင်းရှိ ဆင်းရဲသားများအား ထောက်ပံ့ကူညီရန် ရန်ပုံငွေထူထောင်လိုက်သည်။

၁၇– ၂၂ ဆိုဗီယက် ပြည်ထောင်စု ကွန်မြူနစ် ပါတီ ဗဟို ကော်မတီ၏ ပညာရေး ပြုပြင် ပြောင်းလဲမှုဆိုင်ရာ အစည်းအဝေး၌ ပါတီ အထွေထွေအတွင်းရေးမှူး မိခေးယီး ဂေါ်ဘာချော့က အမှာစကား ပြောကြားရာတွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ပြန်လည် တည်ဆောက်မှု (ပယ်ရက်စထရိုင်ကာ) အတွက် လက်ရှိဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများကိုရှင်းပြပြီး ပယ်ရက်စထရိုင်ကာလုပ်ငန်းစဉ်သည် ဆိုရှယ်လစ်ဝါဒမှနေ၍ဆုတ်ပြေးခြင်းမဟုတ်ကြောင်း ရှင်းပြသည်။

၂၀ ကော့စတာရီကာနိုင်ငံသမ္မတ အော်စကာအေရီယက်စ် ဆန်ရွေးဇ် သည် ၁၉၇၇ ခုနှစ်ကရရှိခဲ့သော နိုဗဲဆုငွေကို နိုင်ငံအတွင်းရှိ ဆင်းရဲသားများအား ထောက်ပံ့ကူညီရန် ရန်ပုံငွေထူထောင်လိုက်သည်။

၂၁– ၂၇ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတုံရှရီဒေါက်တာမဟာသီယာမိုဟာမက်နှင့် ဇနီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိသည်။

၂၂ ဝါရှင်တန်မြို့တွင် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလက ချုပ်ဆိုခဲ့သော အိုင်အင်အက်ဖ် စာချုပ်နှင့်အညီ ဖျက်သိမ်းရန်ရှိသည့် ဆိုဗီယက်တာလတ်ပစ် ရှူကလီးယားဒုံးကျည်များအနက် အရှေ့ဂျာမနီနှင့် ချက်ကိုစလိုဗက်ကီးယားနိုင်ငံတို့မှ ဒုံးကျည်များကို ဗေဒဆော်ဦးရုပ်သိမ်းသည်။

၂၈ ဆီနီဂေါနိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ပါတီ ခေါင်းဆောင် လက်ရှိသမ္မတ အဗ္ဒဒူ ဒိုင်အွတ်သည် ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက် ပြန်လည် ရွေးချယ်တင်မြှောက်ခံရသည်။

၁၄- ၁၈ စတုတ္ထအကြိမ် ပြည်သူ့ လွှတ်တော် ဆဋ္ဌမ အစည်း အဝေးကို ပြည်သူ့ လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

၁၈ ၁၉၇၇ ခုနှစ်သည် အကြမ်းဖက်ဝါဒ အဆိုးရွားဆုံး ဖြစ်ပွားသော နှစ်ဖြစ်ကြောင်း၊ သို့ရာတွင် အမေရိကန်ကို ဆန့်ကျင်ကျူးလွန်မှု အရေအတွက်မှာ ၂၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းဖြင့် အမေရိကန် နိုင်ငံခြားရေးဌာန အကြမ်းဖက်ဝါဒ လေ့လာကျမ်းကျင်သူ အယ်ပေါ ဘရီမာက အောက်လွှတ်တော်၌ တင်ပြသည်။

၂၀ လားရှိုးမြို့၊ အမှတ် (၅) ရပ်ကွက်၊ ရေကန် လမ်းရှိ တရုတ် လူမျိုး ဦးချောက်ဝေလင်း၏အိမ်မှစတင်၍မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေစုစုပေါင်း ၂,၀၉၆ လုံး မီးလောင်ခံရပြီး ကျပ်ငွေ ၅၇၆ သိန်းဖိုးခန့် ဆုံးရှုံးကာ လူ ၁၁၃ ဦး သေဆုံးသည်။

၂၁ အစ္စရေး သိမ်းပိုက်ခံ နယ်မြေများတွင် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလမှစ၍ပါလက်စတိုင်းတို့၏ ဆူပူအုံကြွမှု ဖြစ်ပွားလျက်ရှိရာ အနောက်ဘက် ကမ်းတွင် ဆန္ဒပြပွဲတစ်ခု၌ ပါလက်စတိုင်းတစ်ဦး သေဆုံးသဖြင့် စုစုပေါင်းသေဆုံးသူ ပါလက်စတိုင်း လူမျိုး ပေါင်း ၁၀၀ ပြည့်သွားသည်။

၂၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် စတုတ္ထ အကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သည့် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်တတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်. နည်းဥပဒေ၊ ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ၁၉၇၈ ခုနှစ် စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ၊ ၁၉၇၈ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ တို့ကို နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ ဦးစန်းယု က လက်မှတ်ရေးထိုး ထုတ်ပြန် ကြေညာသည်။

၂၇ ကင်ညာနိုင်ငံ သမ္မတ ဒင်နီယယ် အာရပ်မိုင်သည် တတိယ ငါးနှစ်သက်တမ်းအတွက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၂၈ တရုတ် ပြည်သူ့ သမ္မတနိုင်ငံ ဟူပေ ပြည်နယ် မြို့တော် ဝူဟန် မြို့သည် ယင်း၏ ကိုယ်ပိုင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုရန် နိုင်ငံခြားမှ ကျွမ်းကျင်သူ ပညာရှင် ၂၀၀ ကျော်ကို ငှားရမ်း အသုံးပြုလျက် ရှိကြောင်း ဆင်ဟွာ သတင်းဌာနက ဖော်ပြလိုက်သည်။

၂၉ ၁၉၇၈ ခုနှစ်အတွက် နိုဗဲဆုဆွတ်ခူးရရှိသူများသည် ၁၉၇၇ ခုနှစ်ကထက် ဆုငွေ ၁၅ ရာခိုင်နှုန်းတိုး၍ ဆွီဒင် ကရောင်းငွေ ၂ ဒသမ ၅ သန်း (ဒေါ်လာ ၄,၂၀,၀၀၀) ရရှိကြမည်ဟု နိုဗဲဆု ရွေးချယ်ပေးအပ်ရေးဖောင်ဒေးရှင်းက ကြေညာသည်။

၃၁ မော်လမြိုင်တက္ကသိုလ် ပထမအကြိမ် ဘွဲ့နှင်း သဘင် အခမ်း အနား ကို မော်လမြိုင် တက္ကသိုလ်ဝင်းရှိ မြိုင်နှံသာ ဥယျာဉ်၌ ကျင်းပသည်။

ဇပြိုလ

၂ နိုပေါနိုင်ငံ ဘုရင်မင်းမြတ်နှင့် မိဖုရား တို့က မဟာဝိဇယစေတီတော်အတွက် ဓမ္မပဏ္ဏာတော်အဖြစ် ပေးပို့သော အလျားခြောက်ပေ၊ အနံလေးပေနှင့် ဒုလေးလက်မရှိ ဗုဒ္ဓဝင် သစ်ထွင်းပန်းပု ကားချပ် ၁၆ ချပ်အနက် ၁၂ ချပ် ရန်ကုန်မြို့သို့ ရောက်ရှိပြီ ဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုရှိ အခြားသော နေရာများတွင် နေထိုင်သည့် လူများထက် ခြောက်နှစ်ခန့် အသက်ပိုရှည်ပြီး ပျမ်းမျှ အားဖြင့် အသက် ၇၀ ဒသမ ၅ နှစ်ရှိသော အာမေးနီးယန်းလူမျိုးများကိုထောက်ရှု၍ အသက်ရှည်စွာ နေရခြင်း၏ လျှို့ဝှက်ချက်များမှာ အိမ်ထောင်ရေးဘဝ သာယာမှုရှိခြင်း၊ မိသားစုအတွင်း ရိုသေလေးစားမှုခံရခြင်းနှင့် ကျေးလက်၌ နေထိုင်ခြင်းတို့ပင် ဖြစ်သည်ဟု တာ့စ်သတင်းဌာနက ဖော်ပြသည်။

၅- ၇ ပြည် ထောင် စု ဆို ရှယ် လစ် သမ္မတ မြန်မာနိုင်ငံတော် စာပေလုပ်သား အဖွဲ့ တတိယအကြိမ် ဗဟိုမျက်နှာစုံညီအစည်းအဝေး ကျင်းပသည်။

၈ တရုတ် ပြည်သူ့သမ္မတနိုင်ငံတွင် သြဇာတိက္ကမအကြီးမားဆုံးဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်သည့် ယန်စန့်ခွင်းကို တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

ကျပန်နိုင်ငံသိပ္ပံနှင့်နည်းပညာဖောင်ဒေးရှင်းသည် မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းရောဂါဖြစ်ပွားစေသော ဗိုင်းရပ်ပိုးကိုရှာဖွေဖော်ထုတ်ခဲ့သည့် အမေရိကန်သိပ္ပံပညာရှင် ရောဗတ်ဂယ်လိုနှင့် ပြင်သစ် သိပ္ပံပညာရှင် လုမွန်တေးနီးယား တို့အား ယန်းငွေ ၂၅ သန်း (ဒေါ်လာ ၄၀,၀၀,၀၀၀) ချီးမြှင့်လိုက်သည်။

ကမ္ဘာတစ်ဝန်းလုံးတွင် ဆေးလိပ်သောက်သုံးခြင်း မပြုရေးနေ့ကို ကျင်းပသည်။

ဖြို - ၈



၉ ဂုဏ် ထူး ဆောင် ဘွဲ့ များ ဂုဏ် ထူး ဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း ခြင်း အခမ်းအနားကို ပြည်သူ့လွှတ်တော် သဘင်ဆောင်၌ ကျင်းပရာ စွမ်းရည်သတ္တိ ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများကို နိုင်ငံတော်သမ္မတကြီးက ချီးမြှင့်အပ်နှင်းသည်။

၁၁ အီတလီနိုင်ငံတွင် စစ်ပြီးခေတ်နောက် ပိုင်း ၄၀ ကြိမ်မြောက် အစိုးရဖွဲ့စည်းရေးအတွက် ဝန်ကြီးချုပ် အဖြစ် လျာ ထား သတ်မှတ်ခံထားရသူ စီရီယာကို ဒီ မီတာ သည် အစိုးရအဖွဲ့သစ်တွင် ပါဝင်မည့် အဖွဲ့ အစည်းများနှင့် သဘောတူညီမှု ရရှိသည်။

၁၄ အာဖဂန်စတန် နိုင်ငံမှ ဆိုဗီယက် တပ်များ ရုပ်သိမ်းရေးအတွက် လမ်း ရှင်းပေးလိုက်သော သဘောတူညီချက်များကို ဆိုဗီယက်ပြည်ထောင်စု၊ အာဖဂန်စတန်၊ အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်တို့ လက်မှတ်ရေးထိုးကြသည်။

ဒိန်းမတ်ဆိပ်ကမ်းများသို့ ဆိုက်ကပ်လာသော သင်္ဘောများတွင် နျူးကလီးယား လက် နက် များ ဟင် ဆောင် လာ ခွင့် မပြုကြောင်းဖြင့် ဒိန်းမတ်ပါလီမန်က ဆုံးဖြတ်သည်။

၁၅ ဘာမူဒါကျွန်းတွင် နေထိုင်ကြသည့် ပြည်သူ ၅၆,၀၀၀ တို့သည် ၁၉၀၆ ခုနှစ်တွင် ကမ္ဘာပေါ်၌ အချမ်းသာဆုံးဖြစ်ခဲ့ကြောင်း၊ တစ်ဦးချင်းပျမ်းမျှဝင်ငွေ တစ်နှစ်လျှင် ဒေါ်လာ ၂၀,၂၄၀ ရှိခဲ့ကြောင်းဖြင့် ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် ဖော်ပြသည်။ အီသီအိုးပီးယား နိုင်ငံသားတို့မှာ တစ်ဦးချင်း ပျမ်းမျှဝင်ငွေ တစ်နှစ်လျှင် ဒေါ်လာ ၁၂၀ သာရှိ၍ အနည်းဆုံး ဖြစ်သည်ဟု ဆိုသည်။

၁၉ ကျွမ်း ကျင် သော ဆ ရာ ဝန် သည် ငါးမီလီမီတာအရွယ်ထက် ငယ်သော ရင်သားကင်ဆာကျူးမာအကျိတ်ကိုစမ်းသပ်တွေ့ရှိရန် ယေဘုယျအားဖြင့် အခက်အခဲရှိလှမည်ဖြစ်သော်လည်း ဂျပန်နိုင်ငံ ဝါဆေဒါတက္ကသိုလ် သုတေသနပညာရှင် အဖွဲ့က တီထွင်ထုတ်လုပ်သော ယန္တရားလုပ်သား (ရိုဘော့) သည် သုံးမီလီမီတာ အရွယ်ရှိ ကျူးမာအကျိတ်ကိုပင် စမ်းသပ်ရှာဖွေတွေ့ရှိနိုင်စွမ်းရှိသည် ဟုကြေညာသည်။

၂၁ လွန်ခဲ့သောငါးနှစ်က နှင့်ထုတ်ခဲ့ပြီး နောက်ပိုင်းတွင် ပါလက်စတိုင်း လှုတ်မြောက်ရေး (ပီအယ်အို) အကြီးအကဲ ယာ ဆာအာရဖတ်သည် ပထမဆုံးအကြိမ်အဖြစ် ဆီးရီးယားနိုင်ငံသို့ ပြန် လာ၍ ဆီးရီးယား သမ္မတ ဟာဖက် အာဆတ်နှင့် တွေ့ဆုံ ဆွေးနွေးသည်။


၂၆ သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးသည် ၁၉၀၆ ခုနှစ်က ၄ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ၁၉၀၇ ခုနှစ်တွင် လူမျိုးရေးမငြိမ်မသက်ဖြစ်မှုနှင့် ရာသီဥတု ဆိုးဝါးမှုတို့ကြောင့် နှစ်ရာခိုင်နှုန်းသာ တိုးတက် ခဲ့သည်ဟု အစိုးရ အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြသည်။

ဆအူးဒီ အာရေဗျ နိုင်ငံအပေါ် ရန်သူ ကဲ့သို့သော သဘောထားများ ထားရှိ ရပ်တည်ခြင်းကြောင့် အီရန်နိုင်ငံနှင့်သံတမန်ဆက်ဆံ မှုကို ဖြတ် တောက် လိုက် ပြီ ဖြစ်ကြောင်း ဆအူးဒီအာရေဗျ အစိုးရက ထုတ်ပြန် ကြေညာသည်။

၂၄ ဘင်္ဂလားဒေ့ရှ် ပြည်သူ သမ္မတ နိုင်ငံ သမ္မတကြီး ဟူစိန်မိုဟာမက် အာရှတ် နှင့်ဇနီး နှင့် အဖွဲ့သည် ချစ်ကြည်ရေး ခရီးအလည်အပတ် ရောက်ရှိသည်။

၂၇ တောင် ကို ရိုး ယား ရွေး ချယ် တင် မြှောက်ပွဲများ ကျင်းပပြီးစီးသွားပြီ ဖြစ်ရာ သမ္မတသစ် နိုတေဝူး၏ ဒီမိုကရက်တရားမျှတရေး ပါတီသည် လွှတ်တော်တွင် အမတ်နေရာ အများစု မရရှိဘဲ စုစုပေါင်း အမတ် ၁၂၅ ဦးသာ အရွေးခံရပြီး အတိုက် အခံ သုံးပါတီတို့က စုစုပေါင်းအမတ်နေရာ ၁၆၄ နေရာ ရရှိသွားသည်။





မေလ

၁ အလုပ်သမားနှေ့ လူထုအစည်းအဝေးများကို ပြည်နယ်နှင့် တိုင်းအလိုက် ကျင်းပသည်။

လူကိုသေစေနိုင်သော ခွေးရူးပြန်ရောဂါကို ကုသရာတွင် ဝက်ရူး ပြန်ရောဂါကုဆေးတစ်မျိုး ဖြစ်သည့် ဒိုင်လင်တင်း ဆိုဒီယမ်နှင့် ဗီတာမင်စီ အများအပြား တဲ့ဖက်တိုက်ကျွေးလျှင် သက်သာ ပျောက်ကင်းနိုင်ကြောင်းဖြင့် အိန္ဒိယ ဆေးသုတေသနကောင်စီမှ ပါမောက္ခရှိဗင် ဂွိဒ်က ကြေညာသည်။

၂ ဗဲလ်ဂျီယံနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီး နောက်ပိုင်း၌ ၃၅ ပွဲမြောက် ဖြစ်သော အစိုးရအပွဲသစ်ကို လက်ရှိဝန်ကြီးချုပ် ဝီဖရီ မာတင်ပင် ဦးဆောင်၍ ပွဲစည်းရန် နိုင်ငံရေးပါတီ ငါးပါတီ၏ ခေါင်းဆောင်တို့က သဘောတူညီလိုက်ကြသည်။

၃ ၄၂ နှစ်မြောက် မီး သတ် တပ် ပွဲ နေ့ အခမ်းအနား ကို နိုင်ငံတစ်ဝန်း ကျင်းပသည်။

ဂျပန်တောင်တက်သမား နိုဘိုရူယာမာဒါသည် ဂျပန်၊ တိဘက်နှင့် နီပေါတောင်တက် သမား များနှင့် အတူ ဧဝရက်တောင်ထိပ် (အမြင့် ၂၉,၀၂၈ ပေ) သို့ တောင်၏ တစ်ဖက်တစ်ချက်မှ တက်ရောက်ခဲ့ပုံကို ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်မှ ရုပ်မြင်သံကြား တိုက်ရိုက် ထုတ်လွှင့်ပြသည်။

၄ ကမ္ဘာ့ကြက် ခြေနီ နေ့ ဖြစ်သည်။ ဆောင်ပုဒ်မှာ ၁၂၅ နှစ် တိုင်ခဲ့ငြား၊ လုပ်အားတိုးတက် ဖွံ့ဖြိုးလျက် ဟူ၍ ဖြစ်သည်။

ပြင်သစ်နိုင်ငံ သမ္မတရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ဝါဒီသမ္မတ ဖရန်ဆွာ မီးထရောင်းသည် ကွန်ဆာဗေးတစ်ဝါဒီ ဝန်ကြီးချုပ် ဂျက် ရှီရက်ကို အနိုင်ရရှိ၍ ဒုတိယ ခုနစ်နှစ်သက် တမ်း အတွက် ထပ်မံ ရွေး ချယ် တင်မြောက် ခံရသည်။

အပူချိန်–၂၀၅ ဒီဂရီ ဖာရင်ဟိုက် (–၁၇၆ ဒီဂရီ ဆဲစီးယပ်စ်) တွင် လျှပ်စစ်ခုခံအား ကင်းမဲ့သည့် သယ်လီယမ် ဗေရီယမ် ကြေးနီ အောက်ဆိုဒ် လွန်ကဲလျှပ်ကူး ဖလင်သစ်ကို ပြုလုပ်နိုင်ပြီဟု အမေရိကန် ပြည်ထောင်စု ဆန်ဒီယာအမျိုးသား ဓာတ်ခွဲစမ်းသပ်ခန်း သုတေသနပညာရှင်များက ကြေညာသည်။

၈ အက်ကွာဒေါနိုင်ငံတွင် အင်အား အကြီးဆုံးနှင့် စည်းရုံးမှု အကောင်းဆုံး ဖြစ်သော ဒီမိုကရက်တစ် လက်ဝဲပါတီ (အိုင်ဒီ) ကို တည်ထောင် ဦး ဆောင် သူ ရီဒရီကို ဘော်ဂျာသည် သမ္မတ အဖြစ် ရွေးချယ် တင်မြောက်ခံရသည်။

၁၀–၁၁ ဗူးကြီးရေလှောင်ကန်မှ သုံးမိုင်ခန့်နှင့် ရန်ကုန် မြို့ မှ ၃၆ မိုင် အကွာ တွင် ရှိသည့်မော်ဘီမြို့နယ် ဝါးနက်ချောင်း လက်ပံတန်းစု ကျေးရွာ အနီး၌ ဂျိုးဖြူ ရေပိုက်လိုင်းနှင့် ဗူးကြီး ရေပိုက် လိုင်းတို့ ဆက်သွယ် လိုက်ပြီး ဗူးကြီးရေလှောင် ကန်မှ ရေကူးရေတွန်းစက်ရုံသို့ ရေ စတင် ပို့လွှတ် သည်။

၁၂ ဆိုဗီယက်ပြည်ထောင်စုတွင် သရုပ် ပြ ပုံစံများ၊ မြေပုံများ၊ ကျမ်းစဉ် စာရင်းများနှင့်တကွ အကြောင်းရပ်ပေါင်း ၆၀၀၀ ခန့် ပါဝင်သည့် ရုပဗေဒ စွယ်စုံ ကျမ်းသစ် တစ်စောင်ကို ထုတ်ဝေ ဖြန့်ချိသည်။ ယင်း စွယ်စုံကျမ်း၏ အယ်ဒီတာချုပ်မှာ လေဆာ ရောင်ခြည် တီထွင် ဖော် ထုတ် သူ တစ်ဦး ဖြစ်သော နိုဗဲဆုရှင် အလက်ဇန္ဒား ပရိုခို ရော့ဗ် ဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် ဝန်ကြီးချုပ် သစ်မိရှယ် ရိုကာ့ ဦးဆောင်၍ ဝန်ကြီးအဖွဲ့သစ် ပွဲစည်းသည်။

၁၃ ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသား အချို့နှင့် ကြို့ကုန်း အနောက်ရပ်ကွက် လူထုအချို့ ဖြစ်ပွားသည့် အရေးအခင်းနှင့် ပတ်သက်သော စုံစမ်းရေး

၃၀ ၁၃၅၀ ပြည့်နှစ် (၁၉၈၈ ခုနှစ်) ပြည် ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းခဲ့သည့် အဘိဓ မဟာရဋ္ဌဂုရု နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာ တော်ကြီးများအား ဘွဲ့ တံ ဆိပ် တော် များ ဆက်ကပ် လှူဒါန်း ပူဇော်သော အခမ်း အနားကို ဆင်ခြင်သင်္ကာယနာ မဟာပါသာဏ လိုက်ရုတော်ကြီး၌ ဆင်ယင်ကျင်းပသည်။

ဒွန်လ

၂ ဆိုဗီယက် နှင့် ကနေဒါ ရေခဲပြင် လျှောစီးအဖွဲ့ဝင်များ မြောက်ဝင်ရိုး စွန်းသို့ ၉၁ ရက်ကြာ လေ့ လာ ရေး သွား ထောက်ခဲ့သည့် ခရီးစဉ် အောင်မြင်စွာပြီးဆုံး သည်။ ဆိုက်ဗီးရီးယားဒေသမှ မြောက်ဝင် ရိုးစွန်းကိုဖြတ်၍ ကနေဒါ နိုင်ငံသို့ ၁,၀၇၅ မိုင်ခရီးကို မည် သည့်အ ထောက် အ ကူ ပြု



၂၄ ဒုတိယအကြိမ် ဗဟိုသံယာဝန်ဆောင် အဖွဲ့ စတုတ္ထအစည်းအဝေးကို ရန်ကုန် မြို့ ကမ္ဘာအေးကုန်းမြေရှိ အစည်း အဝေး ခန်းမဆောင်၌ ကျင်းပသည်။

၂၆ ပို့ဒ် ဖောင်ဒေးရှင်း၏ ရုံးခဲ့ကို တရုတ် ပြည်သူ သမ္မတ နိုင်ငံ ပီကင်းမြို့၌ စတင်ဖွင့်လှစ်ရာ ယင်း ဖောင်ဒေးရှင်းသည် ပီကင်းမြို့တွင် ပထမဆုံး ရုံးခဲ့ ဖွင့်လှစ်သော နိုင်ငံခြား အဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။

၂၉ ဆိုဗီယက် ကွန်မြူနစ် ပါတီ ဗဟို ကော်မတီ အထွေထွေ အတွင်းရေးမှူး မိခါယီး ဂေါ်ဘာချော့ နှင့် အ မေ ရိ ကန် သမ္မတ ရော်နယ်ရေဂင် တို့သည် ကရင်မလင် နန်းတော်၌ စတုတ္ထအကြိမ်မြောက် ထိပ်သီး ဆွေးနွေးပွဲ စတင် ကျင်းပသည်။

ပါ က စ္စ တန် နိုင်ငံ သမ္မတ ဇီယာအူး လဟက်သည် ပါလီမန်ကို ဖျက်သိမ်းလိုက် သည်။

၂၂ ဟန်ဂေရီ ကွန်မြူနစ်ပါတီကို ၁၉၅၆ ခုနှစ်မှစ၍ ဦးဆောင်ခဲ့သူ အသက် ၇၆ နှစ် အရွယ်ရှိ ယာနိုစ် ကာဒါ၏ နေရာ တွင် အသက် ၅၇ နှစ် အရွယ်ရှိ ဝန်ကြီးချုပ် ကာရိုလီ ဂရော့ဇ်ကို အ စား ထိုး သည်။ ကာဒါကို ပါတီဥက္ကဋ္ဌအဖြစ် အသစ်တိုးတွင် လိုက်သော ဂုဏ်ထူးဆောင် ရာထူးတွင် ခန့်အပ်သည်။

၂၅ ဂျ ပန် နိုင် ငံ သည် ကမ္ဘာပေါ်တွင် မြို ရှင် နိုင် ငံ များ အနက် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိရာ ၁၉၈၇ ခုနှစ်က ပင်လယ် ရပ်ခြား နိုင်ငံများမှ ဂျပန်နိုင်ငံ၏ ရရှိ ပိုင်ခွင့် ငွေကြေးတန်ဖိုးမှာ ဒေါ်လာ သန်း ထောင်ပေါင်း ၁၀၀၀ ကျော် ရှိသည်ဟု ဆိုသည်။

ကော်မရှင်က အရေးအခင်း မည်သို့ စတင် ပေါ် ပေါက် ခဲ့ သည်။ အ ရေး အ ခင်း တွင် ကျောင်းသားတစ်ဦး သေ နတ် ဒဏ် ရာ ဖြင့် သေဆုံးခဲ့ခြင်းမှာ မည်သည့် သေနတ်ဖြင့် မည်သူ၏ လက်ချက်ကြောင့် သေဆုံးရခြင်း ဖြစ်သည်ကို စုံစမ်းစစ်ဆေးခဲ့ပြီး အလားတူ အရေးအခင်းမျိုး ထပ်မံ မပေါ် ပေါက်စေရန် ဆောင်ရွက်သင့်သည့်အချက်များနှင့် အခြား တွေ့ ရှိ ချက် များ ကို နိုင်ငံတော်ကောင်စီသို့ အစီရင်ခံ တင်ပြခဲ့ရာ ယင်း အစီရင်ခံစာပါ တွေ့ရှိချက်များအရ နိုင်ငံတော်ကောင်စီက အရေးအခင်းနှင့် ပတ်သက်၍ ထုတ်ပြန်ချက် တစ်ရပ် ကြေညာသည်။

ယာဉ်မျှ သုံးစွဲခြင်းမရှိဘဲ ခြေကျင်ဖြတ်သန်းခဲ့သော ကမ္ဘာ့ပထမဆုံးအဖွဲ့ဖြစ်သည်။

၄ အာရှ ဥရောပနှင့် လက်တင် အမေရိက ဒေသများရှိ ဒီမိုကရေစီနိုင်ငံသစ် ၁၄ နိုင်ငံတို့၏ ညီလာခံတစ်ရပ်ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပ ရာ ဖိလစ်ပိုင်၊ ပေါ်တူဂယ်၊ ဥရုဂွေး၊ ဟွန်ဒူးရပ်၊ အက်ကွာဒေါ်၊ ပီရူး၊ ဗဟုဇီး၊ ဂွာတီမာလာ၊ အယ်ဆာဗေဒို၊ နီကရာဂွာ၊ ဂရီ၊ စပိန်၊ အာဂျင်တီးနားနှင့် ဒိုမီနီကန် နိုင်ငံတို့ တက်ရောက်သည်။

၈ တံတေးမြို့နယ် တံခွန်တိုင် ကျေးရွာအနီးတွင် ရှေ အ ရည် အ သွေး ၂၃ ကရက် အလေးချိန် ၁၈ ကျပ် ၆ ပဲ ၇ ရွေးရှိ ရွှေအုန်းဖူး ဆွဲကြိုးနှင့် ရွှေ အရည် အသွေး ၂၃ ကရက် အလေးချိန် ၁၉ ကျပ် ၃ ပဲ ၅ ရွေးရှိ ရွှေကွင်းဆက်ဆွဲကြိုးတို့ကို တွေ့ရှိပေးဿပ်သော ခနောင်တိုကျေးရွာနေ အဖဦးပို့၏သား မောင်ညွန့်ဝင်းခေါ် မောင်စိန်ကျော် ၁၇ နှစ်အား ရွှေးဟောင်းသုတေသနဦးစီးဌာနက ဆုချီးမြှင့်ငွေ ၄,၀၉,၅၂၆ ကျပ် ပေးအပ်သည်။ ယင်း ဆွဲကြိုး နှစ်ကုံး၏ အနုစိတ်ပြုလုပ်ထားပုံ လက်ရာကို နှိုင်းယှဉ်လေ့လာချက်အရ ပုဂံခေတ် ရွှေထည်ပစ္စည်းများဖြစ်မည်ဟု ခန့်မှန်းရသည်။

ဆိုဗီယက် ပြည်ထောင်စု မော်စကိုမြို့ရှိ ကရင်မလင် နန်းတော် တံတိုင်းကြီးအတွင်း ရွှေးလူနေအိမ် အဆောက် အအုံ တစ်ခုတွင် မြေအောက်၌ မြုပ်နှံ ထား သည့် ရတနာပစ္စည်းအမျိုးပေါင်း ၂၀၀ ပါသော သေတ္တာတစ်လုံးကိုတွေ့ရှိသည်။ခရစ်နှစ် ၁၂၇၇ ခုနှစ်က ဘာဘူခန် ဂျစ်ပဆီမျိုးနွယ်တို့ မော်စကို ခံတပ်ကို ပိတ်ဆို့ထားစဉ် မင်းညီမင်းသားတစ်စုက မြုပ်နှံထားခဲ့ခြင်းဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။

၁၀ ဖိလစ်ပိုင် မြေ ယာ ပြုပြင်ပြောင်းလဲရေး ဥပဒေကြမ်းကို သမ္မတ အကီနို က အဲတည်ပြု လက်မှတ်ရေးထိုးသည်။

၁၁ တောင်အာဖရိက နိုင်ငံက အသားအရောင် ခွဲခြားရေး၀ါဒ တိုက်ဖျက်ရေး လှုပ်ရှားမှုအဖွဲ့ ခေါင်းဆောင် နယ်လဆင်မန်ဒဲလားအား ၎င်း၏ နှစ် ၇၀ မြောက် မွေးနေ့တွင် ဂုဏ်ထူးဆောင် ဗင်းနစ်မြို့သားအဖြစ် လက်ခံ အတည်ပြုသည့် အခမ်းအနားကို အီတလီနိုင်ငံ ဗင်းနစ်မြို့၌ ကျင်းပသည်။ နယ်လဆင် မန်ဒဲလားကို တောင်အာဖရိက အစိုးရက ဖမ်းဆီး ချုပ် နှောင် ထားသည်မှာ ၂၅ နှစ်အတွင်း ဝင် ရောက် လာပြီဖြစ်သည်။

၁၃ အန္တာတိက ဒေသတွင် သတ္တုများ ရှာဖွေမှုနှင့်ပတ်သက်၍ ၁၉၅၉ ခုနှစ် အန္တာတိက သဘောတူစာချုပ်ဝင် နိုင်ငံတို့က ဥပဒေများရေးဆွဲ ပြဋ္ဌာန်းမှုကို တတိယ ကမ္ဘာ ၁၉ နိုင်ငံက ကုလသမဂ္ဂတွင်ကန့်ကွက်သည်။

နောက် ဆုံး ပေါ် ခေတ် မီ အက်ဗ် ၁၆ အမျိုးအစား ဂျက်တိုက်လေယာဉ် သုံးစင်းကို အမေရိကန်က ထိုင်းနိုင်ငံသို့ ပေးအပ် လိုက်သည်။ အရှေ့တောင်အာရှ နိုင်ငံများအနက် ထိုင်းနိုင်ငံသည် အက်ဗ် ၁၆ ဂျက်တိုက်လေယာဉ်များကို ပထမဆုံး ရရှိသော နိုင်ငံဖြစ်သည်။

၁၀ နှစ်တာ ကာလအတွင်း ပထမဆုံး အဖြစ်လောနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီးက ၎င်း၏ သံအမတ် ခန့်အပ်လွှာကို လောနိုင်ငံ ခေတ္တသမ္မတ ဖူမီ ဗွန်ဗီချစ်ထံ ဗီယင်ကျန်းမြို့၌ ပေးအပ်သည်။

၂၁ ရန်ကုန် တက္ကသိုလ် နှင့် စီးပွားရေး တက္ကသိုလ်သင်တန်းအား လုံးကို ပိတ်လိုက်သည်။


ရန်ကုန်မြို့တော် စည်ပင် သာယာရေး နယ်နိမိတ်အတွင်း ပုဒ်မ ၁၄၄ ကို ၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ထိ အာဏာတည် စေရန် ရန်ကုန်တိုင်း ပြည်သူကောင်စီအလုပ်အမှုဆောင်အဖွဲ့က အမိန့်အမှတ် ၁/၈၈ ကို ထုတ်ပြန်သည်။

၂၂ ဆေးတက္ကသိုလ် (၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် ရန်ကုန် စက်မှုတက္ကသိုလ် သင်တန်းအား လုံးကို ပိတ်လိုက်သည်။

၂၄ ပြည် ထောင် စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် အစိုးရသို့ ဂျပန်နိုင်ငံ အစိုးရမှ အထောက်အပံ့ ယန်း ၃,၆၅၄ ဒသမ ၈၃၂ သန်း(အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂ သန်းခန့်) ပေးမည့် စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုး လဲလှယ်သည်။ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ ဖြစ်လာသော မြန်မာနိုင်ငံအား ဂျပန်နိုင်ငံက ကြွေးမြီသက်သာခွင့်အဖြစ်ပေးသည့် အထောက်အပံ့ဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် ဆို ရှယ် လစ် ပါတီက လျာထားသည့် ဝန်ကြီးချုပ်ဟောင်း လိုရွန် ဖားဖြစ်သည် ဒုတိယ ကမ္ဘာစစ်အတွင်း နာဇီ ဆန့် ကျင် ရေး တိုက် ပွဲ ဆင်နွှဲခဲ့သူ ဂျက်ရှာဗန်ဒဲလမားကို အနိုင်ရရှိ၍ ပါလီမန် ဥက္ကဋ္ဌဖြစ်လာသည်။

၂၅ ကို ရီး ယား သမ္မတနိုင်ငံ သမ္မတ၏ အထူး ကိုယ် စား လှယ် ယောင်ချွေးကင်(မ်)သည် အ ဖွဲ့ ဝင် ရှစ် ဦး နှင့် အ တူ



မြန်မာနိုင်ငံသို့ အလည်အပတ် လာရောက်သည်။

၂၆ အိုက်စလန် နိုင်ငံ သမ္မတ ဗစ်ဒစ် ဖင်းဘော့ဂါဒေါ့ တိယာသည်တတိယအကြိမ် သက်တမ်း အတွက် ပြန်လည် ရွေးချယ် တင်မြှောက်ခံရသည်။ ဗစ်ဒစ်သည် ကမ္ဘာပေါ်တွင် ဒီမိုကရေစီအရ ပထမဦးဆုံး ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် အမျိုးသမီး နိုင်ငံအကြီးအကဲဖြစ်သည်။

လောနိုင်ငံတွင် လွန်ခဲ့သည့် ၁၃ နှစ်က ကွန်မြူနစ်တို့ အာဏာရရှိခဲ့ပြီးနောက် ပထမဆုံးအကြိမ် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးချယ် တင် မြှောက် ပွဲ များ ကို ကျင်းပသည်။

၂၇ ဟဲဗီးဝိတ် လက်ဝှေ့ သရဖူ လုပွဲတွင် မိုက် တိုင်ဆင် ၂၂ နှစ်က မိုက်ကယ် စပင့်ကို ပထမအချီ ၁ မိနစ်နှင့် ၃၁ စက္ကန့်တွင် အလဲထိုး အနိုင် ယူသည်။ လက်ဝှေ့သမိုင်းတွင် စတုတ္ထမြောက် အချိန်အတိုဆုံးပွဲဖြစ်သည်။

၂၈ ဆိုဗီယက်ပြည်ထောင်စုတွင် ၁၉၇၇ ခုနှစ် ဇန်နဝါရီလက ကျင်းပခဲ့သော ၂၇ ကြိမ်မြောက် ပါတီညီလာခံ၏ ဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်သည့် လုပ်ငန်းကိုဆန်းစစ်နိုင်ရန် ၁၉ ကြိမ်မြောက် ပါတီကွန်ဖရင့်ကို မော်စကိုမြို၌ ကျင်းပသည်။ ၁၈ ကြိမ်မြောက် ပါတီကွန်ဖရင့်ကို ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့ခြင်းဖြစ်သည်။


၃၀ ရန်ကုန်တိုင်း ပြည်သူ ကောင်စီသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၄၄ အရ အမိန့်အမှတ် ၁/၈၈ ကို ပြင်ဆင်သောအမိန့်အမှတ် ၂/၈၈ ကိုထုတ်ပြန်သည်။ ည ၆ နာရီမှ နံနက် ၆ နာရီအတွင်း အပြင်မထွက်ရဟု တားမြစ်ထားရာမှ ည ၈ နာရီမှ နံနက် ၄ နာရီအတွင်း အပြင် မထွက်ရဟု ပြင်ဆင်သည်။

ဇူလိုင်လ

၁ ယူဂိုဆလပ်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သစ်အဖြစ် ကရိုအေရှား ပြည်နယ်သား အယူအဆ ပြင်းထန်သူ စတိုက်ဆူဗာကို လာကြသည့် လူ ၂၉၀ ဦး စလုံး သေဆုံးသည်။

၅ ဥရောပဘုံစျေးအဖွဲ့မှ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သို့ ဥရောပငွေကြေးယူနစ် ၃ ဒသမ ၄၅ သန်း (ကျပ် ၂၅ ဒသမ ၃၆ သန်းခန့်) အထောက်အပံ့ပေးမည့် သဘောတူစာချုပ်တစ်ရပ်ကို စိမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် ဥရောပဘုံစျေးအဖွဲ့အစည်းများ ကော်မရှင် အဖွဲ့ဝင် မစ္စတာ ကလော့ (ဒ်) ရှေဆန်တို့ လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

၆ စကော့တလန် ကမ်းခြေမှ မိုင် ၁၂၀ အကွာ မြောက်ပင်လယ် အတွင်းရှိ ပိုက်ပါ အယ်လဖာ ကမ်းလွန် ရေနံတူးစင် ပေါက်ကွဲရာ လူပေါင်း ၁၆၆ ဦး သေဆုံး



သည်။ မြောက်ပင်လယ် ရေနံရှာဖွေတူးဖော်ရေး၏ ၂၅ နှစ်တာ သမိုင်းအတွင်း အဆိုးရွားဆုံး ဘေးအန္တရာယ်ကြုံတွေ့မှုဖြစ်သည်။

၉ ရန်ကုန်တိုင်းပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်ခဲ့သော အမိန့် အမှတ် ၁/၈၈ နှင့် ၂/၈၈ တို့ကို ရုပ်သိမ်းလိုက်သည်။

ပဲခူးမြို့၊ ပြည်မြို့နှင့် မော်လမြိုင်မြို့တို့တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ အရ ယခင် ရက်များက ထုတ်ပြန် ထားခဲ့သော အမိန့်များကို ပြန်လည် ရုပ်သိမ်းသည်။

၁၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရသို့ အမေရိကန် ပြည်ထောင်စု အစိုးရက ၁၉၈၈ ခုနှစ် အတွက် အထောက်အပံ့ အဖြစ် ဒေါ်လာ ၃ ဒသမ ၆၇၅ သန်း (ကျပ် ၂၂ ဒသမ ၆ သန်း ခန့်) ပေးမည့် မြန်မာနိုင်ငံ စိုက်ပျိုးသီးနှံများထုတ်လုပ်ရေး စီမံကိန်းသဘောတူစာချုပ် ပြင်ဆင်ချက် အမှတ် (၂) ကို လက်မှတ်ရေးထိုးသည်။

ကမ်ပူးချားခေါင်းဆောင် မင်းသားကြီး သီဟာနုသည် ကုလသမဂ္ဂက အသိအမှတ်ပြုထားသော ကမ်ပူးချားပြောက်ကျားများ၏ ညွှန်ပေါင်းအစိုးရ သမ္မတရာထူးမှ နုတ်ထွက်သည်။

၁၂ ဇူလိုင်လ ၁၀ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့မစေ့ျး အတွင်း နောက်ပြောင်ရာမှ ခိုက်ရန် ဖြစ်ပွားမှုကို အကြောင်းပြု၍ ဆူပူမှုများ ဖြစ်ပွားသဖြင့် တောင်ကြီးမြို့နယ် စည်ပင်သာယာ နယ်နိမိတ်အတွင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ အရ အမိန့်တစ်ရပ်ထုတ်ပြန်ကာ ထိန်းသိမ်းရသည်။

အမေရိကန် သမ္မတ ရွေးချယ်ပွဲတွင် ဒုတိယ သမ္မတလောင်းအဖြစ် တက္ကဆက် အထက်လွှတ်တော်အမတ် လိုက် ဘင့်ဆင်း အား ရွေးချယ်လိုက်ကြောင်း ဒီမိုကရက်ပါတီ သမ္မတလောင်း မိုက်ကယ် ဒူကာကစ်က ကြေညာသည်။

၁၃ မက္ကဆီကိုနိုင်ငံ သမ္မတ ရွေးကောက်ပွဲတွင် လက်ရှိ အာဏာရပါတီ အင်စတီကျူရှင်နယ် တော်လှန်ရေးပါတီမှ ကာလို့စ် ဆာလီနပ်စ် ဒီ ဂေါတာရီက အနိုင်ရရှိသည်။

၁၄ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီးဦးမင်းဂေါင်အား ဝန်ကြီးအဖွဲ့ဝင် အဖြစ်မှ လည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အဖြစ်မှ လည်းကောင်း နုတ်ထွက်ခွင့် ပြုလိုက်ကြောင်း နိုင်ငံတော်ကောင်စီက အမိန့်ကြော်ငြာစာ အမှတ် ၉၅/၈၈ ဖြင့် ထုတ်ပြန် ကြေညာသည်။

အီရန်အီရတ်စစ်ပွဲ အပစ်အခတ်ရပ်စဲရေး အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၅၉၈ ကို လက်ခံကြောင်းဖြင့် အီရန်နိုင်ငံက ကြေညာသည်။ ယင်းဆုံးဖြတ်ချက်အမှတ် ၅၉၈ ကို ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့က ချမှတ်ဆား ခြင်းဖြစ်သည်။

၁၅ (၄၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နိုင်ငံတစ်ဝန်း၌ ကျင်းပသည်။

၁၆ နိုင်ငံတော်ကောင်စီသည် နိုင်ငံတော်၏လုံခြုံရေးနှင့် ပြည်သူများ အသက်အိုးအိမ် စည်းစိမ်တို့ကို ကာကွယ် စောင့်ရှောက်ရန်အလို့ငှာလည်းကောင်း၊ ဘာသာရေး အဓိကရုဏ်းများ မဖြစ်ပွားရန် လည်းကောင်း ပဲခူးတိုင်း၊ ပြည်မြို့နယ်အတွင်း အရေးပေါ်အခြေအနေ ကြေညာ၍ စစ်အုပ်ချုပ်ရေးဥပဒေ ထုတ်ပြန်သည်။

၁၇-၁၈ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ အရေးပေါ် ပါတီညီလာခံကို ရန်ကုန်မြို့ ဆရာစံခန်းမတွင် ကျင်းပသည်။

၁၇-၁၈ အင်ဒိုနီးရှားနိုင်ငံ ဘိုဂိုမြို့တွင် ကမ်ပူးချား ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ကျင်းပသည်။

၁၆ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟို ကော်မတီ ဒသမအကြိမ် အစည်းအဝေးကို ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ လစ်လပ်လျက်ရှိသော ပါတီဥက္ကဋ္ဌနေရာတွင် ဦးစိန်လွင်အား ရွေးချယ် တင်မြှောက်သည်။

၁၉၈၈ ခုနှစ် မတ်လအတွင်း ဖြစ်ပွားခဲ့သော အရေးအခင်းတွင် ဖြစ်ပေါ်လာသော ကိစ္စများအတွက် တာဝန် မကင်းကြောင်း တွေ့ရှိရသဖြင့် ဝန်ကြီးချုပ် ဦးမောင်မောင်ခ အား နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်မှလည်း ကောင်း၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်မောင်အား ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ အဖြစ်မှလည်း ကောင်း နုတ်ပယ်လိုက်ကြောင်းဖြင့် နိုင်ငံတော်ကောင်စီက အမိန့် ကြော်ငြာစာများ ထုတ်ပြန်ကြေညာသည်။

၂၇ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် စတုတ္ထ အကြိမ် ပြည်သူ့ လွှတ်တော် အရေးပေါ် အစည်းအဝေးကို ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတအဖြစ် ဦးစိန်လွင်အား ရွေးချယ် တင်မြှောက်သည်။

ဩဂုတ်လ

၁ ပါးရှင်းပင်လယ်ကွေ့ရှိ ကာတာနိုင်ငံသည် ဆိုဗီယက် ပြည်ထောင်စုနှင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သဖြင့် ဆိုဗီယက်ပြည်ထောင်စုနှင့် သံတမန် အဆက်အသွယ်မရှိသော အာရပ်နိုင်ငံဟူ၍ ဆအူးဒီအာရေဗျနှင့် ဘာရိန်း နိုင်ငံတို့သာ ကျန်တော့သည်။

၂ ကမ္ဘာမြေကြီး၏ ဆွဲငင်အားကို ပိုမို ကြီးမားစေသည့် အင်အားတစ်ရပ်ကို တွေ့ရှိပြီဖြစ်၍ ထိုတွေ့ရှိချက်ကြောင့် သိပ္ပံပညာရှင် နယူတန် (၁၆၄၂–၁၇၂၇) ၏ ၃၀၁ နှစ် ကြာပြီဖြစ်သော ကမ္ဘာ့ဆွဲငင်အား ဆိုင်ရာ ဥပဒေသမှာ မှားယွင်းကောင်း မှားယွင်းနိုင်ကြောင်းဖြင့် ကာလီဖိုးနီးယား တက္ကသိုလ်မှ ရူပဗေဒပညာရှင်များက ပြောကြားသည်။

၃ ရန်ကုန်မြို့တွင်း၌ ကျောင်းသားများ လှည့်လည်ဆန္ဒပြသည်။ ရန်ကုန်တိုင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် အရေးပေါ် အခြေအနေ ကြေညာ၍ စစ်အုပ်ချုပ်ရေး ဥပဒေ ပြဋ္ဌာန်းကြောင်းဖြင့် နိုင်ငံတော် ကောင်စီ ကြေညာချက် အမှတ် ၅/၈၈ ကို ထုတ်ပြန်သည်။

၃-၅ ကုလသမဂ္ဂဖွဲ့ဖြိုးမှု အစီအစဉ်ရုံးယူနက်စကိုနှင့် ဂျပန်နိုင်ငံ ဆိုဗီယာတက္ကသိုလ် အာရှယဉ်ကျေးမှုလေ့လာရေးဌာနတို့ ပူးပေါင်း ဆောင်ရွက်မှု

ဖြင့် ရွေးကောက်ခံ ဒုတိယသန ဦးစီးဌာနက ပုဂံ သုတေသန ဆွေးနွေးပွဲကို ပုဂံမြို့ သိရိပစ္စယာဟိုတယ်ခန်းမ၌ ကျင်းပသည်။

၆ ရေနံချောင်း၊ပဲခူး၊ သနပ်ပင်မြို့တို့တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်သည်။

၇ ရန်ကုန်တိုင်းအတွင်းတွင် ကျောင်းသားများ ဦးဆောင်၍ ဆန္ဒပြကြသည်။ မန္တလေး၊ မုံရွာ၊ ရေနံချောင်း၊ မင်းဘူး၊ ပခုက္ကူ၊ ပဲခူး၊ မော်လမြိုင်၊ တောင်ကြီး၊ ထားဝယ်၊ မြစ်ကြီးနား၊ စစ်ကိုင်း၊ ဘိုကလေး၊ ရွှေဘို၊ တောင်ငူ၊ မြို့တော်စသည့် မြို့များတွင်လည်း ဆန္ဒပြမှုများ ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

၉ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများအားလုံးကို ပိတ်လိုက်သည်။

ပြည်သူဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနများရှိ လုပ်သားဝန်ထမ်းများ၊ တပ်မတော် သားများ နှင့် အငြိမ်းစားဝန်ထမ်းများအား လက်ရှိ အပို ထောက်ပံ့ကြေးအပြင် တိုးမြှင့် ခံစားခွင့် ပြုလိုက်ရာ လစာနှုန်း ကျပ် (၁၀၀–၂–၁၁၀ မှ ၁၅၀ ၁၀ – ၂၂၀) အတွင်းရှိ မူလအပိုထောက်ပံ့ကြေးအပြင် ထပ်မံ၍ လစဉ် (၄၅) ကျပ်ကိုလည်းကောင်း၊ လစာနှုန်း (ကျပ် ၁၆၀–၁၀ – ၂၃၀ မှ ၂၆၀ – ၁၅ –၃၀၀)အတွင်းရှိ မူလအပိုထောက်ပံ့ကြေးအပြင် ထပ်မံ၍ လစဉ် ကျပ် (၄၀) ကိုလည်းကောင်း၊ လစာနှုန်း ကျပ် (၃၀၀ – ၁၅ – ၄၂၀ မှ ၄၅၀ – ၂၅ – ၇၀၀) အတွင်းရှိ မူလ အပိုထောက်ပံ့ကြေးအပြင် ထပ်မံ၍.လစာ (၃၅) ကျပ်ကိုလည်းကောင်း၊ လစာနှုန်း ကျပ် (၅၀၀– ၃၀–၈၀၀ မှ ၈၀၀– ၄၀–၁၀၀၀) အထိ မူလအပိုထောက်ပံ့ကြေးအပြင် ထပ်မံ၍ လစဉ် ကျပ် (၃၀) ကိုလည်းကောင်း၊ နေ့စားလုပ်ခနှုန်းထားကိုလည်း (၆) ကျပ် ပြား (၅၀) မှ (၈)ကျပ် ပြား (၅၀) သို့ တိုးမြှင့်၍လည်းကောင်း ခွင့်ပြုခဲ့သည်။

၁၂ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌ ဦးစိန်လွင်သည် ပါတီဥက္ကဋ္ဌ တာဝန်နှင့် ဗဟိုကော်မတီဝင် တာဝန်မှ နုတ်ထွက်ခွင့်ပြုရန် တင်ပြခဲ့ရာ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၉၂) ကြိမ်မြောက် အစည်းအဝေးက နုတ်ထွက်ခွင့်ကို လက်ခံလိုက်သည်။

ဦး စိန် လွင် အား နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတတာဝန်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်းဖြင့် နိုင်ငံတော် ကောင်စီက အမိန့်ကြော်ငြာစာ အမှတ် ၁၀၈/၈၈ ကို ထုတ်ပြန်သည်။

၁၃ ပါကစ္စတန်နိုင်ငံ သမ္မတ မိုဟမ္မက် ဇီယာ အူးလဟက် စီးနင်းလိုက်ပါလာသော စစ်လေယာဉ် ပေါက်ကွဲပျက်စီးသွား၍ သမ္မတအပါအဝင် လူပေါင်း ၃၇ ဦး စလုံး အသက် ဆုံးရှုံးသွားကြသည်။

၁၉ မြန်မာ့ဆိုရှယ်လစ် လမ်း စဉ် ပါတီ ဗဟိုကော်မတီ (၁၁) ကြိမ်မြောက် အစည်းအဝေးကို ကျင်းပရာ ပါတီဥက္ကဋ္ဌ အဖြစ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဒေါက် တာ မောင် မောင် အား ရွေးချယ် တင်မြှောက်သည်။

စကတ္တ အကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးက နိုင်ငံတော် ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ အဖြစ် ဒေါက် တာ မောင် မောင် အား ရွေး ချယ် တင်မြှောက်သည်။

နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့ဆန္ဒလေ့လာစုံစမ်းရေးကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းကြောင်းဖြင့် နိုင်ငံတော် ကောင်စီ ကြေညာချက် အမှတ် ၇/၈၈ ကို ထုတ်ပြန်သည်။

၂၀ ပလောနိုင်ငံသမ္မတ လားဇရပ် ဆာလီလုပ်ကြံ သတ်ဖြတ်ခံရသည်။ ၁၉၇၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့က ပလောနိုင်ငံ၏ ပထမဆုံး သမ္မတ ဟာရူအို ရီမာလစ် လုပ်ကြံခံခဲ့ရပြီးနောက် ထိုနှစ် သြဂုတ်လတွင် ကျင်းပသည့် ရွေးကောက်ပွဲ၌ ဆာလီသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်း ဖြစ်သည်။

၂၂ ပြည်သူတို့၏ဆန္ဒ သဘောထားများကို လွှတ်လပ်ပွင့်လင်းစွာ တင်ပြနိုင်ကြောင်း၊ ထို့သို့ တင်ပြခြင်းနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းကို ဖြစ်စေ နိုင်ငံတော်က အရေးယူခြင်း မရှိစေရဟု အာမခံကြောင်း ပြည်သူ့ဆန္ဒလေ့လာစုံစမ်းရေးကော်မရှင်က ကြေညာချက်အမှတ် (၁) ကို ထုတ်ပြန်သည်။

ဆန္ဒပြလှုပ်ရှားမှုများ ဆက်လက်ဖြစ်ပွားသည်။

၂၄ ရန်ကုန် တိုင်းနှင့် ပြည်မြို့တို့တွင် ထုတ်ပြန်ထားသော စစ်အုပ်ချုပ်ရေးအမိန့်များကို ရုတ်သိမ်းလိုက်ကြောင်း နိုင်ငံတော် ကောင်စီက ကြေညာသည်။

၂၅–၂၇ သတင်းစာ ခြောက်စောင် စလုံးသုံးရက်မျှ ထုတ်ဝေမှု ရပ်ဆိုင်း၍ ဆန္ဒပြသည်။


၃၀ နိုင်ငံပိုင်အဆောက်အအုံများ၊ မြို့နယ်ပြည်သူ့ကောင်စီရုံးများကို ဝင်ရောက်သိမ်းပိုက်ထားခြင်းကို ရပ်ဆိုင်း၍ အမြန်ဖယ်ရှား ကြရန် တိုက် တွန်း ကြောင်း ဖြင့် ဝန်ကြီးအဖွဲ့က ကြေညာချက် အမှတ် ၁/၈၈ ကို ထုတ်ပြန်ကြေညာသည်။

စက်တင်ဘာလ

၄ စင်ကာပူနိုင်ငံအထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် လီကွမ်ယူ၏ ပြည်သူ့လှုပ်ရှားမှုပါတီ (ပီအေပီ) က ပါလီမန် အမတ်နေရာ အားလုံးနီးပါး အနိုင်ရရှိပြီး အပြတ်အသတ် အောင်ပွဲခံသည်။

၅ တောင်ကိုရီးယား သမ္မတဟောင်း ချွန်ဒူးဟွမ်၏ ညီ ချွန်ကျုံဝှမ်အား အမေရိကန်ဒေါ်လာ သန်း ပေါင်း များစွာ အလွဲသုံးစားမှုဖြင့် ဆိုးလ်မြို့ ရာဇဝတ်တရားရုံးက ထောင်ဒဏ် ခုနစ်နှစ်နှင့် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ သန်း ချမှတ်သည်။

၇ ဆိုဗီယက် အာကာသစခန်းယာဉ် မီယာသို့ ဆိုယုဇ် တီအမ်–၅ ဖြင့် တက်သွားခဲ့ကြသော ဆိုဗီယက်အာကာသယာဉ်မှူး ဗလာဒီမာ လိုင်ယာကော့ဗ်နှင့် အာဖဂန်စတန်နိုင်ငံသား အဗ္ဒဒူ အဟက် မိုမင်းတို့သည် ကမ္ဘာမြေပြင်သို့ ပြန်လည် ဆင်းသက်လာသည်။



စက်တင်ဘာ – ၁၇

ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို စိုက်ပရပ်နိုင်ငံ နီကိုရှားမြို့၌ ကျင်းပရာ ၁၉၇၉ ခုနှစ်မှစ၍ ယင်းအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ယူဂိုစလားဗီးယားနိုင်ငံအား တာဝန်အပ်နှင်းကြောင်း ဆုံးဖြတ်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကောင်မရှင်ကပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ အဖွဲ့အစည်းပေါင်းစုံတို့မှ ကိုယ်စား လှယ် များ ညှိနှိုင်းဆွေးနွေးပွဲကို ကောင်မရှင်ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဝန်ထမ်းများ မိမိတို့ လုပ်ငန်း ခွင်သို့ ပြန်ဝင်ကြရန် ဝန်ကြီးအဖွဲ့က ကြေညာချက် အမှတ် ၂/၇၈ ဖြင့် ကြေညာသည်။

အမေရိကန်ပြည်ထောင်စု ကုန်သွယ်ရေး လို ငွေ့ သည် ဇွန် လ အ တွင်း ဒေါ် လာ သန်းပေါင်း ၁၃,၂၂၀ ရှိ ခဲ့ ရာ မှ ဇူလိုင်လတွင် ဒေါ်လာသန်းပေါင်း ၉,၄၃၀ သို့ကျဆင်းသွားခဲ့ရာလွန်ခဲ့သည့်သုံးနှစ်ခွဲကြာ ကာလအတွင်း အနည်းဆုံး ဖြစ်သည်ဟု ကြေညာသည်။

ပြည်သူ့ဝန်ထမ်းများ မိမိတို့၏ သက်ဆိုင်ရာ လုပ်ငန်းခွင်နှင့် ရုံးများသို့ စက်တင်ဘာလ ၂၆ ရက်နေ့ နောက်ဆုံးထား၍ ဝင်ရောက်ကြရန်နှင့် ပျက်ကွက်ပါက အ ရေး ယူ တော့ မည် ဟု ဝန်ကြီးအဖွဲ့က ကြေ ညာ ချက် အ မှတ် ၃/၇၈ ဖြင့် ကြေညာသည်။

ဝန်ထမ်းအားလုံးသည်နိုင်ငံတော်အပေါ် သစ္စာထား၍ ပြည်သူ့ဝန်ကိုသာထမ်းဆောင်ရမည်ဖြစ်သဖြင့် ပါတီစုံစနစ်တွင် ကျင့်သုံးခဲ့သည့် အစဉ်အလာနှင့်အညီ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အပါအဝင် မည်သည့် နိုင်ငံရေးပါတီ အဖွဲ့အစည်းဝင်မျှ မဖြစ်စေရဟူ၍ ပြည်သူ့ဝန်ထမ်းများနှင့် ပတ်သက်သည့် ကြေညာချက်အမှတ် ၁၄/၇၈ ကို နိုင်ငံတော်ကောင်စီက ထုတ်ပြန်သည်။

ဝန်ထမ်းများအား မြန် မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပါတီဝင်အဖြစ်မှ နုတ်ထွက် ခွင့်ပြုကြောင်းဖြင့် ပါတီဝင် ပြည်သူ့ဝန်ထမ်းများနှင့် ပတ်သက်သော ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ ဆုံးဖြတ်ချက်ကို ပါတီအထွေထွေအတွင်းရေးမှူး ဦးအေးကိုက ကြေညာသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ၁၇ ၂၄ ကြိမ်မြောက် ကမ္ဘာ့အိုလင်းပစ် အားကစားပွဲတော်ကို စတင်ကျင်းပရာ နိုင်ငံပေါင်း ၁၆၀ မှ အားကစားသမား ၉,၆၂၇ ဦး ပါဝင်ယှဉ်ပြိုင်သည်။

နိုင်ငံတော်တစ်ဝန်း၌ အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြေညာချက် အမှတ် ၁/၇၈ ဖြင့် နိုင်ငံတော်အာဏာအရပ်ရပ်ကို တပ်မတော်က လုံးဝယူလိုက်ကြောင်း ကြေညာသည်။

ဟောတီနိုင်ငံတွင် အာဏာသိမ်းပွဲတစ်ရပ်ဖြစ်ပွားကာ ဒုတိယဗိုလ်ချုပ်ကြီး ပရိစပါ အာဗရိက သမ္မတသစ်အဖြစ်ကြေညာသည်။ ဗိုလ်ချုပ်ကြီး ဟင်နရီ နမ်ဖိ၏ အစိုးရကို ဖြုတ်ချကာ အာဏာသိမ်းယူခြင်းဖြစ်သည်။

အရာထမ်းအမှုထမ်းများ လုပ်ငန်းခွင်သို့ နောက်ဆုံးထား၍ ဝင်ရောက်ရမည့် ရက်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၃/၇၈ တွင် စက် တင် ဘာ လ ၂၆ ရက် နေ့ ဟု သတ်မှတ်ထားသည်ကို အောက်တိုဘာ ၃ ရက် နေ့ ဟု ပြင် ဆင် သတ် မှတ် ကြောင်း ကြေညာသည်။

ဗိုလ်ချုပ်ကြီးစောမောင်အားဝန်ကြီးချုပ် အဖြစ် အစိုးရအဖွဲ့ဝင်များက ရွေးချယ်တင်မြှောက်ကြောင်း ပြည်ထောင်

အောက်တိုဘာလ

၁ တောင်အာဖရိကသမ္မတ ပီဒဗလျူ ဘိုသာနှင့် ဇိုင်ယာသမ္မတ မိုဘူတိုတို့သည် ဇိုင်ယာနိုင်ငံ ဂျီဘာဒွီလိုက် စံပြကျေးရွာတွင် သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်သည်။

ဆိုဗီယက် ဦးစီး လှုတ်တော်ချုပ်သည် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မီခိုယီး ဂေါ်ဘာချေ့ဗ်အား သမ္မတအဖြစ် ရွေးချယ် တင်မြှောက်သည်။ တာဝန်မှ အနားယူသွားသူ အန်ဒရေ ဂရိုမီကို၏ နေရာတွင် အစားထိုးတင်မြှောက်ခြင်းဖြစ်သည်။

၂ လစ်ဗျာနိုင်ငံနှင့် ချဒ် နိုင်ငံတို့သည် ၁၅ နှစ်ကြာ သံကန့်ဘဏ္ဍာရစစ်ပွဲပြီးဆုံးခဲ့သည့်နောက်ပိုင်းတွင် သံတမန်ဆက်သွယ်မှု ပြန်လည်ပြုလုပ်ရန် သဘောတူညီလိုက်ကြသည်။

၃- ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အာရှ
၇ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီများ၏ ၁၄ ကြိမ်မြောက် မူးယစ်ဆေးဝါး နှိမ်နင်းတိုက်ဖျက်ရေး ညီလာခံကို ကျင်းပရာ ဩစတြေးလျ၊ ဗရူနိုင်း၊ တရုတ်၊ ကွတ်ကျန်းစု၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မောလဒိဗ်စ်၊ နီပေါ၊ နယူးဇီလန်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဂျပန်၊ မလေးရှား၊ ထိုင်းနှင့် ဗာနွာတူးနိုင်ငံတို့မှ မူးယစ်ဆေးဝါးနှိမ်နင်းတိုက်ဖျက်ရေး အဆင့်မြင့် အရာရှိများ တက်ရောက်ကြသည်။

၅ ဖန်လုံအိမ်အာနိသင်ခေါ် ကမ္ဘာ့အပူချိန် မြင့်တင်မှုကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ရှိ ဂျုံစိုက်ဒေသများ ခြောက်သွေ့ကာ ဖုန်လွှင့်ပြင်အဖြစ် ဆောက်ရှိသွားနိုင်ပြီး ဂျပန်နိုင်ငံတွင်မူစပါးအထွက် သိသိသာသာ တိုးနိုင်သည်ဟု ရာသီဥတုဖိစီးမှု သုတေသနအဖွဲ့၏ စာတမ်းတွင် ဖော်ပြသည်။

၆ ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ကြီး၏ မှတ်တမ်းအရ လူတစ်ယောက်၏ တစ်သက်တာအတွင်း ဖတ်ရှုသောပမ်းမှု စာအုပ် အရေအတွက်သည် ၃၀၀၀ ထက်မပိုဟု ဆိုထားသော်လည်း

စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ ကြေညာချက် အမှတ် ၁/၈၈ ဖြင့် ထုတ်ပြန်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ အမှတ် (၁) ပြဋ္ဌာန်းချက်ကို ကြေညာသည်။

အကြောင်းအမျိုးမျိုးကြောင့် ဆရာဝန်မှတ်ပုံတင်လက်မှတ် သိမ်းဆည်းခြင်းခံရသူများအနက် သုံးနှစ်ကျော် သူများအား ပြန်လည် ထုတ်ပေးရန် ညွှန်ကြားသည်။

၂၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက ဥပဒေအမှတ် ၆/၈၈ ဖြင့် အသင်းအဖွဲ့များဖွဲ့စည်းခြင်း ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းကြောင်း ကြေညာသည်။

အောက်တိုဘာ – ၁





အောက်တိုဘာ – ၂၉

ဆိုဗီယက်ပြည်ထောင်စု ဒုယိလ်မာအေတာ မြို့မှ အလက်ဇန္ဒား ဒန်နီလော့ဗ်ဆိုသူသည် ၎င်း၏သက်တမ်း ၆၀ အတွင်း စာအုပ် ပေါင်း ၂၄,၇၅၂ အုပ်ကို ဖတ်ရှုခဲ့ရကြောင်း သိရသည်။ ကျမ်းညွှန်းအဘိဓာန်တစ်စောင် ပြုစုရန် အချက်အလက်စုဆောင်းရင်း ဖတ်ရှု ခဲ့ခြင်းဖြစ်သည်။ ထိုစာရင်းတွင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းမပါဝင်ဟုဆိုသည်။

၁၂ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁၄ ကျိုင်းကောင် အုပ်ကြီးများသည် ဆူဒန်နှင့် အီသီအိုးပီးယား နိုင်ငံတို့မှ ကူးစက်ကာ ပင်လယ်နီကိုဖြတ်၍ ဆအူးဒီ အာရေဗျကမ်းခြေသို့ ဆိုက်ရောက်ပြီး ဂျီဒါ ဆိပ်ကမ်းဝန်းကျင် ပင်လယ်ကမ်းရိုးတန်း အနှံ့ ကျရောက်လာသည်။

၁၈ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၂/၈၈ ၏ အပိုဒ် ၁၊ အပိုဒ်ခွဲ (က)အား ည (၂၁၀၀)နာရီ (ည ၉ နာရီ)အချိန်မှနံနက် (၀၄၀၀)နာရီ(နံနက် ၄ နာရီ)အချိန်အထိ မည်သူမဆို အမိန့်တစ်စုံတစ်ရာ မရရှိဘဲ လမ်းများပေါ်သို့ ထွက်ရောက် သွားလာမှု မရှိစေရ ဟူ၍ ပြင်ဆင်သည်။

၂၇ လစ်ဗျ နိုင်ငံနှင့် ဇိုင်ယာနိုင်ငံတို့ သံအဆက်အသွယ် ပြန်လည်ပြုလုပ် ရန် သဘောတူညီမှု ရရှိသည်။ ၁၉၇၃ ခုနှစ် အာရပ် အစ္စရေးစစ်ပွဲအတွင်း အာရပ်နိုင်ငံ အများအပြားက အစ္စရေးနိုင်ငံနှင့် အဆက် အသွယ် ဖြတ်တောက်ခဲ့ပြီးနောက် ၁၉၇၂ ခုနှစ်တွင် ဇိုင်ယာက အစ္စရေးနှင့် သံတမန် အဆက်အသွယ် ပထမဆုံးပြန်လည် ပြုလုပ် ခဲ့သဖြင့် လစ်ဗျနိုင်ငံက ဇိုင်ယာနိုင်ငံနှင့် အဆက်အသွယ် ဖြတ်တောက်ခဲ့ခြင်း ဖြစ် သည်။

၂၀ ဟန်ဂေရီကွန်မြူနစ်ပါတီခေါင်းဆောင် ကာရိုလီ ဂရော့ဇ်က ဝန်ကြီးချုပ် ရာထူးကို စွန့်လွှတ်မည်ဖြစ်ကြောင်းကြေညာ သည်။

၂၉ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လုပ်ကိုင် ခွင့်ကို ပိတ်ပင်တား မြစ်ခဲ့သော သတင်းကြေညာချက်၊ အမိန့် စသည်တို့ကို ကုန်သွယ်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာ စာအမှတ် ၁/၇၈ဖြင့် ရုပ်သိမ်းလိုက်သည်။

အောက်တိုဘာလ ၇ ရက် နေ့မှစ၍



နိုဝင်ဘာ – ၂၇

ဘာရိုးအက်စကီးမိုးရွာအနီးရှိ ရေခဲပြင်များအကြား ပိတ်မိနေခဲ့သော မီးခိုးရောင် ဝေလငါးကြီးနှစ်ကောင်သည် ဒေသခံ အင်နုပက် အက်စကီးမိုးလူမျိုးတို့၏ ရေခဲခွဲနည်း နှင့် ဆိုဗီယက်ရေခဲခွဲသင်္ဘောတို့၏ အကူအညီဖြင့် ရေစီးကြောင်းဘက်သို့ ထွက်ပေါက်ရရှိသွား၍ ရေနွေးပိုင်းသို့ ကူးခပ်သွားနိုင်ကြသည်။

၄ ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရ ကုန်သွယ်ရေး ဝန်ကြီးဌာနသည် ၁၉၅၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့စွဲဖြင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ၁၉၅၄ ခုနှစ် (သွင်းကုန် ထုတ်ကုန် လုပ်ငန်းလုပ်ကိုင်သူများ) မှတ်ပုံတင်ခြင်း အမိန့်ကို ပြင်ဆင်သည့်အမိန့်ကို ထုတ်ပြန်သည်။

နိုဝင်ဘာလ

၇ ၃၃ နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ဘားအံမြို့ ဇင်္ကပင်ခန်းမ၌ ကျင်းပသည်။

အီရတ်နှင့် ဖြစ်ပွားခဲ့သော ရှစ်နှစ်ကြာ စစ်ပွဲအတွင်း အီရန်နိုင်ငံ၏ ဘာဆစ်ကျီ အပျော်တမ်း တပ်ဖွဲ့ဝင် လေးသန်းခန့် တာဝန်ထမ်းဆောင်ခဲ့သည့်အနက် ၆၀,၀၀၀ ခန့်ကျဆုံးခဲ့ကြောင်း၊ ထိုအရေအတွက်သည် အီရန်စစ်တပ်မှ ကျဆုံးသော စစ်သည်ဦးရေ၏ ထက်ဝက်ခန့်ရှိကြောင်းဖြင့် အီရန်တော်လှန်ရေးအစောင့်တပ် အကြီးအကဲက ကြေညာသည်။

၈ ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရ ကုန်သွယ်ရေး ဝန်ကြီးဌာနသည် ၁၉၅၅ ခုနှစ် ဇွန်လ ၁၃ ရက်နေ့စွဲဖြင့် ကုန်သွယ်မှု တိုးတက်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ၁၉၅၅ ခုနှစ် (ကော်မရှင်ကိုယ်စားလှယ်များ) မှတ်ပုံတင်ခြင်း အမိန့်ကို ပြင်ဆင်သည့်အမိန့်ကို ထုတ်ပြန်သည်။

၁၀ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ပလစ်ကန်ပါတီ သမ္မတလောင်း ကျော့ဘုရှ်က အနိုင်ရရှိသည်။ ဘုရှ်သည် ပြည်နယ် ၄၀ ၌ အနိုင်ရရှိပြီး ဒီမိုကရက် သမ္မတလောင်း ဒူကားကစ်က ပြည်နယ် ၁၀ ခုတွင်သာ အနိုင်ရရှိသည်။

ပလောနိုင်ငံ သမ္မတသစ်အဖြစ် အသက် ၆၃ နှစ်ရှိ ချမ်းသာကြွယ်ဝသော စီးပွားရေးလုပ်ငန်းရှင်ကြီး နဂိရတ်ကဲ အက်ပီဆင်ကို ရွေးချယ်တင်မြှောက်သည်။ ပလောအမျိုးသား ရွေးချယ်တင်မြှောက်ရေး ကော်မရှင်တွင် ၉,၀၄၄ မဲပေးသည့်အနက် ပြိုင်ဘက်ရိုမန်တမက်ဥချယ်ကို အက်ပီဆင်က ၃၉ မဲ အသာဖြင့် အနိုင်ရရှိခြင်း ဖြစ်သည်။

၁၁ မူးယစ်ဆေးဝါး မှောင်ခိုကိုက်ခေါင်းဆောင် လက်ဗန္ဓနှိုင်းသားညီနောင်က နှစ်နှစ်ကာလအတွင်း ဆစ်ဇာလန်နိုင်ငံ ဇူးရစ် ဘဏ် စာ ရင်း သို့ ဆစ်ဖရန့်ငွေ သန်းပေါင်း ၁,၅၀၀ (ဒေါ်လာသန်းပေါင်း ၁၀၀၀) လွှဲပြောင်းခဲ့သည့် အရှုပ်တော်ပုံတစ်ရပ် ပေါ်ပေါက်လာသည်။ ဆစ်ဇာလန်နိုင်ငံအစိုးရအဖွဲ့တွင် ပထမဆုံး အမျိုးသမီး အဖြစ်ပါဝင်ခဲ့ပြီး တရားရေး ဝန်ကြီးအဖြစ် ၁၉၈၄ ခုနှစ်မှစ၍ တာဝန်ယူခဲ့ကာ မကြာမီ အလှည့်ကျ သမ္မတ ဖြစ်လာရန် ရှိသည့် အယ်လစ်ဇဗက် ကော့အား အကြီးအကျယ် သိက္ခာကျစေသည့်အပြင် ဆစ်ဇာလန်နိုင်ငံ၏ ထင်ရှားသော ဘဏ်လုပ်ငန်းကိုပါ ထိခိုက်စေနိုင်သည်ဟု ဆိုသည်။

၁၄ စပိန်နိုင်ငံနှင့် ပေါ်တူဂယ် နိုင်ငံတို့သည် အနောက် ဥရောပ ကာကွယ်ရေး မဟာမိတ်အဖွဲ့ (ဒဗလျူအီးယူ) သို့ ဝင်ရောက်မည်ဖြစ်ကြောင်း ကြေညာသည်။ ဒဗလျူအီးယူကို ဗြိတိန်၊ ပြင်သစ်၊ ဗဲလ်ဂျီယံ၊ နယ်သာလန်နှင့် လူဇင်းဘတ် နိုင်ငံတို့က ၁၉၄၈ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး

၁၉၅၄ ခုနှစ်တွင် အနောက် ဂျာမနီနှင့် အီတလီတို့ ပါဝင်လာသဖြင့် အဖွဲ့ဝင် ခုနစ် နိုင်ငံရှိပြီး ဖြစ်သည်။

၁၅ ပါလက်စတိုင်း အဝေးရောက် ပါလီ မန်ဟု ခေါ်ဆိုသည့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့၏ မူဝါဒအဆုံးအဖြတ် ပေးရေး အဖွဲ့အစည်းလည်း ဖြစ်သော ပါလက်စတိုင်း အမျိုးသားကောင်စီ (ပီအင်စီ) အစည်း အဝေးက လွတ်လပ်သည့် ပါလက်စတိုင်း နိုင်ငံ ထူထောင် ကြောင်း အယ်ဂျီးယားစ် မြို့၌ ကြေညာသည်။

ဆိုဗီယက် ပြည်ထောင်စု ကွန်မြူနစ် ပါတီ ဗဟို ကော် မတီ အထွေထွေ အ တွင်း ရေး မှူး၊ မီ ခါ ယီး ဂေ ဘာချော့သည် အိန္ဒိယနိုင်ငံသို့ အလည် အပတ် ရောက်ရှိသည်။

၁၆ ဒုတိယအကြိမ် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပန္နရသမ အစည်းအဝေးကို ရန်ကုန် မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပ ကျောင်း ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

၁၇ အီရတ်နိုင်ငံကို နှစ်ပေါင်း ၂၀ ကျော် မျ တစ်ပါတီစနစ်ဖြင့် အုပ်စိုးလာခဲ့ သော ဘာ့သ်ပါတီသည် နိုင်ငံရေးပါတီသစ် များ ဖွဲ့စည်းထူထောင်ခွင့် ပေးတော့မည်ဟု သမ္မတဆက်ဒမ်ဟူစိန်က ကြေညာသည်။

အားကစားသမားများ တားမြစ်ဆေး ဝါး သုံးစွဲမှုရှိမရှိ ပိုမိုတင်းကျပ်စွာ စစ်ဆေး ကြပ်မတ်ကြရန်နှင့် အားကစား ပြိုင်ပွဲတွင် ဆေးဝါးသုံးစွဲ ယှဉ်ပြိုင်မှုကို နိုင်ငံတကာ အတိုင်းအတာဖြင့် တိုးမြှင့်အရေးယူဆောင် ရွက်ရန် ပဋိညာဉ် စာတမ်းတစ်ရပ်ကို မော်စကိုမြို့၌ ကျင်းပသော အားကစားနှင့် ကာယပညာဆိုင်ရာ ယူနက်စကိုညီလာခံက အတည်ပြုခဲ့ကြသည်။

ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော် မတီသည် ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ချက်နှင့် ဖြည့်စွက် ချက်များ၊ ဆိုဗီယက် ပြည်သူ လွှတ်တော် ကိုယ်စားလှယ်များ ရွေးချယ် တင်မြှောက် ရေးဆိုင်ရာ ဥပဒေကြမ်းများကို ပြည်သူ တစ်ရပ်လုံး ဆွေးနွေးမှုကို အခြေခံ၍ ရရှိလာ သည့် ပြင်ဆင်ချက်များနှင့် ပိုမိုတိကျသော အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့်အတူ အတည် ပြုလိုက်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့် ဆက်ဆံ ရေးတင်းမာနေခဲ့ကြသော တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် မွန်ဂိုလီးယား နိုင်ငံတို့သည် နယ်ခြားစာချုပ်တစ်ရပ်ကို ချုပ်ဆိုသည်။ မကြာမီနှစ်များအတွင်း ဆိုဗီယက်–တရုတ် ဆက်ဆံရေး တိုးတက် ကောင်းမွန်လာခြင်း ကြောင့် လည်းကောင်း၊ မွန်ဂိုလီးယားနိုင်ငံမှ ဆိုဗီယက် တပ်ဖွဲ့ဝင် ၁၂,၀၀၀ ခန့်ရှိ တပ်မ တစ်ခု ၁၉၇၇ ခုနှစ်တွင် ဆုတ်ခွာသွားခြင်း ကြောင့်လည်းကောင်း တရုတ်–မွန်ဂိုလီးယား ဆက်ဆံရေး တိုးတက်လာခြင်းဖြစ်သည်။

၂၉ တရုတ် ပြည် သူ့ သ မ္မ တ နိုင်ငံတွင် ငွေ ကြေး ဖောင်း ပွ မှု နှုန်း သည် အောက်တိုဘာလတွင် ၂၆ ရာခိုင်နှုန်းထိ မြင့်မားခဲ့ရာ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် အမြင့်မားဆုံး ဖြစ်သည်ဟုနိုင်ငံတော်စာရင်း အင်းဗျူရိုက ကြေညာသည်။

ဒီဇင်ဘာလ

၁ လယ်ယာစိုက်ပျိုးမှုဆိုင်ရာစီးပွားရေး စီမံခန့်ခွဲမှု အသစ် ပြန်လည်ပြုပြင် ပြောင်းလဲရေးအတွက် ဗီယက်နမ်ကွန်မြူနစ် ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင် အဖွဲ့၏ဆုံးဖြတ်ချက်နှင့်အညီ လူတစ်ဦးချင်း စီးပွားရေး ပိုင်ဆိုင်မှုနှင့် လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍနှင့် သား ငါး ကဏ္ဍ တို့ တွင် ပုဂ္ဂလိကလုပ်ငန်းများလုပ်ပိုင်ခွင့်ပြုရေးမူဝါဒ သစ်ကို ဗီယက်နမ် ဝန်ကြီးများကောင်စီက အမိန့်ကြေညာချက် ထုတ်ပြန်သည်။

ပါကစ္စတန်နိုင်ငံ၌ ပါကစ္စတန် ပြည်သူ့ ပါတီ (ပီပီပီ) ခေါင်းဆောင်ဘိနဇာ အလီ ဘူတို သည် ဝန်ကြီး ချုပ် အ ဖြစ် တာဝန် အပ်နှင်းခံရသဖြင့် ယနေ့ခေတ်သစ် မူဆလင် နိုင်ငံတစ်နိုင်ငံ၏ ပထမဆုံးသော အမျိုးသမီး ခေါင်းဆောင်ဖြစ်လာသည်။

၆ နိုင်ငံရေးပါတီအသီးသီး၏ တိုးတက်မှု အခြေအနေများအရ နိုင်ငံရေးပါတီ တစ်ခုနှင့်တစ်ခု ပူးပေါင်း မဟာမိတ်ပြုခြင်း၊ ပါတီတစ်ခု၏ ပါတီခွဲတစ်ရပ်အဖြစ် ပူးပေါင်း ဆောင်ရွက်ခြင်းစသည့် အချက်အလက်များ ကို ရွေးကောက်ပွဲနှင့်ဆိုင်သော ရွေလှုပ်ငန်း စဉ်များ၌ တွက်ချက်စီစဉ်ဆောင်ရွက်နိုင်ရေး အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်သို့ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလမကုန်မီ အကြောင်း ကြားရန် ယင်းကော်မရှင်က နိုင်ငံရေးပါတီ များအား မေတ္တာရပ်ခံသည်။

ဗင်နီဇွဲလားနိုင်ငံ သမ္မတ ရွေးကောက်ပွဲ တွင် လက်ရှိသမ္မတ ကားလို့စ် အင်ဒရေ ပီရက်စ်က အနိုင်ရရှိသည်။

ဒီဇင်ဘာ – ၁



၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ကြေညာသည်။

ဆိုဗီယက်ပြည်ထောင်စုသည် ဥရောပရှိ ဆိုဗီယက်တပ်အင်အားမှ တပ်သားငါးသိန်း၊ တင့်ကားတစ်သောင်း၊ အမြောက်ရှစ်ထောင် ငါးထွန့် တိုက်လေယာဉ် ဂဝဝ တို့ကိုလျှော့ချသွားမည်ဟု ဆိုဗီယက် ပြည်ထောင်စု သမ္မတ မိခါယီး ဂေါ်ဘာချော့ကကုလသမဂ္ဂ အထွေထွေညီလာခံ၌ကြေညာသည်။

ဆိုဗီယက်ပြည်ထောင်စု အာမေးနီးယား သမ္မတနိုင်ငံတွင် နှစ် ဂဝ အတွင်း အပြင်းထန်ဆုံး မြေငလျင်တုန်လှုပ်သဖြင့် လူပေါင်း ၅၅,ဂဝဝ ထက်မနည်း သေဆုံးသည်။

၈ ၁၉၇၀ ပြည်နှစ် ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် သမဝါယမနည်း ဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများကို ပြဋ္ဌာန်းသည်။

ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီး မီယာဇာဝါသည် ဘဏ္ဍာရေး အရှုပ်တော်ပုံနှင့် ပတ်သက်၍ရက်သတ္တပတ်အတန်ကြာအငြင်းပွားမှုဖြစ်ပေါ် ခဲ့ပြီးနောက် ရာထူးမှနုတ်ထွက်သွားသည်။

၉ တရုတ်နိုင်ငံ၏ ကျိ ကုန် ဒန်း ပါ တီ (ပြည် သူ အ ကျိုး စီး ပွား ပါ တီ) ကိုးကြိမ်မြောက်နိုင်ငံလုံးဆိုင်ရာ ညီလာခံပွင့်ပဲ့တင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူးအဖွဲဝင် ကိုဆင်ဝင်းက ပါတီစုံပူးပေါင်းပါဝင်ဆောင်ရွက်မှု စည်းစနစ်တကျပေါ်ထွက်လာရေးကို ကွန်မြူနစ်ပါတီက ဖော်ဆောင်ပေးရန်ကို လည်းကောင်း၊ ကွန်မြူနစ်မဟုတ်သော ပါတီအဖွဲအစည်းများကတရုတ်နိုင်ငံ၏ နိုင်ငံရေး ကိစ္စများတွင် ပိုမိုပြောရေးဆိုခွင့် ရှိလာရေးအတွက် ဆောင်ရွက်ပေးရန်ကို လည်းကောင်း အဆိုပြုလိုက်သည်။

၁၅ ထိုင်းဘုရင့် တပ်မတော်လက်နက်ကိုင် တပ်ဖွဲ့များ၏ ယာယီစစ်သေနာပတိ ထိုင်းဘုရင့် ကြည်းတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချာဗာလစ် ယောင်ချိုင်ယုဒ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိသည်။

၁၆ ငါးမန်းဒဏ်ခံနိုင်ရည်ရှိပြီး လေဆာရောင် ခြည်သုံး ရသော ပင် လယ် ရေအောက် တယ် လီ ဖုန်း လိုင်း များ ကို အတွေ့လန်တိတ် သမုဒ္ဒရာကိုဖြတ်၍ ဆက်သွယ်မှုများ အကောင်အထည်ဖော်လိုက်ခြင်းဖြင့် တယ်လီဖုန်းဆက်သွယ်မှုခေတ်သစ်တစ်ရပ်ကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ စတင်ဖွင့်လှစ်သည်။ ယင်းတယ်လီဖုန်းလိုင်းဖြင့် တယ်လီဖုန်းဆက်သွယ်မှု အကြိမ်ပေါင်းလေးသောင်းကို တစ်ချိန်တည်းတွင် ဆောင်ရွက်ပေးနိုင်စွမ်းရှိသည်။

၁၇ ကာတွန်း ပညာရှင်နှင့် ရုပ်ရှင်ထုတ်လုပ်သူ ဝေါဒစွနီ (၁၉၀၁–၆၆) ၏ အ ပေါင်း အ သင်း လည်း ဖြစ်သည့်ပြင် ကာတွန်း ဇာတ်ဆောင် မစ်ကီးမောက်စ်ကို အတု ဖန်တီးခဲ့သူလည်း ဖြစ်သည့် ဒတ်ချ် အမျိုးသား ဥအိုဝဲခ်စ်ကို မစ်ကီးမောက်စ် မွေးဖွားခြင်းနှစ် ၆ဝ ပြည့် အခမ်းအနား တစ်ရပ်တွင် ကာတွန်းသမိုင်းပညာရှင်တို့က ထုတ်ဖော်ဂုဏ်ပြုလိုက်သည်။

ဒီဇင်ဘာ – ၇





ဓါဇင်ဘာ – ၁၄

၁၉–၂၃ အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဓီသည် တရုတ်ပြည်သူ သမ္မတနိုင်ငံသို့ အလည်အပတ် သွားရောက်သည်။ ကွယ်လွန်သူအိန္ဒိယဝန်ကြီးချုပ် ဂျဝါဟလာနေရူး (၁၈၈၉–၁၉၆၄) ၁၉၅၄ ခုနှစ်က သွားရောက်ခဲ့ပြီးနောက်ပိုင်းတွင် ရာဂျစ်ဂန္ဓီသည် တရုတ်ပြည်သူသမ္မတနိုင်ငံသို့ အလည်အပတ် ရောက်ရှိသည့် ပထမဦးဆုံးသော အိန္ဒိယဝန်ကြီးချုပ်ဖြစ်သည်။

၁၉ အစ္စရေးနိုင်ငံ လက်ယာ လီကွတ်ပါတီနှင့် လက်ဝဲယိမ်း လေဘာပါတီတို့သည် နှစ်ဖွဲ့ပူးတွဲ၍ ကျယ်ပြန့်သော အစိုးရ အဖွဲ့ ဖွဲ့ရန် သဘောတူလိုက်ကြသည်။ ယင်း အစိုးရ အဖွဲ့ကို လီကွတ်ပါတီ ခေါင်းဆောင် ရှာမီးယားက ဦးဆောင်ပြီး လေဘာပါတီခေါင်းဆောင် ရှီမွန်ပီရက်ဇ်က ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်သည်။

တတိယကမ္ဘာ နိုင်ငံများ ကြေးမြီတင်ရှိမှုသည် ၁၉၈၇ ခုနှစ်က ၁၁ ရာခိုင်နှုန်းတိုးလာခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် သုံးရာခိုင်နှုန်းသာ တိုးမည်ဟု ကမ္ဘာ့ဘဏ်က ကြေညာသည်။ နှစ်ပတ်လည် ကမ္ဘာ့ကြေးမြီ စာရင်းအရ တတိယကမ္ဘာကြေးမြီ စုစုပေါင်းသည် ၁၉၈၈ ခုနှစ်တွင် ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံ ရှိသည်။

၂၀ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ အမိန့် အမှတ် ၈/၈၈ အား ည (၂၂း၀၀) နာရီ (ည ၁၀ နာရီ) အချိန်မှ နံနက် (၀၄း၀၀) နာရီ (နံနက် ၄ နာရီ) အချိန်ထိ မည်သူမဆိုအမိန့်တစ်စုံတစ်ရာမရရှိဘဲ လမ်းများပေါ်သို့ ထွက်ရောက်သွားလာမှု မရှိစေရဟု ပြင်ဆင်ထုတ်ပြန်သည်။

၂၁ လန်ဒန်မြို့မှ နယူးယောက်မြို့သို့ ပျံသန်းခဲ့သော ပင်အမေရိကန်ဂျမ်ဘို့ဂျက် (ခရီးစဉ်အမှတ် ၁၀၃) လေယာဉ်ကြီးသည် စကော့တလန် ကျေးလက် တစ်နေရာ၌ ပေါက်ကွဲပျက်ကျခဲ့ရာ လိုက်ပါသွားသူ ၂၅၈ ဦးစလုံးသေဆုံးသည်။ လေယာဉ်ပျက်အပိုင်းအစများထိမှန်မှုကြောင့် မြေပြင်ပေါ်ရှိလူ ၂၂ ဦးလည်းသေဆုံးသည်။ အကြမ်းဖက် သမားတို့၏ လက်ချက်ဖြစ်ကြောင်း သဲလွန်စများတွေ့ရှိရသည်။

ကမ္ဘာပတ်လမ်းကြောင်းအတွင်း လှည့်လည် ပျံသန်းလျက် ရှိသော ဆိုဗီယက်အမြဲတမ်း အာကာသစခန်းယာဉ် မီယာ (ငြိမ်းချမ်းရေး) ပေါ်တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက် ခဲ့သော ဆိုဗီယက်အာကာသယာဉ်မှူး ဗလာဒီမာ တိတော့နှင့် မူဆာမင်နာရော့တို့သည် အာကာသ အတွင်း၌ တစ်နှစ်တိတိ နေထိုင်ခဲ့ပြီးနောက် ကမ္ဘာမြေပြင်သို့ ပြန်လည်ရောက် ရှိသည်။ ဆိုဗီယက် အာကာသယာဉ်မှူး ရိုမန်နင်ကို တင်ထားသည့် လူသားတို့ အာကာသတွင် နေထိုင်မှု စံချိန် ၃၂၆ ရက်ကို ချိုးနှိုင်ခဲ့ခြင်းဖြစ်သည်။

၂၆–၃၀ ထိုင်းနိုင်ငံတပ်ခ်မြို့တွင် ဖွင့်လှစ်ထားသော မြန်မာ ကျောင်း သား များ လက်ခံ ကြိုဆိုရေး စခန်းမှ ကျောင်းသားများနှင့် အရပ်သား ၈၀ တို့သည် အထူးလေယာဉ်များဖြင့် ပြန်လည် ရောက် ရှိ၍ ထိုင်း မြန်မာ နယ်စပ်မှ ပြန်လည် ရောက် ရှိလာသူပေါင်း ၁,၇၉၀ ရှိပြီ ဖြစ်သည်။

၂၇ အမျိုးသား ခေါင်းဆောင်ကြီး နှင့် တပ်မတော်၏ ဖခင်ကြီး ဗိုလ် ချုပ် အောင်ဆန်း၏ ဇနီး အငြိမ်းစား သံအမတ်ကြီး မဟာသီရိသုဓမ္မ ဒေါ် ခင်ကြည် ကွယ်လွန်သည်။ ရွှေတိဂုံဘုရားလမ်းပေါ်ရှိ ဆရာကြီး သခင်ကိုယ်တော်မိုင်း ဂူဗိမာန်နှင့် သီပေါမင်း မိဘုရားခေါင်ကြီး စုဖုရားလတ်၏ ဂူဗိမာန်အကြား မြေကွက်လပ်၌ ဂူဗိမာန် တည်ဆောက်သင်္ဂြိုဟ်ရန်စီစဉ်သည်။

ಪುಟಗಳು: ೪೦

ಬೆಲೆ: ರೂ.

ಕನ್ನಡ ಪುಸ್ತಕ ಪ್ರಾಧಿಕಾರ
ಗಾಂಧಿ ಭವನ, ಕೆ.ಜಿ. ರಸ್ತೆ, ಬೆಂಗಳೂರು ೫೬೦ ೦೦೯

ದೂ..... (ಕಚೇರಿ) ದೂ..... (ನಿವಾಸ)

ಮುದ್ರಣ ವಿವರ:











ရှစ်နှစ်နီးပါးကြာမျှ ဖြစ်ပွားခဲ့သော ပါးရှင်းပင်လယ်ကွေ့စစ်ပွဲ ခေါ် အီရန်–အီရတ် စစ်ပွဲတွင် အစဉ်တစိုက် ခေါင်းမာနေခဲ့သည့် အီရန်နိုင်ငံက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၅၉၈ ကို ခြွင်းချက်မရှိ လက်ခံကြောင်းဖြင့် ၁၉၈၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ကြေညာလိုက်သည်။ ၁၉၈၈ ခုနှစ် သြဂုတ်လ ၂၀ ရက်နေ့မှစ၍ နှစ်နိုင်ငံ အပစ်အခတ် ရပ်စဲခဲ့ကြသည်။

သပိုင်းနောက်ခံ


အီရတ်နိုင်ငံ – ယူဖရေးတီးနှင့် တိုက်ဂရစ် မြစ်နှစ်သွယ်ကြားတွင် လွှန်ခဲ့သော နှစ်ပေါင်း ၁၀,၀၀၀ ကျော်ကပင် ယဉ်ကျေးမှု ပေါ်ထွန်းခဲ့သည်ဟု ရှေးဟောင်း သုတေသန ပညာရှင်တို့ ယုံကြည်ထားကြသည့် မက်ဆိုပိုတေးမီးယားဒေသပင်ဖြစ်သည်။ ဆူမေးရီးယန်း၊ ဆီမက်တစ် အာကာဒီးယန်း၊ ဘာဘေးလိုးနီးယန်းနှင့် အဆီးရီးယန်းယဉ်ကျေးမှုလူအဖွဲ့အစည်းများကို ဖြတ်သန်းခဲ့ရသည်။ အေဒီ ၆၀၀ ပြည့်လွှန် နှစ်များအတွင်း မက်ဆိုပိုတေးမီးယားဒေသတစ်ခွင်၌ အာရပ်လူမျိုးတို့ အခြေချသည်။ ၇၆၂ ခုနှစ်တွင် ဘဂ္ဂဒက်မြို့တော်ကို တည်သည်။ ၁၂၅၈ ခုနှစ်တွင်လည်းကောင်း၊ ၁၄၀၁ ခုနှစ်တွင်လည်းကောင်း မွန်ဂိုစစ်သူရဲတို့ ယင်းဒေသသို့ ဝင်ရောက်ဖျက်ဆီးခဲ့ဖူးသည်။ ၁၅၃၄ ခုနှစ်တွင် ဘဂ္ဂဒက်မြို့တော်ကို အောဇာတိုမင်တူရကီတို့သိမ်းပိုက်ခဲ့၍ မက်ဆိုပိုတေးမီးယားဒေသသည် ပထမ ကမ္ဘာစစ် ကာလတိုင်အောင် တူရကီတို့၏လက်အောက် ကျရောက်ခဲ့ရသည်။ ၁၉၁၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ဆုံးဖြတ်ချက်အရ ဗြိတိန်နိုင်ငံက အုပ်ချုပ်လာခဲ့ပြီးနောက် အီရတ်နိုင်ငံဟူ၍ အမည်တွင်သည်။ အီရတ်နိုင်ငံသည် ၁၉၃၂ ခုနှစ်မှစ၍ လွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့သည်။

၁၉၅၈ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး အပ္ပဒူခါရင် ကာဆင်က အာဏာသိမ်းသည်။ စည်းမျဉ်းခံဘုရင်စနစ် ဆုံးခန်းတိုင်၍ သမ္မတနိုင်ငံ ဖြစ်လာသည်။ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် စစ်တပ်က အာဏာသိမ်းသည်။ အာရပ် ဆိုရှယ်လစ် ဘာသ်ပါတီက



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနီးတွင် သမ္မတဟူစိန်၏ ရောမပုံတူပန်းချီကားကြီး စိုက်ထူထားပုံ (အပေါ်ပုံ)၊ အီရတ် စစ်သည်တစ်ဦး







အီရန်နိုင်ငံ တီဟီရန် မြို့တော်ဆေးရုံတွင် အီရန် ခေါင်းဆောင် ခိုမေနီ၏ ပုံတူ ပန်းချီကားကြီး ဘေးဌာ ဒဏ်ရာရ အီရန်စစ်သည် တစ်ဦးကို တွေ့မြင်ရပုံ (ဝဲ)၊ အီရန်တွင် ဒုတိယ အာဏာအရှိဆုံးပုဂ္ဂိုလ် ပါလီမန် ဥက္ကဋ္ဌ ရပ် ဆန်ဂျာနီ

အာဏာ စိုးမိုးလာခဲ့သည်။ တစ်ပါတီ စစ်အာဏာပိုင် ဆိုရှယ်လစ်နိုင်ငံ ဖြစ်လာသည်။

ဇာဂရော့စ် တောင်တန်းဒေသရှိ ကာ့ဒ်လူမျိုးတို့သည် ပုန်ကန်လျက်ရှိရာ ဘာသ်ပါတီက လေးနှစ်အတွင်း ကိုယ်ပိုင် အုပ်ချုပ်ရေး ပေးမည်ဟု ကတိပြုခဲ့သောကြောင့် ၁၉၇၀ ပြည့်နှစ် မတ်လတွင် ပုန်ကန်မှု ယာယီရပ်စဲသွားခဲ့သည်။ သို့ရာတွင် ၁၉၇၄ ခုနှစ် မတ်လတိုင် ဘာသ်ပါတီက ကတိအတိုင်း လွတ်လပ်ရေး မပေးသေးသဖြင့် ကာ့ဒ်လူမျိုးတို့ ပြန်လည်ပုန်ကန်သည်။ အီရန်နိုင်ငံက သူပုန်တို့အား စစ်ရေး အကူအညီပေးခဲ့သည်။ ၁၉၇၅ ခုနှစ် မတ်လ ၅ ရက်နေ့တွင် နှစ်နိုင်ငံ သဘောတူစာချုပ် ချုပ်ဆိုပြီးနောက် အီရန်နိုင်ငံက ကာ့ဒ်သူပုန်များအား အကူအညီပေးမှု ရပ်စဲခဲ့သည်။ အီရတ်အစိုးရသည် ကာ့ဒ်လူမျိုး ပုန်ကန်မှုကို ချေမှုန်းနိုင်ခဲ့သည်။

သမ္မတနိုင်ငံ ထူထောင်ခဲ့ချိန်မှစ၍ အီရတ်–ဆိုဗီယက် ဆက်ဆံရေးသည် အရှိန်အဟုန် ရလာခဲ့သည်။ ဘာသ်ပါတီ ပေါ်ထွန်းလာပြီး ၁၉၇၂ ခုနှစ်တွင် ဆိုဗီယက်–အီရတ် စာချုပ်ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်အရ ဆိုဗီယက်သည် လက်နက်တန်ချိန်ပေါင်းများစွာနှင့် အကြံပေးပုဂ္ဂိုလ်ပေါင်း ထောင်ချီ၍ ပို့ပေးခဲ့သည်။ သို့ရာတွင် ၁၉၇၈ ခုနှစ်တွင် ကုန်မြူနစ် ၂၁ ဦးကို ကွပ်မျက်ခြင်းနှင့် အနောက်ဘက်နှင့် ကုန်သွယ်မှုပြုခြင်းတို့ကြောင့် ဆိုဗီယက်နှင့် ဆက်ဆံရေး သည် ချည့်နဲ့လာခဲ့သည်။ ၁၁ နှစ်ကြာမျှ သမ္မတဖြစ်လာခဲ့သော ဘာကီးယားသည် ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်သွားခဲ့ရာ ဗိုလ်ချုပ်ကြီး ဆက်ဒမ် ဟူစိန်က ဆက်ခံသည်။

အီရန်နိုင်ငံ– အာရိယန်မျိုးနွယ်စု မီးဒက်နှင့်ပါရှားတို့သည် ၉၀၀ ဘီစီတွင် ယင်းဒေသ၌အခြေချခဲ့သည်။ အကယ်စင်စစ် ယင်းဒေသ၏ ယဉ်ကျေးမှုသည် ၃၁၀၀ ဘီစီခန့်ကပင် ထွန်းကားလာခဲ့ခြင်း ဖြစ်သည်။ ၅၄၉ ဘီစီတွင် မဟာဆိုင်းရပ် (၅၅၉–၅၃၀ ဘီစီ) သည် မီးဒက်နှင့် ပါးရှင်းတို့ကို စုစည်း၍ ဘေဘီလိုးနီးယားကိုပါ သိမ်းပိုက်ကာ ပါးရှင်းလက်နက်နိုင်ငံတော်ကို ထူထောင်ခဲ့သည်။ ပါးရှင်းအာဏာစက်ကို ၃၃၁ ဘီစီ၌ မဟာအလက်ဇန္ဒားဘုရင်က ချေဖျက်ခဲ့သည်။ အလက်ဇန္ဒားလွန်သော် ပါးရှင်းဒေသ အများစုသည် ဆီးရီးယားကို အုပ်စိုးသူ ဂရိဘုရင် ပထမမြောက် ဆီလူးကပ်စ်၏ လက်တွင်းသို့ သက်ဆင်းကုန်သည်။ ယင်းမင်းဆက်သည် ပါးရှင်း အုပ်ချုပ်ရေး အစဉ်အလာကို ထိန်းသိမ်းသည်။ အေဒီ ၆၅၁ ခုနှစ်တွင် အာရပ်လူမျိုးတို့ ပါးရှင်းနိုင်ငံတွင်းသို့ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်သည်။ အစ္စလာမ်ဘာသာ အယူဝါဒ လွှမ်းမိုးသည်။ တူရကီတို့ ၉၀၀ ပြည့်လွန် နှစ်များအတွင်းတွင် ဝင်ရောက်လာပြန်


သည်။ ၁၂ ရာစုနှင့် ၁၃ ရာစုတို့တွင် ယင်းဒေသသည် မွန်ကို ကျူးကျော်သူတို့လက်အောက် ကျရောက်ခဲ့သည်။

ဒေသခံ အီရန်တို့၏ အုပ်ချုပ်ရေးကို ဆာဖာဗစ် (၁၅၀၂–၁၇၃၆) က ပြန်လည် ဆောင်ကြဉ်းပေးခဲ့သည်။ ယင်းမင်းဆက်၏ အာဏာသည် ပထမမြောက် ရှားအက်ဘတ်စ် (၁၅၈၇–၁၆၂၉) ၏ လက်ထက်တွင် အထွတ်အထိပ်သို့ ရောက်သည်။ တူရကီဗိုလ်ချုပ်ကြီး နာဒီယာရှားက ၁၇၃၆ ခုနှစ်မှ ၁၇၄၇ ခုနှစ်ထိ အုပ်စိုးခဲ့သည်။ ဇန်မင်းဆက် (၁၇၅၀–၉၄) ပြန်လည် ပေါ်ထွန်းပြီးမှ အဂ္ဂါမိုဟာမက်ခန်းက ဖြုတ်ချကာ ခါဂျာမင်းဆက်ကို ထူထောင်သည်။ ခါဂျာမင်းဆက်သည် ၁၉၂၅ ခုနှစ်ထိမြဲခဲ့သည်။ ပါးရှင်းနယ်နိမိတ်သည် ကျဉ်းလာသည်။ အာဖဂန်နှင့် ရုရှားတို့၏ လက်အောက်သို့ ကျရောက်ကုန်သည်။ ၁၉၀၆ ခုနှစ်တွင် ရှားဘုရင်သည် ပါလီမန် (မာဂျလစ်) ထူထောင်ခြင်းကို သဘောတူ လက်ခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းသည်။ ၁၉၀၇ ခုနှစ်တွင် အင်္ဂလိပ်–ရုရှားသဘောတူစာချုပ်တစ်ရပ်အရ ပါးရှားကို သြဇာခံနယ်မြေ ပိုင်းခြားယူခဲ့ကြသည်။ ပထမကမ္ဘာစစ် အပြီးတွင် ယင်းစာချုပ် ပျက်ပြယ်သည်။

၁၉၂၁ ခုနှစ်တွင် စစ်အရာရှိ ရေဇာခန်းက အာဏာသိမ်းယူသည်။ ရှားဘုရင်ကိုဖြုတ်ချကာ ရေဇာ ရှား ပါလဗီဘွဲ့မည်ကို ခံယူသည်။ ၁၉၃၅ ခုနှစ်တွင် အီရန်နိုင်ငံဟူ၍ တရားဝင်အမည် ပြောင်းလဲသည့်ပြင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ချမှတ်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ဗြိတိသျှနှင့် ရုရှားတပ်များ အီရန်နိုင်ငံကို သိမ်းပိုက်ခဲ့ရာ ရေဇာရှား ပါလဗီ နန်းစွန့်သည်။ သားတော် မိုဟာမက် ရေဇာပါလဗီ နန်းတက်သည်။ ၁၉၅၁ ခုနှစ်တွင် စစ်သွေးကြွ အမျိုးသားရေးဝါဒီ တစ်ယူသန် အမျိုးသားတပ်ဦး ခေါင်းဆောင် မိုဟာမက် မော့ဆာဒေးက ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၅၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ အကူအညီဖြင့် ပဒေသရာဇ် အင်အားစုက မော့ဆာဒေးကို ဖြုတ်ချသည်။ ရှားဘုရင်က အကြွင်းမဲ့အာဏာကို ပြန်လည် ရယူသည်။ ၁၉၇၅ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရှားဘုရင်သည်တစ်ပါတီ အာဏာရှင်စနစ် ထူထောင်ကြောင်း ကြေညာသည်။ ရှားဘုရင်၏ လျှို့ဝှက် ပုလိပ်အဖွဲ့သည် အတိုက်အခံတို့ကို နှိပ်ကွပ်သတ်ဖြတ်သည်။

ရေဇာ ရှား ပါလဗီ၏လက်ထက် ၁၉၄၀ ပြည့်လွန်နှစ်များအတွင်းကပင် ပုန်ကန်လာခဲ့သော်ရှုဟိုလာ ခိုမေနီသည် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်းပေါ် ပေါက်သော နိုင်ငံရေး

အီရန်–အီရတ် စစ်ပွဲပြမြေပုံ



JP





အီရတ်နိုင်ငံ ဘာဆရာမြို့ရှိ အီရန်စစ်သုံ့ပန်းများ (ဝဲ)၊ တီဟီရန်မြို့ရှိ အီရတ်စစ်သုံ့ပန်းများ

အုံကြွမှုများ၌ နှုတ်ဆိတ်နေခဲ့ရာမှ ၁၉၆၃ ခုနှစ်တွင် နိုင်ငံရေး မြင်ကွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ ရှားဘုရင်၏ အဖြူရောင် တော်လှန်ရေးနှင့်အတူ ခေတ်မီ တိုးတက်လာသော အီရန်နိုင်ငံသည် ရေနံမှဝင်ငွေဖြင့် ကြွယ်ဝလာသည်။ ၁၉၆၃ ခုနှစ်က ဒေါ်လာ ၅၅၅ သန်းသာ ရရှိခဲ့ရာမှ ၁၉၇၃ ခုနှစ်တွင် ဒေါ်လာသန်း ၅၀၀၀ သို့ ရောက်ရှိလာသည်။ သို့ရာတွင် လူနေမှုဘဝတွင် အနောက်တိုင်းဆန်လာခြင်း၊ ကိုယ်ကျိုးရှာမှု ထူပြောလာခြင်းနှင့် အခြေခံ ဥပဒေ ချိုးဖောက်ခြင်းတို့ကို ထောက်ပြ၍ ခိုမေနီနှင့် နောက်လိုက်များက ဆန့်ကျင်လှုပ်ရှားသည်။ ၁၉၇၈ ခုနှစ် တစ်နှစ်လုံးပင် မူဆလင်တစ်ယူသန်ဝါဒီတို့ ဆူပူအုံကြွသည်။

၁၉၆၄ ခုနှစ် အောက်တိုဘာလတွင် တူရကီနိုင်ငံသို့ နှင်ထုတ်ခြင်းခံရကတည်းက ပြည်ပသို့ရောက်နေသော ခိုမေနီသည် ၁၉၇၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အီရန်နိုင်ငံသို့ ပြန်လာသည်။ ရှားဘုရင်၏ အုပ်ချုပ်ရေးယန္တရားပြိုလဲသည်။ ခိုမေနီ၏ ပြည်သူစစ်တို့က စစ်ဘက်နယ်ဘက်အရာရှိ ရာပေါင်းများစွာကို သုတ်သင်သည်။ ၁၉၇၉ ခုနှစ် မတ်လ ၃၀ ရက်နှင့် ၃၁ ရက်နေ့တို့တွင် ကျင်းပသော ပြည်သူဆန္ဒခံယူပွဲက အစွလာမွစ် သမ္မတနိုင်ငံထူထောင်ခြင်းကို အတည်ပြုပေးခဲ့သည်။ ဗလယတ်တေ ဖကီးခေါ် ဘာသာရေးခေါင်းဆောင်တို့က အာဏာချုပ်ကိုင်သည့်စနစ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြင့် ခိုမေနီသည် ရာသက်ပန် နိုင်ငံအကြီးအကဲဖြစ်လာသည်။

အီရန်နိုင်ငံအား ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၃ ခုနှစ်ထိ ကာလအတွင်း စစ်ရေးအကူအညီ ဒေါ်လာ ဂ၂၉ သန်းဖိုးကို ထောက်ပံ့ခဲ့သည့်ပြင် လက်နက်ယန္တရားအသစ်အဆန်း ဒေါ်လာသန်း ၁,၃၀၀ ဖိုး တပ်ဆင်ပေးခဲ့ခြင်းဖြင့်လည်းကောင်း၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ် အထိ ကာလအတွင်း စစ်လက်နက်ပစ္စည်း ၁၀,၀၀၀ ဖိုး ရောင်းချပေးခဲ့ခြင်းဖြင့်လည်းကောင်း ကောင်းမွန်သော ဆက်ဆံရေးထူထောင်ထားသည့် အမေရိကန်ပြည်ထောင်စုနှင့် ၁၉၇၉ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ တင်းမာစပြုလာသည်။ ပြည်ပရောက် ရှားဘုရင်အား အမေရိကန်ပြည်ထောင်စု၌ ခိုလှုံ၍ ဆေးကုသမှုခံယူနိုင်ရန် ခွင့်ပြုခြင်းကို အကြောင်းပြု၍ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် စစ်သွေးကြွအီရန်လူငယ်များက တီဟီရန်မြို့တော်ရှိ အမေရိကန်သံရုံးကို အပိုင်စီးပြီး လူ ၆၂ ဦးကို ဓားစာခံလုပ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဧပြီလ ၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံနှင့် သံအဆက်အသွယ် ဖြတ်ခဲ့သည်။

စစ်ပွဲ၏အစ

အယာတိုလာ ခိုမေနီ ပြည်ပြေးဘဝက အီရတ်နိုင်ငံတွင် ခိုလှုံခဲ့ပူးသည်။ အီရန်၌ ၁၉၇၈ ခုနှစ်အတွင်း ဆူပူအုံကြွမှု ပြင်းထန်စဉ် အီရတ်နိုင်ငံ နာရစ်မြို့သို့လာသော အီရန်ဘုရားပူးတို့သည် ခိုမေနီ၏ ရှားဘုရင်အပုပ်ချ မိန့်ခွန်းများနှင့် ညွှန်ကြားချက်များကို ယူဆောင်သွားပြီး ဌာနေဗလီဝတ်ကျောင်းများမှတစ်ဆင့် ဖြန့်ဖြူးခဲ့ကြသည်။ ထိုအချိန်တွင် ရှားဘုရင်နှင့် ဆက်ဒမ်ဟူစိန်တို့ ပလဲနုပသင့်နေသည့်ပြင် ခိုမေနီ၏လမ်းစဉ်ကြောင့် အီရတ်နိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ရှိ ရှီယိုက်ပြည်သူတို့ပါ အုံကြွလာမည်ကို သမ္မတဟူစိန် စိုးရိမ်လာသဖြင့် ခိုမေနီကို ပြည်ပသို့ နှင်ထုတ်ခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ခိုမေနီက သမ္မတဟူစိန်ကို အာဃာတထားခဲ့သည်ဟု ဆိုသည်။

ခိုမေနီ အာဏာရသော အခါ အီရန် နိုင်ငံ၏ အစွယ်လာမွစ် တော်လှန်ရေးပုံစံမျိုးကို ပြည်ပသို့တင်ပို့မည် ဖြစ်ကြောင်းနှင့် အီရတ်နိုင်ငံ ဘာသ်ပါတီအစိုးရကို ဖြုတ်ချရန်ရည်ရွယ်ကြောင်းဖြင့် ခြိမ်းခြောက်ခဲ့သည်။ အီရတ် သမ္မတဟူစိန်က ရှားဘုရင်နှင့်ချုပ်ဆိုခဲ့သော ၁၉၇၅ ခုနှစ် စာချုပ်ကို ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ပယ်ဖျက်သည်။ နှစ်နိုင်ငံကြား တောင်ဘက် နယ်နိမိတ်ဖြစ်သော ရှက်တယ် အာရပ် ရေကြောင်း လမ်းကို ပိုင်ခွင့်ရရေးအတွက် အီရတ်နိုင်ငံက တောင်း ဆို သည်။ အီရန်နိုင်ငံက အီရတ်နိုင်ငံ၏တောင်းဆိုမှုကို ပယ်ချသည်။ နယ်စပ်တိုက်ပွဲငယ်များ စတင်ဖြစ်ပွားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်စက်တင်ဘာလ ၂၂ ရက်နေ့တွင် အီရတ် တပ်ဖွဲ့ဝင်များ အီရန်နိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်သည်။

အီရတ်နိုင်ငံ၏ တွက်ဆမှု

အီရတ်နိုင်ငံသည် အီရန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ခွဲဇက်စတန်ပြည်နယ်ဘက်မှဝင်ရောက်ကာ ထိုးစစ်ဆင်ခြင်း ဖြစ်သည်။ ယင်းထိုးစစ်ကို တွက်ဆချက် သုံးရပ်အပေါ် အခြေမဲလျက် ဆင်နွှဲခဲ့ဟန်ရှိသည်။ အစွယ်လာမွစ် တော်လှန်ရေးကြောင့် အီရန်စစ်တပ်သည် ဖရိုဖရဲဖြစ်ကာ စိတ်ဓာတ်ကျဆင်းနေပြီးခိုင်မာသောခံစစ်မတည်ဆောက်နိုင်ဟူသော တွက်ဆချက်၊ ခွဲဇက်စတန်ရှိ အာရပ်လူမျိုးပြည်သူတို့သည် ပါးရှင်းလူမျိုးတို့၏ လက်အောက်မှ လွတ်မြောက်အုံကူလိမ့်မည် အီရတ်တပ်များကို အားကိုးတကြီး ကြိုဆိုမည်ဟူသော တွက်ဆချက်၊ စစ်ရေးရှုံးနိမ့်သည်နှင့် ခိုမေနီအစိုးရ ပြုတ်ကျသွားကာ လက်ရှိနယ်နိမိတ် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ရန်လိုမှုနည်းပါးသော အစိုးရတစ်ရပ် တက်လာလိမ့်မည် ဟူသော တွက်ဆချက်တို့ ဖြစ်သည်။

သို့ရာတွင် အီရန်ပြည်သူအများစုသည်ဤစစ်ပွဲကြောင့်

စဖာကျွန်းဆွယ်ကို အီရန်ထံမှ ပြန်ထည်သိမ်းယူခဲ့ပြီးနောက် အီရတ်စစ်သည်တစ်ဦးကို တွေ့မြင်ရပုံ





အီရတ်နိုင်ငံ ဘာဆရာမြို့ အနီးတွင် စစ်ဘေးဒဏ်သင့်ထားပုံ

တစ်ယူသန်ဘာသာရေးအစွဲနှင့် အမျိုးသားရေး စိတ်ဓာတ်တို့ ပေါင်းစည်းကာ ခိုမေနီကို ပိုမိုထောက်ခံလာကြသည်။ ခွင့်စတန်ပြည်သူတို့ကလည်း အာရပ်သွေးချင်း အီရတ်တပ်တို့ကို စိတ်မဝင်စားကြချေ။ အီရတ်တို့ ကျူးကျော်မှုကြောင့် အီရန်အစိုးရသည် စစ်ယန္တရားကို ထိရောက်အောင် အဆောတလျင် ပြင်ဆင်ဖွဲ့စည်းဖြစ်တော့သည်။ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလကုန်ပိုင်းတွင် ကီလိုမီတာ ၆၀၀ ရှည်လျားသော အီရန်ပိုင်နက်ကို အီရတ်တပ်ဖွဲ့တို့ သိမ်းပိုက်နိုင်ခဲ့ငြားလည်း ၁၉၈၁ ခုနှစ် မေလမှစ၍ အီရန်တို့၏ ပြင်းထန်ထိရောက်သော တန်ပြန်ထိုးစစ်ကြီးများနှင့် ရင်ဆိုင်ခဲ့ကြရသည်။ မှန်းချက်နှင့် နှမ်းထွက် မကိုက်သော အီရတ်နိုင်ငံက အပစ်အခတ် ရပ်စဲရေးအတွက် ညှိနှိုင်းလိုကြောင်း ကမ်းလှမ်းသည်။ ဆက်ဒမ်ဟူစိန် အာဏာစွန့်ရေး၊ အီရတ်နိုင်ငံက စစ်လျော်ကြေး ဒေါ်လာသန်းပေါင်း ၁,၅၀,၀၀၀ ပေးရေးနှင့် အတိတ်ကာလက အီရတ်နိုင်ငံမှ နှင်ထုတ်ခံရသော အီရတ်နိုင်ငံသား အီရန်မျိုးနွယ်များ အား ပြန်ခွင့်ပြုရေး စသည့်အချက်များကို အီရန်နိုင်ငံက တောင်းဆို၍ အီရတ်နိုင်ငံ၏ အပစ်အခတ် ရပ်စဲရေးဆိုင်ရာ ကမ်းလှမ်းချက်ကို ပယ်ချသည်။ အီရန် တပ်ဖွဲ့ဝင်များသည် ၁၉၈၂ ခုနှစ် ဇွန်လမှ စ၍ အီရတ် နိုင်ငံ နယ်နိမိတ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်သည်။

အီရန်၏ ထိုးစစ်

အစ္စလာမ္မစ် တော်လှန်ရေး စတင်ချိန်မှ ၁၉၈၁ ခုနှစ် အထိ သုတ်သင်ခံရသူပေါင်း ၃,၈၀၀ ကျော်ရှိရာ ထိုသို့ ဖြုတ်ထုတ်သတ်ခံရသူများတွင် လေယာဉ်မှူးအများအပြား ပါဝင်သွားခဲ့သည်ဟု ဆိုသည်။ အမေရိကန် ပြည်ထောင်စုနှင့်လည်းဆက်ဆံရေးတင်းမာနေ၍ လေယာဉ်အရန်ပစ္စည်းများ မရရှိချေ။ သို့ဖြစ်၍ အီရန်နိုင်ငံ၏ ထိုးစစ်တွင် လေကြောင်းအကူ အားနည်းသည်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ စိတ်ဓာတ်တက်ကြွလှသော အီရန်တော်လှန်ရေး အစောင့်တပ်သားတို့သည် လစ်ဗျ၊ ဆီးရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ ရရှိသော ဆိုဗီယက်လုပ် အေကေ ၄၇ နှင့် အာပီဂျီ-၇ တင့်ကားဖျက် လက်နက်ငယ်များကို ကိုင်စွဲလျက် လူသားလှိုင်းလုံး ဗျူဟာဖြင့် တိုက်ခိုက်ခဲ့သည်။ အီရန်နိုင်ငံ၏ ထိုးစစ်အရှိန် မြင့်မားလာသည့် အလျောက် အီရတ်နိုင်ငံက ပင်လယ်ကွေ့ဒေသရှိ အာရပ်နိုင်ငံများအား မိမိတို့နှင့် သွေးစည်းညီညွတ်ရန် ပန်ကြား

ခဲ့သည်။ အစ္စလာမ္မစ်တော်လှန်ရေး ကူးစက်မည်ကို စိုးရိမ်သော ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ (ဂျီ စီ စီ) အဖွဲ့ဝင် ဗာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများပြည်ထောင်စု တို့သည် အီရတ်နိုင်ငံကို ထောက်ခံကြသည်။ ထို့ပြင် အီရတ်နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းခဲ့ပြီး ဆိုဗီယက်လက်နက်များဖြင့် တပ်ဆင်ခဲ့သည်။ အီရတ်နိုင်ငံသည် အီတလီ၊ ပြင်သစ်နှင့် ဗရာဇီးနိုင်ငံတို့အား ရေနံရောင်းချရခြင်းဖြင့် စစ်ရေးအသုံးစရိတ် ရရှိသည်ဟု ဆိုသည်။ အီရန်နိုင်ငံကမူ ဂျပန်၊ အမေရိကန်နှင့် အခြား အနောက်နိုင်ငံများအား ရေနံရောင်းချခြင်းဖြင့် စစ်ရေးအသုံးစရိတ် ရရှိသည်ဟု ဆိုသည်။ ၁၉၇၃ ခုနှစ် စာရင်းဇယားအရ စစ်ရေးအသုံးစရိတ်အတွက် အီရတ်သည် အမျိုးသား အသားတင်ထုတ်လုပ်မှုတန်ဖိုးစုစုပေါင်း (ဂျီ အင် ပီ) ၏ ၃၃ ဒသမ ၇ ရာခိုင်နှုန်းကို ကျခံ၍ အီရန်နိုင်ငံက ဂျီအင်ပီ၏ ၁၃ ဒသမ ၃ ရာခိုင်နှုန်း ကျခံသည်ဟု သိရသည်။

၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလတွင် အီရတ်နိုင်ငံ ဘာဆရာမြို့၏ မြောက်ဘက်ရှိ ရေနံကြွယ်ဝသော မာ့ဂျန်နံကျန်း၏ တစ်စိတ်တစ်ဒေသကို သိမ်းပိုက်ရန် အီရန်တို့ ကျူးကျော်ဝင်ရောက်သည်။ ထိုအခါ အီရတ်နိုင်ငံသည် အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုကို ထိခိုက်စေပြီး စေ့စပ်ညှိနှိုင်းရေးအဆင့်သို့ ရောက်ရှိလာစေရန် တွန်းအားပေး ကြိုးပမ်းသည့်အနေဖြင့် ပြင်သစ်လုပ် အိပ်ဆိုင်ဇေး ဒုံးကျည်များကို သုံးကာ ရေနံတင်သင်္ဘောများကို ပထမဦးဆုံးအကြိမ် တိုက်ခိုက်ခဲ့သည်။ အီရန်နိုင်ငံကလည်း ၁၉၇၄ ခုနှစ် မေလ မှစ၍ ကူဝိတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့၏ ရေနံတင်သင်္ဘောများကို တိုက်ခိုက်ခြင်းဖြင့် လက်စားချေခဲ့ရာ "ရေနံတင်သင်္ဘောများစစ်ပွဲ"သည် အရှိန်မြင့်လာခဲ့သည်။ ၁၉၇၄ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် အီရန်နှင့် အီရတ်နှစ်နိုင်ငံတို့သည် အရပ်ဘက်ပစ်မှတ်များကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရန် သဘောတူညီကြသည်။ သို့ရာတွင် အီရတ်နိုင်ငံက ယင်းသဘောတူညီချက်ကို ချိုးဖောက်ခဲ့သည်ဟု ဆိုသည်။ အီရတ်နိုင်ငံသည် ၁၉၆၇ ခုနှစ် အာရပ်–အစ္စရေး စစ်ပွဲ ဖြစ်ပွားကတည်းက သံအဆက် အသွယ် ဖြတ်ထား ခဲ့သော အမေရိကန် ပြည်ထောင်စုနှင့် ၁၉၇၄ ခုနှစ် နိုဝင်ဘာလမှစ၍ သံတမန်ပြန်ဆက်သည်။

အီရန်နိုင်ငံ၏ထိုးစစ်ကို ရိုက်ချိုးရန် အီရတ်တို့သည် မာတုလက်နက်များ သုံးစွဲလျက်ရှိကြောင်း ၁၉၇၄ ခုနှစ် တစ်နှစ်လုံး သတင်းများထွက်ပေါ်လာသည်။ အီရန်နိုင်ငံသည် ၁၉၇၅ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် အီရတ်နိုင်ငံ ဘာဆရာမြို့ကို သိမ်းပိုက်ရန်နှင့် တိုက်ဂရစ်မြစ်ကို ဖြတ်ကူးရန်အတွက် ထိုးစစ်သစ်တစ်ရပ် ဆင်နွှဲခဲ့သော်လည်း အီရတ်တပ်များက အပြင်းအထန်ခုခံသဖြင့် အကြီးအကျယ် တိုက်ပွဲဖြစ်ပွားပြီး အီရန်တပ်ဖွဲ့ဝင်တို့သည် အကျအဆုံး ၁၅,၀၀၀ ခန့်ဖြင့် ဆုတ်ခွာရသည်။ အီရတ်တို့က တီဟီရန်မြို့တော်၊ အစ္စဖာဟန်မြို့၊ တာဘရစ်မြို့၊ ရှီရက်မြို့ စသည့် အီရန်မြို့ကြီး ၃၀ ရှိ အရပ်ဘက်ပစ်မှတ်များကို လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ရာ အီရန်နိုင်ငံကလည်း ဘဂ္ဂဒက်မြို့တော်နှင့်ဘာဆရာမြို့တို့ကိုဒုံးကျည်များဖြင့်ပစ်ခတ်သည်။ ၁၉၇၅ ခုနှစ် ဧပြီလမှစ၍ "မြို့ကြီးများစစ်ပွဲ" ဟု ခေါ်သည့် အပြန်အလှန် လက်တုံ့ပြန် ပွဲကြီး ဖြစ်ပေါ်လာသည်။ အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံအား လက်နက်များ လျှို့ဝှက်ရောင်းချသွားရန် ၁၉၇၅ ခုနှစ် နှစ်လယ်ပိုင်းကပင် ဆုံးဖြတ်ခဲ့သည်။

အီရန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ ဘာဆရာမြို့တောင်ဘက်ရှိ ရှက်တယ်အာရပ် ရေကြောင်းလမ်းကိုဖြတ်ပြီး ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ ကြည်းကြောင်း ရေကြောင်း ညတိုက်ပွဲစစ်ဆင်ရေးကြီးကို ဆင်နွှဲခဲ့သည်။ ၁၆ ရက်နေ့တွင် ဖောဆိပ်ကမ်းမြို့ အပါအဝင် ဖောကျွန်းဆွယ်ရှိ နယ်မြေ စတုရန်းကီလိုမီတာ ၇၅၀ ကို သိမ်းပိုက် နိုင်ခဲ့သည်။ အီရတ်နိုင်ငံက အီရန်နိုင်ငံ၏ ခတ်ကျွန်းရှိ အဓိကရေနံမြေကို အကြိမ် ၁၀၀ ကျော် ဗုံးကြဲဖျက်ဆီးပစ်သည်။ ထို့ပြင် ပင်လယ်ကွေ့ တောင်ဘက်စွန်း ဆာရီကျွန်းပေါ်ရှိ အီရန်နိုင်ငံ၏ ရေနံဖြန့်ဖြူးရေးစခန်းကို ပင်လျှင် အီရတ်လေတပ်က ဗုံးကြဲတိုက်ခိုက်သည်။ ၁၉၇၆ ခုနှစ်တွင် အီရတ်နိုင်ငံသည် ဟောမုဇ် ရေလက်ကြားထဲရှိ လာရက်ကျွန်းဝန်းကျင်နားထိပင်လျှင် အီရန်ရေနံတင်ပို့မှုလမ်းကြောင်းကို ပစ်ခတ် တိုက်ခိုက်နိုင်စွမ်း ရှိလာသည်။ အီရန်နိုင်ငံ၏ ရေနံတင်ပို့မှုကို အီရတ်နိုင်ငံက နှောင့်ယှက်ဟန့်တားခြင်းသည် ၁၉၇၆ ခုနှစ်တွင် အထိရောက်ဆုံးဖြစ်သည်။ ရေနံစျေးနှုန်းကလည်း ထက်ဝက်ခန့် ကျဆင်းသွားလေရာ အီရန်နိုင်ငံသည် နိုင်ငံခြားအရန်ငွေ ရုတ်ခြည်းကျဆင်းသွား၍ လက်နက်နှင့်စားနပ်ရိက္ခာ တင်သွင်းရေးအတွက် အခက်ကြုံရမည့်အခြေသို့ ဆိုက်သည်။

သို့ရာတွင် အီရန်နိုင်ငံသည် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ ကဗလာ–၅ ထိုးစစ်ကို ဆင်သည်။ အီရတ်နိုင်ငံ၏ ဒုတိယ အကြီးမား ဆုံးမြို့ ဖြစ်သော ဘာဆရာမြို့၏ တောင်ဘက် ရှက်တယ်အာရပ်ရေကြောင်းလမ်းကို ဖြတ်လျက် ထိုးစစ်ဆင်ခြင်း ဖြစ်သည်။ အီရန် တော်လှန်ရေး အစောင့်တပ်သား ၄၀,၀၀၀ ခန့် သေဆုံးပြီး ဘာဆရာမြို့ မကျခဲ့သော်လည်း အီရန်နိုင်ငံ၏ ထိုးစစ်ကြောင့် အီရတ်ပြည်သူတို့ စိတ်ဓာတ်ကျဆင်းကာ ကူပိတ်



ပါးရှင်း ပင်ထယ်ကွေ့ စစ်ပွဲတွင် အီရန်တို့ အသုံးပြုသော တရုတ် နိုင်ငံလုပ် ဆစ်ဝမ်း ဖုံးကျည်

နိုင်ငံအပို့ စိုးရိမ်စရာ ဖြစ်လာသည်ဟု ဆိုသည်။ အီရတ် လူဦးရေသည် အီရန်လူဦးရေ၏ လေးပုံ တစ်ပုံသာရှိပေရာ ယင်းထိုးစစ်ကြောင့် အီရတ်တပ်ဖွဲ့ဝင် ၂၀,၀၀၀ ကျဆုံးခြင်းသည် အချိုးအစားအားဖြင့် ပိုမို နစ်နာပေသည်။ ထို့ပြင် ယင်းထိုးစစ်ကြောင့် ဘာဆရာမြို့၏ လူဦးရေထက် ဝက်ခန့်ဖြစ်သော ပြည်သူ တစ်သန်းကျော်သည် မြို့ကို စွန့်ခွာ ထွက်ပြေးကြရသည်။


ကူဝိတ်နိုင်ငံသည် ၎င်း၏ ရေနံတင် သဘော်များကို ကာကွယ် စောင့်ရှောက်ပေးရန် ၁၉၆၆ ခုနှစ် စက်တင်ဘာလတွင် အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့ထံ ချဉ်းကပ်ခဲ့သည်ဟု ဆိုသည်။ နှစ်လအကြာတွင် အီရန်နိုင်ငံအား အမေရိကန်ပြည်ထောင်စုက လျှို့ဝှက် လက်နက်ရောင်းချမှု (အီရန်စကင်) (အီရန်ဂိတ်) သည် လူသိရှင်ကြားဖော်ထုတ်ခံရသည်။ အမေရိကန် ပြည်ထောင်စုနှင့် မိတ်ဆွေ ပင်လယ်ကွေ့နိုင်ငံများအကြား မျက်နှာပူစရာ ဖြစ်ခဲ့သည်။ ထိုစဉ် ကူဝိတ် ရေနံတင် သဘော်များကို ဆိုဗီယက် ပြည်ထောင်စုက စောင့်ရှောက်ပေးရန် စာချုပ်တစ်ရပ်ကို ၁၀ ရက်အတွင်း ချုပ်ဆို တော့မည်ဟူသော သတင်းကို ၁၉၈၇ ခုနှစ် မတ်လ ၂ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုက ကြားသိသည်။ ယင်းသတင်းရရှိပြီး ၅ ရက် အကြာတွင် အမေရိကန်က ကူဝိတ် ရေနံတင်သဘော်များကို စောင့်ရှောက်ပေးမည်ဟု ကူဝိတ်နိုင်ငံအား အကြောင်းကြားခဲ့သည်။ ၁၉၅၁–၁၉၅၃ ခုနှစ် ကာလက အီရန် အမျိုးသားရေးဝါဒနှင့် ကွန်မြူနစ်ဝါဒတို့ကို အမေရိကန် ပြည်ထောင်စုက ထပ်တူ သဘောထားခဲ့သည့်နည်းတူ ၁၉၈၀ ပြည့်လွန်နှစ် များတွင်လည်း အစွလာမ့်စ် တော်လှန်ရေးဝါဒကို မဟက်စ်ဝါဒနှင့်ထပ်တူ သဘောထားသည့် အလျောက် အမေရိကန် ပြည်ထောင်စုက ကူညီခြင်း ဖြစ်သည်ဟု ကူဝိတ်နိုင်ငံအား ဆိုသည်။ ကူဝိတ် ရေနံတင်သဘော် ၁၁ စင်းကို ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့မှ စ၍ အမေရိကန်ရေတပ်က ကာကွယ်စောင့်ရှောက်ပေးသည်။ ထိုသို့ ကာကွယ်စောင့်ရှောက်ပေးခြင်းသည် အီရတ်နိုင်ငံဘက်မှ ရပ်တည်ခြင်း ဖြစ်သည်ဟု အီရန်နိုင်ငံက ယူဆသည်။ အမေရိကန်ပြည်ထောင်စုကို လည်းကောင်း၊ အီရတ်နိုင်ငံ၏ ရေနံထောင်းချမှုကို ကူညီနေသော ကူဝိတ်နှင့် ဆအူး ဒီ အာ ရေ ဗျ နိုင် ငံ တို့ ကို လည်း ကောင်း အီရန် ဘု ရား ပူး များ က ဆန့်ကျင်သည့် ဆန္ဒပြပွဲခင်းကျင်းရာမှ ၁၉၈၇ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် မက္ကာမြို့၌ အဓိကရုဏ်းများ ဖြစ်ပွားသည်။ အီရန်ဘုရားပူး ၂၇၅ ဦး သေဆုံးသည်။ တီဟီရန်မြို့တွင် ကူဝိတ်နှင့် ဆအူးဒီအာရေဗျသံရုံးများ ဖျက်ဆီးခံရသည်။ ဆိုဗီယက် ပြည်ထောင်စုကို အီရန်နိုင်ငံက တိုက်ခိုက်ဝေဖန်သည့် ကြေညာချက်များ ထွက် ပေါ်နေခြင်းနှင့်စပ်လျဉ်း၍ ဆိုဗီယက် ပြည်ထောင်စုက ၁၉၈၇ ခုနှစ် မေလတွင် ပြစ်တင် ဝေဖန်ခဲ့သည်။ သို့ရာတွင် ကူဝိတ်ရေနံတင်သဘော်များကို အမေရိကန်ပြည်ထောင်စုက ကူညီစောင့်ရှောက်သည့်အချိန်မှစ၍ အီရန်–ဆိုဗီယက် ဆက်ဆံရေး ကောင်းမွန်စပြုလာသည်။

၁၉၈၇ ခုနှစ် မေလတွင် အီရတ်နိုင်ငံက အမေရိကန် ပြည်ထောင်စုနှင့် လည်းကောင်း၊ အီရန်နိုင်ငံက ဆိုဗီယက်နှင့်လည်းကောင်း ဆက်ဆံရေး အဆင်မပြေသည့် အသွင် မျိုးဆောင်နေခဲ့သည်။ ၁၉၈၇ ခုနှစ် မေလ ၁၇ ရက်နေ့

တွင် အီရတ်နိုင်ငံက အမေရိကန် စစ်သင်္ဘော ယူအက်စ် အက်စ်စတာ့ခ်ကို မှားယွင်း တိုက်ခိုက်ခဲ့ရာ အမေရိကန် စစ်သား ၃၇ ဦးသေဆုံး၍ ၂၁ ဦးဒဏ်ရာရခဲ့သည်။ ထိုလ အတွင်းမှာပင် ဆိုဗီယက်သင်္ဘောများကို တိုက်ခိုက်မှု နှစ် ကြိမ် ဖြစ်ပွားခဲ့ရာ အီရန်နိုင်ငံ၏ လက်ချက်ဖြစ်သည်ဟု ဆိုသည်။ မေလ ၆ ရက်နေ့နှင့် ၁၇ ရက်နေ့တို့တွင်ဖြစ်ပွား ခဲ့ရာ ဒုတိယအကြိမ်တွင် တိုက်ခိုက်ခံရသော သင်္ဘောမှာ ဆိုဗီယက်ပြည်ထောင်စုက ကူဝိတ်နိုင်ငံသို့ စေလွှတ်သော သင်္ဘော သုံးစင်းအနက် တစ်စင်းဖြစ်သည်။

၁၉၈၇ ခုနှစ်နှောင်းပိုင်းတွင် ပါးရှင်းပင်လယ်ကွေ့ဒေသ ၌ အမေရိကန်သင်္ဘော ၃၂ စင်းရှိခဲ့သည်။ ၁၉၄၉ ခုနှစ် နောက်ပိုင်းတွင် ပင်လယ်ကွေ့တွင် ရှိခဲ့ဖူးသော အရွှေ အလယ်ပိုင်း တပ်ဖွဲ့ထက်ပင် အင်အား ငါးဆကြိုးမားနေ သည်ဟုဆိုသည်။ ပင်လယ်ကွေ့ဒေသတွင် ဗြိတိန်၊ နယ်သာ လန်၊ ပြင်သစ်၊ အီတလီ၊ ဗဲလ်ဂျီယမ်နိုင်ငံတို့၏ ရေတပ်အင် အားလည်း တိုးချဲ့ထားပေသည်။ ဆိုဗီယက်ရေတပ်သင်္ဘော လည်း ခြောက်စင်းရှိနေသည်။ အမေရိကန် ရေတပ်ကို ဂျီစီစီအဖွဲ့ဝင် အိုမန်၊ ဆော်ဒီအာရေဗျနှင့် ဗာရိန်းနိုင်ငံ တို့က ပူးပေါင်းကူညီခဲ့သည်ဟုဆိုသည်။

အမေရိကန် အလံထူထားသော ကူဝိတ်ရေနံတင် သင်္ဘောကြီး ဘရစ်ဂျ်တန်သည် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် မိုင်းထိသည်။ ကူဝိတ်နိုင်ငံသို့ ဦးတည်၍ အမေရိကန်ရေတပ်က ပထမဆုံး စောင့်ရှောက် ပို့ပေးစဉ် မိုင်းထိခြင်းဖြစ်သည်။ ဩဂုတ်လ ၁၀ ရက်နေ့တွင် အမေ ရိကန်ရေတပ်မှ အက်ဖ် ၁၄ လေယာဉ်တစ်စင်းက အီရန် အက်ဖ် ၄ လေယာဉ်ကို ပစ်ခတ်ခဲ့သည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် အမေရိကန် ဖျက်သင်္ဘော ကစ်ဒ်က အမျိုး အမည်မသိသင်္ဘောနှစ်စင်းကို ခြောက်လှန့်ပစ်ခတ်နှင်ထုတ် ခဲ့ရသည်။ ဗာရိန်းနိုင်ငံမှ မိုင် ၅၀ အကွာတွင် ရေအောက် မိုင်းများချနေသည်ဆိုသော အီရန်အဂျာအမည်ရှိသင်္ဘော ကို စက်တင်ဘာလ ၂၁ ရက်နေ့တွင် အမေရိကန်ရေတပ် ရဟတ်ယာဉ်က တိုက်ခိုက်ခဲ့သည်။ အီရန် သင်္ဘောသား သုံးဦးသေ၍ နှစ်ဦး ပျောက်ဆုံးသည်။ အသက်ရှင်လျက် ကျန်ရှိသော သင်္ဘောသား ၂၆ ဦးကို အီရန်နိုင်ငံသို့ ပြန်ပို့ ပေးပြီးနောက် ယင်းသင်္ဘောကို ဖျက်ဆီးပစ်လိုက်သည် ဟုဆိုသည်။ အီရန်မော်တော်ဘုတ်တစ်စင်းက အမေရိကန် ကင်းစောင့်ရဟတ်ယာဉ်များကို စတင် ပစ်ခတ်သည်ဟုဆို



အီရန် ခရီးသည်တင် လေယာဉ်တစ်စင်းကို ပစ်ချခဲ့သော အမေရိကန်စစ်သင်္ဘော ယူအက်စ်အက်စ်မင်းဆင့်

သော အောက်တိုဘာလ ဂ ရက်နေ့ တိုက်ပွဲ တွင် ဖရစီကျွန်း၏ အနောက်တောင်ဘက် ၁၅ မိုင်အကွာ၌ အီရန်မော်တော်ဘုတ်သုံးစင်း ပစ်ခတ်နှစ်မြှုပ်ခံရသည်။ အောက်တိုဘာလ ၁၆ ရက်နေ့တွင် အမေရိကန်အလံထူထားသော ကူဝိတ်သင်္ဘော ဆီးအိုင်စီးတီးသည် ကူဝိတ် ရေကြောင်း ပိုင်နက်၌ပင် အီရန်ဒုံးကျည်ထိမှန်ရာ သင်္ဘောသား ၁ဂ ဦးဒဏ်ရာရရှိ၍ သင်္ဘောကက်ပတိန် မျက်မမြင်ဘဝရောက် ခဲ့ရသည်။ အမေရိကန်အစိုးရသည် အောက်တိုဘာလ ၁၉ ရက်နေ့တွင် လက်တုံ့ပြန်ရန် ဆုံးဖြတ်ခဲ့သည်။ အမေရိကန် ရေတပ်ဖျက် သင်္ဘော များက အီရန်တို့၏ ရေနံတူးစင် အပျက်တစ်ခုနှင့် အခြားရေနံတူးစင်နှစ်ခုကို တိုက်ခိုက်ခဲ့ သည်။ အီရန်နိုင်ငံကလည်း အောက်တိုဘာလ ၂၂ ရက်နေ့ တွင် ကူဝိတ်နိုင်ငံ၏ ပင်လယ်ကျန်းရေနံမြေသို့ ဒုံးကျည် တစ်စင်း ပစ်လွှတ်တိုက်ခိုက်ခြင်းဖြင့် လက် စား ချေ ပြန် သည်။ ဤသို့ဖြင့် အမေရိကန်ပြည်ထောင်စုသည် အီရန် –အီရတ် ရေနံတင်သင်္ဘောစစ်ပွဲ၌ ပါဝင် ပတ်သက်လာခဲ့ ပေသည်။

ငြိမ်းချမ်းရေးသို့ဦးတည်ခြင်း

ရေနံတင်သင်္ဘောစစ်ပွဲများမစမီ နှစ်နှစ်ခန့် အလိုကပင် ပါးရှင်းပင်လယ်ကွေ့အတွက် ကုလသမဂ္ဂရေကြောင်းလုံခြုံမှု စောင့်ရှောက်ရေး အာဏာပိုင်အဖွဲ့အစည်းတစ်ရပ် ထားရှိ သင့်ကြောင်းအဆိုတစ်ရပ်ပေါ် ထွန်းခဲ့သည်။ အီရန်–အီရတ် စစ်ပွဲသည် နိုင်ငံတကာ ရေကြောင်း သွားလာမှုကို မလွဲ မသွေ ခြိမ်းခြောက်လာဖွယ်ရှိ၍ ကြို တင် ကာကွယ်သော သံတမန်ရေး နည်းလမ်းတစ်ရပ်ကို အသုံးပြု သင့်ကြောင်း ဖြင့် တင်ပြသောအဆိုဖြစ်သည်။ ရေနံတင်သင်္ဘော စစ်ပွဲ များဖြစ်ပွားပြီး သုံးနှစ်အကြာ ၁၉၈၇ ခုနှစ်တွင် အလား တူအဆိုတစ်ရပ်ကို အမေရိကန် နိုင် ငံ ခြား ရေး ဝန် ကြီး ဟောင်း ဆိုင်းရပ်စ် ဗန်နှင့် ကာ ကွယ် ရေး ဝန် ကြီး ဟောင်း အဲလီယော့ အယ်ရစ်ချတ်ဆန်တို့က တင်ပြလာ ပြန်သည်။ ယင်းအဆိုနှစ်ရပ်စလုံးပင် အကောင်အထည်ပေါ် မလာခဲ့။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကမူ ပင်လယ် ကွေ့စစ်ပွဲရပ်စဲရေးအတွက် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၀ ရက် နေ့တွင် ဆုံးဖြတ်ချက် ၅၉၈ (၁၉၈၇) ကို ချမှတ်ကာ ကြိုး ပမ်း သည်။ အီရန်နှင့် အီရတ်နိုင်ငံတို့အား စေ့စပ် ဆွေးနွေးမှုဖြင့် ဖြေ ရှင်း ရေး အတွက် ပထမဆုံးခြေလှမ်း အဖြစ် ချက်ချင်းအပစ်အခတ်ရပ်စဲ၍ ၎င်းတို့၏တပ်များကို နိုင်ငံတကာ အသိအမှတ်ပြုနယ်နိမိတ်များသို့ နှောင့်နှေးမှု မရှိဘဲ ပြန်လည်ရုပ်သိမ်းကြရန် တောင်း ဆို ထား သည်။ အပစ်အခတ်ရပ်စဲမှု အကဲခတ်ရေးအဖွဲ့တစ်ဖွဲ့ကို အထွေထွေ အတွင်းရေးမှူးချုပ်က ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်သည်။ သုံးပန်းများကို အလျင်အမြန်လဲလှယ်၍ မူလတိုင်းပြည်သို့ လွှဲအပ် ရ မည် ဖြစ် သည်။ ဆုံးဖြတ်ချက် ၅၉၈ ကို အီရတ် နိုင်ငံက မဆိုင်းမတွ လက်ခံခဲ့သော်လည်း အီရန်နိုင်ငံက ၁၉၈၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့ရောက်မှ လက်ခံ ခဲ့ပေသည်။

၁၉၈၈ ခုနှစ် အခြေအနေ

ပါးရှင်း ပင်လယ်ကွေ့ စစ်ပွဲတွင် ၁၉၈၇ ခုနှစ် အတွင်း ကုန်သွယ် ရေကြောင်း သင်္ဘော ၁၇၈ စီး သည် အီရန်နှင့် အီရတ်နှစ်နိုင်ငံတို့၏တိုက်ခိုက်မှုကိုခံခဲ့ရပြီးနောက် ရေနံတင် သင်္ဘောစစ်ပွဲသည် ဆက်လက်ဖြစ်ပွားခဲ့သည်။ ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ပါးရှင်းပင်လယ်ကွေ့ မြောက် ပိုင်း၌ ရေတပ်ချင်းတိုက်ပွဲများဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အီရတ်လေယာဉ်တစ်စင်း က ပစ်လွှတ်သော ဒုံးကျည်သည် အမေရိကန်ဖျက်သင်္ဘော ယူအက်စ်အက်စ် ချန်ဒလာ၏အနီးသို့ ကျရောက်ခဲ့သည်။ အီရန်ရေတပ်သင်္ဘောများက ပါးရှင်းပင်လယ်ကွေ့ရှိကူဝိတ် နိုင်ငံပိုင်ကျွန်းတစ်ကျွန်းကို မတ်လ ၃၀ ရက်နေ့တွင် တိုက် ခိုက်ခဲ့သည်။ ဧပြီလ ၁၄ ရက်နေ့တွင် အမေရိကန်ဖရိုးဂိတ် စစ်သင်္ဘော ဆင်မြူရယ် ဘီရောဗတ်သည် ပင်လယ်ကွေ့တွင် ရေမြေပြုပ်မိုင်းထိ၍ပျက်စီးပြီး သင်္ဘောသား ၁၀ ဦး ဒဏ်ရာ ရသည်။ ဧပြီလ ၁၈ ရက်နေ့တွင် အမေရိကန်ရေတပ်က အီရန်ရေနံတူးစင်နှစ်စင်ကို ဖျက်ဆီး၍ အီ ရန် သ ဘော် ခြောက်စင်းကိုလည်း တိုက်ခိုက်သည်။ အီရန်တို့ ပင်လယ် ကွေ့ရေကြောင်း၌ မိုင်းချသည်ကို လက်တုံ့ပြန်သည် ဟုဆို သည်။ ဟောမုဇ်ရေလက်ကြားရှိ အီရန်ကမ်းလွှန်ရေနံမြေ ကို မေလ ၁၄ ရက်နေ့တွင် အီ ရတ် လေ ယာဉ် များ က ဗုံးကြဲတိုက်ခိုက်ရာ ကမ္ဘာ့အကြီးဆုံးရေနံတင်သင်္ဘောကြီး ဖြစ်သည့် ရေနံ ၅,၆၄,၇၃၉ တန်ဆံ့သော ဆီးဝိုက်စ်ဂျိုင်း ယင့် အပါအဝင် ရေနံတင်သင်္ဘောငါးစင်းမီးလောင်သည်။ ဧပြီလ ၂၉ ရက်နေ့နောက်ပိုင်းတွင် အီရန်ရေနံမြေကို ၁၀ ကြိမ်မြောက် တိုက် ခိုက် ခြင်း ဖြစ် သည် ဟု အီရတ်တို့က ကြေညာသည်။ ဇူလိုင်လ ၃ ရက်နေ့တွင် ပါးရှင်းပင်လယ် ကွေ့၌ အမေရိကန်စစ်သင်္ဘော ယူအက်စ်အက်စ်ဗင်းဆင့်က အီရန်လေကြောင်းပိုင် အဲယားဘတ်စ် အေ ၃၀၀ အမျိုး အစား ခရီးသည်တင် ဂျက်လေယာဉ်ကြီးကို အထင်အမြင် လွဲမှား၍ပစ်ချခဲ့ရာ ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၂၉၀ လုံးသေဆုံးခဲ့ရသည်။ ဗင်းဆင့် စစ်သင်္ဘောသည် ရန်ပြုရန် လာသည့် အီရန် အက်ဖ် ၁၄ တိုက်လေယာဉ် ဖြစ်သည်ဟု ယူဆ၍ပစ်ချမိသည်ဟု ဆိုသည်။

၁၉၈၈ ခုနှစ် နှစ်ဦးပိုင်းတွင် မြို့ကြီးများ စစ်ပွဲသည် လည်း ဆက်လက်ဖြစ်ပွားသည်။ ဖေဖော်ဝါရီလ ၂၉ ရက်

နေ့မှ မတ်လ ဂ ရက်နေ့ထိကာလအတွင်းတွင်ပင် အီရတ်ကအီရန် နိုင် ငံ တွင်း သို့ ဒုံးကျည် ၄၃ စင်း ပစ်သွင်းခဲ့ပြီး အီရန်ကလည်း ဘဂ္ဂဒက်မြို့တော်ဆီသို့ ဒုံးကျည် ၂၃ စင်း ပစ်လွှတ်တိုက်ခိုက်ခဲ့သည်။

အီရတ်နိုင်ငံ မြောက်ပိုင်း၌ အီရန်တို့၏ထိုးစစ်ကိုဟန့်တားနိုင်ရန် အီရတ်တို့ကဓာတုလက်နက်မျှားသုံးစွဲနေသည်ဟု မတ်လ ၁ဂ ရက်နေ့တွင် အီရန်ကစွပ်စွဲသည်။ ၁၉၈၈ ခုနှစ် မတ်လတစ်လတည်းတွင်ပင် အီရတ်တို့၏ ဓာတုလက်နက်ကြောင့် လူ ၇၅ ဦး သေဆုံး၍ ၁၀၀ ကျော်ဒဏ်ရာရသည်ဟုဆိုသည်။ အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဆင်နွှဲသောထိုးစစ်အသစ်တွင် အီရန်တပ်မျှားသည် အီရတ်တပ်ဖွဲ့ဝင် ၂,၇၀၀ ကိုသုတ်သင်ခဲ့သည်ဟု ဧပြီလ ၁၂ ရက်နေ့တွင် အီရန်ကကြေညာသည်။ တစ်ဖန် အီရတ်နိုင်ငံမြောက်ပိုင်းစစ်မြေပြင်တွင် အီရတ်တပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ကို သတ်ဖြတ်ခဲ့သည်ဟု မေလ ၁၅ ရက်နေ့တွင် ကြေညာ ပြန် သည်။ မည်သို့ပင်ဖြစ်စေ အီရတ်ဆိပ်ကမ်းမြို့ဖြစ်သော ဘာဆရာမြို့၏တောင်ဘက်၌ အီရန်တို့သိမ်းထားသော နယ်မြေမျှားကိုပြန်လည်ရရှိပြီဟူ၍ မေလ ၂၅ ရက်နေ့တွင် အီရတ်နိုင်ငံဘက်ကကြေညာသည်။ ထို့ပြင် ၁၉၈၅ ခုနှစ်ကတည်းက အီရန်တို့ သိမ်းပိုက်ထားသော မာ့ဂျန္ဒန်း ရေနံမြေကို ပြန်လည်ရရှိပြီဟူ၍ ဇွန်လ ၂၅ ရက်နေ့တွင် အီရတ်နိုင်ငံဘက်ကကြေညာသည်။ ထိုသို့ အီရတ်တို့မာ့ဂျန္ဒန်းကျန်းကို ရှစ်နာရီအတွင်း ပြန်လည် တိုက်ခိုက် သိမ်းပိုက်နိုင်အောင် အီရတ်နိုင်ငံအား အမေရိကန် ပြည်ထောင်စုက ထောက်လှမ်းရေးသတင်းမျှား ပေးသည့်နည်းတူ အီရန်တို့ မာ့ဂျန္ဒန်းကျန်းကို သိမ်းပိုက်စဉ်ကလည်းအမေရိကန်ပြည်ထောင်စုသည် အီရန်အား ထောက်လှမ်းရေးသတင်းမျှား ပေးပို့ခဲ့သည်ဟု ဇွန်လ ၃၀ ရက်နေ့တွင် အီရတ်နိုင်ငံက စွပ်စွဲသည်။ အမေရိကန် ပြည်ထောင်စုက ယင်း စွပ်စွဲချက်ကို ငြင်းဆိုသည်။ မည်သို့ပင်ဖြစ်စေ အီရန်နိုင်ငံ၏ထိုးစစ်သည် မအောင်မြင်ကြောင်း ထင်ရှားလာပြီ ဖြစ်သည်။ သို့ဖြင့် အယာတိုလာရှူဟိုလာခိုမေနီသည် အပစ်အခတ် ရပ်စဲမှုကို အတည်ပြုကြောင်းဖြင့် ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ကြေညာခဲ့သည်။ စစ်ရပ်စဲရေးကိုလက်ခံကြောင်း ကြေညာရသည်မှာ အဆိပ်သောက်ရသည့်ပမာ ခံစားရသည်ဟုပြောကြားခဲ့သည်။


အပစ်အခတ် ရပ်စဲပြီးနောက်ပိုင်း အခြေအနေ

အီရန်–အီရတ် အပစ်အခတ်ရပ်စဲမှုဆိုင်ရာ ကုလသမဂ္ဂစစ် ဘက် အ ကဲ ခတ် အဖွဲ့ (ယူနီမော့) တွင် ၂၄ နိုင်ငံမှ ကိုယ်စားလှယ် ၅၅၀ ပါဝင်သည်။ အင်အားကြီးနိုင်ငံတို့၏ ကိုယ် စား လှယ် များ မ ပါ ချေ။ ယင်းအဖွဲ့ကို ကူညီရန် စစ်သား၊နှင့် အရပ်သား၀န်ထမ်း ၁,၁၀၀ လည်း လိုက်ပါသည်။ လူအင်အား ၄၀၅ ဦးရှိသည့် ကနေဒါ အချက်ပြဆက် သွယ် ရေး တပ် လည်း ပါ၀င်သည်။ ယူနီမော့သည် မိုင် ၇၄၀ ရှည်သော ရှေ့တန်းစစ်ကြောင်းကို ကွပ်ကဲ၍ လေ့လာစောင့်ကြည့်နေကြသည်။ ယင်းအဖွဲ့၏ ခြောက်လ အတွက်ကုန်ကျစရိတ်မှာ ခန့်မှန်းခြေအား ဖြင့် ဒေါ်လာ ၇၄ သန်းဖြစ်သည်။


ပင်လယ်ကွေ့စပ်ပဲ့ အပစ်အခတ် ရပ်စဲမှု စတင်ပြီး ငါးရက်အကြာ ဩဂုတ်လ ၂၅ ရက်နေ့တွင် ဂျီနီဗာမြို့၌ အီရန်–အီရတ် ငြိမ်းချမ်းရေး ဆွေးနွေးပဲ့မျှားကို စတင်ပြုလုပ်ခဲ့သည်။ယင်းဆွေးနွေးပဲ့ကို စက်တင်ဘာလ ၁၃ ရက်နေ့တွင် ရပ်နားခဲ့ပြီးနောက် အီရန်နှင့်အီရတ် နိုင်ငံခြားရေးဝန်ကြီးတို့သည် ' ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ၎င်း၏ အထူး ကိုယ်စားလှယ်တို့ ကြီးမှူး ပြုလုပ်ပေးသော နယူးယောက်ဆွေးနွေးပဲ့သို့ ဆက် လက် တက် ရောက် ခဲ့ သည်။ အီရန်နှင့်အီရတ်တပ်ဖွဲ့မျှားကို စစ်ပဲ့မတိုင်မီကရှိသောနယ်နိမိတ်သို့ ၁၅ ရက်အတွင်း ပြန်လည်ဆုတ်ခွာရေးနှင့် စစ်သုံ့ပန်းမျှားဖလှယ်ရေးကိစ္စတို့ကို သဘောတူညီခဲ့ပြီးဖြစ်သည်။ နိုင်ငံတကာကြက်ခြေနီကော်မတီ (အိုင်စီအာစီ) ၏ မှတ်ပုံတင်စာရင်းအရ ၁၉၈၇ ခုနှစ် ကုန်ဆုံးချိန်တွင် အီရန်နိုင်ငံရှိစခန်း ၁၅ ခု၌ အီရတ်စစ်သုံ့ပန်း ၄၉,၂၀၅ ဦးရှိပြီး အီရတ်နိုင်ငံရှိစခန်း ၁၀ ခုတွင် အီရန်စစ်သုံ့ပန်း ၁,၇၄၇ ဦးရှိသည်ဟုသိရသည်။ အီရန်–အီရတ် တောင်ပိုင်းနယ်နိမိတ်ဖြစ်သော ရှက်တယ်အာရပ်ရေကြောင်းလမ်းတွင် သောင်ထွန်းနေခြင်း၊ သဘော်ပျက်မှုား ပိတ်ဆို့နေခြင်းတို့ကိုရှင်းလင်းပေးရန် အီရတ်နိုင်ငံ၏ဘောင်းဆိုမှုကို သဘောတူကြောင်းဖြင့် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် အီရန်နိုင်ငံကကြေညာသည်။ ယင်းရေကြောင်းလမ်းသည် အီရတ်နိုင်ငံ၏ အဓိက ဆိပ် ကမ်း မြို့ ဘာဆရာသို့ ဝင်ပေါက်ထွက်ပေါက်ဖြစ်သည်။ ယင်းသို့ သဘောတူခြင်းသည် အီရန်–အီရတ် နယ်ခြားသဘောတူစာချုပ် (၁၉၇၅ ခုနှစ်) ကို အကောင်အထည် ဖော်ရေးအတွက် ရည်ရွယ်သည်ဟုဆိုသည်။ အီရန်တို့က အာဗန်မြစ်ဟု ခေါ် သော ယင်းရေကြောင်းလမ်းကို ရှင်းလင်းရန် နှစ်နှစ်ခန့်ကြာမည်ဖြစ်သည်။


အီရန်စစ်သည် ၃,၅၀,၀၀၀ နှင့် အီရတ် စစ်သည် ၁,၅၀,၀၀၀ ထက်မနည်း သေဆုံးကာ ပစ္စည်းဥစ္စာ ကုဋေပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသော အီရန်–အီရတ်စစ်ပဲ့ကို အဆုံးသတ်၍ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဂျီနီဗာမြို့၌ နှစ်နိုင်ငံ ဆွေးနွေးပဲ့များ ဆက်လက်ပြုလုပ်သည်။

ဦးဘသောင်း










© 1983 SLOOC All rights reserved
TM


ဆိုးလ်အိုလင်းပစ် အားကစားပွဲများ

အားကစားပြင့် ကမ္ဘာ့နိုင်ငံများစည်းလုံးညီညွတ်ရေး၊ အချင်းချင်းသင့်မြတ်နားလည်ရေးနှင့် ကမ္ဘာငြိမ်းချမ်းရေး တို့ကိုဦးတည်လျက် ၁၉ ရာစုနှစ်ကတည်းက အိုလင်းပစ် အားကစားပြိုင်ပွဲများကို ကျင်းပလာခဲ့ရာ ၁၉၀၀ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှ အောက်တိုဘာလ ၂ ရက်နေ့ အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တော်တွင် ကျင်းပပြီးစီးခဲ့သည့် အကြိမ်နှင့်ပါဆိုလျှင် ၂၄ ကြိမ်ရှိသွားပြီ ဖြစ်ပေသည်။

အတိတ်သမိုင်းအကျဉ်း

သမိုင်း မှတ်တမ်း အထောက်အထား များအရ ရှေးဟောင်း အိုလင်းပစ်အားကစားပြိုင်ပွဲများကို လွန်ခဲ့သောနှစ်ပေါင်း သုံးထောင်ကျော်ကတည်းက ကျင်းပကြခဲ့ကြောင်း သိရှိရသော်လည်း တိကျသောမှတ်တမ်းမှတ်ရာ မျှားကမူ အဆိုပါအားကစားပြိုင်ပွဲများကို ၇၇၆ ဘီစီတွင် ဂရိနိုင်ငံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း အဆိုရှိခဲ့သည်။ ထိုစဉ်က ဂရိနိုင်ငံဝန်းကျင်၌ ဖြစ်ပေါ်နေသော စစ်ပွဲများကို ယာယီ အတိုက်အခိုက် ရပ်စဲသည့် အနေဖြင့် အိုလင်းပစ်ငြိမ်းချမ်းရေးဟု ခေါ်ဆိုနိုင်သော အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ အဆိုပါအားကစားပြိုင်ပွဲများကို ငါးရက်ကျင်းပခဲ့ပြီး ပြိုင်ပွဲမစတင်မီ သုံးလခန့်မှ ပြိုင်ပွဲပြီးဆုံးပြီးနောက် ပြိုင်ပွဲဝင် အားကစားသမားများ မိမိတို့ နေရပ်ဒေသသို့ အေးချမ်းစွာ ပြန်လည်ရောက်ရှိသည်အထိ ယာယီအတိုက် အခိုက်ရပ်စဲခဲ့ကြောင်းဖြင့်လည်း သိရှိရသည်။ ပြိုင်ပွဲတွင် ပြေးခုန်ပစ်ပြိုင်ပွဲများ၊ လက်ဝှေ့ပြိုင်ပွဲများ၊ နပမ်းပြိုင်ပွဲများ ပါဝင်ခဲ့သည်။ ပြိုင်ပွဲတွင် အနိုင်ရရှိသူများကို လူစွမ်းကောင်းများအဖြစ် သတ်မှတ်ခဲ့ပြီး မူလက ဆုများအဖြစ်

ငြိမ်းချမ်းရေး၊ တိုးတက်ရေးနှင့် ကမ္ဘာ့နိုင်ငံအချင်းချင်း သင့်မြတ်ရေးသည် ဆိုးလ်အိုလင်းပစ် အားကစားပြိုင်ပွဲ၏ဦးတည်ချက် ဖြစ်သည်။



သံလွင်ခက်ကိုသာ ဦးခေါင်းတွင် တပ်ဆင်ပေးခဲ့သော်လည်း နောက်ပိုင်းတွင် တန်ဖိုးကြီးသောဆုများ ချီးမြှင့်ခြင်း ကြောင့် ပြိုင်ပွဲမှာတစ်စတစ်စ ယိုယွင်းပျက်စီးခဲ့ရသည်။ ထို့ပြင် ခရစ်ယာန်အယူဝါဒသည်လည်း တဖြည်းဖြည်း ထွန်းကားလာခဲ့ရာ ရှေးနတ်ဘုရားများကို ပူဇော်သည့်ပွဲ အသွင်ဖြစ်နေသော အိုလင်းပစ်အားကစားပြိုင်ပွဲ၏ အရှိန် အဝါမှာ မှေးမှိန်ခဲ့ရသည်။ အေဒီ ၃၉၃ ခုနှစ်တွင် ပထမ ကေရာ်ဇ် သီယိုဒိုဆီးယတ်စ်က အိုလင်းပစ် အားကစား ပြိုင်ပွဲများကို အမိန့်အာဏာဖြင့် ဖျက်သိမ်းခဲ့သည်။


တိမ်မြုပ်ကွယ်ပျောက်ခဲ့ရသော အိုလင်းပစ်အားကစား ပြိုင်ပွဲကြီး ပြန်လည်ရှင်သန် ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းခဲ့သူမှာ ဂျာမန် အားကစားဖခင်ကြီး ဂျာမနီနိုင်ငံ သား ဂျေစီအက်ဖ် ဂုတ်စ်မတ်စ် (၁၇၅၉–၁၈၃၉) ဖြစ်ပြီး ဂျာမန်လူမျိုး အန်စ်ကွတ်တီးယားစ် (၁၈၁၄–၁၈၉၆) ဆိုသူကလည်း ၁၈၅၂ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဘာလင်မြို့၌ အိုလင်းပစ် ရှေးဟောင်းအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။ ၎င်းတို့၏ကြိုးပမ်းမှုများအရ ဂရိနိုင်ငံမှ ချမ်းသာကြွယ်ဝသူဗိုလ်မှူး အီဗန်ဂျလစ်စ် ဇက်ပါးစ် ဆိုသူ၏ ဦးဆောင်စည်းရုံးမှုဖြင့် ၁၈၅၉ ခုနှစ်တွင် အားကစားပြိုင်ပွဲများကို ပြန်လည်ကျင်းပ ခဲ့ရာ အားပေးသူ ပွဲကြည့်ပရိသတ်ပေါင်း နှစ်သောင်းကျော် အထိရှိခဲ့ကြောင်း သိရှိရသည်။ စစ်မှန်သော အားကစား သက်သက် ပြိုင်ပွဲများကို ၁၈၇၀ ပြည့်နှစ်မှ ၁၈၇၅ ခုနှစ် အထိ လည်းကောင်း၊ ၁၈၈၈၊ ၁၈၈၉ ခုနှစ် တို့ တွင် လည်းကောင်း ဆက်လက်ကျင်းပလာခဲ့ရာ အခြားနိုင်ငံ များ၏ စိတ်ဝင်စားမှုကို အပြည့်အဝရရှိခဲ့သည်။

ယနေ့ကျင်းပဆဲဖြစ်သော အိုလင်းပစ်အားကစားပြိုင်ပွဲ များ၏ ဖခင်ဟု ခေါ်ဝေါ်သမုတ်အပ်သော ခေတ်သစ် အိုလင်းပစ်အားကစားပြိုင်ပွဲများကို စနစ်တကျ ပြန်လည် ဖော်ထုတ်ပေးခဲ့သူမှာ ပြင်သစ်နိုင်ငံသား သေရွန် ပီးရဲ ဒီ ကူဘာတင် (၁၈၆၃–၁၉၃၇) ပင်ဖြစ်သည်။ ပြင်သစ်အစိုး ရ၏ တာဝန်ပေးချက်အရ ကူဘာတင်သည် ၁၈၈၉ ခုနှစ် တွင် တိုးတက်ထွန်းကားနေသော ကမ္ဘာ့ နိုင်ငံအသီးသီး၏ ကာယပညာ ဖွံ့ဖြိုးမှုများကို လေ့လာခဲ့ရာ တစ်နိုင်ငံ နှင့်တစ်နိုင်ငံ အသင်မတူပုံ၊ အားသာမှု အားနည်းမှုများ ရှိပုံကိုတွေ့ခဲ့ရပြီး ၁၈၉၂ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပဲရစ်မြို့ရှိ ဆော်ဘွန်း တက္ကသိုလ်၌ လူငယ်များ ကာယ ကြံ့ခိုင်မှု ပြန်လည် ဖွံ့ဖြိုး တိုး တက် လာ စေ ရေး အတွက်

ဘားကျမ်း အလှပြိုင်ပွဲတွင် ပထမရွေးတံဆိပ် ရရှိခဲ့သော ဆိုဗီယက်ပြည်ထောင်စုမှ မာရိန်နာလိုဘတ်ချ်



ဆိုးလ် အိုလင်းပစ် အားကစားပြိုင်ပွဲ




တစ်နေ့တည်းတွင် ကမ္ဘာ့စံချိန်သစ်ခြောက်ခု တင်နိုင်ခဲ့သော တူရကီနိုင်ငံမှ အလေးမသမား နာအင်းမ် ဆူလေမန်နှုိ ဂလူ နှစ်ဆင့်မပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သစ် ကိုလိုဂရမ် ၁၉၀ ကို မ နေစဉ်

ခေတ်သစ် အိုလင်းပစ်အားကစားပြိုင်ပွဲများကို ပြန်လည်ဆန်းသစ် ကျင်းပသင့်ကြောင်း ဟောပြောပို့ချ၍ မျိုးစေ့ချပေးခဲ့သည်။ တစ်ဖန် ၁၀၉၄ ခုနှစ် ဇွန်လ ၁၆ ရက်မှ ၂၃ ရက်နေ့အထိ ဆော်ဘွန်းတက္ကသိုလ် သိပ္ပံခန်းမကြီးတွင် အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ရပ် ခေါ်ယူကျင်းပခဲ့ပြီး အိုလင်းပစ်အားကစားပြိုင်ပွဲ အသက်သွင်းရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြရာ ၁၃ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြလျက် ၂၁ နိုင်ငံမှထောက်ခံအားပေးသည့် သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။ အဆိုပါ ညီလာခံနောက်ဆုံးနေ့တွင် ဂရိ အိုလင်းပစ် အားကစားပြိုင်ပွဲကဲ့သို့သော အိုလင်းပစ် အားကစားပြိုင်ပွဲကြီးကို လေးနှစ်လျှင် တစ်ကြိမ်ကျ ကျင်းပသွားရန် နှင့် နိုင်ငံတိုင်းမှ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ကြားသင့်ကြောင်း အဆိုပြုချက်တစ်ရပ်ကို ချမှတ်ခဲ့သည်။

ထိုကဲ့သို့ ပြင်သစ်နိုင်ငံ သား ပီးရဲဒီ ကူဘာတင်၏ ပြန်လည် အသက်သွင်းပေးမှုကြောင့် ခေတ်သစ်အိုလင်းပစ် အားကစားပြိုင်ပွဲကြီးကို ၁၀၉၆ ခုနှစ် ဂရိနိုင်ငံ အောင်မြို့၌ စတင်ကျင်းပပေးနိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အိုလင်းပစ် ကော်မတီကိုလည်း အဆိုပါနှစ်တွင်ပင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ကြသည်။ အဆိုပါ ကော်မတီတွင် ကူဘာတင်သည် ၁၉၂၅ ခုနှစ်အထိ ပထမဦးဆုံးဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

ကူဘာတင်သည် အိုလင်းပစ် ရည်မှန်းချက် နှင့် စည်းမျဉ်းများကို ဦးဆောင် ရေးဆွဲ သတ်မှတ်ပေးခဲ့ပြီး ပြိုင်ပွဲများကို ကမ္ဘာ့မြို့ကြီး အသီးသီးတွင် အလှည့်ကျ ကျင်းပရန်ကိုလည်း အဆိုပြုခဲ့သူဖြစ်သည်။



ထားမြစ် ဝဆေးဝါး သုံးစွဲမှိရှိ ရွှေတံဆိပ်နှင့် ကမ္ဘာ့စံချိန်ကို ရွန့်လွှတ်လိုက်ရသော ကနေဒါနိုင်ငံမှ ဘင်ဂျန်ဆင် (လက်တစ်ဘက်မြောက်ထားသူ) မီတာ ၁၀၀ အပြေးပြိုင်ပွဲ၌ ပန်းဝင်လာပုံ။ ရွှေတံဆိပ်ကို အမေရိကန်နိုင်ငံမှ ကားလူဝစ် (ယာစွန်)က ရရှိသွားသည်။

ဆိုးလ် အိုလင်းပစ်အားကစားပွဲတော်

၂၄ ကြိမ်မြောက် အိုလင်းပစ် အားကစားပြိုင်ပွဲကို ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တော်၌ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပရေးကိစ္စကို ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင်ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၊ ဘာဒင် ဘာဒင်မြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ အိုလင်းပစ် ကော်မတီ၏ ၈၄ ကြိမ်မြောက် အစည်းအဝေးက ဆုံးဖြတ် ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်အရ အိုလင်းပစ်အားကစား ပြိုင်ပွဲကြီးကို စနစ်တကျ အောင်မြင်ကြီးကျယ် ခမ်းနားစွာ ကျင်းပသွားနိုင်ရေးအတွက် ဆိုးလ် အိုလင်းပစ်အားကစား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီကို ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မတီတွင် အားကစား၊ သတင်းစာ၊ ယဉ်ကျေးမှု အနုပညာ၊ နိုင်ငံရေး၊ ပညာရေးနှင့် စီမံအုပ်ချုပ်ရေး အဖွဲ့အစည်း များမှ ကိုယ်စားလှယ်အဖွဲဝင်ပေါင်း ၅၄ ဦးဖြင့် ဖွဲ့စည်း ခဲ့ပြီး အားကစားဝန်ကြီးဖြစ်သူ မစ္စတာ ပတ်ဆေဂျစ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ကော်မတီ၏ ဦးတည်ချက်များအဖြစ် –

(၁) အဖွဲဝင်နိုင်ငံ အားလုံး ပါဝင် ယှဉ်ပြိုင် ရေးကို အစွမ်းကုန် အားပေးတိုက်တွန်းရန်၊

(၂) ၂၄ ကြိမ်မြောက်အိုလင်းပစ် အားကစားပြိုင် ပွဲအနေဖြင့် အညီအညွတ်ဆုံး၊ စည်းလုံးမှုအရှိဆုံး ပြိုင်ပွဲအဖြစ် သာဓကဖြစ်စေရန်၊

(၃) အားကစားစံချိန် အမြင့်ဆုံး ရရှိစေရေးအတွက် လိုအပ်သမျှကို ကူညီ ဆောင်ရွက် ပေးရန်၊

(၄) လုံခြုံရေးနှင့် တာဝန် ထမ်းဆောင်မှုအားဖြင့် အားကစား သမား များ နှင့် ပရိသတ်များကို အပြည်အဝ အကျိုးပြုရန်၊

(၅) အများဆုံးအကျိုးရှိမှုနှင့် ချေတာမှုကို လက်စဲ့ ပြုရန်တို့ကို သတ်မှတ်ခဲ့သည်။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ အထက်ပါ ဦးတည် ချက်များ အပြည့်အဝ အကောင်အထည် ဖော်နိုင်ရန် အချိန်ပြည့်ဝန်ထမ်းပေါင်း ၁၀၀၀ ကျော်နှင့် စေတနာ့ ဝန်ထမ်း လုပ်အားပေးသူပေါင်း ၃၀,၀၀၀ ခန့်တို့က ပါဝင် လုပ်အားပေးခဲ့ကြသည်။

ထို့အပြင် ဆိုးလ် အိုလင်းပစ် အားကစား ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းများကို တိုက်ရိုက် ဆောင်ရွက်အကောင်အထည်ဖော်နိုင်ရန် ပြိုင်ပွဲကျင်းပမှုး ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့ရာ အဆိုပါကော်မတီ၏ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်စေရေးအတွက် အားကစားအဖွဲ့ချုပ် ၃၁ ခု၊ အားကစားကွင်းပြင် ၁၃ ခုနှင့် စာရင်းအင်းအထောက်အကူပြုဌာန ၁၅ ခုတို့ကို ထပ်မံ ဖွဲ့စည်းထားရှိပြီး အချိန်ပြည့် ဝန်ထမ်းများ၊ လုပ်အား ပေးများ၊ ယာယီဝန်ထမ်းများ စသည်ဖြင့် ဝန်ထမ်းပေါင်း ၇၁,၇၀၉ ဦးတို့က မိမိတို့၏ ကျရာတာဝန်များကို လုပ်ငန်း ကျွမ်းကျင်စွာ ထမ်းဆောင်ခဲ့ကြသည်။

ဆိုးလ် အိုလင်းပစ် အားကစားပြိုင်ပွဲ

အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများ ကျင်းပတိုင်း သတ်မှတ်ပြုလုပ်လေ့ရှိသည့် အားကစားပြိုင်ပွဲနှင့် ပတ်သက်သော အမှတ်အသား၊ အထိမ်းအမှတ် တံဆိပ်များကဲ့သို့ပင် ယခုကျင်းပပြီးစီးခဲ့သည့် ၂၄ ကြိမ်မြောက် ဆိုးလ် အိုလင်းပစ်အားကစားပြိုင်ပွဲအတွက်လည်းသတ်မှတ်ခဲ့သည်။ ဆိုးလ် အိုလင်းပစ် အားကစားပြိုင်ပွဲ အမှတ်အသားအဖြစ် ကိုရီးယားဘာသာစကားဖြင့် ဆန်တေဂွတ် ဟု ခေါ်ဆိုသော ရှေးရိုးရာဗီသုကာနှင့် လက်မှုအနုပညာများတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့သည့် ရိုးရာပုံစံကို သတ်မှတ်ခဲ့သည်။ အဆိုပါအမှတ်အသားမှာ တစ်ကြိမ်တည်းတွင် အတွင်းဘက်နှင့် အပြင်ဘက်သို့ ကွေးဆန့်ထွက်နေသော အခွေသုံးခွေပါဝင်ပြီး အတွင်းသို့ကွေးဝင်နေသော အခွေများ၏ အဓိပ္ပာယ် ဖော်ဆောင်ချက်မှာ ဆိုးလ်မြို့တော်တွင် ကျင်းပပြုလုပ်မည့် အိုလင်းပစ် အားကစားပြိုင်ပွဲကြီးကို ငြိမ်းချမ်း သာယာစွာနှင့် စည်းလုံးညီညွတ်စွာ ကျင်းပသွားနိုင်ရေးအတွက် ကမ္ဘာအရပ်ရပ်မှ လူသားများ စုရုံးရောက်ရှိလာမှုအဓိပ္ပာယ်ဖြစ်ပြီး အပြင်ဘက်သို့ ဆန့်ထွက်နေသော အခွေများမှာ လူသားများအားလုံး၏ပျော်ရွှင်မှုနှင့် ချမ်းသာကြွယ်ဝမှုတို့ကို ရှေးရှုနေသော အဓိပ္ပာယ်ဖော်ဆောင်ချက်ပင် ဖြစ်သည်။ ဆိုးလ် အိုလင်းပစ် အထိမ်းအမှတ်တံဆိပ်အဖြစ်မူ ကိုရီးယားရိုးရာ ရှေးဟောင်းပုံပြင်များထဲတွင် မပါမဖြစ်သည့် ဟန်ပန်ပြည့်ဝလျက် ရဲစွမ်းသတ္တိ အပြည့်ရှိသော ကျားငယ်ကလေးကို သတ်မှတ်ခဲ့သည်။ အဆိုပါ ကျားငယ်ကလေးကို ကိုရီးယားဘာသာစကားဖြင့် ဟိုဒိုရီ (ကျားထီးကလေး) ဟု ခေါ်ဆိုခဲ့ပြီး ဟိုဒိုရီ၏ လည်ပင်းတွင် အိုလင်းပစ် အမှတ်အသား ကွင်းငါးကွင်းကို ဆွဲချိတ်ပေးထားလျက် ဦးခေါင်းပေါ်တွင် ကိုရီးယား ရိုးရာ လယ်သမားများ ကပ္ပတွင် ဆောင်းလေ့ရှိသည့် ဆန်မိုးခေါ် ဦးထုပ်ကို ဆောင်းပေးထားသည်။ ဦးထုပ်ပေါ်မှ ဖြာဆင်းလာသော အင်္ဂလိပ်စာလုံးအက်စ်ပုံစံမှာ အိုလင်းပစ်ပြိုင်ပွဲကျင်းပရာ ဆိုးလ်မြို့တော်ကို ဖော်ညွှန်းထားသည့်ပုံဖြစ်သည်။ အဆိုပါ အမှတ်အသား အထိမ်းအမှတ် ရုပ်ပုံများအပြင် အိုလင်းပစ်ပိုစတာများ၊ အားကစားရုပ်ပုံ သင်္ကေတများ၊ အမှတ်တရတံဆိပ်ခေါင်းများ၊ အမှတ်တရ ငွေအကြေများ၊ ပို့စကတ်များ စသည်တို့ကိုလည်း ပြည်တွင်းပြည်ပသို့ ထုတ်ဝေဖြန့်ချိခဲ့သည်။

စည်းလုံးညီညွတ်မှုနှင့် တိုးတက်မှုတို့ကို ကိုယ်စားပြုသော အိုလင်းပစ် မီးရှူးတိုင်အတွက်မီးကို ဂရိနိုင်ငံ၊ အိုလံပီယာတောင်ခြေရှိ အီရာဝတ်ကျောင်းတွင် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ နံနက် ၁၁ နာရီအချိန်၌ နေရောင်ခြည် စွမ်းအင်မှတစ်ဆင့် ကူးယူခဲ့ကြပြီး ကိလိုမီတာ ၃၀၀ ကွာဝေးသော အေသင်မြို့ရှိ ပါနာသေနီးယားအားကစား ကွင်းကြီးအရောက် လက် ဆင့် ကမ်း သယ်ဆောင် ခဲ့ကြသည်။ ထိုမှတစ်ဆင့် ဘာရိန်းနှင့် ဗန်ကောက်မြို့များသို့ အထူးလေယာဉ်ဖြင့် သယ်ဆောင် ဖြတ်ကျော်ကာ ကိုရီးယားသမ္မတနိုင်ငံတောင်ဘက်ရှိ ချောကျူးကျွန်းသို့ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ဆက်လက်သယ်ဆောင်ခဲ့ကြသည်။ တစ်ဖန် ၄,၁၆၃ ကီလိုမီတာ ကွာ ဝေး သော ဆိုးလ်မြို့တော် အိုလင်းပစ် အားကစားကွင်းကြီးသို့ အားကစားပြိုင်ပွဲကြီး ဖွင့်လှစ်မည့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ရောက်ရှိစေရာ ရက်ပေါင်း ၂၂ ရက် ညပေါင်း ၂၁ ညတိတိ လက်ဆင့်ကမ်း သယ်ဆောင် ခဲ့ကြသည်။ လမ်းတွင် မြို့ကြီး ၂၁ မြို့တို့၌ ညအိပ်ရပ်နားသည်။ ကိုရီးယားသမ္မတနိုင်ငံတွင်းရှိ မြို့ပေါင်း ၆၂ မြို့တို့ကို ဖြတ်

ရွေတံဆိပ်သုံးခုဆွတ်ခူးခဲ့သော အမေရိကန်တာတိုဘုရင်မ ဖလောရင့်စ် ဂရစ်ဖစ် ဂျွိုင်းနားသည် မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်သစ် ၂၁ ဒသမ ၃၄ စက္ကန့်ကို တင်နိုင်ခဲ့သည်။



ကျော်ခဲ့ရပြီး ဖြတ်ကျော်ရာမြို့တိုင်းနှင့် ညအိပ်ရပ်နားရာ မြို့ကြီးတိုင်းတို့၌ ဒေသဆိုင်ရာရိုးရာယဉ်ကျေးမှု ကပွဲမျိုးစုံတို့ဖြင့် ခမ်းနားကြီးကျယ်စွာ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

၂၄ ကြိမ်မြောက် ဆိုးလ်အိုလင်းပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်မှ မွန်းလွဲ ၁ နာရီခွဲအချိန် အထိ သုံးနာရီကြာမျှ ကျင်းပ ပြုလုပ်ခဲ့ရာ ကိုရီးယား သမ္မတနိုင်ငံ သမ္မတ မစ္စတာ နိုတေဝူး ကိုယ်တိုင် တက်ရောက်ပြီး တရားဝင်ဖွင့်လှစ်ပေးခဲ့သည်။ ဖွင့်ပွဲအခမ်း အနားတွင် ကိုရီးယားရိုးရာ အကပဒေသာများဖြင့် ကပြ ဖျော်ဖြေခြင်း၊ နိုင်ငံအလိုက် အားကစားသမားများက မိမိတို့၏ နိုင်ငံတော်အလံများကိုင်ဆောင်၍ အားကစား ကွင်းအတွင်း ဝင်ရောက်နေရာယူခြင်း၊ ဆိုးလ် အိုလင်းပစ် အားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မစ္စတာ ပတ်ဆေကျစ်က နှုတ်ခွန်းဆက် စကား ပြော ကြား ခြင်း၊ အပြည်ပြည်ဆိုင်ရာ အိုလင်းပစ်ကော်မတီဥက္ကဋ္ဌ မစ္စတာ ဆာမာရန့်ချိကကြို ဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ အိုလင်းပစ်အလံလွှင့်ထူခြင်း၊ အိုလင်းပစ် မီးရှူးတိုင်တွင် မီးထွန်းညှိခြင်း၊ အိုလင်းပစ်အားကစားသစ္စာအဓိဋ္ဌာန်ရွတ် ဆိုခြင်း၊ ကိုယ်လက်လှုပ်ရှားမှု စုပေါင်း လေ့ကျင့်ခန်းများ ပြသခြင်းစသည်တို့ ပါဝင်ခဲ့ပြီး အရောင်အသွေး စုံလင်လှ စွာသော ယဉ်ကျေးမှုရေးရာ အဖြာဖြာတို့ကို ကြီးကျယ် ခမ်းနားစွာ ပြသသွားခဲ့ကြသည်။

ဖွဲ့စည်းထားရှိပြီးသော အမျိုးသား အိုလင်းပစ် ကော်မတီ ၁၆၇ ခု ရှိသည့်အနက်မှ အယ်ဘေးနီယား၊ ကျူးဗား၊ အီသီအိုးပီးယား၊ မဒက်ဂက်စကား၊ နီကရာ ဂွာ၊ မြောက်ကိုရီးယားနှင့် ဆေရှဲနိုင်ငံတို့မှအပ စုစုပေါင်း နိုင်ငံ ၁၆၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဟွင် တရားဝင် အားကစားနည်းများ အဖြစ် မြားပစ်၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ လက်ဝှေ့၊ ကန္နားလှေလှော်၊ စက်ဘီး၊ မြင်းစီး၊ ဓားခုတ်၊ ဘောလုံး၊ ကျွမ်းဘား၊ လက်ပစ်ဘော၊ ဟော်ကီ၊ ဂျူဒို၊ ခေတ်သစ် ငါးမျိုးစုံ၊ လှေလှော်၊ သေနတ်ပစ်၊ ရေကူး၊ စားပွဲတင် တင်းနစ်၊ တင်းနစ်၊ ဘော်လီဘော၊ အလေးမ၊ နပမ်းနှင့် ရှက်လှေ အားကစားနည်း ၂၃ မျိုး ပါဝင်ခဲ့ပြီး သရုပ်ပြ အားကစားနည်းများအဖြစ် ဘေ့စ်ဘော၊ တိုက်ကွမ်ဒိုနှင့် အမျိုးသမီး ဂျူဒိုအားကစားနည်းများကို ထည့်သွင်း ယှဉ်ပြိုင်စေခဲ့သည်။ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင် နိုင်ငံပေါင်း ၁၆၀ တို့မှ နိုင်ငံလက်ရွေးစင် ထိပ်တန်းအားကစားသမား စုစုပေါင်း ၉၀၀၀ ခန့်တို့သည် ဖော်ပြပါ တရားဝင် အားကစားနည်း ၂၃ မျိုးမှ ပြိုင်ပွဲ အမျိုးအစားပေါင်း ၂၃၇ ခုအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲမှအားကစားနည်း ၂၃ နည်း၊ ပြိုင်ပွဲ အမျိုးအစားပေါင်း ၂၃၇ ခုအတွက် ရွှေတံဆိပ် ၂၃၇ ငွေတံဆိပ် ၂၃၇ ခုနှင့် ကြေးတံဆိပ် ၂၆၀ ခုတို့ကို ချီးမြှင့် ခဲ့သည်။ ကြေးတံဆိပ်ဆုများ ချီးမြှင့် ရာတွင် လက်ဝှေ့၊ ဂျူဒိုနှင့် တင်းနစ်အားကစားပြိုင်ပွဲများအတွက် တတိယဆုများကို ပူးတွဲချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

အားကစား ပြိုင်ပွဲများကို အားကစားနည်းအလိုက် ကျင်းပသွားရာတွင် ပြိုင်ပွဲကျင်းပရာ နေရာပေါင်း ၃၄ နေရာ၊ လေ့ကျင့်ရာစခန်းပေါင်း ၇၂ နေရာတို့ကိုသတ်မှတ် ပေးခဲ့ပြီး ဆိုးလ်မြို့တော်တွင်သာမက ကျုံဂျီဒို၊ တေဂူ၊ တေဂူ၊ ကွမ်ကျူနှင့် ပူဆန်မြို့များတွင်ပါ ကျင်းပခဲ့ကြ သည်။

၁၉၇၆ ခုနှစ် ၂၁ ကြိမ်မြောက် မွန်ထရီယယ် အိုလင်းပစ်ပြိုင်ပွဲတွင် ကြုံတွေ့ခဲ့ရသော တောင်အာဖရိက နိုင်ငံနှင့် ဧပယ်လျဉ်းသည့် အာဖရိကနိုင်ငံများ၏ လူဖြူ လူမည်း အသားအရောင်ခွဲခြားမှုအပေါ် ဆန့်ကျင်သော သပိတ်မှောက်မှုမျိုးမှလည်းကောင်း (ထိုစဉ်က ပြိုင်ပွဲဝင် နိုင်ငံ ၉၃ နိုင်ငံသာရှိသည်။) ၁၉၆၀ ပြည့်နှစ် ၂၂ ကြိမ် မြောက် မော်စကိုအိုလင်းပစ်ပြိုင်ပွဲတွင် ကြုံတွေ့ခဲ့ရသော ဆိုဗီယက်တို့၏ အာဖဂန်စတန် နိုင်ငံအတွင်း ဝင်ရောက်

ကမ္ဘာ့တင်းနစ်လောကတွင် ၁၉၀၀ ခုနှစ်အတွင်း ဆုငွေ ဒေါ်လာ ၁ ဒသမ ၃ သန်းကျော်အထိ ရရှိထားပြီးသော အနောက်ဂျာမနီနိုင်ငံသူ စတက်ဖီဂရပ်သည် ဆိုးလ်အိုလင်း ပစ်ပြိုင်ပွဲတွင်လည်း အမျိုးသမီးတစ်ဦးချင်း ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့သည်။






တစ်စက္ကန့်၏ တစ်ရာပုံ တစ်ပုံခန့်သာ ကွာလျက် ပန်းဝင်လာသော ဆူရီနမ် ရေကူးသမား အန်ထော်နီ နက်စတီနှင့် အမေရိကန်ရေကူးသမား မက်ဘီယွန်ဒီ (ယာစွန်) တို့ကို အိုင်ဘီအမ်စနစ် မီနီကွန်ပျူတာများ၏ အကူအညီဖြင့် မှန်ကန်စွာ ဆုံးဖြတ်၍ ဆုချီးမြှင့်ခဲ့ရသည်။ ရွှေတံဆိပ်ငါးခုရရှိခဲ့သော ဘီယွန်ဒီသည် ထိပ္ပဲတွင် ငွေတံဆိပ်နှင့် တင်းတိမ်ခဲ့ရသည်။

စွက်ဖက်မှုအပေါ် အမေရိကန်ပြည်ထောင်စု ဦးဆောင်သည့် နိုင်ငံများ၏ သပိတ်မှောက်မှုမျိုးမှ လည်းကောင်း၊ (ထိုစဉ်က ပြိုင်ပွဲဝင်နိုင်ငံ ၈၀ သာရှိသည်။) ၁၉၈၄ ခုနှစ် ၂၃ ကြိမ်မြောက် လော့စ်အိန်းဂျလိစ် အိုလင်းပစ် ပြိုင်ပွဲတွင် ကြုံတွေ့ခဲ့ရသော ဆိုဗီယက်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများ၏ ပြိုင်ပွဲအပေါ် သပိတ် မှောက်မှုမျိုးမှ လည်းကောင်း၊ (ထိုစဉ်က ပြိုင်ပွဲဝင်နိုင်ငံ ၁၄၀ သာရှိသည်။) ကင်းလွတ်ခဲ့ပြီး အိမ်နီးချင်း မြောက်ကိုရီးယား နိုင်ငံ၏ နိုင်ငံရေးဆန္ဒပြမှုအချို့မှလွဲ၍ အနှောင့်ပယှက်ကင်းရှင်းစွာ ကျင်းပနိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီး၌ ဆိုဗီယက်နိုင်ငံက ရွှေတံဆိပ် ၅၅ ခု၊ ငွေတံဆိပ် ၃၁ ခု၊ ကြေးတံဆိပ် ၄၆ ခု စုစုပေါင်းဆုတံဆိပ် ၁၃၂ ခု ရရှိခဲ့ပြီး ၎င်းတို့၏ အားကစားလောကတွင် အင်အားကြီးမှုကို ပြသသွားခဲ့ကြသည်။ ယခုအကြိမ် ပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိခဲ့သောနိုင်ငံပေါင်း ၃၁ နိုင်ငံ၊ ငွေတံဆိပ်သာ ရရှိသောနိုင်ငံပေါင်း ၁၂ နိုင်ငံ၊ ကြေးတံဆိပ်သာရရှိသောနိုင်ငံပေါင်း ကိုးနိုင်ငံရှိခဲ့ရာ ဆုတံဆိပ်ရရှိသောနိုင်ငံပေါင်းမှာ ပြိုင်ပွဲဝင်နိုင်ငံ ၁၆၀ နိုင်ငံအနက် ၅၂ နိုင်ငံအထိ ရှိခဲ့သည်။ ဆုတံဆိပ်များ ရရှိမှုအခြေအနေကို လေ့လာသုံးသပ် ကြည့်ခြင်းအားဖြင့် အောင်မြင်မှုအများဆုံး ရရှိသောနိုင်ငံများမှာ အရှေ့ဥရောပနိုင်ငံ အများစုပင်ဖြစ်ကြောင်း တွေ့ရှိရသည်။ ပြိုင်ပွဲဝင်အာရှနိုင်ငံများအနက် အိမ်ရှင်ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သာ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြပြီး အင်ဒိုနီးရှားနှင့် အီရန်နိုင်ငံတို့မှာ ငွေတံဆိပ်တစ်ခုစီ၊ မွန်ဂိုလီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှာ ကြေးတံဆိပ် တစ်ခုစီသာ ရရှိခဲ့ကြသည်။ ဤသည်မှာလည်း အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများ၏ အဆင့်ကွာခြားမှုကို ပြသနေသည့် သဘောဖြစ်ခဲ့သည်။ အာဖရိကနိုင်ငံများအနက်မှလည်း ကင်ညာနိုင်ငံက ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု ရရှိခဲ့ပြီး မော်ရော့ကိုနိုင်ငံက ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ ဆီနီဂေါက ငွေတံဆိပ်တစ်ခု၊ ကျိုဇူတီက ကြေးတံဆိပ်တစ်ခု အသီးသီးရရှိခဲ့ကြပြီး အခြားအာဖရိကနိုင်ငံများအနေဖြင့်မူ အောင်မြင်မှုများမရရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

အသင်းလိုက် အားကစားပြိုင်ပွဲများအတွက် အောင်မြင်မှုရရှိကြသောနိုင်ငံများကို အားကစားနည်းအလိုက် ဖော်ပြရမည်ဆိုလျှင် အောက်ပါအတိုင်းတွေ့မြင်ရမည်ဖြစ်သည် –

ဘောလုံးပြိုင်ပွဲ
ပထမ – ဆိုဗီယက်
ဒုတိယ – ဗဟာဇီး
တတိယ – ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ



အရှေ့ဂျာမန်နိုင်ငံမှ သံပြားဝိုင်းပစ်ချန်ပီယံ မာတီနာ ဟဲလ်မန်း ကမ္ဘာ့စံချိန်သစ် ၇၂ ဒသမ ၃၀ မီတာကိုတင်ခဲ့သည့် ပြိုင်ပွဲဝင်ဟန်

ဘော်လီဘောပြိုင်ပွဲ

(က) **အမျိုးသား**

ပထမ – အမေရိကန်ပြည်ထောင်စု
ဒုတိယ – ဆိုဗီယက်
တတိယ – အာဂျင်တီးနား

(ခ) **အမျိုးသမီး**

ပထမ – ဆိုဗီယက်
ဒုတိယ – ပီရူး
တတိယ – တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ဘတ်စကက်ဘော

(က) **အမျိုးသား**

ပထမ – ဆိုဗီယက်
ဒုတိယ – ယူဂိုဆလားဗီးယား
တတိယ – အမေရိကန်ပြည်ထောင်စု

(ခ) **အမျိုးသမီး**

ပထမ – အမေရိကန်ပြည်ထောင်စု
ဒုတိယ – ယူဂိုဆလားဗီးယား
တတိယ – ဆိုဗီယက်

လက်ပစ်ဘော

(က) **အမျိုးသား**

ပထမ – ဆိုဗီယက်
ဒုတိယ – ကိုရီးယားသမ္မတနိုင်ငံ

(ခ) **အမျိုးသမီး**

ပထမ – ကိုရီးယားသမ္မတနိုင်ငံ
ဒုတိယ – နော်ဝေး
တတိယ – ဆိုဗီယက်

ဟော်ကီ

(က) **အမျိုးသား**

ပထမ – ဗြိတိန်
ဒုတိယ – ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ
တတိယ – ဟော်လန်

(ခ) **အမျိုးသမီး**

ပထမ – သြစတြေးလျ
ဒုတိယ – ကိုရီးယားသမ္မတနိုင်ငံ
တတိယ – ဟော်လန်

ဝါတာပိုလို

ပထမ – ယူဂိုဆလားဗီးယား
ဒုတိယ – အမေရိကန်ပြည်ထောင်စု
တတိယ – ဆိုဗီယက်

တစ်ဦးချင်းပြိုင်ပွဲ အမျိုးအစားများ၌ အားကစားနည်းအလိုက် အောင်မြင်မှုအရရှိဆုံး၊ ဆုတံဆိပ်အများဆုံးရရှိသော အားကစားသမားများကို ဖော်ပြရလျှင် အမျိုးသား ရေကူးပြိုင်ပွဲ ပွဲစဉ်များ၌ အမေရိကန်ပြည်ထောင်စုမှ မက်ဘိရွန်ဒီက ရွှေတံဆိပ်ငါးခု၊ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု စုစုပေါင်း ခုနှစ်ဆုကိုလည်းကောင်း၊ အမျိုးသမီးရေကူးအားကစားပြိုင်ပွဲ ပွဲစဉ်များ၌ ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ (အရှေ့ဂျာမနီ)မှ ခရစ္စတင်းအော်တိုက ရွှေတံဆိပ် ခြောက်ခုကိုလည်းကောင်း ရရှိခဲ့ကြပြီး နိုင်ငံတော်အလံကို အကြိမ်ကြိမ် လွှင့်ထူပေးနိုင်စွမ်းရှိခဲ့ကြသည်။ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးပွဲစဉ်များတွင် အမေရိကန်ပြည်ထောင်စုမှ တာတိုဘုရင်မ ဖလော

ရင့်စ် ဂရစ်ဖစ် ဂျိုင်းနားက ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် တစ်ခုကို လည်းကောင်း၊ ဂျက် ကီ ဂျိုင်းနားကာ ဆီး က ရွှေတံဆိပ်နှစ်ခုကိုလည်းကောင်း၊ အမျိုးသား ပွဲစဉ်များ တွင် အမေရိကန် တာတိုသူရဲကောင်း ကားလ်လူးဝစ်က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုကိုလည်းကောင်း ရရှိခဲ့ ကြပြီး ပြေးခုန်ပစ် တာလတ်၊ တာဝေးပြိုင် ပွဲများတွင် အာဖရိကတိုက်သားများ ကြီးစိုးခဲ့ကြသည်။ ကျွမ်းဘား ပြိုင်ပွဲ အမျိုးသမီး ပွဲစဉ်များတွင် ရူမေးနီးယားနိုင်ငံမှ ဒင်နီယယ်လာဆီလိုင်းဗားစ်က ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ်တစ်ခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ ပြီး အမျိုးသားပွဲစဉ်များတွင် ဆိုဗီယက်မှ ဗလာဒီမီယာ အာတီမော့ဗ်က ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်တစ်ခု စုစု ပေါင်း ဆုတံဆိပ်ငါးခု ရရှိခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်မြန်မာနိုင်ငံအိုလင်းပစ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်အောင်ရဲကျော် ဦးဆောင်သောအဖွဲဝင်

၂၅ ကြိမ်မြောက် ဆိုးလ်အိုလင်းပစ် အားကစားပြိုင်ပွဲမှ နိုင်ငံအလိုက် ဆုရရှိမှု အခြေအနေများ

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	ဆိုဗီယက်	၁၅	၉၁	၇၆	၁၃၂
၂	အရှေ့ဂျာမနီ	၉၇	၉၅	၉၀	၁၀၂
၃	အမေရိကန်	၉၆	၉၁	၂၇	၉၄
၄	ကိုရီးယားသမ္မတနိုင်ငံ	၁၂	၁၀	၁၁	၃၃
၅	အနောက်ဂျာမနီ	၁၁	၁၄	၁၅	၄၀
၆	ဟန်ဂေရီ	၁၁	၇	၆	၂၄
၇	ပူလဂေးရီးယား	၁၀	၁၂	၁၃	၃၅
၈	ရူမေးနီးယား	၇	၁၁	၆	၂၄
၉	ပြင်သစ်	၆	၄	၆	၁၆
၁၀	အီတလီ	၆	၄	၄	၁၄
၁၁	တရုတ်ပြည်သူ့သမ္မတနိုင်ငံ	၅	၁၁	၁၂	၂၈
၁၂	ဗြိတိန်	၅	၁၀	၉	၂၄
၁၃	ကင်ညာ	၅	၂	၂	၉
၁၄	ဂျပန်	၄	၄	၇	၁၄



အမျိုးသမီးလက်ပမ်းဘောပိုလ်လုပွဲတွင် ကိုရီးယား သမ္မတနိုင်ငံအသင်းနှင့် ဆိုဗီယက်ပြည်ထောင်စုအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်စဉ် (ကိုရီးယား အသင်းက ၂၁ ဂိုး ၁၉ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။)

၂၄ ကြိမ်မြောက် ဆိုးလ်အိုလင်းပစ် အားကစားပြိုင်ပွဲကြီးမှာ ကိုရီးယားပြည်သူများ အပါအဝင် ကမ္ဘာ့ နိုင်ငံအသီးသီးက မျော်မှန်းထားသည့်အတိုင်းပင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။ ပြိုင်ပွဲကာလ တစ်လျှောက် တရားမဝင်တားမြစ်ဆေးဝါးများ သုံးစွဲမိရာမှ လက်ဝယ်ရရှိပြီးသော ရွှေတံဆိပ်နှင့် ကမ္ဘာ့စံချိန်များကို ပြန်လည် စွန့်လွှတ်လိုက်ရသော ကနေဒါ နိုင်ငံသား မီတာ ၁၀၀ ကမ္ဘာ့စံချိန်ရှင် ဘင်ဂျွန်ဆင်၊ ဗူလဂေးရီးယား နိုင်ငံသား အလေးမသမား အိန်ဂျယ်လ်ဂူအင်ချော့ဗ်နှင့် မစ်ကို ဂရာဗလော့ဗ် စသည့် အားကစားသမားများနှင့် ပတ်သက်သည့် ပြဿနာ ဂယက်များ၊ အိမ်ရှင်ကိုရီးယား သမ္မတနိုင်ငံမှ လက်ဝှေ့ အားကစားသမား ဘင်တန်ဝိတ်တန်းမှ ဘွန်ဂျွန် အီးလ်မတရားသဖြင့် ရှုံးနိမ့်ရသည်ဟုအကြောင်းပြ၍ နယူးဇီလန်နိုင်ငံလက်ဝှေ့ဒိုင်လူကြီး၏အဆုံးအဖြတ်နှင့်ပတ်သက်၍ စောဒကတက်ကြရာမှ နောက်ဆုံးအဆိုပါလက်ဝှေ့သမားနှင့်တာဝန်ရှိအုပ်ချုပ်သူ ငါးဦးတို့အား အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်မှ အရေး ယူခဲ့ရသည့်ပြင်၊ ကိုရီးယား သမ္မတနိုင်ငံအမျိုးသားအိုလင်းပစ်ကော်မတီဥက္ကဋ္ဌ မစ္စတာ ကင်မ်ချုံဟာ ကိုယ်တိုင်အဆိုပါကိစ္စနှင့်ပတ်သက်၍ တာဝန်မှ နုတ်ထွက်လိုက်ရသည်အထိ ကြီးထွားခဲ့သော ပြဿနာအချို့မှအပ အစစအရာရာအဆင်ပြေ ချောမွေ့စွာကျင်းပနိုင်ခဲ့သည်။ ယခုအကြိမ် ပြိုင်ပွဲတွင်ကမ္ဘာ့စံချိန်စုစုပေါင်း ၃၃ ခု၊ အိုလင်းပစ်စံချိန်စုစုပေါင်း ၆၆ ခုတင်နိုင်ခဲ့သည်။ တားမြစ်ဆေးဝါးသုံးစွဲ၍ အရေးယူခံခဲ့ရသော အားကစားသမား ၁၀ ဦးရှိခဲ့ရာ ရွှေတံဆိပ် ရရှိသူ သုံးဦးနှင့် ကြေးတံဆိပ်ရရှိသူ တစ်ဦးတို့ ပါဝင်ခဲ့သည်။

၁၉၆၄ ခုနှစ် ၁၀ ကြိမ်မြောက် တိုကျိုအိုလင်းပစ်ပြိုင်ပွဲကို အာရှတိုက်၏ ပထမဆုံးအကြိမ် ကမ္ဘာ့ အိုလင်းပစ်ပြိုင်ပွဲအဖြစ် လက်ခံကျင်းပခွင့် ရရှိခဲ့ပြီး၊ ၂၄ နှစ်အကြာ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တော်တွင် အာရှတိုက်၏ ဒုတိယအကြိမ်မြောက် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရရှိခဲ့သော ၂၄ ကြိမ်မြောက်ဆိုးလ်အိုလင်းပစ်အားကစားပြိုင်ပွဲကြီးကား လူအများစိတ်ပူနေသည့် လုံခြုံရေး ကိစ္စများနှင့် ပတ်သက်၍ ပြဿနာ ကြီးကြီးကျယ်ကျယ် ပေါ်ပေါက်ခဲ့ခြင်းမရှိဘဲ အောင်မြင်ချောမောစွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်သည်။

၂၅ ကြိမ်မြောက်ဥရောတုသဘင် အိုလင်းပစ်အားကစားပြိုင်ပွဲကြီးကို ၁၉၉၂ ခုနှစ်တွင် စပိန်နိုင်ငံ၊ ဘာစီလိုနာမြို့တွင် ကျင်းပဦးမည်ဖြစ်ရာ နိုင်ငံရေးအမှောင့်ပယောဂကင်းရှင်းသော ယခု ၂၄ ကြိမ်မြောက် ဆိုးလ်အိုလင်းပစ်အားကစားပြိုင်ပွဲကဲ့သို့ စစ်မှန်သောအားကစားပြိုင်ပွဲကြီးတစ်ရပ်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးမှ ထိပ်တန်းအားကစားသမားများ၊ အေးချမ်းသာယာစွာ စုရုံး ယှဉ်ပြိုင်နိုင်သော ပြိုင်ပွဲကြီးအဖြစ်သို့ ရောက်ရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်ပေသည်။

ခင်မောင်လွင် (အား/ကာ)

အာပိုင်း သုံး

စက်မှု၊ သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားသုတ ဆောင်းပါးများ

သခ်ၤာသစ်နှင့် ခေတ်သစ်သခ်ၤာသမိုင်း
ဒေါက်တာ ခင်မောင်ဝင်း ၄၄

ဖန်ပြွန်သန္ဓေသား ဒေါက်တာ မောင်မောင်ညို ၅၆


ရွေးဟောင်း သုတေသန တိုးတက်မှု
ဒေါက်တာ ခင်မောင်ညွန့် ၆၃

တတိယအကြိမ် ပြည်သူလွှတ်တော် ဥပဒေများ
တက္ကသိုလ် တင်အေးကြည် ၇၃

စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ဥပဒေများ
ဦးအေးခို(ဗဟိုတရားရုံးရွှေနေ) ၈၂

အပြည်ပြည်ဆိုင်ရာ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဦးမောင်မောင်သိမ်း (ကြယ်ငါးပွင့်) ၉၅





သင်္ချာသစ်နှင့် ခေတ်သစ်သင်္ချာ သမိုင်း

သင်္ချာပညာ

သင်္ချာတွင် (New Maths) ဟူသော ဝေါဟာရကို သင်္ချာသစ်ဟု ပြန်ဆိုပြီး (Modern Mathematics) ကို ခေတ်သစ် သင်္ချာဟု ပြန်ဆိုနိုင်သည်။ ဤသင်္ချာနှစ်မျိုး မည်ကဲ့သို့ ကွာခြားသနည်း။

ဤမေးခွန်း၏ အဖြေသည် သင်္ချာသမားများ အချင်းချင်းပင်လျှင် ဝိဝါဒကဲ့ပြားလျက် ရှိသည်။ အဓိက အားဖြင့် ဝိဝါဒကဲ့ပြားချက် နှစ်မျိုးကို တွေ့ရမည်။ တစ်မျိုးမှာ သင်္ချာသစ်နှင့် ခေတ်သစ်သင်္ချာ အတူတူ ဖြစ်သည်ဟူသော ယူဆချက် ဖြစ်ပြီး ကျန်တစ်မျိုးမှာ ကွာခြားသည်ဟူသော အယူအဆ ဖြစ်သည်။

အတူတူ ဖြစ်သည်ဟူသော ယူဆချက်ကို အထူး ဆွေးနွေးရန် မလိုပါ။ အမည်သာ ကွာခြားပြီး အကြောင်းအရာ၊ သဘောတရားအားလုံး အတူတူဖြစ်သည်ဟု ဆိုလို ပေသည်။

သင်္ချာသစ်နှင့် ခေတ်သစ်သင်္ချာ ကွာခြားသည်ဆိုလျှင် မည်သည့် နေရာများတွင် ကွာခြားသည်ဟု ယူဆကြသနည်း။ တိုတိုနှင့် လိုရင်းကို ဖြေရလျှင် သင်္ချာသစ်သည် **"အတွေးအခေါ်"** နှင့် ပတ်သက်နေပြီး ခေတ်သစ်သင်္ချာသည် **"တီထွင်မှု"** နှင့် ပတ်သက်နေသည်။ သို့ဖြစ်လျှင် သင်္ချာသစ်သည် အတွေးအခေါ် အသစ်အဆန်းများကို ဆိုလိုပြီး ခေတ်သစ်သင်္ချာသည် တီထွင်မှု အသစ်အဆန်းများကို ဆိုလိုသလော။ ဤကဲ့သို့လည်း မဆိုလိုပေ။ သင်္ချာသစ်သည် အကြောင်းအကျိုး ဆက်စပ်ဆင်ခြင် တွေးခေါ်ခြင်းကို ဦးစားပေးသည်။ ခေတ်သစ်သင်္ချာသည် ယခုမျက်မှောက်ခေတ် သင်္ချာဖြစ်ပေါ်လာအောင် အကျိုးပြုခဲ့သော တီထွင်မှုများ၊ သင်္ချာသင်ယူသည့် သူများနှင့် အသုံးချသူများ မသိမဖြစ်သော အချက်အလက်များကို ဆိုလိုသည်။ ဥပမာ – တီထွင်မှု တစ်ရပ်သည် လွန်ခဲ့သော နှစ်ပေါင်း ၂,၅၀၀ ခန့်က စတင်ခဲ့ခြင်း ဖြစ်သော်လည်း ယင်း တီထွင်မှုတွင် ပါဝင်သော အချက်အလက်များသည် ယခုထက်တိုင် အသုံးဝင်နေလျှင်၊ သို့မဟုတ် သင်္ချာသမားများ မသိမဖြစ် သိရမည်ဖြစ်လျှင်၊ ယင်းတီထွင်မှုကို ခေတ်သစ်သင်္ချာ အမျိုးအစားထဲ၌ ထည့်သွင်းရမည် ဖြစ်သည်။

သင်္ချာသစ်နှင့် ပတ်သက်၍ သင်္ချာ ပညာရှင်များ၏ ယူဆချက်တစ်ခုမှာ အသစ် (New) ဟူသော ဝေါဟာရသည်ပင်လျှင် မှားနေသည်ဟူ၍ ဖြစ်သည်။ အကြောင်းမှာ သင်္ချာသစ်တွင် ပါဝင်နေသော အတွေးအခေါ်





တော်တော်များများသည် အချိန်ကာလအားဖြင့် အသစ်မဟုတ်သောကြောင့် ဖြစ်သည်။ သို့ဖြစ်လျှင် အသစ်ဟူသော ဝေါဟာရ မည်ကဲ့သို့ ဖြစ်လာသနည်း။ ဤတွင် သမိုင်းကြောင်းကိုပြန်ကြည့်ရပါမည်။

ခရစ်တော်မတိုင်မီ နှစ်ပေါင်း ၃၀၀၀ ခန့်၌ အီဂျစ်နှင့် မက်ဆိုပိုတေးမီးယားတို့တွင် ဂဏန်းရေးနည်းနှင့် ပတ်သက်သော မှတ်တမ်းများကို တွေ့ရသည်။ ထိုအချိန်က သင်္ချာသည် ဘာသာရပ်တစ်ခု အနေဖြင့် ထွန်းကားခြင်း မဟုတ်ဘဲ၊ အသုံးချသည့် ကိရိယာတစ်ခု အနေဖြင့်သာ ရှိသေးသည်။ ထိုအချိန်မှစ၍ နှစ်ပေါင်း ၂,၄၀၀ မျှ တိုင်တိုင်၊ ဂဏန်းသင်္ချာ (Arithmetic)၊ အက္ခရာသင်္ချာ (Algebra) နှင့် ကျိုသြမေတြီ (Geometry) တို့ကို လူအများ အသုံးချလာတတ်ကြသည်။ အတွက်အချက်ကိုသာ ဦးစားပေးခဲ့ကြသည်။

ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၆၀၀ ခန့်တွင် ဂရိသင်္ချာပညာရှင် သေးလိစ်သည် အတွေးအခေါ်ကို ဦးစားပေးသော သင်္ချာကို စတင်ခဲ့သည်။ သေးလိစ်၏ အတွေးအခေါ် ဦးစားပေးသော သင်္ချာကို ပိုက်သာဂိုရ (၅၀၀ ဘီစီ)၊ ယူကလစ် (၃၀၀ ဘီစီ) နှင့် အားခီးမီးဒီးစ် (၂၇၇ ဘီစီ) တို့က ဆက်လက် ဖွံ့ဖြိုးအောင် လုပ်ကြသည်။ ထိုအချိန်မှစ၍ တွက်ချက်ခြင်းနှင့် ဆိုင်သော သင်္ချာနှင့် တွေးခေါ်ခြင်းနှင့်ဆိုင်သော သင်္ချာနှစ်မျိုးစလုံး ပြိုင်တူတိုးတက် လာခဲ့ကြသည်။ ကျောင်းများ တွင်လည်း ဤနှစ်မျိုးစလုံးကို ရောရှ သင်လာခဲ့ကြသည်။

အတွေးအခေါ်ကိုသာ ဦးစားပေးသည့် သင်္ချာကို သပ်သပ်ခွဲထုတ်၍ သင်ရန် ကြိုးပမ်းခဲ့သည့် အချိန်မှာ ၁၉၅၀ ပြည့်နှစ်လောက်က ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုရှိ အချို့သော တက္ကသိုလ်များက စတင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်ခန့်တွင် သင်္ချာသစ် ဟူသော အမည်သည် အမေရိကန်၊ အင်္ဂလန်နှင့် ဥရောပနိုင်ငံတော်တော်များများတွင် ပြန့်နှံ့သွားခဲ့သည်။

ထို့ကြောင့် သင်္ချာသစ်ဟူသော ဝေါဟာရသည် တွက်ချက်ခြင်းမှ အတွေးအခေါ်သက်သက်ကို ခွဲထုတ်ပြီး အမည်အသစ် ပေးလိုက်ခြင်းမျှသာ ဖြစ်သည်။ အမည်သာသစ်ပြီး ပါဝင်သော အကြောင်းအရာ တော်တော်များများမှာ အဟောင်းများသာ ဖြစ်သည်။ သို့ဖြစ်လျှင် ခေတ်သစ်သင်္ချာသည် မည်သည့် အခန်းကဏ္ဍတွင် ပါဝင်နေသနည်း။

ခေတ်သစ်သင်္ချာသည် တီထွင်မှု အချက်အလက်များဖြင့်သာ ဆိုင်ကြောင်း ဆိုခဲ့သည်။ ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာနှင့် ကျိုသြမေတြီတို့သည် ယခုထက်တိုင် မသုံးမဖြစ် သုံးနေရဆဲ ဖြစ်သည်။ ထို့ကြောင့် ယင်းဘာသာရပ်ဘို့သည် ခေတ်သစ်သင်္ချာတွင် ပါဝင်သည်။ သို့သော် ယခုမျက်မှောက်ခေတ်သင်္ချာကို အထိရောက်ဆုံး အကျိုးပြုသည့် တီထွင်မှုများမှာ –

- အနာလစ်တစ် ကျိုသြမေတြီ (Analytic Geometry)
- ကဲကုလ (Calculus)
- အစုသီအိုရီ (Set Theory) တို့ ဖြစ်ကြသည်။

အနာလစ်တစ် ကျိုသြမေတြီကို တီထွင်သူမှာ ပြင်သစ်နိုင်ငံမှ ရနေဒေးကား (၁၅၉၆–၁၆၅၀) ဖြစ်သည်။ ကဲကုလ တီထွင်သူများမှာ အင်္ဂလိပ် သင်္ချာပညာရှင် နယူတန် (၁၆၄၂–၁၇၂၇) နှင့် ဂျာမန်သင်္ချာပညာရှင် လစ်ဘနစ်


(၁၆၄၆–၁၇၁၆) တို့ျဖစ္သည္။ အစုသီအိုရီ စတင္ခဲ့သူ မ်ားမွာ အင္္ဂလိပ္လူမ်ိဳးမ်ား ျဖစ္ၾကသည့္ ေဂ်ာ့ဘူးလ္ (၁၈၁၅–၁၈၆၄)၊ ဂ်ြန္ဘင္း (၁၈၃၄–၁၉၂၃) နွင့္ ဂ်ာမန္ လူမ်ိဳး ေဂ်ာ့ ကင္တာ (၁၈၄၅–၁၉၁၈) တို့ ျဖစ္သည္။ ယုတၱိေဗဒ (Logic) နွင့္ အစုသီအိုရီ ရွုေထာင့္မွ သခ်ၤာ ဘာသာခဲ့အား လုံးကိုအေျခးသစ္၊အျမင္သစ္ျဖင့္ လွလာ နိုင္သည့္ အတြက္ အစုသီအိုရီကို သခ်ၤာသစ္၏ အေခြခံ ဟူ၍လည္း ေခၚတြင္ လာလေသည္။

အခ်ုပ္အားျဖင့္ ဆိုရေသာ္ သခ်ၤာသစ္နွင့္ ခေတ္သစ္ သခ်ၤာ အတူတူျဖစ္သည္ဟူေသာ ယူဆခ်က္နွင့္ ကဲြျပား သည္ဟူေသာ အယူအဆ နွစ္မ်ိဳးရွိသည္။ ကဲြျပားသည္ ဟူေသာ အယူအဆတြင္ သခ်ၤာသစ္သည္ အေဟာ့ဒ္ေခါ နွင့္ သက္ဆိုင္ျပီး ခေတ္သစ္သခ်ၤာသည္ ဂီတြင္မွုနွင့္ ဆိုင္ သည္ဟူ၏။ ဝေါဟာရအားျဖင့္အသစ္ဟု ေခၚေသာ္လည္း အခ်ိန္ကာလအားျဖင့္ အသစ္မဟုတ္ေခ်။ ခေတ္သစ္ဟူ ရုပ္ဆိုလည္း ယခုအထိ အကုိုးသက္ေရာက္မွုရွိေနေသးသည္ ဟုသာ ဆိုလိုသည္။ အနာလစ္တစ္ ဂ်ီသြေမတြီး၊ ကဲကုလ နွင့္ အစုသီအိုရီတို့သည္ ခေတ္သစ္သခ်ၤာ၏ အေရးၾကီး ေသာ မွတ္တိုင္မ်ား ျဖစ္ၾကသည္၊ အစုသီအိုရီသည္ သခ်ၤာ ဘာသာရပ္ အားလုံးအေပါ အေတြး အျမင္ ေျပာင္းလဲမွု ျဖစ္ေစခြင္းေၾကာင့္ ယင္းကို သခ်ၤာသစ္၏ အေခြခံဟု တင္စားေခၚလိုက္ျခင္း ျဖစ္သည္။

သခ်ၤာ၏ သမိုင္းေၾကာင္း

ခရစ္နွစ္ ၃၀၀၀ ဘီစီမွ ၁၀၀၀ ဘီစီ– ခရစ္နွစ္ ၃၀၀၀ ဘီစီခန့္၌ အီဂ်စ္နွင့္ မက္ဆိုပို တေးမီးယား တို့ တြင္ ဂဏန္းေရးနည္းမ်ား ထြန္းကားခဲ့သည္။ အီဂ်စ္ လူမ်ိဳး မ်ားသည္ ပိရမစ္မ်ား တည္ ေဆာက္ နေပြီး အျခား သေ ဥေရာပနိုင္ငံ အမ်ားအျပားတြင္ ေကျာက္ခဲတံ လောက္သာရွိနေခ်ိန္တြင္ အာ ရွ တိုက္၌ ယဥ္ ေက်း မွု အေတာ္ထြန္းကားလွ်က္ ရွိသည္။ တရုတ္ လူ မ်ိဳး မ်ား သည္ လယ္ယာလုပ္တတ္ၾကသည္။ ကုန္လည္း ကူးသန္း တတ္ သည္။ မြို မ်ား၊ လမ်ဳး မ်ား၊ လွည္း ယာဥ္ မ်ား၊ ေရယာဥ္မ်ား တည္ေဆာက္၍ ခရီးသြားတတ္ ၾကသည္။ သခ်ၤာနွင့္ နကၡတ္ဗေဒပညာမ်ားကိုလည္း တတ္ေျမာက္ ၾကသည္။ အေမရိကတိုက္ ဒဲလယ္ပိုင္းရွိ မာယာလူမ်ိဳး မ်ားသည္လည္း စိတ္ဝင္စားဖြယ္ ေကာင္းေသာ ဂဏန္း ေရးနည္းစနစ္တစ္ခုကို တီထြင္ခဲ့ၾကသည္။


Egyptian




Baybylonian



Chinese





Mayas





အဲဂ်ျစ္လူမ်ိဳးမ်ားသည္ ဂဏန္းသေကၤတမ်ားကို ေဘး တိုက္ သို့မဟုတ္ အထက္ေအာက္ ေရးသည့္အခါ ပေါင္း သည့္ အဓိပၸာယ္မ်ိဳး သက္ေရာက္သည္။

ဥပမာ–

၃၅ ကို  သို့မဟုတ္ 

ဟု ေရးသည္။ ဆိုလိုသည္မွာ တစ္ဆယ္သုံးခုနွင့္ တစ္ ငါးခုကို ေပါင္းရသည္။

ထိုနည္းတူစွာ ဘက္ဘီလုန္ လူမ်ိဳးမ်ားသည္ –

၃၅ ကို  သို့မဟုတ္ 

ဟု ေရးကြသည္။ ဘက္ဘီလုန္ လူမ်ိဳးမ်ားသည္ အနုတ္ လကၡဏာအတြက္ သီးျခား သေကၤတ တစ္ခု ထားေသး သည္။

 သည္ အနုတ္လကၡဏာျဖစ္သည္။

ထို့ေၾကာင့္ ၅၀ ကို ၆၀–၁၀ ဟု အဓိပၸာယ္ ေပါက္ေစရန္

 ဟု ေရးသည္။

ဤတွင်  သည် ၆၀

 သည် အနုတဲ့

 သည် ၁၀ အသီးသီးဖြစ်၏။

တရုတ်လူမျိုးများသည် ဂဏန်း တစ်ခုစီ အတွက် သင်္ကေတ တစ်ခုစီထားသည်။ မာယာတို့၏ ဂဏန်းရေးနည်းသည် တစ်မူထူးခြားပြန်၏။ တစ်မှ တစ်ဆယ် အထိ ဂဏန်းများကို ဘေးတိုက် သို့မဟုတ် အထက်အောက် ရေးလျှင် ပေါင်းသည့် သဘောမျိုးဖြစ်၏။

ဥပမာ  သည် ၂+၅=၇ ဖြစ်၏။

တစ်ဆယ်ကျော်သွားသောအခါ အထက်အောက်ရေးထားသော ဂဏန်းများကို မြှောက်ရသည်။


ဥပမာ–

 သည် ၁×၂၀= ၂၀ ဖြစ်၏။

သည် ၃×၂၀= ၆၀ ဖြစ်၏။


သည် ၁၀×၂၀=၂၀၀ ဖြစ်၏။

အီဂျစ်လူမျိုးများသည် သခ်ၤာကို လက်တွေ့နယ်ပယ်တွင် အသုံးချခဲ့ကြသည်။ ထောင့်မှန်ဧတုဂံ၏ရေယာကို အလျား × အနံ ဟူသော ပုံသေနည်းဖြင့် ရှာတတ်ကြသည်။



နိုင်းမြစ်သည် မကြာမကြာ ရေစီးကြောင်းပြောင်းလဲခြင်းကြောင့် မြေကွက်များသည်လည်း မကြာမကြာ ပုံသဏ္ဌာန်ပြောင်းတတ်သည်။ တစ်ခါတစ်ရံ ပုံသဏ္ဌာန်များကို စတုဂံပုံများ ခွဲစိတ်ရန်မလွယ်ကူသည့်အခါ တြိဂံပုံများဖြင့် ခန့်မှန်းခွဲစိတ်ပြီး၊ ထောင့်မှန်တြိဂံ၏ ရေယာကို $\frac{1}{2}$ × (အခြေ) × (အမြင့်) ဟူသော ပုံသေနည်းကိုသုံး၍ ရှာတတ်ကြသည်။ ထိုပုံသေနည်းကိုထောင့်မှန်မဟုတ်သော တြိဂံများအတွက်လည်းသုံးနိုင်ကြောင်းကို အတော်ကြာမှ သိကြသည်။

ပင်ရမစ်များဆောက်ရာတွင် ထောင့်မှန်ကို တိတိကျကျ ဆွဲနိုင်ရန် လိုအပ်သည်။ ထိုအခါကြိုးကို တူညီသောအကွာအဝေး၌ အထုံးများပြုလုပ်ကာ အနားများ ၃၊ ၄၊ ၅၊ ယူနစ်စီရှိသော တြိဂံများပြုလုပ်ခြင်းဖြင့် ထောင့်မှန်တြိဂံရကြောင်းကို သိကြသည်။ အဘယ်ကြောင့် ဤကဲ့သို့ ရကြောင်းကို နောင်နှစ်ပေါင်းများစွာ ကြာသောအခါ ပိုက်သာဂိုရက ရှင်းပြမှသိကြသည်။



ထိုအချိန်က ဂျီသြမေတြီ၊ ဂဏန်းသခ်ၤာနှင့် အက္ခရာသခ်ၤာတို့သည် လက်တွေ့နယ်ပယ်တွင် အသုံးချသည့် ကိရိယာများအဖြစ်သာ တည်ရှိခဲ့ကြသည်။

ခရစ်နှစ် ၆၀၀ ဘီစီမှ ၂၀၀ ဘီစီ အထိ – ဤအချိန်ကာလကို ပညာရပ်များတိုးတက်သည့် ဂရိခေတ်ဟု ခေါ်တွင်သည်။ သခ်ၤာသစ်အတွေးအခေါ်များ စတင်သည့် အချိန်ဟုလည်း ဆိုနိုင်သည်။


ပထမဦးဆုံးသော သခ်ၤာအတွေးအခေါ်ရှင်ကြီးမှာ ဂရိလူမျိုး သေးလိစ် ဖြစ်သည်။ သေးလိစ်သည်ကုန်သည်တစ်ဦးဖြစ်သည်။ ကုန်ကူးသန်းရောင်းဝယ်ရင်း သခ်ၤာနှင့် နက္ခတ္တဗေဒကို ဝါသနာအလျောက် လေ့လာခဲ့သည်။ သမိုင်းပုံပြင်တစ်ခုအရ သေးလိစ်သည် ကုန်ကူးရင်း အီဂျစ်သို့ ရောက်သွားသောအခါ ပိရမစ်ကြီး၏အမြင့်ကို သခ်ၤာနည်းဖြင့် တွက်နိုင်ခဲ့သည်ဟု ဆို၏။ သေးလိစ်သည် မြေကြီးပေါ်တွင်တုတ်တစ်ချောင်းကိုမတ်အောင် ထူလိုက်သည်။ ထို့နောက် တုတ်၏အရိပ်၏အလျားသည် တုတ်၏အလျားနှင့်တူသောအချိန်ကို စောင့်နေသည်။ ထိုအချိန်တွင် ပိရမစ်ကြီး၏ အရိပ်၏အလျားသည် ပိရမစ်ကြီး၏အလျားနှင့်တူရမည်ဟု ဆိုသည်။

ထိုအချိန်က သူအသုံးပြုခဲ့သော သခ်ၤာသဘောတရားမှာ သဏ္ဌာန်တူတြိဂံများ (similar triangles) ဖြစ်၏။ ထိုမှတစ်ဆင့် တြိဂံနှိုင်းမေတြီခေါ် သွယ်ဝိုက်သော တိုင်းတာနည်းပညာ ပေါက်ပွားလာခဲ့သည်။ သေးလိစ်သည် မျဉ်းဖြောင့်၊ တြိဂံနှင့် စက်ဝိုင်းဆိုင်ရာ ဂျီသြမေတြီသီအိုရမ်အချို့ကိုလည်း ရှေးဦးစွာ ဖော်ထုတ်ခဲ့ခြင်းကြောင့်


ဂ်ီသြမေတြီဘာသာရပ္ကိုအသုံးခ်သခ်ၤာအျဖစ္မွ အေတာ္အခေါ်ဆိုင္ရာ သခ်ၤာအျဖစ္သို့ ပထမဦးဆုံး ေျပာင္းလဲေပးခဲ့သူလည္း ျဖစ္ေလသည္။

သေးလိစ္ ေျပသခဲ့ေသာနည္းလမ္းအတိုင္း ဆက္လက္ေလ့လာသူတစ္ဦးမွာ ဂရိပညာရွင္ ပိုက္သာဂိုရ ျဖစ္သည္။ သခ်ၤာတြင္သက္ေသျပခ်က္း (Proof) ၏ အေရးၾကီးပုံကို သိရွိျပီး စနစ္တက်ေဖာ္ထုတ္ေပးခဲ့သည္။


ေထာင့္မွန္ တြိဂံတစ္ခုတြင္ ေထာင့္မွန္ခံအနား၏ နွစ္ထပ္ကိန္းသည္ က်န္အနားနွစ္ဘက္တို့၏ နွစ္ထပ္ကိန္းမ်ား၏ ေပါင္းလဒ္နွင့္ တူညီေၾကာင္းကို ပိုက္သာဂိုရက စ တင္ သက္ေသျပခဲ့သည္။ ထို့ေၾကာင့္ ဤအခ်က္ကို ပိုက္သာဂိုရကတ္ေတ့ရွိခဲ့ျခင္းမဟုတ္ေသာ္လည္း ပိုက္သာဂိုရသီအိုရမ္ (Pythagoras's Theorem) ဟုအမည္တြင္သည္။




ပိုက္သာဂိုရသီအိုရမ္နွင့္ အျပန္အလွန္တို့အရ အနားမ်ားသည္ (၃၊ ၄၊ ၅) (၅၊ ၁၂၊ ၁၃) (၈၊ ၁၅၊ ၁၇) ယူနစ္အသီးသီးရွိသည့္ တြိဂံမ်ားသည္လည္း ေထာင့္မွန္တြိဂံမ်ားျဖစ္ေၾကာင္းကို ေတြ့ရသည္။



$5^2 = 25$
$4^2 = 16$ $\quad 25 = 16 + 9$
$3^2 = 9$



$13^2 = 169$
$12^2 = 144$ $\quad 169 = 144 + 25$
$5^2 = 25$



$17^2 = 289$
$15^2 = 225$ $\quad 289 = 225 + 64$
$8^2 = 64$

ပိုက္သာဂိုရသည္ ကမ္ဘာေပါ်တြင္ ပထမဦးဆုံးေသာ သခ်ၤာအသင္းကို တည္ေထာင္ခဲ့ျပီး ဂ်ီသြမေတြီသာမက ဂဏန္းသခ်ၤာ၊ အက္ခရာသခ်ၤာနွင့္ နကၡတ္တာ ေဗဒ တို့ကိုပါ လေ့လာခဲ့သည္။ က မ္ဘာ သည္ စက္ ဝိုင္း သဏ္ဌာန္မ်ိဳး ျဖစ္လိမ့္မည္ဟူေသာ အယူအဆကိုလည္း စတင္ခဲ့သူတစ္ဦးျဖစ္သည္။

ဂ်ီသြမေတြီကို ယခုေခတ္မူလတန္းမွ အထက္တန္း အထိသင္ၾကားေနေသာ ပုံစံမ်ိဳးျဖစ္ေအာင္ ေရးသားပ့ူစုခဲ့သူမွာ ဂရိလူမ်ိဳး ယူကလစ္ ျဖစ္သည္။ ထို့ေၾကာင့္ ယူကလစ္ကိုဂ်ီသြမေတြီဖခင္ၾကီးဟု ေခၚတြင္သည္။ ယူကလစ္ေရးသားခဲ့ေသာ ပထမဦးဆုံး ဂ်ီသြမေတြီစာအုပ္ျဖစ္သည့္ အေခြခံမ်ား (Elements) အမည္ရွိ စာအုပ္နွင့္ ပတ္သက္၍ ယခုေခတ္သိပံပညာရွင္ၾကီး အဲလဗတ္အိုင္စတိုင္းက ေျပာခဲ့သည္မွာ လူငယ္ဘဝတြင္ ဤစာအုပ္ကို ဖတ္ျပီး အေတာ္းအခေါ် မေျပာင္းလဲဖူးေသာ သူသည္ သုေတသနပညာရွင္ မျဖစ္နိုင္ဟူ၏။

ယူကလစ္သည္ ရွဳး ပ ညာ ရွိ ၾကီး မ်ား ျဖစ္ ခဲ့ ေသာ ေသးလိစ္၊ ပိုက္သာဂိုရ စသည္တို့၏ ေတြ့ ရွိ ခ်က္မ်ားကို စုစည္းျပီး မည္သည့္အရာမ်ားသည္ လက္ခံထားရမည့္ နဂိုမွန္အဆိုနွင့္ အဆိုမွန္မ်ား (axioms and postulates) ျဖစ္သင့္သည္။မည္သည့္အရာမ်ားသည္အဓိပၸာယ္သတ္မွတ္ခ်က္မ်ား (definitions) ျဖစ္သင့္သည္။ မည္သည့္အရာမ်ားသည္ သီအိုရမ္မ်ား (Theorems) ျဖစ္သင့္သည္ဟုဆုံးျဖတ္ကာ ဂ်ီသြမေတြီကို ေရးသားခဲ့သည္။ သူ၏ စုစည္းနည္း၊ ေရးသားပ့ူစုနည္းနွင့္ ေတးခေါ်နည္းတို့သည္ ယခု သခ်ၤာသစ္ တည္ေဆာက္ပုံ၏ အေခြခံျဖစ္လာသည္။


ခရစ္နွစ္ ၃၀၀ ဘီစီ ခန့္တြင္ ထင္ရွားခဲ့ေသာ ဂရိပညာရွင္တစ္ဦးမွာ အရစ္စတိုတယ္ ျဖစ္သည္။ သူသည္ သခ်ၤာပညာရွင္ မဟုတ္ေသာ္လည္း သူ၏ အေတြးအေခၚမ်ားသည္ သခ်ၤာေလာကနွင့္ သိပၸံေလာကတို့အေပၚ နွစ္ေပါင္း ၁,၇၀၀ ေက်ာ္ေလာက္အထိ လွ်မ္းမိုးနိုင္ခဲ့သည္။


ခရစ်နှစ် ၂၅၀ ဘီစီ ခန့်တွင် သခ်ၤာကို သွယ်ဝိုက်သော တိုင်းတာနည်းပညာရပ်တစ်ခုအဖြစ် ထိရောက်စွာ အသုံးပြုခဲ့သော သခ်ၤာပညာရှင် နှစ်ဦး ပေါ်ပေါက်ခဲ့သည်။ ၎င်းတို့မှာ အီရာတိုသီးနီးစ်နှင့် ဟစ်ပါရှူး တို့ဖြစ်ကြသည်။

အီရာတိုသီးနီးစ်သည် ကမ္ဘာ၏ အီကွေတာအဝန်း (equatorial circumference) ကို မိုင်ပေါင်း ၂၄,၀၀၀ ခန့်ရှိမည်ဟု တွက်ချက်ခဲ့သည်။ ယခုခေတ်တိုင်းတာချက်မျှားအရ ကမ္ဘာ၏ အီကွေတာအဝန်းကို ၂၄,၉၀၂ မိုင်ဟု ရရှိထားသည်။


ဟစ်ပါရှူးသည် ကမ္ဘာနှင့် လ၏ အကွာအဝေးကို မိုင်ပေါင် ၂,၅၀,၀၀၀ ရှိမည်ဟု တွက်ချက်ခဲ့သည်။ ယခုခေတ် တိုင်းထွာချက်မျှားအရ ယင်း အကွာ အဝေးသည် ၂,၃၇,၇၅၇ မိုင်ဟု သိရသည်။

ဂရိသခ်ၤာပညာရှင်ကြီးမျှားအကြောင်းကို ပြောလျှင် အားခိုးမီးဒီးစ်အကြောင်းကို မပြောမပြီး ပြောရပေလိမ့်မည်။ အားခိုးမီးဒီးစ်ကို ရူပဗေဒနယ်ပယ်တွင် လူသိမျှားသည်။ စင်စစ်မှာ အား ခိုး မီး ဒီး စ်ကို သခ်ၤာပညာရှင်၊ ရူပဗေဒပညာရှင်၊ လက်တွေ့ သိပ္ပံပညာရှင်နှင့် အင်ဂျင်နီယာဟုခေါ်လျှင် ပိုမိုပြည့်စုံပေမည်။





အားခိုးမီးဒီးစ်သည် မျှဉ်းကွေးမျှား၏ အလျှားကို မျှဉ်းဖြောင့်မျှားဆွဲ၍ ခန့်မှန်းခြင်း၊ ရေယာမျှားကိုလည်း သင့်တော်သလိုအပိုင်းမျှားစိတ်၍ ခန့်မှန်းခြင်း၊ စက်လုံး (sphere)၊ ဆလင်ဒါ (cylinder)၊ လုံးချွန် (cone) စသည်တို့၏ ထုထည်မျှားကိုလည်း သင့်တော်သောအပိုင်းမျှားစိတ်ဖြာ၍ ခန့်မှန်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။ သူသုံးခဲ့သောနည်းမျှားမှာ နောင်နှစ်ပေါင်း ၁,၇၀၀ ခန့်ကြာသောအခါတွင် နယူတန်နှင့် လစ်ဘနစ်တို့ ကဲကုလဘာသာတီထွင်ရာတွင် သုံးခဲ့သော နည်းမျှားနှင့် တူညီနေသည်ကို တွေ့ရသည်။



လက်တွေ့နယ်ပယ်တွင်လည်း ရူပဗေဒနှင့် သခ်ၤာနည်းတို့ဖြင့်တွက်ချက်ပြီး ကုတ် (lever) နှင့် စက်သီး (pulley) မျှားကိုသုံးကာ သဘော်ဘတစ်စင်းကို ရေချပြနိုင်ခဲ့သည်။ ရောမလူမျိုးမျှားသည် အားခိုးမီးဒီးစ်၏ဇာတိ ဆာရာကျူးမြို့ကို တိုက်ခိုက်သည့်အခါ ရူပဗေဒနှင့်သခ်ၤာသဘောတို့ကို သုံးပြီး စစ်လက်နက်မျှား အမျိုးမျိုးလုပ်၍ ကာကွယ်ခဲ့သည်။ သူပြုလုပ်ခဲ့သောလက်နက်မျှားမှာပေါင်ချိန် ၁၀၀၀ ခန့်လေးသော ကျောက်တုံးမျှားကို ဆက် တိုက် ပစ် နိုင်သော လောက်လေးမျှား၊ စစ်သဘော်ဘမျှားကို ဆွဲယူပြီး ကျောက်ဆောင်မျှားဖြင့် တိုက်နိုင်သော ကရိန်းကြီးမျှား၊ စစ်သဘော်ဘမျှားကို နေရောင်ခြည်မျှားအလင်းပြန်စေခြင်းဖြင့် မီးလောင်အောင် လုပ်နိုင်သော ပါရာဗလာ (parabola) ပုံ မှန်အကွေးမျှားတို့ ဖြစ်သည်။ ယခုခေတ်တွင် နေမီးဖိုနှင့် မော်တော်ကားမီးလုံးမျှား ပြုလုပ်ရာတွင်လည်း ပါရာဗလာ မျဉ်းကွေး၏ သဘောကို သုံးရလေသည်။ ၂၁၂ ဘီစီ တွင် အား ခိုး မီး ဒီး စ် သည် ရောမမျှား၏ လက်ချက်ဖြင့် သေဆုံးခဲ့သည်။

ဤသည်ကား ဂရိတို့၏ ပညာရပ်များ ထွန်းကားသည့် ခေတ်၏အဆုံးသတ် ဖြစ်သည်။ ထိုအချိန်မှစ၍ နှစ်ပေါင်း ၁,၇၀၀ တိုင်တိုင် ဥရောပနိုင်ငံတွင် ပညာရပ်များ ပျောက်ကွယ်သွားခဲ့လေသည်။

ခရစ်နှစ် အေဒီ ၄၀၀ မှ အေဒီ ၁၂၀၀ – ရောမအင်ပါယာကြီးပြိုကွဲပျက်စီးပြီးနောက် ဥရောပတိုက်တွင်အမှောင်လွှမ်းသော ခေတ်ကြီးဟူ၍ ဖြစ်လာသည်။ ထိုအချိန်တွင် ဥရောပတိုက်တွင် အသိပညာ၊ အတတ်ပညာများ ပျောက်ကွယ်ခဲ့သည်။

သို့သော် အာရှတိုက်တွင် ယဉ်ကျေးမှု၊ အနုပညာ၊ အသိပညာနှင့် အတတ်ပညာများ ထွန်းကားခဲ့သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံတွင် သခ်ၤာနှင့် နက္ခတ်ပညာတို့ ထွန်းကားခဲ့သည်။ အိန္ဒိယနိုင်ငံ ဟိန္ဒူ ကုလားများ၏ အကြီးဆုံးဆောင်ရွက်ချက်မှာ သုည (zero) သင်္ကေတကို တီထွင်ခြင်းဖြစ်သည်။

၂၃၀၀ ဘီစီ ခန့်က ဘက်ဘီလွန် လူမျိုးများသည် သုည သင်္ကေတ တစ်ခုကို တီထွင်ခဲ့ဖူးသည်။ သူတို့ တီထွင်ခဲ့သောသင်္ကေတမှာ ဤသင်္ကေတနှင့် ခပ်ဆင်ဆင် ဖြစ်၏။



သို့သော် ယင်းသင်္ကေတကို ကျယ်ကျယ်ပြန့်ပြန့် မသုံးကြဘဲ ပျောက်ကွယ်သွားခဲ့သည်။ ထို့ကြောင့် သုည သင်္ကေတကို ဟိန္ဒူများက တီထွင်သည်ဟုသာ လူအများ လက်ခံထားကြခြင်းဖြစ်သည်။သုညသင်္ကေတ၏ပြောင်းလဲလာပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်း ဖြစ်သည်။



အေဒီ ၈၂၅ ခန့်တွင် သုညသင်္ကေတသည် အာရပ်နိုင်ငံများသို့ ရောက်လာသည်။ ယင်းသင်္ကေတကို အရှေ့ဥရောပသို့ ရောက်အောင် ဆောင်ရွက်သူမှာ အယ်လ်ကွာရိဇ်မီ ဖြစ်သည်။ ထို့ကြောင့် ယခုခေတ်တွင် အသုံးပြုနေသော ဂဏန်းများဖြစ်သည့် —

0 1 2 3 4 5 6 7 8 9

တို့ကို ဟိန္ဒူ-အာရပ်ဂဏန်းများ (Hindu-Arabic numerals) ဟု ခေါ်လေသည်။

သုည သင်္ကေတနှင့် အတူ ယခုသုံးနေသော ဂဏန်းသခ်ၤာစနစ်သည် ဥရောပနိုင်ငံများသို့ သက္ကရာဇ် ၁၂၀၀ တွင်ကျယ်ပြန့်လာသည်။

ခရစ်နှစ် အေဒီ ၁၄၀၀ မှ အေဒီ ၁၆၅၀–လွန်ခဲ့သောနှစ်ပေါင်း ၁,၇၀၀ ကျော်က အရစ္စတိုတယ်က နေနှင့်အခြားကြိုဟ်များသည် ကမ္ဘာကို စက်ဝိုင်းပုံ လမ်းကြောင်းများဖြင့် လှည့်ပတ်နေသည်ဟု ဆိုခဲ့သည်။ လူများသည် ဤကဲ့သို့ ယုံကြည်နေဆဲ ဖြစ်သည်။


ပိုလန်နိုင်ငံမှ ကော်ပါးနီးကပ် (၁၄၇၃–၁၅၄၃) သည် ၁၄၉၃ ခုနှစ်တွင် ရောမတက္ကသိုလ်၌ နက္ခတ္တဗေဒပါမောက္ခဖြစ်ခဲ့သည်။ ထိုအချိန်၌ နက္ခတ္တဗေဒသင်ရိုးတွင် အရစ္စတိုတယ်၏ အယူအဆများ လွှမ်းမိုးနေ၏။ ကော်ပါးနီးကပ်သည် သခ်ၤာနည်းဖြင့်တွက်ချက်၍ကြည့်သောအခါ အရစ္စတိုတယ်၏ အယူအဆ မှားနေကြောင်းကို သိရသည်။ သို့သော် ရောမတက္ကသိုလ်၌ သင်ကြားနေသော နက္ခတ္တဗေဒသင်ရိုးကို ပြောင်းရန် မဖြစ်နိုင်သဖြင့် ပါမောက္ခအလုပ်မှ နုတ်ထွက်ခဲ့ရသည်။

ကော်ပါးနီးကပ်သည် ဖရိုအင်ဘတ် အမည်ရှိ ရွာကလေးတွင်သွားရောက်နေထိုင်ပြီး နက္ခတ္တဗေဒနှင့် သခ်ၤာကို ဆက်လက်လေ့လာသည်။ ၁၅၄၃ ခုနှစ်တွင် "ကြိုဟ်များလှည့်ပတ်ရာလမ်းကြောင်းများ" (Revolution of Heavenly Orbs) စာအုပ် ရေးသား ပြီးစီးခဲ့သည်။ ယင်းကျမ်းစာအုပ်တွင် ကမ္ဘာအပါအဝင် ကြိုဟ်များသည် နေကိုလှည့်ပတ်နေကြောင်းကို သခ်ၤာပုံသေနည်းများဖြင့် သက်သေပြနိုင်ခဲ့သည်။ သို့သော် ကော်ပါးနီးကပ်၏ အယူအဆများကို နောင်နှစ်ပေါင်း ၁၅၀ မျှ ကြာသောအခါမှသာ လူများ လက်ခံလာကြသည်။

ကော်ပါးနီးကပ်၏အယူအဆများကို လက်ခံသူတစ်ဦးမှာ အီတလီနိုင်ငံမှ ဂယ်လီလီယို (၁၅၆၄–၁၆၄၂) ဖြစ်သည်။ ထိုအချိန်တွင်လည်း အရစ္စတိုတယ်၏ အယူအဆများ လွှမ်းမိုးနေဆဲ ဖြစ်၏။ ဥပမာ– အရစ္စတိုတယ်က ပေါ့သောအရာဝတ္ထုနှင့် လေးသောအရာဝတ္ထုကို တစ်ကြိမ်ထဲ ပစ်ချလိုက်လျှင် လေးသော အရာဝတ္ထုက မြေပေါ် အရင် ကျမည်ဟု ဆိုခဲ့သည်။ ယင်းအဆိုကို လူတိုင်းက လက်ခံကြသည်။

ဂယ်လီလီယိုသည် ပီစာမျော်စင် (Tower of Pisa) ပေါ်မှ တစ်ပေါင်အလေးနှင့် ဆယ်ပေါင်အလေး နှစ်ခုကို ပြိုင်တူပစ်ချပြလိုက်သည်။ ထိုအလေးနှစ်ခုသည် မြေပေါ် သို့ပြိုင်တူကျကြောင်းကို လက်တွေ့ပြသခဲ့သည်။ ဤကဲ့သို့ အရစ္စတိုတယ်ကို ဝေဖန်ခြင်းကြောင့် ဂယ်လီလီယိုသည် တက္ကသိုလ်မှ နုတ်ထွက်ခဲ့ရသည်။ သို့သော် သူ၏မိတ်ဆွေများ၏ ကောင်းမှုကြောင့် ၁၅၉၂ ခုနှစ်တွင် ပါဒဝါ တက္ကသိုလ်၌ ပါမောက္ခရာထူးကို ရရှိခဲ့သည်။

ဂယ်လီလီယိုသည် အဝေးသို့ မြင်နိုင်သောမှန်ပြောင်း (telescope) ကို တီထွင်ပြီး နက္ခတ္တဗေဒပညာကို စာတွေ့




မြေကြီးပေါ်တွင် တုတ်တစ်ချောင်းကို မတ်မတ်စိုက်ထူ၍ ပီရမစ်၏အလျားကို တွက်ဆနိုင်သည့် သဘောတရားကို ထုတ်ဖော်ကြည့်သည်။




ပိုက်သာဂိုရ



ယူကလစ်



အရစ္စတိုတယ်



ဇရပ်ကြီးတောင်
(၁၇၆၂–၁၈၂၁) နန်းတော်ဆရာ
(၁၈၄၀–၁၈၆၀)ကိုယ်တွယ်ဒဂုံ
(၁၈၄၂–၁၉၀၂)ဦးဘုန်းမောင်
(၁၈၄၄–၁၉၁၄)ဦးဘုန်းမောင်
ဘုရားတည်ခြင်းအကြောင်းအရာ ဥပမာပြခြင်း



ဒေးကား (၁၅၉၆–၁၆၅၀)



ကက်ပလာ (၁၅၇၁–၁၆၃၀)



ဂျော့ဘူးလ် (၁၈၁၅–၁၈၆၄)



လိုက်ဘနစ် (၁၆၄၆–၁၇၁၆)

လက်တွေ့ နှစ်မျိုးစလုံး ထိထိရောက်ရောက် လေ့လာနိုင်ခဲ့သည်။

ဂယ်လီလီယိုသည် ကော်ပါးနီးကပ်၏ အယူအဆများကို ထောက်ခံထားသောစာအုပ်တစ်အုပ်ကို ၁၆၃၂ ခုနှစ်တွင် ရေးသားပြုစုခဲ့သည်။ သူ၏စာအုပ်ထဲတွင် ကော်ပါးနီးကပ်၏ ပုံသေနည်းများကို ပိုမို၍ အသေးစိတ် ရှင်းပြထားသည်။

ကော်ပါးနီးကပ်၏ အယူအဆများကို လက်ခံသူနောက်တစ်ဦးမှာ ဂျာမနီနိုင်ငံမှ ကက်ပလာ (၁၅၇၁–၁၆၃၀) ဖြစ်သည်။ ကက်ပလာသည် ကော်ပါးနီးကပ်၏

နက္ခတ္တဗေဒဆိုင်ရာသခ်ၤာပုံသေနည်းများကို ပိုမိုရှုမှန်ကန်အောင် ပြင်ပေးနိုင်ခဲ့သည်။ အထူးသဖြင့် ကော်ပါးနီးကပ်သည် ဂြိုဟ်များက နေကို လှည့်ပတ်နေသောလမ်းကြောင်းကို စက်ဝိုင်း (circle) ဟု ယူဆခဲ့သည်။ ကက်ပလာက စက်ဝိုင်းနှင့် အလွန် ဆင်တူလှသော အီးလစ် (ellipse) ဖြစ်ကြောင်းကို တွေ့ရှိခဲ့သည်။ ကမ္ဘာ အပါအဝင် ဂြိုဟ်များသည် နေကို မည်သည့်အကွာအဝေးများမှ မည်ကဲ့သို့သော လည်ပတ်နှုန်းများဖြင့် ပတ်နေသည်ကို ကက်ပလာ၏ ဂြိုဟ်များဆိုင်ရာ နိယာမများ (Kepler's Laws of Planetary Motion) တွင် သခ်ၤာပုံသေနည်းများဖြင့် ဖော်ပြထားခဲ့သည်။


ပြင်သစ်နိုင်ငံမှ ဒေးကားသည် ခေတ်သစ်သခ်ၤာမှတ်တိုင်တစ်ခုကို ထူနှိုင်ခဲ့သည်။ ဒေးကားမတိုင်မီက သခ်ၤာဘာသာရပ်တွင် အက္ခရာသခ်ၤာနှင့် ဂျီသြမေတြီဟူသော ဘာသာရပ်နှစ်ခု ဟူ၍ သီးခြားတည်ရှိခဲ့သည်။ ဒေးကားက အက္ခရာသခ်ၤာနှင့် ဂျီသြမေတြီနှစ်ခုကို ပူးပေါင်း၍ အနာလစ်တစ်ဂျီသြမေတြီဟူသော ဘာသာရပ်ကို တီထွင်ခဲ့သည်။


ခရစ်နှစ် ၁၆၅၀ မှ ၁၉၀၀—ခေတ်သစ်သခ်ၤာ၏ သမိုင်းသည် အနာလစ်တစ်ဂျီသြမေတြီနှင့် ကဲကုလတို့မှ စဖွင့်ခဲ့သည်ဟူ၍ တင်စားပြောကြသည်။ ယင်းဘာသာရပ်နှစ်ခုကို ကီထွင်လိုက်ခြင်းကြောင့် သခ်ၤာလောကတစ်ခုလုံးကို ပြောင်းလဲသွားစေခဲ့သည်။ ယင်းဘာသာရပ်နှစ်ခုစလုံးကို ယခုခေတ်တိုင်အောင် သခ်ၤာနှင့် ပတ်သက်နေသူအားလုံး မကတ်မဖြစ် တတ်ရမည် ဖြစ်သည်။

ကဲကုလဘာသာရပ်သည် ပြောင်းလဲနေသည့်သဘောတရားများကို ဒေလ့လာရာမှ ဖြစ်ပေါ်လာသည်။ လောကတွင် အရာရာတိုင်းသည် ပြောင်းလဲနေသည်။ ပြောင်းလဲခြင်းသဘောများကို သခ်ၤာပုံသေနည်းများဖြင့် လေ့လာမှု ဒစ်ဖရင်ရှယ်ကဲကုလ (Differential Calculus) ဖြစ်ပေါ်လာသည်။

အခြားသော ကဲကုလတစ်မျိုးမှာ အင်တီဂရယ်ကဲကုလ (Integral Calculus) ဖြစ်၏။ ယင်းဘာသာရပ် ဖြစ်ပေါ်လာပုံမှာ ပုံသဏ္ဌာန် အမျိုးမျိုးတို့၏ ရေိယာတို့ကို သင့်ကော်သော အစိတ် အပိုင်း ကလေး များ စိတ်ခဲ့ပြီး အစိတ်အပိုင်းကလေးများ၏ ဧရိယာများကို ပေါင်းခြင်းမှ ဖြစ်လာသည်။ အစိတ် အပိုင်းကလေးများသည် သေးလေလေ ပိုမိုရှု တိကျလေလေဖြစ်သည်။

ယင်း ကဲကုလ သခ်ၤာနှစ်ခုစလုံးကို တီထွင်သူများမှာ အင်္ဂလန်နိုင်ငံမှ နယူတန်နှင့် ဂျာမနီနိုင်ငံမှ လစ်ဘနစ်တို့ ဖြစ်ကြသည်။ တီထွင်မှုချင်း တူကြသော်လည်း နယူတန်နှင့် လစ်ဘနစ်သည်လူအနေဖြင့် အလွန်ခြားနားလှသည်။





နယူတန်သည် ရူပဗေဒနှင့် နက္ခတ္တဗေဒတို့တွင် အသုံးချရန် ကဲကုလဘာသာကို တီထွင်ခဲ့သည်။ နယူတန်သည် ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး ဖြစ်သည်။ လစ်ဘနစ်သည် ဥပဒေပါရဂူဘွဲ့ကို ရရှိပြီး နိုင်ငံရေး၊ ဘာသာရေး၊ စာပေ၊ သမိုင်းသုတေသနကိစ္စများဖြင့် ဥရောပနိုင်ငံများကို လှည့်လည်နေရင်း သခ်ၤာကို အပျင်းပြေ လေ့လာလိုက်စားသူ ဖြစ်သည်။ ဤကဲ့သို့ လေ့လာ လိုက်စားရင်း ကဲကုလဘာသာကို တီထွင်လိုက်ခြင်း ဖြစ်သည်။

သမိုင်းအရ နယူတန်သည် ကဲကုလ ဘာသာကို ရှေးဦးစွာ တွေ့ရှိပြီး အသုံးချခဲ့သည်ဟု ဆိုသည်။ သို့သော် လစ်ဘနစ်သည် ကဲကုလဘာသာကို လူအများသိအောင် ရှေးဦးစွာ ဖြန့်ဖြူးခဲ့သည်။ ယခုခေတ်တွင် ကျောင်းများနှင့် တက္ကသိုလ်ကောလိပ်များ၌ သင်ကြားနေသော ပုံစံမျိုးအထိဖြစ်လာအောင် လစ်ဘနစ်က ရေးသားပြုစုပေးခဲ့သည်ဟုဆိုသည်။

ယင်းအချိန်ကာလသည် အနာလစ်တစ် ဂျီသြမေတြီနှင့် ကဲကုလခေတ်ဟု ဆိုနိုင်ပေသည်။ အကြောင်းမှာ ဒေးကား တီထွင်ခဲ့သော အနာလစ်တစ် ဂျီသြမေတြီနှင့် နယူတန်နှင့် လစ်ဘနစ်တို့ တီထွင်ခဲ့သော ကဲကုလသခ်ၤာတို့ကြောင့် သခ်ၤာပုံစံတစ်မျိုး ပြောင်းသွားခဲ့သည်။ အထူးသဖြင့် ပြင်သစ်၊ ဂျာမနီနှင့် ဥရောပနိုင်ငံများတွင် သခ်ၤာဘာသာနှင့်အတူ သခ်ၤာ အသုံးချသည့် နယ်ပယ်များ အလွန်တိုးတက်သောခေတ် ဖြစ်သည်။

ထိုအချိန်တွင် သခ်ၤာပညာရှင်နှစ်မျိုး ထင်ထင်ရှားရှား ပေါ်ပေါက်လာသည်။ တစ်မျိုးမှာ ကဲကုလ အပါအဝင်

သခ်ၤာဘာသာ အသီးသီးတို့ကို သိပ်ပံပညာ ဘာသာရပ် အသီးသီးတို့၌ အသုံးချရာတွင် တိုးတက်စေသော သခ်ၤာပညာရှင်များ ဖြစ်သည်။ ၎င်းတို့ကို အသုံးချသခ်ၤာပညာရှင်များ (Applied mathematicians) ဟု ခေါ်သည်။ ကျန်တစ်မျိုးမှာ ပိုက်သာဂိုရန့်၊ ယူကလစ်တို့ကဲ့သို့ သခ်ၤာကို အတွေးအခေါ်ဘာသာရပ် ဒဿနိက (Philosophy) ဆန်ဆန် လေ့လာသူများ (Pure mathematicians) ဖြစ်သည်။

သခ်ၤာကို အတွေးအခေါ်ဘာသာရပ်ကဲ့သို့ လေ့လာရာမှ သရုပ်ခွဲခြင်း ပညာ (Analysis) ဘာသာတစ်ခု ပေါက်ဖွားလာသည်။ ယင်းဘာသာရပ်မှာ အက္ခရာသခ်ၤာ ဂျီသြမေတြီ၊ အနာလစ်တစ် ဂျီသြမေတြီနှင့် ကဲကုလတို့ အားလုံးတို့၏ အခြေခံစဉ်းစားနည်း သဘောတရားများကို သီးခြားလေ့လာခြင်း ဖြစ်သည်။

ယခုအခါ သခ်ၤာသစ်၏ အခြေခံဟု ခေါ်တွင်နေသော အစုသီအိုရီကို စတင်ခဲ့သူများကား အင်္ဂလန်နိုင်ငံမှ ဂျေ့ဘူးလ်၊ ဂျွန်ဘင်းနှင့် ဂျာမန်နိုင်ငံမှ ဂျေ့ကင်တာတို့ဖြစ်သည်။

နှစ်ဆယ်ရာစုနှစ် – ကင်တာတီထွင်လိုက်သော အစုသီအိုရီကြောင့် သခ်ၤာလောကတွင် အုပ်စုနှစ်ခု ကွဲသွားသည်။ ၎င်းတို့မှာ Formalism အုပ်စုနှင့် Intuitionism အုပ်စုတို့ ဖြစ်ကြသည်။ ယင်းအုပ်စု နှစ်ခု စလုံးတွင် နာမည်ကြီး သခ်ၤာပညာရှင်ကြီးများ ပါဝင်နေကြသည်။

Formalism အုပ်စု၏ တွေးနည်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

အမှန်နှင့် အမှားဟူသည်ကား အခေါ်အဝေါ်များပင် ဖြစ်သည်။ ကြိုက်ရာကို မှန်သည်ဟု ယူဆသလို မှားသည်ဟုလည်း ယူဆနိုင်သည်။ မည်သည့်အရာများကို မှန်သည်ဟု ယူဆခြင်းဖြင့် မည်ကဲ့သို့သော အကျိုးဆက်များ ရရှိလာမည်ကို လေ့လာခြင်းသည် သခ်ၤာဖြစ်သည်။

Intuitionism အုပ်စု ယူဆချက်မှာ လူစိတ်ထဲတွင် မှန်သည်ဟု အလိုလို သိနေသော အရာများ ရှိသကဲ့သို့ မှားသည်ဟု သိနေသော အရာများလည်း ရှိနိုင်သည်။ ယင်းသိနေခြင်းကို သက်သေ ပြနေစရာလည်း မလို။ ဤအရာကို မှန်သည်ဟု ယူဆမည်ဟူ၍ ပြောနေစရာလည်း မလို ဟူ၏။

ဥပမာ– ၁၊ ၂၊ ၃၊ ၄.... ဟူသော ဂဏန်းများကို လေ့လာရာတွင် formalism သမားများက–

၁၊ ၂၊ ၃၊ ၄ စသော ဂဏန်းများရှိသည်ဟူသော အဆိုမှန်သည်ဟုယူဆကြပါစို့၊ ထိုအခါ မည်သည့်အကျိုးဆက်များဖြစ်လာမည်ကို လေ့လာကြမည်ဟူ၍ ဂဏန်းသခ်ၤာ၏ အခြေခံကိုစသည်။

ဤ အဆိုမျိုးကို intuitionism သမားများက ရယ်စရာလို ဟားပစ်ကြသည်။ ၁၊ ၂၊ ၃၊ ၄.... ဟူသော ဂဏန်းများရှိကြောင်း ကလေးမှအစလူတိုင်းသိကြသည်။ ရှိသည်ဟုယူဆပါဟု ပြောရန်မလိုဟု ဆိုကြပြန်သည်။

ထို့ကြောင့် formalism သမားများနှင့် intuitionism သမား နှစ်မျိုးစလုံးသည် အတွေးအခေါ် ဦးစားပေးသောသခ်ၤာသစ်ကို လေ့လာသူများဖြစ်သော်လည်း တွေးပုံတွေးနည်းမှာ ပြဒါးတစ်လမ်း၊ သံတစ်လမ်း ကဲ့သို့ ကွာခြားလှသည်။

ယင်းတွေးခေါ်ပုံ နှစ်နည်းမှ ယခုအခါ ခေတ်သစ်သခ်ၤာဟု လည်းကောင်း၊ သခ်ၤာသစ်ဟု လည်းကောင်း ခေါ်နိုင်သော ဘာသာရပ်ကြီး သုံးခု ပေါ်ပေါက်လာသည်။ ၎င်းတို့မှာ–

၁။ အက္ခရာသခ်ၤာ (Algebra)
၂။ သရုပ်ခွဲပညာ (Analysis)
၃။ တော်ပေါ်လော်ဂျီ (Topology)

တို့ဖြစ်ကြသည်။

"အက္ခရာသခ်ၤာ" ကို ရှေးအကျဆုံးနှင့် ခေတ်အမီဆုံးသော သခ်ၤာဘာသာဟု ခေါ်နိုင်ပေမည်။ မည်သည့် သခ်ၤာဘာသာရပ်တွင်မဆို အက္ခရာသခ်ၤာကို ဘာသာစကား (language) အဖြစ် သုံးရစမြဲဖြစ်သည်။ နှစ်ဆယ်ရာစုနှစ် အက္ခရာသခ်ၤာမှာမူကား အစုသီအိုရီနှင့် ယုတ္တိဗေဒကိုအခြေခံထား၍ ယင်းကို ခေတ်သစ်အက္ခရာသခ်ၤာ (Modern Algebra) သို့မဟုတ် ဝတ္ထုမဲ့အက္ခရာသခ်ၤာ (Abstract Algebra) ဟူ၍ ခေါ်တွင်သည်။

သရုပ်ခွဲပညာရပ်သည် အက္ခရာသခ်ၤာ၊ ဂျီသြမေတြီနှင့် ကဲကုလတို့အားလုံးကို စုစည်းသည့် အတတ်ပညာဟု ဆိုနိုင်သည်။ ယင်းဘာသာရပ်သည်လည်း အစုသီအိုရီနှင့် ယုတ္တိဗေဒကို အခြေခံသည်။ သခ်ၤာဘာသာရပ်အားလုံးတွင်ပါဝင်သော အခြေခံ စဉ်းစားတွေးခေါ်နည်းများကို ဦးစားပေး လေ့လာသောဘာသာရပ်ဖြစ်သည်။

"တော်ပေါ်လော်ဂျီ" သည် ဂျီသြမေတြီကိုပုံမဆဲဘဲ လေ့လာသောပညာရပ်ဟု ခေါ်နိုင်သည်။ ဂျီသြမေတြီကို ပုံမဆွဲဘဲ မည်ကဲ့သို့ လေ့လာနိုင်သနည်း။ အစုသီအိုရီနှင့် ယုတ္တိဗေဒကိုသုံး၍ လေ့လာနိုင်ပေသည်။ မည်မျှငယ်လျှင် ငယ်သည်ဟု ခေါ်သည်၊ မည်မျှနီးကပ်လာလျှင် နီးကပ်သည်ဟုခေါ်သည်၊ တိကျခြင်းအတိုင်းအတာကို မည်ကဲ့သို့ သတ်မှတ်သည် စသော သဘောတရားများကို လေ့လာသော ဘာသာရပ်ဟုလည်း ခေါ်နိုင်သည်။

ဒေါက်တာ ခင်မောင်ဝင်း



ဖန်ပြွန်သန္ဓေသား

ဆေးပညာ

ရာဇဝင်တွင်သည့် ထိုတစ်နေ့

၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့သည် ဒေါက်တာ စတက်တိုးအတွက် ထူးခြားသောနေ့တစ်နေ့ ဖြစ်၏။ အကြောင်းမှာ ထိုနေ့သည် သူ၏ဇနီး ရှီနာ၏မွေးနေ့ဖြစ်ရုံ မျှမက ထိုနေ့၌ သူသည် သူ့အား ကမ္ဘာကျော်စေမည့် "ဖန်ပြွန်သန္ဓေသား" ကို ပထမဦးဆုံးအကြိမ် အောင်မြင်စွာ စတင်သန္ဓေတည်ပေးသောကြောင့် ဖြစ်၏။

မှန်၏။ သူသည် ထိုနေ့ညနေ၌ သူ၏ဇနီးမွေးနေ့အတွက် ဇနီးသည်အား ညစာစားပွဲသို့ ခေါ်မသွားမီက လေးတွင် ဖန်ပြွန်သန္ဓေသားကို သန္ဓေယူမည့် သူလူနာ မစွက်လက်စလေဘရောင်းထဲ ဝင်၍ ကြည့်ရှုစမ်းသပ်ရဦးမည် ဖြစ်၏။ မစွက်ဘရောင်းမှာ အသက် ၃၁ နှစ်ရှိ၍ ခင်ပွန်းသည် ဂျွန်ဘရောင်းနှင့် ကလေးရရန် ၁၀ နှစ် ကျော်မျှကြိုးစားခဲ့သော်လည်း မရနိုင်သဖြင့် ယခုဖန်ပြွန် သန္ဓေတည်သည့်နည်းဖြင့် သန္ဓေယူမည်ဖြစ်လေသည်။

ပထမဆုံး ဖန်ပြွန်သန္ဓေသားကို ကြံဆမွေးပေးသူနှစ်ဦး

ဒေါက်တာစတက်တိုးမှာ ဗြိတိန်မှ သားဖွားနှင့်မီးယပ် အထူးကု ဆရာဝန်ကြီးတစ်ဦးဖြစ်ပြီး ဗြိတိန်နိုင်ငံလုံး ဆိုင်ရာ သန္ဓေတိုးပွားရေးအသင်း (British Fertility Society) နှင့် ကမ္ဘာ့သန္ဓေတိုးပွားရေးအသင်းများ အဖွဲ့ချုပ် (International Federation of Fertility Societies) တို့၏ ဥက္ကဋ္ဌဖြစ်သည်။ သူသည် အင်္ဂလန်နိုင်ငံ လန်ကက်ရှိုင်းယားနယ် အိုးလ်ဟမ်ကျေးရွာဆေးရုံ၌ အလုပ်လုပ်သည်။ ယခုကိစ္စတွင် သူတစ်ယောက်တည်း မလုပ်နိုင်။ ကိမ်းဗရစ်တက္ကသိုလ်မှ သန္ဓေဗေဒပညာရှင် ဒေါက်တာ ဇောဘတ်ဂျီအက်ဒဝပ်နှင့် ပူးတွဲလုပ်ဆောင်ရွက်ရမည် ဖြစ်၏။ ကမ္ဘာတွင် မည်သည့်နိုင်ငံ၌မျှ မအောင်မြင်သေးသောကိစ္စ။ သူတို့ကိုယ်တိုင် အကြိမ် ၁၀၅ ကြိမ်မျှ စမ်းသပ်လုပ်ကိုင်ခဲ့သော်လည်း မအောင်မြင်သေးသောကိစ္စ။

ဖန်ပြွန်သန္ဓေသားဟူသောဝေါဟာရ

ထိုကိစ္စကား အခြားကိစ္စမဟုတ်။ ဖြစ်ရိုးဖြစ်စဉ်မိခင်၏ ဝမ်း (သားအိမ်) အတွင်း၌ မျိုးစပ်၍ သန္ဓေတည်စေခြင်းမဟုတ်ဘဲ မိခင်၏မျိုးဥနှင့် ဖခင်၏မျိုးစေ့သုက်ကောင်တို့ကို မိခင်၏ ခန္ဓာကိုယ်ပြင်ပဖန်ခွက်ပြား (Petri Dish) ထဲတွင် သန္ဓေစပ်စေ၍ ယင်းသန္ဓေသား၌ ကလာပ်စည်းများ ပွားများလာသောအခါမှ မိခင်၏သားအိမ်ထဲပြန်ထည့်ပြီး သန္ဓေတည်စေသည့်နည်းဖြစ်၏။ ၁၉၃၂ ခုနှစ်က ကမ္ဘာကျော်ဗြိတိသျှစာရေးဆရာအယ်လ်ဒေါက်စ်ဟတ်စလေ (၁၈၉၄–၁၉၆၃) ၏ "ရဲရင့်ဆန်းသစ်သော

ကမ္ဘာ” အမည်ရှိ စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း လူသားများကို ဖန်ပြွန်ထဲတွင် မေထုန်မဲ့ မွေးထုတ်ပုံနှင့် နည်း လမ်း ဆင် ဆင် တူ သ ဖြင့် “ဖန်ပြွန်သန္ဓေသား” (Test Tube Baby) ဟု စိတ်ကူးယဉ် သိပ္ပံစာရေးဆရာများကခေါ်သည့် သန္ဓေသားမျိုးကို ဖန်တီးယူရမည့်နည်း ဖြစ်၏။

စင်စစ် ခန္ဓာကိုယ်ပြင်ပမျိုးစပ်ခြင်း

စင်စစ်မူကျိနည်းမှာ ဖန်ပြွန်သန္ဓေသားဟု ခေါ်သော်လည်း ဖန်ပြွန်ထဲတွင် သန္ဓေစပ်ခြင်း၊ သန္ဓေတည်ခြင်း မဟုတ်။ ဖန်ပြားထဲတွင် မိခင်၏မျိုးဥနှင့် ဖခင်၏သုက်ကောင်တို့ကို တစ်ရက်သို့မဟုတ် နှစ်ရက်သာထား၍ မျိုးစပ်အောင်မြင်သော သန္ဓေဥကို မိခင်ဝမ်းထဲ ပြန်ထည့်ပြီး ထိုဝမ်းထဲ၌ပင် သန္ဓေတည်ကြီးထွားစေ၍ အချိန်ကျသော အခါ အခြားကလေးများလို ရိုးရိုးသို့မဟုတ် ဗိုက်ခွဲ၍ မွေးခြင်းဖြစ်၏။ အဖေမဲ့၊ အမေမဲ့၊ အုတ်ကြွားမြက်ပေါက် ဖန်ပြွန်ထဲမှ မွေးလာခြင်းမဟုတ်ပေ။ သို့ဖြစ်၍ ဤနည်း ဖြင့်မွေးလာသောကလေးများကို ရိုးရိုးလူမျှားနှင့် မနှစ်မြို့သူများက “ဖန်ပြွန်သန္ဓေသား” ဟု ခေါ်သော်လည်း ဆေးပညာရှင်များကမူ “ခန္ဓာပြင်ပမျိုးစပ်မွေးလာသူ” (In Vitro Fertilized Child) ဟု ခေါ်သည်။ အတို ကောက်အားဖြင့် အိုင် ဗီ အက်ဖ် ကလေးများ I V F Children ဟု ခေါ်လေသည်။ ဤမျိုးစပ်နည်းကိုလည်း အိုင် ဗီ အက်ဖ် (In Vitro Fertilization) ဟုခေါ်သည်။

ထိုနေ့ညက ဒေါက်တာစတက်တိုးနှင့် ဒေါက်တာအက် ဒဝပ်တို့သည် ညနေ ၅ နာရီမှ ည ၁၂ နာရီ သန်းခေါင် အထိနေကာ မစွက်ဘရောင်း၏ မမျိုးဥကိုစောင့်၍ မျိုးစပ်ခြင်း အမှုကိုပြုကြရ၏။ ဒေါက်တာစတက်တိုး ဇနီး၏ မွေးနေ့ညစာစားပွဲမှာ ကသုတ်ကရက်နှင့်သာ ပြီးသွားရရှာလေသည်။


ကမ္ဘာ့ ပထမဦးဆုံး ဖန်ပြွန်သန္ဓေသား

သို့သော် ထိုနေ့ညက သူတို့ညစာကောင်းစွာ မစားရမှု၊ ဇနီးသည်၏ငြူစူခံရမှုနှင့် အိပ်ရေးပျက်ပင်ပန်းမှုတို့မှာ များစွာတန်လေသည်။ အကြောင်းမူ ထိုနေ့မှ ကိုးလလွန် မြောက်သောအခါ ၁၉၇၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် သန်းခေါင်ယံ၌ ဒေါက်တာ စတက်တိုးနှင့် ဒေါက်တာ အက်ဒဝပ်တို့သည် မစွက်ဘရောင်းမှ ထိုမျိုးစပ်နည်းဖြင့် ရလာသော သန္ဓေသားသမီးကလေး လူစီဘရောင်းကို အောင်မြင်စွာဗိုက်ခွဲ၍မွေးပေးနိုင်သောကြောင့်ပေတည်း။ ထိုသို့မွေးပေးမှုမှာ ကမ္ဘာကျော် ဆေးပညာအောင်မြင်မှုတစ်ရပ်ပင် ဖြစ်ပေသည်။ ထိုမှ နောက်ခြောက်လ အကြာတွင် ဒေါက်တာစတက်တိုးနှင့် ဒေါက်တာ အက်ဒဝပ်တို့သည် မစွက်ဂရေ့စ် မောင်ဂိုမာရီအတွက် လည်း ခန္ဓာကိုယ်ပြင်ပမျိုးစပ်နည်းဖြင့်ပင် အများအခေါ် “ဖန်ပြွန်သန္ဓေသား” ကလေးငယ်တစ်ဦးကို ထပ်မံမွေးဖွားပေးခဲ့ပေ၏။ ထိုကလေးကား ယောကျ်ားလေးဖြစ်သည်။ အမည်ကား အယ်လစ်စတာဂျိမ်းစ်မောင်ဂိုမာရီဖြစ်သည်။

၁၉၇၈ ခုနှစ် ဖန်ပြွန်သန္ဓေသားတစ်ဦးအတွက် ကုန်ကျစရိတ်

ဤဖန်ပြွန်သန္ဓေသားများကို တစ်ဦးပြီးတစ်ဦးမွေးလာရာ ၁၉၇၈ ခုနှစ်ထိ တစ်ကမ္ဘာလုံး၌ ယင်းကလေးမျိုးသုံးထောင်ကျော်မျ မွေးဖွားပြီးဖြစ်၏။ ယင်းကလေးသုံးထောင်တွင် တစ်ဝက်ခန့်မှာ အမေရိကန်ပြည်ထောင်စုမှ ဖြစ်၏။ အမေရိကန်ပြည်ထောင်စု၌ ကလေးလိုချင်လျက် ကလေးမရနိုင်သော ဇနီးမောင်နှံများမှာ အပုံပင်။ တတ်နိုင်သောသူများသည် ကလေးရအောင် ငွေကိုပုံ၍ နည်းမျိုးစုံသုံးကြရာ ယခု ၁၉၇၈ ခုနှစ်၌ ဖန်ပြွန်သန္ဓေသားကလေးတစ်ဦးရဖို့အမေရိကန်ဒေါ်လာ တစ်သိန်း (မြန်မာငွေ ကျပ်ခြောက်သိန်း) ခန့်အနည်းဆုံးကုန်ကျသည်ဟူ၏။ ဤနည်းဖြင့် စီးပွားဖြစ်မွေးပေးနေသောဆေးခန်းမွေးခန်းများလည်းအပုံပင်ရှိလေသည်။

စင်စစ် ခန္ဓာကိုယ်ပြင်ပမျိုးစပ်ခြင်းဖြင့် သန္ဓေတည် မွေးဖွားနည်းမှာ လူတိုင်းထင်သလောက် လွယ်လှသည် မဟုတ်ပေ။ ယခုထိ အောင်မြင်မှုမှာ ၁၀ ရာနှုန်းသာရှိ၏။



ဖန်ပြွန်သန္ဓေသားဖွားခန်းတစ်ခု၌ နည်းပညာရှင်တစ်ဦးက သုက်ရည်နှင့် မျိုးဥကို ရောစပ်ကာ စစ်ဆေးကြည့်ရှုနေပုံ အမေရိကန်ပြည်ထောင်စုတွင် ထိုသားဖွားခန်းမျိုး ၂၀၀ ခန့် ပေါ်ပေါက်နေပြီဖြစ်သည်။

စာရေးဆရာ အယ်လ်ဒေါက် ဟတ်စလေ၏ "ရဲရင့်ဆန်းသစ်သောကမ္ဘာ" စာအုပ်၌ပင် ဤနည်းဖြင့်လူကို အေဒီ ၂၆ ရာစုတွင်မှ ဖန်တီးနိုင်မည်ဟု ဖော်ပြထားလေသည်။ စင်စစ် ဒေါက်တာစတက်တိုးနှင့် ဒေါက်တာ အက်ဒဝပ်တို့သည် ၁၀ နှစ်ကျော်မျှအအိပ်ပျက်၊ အစားပျက်ခံသုတေသနပြုပြီး လူပေါင်း ၁၀၀ ကျော် စမ်းသပ်ပြီးမှသာ အောင်မြင်ခဲ့ကြသည်။ သူတို့၏ အဆင့်ဆင့် စမ်းသပ်အောင်မြင်မှုသမိုင်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ကမ္ဘာ့ပထမဦးဆုံးဖန်ပြန်သန္ဓေသားမွေးနိုင်ရန် သုတေသနအဆင့်ဆင့်

(၁) ၁၉၆၀ ပြည့်နှစ်မှစ၍ ဒေါက်တာစတက်တိုးသည် ဒေါက်တာဆမ်း၊ ဒေါက်တာအာရ်ပါးမား တို့နှင့်အတူ ဝမ်းဗိုက်အတွင်းသို့ မခွဲမစိတ်ရဘဲထိုးကြည့်နိုင်သော ဝမ်းဗိုက်ကြည့်ကိရိယာ (Laproscope) ကို စတင်ကြံစည်တီထွင်သည်။ ဤကိရိယာဖြင့်သာလျှင် မိခင်လောင်း၏ ဝမ်းဗိုက်အတွင်းရှိ မျိုးဥ

ခန္ဓာကိုယ် ပြင်ပ မျိုးစပ် သန္ဓေတည်ခြင်း (အိုင် ဗီ အက်ဖ်)
နည်းလမ်းအဆင့်ဆင့်




အင်္ဂါနှင့်သန္ဓေပြုန်၊ သားအိမ် တို့ကို ကြည့်ရှု စစ်ဆေးနိုင်မည် ဖြစ်သည်။

(၂) ၁၉၇၀ ပြည့်နှစ်ဝန်းကျင်တွင် အမျိုးသမီးများ မမျိုးဥအင်္ဂါကြွေခြင်းကို အတိအကျ သိနိုင်ရန် စမ်းသပ်စစ်ဆေးကြသည်။ မမျိုးဥကြွေခြင်းမှာ ရာသီခွင်အလည်လောက်၌ဖြစ်ရာ မျိုးဥမကြွေမီ တစ်ရက်အလို၌ အမျိုးသမီး၏ ခန္ဓာကိုယ်အပူရှိန် ရုတ်တရက်ကျခြင်းနှင့်အတူ သွေးအတွင်းရှိ ဟိုမုန်း ဓာတ်များ ပြောင်းလဲသည်။

(၃) ထိုသို့ မျိုးဥကြွေရန် တစ်ရက်အလို၌ ဟိုမုန်းဓာတ်များ ပြောင်းလဲရာတွင် မျိုးဥကြွေ ဟိုမုန်းမှာမူ ရုတ်တရက် ပမာဏ မြင့်မားလာသည်ကို တွေ့ရှိရာ ဤသည်မှာ အသေချာဆုံး ပြောင်းလဲမှုဖြစ်သဖြင့် ထိုအချိန်၌ မိခင်လောင်းထံမှ မျိုးဥကို ဝမ်းဗိုက် ကြည့် ကိရိယာမှတစ်ဆင့် ထုတ်ယူ ရရှိနိုင်အောင် ဆောင်ရွက်ရသည်။ ထိုဆောင်ရွက်သောနည်းမှာ ၁၉၇၇–၇၈ ခုနှစ်တွင်မှ အောင်မြင်သည်။

(၄) မမျိုးဥနှင့် မျိုးစပ်ရန် ဖခင်၏ သုက်ရည်ကို မိမိ ဘာသာ လက်ဖြင့် ဖြေဖျောက်သောနည်းဖြင့် ထုတ်ယူစေပြီးနောက် သုက်ကောင်များမသေကြေ မပျက်စီးဘဲ အစွမ်းထက်စွာရှိရန်သိုလှောင်ခြင်းနှင့် အနည်ထိုင်စုခြင်းတို့ကို ပြုလုပ်ရသည်။



၃။ ထိုသို့ မစုပ်ယူမီ ဖခင်၏ သုက်ရည်ကို ထုတ်၍ သုက်ကောင်များ အစွမ်းထက်စွာရှိအောင် သိုမှီးထားရသည်။ ယင်း သုက်နှင့် စုပ်ယူသော မမျိုးဥတို့ကို ဖန်ခွက်ပြားထဲ၌ ရောပေးလိုက်သော အခါ မျိုးစပ်မှုဖြစ်ပေါ်လာသည်။

၄။ မျိုးစပ်အောင်မြင်သော သန္ဓေဥသည် ချက်ခြင်းပင် ကလာပ်စည်းများ ပွားလာရာ ဩဇာသီးပုံသဏ္ဌာန်ဖြစ်ပေါ်လာသည်။ ဤသို့ ဖြစ်ပေါ်လာရန် နှစ်ရက်မှ လေးရက်ထိ ကြာသည်။

၅။ ဩဇာသီးပုံရှိသော သန္ဓေသားကို ကလာပ်စည်း ရှစ်ခုမှ ၁၆ ခုအတွင်း (ယခုအခါ ကလာပ်စည်း ၁၀၀ ထိ) မိခင်၏ သားအိမ်၌ သန္ဓေတည်ရန် ကောင်းသောအချိန်၌ (များသောအားဖြင့် ငါးရက်အကြာ၌) သဘာဝ လမ်းကြောင်းမှ သားအိမ်ခေါင်းပြွန်ကို ဖြတ်၍ သားအိမ်ထဲသို့ ထိုးသွင်းပေးရသည်။ ယင်းသန္ဓေသားသည် မိခင်၏သားအိမ်အတွင်းမြှုပ်၌ တွယ်ကပ် ကြီးထွားလာခြင်းဖြင့် အောင်မြင်သော သန္ဓေသားကလေးအဖြစ် ကြီးထွားလာလေသည်။

(၅) မျိုးစပ်မည့် မမျိုးဥမှာ တစ်လုံးတည်းရှိရန်အတွက်လည်း စုပ်ယူ ရရှိသော မမျိုးဥများကို စိစစ်၍ ဖယ်ရှားပစ်ရသည်။ အကောင်းဆုံးနှင့် အမှည့်ဆုံး မမျိုးဥကိုသာ မျိုးစပ်ရာ၌ အသုံးပြုရလေ့ရှိသည်ကိုလည်း ၁၉၇၇-၇၈ ခုနှစ်ကမှသာ အောင်မြင်စွာပြုလုပ်နိုင်သည်။

(၆) ရရှိလာသော မမျိုးဥနှင့် အပြင်တွင် အဆင်သင့်သို့လျောင်ထား သော အစွမ်းရှိသော ဖခင်၏သုက်ကောင်များကို ခန္ဓာကိုယ်၏ပြင်ပ၌ မျိုးစပ်၍ ရအောင် စမ်းသပ်လေ့ကျင့်ရသည်။ ၁၉၆၀ ပြည့်နှစ် မတိုင်မီက တိရစ္ဆာန်များ၏ မမျိုးဥနှင့် သုက်ကောင်များကို ခန္ဓာကိုယ်၏ပြင်ပ၌ မျိုးစပ်၍ ရသော်လည်း လူအတွက်မူ မရခဲ့ပေ။ ၁၉၆၉ ခုနှစ်ကမှသာလျှင် လူ၏ မျိုးဥနှင့် သုက်ကောင်တို့ကို ခန္ဓာကိုယ်ပြင်ပ ဖန်ခွက်ပြားထဲ၌ စပ်၍အောင်မြင်သည်။ သို့သော် ယင်းသို့ မျိုးစပ်အောင်မြင်သော သန္ဓေသားများသည် ကလာပ်စည်း သုံး၊ လေးခု ထက် ပို၍ ပွားများမသွားနိုင်ရုံမျှ မက မိခင်၏ သားအိမ်တွင်းသို့လည်း ထည့်သွင်း၍ မရချေ။

(၇) သို့ဖြစ်၍ ခန္ဓာကိုယ်ပြင်ပတွင် မျိုးစပ် အောင်မြင်သော လူသန္ဓေသားဥကို အချိန် ကြာမြင့်စွာ ကလာပ်စည်း ခြောက်ခုမှ ၁၆ ခုအထိ ရှိအောင် ရှင်နိုင်ရန်နှင့် ယင်းကလာပ်စည်းများ ပါသော သန္ဓေဥကို မိခင်၏ သားအိမ်ထဲသို့ သဘာဝ လမ်းကြောင်းမှ အောင်မြင်စွာထိုးသွင်းနိုင်အောင် ကြံဆောင်ရသည်။ လူပေါင်း ၁၀၀ ကျော်တွင် စမ်းသပ်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် မစွက်ဘရောင်းကမှသာလျှင် အောင်မြင်စွာ ပြုလုပ်နိုင်ခြင်းဖြစ်သည်။

(၈) ထိုသန္ဓေဥသည် မိခင်၏ သားအိမ်ထဲ၌ ပုံမှန်ကြီးတွားနိုင်ရန် အစစ ဂရုစိုက်ကြရသည်။ ရှေးယခင်က သားအိမ်ထဲသို့ သန္ဓေဥသွင်းရန် ခက်ခဲသကဲ့သို့ သွင်းထားသော သန္ဓေဥများမှာလည်း ပျက်စီးခြင်း၊ ကွာကျခြင်း၊ သေဆုံးခြင်းဖြင့် သန္ဓေသား အဖြစ်သို့ ရောက်မလာပေ။ ယခုအခါကမှသာလျှင် ဤပြင်ပမျိုးစပ် အောင်မြင်သော သန္ဓေသားသည် ကိုယ်ဝန်အဖြစ် ပုံမှန်ကြီးထွားခဲ့သည်။

(၉) ပုံမှန် ကြီးထွားလာသော သန္ဓေသားအတွက် အချင်း ဖြစ်ပေါ်မှု ရှိမရှိလည်း စိုးရိမ်ကြီးစွာ စောင့်ကြည့်ရသည်။ ဤအတွက်အရေးကြီးဆုံးမှာ မိခင်၏ သားအိမ် အတွင်းမြေးသည် သန္ဓေသားတည်မြဲရန်အတွက် အဆင်သင့် ဖြစ်မဖြစ်၊ အချင်း ဖြစ်ရန်အတွက် လိုအပ်ချက် ပြည့်စုံ၊ မပြည့်စုံတို့ကို စစ်ဆေးခြင်းဖြစ်သည်။ သန္ဓေတည်ဟိုမုန်းဓာတ် အပါအဝင် အခြားဟိုမုန်းဓာတ် ပမာဏများကို နေ့စဉ်အချိန်မှန် စစ်ဆေးကြည့်ရှုလေ့လာရသည်။ အလွန်တိကျ သေချာရသော၊ ငွေကုန်ကြေးကျများသော စမ်းသပ်မှုများပင် ဖြစ်သည်။

(၁၀) ကြီးထွားလာသောသန္ဓေသားသည် ပုံမှန်ကြီးထွားရုံသာမက ခန္ဓာကိုယ် ချုတ်ယှင်းမှုများ၊ မျိုးရိုးဗီဇလိုက်သော ရောဂါများ၊ အခြား ရောဂါများ ပါမပါကိုလည်း ကိုယ်ဝန်သက်တမ်း တစ်လျှောက်လုံး လေ့လာ စမ်းသပ်နေရသည်။ သန္ဓေသား ၁၆ ပတ်အရွယ်မှစ၍ အသံလှိုင်း တုန်ခါကိရိယာ၊ ဓာတ်မှန်နှင့် ရေမြွှာဖောက်ခြင်း အပါအဝင် နည်းများစုံဖြင့် လေ့လာ စစ်ဆေးရသည်။

(၁၁) အရွယ်ရောက်လာသောအခါ သန္ဓေသားကို ဗိုက်ခွဲမွေးခြင်းဖြင့် ဖြစ်စေ၊ ရိုးရိုး မွေးလမ်းကြောင်းမှ ဖြစ်စေ မွေးပေးရန် ပြင်ဆင်ရသည်။ ပထမဦးဆုံးသော ဖန်ပြုန်သန္ဓေသား လူစီဘရောင်းကို ဗိုက်ခွဲမွေးခြင်းဖြင့် မွေးပေးခဲ့သည်။

ဖန်ပြုန်သန္ဓေသားအစ ခန္ဓာဗေဒနှင့် သန္ဓေဗေဒ ပညာရှင်များက

ဤသို့ဒေါက်တာစတက်တိုးနှင့် ဒေါက်တာအက်ဒဝပ်တို့ အရပ်အခေါ် ဖန်ပြုန်သန္ဓေသား၊ ဆေးပညာအခေါ် ခန္ဓာကိုယ်ပြင်ပ မျိုးစပ်၍ရသောသန္ဓေတည်ခြင်းကို အောင်မြင်အောင် ပြုလုပ်ပေးသော အဓိကအချက်မှာ သန္ဓေ၏ကလာပ်စည်း ပွားများမှုနှုန်းကို သိနိုင်ခြင်းပင် ဖြစ်သည်။ သန္ဓေဥသည် မျိုးစပ်ပြီး ပြီး ချင်း ကလာပ်စည်းများ ပွားများရာ ၂၄ နာရီကြာလျှင် နှစ်ခု၊ ၄၈ နာရီကြာလျှင် ရှစ်ခုအထိပွားများ၍ ကလာပ်စည်း ၁၄ ခုနှင့် ၁၆ ခုကြား အရွယ် လေးရက် ငါးရက်အရ၌ သားအိမ်တွင် တွယ်ကပ်သည်။ ဤအချက်များကို ၁၉၇၅ ခုနှစ်၌ အမေရိကန် ပြည်ထောင်စုမှ သန္ဓေဗေဒပညာရှင် ဒေါက်တာဟားတစ်နှင့် ဒေါက်တာရော့ခ်တို့သည် ပျက်ကျသော သန္ဓေသားများကို လေ့လာရာမှ စတင် သိရှိခဲ့ကြသည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ခန္ဓာဗေဒ ပါမောက္ခဆာ ဆော်လီ ဇူကာမင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မျိုးဥ တွယ်ကပ်ခြင်း လေ့လာရေးအဖွဲ့ (Society for Implantation of Ova) မှ ဆေးသိပ္ပံ ပညာရှင်များက အသေးစိတ် လေ့လာ စမ်းသပ် နည်းလမ်း ဖော်ပေးခဲ့ကြသည်။

ထိုအဖွဲ့၌ ဒေါက်တာ အက်ဒဝပ် အလုပ်လုပ်သော

ကိမ်းဗရစ်တက္ကသိုလ်မှ ခန္ဓာဗေဒ ပါမောက္ခ၊ သန္ဓေဗေဒ ပညာရှင် ဒေါက်တာဘို့ကြ်လည်း ပါဝင်သည်။ ယင်း ဒေါက်တာဘို့ကြ်သည် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့ ဆေးတက္ကသိုလ် အားလုံး၌ ဒုတိယနှစ် အမ်ဘီဘီအက်စ် အတန်းနှင့် ဘွဲ့လွန် သင်တန်းများ၏ ကျောင်းသုံးစာအုပ် အဖြစ် အသုံးပြုသော သန္ဓေဗေဒ ကျောင်းသုံးစာအုပ် (A Textbook of Embryology by Hamilton, Boyd, and Mossman) ၏ ကျမ်းပြု စာရေးဆရာဖြစ် သည်။

ပြောင်းလဲ တိုးတက်လာသော ဖန်ပြုန်သန္ဓေသား ယူနည်းများ

ယခုအခါ၌မူ ခန္ဓာကိုယ်ပြင်ပ မျိုးစပ်၍ သန္ဓေတည် ခြင်းကို ထိုမျှ ခက်ခက်ခဲခဲ ပြုလုပ်ရန် မလိုတော့ချေ။ ယင်းနည်းနှင့် ပတ်သက်၍ ဇီဝသိပ္ပံသဘောအရ သိသင့် သောအချက်အားလုံးလိုလိုပင် ဆေးသိပ္ပံပညာရှင်များက သိရှိနေကြပြီ ဖြစ်ပေသည်။ မမျိုးဥ ကြွေရန်အတွက်လည်း သဘာဝနည်းကိုသာမက ကလိုမိဖင်း စသောဆေးများကို ကျွေး၍ သေချာပေါက် ကြွေစေနိုင်သည်။ သုက်ကောင် ကိုလည်း ဖခင်ထံမှဖြစ်စေ၊ အခြားသူထံမှဖြစ်စေ လိုအပ် သလို ယူ၍ရသည်။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု၌ ဥာဏ်ပညာ ထက်မြက်သော ကလေးများကို ရယူလိုသူ တို့အတွက် နိုဗဲဆုရ သိပ္ပံပညာရှင်များ၏ သုက်ရည်များ ကိုပင် သိုလှောင်၍ ရောင်းချပေးနေပေသည်။ ထိုသို့ စတင် သိုလှောင် ရောင်းချပေးသူမှာ အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့မှ မစ္စတာ ရောဘတ်ကေဂရေဟမ်ဖြစ်သည်။ သူကိုယ်တိုင်မှာ မျက်မှန် ကျိုးကျင်သူ သန်းကြွယ်သူဌေးဖြစ်၍ သူ၏ ဇနီးမှာမူ ဆရာဝန်မ ဖြစ်သည်။ ဤသည်မှာ ၁၉၈၀ ပြည့်နှစ်က ဖြစ်၏။

မမျိုးဥ မကြွေနိုင်သော အမျိုးသမီးများအနေဖြင့် လည်း တကယ်ပင် ကလေးရလိုပါက အခြားအမျိုးသမီး တစ်ဦး၏ မမျိုးဥကို ဝယ်ယူ၍ မိမိလင်သား၏ သုက်ကောင် ဖြင့်ဖြစ်စေ၊ အခြားသူတစ်ဦးဦး၏ သုက်ကောင်ဖြင့်ဖြစ်စေ ခန္ဓာကိုယ် ပြင်ပတွင် မျိုးစပ်ကာ မိမိသားအိမ်တွင်းသို့ သွင်း၍ မိမိကလေးအဖြစ် မွေးယူနိုင်သည်။ အကယ်၍ မိမိ ကိုယ်တိုင်မှာ မည်သို့မျှ မမျိုးဥလည်း မကြွေနိုင်၊ သန္ဓေ လည်း မဆောင်နိုင် (၀၊) သားအိမ်မရှိဟု ဆိုပါက မိမိ ကိုယ်စား အခြားအမျိုးသမီးတစ်ယောက်ကို ပိုက်ဆံပေး၍ သန္ဓေတည်စေနိုင်သည်။ ဤသည်ကို အစားထိုး မိခင်ငှား ခြင်း (၀၊) အငှားမိခင် (Surrogate Mother) ဟု ခေါ်သည်။

ပြဿနာဖြစ်နေသော အငှားမိခင်

ဤအငှားမိခင်များကို သြစတြေးလျနှင့် အမေရိကန် ပြည်ထောင်စု၌ အခကြေးငွေများစွာယူ၍ ပြုလုပ်ကြရာ အမေရိကန် ပြည်ထောင်စု၌ အများဆုံးပင် ဖြစ်သည်။ သို့သော် ယင်း အငှားမိခင် အခွဲသည် ပိုက်ဆံ ယူပြီး ကလေးမွေးလာသောအခါ ကလေးကို ပိုင်ရှင်မိဘများထံ ပြန်မပေးချင်ကြပေ။ ၁၉၇၇ ခုနှစ်အတွင်း၌ အငှားအမေ နှင့် ကလေးယူလိုသောဖမင်၊ မိခင်တို့ ကလေးမွေးပြီးမှ အငှားမိခင်က ကလေးပြန်မပေး၍ အကြီးအကျယ် ပြဿနာတက်ခဲ့သည်ကို အမေရိကန် သတင်းစာနှင့် သတင်းဂျာနယ်များက ဖော်ပြကြသည်။ ဥပမာ–ကလေး အမ် (Baby M) ပြဿနာကို ၁၉၈၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်နေ့ထုတ် Newsweek သတင်းမဂ္ဂဇင်း၌ အပြည့် အစုံဖော်ပြခဲ့သည်။

စီးပွားဖြစ် လုပ်ကိုင်လာသော ဖန်ပြုန်သန္ဓေသား ဆေးခန်းများ

သို့ပင်ဖြစ်သော်လည်း ကလေးမရဘဲ ကလေးယူလိုကြ သော အိမ်ထောင်ရှင်များမှာ ကလေးရယူရန်အတွက် အငှားမိခင်များကိုငှား၍ပင်ဖြစ်စေ၊ ဇနီးမယား ကိုယ်တိုင် ပင်ဖြစ်စေ ဆက်လက်၍ ခန္ဓာကိုယ်ပြင်ပ မျိုးစပ်ခြင်းဖြင့် သန္ဓေယူလျက်ရှိကြသည်။ ဖခင်၏သုက် သို့မဟုတ် အခြား သူများ၏သုက်များကိုလည်း ကြိုက်သလို အသုံးပြုလျက်ရှိ ကြသည်။ ဤသို့ဖြင့်ဖန်ပြုန်သန္ဓေသားကို စီးပွားဖြစ်လုပ် ကိုင်ပေးနေသော ကုမ္ပဏီများမှာလည်း ကြီးပွားတိုးတက် လျက်ရှိသည်။ ယခု အမေရိကန်၌ ယင်းကုမ္ပဏီဆေးခန်း ပေါင်း ၁၆၀ ကျော်ရှိသည်။ နယူးယောက်မြို့မှ အိုင်ဗီ အက်ဖ် သြစတြေးလျကုမ္ပဏီသည် သူတို့မွေးပေးခဲ့သော ဖန်ပြုန်သန္ဓေသားကလေး ၁၆၉ ယောက်ကိုစု၍ မိတ်ဆုံပွဲ နှင့်ကြော်ငြာပွဲကို ၁၉၈၈ ခုနှစ် ဧပြီလက တခမ်းတနား ပြုလုပ်ပေးခဲ့သည်။ ထိုဖန်ပြုန်သန္ဓေသားများ၌ အမြှောင်း မြှာလည်းပါသည်။

ဖန်ပြုန်သန္ဓေသားနှင့်ဆေးပညာရှင်တို့အမြင်

ဤသို့ စီးပွားဖြစ် ဖန်ပြုန်သန္ဓေသား လုပ်ဆောင်ခြင်း ကို ဆေးပညာရှင်များသည် လုံးဝမနှစ်မြို့ကြချေ။ ဤ ဖန်ပြုန်သန္ဓေတည်နည်းဖြင့် ပထမဦးဆုံး ကလေး မွေးပေးသူ ဒေါက်တာစတက်တိုးနှင့် ဒေါက်တာအက်ဒဝပ် တို့က ၁၉၇၈ ခုနှစ်ကပင် ဤနည်းကို စီးပွားဖြစ်မလုပ်ရန် ပြောဆိုခဲ့ကြသည်။ သူတို့အနေဖြင့် သဘာဝနည်းအမျိုး မျိုးဖြင့် ကြိုးစားသည့်တိုင် ကလေးမရနိုင်သော ကလေး

လိုချင်သည့် လင်စုံမယားစုံတို့ကိုသာ ကလေးရအောင် ပြုလုပ်ပေးသင့်ကြောင်း ပြောခဲ့ကြသည်။ ထို့အပြင် ဤနည်းဖြင့် မျိုးစပ်အောင်မြင်လာသော သန္ဓေသားများကို ရှင်သန်စွာ ကလေးအဖြစ် မွေးလာသည်အထိ မထားဘဲ သန္ဓေသားဘဝအရွယ် အမျိုးမျိုးတွင် ဆေးဖြင့်ဖြစ်စေ၊ လက်နက်ကိရိယာဖြင့်ဖြစ်စေ၊ အခြားနည်းများဖြင့်ဖြစ်စေ သန္ဓေသား ကျိုးပဲ့ချတ်ယွင်း ပျောက်ကွယ်သေစေသည့် သုတေသနများကိုမပြုလုပ်ရန်လည်းဟောပြောခဲ့ကြသည်။

ဥပဒေနှင့်ဘာသာရေးရှုထောင့်

သို့သော် လွန်ခဲ့သော ၁၅ နှစ်ခန့်အတွင်း၌ အင်္ဂလန်အပါအဝင် အနောက် ဥရောပ တစ်ခွင်နှင့် အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျတို့၌ သန္ဓေသား သုတေသနအမျိုးမျိုးကို ပြုလုပ်ခဲ့ကြသည်။ သို့ဖြင့် ယခုအခါ ဆေးပညာရှင်များ၏ တောင်းဆိုချက်အရ ယင်းနိုင်ငံများသည် ဖန်ပြန်သန္ဓေသားပြုလုပ်ခြင်း၊ ခန္ဓာကိုယ်ပြင်ပမျိုးစပ်၍ သန္ဓေတည်ခြင်းနှင့်စပ်လျဉ်း၍ သန္ဓေသားနှင့် မိခင်ဖခင်တို့အား အကာအကွယ်ပေးသည့် ဥပဒေများကို ပြဋ္ဌာန်းလာကြရသည်။ ကက်သလစ်ဘာသာဝင်တို့အဖို့မူ ဤနည်းဖြင့် ကလေးမယူရန်နှင့် ဤနည်းဖြင့်ရလာသော သန္ဓေသားကိုလုံးဝ မထိကိုင်ရန်၊ မပတ်သက်ရန် ပုပ်ရဟန်းမင်းကြီးက ၁၉၇၀ ပြည့်နှစ် စောစောပိုင်းကပင် ပိတ်ပင်တားမြစ်ခဲ့သည်။ လူမှုရေးပညာရှင်များနှင့် ဥပဒေပညာရှင်များကမူ ဤနည်းဖြင့်သန္ဓေယူခြင်းကို ကလေးမွေးရန် အတွက်ဆိုပါက ထောက်ခံ၍ အခြားသုတေသနကိစ္စများအတွက်မူ လုံးဝထောက်ခံခြင်း မပြုကြချေ။

ဖန်ပြန်သန္ဓေသားသည်
အတော်ဆုံး၊ အလှဆုံး ကလေးမဟုတ်

ဤ၌ မိမိ ယူလိုသော ကလေးကို ဤနည်းဖြင့် ယူနိုင်သည် ဆိုသဖြင့် မိမိ လိုချင်တိုင်း လိုသလို ရမည်ဟုကား သေချာပေါက် မပြောနိုင်ပေ။ ဥပမာ – ဇနီး ခင်ပွန်း စုံတွဲတစ်တွဲသည် ဉာဏ်ကောင်းသောကလေးကို ရယူလိုသည်ဆို၍ ဉာဏ်ကောင်းသော မိန်းမတစ်ဦး၏ မျိုးဥနှင့် ဉာဏ်ကောင်းသော ယောကျ်ားတစ်ဦး၏ သုက်ကို မျိုးစပ်၍ ကလေးကိုယူသည်ဆိုပါစို့။ ထိုသို့ယူလျှင် ထိုကလေးသည် မျိုးရိုး ဗီဇ သဘော အရ ဉာဏ်ကောင်းချင်မှ ကောင်းပေမည်။ အကြောင်းမှာ သဘာဝတရားအရ ဉာဏ်ကောင်းသော သူ နှစ် ဦး မှ မွေး လာ သော သူများမှာ မိဘများလောက် ဉာဏ်ကောင်းချင်မှ ကောင်းသောကြောင့်ဖြစ်သည်။ (Law of regression to norm) ကမ္ဘာကျော် အင်္ဂလိပ်ပြဇာတ်ဆရာကြီး ဂျော့ ဘားနတ်ရှော (၁၈၅၆–၁၉၅၀) က အလှဘုရင်မ ပြဇာတ်မင်းသမီးတစ်ဦးအား "မင်းနဲ့ငါနဲ့ရရင် မင်းလိုရုပ်ချောပြီး ငါလိုဉာဏ်ကောင်းတဲ့ ကလေးတွေချည်း မွေးလာမယ်မထင်နဲ့။ ငါလိုရုပ်ဆိုးပြီး မင်းလို ဉာဏ်ထိုင်းတဲ့ ကလေးတွေလည်း မွေးလာနိုင်တာပဲ" ဟု ပြောသကဲ့သို့ မိဘတွေ၏ မကောင်းသောဗီဇတွေချည်းလည်း သားသမီးများ၌ စုမွေးလာနိုင်သောကြောင့် ဖြစ်သည်။


စိတ်ဝင်စားဖို့ကောင်းသည်မှာ မျိုးရိုးဗီဇဗေဒပေါ်ကာစ ၁၉၁၀ ပြည့်နှစ်လောက်က လူအခွျိသည် လူသားတို့၏ မျိုးရိုးဗီဇ အကောင်းများကိုသာ မြှင့်တင်ရန် ဆိုပြီး လောကဘ္ဝ အရုပ်ဆိုးသူ၊ ဉာဏ်ထိုင်းသူ၊ ဆင်းရဲသူ၊ အသားမည်းသူများကို သင်းကွပ်၍ အသားဖြူသူ၊ ဉာဏ်ကောင်းသူ၊ ချမ်းသာသူ၊ ရုပ်လှသူများကိုသာ ပို့မိုးတိုးပွားအောင်လုပ်ရန် ပြောဟောခဲ့ကြသည်။ ထိုသူတို့သည် ၁၉၁၂ ခုနှစ်၌ လန်ဒန်၌ ပထမအကြိမ် ကမ္ဘာ့မျိုးရိုးဗီဇမြှင့်တင်ရေးကွန်ဂရက်ကို ကျင်းပကြ၏။ ထိုကွန်ဂရက်၌ ဆာ ဝင်စတာချာချီ (၁၈၄၇–၁၉၆၅)၊အလက်ဇန္ဒားဂရေဟမ်ဘဲလ် (၁၈၄၇–၁၉၂၂) စသောပုဂ္ဂိုလ်များ ဦးစီးခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်းကလည်း နာဇီတို့က ထိုသို့ကြိုးစားခဲ့ကြသည်။ သို့သော် ယင်းတို့ထင်မြင်ယူဆလုပ်ကိုင်သလို မဖြစ်နိုင်ကြောင်း၊ မလုပ်နိုင်ကြောင်း ယခုအခါ ဗီဇဗေဒဆိုင်ရာ ဆေးပညာရှင်အသိုးသိုးက ထောက်ပြ ဝေဖန်နေကြပေသည်။

ကလေးတိုင်း လူကောင်း သူကောင်းဖြစ်ရေး

အမှန်အားဖြင့် ဖန်ပြန်သန္ဓေသား အဖြစ် ပြင်ပတွင် မျိုးစပ်ကာ သန္ဓေရသည်ဖြစ်စေ၊ သဘာဝအားဖြင့် မိခင်သားအိမ်ထဲ၌ မျိုးစပ်၍ သန္ဓေတည်၍ရလာသည်ဖြစ်စေ သန္ဓေသားတိုင်း မိဘတို့ ချစ်ခင်လိုလားသော ကလေးအဖြစ်မွေးလာရန်သာအရေးကြီးပါသည်။ ထိုကလေးသည် ကြုံလိုသေးကွေးမှု၊ ခန္ဓာကိုယ်ချတ်ယွင်းမှုနှင့် ဖြစ်နိုင်သော ရောဂါတို့မှ ကင်းရှင်း၍ ကျန်းကျန်းမာမာ၊ ဝဝဖြိုးဖြိုးလှပ်ရှားသန်မာစွာ မွေးလာရန်နှင့် နောင်တွင် လူကောင်းသူကောင်းအဖြစ် ကြီးထွားလာရန်သာအရေးကြီးပါသည်။

ဤအတွက် မျိုးရိုးဗီဇသည် အရေးကြီးသကဲ့သို့ ပတ်ဝန်းကျင်နှင့် အာဟာရ၊ မိဘ ဆရာ သမား တို့၏ သွန်သင်မှုနှင့် သူအတွက် ရနိုင်သော လူအခွင့်အရေးတို့သည်သာလျှင် အရေးကြီးဆုံးဖြစ်ပါသတည်း။

ဒေါက်တာ မောင်မောင်ညို



တိုးတက်ပြောင်းလဲလာသော ရှေးဟောင်းသုတေသန

ယဉ်ကျေးမှု

လူသားတို့ ထားရစ်ခဲ့သော ရုပ်ဝတ္ထုပစ္စည်းများနှင့် လူ့အတိတ်ကြောင်းကိုလေ့လာသောပညာကို ရှေးဟောင်းသုတေသနဟုခေါ်သည်။ ခေါမစကားနှင့်အာခီရော်လော်ဂျီဟုခေါ်သည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်သုံးဆယ်အတွင်း ဤပညာရပ်သည် များစွာပြောင်းလဲလာခဲ့သည်။ တစ်ချိန်က ဤပညာကို မှတ်တမ်းတင်သမိုင်းကတွက် ကျောထောက်နောက်ခံပြုရန် လေ့လာသောပညာဟုသာ သဘောထားကြသည်။ ရေးသားပြီးမှတ်တမ်းမှတ်ရာများ လက်လှမ်းမီလာသောအခါ ရှေးဟောင်းသုတေသနပညာကိုသမိုင်းအရေးအသားတွင် သာဓကအဖြစ်အသုံးချရုံမျှသာ သဘောထားကြသည်။ ရေးသားပြီး မှတ်တမ်းမှတ်ရာများ မရှိသေးသောသမိုင်းကြိုခေတ်ကာလ၏ သမိုင်းကိုပြုစုရာတွင် ရှေးဟောင်းသုတေသနပညာက အတိတ်ကို ဖော်ထုတ်ပေးနိုင်သည်။


ယနေ့ရှေးဟောင်းသုတေသနသည် နိုင်ငံတကာနှင့် အကြုံးဝင်လာသည်။ နိုင်ငံတကာနှင့်ဆိုင်သောပညာရပ်အဖြစ် ရုတ်ချည်းပြောင်းလဲတိုးတက်လာသည်။ ကမ္ဘာ့တိုက်ကြီးတိုင်း၌ အလွန်ကြွယ်ဝသော ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများ ရှိသည်။ အတိတ်အကြောင်း ရေးသားပြီး မှတ်တမ်းမှတ်ရာများရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရှေးဟောင်းသုတေသန အထောက်အထားများမူကား ရှိကြသည်ချည်းဖြစ်၏။ နှစ်ပေါင်းနှစ်ထောင်သုံးထောင်ကျော်က အမေရိကတိုက်နှင့် အာဖရိကတိုက်များတွင်ဖြစ်ခဲ့သော အဖြစ်အပျက်များသည် အာရှနှင့်ဥရောပတိုက်အကြောင်းကို လေ့လာရာတွင်အသုံးဝင်သည်။ ဆီလျော်ပတ်သက်သည်။ အာရှနှင့်ဥရောပတိုက်များတွင် ရေးသားပြီးမှတ်တမ်းမှတ်ရာများသည် အခြားတိုက်ကြီးများထက် အချိန်အလွန်စောခြင်နေခဲ့သည်။ သို့သော်အမေရိကတိုက်နှင့် အာဖရိကတိုက်များ၏အတိတ်ဖြစ်ရပ်တို့ကို အာရှ၊ ဥရောပအတိတ်သမိုင်းလေ့လာမှုတွင် ထည့်သွင်းအသုံးချရသည်။

အမေရိက၊ အာဖရိက၊ အာရှ၊ ဥရောပ၊ သြစတြေးလျနှင့် ပစိဖိတ်ဒေသအပါအဝင်တိုက်ကြီးများ၊ ကျွန်းများအားလုံးရှိရှေးဟောင်းသုတေသနသည် အချင်းချင်းဆက်နွယ်နေသည်။ ရှေးဟောင်းသုတေသနပညာတွင် တိုင်း၊ နိုင်ငံ၊ နယ်နိမိတ်ဟူ၍ မရှိတော့ပြီ။ ဤကဲ့သို့ နိုင်ငံတကာနှင့်ဆိုင်သောပညာရပ်အဖြစ်ခံယူရရှိလာရခြင်းအကြောင်းမှာ ဤပညာ၌ များစွာသောတိုးတက်မှုများပေါ်ပေါက်လာခြင်းကြောင့် ဖြစ်သည်။

ပထမဦးဆုံးတိုးတက်မှုတစ်ရပ်မှာသက်တမ်းတွက်ချက်သတ်မှတ်သော ရေဒီယိုကာဗွန်နည်းဖြစ်သည်။ ဤနည်းဖြင့် ကမ္ဘာ၏ မည်သည့်ဒေသမှ ရရှိသောပစ္စည်းကိုမဆို မှတ်တမ်းတင်ပြီးသမိုင်းနှင့် တိုက်ဆိုင်ကိုးကားခြင်းမပြုရဘဲ ထိုပစ္စည်း၏သက်တမ်းကို ခိုင်ခိုင်လုံလုံတွက်ချက်ပေးနိုင်သည်။ သိပ္ပံပညာများမှနည်းနာများကိုသုံးခြင်း၊ သုတေသနတူးဖော်ရာတွင် ပို၍စနစ်ကျသော၊ အသေးစိတ်သောနည်းများကိုသုံးခြင်းဖြင့် ရှေးဟောင်းသုတေသနပညာရှင်သည် အတိတ်၏စီးပွားရေးနည်းနာပညာများနှင့် လူမှုရေးစနစ်အကြောင်းကို ကောင်းစွာလေ့လာနိုင်သည်။

ဒုတိယအနေနှင့် "ရှေးဟောင်းသုတေသနလက်သစ်" ဟုတွင်လာသောယနေ့ရှေးဟောင်းသုတေသနအကြောင်းကို တင်ပြပါမည်။ သုတေသီတို့၏ရည်မှန်းချက်များသည် ပြောင်းလဲလာခဲ့သည်။ အတိတ်၏အကြောင်းပြန်လည်ဖော်ထုတ်ခြင်း၊ ရှေးခေတ်က ဘာဖြစ်ခဲ့သည်ကိုလေ့လာခြင်း စသောရည်ရွယ်ချက်များမှာ "ရှေးဟောင်းသုတေသနလက်ဟောင်း"၏ ရည်ရွယ်ချက်များဖြစ်သည်။ ယနေ့ရှေးဟောင်းသုတေသီတို့သည် ယင်းရည်ရွယ်ချက်များအပြင် အဘယ်ကြောင့်ပြောင်းလဲသွားသည်၊ မည်သို့မည်ပုံ ပြောင်းလဲသွားသည်ကို စူးစမ်းဖော်ထုတ်ရေးကိုပါဆောင်ရွက် လာကြသည်။ "ရှေးဟောင်း သုတေသနလက်သစ်"၏ ရည်မှန်းချက်သည် အတိတ်က အဖြစ်အပျက်များ အဘယ်ကြောင့် ပြောင်းလဲသွားသည်၊ အဘယ်ပုံ ပြောင်းလဲသွားသည်ကို စူးစမ်းဖော်ထုတ်ရန်ဆိုပါက ကမ္ဘာ့တစ်နေရာတွင် လေ့လာတွေ့ရှိချက်သည် အခြား နေရာများတွင် အလားတူ လေ့လာမှုအတွက် အလွန်အဖိုးတန်သောအထောက်အကူ ဖြစ်လာနိုင်သည်။ ရှေးဟောင်း သုတေသန လက်သစ်သည် လူတစ်မျိုး၊ တစ်နိုင်ငံ၊ တစ်ဒေသအတွက် မဟုတ်တော့ပြီ။ လူသားအားလုံး နိုင်ငံတကာနှင့် ကမ္ဘာ့ တစ်ခွင်လုံး အကြုံးဝင်သော ပညာရပ်ဖြစ်လာလေပြီ။

တတိယအချက်မှာ ကမ္ဘာ့နေရာအနှံ၌ တောရောမြို့ပါတူရကီနိုင်ငံ ဒိုင်ယာဘာကီးယား အရပ်ဝန်းကျင်၌ ၁၉၇၅ ခုနှစ် ဇွန်လက တူးဖော်တွေ့ရှိခဲ့သော လွန်ခဲ့သည့်နှစ်ပေါင်း ၁၀,၀၀၀ ခန့်က အဆောက်အအုံသည် တူးဖော်တွေ့ရှိသမျှ ပုံစံတကျ ဗိသုကာ လက်ရာများထဲတွင် ရှေးအကျဆုံး လက်ရာတစ်ခုဖြစ်သည်။




စက်မှုလုပ်ငန်းများနှင့် လယ်ယာကိုင်းကျွန်းလုပ်ငန်းများ အလွန်အမင်း တိုးပွားဖွံ့ဖြိုးလာခြင်းကြောင့် ရွှေဟောင်းသုတေသနဗစ္စည်းများ ပျက်စီးဆုံးပါးရသောအန္တရာယ် ကြုံလာသည်။ ဤအန္တရာယ်ကိုမြင်လာကြသဖြင့် နိုင်ငံများစွာက ရွှေဟောင်းဗစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရေးကို အမျိုးသားမူဝါဒလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လာပြီး အရေးကြီးသော ရွှေဟောင်းနေရာများကိုပျက်စီးမှုအန္တရာယ်မှကာကွယ်ရေးနှင့် မလွဲမရှောင်သာသဖြင့် ပျက်စီးသွားတော့မည်ဆိုပါက ထိုဒေသကို အချိန်မီသုတေသနတူးဖော်မှုလုပ်၍ ရနိုင်သမျှအထောက်အထားပစ္စည်းများကို ရယူလေ့လာရေး စသောလုပ်ငန်းတို့ကိုလည်း အားသန်ခွန်စိုက် ဆောင်ရွက်လာကြသည်။ ရွှေဟောင်းနေရာများနှင့် ရွှေးပစ္စည်းအထောက်အထားများ ကယ်ဆယ်ရေးလုပ်ငန်းများတွင် နိုင်ငံအစိုးရတို့က ငွေအား၊ ကျွမ်းကျင်မှုပညာအားနှင့် လူအင်အားကို မြှုပ်နှံလာကြသည်။

လွန်ခဲ့သော နှစ်တစ်ရာလောက်အထိ ကမ္ဘာကြီး၏ သက်တမ်း မည်မျှရှိကြောင်း တိကျစွာသိသူ မရှိခဲ့သေးချေ။ လူသား၏ဗီဇအကြောင်းကိုလည်း ခပ်ရေးရေးမျှသာ သိခဲ့သည်။ နိုင်ငံအတော်များများတွင် လူဗီဇနှင့်ဆိုင်သော ဘာသာရေးပုံပြင်များကိုသာ အားကိုးခဲ့ကြသည်။ လူသားဘယ်အချိန်က ပေါ်လာကြောင်းကိုမူ မည်သူမျှ တပ်အပ်မပြောနိုင်ခဲ့ကြချေ။ ၁၈၅၉ ခုနှစ် ရောက်သောအခါမှ လူသားတို့၏အတိတ်အကြောင်းကို ရဲဝံ့စွာ တင်ပြလာနိုင်သည်။ ထိုနှစ်တွင် ချားလ်စ်ဒါဝင်က "မျိုးဆက်များ၏ဗီဇ" အကြောင်း စာအုပ်ရေးသား ထုတ်ဝေသည်။ မီးခတ်ကျောက်နှင့်လုပ်သော ကိရိယာများကို တိမ်ကောပျောက်ကွယ်သွားပြီဖြစ်သော တိရစ္ဆာန်အရိုးများနှင့်အတူ တူးဖော်တွေ့ရှိရသည်။ ထို့ကြောင့် နှစ်ထောင်ပေါင်းများစွာကထိုတိရစ္ဆာန်များနှင့်ထိုကိရိယာများ ပြုလုပ်သုံးစွဲသော လူသားတို့ ခေတ်ပြိုင်နေထိုင်ခဲ့ကြကြောင်း ထင်ရှားသည်။


ထိုတူးဖော်တွေ့ရှိမှုများနောက်ပိုင်း နှစ်တစ်ရာအတွင်း ရွှေးဟောင်း သုတေသနဆိုင်ရာ ကိစ္စ များစွာတို့သည် ရှင်းလင်းလာသည်။ လူသားမျိုးဆက်သည် အာဖရိကတိုက်တွင် စတင်ပေါ်ခဲ့ကြောင်း၊ ခရစ်တော်မပေါ်မီ ဘီစီတစ်သောင်းမတိုင်မီက ကျောက်ခေတ်ဟောင်းဟုခေါ်သော ကာလအတွင်း၌ ကမ္ဘာ့နေရာများစွာတွင် လူသားမျိုးဆက်တို့ နေထိုင်လျက်ရှိပြီဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့နေရာများစွာ၌ စိုက်ပျိုးရေးအစ သာဓကများကို ဒေသအလိုက် တွေ့ရှိခဲ့သည်။ အချို့သောနေရာများ၌ အစောဆုံး မြို့ပြကြီးများပင် တည်ထောင်လာပြီး စာပေအရေးအသား တီထွင်ပြီးဖြစ်ကြောင်း တွေ့ရ၏။

ထိုဖြစ်ပေါ် ထွန်ကားမှုများ ဘယ်အချိန်ကာလက ဖြစ်ခဲ့သနည်းဟူသော ပြဿနာကို အတိအကျဖြေရန်မှာမူ ခက်နေသေးသည်။ ၁၉၅၀ ပြည့်နှစ် တစ်ဝိုက် ရောက်လာ

အီဂျစ်မဟိရပ်ကလာပ်တစ်ခုကို ခေတ်မီ ရေဒီယိုဓာတ်ရောင်ခြည် နည်းပညာဖြင့် လေ့လာနေပုံ



တိုးတက်ပြောင်းလဲလာသော ရှေးဟောင်းသုတေသန



သံခေတ်ကာလ ၂၀၀ ဘီစီခန့်က အကြီးအကဲတစ်ဦး၏ သင်္ချိုင်းဂူတစ်လုံးကို အင်္ဂလန်နိုင်ငံ ဒရစ်ဖီးအရပ်၌ ၁၉၇၁ ခုနှစ်တွင် တူးဖော်တွေ့ရှိခဲ့သည်။

သောအခါ အဏုမြူရူပဗေဒတွင် တိုးတက်မှုကြောင့် ရှေးဟောင်းသုတေသန၏ပြဿနာကို ကူညီဖြေရှင်းပေးနိုင်သော ခွဲစိတ်လေ့လာနည်းကို ရရှိလာသည်။ မီးတောင်မှ ဖြစ်ပေါ်လာသော ကျောက်များအတွင်း တွေ့ရသော ရုပ်ကြွင်းနှစ်ခုကို ပိုတက်ဆီယမ်–အာဂွန်ကို အသုံးပြုကာ သက်တမ်းစစ်လိုက်ရာ နှစ်ပေါင်း နှစ်သန်းကျော် ခန့်ကပင် အာဖရိကတိုက်၌ ကိရိယာလုပ်တတ်သော ပထမဆုံး ဟိုမိနှစ်တို့ပေါ်လာခဲ့ကြောင်း သိရသည်။ ဟိုမိနှစ်တို့သည် မျက်မှောက် လူသားတို့နှင့် များစွာ မတူကြသော်လည်း ဩစထရာလိုမီသီကပ်စ်မျိုးကြီးစုဝင် အစောဆုံးဟိုမိနှစ်တို့ကား လူတို့ကဲ့သို့ တည့်မတ်စွာရပ်နိုင်၊ လျှောက်နိုင်ကြသည်။ လက်နှစ်ဘက်ကလည်း အရာဝတ္ထုများကို မိမိရရကိုင်တွယ်နိုင်ကြသည်။ မျက်စိနှစ်လုံးသည်လည်း တစ်ပြိုင်နက် ကြည့်မြင်နိုင်ကြသည်။ အခြားသတ္တဝါတို့နှင့်မတူ ကွဲပြား ခြားနားစေသော အရည်အချင်းများလည်း ရှိကြသည်။

လွန်ခဲ့သော နှစ်ပေါင်း သုံးသောင်းငါးထောင်ကျော် ကာလတွင် ကျွန်ုပ်တို့လူသားမျိုးနွယ်ဝင်ဖြစ်သော ဟိုမို ဆေးပီးယန်းတို့ ရှိနေပြီဖြစ်ကြောင်း သိရသည်။ မျက်မှောက်လူသား မျိုးနွယ်သည် ထိုကာလမှ စတင်လာကြောင်း သိရသည်။ ဤသို့သိရသည်မှာ ရေဒီယိုကာဗွန်နှင့် ခွဲခြားစစ်ဆေးသောနည်းကို သုံးသောကြောင့်ဖြစ်သည်။ ရေဒီယိုကာဗွန်နှင့် သက်တမ်းစစ်ဆေးသတ်မှတ်သောနည်းသည် အဏုမြူရူပဗေဒပညာမှဖြာထွက်လာသော နည်းပညာတစ်ရပ်ဖြစ်သည်။ တိရစ္ဆာန်၊ သစ်ပင် စသော သက်ရှိတို့မှရသော သင်္ဇီဝပစ္စည်း၏ အစိတ်အပိုင်းတစ်ခုခုကို ဓာတ်ခွဲခန်းတွင် စစ်ဆေးကြည့်သည်။ ထိုအစိတ်အပိုင်းတွင်ပါသော ကာဗွန်ကိုစစ်ခြင်းဖြစ်သည်။ ထိုအစိတ် အပိုင်းသည် နှစ်ငါးသောင်းထက်မကျော်သော ပစ္စည်းဖြစ်မှသာ စစ်ဆေး၍ရနိုင်သည်။


ဥရောပတိုက်၏ သမိုင်းကြိုခေတ်အကြောင်းကို ရေဒီယိုကာဗွန်နှင့် စစ်ဆေး၍ရသော တွေ့ရှိချက်များကြောင့် ယခင်က အယူအဆများကို ပြောင်းလဲပစ်ရလေတော့သည်။ အလွန်စောလှသောကာလက ဥရောပတိုက်တွင်

ဖြစ်ပေါ်ခဲ့သော တိုးတက်မှုများမှာ အရွေ့မြေထဲပင်လယ်ဒေသမှ မြစ်ဖျားခံခဲ့သည်ဟူသော ယခင်ကအယူအဆသည် မမှန်တော့ချေ။ အီဂျစ်ပိရမစ်များသည် ကမ္ဘာတွင် ကျောက်နှင့်ဆောက်သည့် ရွေးအကျဆုံး အဆောက်အအုံများ ဟူသော အယူအဆကိုလည်း ပြင်ရတော့သည်။ ဥရောပတိုက်တွင်တွေ့ရသော အချို့သော ကျောက်ဂူသခိုင်းတို့သည် အီဂျစ်ပိရမစ်ထက်စောကြောင်း သိလာရသည်။ ဥပမာ အင်္ဂလန်ရှိ စတုန်းဟင့်ခ်ျနှင့် မော်လ်တာရှိ ကျောက်နတ်ကွန်းတို့သည် အီဂျစ်ပိရမစ်တို့နှင့် ခေတ်ပြိုင်များသာဖြစ်သည်။

အကွရာ မှတ်တမ်းတင်သမိုင်း မရှိခဲ့သော အရပ်ဒေသများ၏ သမိုင်းသက်တမ်းသတ်မှတ်ရာတွင် ရေဒီယိုကာဗွန်နှင့် စစ်ဆေးသတ်မှတ်သောနည်းသည် အရေးပါဆုံးဖြစ်သည်။ ဩစတြေးလျတိုက်တွင် နှစ်ပေါင်းနှစ်သောင်းငါးထောင်ကျော် ကာလကတည်းက လက်ရှိလူတို့၏ ဘိုးဘွားမျိုးဆက်တို့ ရှိနေပြီးဖြစ်သည်။ အမေရိကတိုက်များ၏ ရွေးအကျဆုံး တိုးတက်ပြောင်းလဲမှုတို့ကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။ မက္ကဆီကိုရှိ မာယာယဉ်ကျေးမှုနှင့် အနီးဝန်းကျင်ရှိ နိုင်ငံတို့၏ ယဉ်ကျေးမှုများ၏ ဗီဇတို့သည် ဘီစီ နှစ်ထောင်အထိ စောလှကြောင်းကို ရေဒီယိုကာဗွန်နည်းနှင့် သိရှိခဲ့သည်။ အလားတူ အာဖရိကတိုက်ရှိ သံခေတ်အကြောင်း သိနားလည်လာရသည်။ နိုင်ဂျီးရီးယားနိုင်ငံတွင် တွေ့ရသော အုတ်အရုပ်၊ အုတ်ခွက်များနှင့် ကြေးနီရုပ်တုများ၏ မူလဗီဇကို ဖော်ထုတ်နိုင်ခဲ့သည်။ အခု၌မှာ ဘီစီ ခြောက်ထောကျော် သက်တမ်းရှိကြောင်း စစ်ဆေးတွေ့ရသည်။

ရွေးကောက်ပွဲစည်း၏ သက်တမ်း စစ်ဆေး သတ်မှတ်သောနည်းများအပြင် အခြားသိပ္ပံနည်းကျ လေ့လာဆန်းစစ်သော အခြားနည်းများစွာရှိသေးသည်။ ကျောက်လက်နက်များနှင့်အိုးခွက်များကို ဓာတ်ခွဲခန်းတွင်စစ်ဆေးကြည့်ခြင်းဖြင့် ပစ္စည်းကို မည့်သည့် အရာဝတ္ထုများနှင့် ပြုလုပ်ထားသည်။ ထိုအရာဝတ္ထုများသည် မူလက မည်သည့် အရပ် ဒေသမှရသည်ကို စစ်ဆေးဖော်ထုတ်နိုင်သည်။ ရွေးဦးလူသားတို့၏ကုန်သွယ်မှု ပစ္စည်းဖလှယ်ခြင်း၊ အသုံးပြုသောနေရာများသို့ ကုန်များဖြန့်ဖြူးသောစနစ်တို့ကို

မက္ကဆီကိုနိုင်ငံ ချိယာပက်စ်အရပ်တွင် လေ့ကားထစ်များဖြင့် တည်ဆောက်ထားသော ပိရမစ်ကြီး (၀)သည် အီဂျစ်နိုင်ငံ ဆက္ကရာအရပ်ရှိ ဇိုဆာပိရမစ်ကြီးနှင့် အံ့ဖွယ်ကောင်းလောက်အောင် ဆင်တူနေသည်ကို တွေ့ရသည်။





တောင်အမေရိကတိုက် အက်ကွာဒေါနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက်တွင် တွေ့ရသော အိုးကွဲစများ (ဝဲ) သည် ရှေးခေတ်ဂျပန်တို့၏ ဂျိမုံအိုးများနှင့် အဆင်အပြင်ချင်း တူနေသည်ကို တွေ့ရသည်။

တူးဖော်ရရှိသောရှေးပစ္စည်းတို့ကို ဓာတ်ခွဲကြည့်ခြင်းဖြင့် သိနိုင်လေပြီ။

ထို့ပြင် ရှေးဦးလူအဖွဲ့အစည်းတို့ စွန့်ပစ်ခဲ့သောအမှိုက်၊ အညစ်အကြေးတို့ကို ဓာတ်ခွဲလေ့လာခြင်းဖြင့် မည်သည့် အစားအစာကို စားခဲ့ကြောင်း၊ ထိုမှတစ်ဆင့်တက်၍ ဝမ်းစာအတွက်သာ ဆောင်ရွက်သော သူတို့၏ စီးပွားရေးအကြောင်းကိုပါ သိရသည်။ ရှေးအမှိုက်ပုံများမှ တွေ့ရသော ကာဗွန်ဓာတ် ဝင်နေသော သစ်စေ့များကို ကျွမ်းကျင်သူက ဓာတ်ခွဲကြည့်သော အခါ ရှေးခေတ် တောင်သူလယ်သမားတို့ မည်သည့်သီးနှံမျိုးကို စိုက်ပျိုးခဲ့ကြောင်း ပြောနိုင်သည်။ တိရစ္ဆာန် အရိုးများကို လေ့လာသောအခါ မည်သည့် တောရိုင်းကောင်များကို အမဲလိုက်ပြီး မည်သည့် တိရစ္ဆာန်သည် အိမ်မွေးကောင်များဖြစ်ကြောင်း၊ မည်မျှမွေးမြူကြောင်းကို ပြောပြနိုင်သည်။

ခေတ်သစ် ရှေးဟောင်းသုတေသနကား လူမဲ့တို့ စွန့်ပစ်ခဲ့သော အမှိုက်ပုံလေ့လာရေးပညာဟုပင်ပြောစမှတ်ဖြစ်ကြသည်။ ဤပြောစမှတ်သည် မှန်ပါသည်။ ဤကဲ့သို့ စွန့်ပစ်ပစ္စည်းတို့ကိုလေ့လာခြင်းသည် အဖိုးတန်ရှေးဟောင်း ရွှေ ငွေ ကျောက် စိန်ပစ္စည်းတို့ကိုလေ့လာခြင်းထက် အရာရောက်သည်။ ရှေးဦး လူအဖွဲ့အစည်းနှင့် သူတို့၏ စီးပွားရေးဘဝကို စွန့်ပစ်ပစ္စည်းများကို လေ့လာမှသာ သိနိုင်ပေသည်။

ရှေးဟောင်း သုတေသနပညာနှင့်ပတ်သက်၍ အမြင်သစ် အတွေးအခေါ် အယူအဆအသစ်များ၊ ဒဿနဆိုင်ရာ အယူအဆသစ်များသည် ၁၉၆၀ ပြည့်နှစ် တစ်ဝိုက် ခန့်က အမေရိကန်နှင့် ဗြိတိန်တွင် စတင်ပေါ်ထွန်းလာသည်။ လက်ဟောင်း ရှေးဟောင်းသုတေသန၏ အစဉ်အလာ အယူအဆများ၊ ကောက်ချက်များကို မရောင့်ရဲ၊ မကျေနပ်မှုကြောင့် ပေါ်ထွန်းလာခြင်း ဖြစ်သည်။ ရှေးဟောင်း သုတေသနလက်သစ်ကို ဦးဆောင်သူမှာ အယ်လ်ဘူကပ်ရှိ နယူးမက္ကဆီကိုတက္ကသိုလ်မှ ပါမောက္ခ ဘင်းဖို့ဖြစ်သည်။ အတိတ်အကြောင်း သိနားလည်ရန် ရှေးဟောင်း ပစ္စည်းကြွင်းတို့ကို တူးဖော်ပြီး ထင်မြင်ချက် ပေး၍ ရေးသားရုံနှင့် မပြီးဟု သူကဆိုသည်။

ယဉ်ကျေးမှု တိုးတက်ပြောင်းလဲမှု အစဉ်ကို လေ့လာမှသာ အတိတ်ဘဝ အကြောင်းကို နားလည်မည်ဟု ဘင်းဖို့က ဆိုလာသည်။ လူတို့၏ယဉ်ကျေးမှုဘဝ အဘယ်ကြောင့် ပြောင်းလဲသွားသည်၊ အဘယ်ကဲ့သို့ ပြောင်းလဲသွားသည်ကို လေ့လာရမည်။ ယဉ်ကျေးမှုစနစ်များ

တိုးတက်ပြောင်းလဲသောသော ရွှေးဟောင်းသုတေသန



တရုတ်နိုင်ငံမြောက်ပိုင်း၌ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က မြူပန်းသင်္ဂြိုဟ်ခဲ့သော ကောင်တစ်ဦး၏ အုတ်ဂူကို ၁၉၇၅ ခုနှစ်က တွေ့ရှိခဲ့ရာ ပကတိအလျဉ် စစ်သည်ရုပ်နှင့်မြင်းရုပ် ၅၃၀ ခန့်ကို တူးဖော်ရရှိသည်။

ကွဲပြားခြားနားခြင်းကို ရှင်းလင်းစွာ သိနိုင်ရန်အကြောင်းရင်းများကို ရှာကြရမည်။ ထို့ကြောင့် ပို၍ကောင်းသော သီဝရီကို ရှာရမည်။ ပို၍ကောင်းသော နည်းနာများကို ရှာရမည်။ သို့မှသာ ရွှေးဟောင်းသုတေသနကို ထိရောက်မှန်ကန်စွာ အသုံးချနိုင်မည်ဟု ဘင်းဖို့က ဆိုပါသည်။

ဖြစ်စဉ်များကိုလေ့လာသော ရွှေးဟောင်းသုတေသနပညာရှင်တို့သည် အဘယ်ကြောင့် အရာဝတ္ထုများ ပြောင်းလဲသည်ကို သိနားလည်ရန် အားထုတ်ကြသည်။ သိပ္ပံပညာရှင်တို့သည် သဘာဝကို သဘောပေါက်နားလည်ရန်ကြိုး ပမ်းရာ တွင် သီဝရီများ ထုတ်ကြည့် သကဲ့သို့ ရွှေးဟောင်းသုတေသန ပညာရှင်တို့သည်လည်း သီဝရီသစ်များ ထုတ်ရမည်။ ယင်းသီဝရီတို့ကို စစ်ဆေး အကဲဖြတ်ကြည့်ရမည်။ အသစ်တွေ့ရှိသော ရွှေးဟောင်းသုတေသနဖွည့်များနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရမည်။


ရွှေးဟောင်းရောမမြို့ကိုလည်းကောင်း၊ မိုဟင်ဂျိုဒါရိုမြို့ကိုလည်းကောင်း လေ့လာရာ၌ အဘယ်ကဲ့သို့ ဤမြို့များတည်လာရသည်၊ အဘယ့်ကြောင့် ယင်းဒေသများတွင် ယဉ်ကျေးမှု ပေါ်ထွန်းရသည်ကို လေ့လာရမည်။ ဤလေ့လာရာ၌ လူသားတို့၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုများ ပေါ်ထွန်းလာပုံ ဖြစ်စဉ်ကို လေ့လာရ၏။ ဤမြို့နှစ်မြို့ကို လေ့လာရာမှရရှိသော ရလဒ်တို့သည် မည်သို့သော ထူးခြားချက်များ ရှိသည်ကို စစ်ဆေးဖယ်ထုတ်ပြီး အလားတူ အခြားမြို့ဟောင်းတို့ကို လေ့လာရာတွင် ယင်းရလဒ်တို့က မည်သို့ အကူအညီပြုကြောင်းကိုလည်း စိစစ်ကြည့်ရ၏။

"ရွှေးဟောင်းသုတေသနလက်သစ်"သည် ရွှေးဟောင်းသုတေသနလက်ဟောင်းထက် ချဉ်းကပ်မှုတွင် ပို၍ အပြုသဘော ဆောင်သည်။ အတိတ်က လူအဖွဲ့အစည်းတို့၏ လူမှုရေးစနစ်များ၊ ဘာသာရေးစနစ်များကို ရွှေးဟောင်းသုတေသနပညာရှင်တို့ လေ့လာ၍မရနိုင်ဟု ရွှေးဟောင်းသုတေသန လက်ဟောင်းပညာရှင် အများစုတို့က ခံယူထားခဲ့ကြသည်။ ရွှေးဟောင်းသုတေသန လက်သစ်ပညာရှင်တို့က ယင်းခံယူချက်ကို ပယ်ကြသည်။ ရရှိသော အထောက်အထား အချက်အလက်တို့ကို အရင်းတည်ပြီး


အတိတ်က လူအဖွဲ့အစည်းတို့၏ အကြောင်းကို ထောင့်မျိုးစုံမှ လေ့လာကြည့်နိုင်သည်ဟု ခံယူကြသည်။

ရှေးဟောင်းသုတေသန လက်သစ်က ရှေးဟောင်းအထောက်အထား မည်ကဲ့သို့တည်ရှိနေခဲ့ကြောင်း၊ မည်ကဲ့သို့သော အခြေအနေတွင် မည်သို့တွေ့ရှိရကြောင်းကို အထူးဂရုပြုလေ့လာသည်။ သုတေသန တူးဖော်သော နေရာများနှင့် တူးဖော်ရရှိသောပစ္စည်းများသည် အဘယ်ကြောင့် ထိုနေရာ၊ ထိုဒေသ၊ ထိုအခြေအနေတွင် တွေ့ရသနည်းဟူသော ပြဿနာများကို အဖြေရှာကြည့်သည်။ ယင်း ပြဿနာများကို အဖြေရှာရင်း အက်သနိုအာခီရော်လော်ဂျီ ခေါ် လူမျိုးရေးဆိုင်ရာ ရှေးဟောင်းသုတေသနပညာ နယ်ပယ်သို့ ချင်းနင်းဝင်ရောက်လာလေသည်။ သမိုင်းကြိုခေတ်နှင့် သမိုင်းတင်ခေတ် လူဘဝနှင့် အများဆုံးတူညီနီးစပ်သော မျက်မှောက်ခေတ် လူအဖွဲ့အစည်းများရှိရာသို့ ကိုယ်တိုင် သွားရောက်နေထိုင်ပြီး လက်တွေ့ဘဝ လေ့လာရေး လုပ်ကြရသည်။

ပါမောက္ခ ဘင်းဖို့သည် ယင်းသို့ ကိုယ်တိုင်သွားရောက်နေထိုင်ပြီး လက်တွေ့ဘဝ လေ့လာသော သုတေသီများအနက် ပထမဆုံး ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းလေးသောင်းကျော်က နေထိုင်သွားသော မူစတီးရီးယန်းခေတ်၊ မုဆိုးတံငါဘဝ လူသားတို့ကို ဘင်းဖို့ အထူးစိတ်ဝင်စားသည်။ သူတို့အကြောင်း နားလည်ရန် မျက်မှောက်ခေတ်တွင် ရှိနေသေးသော မုဆိုးတံငါဘဝ လူသားတို့ထံသို့သွားရောက်ပြီး သူတို့နှင့် နေထိုင်ကြည့်ရန် လိုအပ်လာသည်။ ဘင်းဖို့သည် အာလာစကာ၌ မုဆိုးတံငါဘဝတွင်ရှိနေသေးသော နုနာမြူ အက်စကီးမိုးတို့ရွာသို့ အရောက်သွားခဲ့သည်။ သူတို့နှင့်အတူနေပြီး သူတို့ကဲ့သို့ နေထိုင်စားသောက်သည်။ သူတို့နှင့် အတူ အမဲလိုက်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယန်ဇီအထက်ပိုင်းဒေသ၌ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ခန့်က ပေါ်ထွန်းခဲ့ဖူးသော ယဉ်ကျေးမှုအဖွဲ့အစည်းတစ်ရပ်ကို ၁၉၇၀ ခုနှစ်တွင် တူးဖော်တွေ့ရှိစဉ်



ငါးဖမ်းရာတွင် ပါဝင်ခဲ့သည်။ ဘင်းဖို့သည် အမဲလိုက်မကျမ်း သောကြောင့် အမဲကောင် ဖျက်၍ အသားဝေသော အလုပ်ကို အများအတွက် စနစ်ကျစွာ လုပ်ပေးသည်။ ထို့ကြောင့် စားကြွင်းစားကျန်များ မည်သို့မည်ပုံ စွန့်ပစ်သည်ကို လေ့လာခွင့်ရလိုက်သည်။ သူလေ့လာပြီး ဆွံယူသော ကောက်ချက်၊ မှတ်ချက်များသည် ရှေးဦး မုဆိုးတံငါဘဝ လူသားတို့အကြောင်း လေ့လာရာ၌ များစွာ အထောက်အကူ ဖြစ်စေသည်။

ယင်းနည်းနာကို မြို့နေ လူအဖွဲ့အစည်းတို့ဘဝ လေ့လာရာတွင် အလားတူ အသုံးပြုနိုင်သည်။ အရှိဇိုးနား ပြည်နယ်၊ တပ်ဆန်တွင် "အမှိုက်ပုံလေ့လာရေးစီမံချက်" ရေးဆွဲပြီး ပါမောက္ခ ဝီလျံကျေရပ်သ်ကျေးက ကြီးကြပ်ညွှန်ကြားကာ မြို့ကြီးရှိ ရပ်ကွက်အမျိုးမျိုး၌ လူသားတို့ စွန့်ပစ်သော အမှိုက်ပုံတို့ကို သေချာစွာ လေ့လာကြ၏။ အမှိုက်ကို လက်လှတ်စပယ် မပစ်ဘဲ အမှိုက်ပုံးထဲသို့သာ စွန့်ကြသောကြောင့် ယင်းစီမံချက်ကို အမှိုက်သိမ်းအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းရသည်။ အမှိုက်ပုံးများမှ အမှိုက်တို့ကို ဓာတ်ခွဲခန်း၌ သေချာစွာ စနစ်တကျ လေ့လာကြသည်။ အမှိုက်ပုံလေ့လာမှုဆိုသည်မှာ ကြားမကောင်းအောင် သေးသိမ်လှသော်လည်း ရရှိသော ရလဒ်များကား အလွန်စိတ်ဝင်စားစရာ ကောင်းလှသည်။

ရှေးခေတ်ဖြစ်စေ၊ ယခုခေတ်ဖြစ်စေ၊ မည်သည့်အချိန် မည်သည့်နေရာ ဖြစ်စေကာမူ လူအဖွဲ့အစည်းများ၏ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုကို လေ့လာရာ၌ ရှေးဟောင်းသုတေသနက အသုံးပြုသော နည်းနာများသည် ဆီလျော်ကိုက်ညီကြသည်။ ယနေ့ ရှေးဟောင်းသုတေသနပညာရှင်သည် နောက်ကျသော ခေတ်ယဉ်ကျေးမှု၊ တိုးတက်သော ခေတ်ယဉ်ကျေးမှု ဟူ၍ ခွဲခြားစဉ်းစားခြင်း မပြုတော့ချေ။ မျက်မှောက်ခေတ် မုဆိုးတံငါဘဝ လူသားနှင့် ရှေးခေတ် မုဆိုးတံငါဘဝ လူသားတို့ အကြောင်း လေ့လာခြင်းသည် မြို့နေလူတန်းစားတို့ဘဝ လေ့လာခြင်းကဲ့သို့ စိတ်ဝင်စားစရာ ဖြစ်သည်။ ယင်းလေ့လာမှုမျိုး အားလုံးသည် လူယဉ်ကျေးမှု လေ့လာမှုချည်းသာ ဖြစ်သည်။ သို့သော် မုဆိုးတံငါဘဝ လူသားတို့အကြောင်း လေ့လာမှုက မြို့နေလူတန်းစားတို့ဘဝ လေ့လာမှုထက် အဆတစ်ရာ ပို၍အကျိုးပြုကြောင်း တွေ့ရသည်။

ရှေးဟောင်းသုတေသန လက်ဟောင်းက ယဉ်ကျေးမှု ပျံ့နှံ့မှုကို အလေးပေး လေ့လာသည်။ အဓိက တိုးတက်

တရုတ်ပြည်သူသမ္မတနိုင်ငံ ယန်ဇီအထက်ပိုင်းဒေသ၌ ၁၉၇၈ ခုနှစ် အတွင်း တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများ အနက် ဘုန်းတော်ကြီးတစ်ပါး၏ ပကတိအရွယ် ရုပ်တုသည် တစ်မူထူးခြားသည်။

မှုမျှားသည် အချက်အချာတစ်နေရာနှစ်နေရာတွင် စတင်ပေါ်ပေါက်ပြီး နောက်မှ ဝေးလံသော တိုးတက်မှု မရှိသေးသော အရပ်မျှားသို့ ယဉ်ကျေးမှု ပျံ့နှံ့သွားသည်ဟု တရားသေ ယူဆထားခဲ့သည်။ ဤအယူအဆသည် ကိုလိုနီအင်ပါယာကြီးမျှားပိုင်သော နိုင်ငံကြီးတို့၏ အယူအဆဖြစ်ကြောင်း နောက်ပိုင်းသုတေသီတို့ သိမြင်လာသည်။

ဇင်ဗာဗွေ ရှေးဟောင်းအဆောက်အအုံကြီးကို ဥပမာပြုကြည့်ပါ။ ယင်းအဆောက်အအုံကြီး၏ အမည်ကို နိုင်ငံအမည်အဖြစ် သုံးထားသည်။ မူလက ဤအဆောက်အအုံကြီးကို မြောက်ပိုင်းမှ ရောက်လာသော လက်မှုပညာ ကျွမ်းကျင်သူတို့က တည်ဆောက်ခဲ့သည်ဟု ယူဆထားသည်။ သို့မဟုတ် အာရပ်ကုန်သည်တို့နှင့် ဆက်သွယ်မှုကြောင့် ဗီသုကာပညာ ထိုအရပ်သို့ ရောက်လာသည်ဟုလည်း တွက်ဆကြပြန်သည်။ ဒေသခံ အာဖရိကန်သားတို့၏ မူရင်းလက်ရာဟု မည်သူကမှ မထင်ခဲ့ကြပေ။ ရေဒီယိုကာဗွန်အပါအဝင် စမ်းသပ်စစ်ဆေးမှု အမျိုးမျိုးပြုလုပ်ပြီးနောက် ရရှိသောအဖြေက ယင်းအဆောက်အအုံသည် ဒေသခံ အာဖရိကန်သားတို့၏ မူရင်းလက်ရာအစစ်ဖြစ်သည်ဟု ဆိုပါသည်။ မည်သူလက်ရာဖြစ်ကြောင်း သိရန် ပြည်ပမှ ဝင်ရောက်လာသော လူမျှားကို လည်းကောင်း၊ ကုန်သည်မျှားကိုလည်းကောင်း ရှာစရာမလိုပါ။ ထိုအချိန်က ဒေသခံ လူရင်းတို့၏ လုပ်ဆောင် လှုပ်ရှားမှုကိုသာ ရှာဖွေလေ့လာလျှင် သိနိုင်ပါ၏။ အလားတူ အင်္ဂလန်နိုင်ငံရှိ စတုန်းဟင့်ခ်ျကို မြေထဲပင်လယ်ကမ္ဘာနှင့် ဆက်သွယ်မှုကြောင့် ဖြစ်ပေါ်လာသည်ဟု အစဉ်အလာယူဆခဲ့၏။ ယနေ့ ယင်းအယူအဆ မမှန်ကြောင်း သိရပြီ။ ဒေသခံ လူသားတို့၏ ဖန်တီးမှုသာဖြစ်ပြီး၊ မြေထဲပင်လယ်အရပ်မှ လာရောက်နေထိုင်သူမျှား၏ လက်ရာဟု အတွေးခေါင်ရန်မလိုပေ။

သို့သော် နိုင်ငံတိုင်းသည် အတိတ်အကြောင်းလေ့လာရာ၌ ကိုယ့်တိုင်းပြည်ကို သီးခြားကွက်၍ လေ့လာရမည် မဟုတ်။ နိုင်ငံတိုင်းတွင် မိမိမူပိုင် ရှေးဟောင်းသုတေသန နည်းနာမျှားကို သုံး၍ စူးစမ်းလေ့လာခြင်းကို အားပေးသင့်သည်။ ယနေ့ နိုင်ငံအမျှားစုသည် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေ ရှိကြသည်ကို အလွန် ဂုဏ်ယူလာကြသည်။ အလွန်ကောင်းသော ပြတိုက်၊ ပြခန်းမျှား တည်ဆောက်ပြီး ရှေးဟောင်းပစ္စည်းမျှားကို တခမ်းတနားပြလာကြသည်။ ဥပမာအဖြစ် မက္ကဆီကိုစီးတီးပြတိုက်နှင့် ကိုင်ရို ပြတိုက်ကြီးမျှားကို တွေ့နိုင်သည်။

ယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းရန် စိတ်အားထက်သန်လာကြသည်ကိုလည်း တွေ့ရသည်။ ယူနက်စကို အဖွဲ့ကလည်း မျှားစွာသော စီမံချက်မျှားပြုကာ ဆောင်ရွက်ပေးလျက်ရှိသည်။ ပါကစ္စတန်ရှိ အလွန်ရှေးကျသော မိုဟင်ဂျိုဒါရိုမြို့ဟောင်းကြီးကို ရှေးပစ္စည်းလက်ကျန်မျှားထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ယူနက်စကိုက စီမံချက် ချကာ လှုံ့ဆော် အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံ အတော်မျှားမျှား၌ ရှေးဟောင်းအဆောက်အအုံတို့ကို ကာကွယ်စောင့်ရှောက်ရန် ကိုယ်ပိုင်စီမံချက်မျှား ရေးဆဲ ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံတွင် ရှေးဟောင်း ပုဂံမြို့ရှိ သမိုင်းဝင် အဆောက်အအုံတို့ကို ပြင်ဆင်မွမ်းမံ ကာကွယ်စောင့်ရှောက်သော ကိစ္စကို နိုင်ငံတော်ကသာမက၊ ကုလသမဂ္ဂ၏အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ယူအင်ဒီပီကပါ ဆောင်ရွက်လျက်ရှိသည်။ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးကို အပြည်ပြည်ဆိုင်ရာ တာဝန်အဖြစ် မြင်လာကြသည်။ ၁၉၇၆ ခုနှစ်၊ စက်တင်ဘာလက ဆောက်သမ်တန်နှင့် လန်ဒန်တွင် ကျင်းပသော ကမ္ဘာ့ရှေးဟောင်းသုတေသန ကွန်ဂရက်တွင် ထိန်းသိမ်းရေး၊ မွမ်းမံပြင်ဆင်၍ ကာကွယ်စောင့်ရှောက်ရေး၊ သုတေသနနှင့်ရေးသားဖော်ထုတ်ရေး စသောကိစ္စမျှားကို ပူးပေါင်းဆွေးနွေးကာ အဖြေရှာကြသည်။ လူသားတို့၏ ရှေးအကျဆုံး အတိတ်ကို လေ့လာမှုတွင် အပြည်ပြည်ဆိုင်ရာစိတ်ဝင်စားမှု တိုးပွားလာသော အချက်ကိုလည်း ဂရုပြုလာကြသည်။

ယခင်က ရှေးဟောင်းသုတေသနသည် စက်မှုလုပ်ငန်းထွန်းကားသော အနောက်နိုင်ငံမျှားရှိ ကြွယ်ဝ ချမ်းသာသော အချက်အချာမြို့ပြမျှားတွင် ဓာတ်ကြေးတတ်နိုင်သော ဇိမ်ခံလူတန်းစားတစ်ခုခုကသာ လိုက်စားသော ပညာရပ်ဖြစ်သည်။ အပျင်းပြေသဘောသာ လိုက်စားခဲ့ကြသည်။ ယနေ့ ဤပညာသည် ကမ္ဘာ့နိုင်ငံတိုင်းတွင် လူမျှားစုအတွက် စိတ်ဝင်စားစရာအကောင်းဆုံး ပညာရပ် ဖြစ်လာသည်။ ဤသို့ဖြစ်လာရသော အကြောင်းရင်းမှာ ရှေးဟောင်းသုတေသနပညာက ကိုယ့်နိုင်ငံ၏ အမျိုးသားသမိုင်းကို နားလည်ရန်အတွက် အခွင့်လမ်းကြောင်းပေးခြင်းကြောင့်ဖြစ်သည်။ သို့သော်ကိုယ့်နိုင်ငံအကြောင်းကိုသာ လေ့လာပါက အမြင်ကျဉ်းသော အမျိုးသားရေးဝါဒ ဖြစ်လာပေမည်။ နိုင်ငံတစ်ခု၏ ရှေးဟောင်းသမိုင်းသည် လူသားတစ်ရပ်လုံး၏ ရှေးဟောင်းသမိုင်း တစ်စိတ်တစ်ပိုင်းသာ ဖြစ်ကြောင်းကို ရှေးဟောင်းသုတေသနပညာက ဖော်ထုတ် ညွှန်ပြသည်။ ဤကား ယနေ့ ရှေးဟောင်းသုတေသနပင်တည်း။

ဒေါက်တာ ခင်မောင်ညွန့်

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဥပဒေများ

ဥပဒေရေးရာ

တတိယအကြိမ် သက်တမ်းအတွင်းသို့ ချင်း နင်း ဝင် ရောက်လာပြီဖြစ်သော ပြည်သူ့လွှတ်တော်သည် ပ ထ မ အကြိမ် သက်တမ်းအတွင်းက ဥပဒေ ၅၂ ခု၊ နည်းဥပဒေ ၁၂ ခု၊ လုပ်ထုံးလုပ်နည်း တစ်ခုကိုလည်းကောင်း၊ ဒုတိယ အကြိမ် သက်တမ်းအတွင်းက ဥပဒေ ၁၃ ခု ကို လည်း ကောင်း အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂ အရ တတိယအကြိမ် ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းနိုင်ရန် တ တိ ယ အ ကြိမ် ပြည် သူ့ လွှတ် တော် နှင့် ပြည် သူ့ ကောင် စီ အ ဆင့် ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၁ ခုနှစ် အောက်တို ဘာလ ၄ ရက်နေ့မှစ၍ ၃၀ ရက်နေ့အထိ ပြုလုပ်ခဲ့လေ သည်။ တတိယအကြိမ် ပြည်သူ့လွှတ်တော်အတွက် သတ် မှတ်ထားသည့် မဲဆန္ဒနယ်ပေါင်း ၄၇၅ ခုရှိပြီး မဲဆန္ဒနယ် အားလုံးတွင် ရွေးချယ်တင်မြှောက်ပွဲများကို အောင်မြင် စွာ ကျင်းပနိုင်ခဲ့သည်။တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၉ ရက် နေ့တွင် ရန်ကုန်မြို့ အလုံလမ်း၊ သ မ္မ တ အိမ်တော်ဝင်း အတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းကာလ အတွင်း ပြည်သူ့လွှတ်တော်သည် ပုံမှန်အစည်းအဝေး ရှစ်ကြိမ်နှင့် အထူးအစည်းအဝေးတစ်ကြိမ်၊ စုစုပေါင်း ကိုးကြိမ် ကျင်းပပြီး နိုင်ငံတော်အတွက် လိုအပ်သော ဥပဒေ ၃၂ ခုကို အတည်ပြုပြဋ္ဌာန်းခဲ့လေသည်။

ပထမအစည်းအဝေးက ပြဋ္ဌာန်းသည့်ဥပဒေများ

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီသို့ ထောက်ပံ့ငွေပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်း အဝေး၏တတိယနေ့(၁၉၇၁ ခုနှစ်နိုဝင်ဘာလ ၁၂ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပါပြဋ္ဌာန်းချက် အကျဉ်း ချုပ်မှာ ဤဥပဒေသည် ၁၉၇၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စ၍ အ ကျိုး သက် ရောက် စေ ရ မည် ဖြစ် ကြောင်း နှင့် တည်ဆဲ ဥပဒေပုဒ်မ ၃ တွင် "ကျပ်သိန်း ခြောက်ရာ" ဆိုသည့်စကားရပ်ကို "ကျပ်သိန်းရှစ်ရာ" ဆိုသည့်စကား ရပ်ဖြင့် အစားထိုးရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၇ – စ၁၊ ၉၅ — ရှ။)

မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေး၏ တတိယနေ့ (၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ မြန်မာစာအဖွဲ့ဥပဒေ (စွယ်စုံနှစ်ချုပ် ၁၉၈၇—စာ၊ ၁၀၁—ရှု။) ပုဒ်မ ၃ ကို အစားထိုး ပြင်ဆင်ခြင်းဖြစ်ပြီး ယင်းသို့ အစားထိုးပြင်ဆင်ရာတွင် ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏သဘောတူညီချက်ဖြင့် အဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်။ အဖွဲ့ဝင်ဦးရေကို နိုင်ငံတော်ကောင်စီက သတ်မှတ်ပေးသည့်အတိုင်း ထားရှိရမည်။ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် ရပိုင်ခွင့်များကို ခံစားခွင့်ပြုရမည်။ အဖွဲ့သည် ပညာရေးဝန်ကြီးကို တာဝန်ခံရမည်။ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် လိုအပ်သောရုံးကို ဖွဲ့စည်းထားရှိရမည်ဟု ပြဋ္ဌာန်းသည်။

ဒုတိယအစည်းဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

၁၉၈၂ ခုနှစ် စီးပွားရေးဒီမိုကရက်စီ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာဥပဒေ

ဒုတိယအစည်းအဝေး၏ စတုတ္ထနေ့ (၁၉၈၂ ခုနှစ် မတ်လ ၁၈ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပါပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန်၊ လူတစ်ဦးစီအတွက် ပျမ်းမျှဝင်ငွေ ၃ ဒသမ ၃ ရာခိုင်နှုန်း၊ ပျမ်းမျှစားသုံးမှု ၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန် လျာထားကြောင်း ဖော်ပြပါရှိသည်။

၁၉၈၂ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၈၂ ခုနှစ် မတ်လ ၁၉ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပါပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ ရငွေကို ကျပ် ၃ ဒသမ ၁၁ ကုဋေ၊ သုံးငွေကို ကျပ် ၄၉ ဒသမ ၈၇ ကုဋေဟုလည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေကို ကျပ် ၇၁၆ ဒသမ ၅၁ ကုဋေ၊ သုံးငွေကို ကျပ် ၆၆၁ ဒသမ ၃၃ ကုဋေဟုလည်းကောင်း၊ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေကို ကျပ် ၂,၅၅၀ ဒသမ ၀၈ ကုဋေ၊ သုံးငွေကို ကျပ် ၂,၉၃၆ ဒသမ ၄၁ ကုဋေဟုလည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေကို ကျပ် ၂၃ ဒသမ ၁၃ ကုဋေ၊ သုံးငွေကို ကျပ် ၂၇ ဒသမ ၄၉ ကုဋေဟုလည်းကောင်း လျာထားကြောင်း ဖော်ပြထားသည်။

ရေခဲနှင့်တာတမံခွန်ဥပဒေ

ဒုတိယအစည်းအဝေး၏ တတိယနေ့ (၁၉၈၂ ခုနှစ် မတ်လ ၁၇ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ရေခဲနှင့်တာတမံခွန်ကို နိုင်ငံတော်က တည်ဆောက် ထိန်းသိမ်းထားသည့် ဆည်မြောင်းရေသောက် ဒေသများအတွက် တစ်ကေလျှင် ၁၀ ကျပ်နှုန်း တာတမံနှင့် ရေနုတ်မြောင်းများဖြင့် ရေဘေးကာကွယ်ပေးထားသည့် ဒေသများအတွက် တစ်ကေလျှင် ၅ ကျပ်နှုန်း၊ အထက်ပါ လုပ်ငန်းနှစ်ရပ်လုံးနှင့် အကျုံးဝင်ပါက တစ်ကေလျှင် ၁၀ ကျပ်နှုန်းဖြင့် ၁၉၈၂-၈၃ ခု ဘဏ္ဍာရေးနှစ်အတွက်မှစတင်၍ စည်းကျပ်ကောက်ခံရန် ဖြစ်သည်။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် အခွန်စည်းကြပ်ရန် ရေခွန်နှင့်တာတမံခွန် စည်းကြပ်မှုအဖွဲ့များကို ဖွဲ့စည်း တာဝန်ပေးအပ်မည်ဖြစ်သည်။ ရေခွန်နှင့် တာတမံခွန်များကို မြေခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း ကောက်ခံရန်ဖြစ်သည်။ ရေခွန်နှင့်တာတမံခွန် စည်းကြပ်မှုအဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ပြည်နယ်သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့လည်းကောင်း အခွန်ထမ်းက အယူခံနိုင်သည်။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မိုးဖျက်ခြင်းနှင့် အခြား မတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံ ပျက်စီးဆုံးရှုံးမှုအတွက် အခွန်

သက်သာခွင့်၊ လွှတ်ငြိမ်းခွင့်ပြုခြင်း၊ မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ ပိုမိုစည်းကြပ်ထားခြင်း၊ မှားယွင်း စည်းကြပ်ထားခြင်းကို ပြင်ဆင်ခြင်း၊ ပိုမိုပေးဆောင်ထားရကြောင်း တွေ့ရှိပါက ပိုငွေကို ပြန်အမ်းခြင်းကိစ္စရပ်များတွင် မြေခွန်နှင့်ပတ်သက်၍ ဆောင်ရွက်သည့်နည်းလမ်းများအတိုင်း ဆောင်ရွက်နိုင်သည်။

တတိယအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

မြန်မာနိုင်ငံသားဥပဒေ

တတိယအစည်းအဝေး၏ စတုတ္ထနေ့ (၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ မြန်မာနိုင်ငံသားဖြစ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဟူ၍ သုံးမျိုးသုံးစားခွဲခြားထားသည်။ တိုင်းရင်းသားတိုင်းသည်လည်းကောင်း၊ တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူတိုင်းသည်လည်းကောင်း မွေးရာပါနိုင်ငံသားဖြစ်သည်။ မိမိ၏ မှားယွင်းစွာ လုပ်ဆောင်ချက်ကြောင့် နိုင်ငံသားအဖြစ်မှ ရပ်စဲသည့်ကိစ္စမှတစ်ပါး အခြားမည်သည့်အခြေအနေတွင်မျှ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်း မရှိစေရပေ။

ဤဥပဒေအာဏာတည်သည့်နေ့တွင် တည်ဆဲဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်အတွင်း၌ဖြစ်စေ၊ နိုင်ငံတော်ပြင်ပ၌ဖြစ်စေ၊ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားနှင့် ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများနှင့် အောက်ပါသူတို့သည်လည်း နိုင်ငံသားဖြစ်သည်။

၁။ ဧည့်နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့်
- (၁) နိုင်ငံသား သို့မဟုတ်
- (၂) ဧည့်နိုင်ငံသား သို့မဟုတ်
- (၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ

၂။ နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့်
- (၁) နိုင်ငံသား သို့မဟုတ်
- (၂) ဧည့်နိုင်ငံသား သို့မဟုတ်
- (၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ

၃။ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူမိဘနှစ်ပါးမှ မွေးဖွားသော သားသမီးနှင့်
- (၁) နိုင်ငံသား သို့မဟုတ်
- (၂) ဧည့်နိုင်ငံသား သို့မဟုတ်
- (၃) နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ

၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှုအက်ဥပဒေအရ နိုင်ငံသားဖြစ်ရန် လျှောက်ထားခဲ့သူများသည် သတ်မှတ်ချက်များ၊ အရည်အချင်းနှင့် ကိုက်ညီပါက ဧည့်နိုင်ငံသားအဖြစ် ဗဟိုအဖွဲ့က သတ်မှတ်ပေးနိုင်လေသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီ ကာလတွင် နိုင်ငံတော်အတွင်း၌ ရောက်ရှိနေထိုင်သူနှင့် ထိုသူတို့မှ နိုင်ငံတော်အတွင်းမွေးဖွားသည့် သားသမီးများသည် ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်မှု အက်ဥပဒေအရ လျှောက်ထားရန် ကျန်ရှိနေကြောင်း၊ ခိုင်လုံသောအထောက်အထားများဖြင့် ဗဟိုအဖွဲ့သို့ နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည်။ နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားပြုခွင့်ရသူ မိဘနှစ်ပါးမှ မွေးဖွားသူများ၊ နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံခြားသားမိဘနှစ်ပါးမှ မွေးဖွားသူများသည်လည်း သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံလျှင်နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူနှင့် အိမ်ထောင်ကျသော နိုင်ငံခြားသားများအနေဖြင့်လည်း နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားနိုင်သည်။

နိုင်ငံတော်အတွင်းမွေးဖွားသော နိုင်ငံသား တစ်ဦးအတွက် အသက် ၁၀ နှစ်ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတ်မှတ်သောအဖွဲ့အစည်းများ၌ မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်။ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြစ်မှုပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ လည်းကောင်း တစ်ပြေးညီပြဋ္ဌာန်းထားသည်။ (စွယ်စုံနှစ်ချုပ်၁၉၇၃–စာ၊ ၂၆၄– ၂၆၆— ရှု။)

စတုတ္ထအစည်းအဝေးကပြဋ္ဌာန်းသည့်ဥပဒေများ

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေး ဖြစ် စေ တတ် သော ဆေးဝါးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ

စတုတ္ထအစည်းအဝေး၏ စတုတ္ထနေ့ (၁၉၈၃ ခုနှစ် မတ်လ ၁၇ ရက်နေ့)တွင် ပြည်သူလွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ တည်ဆဲဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ)တွင် "ထောင်ဒဏ်အနည်းဆုံးခြောက်လမှ အများဆုံး ထောင် ဒဏ် သုံး နှစ် အ ထိ" ဆို သည့် စကားရပ်ကို "ထောင်ဒဏ်အနည်းဆုံး သုံးနှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ်အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးခြင်း ဖြစ်သည်။

၁၉၈၃ ခုနှစ် စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

စတုတ္ထအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၈၃ ခုနှစ် မတ်လ ၁၈ ရက်နေ့) တွင် အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၅ ရာခိုင်နှုန်းတိုးအောင် ဆောင်ရွက်ရန် လျာထားသည်။

၁၉၈၃ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

စတုတ္ထအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၈၃ ခုနှစ်၊မတ်လ ၁၈ ရက်နေ့)တွင် အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပြည် သူ လွှတ် တော်၊ နိုင် ငံ တော် ကောင်စီ နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ ရငွေကို ကျပ် ၂ ဒသမ ၃၃ ကုဋေ၊ သုံးငွေကိုကျပ် ၅၀ဒသမ၄၀ ကုဋေဟုလည်းကောင်း၊ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေကို ကျပ် ၇၆၅ ဒသမ ၈၁ ကုဋေနှင့် သုံးငွေကို ကျပ် ၇၀၈ ဒသမ ၂၂ ကုဋေဟုလည်းကောင်း၊ နိုင်ငံတော် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေကို ကျပ် ၂,၇၀၇ ဒသမ ၂၆ ကုဋေ၊ သုံးငွေကို ကျပ် ၃,၂၁၄ ဒသမ ၃၀ ကုဋေဟုလည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ရငွေကို ကျပ် ၂၃ ဒသမ ၉၈ ကုဋေ၊ သုံးငွေကို ကျပ် ၂၆ ဒသမ ၉၉ ကုဋေဟုလည်းကောင်း လျာထားကြောင်း ဖော်ပြထားသည်။

ပဉ္စမအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

ဝိနည်းဓမ္မက် အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ

ပဉ္စမ အစည်းအဝေး၏ စတုတ္ထနေ့ (၁၉၈၃ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့)တွင် အဆက်ပါ ဥပဒေကြမ်းကို ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ ပါရာဇိကအာပတ်သင့်ရောက်သဖြင့် လူဝတ်လဲခံရသည့်ပုဂ္ဂိုလ်အချို့ သင်္ကန်းပြန်ဝတ်ခြင်း မပြုစေရန်၊ ရဟန်းတု၊ ရဟန်းယောင်များ မပေါ်ပေါက်စေရန်နှင့် အဓမ္မအယူဝါဒများ ပြန့်ပွားအောင် ဟောကြားနေသူများ ဆက်လက် ဟောကြားခြင်း မပြုနိုင်စေရန် တားမြစ်အရေးယူနိုင်သည့် ပြဋ္ဌာန်းချက်များနှင့် ပြစ်ဒဏ်များကို တိကျစွာသတ်မှတ်ထားပြီး အရေးယူတရားစွဲဆိုရာတွင်လည်း ရဟန်းသာမဏေကောင်းများ ထိခိုက်နစ်နာမှု မရှိစေရန်နှင့် ချွတ်ချော် တိမ်းစောင်းမှုများ မရှိစေရန် အကာအကွယ်ပေးသည့်အနေဖြင့် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူ ဆောင်ရွက်ရန် ဖော်ပြပါရှိသည်။

အမျိုးသား ထောက်လှမ်းရေးအဖွဲ့ ဥပဒေ

ပဉ္စမ အစည်းအဝေး၏ စတုတ္ထနေ့ (၁၉၈၃ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ဝန်ကြီးဌာန အသီးသီးရှိ ထောက်လှမ်းရေးအဖွဲ့အစည်းများကို ညှိနှိုင်းကာ ညီညွတ်သော ဦးဆောင်မှုဖြင့် အခြေခံဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များကို ပိုမို ထိရောက်စွာ ထမ်းဆောင်နိုင်စေရန် အလို့ငှာ ဝန်ကြီးချုပ်ကို ဥက္ကဋ္ဌအဖြစ်နှင့် ဝန်ကြီးလေးဦးတို့က အဖွဲ့ဝင်များအဖြစ် ပါဝင်သော အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး အတွင်းရေးမှူးတာဝန်ကို အဖွဲ့ဝင် ဝန်ကြီးများက အလှည့်ကျ ဆောင်ရွက်ရမည် ဖြစ်သည်။ အမျိုးသားထောက်လှမ်းရေးအဖွဲ့သည် အရေးကြီးသော ကိစ္စရပ်များကို နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံတွင် တင်ပြ၍ အဆုံးအဖြတ်ရယူရမည် ဖြစ်သည်။

ပညာရေးဆိုင်ရာ ဥပဒေများကို ပြင်ဆင်သည့် ဥပဒေငါးရပ်

ပဉ္စမ အစည်းအဝေး၏ တတိယနေ့ (၁၉၇၃ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့)တွင် ပြည်သူလွှတ်တော်က အောက်ပါဥပဒေကြမ်းများကို အတည်ပြု ပြဋ္ဌာန်းသည်။

- ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ် ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊
- ၁၉၇၃ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံ ပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊
- ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေး သုတေသနဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊
- ၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊
- ၁၉၇၄ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ ဖြစ်သည်။

ဥပဒေငါးရပ်၏ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ "အထက်တန်းပညာဦးစီးဌာန" ဆိုသည့်စကားရပ်ကို "အဆင့်မြင့် ပညာဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည် ဖြစ်သည်။ ပညာရေးဆိုင်ရာ ဥပဒေများတွင် ပါရှိသည့် "ညွှန်ကြားရေးမှူးချုပ်၊ အထက်တန်းပညာ ဦးစီးဌာန" ဟူသော အခေါ်အဝေါ်အစား "ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန" ဟူသော အခေါ်အဝေါ်ဖြင့် အစားထိုးရမည် ဖြစ်သည်။

ဆဋ္ဌမအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

ဆဋ္ဌမအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၇၄ ခုနှစ် မတ်လ ၁၆ ရက်နေ့)တွင် ပြည်သူလွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (တ) ကို ယင်းတွင်ပါရှိသည့် "အကြောင်းခြင်းရာ ပြဿနာနှင့် စပ်လျဉ်း၍" ဟူသော စကားရပ်အား နုတ်ပယ်ပြီး "လယ်ယာမြေ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် တင်သွင်းသော အယူခံမှုကို အပြီးအပြတ် အဆုံးအဖြတ်ပေးခြင်း" ဟူ၍ ပြင်ဆင်ခြင်း ဖြစ်သည်။

ဘို့ငှါလာဥပဒေ

ဆဋ္ဌမအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၇၄ ခုနှစ် မတ်လ ၁၆ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပိုင်ရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ ပိုင်ရှင်သည် ဘို့ငှါလာကို အသုံးပြုနိုင်ရေးအတွက် မှတ်ပုံတင်ပေးရန်နှင့် အသုံးပြုခွင့် ပျက်ပြယ်သော ဘို့ငှါလာကို ဆက်လက်အသုံးပြုနိုင်ရေးအတွက် လက်မှတ်အသစ် ထုတ်ပေးရန် သက်ဆိုင်ရာ စစ်ဆေးရေးမှူးသို့ လျှောက်ထားရမည် ဖြစ်သည်။ အသုံးပြုခွင့် လက်မှတ်သို့မဟုတ် ယာယီ အသုံးပြုခွင့်လက်မှတ် သက်တမ်းကို ပြောင်းလဲလိုသဖြင့် စစ်ဆေးခြင်း ခံယူလိုပါက လက်မှတ်သက်တမ်း မကုန်ဆုံးမီ ကြိုတင်လျှောက်ထားရမည်။

စစ်ဆေးရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ စစ်ဆေးရေးမှူးသည် စံများနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်ပေးသင့်သည်ဟု ယူဆပါက သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီ အသုံးပြုခွင့်လက်မှတ် ထုတ်ပေးနိုင်သည်။ စစ်ဆေး တွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ အစီရင်ခံရမည် ဖြစ်သည်။ လက်မှတ် သက်တမ်းကို ပြောင်းလဲလိုသဖြင့် ပိုင်ရှင်က လျှောက်ထားလာရာတွင် စစ်ဆေးရေးမှူးသည် အသုံးပြုခွင့်လက်မှတ်အသစ် ထုတ်ပေးသင့်သည်ဟု ယူဆပါက စစ်ဆေးတွေ့ရှိချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ စစ်ဆေးရေးမှူးချုပ်ထံ တင်ပြရမည် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ထားစဉ် သင့်လျော်သော ခွင့်ပြုဖိအားဖြင့် ယာယီအသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးနိုင်သည်။

စစ်ဆေးရေးမှူးချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ စစ်ဆေးရေးမှူးချုပ်သည် စစ်ဆေးရေးမှူးက စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို တင်ပြသည့်အခါ ဘို့ငှါလာကိုမှတ်ပုံတင်ပေးခြင်း၊ ခွင့်ပြုဖိအားကို သတ်မှတ်ခြင်း၊ မှတ်ပုံတင်ပေးရန်ငြင်းဆိုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ်ကို မသမာသောနည်းဖြင့် ရရှိထားကြောင်း စစ်ဆေးတွေ့ရှိလျှင် ယင်းလက်မှတ်ကို ရုပ်သိမ်းနိုင်သည်။

လက်မှတ်သက်တမ်းကုန်ဆုံးခြင်း၊ မတော်တဆထိခိုက်မှုဖြစ်ပွားခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သော ယိုယွင်းမှုကြောင့် ပြုပြင်ရန်လိုအပ်သဖြင့် ဘို့ငှါလာကိုအသုံးမပြုရန်

စစ်ဆေးရေးမှူးချုပ် သို့မဟုတ် စစ်ဆေးရေးမှူးက အကြောင်းကြားလျှင် အသုံးပြုခွင့်လက်မှတ် သို့မဟုတ် ယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်သည်။

အယူခံခြင်းနှင့်စပ်လျဉ်း၍ အယူခံအဖွဲ့ကို စက်မှုအတတ်ပညာရှင် အနည်းဆုံးနှစ်ဦးပါဝင်သည့် သင့်လျော်သော အဖွဲ့ဝင်သုံးဦးဖြင့် ဖွဲ့စည်းရမည်။ စစ်ဆေးရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်နိုင်သည်။ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

ပြစ်မှု၊ ပြစ်ဒဏ်နှင့်ပတ်သက်၍ ဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သတ်မှတ်သည့်ဌေဒဏ်၊ ထောင်ဒဏ်ကို ကျခံရမည်ဖြစ်သည်။

သက်ဆိုင်ရာ ဝန်ကြီးဌာနသည် သတ်မှတ်ချက်နှင့် ညီညွတ်သောဘိုင်လာ၊ ရေနွေးငွေ့ပိုက်၊ ရေသွင်းပိုက်တို့ကို ဤဥပဒေပါပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၁၉၇၄ ခုနှစ် စီးပွားရေးစီမံကိန်း၏ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာဥပဒေ

ဆဋ္ဌမအစည်းအဝေး၏ပဉ္စမနေ့ (၁၉၇၄ ခုနှစ် မတ်လ ၁၆ ရက်နေ့) တွင် အထက်ပါဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပါပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၆ ဒသမ ၃ ရာခိုင်နှုန်းတိုးအောင် ဆောင်ရွက်ရန်လျာထားသည်။

၁၉၇၄ ခုနှစ် နိုင်ငံတော်၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ

ဆဋ္ဌမအစည်းအဝေး၏ ပဉ္စမနေ့(၁၉၇၄ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ ရငွေကိုကျပ် ၂ ဒသမ ၉၇ ကုဋေ၊ သုံးငွေကို ကျပ် ၅၃ ဒသမ ၈၃ ကုဋေဟုလည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ရငွေကို ကျပ် ၈၃၂ ဒသမ ၉၈ ကုဋေ၊ သုံးငွေကို ကျပ် ၇၇၂ ဒသမ ၇၇ ကုဋေဟုလည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ရငွေကို ကျပ် ၂,၈၀၁ ဒသမ ၁၈ ကုဋေ၊ သုံးငွေကိုကျပ် ၃,၂၃၉ ဒသမ ၂၈ ကုဋေဟုလည်းကောင်း လျာထားကြောင်းဖော်ပြထားသည်။

သတ္တမအစည်းအဝေးကပြဋ္ဌာန်းသည့် ဥပဒေများ

စည်ပင်သာယာဥပဒေ

သတ္တမအစည်းအဝေး၏ စတုတ္ထနေ့ (၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။

ဥပဒေပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ရန်ကုန်မြို့တော် တစ်ခုတည်းသာမကဘဲ နိုင်ငံတော်အတွင်း မည်သည့် ပြည်နယ်၊ တိုင်းနှင့်မြို့နယ်တွင်မဆို စည်ပင်သာယာရေး အဖွဲ့၏ လုပ်ငန်းတာဝန်ကို သီးခြားစည်ပင်သာယာရေး ကော်မတီဖြင့် အစားထိုးဖွဲ့စည်းဆောင်ရွက်စေသင့် ကြောင်း တွေ့ရှိရလျှင် နိုင်ငံတော်ကောင်စီက သီးခြား ကော်မတီဖြင့် အစားထိုးဖွဲ့စည်းရန် သတ်မှတ်ပေးမည် ဖြစ်သည်။

နိုင်ငံတော်ကောင်စီက သီးခြားကော်မတီဖြင့် အစား ထိုးဖွဲ့စည်းရန် သတ်မှတ်သည့်မြို့ များတွင် ပြည်သူ့ကောင်စီများက စည်ပင်သာယာရေး လုပ်ပိုင်ခွင့်များကို ကျင့်သုံးခွင့်ရှိမည်မဟုတ်ဘဲ သီးခြားကော်မတီဖြင့်ဖွဲ့စည်း ဆောင်ရွက်ရန် မလိုအပ်သော မြို့များတွင် သို့မဟုတ် သီးခြားကော်မတီဖြင့် ဆက်လက်ဆောင်ရွက်ရန် မလိုအပ် သော မြို့များတွင် ပြည်သူ့ကောင်စီများက စည်ပင် သာယာရေး လုပ်ပိုင်ခွင့်များကို ကျင့်သုံးမည်ဖြစ်သည်။

ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေ

သတ္တမ အစည်းအဝေး၏ စတုတ္ထနေ့ (၁၉၇၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပညာရေးဝန်ကြီးဌာနသည် မြို့နယ်ပညာရေးမှူး၏ အဆင့်အောက် မနိမ့်သော ပညာရေးဝန်ထမ်းကို ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ထိုသူသည် သင်တန်းဖွင့်လှစ်လိုသူနှင့် သင်တန်းဆရာအဖြစ် ဆောင်ရွက်လိုသူများက တင်သွင်းလာသော လျှောက်လွှာကို စိစစ်၍ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။ တစ်ဖန် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က စိစစ်၍ တင်ပြ

လာသော လျှောက်လွှာကို ပြည်နယ် သို့မဟုတ် တိုင်းပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့က စိစစ်၍ ခွင့်ပြုမည်ဖြစ်သည်။

ကိုယ်ပိုင်သင်တန်းတည်ထောင်ဖွင့်လှစ်သူနှင့် သင်တန်းဆရာတို့သည် ဤဥပဒေအရ မြန်မာနိုင်ငံသားများဖြစ်ရမည်။ သင်တန်းဆရာ၏ အရည်အချင်းကို ပညာရေးဝန်ကြီးဌာနက သတ်မှတ်ပေးမည်ဖြစ်သည်။

ကိုယ်ပိုင်သင်တန်းတစ်ခုအတွက် သင်ကြားခွင့်ရှိသည့် ဘာသာရပ်အရေအတွက်၊ သင်တန်းသားဦးရေ၊ တစ်နေ့တာ သင်ကြားခွင့်ရှိသည့်အကြိမ်၊ မှတ်ပုံတင်ကြေး၊ သင်တန်းကြေး၊ ကိုယ်ပိုင်သင်တန်းတစ်ခု၏ အဆောက်အအုံ၊ နေရာထိုင်ခင်း၊ ပရိဘောဂများကို လုပ်ထုံးလုပ်နည်းဖြင့်သတ်မှတ်ပေးမည် ဖြစ်သည်။ ကိုယ်ပိုင်သင်တန်းတည်ထောင်ဖွင့်လှစ်သူနှင့်သင်တန်းဆရာတို့သည်ဤဥပဒေအရတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြစ်မှု ထင်ရှား စီရင်ခြင်း ခံရလျှင်၊ အနည်းဆုံး မည်မျှ အများဆုံးမည်မျှဟူ၍ သတ်မှတ်သည့် ထောင်ဒဏ်နှင့် ငွေဒဏ်တို့ကိုကျခံရမည်ဖြစ်သည်။

လျှပ်စစ်ဥပဒေ

သတ္တမအစည်းအဝေး၏ စတုတ္ထနေ့ (၁၉၀၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့) တွင် အထက်ပါဥပဒေကြမ်းကို ပြည်သူလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ ဤဥပဒေသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ပို့လွှတ်ခြင်း၊ဖြန့်ဖြူးခြင်း၊အသုံးပြုခြင်း လုပ်ငန်းများ၊ ယင်းလုပ်ငန်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာလုပ်ကိုင်ဆောင်ရွက်နိုင်မည့် လျှပ်စစ် စစ်ဆေးရေးကိစ္စများနှင့် သက်ဆိုင်သည်။ လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်များကို ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်က ဖွဲ့စည်းထားသော လျှပ်စစ်ဓာတ်အား ကော်ပို ရေးရှင်း သို့မဟုတ် ယင်းအားဆက်ခံသည့်အဖွဲ့အစည်း၊ ဝန်ကြီးဌာနအသီးသီးလက်အောက်ရှိစက်ရုံ၊ အလုပ်ရုံများ၊ ဌာနများ၊သမဝါယမအသင်းများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ သီးခြားအဖွဲ့အစည်းများအား ခွင့်ပြုနိုင်သည်။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ဤဥပဒေပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း၊ သို့မဟုတ် လုပ်ကိုင်ခွင့်အမိန့်ပါ စည်းကမ်းကို လိုက်နာရန်ပျက်ကွက်ခြင်း၊ သို့မဟုတ် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် သတ်မှတ်ထားသည့်ကာလအတွင်း မဆောင်ရွက်နိုင်ခြင်း၊ အကြောင်းကြောင်းကြောင့် လုပ်ကိုင်ခွင့်အမိန့်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် သတ် မှတ် ထား သည့် ထောင်ဒဏ်၊ ငွေဒဏ်ကို ကျခံစေရမည့်အပြင် ပစ္စည်းနှစ်နာဆုံးရှုံးသွားပါက နှစ်နာပျက်စီးဆုံးရှုံးသွားသောပစ္စည်း၏ ကာလတန်ဖိုးကို ဆိုင်ရာသို့ ပေးလျော်ရမည်ဖြစ်သည်။

အင်္ဂမအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ နိုင်ငံတော်ကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေ

အင်္ဂမအစည်းအဝေး၏ စတုတ္ထနေ့ (၁၉၇၅ ခုနှစ် မတ်လ ၂၁ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အထက်ပါဥပဒေများနှင့် နည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းသည်။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ အခြေခံဥပဒေပုဒ်မ ၅၇ တွင် ပြည်သူ့လွှတ်တော်နှင့် လည်းကောင်း၊ပြည်သူ့လွှတ်တော်ရေးရာကော်မတီများနှင့် လည်းကောင်း သက်ဆိုင်သောဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းရမည်ဟူသော အကြောင်းအရာအားလုံးကို ပယ်ဖျက်သည်။

အခြေခံဥပဒေပုဒ်မ ၆၅၊ ၆၆နှင့် ၆၉ တို့တွင် နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ခြင်း၊ နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော် ဒုတိယသမ္မတဖြစ်ခြင်း၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် မိမိ၏တာဝန်ဝတ္တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ပူးတွဲထမ်းဆောင်ရခြင်းတို့နှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များဖြင့် အစားထိုးပြင်ဆင်သည်။

အခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ (ဃ) နှင့် (င) တို့တွင် အကြောင်းတစ်ခုခုကြောင့် ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင်များထဲမှ အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်လျှင် အစားထိုး ရွေးချယ်တင်မြှောက်နိုင်ရန်နှင့် အကြောင်းတစ်ခုခုကြောင့် ပြည်သူ့လွှတ်တော်ရေးရာ၊ ကော်မတီဝင်များထဲမှကော်မတီဝင် တစ်ဦးဦးလစ်လပ်လျှင်

အစားထိုးရွေးချယ်တင်မြှောက်နိုင်ရန် ပြဋ္ဌာန်းချက်များဖြင့် အစားထိုးပြင်ဆင်သည်။

နိုင်ငံတော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တည်ဆဲ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) နှင့် (၅) တို့ကို အထက်တွင် ဖော်ပြခဲ့သည့် အခြေခံဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ (ဃ) နှင့် (င) ပြင်ဆင်ချက်များနှင့် လိုက်လျောညီထွေ ရှိစေရန် ပြင်ဆင်သည်။

နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၂၆ တွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ပြည်ပသို့ ခရီးသွားနေချိန်တွင် နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ပူးတွဲထမ်းဆောင်ခြင်း၊ နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ပသို့ ခရီးသွားနေချိန်တွင် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးက နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ပူးတွဲထမ်းဆောင်ခြင်းတို့နှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များဖြင့်အစားထိုးပြင်ဆင်သည်။

နိုင်ငံတော်ကောင်စီ ဥပဒေအခန်း (၅) ကို အခန်း (၅ က) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၈ နှင့် ၂၉ တို့ကို ပုဒ်မ ၂၉ – က နှင့် ၂၉ – ခ အဖြစ်လည်းကောင်း ပြင်ဆင်သည်။ ပြင်ဆင်ထားသော အခန်း (၅) "နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌဟူသည့် ခေါင်းစဉ်းအောက်တွင် ပုဒ်မ ၂၈ ၌ နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ ပုဒ်မ ၂၉ ၌ နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော်ကောင်စီဒုတိယသမ္မတအဖြစ်ဆောင်ရွက်ရမည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်းကောင်း ပြဋ္ဌာန်းထားသည်။

ပြင်ဆင်ထားသော နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၂၉–ကတွင် ဖြည့်စွက်ထားသည့် ပုဒ်မခွဲ (ဂ) ၌ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် မိမိ၏တာဝန်ဝတ္တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် ပုဒ်မခွဲ (က) နှင့် (ခ) ပါ လုပ်ငန်းတာဝန်များကို နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက ဆောင်ရွက်ခြင်းဟု လည်းကောင်း၊ ဖြည့်စွက်ထားသည့် ပုဒ်မခွဲ (စ) ၌ နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌသည် မိမိ၏တာဝန်ဝတ္တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် ဒုတိယဥက္ကဋ္ဌ၏ တာဝန် ဝတ္တရားများကို နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက ပူးတွဲထမ်းဆောင်ခြင်းဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်ကောင်စီ ဥပဒေပုဒ်မ ၄၀ တွင် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး တစ်ဦးဦးအပါအဝင် အနည်းဆုံး ၂၁ ဦး တက်ရောက်မှသာလျှင် နိုင်ငံတော်ကောင်စီအစည်းအဝေးအထမြောက်ကြောင်း အစားထိုးပြင်ဆင်သည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တည်ဆဲပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) ကို နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌတစ်ဦး ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း၍ အခြေခံဥပဒေပုဒ်မ ၆၅ ပြင်ဆင်ချက်နှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ထားသည်။

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မတီဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) တွင် နိုင်ငံတော်ကောင်စီကတင်သွင်းသော နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့မှအပဖြစ်သော နိုင်ငံတော်ကောင်စီဝင် လေးဦးဟူ၍ အစားထိုး ပြင်ဆင်ထားသည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကိုပြင်ဆင်သည့် နည်းဥပဒေ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ခ) ကို နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ ရွေးချယ် တင်မြှောက်ရာတွင် အလှည့်ကျသဘာပတိက ကြီးကြပ်ရန် အစားထိုးပြင်ဆင်ထားသည်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့တွင် နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌတစ်ဦး ရွေးချယ် တင်မြှောက်ခြင်းကိုလည်းကောင်း၊ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (ဂ) တွင် လစ်လပ်သော နေရာသည် နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ နေရာဖြစ်ပါက နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ရွေးချယ်တင်မြှောက်ခြင်းကိုလည်းကောင်း ဖြည့်စွက် ပြင်ဆင်ထားသည်။

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ခြင်း ဆိုင်ရာ နည်း ဥပဒေ များကို ပြင်ဆင်သည့်နည်းဥပဒေ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

အင်္ဂမအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၇၅ ခုနှစ် မတ်လ ၂၂ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အဆက်ပါ ဥပဒေကြမ်း နှင့် နည်းဥပဒေကြမ်းတို့ကို အတည်ပြုပြဋ္ဌာန်းသည်။

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တည်ဆဲဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)တွင် ပြဋ္ဌာန်းပါရှိသည့် "ရွေးချယ်တင်မြှောက်ပွဲများ စတင်ကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်သော နိုင်ငံသားတိုင်း" ဆိုသော့သို့ စကားရပ်များမှ "စတင်"ဆိုသည့် စကားရပ်ကို နုတ်ပယ်သည်။

တည်ဆဲဥပဒေပုဒ်မ ၁၆၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) နှင့် (ဂ)သို့ အရ မဲဆန္ဒနယ်တစ်နယ်ကို နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်အရ ကော်မရှင်က ပယ်ဖျက်သည့် အခါ သက်ဆိုင်ရာ ပြည်သူ့ကိုယ်စားလှယ်သည်လည်း ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းဖြင့် ပုဒ်မ ၁၆ တွင် ပုဒ်မခွဲ (စျ)ကို ဖြည့်စွက်ထားသည်။

ထပ်မံကျင်းပသော ရွေးချယ် တင်မြှောက်ပွဲများတွင် ပထမအကြိမ်ရွေးချယ်တင်မြှောက်ပွဲကျင်းပချိန်၌ အတည်ပြုပြီးသော မဲစာရင်းနှင့် ထပ်မံကျင်းပသော ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပသည့် နေ့၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ပါဝင်သည့် နောက်ဆက်တွဲ မဲစာရင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်ရမည်ဟု တည်ဆဲဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ)ကို အစားထိုးပြင်ဆင်သည်။

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေး ချယ် တင် မြှောက် ခြင်း ဆိုင် ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပြင်ဆင်ချက်နှင့် လိုက်လျောညီထွေဖြစ်စေရန် တည်ဆဲနည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ဂ) နှင့် နည်းဥပဒေ ၅၄၊ နည်းဥပဒေခွဲ (င)တို့ကို ပြင်ဆင်သည်။

ပြည်သူ့ကိုယ်စားလှယ်လောင်း တစ်ဦးသည် လည်းကောင်း၊ ရွေးချယ်တင်မြှောက်ခြင်း ခံရပြီးနောက် ကတိသစ္စာမပြုရသေးသော ပြည်သူ့ကိုယ်စားလှယ်တစ်ဦးသည်လည်းကောင်း၊ ကိုယ်စားလှယ်လောင်းအဖြစ် သို့မဟုတ် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် နုတ်ထွက်နိုင်စေရန် တည်ဆဲနည်းဥပဒေ ၄၈၊ ပုဒ်မခွဲ (င)ကို ဖြည့်စွက်ထားသည်။

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တည်ဆဲ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(ဂ)ကို ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)နှင့် နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(ဂ) ပြင်ဆင်ချက်များနှင့် လိုက်လျောညီထွေရှိစေရန် အစားထိုးပြင်ဆင်သည်။

၁၉၈၅ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာဥပဒေ

အင်္ဂမအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၈၅ ခုနှစ် မတ်လ ၂၂ ရက်နေ့)တွင် ပြည်သူ့လွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တစ် မျိုး သား လုံး ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် လျာထားသည်။


၁၉၈၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

အင်္ဂမအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၈၅ ခုနှစ် မတ်လ ၂၂ ရက်နေ့)တွင် ပြည်သူ့လွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပါပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပြည်သူ့လွှတ်တော် နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့တို့၏ ရငွေကို ကျပ် ၂ ဒသမ ၉၈ ကုဋေ၊ သုံးငွေကို ကျပ် ၅၅ ဒသမ ၁၆ ကုဋေဟုလည်းကောင်း၊ ဝန်ကြီး ဌာနများနှင့် ဦးစီးဌာနများ၏ ရငွေကို ကျပ် ၈၃၆ ဒသမ ၈၉ ကုဋေ၊ သုံးငွေကို ကျပ် ၇၇၆ ဒသမ ၃၅ ကုဋေ ဟုလည်းကောင်း၊ နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေကို ကျပ် ၂,၈၂၅ ကုဋေ၊ သုံးငွေကို ကျပ် ၃,၂၁၅ ဒသမ ၀၉ ကုဋေ ဟုလည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ရငွေကို ကျပ် ၂၆ ဒသမ ၉၆ ကုဋေ၊ သုံးငွေကို ကျပ် ၃၀ ဒသမ ၅၇ ကုဋေဟုလည်းကောင်း လျာထားကြောင်း ဖော်ပြထားသည်။

အကျဉ်းချုပ်

ဤသို့ဖြင့် တတိယအကြိမ် ပြည်သူ့ လွှတ်တော်သည် နိုင်ငံတော်ကောင်စီက တင်သွင်းသည့် ဥပဒေကြမ်း ၁၀ ခု၊ ဝန်ကြီးအဖွဲ့က တင်သွင်းသည့် ဥပဒေကြမ်း ၂၂ ခု၊ စုစုပေါင်း ဥပဒေကြမ်း ၃၂ ခုကို အတည်ပြု ပြဋ္ဌာန်းခဲ့လေသည်။

တက္ကသိုလ် တင်အေးကြည်



စတုဏ္ဍအကြိမ် ပြည်သူ့လွှတ်တော်ဥပဒေများ

ဥပဒေရေးရာ

ပထမအစည်းအဝေးမှ ဆဋ္ဌမအစည်းအဝေးအထိ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ – ၄၂ အရ၊ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်ကို ဖွဲ့စည်းနိုင်ရန် အဘက် စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ် တင်မြှောက်ပွဲများကို ၁၉၇၅ ခုနှစ် အောက်တိုဘာလ (၆) ရက်နေ့မှ (၂၀) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့လေသည်။ အကြောင်း အမျိုးမျိုးကြောင့် ပြည်သူ့ကိုယ်စားလှယ် လစ်လပ်သွားသော မဲဆန္ဒနယ် အချို့တွင် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၅ ခုနှစ် အောက်တိုဘာလ (၂၇) ရက်နေ့အထိ ရက်တိုးမြှင့်ပြီးရွေးချယ်တင်မြှောက်ပွဲများကို ကျင်းပပေးခဲ့လေသည်။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အတွက် သတ်မှတ်ထားသည့် မဲဆန္ဒနယ်ပေါင်း မှာ ၄၈၉ နယ်ရှိပြီး မဲဆန္ဒနယ် အားလုံးတွင် ရွေးချယ်တင်မြှောက်ပွဲ များကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေးကို ၁၉၇၅ ခုနှစ် နိုဝင်ဘာလ (၄) ရက်နေ့တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် စတင်ကျင်းပ လေသည်။

စတုတ္ထ အကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်း အဝေးမှ ဆဋ္ဌမအစည်းအဝေးအထိ ပြည်သူ့လွှတ်တော်သည် ပုံမှန် အစည်းအဝေး ခြောက်ကြိမ်၊ အရေးပေါ် အစည်း အဝေးတစ်ကြိမ်၊ စုစုပေါင်းခုနစ်ကြိမ်ကျင်းပပြီး နိုင်ငံတော် အတွက် လိုအပ်သော ဥပဒေများကို အတည်ပြု ပြဋ္ဌာန်းခဲ့ လေသည်။

ပထမအစည်းအဝေးက ပြဋ္ဌာန်းသည့်ဥပဒေများ

ပြည်သူ့ကိုယ်စားလှယ်များ၏ ခံစားခွင့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၁၉၇၅–ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်–၈)

ဤ ဥပဒေကြမ်းကို နိုင်ငံတော် ကောင်စီက ပြည်သူ့ လွှတ်တော်သို့ တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပထမ အစည်းအဝေး စတုတ္ထနေ့ (၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့) တွင် ပြည် သူ့ လွှတ် တော် က အတည်ပြု ပြဋ္ဌာန်းသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ စတုတ္ထ အစည်း အဝေးက အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော "ပြည်သူ့ ကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေ" (၁၉၇၅–ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်–၁၂ ကို ပြင်ဆင်ခြင်းဖြစ်

သည်။ ဤဥပဒေတွင် ပုဒ်မ ငါးခုပါဝင်ပြီး ပုဒ်မ–၂ တွင် မူလဥပဒေ ပုဒ်မအောက်၌ "နိုင်ငံတော် ဒုတိယသမ္မတ အတွက် လစဉ် ထောက်ပံ့ကြေးမှာ ကျပ် ၃,၃၀၀ ဖြစ်သည်။ ယင်းထောက်ပံ့ကြေးအပေါ် တွင် ဝင်ငွေခွန် စည်းကြပ်ခြင်းမှ ကင်းလွတ်စေရမည်" ဟူသောပုဒ်မကို ပုဒ်မ ၄–က အဖြစ် ဖြည့်စွက်သည်။ ပုဒ်မ–၃ တွင် မူလဥပဒေ ပုဒ်မ– ၂၅၊ ပုဒ်မ– ၂၈ နှင့် ပုဒ်မ–၂၉ ပုဒ်မခွဲ (က) တို့ရှိ "နိုင်ငံတော်သမ္မတ" ဆိုသည့် စကားရပ်နောက်၌ "နိုင်ငံတော်ဒုတိယသမ္မတ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်သည်။ ပုဒ်မ–၄ နှင့် ၅ တို့တွင် မူလဥပဒေနောက်ဆက်တွဲဇယား (ခ) ကို နောက်ဆက်တွဲဇယား (ခ – ၁) ဖြင့်လည်းကောင်း၊ နောက်ဆက်တွဲဇယား (ဂ) ကို နောက်ဆက်တွဲဇယား (ဂ – ၁) ဖြင့် လည်းကောင်း အစားထိုးခြင်း ဖြစ်သည်။

အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၁၉၇၅–ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်–၉)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က ပြည်သူ့လွှတ်တော်သို့တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေး၊ စတုတ္ထနေ့ (၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့)တွင် ပြည်သူ့လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

တတိယ အကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ အစည်းအဝေးတွင် အတည်ပြု ပြဋ္ဌာန်း ခဲ့သော "အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ" (၁၉၇၃–ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ်–၁၀) ကို ပြင်ဆင်ခြင်းဖြစ်သည်။ ဤဥပဒေတွင် ပုဒ်မ သုံးခု ပါဝင်ပြီး ပုဒ်မ – ၂ တွင် မူလဥပဒေပုဒ်မ – ၇၊ ပုဒ်မခွဲ (က) ကို "(က) အရေးကြီးသောကိစ္စရပ်များကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော် ဒုတိယသမ္မတနှင့် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးထံ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်" ဟူသော ပုဒ်မခွဲဖြင့် အစားထိုးသည်။ ပုဒ်မ–၃ တွင် မူလဥပဒေပုဒ်မ–၈၊ ပုဒ်မခွဲ (ခ) ကို "(ခ) အမျိုးသား ထောက်လှမ်းရေးအဖွဲ့သည် အစီရင်ခံစာများကို အကျဉ်းချုပ်၍ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော် ဒုတိယသမ္မတနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြရမည်။ လိုအပ်ပါက သက်ဆိုင်သည့်အာဏာပိုင်အဖွဲ့အစည်းသို့သာ ပေးပို့ရမည်" ဟူသောပုဒ်မခွဲဖြင့် အစားထိုးသည်။

နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၁၉၇၅–ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်–၁၀)

ဤဥပဒေကြမ်းကို နိုင်ငံတော် ကောင်စီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေး၊ စတုတ္ထနေ့ (၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေး တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သော "နိုင်ငံရေးပင်စင်ဥပဒေ" (၁၉၇၀–ပြည့်နှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်–၄) ကို ပြင်ဆင်ခြင်းဖြစ်သည်။ ဤဥပဒေတွင်ပုဒ်မ ခုနစ်ခုပါဝင်ပြီး ပုဒ်မ – ၂ (ခ) တွင် မူလဥပဒေပုဒ်မ – ၇၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် – ၂ အဖြစ် နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယ သမ္မတအား နိုင်ငံရေး လစဉ် ပင်စင်ငွေ ကျပ် ၁,၉၅၀ ခံစားခွင့် ပြုခြင်းကို ဖြည့်စွက်သည်။ ပုဒ်မ–၃ (ဂ) တွင် ပါတီဒုတိယဥက္ကဋ္ဌအား နိုင်ငံရေးလစဉ်ပင်စင်ငွေကျပ် ၁,၉၅၀ ခံစားခွင့်ပြုခြင်းကို မူလဥပဒေပုဒ်မ–၉၊ ပုဒ်မခွဲ (ခ) အဖြစ် ဖြည့်စွက်သည်။ ပုဒ်မ –၄ တွင် မူလ ဥပဒေပုဒ်မ–၉၊ ပုဒ်မခွဲ (ဌ) ပါ "ဗဟို ဌာနမှူးများ" ဆိုသည့် စကားရပ်ကို "ဗဟိုဌာနကြီးမှူးများ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးသည်။ ပုဒ်မ–၅ တွင် မူလဥပဒေပုဒ်မ–၉၊ ပုဒ်မခွဲ (ဌ) ပါ "ဗဟိုလုပ်ငန်းအဖွဲ့အစည်းဌာနမှူး" ဆိုသည့်စကားရပ်အစား "ဗဟိုလုပ်ငန်းအဖွဲ့အစည်းဌာနကြီးမှူးများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးသည်။ ပုဒ်မ – ၆ တွင် မူလဥပဒေပုဒ်မ – ၉၊ ပုဒ်မခွဲ (ဍ) ကို "ဗဟိုနိုင်ငံရေးတက္ကသိုလ် ကျောင်းအုပ်ကြီးအား နိုင်ငံရေးလစဉ် ပင်စင်ကျပ် ၁,၅၀၀ ခံစားခွင့်ပြုခြင်းဖြင့် အစားထိုးသည်။ ပုဒ်မ–၇၊ ပုဒ်မခွဲ (က) တွင် မူလ ဥပဒေပုဒ်မ–၉၊ ပုဒ်မခွဲ (ဏ) ပါ အကြောင်းအရာများအားလုံးကို ပယ်ဖျက်သည်။

ကျဆုံးတိရစ္ဆာန်ကျောက်နင်းမှုဥပဒေ

(၁၉၇၅–ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ်–၁၁)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့ကတင်သွင်းပြီး စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော် ပထမအစည်းအဝေး၊ စတုတ္ထနေ့ (၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်) နေ့တွင် ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်း (၈) ခန်းပါဝင်ပြီး ပုဒ်မ ၃၇ ခုရှိသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ ပုဒ်မ–၄ အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ

(၁၉၈၅–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၁၂)

ဤဥပဒေကြမ်းကို ဝန်ကြီး အဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ပထမအစည်းအဝေး၊ စတုတ္ထနေ့ (၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့)တွင် ပြည်သူလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်း (၁၀) ခန်း ပါဝင်ပြီး ပုဒ်မ ၄၅ ခုရှိသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပုဒ်မ–၃ တွင် ရုပ်မြင်သံကြားဖမ်းစက်သို့မဟုတ် ဗီဒီယိုဖွင့်စက် လက်ဝယ်ရှိသူသည် လိုင်စင်ခပေးဆောင်ခြင်း၊ ရက်လွန်ကြေးပေးဆောင်ခြင်း၊ လိုင်စင်လက်မှတ်အသစ် လဲလှယ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ–၆ အရ၊ ဗီဒီယိုရိုက်ကူးခြင်း၊ ထုတ်လုပ်ခြင်း၊ တိတ်ခွေကူးယူခြင်း၊ တိတ်ခွေဖြန့်ချိခြင်း၊ တိတ်ခွေငှားရမ်းခြင်းနှင့် ဗီဒီယို ပြသခြင်း လုပ်ငန်းများကို စီးပွားရေးအလို့ငှာ လုပ်ကိုင်လိုလျှင် လုပ်ငန်း တစ်ခုချင်းအတွက် လုပ်ငန်းရှင် အဖြစ်မှတ်ပုံတင်ရသည်။ အခန်း(၄) တွင် ဗီဒီယိုလုပ်ငန်းများကို စိစစ်ပြီးကြိုးကြပ်နိုင်ရန် ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၅)တွင် ဆင်ဆာအဖွဲ့ ဖွဲ့စည်းခြင်း၊ ဆင်ဆာအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသည်။ အခန်း (၆) တွင် မှတ်ပုံတင်လက်မှတ်ပျက်ပြယ်ခြင်းတို့ကိုပြဋ္ဌာန်းထားသည်။ အခန်း(၇)ပုဒ်မ– ၂၂ တွင် ကော်မတီ သို့မဟုတ် ဆင်ဆာအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို မကျေနပ်ပါက ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို လက်ခံရရှိသည့်နေ့မှ စ၍ ရက်ပေါင်း (၆၀) အတွင်း အယူခံနိုင်သည်။ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည်အပြီးအပြတ်ဖြစ်ကြောင်း ပုဒ်မ–၂၅ ဖြင့် ပြဋ္ဌာန်းထားသည်။ အခန်း(၈)သည် တားမြစ်ချက်များ ဖြစ်သည်။ ဝန်ကြီးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်လက်မှတ်မရှိဘဲ ဗီဒီယို လုပ်ငန်းကို စီးပွားရေးအလို့ငှာ လုပ်ကိုင်ခြင်း၊ မှတ်ပုံတင်လက်မှတ်နှင့် သက်ဆိုင်သည့် ဗီဒီယိုလုပ်ငန်းမှအပ ကျန်ဗီဒီယိုလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ မှတ်ပုံတင် လက်မှတ်ကို အခြားသူတစ်ဦးအား လွှဲပြောင်းပေးခြင်း၊ ပျက်ပြယ်သောမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်၍ ဗီဒီယိုလုပ်ငန်း ဆက်လက်လုပ်ကိုင်ခြင်း၊ ဆင်ဆာအဖွဲ့၏ ခွင့်ပြုချက်မရှိသော ဗီဒီယိုရိုက်ကူးချက်၊ တိတ်ခွေရိုက်ကူး ချက်များကို ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ပြသခြင်း၊ ပြည်ပမှသွင်းယူလာသော ဗီဒီယို ရိုက်ကူးချက်၊ တိတ်ခွေကူးယူချက်များကို အခကြေးငွေဖြင့်ပြသခြင်း၊ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လုပ်သည့် အတွင်းရေးမှူးသည် ကျဲနွား တိရစ္ဆာန် ထောင်မှူးအဖြစ် လည်း တာဝန်ထမ်းဆောင်ရမည်။ ပုဒ်မ–၁၀ အရ၊ သီးနှံစိုက်ပျိုးထားသော လယ်ယာမြေ၊ သတ်မှတ် ထားသော နေရာ၊ အဆောက်အအုံ၊ပစ္စည်းတို့ကိုပျက်စီးအောင်ပြုသည့် သို့မဟုတ် ကျော်နင်းဝင်ရောက်နေသည့် ကျဲနွားတိရစ္ဆာန်များကို မည်သူမဆို ဖမ်းဆီးနိုင်သည်။ ပုဒ်မ – ၁၄ အရ၊ ဖမ်းဆီးထိန်းသိမ်းထားသည့် ကျဲနွားတိရစ္ဆာန်ကို ပိုင်ရှင်က တောင်းခံလျှင် ဒဏ်ငွေများ၊ ကျသင့်သော စရိတ်များပေးဆောင်စေပြီးမှ ပြန်လည်ပေးအပ်ရန်ဖြစ်သည်။ တစ်ဆယ့်လေးရက်အတွင်းတောင်းခံခြင်းမပြုသော ကျဲနွားတိရစ္ဆာန်များအတွက် ဆောင်ရွက်ရန်နည်းလမ်းများကို ပုဒ်မ–၁၅ တွင်လည်းကောင်း၊ ယင်း ကျဲနွားတိရစ္ဆာန်များ လေလံတင် ရောင်း ချ ခြင်း ကို ပုဒ်မ –၁၇ နှင့် ၁၉ တို့ တွင်လည်းကောင်း၊ လေလံတင် ရောင်းချ ရရှိငွေများအပေါ် စီမံ ခန့်ခွဲရန် နည်းလမ်းများကို ပုဒ်မ – ၂၀ တွင်လည်းကောင်း တွေ့ရှိရသည်။ ကျဲနွားတိရစ္ဆာန်များ ဖမ်းဆီးခြင်းသည် တရားမဝင်ဖမ်းဆီးခြင်းအဖြစ် ပိုင်ရှင်က ကန့်ကွက်လို ပါက ကန့်ကွက်ရန် နည်းလမ်းများကို ပုဒ်မ– ၂၃ ဖြင့် ဖော်ပြထားသည်။ ဖမ်းဆီး ထိန်းသိမ်းခြင်းသည် တရားမဝင်ဟုဆုံးဖြတ်ပါက ဖမ်းဆီးထိန်းသိမ်းခြင်းကြောင့် ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကို တရားမဝင် ဖမ်းဆီးသူက ပေးဆောင်ရန်ကို ပုဒ်မ–၂၅ (က) တွင်ပြဋ္ဌာန်းထားသည်။ ပုဒ်မ–၂၆ တွင် ကျဲနွားတိရစ္ဆာန်များကိုဖမ်းဆီးထိန်းသိမ်းရာတွင် ခုခံသူ၊ အားပေးကူညီသူ၊ ကျဲနွားတိရစ္ဆာန်များကို ထောင်သို့ပို့ရာတွင်နှင့် ထောင်မှလွှတ်မြောက်အောင် ပြုလုပ်သူ၊ အားပေး ကူညီသူများအတွက် ပြစ်ဒဏ်ကို လည်းကောင်း၊ ပုဒ်မ – ၂၇ တွင် ကျဲ နွား တိရစ္ဆာန်များကြောင့် ပစ္စည်းများပျက်စီးကြောင်း တွေ့ရှိလျှင် ချမှတ်ရမည့်ပြစ်ဒဏ်ကိုလည်းကောင်း၊ ပုဒ်မ–၂၈ နှင့် ၂၉ တို့တွင် ကျဲနွားတိရစ္ဆာန် ထောင်မှူးများ တာဝန်ပျက်ကွက်လျှင် ချမှတ်ရမည့် ပြစ်ဒဏ်များကို လည်းကောင်း၊ ပုဒ်မ–၃၁ တွင် ကျဲ နွား တိရစ္ဆာန် ကို တရားမဝင် ဖမ်းဆီးသူအား ပုဒ်မ–၂၅ ပါ လျော်ကြေးငွေ မပေးဆောင်ပါက ချမှတ်ရမည့်ထောင်ဒဏ်ကိုလည်းကောင်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ–၃၃ တွင် ကျဲနွားတိရစ္ဆာန်ကျော်နင်းမှုကြောင့် ဖြစ်ပေါ် သည့်ဆုံးရှုံးမှုအတွက် တရားမမှုစွဲဆိုခြင်းကို မပိတ်ပင်ကြောင်း တွေ့ရသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန်လုပ်ထုံးလုပ်နည်းများ၊ လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

ဤဥပဒေဖြင့် The Cattle Trespass Act ကို ရုပ်သိမ်းထားလေသည်။

အစီအစဉ်များကို အခကြေးငွေဖြင့် ပြသခြင်းနှင့် ဗီဒီယို ရိုက်ကူးချက်၊ ဗီဒီယိုတိတ်ခွေ ကူးယူချက်များကို ဆင်ဆာ ခွင့်ပြုချက်မရဘဲ ပြည်ပသို့ ယူဆောင်ခြင်း၊ ပေးပို့ခြင်း များကို တားမြစ်သည်။ ဤတားမြစ်ချက်များကို ဖောက် ဖျက်ကျူးလွန်လျှင် ချမှတ်ရမည့် ပြစ်ဒဏ်များကို အခန်း (၉) တွင် ပြဋ္ဌာန်းထားသည်။ အခန်း(၁၀) အထွေထွေ ခန်းပါ ပုဒ်မ–၄၃ တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ နှင့် ပါတီဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော လူထုလူတန်း စားအဖွဲ့အစည်းများ၊ နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်း များနှင့် နိုင်ငံတော် ဝန်ထမ်း အဖွဲ့ အစည်းများအား ဤဥပဒေပါပြဋ္ဌာန်းချက်များမှ ကင်းလွှတ်ခွင့်ပြုထားသည်။ ပုဒ်မ–၄၄ (က) တွင် မိသားစုနှင့် စပ်လျဉ်းသော ဗီဒီယို ရိုက်ကူးခြင်းနှင့် ယင်းရိုက်ကူးချက်ပါ ဗီဒီယိုတိတ်ခွေများ ကို အခမဲ့ဌားရမ်းခြင်းနှင့် ပြသခြင်းတို့ကိုလည်း ဤဥပဒေ ပါ ပြဋ္ဌာန်းချက်များမှ ကင်းလွှတ်ခွင့် ပြုထားသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက် များကို ဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းများ၊ အမိန့် ကြော်ငြာစာ၊ ညွှန် ကြား ချက်များကို ထုတ်ပြန်နိုင် လေသည်။

လမ်းနှင့် တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ

(၁၉၀၅–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၁၃)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီးစတုတ္ထ အကြိမ် ပြည်သူလွှတ်တော်ပထမအစည်းအဝေး၊ စတုတ္ထနေ့ (၁၉၀၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့) တွင် ပြည်သူ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။ ဤဥပဒေတွင် အခန်းငါးခန်းပါဝင်ပြီး ပုဒ်မ ၁၄ ခုရှိသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ သက်ဆိုင်ရာ ဝန်ကြီး ဌာန သည် လုပ်ထုံးလုပ်နည်းဖြင့် အသုံးပြုခ ကောက်ခံရမည်။ လမ်းနှင့် တံတားအသုံးပြုခ ကောက်ခံရန်နှုန်းထား၊ အသုံး ပြုခကောက်ခံရမည့်ယာဉ်အမျိုးအစားကို သတ်မှတ်နိုင်ပြီး အသုံးပြုခ ပေးဆောင်ခြင်းမှလည်း ကင်းလွှတ်ခွင့် ပြုနိုင် သည်။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှတစ်ပါး အခြား သူများကောက်ခံခြင်းနှင့် သတ်မှတ်ထားသော အသုံးပြုခ နှုန်းထားထက် ပိုမိုကောက်ခံခြင်းတို့ မပြုလုပ်ရကြောင်း တားမြစ်ထားသည်။ အသုံးပြုခပေးဆောင်ရန် ပျက်ကွက် လျှင်၊ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှတစ်ပါး အခြားသူ များက ကောက်ခံလျှင်၊ ကောက်ခံရန် အားထုတ်လျှင်၊ အဘးပေးကူညီလျှင်၊ သတ် မှတ် ထား သော အသုံးပြုခ နှုန်းထားထက် ပိုမိုကောက်ခံလျှင်၊ ကောက်ခံရန်အားထုတ် လျှင်၊ အားပေးကူညီလျှင် ချမှတ်ရမည့် ပြစ်ဒဏ်များကို အခန်း (၄) တွင် ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာ ဝန်ကြီး ဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက် နိုင်ရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်သည်။ The Tolls Act 1851 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက် ကြောင်း ဖော်ပြထားသည်။

ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန်ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင် ငွေအဖြစ်မှ ရပ်စဲသည့် ဥပဒေ

(၁၉၀၅–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၁၄)

ဤဥပဒေ ကြမ်းကို ဝန်ကြီး အဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ပထမအစည်းအဝေး၊ စတုတ္ထနေ့ (၁၉၀၅ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ဤဥပဒေပြဋ္ဌာန်းရခြင်းမှာ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က ၁၉၀၅ ခုနှစ် နိုဝင်ဘာလ(၃)ရက်နေ့တွင်အမိန့်ကြော်ငြာစာအမှတ်(၁) အထူး/၀၅ ဖြင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံအတွင်း လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူကျပ် တစ်ရာတန်၊ ကျပ်ငါးဆယ်တန်နှင့် ကျပ်နှစ်ဆယ်တန်တို့ကို ဤအမိန့် ကြော်ငြာစာ ထုတ်ပြန်သည့်အချိန် (ယင်းနေ့ မွန်းလွဲ ၁း၀၀ နာရီ)မှစ၍ တရားဝင်သုံးစွဲခြင်းမှ ရပ်စဲ လိုက်ကြောင်း ကြေညာခဲ့သည်။ ဤ ကြော်ငြာစာတွင် တရားမဝင် ငွေစက္ကူများကို ၁၉၀၅ ခုနှစ် နိုဝင်ဘာလ (၁၁)ရက်နေ့အထိ တနင်္သာနေ့မှစ၍ ၁၉၀၅ခုနှစ် ဒီဇင် ဘာလ (၃၁)ရက် အင်္ဂါနေ့အထိ မိမိတို့မြို့နယ်အတွင်းရှိ အနီးဆုံး ဘဏ်တွင် လာရောက်အပ်နှံရန်နှင့် လာရောက် အပ်နှံရာတွင် အိမ်ထောင်စု တစ်စုအတွက် တစ်ဦးသာလျှင် တစ်ကြိမ်တည်းနှင့်အပြီး အပ်နှံရမည် ဖြစ်ကြောင်းလည်း ပါဝင်သည်။ ယင်းအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

ဤဥပဒေတွင် အခန်းလေးခန်း ပါဝင်ပြီး ပုဒ်မ–၁၇ ခု ရှိသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ အမိန့် ကြော်ငြာစာပါအကြောင်းအရာများကို ထည့်သွင်းပြဋ္ဌာန်း ထားပြီး လိုအပ်သည် များကို အသေးစိတ် ဖြည့်စွက် ပြဋ္ဌာန်းထားသည်။ တစ်ကြိမ်ထက်ပို၍ အပ်နှံလျှင်အနည်း ဆုံး အပ်နှံသည့်ငွေကိုသာ အသိအမှတ်ပြုပြီး၊ ကျန်အပ်နှံ ငွေကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။ အပ်နှံ ငွေများ စုစုပေါင်း တန်ဖိုးသည် ကျပ်ငါးထောင်ထက် မကျော်လျှင်တာ ရား ဝင် ငွေ များ ဖြင့် လဲ လှယ် ပေးမည်။

ကျပ်ငါးထောင်ထက် ကျော်လွန်ပါက ကျပ်ငါးထောင်ကို လဲလှယ်ပေးပြီးနောက် ကျန် အပ်နှံငွေ၏ ငါးဆယ်ရာခိုင်နှုန်းကို တရားဝင်ငွေများဖြင့် လဲလှယ်ပေးမည်။ ကျန်အပ်နှံငွေ ငါးဆယ်ရာခိုင်နှုန်းကိုမူ အပ်နှံငွေများ တရားဝင်လက်ဝယ် ရရှိထားကြောင်း ခိုင်လုံသော အထောက်အထားတင်ပြနိုင်လျှင် သက်ဆိုင်ရာဥပဒေများအရ ကျသင့်သော အခွန်အခများ ပေးဆောင်ပြီးဖြစ်လျှင် တရားဝင်ငွေများဖြင့် လဲလှယ်ပေးမည်ဖြစ်ကြောင်းတို့ ပါဝင်သည်။ ပြစ်မှုနှင့် ပြစ်ဒဏ်များအပိုင်းတွင် အပ်နှံငွေများ တရားဝင်ရရှိထားကြောင်း အထောက်အထား တင်ပြနိုင်သော် လည်း အခွန်အခများ မပေးဆောင်သေးလျှင် အခွန်အခနှင့် ဒဏ်ကြေးများအတွက် ခုနှိမ်ပြီး မလုံလောက်က ထပ်မံပေးသွင်းရမည်။ အပ်နှံငွေသည် တရားဝင် လက်ဝယ်ရရှိထားကြောင်း ခိုင်လုံသော အထောက်အထားမတင်ပြနိုင်ပါက ကျန်ငွေကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည်။ ထိုငွေများကို အပ်နှံရန် မဟုတ်ဘဲ သယ်ယူလျှင် မရှိးမဖြောင့်သော သဘောဖြင့် မိမိပိုင် ငွေဖြစ်သည်ဟု ဖော်ပြလဲလှယ်သွားလျှင် ကြော်ငြာသည့်နှေ့ အချိန်မှစ၍ အဖွဲ့အစည်းများပိုင်ငွေကို တရားမဝင် ငွေစက္ကူများနှင့် လဲလှယ်လျှင်၊ ချမှတ်ရမည့် ပြစ်ဒဏ်များကို ဖော်ပြထားသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်း ချက် များ ကို ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ထုံး လုပ်နည်းများ၊ အ မိန့် ညွှန် ကြား ချက် များ ကို ထုတ်ပြန်နိုင်ကြောင်းလည်း ပြဋ္ဌာန်းပါရှိလေသည်။

ပြည်သူလွှတ်တော် အရေးပေါ် အစည်းအဝေး

နိုင်ငံတော်ကောင်စီသည် တရားဝင်ငွေအဖြစ်မှ ရပ်စဲထားသည့် ကျပ်တစ်ရာတန်ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူနှင့် ကျပ်နှစ်ဆယ်တန်ငွေစက္ကူများ အပ်နှံခြင်း၊ တရားဝင်ငွေစက္ကူများဖြင့် လဲလှယ်ခြင်းကိစ္စများအတွက် ၁၉၇၅ – ခုနှစ် ပြည်သူလွှတ်တော် ဥပဒေအမှတ် – ၁၄ ကို ပြင်ဆင်ရန် လိုအပ်လာသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ – ၇၄ အရ အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက် ၁၉၇၅ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် "၁၉၇၅ ခုနှစ် နိုင်ငံဘော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်အမှတ် (၁)" ကို လည်းကောင်း၊ ၁၉၇၅ ခုနှစ် နိုဝင်ဘာလ (၂၉) ရက်နေ့တွင် "၁၉၇၅ ခုနှစ် နိုင်ငံတော်ကောင်စီ၏ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ် (၂)" ကိုလည်းကောင်း ထုတ်ပြန်ပြီး ကျပ်တစ်ရာတန် ငွေစက္ကူ၊ ကျပ်ငါးဆယ်တန် ငွေစက္ကူ နှင့် ကျပ်နှစ်ဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေ အဖြစ်မှ ရပ်စဲသည့် ဥပဒေကို ပြင်ဆင်သည့် အမိန့်များ ထုတ်ပြန်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ– ၇၄ အရ ဤအမိန့်များကို ရက်ပေါင်း (၉၀) အတွင်း ပြည်သူလွှတ်တော်ကအတည်ပြုချက်ရယူရန်လိုအပ်သဖြင့် "စတုတ္ထအကြိမ်ပြည်သူလွှတ်တော်အရေးပေါ် အစည်းအဝေး" ကို ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက် နေ့တွင် ခေါ်ယူ ကျင်းပခဲ့သည်။ ထိုအရေးပေါ် အစည်းအဝေးက ၁၉၇၅ ခုနှစ် နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ် (၁)နှင့် (၂)ကို အတည်ပြုခဲ့သည်။ ပြည်သူလွှတ်တော်က အတည်ပြုကြောင်းကို နိုင်ငံတော်ကောင်စီက ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် ကြေညာချက် အမှတ် ၆/၇၅ ဖြင့်ထုတ်ပြန်ကြေညာခဲ့သည်။

၁၉၇၅ ခုနှစ် နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် (၁) ပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တရားမဝင် ငွေစက္ကူအပ်နှံရမည့်နေ့ကို မူလဥပဒေပုဒ်မ – ၄ အရ သတ်မှတ်ထားသည့် နေ့ရက်အစား "၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက် တနလ်ာနေ့မှစ၍ နိုဝင်ဘာလ (၁၅) ရက် သောကြာနေ့အထိ နှင့် နိုဝင်ဘာလ (၁၈) ရက် တနလ်ာနေ့မှစ၍ နိုဝင်ဘာလ (၃၀) ရက် စနေနေ့ အထိ" ဟူ၍ အစားထိုးပြင်ဆင်သည်။ မူလဥပဒေပုဒ်မ – ၉ အရ တရားဝင်ငွေဖြင့် လဲလှယ်ပေးမည့် ကန်ဖိုးသတ်မှတ်ချက်ကို "အပ်နှံသောငွေစက္ကူစုစုပေါင်းတန်ဖိုး၏ နှစ် ဆယ့် ငါး ရာ ခိုင် နှုန်း ကို တရားဝင်ငွေဖြင့် ချက်ချင်း လဲလှယ်ပေးရမည်" ဖြင့် အစားထိုးပြင်ဆင်ပြီး မူလဥပဒေပုဒ်မ – ၁၀ ကို ပယ်ဖျက်သည်။ မူလဥပဒေပုဒ်မ – ၁၄ အရ မရှိးမဖြောင့်သော သဘောဖြင့် ငွေများအပ်နှံကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက လဲလှယ်သောငွေများ ပြန်လည်ပေးသွင်းရမည်။ ပြစ်ဒဏ်သတ်မှတ်ချက်တွင် "ပေးသွင်းရန် ပျက်ကွက်ပါက မြေခွန် မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်" ဟူသော စကားရပ် ထည့်သွင်းလျက် ပြင်ဆင်အစားထိုးသည်။

၁၉၇၅ ခုနှစ် နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် (၂) ပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ မူလဥပဒေပုဒ်မ – ၆၊ ၇ နှင့် ၈ တို့တွင် ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသော ခြွင်းချက်များကို ဝန်ကြီးအဖွဲ့က သတ်မှတ်နိုင်ကြောင်း ပါရှိသည်။ ၁၉၇၅ ခုနှစ် နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့အာဏာတည်သည့် အမိန့်အမှတ် (၁) အပိုဒ် (၄) အရ၊ မူလဥပဒေပုဒ်မ – ၉ ကိုပြင်ဆင်ထားသည့် "အပ်နှံထားသောငွေစက္ကူ စုစုပေါင်းဘန်ဖိုး၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းကို တရား

ဝင်ငွေဖြင့် ချက်ချင်းလဲလှယ်ပေးရမည်" ဆိုသောပြဋ္ဌာန်း ချက်များနှင့်စပ်လျဉ်း၍ (က) သံတမန် အဖွဲ့အစည်းများ (ခ) ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများအတွက် ဝန်ကြီး အဖွဲ့က ခြွင်းချက်များသတ်မှတ်နိုင်ကြောင်း ပါရှိသည်။ မူလဥပဒေပုဒ်မ – ၁၅ တွင် "ထိုအပြင် ပို၍ထုတ်ယူသုံးသောငွေကိုလည်း ဒဏ်ကြေးအဖြစ် ပေးသွင်းစေရမည်" ဆိုသည့်စကားရပ်နောက်၌ "ပေးသွင်းရန်ပျက်ကွက်ပါက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရန်တို့ ပါရှိလေသည်။

ဒုတိယအစည်းအဝေးကပြဋ္ဌာန်းသည့်ဥပဒေ များ

ပြည်သူလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၇၆ – ခုနှစ် ပြည်သူလွှတ်တော်ဥပဒေအမှတ် – ၁)

ဤဥပဒေကြမ်းကို နိုင်ငံတော်ကောင်စီက တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ဒုတိယအစည်းအဝေး ပထမနေ့ (၁၉၇၆ ခုနှစ် မတ်လ ၁၀ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။

ပထမအကြိမ် ပြည်သူလွှတ်တော်၊ ဒုတိယ အစည်းအဝေးကအတည်ပြု ပြဋ္ဌာန်းခဲ့သော "ပြည်သူလွှတ်တော် ဆိုင်ရာဥပဒေ" (၁၉၇၄ – ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၉) ကို ပြင်ဆင်သည့် ဥပဒေဖြစ်သည်။ မူလဥပဒေ ပုဒ်မ– ၁၇ ကို "လွှတ်တော်သည်ပြည်သူ့တရားသူကြီး အဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ငါးဦးမှ အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်" ဟူသောစကားရပ်ဖြင့် အစားထိုး ပြင်ဆင်ခြင်းဖြစ်သည်။

အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၁၉၇၆–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေအမှတ်–၂)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့ကတင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ဒုတိယအစည်းအဝေး စတုတ္ထနေ့ (၁၉၇၆ ခုနှစ် မတ်လ ၁၃ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။

ပထမအကြိမ် ပြည်သူလွှတ်တော် ပဉ္စမအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သော "အမြတ်ခွန်ဥပဒေ" (၁၉၇၆–ခုနှစ် ပြည်သူလွှတ်တော် ဥပဒေအမှတ်–၃) ကို ပြင်ဆင်ခြင်းဖြစ်သည်။

မူလဥပဒေပုဒ်မ–၂၃ (က) နှင့် (ခ) တို့ကို အစားထိုးပြင်ဆင်သည်။ မူလဥပဒေပုဒ်မ – ၂၃ (က) တွင် ဝင်ငွေထိန်ချန်သည့် သို့မဟုတ် ဝင်ငွေနှုတ် စပ်လျဉ်းသည့် အချက်အလက်များ ထိန်ချန်သည့် ကိစ္စရပ်များအတွက် ပြဋ္ဌာန်းရာ၌ "အမှုကိစ္စဆောင်ရွက်စဉ် တွေ့ရှိလျှင်" ဟူသော စကားရပ်မှ "အမှုကိစ္စဆောင်ရွက်စဉ်" ဟူသော စကားရပ်ကို နုတ်ပယ်၍ ပြင်ဆင်သည်။ မူလဥပဒေပုဒ်မ–၂၃ (ခ) တွင်ထိန်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ငွေပြဋ္ဌာန်းချက်၌ ပိုမိုကျသင့်သည့် အခွန်၏တစ်ဆနှင့် ညီမျှသောဒဏ်ငွေကို ပေးဆောင်ရမည်ဖြစ်ကြောင်း ပြင်ဆင်ပြဋ္ဌာန်းသည်။

မူလဥပဒေ၏ နောက် ဆက် တွဲဇယားကို ပြင်ဆင်သည်။ နောက်ဆက်တွဲဇယား ပြင်ဆင်ချက်တွင် မူလ နောက်ဆက်တွဲဇယားအပိုဒ် ၄ (က)တွင် "ရုပ်ရှင်ပြသခြင်းဖြစ်ပါက" ဟူသောစကားရပ်ကို "ရုပ်ရှင် (သို့မဟုတ်) ဗွီဒီယိုပြသခြင်းဖြစ်ပါက" ဟူသောစကားရပ်ကိုလည်းကောင်း၊ အပိုဒ် ၄ (ခ) တွင် "ရုပ်ရှင်မှအပ ကျန်ဖျော်ဖြေမှုဖြစ်ပါက" ဟူသောစကားရပ်ကို "ရုပ်ရှင် သို့မဟုတ် ဗွီဒီယိုမှအပ ကျန်ဖျော်ဖြေမှုဖြစ်ပါက" ဟူသော စကားရပ်ကိုလည်းကောင်း ဖြည့်စွက်ပြင်ဆင်သည်။

တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ

(၁၉၇၆–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၃)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့ကတင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် စတုတ္ထနေ့ (၁၉၇၆ ခုနှစ် မတ်လ ၁၃ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။

ဤဥပဒေတွင် အခန်း (၆) ခန်း၊ ပုဒ်မ–၂၀ ပါဝင်သည်။ ဥပဒေက ခွင့်မပြုသော စီး ပွား ရေး လုပ်ငန်းမှ ဝင်ငွေဖြင့်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်ပြီး ရရှိသောဝင်ငွေဖြင့်ဖြစ်စေ၊ ဥပဒေနှင့်အညီ အခွန်များကို ပေးဆောင်ခြင်းမပြုဘဲ ထိန်ချန်ထားသော ဝင်ငွေဖြင့်ဖြစ်စေ ရရှိသည့် ပစ္စည်းကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသော ပစ္စည်းအဖြစ် ပြဋ္ဌာန်းထားသည်။ ပုဒ်မ–၃ တွင် ယင်း ပစ္စည်းများပိုင်ဆိုင်ခြင်း ရောင်းဝယ်ခြင်းကို စုံစမ်းစစ်ဆေးရန်အတွက် လိုသောအဖွဲ့ကို ဝန်ကြီးအဖွဲ့က ဖွဲ့စည်းပေးနိုင်ပြီး ပုဒ်မ–၄ တွင် ဝန်ကြီးအဖွဲ့၏ အမိန့်ရရှိမှသာ စတင် စုံစမ်းရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အဖွဲ့၏ စုံစမ်းတွေ့ရှိချက်ကို ရရှိသည့်အခါ ထပ်မံစုံစမ်းရန် လိုအပ်သည်ဟုယူဆလျှင် မူလစစ်ဆေးသော အဖွဲ့ဖြင့်ဖြစ်စေ၊ အသစ်ဖွဲ့စည်းပေးသော အဖွဲ့ဖြင့်ဖြစ်စေ၊ စုံစမ်းစစ်ဆေးရန်ဝန်ကြီးအဖွဲ့က ညွှန်ကြားနိုင်ကြောင်း ပုဒ်မ–၆ ဖြင့်ခွင့်ပြုထားသည်။ ပစ္စည်းကို တရားဝင်ငွေဖြင့် ရယူထားကြောင်း တွေ့ရှိလျှင် စုံစမ်းမှုကို ဝန်ကြီးအဖွဲ့က

ပိတ်သိမ်း ရမည်။ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသောငွေဖြင့် ရယူထားကြောင်း တွေ့ရှိလျှင် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရမည်ဟူ၍ ပုဒ်မ–၇ တွင် ပြဋ္ဌာန်းထားသည်။ ဝန်ကြီးအဖွဲ့သည် အမိန့်မချမှတ်မီ စုံစမ်း စစ်ဆေးခံရသူကို ခုခံချေပခွင့်လည်း ပေးထားသည်။ဝန်ကြီးအဖွဲ့သည် သတ်မှတ်သည့် ကာလအတွင်း မိမိသဘောအလျောက် ဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်း ခံရသူက လျှောက်ထားလျှင် ဖြစ်စေ၊ မိမိချမှတ်ခဲ့သော အမိန့်ကို ပြန်လည်သုံးသပ်နိုင်ကြောင်း အခန်း (၄) တွင် ပြဋ္ဌာန်းထားသည်။ စုံစမ်းစစ်ဆေးခံရသူသည် မိမိပိုင်ပစ္စည်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေစဉ်အတွင်း ယင်းပစ္စည်းကိုရောင်းချခြင်း၊ လွှဲပြောင်းခြင်းမပြုရ။ လုပ်ထုံးလုပ်နည်းနှင့်အညီ မိမိအား ပြန်လည် အပ် နှံ ထား သည့် ပ စ္စ ည်း တစ် ရပ် ရပ် ကို ဖျက် ဆီး ခြင်း၊ ပျက် စီး စေ ရန် ရည်ရွယ်၍ ပြုလုပ်ခြင်း မပြုရ။ ယင်း ပြ ဋ္ဌာန်း ချက် ကို ဖောက်ဖျက်က ချမှတ်ရမည့်ပြစ်ဒဏ်ကို အခန်း (၅) တွင် ပြဋ္ဌာန်း ထားသည်။ ဤဥပဒေပါ ပြ ဋ္ဌာန်း ချက် များ ဆောင်ရွက်နိုင်ရန် ဝန်ကြီးအဖွဲ့သည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်ကြောင်းလည်း ပြဋ္ဌာန်းထားလေသည်။

၁၉၇၆ ခုနှစ် စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

(၁၉၇၆–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၄)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော်ပဉ္စမနှေ့ (၁၉၇၆ ခုနှစ် မတ်လ ၁၄ ရက်နေ့) တွင်ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းသည်။

၁၉၇၆ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

(၁၉၇၆–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၅)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော်ပဉ္စမနှေ့ (၁၉၇၆ ခုနှစ် မတ်လ ၁၄ ရက်နေ့) တွင်ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပြည်သူလွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ ရငွေကို ကျပ် ၃ ဒသမ ၃၅ ကုဋေ၊ သုံးငွေကို ကျပ် ၅၈ ဒသမ ၄ ကုဋေဟု လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေကို ကျပ် ၉၀၉ ဒသမ ၆ ကုဋေ၊ သုံးငွေကို ကျပ် ၁၄၇ ဒသမ ၀ ကုဋေဟုလည်းကောင်း၊ နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေကို ကျပ် ၂,၉၆၃ ဒသမ ၆၇ ကုဋေ၊ သုံးငွေကို ကျပ် ၃,၂၀၉ ဒသမ ၄၁ ကုဋေဟုလည်းကောင်း၊ စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေကို ကျပ် ၂၀ ဒသမ ၂၉ ကုဋေ၊ သုံးငွေကို ကျပ် ၃၀ ဒသမ ၄၂ ကုဋေဟုလည်းကောင်း လျာထားကြောင်း ဖော်ပြထားသည်။

တတိယအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

လောင်းကစားဥပဒေ

(၁၉၇၆–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၆)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် တတိယအစည်းအဝေး စတုတ္ထနေ့ (၁၉၇၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့)တွင် ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ဤဥပဒေတွင် အခန်း (၆)ခန်း၊ ပုဒ်မ ၂၃ ခု ပါဝင်သည်။ အခန်း (၂) တွင် အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားခြင်းကို တွေ့ရှိလျှင် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ပြည်သူ့ရဲတပ်ဖွဲ့ဝင် တစ်ဦးဦးသည် ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ဖမ်းဆီးသည့်နေရာတွင်ဖြစ်စေ၊ ဖမ်းဆီးခံရသူများ၏ ကိုယ်ပေါ်တွင်ဖြစ်စေ တွေ့ရှိသော လောင်းကစားကိရိယာများနှင့် ငွေကြေးအားလုံးကို လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းနိုင်သည်။ အခန်း (၃)တွင် လောင်းကစားအိမ်သို့ ဝင်ရောက် ရှာဖွေခြင်းကို ပြဋ္ဌာန်းထားသည်။ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးသည် လောင်းကစားအိမ်တွင် မိမိကိုယ်တိုင် ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်သည်။ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည် ဒုတိယရဲအုပ် အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးအား လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦး ပါဝင်သော အဖွဲ့အား လည်းကောင်း ဝရမ်းထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက် ရှာဖွေစေ

နိုင်သည်။ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး သို့မဟုတ် တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော ရဲအရာရှိတစ်ဦးဦးသည် သက်ဆိုင်ရာမြို့နယ်အတွင်း ဒုတိယရဲအုပ်အဆင့်ထက်မနိမ့်သောရဲအရာရှိတစ်ဦးအား ဝရမ်း ထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေစေနိုင်သည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးသည်လည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ လောင်းကစားအိမ်ကို ကိုယ်တိုင်ဝင်ရောက်ရှာဖွေဖမ်းဆီးနိုင်ပြီး ဒုတိယရဲအုပ်အဆင့်ထက် မနိမ့်သောရဲအရာရှိတစ်ဦးအားလည်းကောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးပါဝင်သော အဖွဲ့အားလည်းကောင်း ဝရမ်း ထုတ်ပေး၍ လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေစေနိုင်သည်။ ဝရမ်းထုတ်ပေးခွင့်ရှိသူသည် ၂၄ နာရီအတွင်း ဝရမ်းဖြင့် တာဝန်ပေးအပ်ခြင်းခံရသူသည် ဝရမ်း ထုတ်ပေးသောနေ့မှ ၁၄ ရက်အတွင်း လောင်းကစားအိမ်သို့ အချိန်မရွေး ဝင်ရောက်ရှာဖွေနိုင်သည်။ အခန်း (၄) တွင် အမျှားပြည်သူ့ဆိုင်ရာ နေရာများနှင့် လောင်းကစားအိမ်များတွင် လောင်းကစားခြင်း၊ အားပေး ကူညီခြင်း၊ လူစုခြင်း၊ လောင်းကြေးကောက်ခံခြင်း စသည်တို့နှင့် လောင်းကစားရန် ငွေချေးခြင်း၊ ငွေကြေး ထောက်ပံ့ခြင်းများမပြုရန် တားမြစ်ထားခြင်းဖြစ်သည်။ အခန်း (၅) သည် အခန်း (၄) ပါ တားမြစ်ချက်များကို ကျူးလွန်ပါက ချမှတ်ရမည့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ပြစ်ဒဏ် ချမှတ်ရာတွင် ပထမအကြိမ် ကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်နှင့် ထပ်မံ ကျူးလွန်ပါက ချမှတ်ရမည့် ပြစ်ဒဏ်များကို ဖော်ပြထားသည်။ အများပြည်သူနှင့်ဆိုင်သောနေရာတွင် လောင်းကစားသဖြင့် ပြစ်မှုထင်ရှားပါက အနည်းဆုံး ထောင်ဒဏ် ၃ လ ဖြစ်ပြီး လောင်းကစားအိမ်တွင်လောင်းကစားသဖြင့် ပြစ်မှုထင်ရှားပါက အနည်းဆုံးထောင်ဒဏ် ၆ လ ချမှတ်ခြင်းခံရမည့်ပြင် ငွေဒဏ်လည်း ထောင်ဒဏ်နှင့် ပူးတွဲ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ အခန်း (၆) အထွေထွေခန်းတွင် လောင်းကစားရာ၌ ပါဝင်သူ မည်သူကိုမဆို လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားလိုသက်သေအဖြစ် သက်သေခံချက် ပေးစေရန် တရားစီရင်ရေးအဖွဲ့က ခွင့်ပြုနိုင်ပြီး သက်သေခံချက် ပေးသူသည် မှန်ကန်သည့် အတိုင်း ထုတ်ဖော်ထွက်ဆိုလျှင် ထိုသူအား ပြစ်ဒဏ်မှ လွှတ်ငြိမ်းခွင့် ပြုရမည်ဖြစ်သည်။ သက်ဆိုင်ရာ ဝန်ကြီးအဖွဲ့သည် လိုအပ်သောလုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ကြောင်းနှင့် The Gambling Act, 1899 ကိုလည်း ဤဥပဒေဖြင့် ရုပ်သိမ်းကြောင်း ပြဋ္ဌာန်းထားလေသည်။

နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၁၉၇၆–ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်–၇)

ဤဥပဒေကြမ်းကို နိုင်ငံတော်ကောင်စီက တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် တတိယအစည်းအဝေး စတုတ္ထနေ့ (၁၉၇၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော နိုင်ငံရေးပင်စင် (၁၉၇၀–ပြည့်နှစ် ပြည်သူ့လွှတ်တော် ဥပဒေ အမှတ်–၄) ကို ပြင်ဆင်ခြင်းဖြစ်သည်။

မူလဥပဒေပုဒ်မ–၂၄ ကို "ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က)" အဖြစ် ပြင်ဆင်ပြီး နိုင်ငံရေးအဖွဲ့အစည်း တစ်ရပ်ရပ်မှ နိုင်ငံရေးပင်စင်ခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်၏ တာဝန်ထမ်းဆောင်မှုသည် ကျေနပ်ဖွယ် မရှိပါက နိုင်ငံရေးပင်စင်ကို လိုအပ်သလို ဖြတ်တောက်နိုင်သည့်ပြဋ္ဌာန်းချက်ကိုပုဒ်မ–၂၄၊ ပုဒ်မခွဲ (ခ) အဖြစ်အစားထိုးသည်။ မူလဥပဒေပုဒ်မ–၂၅ ကို "ပုဒ်မ–၂၅၊ ပုဒ်မခွဲ (က)" အဖြစ် ပြင်ဆင်ပြီး နိုင်ငံတော်အဖွဲ့အစည်း တစ်ရပ်ရပ်မှ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်၏ တာဝန်ထမ်းဆောင်မှုသည် ကျေနပ်ဖွယ် မရှိပါက လိုအပ်သလို ဖြတ်တောက်နိုင်သည့် ပြဋ္ဌာန်းချက်ကို ပုဒ်မ – ၂၅၊ ပုဒ်မခွဲ (ခ) အဖြစ် အစားထိုးခြင်းဖြစ်သည်။

စတုတ္ထအစည်းအဝေးက ပြဋ္ဌာန်းသည့်ဥပဒေများ

မဏ္ဍမပြောင်းနိုင်သောပစ္စည်း လွဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ

(၁၉၇၇–ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ်–၁)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်စတုတ္ထအစည်းအဝေး၊ စတုတ္ထနေ့ (၁၉၇၇ ခုနှစ် မတ်လ ၁၂ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ဤဥပဒေတွင် အခန်း (၅) ခန်း ပါဝင်ပြီး ပုဒ်မ ၁၉ ခု ရှိသည်။ အခန်း (၂) တွင် မဏ္ဍမပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ ကန့်သတ်ချက်များပြဋ္ဌာန်းထားသည်။ မည်သူမျှ နိုင်ငံခြားသားနှင့်ဖြစ်စေ၊ နိုင်ငံခြားသားပိုင် ကုမ္ပဏီနှင့်ဖြစ်စေ မဏ္ဍမပြောင်းနိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း အစရှိသော လွဲပြောင်းခြင်းနှင့် လွဲပြောင်းသည်ကို လက်ခံခြင်း မပြုရန် ပုဒ်မ – ၃ တွင် ပြဋ္ဌာန်းထားသည်။ မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီမျှ မဏ္ဍမပြောင်းနိုင်သောပစ္စည်းကို ရောင်းချခြင်း၊

၁၉၇၇ ခုနှစ် စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

(၁၉၇၇–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၂)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် စတုတ္ထအစည်းအဝေး ပဉ္စမနေ့ (၁၉၇၇ ခုနှစ် မတ်လ ၁၃ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာတစ်မျိုးသားလုံး၏ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၅ ဒသမ ၀ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းသည်။

၁၉၇၇ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

(၁၉၇၇–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၃)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် စတုတ္ထအစည်းအဝေး ပဉ္စမနေ့ (၁၉၇၇ ခုနှစ် မတ်လ ၁၃ ရက်နေ့)တွင် ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပြည် သူ လွှတ် တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည် သူ ကောင် စီ အ ဆင့် ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည့် သူ ဥ ပ ဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူလုပ်ငန်း စစ်ဆေးရေးအဖွဲ့များ၏ ရငွေကို ကျပ် ၃ ဒသမ ၁၇ ကုဋေ၊ သုံးငွေကို ကျပ် ၅၈ ဒသမ ၄၂ ကုဋေ ဟု လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေကို ကျပ် ၉၁၅ ဒသမ ၉၁ ကုဋေ၊ သုံးငွေကို ကျပ် ၈၆၀ ဒသမ ၁၇ ကုဋေဟု လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေကို ကျပ် ၂,၉၀၉ ဒသမ ၉၁ ကုဋေ၊ သုံးငွေကို ကျပ် ၃,၂၉၆ ဒသမ ၄၇၀၅၀၀ ကုဋေဟု လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေကို ကျပ် ၃၃ ဒသမ ၄၄ ကုဋေ၊ သုံး ငွေ ကို ကျပ် ၃၅ ဒသမ ၁၀ ကုဋေ ဟု လည်းကောင်း လျာထားကြောင်း ဖော်ပြထားသည်။

ပဉ္စမအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၁၉၇၇ – ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ် – ၄)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ပဉ္စမ အစည်းအဝေး တတိယ

ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း အစရှိသော လွှဲပြောင်းခြင်းနှင့် လွှဲပြောင်းသည်ကို လက်ခံခြင်း မပြုရန် ပုဒ်မ – ၄ တွင် ပြဋ္ဌာန်းထားသည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို တစ်ကြိမ်လျှင် တစ်နှစ်ထက်ပို၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီအား အငှားချထားခြင်း မပြုရန်နှင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင်ကုမ္ပဏီထံမှလည်း ငှားရမ်းခြင်း မပြုရပေ။ နိုင်ငံခြားသားတစ်ဦး ကွယ်လွန်လျှင်ဖြစ်စေ၊ မည်သူမဆို နိုင်ငံခြားသို့ အပြီးအပိုင် ထွက်ခွာသွားလျှင်ဖြစ်စေ၊ ပြည်နှင်ဒဏ် ချမှတ်ခြင်း ခံရလျှင်ဖြစ်စေ ထိုသူပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ပေးခြင်း၊ ပြည်သူဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနက ကိစ္စရပ် တစ်ခုချင်းအလိုက် စီစဉ် ဆောင်ရွက်နိုင်ကြောင်းလည်း ပြဋ္ဌာန်းထားသည်။ အခန်း(၃)တွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင်ကုမ္ပဏီနှင့် ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက နိုင်ငံတော်ပြင်ပတွင် ရောက်ရှိနေသော နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင် ကုမ္ပဏီက ပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ပစ္စည်း တည်ရှိရာ မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့တွင် မှတ်ပုံတင်ရာတွင် မှန်ကန်မှု ရှိမရှိ စုံစမ်းစစ်ဆေးရန်တို့ကို ပြဋ္ဌာန်းထားသည်။ အခန်း(၄)တွင် ပုဒ်မ–၃၊ ၄ တို့ကို ဖောက်ဖျက်က ချမှတ်ရမည့် ပြစ်ဒဏ်များနှင့် မှတ်ပုံတင်ရာတွင် မှန်ကန်မှု မရှိကြောင်း သို့မဟုတ် ထိန်ချန်ထားကြောင်း စုံစမ်းတွေ့ရှိလျှင် ချမှတ်ရမည့်ပြစ်ဒဏ်ကို ဖော်ပြထားသည်။ အခန်း (၅) မှာ အထွေထွေ ပြဋ္ဌာန်းချက်ဖြစ်သည်။ နိုင်ငံတော်နှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံခြား သံတမန် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အခြား မည်သည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်ကို မဆို ဝန်ကြီးဌာနက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကင်းလွတ်ခွင့် ပေးနိုင်ကြောင်း၊ နိုင်ငံတော်နှင့် အကျိုးတူ ကိစ္စရပ်များအတွက် စာချုပ် ချုပ်ဆို ဖွဲ့စည်းထားသော ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် မသက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ဤဥပဒေအရ ကျူးလွန်သော ပြစ်မှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနသည် လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ကြောင်းလည်း ပြဋ္ဌာန်းထားသည်။

ဤဥပဒေဖြင့် (က) The Transfer of Immovable Property (Restriction) Act 1947 နှင့် (ခ) The Transfer of Immovable Property (Restriction) Rules, 1956. တို့ကို ရုပ်သိမ်းလိုက်သည်။

နေ့ (၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ပထမအကြိမ်ပြည်သူလွှတ်တော် ပဉ္စမအစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းခဲ့သော "အမြတ်ခွန်ဥပဒေ" (၁၉၇၆-ခုနှစ် ပြည်သူလွှတ်တော် အမှတ် – ၄) ကို ပြင်ဆင်ခြင်း ဖြစ်သည်။

မူလ ဥပဒေ ပုဒ်မ – ၃၊ ပုဒ်မခွဲ (က) တွင် ပါရှိသည့် "အခွန်" ဆိုသော စကားရပ်တွင် ငွေဖြင့်ဖြစ်စေ၊ သီးနှံဖြင့် ဖြစ်စေ၊ ကုန်ပစ္စည်းဖြင့်ဖြစ်စေ ပေးဆောင်ရမည့် အခွန်ကို ဆိုလိုကြောင်း ပြင်ဆင်အစားထိုးသည်။ မူလဥပဒေပုဒ်မ – ၄၊ ပုဒ်မခွဲ (ခ) ကို ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေအရ မှတ်ပုံတင်၍ လက်ကားရောင်းဝယ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်သည် ငွေ ဖြစ်စေ၊ ကုန် ပစ္စည်း ဖြင့် ဖြစ် စေ၊ သီးနှံဖြင့် ဖြစ်စေ သတ်မှတ်သည့် နှုန်းထားအတိုင်း အခွန် ပေးဆောင်ရန် တာဝန်ရှိကြောင်း အစားထိုးသည်။ မူလ ဥပဒေပုဒ်မ – ၂၅ တွင် ပြဋ္ဌာန်းထားသည့် "အခွန်နှင့်ဒဏ်ငွေ ကို ပေးဆောင်ရန် ပျက်ကွက်ခဲ့လျှင် မ ပေး ဆောင် သည့် ငွေကို မ ပြေ ကျန် ငွေ အ ဖြစ် လည်းကောင်း" ဟူသော စကားရပ်တွင် "အခွန်နှင့်ဒဏ်ငွေ ပေးဆောင်ရန် ပျက်ကွက် လျှင် မပေးဆောင်သည့်အခွန် သို့မဟုတ် ဒဏ်ငွေကို မပြေ ကျန်ငွေ အဖြစ် လည်းကောင်း" ဟူသော စကားရပ်များ အစားထိုး၍ ပြင်ဆင်ခြင်း ဖြစ်သည်။

ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၁၉၇၇ – ခုနှစ် ပြည်သူလွှတ်တော်ဥပဒေအမှတ် – ၅)

ဤဥပဒေကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ်ပြည်သူလွှတ်တော် ပဉ္စမ အစည်းအဝေး တတိယနေ့ (၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့)တွင် ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ပထမအကြိမ် ပြည်သူလွှတ်တော်၊ အဋ္ဌမ အစည်းအဝေးက အတည်ပြု ပြဋ္ဌာန်းခဲ့သော "ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေ" (၁၉၇၇ ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၁၂)ကို ပြင်ဆင်သည့်ဥပဒေ ဖြစ်သည်။

မူလ ဥပဒေ ပုဒ်မ – ၅ တွင် ပါရှိသော "တိုင်းရင်းသား" ဆိုသည့် စကားရပ်ကို "နိုင်ငံသား" ဆိုသည့် စကားရပ်ဖြင့် အစားထိုးသည်။ မူလ ဥပဒေ ပုဒ်မ – ၅ အောက်တွင် နိုင်ငံသားတစ်ဦးသည် ဥပဒေအရ လက်ကား မှတ်ပုံတင်၍ သတ်မှတ်ထားသည့် ကင်းလွတ်သီးနှံကို ဥပဒေနှင့်အညီ ရောင်းဝယ်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ကို ပုဒ်မ – ၅ က အဖြစ် ဖြည့်စွက်သည်။ မူလ ဥပဒေ ပုဒ်မ – ၁၀ တွင် ပုဂ္ဂလိက လုပ်ငန်းရှင်များ မှတ်ပုံတင်ရန်၊ အခွန်ကို သတ်မှတ်သည့်နှုန်းထား၊ နည်းလမ်းအတိုင်း ပေးဆောင်ရန် တို့ကို ဖြည့်စွက် ပြဋ္ဌာန်းထားသည်။ ပုဂ္ဂလိက လုပ်ငန်းရှင် တစ်ဦး ပေးသင်းရမည့် အခွန်များ၏ သွင်းရန်ပျက်ကွက် လျှင် ချမှတ်ရမည့် အပြစ်ဒဏ်ကို ပုဒ်မ – ၁၉ က အဖြစ် ဖြည့်စွက်သည်။

ရေခွန်နှင့် တာတမံခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၁၉၇၇ – ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ် – ၆)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ပဉ္စမ အစည်းအဝေး၊ တတိယနေ့ (၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့)တွင် ပြည်သူလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

တတိယအကြိမ် ပြည်သူလွှတ်တော်၊ ဒုတိယ အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သော "ရေခွန်နှင့် တာတမံဥပဒေ" (၁၉၇၂ ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ် – ၁) ကို ပြင်ဆင်သည့် ဥပဒေ ဖြစ်သည်။

ဤဥပဒေပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ နိုင်ငံတော်က တည်ဆောက် ထိန်းသိမ်းထားသည့် ဆည်မြောင်းလုပ်ငန်းများမှ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရယူသူ သို့မဟုတ် တာတမံများ၊ ရေနုတ်မြောင်းများဖြင့် ရေဘေး အကာအကွယ် ရယူသူသည် ဆည်မြောင်း၊ တာတမံ၊ ရေနုတ်မြောင်းများ အသုံးပြုရသဖြင့် ပေးဆောင်ရသည့် အခွန်များတွင် စီမံကိန်း သီးနှံများအလိုက် ပေးဆောင်ရန် သတ်မှတ်ထားသည့် သီး နှံ နှုန်း ဟူ သော စ ကား ရပ် ကို ဖြည့်စွက်ထားသည်။ အခွန်ကို ငွေဖြင့် ပေးဆောင်ရမည် သို့မဟုတ် စီမံကိန်းသီးနှံဖြင့် ပေးဆောင်ရမည်ကို ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးရမည်။ စီမံကိန်းသီးနှံ ပေးဆောင်ရမည့် အခွန်နှုန်းထားကိုလည်း ဝန်ကြီးအဖွဲ့က သတ်မှတ် ပေး ရ မည် ဟူ သော ပြဋ္ဌာန်းချက်များကို မူလ ဥပဒေ ပုဒ်မ – ၄ အောက်တွင် ပုဒ်မ–၄ က အဖြစ် ဖြည့်စွက်ရန် ပါရှိလေသည်။

မြန်မာနိုင်ငံသဘော်ဝမျာ်း မှတ်ပုံတင်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၁၉၇၇–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်– ၇)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့ကတင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ပဉ္စမ အစည်းအဝေး တတိယနေ့ (၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။

ဘဏ်ဥပဒေ (၁၉၇၅– ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် – ၉) ပုဒ်မ – ၁၁၊ ပုဒ်မခွဲ (က) တွင် တရားဝင်ငွေစက္ကူနှင့် ဒင်္ဂါးများသည် နိုင်ငံတော် ကောင်စီက တရားဝင်ငွေအဖြစ်မှ ရပ်စဲကြောင်း မကြေညာ မချင်း တရားဝင်ငွေအဖြစ် တည်စေရမည်ဟူသော ပြဋ္ဌာန်းချက်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ – ၇၄ ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်ကောင်စီသည် အထက်ပါဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၈၇ ကို ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ – ၇၄ အရ ဤအမိန့်ကိုပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူရမည် ဖြစ်သဖြင့် နိုင်ငံတော်ကောင်စီက စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ အစည်းအဝေးသို့ အတည်ပြုချက်ပေးရန် တင်ပြခဲ့ပါသည်။ နိုင်ငံတော်ကောင်စီ၏ တင်ပြချက်ကို စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအစည်းအဝေး၊ တတိယနေ့ (၁၉၈၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့) တွင် အတည်ပြုခဲ့သည်။

ပြည်သူ့လွှတ်တော်က ၁၉၈၇ ခုနှစ် နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည် သည့် အမိန့်အမှတ် (၁) ကို အတည်ပြုကြောင်း၊ နိုင်ငံတော်ကောင်စီက ၁၉၈၇ ခုနှစ် အောက်တိုဘာလ ၁၆ ရက် နေ့စွဲဖြင့် ကြေညာချက်အမှတ် ၄/၈၇ ကို ထုတ်ပြန်ကြေညာခဲ့သည်။

ဆဋ္ဌမအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၁၉၈၈ – ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် – ၁)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့ကတင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေးစတုတ္ထနေ့ (၁၉၈၈ ခုနှစ် မတ်လ ၁၇ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။

ဤဥပဒေသည် "၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ" (၁၉၇၄– ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် – ၅) ကို ပြင်ဆင်သည့်ဥပဒေဖြစ်သည်။

မူလဥပဒေပုဒ်မ – ၂၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော "မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး" ဟူသော အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အစားထိုး ပြင်ဆင်သည်။ ပြင်ဆင်ရာတွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကဲ့သို့ အာနိသင်ရှိသည့် ဓာတုပေဒ အရာဝတ္ထုများကိုပါ ထည့်သွင်းထားသည်။ ပုဒ်မ – ၂၊ ပုဒ်မခွဲ (ဇ) အဖြစ် "ဆေးသုံးစွဲသူ" ဆိုသော အဓိပ္ပာယ် ဖွင့်ဆို

ဤဥပဒေသည် The Burma Registration of Ships Act ကို ပြင်ဆင်ခြင်း ဖြစ်သည်။

မူလဥပဒေ ပုဒ်မ – ၅ အောက်တွင် သဘော်ဘများယာယီမှတ်ပုံတင်ခွင့်ပြုနိုင်သည့် ပြဋ္ဌာန်းချက်များကို ပုဒ်မ – ၅က အဖြစ် ဖြည့်စွက်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသား ပြဋ္ဌာန်းထားသည်။

တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၁၉၈၇ – ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် – ၈)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့ကတင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအစည်းအဝေး တတိယနေ့ (၁၉၈၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။

ဤဥပဒေသည် "တိုင်းရင်းမြန်မာ ဆေး ဆရာ အဖွဲ့ ဥပဒေ" (၁၉၅၃– ခုနှစ် အက်ဥပဒေ အမှတ် – ၇၃) ကို ပြင်ဆင်ခြင်း ဖြစ်သည်။

မူလ ဥပဒေ ပုဒ်မ – ၂၀ က၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "ပုဂ္ဂိုလ် ခုနစ်ဦး" ဆိုသည့် စကားရပ်ကို "ပုဂ္ဂိုလ် ခုနစ်ဦးမှ တစ်ဆယ့်ငါးဦး အထိ" ဟူသော စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေပုဒ်မ– ၂၀ က၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ် (ခ) ကို "တိုင်းရင်းမြန်မာ ဆေးပညာကို စိတ်ပါဝင်စားသော သင့်လျော်သည့် ပုဂ္ဂိုလ် ငါးဦးမှ တစ်ဆယ့်သုံးဦးအထိ" ဟူသော စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေ ပုဒ်မ – ၂၀ က၊ ပုဒ်မခွဲ (၃) တွင် ပါရှိသော "အဖွဲ့ဝင် လေးဦး" ဆိုသည့် စကားရပ်ကို "အဖွဲ့ဝင် ထက်ဝက်ကျော်" ဟူသော စကားရပ်ဖြင့် လည်းကောင်း အစားထိုးပြင်ဆင်ခြင်း ဖြစ်သည်။

၁၉၈၇ ခုနှစ် နိုင်ငံတော်ကောင်စီ၏ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်အမှတ် (၁) ကို အတည်ပြုခြင်း

နိုင်ငံတော်ကောင်စီသည် ၁၉၈၇ ခုနှစ် စက်တင်ဘာလ (၅) ရက်နေ့တွင် ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်၊ အမိန့်အမှတ်(၁) (၁၉၈၇) ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ အမိန့်မှာ နှစ်ဆယ့်ငါးကျပ်၊ သုံးဆယ့်ငါးကျပ်နှင့်ခုနစ်ဆယ့်ငါးကျပ်တန် ငွေစက္ကူများကို ၁၃၄၉ ခုနှစ် တော်သလင်းလဆန်း(၁၃)ရက်၊ ၁၉၈၇ ခုနှစ် စက်တင်ဘာလ (၅)ရက် စနေနေ့ နံနက် ၁၁ း ၀၀ နာရီ အချိန်မှစ၍ တရားဝင်ငွေ အဖြစ်မှ ရပ်စဲလိုက်ခြင်း ဖြစ်သည်။

ချက်ကို ဖြည့်စွက်သည်။ မူလဥပဒေ ပုဒ်မ – ၆ အောက်တွင် ပုဒ်မ – ၆ က ကို ထပ်မံဖြည့်စွက်သည့် ဖြည့်စွက်ထားသည်မှာ ခွင့်ပြုချက်မရှိဘဲ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်းမပြုရ။ ဤပြဋ္ဌာန်းချက်ကိုကျူးလွန်က အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်နှင့် ငွေဒဏ်ငါးသောင်း သို့မဟုတ် သေဒဏ်ချမှတ်ရန် ပြဋ္ဌာန်းခြင်း ဖြစ်သည်။ မူလဥပဒေ ပုဒ်မ – ၇ အောက်တွင် ပုဒ်မ – ၇ က ကို ထပ်မံဖြည့်စွက်သည်။ ဖြည့်စွက်ထားသည်မှာ ခွင့်ပြုချက်မရှိဘဲ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို ရောင်းချရန်အလို့ငှာ သယ်ယူပို့ဆောင်ခြင်းမပြုရ။ ဤပြဋ္ဌာန်းချက်ကို ကျူးလွန်က အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်နှင့် ငွေဒဏ်ကျပ်ငါးသောင်း သို့မဟုတ် သေဒဏ်ချမှတ်ရန် ပြဋ္ဌာန်းခြင်းဖြစ်သည်။ မူလဥပဒေ အခန်း (၁၃) တွင် ပုဒ်မ – ၁၄ က ကို ဖြည့်စွက်သည်။ ဖြည့်စွက်ထားသည်မှာ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ တစ်မျိုးမျိုးကို ယှဉ်တွဲ ဖော်ပြထားသည့် အလေးချိန်ထက်ပို၍ လက်ဝယ်ထားလျှင်ဖြစ်စေ၊ သယ်ယူပို့ဆောင်လျှင်ဖြစ်စေ၊ ပုဒ်မ – ၆ ကနှင့် ၇ က တို့တွင် ပြဋ္ဌာန်းထားသည့် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း ဖြစ်သည်ဟု မှတ်ယူရမည် ဖြစ်ကြောင်း ဖြည့်စွက်ထားသည်။ ဖော်ပြထားသော အလေးချိန်များမှာ ဘိန်းဖြူဖြစ်ပါက သုံးကရမ်၊ မော်ဖင်းဖြစ်ပါက သုံးကရမ် စသည်ဖြင့် မူးယစ်ဆေးဝါးများ စာရင်းနှင့် အလေးချိန်ကို ဖော်ပြထားသည်။

ပြည်သူကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၁၉၇၈–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ် – ၂)

ဤဥပဒေကြမ်းကို နိုင်ငံတော်ကောင်စီက ပြည်သူလွှတ်တော်သို့ တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ဆဋ္ဌမအစည်းအဝေး စတုတ္ထနေ့ (၁၉၇၈ ခုနှစ် မတ်လ ၁၇ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။

ဤဥပဒေသည် ပထမအကြိမ် ပြည်သူလွှတ်တော် စတုတ္ထအစည်းအဝေး၏ အတည်ပြုပြဋ္ဌာန်းခဲ့သော "ပြည်သူကိုယ်စားလှယ်များ၏ ခံစားခွင့်ဥပဒေ" (၁၉၇၅–ခုနှစ်၊ ပြည်သူလွှတ်တော်ဥပဒေအမှတ် – ၁၂) ကို ပြင်ဆင်သည့် ဥပဒေဖြစ်သည်။

ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ ခံစားခွင့်ရှိသည့် ပြည်သူကိုယ်စားလှယ်များ တာဝန်မှ ရုပ်သိမ်းခြင်း၊ ရပ်စဲခြင်း ခံရလျှင်၊ နုတ်ထွက်လျှင် ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေ ခံစားခွင့်မရှိစေရ။ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း ခံရလျှင် ငါးဆယ်ရာခိုင်နှုန်း ခံစားခွင့်ရှိသည်။ တာဝန်မှ ယာယီရပ်ဆိုင်းခြင်းကိုပယ်ဖျက်၍မူလတာဝန်ကို ပြန်လည်ပေးအပ်ခြင်းခံရလျှင် ယာယီရပ်ဆိုင်းထားသည့် ကာလအတွက် ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေအပြည့် အဖြစ် ပြန်လည်ခံစားခွင့်ရှိသည်ဟူသော ပြဋ္ဌာန်းချက်များကို ပုဒ်မ–၃၃၊ ပုဒ်မခွဲ (က) (ခ) (ဂ) တို့ဖြင့် အစားထိုးသည်။ နိုင်ငံတော်ကောင်စီက ယာယီဖွဲ့စည်း တာဝန်ပေးအပ်ခြင်း ခံရသည့် ပြည်သူကိုယ်စားလှယ်များသည် ယင်းသို့ တာဝန်ထမ်းဆောင်ရသည့် ကာလအတွက် ခံစားခွင့်ရှိသော ထောက်ပံ့ကြေး သို့မဟုတ် ချီးမြှင့်ငွေကို ခံစားခွင့်ပြုကြောင်း ပြဋ္ဌာန်းချက်ကို မူလဥပဒေ ပုဒ်မ – ၃၆ တွင် ပုဒ်မ – ၃၆ အဖြစ် ပြဋ္ဌာန်းခြင်းဖြစ်သည်။

၁၉၇၈ ခုနှစ် စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များ ဆိုင်ရာဥပဒေ

(၁၉၇၈–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ် – ၃)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့ကတင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော်ဆဋ္ဌမအစည်းအဝေး၊ ပဉ္စမနေ့ (၁၉၇၈ ခုနှစ် မတ်လ ၁၈ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။

ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ၂ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းသည်။

၁၉၇၈ ခုနှစ် နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

(၁၉၇၈–ခုနှစ် ပြည်သူလွှတ်တော်ဥပဒေ အမှတ်–၄)

ဤဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့ကတင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ဆဋ္ဌမအစည်းအဝေး ပဉ္စမနေ့ (၁၉၇၈ ခုနှစ် မတ်လ ၁၈ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည်။

၁၉၇၈ – ၇၉ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၈ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်မည့် ဤဥပဒေတွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ လယ်ယာမြေအားလုံးပေါ်တွင် သီးနှံကို

စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများနှင့်ပုဂ္ဂလိက လုပ်ငန်းရှင်များသည် သတ်မှတ်ထားသော သီးနှံများဖြင့် အခွန်များ ပေးဆောင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။ သီးနှံအလိုက် ပေးဆောင်ရမည့် အခွန်နှုန်းထားနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ သီးနှံဖြင့်ပေးရမည့် အခွန်နှုန်းထားများကို ဇယားများဖြင့် ဖော်ပြ ပြဋ္ဌာန်းထားသည်။

ဘဏ္ဍာငွေ အရအသုံးများအတွက် ပြဋ္ဌာန်းထားသည်မှာ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့များ၏ ရငွေကို ကျပ် ၃ ဒသမ ၉၅ ကုဋေ၊ သုံးငွေကို ကျပ် ၆၀ ဒသမ ၀၅ ကုဋေဟု လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေကို ကျပ် ၀၉၅ ဒသမ ၆၁ ကုဋေ၊ သုံးငွေကို ကျပ် ၀၃၇ ဒသမ ၉၉ ကုဋေဟု လည်းကောင်း၊ နိုင်ငံတော်ကောင်စီ၏ စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေကို . ကျပ် ၂,၅၂၅ ဒသမ ၆၂ ကုဋေ၊ သုံးငွေကို ကျပ် ၂,၉၃၄ ဒသမ ၁၃ ကုဋေဟု လည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေကို ကျပ် ၃၄ ဒသမ ၄၆ ကုဋေ၊ သုံးငွေကို ကျပ် ၄၀ ဒသမ ဂ ကုဋေဟုလည်းကောင်း လျာထားကြောင်း ဖော်ပြထားသည်။

နည်းဥပဒေများ

၁၉၇၄ ခုနှစ် မူးယစ် ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေ

(၁၉၈၈ – ခုနှစ် ပြည်သူ့လွှတ်တော် နည်းဥပဒေများ အမှတ် – ၁)

ဤနည်းဥပဒေကြမ်းကို ဝန်ကြီးအဖွဲ့က တင်သွင်းပြီး စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်၊ ဆဋ္ဌမအစည်းအဝေး စတုတ္ထနေ့ (၁၉၈၈ ခုနှစ် မတ်လ ၁၇ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည်။


မူလနည်းဥပဒေမှ နည်းဥပဒေ – ၂။ ၅၀။ ၆၀။ ၆၁။ ၆၂။ ၆၃။ ၆၄။ ၆၅။ ၆၆ နှင့် ၆၇ တို့တွင် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့်စပ်လျဉ်းပြီး အမြဲသုံးစွဲသူ၊ ရံဖန်ရံခါသုံးစွဲသူဟူ၍ ခွဲခြားဖော်ပြထားရာ နည်းဥပဒေ– ၂။ နည်းဥပဒေခွဲ (ဃ) တွင် "ဆေးသုံးစွဲသူ" ဟူသော စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အစားထိုးပြီး ကျန် နည်းဥပဒေများတွင် အမြဲသုံးစွဲသူ၊ ရံဖန်ရံခါ သုံးစွဲသူ ဟူသော စကားရပ်များအစား "ဆေးသုံးစွဲသူ" ဟူသော စကားရပ်များဖြင့် အစားထိုးသည်။ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများကို ရှာဖွေနှင့်ပြုသော မူလနည်းဥပဒေ – ၅၃၊ နည်းဥပဒေခွဲ (ခ) ကို ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ အကောက်အခွန်ဝန်ထမ်းအပြင် သက်ဆိုင်ရာ ဝန်ကြီးဌာနကခွင့်ပြုသော ဝန်ထမ်းများကိုပါ ရှာဖွေခွင့် ပြုကြောင်း ပြဋ္ဌာန်းချက်ဖြင့် အစားထိုးသည်။ မူလနည်းဥပဒေ–၅၇၊ နည်းဥပဒေခွဲ (က) တွင် "မြန်မာနိုင်ငံ ဓာတုဗေဒဝန်၊ ရန်ကုန်မြို့" ဟူသော စကားရပ်ကို "သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်သော ဓာတုဗေဒ စမ်းသပ်စစ်ဆေးရေးဌာန" ဟူသော စကားရပ်ဖြင့် အစားထိုးသည်။

နည်းဥပဒေ အခန်း (၁၃) တွင် နည်းဥပဒေ–၇၀ (က)ကို ဖြည့်စွက်သည်။ ဖြည့်စွက်သော နည်းဥပဒေ–၇၀ (က)မှာ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးတစ်မျိုးမျိုးကို ယင်းနှင့် ယှဉ်တွဲဖော်ပြထားသည့် အလေးချိန်ထက်ပို၍ လက်ဝယ်ထားလျှင်ဖြစ်စေ၊ သယ်ယူပို့ဆောင်လျှင်ဖြစ်စေ ပုဒ်မ–၆ က နှင့် ၇ က တို့တွင် ပြဋ္ဌာန်းထားသည့် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ ယှဉ်တွဲ ဖော်ပြထားသော အလေးချိန်များမှာ ဘိန်းဖြူဖြစ်ပါက သုံးကရမ်၊ မော်ဖင်းဖြစ်ပါက သုံးဂရမ် စသည်ဖြင့် မူးယစ်ဆေးဝါးများစာရင်းနှင့် အလေးချိန်ကို ဖော်ပြထားလေသည်။

အကျဉ်းချုပ်

ဤသို့ဖြင့် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမအစည်းအဝေးမှ ဆဋ္ဌမ အစည်းအဝေးအထိ ပြည်သူ့လွှတ်တော်သည် ပုံမှန်အစည်းအဝေး ခြောက်ကြိမ်နှင့်၊ အရေးပေါ် အစည်းအဝေး တစ်ကြိမ်ခေါ်ယူ ကျင်းပခဲ့ပြီး နိုင်ငံတော်ကောင်စီက တင်သွင်းခဲ့သော ဥပဒေကြမ်းငါးခု၊ ဝန်ကြီးအဖွဲ့က တင်သွင်းသော ဥပဒေကြမ်း ၂၁ ခု စုစုပေါင်း ဥပဒေ ၂၆ ခု၊ ဝန်ကြီးအဖွဲ့က တင်သွင်းသောနည်းဥပဒေကြမ်းတစ်ခုကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ဤကာလအတွင်း နိုင်ငံတော်ကောင်စီက ထုတ်ပြန်ခဲ့သော ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့် သုံးခုကိုလည်း အတည်ပြုခဲ့လေသည်။

ဦးအေးချို (ဗဟိုတရားရုံး ရွှေနေ)



အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး

ကမ္ဘာ့မျက်နှာပြင်၏ သုံးပုံနှစ်ပုံသည် ပင်လယ်သမုဒ္ဒရာများဖြင့် ဖုံးအုပ်လျက်ရှိသည်။ ပင်လယ်သမုဒ္ဒရာများသည် လူသားအားလုံးနှင့်ဆိုင်၍ မည်သူမဆို လွတ်လပ်စွာသွားလာသုံးစွဲခွင့်လည်း ရှိပေသည်။ ထို့ပြင် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံကျော်သည် ပင်လယ်ပြင်မှ မိုင် ၃၀၀ အတွင်း နေထိုင်ကြသည်။ ဤအချက်များကြောင့်ပင်လျှင် အခြားပို့ဆောင်ရေးများ မည်သို့ပင် တိုးတက်ထွန်းကားလာသည်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာရေကြောင်းပို့ဆောင်ရေးသည် ကမ္ဘာ့ သယ်ယူပို့ဆောင်ရေးတွင် အရေးပါသော ကဏ္ဍမှ ပါဝင်လျက်ရှိခြင်းပင်ဖြစ်ပေသည်။ အထူးသဖြင့် ကုန်စည် သယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းပို့ဆောင်ရေးသည် ထိပ်ဆုံးမှ ပြေးလျက်ရှိသည်။ သို့အတွက်ကြောင့်ပင်လျှင် ကမ္ဘာ့ ကုန်သွယ်မှုတွင် ကုန်စည်ထုထည် ပမာဏအားဖြင့် ၇၅ ရာခိုင်နှုန်းနှင့် ကုန်စည်တန်ဖိုးအားဖြင့် ၆၅ ရာခိုင်နှုန်းကို ရေကြောင်း ပို့ဆောင်ရေးမှ ပို့ဆောင်ပေးလျက်ရှိခြင်းဖြစ်ပေသည်။ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာပြင်တွင် တစ်နေ့တာအတွင်း သွားလာလှုပ်ရှားနေသော သဘော်ဘရေအတွက်သည် ပျမ်းမျှခြင်းအားဖြင့် စင်းရေ ၁၅,၀၀၀ ပျ ရှိခြင်းကလည်း ရေကြောင်း ပို့ဆောင်မှု၏ အရေးပါမှုကို ဖော်ညွှန်းနေပေသည်။

အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေး၏အစ

အပြောကျယ်လှသောပင်လယ်သမုဒ္ဒရာပြင်ကိုကျော်ဖြတ်၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို မြေထဲပင်လယ်တွင်စတင်ခဲ့သည်ဟု ယူဆသော်လည်း ခိုင်လုံတိကျသော အထောက်အထားများ မတွေ့ရပေ။ သို့သော် ၄၀၀၀ ဘီစီနှင့် ၃၅၀၀ ဘီစီ ခန့်တွင် ကရိကျန်းသားများသည် ရေကြောင်း ပို့ဆောင်ရေးလုပ်ငန်း ပြုလုပ်နေကြပြီ ဖြစ်သကဲ့သို့ အီဂျစ်နိုင်ငံသည်လည်း နိုင်းမြစ်ကြောင်းသွားလေများကို ပင်လယ်ပြင်သွား သင်္ဘောများ အဖြစ်သို့ ပြုပြင်ပြောင်းလဲ အသုံးပြုနေပြီ ဖြစ်သည်။ ဘီစီ ၁၄၀၀ ခန့်တွင် ကရိကျန်းသားများ၏ ရေကြောင်းပို့ဆောင်ရေး ကဏ္ဍ ရပ်ဆိုင်းပြီးနောက် ဖိုနီးရှန်းလူမျိုးများ၊ ဂရိလူမျိုးများ၊ ကာသေ့ချို့ လူမျိုးများနှင့် ရောမ လူမျိုးများ အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးတွင် ပါဝင်လာကြသည်။ ကမ္ဘာ့မြောက်ခြမ်း ပင်လယ်ပြင်တွင်မူ ဗြိတိန်နှင့် ဥရောပတိုက်ကြား ပင်လယ်ရေကြောင်းဖြင့် ကုန်စည်ဖလှယ်မှုများ ပြုလုပ်နေပြီ ဖြစ်သည်။


အာရှတိုက်၌လည်း အာရပ်လူမျိုးများနှင့် အိန္ဒိယလူမျိုးများသည် အလွန်ရှေးကျသော ကာလကပင် သင်္ဘောသားများအဖြစ် ကျင်လည်ခဲ့ကြ၏။ တရုတ်လူမျိုးတို့မှာမူ အတော်နောက်ကျသည့် အချိန်ကာလရောက်မှသာ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် ပါဝင်လာခဲ့ကြသည်။

အေဒီ ၁၅ ရာစု၌ သင်္ဘောတည်ဆောက်မှုနှင့် ရွက်လွှင့်သွားလာမှုများ တိုးတက်လာသည်။ သံလိုက်အိမ်မြှောင်ကဲ့သို့သော လမ်းကြောင်းပြကိရိယာများကို စတင်သုံးစွဲခဲ့ပြီး ၁၈ ရာစုတွင်မူ ရေနွေးငွေ့ဖြင့်မောင်းသော သင်္ဘောများကို ခရီးဝေးသွားလာရေးတွင် အသုံးပြုလာကြသည်။ ၁၈၄၀ ပြည့်နှစ်ဝန်းကျင်တွင် ပုံမှန်သွားလာသောသင်္ဘောလုပ်ငန်းများ စတင်ပေါ်ပေါက်လာခဲ့သည်။

၁၉ ရာစုတွင် သံကိုယ်ထည်သင်္ဘောများ ပေါ်ပေါက်လာသည်။ ထို့ပြင် သင်္ဘောအရာရှိများ၊ ကက်ပတိန်များ၏ အရည်အချင်း လက်မှတ်များ သတ်မှတ်နိုင်ခဲ့သည်။ ၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်း ဖွင့်လှစ်နိုင်ခဲ့သဖြင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေးသည် များစွာ တိုးတက်ခဲ့သည်။ စူးအက် တူးမြောင်းသည် လန်ဒန်မြို့နှင့် ဘုံဘေမြို့အကြား ရေလမ်းခရီးကို မိုင် ၄၀၀၀ ခန့်လည်းကောင်း၊ သြစတြေးလျှနှင့် ဗြိတိန်နိုင်ငံ ရေလမ်းခရီးကို မိုင် ၁၀၀၀ ခန့်လည်းကောင်း ကျုံ့စေခဲ့သည်။

၂၀ ရာစုတွင် အတွင်းလန်တိတ်သမုဒ္ဒရာကိုဖြတ်၍

ခေတ်မီ ရေနံတင် သင်္ဘောကြီးတစ်စင်း၏ပုံ




ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း

အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းကို ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဟူ၍ အဓိကအားဖြင့် ခွဲခြားနိုင်သည်။ ၁၉ ရာစု၏ဒုတိယပိုင်းခွဲ ဥရောပတိုက်မှ မြောက်အမေရိကတိုက်သို့ လူအမြောက်အမြား ပြောင်းရွှေ့ရသဖြင့် ထိုအချိန်မှစ၍ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း စတင်ဖွံ့ဖြိုးလာပြီဟု ဆိုနိုင်သည်။ ထို့နောက်ပိုင်းတွင် ဗြိတိန်နိုင်ငံမှ မြောက်အမေရိကသို့ အစုလိုက်အပြုံလိုက်ပြောင်းရွှေ့မှုများကြောင့် အတ္တလန္တိတ် သမုဒ္ဒရာကိုဖြတ်၍ ခရီးသည်များကို ပုံမှန်သယ်ယူ ပို့ဆောင်ပေးရန် ကြီးမားသော ခရီးသည်တင်သင်္ဘောများတည်ဆောက်လာကြသည်။

ၚင်းသင်္ဘောကြီးများတွင် အယ်လီဇာဘက်ဘုရင်မနှင့် မေရီဘုရင်မ အမည်ရှိသော သင်္ဘောကြီးတို့သည် ထင်ရှား၏။ ၚင်းတို့တွင်ထင်ရှားသောအနုပညာရှင်တို့က ခြယ်သမှုမ်းမံထားသော အခန်းများ၊ စေ့းဆိုင်များ၊ ဘဏ်များ၊ ရုပ်ရှင်ရုံများ၊ ဓာတ်လှေကားများနှင့် ရေကူးကန်၊ ရေချိုး ရေကြောင်း ပို့ဆောင်ရေး လုပ်ငန်းများကို အပြိုင်အဆိုင် လုပ်ကိုင်လာကြသည်။ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း တိုးတက်လာသဖြင့် ကြီးမားသော ခရီးသည်တင်သင်္ဘောများ ပေါ်ပေါက်လာသည်သာမက ပုံစံနှင့် စက်ပိုင်းဆိုင်ရာတွင်လည်း တိုးတက်လာခဲ့သည်။ စက်မောင်းဆီကိုအသုံးပြု၍ ခုတ်မောင်းသော သင်္ဘောများလည်း ပေါ်ပေါက်လာသဖြင့် သင်္ဘောများ၏အမြန်နှုန်း ပိုမိုကောင်းမွန်လာသည်။ စက်မောင်းဆီ သုံးစွဲမှုသည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးတွင် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ၚင်းကဏ္ဍသစ်မှာ ရေနံတင်သင်္ဘောများဖြင့် ရေနံပို့ဆောင်ခြင်း ဖြစ်ပေသည်။

၁၉၇၂ ခုနှစ်သို့ ရောက်သောအခါတွင် ကမ္ဘာတစ်ဝန်းလုံး၌ သင်္ဘော စင်းရေ ၆၀,၀၀၀ ဖြစ်လာခဲ့ပေသည်။ တန်ချိန်အရ ပြောရလျှင်မူ စုစုပေါင်းတန်ချိန် သန်း ၂၉၀ ခန့်ရှိလာပြီဖြစ်ပေသည်။ ၁၉၀၄ ခုနှစ်တွင်မူ တန်ချိန် ၄၁၂ ဒသမ ဂ သန်းခန့်ရှိလာပြီး ၁၉၀၅ ခုနှစ် နှစ်လယ်တွင် တန်ချိန် ၄၁၀ ဒသမ ၃ သန်းခန့်ရှိပေသည်။

အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးကို တိုးတက်စေရန် ခေတ်မီဆိပ်ကမ်းပို့ဖြိုးရေးလည်းလိုအပ်သည်။





ဤကဲ့သို့သော ဘေးအန္တရာယ်များကြောင့် ပင်လယ်ပြင်တွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ရေကြောင်းအာမခံလုပ်ငန်းတို့သည် အရေးပါလာသည်။

ကန်များပါရှိသည်သာမက ကြိုးမဲ့ကြေးနန်းဖြင့် ရရှိသော သတင်း အချက်အလက်ပေါ် မူတည်၍ ထုတ်ဝေသည့် သတင်းစာများပင် ပါရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ ထိုသင်္ဘောကြီးများကို စစ်တပ်များ သယ်ယူရန် အသုံးပြုခဲ့သည်။

စစ်ပြီးဆုံးပြီးနောက် ၁၉၄၇ ခုနှစ်နှင့် ၁၉၅၇ ခုနှစ်ကြား အချိန်ကာလသည် ခရီးသည်တင် သင်္ဘောကြီးများ၏ ရွှေရောင်လွှမ်းသောခေတ် ဖြစ်ပေသည်။ မေရီဘုရင်မနှင့် အယ်လီဇာဘက် ဘုရင်မအမည်ရှိ သင်္ဘောကြီးများသည် အသွားအပြန် ခရီးတစ်ခေါက်တွင် ပေါင်စတာလင် တစ်သိန်းကျော်အမြတ်ရရှိကြ၏။ ၁၉၅၈ ခုနှစ်မှစ၍ ခရီးသည်တင် သင်္ဘောကြီးများ၏ကံဇာတာညှိုးမှိန်လာသည်။အထူးသဖြင့် အတ္တလန္တိတ်သမုဒ္ဒရာမြောက်ခြမ်းတွင် ထိုသင်္ဘောကြီးများ ခေတ်မစားတော့ပေ။ ထိုကဲ့သို့ ဖြစ်ရခြင်းတွင် ခရီးသည်များ နည်းပါးလာခြင်းနှင့် ၁၉၅၈ ခုနှစ် တွင် အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်၍ ဂျက်လေယာဉ်များပြေးဆွဲခြင်းတို့သည် အဓိကအကြောင်းများ ဖြစ်ကြပေသည်။

သို့သော် အားလပ်ရက်များတွင် သင်္ဘောဖြင့်အပျော်ခရီးထွက်ခြင်း ခေတ်စားလာသဖြင့် အပျော်စီး သင်္ဘောလုပ်ငန်း တွင်ကျယ်လာခဲ့သည်။ အပျော်စီးသင်္ဘောလုပ်ငန်းကို ၁၉၃၀ ပြည့်နှစ်တွင် စတင်ခဲ့၍ ဒုတိယကမ္ဘာစစ်ကြီးပြီးချိန်မှစ၍ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ယခုအခါတွင် အပျော်စီးသင်္ဘောလုပ်ငန်းစေးကွက်သည် အလွန်ပင်ကြီးမားသောစေးကွက် ဖြစ်နေပြီဖြစ်သည်။ အချိန်နှင့်ငွေကိုသုံးစွဲနိုင်သူများအတွက် ကမ္ဘာအရပ်ရပ်သို့လှည့်လည်၍ အပျော်ခရီး ပို့ဆောင်ပေးသော ဇိမ်ခံ အပျော်စီးသင်္ဘောများကိုလည်း ပုံစံအမျိုးမျိုးဖြင့် တည်ဆောက်ပြေးဆွဲလျက်ရှိပေသည်။

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း


သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို နဝလီပြေးဆွဲသောလုပ်ငန်း (Tramp) နှင့် ပုံမှန် ပြေးဆွဲသော လုပ်ငန်း (Line) ဟူ၍ ခွဲခြားနိုင်သည်။ ကုန်ရရှိမှုအခြေအနေပေါ် မူတည်၍ ပုံမှန်မဟုတ်သောခရီးစဉ်ဖြင့် တက္ကစီကားများသဖွယ် လှည့်လည်ပြေးဆွဲ၍ ကုန်သယ်ပို့သော လုပ်ငန်းကို နဝလီဟူ၍ခေါ်သည်။

နဝလီပြေးဆွဲသောလုပ်ငန်းသည် ၁၉ ရာစုအလယ်ပိုင်း လောက်မှ စတင်ပေါ်ပေါက်ခဲ့သည်။ နဝလီ သင်္ဘော

လုပ်ငန်းသည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးတွင် မရှိမဖြစ်လိုအပ်သောပြောင်းညွှတ်မှုကို ပေးစွမ်းနိုင်သည်။ ယနေ့ မျက်မှောက်ခေတ် နဝလီ သဘော်များသည် ကုန်တန်ချိန်များစွာကို သယ်ဆောင်နိုင်သော ပျမ်းမျှတန်ချိန် ၁၄,၀၀၀ ပတ်ဝန်းကျင်ရှိ သဘော်များဖြစ်ကြ၍ ပျမ်းမျှအမြန်နှုန်း တစ်နာရီလျှင်ရေမိုင် ၁၄ မိုင်မှ ၂၄ မိုင်အထိ ခုတ်မောင်းနိုင်စွမ်းရှိကြလေသည်။

ပုံမှန် ပြေးဆဲသော လုပ်ငန်းတွင် သဘော်များသည် ပုံသေသတ်မှတ်ထားသောဆိပ်ကမ်းများသို့ ကုန်စည်နှင်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ပုံမှန် ဝင်ရောက်ကြရ၏။ ပုံမှန် ပြေးဆဲသောလုပ်ငန်းကို ပြုလုပ်သော သဘော်များသည် တန်ချိန် ၁၂,၀၀၀ မှ ၁၅,၀၀၀ ထိ ရှိတတ်ကြပြီး ကုန်တင်သည့် နေရာအတော်များများ ပါရှိကာ ပျမ်းမျှခုတ်မောင်းနှုန်းမှာလည်း တစ်နာရီလျှင် ရေမိုင် ၂၀ အထက်တွင် ရှိကြသည်။ လိုင်းပြေးဆဲသည့် ခေတ်သစ်သဘော်များတွင် ပထမတန်းစား ကုန်တင်ကုန်ချကိရိယာများ ပါရှိသကဲ့သို့ ကုန်စည်များအတွက် လေဝင်လေထွက်ကောင်းစေရန်လည်း အကောင်းဆုံး စီမံထားကြသည်။ ထို့ပြင် အမြန်နှုန်းလည်းမြင့်မားကြသည်။

ခရီးသည်ပို့ဆောင်ရေးသဘော်တစ်စင်း၏ပုံ



အထက်ပါလုပ်ငန်းတို့အပြင် ခရီးသည်ရော ကုန်စည်ပါ သယ်ပို့ပေးသည့် လုပ်ငန်းဟူ၍လည်း ရှိပေသေးသည်။ ကြယ်ငါးပွင့် သဘော်ကော်ပိုရေးရှင်းမှ မြန်မာ့ ကမ်းရိုးတန်းတွင် ပြေးဆဲပေးနေသော မြစ်ကြီးနား၊ တောင်ကြီး၊ ဟားခါးသဘော်တို့မှာ ခရီးသည်ရော ကုန်စည်ပါ သယ်ဆောင်ပေးနိုင်သည့် သဘော်များ ဖြစ်ကြသည်။

ကုန်သေတ္တာများဖြင့် ပို့ဆောင်ရေး

မျက်မှောက်ခေတ် အပြည်ပြည်ဆိုင်ရာ ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် မပါမပြီးသော ကဏ္ဍတစ်ရပ်မှာ ကုန်သေတ္တာ (Container) များဖြင့် ကုန်စည် သယ်ဆောင်ပေးမှု ဖြစ်ပေသည်။ ကုန်သေတ္တာဆိုသည်မှာ အလွယ်ကူဆုံး အဓိပ္ပာယ်ဖွင့်ရလျှင် ဘေးဘက်တွင်ဖြစ်စေ၊ ရှေ့ဘက်တွင်ဖြစ်စေ တံခါးများပါ၍ ကုန်စည်များ ထည့်ရန် အသုံးပြုသည့် သေတ္တာဖြစ်သည်။ ကုန်သေတ္တာများကို အမေရိကန်ပြည်ထောင်စုရှိ နယူးယောဂ် ဗဟိုမိုးရထားကုမ္ပဏီမှ ပထမဆုံး စတင်အသုံးပြုခဲ့သည်။ ၁၉၂၁ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကလေဗားလင်းနှင့် ရိုကာဂိုကြားပြေးဆဲသော မီးရထားတွင် စတင် အသုံးပြုခဲ့ခြင်း ဖြစ်ပေသည်။

အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေးတွင်မူ မျက် မှောက် ခေတ် ကုန်သေတ္တာနှင့် နှိုင်း ယှဉ် နိုင် သော သေတ္တာများကို ၁၉၂၀ ပြည့်လွန်နှစ်များတွင် စတင်အသုံးပြုခဲ့သည်။ သို့သော် ယနေ့ ခေတ်သုံး ကုန်သေတ္တာမျိုးကိုမူ အမေရိကန်တပ်မတော်က ဒုတိယကမ္ဘာစစ်အတွင်း၌ စတင်အသုံးပြုခဲ့သည်။ ကုန်သေတ္တာများကို ကုန်စည်ပို့ဆောင်ရေး၌ ပထမဆုံးစတင်အသုံးပြုခဲ့သော သဘော်မှာ ဖဲလင်းအမည်ရှိ သဘော်ဖြစ်၍ မြောက်အတ္တလန္တိတ် သမုဒ္ဒရာတွင် စတင်သုံးစွဲခဲ့ခြင်းဖြစ်သည်။ ကုန်သေတ္တာကို အသုံးပြုခြင်းအားဖြင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိသည်။

(က) ဆိပ်ကမ်းတွင် ကုန်တင်ကုန်ချ အချိန်လျော့နည်းခြင်း၊
(ခ) သဘော်များ၏ ကုန်တင်ကုန်ချမှု အချိုးကို မြင့်မားစေခြင်း၊
(ဂ) ထုပ်ပိုးရာတွင် သုံးသော ပစ္စည်းများအတွက် ကုန်ကျစရိတ်များ သက်သာခြင်း၊
(ဃ) ရေကြောင်းမှ ကုန်းကြောင်းသို့ ပြောင်းလဲသယ်ဆောင်ရာတွင် စရိတ်ကုန် သက်သာခြင်း၊
(င) ကုန်စည်ပျက်စီးမှု နည်းပါးခြင်း စသည်တို့ဖြစ်သည်။

ကုန်သေတ္တာများကို အထွေထွေ ကုန်သေတ္တာ၊ အပူ

အအေးထိန်း ကုန်သေတ္တာနှင့် လုပ်ငန်းလိုအပ်ချက်နှင့်အညီ တည်ဆောက်ထားသော အထူးကုန်သေတ္တာဟူ၍ သုံးမျိုး ခွဲခြားနိုင်သည်။

ကုန်သေတ္တာများကို သုံးစွဲရာတွင် တညီတညွတ်တည်း ဖြစ်စေရန်အတွက် ဆောင်ရွက်ပေးသော အဖွဲ့အစည်းမှာ စံညွှန်းသတ်မှတ်ရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း International Organization for Standardization ဖြစ်၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင်စတင် ဖွဲ့စည်းခဲ့သည်။

သေတ္တာသဏ္ဌာန် ဝမ်းပြားလှေဖြင့် ပို့ဆောင်ခြင်း

ကုန်သေတ္တာကဲ့သို့ပင် အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေးတွင် ဆန်းသစ်လာသော ကဏ္ဍတစ်ရပ်မှာ လေးထောင့် သေတ္တာသဏ္ဌာန် လုပ်ထားသော ရေလုံ ဝမ်းပြားလှေ (Barge) များအတွင်း ကုန်စည် ထည့်သွင်း၍ သဘော်ဖြင့် ပို့ဆောင်ပေးသည့်လုပ်ငန်းဖြစ်သည်။ ထိုရေလုံ ဝမ်းပြားလှေတစ်စင်းလျှင် တန် ၁၀၀ မှ ၅၀၀ ထိ လေးသည်။ ၎င်းတို့ကို ဆွဲသဘော်ဖြင့် သဘော်အနီးသို့ ဆွဲယူလာပြီးနောက် သဘော်ပေါ်တင်ဆောင်ကာ သယ်ယူလှေ ရှိသည်။ ချရာဌာနလည်း ရေထဲသို့ တိုက်ရိုက်ချနိုင်သဖြင့် သဘော်အနေဖြင့် ဆိပ်ကမ်းကပ်ခြင်းပြုရန်မလိုဘဲ မြစ်ဝတွင်ပင် ချထားနိုင်သည်ဖြစ်ရာ အချိန်ကုန် ငွေကုန် သက်သာလှပေသည်။ ထို့ပြင် ကုန်သေတ္တာများကဲ့သို့ ဆိပ်ကမ်းတွင် ထားသို ရှေ့ပြောင်းရန်၊ ကုန်သေတ္တာစခန်း (Container Yard)များ တည်ဆောက်ရန်လည်းမလိုပေ။ လေးထောင့် သေတ္တာသဏ္ဌာန် ဝမ်းပြားလှေဖြင့် ပစ္စည်းသယ်ပို့ခြင်း လုပ်ငန်းကို ၁၉၆၉ ခုနှစ်တွင် စတင်ခဲ့သည်။


၎င်း၏ အားသာချက်များမှာ -

(က) ကုန်တင်ကုန်ချရာ၌ လျင်မြန်ခြင်း၊
(ခ) ဆိပ်ကမ်းကပ်ရန် မလိုသဖြင့် ဆိပ်ကမ်းတွင် သဘော်များ ကျပ်သိပ်မှု လျော့နည်းစေခြင်း၊
(ဂ) ဝမ်းပြား လှေတစ်စင်း၏ သက်တမ်းသည် ကုန်သေတ္တာ သက်တမ်းထက် နှစ်ဆခွဲပိုခြင်း၊ ပျက်စီးမှုနှုန်းသည် ကုန်သေတ္တာထက် ထက်ဝက်မျှ လျော့နည်းခြင်း၊
(ဃ) ဝမ်းပြားလှေအတွက် လိုအပ်သော လူ/စက်ကိရိယာ များသည် ကုန် သေ တ္တာ လောက် မဆန်းပြားသဖြင့် အလုပ်ပိုမိုတွင်ကျယ်ခြင်းတို့ ဖြစ်သည်။

ပင်လယ်ပြင်တွင် ဘေးအန္တရာယ်ကင်းရေး

ပင်လယ်ပြင်တွင် ဘေးအန္တရာယ် ကင်းရှင်းရေးသည် အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေး၌ လွန်စွာ

အပျော်စီး ပင်လယ်ကူးသဘော်ကြီးတစ်စင်း၏ပုံ





ပနားမားတူးမြောင်းအတွင်းသို့ ခေတ်မီကုန်သေတ္တာတင် သင်္ဘောကြီးတစ်စင်း ဆွဲသင်္ဘောများ၏အကူအညီဖြင့် ဝင်ရောက်လာပုံ

အရေးကြီးပေသည်။ သင်္ဘောများတွင် ကုန်စည် အဆမတန်တင်ဆောင်ခြင်းသည် သင်္ဘော၏ ဘေးအန္တရာယ်ကင်းရှင်းရေးကို ထိခိုက်နိုင်သဖြင့် ၁၈၇၀ ပြည့် နှစ် တွင် အင်္ဂလိပ်လူမျိုး ဆင်မြူရယ်လ် ပလင်းဆိုးဆိုသူက သင်္ဘောများ အဆမတန် ကုန်တင်ခြင်းကို ဟန့်တားရန် ကြိုးပမ်းခဲ့သည်။ ဤနည်းဖြင့် မျက်မှောက် ခေတ် တိုင် အောင် အသုံးဝင်လှသည့် ပလင်းဆိုး အမှတ်အသား(Plimsoll Mark)ပေါ်ပေါက် လာရသည်။ ၎င်းတွင် ရာသီဥတုကို လိုက်၍ သင်္ဘော်အနေဖြင့် ကုန်အများဆုံး တင်နိုင်သည့် အမှတ်အသားများကို ဖော်ပြထားသည်။

ယခုအခါတွင် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ (I.M.O International Maritime Organization)သည် ပင်လယ်ပြင်တွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို တာဝန်ယူ ဆောင်ရွက်လျက် ရှိသည်။ ၎င်းအဖွဲ့အစည်းက ၁၉၇၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပင်လယ်ပြင် အသက်အန္တရာယ် လုံခြုံရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်ကို ကမ္ဘာ့ကုန်သွယ် ရေကြောင်း သင်္ဘော်များ၏ ၉၆ ရာခိုင်နှုန်းက လိုက်နာ ကျင့်သုံးလျက်ရှိပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အနေဖြင့်လည်း အဆိုပါ စာချုပ်ကို လိုက်နာကျင့်သုံးလျက် ရှိသည်။

ဥပဒေ၏ အခန်းကဏ္ဍ

အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေးတွင် ကုန်စည် သယ်ယူရာ၌ ကုန်တင်လက်မှတ်များ အသုံးပြုသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ကုန်တင်လက်မှတ်နှင့် ပတ်သက်သောစည်းကမ်းချက်များ တညီတညွတ်တည်း ဖြစ်စေရန် အပြည်ပြည်ဆိုင်ရာ ဥပဒေအဖွဲ့ကြီးသည် ၁၉၂၁ ခုနှစ် စက်တင်ဘာလတွင်နယ်သာလန်နိုင်ငံသည်ဟိဂ်မြို့၌အစည်းအဝေးတစ်ရပ် ကျင်းပကာ ကုန်တင်လက်မှတ်နှင့်ပတ်သက်၍ ကုန်စည်ပိုင်ရှင်များနှင့် သင်္ဘော်ပိုင်ရှင်များ၏ အခွင့်အရေးနှင့် တာဝန်ရှိမှုများကို သတ်မှတ်ခဲ့သည်။ ထိုစည်းမျဉ်းကို ဟိဂ်စည်းမျဉ်းများဟု ခေါ်ပြီး ၁၉၂၄ ခုနှစ်တွင် ဗရပ်ဆဲလ်နိုင်ငံ၌ ကျင်းပသော နိုင်ငံတကာ ညီလာခံတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထိုစည်းမျဉ်းများကို နိုင်ငံအများက ပြည်တွင်း ဥပဒေ အဖြစ် အသီးသီး ပြဋ္ဌာန်းကျင့်သုံးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် အဆိုပါစည်းမျဉ်းများကို ၁၉၂၇ ခုနှစ်၌ The Burma Carriage of Goods by Sea Act အဖြစ် ပြဋ္ဌာန်းခဲ့သည်။


ဟိဂ်စည်းမျဉ်းများအရ ကုန်ပစ္စည်း၏ တန်ဖိုးကို ကြေညာ၍ ကုန်တင်လက်မှတ်တွင် ဖော်ပြထားခြင်း မရှိပါကသင်္ဘော်ပိုင်ရှင်အနေဖြင့် မိမိသယ်ဆောင် လာသော ကုန်ပစ္စည်းတစ်ထုပ် သို့မဟုတ် တစ်ယူနစ် ပျက်စီးမှု၊ သို့မဟုတ်ပျောက်ဆုံးမှုအတွက် အများဆုံးစတာလင်ပေါင် ၁၀၀ သာ ပေးလျော်ရန် တာဝန်ရှိသည်။ ဟိဂ်စည်းမျဉ်းများကို အမေရိကန်ပြည်ထောင်စု၊ သြစတြေးလျ၊ အနောက် ဂျာမနီနှင့် ဂျပန်အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်က လက်မံထားသဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ကျင့်သုံးနိုင်သော စည်းမျဉ်းများအဖြစ် သတ်မှတ်ကြသည်။

ပြောင်းလဲလာသော အခြေအနေများအရ ဟိုက်စည်းမျဉ်းပါ အချက်အလက်အချို့ကို ပြင်ဆင်ရန်လိုအပ်သဖြင့် ဟိုက်–ဗစ်စတီ (Hague - Visby Rules) ဟု ခေါ်သော စည်းမျဉ်းများကို နိုင်ငံတကာ ညီလာခံတစ်ရပ် ကျင်းပ၍ ၁၉၆၈ ခုနှစ်တွင် အတည်ပြုခဲ့သည်။ ၎င်းသည် ဟိုက်စည်းမျဉ်း၏ နောက်ဆက်တွဲစာချုပ်ငယ်သဘောသာဖြစ်သည်။ ဟိုက်–ဗစ်စတီစည်းမျဉ်းအရ ကုန်စည်တစ်ထုပ် သို့မဟုတ် တစ်ယူနစ် ပျက်စီး ပျောက်ဆုံးမှုအတွက် သဘော်ပိုင်ရှင်အနေဖြင့် အများဆုံး ပေးလျော်ရမည့် ငွေပမာဏမှာ ရွှေဖရန့်စ် ၁၀,၀၀၀ နှင့် အလေးချိန်တစ်ကီလိုဂရမ်အတွက် ရွှေဖရန့်စ် ၃၀ ဖြင့် ကုန်စည်၏ အလေးချိန်အပေါ်တွင် တွက်၍ ရသော ငွေပမာဏအနက် များရာ ပမာဏဖြစ်သည်။ ထို့ပြင် ဟိုက်–ဗစ်စတီ စည်းမျဉ်းအရ ကုန် သေတ္တာ Container များအတွင်း၌ ထည့်သွင်းထားသော အထုပ်အရေအတွက်ကို ကုန်တင်လက်မှတ်တွင် ဖော်ပြခြင်းပြုပါက ထိုအထုပ်တစ်ထုပ်စီကို တင်ဆောင်သော ကုန်စည်တစ်ယူနစ်စီအဖြစ် မှတ်ယူမည်ဖြစ်ပြီး ထိုသို့ဖော်ပြခြင်းမပြုပါက ကုန်သေတ္တာကိုသာ ကုန်စည်တစ်ယူနစ်အဖြစ် မှတ်ယူရမည် ဖြစ်သည်။ ဤထူးခြားချက်နှစ်ခုမှလွဲ၍ကျန်အချက်အလက်များမှာဟိုက်စည်းမျဉ်းများအတိုင်းဖြစ်သည်။ ဟိုက်–ဗစ်စတီစည်းမျဉ်းများကို ပြိတိန်၊ ပြင်သစ်နှင့် မြောက်ပိုင်း ဥရောပ လေးနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၉ နိုင်ငံက လက်ခံကျင့်သုံးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဥပဒေဆိုင်ရာ ကုလသမဂ္ဂ ကော်မရှင် (UN Commission on International Trade Law UNCITRAL) မှ ဟိုက်စည်းမျဉ်းများကိုအစားထိုးရန်အတွက် ရေးဆွဲခဲ့သောမူကြမ်းကို ၁၉၇၈ ခုနှစ်တွင် ဟမ်းဘတ်မြို့၌ ကျင်းပသော သံတမန်ညီလာခံတွင် ပြဋ္ဌာန်းခဲ့သည်။ ဤနည်းဖြင့် ဟမ်းဘတ် စည်းမျဉ်းများ ပေါက်ဖွားလာသည်။

ဟမ်းဘတ်စည်းမျဉ်းများ အာဏာတည်စေရန်အတွက် နိုင်ငံပေါင်း ၂၀ မှ အတည်ပြုပေးရန် လိုအပ်ပေသည်။ စတင်ပြဋ္ဌာန်းချိန်ဖြစ်သည့် ၁၉၇၈ ခုနှစ်မှ ယနေ့အထိ ၁၀ နှစ်တာ ကာလအတွင်း နိုင်ငံပေါင်း ၁၁ နိုင်ငံ (ဗာဗေးဒိုး၊ ချီလီ၊ အီဂျစ်၊ ဟန်ဂေရီ၊ လက်ဗန်နွန်၊ မော်ရိုကို၊ ရိုမေးနီးယား၊ ဆီနီဂေါ၊ တန်ဇားနီးယား၊ တျူနစ်ဒီးရှားနှင့်

ခေတ်မီသဘော်ကြီးများကို တည်ဆောက်ပြင်ဆင် မွမ်းမံသော သဘော်ကျင်းတစ်ခု၏မြင်ကွင်း






အနာဂတ်ခေတ်မီသင်္ဘောများကို တီထွင်ထုတ်လုပ်နိုင်ရေးအတွက် ကွန်ပျူတာဒီဇိုင်းပညာဖြင့် သုတေသနပြုလျက်ရှိသည်။

ယူဂန်းဒါး) ကသာ အတည်ပြုခဲ့သဖြင့် ဟမ်းဘတ်စည်းမျဉ်းများသည် အာဏာသက်ဝင်ခြင်း မရှိသေးပါ။ ဤသည်မှာလည်း ဟမ်းဘတ်စည်းမျဉ်းများသည် ကုန်သယ်ဆောင်သူပေါ်တွင် ဝန်ပိစေခြင်းကြောင့် ဖြစ်သည်ဟူ၍ ယူဆကြသည်။

သင်္ဘောစင်းလုံးငှားခြင်း

အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေးတွင် သင်္ဘောများကို စင်းလုံးငှားရာ၌ ခရီးစဉ်အလိုက် စင်းလုံးငှားလေ့ရှိသကဲ့သို့ အချိန် အပိုင်းအခြားဖြင့်လည်း စင်းလုံးငှားလေ့ရှိသည်။ ထို့ပြင် မြေငှားသကဲ့သို့ သင်္ဘောချည်းသက်သက် ငှားရမ်းပြီး ငှားရမ်းယူသူက သင်္ဘောသားများကို ခန့်ထားခြင်း၊ လစာပေးခြင်းစသည်များ ပြုလုပ်ရသည့် လူမပါသင်္ဘောစင်းလုံးငှားခြင်း (Demise or Bare Boat Charter) ဟူ၍လည်း ရှိသည်။ နိုင်ငံခြား သင်္ဘောများကို လူမပါ စင်းလုံးငှား၍ မြန်မာနိုင်ငံတွင် ယာယီမှတ်ပုံတင်ခြင်းကို ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၁၉၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာဖြင့် ခွင့်ပြုခဲ့သည်။ ထိုသို့ ခွင့်ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ သင်္ဘောများ မှတ်ပုံတင်ခြင်း အက်ဥပဒေကို ပြင်ဆင်



ခေတ်မီကုန်တင်သင်္ဘောများတွင် ရွက်များတပ်ဆင်၍ အသုံးပြုနိုင်စေရန် အဆင့်မြှင့် ရေကြောင်းနှင့် လေကြောင်းနည်း ပညာများဖြင့် သုတေသနပြုနေပုံ

သည့် ဥပဒေကို ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၆ ရက် နေ့တွင် ပြည်သူလွှတ်တော် ဥပဒေအမှတ် "၇" အဖြစ် နိုင်ငံတော်ကောင်စီမှ ထုတ်ပြန်ခဲ့သည်။

ယခုအခါတွင် မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံခြားသင်္ဘောများကို လူမပါ သင်္ဘောချည်းသက်သက် စင်းလုံးငှားရမ်း နိုင်ငံခြားကုမ္ပဏီများသို့ တစ်ဖန်ပြန်၍ စင်းလုံးငှားခြင်းများ ပြုလုပ်လျက် ရှိပေသည်။

ရေကြောင်းအာမခံ

အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေးတွင် အရေးပါသော ကဏ္ဍတစ်ရပ်မှာ ရေကြောင်း အာမခံလုပ်ငန်း ဖြစ်သည်။ ရေကြောင်း သွားလာ ရေးသည် ဘေးအန္တရာယ် များပြားလှသော လုပ်ငန်း ဖြစ်ပေရာ ရေကြောင်း အာမခံလုပ်ငန်းသာ မရှိလျှင် အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေးသည် တိုးတက်သင့်သလောက် တိုးတက်မည် မဟုတ်ပေ။ မျက်မှောက်ခေတ် ရေကြောင်း အာမခံလုပ်ငန်းသည် အင်္ဂလန်နိုင်ငံတွင် ၁၇ ရာစုဌ အက်ဒဝပ် လွိုက်စ် ဆိုသူ၏ ကော်ဖီဆိုင်မှ စတင်ခဲ့သည်။

ရေကြောင်းအာမခံလုပ်ငန်းကို သင်္ဘောကိုယ်ထည်နှင့် စက်ပစ္စည်း အာမခံ အကာအကွယ်နှင့် လျော်ကြေးအာမခံ၊ ကုန်စည်အာမခံ၊ ကုန်တင်ခအာမခံနှင့် စစ်အန္တရာယ် အာမခံဟူ၍ အဓိကခွဲခြားနိုင်ပေသည်။ အာမခံထားသူက အာမခံသူအား သတ်မှတ်ထားသည့် ပရီမီယံကြေးများကို ပေးသွင်းရ၍ အာမခံထားသော အန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်လျှင် အာမခံသူက ပေးလျော်ရသည်။ ဤသည်မှာ ရေကြောင်း အာမခံ လုပ်ငန်း၏ ယေဘုယျသဘော ဖြစ်ပေသည်။

အနာဂတ်အလားအလာ

အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေးသည် အထက်တွင်တင်ပြခဲ့သည့်အတိုင်း ပင်လယ်သမုဒ္ဒရာပြင်ကဲ့သို့ အပြောကျယ်သောလုပ်ငန်းကြီးဖြစ်ပေသည်။ လူသောင်းပေါင်း များစွာတို့ကို အလုပ်အကိုင် ရရှိစေသဖြင့် လည်းကောင်း၊ သယ်ယူပို့ဆောင်ရာတွင် စရိတ်သက်သာသဖြင့်လည်းကောင်း စီးပွားရေးရှုထောင့်မှလည်း အရေးပါလှပေသည်။ အပြည်ပြည်ဆိုင်ရာ ရေကြောင်းပို့ဆောင်ရေးသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးပေါ်တွင် မူတည်နေသည်ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၏ နိမ့်မြင့် ပြောင်းလဲမှု များနှင့်အတူ စည်းချက်ညီညီ ပြောင်းလဲလျက် ရှိပေသည်။ လွန်ခဲ့သည့် နှစ်များအတွင်း ပင်လယ်ကွေ့ စစ်ပွဲနှင့် ကမ္ဘာ့ကုန်သွယ်မှု၏ ဂယက်များကြောင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်း ပို့ဆောင်ရေး ကျဆင်းခဲ့သော်လည်း ၁၉၈၈ ခုနှစ်မှစ၍ သံရိုင်း၊ ရေနံ၊ ကျောက်မီးသွေးနှင့် ကောက်ပဲသီးနှံတင်ပို့မှု အထူးသဖြင့် တရုတ်နှင့် ဆိုဗီယက်တို့မှ ကောက်ပဲသီးနှံ တင်ပို့မှုကြောင့် ကုန်တင်ခ နှုန်းထားများ တစ်စတစ်စ တိုးမြှင့်လာမှုကြောင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းသယ်ယူပို့ဆောင်ရေး ပြန်လည်ကောင်းမွန်လာရန် အရှိန်အဟုန် ရရှိနေပြီဖြစ်ပေသည်။

ဦးမောင်မောင်သိမ်း

(ကြယ်ငါးပွင့်)

အပိုင်း လေး

၁၉၁၈ ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၁၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာဖြစ်ရပ်များကို အဓိကထား၍ ရေးသားထားပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

ကနေဒါနိုင်ငံ။ ။ကနေဒါနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ခွင့် စာချုပ်တစ်ရပ်ကို ၁၉၇၇ ခုနှစ် အောက်တိုဘာလက အပြီးသတ် ရေးဆွဲခဲ့ပြီးနောက် ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ကနေဒါနိုင်ငံ အော့တဝါမြို့နှင့် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ပမ်းစပရင်းမြို့တို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ ၁၉၇၇ ခုနှစ်က နှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုးသည် ဒေါ်လာ သန်းပေါင်း ၁,၃၂,၅၀၀ ရှိ၍ ကမ္ဘာပေါ်တွင်အများဆုံးသော နှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုးဖြစ်သည်။ သို့ဖြစ်၍ အဆိုပါ ကုန်သွယ်ရေးစာချုပ်သည် ကနေဒါနိုင်ငံ၏အနာဂတ်အတွက် အရေးပါလှပေသည်။ ယင်းစာချုပ်အရ ကနေဒါနိုင်ငံ စျေးကွက်သို့ ဝင်လာသော အမေရိကန် ကုန်စည်များအပေါ် စည်းကြပ်သော ပျမ်းမျအကောက်ခွန်နှုန်းသည် ၂ ဒသမ ဂ ရာခိုင်နှုန်းဖြစ်သည်။ အမေရိကန်သွင်းကုန် ၆၅ ရာခိုင်နှုန်းကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်ပေသည်။ အမေရိကန်ပြည်ထောင်စုသို့ ဝင်လာသော ကုန်စည်များအပေါ် စည်းကြပ်သော ပျမ်းမျ အကောက်ခွန်နှုန်းသည် ၁ ဒသမ ၂ ရာခိုင်နှုန်းသာ ရှိပေသည်။ ကနေဒါသွင်းကုန် ၈၀ ရာခိုင်နှုန်းကို အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းနိုင်ပေသည်။ ထို့ကြောင့် ကနေဒါနိုင်ငံစားသုံးသူများသည် အမေရိကန်စားသုံးသူများထက်ပို၍ အကျိုးခံစားရမည်ဟု စီးပွားရေးပါရဂူတို့က သုံးသပ်သည်။ ယင်းစာချုပ်ကြောင့် အလုပ်အကိုင် ၂,၅၀,၀၀၀ ခန့် ပေါ်ထွက်လာနိုင်သည်။ တိုးတက် ကောင်းမွန်သော တောင်မြောက်ကုန်သွယ်ရေး အရပင်လျှင် ဆယ်နှစ်ကြာမျှ ဖန်တီးယူမှ ပေါ်ထွက်နိုင်မည့် အလုပ်အကိုင်ဦးရေဖြစ်ပေရာ ယင်းစာချုပ်သည် အထူးပင် နှစ်ခြိုက်ဖွယ်ရာ ဖြစ်နေပေသည်။

သို့ရာတွင် ယင်းစာချုပ်သည် ၁၉၈၈ ခုနှစ်အတွင်း ဝန်ကြီးချုပ် ဘရိုင်ယန်မာရွန်နီ၏ တိုးတက်သော ကွန်ဆာဗေးတစ်ပါတီနှင့် အဓိက အတိုက်အခံပါတီကြီးတို့အကြား အငြင်းပွားစရာ ဖြစ်နေခဲ့သည်။ အဓိက အတိုက်အခံပါတီကြီးနှစ်ရပ်မှာ လစ်ဗရယ်ပါတီနှင့် ဆိုရှယ်လစ် နယူး ဒီမိုကရက်တစ်ပါတီတို့ဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးကို စွန့်လွှတ်ခဲ့ရသည့် လစ်ဗရယ်ပါတီ ခေါင်းဆောင် ဂျွန်တန်းနားက ဝန်ကြီးချုပ်မာရွန်နီသည် ယင်းစာချုပ်ဖြင့် တိုင်းပြည်ကို အမေရိကန်ပြည်ထောင်စုထံ ရောင်းစားသည်ဟုတိုက်ခိုက် ပြောကြားခဲ့သည်။ မာရွန်နီက တိုင်းပြည် ချမ်းသာကြွယ်ဝရေးကို ဖော်ဆောင်မည့် စာချုပ်ဖြစ်သည်ဟု ခုခံပြောကြားသည်။ အာဏာရပါတီနှင့် အတိုက်အခံပါတီတို့အကြား အငြင်းပွားနေကြသည့် အခြားပြဿနာများလည်းရှိပေရာ ရေတပ်တွင် ဒေါ်လာသန်း ၈၀၀ တန် ရှုကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ တပ်ဆင်ရေးကိစ္စသည်လည်းကောင်း၊ အစိုးရအဖွဲ့အတွင်း ခြစားမှုများ၊ အဂတိ လိုက်စားမှုများကို တိုက်ဖျက်ရေးကိစ္စသည်လည်းကောင်း ယင်းကုန်သွယ်ရေးစာချုပ်ကိစ္စနှင့် နှိုင်းယှဉ်လျှင် အသေးအဖွဲပြဿနာ ဖြစ်ကုန်သည်ဟု ဆိုသည်။ ယင်းစာချုပ်ကြောင့် ကနေဒါနိုင်ငံက အမေရိကန်ပြည်ထောင်စုကို ကျေးဇူးရှင်အဖြစ် သဘောထားနေရလိမ့်မည်ဟု အတိုက်အခံခေါင်းဆောင်များကဝေဖန်သည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုအတားအဆီးများကို ၁၀ နှစ်အတွင်း ဖယ်ရှားရေးအတွက် ချုပ်ဆိုသော စာမျက်နှာ ၂၂၀ ပါရှိသည့်ယင်းစာချုပ်ကို အကာအကွယ်ပေးရမည်ဟု တိုးတက်သော ကွန်ဆာဗေးတစ်ပါတီက ကြေညာသည်။

မည်သို့ပင်ဖြစ်စေ အာဏာရ တိုးတက်သော ကွန်ဆာဗေးတစ်ပါတီသည် ပြင်သစ်စကားသုံးနှုန်းပြောဆိုသောကိုဗက်ပြည်နယ်အနေဖြင့်ကနေဒါနိုင်ငံ၏ ၁၉၈၂ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလက်ခံလာစေသည့် မိခ်ျလိပ်ခ်သဘောတူ စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်တို့ကြား တင်းမာမှု လျော့နည်းစေခဲ့သည်။ အနောက်အုပ်စုတွင် စီးပွားရေး ဖွံ့ဖြိုးမှု လျင်မြန်သော နိုင်ငံအဖြစ် ကနေဒါနိုင်ငံ၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် နှစ်စဉ် စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ရောက်ရှိလာလေရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအဖွဲ့ (အိုအီးစီဒီ) အဖွဲ့ဝင် ၂၄ နိုင်ငံတွင် အမြင့်မားဆုံးပင်ဖြစ်သည်။ ထိုသို့ စီးပွားရေးတစ်ဟုန်ထိုး ဖွံ့ဖြိုးနေသည်မှာ ခြောက်နှစ်ရှိပြီဖြစ်သည်။

ကနေဒါနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ဒုတိယသက်တမ်း တာဝန်ယူခွင့်ရရှိသော ဘရိုင်ယန် မာရွန်နီ



ဤသို့ နိုင်ငံရေးနှင့် စီးပွားရေး အောင်မြင်မှုတို့ကို ဖော်ဆောင်နိုင်သော တိုးတက်သောကွန်ဆာဗေးတစ်ပါတီသည် ၁၉၀၈ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့က ကျင်းပသော ရွေးကောက်ပွဲတွင် ပြန်လည်၍ အနိုင်ရရှိသည်။ အောက်လွှတ်တော်အမတ်နေရာ ၂၅၅ နေရာအနက် ၁၆၉ နေရာကို ရရှိပြီး အများစု အရေအတွက်ဖြင့် အစိုးရဖွဲ့စည်းခွင့် ရရှိခဲ့သည်။ ၁၉၀၄ ခုနှစ် ရွေးကောက်ပွဲတွင် တိုးတက်သောကွန်ဆာဗေးတစ်ပါတီက အမတ်နေရာ ၂၀၂ နေရာအနက် ၂၁၁ နေရာရရှိကာ အပြတ်အသတ်အနိုင်ရခဲ့သည်။ (စွယ်စုံကျမ်း နှစ်ချုပ် ၁၉၀၅–စာ၊ ၁၁၄—ရှု။) ဝန်ကြီးချုပ်အဖြစ် ဒုတိယသက်တမ်း တာဝန်ယူခွင့်ရရှိသော မာရွှန်နီက ကနေဒါနိုင်ငံ ပိုမိုသာယာဝပြောရေးကိုသာမက ကနေဒါပြည်သူအားလုံး အခွင့်အရေးနှင့် လုံခြုံမှု ပိုမိုရရှိစေမည်ဟု ကတိပြု ကြေညာခဲ့သည်။

ကီးဆင်းဂျား, ကွတ်ဂျော့ (ခရစ် ၁၉၀၄–၁၉၀၈) ။ ။ ပြည် ထောင် စု သမ္မတ ဂျာမနီနိုင်ငံ၏ ဝန်ကြီးချုပ် အဖြစ် ၁၉၆၆ ခုနှစ်မှ ၁၉၆၉ ခုနှစ်ထိ ဆောင် ရွက် ခဲ့ သော ကွတ်ဂျော့ ကီးဆင်းဂျားကို ၁၉၀၄ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ဗျူတင်ဗဲ့ပြည်နယ်အဲ့ဘင်ဂျင်မြို့၌မွေးဖွားခဲ့သည်။ ငယ်စဉ်က ဘာလင်မြို့တက္ကသိုလ်နှင့်တူဘင်ဂျင်မြို့တက္ကသိုလ်တို့၌ ပညာဆည်းပူးခဲ့သည်။

ကီးဆင်းဂျားသည် ၁၉၃၃ ခုနှစ်တွင် ဟစ်တလာ အာဏာရရှိပြီးနောက် ပေါ်ထွန်းလာသော နာဇီပါတီသို့ ဝင်ရောက်ခဲ့ဖူးသည်။ သို့ရာတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်းမရှိခဲ့။ ၁၉၃၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်ထိ ဘာလင်မြို့၌ ရှေနေအဖြစ် အသက်မွေးခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် အမျိုးသားဆိုရှယ်လစ်ဝါဒီ ရှေနေများအသင်းသို့ဝင်ရောက်ရန် ကမ်းလှမ်းခြင်းကို ငြင်းဆန်ခဲ့သည်။

ကီးဆင်းဂျားသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ရေဒီယို အသံလွှင့်ဌာနတွင် လက်ထောက်ဌာနခွဲမှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ကြောင့် စစ်ပြီးသောအခါ အမေရိကန်တပ်များက ကီးဆင်းဂျားကို အကျယ်ချုပ်ဖြင့်ထိန်းသိမ်းထားခဲ့သည်။ သို့သော် တစ်နှစ်ခွဲခန့်အကြာတွင် မဟာမိတ်တို့၏ ဂျာမန်နာဇီစနစ် ဖျက်သိမ်းရေးဆိုင်ရာ တရားရုံးက ကီးဆင်းဂျားသည် ပြစ်မှုကင်းရှင်းသည်ဟု ဆုံးဖြတ် ခဲ့ သည်။ သို့ဖြင့် အကျယ်ချုပ်မှ လွတ်မြောက်လာပြီးလျှင် တူဘင်ဂျင်မြို့၌ ရှေနေအဖြစ် အသက်မွေးပြန်သည်။

ကီးဆင်းဂျားသည် ကွန်းရက် အာဒင်နောဝါး (၁၈၇၆–၁၉၆၇)၏ ခရစ်ယာန်ဒီမိုကရက်တစ်သမဂ္ဂပါတီ (စီဒီယူ) သို့ ဝင်ရောက်သည်။ ၁၉၄၉ ခုနှစ်တွင် အသစ်ဖွဲ့စည်းသော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ၌ ရွေးချယ်တင်မြှောက်ခံရသည်။ ဘွန်းဒက်ရှတပ် (ပြည်ထောင်စု အောက်လွှတ်တော်) တွင် လွှတ်တော်အမတ်အဖြစ် ၁၉၅၁ ခုနှစ်ထိ ဆောင်ရွက်ခဲ့ပြီး နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကီးဆင်းဂျားသည် အာဒင်နောဝါး၏ အနောက်အုပ်စုလိုလားသော နိုင်ငံခြားရေးမူဝါဒနှင့် ရှေးရိုးဆန်သော ပြည်တွင်းရေးရာမူဝါဒကို ထောက်ခံခဲ့သည်။ ညွှန့်ပေါင်းအစိုးရအဖွဲ့အတွင်း ဆိုရှယ်ဒီမိုကရက်များ (အက်စ်ပီဒီ) ၏ နေရာတွင် ဖရီးဒီမိုကရက်များ (အက်ဖ်ဒီပီ)နှင့် အစားထိုးဖွဲ့စည်းလိုက်ခြင်းဖြင့် လက်ယာသို့ ပိုမိုယိမ်းသွားသည့် ဖြစ်ရပ်တွင် ကီးဆင်းဂျား၏ ရပ်တည်ချက်သည် အရေးပါခဲ့သည်ဟုဆိုသည်။

ကီးဆင်းဂျားသည် ၁၉၅၇ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ဘာဒင် ဗျူတင်ဗဲ့ပြည်နယ်ဆိုင်ရာ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၂–၆၃ ခုနှစ်မှစ၍ ဘွန်းဒက်စ်ရတ် (အထက်လွှတ်တော်)၏ သဘာပတိ ဖြစ်လာသည်။ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးချုပ် လုဒဝစ် အဲဟာဒ် (၁၈၉၇–၁၉၇၇)၏ တာဝန်ကို ဆက်ခံခဲ့သည်။ နာဇီပါတီဝင်ဖြစ်ခဲ့ဖူး၍ လူကြိုက်မများလှသော်လည်း စီဒီယူနှင့် အက်စ်ပီဒီ ညွှန့်ပေါင်းအစိုးရ အဖွဲ့ကို ဦးဆောင်ခွင့် ရရှိခဲ့ခြင်းပင်ဖြစ်သည်။

အာဒင်နောဝါးနှင့် အဲဟာဒ်တို့၏ အနောက်အုပ်စု လိုလားသော မူဝါဒများကို ဆက်လက် ကိုင်စွဲခဲ့သည့် ကီးဆင်းဂျားသည် တစ်ဘက်တွင်လည်း ဆိုဗီယက်အုပ်စုနှင့် တင်းမာမှုလျော့ပါးရေးကို အတိုင်းအတာ တစ်ခုထိ ဆောင်ရွက်နိုင်ခဲ့သည်။ ဂျာမန်သုံး မတ်ဇင့်ကို တန်ဖိုးတိုးမြှင့် သတ်မှတ်ရေးကိစ္စနှင့်စပ်လျဉ်း၍ အငြင်းပွားကာ



ကွတ်ဂျော့ ကီးဆင်းဂျား

ညွန့်ပေါင်းအစိုးရအဖွဲ့မှ အက်စ်ပီဒီတို့ နုတ်ထွက်သွားကြသဖြင့် ၁၉၆၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကိုးဆင်းဂျားလည်း ဝန်ကြီးချုပ် တာဝန်ကို ဆိုရှယ်ဒီမိုကရက်ဝါဒီ ဝီလီ ဘရန့် (၁၉၁၃–) အား လွှဲအပ်ခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၀–စာ၊၁၅၄ –– ရှု။) ကိုးဆင်းဂျားသည် စီဒီယူညွှန်ကြားအဖြစ် ၁၉၆၇ ခုနှစ်မှ ၁၉၇၁ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည်။

အရှေ့ဂျာမနီအပါအဝင် အရှေ့ဥရောပအုပ်စုဝင် နိုင်ငံတို့နှင့် ဆက်ဆံရေးပုံမှန်ပြုလုပ်ရန် တွန်းအား ပေး သည့် အောင်စ်ထပ်ပိုလစ်တစ် (အရှေ့နိုင်ငံရေး) မူဝါဒကို စတင် ပျိုးထောင်ခဲ့၍ ထင်ရှားသောအနောက်ဂျာမနီ နိုင်ငံရေး သုခမိန် ကွတ်ဂျော့ ကိုးဆင်းဂျားသည် ၁၉၇၀ ခုနှစ် မတ်လ ၉ ရက်နေ့တွင် တူဘင်ဂျင်မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

ကုလသမဂ္ဂ။ ။ ၎၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးကို ၁၉၇၀ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် စတင်ဖွင့်လှစ်ကျင်းပရာ ညီလာခံသဘာပတိအဖြစ် အာဂျင်တီးနားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒန်တီကာပျ့ုတိုအား ညီလာခံမှ ရွေးချယ်တင်မြှောက်ခဲ့သည်။

အတွင်းရေးမှူးချုပ်၏ နှစ်ပတ်လည် အစီရင်ခံစာ

ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းနှင့် ပတ်သက်၍ အထွေထွေညီလာခံသို့ တင်သွင်းသည့် နှစ်ပတ်လည် အစီရင်ခံစာ၌ အတွင်းရေးမှူးချုပ် မစ္စတာ ပဲရက်ဒေကွေးလျားက ကုလသမဂ္ဂအဖွဲ့ကြီးသည် မကြာသေးသော လများအတွင်းက ၎င်း၏ စွမ်းပကားနှင့် ထားရှိသော မျှော်လင့်ချက်များ မှန်ကန်ကောင်းမွန်ပုံကို ကမ္ဘာ့လူသားသန်းပေါင်းများစွာတို့အား အားရဖွယ် လုပ်ဆောင်ပြသခဲ့ကြောင်း၊ ပြဿနာများကိုဖြေရှင်းရာ၌ နိုင်ငံတကာနည်းဖြင့် ဖြေရှင်းခြင်းသည် အခြားနည်းလမ်းများဖြင့် ဖြေရှင်းခြင်းထက် ယုံကြည်စိတ်ချမှုကိုဖြစ်စေကြောင်း တင်ပြခဲ့သည်။

အထွေထွေညီလာခံ အစည်းအဝေး

၎၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ အစည်းအဝေး အစီအစဉ်၌ ကျယ်ပြန့်သော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ နိုင်ငံတကာ ပြဿနာများနှင့် ပတ်သက်သည့်အကြောင်းအရာ ၁၄၁ ခု ပါဝင်ခဲ့သည်။

အထွေထွေညီလာခံတွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ မူဝါဒရေးရာများ တင်ပြဆွေးနွေးကြသည့် အစီအစဉ်၌ နိုင်ငံအကြီးအကဲ ၁၂ ဦး၊ ဝန်ကြီးချုပ် ၁၂ ဦး၊ ဒုတိယဝန် ကြီး ချုပ် ၁၀ ဦး၊ နိုင် ငံ ခြား ရေး ဝန် ကြီး ၁၀၀၊ အမြဲတမ်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ၂၀၊ စုစုပေါင်း ၁၅၄ ဦးတို့ ပါ ဝင် ဆွေး နွေး ခဲ့ ကြ သည်။ ယင်း နိုင် ငံ ကိုယ်စားလှယ်များက မျက်မှောက်ကမ္ဘာ့ရေးရာ ပြဿနာများ ဖြေရှင်းရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ၎င်း၏ အထောက်အကူများ၏ ကြိုးပမ်းအားထုတ်မှုများကို အထူး ကျေနပ်အားရကြောင်း ထုတ်ဖော်ပြောကြား ခဲ့ကြသည်။

ယင်းအစီအစဉ်၌ မြန်မာနိုင်ငံမှ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦး မောင် မောင် ကြီး က ၁၉၇၀ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် မိန့်ခွန်းပြောကြားကာ မျက်မှောက် ကမ္ဘာ့ရေးရာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက်များကို ဆွေးနွေးတင်ပြခဲ့သည်။

ညီလာခံနေရာပြောင်းရွှေ့ကျင်းပခြင်း

ပါလက်စတိုင်းပြဿနာ ဆွေးနွေးရေး အစီအစဉ်–ပီအယ်အို ဥက္ကဋ္ဌ မစ္စတာ အာရဖတ်က ဂျရူးဆလမ်မြို့ကို မြို့တော်အဖြစ်ထား၍ လွတ်လပ်သော ပါလက်စတိုင်း နိုင်ငံ ထူထောင်ကြောင်း ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အယ်ဂျီးယားမြို့၌ကျင်းပသော ပါလက်စတိုင်း အမျိုးသား ကောင်စီ (ပီအင်စီ) အစည်းအဝေး၌ ကြေညာခဲ့သည်။ ထို့နောက် မစ္စတာ အာရဖတ်က ကုလသမဂ္ဂညီလာခံတွင် မိန့်ခွန်းပြောကြားရန် စီစဉ်ခဲ့ရာ မစ္စတာ အာရဖတ်အနေဖြင့် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်သို့ လာရောက်နိုင်ရေးအတွက် ပြည်ဝင်ခွင့် ဗီဇာထုတ်ပေးရန် အမေရိကန် နိုင် ငံ ခြား ရေး ဌာ နက နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ငြင်းပယ်ခဲ့သည်။ မစ္စတာ အာရဖတ်သည် အကြမ်းဖက်ဝါဒကို ခွင့်ပြုအားပေးသူ ဖြစ်သောကြောင့် ငြင်းပယ်ခြင်းဖြစ်ကြောင်း အမေရိကန် အရာရှိများက ပြောကြားခဲ့ကြသည်။ သို့သော် အာရပ်နိုင်ငံများက အမေရိကန်အစိုးရအနေဖြင့် ဤကိစ္စတွင် ၎င်း၏ ငြင်းဆန်မှုကို နှစ်ရက်အတွင်း ပြင်ဆင်ပြောင်းလဲခြင်း မပြုလျှင် ညီလာခံအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ပြောင်းရွှေ့ကျင်းပရန် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တောင်းဆိုခဲ့ကြသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အထွေထွေညီလာခံက အမေရိကန်အစိုးရအား ၂၄ နာရီ အချိန်ပေးသော်လည်း အပြောင်းအလဲမရှိသဖြင့်


ပါလက်စတိုင်းဆွေးနွေးပွဲကို နယူးယောက်မှ ကျိုနီဗာသို့ ပြောင်းရွှေ့ကာ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်မှ ၁၅ ရက်နေ့အတွင်း ကျင်းပရေးအတွက် အဆိုမူကြမ်းကို ဒီဇင်ဘာလ ၂ ရက်နေ့တွင် အထွေထွေညီလာခံက ထောက်ခံ ၁၅၄ မဲ၊ ကန့်ကွက် နှစ်မဲ (အစ္စရေးနှင့် အမေရိကန်) ဖြင့် သဘောတူဆုံးဖြတ်ပြီး ညီလာခံ အစည်းအဝေးကို ကျိုနီဗာမြို့ရှိ ကုလသမဂ္ဂ၏ ဥရောပ ဌာနချုပ်တွင် ဆက်လက်ကျင်းပခဲ့သည်။

ဤညီလာခံ အစည်းအဝေး၌ မစ္စတာ အာရဖတ်က ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မိန့်ခွန်းစကား ပြောကြားခဲ့သည်။ ယင်းသို့ပြောကြားရာ၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၂၄၂ နှင့် ၃၃၈ တို့ကို အခြေခံလျက် အချက်သုံးချက်ပါ ငြိမ်းချမ်းရေး ကမကထပြုမှုကို ဆောင်ရွက်ကြရေးနှင့် အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံအားလုံး ငြိမ်းချမ်းစွာနှင့် လုံခြုံစွာဖြင့် တည်ရှိခွင့်ရှိရေးကို တိုက်တွန်း တင်ပြခဲ့သည်။ မိမိသည် မည်သည့်ပုံစံမျိုးဖြင့်ဖြစ်စေ အကြမ်းဖက်မှု မှန်သမျှကို ဆန့်ကျင်ကြောင်းဖြင့်လည်း မစ္စတာ အာရဖတ်က ပြောကြားခဲ့သည်။

ထို့နောက် ဆက်လက်ပြုလုပ်သည့် ပါလက်စတိုင်းပြဿနာဆိုင်ရာ သုံးရက်ကြာ အခြေအတင် ဆွေးနွေးပွဲ၌ လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ တည်ထောင်ကြောင်း ကြေညာချက်ကို မြန်မာနိုင်ငံက ကြိုဆိုကြောင်း ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

အခြေအတင် ဆွေးနွေးပွဲအဆုံးတွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံတကာ ညီလာခံတစ်ရပ် ကျင်းပရန်ဆုံးဖြတ်ချက်ကို ထောက်ခံ ၁၃၈ မဲ၊ ကန့်ကွက် နှစ်မဲဖြင့် အတည်ပြုချမှတ်ခဲ့သည်။ ထို့အပြင် ညီလာခံက သီးခြားဆုံးဖြတ်ချက်တစ်ရပ်ကိုလည်း ထောက်ခံ ၁၀၄ မဲ၊ ကန့်ကွက် နှစ်မဲဖြင့် အတည်ပြုကာ ပါလက်စတိုင်း အမျိုးသား ကောင်စီ (ပီအင်စီ)က ပါလက်စတိုင်း

ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်းပြောမည့် ပီအယ်အို ဥက္ကဋ္ဌ ယာဆာ အာရဖတ်အား ပြည်ဝင်ခွင့်ပေးရန် အမေရိကန်ပြည်ထောင်စုက ငြင်းဆိုခဲ့ခြင်းနှင့် စပ်လျဉ်း၍ အထွေထွေညီလာခံက ဝမ်းနည်းကြောင်း ဆုံးဖြတ်ခဲ့စဉ်



နိုင်ငံတော် ထူထောင်ကြောင်း ကြေညာချက်ကို ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အသိအမှတ်ပြုလိုက်သည်။

လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

၄၃ ကြိမ်မြောက်ညီလာခံ၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲဝင်မဟုတ်သော ၁၀ နိုင်ငံအနက် ယခုနှစ်တွင် နှစ်နှစ်သက်တမ်း ပြည့်သည့် အာဂျင်တီးနား၊ အီတလီ၊ ဂျပန်၊ ပြည်ထောင်စုသမ္မတဂျာမနီနှင့် ဇမ္ဗီးယားနိုင်ငံများ၏နေရာတွင် ကနေဒါ၊ အီသီအိုးပီးယား၊ ကိုလုံးဗီးယား၊ မလေးရှားနှင့် ဖင်းလန်နိုင်ငံများကို ရွေးချယ်အစားထိုးခဲ့သည်။ အယ်ဂျီးရီးယား၊ ဗရာဇီး၊ နီပေါ၊ ဆီနီဂေါနှင့် ယူဂိုစလားဗီးယားနိုင်ငံတို့သည် အမြဲတမ်းမဟုတ်သော အဖွဲဝင်နိုင်ငံများအဖြစ် ဆက်လက် ပါဝင်တည်ရှိသွားကြမည် ဖြစ်သည်။

ပါလက်စတိုင်း အမျိုးသားများအား နှင်ထုတ်မှု ကိစ္စ – ပါလက်စတိုင်းအမျိုးသားများအား အစွရေးက လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် – ၆၀၇ ကို ဆန့်ကျင်ကာ နှင်ထုတ်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း ဖော်ပြပြီး ယင်းသို့နှင်ထုတ်နေမှုကို ရပ်သိမ်းပေးရန်နှင့် နှင်ထုတ်ခဲ့ပြီး သူများအား နေရပ်သို့ပြန်လာခွင့်ပြုရန် အစွရေးနိုင်ငံအား တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို လုံခြုံရေးကောင်စီက ထောက်ခံ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိဖြင့် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် **ချမှတ်ခဲ့သည်**။

တောင်ကိုရီးယား ခရီးသည်တင်လေယာဉ် ဖောက်ခွဲခံရမှု ကိစ္စ – ၁၉၈၇ ခုနှစ် နိုဝင်ဘာလတွင် ကိုရီးယားလေကြောင်းကုမ္ပဏီပိုင် ဂျက်လေယာဉ် တစ်စင်း တွင် မြောက်ကိုရီးယား "အထူးသူလျှို" နှစ်ဦးက အခွိန်ကိုက်ဗုံး တစ်လုံး ထည့်သွင်းပေးပြီး မြန်မာနိုင်ငံကမ်းရိုးတန်းအနီး ကောင်းကင်ယံ၌ ပေါက်ကွဲ ပျက်စီးစေခဲ့သည် ဟူသော စွပ်စွဲချက်များနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီက ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၁၆ နှင့် ၁၇ ရက်နေ့များတွင် စဉ်းစားဆွေးနွေးပြီး ယင်းသို့ ပြုမူလုပ်ဆောင်ခြင်းကို ရှုတ်ချကြောင်း ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့သည်။

လက်ဗန္ဓနအခြေအနေ – လက်ဗန္ဓနနိုင်ငံ တောင်ပိုင်းနှင့် အခြား သိမ်းပိုက်ခံ နယ်မြေများတွင် အကြမ်းဖက်မှုများ အဆက်မပြတ် ဖြစ်ပွားပေါ်ပေါက်နေခြင်းကို ၁၉၈၈ ခုနှစ် စောစောပိုင်းတွင် လုံခြုံရေးကောင်စီက စိုးရိမ်မကင်း ဖြစ်လျက်ရှိခဲ့ရာ လက်ဗန္ဓနနယ်မြေများအား အစွရေးနိုင်ငံက အကြိမ်ကြိမ် တိုက်ခိုက်ခြင်းနှင့် အရပ်သားပြည်သူများအား ဆန့်ကျင် ပြုလုပ်သည့် အခြား အပြု အမူနှင့် ဆောင်ရွက်ချက်များကို ပြင်းထန်စွာရှုတ်ချမည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို အမေရိကန်ပြည်ထောင်စုက ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဗီတိုအာဏာသုံး၍ ကန့်ကွက်ပယ်ချခဲ့သည်။ သိမ်းပိုက်ခံနယ်မြေများတွင် ဖြစ်ပေါ်နေသော အခြေအနေနှင့် ပတ်သက်သည့် အခြားဆုံးဖြတ်ချက်မူကြမ်းတစ်ခုမှာလည်း ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၏ ကန့်ကွက်မဲကြောင့် အလားတူအတည်မဖြစ်ခဲ့ပေ။

တောင်အာဖရိကနိုင်ငံအား အရေးယူရေးကိစ္စ – တောင်အာဖရိကနိုင်ငံသို့ ရေနံတင်ပို့ရောင်းချခြင်းနှင့် ယင်းနိုင်ငံက သံနှင့်သံမဏိများတင်သွင်းမှု အပါအဝင် ယင်းနိုင်ငံနှင့် ကုန်သွယ်ရေး မြှင့်တင်လုပ်ဆောင်မှုအားလုံးကို ရပ်စဲရေး ပါဝင်သည့် အပြစ်ပေးဒဏ်ခတ်မှုများကို ချမှတ်ပြုလုပ်ရန် အဆိုပြုသည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် မူကြမ်း တစ်ရပ်မှာ ၁၉၈၈ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့၏ ကန့်ကွက်မဲများကြောင့် အတည်ဖြစ်ခြင်း မရှိခဲ့ပေ။ ယင်းအဆိုမူကြမ်းကို ၁၀ နိုင်ငံက ထောက်ခံပြီး သုံးနိုင်ငံ (ပြည်ထောင်စု သမ္မတ ဂျာမနီ၊ ပြင်သစ်နှင့် စပိန်) တို့က ကြားနေခဲ့ကြသည်။

တောင်အာဖရိက လူငယ်ခြောက်ဦးအား သေဒဏ်ပေးခြင်း ကိစ္စ – တောင်အာဖရိကနိုင်ငံသား လူငယ်ခြောက်ဦးတို့အား တောင်အာဖရိက အစိုးရက သေဒဏ်စီရင် ချမှတ် လိုက်ခြင်းကို လျော့ပေါ့ပေးရန် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် – ၆၁၀ (၁၉၈၈) ကို ၁၉၈၈ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် တညီတညွတ်တည်း အတည်ပြုချမှတ်ခဲ့သည်။ ယင်းစီရင်ချက်အရ ကွပ်မျက်မှုများကို မတ်လ ၁၈ ရက်နေ့တွင် ဆောင်ရွက်ရန်သတ်မှတ်ထားသော်လည်း တောင်အာဖရိက တရားရုံးတစ်ရုံးက ကွပ်မျက်မှုကို တစ်လခွဲဆိုင်းရန်ခွင့်ပြုလိုက်သည်။

အီရန်–အီရတ်စစ်ပွဲ – ယင်းစစ်ပွဲတွင် နှစ်ဦး နှစ်ဘက်မှ ဓာတုလက်နက်များ သုံးစွဲတိုက်ခိုက်ကြောင်း အပြန်အလှန် စွပ်စွဲခဲ့ကြခြင်းများနှင့် ပတ်သက်၍ စုံစမ်း လေ့လာရန် အဖွဲဝင်နှစ်ဦးပါ အဖွဲတစ်ဖွဲကို ကုလသမဂ္ဂ ညွှန်ကြားရေးမှူးချုပ်က ၁၉၈၈ ခုနှစ် မတ်လအကုန်နှင့် မေလဆန်းတွင် ယင်းနိုင်ငံများသို့ စေလွှတ်ခဲ့သည်။ ထို့နောက် ဩဂုတ်လ ၂၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက အီရန် – အီရတ် ပင်လယ်ကွေ့စစ်ပွဲ၌ ဓာတုလက်နက်သုံးစွဲမှုကို တညီတညွတ်တည်း ပြစ်တင်ရှုတ်ချပြီး ယင်းလက်နက်များထပ်မံသုံးစွဲလျှင် သင့်လျော်ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် စဉ်းစား သုံးသပ်ရလိမ့်မည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့အပြင် ဓာတုလက်နက်များ ထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုပစ္စည်းများတင်ပို့မှု၊ အထူးသဖြင့် ပဋိပက္ခတွင် ပါဝင် ပတ်သက်သည့်

နိုင်ငံများသို့ တင်ပို့မှုနှင့်ပတ်သက်၍ တင်းကျပ်မှုများကို ပိုမိုခိုင်မာစေရန် ကျင့်သုံးလုပ်ဆောင်သင့်ကြောင်း လုံခြုံရေးကောင်စီက နိုင်ငံအားလုံးအား တိုက်တွန်းလိုက်သည်။ (ပါးရှင်း ပင်လယ်ကွေ့ စစ်ပွဲ ဆောင်းပါး — ရှု။)

အီရန်လေယာဉ်ပစ်ချမှု – ၁၉၈၈ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ စောစောပိုင်းတွင် ပင်လယ်ကွေ့ ဒေသ၌ အီရန်အဲယားဘတ်စ်အေ – ၃၀၀ အမျိုးအစား ခရီးသည်တင်လေယာဉ်တစ်စင်းသည် အမေရိကန် စစ်သင်္ဘောမှ ပစ်လွှတ်သော ဒုံးကျည်ထိမှန်၍ ဟော်မုဇ် ရေလက်ကြား၌ ပေါက်ကွဲပျက်စီးခဲ့ရသော ကိစ္စကို အီရန်နိုင်ငံက ဇူလိုင်လ ၅ ရက်နေ့တွင် ပြုလုပ်သော မေတ္တာရပ်ခံချက်အရ လုံခြုံရေးကောင်စီက စဉ်းစား ဆွေးနွေးပြီး ယင်းသို့ ပစ်ချခဲ့ခြင်းနှင့် စပ်လျဉ်း၍ အထူးစိတ်သောက ရောက်မိကြောင်း ဖော်ပြသည့်ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီက ဇူလိုင်လ ၂၀ ရက်နေ့တွင် တညီတညွတ်တည်း ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်တွင် ပါးရှင်းပင်လယ်ကွေ့ဆိုင်ရာ ကုလသမဂ္ဂ၏ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး အစီအစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော်ရန် တိုက်တွန်းလိုက်သည်။

နမီးဗီးယားပြဿနာ – အာဖရိကတိုက်တွင် နောက်ဆုံးကျန်ရှိနေသော ကိုလိုနီဖြစ်သည့် အနောက်တောင်အာဖရိက ခေါ် နမီးဗီးယားဒေသအား လွတ်လပ်ရေးပေးရေးနှင့်ပတ်သက်၍ လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက် အမှတ် ၃၈၅ (၁၉၇၆) နှင့် အမှတ် ၄၃၅ (၁၉၇၈) တို့ကို ယင်းဒေသအားသိမ်းပိုက်ထားသော တောင်အာဖရိကနိုင်ငံက လိုက်နာကျင့်ဆောင်ရန် ငြင်းဆန်နေခဲ့ပြီးနောက် အန်ဂိုလာနိုင်ငံ၊ ကျူးဗားနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က နမီးဗီးယားဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို ကွန်ဂိုနိုင်ငံဘရာဇာဗီးမြို့တော်၌ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ်အရ အန်ဂိုလာနိုင်ငံမှ ကျူးဗားတပ်မျှားကို ၂၇ လအတွင်း အပြီးရုပ်သိမ်းမည်ဖြစ်ပြီး လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၄၃၅ ကို အခြေပြု၍ နမီးဗီးယားအား လွတ်လပ်ခွင့်ပေးမည့် နွေရက်အဖြစ် ဧပြီလ ၁ ရက်နေ့ကို သတ်မှတ်လိုက်သည်။ ထို့နောက် ဆက်လက်၍ နမီးဗီးယားဒေသအား လွတ်လပ်ရေး ပေးရေးနှင့်ပတ်သက်သည့် အပြီးသတ် သဘောတူညီချက်ကို တောင်အာဖရိက၊ ကျူးဗားနှင့် အန်ဂိုလာနိုင်ငံတို့၏ နိုင်ငံခြားရေးဝန်ကြီးများက ကုလသမဂ္ဂဌာနချုပ်၌ လက်မှတ် ရေးထိုးခဲ့ကြရာ ယင်းအခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် ဆိုဗီယက် ဒုတိယ နိုင်ငံခြားရေးဝန်ကြီးတို့ တက်ရောက်ခဲ့ကြသည်။ အန်ဂိုလာမှ ကျူးဗားတပ်မျှား ရုပ်သိမ်းမှုကိုလေ့လာကြည့်ရှုမည့် ကုလသမဂ္ဂအကဲခတ်အဖွဲ့တည်ထောင်ရေးအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဒေကွေးလျာ၏ မေတ္တာရပ်ခံချက်ကို လုံခြုံရေးကောင်စီက တညီတညွတ်တည်း သဘောတူ အတည်ပြုလိုက်သည်။ ဤအကဲခတ်တပ်ဖွဲ့သည် အင်အား ၇၀ ရှိမည်ဖြစ်ပြီး လပေါင်း ၃၀ ကြာမည့် ကျူးဗားတပ်မျှားရုပ်သိမ်းမှုကို စောင့်ကြည့်အကဲခတ်မည်ဖြစ်သည်။

အထွေထွေညီလာခံ ဆုံးဖြတ်ချက်များ

အမေရိကတိုက်အလယ်ပိုင်း အခြေအနေ – အမေရိကတိုက်အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် မျှားတွင် ပြင်ပမှ ဝင်ရောက်စွက်ဖက်မှုမျှားအား ဆန့်ကျင်ကြောင်း ဆုံးဖြတ်ချက် တစ်ရပ်ကို ၄၃ ကြိမ်မြောက် အထွေထွေညီလာခံက အများသဘောတူ ချမှတ်ခဲ့သည်။ ဤသည်မှာ ၁၉၈၇ ခုနှစ် သြဂုတ်လ ၇ ရက်နေ့က ဂွာတီမာလာမြို့တော်၌ နိကရာဂွာ နိုင်ငံအပါအဝင် အမေရိကအလယ်ပိုင်းဒေသ ငါးနိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြပြီး အက်စ်ကွိပူးလပ်စ် (၂) ဟု အများကသိကြသော ငြိမ်းချမ်းရေး အစီအစဉ်အား ထောက်ခံသော အများသဘောတူ ဆုံးဖြတ်ချက်ကို အထွေထွေညီလာခံက ယခင်နှစ်ကကဲ့သို့ ချမှတ်လိုက်ခြင်းဖြစ်သည်။

ကမ်ပူးချား ပြဿနာ – ကမ်ပူးချားနိုင်ငံမှ ဗီယက်နမ်တပ်များရုပ်သိမ်းပေးရေး အဆိုမူကြမ်းကို အထွေထွေညီလာခံက ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ထောက်ခံ ၁၂၂ မဲ၊ ကန့်ကွက် ၁၉ မဲ၊ ကြားနေ ၁၃ မဲဖြင့် အတည်ပြုခဲ့သည်။ (ကမ်ပူးချား အခြေအနေ — ရှု။)

လက်နက်ဖျက်သိမ်းရေး

လက်နက်ဖျက်သိမ်းရေးညီလာခံ– နိုင်ငံ ၄၀ ပါဝင်သော ယင်းညီလာခံ၏ ၁၉၈၈ ခုနှစ်ဆိုင်ရာ ပထမပိုင်း အစည်းအဝေးကို ဂျီနီဗာမြို့တွင် ဖေဖော်ဝါရီလ ၂ ရက်နေ့မှ မေလ ၂၀ ရက်နေ့အထိ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ပေးပို့သည့် သဝဏ်လွှာ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ပဲရက် ဒေကွေးလျားက နိုင်ငံတကာအခြေအနေ တိုးတက်ကောင်းမွန်လာခြင်းနှင့် မဟာအင်အားကြီး နှစ်နိုင်ငံတို့က တာလတ်ပစ် ဒုံးပျံများဖျက်သိမ်းရန် (၁၉၈၇ ခုနှစ်) ဒီဇင်ဘာလတွင် သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းတို့သည် တွန်းအားသစ်မျှားနှင့် အခွင့်အလမ်းသစ်မျှားကို တိုးပွားလာစေကြောင်း၊ ထို့အပြင် ဓာတုလက်နက်မျှား ပိတ်ပင်ရေး ကိစ္စသည် ယခင်ကထက်ပို၍ အလားအလာ ကောင်းမွန်လာကြောင်း ပြောကြားလိုက်သည်။

အထက်ပါ ညီလာခံက ဓာတုလက်နက်များ ရေးရာ ရေဒါနည်းပညာလက်နက်များရေးရာ၊ ဘက်စုံလက်နက် ဖျက်သိမ်းရေးအစီအစဉ်ရေးရာ၊ အာကာသတွင် လက်နက် ပြိုင်ဆိုင်မှု ပိတ်ပင်တားဆီးရေး၊ အဏုမြူ လက်နက်မဲ့ နိုင်ငံများအပေါ် အဏုမြူလက်နက် အသုံးမပြုရေး၊ သို့မဟုတ် အသုံးပြုရန် ခြိမ်းခြောက်ခြင်း မခံရရေးအတွက် အပြည် ပြည်ဆိုင်ရာ အစီအစဉ်များ ပြုလုပ် ထားရှိရေးတို့နှင့် ပတ်သက်သော လုပ်ငန်းကော်မတီ ငါးရပ်ကို ပြန်လည် ဖွဲ့စည်း တည်ထားခဲ့သည်။

ဤအတောအတွင်း ဓာတုလက်နက်များ တီထွင် ထုတ်လုပ်ခြင်း၊ စုဆောင်းသိုလှောင်ခြင်းနှင့် ဖျက်သိမ်းရေး အတွက် သဘောတူစာချုပ်မူကြမ်း ရေးဆွဲပြုစုနေသော ကိစ္စတွင် ကောင်းမွန်ထင်ရှားသော ရလဒ်များ ဖြစ်ထွန်း လာကြောင်း ဓာတုလက်နက်များ ဆိုင်ရာ လုပ်ငန်း ကော်မတီက အစီရင်ခံတင်ပြခဲ့သည်။ ယင်းညီလာခံ၏ ဒုတိယပိုင်း အစည်းအဝေးကို ၁၉၇၈ ခုနှစ် ဇူလိုင်လ ၇ ရက်မှ စက်တင်ဘာလ ၂၀ ရက်နေ့အထိ ကျင်းပခဲ့သည်။

ကုလသမဂ္ဂ၏ တတိယအကြိမ် လက်နက်ဖျက်သိမ်းရေး အထူးညီလာခံ– ဤညီလာခံကို ၁၉၇၈ ခုနှစ် မေလ ၃၁ ရက်နေ့မှ ဇွန်လ ၂၆ ရက်နေ့အထိ ကျင်းပခဲ့သည်။ အစည်းအဝေးက ၁၉၇၈ ခုနှစ် ကုလသမဂ္ဂလက်နက်ဖျက် သိမ်းရေး ကြေညာချက်ကို ပြန်လည်ရေးသားရန် ကြိုးစား ခဲ့သည်။ နျူကလီးယားနှင့် သမားရိုးကျ လက်နက်များ ဖျက်သိမ်းရေးမှအစ လက်နက်ဖျက်သိမ်းမှု စိစစ်ရေးနှင့် အချင်းချင်း ယုံကြည်စိတ်ချမှု တိုးပွားရေး စီမံချက်များ အထိ ညီလာခံက ဆွေးနွေးခဲ့သော်လည်း နောက်ဆုံး၌ အဆိုပြုချက်အချို့နှင့် ပတ်သက်၍ သဘောတူညီမှု မရရှိ သဖြင့် ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ချမှတ်နိုင်ခြင်း မရှိဘဲ ပြီးဆုံးသွားခဲ့သည်။

အထွေထွေညီလာခံဆုံးဖြတ်ချက်များ– ၄၃ ကြိမ်မြောက် အထွေထွေညီလာခံက လက်နက်ဖျက်သိမ်းရေးနှင့် လုံခြုံ ရေးဆိုင်ရာ ဆုံးဖြတ်ချက်ပေါင်း ၇၀ ကို ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှ ၉ ရက်နေ့များ အတွင်း ချမှတ်ခဲ့ သည်။ ယင်းတို့တွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အခိုင်အမာ တည်ဆောက်ရေး၊ မဟာဗျူဟာ လက်နက် များ ၅၀ ရာခိုင်နှုန်း လျှော့ချရေး၊ အာကာသတွင် လက်နက်ပြိုင်ဆိုင်မှု ပိတ်ပင်ရေး၊ ဓာတုနှင့်ပိုးမွှားလက်နက် များ ပိတ်ပင်တားမြစ်ရေး၊ လူများ အစုလိုက် အပြုံလိုက် သေစေနိုင်သော လက်နက်သစ်များ တီထွင်ထုတ်လုပ်မှု တားမြစ်ရေးတို့နှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ ပါဝင်သည်။

ငြိမ်းချမ်းရေးနိုဗယ်ဆု

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၉ ရက် နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဟာဗီးယားပဲရက်ဒေကွေး လျားက ကုလသမဂ္ဂအဖွဲ့ကြီး၏ ငြိမ်းချမ်းမှု ထိန်းသိမ်း ရေး တပ်ဖွဲ့များသည် ငြိမ်းချမ်းရေးနိုဗယ်ဆု ချီးမြှင့်ခံရ ကြောင်း ၄၃ ကြိမ်မြောက် အထွေထွေ ညီလာခံအား အသိပေး ပြောကြားခဲ့သည်။ ထို့နောက် အတွင်းရေးမှူး ချုပ်သည် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် နော်ဝေးနိုင်ငံ အော်စလိုမြို့၌ ကျင်းပသော ထိုဆုချီးမြှင့်ပွဲ အခမ်းအနား သို့တက်ရောက်၍ ဆုကို လက်ခံယူခဲ့သည်။ (ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့—ရှု။)

စတင် တည်ထောင်သည့် အချိန်မှ ယနေ့အထိ ကုလ သမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များတွင် လူပေါင်း ၅,၀၀,၀၀၀ နီးပါး ပါဝင်ထမ်းဆောင်ခဲ့ရာ ၎င်းအနက် ၅၃၃ ဦးမျှ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အသက်ပေးလှူ ကြရသည်။ အနာဂတ်တွင် ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး တပ်ဖွဲ့များကို အာဖဂန်စတန်နိုင်ငံ၊ နမီး ဗီးယားနှင့် အနောက်ဆာဟာရ ဒေသများသို့ စေလွှတ်ရ မည့် အစီအစဉ်များရှိသည်။

သိပ္ပံနှင့် ငြိမ်းချမ်းရေးသိတင်းပတ် ကျင်းပရေး

၄၃ ကြိမ်မြောက် အထွေထွေညီလာခံ၏ အထူးနိုင်ငံ ရေးကော်မတီက နိုင်ငံတကာ သိပ္ပံနှင့် ငြိမ်းချမ်းရေး သိတင်းပတ်များ သတ်မှတ်ကျင်းပရန် ဆုံးဖြတ်ချက်ကို နိုဝင်ဘာလ ဂ ရက်နေ့တွင် အတည်ပြုခဲ့သည်။ နှစ်စဉ် နိုဝင်ဘာလ ၁၁ ရက်နေ့နှင့် တိုက်ဆိုင်ပြီး ၎င်းသိတင်းပတ် များ ကျင်းပရန် အဆိုပြုခဲ့သည်။

ကုလသမဂ္ဂ ဘဏ္ဍာရေးအခြေအနေ

ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့များ မရှိမဖြစ်လိုအပ် ချက်သည် ဥရောပအကျပ်အတည်းနှင့် ကြုံတွေ့နေရသော ကုလသမဂ္ဂ အဖွဲ့ကြီးအား ဒေဝါလီ ခံရမည့် အခြေသို့ ရောက်သွားစေနိုင်ကြောင်း အတွင်းရေးမှူးချုပ် မစ္စတာ ဒေကွေးလျားက "ကုလသမဂ္ဂ၏ မျက်မှောက်ဥရောပ အကျပ်အတည်း" ဟု ခေါင်းစဉ်တပ်ထားသော ၎င်း၏ အစီရင်ခံစာတွင် ဖော်ပြပြီး ကုလသမဂ္ဂသည် ၁၉၈၉ ခုနှစ် တွင် ပုံမှန်ဘတ်ဂျက် ဒေါ်လာ ၇၇၉ ဒသမ ၃ သန်း ရရှိ မည်ဖြစ်ပြီး ကုန်ကျငွေဒေါ်လာ ၈၀၃ ဒသမ ၉ သန်း ရှိမည်ဖြစ်ရာ နှစ်ကုန်တွင် ဒေါ်လာ ၂၄ ဒသမ ၆ သန်း အရှုံးပေါ် မည်ဖြစ်ကြောင်း တင်ပြလိုက်သည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ၁၉၈၇ ခုနှစ်ဘတ်ဂျက် အတွက် ပေးသွင်းခြင်းမရှိသေးသည့် ရန်ပုံငွေများနှင့်

ယခင်နှစ်များအတွက် ပေးသွင်းခြင်း မပြုသေးသော ရန်ပုံငွေ ဒေါ်လာ ၃၄၀ ဒသမ ၉ သန်း အပါအဝင် ပေးသွင်းခြင်း မပြုသေးသည့် ရန်ပုံငွေ စုစုပေါင်းမှာ ဒေါ်လာ ၉၃၈ ဒသမ ၅ သန်းရှိသည်ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ထုတ်ဖော် ပြောကြားခဲ့သည်။

၄၃ ကြိမ်မြောက် အထွေထွေညီလာခံက ကုလသမဂ္ဂ ရသုံးမှန်းခြေ ဘတ်ဂျက် ငွေစာရင်းကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အတည်ပြုခဲ့သည်။ ယင်း ငွေစာရင်းအရ ကုလသမဂ္ဂသည် ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၁ ခုနှစ်အတွက် အသုံးစရိတ်ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံ ရှိမည်ဖြစ်ပြီး ၁၉၈၈—၉၉ ခုနှစ် အတွက် ပြုပြင်ပြီး အသုံးစရိတ်အောက် ဒေါ်လာ ၂၂ သန်း လျော့နည်းမည် ဖြစ်သည်။

ညီလာခံရပ်နားခြင်း

အထက်ပါ ဘတ်ဂျက် ငွေစာရင်းကို အတည်ပြုပြီးနောက် ၄၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ရပ်နားလိုက်သည်။

တက္ကသိုလ်သက်ပန်

ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့။ ။ ကမ္ဘာတစ်ဝန်းတွင် ဒေသဆိုင်ရာ ပဋိပက္ခများ အကြား အနှောင့်အယှက်ထူပြောလှသော တာဝန်ကို နှစ်ပေါင်း ၄၀ ကြာမျှ ထမ်းဆောင်ခဲ့မှုအတွက် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့သည် ၁၉၈၈ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်ဆု ကြီးကို ဆွတ်ခူးရရှိခဲ့သည်။ (နိုဗယ်ဆု—ရှု။) ငြိမ်းချမ်းရေးနိုဗယ်ဆုချီးမြှင့်ရန် လျာထားသော လူ ၇၄ ဦးနှင့် အဖွဲ့အစည်း ၂၃ ဖွဲ့ထဲမှ ရွေးချယ်ခံရခြင်းဖြစ်သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဟာဗီးယား ပဲရက် ဒေကွေးလျား၊ ဖိလစ်ပိုင်သမ္မတ မစွက် ကိုရဇွန် အက်ဂီနို၊ နော်ဝေး ဝန်ကြီးချုပ် ဂရို ဟာလစ် ဘရန်တလန်း၊ တောင် အာဖရိက အသားအရောင် ခွဲခြားရေးဝါဒ ဆန့်ကျင်ရေး ခေါင်းဆောင် နယ်လဆင် မန်ဒဲလား၊ အစ္စရေးနိုင်ငံ၏ ရှုကလီးယားစွမ်းပကားဆိုင်ရာ အသေးစိတ် အချက်အလက်များကို ဖွင့်ချခဲ့၍ နိုင်ငံတော် သစ္စာဖောက်မှုဖြင့် ထောင်ဒဏ်ကျခံရသူ မော်ဒီချေး ဗာနူးနူး၊ နိုင်ငံတကာ ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အိုင် အက်ဖ်အေ) ဥက္ကဋ္ဌ ဗရာဇီးအမျိုးသား ဂျိုး ဟာဗလန်းဂေး၊ သေဒဏ်ကို ပယ်ဖျက်ရန် တောင်းဆိုလှုပ်ရှားသည့် ဘုန်းတော်ကြီး ဂျိုးဇက် အင်ဂလီ၊ ဗြိတိသျှ အသံလွှင့် ကော်ပိုရေးရှင်း (ဘီဘီစီ)၊ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ချုပ် (ဒဗလျူအိုပ်ချ်အို) စသည့် လျာထားချက်များကို ကျော်ဖြတ်၍ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့က ရွေးချယ်ခံရခြင်းဖြစ်သည်။

တပ်ဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့စည်းထားသော စစ်သား ၁၀,၀၀၀ နီးပါးသည် ကမ္ဘာ့အရေးကိစ္စ ပြဿနာအရပ်ရပ်တွင် ဒိုင်ခံဖြေရှင်းရာ၌ အရေးပါသည့် ကုလသမဂ္ဂကို ယုံကြည်အားထားမှုရှိလာစေရန်ဆောင်ရွက်ပေးခဲ့သည်ဟု နော်ဝေးနိုင်ငံနိုဗယ်ကော်မတီက ကြေညာခဲ့သည်။ယင်းတပ်ဖွဲ့ဝင်များသည် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်ဟူသော ကမ္ဘာ့သန္ဓိဋ္ဌာန်ကို ပြဿခဲ့ပြီး ထိုသို့ ပြဿခြင်းဖြင့်ပင် စစ်မှန်သော ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဖြေရှင်းမှုများကို ဦးတည်နိုင်စေရန် အကျိုးဆောင်ခဲ့သည်ဟုလည်း ကြေညာခဲ့သည်။

နိုင်ငံများအကြား ရန်လိုမှု ရပ်စဲသွားစေရန်လည်းကောင်း၊ပြန်လည်ဖြစ်ပွားခြင်းမရှိစေရေးအတွက် တားမြစ်သည့် အနေဖြင့်လည်းကောင်း၊အခြေအနေများ ပြန်လည်ကောင်းမွန် လာစေရန် လည်းကောင်း ဆောင်ကြဉ်းပေးရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (တစ်ခါတစ်ရံ ထူးခြားသောခြေလှမ်းအဖြစ် အထွေထွေ ညီလာခံ)သည် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများဟု သတ်မှတ်သည့် အရေးယူမှုများကို သက်ဆိုင်ရာ နိုင်ငံများ၏ သဘောတူခွင့်ပြုချက်ဖြင့် အမိန့်ထုတ်ပြန်သည်။ ဤကဲ့သို့ အရေးယူဆောင်ရွက်မှုမျိုး နှစ်မျိုး နှစ်စားရှိသည်။ တစ်မျိုးမှာ ကုလသမဂ္ဂစစ်ဘက်ဆိုင်ရာ အကဲခတ် မစ်ရှင်များဖြစ်ပြီး ကျန်တစ်မျိုးသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များဖြစ်သည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် အဖွဲ့ဝင်နိုင်ငံများမှ စေလွှတ်သည့် လက်နက်ကိုင် တပ်ဖွဲ့များပါဝင်သည်။ ယင်းတပ်ဖွဲ့များ ဆောင်ရွက်ရသည့်လုပ်ငန်းအမျိုးအစားသည် တိုက်ခိုက်မှုများ ထပ်မံ မဖြစ်ပွားစေရန် ဟန့်တားပေးခြင်း၊ တရားဥပဒေနှင့် ငြိမ်ဝပ်ပိပြားရေး ပြန်လည်ချမှတ်ထိန်းသိမ်းပေးခြင်းနှင့်ပုံမှန်အခြေအနေမျိုး ပြန်လည်ရရှိစေရန် ဆောင်ကြဉ်းပေးခြင်းတို့ ဖြစ်သည်။ ဤသည်ကို ရှေးရှုလျက် စေ့စပ်ခြင်း၊ ဖျောင်းဖျခြင်း၊ အချက်အလက်ရှာဖွေခြင်းတို့ကို လိုအပ်သလို ပြုလုပ်သွားရန် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်အား အာဏာလွှဲအပ်ထားသည်။ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်များသည် ဆန့်ကျင်ဘက် အုပ်စုတို့အကြား ကင်းစောင့် လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ကြားဖြတ် ဖျန်ဖြေခြင်းလုပ်ငန်းများကို ပြုလုပ်သည်။ သာမန်အားဖြင့်မူ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များသည် အင်အားကို မလွှဲမရှောင်သာမှ

သာလျှင် ကာကွယ်ခုခံရန်အတွက် အသုံးပြုနိုင်လေသည်။ သို့ရာတွင် ငြိမ်းချမ်းရေးတပ်ဖွဲ့များသည် ဘက်မလိုက်မှုကို အခြိန်ပြည့် အပြည့်အဝကျင့်သုံးပြီး ဆန့်ကျင်ဘက် အုပ်စုများ၏ တောင်းဆိုချက်များနှင့် ရပ်တည်ချက်များကို ထိခိုက်မည့် အပြုအမူများကို လုံးဝ ရှောင်ကြဉ်ကြရသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည် စတင် ဖွဲ့စည်း ပြီးချိန်မှစ၍ အရှေ့အလယ်ပိုင်း ပြဿနာများနှင့် ပတ်သက်ခဲ့သည်။ ၁၉၄၇ ခုနှစ် နိုဝင်ဘာလအတွင်းက ပါလက်စတိုင်းဒေသကို နှစ်ပိုင်းခွဲရန်ဟူသော စီမံကိန်းကို အတည်ပြုလိုက်ပြီးနောက် ၁၉၄၈ ခုနှစ် မေလတွင် အစ္စရေးနိုင်ငံကို တည်ထောင်ခဲ့ရာမှ အာရပ်–အစ္စရေး စစ်ပွဲဖြစ်ပွားခဲ့သည်။ လုံခြုံရေးကောင်စီ၏ စစ်ရပ်စဲရေးတောင်းဆိုချက်အရ ကုလသမဂ္ဂ စစ်ရပ်စဲရေး ကြီးကြပ်မှုအဖွဲ့ (ယူအင်တီအက်စ်အို)၏ ဆောင်ရွက်ကွပ်ကဲမှုဖြင့် စစ်ပွဲကို ရပ်စဲနိုင်ခဲ့သည်။ ဂျရူးဆလမ်မြို့ရှိ ယူအင်တီအက်စ်အိုသည်ပထမဆုံးဖွဲ့စည်းသော ကုလသမဂ္ဂတပ်ဖွဲ့ဖြစ်သည်။ အခြားတပ်ဖွဲ့နှစ်ဖွဲ့သည်လည်း အစ္စရေးနိုင်ငံ၏ နယ်စပ်ဒေသများတွင် ယနေ့တိုင် တာဝန်ထမ်း ဆောင်လျက် ရှိပေသည်။ ယင်း တပ်ဖွဲ့နှစ်ဖွဲ့တွင် အင်အား ၅,၀၀၀ ရှိ လက်ဗန္ဓနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကြားခံတပ်ဖွဲ့ (ယူနီဖီး) လည်းပါဝင်သည်။ ယူနီဖီးသည် ၁၉၇၈ ခုနှစ် နောက်ပိုင်းတွင် တပ်ဖွဲ့ဝင် ၂၀၀ ခန့်တာဝန်ထမ်းဆောင်ရင်း အသက် ပေးလှူခဲ့ကြရပြီး ဖြစ်သည်။

ဂျမူးနှင့် ကက်ရှမီးယားဒေသတို့ပါဝင်သည့် ယခင် ပြိတိသျှ အိန္ဒိယပိုင်ပြည်နယ်ကို အပိုင်းနှစ်ပိုင်းခွဲခြားရေး စီမံကိန်းနှင့် ၁၉၄၇ ခုနှစ် အိန္ဒိယနိုင်ငံ လွတ်လပ်ရေး အက်ဥပဒေတို့အရ အိမ်နီးချင်း နိုင်ငံများ ဖြစ်ကြသည့် အိန္ဒိယနှင့်သော်လည်းကောင်း ပါကစ္စတန်နှင့်သော်လည်းကောင်း၊ ယင်းပြည်နယ်သည် ပူးပေါင်းပိုင်ခွင့်ရရှိခဲ့သည်။ ယင်းပြည်နယ်၏မဟာ ရာဇာက အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းရန် မေတ္တာရပ်ခံလာသည်ကို အိန္ဒိယနိုင်ငံက လက်ခံလိုက်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလတွင် တိုင်းတစ်ပါး လူမျိုးစုများ ကက်ရှမီးယားဒေသအတွင်းသို့ ချဉ်းနင်းဝင်ရောက်နေသဖြင့် တိုက်ပွဲများကျယ်ပြန့်စွာဖြစ်နေကြောင်း အိန္ဒိယနိုင်ငံက တိုင်ချက် ဖွင့်လိုက်သောကြောင့် ယင်း ကက်ရှမီးယားပြဿနာသည် လုံခြုံရေးကောင်စီသို့ရောက်ရှိသည်။ ထိုသို့ ချဉ်းနင်းဝင်ရောက်ကြခြင်းကို ပါကစ္စတန်နိုင်ငံက ပါဝင်ထောက်ကူသည်ဟု အိန္ဒိယနိုင်ငံကစွပ်စွဲသည်။ အိန္ဒိယနိုင်ငံ၏ စွပ်စွဲချက်ကို ပါကစ္စတန်က ငြင်းဆိုလိုက်ပြီး ကက်ရှမီးယားဒေသ အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းခြင်းသည် တရားမဝင်ကြောင်းဖြင့် တိုင်တန်းလာပြန်သည်။ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အိန္ဒိယနှင့် ပါကစ္စတန် တို့သည် ကက်ရှမီးယားဒေသ၌ အပစ်အခတ်ရပ်စဲရေးကို လက်ခံသည်။ ထိုအချိန်မှစ၍ ယနေ့တိုင်ပင် အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ရန် ကုလသမဂ္ဂစစ်ဘက်ဆိုင်ရာ အကဲခတ်အဖွဲ့ ချထားလျက်ရှိသည်။

၁၉၅၆ ခုနှစ်တွင် အစ္စရေး၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့က အီဂျစ်နိုင်ငံကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ကြရာမှ ပေါ်ပေါက်လာခဲ့သည့် စူးအက်တူးမြောင်းအရေးအခင်းကို ကုလသမဂ္ဂက အပြေအလည် ဖြေရှင်းပေးရာတွင် အီဂျစ်နယ်မြေအတွင်း ငြိမ်းချမ်းရေး ထိန်းသိမ်းသွားရန်အတွက် ကုလသမဂ္ဂ အရေးပေါ် တပ်များကို ၁၉၅၇ ခုနှစ်အထိ ချထားပေးခဲ့သည်။

လက်ဗန္ဓနန် ဆီးရီးယားနယ်စပ်ဒေသတွင် မငြိမ်သက်မှုများ ပေါ်ပေါက်ခဲ့သည့် ၁၉၅၈ ခုနှစ်တွင် လက်နက်မောင်ခိုမှုများကို ရပ်စဲသွားစေရန် ကုလသမဂ္ဂ အကဲခတ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ခဲ့ရသည်။

ယခင်က ဗဲလ်ဂျီယမ်နိုင်ငံ၏ လက်အောက်ခံ ကိုလိုနီဖြစ်ခဲ့သော ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ (ယခု ဇိုင်ယာသမ္မတနိုင်ငံ)သည် ၁၉၆၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့တွင် လွတ်လပ်ရေး ရရှိခဲ့သည်။ မကြာမီ နိုင်ငံအတွင်း မငြိမ်သက်မှုများ ပေါ်ပေါက်ရာ ဗဲလ်ဂျီယမ် အစိုးရသည် ကွန်ဂိုအတွင်းရှိ ဥရောပတိုက်သားများနှင့် အနွယ်များကို ကာကွယ်ရန်နှင့် နေရာရွှေ့ပြောင်းပေးရန် ဟူသော အကြောင်းပြချက်ဖြင့် ကွန်ဂိုသို့ စစ်တပ်များ စေလွှတ်ခဲ့သည်။ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကွန်ဂိုအစိုးရက မိမိတို့နိုင်ငံ နယ်နိမိတ်အတွင်းသို့ ပြင်ပမှကျူးကျော်နေခြင်းကို ဟန့်တားပေးပါမည့် အကြောင်း ကုလသမဂ္ဂသို့ စစ်အထောက်အကူ တောင်းခံလာသည်။ နှစ်ရက်အကြာ ဘွင် လုံခြုံရေးကောင်စီက ဗဲလ်ဂျီယမ်တပ်များ ရုပ်သိမ်းပေးရန်တောင်းဆိုသည်။ အာရှနှင့် အာဖရိကရှိ ဘက်မလိုက်နိုင်ငံများ အပါအဝင် အဖွဲ့ဝင်နိုင်ငံများမှ ပို့လိုက်သော ကုလသမဂ္ဂ တပ်ဖွဲ့များသည် ၄၈ နာရီအတွင်း ရောက်ရှိခဲ့သည်။ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များကို ၁၉၆၄ ခုနှစ်အထိ ထားရှိခဲ့သည်။

နယူးဂင်းနီ နိုင်ငံအနောက်ပိုင်းဒေသတွင်လည်း အင်ဒိုနီးရှားနှင့် နယ်သာလန်နိုင်ငံတို့ အကြား ငြိမ်းချမ်းရေးသဘောတူစာချုပ်အရ ၁၉၆၂ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ ချထားခဲ့ရသည်။

ယေမင်နိုင်ငံ ပြည်တွင်းစစ်တွင် အာရပ်တပ်ဖွဲ့များ ထိပ်တိုက်မတွေ့ရအောင် ခွဲခြားရေးတွင် ၁၉၆၃ ခုနှစ်မှ ၁၉၆၄ ခုနှစ်ထိ ကုလသမဂ္ဂတပ်ဖွဲ့များကပင် တာဝန်ယူပေးခဲ့ရသည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းပူတပ်ဖွဲ့



ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ လက်ဗန္ဓနှိုင်းဦကင်းလှည့်စောင့်ကြပ်နေပုံ

ဂရိအနွယ်ဖွား စိုက်ပရပ်များနှင့် တူရကီအနွယ်ဖွား စိုက်ပရပ်များကြား ပြန်လည်တိုက်ခိုက်ခြင်းကို တားဆီးရန်နှင့် တရားဥပဒေစိုးမိုးရေးကို ကူညီရန်၊ သာမန်အခြေအနေများ ပြန်ရောက်ရေးအတွက် တိုးတက်လာအောင် ဆောင်ရွက်ရန်ဟူသော ညွှန်ကြားချက်ဖြင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့များသည် စိုက်ပရပ်နိုင်ငံတွင် ၁၉၆၄ ခုနှစ်မှစ၍ တပ်စွဲခဲ့သည်။ ၁၉၇၄ ခုနှစ် သြဂုတ်လမှအစပြု၍ ယင်းတပ်ဖွဲ့များသည် စိုက်ပရပ်အမျိုးသားကာကွယ်ရေးတပ်နှင့် တူရကီတပ်များကြား အပစ်အခတ်ရပ်စဲထားသည်ကို ကူညီထိန်းသိမ်းရန် ဟူသော တာဝန်ကိုပါ ထမ်းဆောင်ရသည်။ ၁၉၇၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် စိုက်ပရပ်ကျန်းပေါ်၌ စစ်တပ်က အာဏာ သိမ်းလိုက်ပြီးနောက် ယင်းတာဝန်သစ် ပေါ်လာရခြင်း ဖြစ်သည်။ စစ်တပ်က အာဏာ သိမ်းပြီးနောက် တူရကီတပ်များ စိုက်ပရပ်နိုင်ငံတွင်း ဝင်ရောက်လာကာ ကျန်း၏ မြောက်ဘက်ပိုင်းရှိ တူရကီအနွယ်ဖွား စိုက်ပရပ်များ နေထိုင်ရာ အရပ်ဒေသများကို သိမ်း ပိုက် ထား လိုက် ခြင်း ကြောင့် ဖြစ်သည်။ ထိုအချိန်မှစ၍ စိုက်ပရပ် ပြဿနာကို အကျေအလည် မဖြေရှင်းနိုင်သေးချေ။ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့များသည်လည်း နှစ်ဥ လုပ်ငန်းများဖြစ်သော အပစ်အခတ်ရပ်စဲရေးကို ကြီးကြပ်ကွပ်ကဲရန်နှင့် အပစ်အခတ်ရပ်စဲရေးလမ်းကြောင်းများအကြားရှိ ကြားခံဒေသကို ကွပ်ကဲရန် ဆောင်ရွက် နေကြရသည်။ မြောက်ပိုင်းရှိ ဂရိနွယ်ဖွား စိုက်ပရပ်တို့၏ လုံခြုံရေးနှင့် ပတ်သက်ဆက်နွယ်သော လုပ်ငန်းများကိုလည်းဆက်လက် ပြုလုပ်နေရသည်။

ကက်ရှမီးယားဒေသရှိအပစ်အခတ်ရပ်စဲရေးနယ်နိမိတ် တစ်လျှောက်၌ ၁၉၆၅ ခုနှစ် သြဂုတ်လ ၅ ရက်နေ့မှစ၍ အကြမ်းဖက်မှု အရေးအခင်းများ ပေါ်ပေါက်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ မေတ္တာရပ်ခံချက်အရ အထွေထွေအတွင်းရေးမှူးချုပ်က ကက်ရှမီးယားရှိ ကုလသမဂ္ဂစစ်ဘက်ဆိုင်ရာ အကဲခတ်အုပ်စုကို တိုးချဲ့လိုက်ပြီးနောက် အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံနယ်ခြားရှိ အပြည်ပြည်ဆိုင်ရာနယ်ခြားဒေသတွင် သီးသန့်အကဲခတ်အဖွဲ့တစ်ဖွဲ့ကို ထပ်မံနေရာချထားခဲ့ရသည်။

၁၉၇၃ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင်စူးအက်တူးမြောင်းဒေသမှ အီဂျစ်တပ်များနှင့် ဂိုလန်ကုန်းမြင့်မှ ဆီးရီးယားတပ်များက အစွမ်းစွမ်းဖြင့် တိုက်ခိုက်ခြင်းဖြင့် စစ်ဖြစ်ပွားခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဆုံးဖြတ်ချက် ၃၃၈ (၁၉၇၃) ကိုချမှတ်ကာ အပစ်အခတ် ရပ်စဲကြရန် တိုက်တွန်းသည်။ တစ်ဆက်တည်းမှာပင် မိမိအာဏာကို သုံးစွဲလျက် ကုလသမဂ္ဂ အရေးပေါ်တပ်များ အသစ် ချထားရန် ဆုံးဖြတ်သည်။ ယင်း တပ်ဖွဲ့ဝင်များသည် အီဂျစ်နှင့် အစွမ်းတပ်တို့အကြား ကြားခံ အင်အားစုအဖြစ်လည်းကောင်း၊ အကဲခတ်များအဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ဆန့်ကျင်ဘက်တပ်များကို ခွဲခြားထားခြင်းနှင့် တိုက်ခိုက်မှု ရပ်စဲရန် ထိန်းချုပ်ခြင်းကိုလည်း ပြုလုပ်သည်။ တိုက်ပွဲ ဖြစ်ပွားခဲ့သည့် ဇုန်များသို့ ကင်းလှည့်ခြင်းနှင့် လက်နက်နှင့် စစ်တပ်ကန့်သတ်ထားသည့် ဇုန်များကို စစ်ဆေးခြင်းတို့ကို တာဝန်ယူခဲ့သည်။ ထိုကာလတွင်ပင် အစွမ်း - ဆီးရီးယားနယ်ခြား၌ ပစ်ခတ်

မှုအရေးအခင်း ဆက်လက် ပေါ်ပေါက်သည်။ ကုလသမဂ္ဂဆိုင်ရာ စစ်မဖြစ်ပွားရေးတပ်ဖွဲ့ (အန်ဒေါ့ဖ်) ကို ဖွဲ့စည်း စေလွှတ်ခဲ့ရသည်။

အစ္စရေးနိုင်ငံ အတွင်းသို့ ပါလက်စတိုင်း အသေခံတပ်သားများ ဝင်ရောက်တိုက်ခိုက်သည်ကို လက်တုံ့ပြန်သောအားဖြင့် အစ္စရေးတပ်များလက်ဗန္ဓန်နိုင်ငံ တောင်ပိုင်းကို ဝင်ရောက် သိမ်းပိုက်သောကြောင့် ၁၉၇၈ ခုနှစ်မတ်လတွင် နောက်ထပ် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တစ်ခု ထူထောင်ခဲ့ရပြန်သည်။ အစ္စရေးတပ်များ ပြန်လည်ရုပ်သိမ်းသွားရေးနှင့် ထိုဒေသများအတွင်း လက်ဗန္ဓန်အစိုးရ သြဇာအာဏာ ပြန်လည် ထူထောင်ရေးတို့အတွက် ကုလသမဂ္ဂကြားခံတပ်ဖွဲ့တစ်ဖွဲ့က တာဝန်ယူပေးသည်။

၁၉၇၈ ခုနှစ် ဧပြီလတွင်လည်း အာဖဂန်စတန်နိုင်ငံမှ ဆိုဗီယက်တပ်များရုပ်သိမ်းမှုကို စောင့်ကြည့်ရန်နှင့် အာဖဂန်စတန် ငြိမ်းချမ်းရေးစာချုပ်လိုက်နာမှု အခြေအနေကို အကဲခတ်ရန် ကုလသမဂ္ဂတပ်ဖွဲ့များ စေလွှတ်ထားသည်။ (အာဖဂန်စတန်—ရှု။)

၁၉၇၈ ခုနှစ် ဩဂုတ်လတွင်လည်း အီရန်–အီရတ် စစ်ပွဲ၏ အပစ်အခတ်ရပ်စဲမှုကို စောင့်ကြည့်သည့် ကုလသမဂ္ဂဆိုင်ရာ အကဲခတ်ရေးအဖွဲ့ကို စေလွှတ်ထားပေသည်။ (ပါးရှင်းပင်လယ်ကွေ့စစ်ပွဲဆောင်းပါး—ရှု။)

ကုလသမဂ္ဂ အဖွဲ့ကြီး၏ ၄၃ နှစ်တာ သမိုင်းစဉ်တစ်လျှောက်တွင်အခြေအနေဆိုးတစ်ရပ်ကို စစ်မက်အသွင်သို့ ဖြစ်ပေါ် ပြောင်းလဲခြင်းမှ ဟန့်တားပေးရန်၊ ဆန့်ကျင်ဘက် အုပ်စုများအား လက်နက်မသုံးဘဲ ဆွေးနွေးမှုနည်းလမ်းများ အသုံးပြုရေးအတွက် ဖျောင်းဖျပေးရန်၊ အချင်းဖြစ်ပွားခဲ့သော် ငြိမ်းချမ်းရေးပြန်လည် ရရှိစေရေး သို့မဟုတ် အနည်းဆုံး အပစ်အခတ်ရပ်စဲရေး အတွက် အထောက်အကူပြုရန် ကြိမ်ဖန်များစွာ ဆောင်ရွက်ခဲ့ရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်များသည် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင် ခဲ့ရသည်ဖြစ်၍ ငြိမ်းချမ်းရေး နိုဗယ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခြင်းဖြစ်ပေသည်။

ကော်နန်, အန်ဒရေဖရက်ဒရစ် (ခရစ် ၁၈၉၀–၁၉၀၈) ။ ။နိုဗယ်ဆုရ ဆေးပညာရှင် အန်ဒရေ ဖရက်ဒရစ် ကော်နန်ကို ၁၈၉၀ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ မွေးဖွားသည်။ ငယ်စဉ်က ဘောလုံးချန်ပီယံလည်းဖြစ်သည့်ပြင် ခြေလျင်တောင်တက် အားကစားကိုလည်း အထူးပင် ဝါသနာထုံခဲ့သည်။ ပထမကမ္ဘာစစ်တွင် ပြင်သစ်စစ်သည်တစ်ဦးအဖြစ် ရှုပ်ရှုပ်ခွှဲခွဲ ပါဝင်ဆင်နွှဲခဲ့၍ သူရဲကောင်းမှတ်တမ်းဝင် ကြယ်သုံးပွင့်ဆု ချီးမြှင့်ခံရသည်။

ကော်နန်သည် ၁၉၃၀ ပြည့်နှစ်တွင် ပါရီတက္ကသိုလ်မှ ဆေးပညာဘွဲ့ဆွတ်ခူးပြီးနောက် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့ နေထိုင်သည်။ ကိုလံဘီယာတက္ကသိုလ် ဆေးကောလိပ်၌ စာပေပို့ချခဲ့သည်။ ဒစ်ကင်ဆန် ဒဗလျူ ရစ်ချတ် (၁၈၉၅ – ၁၉၇၃) နှင့် လက်တွဲ၍ အဆုတ်နှင့် နှလုံးဆိုင်ရာ ကုထုံးသုတေသနကို ပြုလုပ်သည်။ ကော်နန်သည် ၁၉၅၁ ခုနှစ်မှ ၁၉၆၈ ခုနှစ်ထိ ဆေးပညာပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၆၈ ခုနှစ်တွင် ဂုဏ်ထူးဆောင် ပါမောက္ခကြီး ဖြစ်လာသည်။

ကော်နန်သည် ဗာရနာ ဖေဘ့်စမန်း (၁၉၀၄ – ၁၉၇၉) တွေ့ရှိထားပြီးသောနည်းကို ပိုမိုပြည့်စုံစေရန် ရစ်ချတ်နှင့်အတူ လေ့လာဖြည့်ဆည်းနေစဉ် ရောဂါဖိစီးနေသော လူနှလုံး၏ သဘောသဘာဝကို လည်းကောင်း၊ အခြေခံကျသော ခန္ဓာကိုယ်ချုတ်ယှင်းဖာက်ပြန်မှုကို တိကျစွာရှာဖွေနိုင်သောနည်းကို လည်းကောင်း ထုတ်ဖော်ပေးနိုင်ခဲ့သည်။ ခုန်နေဆဲလူနှလုံး၏ အခန်းတစ်ခန်းထဲသို့ ချူပြွန်၏ တစ်ဘက်စွန်းကိုသွင်းကာ သွေးနမူနာထုတ်ယူ၍ ယင်းသွေးထဲ၌ အောက်ဆီဂျင်ပါဝင်မှု ပမာဏကို ကောက်ချက်ချနိုင်သည့် နည်းလမ်းကို တိုး တက် ကောင်း မွန် အောင် ဖြည့်ဆည်းပေးခဲ့ခြင်းပင် ဖြစ်သည်။

ကော်နန်သည် ၁၉၄၉ ခုနှစ်တွင် အမေရိကန် ပြည်သူ့ကျန်းမာရေးအဖွဲ့ချုပ်၏ လက်စကာ ဆေးပညာဆုကို ဆွတ်ခူးသည်။ ထို့ပြင် ရစ်ချတ်နှင့် ဖေဘ့်စမန်းတို့နှင့်အတူ ၁၉၅၆ ခုနှစ်တွင် ဆေးပညာနှင့် ဇီဝကမ္မဗေဒဆိုင်ရာ နိုဗယ်ဆုကိုရရှိသည်။

နှလုံးရောဂါကုထုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းခဲ့သည့် ပြင်သစ်နိုင်ငံဖွား အမေရိကန် ဆေးပညာရှင် အန်ဒရေ ဖရက်ဒရစ် ကော်နန်သည် ၁၉၇၈ ခုနှစ် မတ်လတွင်အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် ဂရိတ် ဘာရင်တန်မြို့၌ ကွယ်လွန်သည်။

ကိုရီးယားသမ္မတနိုင်ငံ။ ။ ကိုရီးယား သမ္မတနိုင်ငံသမ္မတသစ် နိုတေဝူးသည် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။ အဖွဲ့ဝင် ၂၅ ဦး ပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းရာ ရှစ်ဦးသည် သမ္မတ ချန်ဒူးဝှမ်၏ အစိုးရအဖွဲ့၌ ပါဝင်ခဲ့ဖူးသူများ ဖြစ်ကြသည်။ သမ္မတ နိုတေဝူး၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို အတိုက်အခံများက သပိတ်မှောက်ခဲ့ကြသည်။ သမ္မတ နိုတေဝူး၏ ရွေးကောက်ပွဲအောင်မြင်မှုကို အတည်မပြုလိုသော ဆန္ဒပြသူများနှင့် နိုတေဝူးကို ထောက်ခံသော ဆန္ဒပြသူများ

အငြင်းပွားကြရာမှ အကြိမ်ပေါင်းများစွာ ရုန်းရင်းဆန်ခတ်ဖြစ်ကြသည်။

အစိုးရအဖွဲ့သစ်သည် ရာဇဝတ်မှုကျူးလွန်သူ ၅,၅၃၄ ဦးနှင့် နိုင်ငံရေးပြစ်မှုကျူးလွန်သူ ၁,၇၀၀ ကို အပြစ်ဒဏ်လျှော့ပေါ့ခြင်း၊ ခံဝန်ချက်ဖြင့် လွှတ်ပေးခြင်း၊ နိုင်ငံသားအခွင့်အရေး အပြည့်အဝပြန်လည်ခံစားခွင့်ပြုခြင်း စသည့် ထောက်ထား ညှာတာခွင့်များ ပေးသည့် အမိန့်တစ်ရပ်ကို ကြေညာသည်။ ၁၉၇၀ ပြည့်နှစ်က ကွမ်ဂျူး မြို့တွင် ဖြစ်ပွားခဲ့သော အုံကြွမှုကို အစိုးရ၏ကိုင်တွယ်ဖြေရှင်းပုံနှင့် စပ်လျဉ်း၍ ပြည်သူအား၀န်ချတောင်းပန်သည့် ကြေညာချက်တစ်စောင်ကို တောင်ကိုရီးယားအစိုးရက ၁၉၇၈ ခုနှစ် ဧပြီလ ၁ ရက် နေ့ တွင် ထုတ် ပြန် သည်။ ယင်း အ ရေး အခင်း၌ ထိခိုက် သေဆုံးရသူများအတွက် လျော်ကြေး ပေးမည်ဟုလည်း ကမ်းလှမ်းသည်။ ၁၉၇၀ ပြည့်နှစ် မေလက အစိုးရကိုဆန့်ကျင်သော ကိုးရက်ကြာ အုံကြွမှုကို အစိုးရတပ်ဖွဲ့များက နှိမ်နင်းရာတွင် အနည်းဆုံး လူ ၁၉၁ ဦး သေဆုံးခဲ့သည်။

၁၉၇၈ ခုနှစ် ဧပြီလ ၂၆ ရက်နေ့တွင် ပါလီမန်ရွေးကောက်ပွဲကိုကျင်းပရာ နိုတေဝူး၏ဒီမိုကရက်တစ်တရားမျှတမှုပါတီ (ဒီကျေပို) သည် ကိုရီးယားသမ္မတ နိုင်ငံ၏ သမိုင်းစဉ် တစ်လျှောက်တွင် လွှတ်တော်၌နေရာ အများစုမရသည့်အဖြစ်ကို ပထမဆုံး အကြိမ်အဖြစ် ကြုံတွေ့ရသည်။ အာဏာရ ဒီမိုကရက်တစ် တရားမျှတမှု ပါတီက လွှတ်တော်၌ ၂၅၉ နေရာအနက် ၁၂၅ နေရာသာရရှိသည်။ ကင်ဒေးယုံ၏ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီ (ပီပီဒီ) က ၇၁ နေရာကိုလွှမ်းမိုးသည်။ ကင်ယန်းဆမ်၏ ပြန်လည် ပေါင်းစည်းရေး ဒီမိုကရက်တစ် ပါတီသည် ၅၉ နေရာကို အနိုင်ရသည်။ ရှေးရိုးစွဲဝါဒီကင်ဂျုံပီး၏ နယူးဒီမိုကရက်တစ် ရီပတ်ဗလစ်ကန် ပါတီပင်လျှင် ၃၅ နေရာရရှိ၍ မျှော်လင့်သည်ထက်ပို၍ အနိုင်ရရှိခြင်းဖြစ်သည်ဟုဆိုသည်။ အာဏာရ ဒီကျေပီပါတီသည် ဆောက်ခံမဲ ၃၃ ဒသမ ၆ ရာခိုင်နှုန်း သာရရှိရာ သမ္မတရွေးကောက်ပွဲတွင် နိုတေဝူး အနိုင်ရစဉ်က ၃၆ ဒသမ ၆ ရာခိုင်နှုန်းရရှိခဲ့သည်နှင့် နှိုင်းယှဉ်လျှင် ဆောက်ခံမှု လျော့ကျ သွားသည် ဟု ဆိုနိုင်ပေသည်။ ဤသို့ဖြင့် နိုင်ငံရေးအရ မရေရာမှုနှင့် ကြုံတွေ့ရသော ကြောင့် ဆိုးလ်စတော့ရှယ်ရာစျေးကွက်တွင် စတော့ရှယ်ယာတန်ဖိုးသည် ၂၅ ဒသမ ၉၇ မှတ်ကျဆင်း၍ ၆၁၈ ဒသမ ၇၃ သို့ ရောက်ရှိသွားသည်။ ယင်း စျေးကွက်၏ သမိုင်းတွင် တစ်နေ့တာအတွင်း အများဆုံး ကျဆင်းသွားသည့်ဖြစ်ရပ်ဟု မှတ်တမ်းတင်ရသည်။



သမ္မတဟောင်းချန်ဒူးဝှမ်၏ ညီဖြစ်သူ ချန်ကွန်းဟွမ် လုပ်ပိုင်ခွင့်အလွဲသုံးစားပြု၍ ဒေါ်လာ ၈ ဒသမ ၉ သန်း ဖိုး ကိုယ်ကျိုးရှာခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းကြောင့် အတိုက်အခံပါတီတို့ ထောက်ခံမှုတိုးတက်ရခြင်းဖြစ်သည်ဟု ဆိုသည်။ ယင်းဖြစ်ရပ်သည် ပါလီမန် ရွေးကောက်ပွဲ မကျင်းပမီ ရက်ပိုင်းအလိုတွင် ပေါ်ပေါက်ခဲ့ရာ သမ္မတ ဟောင်း ချန်ဒူးဝှမ်သည် လက်ရှိ နိုင်ငံရေး ပါတီ တာဝန် အရပ်ရပ်မှ နုတ်ထွက်ခဲ့ရသည်။ ၁၉၂၉ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့က ဂျပန် အာဏာပိုင်တို့ကို ဆန့်ကျင်ခဲ့သည့် တောင်ကိုရီးယား ကျောင်းသားသပိတ်ကို အမှတ်တရ ဂုဏ်ပြုသောအားဖြင့် ဆိုးလ်မြို့တောင်ပိုင်းရှိ ချန်ဒူးဝှမ်၏ နေအိမ်သို့ ဦးတည်လျက် ကျောင်းသား ထောင်ပေါင်း များစွာက ချီတက်ဆန္ဒပြခဲ့ကြသည်။ သမ္မတဟောင်း ချန်ဒူးဝှမ်၏ အစိုးရက ကျူးလွန်ခဲ့သော ပြစ်မှုမျာ်းကို ဆန့်ကျင်ဆန္ဒပြသည်ဟုဆိုသည်။ ၁၉၈၈ ခုနှစ် အောက်တို ဘာလ နောက်ဆုံးပတ်မှစ၍ အတိုက်အခံ လွှမ်းမိုးသော အမျိုးသား လွှတ်တော်၏ ကော်မတီ တစ်ရပ်က ၁၉၇၅ ခုနှစ်တွင် ချန်ဒူးဝှမ်ဖွဲ့စည်းခဲ့သော အီဟေးဖောင်ဒေးရှင်း နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန် ကြိုးပမ်းခဲ့ကြသည်။ သမ္မတဟောင်း ချန်ဒူးဝှမ်သည် ယင်းအဖွဲ့အစည်းမှ ဒေါ်လာ ၄၄ သန်းကို ကိုယ်ပိုင်ဌေစာရင်းသို့ တရားမဝင် လွှဲပြောင်းရယူခဲ့သည်ဟု ယင်းကော်မတီက စွပ်စွဲခဲ့သည်။ ယင်းသို့ အာဏာအလွဲသုံးစားမှုများနှင့်စပ်လျဉ်း၍ သမ္မတ ဟောင်း ချန်ဒူးဝှမ်က ရုပ်မြင်သံကြားမှ ပြည်သူသို့ ဝန်ချ တောင်းပန်ခဲ့သည်။

ကုန်ဖလှယ်မှုစနစ်။ ။ မျက် မှောက် ကာ လ တွင် ကုန်စည်ဖလှယ်မှုစနစ်ဖြင့် ကုန်သွယ်မှုကို ဘာတာခေါ် တိုက်ရိုက်ကုန်ဖလှယ်မှုစနစ်၊ အပြန်အလှန်ကုန်ရောင်းဝယ်မှု စနစ်နှင့် ကုန်ချောပေးချေ ဖလှယ်မှုစနစ်များဖြင့် ကျင့်သုံး လာကြသည်။ ကမ္ဘာတွင် ရေနံစျေးနှုန်းများ ကျဆင်းမှု၊ ကုန်ကြမ်းစျေးနှုန်းများကျဆင်းမှု၊ နိုင်ငံခြားငွေ ရှားပါး မှုတို့ကြောင့် ကုန်ဖလှယ်မှုစနစ်ကို လက်ခံကျင့်သုံးမှု တွင်ကျယ်လာခြင်း ဖြစ်သည်။ ယင်းသို့ ကုန်သွယ်မှုကို အပြန်အလှန် ရောင်းဝယ်ရေးစနစ် (counter-trade) ဟု လည်း ခေါ်ဝေါ်သုံးစွဲလျက်ရှိသည်။

ကမ္ဘာ့စီးပွားရေးပျက်ကပ်ဆိုက်ရောက်ခဲ့သော ၁၉၂၉–၁၉၃၀ ပြည့်နှစ် ပတ်ဝန်းကျင်နှစ်များတွင် ကုန်စည်ဖလှယ်မှုစနစ်နှင့် ဆက်စပ်သော ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများ ထွန်းကားခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ၁၉၅၀ ပြည့်လွန် နှစ်များတွင်လည်း ကမ္ဘာ့ကုန်သွယ်ရေး၌ ကုန်စည်ဖလှယ်မှုစနစ် ထွန်းကားလာခဲ့ပြန်သည်။ စစ်ပြီး

ကာလတွင် အရှေ့ဥရောပ ဆိုရှယ်လစ် နိုင်ငံများသည် စီးပွားရေးအခက်အခဲများနှင့်ကြုံတွေ့ခဲ့ရာ နိုင်ငံခြားငွေကို အခြေခံသော ကုန်သွယ်မှုစနစ်အစား နှစ်နိုင်ငံ သဘော တူညီချက်ဖြင့် ကုန်သွယ်သောစနစ်ကို ကျင့်သုံးခဲ့ကြသည်။

ခေတ်သစ်ကုန်စည်ဖလှယ်မှုစနစ်ဖြစ်သောအပြန်အလှန် ရောင်းဝယ်ရေးစနစ်ဖြင့် ကုန်စည်ဖလှယ်မှု ပမာဏသည် ၁၉၇၄ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှု စုစုပေါင်း၏ ရှစ်ရာ ခိုင်နှုန်းမျှ ရှိလာသည်ဟု အကောက်ခွန်နှင့် ကုန်သွယ်မှု ဆိုင်ရာသဘောတူညီချက်အဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြ ထားသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အပြန်အလှန် ရောင်းဝယ်ရေးစနစ်ဖြင့် ကုန်စည်ဖလှယ်သော နိုင်ငံဦးရေ တိုးတက်လာခဲ့သည်။ ၁၉၇၅–၇၆ ခုနှစ်ခန့်တွင် အပြန် အလှန် ရောင်းဝယ်ရေးစနစ်ဖြင့် ကုန်သွယ်နေကြသည့် နိုင်ငံပေါင်းမှာ ၉၀ ကျော်ရှိနေသည်။ ဂတ်အဖွဲ့၏ ထုတ်ပြန် ချက်အရ ကုန်စည်ဖလှယ်မှုစနစ်ဖြင့် ကုန်သွယ်မှုမှာ ၁၉၇၇ ခုနှစ်တွင် ၁၉၇၆ ခုနှစ်ကထက် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ယင်းသို့ တိုးတက်လာ ခြင်းမှာ အမေရိကန် ပြည်ထောင်စုနှင့် အာရှနိုင်ငံ များအကြား ကုန်ရောင်းဝယ်မှုတွင် ကုန်စည်ဖလှယ်ရေး အသွင် တွင်ကျယ်လာခြင်းကြောင့်ဖြစ်သည်။

အပြန်အလှန် ရောင်းဝယ်ရေးစနစ်သည် အပြည်ပြည် ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးတွင် ရောင်းသည့်နိုင်ငံ နှင့် ဝယ်သည့်နိုင်ငံအကြား ကုန်စည်နှင့် ဝန်ဆောင်မှု များကို အပြန်အလှန် လက်ခံဖလှယ်ကြခြင်းဖြင့် ပို့ကုန်၊ သွင်းကုန် တည်ငြိမ်ရေးကို ကြိုးပမ်းသော နည်းလမ်း တစ်ရပ်ဖြစ်လာသည်။ ကုန်စည်ဖလှယ်မှုစနစ်ဖြင့် အပြန် အလှန်ကုန်သွယ်မှုနည်းလမ်း ငါးမျိုးရှိသည်။

(က) တိုက်ရိုက် ကုန်စည်ဖလှယ်မှုစနစ် – နှစ်ဘက်နိုင်ငံ များသည် ကုန်ပစ္စည်းများကို ငွေသားဖြင့် ပေးချေခြင်း မဟုတ်ဘဲ ကုန်စည်ချင်း တိုက်ရိုက်ဖလှယ်သော အရိုးခံ ကုန်စည်ဖလှယ်မှုစနစ်ဖြစ်သည်။

(ခ) အပြန်အလှန် ကုန်ရောင်းဝယ်မှုစနစ် – နှစ်ဘက် နိုင်ငံများ၏ ငွေရေးကြေးရေး အခြေအနေများကို တည်မှီ၍ တစ်နိုင်ငံ၏ပို့ကုန်ကို တစ်နိုင်ငံက လက်ခံဝယ်ယူ သည့် နည်းဖြစ်သည်။ ကုန်ရောင်းခြင်း၊ ကုန်ဝယ်ခြင်းကို တစ်ချိန်တည်းတွင် လက်ခံပြုလုပ်ကြခြင်း မဟုတ်သော်လည်း ဝယ်ယူသည့်တန်ဖိုးပမာဏအတိုင်း ပြန်လည်ရောင်း ချရန် အပြန်အလှန် သဘောတူညီမှု ရယူသည့် နည်း ဖြစ်သည်။

(ဂ) ကုန်ချောပေးချေဖလှယ်သည့်စနစ် – ဖွံ့ဖြိုးပြီးနိုင်ငံ တစ်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ ရေရှည်စီးပွားရေး မြှုပ်နှံမှုအတွက် စိုက်ထုတ်လုပ်ကိုင်ထားပြီး ထိုလုပ်ငန်း

ကုန်ကျမှုအတွက် ဖွံ့ဖြိုးဆဲနိုင်ငံက ကုန်ချောဖြင့် ပေးချေရသည့် နည်းဖြစ်သည်။ ထိုနည်းတွင် ကျွမ်းကျင်မှုနည်းပညာများ လွှဲပြောင်းပေးခြင်း၊ ဖက်စပ်လုပ်ငန်းဖြင့် လုပ်ကိုင်ခြင်းနှင့် ကြားတစ်နိုင်ငံက ဝင်ရောက်ပြီး သုံးပွင့်ဆိုင် ဆောင်ရွက်လုပ်ကိုင်ပေးခြင်းစသည့် နည်းလမ်းများ ပါဝင်သည်။

(ဃ) စာရင်းချေစနစ် – ပို့ကုန် ထောင်းချသော နိုင်ငံက အခြားတစ်နိုင်ငံမှ မိမိနိုင်ငံအတွက် လိုအပ်သောစက်ကိရိယာများ၊ စက်ကိရိယာအရန်ပစ္စည်းများကို ထုတ်လုပ်ရာတွင် ကျွမ်းကျင်မှုအကူအညီပေးခြင်း၊ ထိုနိုင်ငံအတွက် စက်ကိရိယာနှင့် စက်ကိရိယာအရန်ပစ္စည်းများ ဝယ်ယူခြင်း၊ ထိုနိုင်ငံသို့ပင် ကုန်ချောပစ္စည်း ပေးပို့ခြင်းတို့ကို အပြန်အလှန်ကုန်ဖလှယ်မှုသဘောတူညီချက်ဖြင့် လုပ်ကိုင်သည့် နည်းဖြစ်သည်။

(င) လက်ပြောင်းလက်လွှဲ ကုန်ဖလှယ်မှုစနစ် – မိမိနိုင်ငံတွင် ပိုလျှံနေသော ကုန်ပစ္စည်းများကို အခြားတစ်နိုင်ငံရှိ ပိုလျှံကုန်စည်များနှင့် လဲလှယ်ဝယ်ယူပြီး ထိုလဲလှယ်ဝယ်ယူရရှိသော ပစ္စည်းကိုပင် တတိယနိုင်ငံသို့ ကုန်ဖလှယ်မှုစနစ်ဖြင့် ပြန်လည်ရောင်းချခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် မိမိနိုင်ငံ၏ ပိုလျှံကုန်ဖြစ်သောဓာတ်မြေဩဇာများကို အာဖရိကနိုင်ငံများသို့ ကုန်ဖလှယ်မှုစနစ်ဖြင့် ရောင်းချ၍ ကော်ဖီရရှိသည်။ ရရှိသောကော်ဖီဖြင့် ဆို့ဒင်နိုင်ငံမှ စက်ကိရိယာများကို ကုန်ဖလှယ်မှုစနစ်အရ ဝယ်ယူသည်။ ဝယ်ယူရရှိသော ဆို့ဒင်မှ စက်ကိရိယာကို မက္ကဆီကိုနိုင်ငံသို့ရောင်းချပြီးရေနံနှင့်ရေနံထွက်ပစ္စည်းများကို ကုန်ဖလှယ်မှုစနစ်ဖြင့် ပြန်ဝယ်သည်။ ယင်းသို့ လက်ပြောင်းလက်လွှဲဝယ်ယူမှုအားလုံးကို အမေရိကန် ဒေါ်လာမကြိုင်ပြုလျက် တန်ဖိုးသတ်မှတ် ရောင်းဝယ်ဖလှယ်ခြင်းဖြစ်သည်။ ထိုဖလှယ်မှုမှ အမေရိကန်ပြည်ထောင်စုသာမက ကုန်သွယ်ဘက် အာဖရိကနိုင်ငံများ၊ ဆို့ဒင်နှင့် မက္ကဆီကိုစသည့်နိုင်ငံများကလည်း ပို့ကုန်များ ထောင်းချရ၍ အကျိုးကျေးဇူးများ ရရှိသည့် နည်းဖြစ်သည်။

အကြွေးကို ကုန်စည်ဖြင့်ပေးဆပ်သည့် နည်းမှာလည်း ကုန်စည်ဖြင့်အပြန်အလှန်ကုန်သွယ်မှု၏ အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည်။ ထိုနည်းသည် ၁၉၈၀ ပြည့်လွန်နှစ်များမှစ၍ ခေတ်စားလာခဲ့သည်။ ကုန်စည်ဖြင့် ပေးချေရန်မူလက သဘော တူ ညီ ချက် များ မရှိ ခဲ့သော်လည်း ငွေရေး ကြေးရေး အခက် အခဲ များ ဖြစ်လာသဖြင့် ကုန်စည်ဖြင့် ပေးဆပ်ရန် ပြောင်းလဲ သဘောတူညီခဲ့ကြသည်။ မက္ကဆီကိုနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံမှရရန်ရှိသော ကြွေး တစ်စိတ်တစ်ဒေသကို ဓာတ်ဆီဖြင့် ပေးဆပ်ခြင်းကို

လက်ခံခဲ့သည်။ လစ်ဗျသည် အိန္ဒိယ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ချုပ်ဆိုထားသော ဆောက်လုပ်ရေး လုပ်ငန်း အချို့အတွက် ရေနံစိမ်းဖြင့်ပေးချေခဲ့သည်။ ဗဟုဇီးနိုင်ငံသို့ ပေးရန်ရှိသော သကြားဖိုးအကြွေးများကို ဗင်နီဇွဲလားနိုင်ငံက ရေနံဖြင့် ပေးဆပ်ခဲ့သည်။ ပီရူးနိုင်ငံသည် ပေးဆပ်ရန်ရှိသော ကြွေးများကို မိမိနိုင်ငံထွက်ကုန်များဖြင့် ပေးဆပ်ကာ ကြွေးရရန်ရှိသော နိုင်ငံများနှင့်လည်း ညှိနှိုင်းသဘောတူညီချက်အရ ၁၉၇၅ ခုနှစ်မှစ၍ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖိုးကို ကုန်စည်ဖြင့် ပေးဆပ် နိုင်ခဲ့သည်။ ပီရူးနိုင်ငံသည် အကြွေးများကို ကုန်စည်ဖြင့် ပေးဆပ်ရင်း ပို့ကုန်များ ပိုမိုရောင်းချနိုင်ခဲ့သည်။ ကုန်သွယ်ဘက်နိုင်ငံတစ်နိုင်ငံကို ကြားတစ်ဆင့်ခံပြီး ကုန်စည် ဖလှယ်နိုင်ခြင်းဖြင့် ပြည်ပ ကြွေးမြီများကို တဖြည်းဖြည်း ပေးဆပ်သွားရန် ရည်မှန်းချက်များကို ချမှတ်ခဲ့သည်။

ကမ်ပူးချား အခြေအနေ။ ။ကမ်ပူးချား ဒီမိုကရက်တစ် ညွှန်ပေါင်းအစိုးရ (စီဂျီဒီကေ)၏ ဥက္ကဋ္ဌ မင်းသားကြီး နိုရိုဒမ် သီဟာနုသည် ဗီယက်နမ် ထောက်ခံအားပေးသော ကမ်ပူးချားအစိုးရအဖွဲ့၏ ဝန်ကြီးချုပ် ဟွန်ဆင်နှင့် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့ထိ တစ်ကြိမ်၊ ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့ထိ တစ်ကြိမ် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ဟိုတယ်တစ်ခုဌ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၆ – စာ၊ ၁၃၂ — ရှ။) သီဟာနုနှင့် ဟွန်ဆင်တို့သည် ကမ်ပူးချားစစ်ပွဲပြီးဆုံးရေးအတွက် နိုင်ငံရေးအရ အဖြေရှာရန်၊ ကမ်ပူး

ကမ်ပူးချားနိုင်ငံ ငြိမ်းချမ်းရေးအတွက် ကမ်ပူးချား ဒီမိုကရက်တစ် ညွှန်ပေါင်းအစိုးရ၏ ဥက္ကဋ္ဌ မင်းသားကြီးသီဟာနု (ဝဲ) နှင့် ဗီယက်နမ် ထောက်ခံအားပေးသော ကမ်ပူးချားအစိုးရအဖွဲ့၏ ဝန်ကြီးချုပ် ဟွန်ဆင်တို့ တွေ့ဆုံညှိနှိုင်းစဉ်





ကမ်ပူးချားနိုင်ငံမှ စတင်ရုပ်သိမ်းနေပြီဖြစ်သော ဗီယက်နမ်တပ်ဖွဲ့ဝင်များ

ချားနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ တည်မြဲရေးတို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံး စေ့စပ် ညှိနှိုင်းမှုပြုရန်၊ အရှေ့တောင်အာရှဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်စေရေးအတွက် ကမ်ပူးချား လွတ်လပ်ရေးရစေမည့် အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ရပ် ခေါ်ယူရန်နှင့် နှစ်ဘက်ခေါင်းဆောင်များ ထပ်မံတွေ့ဆုံဆွေးနွေးရန် စသည့်အချက်များ ပါဝင်သည့် ပူးတွဲကြေညာချက်တစ်ရပ်ကို ပထမ ဆွေးနွေးပဲ့ဥ ထုတ်ပြန်ခဲ့သည်။ ဗီယက်နမ်တပ်များ ဆုတ်ခွာပြီးနောက် ကမ်ပူးချားတွင် အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းရေးအဆို ကို ဟွန်ဆင်က လက်မခံခြင်း၊ ဗီယက်နမ်တပ်များ မရုပ်သိမ်းမီ ဗီယက်နမ် ဆန့်ကျင်ရေး ညွှန်ပေါင်းတပ်ဖွဲ့များက လက်နက်များ စွန့်လွှတ်ရေးအဆိုကို သီဟာနုက လက်မခံခြင်းနှင့် ရွေးကောက်ပွဲ မကျင်းပမီ လက်ရှိအစိုးရများနှင့် ခုခံရေး အဖွဲ့များ ဖျက်သိမ်းရေး အဆိုကို ဟွန်ဆင်က လက်မခံခြင်းတို့ကြောင့် ဒုတိယအကြိမ် ဆွေးနွေးပွဲသည် အဓိကအချက်များတွင် သဘောတူညီမှု တစ်စုံတစ်ရာမရဘဲ ပြီးဆုံးသွားခဲ့သည်။

စီဂျီဒီကေဝန်ကြီးချုပ် ဆွန်ဆန် ဦးဆောင်သော ခမာပြည်သူအမျိုးသား လွတ်မြောက်ရေးတပ်ဦး (ကေပီအင်န်အယ်လ်အက်ဖ်) နှင့် မင်းသားကြီးသီဟာနု ဦးဆောင်သော မောင်လီနာခါ (ကမ်ပူးချား အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့) တို့သည် ဗီယက်နမ် လိုလားသည့် ဟင်ဆမ်ရင်အဖွဲ့နှင့် ညှိနှိုင်းရန် အခက်အခဲမရှိလှသော်လည်း ခမာနီ မျိုးချစ်တပ်ဦးနှင့် ဟင်ဆမ်ရင်အဖွဲ့အကြား ညှိနှိုင်းရေးမှာ အဓိက အဟန့်အတား ဖြစ်လျက်ရှိသည်။ မင်းသားကြီး သီဟာနုသည် ခမာနီခေါင်းဆောင် ခယူဆမ်ဖန်နှင့် အဆင်ပြေမှု မရှိလှဟုဆိုသည်။ မင်းသားကြီးသီဟာနုက ဟင်ဆမ်ရင်အဖွဲ့နှင့် ဆွေးနွေးပဲ့ ကျင်းပရန် သဘောတူခဲ့သည့်အချိန်မှစ၍ စီဂျီဒီကေအတွင်း သဘောထားကွဲလွဲမှု ပိုမိုကြီးထွားလာသည့်အတွက် မင်းသားကြီးသီဟာနုသည် ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် စီဂျီဒီကေ သမ္မတအဖြစ်မှ နုတ်ထွက်ခဲ့သည်။ သို့ရာတွင် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် မင်းသားကြီး သီဟာနုသည် နုတ်ထွက်ကြောင်း ကြေညာချက်ကို ပယ်ဖျက်၍ မူလတာဝန်ကို ပြန်လည်ထမ်းဆောင်သည်။

၁၉၇၈ ခုနှစ် ဧပြီလ ၁၄ ရက်နေ့က ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် အာဖဂန်စတန်ဆိုင်ရာ ငြိမ်းချမ်းရေး သဘောတူညီချက် တစ်ရပ်ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ရာ ယင်းကို နမူနာယူပြီး ကမ်ပူးချား ပြဿနာကို ပြေလည်အောင် ဖြေရှင်းကြရန် ဆိုဗီယက်ခေါင်းဆောင် မီခါယီး ဂေါ်ဘာချော့က တိုက်တွန်းပြောကြားခဲ့သည်။ (အာဖဂန်စတန်နိုင်ငံ — ရှု။) အလားတူပင် ၁၉၇၈ ခုနှစ် မေလ ၂၉ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့ထိ မော်စကိုမြို့တွင်ကျင်းပသော ထိပ်သီးဆွေးနွေးပဲ့တွင်လည်း အမေရိကန် သမ္မတ ရော်နယ် ရေဂင်က ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့အား အာဖဂန်စတန်ပြဿနာကို နမူနာယူပြီး အရှေ့တောင်အာရှနိုင်ငံများနှင့် ဆက်ဆံ

ရေး ပြေလည်အောင် ကြိုးပမ်းရေးအတွက် ဗီယက်နမ်နိုင်ငံကို တိုက်တွန်းပေးရန် ပြောကြားခဲ့သည်။

ကမ်ပူးချားရှိ ဗီယက်နမ် အမြင့်ဆုံးစစ်ဘက်ကုပ်ကဲရေးဌာနချုပ်ကို ၁၉၈၈ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ရုပ်သိမ်းလိုက်ပြီး ပြောက်ကျားစစ်ပွဲ၏ကံကြမ္မာကို ကမ်ပူးချား အစိုးရသို့ ပခုံးပြောင်းပေးလိုက်သည်။ ကိုးနှစ်ကြာ မြင့်ခဲ့သော ယင်း ပြောက်ကျားစစ်အတွင်း ဗီယက်နမ်တပ်သား ၂၅,၀၀၀ မျှ အသက်ဆုံးရှုံးခဲ့ကြသည်ဟုဆိုသည်။ ၁၉၈၈ ခုနှစ် နှစ်ကုန်ဆုံးချိန်တွင် ရုပ်သိမ်းပြီးဖြစ်ရမည်ဟု ကတိပြုထားသော ဗီယက်နမ်တပ်သား ၅၀,၀၀၀ အနက် ဇွန်လကုန်ထိ ၁၃,၀၀၀ ရုပ်သိမ်းပြီး ဖြစ်သည်။ ဒုတိယ ဗိုလ်ချုပ်ကြီး လေခါဖီယူက ဟိုချီမင်းမြို့၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာတွင် ၁၉၇၇–၇၈ ခုနှစ် အတွင်းက ခမာနီများ အုပ်စိုးလျက်ရှိသော ကမ်ပူးချားနှင့် ဖြစ်ပွားသည့် နယ်ခြားစစ်ပွဲများတွင် ဗီယက်နမ်တပ်သား ၃၀,၀၀၀ သေဆုံးခဲ့ကြောင်းဖြင့် ပြောကြားသွားခဲ့သည်။

မင်းသားကြီး သီဟာနုသည် ကမ်ပူးချား ညွှန့်ပေါင်းအစိုးရအဖွဲ့ သမ္မတရာထူးမှ ၁၉၈၈ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့က နုတ်ထွက်သွားသည်။ အင်ဒိုနီးရှားနိုင်ငံ ဘိုဂါမြို့တွင် ကမ်ပူးချားအရေး အလွတ်သဘောဆွေးနွေးပွဲကို ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပသော အခါ ကမ်ပူးချားအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဟွန်ဆင်၊ ခမာနီခေါင်းဆောင် ခယူဆမ်ဖန်၊ ခမာပြည်သူလွတ်မြောက်ရေးခေါင်းဆောင် ဆွန်ဆန်တို့ တက်ရောက်သည်။ ဆွေးနွေးပွဲကို နှစ်ဆင့်ကျင်းပသည်။ ကမ်ပူးချားခုခံရေးအုပ်စုများ အချင်းချင်း ဆွေးနွေးသည်။ ထို့နောက်တွင် ကမ်ပူးချား၊ ဗီယက်နမ်နှင့် ၎င်းတို့၏ မဟာမိတ်ဖြစ်သည့် လောနိုင်ငံတို့ အပြင် အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်များနှင့် ဒုတိယအဆင့် ဆွေးနွေးရန်ရှိသည်။ ယင်းဆွေးနွေးပွဲသို့ မတက်ရောက်သော်လည်း ထိုအချိန်တွင် အင်ဒိုနီးရှားသို့ ရောက်ရှိနေသော သီဟာနုသည် ကမ်ပူးချားအစိုးရ၏ ဆွေးနွေးပွဲသို့ တင်ပြသော အစီအစဉ်ကို ပယ်ချခဲ့သည်။ ကမ်ပူးချားအစိုးရ ဆက်လက် အာဏာရရှိရေးကို ရည်ရွယ်ထားသည့် အစီအစဉ်ဟောင်းသာ ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဟွန်ဆင်၏ အစီအစဉ်တွင် ခမာနီတို့၏ ဦးဆောင်မှု အခန်းကဏ္ဍကို ရုပ်သိမ်းပြီး ယင်းတို့၏ တပ်ဖွဲ့များကိုလည်း ဖျက်သိမ်းပေးရမည်ဟုတင်ပြသကဲ့သို့ သီဟာနု၏ ကြေညာချက်တွင်လည်း ခမာနီတို့သည် ကမ်ပူးချား ငြိမ်းချမ်းရေးအတွက် အဓိကအဟန့်အတားဖြစ်နေသည်ဟု တင်ပြသည်။ ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး ဒုယင်ကိုသက်က ဘိုဂါဆွေးနွေးပွဲအပြီးတွင် ပြောကြားရာ၌ ကမ်ပူးချားပြဿနာကို နိုင်ငံရေးအရ ဖြေရှင်း၍ ရသည်ဖြစ်စေ၊

မရသည်ဖြစ်စေ ၁၉၉၀ ပြည့်နှစ်အကုန်တွင် ဗီယက်နမ်တပ်များကို ကမ်းပူးချားမှ အပြီးရုပ်သိမ်းပေးမည်ဖြစ်ကြောင်း၊ ပိုပေါ့ခေါင်းဆောင်သော ခမာနီအုပ်စုအား လက်နက်စွန့်အောင် ဆောင်ရွက်နိုင်မည့်သူမှာ ပြင်ပအင်အားစု မဟုတ်ဘဲ ခမာနီတို့၏ ညွှဲပန်းမှုကို ခံခဲ့ရသည့် ကမ်ပူးချား ပြည်သူများသာလျှင် ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ ခမာနီတို့ အာဏာရခဲ့စဉ်က ကမ်ပူးချား ပြည်သူတစ်သန်းခန့်ကို နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ခဲ့သည်ဟူသောအချက်ကို ရည်ညွှန်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့ စားနပ်ရိက္ခာ အခြေအနေ။ ။ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က ၁၉၈၈ ခုနှစ် ကမ္ဘာ့ဂျုံသီးနှံ ထွက်ရှိမှုသည် ၁၉၈၇ ခုနှစ်ထက် တန်ချိန် ငါးသန်းလျော့နည်း၍ တန်ချိန် ၅၁၁ သန်း ထွက်မည်ဟု ခန့်မှန်းသည်။ ဤသို့ လျော့နည်းကျဆင်းရခြင်းမှာ မြောက်အမေရိကတိုက်ရှိ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံများတွင် ဂျုံထွက်ရှိမှုများ ထိုးကျသွားခြင်းကြောင့် ဖြစ်ကြောင်း၊ ထို့အပြင် ဆိုဗီယက် ပြည်ထောင်စုနိုင်ငံနှင့် အရှေ့ဥရောပ နိုင်ငံများ၌လည်း ဂျုံသီးနှံထွက်ရှိမှုများ ကျဆင်းမည့် အကြောင်းရှိကြောင်း အက်ဖ်အေအို်က ရှင်းလင်းဖော်ပြသည်။

ပြောင်းအဓိကဖြစ်သော ကမ္ဘာ့ဒေစေ့ကြီး သီးနှံများ၊ သို့မဟုတ် သီးနှံကြမ်းများ ထုတ်လုပ်မှုနှင့် ပတ်သက်၍မူ အက်ဖ်အေအို်က တိုးတက်မှုရှိမည်ဟု မျှော်မှန်းတွက်ဆပြီး ၁၉၈၈ ခုနှစ်တွင် တန်ချိန် ၇၄၁ သန်း ရှိမည်ဟု ခန့်မှန်းသည်။ သို့ဖြစ်စေကာမူ ယင်းပမာဏသည် ၁၉၈၇ ခုနှစ်က ထွက်ရှိမှုအောက် တန်ချိန် ၈၁ သန်းလျော့နည်းသည်။

ဆန် (စပါး) သီးနှံထုတ်လုပ်မှုတွင်ကား ကမ္ဘာ့အရှေ့ခြမ်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ဗီယက်နမ်နိုင်ငံ၊ဖိလစ်ပိုင်နိုင်ငံ၊ကိုရီးယားသမ္မတနိုင်ငံနှင့်ပါကစ္စတန်နိုင်ငံ၊ ကမ္ဘာ့အနောက်ခြမ်းတွင် ဗရာဇီးနိုင်ငံ၊ အမေရိကန် ပြည်ထောင်စု စသည့် စပါး သီးနှံအမြောက်အမြား ထုတ်လုပ်သောနိုင်ငံများရှိကြရာ လှန်ခဲ့သည့်နှစ်က ဤနိုင်ငံများတွင် ပျမ်းမျှ နှုန်းအောက်ကျဆင်း၍ စုစုပေါင်း တန်ချိန် ၄၆၁ သန်းခန့်သာ ထွက်ရှိခဲ့သော်လည်း ၁၉၈၈ ခုနှစ်တွင် ပြန်လည် ဦးမော့လာပြီး ၁၉၈၇ ခုနှစ်ကထက် လေးရာခိုင်နှုန်းတိုးတက်၍ စုစုပေါင်း တန်ချိန် ၄၇၈ သန်းထွက်ရှိမည်ဟု အက်ဖ်အေအို်ကခန့်မှန်းသည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဆန် (စပါး) တန်ချိန် ၁၄ ဒသမ ၁ သန်းခန့် ထုတ်လုပ်မည်ဟု ယင်းအဖွဲ့က တွက်ဆသည်။

လှမ်းမိုးမှုများကြောင့် သီးနှံက ၆၀,၀၀၀ ကျော် ပျက်စီးခဲ့ရသည်။ ပါကစ္စတန်အစိုးရ၏ ဆန်စပါးသီးနှံ တန်ချိန် ၅ ဒသမ ၄ သန်းထုတ်လုပ်ရန် ရည်မှန်းချက် ပြည့်မီမည့် လက္ခဏာမရှိဟု အက်ဖ်အေအိုက ဆိုသည်။ ဗီယက်နမ် နိုင်ငံမြောက်ပိုင်းတွင် စပါးခင်းများမှာ မေလအတွင်း၌ ပိုးမွှားများအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရပြီး လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဧရိယာဟက်တာ ၈၀,၀၀၀ကျော် ပျက်စီးခဲ့ရသည်ဟု ဆိုသည်။ ယင်းနိုင်ငံ၏ စားနပ်ရိက္ခာ အခြေအနေသည် အလွန်ဆိုးဝါးလျက်ရှိပြီး မြောက်ပိုင်းရှိ ပြည်သူ အများအပြားပင် ငတ်မွတ်ခေါင်းပါးမှု ဘေးအန္တရာယ်ကို ရင်ဆိုင်နေရသဖြင့် စားနပ်ရိက္ခာ အကူအညီ ပေးကြရန် အက်ဖ်အေအိုက ဇွန်လ ၆ ရက်နေ့တွင် ပန်ကြားခဲ့သည်။ ထို့နောက် အောက်တိုဘာလ အတွင်း ဗီယက်နမ်အလယ်ပိုင်းတွင် မုန်တိုင်း တိုက်ခတ်ကာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလှမ်းမိုးမှု ဖြစ်ပွားပြီး ဆန်စပါးကေ ၁ ဒသမ ၂ သန်းကျော် ပျက်စီးကြောင်း ဗီယက်နမ် သတင်းဌာနက ကြေညာခဲ့သည်။

လောနိုင်ငံသည် အခြေခံစားနပ်ရိက္ခာ ဖူလုံမှုရရှိအောင် ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း၊ ၁၉၇၆ ခုနှစ် နောက်ပိုင်းမှစ၍ ဆန်စပါးထုတ်လုပ်မှုတွင် ဂဖ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း လောနိုင်ငံတော် စီမံကိန်းကော်မတီ အကြီးအကဲ ဆာလီဗွန် ခမ်ဆောက ဇွန်လ ၁၂ ရက်နေ့တွင် ပြောကြားခဲ့ပြီးနောက် မိုးခေါင်မှု ဖြစ်ပွားခဲ့ရာ အကြီးအကျယ် စားနပ်ရိက္ခာမလုံလောက်မှု ဖြစ်ပွားပေါ် ပေါက်လာခဲ့သည်။ ဆန်စပါးအများဆုံး ထုတ်လုပ်သည့် တောင်ပိုင်းပြည်နယ် ခြောက်ခုတွင် စားနပ်ရိက္ခာ လေ့ာ့နည်းမှုဖြစ်ပွားခဲ့ရာ ၁၉၈၈ ခုနှစ်အတွက် ဆန်စပါး တန်ချိန် ၄,၀၀,၀၀၀ နီးပါးဖြည့်တင်းနိုင်ရေးအတွက် နိုင်ငံတကာအရေးပေါ် အကူအညီ တောင်းခံရဖွယ်ရှိကြောင်း လောနိုင်ငံ၏ တရားဝင်သတင်းဌာန ကေပီအယ်လ်က ပြောကြားခဲ့သည်။

အာဖရိကတိုက် စားနပ်ရိက္ခာပြဿနာ

ကိုယ်ပိုင် စားနပ်ရိက္ခာ ဖူလုံမှုမရှိသော နိုင်ငံများအများအားဖြင့်တည်ရှိရာအဖရိကတိုက်တွင်လည်းမိုးခေါင်မှု၊ ရေလှမ်းမိုးမှုနှင့် အထူးသဖြင့် ကျိုင်းကောင်များ၏ ဖျက်ဆီးမှု အန္တရာယ်များ ဖြစ်ပေါ်ခဲ့သည်။ အီသီအိုးပီးယားနိုင်ငံတွင် ကာလကြာမြင့်စွာ မိုးခေါင်မှု ကြုံတွေ့ရခြင်းကြောင့် နှစ်ဦးပိုင်း၌ပင် ငတ်မွတ်ခေါင်းပါးမှုဘေးဆိုက်ရောက်မည့် အခြေအနေများ ဖြစ်ပေါ်လာခဲ့သည်။ ဧပြီလအတွင်း၌ အီသီအိုးပီးယားနိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများ၌ မိုးခေါင်မှုကြောင့် လူပေါင်းခုနစ်သန်းခန့် အစာရေစာ ပြတ်မည့်ဘေးကို ရင်ဆိုင်နေခဲ့ရသည်။ ယင်းနိုင်ငံ၌ ဆူဒန်နိုင်ငံဘက်မှ ဝင်ရောက်လာသော ဒုက္ခသည်များမှာလည်း လူပေါင်း ၂,၆၆,၀၀၀ ခန့် ရှိနေခဲ့သည်။ ကောက်ပဲသီးနှံအထွက် ဆိုးဝါးခဲ့သော နိုင်ဂျာနိုင်ငံ၌လည်း ၁၉၈၈ ခုနှစ် စောစောပိုင်းမှာပင် လူပေါင်း ၁ ဒသမ ၄ သန်းခန့် အငတ်ဘေးနှင့် ကြုံတွေ့ရဖွယ်ရှိ၍ ကောက်ပဲသီးနှံ တန်ချိန် ၂,၇၄,၀၀၀ လိုအပ်ကြောင်း အစိုးရအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။ အာဖရိကတိုက်၏ ဆဟာရသဲကန္တာရတောင်ပိုင်းဒေသနှင့် ပတ်သက်၍ ၁၉၈၈ ခုနှစ်အတွက် စားနပ်ရိက္ခာ ကူညီထောက်ပံ့မှုမှာ မရရှာသည့် အခြေအနေဌ ရှိနေစဉ် ကိုးနိုင်ငံ (အန်ဂိုလာ၊ဗဟိုနင်၊ ဗော့ဆွာနာ၊ ချဒ်၊ အီသီအိုးပီးယား၊ မာဒါဂတ်စကာ၊ မာလာဝီ၊ မိုဇမ်ဗစ်နှင့်နိုင်ဂျာ) အတွက် အရေးပေါ်ကယ်ဆယ်ရေး စားနပ်ရိက္ခာများလိုအပ်လျက်ရှိကြောင်း အက်ဖ်အေအိုက ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက် နေ့တွင် ကြေညာခဲ့သည်။ အန်ဂိုလာနိုင်ငံတွင် ပြည်တွင်းစစ်နှင့် အခြေအနေ မတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်လာသော ဒုက္ခသည်ပေါင်း ၁ ဒသမ ၅ သန်းအတွက် စားနပ်ရိက္ခာများမှာ ၁၉၈၈ ခုနှစ် ဧပြီလကုန်အထိသာရှိနေရာ အရေးပေါ် အကူအညီများပေးကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မေတ္တာရပ်ခံပန်ကြားခဲ့သည်။

အာဖရိကတိုက်တွင် ရေလှမ်းမိုးမှု၊ ကျိုင်းကောင်များဖျက်ဆီးမှုနှင့် ပြည်တွင်းမငြိမ်သက်မှု စသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် လူများ အသက်ဆုံးရှုံးရသည်အထိ အထူးကြီးမားသော စားနပ်ရိက္ခာပြဿနာ ဖြစ်ပွားခဲ့သော နိုင်ငံမှာ ဆူဒန်နိုင်ငံ ဖြစ်သည်။ ၁၉၈၈ ခုနှစ် စောစောပိုင်း ဖေဖော်ဝါရီလ ပထမရက်သတ္တပတ်အတွင်းမှာပင် ယင်းနိုင်ငံတောင်ပိုင်းရှိ မာလက်ကယ်မြို့တွင် လူပေါင်း ၁,၂၀,၀၀၀ ခန့်မှာ အငတ်ဘေးနှင့် ရင်ဆိုင်နေကြရပြီး လူအချို့သေဆုံးခဲ့ပေရာ ဆူဒန်နိုင်ငံရှိ လူဦးရေ ၂၃ သန်းအနက် ၁၉၈၈ ခုနှစ်တွင် လူသုံးသန်းကျော်အတွက် ကယ်ဆယ်ရေးရိက္ခာများလိုအပ်မည်ဖြစ်ကြောင်း ဆူဒန်နိုင်ငံက ပြောကြားခဲ့သည်။ ထို့နောက်တွင် ဆူဒန်နိုင်ငံ၏ လယ်ယာစိုက်ခင်းအများအပြားသည် စံချိန်တင်ရမည့် ရေလှမ်းမိုးမှုနှင့် သဲကန္တာရ ကျိုင်းကောင်များ၏ အန္တရာယ်ကြောင့် အကြီးအကျယ် ထိခိုက်ပျက်စီးမည်ဖြစ်ကြောင်း အက်ဖ်အေအိုညွှန်ကြားရေးမှူးချုပ်က ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဩဂုတ်လလယ်ပိုင်းတွင် နိုင်းမြစ်ရေလှျံတက်မှုကြောင့် ဆူဒန်နိုင်ငံမြောက်ပိုင်းရှိ ခါတွန်မြို့နှင့် ပတ်ဝန်းကျင်ဒေသများတွင် ၁၉၈၈ ခုနှစ် အတွင်း အဆိုးဝါးဆုံး ရေလှမ်းမိုး မှုဖြစ်ပွားခဲ့ရာ

သီးနှံစိုက်ခင်း တစ်မျိုးတည်း၏ ထိခိုက်ပျက်စီးမှုမှာ ဒေါ်လာ ၃၆၄ သန်းကျော်ဖိုးရှိကြောင်း ဆူဒန်အစိုးရက ဖော်ပြခဲ့သည်။ မြောက်ပိုင်းတွင် ရေလွှမ်းမိုးမှုကြောင့် အဆက်အသွယ်ပြတ်သွားသော တောင်ပိုင်းရှိအဝိမြို့တွင် လူပေါင်း ဂဝဝဝ ခန့် အငတ်ဘေးဆိုက်ပြီး တစ်နေ့လျှင် လူပေါင်း ၆၀ ကျော်သေဆုံးသည်။

ကျိုင်းကောင်အန္တရာယ်ဆိုး

အနှံ ၃ မိုင်နှင့် အလျားမိုင် ၂၀ ထိ ရှည်လျားသော ရောမကျိုင်းကောင်အုပ်ကြီးများသည် အာဖရိကမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် ကျရောက်ဖျက်ဆီးလျက်ရှိသည်ဟူသော သတင်းများသည် ၁၉၇၈ ခုနှစ် မတ်လအတွင်းကပင် ထွက်ပေါ်လာခဲ့သည်။ သဲကန္တာရကျိုင်းကောင်များသည် မတ်လမှ ဇွန်လအတွင်း အယ်ဂျီးရီးယား၊ မော်ရိုကို၊ တျူနီးရှစ်ဇီးယား၊ ကိပ်ဗာဒီ၊ မာလီနှင့် ဆာဟဲဒေသများအတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ကြသဖြင့် စိုးရိမ်ဖွယ်အခြေအနေများ ပေါ်ပေါက်လာခဲ့သည်။ နိုဝင်ဘာလတွင် အခြေအနေမှာ ပိုမိုဆိုးဝါးလာပြီး ကျိုင်းကောင်များသည် အနောက်ဘက်တွင် မော်ရိတေးနီးယားနှင့် ဆီနီဂေါနိုင်ငံမှ အာဖရိကတိုက်ကိုဖြတ်သန်း၍ အရှေ့ဘက်တွင် ဆအူးဒီအာရေဗျ၊ အီရတ်နှင့် အီရန်နိုင်ငံများအထိ နိုင်ငံအများအပြားသို့ ပျံ့နှံ့ရောက်ရှိသွားခဲ့ကြသည်။ ဒီဇင်ဘာလ ၃ ရက်နေ့တွင် မြေထဲပင်လယ်ကို ဖြတ်ကျော်၍ တူရကီနိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်လာသော အာဖရိက ကျိုင်းကောင်များသည် ၎င်းဒေသရှိ ရေယာစတုရန်း ကီလိုမီတာ ၁၅၀ (စတုရန်းမိုင် ၉၄ ခန့်) ပေါ်ရှိ သီးနှံများကို ဖျက်ဆီးလျက်ရှိကြောင်း ဒေသခံအသံလွှင့်ဌာနမှ ကြေညာခဲ့သည်။

အက်ဖ်အေအိုမှ ဩဂုတ်လ ၂၇ ရက်နေ့ထုတ် ကြေညာချက် တစ်စောင်တွင် ကျိုင်းကောင်အုပ်ကြီးများသည် နိုင်ဂျာ၊ ချဒ်နှင့် ဆူဒန်နိုင်ငံများ၏ ကျယ်ပြန့်သောဒေသအများအပြားပေါ်သို့ ကျရောက်မည့် အန္တရာယ်ရှိပြီး ဟက်တာခြောက်သန်းနှင့် ခုနှစ်သန်းအကြားရှိ နယ်မြေဒေသများကို အန္တရာယ်ပြုနိုင်ကြောင်း ဖော်ပြခဲ့သည်။ ဇွန်လအကုန်ပိုင်းတွင် အာဖရိက အနောက်မြောက်ဘက်မှ ကျိုင်းကောင်များသည် ပင်လယ်နီဒေသနှင့် အီဂျစ်နိုင်ငံအရှေ့တောင်ပိုင်းသို့ ပြောင်းရွှေ့ ဝင်ရောက်လာကြသည်။ ဆူဒန်နိုင်ငံ၌ ဒုတိယသားဆက်များပင် ပေါက်ဖွားလျက်ရှိပြီး အီသီအိုးပီးယားမြောက်ပိုင်းတွင် အမြောက်အများ ကျရောက်ကြသည့်အပြင် ပင်လယ်နီကမ်းခြေရှိ ဂျီဘူတီနိုင်ငံ အထိ ရောက်ရှိလာခဲ့ကြသည်။ ယင်းသီးနှံဖျက် ပိုးကောင်များ ရောက်ရှိရာ နိုင်ငံများက နှိမ်နင်းရေး လုပ်ငန်းများကို အားတိုက်အင်တိုက် ဆောင်ရွက်ကြသော်လည်း အချို့နေရာများ၌ သီးနှံများ ဆိုးဆိုးဝါးဝါး ဖျက်ဆီးခံကြရသည်ဟုဆိုသည်။ ဆူဒန်နိုင်ငံတွင် ကြီးမားသော ဆုံးရှုံးမှုများဖြစ်ပွားခဲ့သည်။ ယင်းနိုင်ငံအနောက်တောင်ပိုင်းရှိ ဒါဖူးနှင့် ကော်ဒိုဖန် ဒေသများတွင် နှံစားပြောင်းစိုက်ခင်းများ၏ ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိ ဖျက်ဆီးခြင်းခံခဲ့ရသည်။ ဆီနီဂေါမြစ်ဝှမ်းဒေသ၊ မော်ရီတေးနီးယားနိုင်ငံ တောင်ဘက် အလယ်ပိုင်း ဒေသနှင့် ကိပ်ဗာဒီနိုင်ငံတို့တွင်လည်း သီးနှံများ အမြောက်အမြား ဆုံးရှုံးခဲ့သည်။

စားနပ်ရိက္ခာ ကူညီထောက်ပံ့ရေးအခြေအနေ

အက်ဖ်အေအို၏ သတ်မှတ်ချက်အရ ကမ္ဘာပေါ်တွင် ဝင်ငွေနည်း၍ ကိုယ်ပိုင်စားနပ်ရိက္ခာ မလုံလောက်သော နိုင်ငံများမှာ စုစုပေါင်း ၆၆ နိုင်ငံရှိရာ ၎င်းအနက် ၃၉ နိုင်ငံမှာ အာဖရိကနိုင်ငံများဖြစ်သည်။ ယင်းတို့အနေဖြင့် လိုအပ်ချက်အရ ပြည်ပမှတင်သွင်းရသော စားနပ်ရိက္ခာများအနက် အချို့ကိုကိုယ်ပိုင်ဝယ်ယူတင်သွင်း၍ အချို့ကို နိုင်ငံတကာကူညီထောက်ပံ့မှုများမှရရှိကြသည်။ ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်နှင့် ပိုးမွှားအန္တရာယ်များကြောင့်ကျိနိုင်ငံများသည် ၁၉၇၇ ခုနှစ်က စားသုံးသီးနှံတန်ချိန် ၃၀ သန်းကျော်တင်သွင်းခဲ့ကြသော်လည်း ၁၉၇၈ ခုနှစ်တွင် ယင်းနိုင်ငံအများအပြားအဖို့ ပြည်ပမှတင်သွင်းရယူရန် လိုအပ်ချက်များကြီးထွားလာမည်ဟု ခန့်မှန်းရသည်။ ဤအခြေအနေတွင် ကမ္ဘာ့စားသုံးသီးနှံများ စျေးနှုန်း မြင့်တက်လာခြင်းကြောင့်တစ်ကြောင်း၊ ကူညီထောက်ပံ့ရေးအတွက် စားနပ်ရိက္ခာများ လျော့နည်းရရှိမည့် အလားအလာများရှိသဖြင့် တစ်ကြောင်း ဤအဓိကြောင်းများကြောင့် စားသုံးသီးနှံ တင်သွင်းရသော ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း များစွာအတွက် အခက်အခဲများကြုံတွေ့ရဖွယ်ရှိသည်။

၁၉၇၈–၇၉ ခုနှစ်အတွင်း ကူညီထောက်ပံ့မှုအဖြစ် ရရှိမည့် စားနပ်ရိက္ခာပမာဏသည် တန်ချိန် ၉ ဒသမ ၄ သန်းရှိမည်ဟု အက်ဖ်အေအိုကခန့်မှန်းသည်။ ယင်းပမာဏသည် ၁၉၇၇–၇၈ ခုနှစ်ကရရှိသော ကူညီထောက်ပံ့မှုစားနပ်ရိက္ခာပမာဏအောက် တန်ချိန် ၃ ဒသမ ၁ သန်းလျော့နည်းသည်။ ဤလျော့နည်းကျဆင်းမှုသည် ၁၉၇၂–၇၃ ခုနှစ်နောက်ပိုင်းတွင် အနိမ့်ဆုံးဖြစ်သည်။ ဤသို့လျော့နည်းရခြင်းမှာ အထူးသဖြင့် အမေရိကန်မှတင်ပို့နိုင်မှုလျော့နည်းမည့်လက္ခဏာရှိခြင်းနှင့် အခြားနိုင်ငံများစွာတို့မှလည်း လျော့နည်းတင်ပို့ကြမည့် သဘောရှိခြင်းကြောင့်ဖြစ်သည်။ ၁၉၇၈–၇၉ ခုနှစ်တွင် ကူညီထောက်ပံ့

ကမ္ဘာ့ဘဏ်။ ။အပြည်ပြည် ဆိုင်ရာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးမှုဘဏ် (အိုင် ဘီ အာ ဒီ) ဟုလည်း ခေါ်သော ကမ္ဘာ့ဘဏ်ကို ၁၉၄၄ ခုနှစ်တွင် ချုပ်ဆိုခဲ့သော ဘရက်တန်ဝုဒ် သဘောတူညီချက်ဖြင့်တည်ထောင်ခဲ့သည်။ ယင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံမျာ်းအား အကူအညီပေးငွေမျာ်း ရရှိစေသော အဓိက အပြည်ပြည်ဆိုင်ရာ အေဂျင်စီ ဖြစ်ပေသည်။

နှစ်ပတ်လည်အစီရင်ခံစာ

ကမ္ဘာ့ဘဏ်၏ နှစ်ပတ်လည် အစီရင်ခံစာကို ၁၉၈၈ ခုနှစ် ဧပြီလ ၁၅ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ လူဦးရေ ၅၆,၀၀၀ နေထိုင်သော ဘာမြူဒါကျွန်းနိုင်ငံသည် ၁၉၈၆ ခုနှစ်က နှစ်စဉ်ပျမ်းမျ တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၂၀,၄၂၀ ရှိ၍ ကမ္ဘာပေါ်တွင် အချမ်းသာဆုံး နိုင်ငံ ဖြစ်သည်ဟု ယင်းအစီရင်ခံစာ၌ ဖော်ပြထားသည်။ ဆွစ်လူမျိုးတို့သည် တစ်ဦးချင်းပျမ်းမျဝင်ငွေ ဒေါ်လာ ၁၇,၈၄၀ ရှိ၍ ဒုတိယ လိုက်ပြီး ဒေါ်လာ ၁၇,၅၀၀ ဖြင့် အမေရိကန်ပြည်သူတို့က တတိယ နေရာ၌ ရှိကြောင်းလည်း ဖော်ပြထားသည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဝေးန္နွေးမျာ်းနှင့် နေထိုင်မှုပုံစံမျာ်းကွဲပြားခြားနားသောကြောင့်ယင်းဝင်ငွေကိန်းဂဏန်းမျာ်းနှင့် လူနေမှုအဆင့်အတန်းတို့ ၁၀၀ဆိုင်မှုမရှိလှကြောင်း မှတ်ချက်ချထားသည်။ နှစ်၁၌ ပျမ်းမျ တစ်ဦးချင်းဝင်ငွေအားဖြင့် ကျပန်နိုင်ငံတွင် ဒေါ်လာ ၁၂,၈၅၀၊ အနောက်ဂျာမနီနိုင်ငံတွင် ဒေါ်လာ ၁၂,၀၈၀၊ ပြင်သစ်နိုင်ငံတွင် ဒေါ်လာ ၁၀,၇၄၀၊ ဗြိတိန်နိုင်ငံတွင် ဒေါ်လာ ၈,၉၂၀ အသီးသီးရှိကြကြောင်းလည်း ဖော်ပြထားသည်။

ဗဂျိုနိုင်းနိုင်ငံ၏ ပျမ်းမျဝင်ငွေသည် ၁၉၈၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုကို ကျော်လွန်သွားသော်လည်း နောက်ပိုင်းတွင် ဗဂျိုနိုင်းနိုင်ငံ၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှားယွင်းသဖြင့် နှစ်စဉ်ပျမ်းမျ တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၁၂,၄၀၀ သို့ လျော့ကျသွားသည်ဟု ရှင်းပြထားသည်။ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် စစ်ဒဏ်ခံ အာဖဂန်နစ္စတန်နှင့် အန်ဂိုလာတို့ကဲ့သို့သော နိုင်ငံအများအပြား၏ ကိန်းဂဏန်းများကိုမူ ဖော်ပြထားခြင်း မရှိချေ။ အာဖရိကတိုက် အနောက်ပိုင်းမှ ဘော်ဂီနာဖတ်ဆို နိုင်ငံ၏ နှစ်စဉ်ပျမ်းမျ တစ်ဦးချင်းဝင်ငွေသည် ဒေါ်လာ ၁၅၀ သာရှိသည်။ ကမ္ဘာ့ဘဏ်နှင့် သက်ဆိုင်မှုမရှိသောဆိုဗီယက်ပြည်ထောင်စုနှင့် စပ်လျဉ်း၍ ဖော်ပြထားခြင်း မရှိချေ။ တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ ပျမ်းမျ တစ်ဦးချင်းဝင်ငွေသည် ၁၉၈၅ ခုနှစ်က ဒေါ်လာ ၃၂၀ ရှိခဲ့ရာမှ ဒေါ်လာ ၃၀၁ သို့ ကျဆင်းသွားကြောင်း တွေ့ရှိရသည်။

မည့် စား သုံး သီး နှံ တန် ချိန် ၉ ဒသမ ၄ သန်း အနက် တန်ချိန် ၅ ဒသမ ၃ သန်းကို အမေရိကန်ပြည်ထောင်စုမှ ရရှိလိမ့်မည်ဟု အက်ဖ်အေအို့မှမျှော်လင့်ထားသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကမ္ဘာ့ စားနပ်ရိက္ခာအဖိအစဉ်အဖွဲ့၏ စုစုပေါင်းတန်ဖိုးအား ဖြင့် အ မေ ရိ ကန် ဒေါ် လာ ၁၇၃ ဒသမ ၂ သန်းဖိုးခန့်ရှိသည့် အရေးပေါ် စား နပ် ရိ က္ခာ ထောက်ပံ့ရေးကိစ္စ ၄၇ ခုကို အတည်ပြုပေးခဲ့သည်။ ယင်းအနက် အာဖရိကတိုက်တွင် ထောက်ပံ့ရေးကိစ္စ ၃၀ ခု၊ အာရှတိုက်တွင်ရှစ်ခု၊ အရှေ့အနီးပိုင်းဒေသတွင် လေးခုနှင့် လက်တင်အမေရိကဒေသ ကွင်းဝါးခုတို့ကို ဆောင်ရွက်ခဲ့ရသည်။

ကမ္ဘာ့သိုလှောင်ရိက္ခာအခြေအနေ

ကမ္ဘာ့ သိုလှောင်စားသုံးသီးနှံပမာဏသည် အတော် ကြီးမားစွာ ကျဆင်းလိမ့်မည်ဟု အက်ဖ်အေအို့ကခန့်မှန်းသည်။ ၁၉၈၈–၈၉ ခုနှစ် သီးနှံရာသီမျာ်းကုန်ဆုံးချိန်တွင် ကမ္ဘာ့စားသုံးသီးနှံမျာ်း လက် ကျန် သည် တန်ချိန် ၂၇၇ သန်းခန့်ရှိမည်ဖြစ်ရာ ၎င်းမှာစာရင်းဖွင့်လက်ကျန်အောက် တန်ချိန် ၁၁၉ သန်း၊ သို့မဟုတ် ၃၀ ရာခိုင်နှုန်း လျော့နည်းမည်ဟုတွက်ဆသည်။ ဤလက်ကျန် ခန့်မှန်းတန်ချိန် ၂၇၇ သန်းသည် ၁၉၈၉–၉၀ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး စားသုံးရန်လိုအပ်သော စားသုံးသီးနှံ အတိုင်းအတာ၏ ၁၆ ရာခိုင်နှုန်းသာရှိသည်။

၁၉၈၈ ခုနှစ်အတွက် ကမ္ဘာ့ စား သုံး သီး နှံ မျာ်း ၏ စာရင်းပိတ်လက်ကျန်မျာ်းသည် သီး နှံသုံး မျိုး လုံး တွင် ယ ခင် နှစ်က စာ ရင်း ပိတ် လက် ကျန် မျာ်း အောက် လျော့နည်းကျဆင်းမည်ဟုအက်ဖ်အေအို့က ခန့်မှန်းသည်။ ဂျုံသီးနှံတွင် ယခင်နှစ်က စာရင်းပိတ်လက်ကျန်အောက် ၁၈ ရာခိုင်နှုန်း၊ သီး နှံ ကြမ်း မျာ်း တွင် ရာခိုင်နှုန်း ၄၀ ကျော်နှင့် ဆန်စပါးတွင် ၉ ရာခိုင်နှုန်းလျော့နည်းမည်ဟု တွက် ဆ သည်။ ထိုကြောင့်လည်း ၁၉၈၉–၉၀ ခုနှစ်တွင် ကမ္ဘာ့ သီးနှံစားသုံးမှုကို ထိန်းသိမ်းနိုင်ရန်နှင့် စားနပ် ရိက္ခာ လုံခြုံစိတ်ချရစေခြင်းငှာ သိုလှောင်သီးနှံ ပမာဏကို အ နည်း ဆုံး လိုအပ်သည့်အတိုင်းအတာအထိ ပြန်လည် ဖြည့်တင်းနိုင်ရေးအတွက် ၁၉၈၉ ခုနှစ်တွင် သီးနှံတန်ချိန် ၂၂၅ သန်း၊ သို့မဟုတ် ၁၃ ရာခိုင်နှုန်းတိုးတက်ထုတ်လုပ်ရန်လိုအပ်ကြောင်း အက်ဖ်အေအို့က တင် ပြ ခဲ့ ခြင်း ဖြစ်သည်။ ဤသို့ ထုတ်လုပ်မှုတိုးတက်ရေးအတွက် စိုက်မြေဧရိယာတိုးချဲ့စိုက်ပျိုးရန်နှင့် ရာသီဥတု ပုံမှန်ကောင်းမွန်ရန် အထူးသဖြင့် အဓိကထုတ်လုပ်သော နိုင်ငံမျာ်းတွင် ကောင်းမွန်ရန် လိုအပ်မည်ဖြစ်ပေသည်။

ဦးထွန်းတင်

တတိယကမ္ဘာနိုင်ငံ အများအပြားတွင် ပျမ်းမျှ တစ်ဦးချင်းဝင်ငွေ တိုးတက်လျက်ရှိကြောင်းဖြင့် ကမ္ဘာ့ဘဏ် အစီရင်ခံစာ၌ ဖော်ပြထားသည်။ သို့ရာတွင် ဗိုလစ်ဗီးယား၊ အလယ်ပိုင်း အာဖရိက သမ္မတနိုင်ငံ၊ ဂါဗွန်၊ ဂူယာနာ၊ ဂင်းနီဗစ်ဆော၊ ဂမ်ဗီးယား၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်၊ မက်ဒါဂတ်စကား၊ နီကရာဂွာ၊ နိုင်ဂျီးရီးယား၊ တောင်အာဖရိကနိုင်ငံ၊ တန်ဇားနီးယားနှင့် ဇမ်ဘီးယားနိုင်ငံတို့အပါအဝင် အချို့ တတိယကမ္ဘာနိုင်ငံများ၌ ၁၉၇၄ ခုနှစ်မှစ၍ မှန်မှန် ကျဆင်းနေဆဲ ဖြစ်ကြောင်းဖြင့် ထောက်ပြထားသည်။

တစ်ဦးချင်း ဝင်ငွေနှင့် ပတ်သက်သည့် ကိန်းဂဏန်း အချက်အလက်များအပြင် အသက်ရှည်ရန် မျှော်လင့်နိုင်မှုကိုလည်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာ၌ တွေ့ရှိရသည်။ ဩစတြေးလျှနှင့် ပြင်သစ်နိုင်ငံတို့မှ မွေးကင်းစ ကလေးသူငယ်တို့၏ အသက်ရှည်ရန် မျှော်လင့်နိုင်မှုသည် ၇၀ နှစ်ရှိသည်။ စပိန်၊ ဆွစ်ဇာလန်၊ ဒတ်ချ်၊ နော်ဝေး၊ ဆွီဒင်နှင့် အိုက်စလန် နိုင်ငံတို့၌ ၇၇ နှစ် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၌မူ ၇၆ နှစ် ဖြစ်သည်။

ငွေချေးငှားခြင်း

ကမ္ဘာ့ဘဏ်၏ငွေချေးငှားခြင်းလုပ်ငန်းများသည် ယခင်သမားရိုးကျချေးငှားသည့် ပုံစံဖြစ်သော လုပ်ငန်းစီမံကိန်းများအတွက် ချေးငှားခြင်းမှ ကဏ္ဍအလိုက် သို့မဟုတ် ကျယ်ပြန့်သောအပိုင်းကိုအခြေခံ၍ ပြောင်းလဲလာခဲ့သည်။ လမ်းဖောက်ခြင်းကဲ့သို့ သီးခြား လုပ်ငန်းများ အစား လယ်ယာထွက်ကုန် စျေးနှုန်းမူဝါဒ ပြုပြင်ပြောင်းလဲရန် သို့မဟုတ် နိုင်ငံသုံးငွေကို နိုင်ငံတကာ စျေးကွက်နှင့် လိုက်လျော ညီထွေရှိအောင် တန်ဖိုးချရန် သက်ဆိုင်ရာ အစိုးရက ကတိပြုသည့်အခါ ကမ္ဘာ့ဘဏ်က ချေးငွေထုတ်ပေးသည်။

ကမ္ဘာ့ဘဏ်သည် လိုအပ်သည့် ငွေကြေးများကို ပြင်ပငွေကြေးစျေးကွက်မှ ချေးယူပေသည်။ ယခုအခါ ကမ္ဘာ့ဘဏ်တွင် မတည်ရင်းနှီးငွေဒေါ်လာ သန်းပေါင်း ၇၅,၀၀၀ ရှိသည်ဆိုသော်လည်း အမှန်အားဖြင့် အဖွဲ့ဝင်နိုင်ငံအစိုးရများထံမှဒေါ်လာသန်းပေါင်း ၇၀၀၀ သာ ရရှိထားသည်။ ကျန်ငွေမှာ အစိုးရများက ထည့်ဝင်ရန် ကတိပြုထားသော ငွေများသာ ဖြစ်ပေသည်။ ထို့ကြောင့် အစိုးရများ အနေဖြင့် ကမ္ဘာ့ဘဏ်၏ လုပ်ငန်း တိုးချဲ့နိုင်စေရန် ပူးပေါင်းဆောင်ရွက်လိုလျှင် ယင်းတို့၏ ရသုံးမှန်းခြေ ငွေစာရင်း (ဘတ်ဂျက်)မှ အနည်းငယ်သာ စိုက်ထုတ်ကာ ဆောင်ရွက်နိုင်ကြပေသည်။

ယခုအချိန်ထိ ကမ္ဘာ့ဘဏ်သည် နိုင်ငံတကာငွေကြေးစျေးကွက်တွင် နာမည်ပျက်မရှိ ယုံကြည်စိတ်ချမှု ခံယူရသောအဖွဲ့အစည်းအဖြစ် တည်ရှိနေပေရာ ငွေကြေးစျေးကွက်တွင် အခြားသော အစိုးရများထက် အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးယူနိုင်လျက်ရှိသည်။ သို့ရာတွင် ကမ္ဘာ့ဘဏ်မှ ငွေချေးယူထားသည့် အချို့သော နိုင်ငံများသည် ပြန်လည်ပေးဆပ်ရန် ပျက်ကွက် နေကြသည်။ ပထမဆုံး နိုင်ငံအနေဖြင့် နီကရာဂွာ နိုင်ငံသည် ၁၉၇၄ ခုနှစ်တွင် ပေးဆပ်ရန် စတင်ပျက် ကွက်ခဲ့သည်။ ထို့နောက် ဆီးရီးယား၊ ဂိုင်ယာနာ၊ လစ်ဗျန့်နှင့် ဇမ်ဘီးယားနိုင်ငံတို့က လည်း ကမ္ဘာ့ဘဏ်သို့ ပေးဆပ်ရန် ပျက်ကွက်ခဲ့ကြသည်။ အထက်ပါနိုင်ငံများက ချေးယူထားမှုများသည် ပမာဏအားဖြင့် နည်းပါးကြသော်လည်း ပျက်ကွက်သည့် နိုင်ငံအရေအတွက်တိုးလာနေခြင်းမှာ စိုးရိမ်ဖွယ်ဖြစ်နေသည်ဟု ဆိုပေသည်။

မျက်မှောက် ကာလတွင် ကမ္ဘာ့ဘဏ်က နှစ်စဉ် ဒေါ်လာ သန်းပေါင်း ၁၇,၀၀၀ ထုတ်ချေးလျက်ရှိရာ ဆင်းရဲသော နိုင်ငံများတွင် လူနေမှုအဆင့် မြှင့်တင်ရေးအတွက် အထောက်အပံ့များတွင် အများဆုံး အထောက်အပံ့ဖြစ်သည်။ ပေးရန်လျာထားသောချေးငွေများအနက် ဒေါ်လာသန်းပေါင်း ၅၀၀၀ ကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများအား ပေးမည်ဟု ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဘာဘာ ကွန်နေဘယ်က ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ ကမ္ဘာ့ဘဏ်က ၁၉၉၂ ခုနှစ်မှစ၍ နှစ်စဉ် ဒေါ်လာ သန်းပေါင်း ၂၅,၀၀၀ ချေးငှားမည်ဟုလည်း ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့

ကမ္ဘာ့ဘဏ်၏ညီအစ်မအဖွဲ့အစည်းတစ်ရပ်ဟု တင်စားခေါ်ဝေါ်ခြင်းခံရသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၏ အဓိကရည်ရွယ်ချက်များတွင် နိုင်ငံတကာ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာ ကုန်သွယ်မှုတိုးချဲ့ရေးကို မြှင့်တင်အားပေးရန် အချက်တို့ပါဝင်ပေသည်။ ထို့ပြင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြင်ပငွေပေးငွေယူ ရှင်းတမ်း အခြေအနေပြေလည်ခြင်းမရှိပါက ယင်းနိုင်ငံ၏ စီးပွားရေးအခြေအနေကို မထိခိုက်စေဘဲ ပြုပြင်ဆောင်ရွက် နိုင်စေရေးအတွက် အိုင်အမ်အက်ဖ်က ငွေထုတ်ချေးကူညီလျက်ရှိသည်။

အိုင်အမ်အက်ဖ်တွင် အဖွဲ့ဝင် နိုင်ငံ ၁၅၁ နိုင်ငံရှိ၍ ဗဟုဇာတိနှင့် အာဂျင်တီးနားနိုင်ငံတို့ကဲ့သို့ ကြွေးထူနိုင်ငံများသို့ အများဆုံး ထုတ်ချေးခဲ့သည်။

အိုင်အမ်အက်ဖ်၏ ၁၉၈၈ ခုနှစ် မေလထုတ် နိုင်ငံတကာငွေကြေးစာရင်းများ(အိုင်အက်ဖ်အက်စ်)အရ ၁၉၈၇

ခုနှစ်အတွင်း ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ငွေကြေးဖောင်းပွမှုနှုန်း ထောင်တက်လာသည်ဟု သိရသည်။

ကမ္ဘာ့အနောက်ခြမ်းဒေသ၏ စားသုံးကုန်ဈေးနှုန်းမှာ ၁၉၀၆ ခုနှစ်တွင် ဂ၂ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၀၇ ခုနှစ်၌ ၁၁ဂ ဒသမ ၇ ရာခိုင်နှုန်းအထိ တက်လာခဲ့သည်။ ဤသို့တက်ရခြင်းမှာ ဒေသအတွင်းရှိ အဓိက သုံးနိုင်ငံကြောင့်ဟု ဆိုသည်။ စားကုန်ဈေးနှုန်းကို ၁၉၀၆ ခုနှစ်နှင့် ၁၉၀၇ ခုနှစ်တို့ကို နှိုင်းယှဉ်ပါက ဗဟာဇီးသည် ၁၄၅ ဒသမ ၂ မှ ၂၂၉ ဒသမ ၇ သို့လည်းကောင်း၊ မက္ကဆီကိုသည် ဂ၆ ဒသမ ၂ မှ ၁၃၁ ဒသမ ဂ သို့လည်းကောင်း၊ အာဂျင်တီးနားသည် ၉၀ ဒသမ ၃ မှ ၁၃၁ ဒသမ ၃ သို့လည်းကောင်း တက်ခဲ့ကာ အနောက်ခြမ်း ဒေသ၏ ငွေဖောင်းပွနှုန်းကို ပို၍တွန်းအားပေးခဲ့သည်။

ထို့အတူပင် ဟွန်ဒူရပ်က ၂ ဒသမ ၅ မှ ၄ ဒသမ ၄ ပါရာဂွေးက ၂၁ ဒသမ ဂ မှ ၃၁ ဒသမ ၇၊ ဥရုဂွေးက ၆၃ ဒသမ ၆ မှ ၇၆ ဒသမ ၄၊ ဗိုလီးဗီးယားက ၁၅ မှ ၂၇၆ ဂ၁ တီမာလာက ၁၂ ဒသမ ၃ မှ ၃၆ ဒသမ ၉၊ ဂျမေကာက ၆ ဒသမ ၇ မှ ၁၅ ဒသမ ၁ သို့ ရာခိုင်နှုန်းအား ဖြင့် အသီးသီးတက်ခဲ့သည်။ ဂရင်နေဒါနှင့် ဟေတီ နိုင်ငံတို့သာ ၁၉၀၇ ခုနှစ်၌ စားသုံးကုန်ဈေးနှုန်း သုည ဒသမ ၉ နှင့် ၁၁ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးဖြင့် ကျဆင်းခဲ့သည်။

အာရှဒေသ၌လည်း စားသုံးကုန် ဈေးနှုန်းမှာ ၁၉၀၇ ခုနှစ်တွင် ၆ ဒသမ ၉ ရာခိုင်နှုန်းအထိ ပျမ်းမျှတက်လာသည်။ ၁၉၀၆ ခုနှစ်ရှိ ၅ ဒသမ ၄ ရာခိုင်နှုန်းထက်များသော်လည်း ၁၉၀၅ မှ ၇ ဒသမ ဂ ရာခိုင်နှုန်းထက်မူနည်းသည်။ မြန်မာနိုင်ငံတွင် ၁၉၀၆ ခုနှစ်၌ ၉ ဒသမ ၂ သာ တက်ခဲ့ရာမှ ၁၉၀၇ ခုနှစ်တွင် ၂၃ ရာခိုင်နှုန်းအထိ တက်ခဲ့သည်။ အင်ဒိုနီးရှားတွင် ၅ ဒသမ ဂ မှ ၉ ဒသမ ၃ သို့ တက်ခဲ့သည်။ သီရိလင်္ကာနှင့် အနောက်ဆာမိုအာ ဒေသတို့သာ ဂ မှ ၇ ဒသမ ၇၊ ၅ ဒသမ ၇ မှ ၄ ဒသမ ၆ ရာခိုင်နှုန်းအသီးသီးဖြင့် စားသုံးကုန် ဈေးနှုန်းကျဆင်းခဲ့သည်။

အာဖရိက အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တစ်နှစ်လုံးအတွက် စာရင်းများကိုမူ အိုင်အက်ဖ်အက်စ်၌ မရသေးကြောင်း ဖော်ပြထားသည်။ ရသမျှစာရင်းများနှင့် ချိန်ထိုးကြည့်ပါက အရှေ့အလယ်ပိုင်းဒေသတွင် ၁၉၀၇ ခုနှစ် ပထမ ကိုးလပတ် စာရင်းအရ စားသုံးကုန်ဈေးနှုန်းပျမ်းမျှ ၇ ဒသမ ၆ ရာခိုင်နှုန်း တက်ခဲ့သည်။ ၁၉၀၆ ခုနှစ် ထိုအချိန်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်းသာ တက်ခဲ့သည်။ ၁၉၀၇ ခုနှစ် နှစ်ဝက် စာရင်းများအရဆိုပါက အာဖရိကသည် ကိုး ရာခိုင်နှုန်းမှ ၁၉၀၈ ခုနှစ်တွင် ၁၄ ဒသမ ၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဥရောပ ဖွံ့ဖြိုးဆဲ နိုင်ငံများမှာ ၃၄ ဒသမ ၄ ရာခိုင်နှုန်းမှ ၃၅ ဒသမ ၄ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး တက်လာကြောင်း ဖော်ပြထားပါသည်။

နှစ်ပတ်လည်ပူးတွဲအစည်းအဝေး

ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) တို့၏ နှစ်ပတ်လည် ပူးတွဲအစည်းအဝေးကို ၁၉၀၈ ခုနှစ် စက်တင်ဘာလတွင်အနောက်ဘာလင်မြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေး ကျင်းပနေစဉ် ဖွံ့ဖြိုးဆဲ ၂၄ နိုင်ငံတို့မှ ဘဏ္ဍာရေးဝန်ကြီးများ၏ အစည်းအဝေး တစ်ရပ်ကိုလည်း ကျင်းပခဲ့သည်။ အဆိုပါဖွံ့ဖြိုးဆဲ ၂၄ နိုင်ငံတို့တွင် ဆင်းရဲမွဲတေမှု၊ နိုင်ငံရေးမတည်ငြိမ်မှုတို့ ကြုံတွေ့ရခြင်း၏ အကြောင်းရင်းဖြစ်သော ကြွေးမြီဒေါ်လာ ၁ ဒသမ ၂ ထရီလီယံ ဝန်ထုပ်ဝန်ပိုးလျော့ကျ သက်သာရေးအတွက် တောင်းဆိုခဲ့ကြသည်။ လက်တင် အမေရိက နိုင်ငံ များရှိ ပြည်သူသန်း ၄၀၀ ကျော်အနက် ၄၀ ရာခိုင်နှုန်းသည် ဆင်းရဲမွဲတေမှုနှင့် ကြုံတွေ့နေရသည်ဟု ဆိုသည်။ ၂၄ နိုင်ငံအုပ်စုသည် လွန်ခဲ့သော ငါးနှစ်မှစ၍ ကြွေးမြီပြန်လည်ပေးဆပ်ရေးကာလ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့လင့်ကစား ကြွေးမြီသစ်များ ထပ်မံရရှိရေးအတွက် မည်သို့မျှ ထူးထူးခြားခြား ဖြစ်ပေါ်လာခြင်း မရှိခဲ့။ ၁၉၀၇ ခုနှစ်က ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်တို့အား အဆိုပါ နိုင်ငံတို့က ပေးဆပ်ခဲ့ရသည့်ငွေပမာဏသည် ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်က ထုတ်ချေးခဲ့သည့်ငွေထက် ဒေါ်လာသန်းပေါင်း ၅,၅၀၀ မျှ ပိုမိုခဲ့သည်။

ကမ္ဘာ့ဘဏ်နှင့် အိုင်အမ်အက်ဖ်တို့၏ ပူးတွဲ အစည်းအဝေးတွင် အကြွေးတင် အစိုးရများ အတွက် နောက်ထပ်ချေးငွေသစ်များရရှိရန် နည်းလမ်းတစ်ရပ်ကို အိုင်အမ်အက်ဖ်က တင်ပြခဲ့သည်။ ချေးငွေ အများအပြားသည် နေ့စဉ် ပြောင်းလဲနေသော အတိုးနှုန်းများဖြင့် ချေးငှားထားခြင်း ဖြစ်သောကြောင့် အတိုးနှုန်းများ တက်လာသည့်အခါ ငွေချေးယူသည့် နိုင်ငံများအဖို့ ပိုမိုဝန်ပိလာတတ်သည်။ အကယ်၍ နိုင်ငံတစ်နိုင်ငံသည် နှုန်းရှင်တစ်ရပ်ဖြင့် ငွေဒေါ်လာ သန်းပေါင်း ၅၀,၀၀၀ ချေးယူထားလျှင် နှစ်စဉ်အတိုးနှုန်းက တစ်ရာခိုင်နှုန်း တိုးလာသည့်အခါတိုင်း တစ်နှစ်လျှင် ဒေါ်လာ သန်း ၅၀၀ အပိုပေးရမည့် သဘောရှိသည်။ အပိုအလိုည့ နှစ်ဘက်ပြ ဘဏ္ဍာရေးအစီအစဉ် (စီစီအက်ဖ်အက်ဖ်)ကို အိုင်အမ်အက်ဖ်ကကြေညာခဲ့သည်။ ငွေချေးသော နိုင်ငံသည် အိုင်အမ်အက်ဖ်၏ အခြေအနေသတ်မှတ်ချက်များကို လက်ခံလျှင်ရန်ပုံငွေ အဖွဲ့သို့ထည့်ဝင်ထားသော ငွေကြေး ပမာဏ၏ ၃၅ ရာခိုင်နှုန်းထိ ချေးယူနိုင်မည်ဖြစ်သည်။ စီစီအက်ဖ်အက်ဖ်သည် ကြွေးဟောင်း

များအပေါ် မမျှော်လင့်ဘဲ အတိုးနှုန်းများ ပိုမိုမြင့်တက်ခြင်းကြောင့် မြီစားနိုင်ငံများ၌ ထိခိုက်လာလျှင် ထပ်မံ၍ ငွေထုတ်ချေးမည့် အစီအစဉ် ဖြစ်သည်။

ကမ္ဘာ့ယဉ်ကျေးမှုဖွံ့ဖြိုးရေး ဆယ်စုနှစ်။ ။၁၉၇၂ ခုနှစ်တွင် မက္ကဆီကိုမြို့တော်၌ ကျင်းပသော ကမ္ဘာ့ယဉ်ကျေးမှု မူဝါဒများဆိုင်ရာ ညီလာခံက အဆိုပြုခဲ့ပြီး၊ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ဂ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြု ကြေညာ ပေးခဲ့သော ကမ္ဘာ့ယဉ်ကျေးမှုဖွံ့ဖြိုးရေး ဆယ်စုနှစ်သည် ၁၉၇၈ ခုနှစ်တွင် စတင်၍ ၁၉၈၇ ခုနှစ်တွင် ပြီးဆုံးမည် ဖြစ်သည်။ တတိယ ထောင်စုနှစ် စခါနီးတွင် ယင်းဆယ်စုနှစ် ကုန်ဆုံးမည်ဟု ဆိုနိုင်သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန် နောက်ပိုင်းတွင် အစဉ်တစိုက်ကျင့်သုံးလာခဲ့သော ဖွံ့ဖြိုးရေး မဟာဗျူဟာများကြောင့် အမြစ်တွယ်လာသည့် အခက်အခဲများကို ကျော်လွှားရန် ကမ္ဘာ့ယဉ်ကျေးမှု ဖွံ့ဖြိုးရေးဆယ်စုနှစ်ကို သတ်မှတ်ရခြင်းဖြစ်သည်။ ရှေးဦးစွာ သတ်မှတ်ခဲ့သော အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဆယ်စုနှစ် နှစ်စု၏ အကျိုးရလဒ်များတွင် တိုးတက်မှုနှင့် အောင်မြင်မှုများရှိသော်လည်း ဖွံ့ဖြိုးရေးဟူသော ဝိဘာဂ၏ နယ်နိမိတ်သည် အခြေခံအားဖြင့် အရေအတွက်နှင့် ရုပ်ဝတ္ထုပိုင်း တိုးတက်ပွားများမှုပေါ် ၌သာ တည်နေသည်ကို အထင်အရှားတွေ့ရှိနိုင်ပေသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၁– စာ၊ ၅၁ — ရှု။)


ဤသို့အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဆယ်စုနှစ် မဟာဗျူဟာနှင့် အကျိုးရလဒ်တို့ကို ဆင်ခြင်သုံးသပ်မိသည့် အလျောက် ၁၉၇၀ ပြည့်နှစ် နောက်ပိုင်းတွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၏ စည်းရုံးမှုနှင့် ကူညီပံ့ပိုးမှုဖြင့် ယဉ်ကျေးမှု မူဝါဒဆိုင်ရာ အစိုးရပေါင်းစုံ အစည်းအဝေးများကို ကျင်းပနိုင်ခဲ့သည်။ ထိုမှတစ်ဆင့် ၁၉၇၂ ခုနှစ်တွင် မက္ကဆီကိုမြို့တော် ညီလာခံကို ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။ "ယဉ်ကျေးမှုဟူသည် လူသားတစ်ဦးချင်းစီ၏ ဘဝတွင်လည်းကောင်း၊ လူအဖွဲ့အစည်းတစ်ရပ်စီ၏ ဘဝတွင်လည်းကောင်း၊ အခြေခံကျသည့် အစိတ်အပိုင်း တစ်ရပ်အဖြစ် တည်ရှိမြဲ ဖြစ်သည်။ ဖွံ့ဖြိုးမှု၏ အန္တိမ ရည်မှန်းချက်သည် လူသားတွင် အခြေစိုက်ရမည်ဖြစ်၍ ကျယ်ဝန်း နက်ရှိုင်းသော ယဉ်ကျေးမှုနယ်ပယ်ကို ရှိစေရမည်" ဟူသော အယူအဆ တစ်ရပ်ကို မက္ကဆီကိုမြို့တော် ညီလာခံ၌ ယုံကြည်ချက် မြင့်မားစွာ တင်သွင်းခဲ့ပေသည်။

ကမ္ဘာ့ယဉ်ကျေးမှု ဖွံ့ဖြိုးရေး ဆယ်စုနှစ်၏ အဓိက ရည်မှန်းချက်နှစ်ရပ်သည် ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ကျယ်ဝန်း

နက်ရှိုင်းသော ယဉ်ကျေးမှုနယ်ပယ် ဖြစ်ထွန်းရေးကို ပိုမို၍ အလေးဂရုပြုရန်နှင့် ယေဘုယျအားဖြင့် ဖန်တီးမှု စွမ်းရည်များနှင့် ယဉ်ကျေးမှုဘဝကို အားသစ်လောင်းပေးရန်တို့ ဖြစ်ပေသည်။ ယင်းရည်မှန်းချက် နှစ်ရပ်သည် နှစ်ဆယ့်တစ်ရာစုနှစ်၏ နယ်နိမိတ်အစကို ပုံလောင်းပေးရာ၌ ပဓာနကျသည့် ကမ္ဘာ့ပြောင်းလဲမှုအရပ်ရပ်နှင့်အညီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးပေလိမ့်မည်။

ယဉ်ကျေးမှု ဖွံ့ဖြိုးရေးဟူသော အကြောင်းရပ်ကို ဆင်ခြင်သုံးသပ်မိရာမှ နောက်ဆုံးတွင် ယဉ်ကျေးမှု၏ အနက်အဓိပ္ပာယ်ကို သစ်လွင်စွာဖွင့်ဆိုသည့် အဖြစ်သို့ ရောက်ရှိသည်။ မက္ကဆီကိုမြို့တော်ညီလာခံ၌ ဖွင့်ဆိုကြည့်ခြင်းဖြစ်သည်။ အသိဉာဏ်ပညာဆိုင်ရာနှင့် အနုပညာဆိုင်ရာလုပ်ငန်းတွင် ဖွင့်ဆိုသည့်နည်းတူ ဖန်တီးနိုင်စွမ်း၏ အရေးပါပုံကို ပစ်ပယ်ခြင်း မပြုဘဲ ယဉ်ကျေးမှုဟူသော အယူအဆ၌ လူအမှုအရာဟန်ပန်များကိုသာမက ကိုယ်ရေးဘဝနှင့်ပတ်သက်၍ဖြစ်စေ၊ လူအဖွဲ့အစည်းနှင့် ပတ်သက်၍ ဖြစ်စေ၊ ပြင်ပလောက ဝန်းကျင်နှင့် ပတ်သက်၍ဖြစ်စေ လူသားတစ်ဦးချင်းစီ၏ ရှုမြင်ပုံတို့ကိုပါထည့်သွင်းခြင်းဖြင့် အဆိုပါ ယဉ်ကျေးမှုဟူသော အယူအဆကို ကျယ်ဝန်းလာစေရန် အရေးကြီးကြောင်းဖြင့် ညီလာခံ ကိုယ်စားလှယ်များက တွေးဆလာကြသည်။ ယင်းအယူအဆနှင့်အညီ လူအဖွဲ့အစည်းတစ်ရပ်၏ ယဉ်ကျေးမှုဘဝကို ရှုမြင်မှသာ ယင်းလူအဖွဲ့အစည်း၏ နေထိုင်ပုံနှင့် ဖြစ်တည်ပုံနည်းလမ်းအရ လည်းကောင်း၊ ယင်းလူအဖွဲ့အစည်း၏ သိမြင်မှတ်သားသော အရည်အသွေးနှင့် ပင်ကို သတ္တိအရ လည်းကောင်း၊ ယင်းလူအဖွဲ့အစည်း၏ အမှုအရာ ဟန်ပန်များ၊ တန်ဖိုးသတ်မှတ်ပုံ စနစ်များနှင့် ယုံကြည်သက်ဝင်မှုများအရလည်းကောင်း နားလည်နိုင်ပေမည်။

ကမ္ဘာ့ယဉ်ကျေးမှုဖွံ့ဖြိုးရေးဆယ်စုနှစ်၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ယူနက်စကိုသည် ၂၃ ကြိမ်မြောက် အထွေထွေ အစည်းအဝေး၏ မေတ္တာရပ်ခံချက်အရ အဖွဲ့ဝင်နိုင်ငံအသီးသီးနှင့် လည်းကောင်း၊ ကုလသမဂ္ဂယန္တရားရှိ အဖွဲ့အစည်း အရပ်ရပ်နှင့်လည်းကောင်း၊ အခြားသော နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ အစိုးရနှင့် မသက်ဆိုင်သော အဖွဲ့အစည်းများနှင့် လည်းကောင်း ဆွေးနွေးမှုများ စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ပေသည်။ ဤသို့ဖြင့် ယင်းဆယ်စုနှစ်အတွက် လုပ်ငန်းစီမံကိန်းတစ်ရပ် ချမှတ်နိုင်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များ ကုန်ဆုံးချိန်တွင် သိသာထင်ရှားသောအကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေမည့်ရေရှည်လုပ်ငန်းများအတွက် လမ်းညွှန်ချက်များကိုလည်း ယင်းစီမံကိန်းက ဖော်ညွှန်းထားသည်။



ကမ္ဘာ့ယဉ်ကျေးမှု နယ်ပယ်တွင် အနုပညာရှင်၏ ဖန်တီးနိုင်စွမ်းကို အဆင့်မြင့် အီလက်ထရွန်းနစ် ပညာနှင့်ပေါင်းစပ်၍ မြှင့်တင်နိုင်ပြီဖြစ်သည်။

ယင်းစီမံကိန်း၏ အဓိက ရည်မှန်းချက် လေးရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဖွံ့ဖြိုးမှုတွင်ကျယ်ဝန်းနက်ရှိုင်းသော ယဉ်ကျေးမှုနယ်ပယ် အကျုံးဝင်ကြောင်း အသိအမှတ်ပြုရန်၊

(ခ) ကိုယ်ပိုင်ယဉ်ကျေးမှု သွင်ပြင်လက္ခဏာများကို အခိုင်အမာပြသ၍ တိုးတက် ထွန်းကားစေရန်၊

(ဂ) ယဉ်ကျေးမှုဘဝတွင် ပါဝင်လှုပ်ရှားဆောင်ရွက်မှုကို တိုးခဲ့ရန်၊

(ဃ) ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်တို့ဖြစ်သည်။

စက်မှုထွန်းကားသော လူအဖွဲ့အစည်းတို့တွင် စစ်မှန်သောဖွံ့ဖြိုးမှုဟူသည် ပတ်ဝန်းကျင် စောင့်ရှောက် ထိန်းသိမ်းမှုနှင့်လည်းကောင်း၊ ဘဝအရည်အသွေး ပြုစုပျိုးမျှားမှုနှင့်လည်းကောင်း ဒွန်တွဲနေအပ်သည်ဟူ၍ လက်ခံထားပြီးဖြစ်သည်။ စွမ်းအား ပြုန်းတီးစေခြင်းသည် လူမှုဆက်ဆံရေးအရည်အချင်းကိုရော လူသား တစ်ဦးချင်းနှင့် လူအဖွဲ့အစည်း၏ဘဝအမူအရာတို့ကိုပါ ချည့်နဲ့ယိုယွင်းစေသည်ထိ အန္တရာယ်ပြုနိုင်ကြောင်းဖြင့် ယူဆ ထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တိုးတက်မှု၊ တရားမျှတမှုနှင့် သွေးစည်းညီညွတ်မှုတို့ကို သီးခြား ယဉ်ကျေးမှုတန်ဖိုးများနှင့် ပေါင်းစပ်ထားလိုသည့်ဆန္ဒသည် တစ်နေ့တခြား ထင်ရှားလာပြီဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ယဉ်ကျေးမှု ဖွံ့ဖြိုးရေးဆယ်စုနှစ်ကို သတ်မှတ်ခြင်းဖြစ်သည်။ ဤဆယ်စုနှစ်မှစ၍ သိပ္ပံနှင့်စက်မှုနည်းပညာတို့သည် ယဉ်ကျေးမှု ဖွံ့ဖြိုးရေး၏ အကြောင်းတရားဖြစ်သည်ဟု ခံယူ၍ ကျင့်သုံးရပေမည်။

ယဉ်ကျေးမှုသည် လူသား အကျိုးစီးပွား စည်ပင်ရေး၏ ကဏ္ဍတစ်ရပ်ဖြစ်ပြီး သိပ္ပံသည် နည်းပညာသက်သက်သာ ဖြစ်သည်ဟူ၍ သဘောထားကာ ယဉ်ကျေးမှုနှင့်သိပ္ပံပညာကို တစ်ကန့်စီခွဲခြားသော အယူအဆကိုစွန့်ပယ်ရန် အရေးကြီးသည်။ ယင်းအယူအဆအရ သိပ္ပံပညာသည် ကိုယ်ပိုင်ယဉ်ကျေးမှု သွင်ပြင်လက္ခဏာကို ထိပါးနှိုင်းသည်ဟု ထင်မြင်တတ်ကြပေသည်။ ဖွံ့ဖြိုးမှု နယ်နိမိတ်အသစ်တွင် သိပ္ပံနှင့်ယဉ်ကျေးမှုကို တန်းတူရည်တူပင်ဖြည့်ဆည်းသုံးရမည်ဖြစ်ကြောင်း သိသာထင်ရှားသည်။ ယင်းသို့ဖြည့်ဆည်းခြင်းသည် လူအဖွဲ့အစည်းအားလုံး တိုးတက်ရေးအတွက် သော့ချက်ဖြစ်သည်။

ကိုယ်ပိုင်ယဉ်ကျေးမှု သွင်ပြင်လက္ခဏာဟူသည် သက်ဆိုင်ရာ ဘာသာစကားအဖွဲ့အစည်း၊ ဒေသန္တရအဖွဲ့အစည်း၊ လူမျိုးအဖွဲ့အစည်းနှင့်လည်းကောင်း၊ ယင်းအဖွဲ့အစည်း၏ သီးခြားတန်ဖိုးများ (လူကျင့်ဝတ်ဆိုင်ရာ၊ ရသခံစားမှုဆိုင်ရာ စသည်)၊ ယင်းလူအဖွဲ့အစည်း၏ သမိုင်းစဉ်၊ ရိုးရာအစဉ်အလာ၊ ဓလေ့ထုံးစံများနှင့် ဘဝဟန်ပန်များ၊ လူအဖွဲ့အစည်းတစ်ရပ်လုံး၏ ကံကြမ္မာကို ကြုံတွေ့၊ ရင်ဆိုင်၊ ဝေမျှခံစား၊ ဖန်တီးပြောင်းလဲရာတွင် ဖြစ်ပေါ်လာသည့် ခံစားချက်များ စသည်တို့လည်း အကျုံးဝင်ပေသည်။ ယဉ်ကျေးမှုအမွေအနှစ်သည် ပန်းအနုပညာနှင့် ဗိသုကာပုံသဏ္ဌာန်ဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုနှင့် သဘာဝအရာအရေးပါသောအဆောက်အအုံနေရာ ပုံသဏ္ဌာန်ဖြင့်လည်းကောင်း ရှိနေတတ်သည်။ မည်သည့်ပုံသဏ္ဌာန်ဖြင့် ရှိနေစေကာမူ မြို့ပြဖွံ့ဖြိုးမှု၊ စက်မှုလုပ်ငန်းထွန်းကားမှုနှင့် ပတ်ဝန်းကျင်ညစ်ထေးမှု၊ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုတို့ကြောင့် လည်းကောင်း၊ လူစုလူဝေး အလည်အပတ်လာရောက်မှုကို ပရမ်းပတာ တိုးခဲ့ခွင့်ပြုမှုတို့ကြောင့် လည်းကောင်း ယဉ်ကျေးမှု အမွေအနှစ်တို့ ထိခိုက် ပျက်စီးနိုင်သည်။ ကိုယ်ပိုင်ယဉ်ကျေးမှု သွင်ပြင်လက္ခဏာကို ထုတ်ဖော်ပြသရာတွင် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်သည်။

ယဉ်ကျေးမှုအနုပညာကို ဖော်ထုတ် ဖန်တီးတင်ဆက်ရာတွင် ပုံသဏ္ဌာန်အများအပြား ပေါ် ထွန်းနေပြီဖြစ်သည်။ အစဉ်အလာပုံသဏ္ဌာန်များ (ပန်းပညာ၊ စာပေ၊ ဂီတ၊ သဘင်) နှင့်အပြိုင် ရုပ်ရှင်၊ ဓာတ်ပုံပညာ၊ ရုပ်ပြကာတွန်း၊ ရုပ်မြင်သံကြား၊ အသံသွင်းတိတ်ခွေဓာတ်ပြား စသည့် "လူထုအနုပညာပုံသဏ္ဌာန်များ" သည်လည်း လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်း သိသိသာသာတွင်ကျယ် ဖွံ့ဖြိုးလာပေသည်။ မကြာသေးခင်ကပင် ဗီဒီယိုအနုပညာ၊ ဟိုလိုဂရမ်ရုပ်လုံးကြွပုံဖော်ပညာ၊ ကွန်ပျူတာအကူအညီဖြင့် ဖန်တီးသော အနုပညာတို့ကဲ့သို့သော "စက်မှုနည်းပညာသုံးအနုပညာများ" လည်းပေါ်ထွန်းလာပြီဖြစ်သည်။ သို့ဖြစ်၍ "အနုပညာဆိုင်ရာ နိုင်ငံတကာနှစ်"ကို ကမ္ဘာ့ယဉ်ကျေးမှုဖွံ့ဖြိုးရေး ဆယ်စုနှစ်အတွင်းတွင်ပင် သတ်မှတ်ကျင်းပရန် ပြင်ဆင်လျက်ရှိပေသည်။ ဖန်တီးမှုစွမ်းရည်ပါသော အနုပညာပုံသဏ္ဌာန် အမျိုးမျိုး၏ အကြောင်းကိုလည်းကောင်း၊ အနုပညာတို့၏ အရေးကြီးပုံကိုလည်းကောင်း ကမ္ဘာ့လူမျိုးပေါင်းစုံ သိနားလည်စေရန် ယင်းနိုင်ငံတကာနှစ်တွင် လှုပ်ရှားဆောင်ရွက်သွားမည်ဖြစ်သည်။

ယဉ်ကျေးမှုသည် လူအဖွဲ့အစည်းတစ်ရပ်စီ၏ထုတ်ဖော်ကင်ပြပုံ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ယဉ်ကျေးမှု တန်ဖိုးတို့၏ သီးသန့်ကိုယ်ပိုင်သွင်ပြင်လက္ခဏာများကို သိနားလည်စေခြင်းဖြင့် နိုင်ငံတကာနားလည်မှု ခိုင်ခံ့စွာတည်ဆောက်နိုင်ရန် ထိထိရောက်ရောက်အကျိုးပြုနိုင်ပေသည်။ သို့ဖြစ်၍ ယဉ်ကျေးမှုသည် လူမျိုးအသီးသီးတို့အကြား အမြတ်

ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်လှုပ်ရှားနေသော အာမေးနီးယန်း ဆိုဗီယက် ဆိုရှယ်လစ် သမ္မတနိုင်ငံ ရုပ်သေးပညာရှင်အဖွဲ့တစ်ဖွဲ့





ကမ္ဘာ့ယဉ်ကျေးမှု ဆယ်စုနှစ်အစပျိုးချိန်တွင် လေဆာခေတ် ပြားများသည် ခေတ်စားစပြုနေပြီဖြစ်သည်။ ၄ ဒသမ ၇၂ လက်မအရွယ် လေဆာခေတ်ပြားထဲတွင် စံ စာမျက်နှာ ၂,၅၀,၀၀၀ ကို ထည့်သွင်းနိုင်သည်။

တိုးသုံးစွဲသော ဆက်သွယ်ရေးကိရိယာတစ်မျိုး ဖြစ်နေပေပြီ။ သွေးစည်းညီညွတ်မှု အသွင်သစ်သို့ ဦး တည် သည့် ယဉ်ကျေးမှုပေါင်းစုံ နှီးနှောဖလှယ်မှုကို ယဉ်ကျေးမှုဆယ်စုနှစ်အတွင်း ပေါက်မြောက်အောင်မြင်စေရန် အောက်ပါ လုပ်ငန်းများကို ချမှတ်ထားသည်။

(၁) ဗဟုသုတ ဝေမျရေးကို အခြေခံ၍ ယဉ်ကျေးမှု ကွဲပြားခြားနားမှုကိုလည်း အသိအမှတ်ပြုသော ယဉ်ကျေးမှု အချင်းချင်း ဖလှယ်မှု ပြုရေးကို နှီးဆော်ရန်၊

(၂) ယဉ်ကျေးမှုအားလုံး အထူးသဖြင့် လူသိနည်းသော ယဉ်ကျေးမှုများ၏ အကြောင်းကို ပိုမို ကောင်းမွန်စွာ သိ ရှိ နား လည် စေ ရေး နှင့် နှစ်သက် မြတ်နိုး တန်ဖိုးထားစေရေးတို့အတွက် သမိုင်းစာအုပ်များကိုပြင်ဆင်ပြုစုရန်၊

(၃) ယဉ် ကျေး မှု အ မျိုး မျိုး နှင့် ဖွင့် ဟ တင်ပြပုံ ပုံသဏ္ဌာန်အမျိုးမျိုးတို့၏ အနက်အဓိပ္ပာယ်ကို ကလေးသူငယ် လူငယ်လူရွယ်တို့ တန်ဖိုးထား နားလည်စေရေးအတွက် သင်ကြားပို့ချနည်း များနှင့် သင်ရိုးအကြောင်းရပ်များကို အကျဉ်း ချုပ်ပြုစုရန်တို့ ဖြစ်ပေသည်။

ကျော်ဆန်း၊ ဦး (ကာတွန်း) (ခရစ် ၁၉၂၅–၁၉၈၈) ။ ။မြန်မာနိုင်ငံ လွတ်လပ်ရေးခေတ်ဦး အချိန်ခန့်မှ စတင် လူသိများ ထင်ရှားလာခဲ့သော နာမည်ကျော် ကာတွန်းဆရာ ဦးကျော်ဆန်းကို ၁၉၂၅ ခုနှစ် မေလ ၁၂ ရက်နေ့တွင် ထားဝယ်မြို့၌ အဖ မီးပုံးပံ့ ဦးကျော်ရင်၊ အမိ ဒေါ်မမ တို့က မွေးဖွားသည်။

ဦးကျော်ဆန်းသည် ငယ်စဉ်က ထားဝယ် အမျိုးသား ကျောင်းတွင် စတင်ပညာသင်ကြားပြီး ထားဝယ် အစိုးရ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ ပညာသင်ယူသည်။ ကျောင်းသားဘဝတွင် ၁၃၀၀ ပြည့် အရေးတော်ပုံနှင့် ကြုံခဲ့ရပြီး ထားဝယ်ခရိုင် ကျောင်းသားသမဂ္ဂ အတွင်းရေး မှူးနှင့် သမဂ္ဂသံမဏိတပ် ဒုတိယတပ်မှူးအဖြစ် တာဝန်ယူ ခဲ့သည်။ ကျောင်းမဂ္ဂဇင်းတွင် အယ်ဒီတာ အဖွဲဝင်နှင့် ပန်းချီတာဝန်ခံအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ် ဖြစ်လာသောအခါ ထား ဝယ် သို့ ရောက်လာသော ဘီ - အိုင် - အေ တပ်သို့ဝင်ကာ အင်္ဂလိပ် တပ်မျာ်းကို မြစ်ကြီးနားဘက်အထိ ချီတက် တိုက်ခိုက်ခဲ့ သည်။ ဘီ - ဒီ - အေ ခေတ်၌ မင်္ဂလာဒုံ စတုတ္ထပတ် ဗိုလ်သင်တန်း တက်ခဲ့ပြီး ဖက်ဆစ် တော်လှန်ရေးတွင် ဒု - ဗိုလ်အဆင့်ဖြင့် ပါဝင်ဆင်နွှဲခဲ့သည်။

ဒုတိယ ကမ္ဘာစစ် အပြီး၌ ရန်ကုန် တက္ကသိုလ်တွင် ဆက်လက် ပညာ သင်ယူသည်။ တက္ကသိုလ်တွင်လည်း ကျောင်းသားခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။ တက္ကသိုလ် နေစဉ် ဗမာ့ခေတ်သတင်းစာ ကော်လံစား သတင်းထောက် အဖြစ် စတင်လုပ်ကိုင်သည်။ ဗမာ့ခေတ်တွင် ကာတွန်း များကိုလည်း ရေးဆွဲခဲ့သည်။ ကလောင်အမည် အမျိုးမျိုး နှင့် စာများလည်း ရေးခဲ့သည်။ ကာတွန်းဆွဲရာတွင်လည်း နာမည်ပွားများရှိ၍ နောက်ပိုင်းတွင် 'က - ဆ' ဟု လက်မှတ် ထိုးလေ့ရှိပြီး သတင်းစာ များစွာတွင် ကာတွန်းများ ရေးဆွဲခဲ့သည်။

ဦးကျော်ဆန်းသည် မြန်မာ့အလင်း သတင်းစာတွင် တာဝန်ခံ ညအယ်ဒီတာ၊ လမ်းစဉ်သတင်း ဂျာနယ်တွင် တာဝန်ခံ အယ်ဒီတာ အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် လမ်းစဉ်သတင်းဂျာနယ်မှ မိမိဆန္ဒအရ နုတ်ထွက်ခဲ့ပြီး 'သူရိန်' အပတ်စဉ်နှင့် 'ရွှေကြာ' လစဉ် ကာတွန်းစာစောင်များကို ကိုယ်ပိုင်ထုတ်ဝေခဲ့သည်။

၁၉၅၈ ခုနှစ်ခန့်ကဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံ ကာတွန်း ဆရာများအသင်းတွင် ဦးကျော်ဆန်းသည် ဒုတိယဥက္ကဋ္ဌဖြစ် ခဲ့သည်။ လမ်းမတော် ၁၃ လမ်းတွင် ကာတွန်းဆရာကြီး ဦးဘဂျမ်းအား နှစ်စဉ်ဂုဏ်ပြု ကျင်းပသော တန်ဆောင်တိုင် ကာတွန်း မီးထွန်းပွဲနှင့် ကာတွန်း ပြိုင်ပွဲများတွင်လည်း ကွယ်လွန်ချိန်အထိ ပါဝင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ



ကာတွန်း ဦးကျော်ဆန်း (က – ဆ)

ပန်းချီပန်းပုကောင်စီ (ဗဟိုဌာနချုပ်) တွင် ဦးကျော်ဆန်း အတွင်းရေးမှူး အဖြစ် ဆောင်ရွက်စဉ် ကာတွန်းပြပွဲနှင့် စာတမ်းတင် နှီးနှောပွဲများကို ကျင်းပနိုင်ခဲ့သည်။

ဦးကျော်ဆန်းသည် ၁၉၇၀ ပြည့်နှစ်မှစ၍ သင်္ဃန်းကျွန်း မြို့နယ် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ထားဝယ် အသင်းကြီးတွင် အတွင်းရေးမှူး အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဦးကျော်ဆန်း၏ ဇနီးမှာဒေါ်စန်းစန်းဖြစ်ပြီး မြန်မာ့အလင်းသတင်းစာတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်နေစဉ် လက်ထပ်ခဲ့ခြင်းဖြစ်သည်။ ဦးကျော်ဆန်းသည် ၁၉၇၂ ခုနှစ်၌ လှတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ၁၉၈၄ ခုနှစ်၌ နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ချီးမြှင့်ခြင်း ခံရသည်။

နိုင်ငံ့အကျိုးအတွက် တစ်တပ်တစ်အား ဆောင်ရွက်ခဲ့သော ကာတွန်းဦးကျော်ဆန်းသည် ၁၉၈၈ ခုနှစ် မတ်လ ၈ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။

ကွေးလ်, ဒန် (ခရစ်နှစ် ၁၉၄၇ –)။ ။ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီးနောက်ပိုင်းတွင် မွေးဖွားလာသော မျိုးဆက်သစ်ထဲမှ အမေရိကန်ပြည်ထောင်စု ဒုတိယ သမ္မတအဖြစ် ပထမဆုံး တာဝန်အပ်နှင်းခံရသူ ဒန် ကွေးလ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု အင်ဒီယားနားပြည်နယ် အင်ဒီယားနားပိုလစ်မြို့၌ မွေးဖွားခဲ့သည်။ မွေးချင်းလေးယောက် အနက် အကြီးဆုံးဖြစ်သည်။ အဘိုးဖြစ်သူ ယူဂျင်းစီ ပူလီယံသည် သတင်းစာ လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သည်။ ဦးရီးဖြစ်သူ ယူဂျင်းအက်စ် ပူလီယံသည် လက်ရှိ အင်ဒီယားနားပိုလစ် စတားသတင်းစာ၏ ထုတ်ဝေသူဖြစ်သည်။ ကွေးလ်၏ဖခင် ဂျိမ်းစ် ပိုင်ဆိုင်ထုတ်ဝေနေသော သတင်းစာ တိုက်သည် ဟန်တင်တန်ဟာရဲလ်ဒ်ပရက်စ် ဖြစ်သည်။ ကွေးလ်သည် ဟန်တင်တန်အထက်တန်းကျောင်းမှ အောင်မြင်ပြီးနောက်

တက္ကသိုလ်ပညာ ဆည်းပူးရင်း ၁၉၆၅ ခုနှစ်မှ ၁၉၆၉ ခုနှစ်ထိ ဟန်တင်တန်ဟာရဲလ်ဒ်ပရက်စ်သတင်းစာ၏ တရားခွင် သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။

ကွေးလ်သည် ၁၉၆၉ ခုနှစ်တွင် အင်ဒီယားနားပြည်နယ်ရင်း ကတ်ဆဲလ်မြို့ရှိ ဒီပေါတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ အထက်တန်းကျောင်းသားဘဝကပင် အားကစား ဝါသနာထုံခဲ့ရာ အထူးသဖြင့် ဂေါက်သီးအားကစားနည်း၌ ထူးချွန်သည်။ ဘွဲ့ရသောနှစ်တွင်ပင် အင်ဒီယားနားပြည်နယ် အမျိုးသားအစောင့်တပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး ပြန်ကြားရေးတာဝန်ခံအဖြစ် တာဝန်ယူခဲ့သည်။ ဥပဒေပညာညနေပိုင်းသင်တန်းကို တက်ရောက်၍ ဆက်လက်ပညာ ဆည်းပူးခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် တစ် တန်း တည်း တွင် ပ ညာ ဆည် းပူး နေ သူ မာရီလင် တပ်ကာနှင့်တွေ့ဆုံပြီး အိမ်ထောင်ပြုခဲ့သည်။

ကွေးလ်သည် ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၁ ခုနှစ်ထိ ကာလအတွင်း ပြည်နယ်ရွှေနေချုပ်ရုံး စားသုံးသူ ကာကွယ်ရေးဌာနတွင် အမှုထမ်းခဲ့သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၃ ခုနှစ်ထိ အင်ဒီယားနားပြည်နယ်အုပ်ချုပ်ရေးမှူး၏လက်ထောက်

အမေရိကန်ပြည်ထောင်စု ဒုတိယသမ္မတ ဒန်ကွေးလ်



အဖြစ် လည်းကောင်း၊ ၁၉၇၃ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိ ပြည်နယ်အခွန်တော်ရုံးတွင် ညွှန်ကြားရေးမှူး အဖြစ်လည်း ကောင်း ဆောင်ရွက်ခဲ့သည်။

ကွေးလ်သည် ၁၉၇၄ ခုနှစ်တွင် ဟန်တင်တန်မြို့၌ရှေနေ အဖြစ် အသက်မွေးသည်။ နောက်ပိုင်းတွင် ဖခင်၏သတင်း စာတိုက်၌ တဲဖက်ထုတ်ဝေသူနှင့် အထွေထွေမန်နေဂျာ အဖြစ် ဝင်ရောက်ဆောင်ရွက်သည်။ ၁၉၇၅ ခုနှစ်မှစ၍ ဟန်တင်တန်ကောလိပ်တွင် ကူးသန်းရောင်းဝယ်ရေးဥပဒေ ပညာကို သင်ကြား ပို့ချ ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် အောက်လ္ဒတ်တော် အမတ်အဖြစ် ၎ရွေးချယ် တင်မြှောက် ခံရသည်။ ၁၉၈၀ ပြည့်နှစ်တွင်အထက်လ္ဒတ်တော်အမတ် ဖြစ်လာသည်။

ကွေးလ်သည် အထက်လ္ဒတ်တော်တွင် လက်နက်ကိုင် တပ်ဖွဲ့များရေးရာကော်မတီတွင် လည်းကောင်း၊ အလုပ် သမားနှင့် လူအင်အား အရင်းအမြစ် ကော်မတီတွင် လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။ နေတိုးမဟာမိတ် တပ်ဖွဲ့ရေးရာကိစ္စများတွင် အထူးစိတ်ဝင်စားပြီး မဟာ ဗျူဟာ လက်နက်များရေးရာတွင် အထူး ကျွမ်းကျင်သူ အဖြစ် အသိအမှတ်ပြုခံရသည်။ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲရန်တိုက်တွန်းလေ့ရှိသော်လည်း ကာကွယ်ရေး လက်နက်ပစ္စည်းများထုတ်လုပ်ရေးတွင် ကန်ထရိုက်လုပ်ခွင့် ချပေးရာ၌ ဥပဒေစည်းမျဉ်းများ တင်းကျပ်စွာ ကြပ်မတ် ပေးစေလိုသည်။ ၁၉၈၄ ခုနှစ်က ကာကွယ်ရေး ဌာန၏ လက်နက်ပစ္စည်းဝယ်ယူမှု လုပ်ထုံးလုပ်နည်းများကို စုံစမ်း စစ်ဆေးရာတွင် ဦးဆောင်ခဲ့သည်။ မဟာဗျူဟာကာကွယ် ရေးရွေပြေးအစီအစဉ် (အက်စ်ဒီအိုင်) (ကြယ်တာရာ စစ်ပွဲစီမံကိန်း) ကို အစဉ်တစိုက်ထောက်ခံခဲ့သူဖြစ်သည်။

ခင်ကြည်၊ ဒေါ် (မဟာသီရိသုဓမ္မ) (ခရစ် ၁၉၁၂ –၁၉၈၈) ။ ။ အမျိုးသား ခေါင်းဆောင်ကြီးနှင့် တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်ကို မြောင်းမြမြို့၌ အဖ ဦးဖိုးညွှင်း၊ အမိ ဒေါ်ဖွားစုတို့က ၁၉၁၂ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်း ၁၀ ယောက်ရှိရာ တွင် အငယ်မမြောက်သမီးဖြစ်သည်။

ရန်ကုန်မြို့ ကြည့်မြင်တိုင် အောဘီအမ် မိန်းကလေး ကျောင်းတွင် စတင်ပညာဆည်းပူးခဲ့ပြီးနောက် မော်လ မြိုင်မြို့ မော်တင်လိန်း ဆရာအတတ် သင်ကျောင်း သို့ တက်ရောက်ခဲ့သည်။ ထို့နောက် မြောင်းမြမြို့ အမျိုးသား ကျောင်း၌ ဆရာမအဖြစ် နှစ်အနည်းငယ်ကြာ အမှုထမ်း ခဲ့ပြီး မိမိ၏ဗီဇပါရမီနှင့် ကိုက်ညီသော သူနာပြုဆရာမ အလုပ်ကို လုပ်ကိုင်နိုင်ရန် ရန်ကုန်ဆေးရုံကြီးနှင့် ဒပ်ဖရင်



မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်

ဆေးရုံတို့တွင် သူနာပြုဆရာမသင်တန်းများကို တက်ရောက် သင်ကြားခဲ့သည်။

သူနာပြုဆရာမသင်တန်းဆင်းပြီး ရှေးဦးစွာ ရန်ကုန် ဆေးရုံကြီး၌ သူနာပြုဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ထိုစဉ် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွား ခဲ့ရာ ကလကတ္တားသို့ လူနာအခြို့အား ပြောင်းရွှေ့ပေးသော အဖွဲ့၌ စေတနာဝန်ထမ်းပါဝင်ခဲ့ပြီး မြန်မာနိုင်ငံသို့ စစ်မီး မကူးမီ အိန္ဒိယမှ မြန်မာနိုင်ငံသို့ နောက်ဆုံးသင်္ဘောဖြင့် ပြန်လည်လိုက်ပါလာခဲ့သည်။

ဒေါ်ခင်ကြည်သည် ၁၉၄၂ ခုနှစ် စစ်ကြီးအတွင်း မြန်မာ နိုင်ငံ၌ ပထမဆုံးဆေးရုံကို ဖွင့်ခဲ့သော အဖွဲ့ဝင်တစ်ဦး အဖြစ် ရွှေတန်းမှ ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ယင်းကာလ မှာပင် သူနာပြုချုပ်အဖြစ်တာဝန်ထမ်းဆောင်နေစဉ် လူနာ အဖြစ် ဆေးရုံလာတက်သော ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံ မေတ္တာမျှခဲ့ပြီး ၁၉၄၂ ခုနှစ် တွင် ဗိုလ်ချုပ် အောင်ဆန်းနှင့် လက်ထပ် ထိမ်းမြားခဲ့သည်။ အောင်ဆန်း ဦး၊ အောင်ဆန်းလင်းနှင့် အောင်ဆန်းစုကြည် ဟူ၍ သား နှစ်ယောက် သမီးတစ်ယောက် ထွန်းကား ခဲ့သည်။ သမီးကလေးတစ်ယောက် ထပ်မံ ထွန်းကားခဲ့သေးသော်လည်း ငါးရက်မျှ ရသေးခြင်တွင် ကွယ်လွန်သွားခဲ့သည်။ သားလတ် အောင်ဆန်းလင်းမှာလည်း ၁၉၅၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ် အောင်ဆန်း လုပ်ကြံခံခဲ့ရပြီးနောက်တွင် ဒေါ်ခင်ကြည် သည် ခင်ပွန်းသည်ချမှတ်ခဲ့သော တိုင်းပြူပြည်ပြုလုပ်ငန်း များ၊ အမျိုးသားရေးရည်မှန်းချက်များကို ဆက်လက် ထိန်းသိမ်းခဲ့သည်။ ဒေါ်ခင်ကြည်အား တိုင်းပြည်အကျိုး ကိုရည်စူး၍ မြင့်မြတ်သောအကျင့်သိက္ခာ၊ ကိုယ်ကျိုးစွန့် လွှတ်မှုနှင့် ရိုးသားတည်ကြည်မှန်ကန်မှုတို့ကို အမြဲတစေ ဦးထိပ်ထားခဲ့သူအဖြစ် အများကအသိအမှတ်ပြုကြသည်။

ဒေါ်ခင်ကြည်သည် လူမှုရေးအဖွဲ့အစည်းများ၊ အများ

အကျိုးနှင့်ဆိုင်သော အပွဲအစည်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ရာ အမျိုးသမီးနှင့် ကလေးများစောင့်ရှောက်ရေးအဖွဲ့ ညွှန်ကြားရေးဝန် (၁၉၄၇–၁၉၅၃)၊ လူမှုရေးစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ (၁၉၅၃–၅၈)၊ ပြည်ထောင်စုမြန်မာနိုင်ငံ လူမှုဝန်ထမ်းကောင်စီဥက္ကဋ္ဌ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ ကလေးသူငယ်စောင့်ရှောက်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်သူနီတိနှင့် ကျန်းမာမှုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသမီးအသင်းများကောင်စီဥက္ကဋ္ဌ၊ ဒီမိုကရေစီသဘောတရား တိုးတက်ဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ၊ ရာမာခရစ်ရှိန၁ သာသနာပြုဆေးရုံနှင့် စာကြည့်တိုက်တွင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံမလမ်းပြအသင်း၏ မင်းကြီးချုပ်၊ မြန်မာနိုင်ငံသူနာတင်ကားတပ်ဖွဲ့တွင် အုပ်ချုပ်ရေးမှူး စသည်ဖြင့် လူမှုဝန်ထမ်းလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် သူနာပြုလုပ်ငန်းကို မွန်မြတ်သော လုပ်ငန်းအဖြစ် အများကစိတ်ဝင်စားစွာ ခံယူလာစေရန် ရှေးဦးစည်းရုံးခဲ့သူတစ်ဦးလည်းဖြစ်သည်။

ဒေါ် ခင်ကြည်သည် နိုင်ငံကို ကိုယ်စားပြု၍ ပြည်ပနိုင်ငံများသို့ လှည့်လည်သွားရောက်ခဲ့ရသည်။ ၁၉၄၉ ခုနှစ်တွင် နယူးဒေလီမြို့၌လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် ကိုလံဘိုမြို့၌လည်းကောင်း ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းများ၏ ဒေသဆိုင်ရာညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့ရပြီး ကိုလံဘိုမြို့၌ကျင်းပသော ညီလာခံတွင် သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၅၀၊ ၁၉၅၁ နှင့် ၁၉၅၂ ခုနှစ်တို့တွင် ဂျီနီဗာမြို့၌ ကျင်းပသော ကမ္ဘာ့ကျန်းမာရေးညီလာခံများသို့လည်း မြန်မာ ကိုယ်စားလှယ် အဖွဲ့ကို ဦးဆောင်တက်ရောက်ခဲ့သည်။ ထို့အပြင် အနောက်ဥရောပ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်စသော နိုင်ငံများသို့ နိုင်ငံ့တာဝန်နှင့် ခရီးလှည့်လည်ခဲ့သည်။

၁၉၅၉–၆၀ ပြည့်နှစ်များတွင် ပြည်ထောင်စုပါတီအတွက် စည်းရုံးရေးတာဝန်များကို ဖိဖိစီးစီး တာဝန်ယူဆောင်ရွက်ခဲ့သော်လည်း ဒေါ် ခင်ကြည်သည် မည်သည့်နေရာတွင်မျှ အရွေးချယ်ခံ ပါဝင်ခဲ့ခြင်းမရှိခဲ့ချေ။ ၁၉၆၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ဒေါ် ခင်ကြည်သည် ယနေ့အချိန်အထိ မြန်မာအမျိုးသမီးများထဲတွင် သံအမတ်ကြီးအဖြစ် တာဝန်ပေးခန့်အပ်ခံရသည့် တစ်ဦးတည်းသော အမျိုးသမီးဖြစ်သည်။ အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် ရုံး ထိုင် ၍ သံ အ မတ် ကြီး အ ဖြစ် ခု နစ် နှစ် တာ ထမ်းဆောင်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

ဒေါ် ခင်ကြည်သည် ၁၉၅၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုကအပ်နှင်းသော မြန်မာ့မိခင်ဘွဲ့ (Mother of Burma) ကိုလည်းကောင်း၊ ၁၉၅၁ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက အပ်နှင်းသော မဟာသီရိသုခမွှဘွဲ့ကိုလည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် ယူဂိုစလားဗီးယားနိုင်ငံက အပ်နှင်းသော ယူဂိုစလပ် ကြယ်ဘွဲ့တံဆိပ်နှင့် ထိုင်းနိုင်ငံက အပ်နှင်းသော ဘုရင့်မြင့်မြတ်သော ဘွဲ့တံဆိပ်ကိုလည်းကောင်း ရရှိခဲ့သည်။

အမျိုးသား ခေါင်းဆောင် ကြီး နှင့် တပ် မ တော် ၏ ဖခင်ကြီး ဗိုလ် ချုပ် အောင် ဆန်း ၏ဇနီး မဟာ သီရိသုခမွှဒေါ် ခင်ကြည်သည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားဖြစ်သူ ဦးအောင်ဆန်းဦးနှင့် သမီးဖြစ်သူ ဒေါ် အောင်ဆန်းစုကြည် (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး) တို့ကျန်ရစ်သည်။

ချိကုန်ပညာ။ ။ လူတစ်ယောက်၏ ခန္ဓာကိုယ်ကို စေ့ဆော်၍ ရောဂါကုသပေးနိုင်လောက်အောင် ချို (သက်စောင့်စွမ်းအင်)ကို စုစည်းနိုင်သည့် အလေ့အကျင့်ပင် ဖြစ်သည်။ အပ်စိုက်ကုထုံးပညာနှင့် ဆင်တူသော ပညတ်ချက်များကို အခြေခံသည့် တရုတ်တိုင်းရင်းဆေးပညာတစ်ရပ်အဖြစ် အနောက်တိုင်းပါရဂူတို့ကပင် အံ့မခန်းလေးစားနေပြီဖြစ်သည်။ အသက်ရှူ လေ့ကျင့်ခန်းများဟူ အဓိပ္ပာယ်ရသည့် ချိကုန်ပညာသည် တရုတ် နိုင်ငံတွင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာခဲ့သော ကိုယ်လက်ကြွံခိုင်ရေးနည်းစနစ်လည်း ဖြစ်ပေသည်။ ဝူစုသိုင်းပညာနှင့် ကိုယ်လက်ကြွံခိုင်ရေး ပညာနှော်လျက် လောင်ဇူခေတ် (၅၀၀ ဘီစီ – ၄၇၀ဘီစီခန့်)ကပင် ပေါ်ပေါက်ခဲ့သည်။

တရုတ်နိုင်ငံ၏ ဗေဒဆော်ဦးဆေးပညာ လက်စွဲကျမ်းဖြစ်သည့် လွန်ခဲ့သောနှစ်ပေါင်း ၂,၃၀၀ ခန့်ကပြုစုခဲ့သော ပြည်တွင်း ဆေးပညာကျမ်းအမည်ရှိ ဆေးကျမ်းထဲတွင် ချိကုန်ပညာ၏အကြောင်းကို ဖော်ပြခဲ့သည်။ ထို့နောက် ဟန်မင်းဆက်ခေတ် (၂၀၆ ဘီစီ – အေဒီ ၂၂၀) တွင် နာမည်ကျော်ဆေးပညာရှင် ဟွာတောင်က တိရစ္ဆာန်ငါးကောင်ကစားကွက်အမည်ရှိ ကုထုံးဆိုင်ရာ လေ့ကျင့်ခန်းများ၌ ချိကုန်ပညာဥပဒေသများကို ထည့်သွင်းအသုံးချခဲ့သည်။ တန်မင်းဆက် (အေဒီ ၆၁၈ – ၉၀၇)တွင် ဆန်ဆီမိုက အဖိုးတန်ဆေးညွှန်းများကျမ်းတွင် ပက်လက်အနေအထား ချိကုန်လေ့ကျင့်ခန်းများကို ဖော်ပြခဲ့သည်။ တစ်ဖန် မင်မင်းဆက်ခေတ် (အေဒီ ၁၃၆၈ – ၁၆၄၄) တွင် ထက်မြက်သော သမားတော်ကြီး လီရှီကျင့်ကလည်း

ချီကုန်ပညာ



ချီကုန်သမားတော် ကျောက်ရွကျုံက လူနာတစ်ဦးကို ကုသနေစဉ်

ရုပ်ပိုင်းဆိုင်ရာ ဆေးပညာကျမ်းတွင် ချီကုန်ပညာ၏ ကုထုံးစွမ်းပကား မြင့်မားပုံကို ဂုဏ်တင်၍ ရေးသားခဲ့သည်။

ချီကုန်သည် စင်တင်ဖျော်ဖြေတင်ဆက်နိုင်သော အနုပညာလည်းဖြစ်ပေသည်။ ယင်းအနုပညာကို ယင်ချီကုန်ဟုလည်း ခေါ်ဝေါ်သည်။ 'ယင်' သည် 'ခက်မာသော' ဟု အနက်ထွက်သည်။ စစ်ပြိုင်နိုင်ငံတော်များခေတ် (၄၀၃ – ၂၂၁ ဘီစီ) အတွင်းတွင် အကာအကွယ်မဲ့ရင်အုပ်ကို မားရှည်ဖြင့် ခုတ်ခြင်းကဲ့သို့သော သရုပ်ပြပွဲများကို ပြသခဲ့ဖူးသည်။ လွန်ခဲ့သောနှစ်ပေါင်း ၁,၂၀၀ ခန့်က ချန်အန်းနေပြည်တော်၌ ဝမ်ယီဆိုသူသည် ဝမ်းလျားမှောက်ပြီး ကျောပေါ်တွင် ရောမကြိတ်ဆုံကျောက်ပြားကြီးကို တင်လျက် ယင်းကျောက်ပြားပေါ်တွင် သံစုံတီးဝိုင်းတက်၍ တီးမှုတ်ဖျော်ဖြေစေခဲ့သည်။ ပွဲသိမ်းတီးလုံး အပြီးသတ်သွားသည့်တိုင် ဝမ်ယီသည် နာကျင်မှု အရိပ်အရောင်မျှ ပင်မပြခဲ့ချေ။ ယနေ့ခေတ်တွင်လည်း အလားတူဖျော်ဖြေတင်ဆက်သည့် ယင်ချီကုန်ပြပွဲများကို တွေ့နေရဆဲပင်ဖြစ်သည်။

ချီကုန်ပညာသည် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ဖြစ်စေ၊ အနုပညာအဖြစ် ဖျော်ဖြေမှုအတွက် ဖြစ်စေ တရုတ်ရိုးရာ ဆေးပညာအရ ယီနှင့်ချီကျင့်စဉ်ပေါ်၌ အခြေစိုက်သည်။ ယီ၏အဓိပ္ပာယ်သည် စိတ်စွမ်းအင်ဖြစ်သည်။ ချီ၏အဓိပ္ပာယ်ကား လေဖြစ်ပေရာ စင်စစ်အားဖြင့် လေကိုရှူသွင်းလိုက်စဉ် ပါလာတတ်သည့် သက်စောင့်စွမ်းအင်ကို ရည်ညွှန်းသည်။ သို့ဖြစ်၍ ချီကုန်သည် ပြင်ပဖိစီးမှုကို တွန်းလှန်နိုင်စွမ်းနှင့် ကိုယ်ခံစွမ်းအားတို့ကို အားဖြည့်ပေးရန် အလို့ငှာ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ရပ်ဆီသို့ ထိုသူ၏သက်စောင့်စွမ်းအင်ကို စိတ်စွမ်းအင် အလေ့အကျင့်မှတစ်ဆင့် ပို့ပေးရေးအတွက် ရည်ရွယ်သည့်အသက်ရှူလေ့ကျင့်ခန်း တစ်မျိုးဖြစ်သည်။ ၁၉၄၉ ခုနှစ်မှစ၍ ချီကုန်ကျင့်စဉ်များကို လေ့လာဖော်ထုတ်ကြည့်ခဲ့ရာ စုစုပေါင်းချီကုန်ကျင့်စဉ် ၄၀၀ ကျော် ရှိပြီဖြစ်သည်။ ယင်းတို့အနက် ကျင့်စဉ် ၂၀ သည် အထူးထင်ရှားသည်။

ချီကုန်ပညာခန်းပြ၍ ဖျော်ဖြေသူသည် အစကနဦးတွင် သက်စောင့်စွမ်းအင်ကို ဝင်လာစေရန် အားစိုက်အင်စိုက်လေ့ရှိသင့်ရသည်။ သက်စောင့်စွမ်းအင်ကိုလိုရာသို့ တန်းတန်းမတ်မတ်ပို့လွှတ်နိုင်ပြီဆိုလျှင် လေပြည့်ထိုးသွင်းထားသောတာယာကဲ့သို့ ကြွက်သားများဖောင်းကြွလာသည်။ ထိုအခါ ယင်းကြွက်သားတို့သည် ပြင်းထန်သော ရိုက်ချက်ထုချက်များကိုလည်းကောင်း၊ စူးရှသော ထိုးနှက်ချက်များကိုလည်းကောင်း၊ လေးလံသောဖိအားများကိုလည်းကောင်း မမှုတော့ချေ။ ကိုယ်ခန္ဓာလည်း မထိခိုက်၊ ကျန်းမာရေးလည်း မချွတ်ယွင်းနိုင်ချေ။ သို့ဖြစ်၍ ချီကုန်ကျွမ်းကျင်သူတို့သည် ဇရာပိုင်းရောက်သည့်တိုင် ဖျတ်လတ်ကြွခိုင်သန်စွမ်းနေကြခြင်း ဖြစ်သည်။


ရှေးယခင်က မြေရှင်ပဒေသရာဇ် သြဇာမကင်းသော တရုတ်နိုင်ငံတွင် ချီကုန်ပညာသည် လျှို့ဝှက်ဆန်းကြယ်သော ပညာအဖြစ်သာသဘောထား၍ ဂန္ဓဝင်ဝတ္ထုများထဲတွင် လူသူအသိနည်းသောပညာအဖြစ် ရေးသားခဲ့ကြသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀ ခန့်ကမူ စုန်းကဝေအတတ်အဖြစ် တရုတ်အာဏာပိုင်တို့က ရှုတ်ချထားခဲ့သော ပညာဖြစ်သည်။


ယဉ်ကျေးမှုတော်လှန်ရေး ပြီးဆုံးသွားသော ၁၉၇၀ ပြည့်လွန်နှစ်များ အလယ်ပိုင်းမှစ၍ ချီကုန်ပညာသည် အနောက်တိုင်းစံအရ သိပ္ပံနည်းမကျဟု ဆိုရမည်ဖြစ်သော်လည်း လူနာများကို အမှန်ပင်ကုသပေးနိုင်ကြောင်းဖြင့် ဆရာဝန်များနှင့် ပညာတတ်များက အခိုင်အမာပြောဆိုလာကြသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လူသန်း ၂၀ ကျော်သည် ချီကုန်ပညာကို ကိုယ်လက်ကြွခိုင်ရေး၊ ရောဂါကာကွယ် ကုသရေးတို့အတွက် အသုံးပြုနေကြပေပြီ။ ကျောက်ရွကျုံအမည်ရှိ ချီကုန်သမားတော်နှင့် လုပ်ဖော်ကိုင်ဖက် ကိုးဦးတို့သည် ပီကင်းမြို့အရှေ့တောင်ပိုင်းရှိ ဟွာယီဆေးရုံတွင် လေးနှစ်တာကာလအတွင်း လူနာပေါင်း ၅၀,၀၀၀ ကျော်၏ ဝေဒနာအမျိုးမျိုးကို ကုသပေးရာ ၉၀ ရာခိုင်နှုန်း အောင်မြင်မှုရသည်ဟုဆိုသည်။ ကိုယ်တစ်ပိုင်း သေနေသောလူနာမှ

စိတ္တဇဝေဒနာသည်အထိ ချီကုန်ပညာဖြင့် ကုသပေးသည်။ ချီကုန်ပညာ အဆင့်မြင့်မားသော သမားတော်သည် သာမန်လူတို့နှင့်မတူ ခြားနားသော ရူပနှင့် ဇီဝကမ္မသက်ရောက်တုန့်ပြန်မှုများ ပိုင်ဆိုင်ထားကြောင်းကို သုတေသီတို့ စမ်းသပ်လေ့လာကာ အတည်ပြုခဲ့ကြပြီးဖြစ်သည်။ သမားတော် ကျောက်ရှုကျူ သည် လူနာကိုစူးစိုက်ကြည့်၍ ရောဂါရှာဖွေနိုင်သည်။ လူနာမှထုတ်လွှတ်သော ချီကို ကြည့်၍ ဆန်းစစ်ခြင်းဖြစ်သည်ဟုဆိုသည်။ အရိုးကျိုးဝေဒနာရှင်ကို မထိတွေ့ မကိုင်တွယ်ရဘဲ ချီကုန်ပညာဖြင့် အရိုးပြန်ဆက်ပေးသည်လည်း ရှိသည်။

ချီလီနိုင်ငံ။ ။ချီလီနိုင်ငံတွင် ဒေါက်တာအာယန်းဒေးဂေါ့ဆင်းစ် ဦးဆောင်သော လက်ဝဲညွှန့်ပေါင်းအစိုးရအဖွဲ့သည် ၁၉၇၃ ခုနှစ် မတ်လရွေးကောက်ပွဲတွင် လွှတ်တော်၌ နေရာအများစု မရရှိသည့်ပြင် ယိုယွင်းနေသော စီးပွားရေးအခြေအနေနှင့်လည်းကောင်း၊ လက်ဝဲဆန်သော မူဝါဒကြောင့် ပြင်းထန်စွာ ဆန့်ကျင်မှုနှင့်လည်းကောင်း ရင်ဆိုင်ကြုံတွေ့ရသည်။ ငွေဖောင်းပွမှုနှုန်း ၁၀၀၀ ရာခိုင်နှုန်းထိမြင့်တက်လာ၍ စားနပ်ရိက္ခာ ရှားပါးလာပြီး အစိုးရကို ထောက်ခံသူနှင့် ဆန့်ကျင်သူတို့အကြား အဓိကရုဏ်းများဖြစ်ပွားလာသဖြင့် ၁၉၇၃ ခုနှစ် စက်တင်ဘာလတွင်စစ်တပ်က အာဏာသိမ်းသည်။ မင်းမဲ့စရိုက် လွှမ်းမိုးလာပြီးစီးပွားရေး ချွတ်ခြုံကျလာသဖြင့် အာဏာသိမ်းရသည်ဟု စစ်တပ်က ကြေညာခဲ့သည်။ ယင်းအာဏာသိမ်းပွဲ၌ အာယန်းဒေးသေဆုံးသည်။ ဗိုလ်ချုပ်ကြီးသြဂတ်စတို ပီနိုရွေး အုဂါတေးက ၁၉၇၄ ခုနှစ် ဇွန်လတွင် နိုင်ငံအကြီးအကဲချုပ်အဖြစ်လည်းကောင်း၊ ဒီဇင်ဘာလတွင် သမ္မတအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ယင်းစစ်အစိုးရသည် ဖိနှိပ်သော မူဝါဒများချမှတ်၍ လူမှုအခွင့်အရေးကို ချိုးဖောက်သည်ဟု ပြည်ပကဝေဖန်မှုများ ရှိခဲ့သည်။ ၁၉၇၆ ခုနှစ် စက်တင်ဘာလတွင် အခြေခံဥပဒေဆိုင်ရာ အက်ဥပဒေ သုံးရပ်ကို ပြဋ္ဌာန်းခဲ့သည်။ အာဏာနှင့် တွဲဖက်သော ဒီမိုကရေစီကို ဖန်တီးရန်ဖြစ်သည်ဟု ဆိုသည်။ ၁၉၇၇ ခုနှစ် မတ်လတွင် နိုင်ငံရေးပါတီ အားလုံးကို ပိတ်ပင်သည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ချီလီ အစိုးရအဖွဲ့၏ လူမှုအခွင့်အရေး ချိုးဖောက်မှုကို ရှုတ်ချခဲ့သည်။ သို့ဖြစ်၍ စစ်အစိုးရ၏ မူဝါဒများကို ထောက်ခံမှုရှိကြောင်း ပြသရန် ၁၉၇၈ ခုနှစ် ဇွန်နဝါရီလတွင် ဆန္ဒခံယူပွဲ တစ်ရပ် ကျင်းပသည်။ နိုင်ငံတကာ၏ ပြည်သူဆန္ဒခံယူပွဲတွင် အနိုင်ရရှိသွားသော အတိုက်အခံ ညွှန့်ပေါင်းအဖွဲ့၏ခေါင်းဆောင်များ အောင်ပွဲခံနေကြစဉ်





ချီလီနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ဩဂတ် စ တို ပီနိုဇွေး အုဂါတေး

ရန်လိုမှုကို ခံနေရသော ချီလီနိုင်ငံကို အကာအကွယ်ပေးနေသည့် သမ္မတ ပီနိုဇွေး၏ဘက်က ရှိပါသည်ဟူ၍ မဲဆန္ဒရှင် ၇၅ ရာခိုင်နှုန်းကျော်က ထောက်ခံမဲ ပေးခဲ့သည်။

တစ်ဖန် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပြဋ္ဌာန်းရန် ဆန္ဒခံယူပွဲ ကျင်းပပြန်ရာ ထောက်ခံမဲ ၆၇ ရာခိုင်နှုန်း ရရှိသည်။ ဒီမိုကရေစီသို့ အကူးအပြောင်းကာလအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖြစ်သည်ဟုဆိုသည်။ သို့ရာတွင် ထပ်တိုးစကားရပ်များအရ ဗိုလ်ချုပ်ကြီးပီနိုဇွေးသာလျှင် ၁၉၈၉ ခုနှစ်အထိ အာဏာရယူထားရန် ခွင့်ပြုထားပေသည်။

ခရစ်ယာန် အသင်းအဖွဲ့ ခေါင်းဆောင်များ အပါအဝင် ပြည်သူ အလွှာပေါင်းစုံမှ အတိုက်အခံ အင်အားသည် တိုးပွားလာသည်။ စက်မှုနှင့် စိုက်ပျိုးရေးကဏ္ဍရှိ လုပ်ငန်း အရပ်ရပ်က စီးပွားရေး မူဝါဒများ ပြုပြင် ပြောင်းလဲရန် တောင်းဆိုလာကြသည်။ နိုင်ငံရေး ဆန့်ကျင်ဆန္ဒပြပွဲများ ဆက်တိုက် ပေါ်ပေါက်ခဲ့သည်။ ၁၉၇၃ ခုနှစ် မေလတွင် အဖွဲ့ဝင်ငါးဦး ပါဝင်သော အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ကို ဖွဲ့စည်း၍ ဒီမိုကရေစီ ပြန်လည် ထူနိုးကားရေးအတွက် တောင်းဆိုလာသည်။ အစိုးရက တရားမဝင်ကြေညာထားသော နိုင်ငံရေးပါတီများ ပြန်လည် လှုပ်ရှားလာသည်။ အလံဇာ ဒေမိုကရာတီကာ အမည်ရှိ အလယ်အလတ်ဝါဒီ ငါးပါတီညွှန့်ပေါင်းအဖွဲ့ ပေါ်ပေါက်လာသည်။

ဤသို့ဖြင့် ချီလီနိုင်ငံတွင် ၁၅ နှစ်လုံးလုံး သံလက်သီးဝါဒကျင့်သုံးသော အာဏာရှင်စနစ်ကိုကိုင်စွဲလာသည့် ဗိုလ်ချုပ်ကြီးပီနိုဇွေး၏ အစိုးရအဖွဲ့သည် ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ဆန္ဒခံယူပွဲတစ်ရပ်ကို ကျင်းပပေးခဲ့သည်။ ပီနိုဇွေး၏သမ္မတသက်တမ်း ပြည့်မြောက်ပြီးနောက် ပိုင်းတွင် ဆက်လက်အုပ်စိုးမည့်အရေးကို သဘောတူ မတူ ဆန္ဒခံယူခြင်းဖြစ်သည်။ ရုပ်မြင်သံကြားကို ၁၅ နှစ်နီးပါး ကြာမျှ အစိုးရက ချုပ်ကိုင်ထားခဲ့သည့်ပြင် အတိုက်အခံတို့အဖို့ ယင်းဆန္ဒခံယူပွဲရလဒ်အတွက် စည်းရုံး လှုပ်ရှားရန် ၂၇ ရက်သာ အချိန်ရရှိခဲ့သည်။ သို့ရာတွင် သဘောမတူကြောင်း ပြသည့်မဲက ၅၄ ဒသမ ၇ ရာခိုင်နှုန်း ရရှိပြီး ဗိုလ်ချုပ်ကြီးပီနိုဇွေးကို ထောက်ခံသောမဲက ၄၃ ရာခိုင်နှုန်း သာရှိခဲ့သည်။ ချီလီနိုင်ငံသား မဲဆန္ဒရှင် လေးသန်းနီးပါးက ကန့်ကွက်မဲပေးပြီး သုံးသန်းနီးပါးက ထောက်ခံမဲပေးခဲ့ခြင်း ဖြစ်၍ မဲ ၇,၄၀,၀၀၀ ခန့် ကွာသည်ဟုဆိုသည်။ ချီလီနိုင်ငံရှိ ဒေသခဲ့ ၁၃ ခုအနက် ၁၁ ခုတွင် ဗိုလ်ချုပ်ကြီးပီနိုဇွေး အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ လက်ဝဲယိမ်းသော ဆိုရှယ်လစ်ပါတီမှ အလယ်အလတ်ဝါဒီ ခရစ်ယာန် ဒီမိုကရက်တို့အထိ အတိုက်အခံ ၁၆ ပါတီတို့ ညွှန့်ပေါင်းဖွဲ့စည်း လှုပ်ရှားခဲ့၍ အောင်မြင်မှုရခြင်းဖြစ်သည်ဟု ဆိုသည်။ ၁၉၈၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၁၉၉၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့ မတိုင်မီတွင် ပါတီစုံ ဒီမိုကရေစီအရ သမ္မတရွေးကောက်ပွဲများနှင့် လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပရန် အစီအစဉ် မရှိသေးချေ။ သို့ဖြစ်၍ သမ္မတ ဗိုလ်ချုပ်ကြီးပီနိုဇွေးသည် ၁၉၉၀ ပြည့်နှစ်အထိ အာဏာစွဲကိုင်သွားဦးမည်ဖြစ်သည်။

ချက်ကိုစလိုဗက်ကီးယား ဆိုရှယ်လစ် သမ္မတနိုင်ငံ

။ ။ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၌ ကွန်မြူနစ်ပါတီအတွင်းရေးမှူးချုပ် ဂုစတပ် ဟူဆက်သည် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ရာထူးမှနုတ်ထွက်သွားရပြီး မီလော့စ် ယာကက်ရ်က ဆက်ခံသည်။ ဟူဆက်သည် နိုင်ငံ၏အဆောင် အယောင် အဖြစ်သာ ထားရှိသော သမ္မတ ရာထူးကိုမူ ယူထားဦးမည်ဖြစ်ပြီး ပါတီ၏ ဦးဆောင်သဘာ ပတိအဖွဲ့ဝင်အဖြစ် နိုင်ငံရေးမြင်ကွင်းတွင် ရှိနေဦးမည်ဖြစ်သည်။ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း အရှေ့ဥရောပ၌ ဆိုဗီယက်ခေါင်းဆောင် ဂျိုးဇက် စတာလင်ဩဇာထက်ခဲ့စဉ်က ဟူဆက်သည် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း အပြစ်ပေးခံရဖူးသည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းတွင် ထောင်ဒဏ်မှလွတ်ကင်းကာ ပြန်လည်၍ ဂုဏ်သိက္ခာတင်ခံရသည်။ "လူသားမျက်နှာရှိသောဆိုရှယ်လစ်ဝါဒ" ဟု လူသိများသည့်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို အာလက်ဇန္ဒား ဒူးချက် ချမှတ်၍ အကောင်အထည်ဖော်စဉ် ဟူဆက် ပါဝင်ကူညီခဲ့သည်။ သို့ရာတွင် ၁၉၆၈ ခုနှစ်တွင် ဝါဆောစာချုပ်အဖွဲ့က စစ်တပ်အင်အားဖြင့် ပရာဟာနွေဦးပုန်ကန်မှုကို ချေမှုန်းခဲ့ပြီးနောက် ဒူးချက်ရာထူးမှဖယ်ရှားခံရသောအခါ ဟူဆက်က ဆက်ခံခဲ့ခြင်းဖြစ်သည်။

ဟူဆက်၏အရိုက်အရာကို ဆက်ခံသော မီလော့စ်ယာကက်ရ်သည် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ အလယ်ပိုင်းရှိ ဘာတာရှူးဖိနပ်စက်ရုံတွင် လျှပ်စစ်ဝန်ထမ်း ဖြစ်ခဲ့ဖူးသည်။ ပါတီရာထူးအဆင့်ဆင့်တွင် တိုးမြှင့် ခန့်ထားခံခဲ့ရပြီး စိတ်ကူးမယဉ်တတ်သော စီမံခန့်ခွဲသူအဖြစ် ဂုဏ်သတင်းမွှေးခဲ့သည်။ ဗဟိုချုပ်ကိုင်မှု ဖျက်သိမ်းရေး အပါအဝင် စီးပွားရေးလွတ်လပ်ခွင့်ကို ဖွင့်ပေးမည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဒူးချက်က ဦးဆောင်ချမှတ်ခဲ့သောအခါ ယာကက်ရ်သည် အတိုက်အခံပြုခဲ့သည်ဟုဆိုသည်။ ဒူးချက်အာဏာမရမီက စတာလင်ဝါဒီအန်တိုနင် နိုဗော့တနီ၏လက်အောက်တွင် ယာကက်ရ်သည်လျှို့ဝှက်ရဲတပ်ဖွဲ့ကို ကွပ်ကဲရသော ပြည်ထဲရေးဒုတိယဝန်ကြီးဖြစ်ခဲ့ဖူး၍ လမ်းစဉ်မှသွေဖည်သူတို့၏ ရန်သူအဖြစ် နာမည်ကြီးခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဒူးချက်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ထောက်ခံသူ ဂါးသိန်းခန့်ကို ပါတီမှထုတ်ပယ်ပစ်ရာတွင် ထိုစဉ်က ပါတီ၏ ဗဟိုကွပ်ကဲရေးနှင့် စာရင်းစစ် ကော်မရှင်၏ အကြီးအကဲဖြစ်သော ယာကက်ရ်သည် အဓိက အခန်းကဏ္ဍက ပါဝင်ခဲ့သည်ဟုဆိုသည်။

ယာကက်ရ်သည် ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ် အထိ ပါတီဗဟိုကော်မတီ၏ စိုက်ပျိုးရေးရာအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သောအခါ ထိုစဉ်က ဆိုဗီယက်ပြည်ဆောင်စုတွင် ယင်းတာဝန်မျိုးကိုပင် ထမ်းဆောင်နေရသော မိခါယီးဂေါ်ဘာချော့နှင့် အကြိမ်ကြိမ်တွေ့ဆုံနှီးနှော တိုင်ပင်ခဲ့ဖူးသည်။ မည်သို့ပင်ဖြစ်စေ ယာကက်ရ် ပါတီအတွင်းရေးမှူးချုပ်ဖြစ်လာချိန်သည် အရှေ့ဥရောပအုပ်စု အတွင်း မီခါယီး ဂေါ်ဘာချော့၏ ပယ်ရက်စထရိုက်ကာ (ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်)နှင့် ဂလပ်စနော့ (နိုင်ငံရေးအရပွင့်လင်းမှုအစီအစဉ်) တို့ ဂယက်ရိုက်ခတ်နေချိန်နှင့် တိုက်ဆိုင်နေပေသည်။ တစ်ချိန်က စက်မှုစွမ်းအား ပြည့်ဝမှုတွင် ပြိုင်စံရှားသော နိုင်ငံဖြစ်ပါလျက်

ချက်ကိုစလိုဗက်ကီးယားဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီအတွင်းရေးမှူးချုပ် မီလော့စ် ယာကက်ရ် ဗဟိုကော်မတီ အစည်းအဝေး၌ အမှာစကားပြောကြားနေစဉ်





သတိုးမဟာသရေစည်သူ ဦးချန်ထွန်း

လက်ရှိအခြေအနေတွင် ပို့ကုန်အတွက် ဝယ်လိုအားမလိုက်သော အရည်အသွေး ညံ့ဖျင်းသည့် ကုန်စည်များကို ထုတ်လုပ်နေခြင်း၊ ဒေါ်လာသန်း ၂၀၀၀ ခန့်ရှိသော ပြည်ပငွေကြေးမြို့၏ ဝန်ထုပ်ပိုးနေခြင်း၊ စီးပွားရေး တိုးတက်မှုနှုန်းကို ၃ ဒသမ ၅ ရာခိုင်နှုန်းရှိစေရန် ရည်မှန်းထားသော်လည်း ၂ ဒသမ ၅ ရာခိုင်နှုန်းထက်မကျော်လွန်ဘဲ နှေးကွေးနေခြင်းစသည့် ချက်ကိုစလိုဗက်စီးပွားရေး၏ အားနည်းချက်များကို ယာကော်ရှ်ဦးဆောင်၍ ဖြည့်ဆည်း သွားရမည် ဖြစ်သည်။

ချက်ကိုစလိုဗက်ဝန်ကြီးချုပ် လူဘိုမီယာ စထရောဂါးသည် ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ရာထူးမှနုတ်ထွက်လိုက်သည်။ ချက်ကိုစလိုဗက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်အဖြစ်မှ လည်းနုတ်ထွက်ခဲ့သည်။ ဝန်ကြီးချုပ်သစ်အဖြစ် လာဒီဆလပ် အဒမ်မက်အား ပါတီဗဟိုကော်မတီက ခန့်အပ်ခဲ့သည်။ အဒမ်မက်သည် ဆိုဗီယက်ပြည် ထောင်စုတွင် ပြုလုပ်သောပြုပြင်ပြောင်းလဲမှုများကဲ့သို့ချက်ကိုစလိုဗက်၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးတွင် အဓိကဦးဆောင်ခဲ့သူ ဖြစ်သည်။ သို့ရာတွင် အဒမ်မက်၏စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ပါတီတွင်းရှေးရိုးဝါဒီများ၊ ပြုပြင်ပြောင်းလဲမှုကို မလိုလားသူအများစုကပယ်ချထားခဲ့သည်ဟု ဆိုသည်။ နိုင်ငံရေးဦးဆောင်အဖွဲ့တွင် သဘောထားတင်းမာသူအဖြစ် ကျန်ရှိသူ ဖာဆီးလ်တီလက်သည် သဘောတရားရေးရာ အဖွဲ့ခေါင်းဆောင်အဖြစ်မှ နိုင်ငံခြားရေးရာ အဖွဲ့ခေါင်းဆောင်ရာထူးသို့ ပြောင်းလဲခန့်အပ်ခြင်းခံရသည်။ ပါတီနိုင်ငံရေးဦးဆောင် အဖွဲ့ဝင် ဦးရေကိုလည်း ၁၂ ဦးမှ ၁၅ ဦးသို့ တိုးလိုက်သည်။ ထိုသို့ခေါင်းဆောင်ပိုင်း ပြုပြင်ပြောင်းလဲခြင်းဖြင့် စီးပွားရေးအားနည်းချက်များ ဖြည့်ဆည်းရေးကို အရှိန်အဟုန်မြင့်တင်နိုင်မည်ဟု ပါကီခေါင်းဆောင်ပိုင်းက မျှော်လင့်ထားသည်။ သို့ရာတွင် အောက်ခြေသိမ်း ပြုပြင်ပြောင်းလဲရေးကို ဆန့်ကျင်ကြောင်းနှင့် နိုင်ငံရေးသဘောထားကဲ့လွဲမှုများကို သည်းခံမည် မဟုတ်ကြောင်း အတိအလင်း ကြေညာသည်။

ချန်ထွန်း၊ ဦး (ခရစ် ၁၉၀၆–၁၉၇၈) ။ ။သတိုးမဟာသရေစည်သူ ဘွဲ့ရ အငြိမ်းစား တရား လွှတ်တော်ချုပ်တရားဝန်ကြီး ဦးချန်ထွန်းကို ရောဝတီတိုင်း၊ ဖျာပုံမြို့မှ ခြောက်မိုင် အကွာ ရောကြီး ကျေးရွာတွင် ၁၉၀၆ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့၌ အဘ ဦးစံယွန်းနှင့် အမိ ဒေါ်ရွှေခတို့က မွေးဖွားသည်။ မိဘများမှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်၍ ငယ်စဉ်က ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ သုံးနှစ်မျှ ပညာ သင်ယူ ဆည်းပူးခဲ့သည်။ ထို့နောက် ဖျာပုံမြို့ အင်္ဂလိပ်–မြန်မာ အောဘီအမ်ကျောင်းသို့ပြောင်းရွှေ့ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်ကျောင်းသားသပိတ်တွင် ပါဝင်လှုပ်ရှားခဲ့၍ ဦးချန်ထွန်းမှာ အတန်းကိုယ်စားပြု ခေါင်းဆောင်ဖြစ်ကာ အမျိုးသားစိတ်ဓာတ် သန္ဓေတည်ခဲ့သည်။ အမျိုးသား ကျောင်းများ တည်ထောင်သောအခါ မြန်မာစာ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဖျာပုံမြို့ အမျိုးသားကျောင်းမှ ရန်ကုန်မြို့ရှိ မြို့မ အမျိုးသား ကျောင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် သိရိလင်္ကာနိုင်ငံ၊ အာနန္ဒာ ကောလိပ်သို့ သွားရောက် ပညာ ဆည်းပူးရာ၊ ၁၉၂၈ ခုနှစ်တွင် လန်ဒန်မက်ထရစ် စာမေးပွဲအောင်မြင်၍ သိရိလင်္ကာတစ်နိုင်ငံလုံး၌ဒုတိယ အမှတ်အများဆုံး ရရှိခဲ့သည်။

ကိုလံဘိုမြို့မှ လန်ဒန်မြို့သို့သွားရောက်၍ ဥပဒေပညာများကို ဆည်းပူးရာ ၁၉၃၁ ခုနှစ်တွင် ဝတ်လုံစာမေးပွဲကို ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သည်။ လန်ဒန်မြို့၌ ပညာဆည်းပူးနေစဉ် မြန်မာကလပ်တည်ထောင်၍ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေများနှင့် နိုင်ငံတကာဥပဒေကို အထူးလေ့လာခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ရန်ကုန်မြို့သို့ ပြန်ရောက်၍ ရွှေနေလိုက်နေခဲ့ရာ လူငယ် နိုင်ငံရေးသမား သခင်များအတွက် ကူညီ ဆောင်ရွက်ခဲ့သည်။ မြန်မာပြည် ကာယဗလအဖွဲ့၊ ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းနှင့် မြို့မ ကျောင်းသားဟောင်းများအသင်းတို့၌ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။

သခင်ဗစိန်၊ သခင်လေးမောင်၊ သခင်အောင်သန်း (ဗိုလ်စကြာ)၊ သခင်စိုးတို့၏နိုင်ငံရေးအမှုများကို စေတနာဝန်ထမ်း လိုက်ပါဆောင်ရွက်ခဲ့သည်။ ဦးချန်ထွန်းသည် အခွန်ထမ်းများအဖွဲ့အား ကိုယ်စားပြုလျက် ဒေါ်မြစိန်၊ ဦးရန်အောင်၊ ဦးဘစိန်တို့နှင့် အတူ မြူနီစပယ် လူကြီး

ရွှေးကောက်ပွဲဝင်ရာ အရွေးခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကာလ ဂျပန်ခေတ်တွင် ပြွန်တန်ဆာမြို့၌ သွားရောက်ခိုလှုံခဲ့သည်။ ၁၉၃၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၊ နတ်မောက်လမ်း သူဌေးဦးဘအိုတိုက်၌ ဒေါ်ခင်ခင်သိန်းနှင့် လက်ထပ်ခဲ့သည်။ စစ်ပြီးခါနီ၌ အစိုးရရွှေနေနှင့် စက်ရှင်တရားသူကြီးအလုပ်နှစ်မျိုးလုံးကို ရရှိသော်လည်း ငြင်းပယ်ခဲ့ပြီးလျှင် ဖ-ဆ-ပ-လ အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၏ မေတ္တာရပ်ခံချက်အရ ၁၉၄၆ ခုနှစ်တွင် ဖ-ဆ-ပ-လအဖွဲ့ချုပ်၏ ဥပဒေအကြံပေးဂုဏ်လိုအဖြစ် ဆောင်ရွက်ခဲ့သည်။

ထိုအခါနိုက် အစိုးရခွင့်ပြုချက်မရှိဘဲ ယူနီဖောင်းတူညီဝတ်စုံမဝတ်ရ၊ စစ်လေ့ကျင့်ရေးမပြုလုပ်ရ စသောတားမြစ်ချက်များရှိရာ ပြည်သူ့ရဲဘော်များ၏ အမှုတွဲများမှာ ရဲမင်းကြီးရုံး၌ တစ်ပုံကြီးဖြစ်နေသည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဥပဒေအကြံပေးဦးချန်ထွန်းတို့ ရဲမင်းကြီးထံ သွား၍ ပြဿနာမျိုးစုံကို ဖြေရှင်းခဲ့ရသည်။ လွတ်လပ်ရေးအတွက် ရွှေပြေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးချန်ထွန်းသည် အရေးကြီးသောအပိုင်းကဏ္ဍမှ ပါဝင်လှုပ်ရှားသည်။ နိုင်ငံအသီးသီး၌ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများကို လေ့လာရန်၊ အိန္ဒိယ ပြည်သူ့လွှတ်တော် ကျင်းပပုံကို ကြည့်ရှုရန်နှင့် လွတ်လပ်ရေးလှုပ်ရှားမှုတွင် အိန္ဒိယနိုင်ငံရေးသမားများနှင့် မိတ်ဆွဖြစ်ရန် အိန္ဒိယသို့စေလွှတ်ခြင်းခံခဲ့ရသည်။ ၁၉၄၇ ခုနှစ်တွင် ဖ-ဆ-ပ-လ အဖွဲ့ကြီးသည် ရွှေးကောက်ပွဲတွင် အနိုင်ရရှိသောအခါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း ရေးဆဲရာ၌ ဗိုလ်ချုပ်အောင်ဆန်းက အချက်အလက်များပေး၍ ဦးချန်ထွန်းက အသေးစိတ်မူကြမ်းကို ရေးဆဲရသည်။ တစ်နှေ့လျှင် ၁၀ နာရီ အလုပ်လုပ်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အချိန်မီ ပြီးစီးခဲ့သည်။

မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရာတွင် အသေးစိတ်စီစဉ်မှုများပြုလုပ်ရန် ဗြိတိသျှနိုင်ငံခြားရေးရုံး၏ အတိုင်ပင်ခံ အနေဖြင့် ဦးချန်ထွန်းအား လန်ဒန်မြို့သို့ စေလွှတ်ခဲ့ရလေသည်။ ထိုအချိန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများကိုလေ့လာရန် အမေရိကန်ပြည်ထောင်စု၊ အိုင်ယာလန်နှင့် အခြားနိုင်ငံများသို့ သွားရောက်ခွင့် ရရှိခဲ့လေသည်။ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌသည်အနေဖြင့်ဦးချန်ထွန်းသည် နယူးယောက်မြို့ တရားလွှတ်တော်ချုပ် တရားရုံး တရားစီရင်ရာ၌ ပါဝင်ခွင့်ရရှိရာ ပထမဆုံး ဂုဏ်ပြုခံရသော မြန်မာ ဥပဒေပညာရှင် ဖြစ်လာသည်။ ၁၉၄၇ ခုနှစ်တွင် လန်ဒန်မြို့၌ မြန်မာနိုင်ငံမှ ဖဆပလဥက္ကဋ္ဌ သခင်နုနှင့် အင်္ဂလန်နိုင်ငံမှ ဝန်ကြီးချုပ် အက်တလီတို့ နှ – အက်တလီ စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်က အတူလိုက်ပါ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ အောင်ဆန်း–အက်တလီစာချုပ် ချုပ်ဆို စဉ်ကလည်း ဥပဒေရေးရာ အကြံပေးပုဂ္ဂိုလ် အနေဖြင့် ဆောင်ရွက် ပေးရသည်။

ရွှေနေချုပ်အဖြစ် ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်နေစဉ် ဦးချန်ထွန်းသည် ရာဇဝင်တွင်မည့် ဥပဒေများစွာကို ရေးဆွဲပြီး လွှတ်တော်တွင် တင်သွင်း၍ အတည်ပြုရာ၌ ပါဝင်သည်။ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာရဟန်းတော်များတရားမမှုများကို ကိုယ်တိုင် ဆုံးဖြတ်နိုင်ရန် ဝိနိစ္ဆယအက်ဥပဒေ၊ ပါဠိတက္ကသိုလ်များ တည်ထောင်နိုင်ရန် ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေ၊ ဗုဒ္ဓဘာသာကောင်စီ တည်ထောင်နိုင်ရန် ဗုဒ္ဓသာသနာ့ကောင်စီ အက်ဥပဒေ၊ ပါဠိနှင့် ဗုဒ္ဓဘာသာစာပေများကို ဒီဂရီစာမေးပွဲများ ကျင်းပပေးနိုင်ရန် ပါဠိပညာရေးဘုတ်အဖွဲ့ အက်ဥပဒေတို့ကို ရေးဆွဲခဲ့ခြင်းဖြစ်သည်။

၁၉၅၀ ပြည့်နှစ်တွင် သီရိလင်္ကာနိုင်ငံ၌ စတင်တည်ထောင်သော ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂီအဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ ဟီရိုဆာကီမြို့၌ ကျင်းပသော ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂီညီလာခံသို့တက်ရောက်ခဲ့သည်။ တတိယအကြိမ်မြောက် ယင်းညီလာခံကို ၁၉၅၄ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်မြို့ရှိ ကမ္ဘာအေးကုန်းမြေ၌ကျင်းပခဲ့ရာ ဦးချန်ထွန်း တာဝန်ယူဆောင်ရွက်ခဲ့ရသည်။ ၁၉၅၆ ခုနှစ်တွင် စတုတ္ထအကြိမ်မြောက်ညီလာခံကို နီပေါလ်နိုင်ငံ၊ ခတ္တမန္ဍုမြို့၌ ကျင်းပရာ ဦးချန်ထွန်းသည် မြန်မာ ကိုယ်စားလှယ် အဖွဲ့ ခေါင်း ဆောင် အဖြစ် တက်ရောက် ခဲ့ရသည်။ ပဥ္စမအကြိမ်မြောက် ညီလာခံကို ၁၉၅၈ ခုနှစ် နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပရာ ဦးချန်ထွန်းသည် ဒုတိယဥက္ကဋ္ဌအဖြစ်မှ အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရွှေးကောက်တင်မြှောက်ခြင်း ခံရသည်။

ရွှေနေချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် သတိုးမဟာသရေစည်သူ ဘွဲ့ကို အပ်နှင်းခံခဲ့ရ၍ ၁၉၅၄ ခုနှစ်တွင် တရားလွှတ်တော်ချုပ် တရားဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသောအခါ သတိုးမဟာသရေစည်သူတရားဝန်ကြီး ဦးချန်ထွန်းဟူ၍ ထင်ရှားလာသည်။ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ အမြင့်ဆုံး ဆင်ဖြူတံဆိပ်ကိုလည်း ရရှိခဲ့သည်။ မြန်မာနိုင်ငံ လွတ် လပ် ရေး ရ ပြီး နောက် ရန်ကုန် တက္ကသိုလ်ဓမ္မာရုံတွင် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကို ဖွဲ့စည်းတည်ထောင်ရာ ဆာဦးသွင်က ဥက္ကဋ္ဌ၊ တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ် ဦးသိမ်းမောင်က ဒု–ဥက္ကဋ္ဌ ဖြစ်၍ ဦးချန်ထွန်းက အထွေထွေ အကျိုးဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဗုဒ္ဓသာသနာ့အဖွဲ့၏ ဆောင်ရွက်ချက်များမှာ ကမ္ဘာအေးကုန်းမြေ၌ မဟာပါသာဏ လိုဏ်ဂူတော်ကြီး တည်ဆောက်၍ ဆဋ္ဌသင်္ဂါယနာတင်ခြင်း၊

တိပိဋကရွေးချယ်ပုံ၊ အဘိဓမ္မာစာမေးပုံ၊ သီရိလင်္ကာနိုင်ငံ၌ အဘိဓမ္မာစာမေးပုံ၊ အကျဉ်းထောင် များ၌ ဗုဒ္ဓဘာသာစာမေးပွဲများ ကျင်းပပေးခြင်း၊ ပြည်တွင်း ပြည်ပ ရဟန်းတော်များအား ခေတ်ပညာသင်ကြားပေးသော ဓမ္မဒူတသင်တန်းကျောင်း၊ ပဋိပတ္တိကမ္မဋ္ဌာန်းကျောင်းများဖွင့်လှစ်ခြင်း၊ နိုင်ငံခြားသို့ သာသနာပြု စေလွှတ်ခြင်း၊ ပြည်ပမှ ရဟန်း သီလရှင်များအား အထောက်အပံ့ပေး၍ မြန်မာနိုင်ငံ၌ ပါဠိစာပေ သင်ကြားစေခြင်း၊ တက္ကသိုလ်၌ ဗုဒ္ဓကျမ်းစာဘာသာရပ်ဖြင့် ပထမဆင့်မှ အောင်မြင်သူများကို စကောလာရှစ် ဆုပေးခြင်းစသော ဗုဒ္ဓသာသနာပြုလုပ်ငန်းများ ဖြစ်လေသည်။

သတိုးမဟာသရေစည်သူဦးချန်ထွန်းသည် ၁၉၅၈ ခုနှစ် ဩဂုတ်လတွင် အမေရိကန်ပြည်ထောင်စု ရှီကာဂိုမြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဘာသာရေး လွတ်လပ်ရေးစည်းဝေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထိုညီလာခံတွင် နိုင်ငံတကာမှ ကိုယ်စားလှယ်တစ်ထောင်ကျော်တို့က ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ်၊ ဂျူးဝါဒဟူသော ဘာသာကြီး ငါးမျိုးကို ဆွေးနွေးခဲ့ကြရာ မြန်မာကိုယ်စားလှယ် ဦးချန်ထွန်းပါဝင်ဟောပြောဆွေးနွေးရသည်။ ဩဂုတ်လ ၂၂ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးဟမ်ရှိုင်းယား ပြည်နယ်စတားအိုင်လင်းဒေသတွင် **Buddhism, the Religion of the Age of Science** ဟူသော ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ထိုဟောပြောချက်နှစ်ခုတို့ ပေါင်း၍ **Buddhism and the Age of Science** ဟူသောအမည်ဖြင့် သီရိလင်္ကာနိုင်ငံတွင် ၁၉၆၂ ခုနှစ်က စာအုပ် ထုတ်ဝေခဲ့သည်။ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကလည်း ထိုစာမူကို စာအုပ်အဖြစ် ၁၉၅၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

၁၉၅၈ ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂီအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်လာသော ဦးချန်ထွန်းသည် ၁၉၆၁ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွန်ပင်မြို့၌ ကျင်းပသော ခြောက်ကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာ သာမဂ္ဂီညီလာခံ အောင်မြင်ချောမွေရေးအတွက် ဆောင်ရွက်ခဲ့ရသည်။ ထိုညီလာခံက ဦးချန်ထွန်းကို အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ပြန်လည် တင်မြှောက်ခဲ့၍ ၁၉၆၃ ခုနှစ်တွင် အဖွဲ့ချုပ်ရုံးကို ဘန်ကောက်မြို့သို့ ရွှေပြောင်းသွားသည်အထိ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့လေသည်။ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ပိဋကတ် ဘာသာပြန်စာပေ ဖြန့်ချိရေးအဖွဲ့ကို တည်ထောင်လိုက်သောအခါ ဦးချန်ထွန်းသည် အထွေထွေအတွင်းရေးမှူးချုပ် ဖြစ်လာ၍ ထိုတာဝန်ကို ကွယ်လွန်သည်အထိ ဆောင်ရွက်ခဲ့သည်။

ဦးချန်ထွန်းသည် ၁၉၆၈ ခုနှစ် မေလ ၁၆ ရက်နေ့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဝဏ္ဏကျော်ထင်ဘွဲ့ရဂန်း ဒေါ်ခင်ခင်သိန်းနှင့် သားသမီးရှစ်ယောက် ကျန်ရစ်ခဲ့လေသည်။

ဂလပ်စနေ့။ ။ပြုပြင်ပြောင်းလဲရေးကို လိုလားသော မစ္စတာမိခါယီး ဂေါ်ဘာချော့ ဆိုဗီယက် ကွန်မြူနစ်ပါတီခေါင်းဆောင်ဖြစ်လာသည့် ၁၉၇၅ ခုနှစ်မှစ၍ စီးပွားရေး၊ လူမှုရေးနှင့်နိုင်ငံရေးမူဝါဒတွင် အရှိန်အဟုန်မြင့်မားသော အောက်ခြေသိမ်း ပြောင်း လဲ မှု များ ကို လည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ထူးခြားသော ပြောင်းလဲမှုများကိုလည်းကောင်း၊ သတင်းပြန်ကြားရေးနှင့် နှီးနှောဖလှယ်ရေးဆိုင်ရာ လွတ်လပ်ခွင့် ပိုမိုတိုးတက်ရရှိစေမည့် အလားအလာတို့ကိုလည်းကောင်း ဆိုဗီယက်ပြည်ထောင်စုတွင် တွေ့မြင်လာရသည်။ စုံစမ်းထောက်လှမ်းဖော်ထုတ်ဘင်ပြသည့် စာနယ်ဇင်းလုပ်ငန်းများသည်ပင် တရားဝင်လူထုဆက်သွယ်ရေးနယ်ပယ်၌ ပေါ်ထွန်းလာသည်။ ပိတ်ပင်ခံထားရသော စာအုပ်များနှင့် ရုပ်ရှင်ဇာတ်ကားများထုတ်ဝေဖြန့်ချိခွင့်ရရှိလာသည်။ လူမှုပြဿနာများ၊ အစိုးရအာဏာပိုင်များ၏ ဖောက်ပြန်မှုများနှင့် ဆိုဗီယက်သမိုင်းဆိုင်ရာအငြင်းပွားဖွယ်အချက်အလက်များ စသည်တို့ကို ယခင်က မတင်ပြစကောင်းသော အကြောင်းရပ်များအဖြစ် မှတ်ယူထားခဲ့ရာမှ ယခုအခါ ယင်းအကြောင်းရပ်များကို ပွင့်ပွင့်လင်းလင်း တင်ပြနိုင်ပြီဖြစ်သည်။ ထို့ပြင် အများပြည်သူတို့၏ ဆွေးနွေးတင်ပြပိုင်ခွင့် နယ်ပယ်ကို တိုးချဲ့ပေးသည်။ အစိုးရကိုအတိုက်အခံပြုသူတို့နှင့်စပ်လျဉ်း၍ သိသိသာသာပျော့ပျောင်းသော သဘောထားမျိုး ထားရှိလာသည်ကို တွေ့ရသည်။

ယင်းလမ်းကြောင်းကို ရုရှားဝေါဟာရ ဂလပ်စနေ့ဟူသောအခေါ်အဝေါ်ဖြင့် နိုင်ငံတကာတွင် လူသိများလာသည်။ များသောအားဖြင့် ဂလပ်စနေ့ကို ပွင့်လင်းမှုဟု ဘာသာပြန်ဆိုသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၈—စာ၊ ၁၇၇—ရှု။) (စွယ်စုံနှစ်ချုပ် ၁၉၇၈ - စာ၊ ၂၆၃—ရှု။)

ဂလပ်စနေ့အတွက် အဓိက တွန်းအားပေးသော အကြောင်းတရားကား စီးပွားရေး မအောင်မြင်မှုများ၊ ဗျူရိုကရေစီကြိုးနီစနစ်၏ ချုတ်ယှင်းမှုများ၊ ကိုယ်ကျိုးရှာမှုများနှင့် လူမှုရေးမတရားမှုများကို ဖော်ထုတ်ရန် ပယ်ရက်စထရိုင်ကာ (ပြန်လည်တည်ဆောက်ရေး) မူဝါဒတစ်စိတ်တစ်ပိုင်းအရ လိုအပ်နေခြင်းပင် ဖြစ်သည်။ ဆိုဗီယက်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးအဖြစ် ၁၉၈၅ ခုနှစ် မတ်လတွင် မစ္စတာ ဂေါ်ဘာချော့ ရွေးချယ်တင်မြှောက်ခံရပြီးမကြေးမနှောင်းမှာပင် ပယ်ရက်စထရိုင်ကာကို စတင်ချမှတ် အကောင်အထည်ဖော်လာခြင်းဖြစ်

သည်။ ချွတ်ယွင်းချက်များကို ဖော်ထုတ်ရန် စည်းဝါး ကိုက်၍ ဇာတ်တိုက်ထားသော လူထုဆက်သွယ်ရေး လှုပ်ရှားမှုတို့ကို အတိတ်ကာလက အသုံးပြုဖူးသည်မှန်သော်လည်း ဂလပ်စနေ့အရ ဟန်သစ်ဖြင့် မိမိကိုယ်ကိုဝေဖန်ရေးပြုလုပ်သော အတိုင်းအတာသည်လည်းကောင်း၊ လူထုဆက်သွယ်ရေးနယ်ပယ်တို့ကို အပ်နှင်းလာသည့်ရွေဆောင်တင်ပြနိုင်ခွင့် အတိုင်းအတာသည်လည်းကောင်း မကြုံစဖူးထူးကဲလှပေသည်။ အရည်အချင်းညံ့ဖျင်းမှုနှင့် မတရားမှုတို့ကို အရေးယူခြင်းနှင့် သာမန်ပြည်သူတို့အား ထင်ရာစိုင်း၍ အပြစ်ဒဏ်မပေးနိုင်အောင် ကာကွယ်စောင့်ရှောက်ပေးခြင်းတို့ကို အထင်အရှားတွေ့မြင်ရသည်နှင့်အမျှ ဂလပ်စနေ့၏ ရည်ရွယ်ချက်သည် အများပြည်သူ၏ ယုံကြည်ကိုးစားမှု ပိုမိုရရှိရန်နှင့် တစ်ဦးချင်း တီထွင် ဖန်တီးမှုကို မြှင့်တင်အားပေးနိုင်ရန် ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ဆိုဗီယက်ပြည်ထောင်စုမြောက်ပိုင်းရှိမြစ်များ မြောက်ဘက်သို့စီးဆင်းနေရာမှ တောင်ဘက်သို့ စီးဆင်းအောင် ပြောင်းလဲရေး စီမံကိန်းတစ်ရပ်ကို ၁၉၇၅ ခုနှစ်က ချမှတ်သောအခါ ဆိုဗီယက် စာရေးဆရာ တစ်စုသည် စတင်ဦးဆောင်၍ ကန့်ကွက်ခဲ့ကြသည်။ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မည်သို့ဩာ သက်ရောက်မည်ကို ရေရေရာရာမသိပါဘဲ မိုက်မဲစွာချမှတ်သောစီမံကိန်းအဖြစ် တိုက်ခိုက်ခဲ့ကြသည်။ ဒေသစွဲစိတ်ဓာတ်ဖြင့် ဝေဖန်သည်ဟု ဆိုကာ အခြားအဖွဲ့အစည်း ၁၀၅ ဖွဲ့က ဆန့်ကျင်သဖြင့် ယင်းစာရေးဆရာတို့၏ ဝေဖန်ရေးမှာ အရေးနိမ့်မည့်အခြေသို့ ဆိုက်ခဲ့သည်။ ထိုအခါ လူထုဆက်သွယ်ရေးနယ်ပယ်များမှတစ်ဆင့် ယင်းကိစ္စကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြသည်။ တစ်စတစ်စနှင့် အင်အားချိန်ခွင်လျှာပြောင်းလဲသွားခဲ့သည်။ ဆိုဗီယက် ပြည်သူအများစုက ယင်းစီမံကိန်းကို ကန့်ကွက်လာတော့သည်။ အစိုးရအဖွဲ့သည် ၁၉၀၆ ခုနှစ် – ၁၉၉၀ ပြည့်နှစ်အတွင်း အကောင်အထည်ဖော်ရမည့် ယင်းစီမံကိန်းကို ရပ်ဆိုင်းလိုက်ရန် ၁၉၀၆ ခုနှစ် ဩဂုတ်လတွင် ဆုံးဖြတ်ခဲ့သည်။ ယင်းဖြစ်ရပ်သည် ဂလပ်စနေ့၏ ပေ့ဆော်ဦးအကျိုးကျေးဇူးတစ်ရပ်အဖြစ် ဆိုစမှတ်ပြုကြသည်။ ပြည်သူ့ဆန္ဒ၏ ပထမဦးဆုံးသော အဓိကအောင်ပွဲပင် ဖြစ်သည်။

ဆိုဗီယက်သတင်းစာ ဝယ်ယူဖတ်ရှုသူ အရေအတွက်သည် ၁၉၀၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့နောက်ပိုင်းတွင် သန်း ၂၀ နီးပါးတိုးပွားလာသည်။ လူထုဆက်သွယ်ရေးနယ်ပယ်တွင် ယခင်က မဖော်ပြစကောင်းဟုသတ်မှတ်ထားသော အကြောင်းရပ်များကို တိုးခွဲဖော်ပြလာ၍ ပြည်သူတို့ စိတ်ဝင်စားမှု မြင့်မားလာခြင်းဖြစ်ပေသည်။

မျက်မှောက်ကာလတွင် ကြုံနေရသောပြဿနာများကို



စတာလင်နှင့် သဘောထားကွဲလွဲခဲ့၍ ၁၉၃၁ ခုနှစ်က အပြစ်ဒဏ်စီရင်ခံခဲ့ရပြီးမှ ဂလပ်စနေ့ မူဝါဒအရ ၁၉၈၈ ခုနှစ်တွင် ပြန်လည်သိက္ခာတင်ခံရသော ဘူခါရင်

ဖော်ထုတ်ဆွေးနွေးရာတွင် ကွယ်လွန်သူ သမ္မတ ဗရက်ဇနက်၏လက်ထက် (၁၉၆၄–၇၂ ခုနှစ်) ကာလအတွင်း က ခေါင်းဆောင်ပိုင်းကို တရားဝင် ပြစ်တင်ဝေဖန်လာသည်ကို တွေ့ရသည်။ ထို့ပြင် ဆိုဗီယက်သမိုင်းဆိုင်ရာ အငြင်းပွားဖွယ် အချက်အလက်များကို ပိုမို၍ ဝေဖန်ဆန်းစစ် စူးစမ်းလာသည်ကို ပါတီနှင့် နိုင်ငံတော်ခေါင်းဆောင်ပိုင်း၏ ကြေညာချက်များတွင် အထင်အရှားတွေ့လာရသည်။ လီနင်၏ နိုင်ငံရေးကျမ်းရိုးနှင့်တကွ ၁၉၂၀ ပြည့်လွန်နှစ်များအတွင်း လီနင်၏ သမဝါယမစီမံကိန်းနှင့် စီးပွားရေးမူဝါဒသစ် အကောင်အထည်ဖော်မှုအပိုင်းတို့ကိုလည်းကောင်း၊ စတာလင် အာဏာစွဲကိုင်လာခြင်းနှင့် အမိန့်ပေး စနစ်ဖြင့် စီမံခန့်ခွဲသည့် ယန္တရားကို တည်ဆောက်လာခြင်းတို့ကိုလည်းကောင်း၊ ခရူးရှက်၏ စီးပွားရေး လှုပ်ရှားပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုကိုလည်းကောင်း၊ ဗရက်ဇနက်လက်ထက် တိုးတက်မှုမရှိဘဲတွန့်ဆိုင်းနေခဲ့ခြင်းကိုလည်းကောင်း ဝေဖန်ဆန်းစစ် လာသည်။ မစ္စတာ ဂေါ်ဘာချော့ကိုယ်တိုင် ၁၉၈၇ ခုနှစ် နိုဝင်ဘာလဆန်းက အောက်တိုဘာတော်လှန်ရေး နှစ် ၇၀ ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ဆိုဗီယက် သမိုင်းကို ပြန်လည် ဆန်းစစ်ဝေဖန်သော မိန့်ခွန်းကို ပြောကြားခဲ့ပေသည်။



ဂလပ်စနေ့မူဝါဒအရ ဆိုဗီယက်ပြည်ထောင်စုတွင် ပထမဆုံးလှုယဉ်ကျေးမှယ်ပြိုင်ပွဲကို ၁၉၇၈ ခုနှစ် ဇွန်လက ကျင်းပရာ ဆုချီးမြှင့်ခံရသူများကို တွေ့မြင်ရပုံ

ကွန်မြူနစ်ပါတီအာဘော်သတင်းစာ ပရာဗဒါကလည်း ထိပ်တန်းပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်သည့်စနစ်ကို ပြုပြင်ရန် ၁၉၇၈ ခုနှစ် ဧပြီလတွင်တိုက်တွန်းရေးသားခဲ့သည်။ ဗရက်ဇ်ညက်သည် ဒုတိယကမ္ဘာစစ်အတွင်းက တပ်မဇတော်၌ ပူးတွဲခန့်ထားသော နိုင်ငံရေးတာဝန်ခံသာ ဖြစ်ခဲ့ပြီး စစ်မတိုက်ခဲ့ရပါဘဲလျက် ရဲစွမ်းသတ္တိဆိုင်ရာ သူရဲကောင်းမှတ်တမ်းဝင် ရွေတံဆိပ်လေးခုကို မိမိကိုယ်မိမိ အပ်နှင်း ခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ်တွင် အာဏာရလာသောအခါ လူသိမများလှသော ပင်လယ်နက်ကမ်းခြေတစ်နေရာက တိုက်ပွဲနှင့် ဆက်စပ်၍ မိမိကိုယ်ကို သိဒ္ဓိတင်ခဲ့ကြောင်းဖြင့် ဝေဖန်ရေးသားခဲ့သည်။ စတာလင်ဂရက် တိုက်ပွဲကဲ့သို့သော တိုက်ပွဲကြီးများ၌ ဦးဆောင်ခဲ့သည့် တပ်မှူးကြီးများနှင့် သာထိုက်တန်သည့် အောင်စစ်သည် ဂုဏ်ထူးဆောင်ဘွဲ့ကဲ့သို့သော စစ်ရေးဆိုင်ရာအမြင့်ဆုံးဆုကို ဗရက်ဇ်ညက် ရယူခဲ့ခြင်းအတွက် ရှုတ်ချရေးသားသည်။ တစ်ချိန်က ထိပ်တန်းအစိုးရ အရာရှိကြီးဖြစ်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် ကိုယ်ကျိုးရှာမှု၊ လာဘ်စားမှုတို့ဖြင့် တရားစွဲဆိုခံနေရသော ဗရက်ဇ်ညက်၏ သားမက်ဖြစ်သူ ချာဘာနော့်ကိုလည်း တိုက်ခိုက်ရေးသားသည်။ စစ်အတွင်းက ကလေးသူငယ်မျှသာရှိသေးသော ချာဘာနော့်အား စစ်ပြီးနောက် နှစ်ပေါင်း ၃၀ အကြာတွင် ကြယ်နီဂုဏ်ထူးဆောင်ဆု ချီးမြှင့်ခဲ့ကြောင်း၊ အာဖဂန်စတန်သို့ ခရီးထွက်ခဲ့ဖူးသော်လည်း စစ်မှုမထမ်းခဲ့ပါဘဲလျက် အောင်လံနီဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်ခဲ့ကြောင်းဖြင့် ပရာဗဒါသတင်းစာက ထောက်ပြခဲ့သည်။

နိုင်ငံတော်ပိုင်းက တာဝန်ယူရသော အရေးကြီးသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်း ဆွေးနွေးအကြံပြုမှုဆိုင်ရာဥပဒေကို ဆိုဗီယက်ဦးစီး လွှတ်တော်ချုပ်က ၁၉၇၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ဥပဒေသစ် တစ်ရပ်အပေါ် အဆိုပြုချက်များနှင့် ဝေဖန်ဆန်းစစ်ချက်များကို ဆိုဗီယက်နိုင်ငံသားများ တစ်ဦးချင်း

ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဥပဒေမူကြမ်းအဖြစ် ထုတ်ဝေခြင်းမှ သက်ဆိုင်ရာ ဒေသအဆင့်၊ သမ္မတနိုင်ငံ အဆင့် ဘို့မဟုတ် ပြည်ထောင်စုအဆင့် ဥပဒေပြုအဖွဲ့အစည်းတစ်ရပ်သို့ တင်သွင်းခြင်းအထိ ကာလအပိုင်းအခြားအတွင်း လွှတ်လပ်ပွင့်လင်းစွာ တင်ပြနိုင်မည့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်သည်။

၁၉၇၇ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းက ဂလပ်စနေ့မူဝါဒထွန်းကားစေရန် စာနယ်ဇင်း ထုတ်ဝေဖြန့်ချိမှုဆိုင်ရာ ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းရန် ပြင်ဆင်နေပြီဟူသော သတင်းတစ်ရပ်ထွက်ပေါ်ခဲ့သည်။ ယခင်ကပိတ်ပင်ထားခဲ့သော စာအုပ်များကို ပြန်လည်စိစစ်၍ ထုတ်ဝေခွင့်ပြုခဲ့ရာ စာအုပ် ၆၀၀၀ ခန့်ရှိသည့်အနက် ၁၉၇၇ ခုနှစ် တစ်နှစ်တည်းတွင် ၄,၃၀၃ အုပ် ထုတ်ဝေခွင့်ပြုခဲ့သည်။ ယင်းခွင့်ပြု စာအုပ်များထဲတွင် ကိရင်စကီး၊ မီလျူကော့နှင့် ကော့ဆက်တပ်မှူး ကရက်စနော့တို့၏ ဘဝအတွေ့အကြုံမှတ်တမ်းစာအုပ်များလည်း ပါဝင်သည်။ ဆာဗင်ကော့နှင့် ဗိုလ်ချုပ်ကြီး ဒင်နီကင်တို့၏ စာအုပ်များလည်းပါဝင်သည်။ လူနာချာစကီး၊ ဘူခါရင်နှင့် ရိုင်ကော့တို့၏ စာပေလက်ရာများလည်း ပါဝင်သည်။ ယင်း စာရေးဆရာတို့သည် ၁၉၂၀ ပြည့်လွန်နှစ်များနှင့် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းက သိက္ခာချခံရသူများ၊ ပါတီမှထုတ်ပယ်ခံရသူများဖြစ်ကြသည်။ ဘူခါရင်သည် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း စတာလင်နှင့် သဘောထား ကွဲလွဲသော အဓိက အတိုက်အခံတစ်ဦးဖြစ်သည်။ ဘူခါရင်နှင့် ရိုင်ကော့တို့သည် ၁၉၃၈ ခုနှစ်တွင် ဟန်ပြတရားခွင်၌ စီရင်ခံရပြီး ပစ်သတ် ခံခဲ့ကြရသည်။ ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြန်လည်၍ သိက္ခာတင်ခံကြရသည်။

ဗြိတိသျှစာရေးဆရာ ဂျော့အော်ဝဲလ် (၁၉၀၃ – ၅၀) ရေးသားသော Animal Farm ဝတ္ထုကို ၁၉၈၈ ခုနှစ် မတ်လမှဇွန်လအထိ ဆိုဗီယက်စာပေမဂ္ဂဇင်း တစ်စောင်၌ အခန်းဆက် ဖော်ပြခွင့်ရသည်။ (အကြွင်းမဲ့ အာဏာရှင်စနစ်ကိုသရော်သော ယင်းဝတ္ထုကို ဆရာကြီး သခင်ဘသောင်းက ခြေလေးချောင်း တော်လှန်ရေး ဟူသော အမည်ဖြင့် ၁၉၅၁ ခုနှစ်တွင် မြန်မာပြန်ဆို ထုတ်ဝေခဲ့ဖူးသည်။) စာပေမဂ္ဂဇင်းအစောင်စောင်တွင် ပလက်တိုနော့၊ နာဘိုကော့၊ ဂရော့စမင်းနှင့် ပါစတာညက်တို့ကဲ့သို့သော တစ်ခါန်က အဖိနှိပ်ခံ စာရေးဆရာတို့၏ စာပေလက်ရာများကိုဖတ်ရှုနိုင်ကြပြီ ဖြစ်သည်။ အစိုးရနှင့် သဘောထားကွဲလွဲသူများအနက် အထင်ရှားဆုံး ပုဂ္ဂိုလ်များဖြစ်ကြသည့် နိုဗဲဆုရ ရုပဗေဒပညာရှင် ဆခါးရော့ဗ်နှင့် သမိုင်းပညာရှင် ရိုင် မက်ဗီဒေ့တို့နှင့် တွေ့ဆုံဆွေးနွေးခန်းများကိုပင်လျှင် ဆိုဗီယက်သတင်းစာများ၌ ဖတ်ရှုနိုင်ကြပြီဖြစ်သည်။


ဂလပ်စနေ့ မူဝါဒကြောင့် ပြည်ပ ဘဝဝန်းကျင်၏ အကြောင်းကိုလည်း ပြည်သူအများစု လေ့လာခွင့်ရရှိပြီဖြစ်သည်။ ဆိုဗီယက် သတင်းစာဆရာတို့သည် အနောက်တိုင်း နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး၍ သတင်းစာနှင့်ရေဒီယို ရုပ်မြင်သံကြားတို့တွင် တင်ဆက်ပေးနေပြီဖြစ်သည်။ အင်္ဂလန်ရှားသတင်းစာ အပါအဝင် ဆိုဗီယက် သတင်းစာများတွင် အနောက်ဥရောပနှင့်အမေရိကန်တို့မှ သတင်းစာဆရာတို့၏ ရေးသားချက်များကို ဖော်ပြနေပြီဖြစ်သည်။ ပြည်ပအသံလွှင့်ဌာနတို့မှ အသံလွှင့်ချက်များကို ဖြတ်တောက်ဖျက်ဆီးခြင်း မပြုတော့ချေ။

ဂလပ်စနေ့သည် အရှိန်ရနေပြီဖြစ်သည်။ ပယ်ရက်စထရိုင်ကာ လုပ်ငန်းစဉ်ကြီး အောင်မြင်ရေးအတွက် အထောက်အကူပြုမည်ဟု ဆိုဗီယက်ပြည်သူ အများစုက ယုံကြည်လျက် ရှိကြပေသည်။ (ဆိုဗီယက် ပြည်ထောင်စု—ရှု။)

ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၈၈)။ ။မြန်မာနိုင်ငံတွင်သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့ကြသော သံဃာတော်အရှင်မြတ်များ၊ ခေတ်အဆက်ဆက် ကိုယ်ကျိုးမဖက် နိုင်ငံတော်အကျိုးသက်သက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် စီးပွားရေးတိုးတက်ဖြစ်ပေါ်မှုအတွက် ရှေ့ဆောင်ရှေ့ရွက်ပြု ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကို ကာကွယ်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်သည့်ပုဂ္ဂိုလ်များကို နိုင်ငံတော်က ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းပြုသည်။

၁၉၈၈ ခုနှစ် အာဘိဓမ္မာဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများ၏ဘွဲ့အမည်များနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို နိုင်ငံတော်ကောင်စီက ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွှတ်လပ်ရေး နှစ်ပတ်လည် အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ် ၁/၈၈ အရ အာဘိဓမ္မာဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆပ်ကပ် လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးတစ်ပါးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ငါးပါးမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်။



အဘိဓမ္မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ဘဒ္ဒန္တဇာနေယျဗုဒ္ဓိအား ဆပ်ကပ်လှူဒါန်းစဉ်

အဘိဓမ္မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊မန္တလေး အနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇ၊ ကိုင်းကုန်းကျောင်းတိုက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဘဒ္ဒန္တ သောဘဏ၊ ညောင် တုန်း ကျောင်း တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ဘဒ္ဒန္တ စန္ဒောဘာသ၊ မဟာဂန္ဓာရုံ ကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်း။

၄။ ဘဒ္ဒန္တစန္ဒသိရီ၊ မဟာဇောတိကာရုံမကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ၊ မစိုးရိမ်တိုက်သစ်၊ မန္တလေး အနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း။

အမိန့်ကြော်ငြာစာအမှတ် ၂/၈၈ အရ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) အပ်နှင်းခြင်းခံရသူနှစ်ဦးမှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ပထမဆင့်

(၁) ဦးမောင်မောင်ဝင်း၊ (၂) ဦးသန်းညွှန့်၊

အမိန့်ကြော်ငြာစာများအရ ၁၉၈၈ ခုနှစ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးများနှင့် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ စာရင်းကို ဖော်ပြပါအတိုင်း အကျဉ်းချုပ်အားဖြင့် အမျိုးအစားအလိုက် ခွဲခြားတွေ့ရှိရသည်။

ချီးမြှင့်သည့်ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်	ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်ဦးရေ
– အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်	၁
– အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်	၅
– နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)	၂
– သူရဘွဲ့ (အမိန့်ကြော်ငြာစာအမှတ် ၃/၈၈)	၂
– သူရိယကောင်းမှတ်တမ်းဝင်တံဆိပ် (″)	၁၅၄
– လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) (″)	၅
– လူမှုထူးချွန်တံဆိပ် (တတိယဆင့်) (″)	၂၇
– ရဲသီဟတံဆိပ် (″)	၃

– ရဲသူရတံဆိပ် (။) ၃
– ရဲဗလတံဆိပ် (။) ၅
– ရဲကျော်စွာတံဆိပ် (။) ၁
– ရဲကျော်သူတံဆိပ် (။) ၂
– စစ်မှုထမ်းကောင်းတံဆိပ် (အမိန့်ကြော်ငြာစာ ၄/၈၈) ၉၇
– ရဲမှုထမ်းကောင်းတံဆိပ် (အမိန့်ကြော်ငြာစာ ၅/၈၈) ၃၃
– ပြည်သူဝန်ထမ်းကောင်းတံဆိပ် (အမိန့်ကြော်ငြာစာ ၆/၈၈) ၃၃၆
– ပြည်သူဝန်ထမ်းတံဆိပ် (အမိန့်ကြော်ငြာစာ ၇/၈၈) ၁၇,၉၈၆
– ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ် (အမိန့်ကြော်ငြာစာ၇/၈၈) ၃၇,၀၈၆
– နိုင်ငံတော်ရဲမှုထမ်းတံဆိပ် (အမိန့်ကြော်ငြာစာ ၈/၈၈) ၇၄၈
– ပြည်သူ့ရဲ ပူးတွဲတိုက်ပွဲဝင်တံဆိပ် (အမိန့်ကြော်ငြာစာ ၉/၈၈) ၄၀၉

ထို့ပြင် မြန်မာနိုင်ငံလုံတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအနက်မှ ဆရာစံ ခေါင်းဆောင် သော တောင် သူ လယ် သ မား တော်လှန်ရေးတွင် ပါဝင် ဆောင်ရွက်ခဲ့ပြီး ထောင်ဒဏ် ကျခံခဲ့ရသည့် ပုဂ္ဂိုလ်တစ်ဦးအား တစ်လုံး တစ်ခဲတည်း ချီးမြှင့်ငွေကျပ်တစ်သောင်းတိတိနှင့် လစဉ်ချီးမြှင့်ငွေကျပ် နှစ်ရာတိတိကို ခံစားခွင့်ပြုလိုက်ကြောင်း ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန် မာ နိုင် ငံ တော် ဝန် ကြီး အဖွဲ့က ၁၉၇၈ ခုနှစ်ဇန်နဝါရီလ ၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် (၁/၇၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ ယင်းပုဂ္ဂိုလ် မှာ ဦးထွန်းမောင် (ပေါက်ခေါင်း) ဖြစ်ပေသည်။

ကျပန်နိုင်ဝံ။ ။ နိုဘိုရှု တာကေရှိတာသည် ၁၉၇၇ ခုနှစ် အောက်တိုဘာလတွင် ဝန်ကြီးချုပ် ဖြစ်လာခဲ့ပြီး နောက် အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံသို့ ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၀ ရက်နေ့အထိ ပထမဦးဆုံးအကြိမ် အလည်အပတ် သွားရောက်သည်။ အမေရိကန်သမ္မတ ရော်နယ်ရေဂင်နှင့် တွေ့ဆုံ ဆွေးနွေးရာတွင် ကျပန်ဝန်ကြီးချုပ် တာကေရှိတာက ကျပန်နိုင်ငံရှိ အမေရိကန် တပ်ဖွဲ့ဝင် ၅၀,၀၀၀ နီးပါးအတွက် ထောက်ပံ့မှုစရိတ် ပိုမိုထည့်ဝင်ကျခံမည်ဟု ကတိပြုခဲ့သည်။ ယင်း စရိတ်သည် နှစ်စဉ် ဒေါ်လာသန်း ၁၀၀ ကျော်ရှိသည်။

ကျပန်ဝန်ကြီးချုပ် တာကေရှိတာနှင့် အမေရိကန်သမ္မတ ရော်နယ်ရေဂင်တို့ ဝါရှင်တန်မြို့၌ တွေ့ဆုံဆွေးနွေးကြစဉ်



အမေရိကန်ဆောက်လုပ်ရေးကုမ္ပဏီများအား ဂျပန်အစိုးရ လုပ်ငန်းစီမံကိန်းများ၌ ကမ်းလှမ်း လုပ်ကိုင်ခွင့် ပိုမိုပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ၁၉၈၇ ခုနှစ်က ဂျပန်နိုင်ငံ၏ ကန်ထရိုက်ဆွဲခွင့်နှင့်စပ်လျဉ်း၍ တင်းကျပ်သော အစီအစဉ်ကြောင့် နှစ်နိုင်ငံ ကုန်သွယ်ရေး အငြင်းပွားမှု ကြီးထွားခဲ့ရသည်။ ဂျပန်ကုမ္ပဏီများသည် ၁၉၈၇ ခုနှစ်တွင် အမေရိကန် အစိုးရ စီမံကိန်းများ၌ ဝင်ရောက်လုပ်ကိုင်ခွင့်ရ၍ ဝင်ငွေ ဒေါ်လာသန်း ၁၂၀ ရရှိခဲ့သော်လည်း နှစ်ကုန်ပိုင်းမှစ၍ အမေရိကန် ကွန်ဂရက်လွှတ်တော်က ဂျပန်ကုမ္ပဏီများအား အမေရိကန်အစိုးရ ဆောက်လုပ်ရေးလုပ်ငန်းသစ်များ ကမ်းလှမ်း လုပ်ကိုင်ခွင့်ကို ပိတ်ပင်ခဲ့သည်။

စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုအပေါ် (အိုအီးစီဒီ)၏ ထုတ်ပြန်ချက်အရ ၁၉၈၆ ခုနှစ်က တတိယကမ္ဘာနိုင်ငံများအားပေးသည့်ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုတန်ဖိုးသည် ဒေါ်လာသန်းပေါင်း ၅,၆၀၀ ရှိခဲ့၍ ဒေါ်လာသန်းပေါင်း ၉,၆၀၀ ထောက်ပံ့သော အမေရိကန် ပြည်ထောင်စုပြီးလျှင် ဒုတိယအများဆုံး ကူညီထောက်ပံ့သူ ဖြစ်ခဲ့သည်ဟုဆိုသည်။ အမျိုးသား အသားတင်ထုတ်လုပ်မှုတန်ဖိုးစုစုပေါင်း (ဂျီအင်ပီ) ၏ သုည ဒသမ ၂၉ ရာခိုင်နှုန်းကို ကူညီထောက်ပံ့သော ဂျပန်နိုင်ငံသည် အိုအီးစီဒီ၏ ပျမ်းမျှထောက်ပံ့မှု သုည ဒသမ ၃၅ ရာခိုင်နှုန်းနှင့် နှိုင်းစာလျှင် နိမ့်ကျနေပေသေးသည်။ နော်ဝေးနိုင်ငံ (၁ ဒသမ ၂ ရာခိုင်နှုန်း)၊ နယ်သာလန်နိုင်ငံ (သုည ဒသမ ၉၇ ရာခိုင်နှုန်း)နှင့် ဆွီဒင်နိုင်ငံ (သုည ဒသမ ၈၅ ရာခိုင်နှုန်း) တို့ထက်လည်း လျော့နည်းနေခဲ့သည်။ ကမ္ဘာပေါ်ရှိ မြို့ရှင်နိုင်ငံများအနက် ဂျပန်နိုင်ငံသည် ထိပ်ဆုံးသို့ ရောက်ရှိလာ၍ ၁၉၈၇ ခုနှစ်အတွင်း ပင်လယ်ရပ်ခြားနိုင်ငံများထံမှ ဂျပန်နိုင်ငံက ရရန်ပိုင်ခွင့်ရှိသည့် ငွေကြေးတန်ဖိုးသည် ဒေါ်လာသန်းပေါင်း ၁၀,၁၀,၀၀၀ ကျော် ရှိကြောင်းဖြင့် ၁၉၈၈ ခုနှစ် မေလတွင် ဂျပန်နိုင်ငံက ကြေညာခဲ့သည်။ ဂျပန်နိုင်ငံ၏ အဓိက ရင်းနှီးမြှုပ်နှံသူများက ပင်လယ်ရပ်ခြားနိုင်ငံများတွင် နိုင်ငံခြား အစုရှယ်ယာများနှင့် အာမခံငွေချေးစာချုပ်များကို တိုးမြှင့်ဝယ်ယူလျက်ရှိသည့်အလျောက် ၁၉၈၇ ခုနှစ်တွင် ဂျပန်နိုင်ငံက ပင်လယ်ရပ်ခြားနိုင်ငံများထံမှ ရရန်ပိုင်ခွင့်တန်ဖိုးသည် စုစုပေါင်းဒေါ်လာသန်းပေါင်း ၃,၀၀,၀၀၀ တိုးတက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ နောင်လာမည့် ငါးနှစ်တာကာလအတွင်း ပြည်ပသို့ပေးမည့် အထောက်အပံ့ အကူအညီတန်ဖိုးကို ဒေါ်လာသန်းပေါင်း ၅၀,၀၀၀ ထိ တိုးမြှင့်သွားမည်ဖြစ်၍ ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပြည်ပအကူအညီ အများဆုံးပေးသောနိုင်ငံ ဖြစ်လာမည်ဟူ၍ ၁၉၈၈ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ထောက်ပံ့ကူညီမှုတန်ဖိုးကို ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်သွားခြင်းဖြင့် တိုက်ရိုက်ဖွံ့ဖြိုးမှု ရန်ပုံငွေတွင် နှစ်စဉ် ဒေါ်လာသန်းပေါင်း ၅,၂၀၀ ထောက်ပံ့နိုင်မည်ဟုဆိုသည်။ ယင်းတိုက်ရိုက်အကူအညီအပြင် တတိယကမ္ဘာ၏ ကြွေးမြီ အကျပ်အတည်းကို သက်သာစေရန် ဂျပန်နိုင်ငံက ဒေါ်လာသန်းပေါင်း ၂၀,၀၀၀ ပေးမည်ဟုလည်း ကြေညာခဲ့သည်။

ဂျပန်နိုင်ငံ စက်မှုသတ္တုလုပ်သားသမဂ္ဂ၏ လေ့လာဆန်းစစ်ချက်အရ ဂျပန်အလုပ်သမားများသည် တစ်နာရီလျှင် ၁၇ ဒသမ ၆၈ ဒေါ်လာနှုန်းရရှိ၍ တစ်နာရီလျှင် ၁၇ ဒသမ ၃၉ ဒေါ်လာနှုန်း ရရှိသော အမေရိကန်အလုပ်သမားများထက် အနည်းငယ်သာ ပိုသည်ဟုဆိုသည်။ သို့ရာတွင်ဂျပန်နိုင်ငံတွင် ခေတ်ဆိုတစ်ဂါလံ၏ ဈေးနှုန်းသည် ၃ ဒသမ ၆၅ ဒေါ်လာရှိပြီး တိုက္ကျိဆင်ခြေဖုံးတွင် အိမ်ခန်းငယ်တစ်ခန်း၏ ငှားရမ်းခသည် တစ်လလျှင် ဒေါ်လာ ၁၀၀၀ နှုန်း ရှိပေရာ နေထိုင်မှုစရိတ်မြင့်မားလှပေသည်။ ထို့ကြောင့် လုပ်ခနှုန်းကို ခြောက်ရာခိုင်နှုန်းထက် မနည်း တိုးမြှင့်ပေးရန် အလုပ်သမားတို့က တောင်းဆိုခဲ့ရာ ၁၉၈၈ ခုနှစ်တွင် ပျမ်းမျှ ၄ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးမြှင့်ပေးခဲ့သည်။

ဂျပန်နိုင်ငံအစိုးရသည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် အမျိုးသားဘတ်ဂျက်ကို အတည်ပြုပေးခဲ့ရာ ကာကွယ်ရေးအသုံးစရိတ်ကို ၁၉၈၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်လိုက်သည်ကို တွေ့ရှိရသည်။ ကာကွယ်ရေးအတွက် ခွင့်ပြုငွေ ဒေါ်လာသန်းပေါင်း ၃၀,၀၀၀ လျာထားသတ်မှတ်ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် ရေငုပ်သင်္ဘော တိုက်ဖျက်ရေး စွမ်းရည်အဆင့်တိုးမြှင့်ရေးနှင့် ဝေဟင်မှကြိုတင်သတိပေးလေယာဉ်များ၊ တင်ကားများ ပိုမိုဖြန့်ချ သုံးစွဲရေးအတွက် စီစဉ်နေကြောင်းဖြင့် ၁၉၈၈ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ မြောက်ပိုင်းရှိ ဟိုကိုင်းဒိုးကျွန်းတွင် တင်ကားများ ပိုမိုဖြန့်ချမည်ဟုဆိုသည်။ အက်ဖ် ၁၆ တိုက်လေယာဉ်ပေါ် မူတည်၍ ဂျက်လေယာဉ်မျိုးနွယ်သစ်စင်းရေ ၁၃၀ ကို အမေရိကန်ပြည်ထောင်စုနှင့် ပူးတွဲထုတ်လုပ်ရန် စီစဉ်သည်။ တစ်စင်းလျှင် ဒေါ်လာ ၄၂ သန်းတန် လေယာဉ်များဖြစ်သည်။

ကျော်ဒန်နိုင်ငံ။ ။ ကျော်ဒန်နိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် အာရပ်နိုင်ငံများနှင့်အတူ အစ္စရေးကို တိုက်ခိုက်ခဲ့သည်။ ပြိုတိသျှတပ်များ ဦးဆောင်သော ကျော်ဒန်တပ်များသည် ၁၉၄၈ ခုနှစ် မေလ ၁၅ ရက်နေ့တွင် ဂျရူး



ဂျော်ဒန်နိုင်ငံဘုရင်ဟူစိန် ကိုယ်ရံတော်တပ်ဖွဲ့ကို စစ်ဆေးနေစဉ်

ဆလမ်းမြို့ကို သိမ်းပိုက်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် အစ္စရေး နှင့်စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုပြီးနောက် ဂျော်ဒန်မြစ်၏ အနောက်ဘက်ရှိ ပါလက်စတိုင်းနယ်မြေကို ဂျော်ဒန်ဘုရင် အဗ္ဒဒူလာ၏လက်အောက်သို့ သိမ်းသွင်းယူခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် အာရပ် – အစ္စရေးစစ်ပွဲ ဖြစ်ပွားသောအခါ ဗြိတိန်နိုင်ငံက အစ္စရေးဘက်မှ ရပ်တည် ခဲ့၍ ဂျော်ဒန်နိုင်ငံက ဗြိတိသျှတပ်များကို နိုင်ငံအတွင်းမှ နှင်ထုတ်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် တတိယအကြိမ်မြောက် အာရပ် – အစ္စရေးစစ်ပွဲ ဖြစ်ပွားသောအခါ အစ္စရေးက ဂျော်ဒန်ကိုအနိုင်ယူကာ အာရပ်ဂျရုဆလမ်းနှင့် အနောက် ဘက်ကမ်းနယ်မြေကို သိမ်းပိုက်သွားခဲ့သည်။ ၁၉၅၂ ခုနှစ် မှစ၍ ဂျော်ဒန်ဘုရင်ဖြစ်လာသော ဘုရင်ဟူစိန်က ၁၉၇၀ ပြည့်နှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အာရပ်အစ္စရေး စစ်ပွဲ အပစ်အခတ် ရပ်စဲရေး အတွက် သဘော တူညီခဲ့သည်။

ဂျော်ဒန်နိုင်ငံရှိ ပါလက်စတိုင်း အာရပ်ပြောက်ကျား တို့သည် အစ္စရေးကို ဆက်လက် တိုက်ခိုက်နေခဲ့ကြသည်။ အပစ်အခတ် ရပ်စဲခဲ့သော ဘုရင်ဟူစိန်ကို မကျေနပ်၍ ပါလက်စတိုင်း ပြောက်ကျားတို့က လေယာဉ် အပိုင်စီးမှု များကို ဆက်တိုက် ပြုလုပ်ခဲ့ကြသည်။ ဂျော်ဒန်တပ်ဖွဲ့ များက ပါလက်စတိုင်းတို့ကို တိုက်ခိုက်ရာမှ ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဘုရင်ဟူစိန်သည် အခြားအာရပ်နိုင်ငံများ၏ ဆုံးဖြတ်ချက်ကို လိုက်နာသော အားဖြင့် အနောက်ဘက်ကမ်း နယ်မြေ ပိုင်ဆိုင်ခွင့်ကို ပါလက်စတိုင်း လွှတ်မြောက်ရေးအဖွဲ့ (ပီ အယ် အို) အတွက် စွန့်လွှတ်ခဲ့သည်။ ပါလက်စတိုင်း ပြည်သူတို့၏ တစ်ရပ်တည်းသော တရားဝင် ကိုယ်စားလှယ်သည် ပီ အယ် အို သာဖြစ်သည်ဟူ၍ ရာဘတ်မြို့တွင်ကျင်းပသော အာရပ်အဖွဲ့ချုပ် ထိပ်သီးညီလာခံက တရားဝင်ဆုံးဖြတ် ခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်မှစ၍ ဘုရင်ဟူစိန်သည် အခြား အာရပ် ခေါင်းဆောင်များနှင့် ဆက်ဆံရေး တိုးတက် ကောင်းမွန်ကာ ဂျော်ဒန် နိုင်ငံသည် ရေနံကြွယ်ဝသော အာရပ်နိုင်ငံများထဲမှ ငွေကြေးအထောက်အပံ့ အမြောက် အမြား ရရှိခဲ့သည်။

ဘုရင်ဟူစိန်သည် ၁၉၇၄ ခုနှစ်တွင် ပါလီမန်ကို ပထမ ဦးဆုံး ဖျက်သိမ်းခဲ့ဖူးသည်။ အတိုင်ပင်ခံ ကောင်စီဖြင့် ၁၉၇၈ ခုနှစ်မှ ၁၉၈၄ ခုနှစ်အထိ အုပ်စိုးခဲ့သည်။ ယင်း ကောင်စီတွင်ဥပဒေပြုအာဏာလည်းမရှိသည့်ပြင် အနောက် ဘက်ကမ်းဒေသ ကိုယ်စားလှယ်များလည်း မပါဝင်ချေ။ ၁၉၈၄ ခုနှစ်တွင်မှ ပါလီမန်ကို ပြန်လည်ဆင့်ခေါ်ခဲ့သည်။

ဂျော်ဒန်တပ်ဖွဲ့များက ပါလက်စတိုင်းတို့ကို တိုက်ခိုက် ခဲ့သည့် ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် ပထမဆုံးအကြိမ် အဖြစ် ဘုရင်ဟူစိန်နှင့် ပီအယ်အိုခေါင်းဆောင် ယာဆာ

အာရဖတ်တို့ ၁၉၇၇ ခုနှစ် မတ်လတွင် တွေ့ဆုံခဲ့ကြသည်။ အနာဂတ်တွင် အနောက်ဘက်ကမ်းဒေသ၌ ပါလက်စတိုင်းနိုင်ငံထူထောင်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ဗျော်ဒန်နှင့် ပီ အယ် အို အတူတကွ တက်ရောက်ရေးနှင့် ပတ်သက်သည့် သဘောတူ စာချုပ်ကို ဘုရင်ဟူစိန်က ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပယ်ဖျက်ခဲ့သည်။ ထိုအချိန်မှစ၍ ဗျော်ဒန်နှင့် ပီအယ်အို့တို့ ဆက်ဆံရေး တင်းမာလာကြပြန်သည်။ သို့ရာဘွင် အစွရေးတို့သိမ်းပိုက်ထားခြင်းကို ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ဂ ရက်နေ့မှစ၍ ဆန့်ကျင်သော ပါလက်စတိုင်း အုံကြွမှုကြောင့် အင်အား တောင့်တင်းလာသည့်ပီအယ်အိုသည်လည်းအပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပီအယ်အိုနှင့် ဗျော်ဒန်ပူးတွဲကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရေးအယူအဆကို ၁၉၈၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ငြင်းပယ်လိုက်သည်။ ပါလက်စတိုင်းအုံကြွမှုခေါင်းဆောင်များ၏ အာဘော်ဟု ယူဆရသော ၁၉၈၈ ခုနှစ် မတ်လက ကြေညာချက်တစ်ရပ်တွင် အနောက်ဘက်ကမ်းဒေသ၏အမတ်များအားလုံး ဗျော်ဒန် ပါလီမန်မှ နုတ် ထွက် ကြ ရန် ညွှန် ကြား ထား သည်။ အနောက်ဘက်ကမ်းဒေသဆိုင်ရာ အမတ်များ၏ ထက်ဝက်ကျော်သည် ဗျော်ဒန်နိုင်ငံထက် ပီအယ်အိုကိုပို၍သစ္စာခံလိုကြသည်ဟုဆိုသည်။ (ပါလက်စတိုင်းအခြေအနေ—ရှု။)

အဖွဲ့ဝင် ၆၀ ရှိသော ဗျော်ဒန်ပါလီမန် အောက်လွှတ်တော်ကို ၁၉၈၈ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့မှစ၍ ဖျက်သိမ်းလိုက်ကြောင်းဖြင့် ဘုရင်ဟူစိန်က ကြေညာသည်။ အနောက်ဘက်ကမ်းဒေသရှိ ပါလက်စတိုင်းလူမျိုးများအတွက် ၁၉၆၇ ခုနှစ်မှစ၍ အကောင်အထည်ဖော်နေသည့် ဒေါ်လာသန်း ၁,၃၀၀ တန် ကျန်းမာရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုစီမံကိန်းများကို ဖျက်သိမ်းတော့မည်ဟု ကြေညာပြီးနောက် နှစ်ရက်အကြာတွင် အောက်လွှတ်တော်ကို ဖျက်သိမ်းခြင်း ဖြစ်သည်။ ယင်းအောက်လွှတ်တော်တွင် အစွရေး အသိမ်းပိုက်ခံ အနောက်ဘက်ကမ်း ဒေသရှိ မဲဆန္ဒနယ်မြေတို့မှ အမတ်ဦးရေသည် ထက်ဝက် ပါဝင်သည်။ အစွရေး အသိမ်းပိုက်ခံနယ်မြေများတွင် ပါလက်စတိုင်းလွှတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ပိုမိုသြဇာသက်ရောက်စေရန် ရည်ရွယ်လျက် ဗျော်ဒန်နှင့် အနောက်ဘက်ကမ်းနယ်မြေတို့ကို သီးခြားစီခွဲထုတ်ရန် စီစဉ်ခြင်းဖြစ်သည်ဟုဆိုသည်။ နိုင်ငံခြားအုပ်စိုးမှုကို တွန်းလှန်တိုက်ပွဲဝင်နေသော ပြည်သူတို့၏ အမျိုးသားရေးအဖြစ် ပါလက်စတိုင်းအရေးကို နိုင်ငံတကာက ထောက်ခံရန်လိုကြောင်း၊ ထိုသို့ထောက်ခံမှုရရှိရေးတွင် ဗျော်ဒန်နိုင်ငံအတွင်း၌ အနောက်ဘက်ကမ်း ဒေသကို သွတ်သွင်းထားမှုက အဟန့်အတား ဖြစ်နေကြောင်းဖြင့် ဘုရင်ဟူစိန်ကကြေညာပြီး အနောက်ဘက်ကမ်းပါဝင်ဖွဲ့စည်းထားသည့် လွှတ်လပ်သော ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးကို တိုက်တွန်းသည်။

ဗျော်ဒန်နိုင်ငံက လက်လွှတ်လိုက်သော အုပ်ချုပ်ရေးကွက်လပ်ကို ဖြည့်ရန်အတွက် ဗျော်ဒန်မြစ်အနောက်ဘက်ကမ်းကို အစွရေးနိုင်ငံအတွင်း သွတ်သွင်းသိမ်းယူလိုက်ရန် အစွရေးလက်ယာဂိုဏ်း၏ အကြံပြုတိုက်တွန်းချက်များကို အစွရေးဝန်ကြီးချုပ် ယစ်ဇက် ရှမီးယားက ပယ်ချလိုက်သည်။ အစွန်းရောက် အမျိုးသားရေးဝါဒ ကိုင်စွဲသည့် တီဟီယာပါတီမှ အမတ်များက တောင်းဆိုခြင်းဖြစ်သည်။ ဗျော်ဒန်မြစ်အနောက်ဘက်ကမ်းဒေသ၏ အနာဂတ်အရေးကို ဒေးဗစ်စခန်း သဘောတူစာချုပ်အရ စေ့စပ်ဆွေးနွေးမည်ဟု ရှမီးယားကကြေညာသည်။

ဗျော်ဒန်မြစ် အနောက်ဘက်ကမ်း ဒေသတွင် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးကိစ္စကို အမြန်ဖော်ဆောင်ရန် အစွရေးသိမ်းပိုက်ခံ နယ်မြေများရှိ ပါလက်စတိုင်းများက ပီအယ်အိုအား ဖိအားပေးသည်။ ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ၁၉၄၇ ခုနှစ် ဆုံးဖြတ်ချက်အမှတ် ၁၈၁ ကို အခြေခံရန် ပီအယ်အို ခေါင်းဆောင်များ သဘောတူညီမှုရရှိကြောင်းဖြင့် ပီအယ်အိုပြန်ကြားရေးဌာနက ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကြေညာသည်။ ယခင်က ဗြိတိသျှ အစောင့်အရှောက်ခံ ဖြစ်ခဲ့သော ပါလက်စတိုင်းနယ်မြေကို အစွရေးနှင့် အာရပ်နယ်မြေများအဖြစ် ခွဲခြားရေးနှင့် စပ်လျဉ်းပြီး ထိုဆုံးဖြတ်ချက်က တိုက်တွန်းထားသည်။ သို့သော် ထိုဆုံးဖြတ်ချက်ကို မည်သည့်အခါကမျှ အကောင်အထည် ဖော်ခြင်း မရှိခဲ့ချေ။ ဗျော်ဒန်ဘုရင် ဟူစိန်၊ အီဂျစ်သမ္မတ မူဘာရက်နှင့် ပီအယ်အို ခေါင်းဆောင် ယာဆာအာရဖတ်တို့သည် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဗျော်ဒန်နိုင်ငံ အက္ကဘာမြို့၌ တွေ့ဆုံ ဆွေးနွေး ခဲ့ကြသည်။ ခေါင်းဆောင်သုံးဦးသည် တူညီသော ရပ်တည်ချက်ရရှိသည်ဟု ဆိုသည်။ ပါလက်စတိုင်းနိုင်ငံ တည်ထောင်ကြောင်း ကြေညာရေးကို ယင်း ထိပ်သီးအစည်းအဝေးက ဟန့်တားမှုမရှိဟု ပီအယ်အိုက ကြေညာသည်။

စံဘော်၊ဦး (ဒေါက်တာ) (ခရစ် ၁၉၂၂–၁၉၈၄)။ ။ တင်ပါးဆုံနှင့် ပေါင်ရိုးလည်တိုင်ပိုင်းတွင် ကျိုးနေသော အရိုးများကို ဆင်စွယ်ဖြင့်အစားထိုးကုသသည့်လုပ်ငန်းကို ကမ္ဘာပေါ်တွင် ပထမဦးဆုံး ထုတ်ဖော်တင်ပြခဲ့သူ ဆရာဝန်ကြီး ဒေါက်တာဦးစံဘော်ကို ၁၉၂၂ ခုနှစ် ဇွန်လ ၂၉

စံဘော်၊ ဦး (ဒေါက်တာ)



ဒေါက်တာ ဦးစံဘော်

ဒေါက်တာဦးစံဘော်သည် အမေရိကန်နိုင်ငံ၌ ခဲစိတ်ကုပညာသင်ကြားနေစဉ်ကပင် တင်ပါးဆုံနှင့် ပေါင်ရိုးလည်တိုင်ပိုင်းကျိုးအက်မှုများ ကုသရာတွင် အစားထိုးအသုံးပြုနေသည့် သတ္တုအစား သဘာဝရုပ်ပစ္စည်းတစ်ခုဖြစ်သော ဆင်စွယ်ဖြင့်အစားထိုးကုသလျှင် ပို မို သင့် တော် မည် ဟု အကြံရခဲ့ခြင်းဖြစ်သည်။ ဆင်စွယ်သည် သတ္တုထက်ပို၍ လူ့အရိုးအဆစ်ရှိ ဒြပ်များနှင့် ပို၍ဆက်စပ်ပေါင်းစည်းမှုလည်း ရှိနိုင်မည်။ မြန်မာနိုင်ငံတွင်လည်း ဆင်စွယ်သည် ပေါများ၍ အစားထိုးကုသရာတွင် ကုန်ကျစရိတ်လည်း များစွာ သက်သာမည်ဟုတွက်ဆခဲ့သည်။

ဒေါက်တာ ဦးစံဘော်သည် ၁၉၆၀ ပြည့်နှစ်တွင် အသက် ၈၃ နှစ် အရွယ်ရှိ သီလရှင်ကြီး ဒေါ် ပုည၏ ကျိုးနေသော ပေါင်ရိုးလည်တိုင်နေရာတွင် ဆင်စွယ်ဖြင့် အစားထိုးပေးခဲ့ခြင်းကို ပထမဦးဆုံးအကြိမ်အဖြစ် အောင်မြင်စွာလုပ်ဆောင်ခဲ့သည်။ထို့နောက် ဒေါက်တာဦးစံဘော်သည် အလုပ်မှ အငြိမ်းစားယူသည့် ၁၉၈၀ ပြည့်နှစ်အထိ ဆင်စွယ်ဖြင့် အစားထိုးကုသမှုပေါင်း ၃၀၀ ကျော် ပြုလုပ်ခဲ့သည်။ ယင်းအစားထိုးကုသမှုတိုင်းတွင် အစားထိုးရမည့် ဆင်စွယ်၏အရွယ်နှင့် ပုံပန်းသဏ္ဌာန်ကို လူနာတစ်ဦးချင်း၏ အရိုးကျိုးမှု၊ အက်ကွဲမှု အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် စီစဉ်ခဲ့သည်။ ဆင်စွယ်သည် သတ္တုများကဲ့သို့ မဟုတ်ဘဲ လူ့သဘာဝအရိုးအဆစ်၌ ဆင်စွယ်ရိုးတုတို့သည်တစ်သားတည်းဖြစ်၍သဟဇာတဖြစ်ကြောင်း တွေ့ရသည်။ ဆင်စွယ်ဖြင့် အစားထိုး ကုသမှု အပြီးနှစ်အတော်ကြာသည့်အခါ တစ်ရှူးဖြတ်ပိုင်း ပြုလုပ်နည်းဖြင့် စမ်းသပ်ကြည့်ရာ ဆင်စွယ်ရိုးနှင့် လူ့အရိုးတို့သည် အရိုးအသားအမျင်များနှင့် သွေးများပါ ဆက်သွယ်ပေါင်းစပ်သည့် ဇီဝသရိုးဆက် ဆက်နည်းရှိသည်ကို တွေ့ရ၏။ ယင်းဆင်စွယ်ဖြင့်အစားထိုးကုသမှုအောင်မြင်ခဲ့ပုံကို ၁၉၆၂ ခုနှစ် မန္တလေးမြို့၌ ကျင်းပသော မြန်မာနိုင်ငံ ဆရာဝန်များအသင်း ညီလာခံ၌လည်းကောင်း၊ ၁၉၆၇ ခုနှစ်က ကျင်းပသော ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံ သုတေသန ဆွေးနွေးပွဲ၌လည်းကောင်း စာတမ်းဖတ်ကြားတင်သွင်းခဲ့သည်။ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ ကျင်းပခဲ့သော ဗြိတိသျှ အရိုးကျိုးကုပညာရှင်များညီလာခံတွင် ဗြိတိသျှအရိုးကု ဆေးပညာအဖွဲ့၏ ဖိတ်ကြားချက်အရ ပေါင်အရိုး လည်တိုင်ပိုင်း ကျိုးမှုများအတွက် ဆင်စွယ်ဖြင့် အစားထိုး ကုသမှု (Ivory Femoral Head Prosthesis for the Management of Ununited Fractures of the Neck of Femur) စာတမ်းကို သွားရောက် ဖတ်ကြားခဲ့သည်။ လန်ဒန်မြို့၌ ကျင်းပသော ယင်းညီလာခံသို့ အမေရိကတိုက်၊ ဥရောပ ရက်နေ့တွင် သာယာဝတီခရိုင်၊ တာပွန်မြို့၌ အဖ ဒေါက်တာ ဦးသောင်း အမိ ဒေါ် စိ စိတို့က မွေးဖွားခဲ့သည်။ အခြေခံပညာကို ကလေးမြို့ စိန့်အဲဂနက် (စ်) သီလရှင်ကျောင်းနှင့် ရန်ကုန်မြို့ စိန့်ပေါအထက်တန်းကျောင်းတို့တွင် ဆည်းပူးခဲ့သည်။ ထို့နောက် ၁၉၄၄ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ ရန်ကုန်တက္ကသိုလ်လက်အောက်ရှိ ဆေးကောလိပ်တွင် ပညာဆည်းပူးသည်။ ၁၉၅၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ အမ်ဘီဘီအက် (စ်) ဘွဲ့ ရရှိခဲ့သည်။

ဒေါက်တာဦးစံဘော်သည် ၁၉၅၀ ပြည့်နှစ် ဇွန်လမှ ၁၉၅၁ ခုနှစ် မေလအထိ ရန် ကုန် ပြည် သူ့ ဆေး ရုံ ကြီး အထွေထွေခဲစိတ်မှုနှင့် ထိ ခိုက် ဒဏ် ရာ ကု သ မှု ဌာ နတွင် အလုပ်သင်ဆရာဝန်အဖြစ် အမှုထမ်းသည်။ ၁၉၅၁ ခုနှစ် ဇွန်လမှ ၁၉၅၄ ခုနှစ် ဖေဖော်ဝါရီလတွင် အမှုထမ်းခဲ့ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရိုးကုဌာနတည်ထောင်ရာတွင် အဓိကအခန်းက ပါဝင်လုပ်ဆောင်ခဲ့သည်။

ဒေါက်တာဦးစံဘော်သည် ၁၉၅၄ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့ ဘွဲ့လွန်ဆေးပညာ ဆက် လက် ဆည်း ပူး လေ့လာရန် အစိုးရပညာတော်သင်အဖြစ် စေလွှတ်ခြင်းခံခဲ့ရသည်။ ဖီလဒဲလ်ဖီးယားမြို့ရှိ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်တွင် ခဲစိတ်ကုပညာများကို ဆက်လက်ဆည်းပူးလေ့လာခဲ့ရာ ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီလတွင် မဟာသိပ္ပံ (အရိုးအထူးကု) ဘွဲ့ ဆွတ်ခူးရရှိခဲ့သည်။

ဒေါက်တာ ဦးစံဘော်သည် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာသောအခါ မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး အရိုးကုဌာန ဌာနမှူးနှင့် မန္တလေးဆေးတက္ကသိုလ် အရိုးအထူးကုပညာ ကထိက အဖြစ် စတင် အမှုထမ်းသည်။ ယင်းကဲ့သို့ အမှုထမ်းနေစဉ်အတွင်း သတ္တုအစား ဆင်စွယ်ဖြင့် အရိုးအစားထိုး ကုသခြင်းလုပ်ငန်းကို စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

တိုက်၊ အာဖရိကတိုက်နှင့် အာရှတိုက်တို့မှ ခွဲစိတ်ကုပညာရှင်များ တက်ရောက်ခဲ့ကြပြီး ယင်းအစားထိုး ကုသမှုကို ကမ္ဘာပေါ်တွင် ပထမဦးဆုံး အောင်မြင်မှုအဖြစ် ချီးကျူးမှတ်တမ်းတင်ခဲ့ကြသည်။ ယင်းစာတမ်း အကျဉ်းချုပ်ကို ဗြိတိသျှအရိုးအထူးကု ဆရာဝန်များအသင်းကြီးမှ ထုတ်ဝေသော Journal of Bone and Joint Surgery (1970) Volume 52 BPP 173 တွင် ဖော်ပြခဲ့သည်။

ဒေါက်တာ ဦးစံဘော်သည် အရိုးနှင့် ဆင်စွယ်တို့၏ ဇီဝသရိုးဆက်စပ်မှု (Biological Bonding of Bone and Ivory) စာတမ်းကို ၁၉၇၁ ခုနှစ်က တောင်ကြီးမြို့တွင် ကျင်းပသော မြန်မာနိုင်ငံအရိုးကု ဆရာဝန်များအသင်း ညီလာခံ၌လည်းကောင်း၊ အရိုးအနာဖုကြီးများ ခွဲစိတ်ကုသမှုတွင် ဆင်စွယ်မှုန့် အသုံးပြုပုံအကြောင်း ပဏာမအစီရင်ခံစာ (Preliminary Report on the Use of Ivory Powder for the Surgical Management of Giant Cell Tumour of Bone) စာတမ်းကို ၁၉၇၂ ခုနှစ်က မန္တလေးမြို့၌ ကျင်းပသော မြန်မာနိုင်ငံ ဆရာဝန်များအသင်း ညီလာခံ၌ လည်းကောင်း၊ ဝမ်းတွင်းပါ ညှိုသကျည်း ရိုးရိုးဆက်တုဖြစ်ခြင်းကို ကုစားသည့် ခွဲစိတ်ကုသမှု နည်းသစ်တစ်ခု (A New Surgical Technique for the Treatment of Congenital Pseudarthrosis of the Tibia) စာတမ်းကို ၁၉၇၃ ခုနှစ် ရန်ကုန်မြို့တွင် ကျင်းပသော မြန်မာနိုင်ငံ ဆရာဝန်များအသင်း ညီလာခံ၌လည်းကောင်း ဖတ်ကြား တင်သွင်းခဲ့သည်။

ဒေါက်တာ ဦးစံဘော်သည် ၁၉၇၅ ခုနှစ် ဇွန်လမှစ၍ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလအထိ ရန်ကုန် ပြည်သူ့ဆေးရုံကြီး အရိုးကျိုးနှင့် အရေးပေါ် ထိခိုက် ဒဏ်ရာရသူများ ကုသရေးဌာနမှူးနှင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် အရိုးကျိုးကုသမှုပညာ ကထိကအဖြစ် အမှုထမ်း ဆောင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဒေါက်တာ ဦးစံဘော်သည် ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှားနှင့် ဩစတြေးလျ နိုင်ငံများသို့ သွားရောက်၍ ယင်းနိုင်ငံများရှိ အရိုးကျိုးကုသမှုဌာနများကို လေ့လာခဲ့သည်။ ဆင်စွယ်ဖြင့် တင်ပါးဆုံနှင့် ပေါင်ရိုးလည်တိုင်ကျိုး ကုသမှုများအကြောင်းကို ထိုနိုင်ငံများရှိ ဆေးရုံ၊ ဆေးတက္ကသိုလ်များတွင်လည်း ပို့ချ၊ ဟောပြောခဲ့ရာ ၁၉၆၉ ခုနှစ် အင်္ဂလန်နိုင်ငံအရိုးအထူးကုဆရာဝန်များညီလာခံ၌ကဲ့သို့ပင် ဆရာဝန်ကြီးများက ချီးကျူးခဲ့ကြ၍ ယင်းနိုင်ငံရှိ သတင်းစာများ၌ သူ၏ ဆင်စွယ်သုတေသနလုပ်ငန်းအကြောင်းကို ဖော်ပြခဲ့ကြသည်။

ဒေါက်တာဦးစံဘော်သည် တင်ပါးဆုံနှင့် ပေါင်ရိုးလည်တိုင်ကျိုးအက်မှုများကို ဆင်စွယ်ဖြင့် အစားထိုးကုသသည့် လုပ်ငန်းအပြင် အခြားဆေးသုတေသနလုပ်ငန်းများလည်း လုပ်ဆောင်ခဲ့သေးသည်။ ဝမ်းတွင်းပါ ညှိုသကျည်းရင်းရိုး ဆက်တုဖြစ်ခြင်းကို ခွဲစိတ် ကုသနည်းသစ် တစ်မျိုးဖြင့် ကုသပေးခဲ့ရာ ယင်းနည်းသစ်ဖြင့် အနည်းဆုံး လူနာ ၁၅ ဦးကို ကုသပေးခဲ့သည်။ ထို့အပြင် အနာဖုကြီးများကြောင့် ပေါ်ပေါက်လာသော အရိုး အခေါင်းတို့တွင် အရိုးပွအစား ဆင်စွယ်မှုန့် အသုံးပြုကုသမှုကို သုတေသနပြုလုပ်ခဲ့သည်။ အရိုးပွအစား ဆင်စွယ်မှုန့် အသုံးပြုမှု ပေါင်း အနည်းဆုံး ၂၇ ခုပြုလုပ်ခဲ့သည်။ ရန်ကုန် ပြည်သူ့ဆေးရုံကြီးအရေးပေါ် ထိခိုက်ဒဏ်ရာရမှုဌာနတွင်ကျိုးပြတ်နေသောလက်များကို ဒေါက်တာ ဦးစံဘော်၏ ကြီးကြပ်မှုဖြင့် အကောင်းပကတိ ဖြစ်အောင် ပြန်လည် ဆက်စပ်ပေးနိုင်ခဲ့သည်။

ဒေါက်တာ ဦးစံဘော်သည် တာဝန်မှ အနားယူပြီးနောက် မြန်မာပြည် ဆရာဝန်များအသင်း၊ မန္တလေးအသင်းခွဲတွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နာယကအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ သူ့ဘဝတစ်လျှောက်တွင် အရိုးရောဂါအထူးကု ဆရာဝန်များစွာကို လေ့ကျင့် သင်ကြားပေးခဲ့သည်။ ဒေါက်တာ ဦးစံဘော်သည် ၁၉၈၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မန္တလေးမြို့၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် ဇနီးဖြစ်သူ မန္တလေး ဆေးတက္ကသိုလ်၊ ဆေးပညာပါမောက္ခ(အငြိမ်းစား)ဒေါက်တာ ဒေါ်မြင့်မြင့်ခင်နှင့် သားတစ်ဦးကျန်ရစ်ခဲ့သည်။ ဇနီး ဒေါက်တာ ဒေါ်မြင့်မြင့်ခင်က ၎င်းလေးသောင်း မတည်၍ ဆေးသုတေသနပြုမှုအတွက် ဒေါက်တာ စံဘော်ဆုနှစ်စဉ် ချီးမြှင့်ရန်စီစဉ်ထားသည်။

စံမြင့်၊ သခင် (ဗိုလ်ရန်နောင်) (ခရစ် ၁၉၂၁ – ၁၉၇၈)။ ။လွတ်လပ်ရေး ကြိုးပမ်းမှုကာလတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်၌ ဗိုလ်ရန်နောင် အမည်ခံ၍ လွတ်လပ်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သော လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)ရ သခင်စံမြင့်ကို ပဲခူးတိုင်း ဝေါမြို့၌ အဖ ဦးဖိုးစော၊ အမိ ဒေါ်စိမ်းခင်တို့က ၁၉၂၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မွေးဖွားသည်။

ကျောင်းသားအရွယ်၌ ဒိုက်ဦးမြို့ အောဘီအမ်ကျောင်းတွင်လည်းကောင်း၊ ပဲခူးမြို့ နေရှင်နယ်ကျောင်းတွင်လည်းကောင်း ပညာစတင် သင်ကြားခဲ့သည်။ ထို့နောက် ရန်ကုန်မြို့၊ မက်သဒစ်ကျောင်းနှင့် စိန်အန်ထော်နီကျောင်းတို့တွင် အထက်တန်းအထိ ပညာသင်ကြားခဲ့သည်။ ထိုမှ တစ်ဖန် ပရိမီယား စီးပွားရေးကောလိပ်သို့ တက်ရောက်ခဲ့သည်။



သခင်စံမြင့်
(နိုင်ငံဂုဏ်ရည် ပထမဆင့်)

တို့ဗမာအစည်းအရုံး လှုပ်ရှားမှု အရှိန်မြင့်မားလာစဉ် ၁၉၃၆ ခုနှစ်တွင် တို့ဗမာအစည်းအရုံး (သနပ်ပင်) သို့ ဝင်ရောက်၍ သခင်စံမြင့်အမည်ခံယူကာ ဗမာပြည်လုံးဆိုင်ရာ လယ်သမားများအစည်းအရုံး (သနပ်ပင်) တွင် ခေါင်းဆောင်အဖြစ် ဆောင်ရွက်သည်။ ၁၉၄၀ ပြည့်နှစ်တွင်အင်္ဂလိပ်တော်လှန်ရေးယူနစ်အဖွဲ့ ပဲခူးခရိုင် တော်လှန်ရေးကောင်စီ အတွင်းရေးမှူးအဖြစ် ဆောင် ရွက် ခဲ့ သည်။ ၁၉၄၂ ခုနှစ် ဘီအိုင်အေခေတ်၌ ပဲခူးခရိုင်တွင် စစ်သားစုဆောင်းရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ်တွင်ပင် မင်္ဂလာဒုံစစ်တက္ကသိုလ်ကျောင်းက ဗိုလ်အဖြစ် တိုက်ရိုက်ခန့်အပ်၍ ဗိုလ်ရန်နောင်အမည်ဖြင့် ပဲခူးခရိုင်တွင် စစ်ရေးတာဝန်များကို ထမ်းရွက်ခဲ့သည်။

တစ်ဖန် ဘီဒီအေခေတ်တွင် ပဲခူးခရိုင်မှ ပျဉ်းမနားသို့ တပ်ပြောင်းရွှေရာ၌ တပ်ရင်း ၃ တွင် တပ်စုမှူးအဖြစ် တာ ဝန် ယူ သည်။ ထို့နောက် မေမြို့၊ တောင်ကုတ်၊ မြစ်ကြီးနား၊ အင်းတော်တို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အင်ဖာအထိ လည်းကောင်း တပ်ရင်းမှူးတာဝန်ဖြင့် လှည့်လည်၍ စစ်ရေးတာဝန်များကို ထမ်းရွက်ခဲ့ပြန်သည်။

၁၉၄၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖ-တ-ပ-လ အဖွဲ့၌ ပါဝင်လှုပ်ရှားသည်။ ၁၉၄၇ ခုနှစ်တွင် ပဲခူးတိုင်း သနပ်ပင် မဲဆန္ဒနယ်မြေမှ အမတ်အဖြစ် ဖ-ဆ-ပ-လကို ကိုယ်စားပြုလျက် ရွေးချယ်တင်မြှောက်ခံရသည်။

သခင်စံမြင့်သည် ၁၉၅၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့၌ ကျင်းပသော ပဉ္စမ အကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးသခင်တင် ဦးဆောင်သော စိုက်ပျိုးရေး လေ့လာရေး ကိုယ်စားလှယ်အဖွဲ့ ဆိုဗီယက်ပြည်ထောင်စုသို့ သွားရောက်ရာတွင် ပါလီမန်အတွင်းဝန် ရာထူးအဆင့် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့သည်။ ထို့ပြင် ၁၉၅၃ ခုနှစ်တွင် တရုတ်ပြည်သူသမ္မတနိုင်ငံနှင့် ဂျပန်တို့သို့လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ လည်းကောင်း နိုင်ငံတကာ ကန်ဖရင့်အစည်းအဝေးများတက်ရောက်ရန် သွားရောက်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့၌ ကျင်းပသော အာရှဆိုရှယ်လစ်ညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ထို့နောက် ၁၉၅၈ ခုနှစ်တွင် နီပေါနိုင်ငံတွင်ကျင်းပသော အာရှဆိုရှယ်လစ်ညီလာခံသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ တက်ရောက်ခဲ့သည်။ သခင်စံမြင့်သည် ၁၉၅၄ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

သခင်စံမြင့်သည် ၁၉၆၈ ခုနှစ် နိုဝင်ဘာလတွင် တော်လှန်ရေးအစိုးရက ဖိတ်ကြားခဲ့သော ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ဝင် ၃၃ ဦးဦးတွင်ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။ ၁၉၇၁ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိ ကုန် သွယ် ရေး ကော် ပို ရေး ရှင်း ၁၇ တွင် ကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည်။

သခင်စံမြင့်သည် အထောက်တော်၊ သတင်းကျွန်ယ်၊ ကြေးမုံသတင်းစာတို့တွင် ရှေဘိုခွန်နီကလောင်အမည်ဖြင့် ဆောင်းပါးများကို ရေးသားခဲ့ဖူးသည်။

သခင်စံမြင့်သည် ၁၉၅၉ ခုနှစ်တွင် နိုင်ငံတော်က အပ်နှင်းသော် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) ကို ရရှိခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်ကောင်စီကအပ်နှင်းသော နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ရရှိခဲ့သည်။ ထို့ပြင် ၁၉၅၅ ခုနှစ်တွင် ယူဂိုစလပ်ဗီးယားနိုင်ငံသမ္မတကြီးမာရှယ်တီးတိုးက ချီးမြှင့်သော **Yugoslav Medal** ကို ရရှိခဲ့သည်။

လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ သခင်စံမြင့် (ဗိုလ်ရန်နောင်) သည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါ်ခင်ငွေဖြူနှင့် သမီးသုံးယောက်ကျန်ရစ်သည်။

စိုက်ပရပ်နိုင်ငံ။ ။ စိုက်ပရပ်နိုင်ငံတွင် သမ္မတသစ်ရွေးချယ်တင်မြှောက်ရန် ပထမအဆင့် မဲပေးပွဲကို ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ကျင်းပရာ လက်ရှိသမ္မတ စပိုင်ရိုစ် ကီပရီယာနော (ဒီမိုကရက်တစ်ပါတီ–ဒီကို) အပါအဝင် သမ္မတလောင်းငါးဦး ယှဉ်ပြိုင်သည်။ ဒီမိုကရက်တစ် လူထုစည်းရုံးရေးပါတီမှ ဂလပ်ဖကော့စ် ကလရိုက်ဒ်စ်ကထောက်ခံမဲ ၃၃ ဒသမ ၃၂ ရာခိုင်နှုန်း၊ တစ်သီးပုဂ္ဂလ ဂျော့ဂျီယော့စ် ဗက်ဆီလီယိုက ထောက်ခံမဲ ၃၀

ဒသမ ၁၁ ရာခိုင်နှုန်းဖြင့် အများဆုံးရရှိကြသည်။ ကိပရီယာနောသည် ထောက်ခံမဲ ၂၇ ဒသမ ၂၉ ရာခိုင်နှုန်းသာ ရရှိသည်။ စိုက်ပရပ်နိုင်ငံအတွင်းသို့ ၁၉၇၄ ခုနှစ်က တူရကီတို့ ဝင်ရောက်ကျူးကျော်ခဲ့ပြီးနောက် ဂရိစိုက်ပရပ်နှင့် တူရကီစိုက်ပရပ်ဟူ၍ နှစ်ခြမ်းကွဲနေလေရာ ကိပရီယာနောသည် နိုင်ငံပေါင်းစည်းရေးပြဿနာအပေါ် သိမ်မွေ့စွာ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသောကြောင့် ထောက်ခံမဲရရှိမှု နည်းပါးရခြင်းဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ကြသည်။

ဒုတိယအဆင့် မဲပေးပွဲကို ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပရာ ကလရိုက်ဒ်စ်နှင့် ဗက်ဆီလီယိုတို့ ထပ်မံယှဉ်ပြိုင်ရသည်။ ဗက်ဆီလီယိုက ထောက်ခံမဲ ၅၁ ဒသမ ၆၃ ရာခိုင်နှုန်းရ၍ ကလရိုက်ဒ်စ်က ၄၈ ဒသမ ၃၇ ရာခိုင်နှုန်းသာ ရရှိသည်။ ကွန်မြူနစ်လိုလားသော လုပ်သားပြည်သူတိုးတက်ရေးပါတီ (အေကေအီးအယ်)၊ ဆိုရှယ်လစ်ပါတီ (အီးဒီအီးကေ) နှင့် အလယ်အလတ်ဝါဒီ လစ်ဗရယ်ပါတီတို့၏ ထောက်ခံမှုရရှိသောကြောင့် ဗက်ဆီလီယိုသည် လိုအပ်သော မဲ ၅၀ ရာခိုင်နှုန်းကို ပွတ်ကာသီကာကျော်၍ ရရှိခြင်းဖြစ်သည်ဟု ဆိုသည်။ ကိပရီယာနောသည် ၁၉၇၇ ခုနှစ်ကစ၍ သမ္မတဖြစ်လာပြီး ၁၉၇၈ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ငါးနှစ်သက်တမ်းနှစ်ဆက် ထပ်မံရွေးချယ်တင်မြှောက်ခံခဲ့ရသော်လည်း ၁၉၈၄ ခုနှစ် ဒီဇင်ဘာလတွင် အေကေအီးအယ် ပါတီနှင့် ဒီကိုပါတီတို့ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို ဖျက်သိမ်းခဲ့ခြင်းကြောင့် ထောက်ခံမှု ကျဆင်းကာ အရေးနိမ့်ရခြင်းဖြစ်သည်။ ပထမအဆင့် မဲပေးပွဲတွင် အများဆုံးရရှိခဲ့သော ကလရိုက်ဒ်စ်သည် စိုက်ပရပ်နိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဦးဆုံး သမ္မတ ဖြစ်ခဲ့သော ဘုန်းတော်ကြီးမကာရီယို့စ်ကို ၁၉၇၄ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့က ဖြုတ်ချခဲ့သည့် လက်ယာစွန်း ဝါဒီတို့နှင့် ပတ်သက်မှုရှိသည်ဟုဆိုကာ ဒီကိုပါတီက ဒုတိယအဆင့် မဲပေးပွဲတွင် ကလရိုက်ဒ်စ်ကို မထောက်ခံသဖြင့် ကလရိုက်ဒ်စ်သည်ဗက်ဆီလီယိုကို အရှုံးပေးလိုက်ရခြင်းဖြစ်သည်ဟုဆိုသည်။

သမ္မတသစ် ဗက်ဆီလီယိုသည် ၁၉၃၁ ခုနှစ် မေလတွင် ဖာမာဂုစတာမြို့၌ မွေးဖွားခဲ့သည်။ အခြေခံပညာကို စိုက်ပရပ်တွင်အောင်မြင်ခဲ့ပြီး ဂျီနီဗာ၊ ဗီယင်နာ၊ ဘူဒါပက်နှင့် လန်ဒန် တက္ကသိုလ်တို့တွင် ဆက်လက်ပညာဆည်းပူးခဲ့ရာ ဘူဒါပက်တက္ကသိုလ်မှ စီးပွားရေးပညာ ပါရဂူဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စိုက်ပရပ်သို့ပြန်လာပြီး အရှေ့အလယ်ပိုင်း ဈေးကွက် သုတေသနဗျူရိုကို ထူထောင်သည်။ ယင်းဗျူရိုသည် ၁၉၈၈ ခုနှစ်တွင် အရှေ့အလယ်ပိုင်းဒေသ၌ အကြီးမားဆုံးသုတေသနလုပ်ငန်းနှင့် အတိုင်ပင်ခံ အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နေပြီဖြစ်ရာ နိုင်ငံပေါင်း ၁၁ နိုင်ငံတွင်ရုံးခွဲများထားရှိ၍ ဝင်ငွေဒေါ်လာ ငါးသန်းခန့် ရရှိသည်။

ဗက်ဆီလီယိုသည် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် တာဝန်စတင်ထမ်းဆောင်သည်။ အသစ်ဖွဲ့စည်းသော ဝန်ကြီးများကောင်စီတွင် ဝန်ကြီးတာဝန်ယူဖူးသူ နှစ်ဦးသာ ပါဝင်သည်။ ကိပရီယာနော၏အစိုးရအဖွဲ့မှ ဂျော့ အိုင်ယာကိုဗိုး တစ်ဦးတည်းသာ မူလရာထူးပြန်လည်ရရှိသည်။ ၁၉၈၃ ခုနှစ် စက်တင်ဘာလ နောက်ပိုင်းမှစ၍ နိုင်ငံခြားရေးဝန်ကြီးတာဝန်ယူခဲ့သူ အိုင်ယာကိုဗိုးသည် ၁၉၇၆ ခုနှစ်မှ ၁၉၇၉ ခုနှစ်ထိ ကုလသမဂ္ဂ ဒုကွသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်ထိ ပြည်ထဲရေးဝန်ကြီး အဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး အဖြစ်လည်းကောင်း တာဝန်ယူဖူးသူ ဗီနီယာမင်သည် ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။

စိုက်ပရပ်သမ္မတနိုင်ငံ သမ္မတ ဗက်ဆီလီယိုသည် စိုက်ပရပ်မြောက်ပိုင်းတူရကီသမ္မတနိုင်ငံ (တီအာအင်စီ) သမ္မတ ရောက်ဖ် ဒင်းတက်ရှ်နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် နိုင်ငံနှစ်ခြမ်းကွဲနေသည့် ပြဿနာကို ဖြေရှင်းသွားမည်ဟု ရွေးကောက်ပွဲ မဲဆွယ်စဉ်က ပြောကြားခဲ့သည်။ သို့ရာတွင် ဒင်းတက်ရှ်က အလွတ်သဘော ဆွေးနွေးပွဲများကျင်းပရန် ကမ်းလှမ်းသည်ကို ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဗက်ဆီလီယိုကပယ်ချခဲ့သည်။ နိုင်ငံရေးအဆင့်တူ သမ္မတများ တွေ့ဆုံ ဆွေးနွေးသည့် သဘောမျိုးဖြစ်ဖြစ်စေရမည်ဟူသော ဒင်းတက်ရှ်၏ကန့်သတ်ချက်ကြောင့် ပယ်ချရခြင်းဖြစ်သည်ဟုဆိုသည်။ တီအာအင်စီကို တူရကီ

စိုက်ပရပ်သမ္မတနိုင်ငံသမ္မတ ဂျော့ဂျီယော့စ် ဗက်ဆီလီယို (ဝဲ) နှင့် စိုက်ပရပ်မြောက်ပိုင်း တူရကီသမ္မတနိုင်ငံသမ္မတ ရောက်ဖ် ဒင်းတက်ရှ် (ယာ) တို့ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဒေးကွေးလျားနှင့်အတူ ဂျီနီဗာမြို့၌တွေ့မြင်ရစုံ



နိုင်ငံမှအပ အခြားမည်သည့်နိုင်ငံကမျှ အသိအမှတ်ပြုခြင်း မရှိသေးသဖြင့် ဒင်းတက်ရှ်၏ တောင်းဆိုချက်ကို နိုင်ငံတကာကလည်း လက်ခံမည် မဟုတ်ဟု ဗက်ဆီလီယိုက ကြေညာသည်။


ဘန်ကောက်မြို့မှ ကူဝိတ်နိုင်ငံသို့ ထွက်ခွာလာသော ကူဝိတ်လေကြောင်းပိုင် ခရီးသည်တင် လေယာဉ်တစ်စင်းကို အိရန်လိုလားသော အကြမ်းဖက်သမား တစ်စုက ၁၉၇၀ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အဓမ္မအပိုင်စီးခဲ့ပြီး အီရန်နိုင်ငံ မေရှက်မြို့သို့ ဆင်းသက်စေခဲ့သည်။ ယင်းလေယာဉ်တွင် လူ ၁၁၀ ပါရှိသည့်အနက် သုံးဦးသည် ကူဝိတ်စော်ဘွားတို့၏ ဆွေမျိုးများ ဖြစ်သည်။ ၎င်းရက်နေ့တွင် ခရီးသည် ၂၄ ဦး၊ ၇ ရက်နေ့တွင် ခရီးသည် ၃၂ ဦး အသီးသီးလွှတ်ပေးခဲ့ပြီးနောက် ၈ ရက်နေ့တွင်လေယာဉ်ကို အီရန်နိုင်ငံမှ ထွက်ခွာစေခဲ့သည်။ လက်ဗန္ဓနိုင်ငံ ဘေရွတ်မြို့တော်လေဆိပ်က ဆင်းသက်ခွင့်မပြု၍ ထိုလေယာဉ်သည် စိုက်ပရပ်နိုင်ငံ လာနာကာမြို့၌ ဆင်းသက်ခဲ့ရသည်။ အကြမ်းဖက်သမားတို့က ခားစာခံအဖြစ် ဖမ်းထားသော လုံခြုံရေး တပ်ဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်ခဲ့ပြီးနောက် စိုက်ပရပ်နိုင်ငံ အာဏာပိုင်တို့သည် လေယာဉ်အပိုင်စီးသူတို့နှင့်ညှိနှိုင်းခဲ့သည်။ ထိုစဉ် အခြား ခားစာခံတစ်ဦး အသတ်ခံရပြန်သည်။ ကူဝိတ်၊ စိုက်ပရပ်နှင့်ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့(ပီအယ်အို) တို့မှ အရာရှိများသည် လေယာဉ်အပိုင်စီးသူတို့နှင့် ညှိနှိုင်းခဲ့ရပြန်သည်။ အကြမ်းဖက်သမားတို့သည် ဧပြီလ ၁၃ ရက်နေ့တွင် ခားစာခံ ၁၂ ဦးနှင့် စက်သုံးဆီတို့ကို လဲလှယ်ယူပြီး အယ်ဂျီးရီးယား နိုင်ငံသို့ထွက်ခွာသွားခဲ့သည်။ အယ်ဂျီးရီးယား နိုင်ငံတွင် ကျန်ခားစာခံ ၃၁ ဦးကို လွှတ်ပေးကာ ဧပြီလ ၂၀ ရက်နေ့တွင် ဆီးရီးယားနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

စန္ဒသိရီ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မုံရွာမြို့၊ မဟာဇောတိကာရာမကျောင်းတိုက်၊ (မြန်မာ ၁၂၈၃–) ။ ။ဆရာတော် ဘဒ္ဒန္တ စန္ဒသိရိကို စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် မောင်းထောင်ရွာ၌ ခမည်းတော် ဦးဘိုးသူ၊ မယ်တော် ဒေါ်စောတင့်တို့က သက္ကရာဇ် ၁၂၈၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဖွားမြင်သည်။

၁၎ နှစ်သားအရွယ်တွင် ကျောက်ဂူတောရဆရာတော် ဦးဥက္ကံသကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ဒေါ်စောတင့်၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့အမည်မှာ ရှင်စန္ဒသိရီဖြစ်သည်။

သက္ကရာဇ် ၁၃၀၃ ခုနှစ် တပေါင်းလဆန်း ၉ ရက်နေ့၌ မောင်းထောင်ရွာနေ ဦးစံညွန့်၊ ဒေါ်စုမှုန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မောင်းထောင်ရွာ မဟာ စေတီလှ တိုက်သစ်

စန္ဒသိရီ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ



အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တစန္ဒသိရီ

ခဏ္ဍသိမ်တွင် ကျောက် ဂူ တောရ ဆရာ တော် ကြီး ကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ခြောက်နှစ်သားအရွယ်မှစ၍ မောင်းထောင်ရွာ ဆရာကြီး ဦးဘ၏ အလယ်တန်းကျောင်းတွင် သတ္တမတန်း အောင်သည်အထိ ပညာ သင်ယူခဲ့သည်။ သာမဏေဘဝ ၁၄ နှစ်သားအရွယ်မှစ၍ ကျောက်ဂူတောရ ဆရာတော်ကြီးထံတွင် ပရိတ်ကြီး၊ သဒ္ဒါကြီး၊ ရူပသိဒ္ဓိ သင်္ဂဟနှင့် ဋီကာကျော်၊ ဘိက္ခုပါတိမောက်နှင့် ကခ်ဂါ၊ ဝိထိလက်ရိုး၊ မာတိကာ၊ ဓာတုကထာ စသည်တို့ကို သင်ယူခဲ့သည်။

၁၈ နှစ်အရွယ်တွင် ကျုံပျော်မြို့ အာသောကာရာမကျောင်းတိုက် ဆရာတော်ဘုရားကြီးထံ၌ သဒ္ဒါ၊ သင်္ဂြိဟ်၊ ဝိနည်း၊ ပါဋိတော်စသော ကျမ်းများ ကိုလည်းကောင်း၊ အသက် ၂၀ အရွယ်တွင် အဘိဓဇ မဟာရဋ္ဌဂုရု ဆဋ္ဌသိင်္ဃိတိ မဟာနာယက ညောင်ရမ်း ဆရာတော်ဘုရားကြီး၊ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးလက္ခဏနှင့် ခင်မကန်တိုက် သူဌေးဆရာတော်တို့ထံ၌ ပိဋကတ်ဆိုင်ရာ ကျမ်းစာများကိုလည်းကောင်း သင်ယူခဲ့သည်။

၂၇ နှစ်အရွယ်တွင် မုံရွာမြို့ မဟာဇောတိကာရာမပါဋိတက္ကသိုလ်ရှိ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဥတ္တမ၊

ဦးအာဒိစ္စ၊ ဦးဝိရိယ၊ ဦး စန္ဒော ဘာ သ တို့ ထံတွင် လောကုတ္တရာ စာပေများကိုလည်းကောင်း၊ ၂၉ နှစ်အရွယ်တွင် မန္တလေးမြို့ မစိုးရိမ်တိုက် အာဂမကျောင်းဆရာတော် ဦးဝိစိတ္တ၊ ဝေယ်ဘုံသာတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကလျာဏ၊ ရွှေရေးဆောင်တိုက် ဆရာတော် ဦးပဏ္ဍဝ ကျောက်တုတ်ချောင် ဆရာတော် ဦးသောဘိတတို့ထံ၌ ပိဋကတ်ဆိုင်ရာ ကျမ်းစာများကိုလည်းကောင်း လေ့လာသင်ယူခဲ့သည်။

ဆရာတော်သည် မုံရွာမြို့ မဟာဇောတိကာရာမတိုက်၊ ပရိယတ္တိသာသနဟိတကာရီစာမေးပွဲတွင် အငယ်၊ အလတ်၊ အကြီးတန်းများကိုလည်းကောင်း၊ အစိုးရ ပါဠိပထမပြန်စာမေးပွဲများတွင် အငယ်၊ အလတ်၊ အကြီးတန်းနှင့် ဂုဏ်ထူးဆောင် စာချတန်းများကိုလည်းကောင်း အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် စာသင်သား တပည့်များအား ငယ်၊ လတ်၊ ကြီး စာချတန်းဆိုင်ရာ ကျမ်းစာများကို ပို့ချတော်မူသည်။ ထို့ပြင် ဆရာတော်သည် လောကုတ္တရာ စာပေများကိုလည်း ပြုစုတော်မူခဲ့သည်။

သက်တော် ၄၇ နှစ်မှစ၍ မဟာဇောတိကာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးနာယကအဖြစ် တာဝန်ယူ၍ သံဃာတော် ၇၀၀ ကျော် တို့အား နေ့ညမပြတ် သွန်သင်လေ့ ရှိသည်။ ထို့ပြင် ဆရာတော်သည် မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကထိက၊ ပါဠိတက္ကသိုလ် ဗဟိုကိုယ်စားလှယ်၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မုံရွာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယစသော သာသနာ့ လုပ်ငန်း များကိုလည်း အားပေးဆောင်ရွက်တော်မူသည်။

ဤသို့လျှင် သာသနာ့အကျိုးသယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ လင်္ကာပေသလ စသောဂုဏ်တို့နှင့် ပြည့်စုံသော ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီသည် ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

စန္ဒောဘာသ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးတိုင်း၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် (မြန်မာ ၁၂၇၃–) ။ ။ဆရာတော်ဘဒ္ဒန္တစန္ဒောဘာသကို မန္တလေးတိုင်း စဉ့်ကူးမြို့နယ်ရွှေလှေရွာ၌ ခမည်းတော် ဦးအောင်ဘ၊ မယ်တော် ဒေါ်ဒေါ်မြင့်တို့က သက္ကရာဇ် ၁၂၇၃ ခုနှစ် ဝါဆိုလဆန်း ၁ ရက်နေ့တွင် ဖွားမြင်သည်။

၁၁ နှစ်သား အရွယ်တွင် ရွှေလှေရွာ အရှေကျောင်း ဆရာတော်ဦးဥတ္တမကို ဥပဇ္ဈာယ်ပြု၍ ဦးဘဇံ၊ ဒေါ်ပေါမိတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့အမည်မှာ ရှင်စန္ဒောဘာသ ဖြစ်သည်။

သက္ကရာဇ် ၁၃၀၂ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက်နေ့တွင် ဥဒကုက္ခေပသိမ်၌ ကိုးကျောင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ကာရကသံဃာ ၄၅ ပါးတို့ဖြင့် ရွှေလှေရွာနေ ဦးထွန်းသိန်း၊ ဒေါ်ဒေါ်ပုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။ ထို့နောက် ရန်ကုန် ပါရမီရိပ်သာ စပယ်ရုံလမ်းနေ ဦးတင်မောင်ဌေး၊ ဒေါ်ခင်သန်းဆွေ (မောရိယ ဆေးတိုက်) မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒုတိယအကြိမ် ဥပသမ္ပဒာပြုခြင်းကို လက်ခံတော်မူသည်။

ဆရာတော်သည် ၉ နှစ်သားအရွယ်၌ ရွှေလှေရွာ မူလတန်းကျောင်းမှ စတုတ္ထတန်းကို အောင်မြင်သည်။ ထို့ပြင် ကိုးကျောင်း ဆရာတော်ကြီးထံမှ ကိုးကျောင်း လက်ဝတ်ပုံစာ၊ ဗိုလ်တွင်ကိန်းတို့ကိုသင်ကြားပြီး သဒ္ဒါသင်္ဂြိဟ်စသော လောကုတ္တရာကျမ်းများကို သင်ယူသည်။ ၁၂ နှစ်အရွယ် သာမဏေဘဝတွင် အရှေကျောင်း ဆရာတော် ဦးဥတ္တမထံတွင် ပုဒ်စစ်၊ သဒ္ဒါစစ်နည်း လေးဆယ်၊ သံဝဏ္ဏနာ၊ ဘေဒစိန္ဒာ၊ ကစ္စာယနသာရ၊ ဇာလိနီ စသော သဒ္ဒါငယ်ကျမ်းများကို သင်ယူသည်။ ၁၅ နှစ်အရွယ်တွင် ရွှေဘို မြို့ မှန်သာတိုက်ကျောင်း ဆရာတော် ဦးဥာဏိန္ဒနှင့် ဂဏဝါစက ဆရာတော်များထံမှ ငယ်၊ လတ်၊ ကြီးတန်းဆိုင်ရာ ကျမ်းစာများကိုလည်းကောင်း၊ ရေဦးမြို့ ချမ်းသာကြီးတိုက် စာချဆရာတော် ဦးသုမနထံတွင် ပိဋကတ်စာပေများကိုလည်းကောင်း သင်ယူခဲ့သည်။

ရဟန်းသိက္ခာ တစ်ဝါအရတွင် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများနှင့် ကာတန္တ၊ သိဒ္ဓန္တကောမုဒီ၊ ဟိတောပဒေသ၊ စာဏက္ကနီတိ၊ ပါဏိနီ၊ မုဒ္ဓဗောဓ စသော သက္ကတကျမ်းများကိုပါ ဆက်လက်သင်ကြားရာ ခြောက်ဝါအရတွင် ပေါက်မြောက် ပြီးဆုံးသည်။ ထို့နောက် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ ပထမငယ်တန်းမှ ဓမ္မာစရိယတန်းအထိကို လေးနှစ်ခရီးဖြင့် အောင်မြင်တော်မူသည်။

ဆရာတော်သည် စစ်ကိုင်း မောင်ရိုး လေးကျွန်းချမ်းသာ ပဋ္ဌာန်း ဆရာတော် ဘဒ္ဒန္တသောဘိတထံတွင် ပဋ္ဌာန်းညဝါ ကျမ်းကြီးကို လည်းကောင်း၊ မန္တလေးမြို့ ခင်မကန်တိုက် စံကျောင်းဆရာတော်၊ ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ ဆရာတော် ဦးကြယ်၊ ရွှေရေးဆောင်တိုက် ဆရာတော် ဦးပဏ္ဍဝတို့ထံတွင် ဗဟု



အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တစန္ဒေါဘာသ

သုတ အဖြာဖြာ နည်းနာ အထူးထူးကို လည်းကောင်း ဆည်းပူး သင်ကြားတော်မူသည်။

ဆရာတော်သည် နှစ်ပေါင်းလေးဆယ်အတွင်း တစ်နေ့ စာဝါလေးဝါမှ ငါးဝါအထိ ပို့ချခြင်း၊ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ကျမ်းစာများ ကူညီ ရေးသားပေးခြင်း၊ သုတ်ပါထေယျ ဘာသာဋီကာကျမ်းကို ရေးသားထုတ်ဝေခြင်းများ ပြုလုပ်တော်မူခဲ့သည်။

ဆရာတော်သည် မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးတွင် သံဃာတော် ဂဝဝ ကျော်ကို အုပ်ချုပ်စောင့်ရှောက်တော်မူလျက် ပထမပြန် သင်ရိုးညွှန်းတမ်းများ ကူညီရေးသားခြင်း၊ ပြဋ္ဌာန်းကျမ်းစာများပြုစုခြင်းများကို လုပ်ဆောင်တော်မူခဲ့သည့်အပြင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ပထမပြန် ကြီးကြပ်ရေးအဖွဲ့၏ ဩဝါဒါစရိယ၊ အမရပူရမြို့နယ် ကျောက်တော်ကြီး၊ တောင်မင်းကြီး၊ ပုထိုးတော်ကြီး ဘုရားတို့၏ ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဝိနိစ္ဆယ၊ နိုင်ငံတော်ဝိနည်းဓိုရ် စသောတာဝန်များကိုလည်း ဆောင်ရွက်တော်မူသည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူသော ပဋိကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာထေရ၊ ပရိယတ္တိဝိသာရဒ၊ လဇ္ဇီပေသလ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ဆရာတော် ဘဒ္ဒန္တစန္ဒေါဘာသသည်

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ

၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ။ ။ဆိုဗီယက် ပြည်ထောင်စု ကွန်မြူနစ်ပါတီ (စီပီအက်စ်ယူ) ဗဟိုကော်မတီသည် ၁၉၇၇ ခုနှစ် ဇွန်လ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့တို့တွင် စုံညီအစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့သည်။ စီးပွားရေး စီမံခန့်ခွဲမှုပိုင်းတွင် ပြည်လည်တည်ဆောက်ခြင်း (ပယ်ရက် စထရိုက်ကာ) နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းဖြစ်သည်။ စီးပွားရေး စီမံခန့်ခွဲမှုကို အခြေခံကျကျ ပြန်လည်တည်ဆောက်ရေး ဆိုင်ရာ အဓိကပြဋ္ဌာန်းချက်များ အမည်ရှိ စာတမ်းကို အတည်ပြုခဲ့သည်။ ယင်းစာတမ်းတွင် ဗဟို ချုပ် ကိုင် မှု စနစ်ကို ပြောင်းလဲပစ်ရန် အဆိုပြုချက်များ ပါဝင်သည်။

(က) နိုင်ငံတော် စီမံကိန်း ကော်မရှင်၊ အခြားအစိုးရ ဌာနများနှင့် နိုင်ငံတော် ကော်မတီ တို့သည် လုပ်ရိုးလုပ်စဉ်အရနိစ္စမွှဝစီးပွားရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုကို ရပ်ဆိုင်းပစ်ရန်နှင့် စီးပွားရေး လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် တိုက်ရိုက် ဝင်ရောက် စွက်ဖက်မှုကို ရပ်ဆိုင်းရန်၊

(ခ) နိုင်ငံတော်စီမံကိန်း ကော်မရှင်သည် အခြေခံကျသော စီးပွားရေးရည်မှန်းချက်များ ချမှတ်ရေး အတွက် အာရုံစိုက်ပြီး စီးပွားရေး အချိုးကျကျ တိုးတက်ရေးနှင့် သိပ္ပံနှင့် နည်းပညာ တိုးတက်ရေးကို ကြီးကြပ်ရန်၊

(ဂ) အစိုးရဌာနများနှင့် ကော်မတီ အသီးသီးသည် နှစ်ရှည်စီမံကိန်းများ ရေးဆွဲရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကိုအာရုံစိုက်၍ ဆောင်ရွက်ရန်၊

(ဃ) ဆိုဗီယက်နိုင်ငံလုံးဆိုင်ရာ စက် မှု ထုတ် လုပ် ရေး ကော်ပိုရေးရှင်းကို ဖျက်သိမ်း၍ စက်မှုလုပ်ငန်း ဆိုင်ရာ ဌာနများသည် နှစ်ဆင့်သွား အုပ်ချုပ်ရေးစနစ်ကို ချမှတ်ဆောင်ရွက်ရန်၊

(င) ကုန်ထုတ်လုပ်ရေးလုပ်ငန်း အမျိုးမျိုးနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး အတွက် ဌာနသစ်များကိုတိုးခွဲ၊ အခြို့ကိုပြင်ဖွဲ့၍ အခြို့ကို ဖျက်သိမ်းရန်၊

(စ) ဒေသဆိုင်ရာ အစိုးရများကို လုပ်ပိုင်ခွင့်အာဏာ ပိုပေးပြီး ယင်းတို့အုပ်ချုပ်သော ခရိုင်ဒေသများ၏ အရပ်ရပ်စီးပွားရေးစီမံခန့်ခွဲမှုများကို ဆုံးဖြတ်နိုင်၍ တာဝန်ခံစေရန် စသည်တို့ ဖြစ်သည်။

ဆိုဗီယက် ဦးစီးလွှတ်တော်ချုပ်သည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဥပဒေကို ၁၉၇၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ စက်ရုံအလုပ်ရုံများကို လုပ်ပိုင်ခွင့် ပိုမို အပ် နှင်း ရန် နှင့် ကိုယ်ပိုင်စီမံခန့်ခွဲမှု တိုး မြှင့် ပေး အပ် ရန် ရည် ရွယ် သည့် ဥပဒေဖြစ်သည်။ ယင်းဥပဒေသည် နိုင်ငံ တော်နှင့် စီးပွားရေးလုပ်ငန်းများအကြား ဆက်ဆံရာတွင် ရှင်းလင်းတိကျစေမည့်အပြင် တည်ငြိမ်မှုလည်း ရှိစေမည် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ အနေဖြင့် ဝန်ကြီး ဌာနများနှင့် ဌာနဆိုင်ရာတို့၏ ညွှန်ကြားမှုများအပေါ် လုံးလုံး မှီခိုရန် မလိုအပ်တော့ဟု ဆိုသည်။ စက်ရုံ အလုပ်ရုံ များသည် စီးပွားရေးအရ လွတ်လပ်သော ကုန်ထုတ် လုပ်ငန်းများ ဖြစ်လာကြမည်ဟု ဆိုသည်။


၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အာဏာတည်သည့် အဆိုပါဥပဒေသစ်အရ စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်း ဆောင်ရွက်မှုကို နိုင်ငံတော် စီမံကိန်းတွင် အခြေခံထားမည်ဖြစ်သော်လည်း ပြည့်စုံသောတန်ဖိုးတွက် စာရင်းကိုင်ပညာဖြင့် ကိုယ်ပိုင်ဘဏ္ဍာငွေကြေး ရှင်းလင်း ပေးချေခြင်းနှင့် ကိုယ်ပိုင်မြှုပ်နှံငွေစာရင်း စိုက်ထုတ်ခြင်း တို့ကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည်။ ဆိုလိုသည်မှာ ရွေးချယ် တင်မြှောက်ထားသည့် စီမံခန့်ခွဲသူများက ဦးဆောင်သော စီးပွားရေးလုပ်ငန်းများသည် ကုန်ထုတ် လုပ်ရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော ကိစ္စအဝဝကို လွတ်လပ်စွာ စီမံဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

ထို့ပြင် ဖိနပ်ချုပ်လုပ်ငန်းနှင့် အိမ်တွင်းအလှပြုပြင်ရေးလုပ်ငန်းတို့အပါအဝင် မိသားစုလုပ်ငန်းငယ်များကို ပုဂ္ဂလိက အလုပ်သမားဥပဒေသစ်တွင် ထည့် သွင်း ပြ ဋ္ဌာန်း ခဲ့သည်။ လုပ်ငန်းပေါင်း ၂၉ ခု အ တွက် ဥပဒေ ပြဋ္ဌာန်း သတ်မှတ်ပေးသည်။ အဆိုပါ ပြဋ္ဌာန်းချက်တွင် အကျုံးမဝင်သော လုပ်ငန်းများမှာ အန္တရာယ်ရှိသော ဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းနှင့် လက်နက် ထုတ်လုပ်ရေးလုပ်ငန်း စသည်တို့ ဖြစ်သည်။ နိုင်ငံရေးအရ ထိခိုက်နိုင်သော ပုံနှိပ် ထုတ်ဝေရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ကိုလည်း တားမြစ် ပိတ်ပင်ထားသည်။ ယင်းဥပဒေအရ လုပ်ကိုင်ခွင့်ရရှိသည့် လုပ်ငန်းများအတွက် လုပ်သားများကို ငှားရမ်း လုပ်ကိုင် ခွင့်မပြုဘဲ အိမ်ထောင်စုဝင်မိသားစုများကသာ လုပ်ကိုင် ဆောင်ရွက်ရမည် ဖြစ်သည်။ လုပ်ငန်းကို ဦးစီးသူက ဝင်ငွေခွန် ပေးဆောင်ရသည်။ တစ်လလျှင် ဝင်ငွေရူဘယ် ၂၅၀ (၃၇၅ ဒေါ်လာ) အောက် ရရှိသူများသည် ဝင်ငွေ၏ ၁၃ ရာခိုင်နှုန်းကိုလည်းကောင်း၊ ဝင်ငွေ ရူဘယ် ၅၀၀ (၇၅၀ ဒေါ်လာ) အထက် ရရှိသူများသည် ဝင်ငွေ၏ ရာခိုင်နှုန်း ၅၀ ကိုလည်းကောင်း ဝင်ငွေခွန်အဖြစ် အသီးသီး ပေးဆောင်ကြရမည်ဟု ဆိုသည်။

ထို့ပြင် ၁၉၇၈ ခုနှစ် မေလတွင် သမဝါယမဆိုင်ရာ ဥပဒေသစ်ကို ဆိုဗီယက်ဦးစီးလွှတ်တော်ချုပ်က အတည်ပြု ပေးခဲ့သည်။

ဆိုရှယ်လစ်မဟုတ်သော နိုင်ငံများမှ ပြည်ပ စီးပွားရေးလုပ်ငန်းများကို လုပ် ကိုင် ခွင့် ပေး သည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုအသစ်အရ ပြည်ပကုမ္ပဏီ ၁၀၀ ခန့်သည် ဆိုဗီယက် ပြည်ထောင်စုတွင် ဖက်စပ် လုပ်ငန်းများ တည်ထောင်ရေးအတွက် အဆိုပြုခဲ့ကြသည်။ ဖင်းလန်၊ ပြည်ထောင်စုသမ္မတ ဂျာမနီ၊ ဂျပန်၊ အီတလီ၊ ပြင်သစ်၊ နယ်သာလန်၊ အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်သက်ဝင်သည့် စည်းမျဉ်းသစ်များအရ ဖက်စပ်လုပ်ငန်းများ တည်ထောင်ရန် ကမ်းလှမ်းခဲ့ကြသည်ဟု ဆိုသည်။ နည်းဥပဒေများအရ အနည်းဆုံးအားဖြင့်ဖက်စပ်လုပ်ငန်း၏ ၅၁ ရာခိုင်နှုန်းခန့်ကို ဆိုဗီယက် ပြည်ထောင်စုမှ ဖက်စပ် လုပ်ကိုင်လိုသူတို့က ပိုင်ဆိုင်ခွင့်ရှိရမည့်အပြင် ကျွမ်းကျင် ပညာရှင်များမှအပ ကျန်အလုပ်သမားများမှာ ဆိုဗီယက်လူမျိုးများ ဖြစ်ရမည်ဟု ဆိုသည်။ ဖက်စပ်လုပ်ငန်းများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ပြည်ပစျေးကွက်များတွင် တိုက်ရိုက် ရောင်းချသွားမည် ဖြစ်ပြီး ပြည်ပလုပ်ငန်းများအနေဖြင့် သွင်းကုန်ပစ္စည်းများအတွက် အကောက်ခွန် ကင်းလွတ်ခွင့် ရသည်။ အလားတူပင် ဖက်စပ်လုပ်ငန်း စတင်လုပ်ကိုင်သည့် ပထမနှစ်နှစ်အတွက် အခွန် ကင်းလွတ်ခွင့်ရမည် ဖြစ်သည်။ သို့ရာတွင် ပြည်ပကုမ္ပဏီများသည် အမြတ်ငွေများကို ပြည်ပသို့ လွှဲပြောင်း ပေးပို့သည့် အခါတွင်မူ အမြတ်ငွေ စုစုပေါင်း၏ ရာခိုင်နှုန်း ၂၀ ကို အခွန်အဖြစ် ပေးဆောင်ရမည် ဖြစ်သည်။ ၁၉၇၈ ခုနှစ် ဧပြီလတွင် မော်စကိုမြို့၌ "ဖက်စပ် လုပ်ငန်းများ ၁၉၇၈" အမည်ရှိ အပြည်ပြည်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ အနောက်ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်၍ ဆိုဗီယက် ဖက်စပ် လုပ်ငန်းများတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် ပြဿနာများကို ဆွေးနွေးခဲ့ကြသည်။

၁၉၇၇ ခုနှစ် စီးပွားရေးစီမံကိန်း အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကြေညာခဲ့သည်။ အမျိုးသား ထုတ်လုပ်မှု တန်ဖိုး စုစုပေါင်း (ဂျီအင်ပီ)သည် ၁၉၇၆ ခုနှစ်ထက် ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးမြှင့်နိုင်ခဲ့ကြောင်း၊ စက်မှုကုန်ထွက် ၃ ဒသမ ၈ ရာခိုင်နှုန်း၊ စိုက်ပျိုးကုန်ထွက် ၁ ဒသမ ၈ ရာခိုင်နှုန်း၊ လုပ်အားစွမ်းဆောင်ရည် ၂ ဒသမ ၄ ရာခိုင်



ဆိုဗီယက်ပြည်ထောင်စု ၁၉ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ပါတီနှီးနှောဖလှယ်ပွဲ၌ ပါတီခေါင်းဆောင် မိခါယီး ဂေါ်ဘာချေ့ အမှာစကားပြောကြားနေစဉ်

နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း၊ သို့ရာတွင် လျာထား ချက်များကိုမူ ပြည့်မီနိုင်ခြင်းမရှိကြောင်း၊ ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ စျေးနှုန်းများ ကျဆင်းမှုကြောင့်ပြည်ပ ကုန်သွယ်မှုတန်ဖိုးသည် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်း သွားခဲ့ကြောင်းဖြင့် ဖော်ပြထားသည်။ စိုက်ပျိုးရေးတွင် ကောက်ပဲသီးနှံတန်ချိန် ၂၁၁ ဒသမ ၃ သန်း ထွက်ရှိ၍ ၁၉၇၈ ခုနှစ် နောက်ပိုင်းတွင် အမြင့်မားဆုံးနှင့် နိုင်ငံသမိုင်း တစ်လျှောက်တွင် စတုတ္ထအမြင့်မားဆုံး ထွက်ရှိမှုဖြစ်သည်။ တန်ချိန် သန်း ၂၀၀ ကျော် နှစ်နှစ်ဆက်တိုက် ထွက်ရှိခြင်း ဖြစ်သည်။

ဆိုဗီယက် ကွန်မြူနစ်ပါတီ ၂၇ ကြိမ်မြောက် ညီလာခံ ဆုံးဖြတ်ချက်များကို အကောင်အထည် ဖော်ခြင်းနှင့် ပယ်ရက် စထရိုင်ကာ (ပြန်လည်တည်ဆောက်ရေး) အရှိန် အဟုန် မြှင့်တင်ခြင်းတို့ကို သုံးသပ် ဆွေးနွေး အကြံပြုနိုင် ရန် ၁၉ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ပါတီနှီးနှောဖလှယ် ပွဲကို ၁၉၈၈ ခုနှစ် ဇွန်လ ၂၈ ရက်နေ့မှ ဇူလိုင်လ ၁ ရက်

နေထိ ကျင်းပခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စုသမိုင်းတွင် ပါတီစည်းမျဉ်းများ အတည်ပြုခြင်းနှင့် စီးပွားရေးမူဝါဒများ ချမှတ်ခြင်းစသည့် အရေးကြီးသော လုပ်ငန်းကြီးများ ကြုံကြိုက်သည့်အခါတိုင်း အမျိုးသား နှီးနှောဖလှယ်ပွဲကြီးများ ကျင်းပခဲ့ဖူးသည်။ သစ်လွင်သောစီးပွားရေးမူဝါဒချမှတ်ခဲ့သော ၁၀ ကြိမ်မြောက်ပါတီညီလာခံနှင့် ၁၁ ကြိမ်မြောက် ပါတီ ညီလာခံတို့အကြားတွင် အမျိုးသားနှီးနှောဖလှယ်ပွဲ နှစ်ကြိမ်တိုင်တိုင် ကျင်းပခဲ့ဖူးသည်။ နောက်ဆုံးကျင်းပခဲ့သော ၁၈ ကြိမ်မြောက် နှီးနှောဖလှယ်ပွဲကို ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့သည်။ နာဇီဂျာမန်တို့က ဆိုဗီယက် ပြည်ထောင်စုကို ကျူးကျော်တိုက်ခိုက်ခြင်းမပြုမီ လပိုင်းအလိုတွင်ဖြစ်သည်။ ၁၉ ကြိမ်မြောက် နှီးနှောဖလှယ်ပွဲတွင် ဗျူရိုကရေစီ ကြိုးနီစနစ်တိုက်ဖျက်ရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ဆက်ဆံရေး၊ ဂလပ်စနော့ (ပွင့်လင်းမှု) မူဝါဒ အကောင်အထည်ဖော်ရေး၊ ပါတီဝင်များ ပြန်လည်စိစစ်ရေး၊ တရားဥပဒေရေးရာ ပြုပြင်ပြောင်းလဲရေးစသည့် နိုင်ငံရေးလုပ်ငန်းစဉ်တို့ကိုလည်း ပွင့်လင်းစွာ ဆန်းစစ်ခဲ့ကြသည်။ ညီလာခံနောက်ဆုံးနေ့တွင် ဆိုဗီယက်လူဘောင်၌ ဒီမိုကရေစီရှင်သန်ရေးကို ဖော်ဆောင်သည့် ဆုံးဖြတ်ချက် ခြောက်ရပ်ကို ချမှတ်ခဲ့သည်။ (ဂလပ်စနော့—၅၅။)

ဆိုဗီယက် ဦးစီးလွှတ်တော်ချုပ်သည် ကွန်မြူနစ်ပါတီခေါင်းဆောင် မိခါယီး ဂေါ်ဘာချော့အား နိုင်ငံတော်သမ္မတအဖြစ် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က ရွေးချယ်တင်မြောက်လိုက်သည်။ တာဝန်မှ အနားယူသွားသူ အန်ဒရေ ဂရိုမီကို၏နေရာတွင် အစားထိုးတင်မြောက်လိုက်ခြင်းဖြစ်သည်။ ပါတီနှင့် အစိုးရ ထိပ်တန်းတာဝန်နှစ်ရပ်ကို စုစည်းပေးခြင်းဖြင့် ပြုပြင်ပြောင်းလဲရေးတွင် စိတ်ထက်သန်သူ ဂေါ်ဘာချော့၏ သြဇာအာဏာ ပိုမိုရှိလာသည်။ ဒုတိယ သမ္မတ အဖြစ် အနာတိုလီ အေလျာနော့ဗ်အား ခန့်အပ်သည်။

ဇာဂရဗုဒ္ဓိ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိဟ၊ မန္တလေး အနောက်တောင်မြို့နယ်၊ ဂွေးချိုကျောင်းတိုက်၊ မအူပင် အုတ်ကျောင်း (မြန်မာ ၁၂၇၃–၁၃၅၀)။ ။မန္တလေးမြို့ ဂွေးချိုတိုက်၊ မအူပင် အုတ်ကျောင်း၏ ပဓာန နာယက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ဇာဂရဗုဒ္ဓိ သည် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတဘွဲတံဆိပ်တော်ရ

ဆိုဗီယက် ကွန်မြူနစ်ပါတီဗဟိုကော်မတီတွင် သမ္မတ အန်ဒရေ ဂရိုမီကို (ရှေတန်းအလယ်လူ) အား သမ္မတအဖြစ်မှ အနားယူစေရန် မဲခွဲဆုံးဖြတ်စဉ်



ဇာဂရဗုဒ္ဓိ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ

ဆရာတော်ကြီးများထံတွင် ပါဠိတော် အဋ္ဌကထာ နှစ်ဝါ ညဝါ ကျမ်းစာအဖြာဖြာကို သင်ကြားတတ်မြောက်တော်မူ၍ အစိုးရ ပထမလတ်တန်းနှင့် အမျိုးသား အလတ်တန်း လောကုတ္တရာဆိုင်ရာ စာမေးပွဲများကို အောင်မြင်တော် မူခဲ့ခြင်း၊ လောကုတ္တရာကျမ်းစာအုပ်များကို ရေးသားပြုစု တော်မူခဲ့ခြင်း၊ တပည့်သံဃာများအား ပရိယတ္တိစာပေ ကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ နိုင်ငံခြား သာသနာပြုရေးကို ရည်မှန်းလျက် သကျသီဟ ဒီဃဘာ ဏကဘွဲ့ရ ရဟန်းတော်များအား အင်္ဂလိပ်စာ သင်ကြား ပြသပေးတော်မူခဲ့ခြင်း၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ပထမအကြိမ် ငါးနှစ်ကာလနှင့် ဒုတိယ အကြိမ်ငါးနှစ်ကာလ ထမ်းရွက်တော်မူခဲ့ခြင်း စသည်ဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက် သယ်ပိုးဆောင်ရွက်တော် မူခဲ့သောကြောင့် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်ကောင်စီက ဆက် ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈–စာ၊ ၁၈၀—ရှု။)

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဇာဂရဗုဒ္ဓိသည် ၁၃၅၀ ပြည့်နှစ် နတ်တော်လဆုတ် ဂ ရက်နေ့တွင် ဘဝ နှုတ်ထံ ပံ့လွန်တော်မူသည်။

ဇာနေယျဗုဒ္ဓိ၊ ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တ၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ မန္တလေး အနောက်ဘောင် မြို့နယ်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် (မြန်မာ ၁၂၆၄–) ။ ။ ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တ ဇာနေယျဗုဒ္ဓိကို စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ချုံရွာ၌ ခမည်းတော် ဦးဖိုး၊ မယ်တော် ဒေါ်သဲမှုန်တို့က သက္ကရာဇ် ၁၂၆၄ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၄ ရက်နေ့တွင် ဖွားမြင်သည်။

၁၂ နှစ်အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဒီပဲယင်းမြို့နယ်၊ ကျွန်း ဦး ကျောင်း ဆရာတော် ဦးဇောတထံ၌ ရှင် သာ မဏေ အ ဖြစ် သို့ ရောက်သည်။ ဘွဲ့အမည်မှာ ရှင်ဇာနေယျဗုဒ္ဓိ ဖြစ်သည်။

သက္ကရာဇ် ၁၂၈၃ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် တွင် စစ်ကိုင်းမြို့နယ်၊ ပန်းချီရွာ ဦးဣဿိ ကျောင်း ခဏ္ဍ သိမ်၌ တတိယရွှေကျင် သာသနာပိုင် ဒီပဲယင်းဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ပန်းချီရွာ ကျောင်းဒါယ ကာ ဦးမြို့ ဒေါ်အေးပွင့်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် သာမဏေဘဝမှစ၍ ကျွန်းဦးကျောင်း ဆရာတော်၊ ဒီပဲယင်းဆရာတော်၊ ရွှေကျင်နိကာယ ဥပ

ဇာနေယျဗုဒ္ဓိ၊ ဆရာတော် ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု



အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ

ဥက္ကဋ္ဌ အဘယဓာရုမ ဆရာတော်၊ ရွှေကျင်နိကာယ ဥပ ဥက္ကဋ္ဌ စည်ရှင် ဆရာတော်နှင့် ပခုက္ကူမြို့ အရွှေတိုက်သစ် ဆရာတော်တို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ သက္ကတဘာသာများကို ဆည်းပူးတော်မူပြီး ဝိသုဒ္ဓါရုံ ဂဏဝါစက စာမေးပွဲ၌ ငယ်၊ လတ်၊ ကြီးတန်းတို့ကို လည်းကောင်း၊ စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ အသင်း စာသင်တန်း စာမေးပွဲကို လည်းကောင်း၊ နိုင်ငံ တော်အစိုးရ ပထမပြန် စာမေးပွဲများ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို လည်းကောင်း၊ ပါဠိ တက္ကသိုလ် ဗဟိုအဖွဲ့က ကျင်းပသည့် ဓမ္မာစရိယ စာချ တန်း၌ ကိုးကျမ်းလုံးကို လည်းကောင်း အောင်မြင်တော် မူခဲ့သည်။

ဆရာတော်သည် ရွှေကျင်နိကာယ ဗဟိုဌာနဖြစ်သော မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ သီတင်း သုံး တော် မူလျက် ပိဋကတ်ကျမ်းဂန်များကို အဆက်မပြတ် ပို့ချတော်မူရင်း မဟာဝိသုဒ္ဓါရုံတိုက်ကြီးနှင့် ရွှေကျင်ဂိုဏ်းကြီးကို တာဝန် ယူ ထိန်းသိမ်းစောင့်ရှောက်တော်မူလျက် ရှိသည်။ တိုက် တာကိစ္စ၊ ဂိုဏ်းကိစ္စ၊ သာသနာ့ကိစ္စ မှန်သမျှကို လိုလေ သေးမရှိ စွမ်းစွမ်းတမံ ရဲဝံ့စွာ "ယထာ ဝါဒီ တထာ ကာရီ၊ ယထာကာရီ တထာ ဝါဒီ" နည်းဖြင့် ဆောင်ရွက် တော်မူခဲ့သည်။

ဆရာတော်သည် သာသနာတော် သန့်ရှင်းတည်တံ့

ပြန့်ပွားရေးနှင့် ဝိနည်းသာသနာ ထွန်းကားရေးကိုလည်း လွန်စွာ အလေးထားတော်မူသည်။ ဝိနည်းစာပြန်ဌာန များသို့သက်တော်ကြီးရင့်သည့် ယနေ့အချိန်တိုင် ထာဝစဉ် ကြွရောက်ချီးမြှင့် အားပေးတော်မူလေ့ရှိသည်။

ထို့ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ် ပါဠိတက္ကသိုလ် ဗဟို ကိုယ်စားလှယ်၊ ဆဋ္ဌသင်္ဂါယနာ ပါဠိ ဝိသောဓက၊ နိုင်ငံ တော်အစိုးရ ခုံဝိနိစ္ဆယ ဝိနည်းဓိုရ်၊ ဝိနိစ္ဆယနှင့် ခုံဝိနိစ္ဆယ ထပ်မံပြင်ဆင်ရေး အဖွဲ့တွင် ရွှေကျင်ဂိုဏ်းကိုယ်စားလှယ် အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး နိုင်ငံတော်သြဝါဒါစရိယ၊ မန္တလေးမြို့ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့၏ သြဝါဒါ စရိယအဖြစ် သာသနာ့တာဝန်ကို ဆက်လက်ထမ်းဆောင် လျက် ရှိသည်။

ဆရာတော်သည် စာပေကျမ်းဂန်များကို ပို့ချရင်း တိပိဋကပါဠိ မြန်မာစာ အဘိဓာန်ကျမ်းကြီး၊ တိပိဋကပါဠိ မြန်မာအဘိဓာန်အကျဉ်း၊ ပါဠိပဒ ပိဋကကျမ်းညွှန်း၊ ဘဝလွတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်း အကျဉ်း၊ သိမှတ်ဖွယ် ဝိနိစ္ဆယများ ကျမ်းတို့ကို ကြီးမှူးပြုစုတော်မူခဲ့သည်။

ဆရာတော် ရရှိခဲ့သော ဘွဲ့တံဆိပ်တော်များမှာ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ မူလစာချ ဘဒ္ဒန္တ ဇာနေယျ ဗုဒ္ဓဘိဝံသ၊ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ ဇကောဒသမအကြိမ် ရွှေကျင်နိကာယ ဂိုဏ်း လုံး ကျတ် အစည်းအဝေးကြီးက တင်မြှောက်သော ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌတို့ ဖြစ်သည့်အပြင် ၁၃၄၀ ပြည့်နှစ်တွင် အဂ္ဂ မဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက် တော်မူသည့် အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆနဂုဏ်၊ ရတ္တညူ မဟာနာယကဂုဏ်၊ ဂန္ဆန္တရ ဗာဟုသစ္စဂုဏ်၊ လောကဗဟု ပကာရဂန္ထရစနာ ဂုဏ်တို့နှင့် ကုံလုံပြည့်ဝကော်မူသော ဘဒ္ဒန္တ ဇာနေယျဗုဒ္ဓိသည် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်း သော အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော် မူသည်။

ဇီယာအူးလဟက်, မိုဟာမက် (ခရစ် ၁၉၂၄ – ၁၉၈၈)

။ ။ပါကစ္စတန်နိုင်ငံ အကြီးအကဲအဖြစ် ၁၉၇၇ ခုနှစ် မှစ၍ တာဝန်ထမ်းဆောင်လာခဲ့သော မိုဟာမက် ဇီယာ အူးလဟက်ကို ပန်ဂျပ်နယ် ဂျူလန်ဒါမြို့၌ ၁၉၂၄ ခုနှစ်တွင် လူလတ်တန်းစား မိဘများမှ မွေးဖွားခဲ့သည်။ ငယ်စဉ်က ဒေလီမြို့စိန့်စတီဖင်ကောလိပ်၌ အထက်တန်းပညာသင်ယူခဲ့ သည်။ ထို့နောက် အိန္ဒိယနိုင်ငံ ဟိမဝန္တာတောင်ခြေရှိ ဒီရာဒွန်း ဘုရင့်စစ်တက္ကသိုလ်၌ စစ်ပညာသင်ကြားခဲ့သည်။ ပြိတိသျှသံချပ်ကာကားတပ်တွင်အမှုထမ်းစဉ် ဒုတိယကမ္ဘာ စစ်ဖြစ်ပွားခဲ့ရာ ဇီယာအူးလဟက်သည် မြန်မာ၊ မလေးယား နှင့် အင်ဒိုနီးရှားနိုင်ငံတို့ရှိ စစ်မြေပြင်အသီးသီးတွင် တာဝန် ထမ်းဆောင်ခဲ့ရသည်။ ၁၉၄၅ ခုနှစ် မေလတွင် ပြန်တမ်း ဝင်စစ်အရာရှိဖြစ်လာသည်။

ပါကစ္စတန် နိုင်ငံသည် ၁၉၄၇ ခုနှစ် သြဂုတ်လ ၁၅ ရက်နေ့တွင် ပြိတိသျှဓနသဟာယအတွင်း လွတ်လပ်သော ဒိုမီနီယန်နိုင်ငံအဖြစ် ပေါ်ထွန်းလာသောအခါ ဇီယာအူး လဟက်သည် ပါကစ္စတန်တပ်မတော်သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်သည်။ ၁၉၅၉ ခုနှစ်တွင်လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် လည်းကောင်း အမေရိကန် ပြည်ထောင်စု၌ စစ်ဦးစီးအရာရှိ သင်တန်းနှစ်ကြိမ် တက်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးဖြစ်လာပြီး ကွက်တာမြို့ စစ်ဦးစီးကောလိပ်ကျောင်း၌ နည်းပြအဖြစ်အမှုထမ်းသည်။ ၁၉၆၉ ခုနှစ်တွင် သံချပ်ကာကားတပ်မမှူး ဗိုလ်မှူးချုပ် ဖြစ်လာသည်။ ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်ထိ ဂျော်ဒန် ဘုရင့်တပ်မတော်၏ ဖိတ်ကြားချက်အရ အကြံပေးအရာရှိ အဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ဂျော်ဒန်နိုင်ငံတွင် ပါလက် စတိုင်းဖြောက်ကျားများကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ်တွင် အရှေ့ပါကစ္စတန် (ယခု ဘင်္ဂလားဒေ့ရှ်) ၌ အမျိုးသားရေးဝါဒီ အဝါမီအဖွဲ့ချုပ်၏ ပုန်ကန်မှုပေါ် ပေါက် ပြီး ဒီဇင်ဘာလ ၃ ရက်နေ့တွင် အိန္ဒိယနိုင်ငံက ပုန်ကန် သူတို့ဘက်မှ ဝင်ရောက် တိုက်ခိုက်သည့် ဖြစ်ရပ်ကြောင့် ဇီယာအူးလဟက်သည် ပါကစ္စတန်နိုင်ငံသို့ ပြန်လာခဲ့ရ သည်။ ဇီယာအူးလဟက် ပြန်မရောက်မီ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင်ပင် စစ်ပြီးဆုံးသွားသည်။

ဇီယာအူးလဟက်သည် ၁၉၇၂ ခုနှစ်တွင် ဗိုလ်ချုပ် ဖြစ်လာခဲ့သည်။ စစ်ခုံရုံးတရားသူကြီး တာဝန်ယူသည်။ ၁၉၇၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သမ္မတ ဖြစ်လာသော ဇူဖီကာ အလီဘူတိုကို ဖြုတ်ချရန်ကြံစည်သော စစ်အရာရှိ ၃၀ ခန့်၏ အမှုကိုစစ်ဆေးခဲ့ရသည်။ ယင်းစစ်ဆေးမှုကို အလီဘူတိုက နှစ်ထောင်း အားရ ရှိသဖြင့် ၁၉၇၆ ခုနှစ် မတ်လတွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး အဖြစ် ခန့်အပ်ခဲ့သည်။

ပါကစ္စတန်နိုင်ငံကို ဖက်ဒရယ်ပြည်ထောင်စုအစွမ်းမှစ် သမ္မတနိုင်ငံအဖြစ် ထူထောင်သော ၁၉၇၃ ခုနှစ် ဖွဲ့စည်း ပုံ အခြေခံ ဥပဒေအရ အလီဘူတိုသည် ၁၉၇၃ ခုနှစ် သြဂုတ်လ ၁၄ ရက်နေ့မှစ၍ ဝန်ကြီးချုပ် ဖြစ်လာခဲ့ပြီး ၁၉၇၇ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် အလီဘူတို၏ ပါကစ္စတန် ပြည်သူပါတီ (ပီပီပီ) က အမတ်နေရာ ၂၀၀ အနက် ၁၅၅ နေရာကိုအနိုင်ရရှိသည်။ သို့ရာတွင် အတိုက်



လေယာဉ်ပျက်ကျ၍ သေဆုံးခဲ့သူ ပါကစ္စတန်သမ္မတ ဇီယာ အူးလဟက်

အခံ ကိုးပါတီက ရွေးကောက်ပွဲ၌ မသမာမှုများရှိသည်ဟု ကန့်ကွက်ရာမှ အဓိကရုဏ်းများဖြစ်ပွား၍ စစ်အုပ်ချုပ်ရေး ကြေညာသည်။ အလီဘူတို အစိုးရအဖွဲ့သည် ရွေးကောက်ပွဲ၌ မသမာမှုနှင့် လူသတ်မှု ကျူးလွန်ခဲ့ကြကြောင်းဖြင့် နယ် မြေ စစ် ဦး စီး မှူး ခြောက် ဦး က အစီရင်ခံခဲ့သဖြင့် ဗိုလ်ချုပ်ကြီး ဇီယာအူးလဟက်သည် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ သန်းခေါင်ကျော် အချိန်တွင် ဝန်ကြီးချုပ် ဇူဖိကာ အလီဘူတိုကို ဖမ်းဆီးကာ အာဏာသိမ်းခဲ့သည်။

ဇီယာအူးလဟက်သည် အမျိုးသား လွှတ်တော်နှင့် ပြည်နယ် လွှတ်တော်တို့ကို လည်းကောင်း၊ ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လည်းကောင်း ဖျက်သိမ်းခြင်း မပြုခဲ့။ အလီဘူတိုနှင့် ရင်းနှီးသောအရာရှိကြီး ၂၅ ဦး တို့မှတစ်ပါး အခြားဝန်ထမ်းနှင့် အရာထမ်းများကို ဖြုတ်ပယ်ခြင်းမပြုခဲ့။ ဘူတို၏လက်ရုံးဖြစ်သော စစ်ဝန်ထမ်း တပ်ဖွဲ့အင်အား ၁၀,၀၀၀ ကို လက်နက်ဖြုတ်သိမ်းကာ တပ်ကိုပါဖျက်လိုက်သည်။ ၁၉၇၄ ခုနှစ်ကဖြစ်ပွားခဲ့သော နိုင်ငံရေးပဋိပက္ခအရ လူသတ်မှုတွင် အလီဘူတို ပါဝင် ပတ်သက်သည်ဟူသော စွဲချက်ဖြင့် သေဒဏ်ချမှတ်သည်။ ထိုစီရင်ချက်ကို တရားရုံးချုပ်က ၁၉၇၉ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ဇီယာအူးလဟက် အာဏာသိမ်းစဉ်က အခြေခံဥပဒေအရ သမ္မတဖြစ်သည့် ဖေဇာအီလာချောက်ဒရီသည် ရာထူးသက်တမ်းစေ့သွားသဖြင့် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် သမ္မတအဖြစ် ဇီယာအူးလဟက်က ဆက်ခံခဲ့သည်။ တရားရုံးချုပ်၏ စီရင်ချက်ကို သမ္မတအာဏာဖြင့် ဖျက်သိမ်းနိုင်၍ သမ္မတဇီယာအူးလဟက်သည် အလီဘူတိုရှိရာအချုပ်ခန်းသို့ သွားရောက်ပြီး အလီဘူတိုအနေဖြင့် အသနားခံစာ တင်သွင်းရန် မေတ္တာရပ်ခံခဲ့သည်။

အလီဘူတိုက ဇီယာ၏ မေတ္တာရပ်ခံချက်ကိုလက်မခံခဲ့ချေ။ နောက်ဆုံးတွင် ရာဝါပင်ဒီမြို့ အကျဉ်းထောင်၌ ၁၉၇၉ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် အလီဘူတိုကို သေဒဏ်စီရင်ခဲ့သည်။

အူးလဟက်၏ အနက်အဓိပ္ပာယ်သည် ဘုရားအလင်းရောင်ဟု ထွက်ရှိသည့်အလျောက် ဇီယာအူးလဟက်သည် ဘာသာရေး ကိုင်းရှိုင်းသည်ဟု နာမည် ကျော်သည်။ အစ္စလာမ်ဘာသာ အယူဝါဒအတိုင်း လိုက်နာ ကျင့်ကြံစေရေး မူဝါဒနှင့် စပ်လျဉ်း၍ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၁၉၈၄ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပရာ ထောက်ခံမဲ ၉၈ ရာခိုင်နှုန်းရရှိသည်။ ယင်းရလဒ်ကြောင့် ဇီယာအူးလဟက်၏ သမ္မတသက်တမ်းကို နောက်ထပ်ငါးနှစ်တိုးနိုင်ခဲ့သည်။ အထွေထွေရွေးကောက်ပွဲများအပြီး ၁၉၈၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် စစ်အုပ်ချုပ်ရေးဥပဒေ ရုပ်သိမ်းသည်။ ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အစိုးရအဖွဲ့သစ် ဖွဲ့စည်းသည်။ ဝန်ကြီးချုပ်အဖြစ် မိုဟာမက် ခန်း ဂျူနေဂျိုကိုပင် ခန့်အပ်သည်။

ဂျူနေဂျို၏အစိုးရအဖွဲ့တွင် လာဘ်စားမှုများရှိသည်ဟုဆိုကာ သမ္မတ ဇီယာအူးလဟက်သည် ၁၉၈၈ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ယင်းအစိုးရအဖွဲ့ကို ဖျက်သိမ်းပြီး အာဏာကို တိုးမြှင့်ရယူသည်။ ရွေးကောက်ပွဲအသစ်ကို ၁၉၈၈ ခုနှစ် နိုဝင်ဘာလဆန်း၌ ကျင်းပပေးမည်ဟု ကြေညာသည်။ ယခင်က ချမှတ်ခဲ့သော ရွေးကောက်ပွဲစည်းမျဉ်းများကိုပင် ချပေးသည်။ အလီဘူတို၏သမီးဖြစ်သူ ပီပီပီခေါင်းဆောင် ဘီနဇာ ဘူတိုက ယင်းစည်းမျဉ်းများကိုပယ်ဖျက်ပေးရန် ပါကစ္စတန်တရားလွှတ်တော်ချုပ်သို့ ၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် တင်သွင်းခဲ့သည်။

ထိုနေ့တွင်ပင် သမ္မတဇီယာအူးလဟက် စီးနင်းလိုက်ပါလာသော စီ ၁၃၀ စစ်ဘက်ပို့ဆောင်ရေး လေယာဉ်သည် ဘဟာဝါပါမြို့ လေဆိပ်မှ အတက်တွင် ပေါက်ကွဲပျက်စီးခဲ့သဖြင့် သမ္မတ ဇီယာအူးလဟက်သည် ကွယ်လွန်သွားခဲ့သည်။

တရုတ်ပြည်သူသမ္မတနိုင်ငံ။ ။တရုတ်ပြည်သူသမ္မတနိုင်ငံ သတ္တမအကြိမ် အမျိုးသား ပြည်သူကွန်ဂရက်ကို ၁၉၈၈ ခုနှစ် မတ်လ ၂၅ ရက်နေ့မှ ဧပြီလ ၁၃ ရက်နေ့ထိ ကျင်းပခဲ့သည်။ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ ၂,၉၇၀ ရှိသည့်အနက် ၂,၈၉၂ ဦး တက်ရောက်သည်။ ကိုယ်စားလှယ်စုစုပေါင်း ၂,၉၇၀ အနက် ၂,၁၀၇ ဦးသည် အသစ်ရွေးချယ် တင်မြှောက်ခံရသူများ ဖြစ်သည်။ ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့က ဆင္ဒမအကြိမ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့၌ နိုင်ငံတကာလက်နက်ပြပွဲတစ်ရပ်ကျင်းပ၍ တရုတ်နိုင်ငံလုပ် ခေတ်မီလက်နက်များကို ရောင်းချနိုင်ရန် ခင်းကျင်းပြသခဲ့သည်။

အမျိုးသား ပြည်သူကွန်ဂရက် အမြဲတမ်း ကော်မတီ၏ ၂၃ ကြိမ်မြောက် အစည်းအဝေး၌ နိုင်ငံတော် ကောင်စီ ဝန်ကြီးချုပ် ကျောက်ကျိယန်က ရာထူးတာဝန်မှ နုတ်ထွက်ခွင့် တောင်းခံခဲ့ခြင်းကို သဘောတူညီခဲ့သည်။ နိုင်ငံတော် ကောင်စီ ဒုတိယဝန်ကြီးချုပ် လီဖုန်အား နိုင်ငံတော် ကောင်စီ ခေတ္တဝန်ကြီးချုပ်အဖြစ် ဆောင်ရွက် စေပြီး ဝန်ကြီးချုပ် အခွင့်အာဏာ ကျင့်သုံးကာ နိုင်ငံတော် ကောင်စီ၏ လုပ်ငန်းများ ကို ဦးဆောင်သွားစေရန် ကျောက်ကျိယန်၏ အဆိုပြုချက်ကို သဘောတူကြောင်း လည်း ဆုံးဖြတ်ခဲ့သည်။

ဝန်ကြီးချုပ်လီဖုန်က နိုင်ငံတော် ကောင်စီ ကိုယ်စား အစိုးရလုပ်ငန်း အစီရင်ခံစာကို တင်သွင်းခဲ့သည်။ စာမျက်နှာ ၆၇ မျက်နှာ၊ စာလုံးရေ ၃၀,၀၀၀ ကျော်ပါရှိသော ယင်းအစီရင်ခံစာတွင် လွန်ခဲ့သောငါးနှစ်တာကာလအတွင်း ထူထောင်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ရာ၌ တရုတ်နိုင်ငံက ရရှိခဲ့သော အောင်မြင်မှုများနှင့် တည်ရှိသော ပြဿနာများကို ပွင့်လင်းစွာသုံးသပ်တင်ပြခဲ့သည်။ တရုတ်နိုင်ငံ အမျိုးသားထုတ်လုပ်မှု တန်ဖိုးစုစုပေါင်းသည် ၁၉၇၇ ခုနှစ်တွင် ပြည်သူငွေယွန်ကုဋေ ၁,၀၉,၂၀၀ ဖြစ်ပြီး ၁၉၉၂ ခုနှစ်တွင် ပြည်သူငွေယွန်ကုဋေ ၁,၅၅,၀၀၀ ခန့် အထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု တင်ပြခဲ့သည်။ လယ်သမားတို့၏ တစ်ဦးချင်းဝင်ငွေ နှစ်စဉ် ပျမ်းမျှ ဂ ဒသမ ၆ ရာခိုင်နှုန်း တိုးလာခဲ့ပြီး မြို့ပြနေသူတို့၏ တစ်ဦးချင်း ဝင်ငွေ နှစ်စဉ်ပျမ်းမျှ ၆ ဒသမ ၃ ရာခိုင်နှုန်း တိုးလာခဲ့သည်။ လွန်ခဲ့သော ငါးနှစ်တာအတွင်း ပြုပြင်ပြောင်းလဲရေး တံခါးဖွင့်မူဝါဒတို့၏ တွန်းအားကြောင့် တရုတ်နိုင်ငံ၏ အမျိုးသားစီးပွားရေး အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ အမျိုးသားစီးပွားရေး ကဏ္ဍမှ အရေးပါသော အချိုးအစား ဆက်နွယ်မှုများ တစ်ဆင့်တက်၍ အချိုးကျလာခဲ့ကြောင်း၊ မက်ကရိုစီးပွားရေး အကျိုးသက်ရောက်မှု မြင့်မားလာခဲ့ကြောင်းဖြင့် ဖော်ပြထားသည်။ ၁၉၇၇ ခုနှစ်က တစ်နိုင်ငံလုံး စက်မှုလုပ်ငန်း စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ၁၄ ဒသမ ၄ ရာခိုင်နှုန်း(ကျေးလက်စက်မှုလုပ်ငန်းမပါဝင်) တိုးခဲ့ပြီး ဝယ်လိုအားကောင်းမွန်သော ကုန်ပစ္စည်းများ အတိုင်းအတာမြင့်မားစွာ တိုးပွားလာကြောင်း၊ ကျေးလက် လူအဖွဲ့အစည်း စုစုပေါင်း ထုတ်လုပ်မှုတန်ဖိုး ၁၂ ဒသမ ၇ ရာခိုင်နှုန်းတိုးခဲ့ကြောင်း၊ ပြည်ပကုန်သွယ်ရေးလုပ်ငန်းတွင်

ပို့ကုန် ၂၇ ဒသမ ဂ ရာခိုင်နှုန်း တိုးခဲ့ကြောင်းဖြင့် ဖော်ပြထားသည်။

ပင်လယ်ကမ်းရိုးတန်းဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ အကောင်အထည်ဖော်မှု အရှိန်တိုးမြှင့်ရေး၊ ပြည်ပသို့ တံခါးဖွင့်မှု တစ်ဆင့်တက် တိုးချဲ့ရေးတို့ကို လာမည့်ငါးနှစ်တာအတွင်း ဆောက်ရွက်သွားမည်ဟု ယင်းအစီရင်ခံစာတွင် ရှင်းလင်းထားသည်။ လက်ရှိ စီးပွားရေး အထူးဇုန်များ၊ ပင်လယ်ကမ်းရိုးတန်း တံခါးဖွင့်မြို့များနှင့် စီးပွားရေး တံခါးဖွင့်ဇုန်များ၏ အခန်းကဏ္ဍကို အပြည့်အဝ ပြန့်ပွားသည့် အခြေခံပေါ်တွင် ကမ်းတုန်၊ ဖူကျန်နှင့် ဟိုင်နန်ကျွန်းတို့အပေါ်၊ ပိုမိုတံခါးဖွင့်သောမူဝါဒ ကျင့်သုံးပြီး ပြုပြင်ပြောင်းလဲရေး၊ တံခါးဖွင့်ရေး အထွေထွေစမ်းသပ်ဇုန်များကိုလည်း တည်ထောင်၍ ပြုပြင်ပြောင်းလဲမှု တစ်ဆင့်တက်စေမည်ဟု ဆိုသည်။ ဟိုင်နန်ကျွန်းကို တစ်နိုင်ငံလုံးတွင် အကြီးမားဆုံးသော စီးပွားရေး အထူးဇုန်ဖြစ်အောင် ထူထောင်သွားမည်။ လက်ရှိစီးပွားရေးအထူးဇုန်များထက် ပို၍ဦးစားပေးအခွင့်အရေးပေးသည့် မူဝါဒ ကျင့်သုံးသွားမည်ဟု လီဖုန်က ပြောကြားသည်။

မျက်မှောက်ခေတ် စီးပွားရေးနှင့် လူမှုရေးဘဝအတွင်း ထင်ရှားသော ပြဿနာများမှာ ပြည်သူ့ စားဝတ်နေမှုအဆင့်အတန်း တိုးတက်ကောင်းမွန်ရေးကို အတိုင်းအတာတစ်ရပ်အထိ ထိခိုက်စေသော မြို့ပြနေသူအချို့၏ လက်တွေ့စားဝတ်နေမှု အဆင့်အတန်း ကျဆင်းစေသည့် ကုန်ဈေးနှုန်းတက်မှုမြင့်မားနေခြင်းဖြစ်ကြောင်း ပင့်လင်းစွာဝန်ခံထားသည်။ ၂၀ ရာစုနှစ် အကုန်ပိုင်းသို့ ရောက်သောအခါ စားနပ်ရိက္ခာထုတ်လုပ်မှုကို ကီလိုဂရမ် ကုဋေ ၅၀,၀၀၀ အထိ ရောက်ရှိအောင် နှစ်စဉ်ပျမ်းမျှ ကီလိုဂရမ် ကုဋေ ဂ၀၀ အထက်တိုးရေးအတွက် ကြိုးပမ်းသွားမည်ဟု ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် အမှီအခိုကင်းစွာ ကိုယ်တိုင်ဆုံးဖြတ်သော ငြိမ်းချမ်းသည့် နိုင်ငံခြားရေးမူဝါဒကို ပြတ်သားစွာဖော်ဆောင်ခဲ့၍ အောင်မြင်မှုများရှိခဲ့သည်ဟု ဆိုသည်။ တရုတ်နိုင်ငံနှင့် သံအဆက်အသွယ် ထားရှိသော နိုင်ငံပေါင်း ၁၃၅ နိုင်ငံအထိ ရှိနေပြီး စီးပွားရေးနှင့် ကုန်သွယ်မှုအဆက်အဆံရှိသော နိုင်ငံနှင့် ဒေသပေါင်း ၁၇၀ ခု ရှိနေပြီဖြစ်သည်။

သတ္တမအကြိမ် အမျိုးသားပြည်သူကွန်ဂရက် ပထမအစည်းအဝေးက တရုတ်ပြည်သူသမ္မတနိုင်ငံ နိုင်ငံတော်သမ္မတအဖြစ် ယန်စန့်ခွင်းကိုလည်းကောင်း၊ (ယန်စန့်ခွင်း — ရှု။) ဒုတိယသမ္မတအဖြစ် ဝမ်ကျင့်ကို လည်းကောင်း၊ အမျိုးသားပြည်သူကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌအဖြစ် ဝမ်လီကိုလည်းကောင်း၊ နိုင်ငံတော်ဗဟိုစစ်ကော်မရှင် ဥက္ကဋ္ဌအဖြစ် တိန့်ရှောင်ဖိန် ကိုလည်းကောင်း၊ ယင်းကော်မရှင် ဒုတိယဥက္ကဋ္ဌများအဖြစ် ကျောက်ကျိယန်နှင့် ယန်စန့်ခွင်းတို့ကိုလည်းကောင်း၊ ပြည်သူတရားသူကြီးချုပ်အဖြစ် ဇင့်ကျန့်စင်းကိုလည်းကောင်း၊ ပြည်သူလုပ်ငန်းစစ်ဆေးရေးမှူးချုပ်အဖြစ် လျူဖူကျိကို လည်းကောင်း၊ နိုင်ငံတော် ကောင်စီ ဝန်ကြီးချုပ်အဖြစ် လီဖုန်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်များအဖြစ် ယောင်အီလင်း၊ ထင်ကျိယွင်၊ ဝူရှေကျင့်တို့ကို လည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်ခဲ့သည်။

ဝင့်ကြွားသော သုံးစွဲမှုများကို လျှော့ချဖြတ်တောက်ရန် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့က ကြေညာသည်။ အဆောက်အအုံသစ်များနှင့် တည်းခိုရိပ်သာများ ဆောက်လုပ်ခြင်းမပြုရန်၊ သို့ရာတွင် မီးရထားလမ်းများနှင့် စွမ်းအင်ထုတ်စက်ရုံ၊ အလုပ်ရုံများကိုမူ တည်ဆောက်ရန် ညွှန်ကြားသည်။ အာဏာကိုအလွဲသုံးစားမပြုကြရန်၊ အထူးသဖြင့် အာဏာပိုင်တို့သည် မိမိတို့ရင်သွေးများအတွက် ပြည်သူ့ဘဏ္ဍာကို ဖြုန်းတီးခြင်းကို ရှောင်ကြဉ်ရန် တို့ကိုလည်း ညွှန်ကြားသည်။ အစည်းအဝေးစရိတ်များ၊ ညှဉ့်ခံစရိတ်များကို လျှော့ချစေသည်။ ယခင်က ပင်မဟင်းခွက်တစ်ပွဲနှင့် အရံဟင်းခွက် ၁၂ ခွက်ဖြင့် ညှဉ့်ခံလေ့ရှိခဲ့သော်လည်း ယခုအခါပင်မ ဟင်းခွက်တစ်ပွဲနှင့် အရံဟင်းခွက်လေးခွက်သို့ လျှော့ချသည်။ ညှဉ့်ခံကျွေးမွေး စားသောက်သော အချိန်ကာလကို မိနစ် ၉၀ ထက် မပိုစေရဟုလည်းကောင်း၊ လူ ၁၅၀–၂၀၀ ဝိုင်းကြီးများ မခင်းကျင်းဘဲ လူ ၅၀–၁၀၀ ဝိုင်း ငယ်များသာ ခင်းကျင်းရမည်ဟု လည်းကောင်း ကန့်သတ်သည်။ ရှည်လျားသော မော်တော်ယာဉ်တန်းများဖြင့် ကြိုဆို၊ ပို့ဆောင်မှုမပြုလုပ်ဘဲ လူနည်းနည်း ယာဉ်နည်းနည်းဖြင့်သာ ကြိုဆိုပို့ဆောင်ရန် သတ်မှတ်သည်။ ယင်းခြိုးခြံချွေတာရေး အစီအစဉ်များကို ၁၉၈၇ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ လိုက်နာကျင့်သုံးစေခဲ့သည်။

တိန့်ရှောင်ဖိန်၏ ခေတ်မီရေး စီမံကိန်းများနှင့်အညီ ဝန်ကြီးချုပ် လီဖုန်ဦးဆောင်သောအစိုးရအဖွဲ့သည် သတင်းဖြန့်ချိ ထုတ်ဝေရေးကို ပြုပြင်ပြောင်းလဲသည်။ 'အရှိကို အရှိအတိုင်းမြင်ခြင်း' ဟု အဓိပ္ပာယ်ရသော တိုမင်ဒူးမူဝါဒကို ကျင့်သုံးသည်။ ဥပမာ လာဘ်စားမှုများ၊ အာဏာအလွဲသုံးစားပြုမှုများ၊ မသမာမှုများ၊ ကိုယ်ကျိုးရှာမှုများကို ရာထူးကြီးငယ်မရွေး ဝေဖန်ပြစ်တင်ကာ သတင်းစာ၊ ဂျာနယ်များ၌ ရေးသားဖွင့်ချခွင့်ပြုသည်။ ထို့ကြောင့် ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့၏ ဂလပ်စနော့မူကို လက်ခံကြိုဆိုသည်။ ဂလပ်စနော့သည် တိုမင်ဒူးထက်


ကျယ်ပြန့် နက်ရှိုင်းသည်ဟုပင် တရုတ်အသိပညာရှင်များနှင့် သတင်းစာဆရာတို့က ချီးကျူး ရေးသားလေ့ရှိသည်။ (ဂလပ်စနေ့ — ရှ။)

တပ်မတော်သား ၃ ဒသမ ၅ သန်းအနက် ၇၀,၀၀၀ သည် တပ်မတော်မှထွက်ကာ အခြားသော အစိုးရလုပ်ငန်းများတွင် ၁၉၇၈ ခုနှစ် ဇူလိုင်လဆန်းမှစ၍ ရွှေပြောင်းလုပ်ကိုင်သည်။ နိုင်ငံ၏ ကာကွယ်ရေးစရိတ်ကို ၁၉၇၈ ခုနှစ်တွင် ဒေါ်လာဒွေသန်းပေါင်း ၅,၇၀၀ သို့ လျှော့ချလိုက်သည်။ ၁၉၇၇ ခုနှစ်တွင် ဘတ်ဂျက်အသုံးစရိတ်၏ ၁၇ ဒသမ ၅ ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် သုံးစွဲခဲ့ရာမှ ၁၉၇၈ ခုနှစ်တွင် ၈ ဒသမ ၅ ရာခိုင်နှုန်းသာသုံးရန် ဆုံးဖြတ်သည်။ ယခင်က ရာထူးအဆင့်အတန်း ခွဲခြားသတ်မှတ်ခြင်း မပြုသော တပ်မတော်တွင် ရာထူးအဆင့် ၁၁ ဆင့် ခွဲခြားသတ်မှတ်လိုက်သည်။ ကြယ်ပွင့်၊ ရွှေချောင်းစသော အဆောင်အယောင်တို့ကိုလည်း ရာထူးအလိုက် တပ်ဆင်ခွင့်ပြုသည်။

တရုတ်နိုင်ငံအစိုးရသည် ကြည်း၊ ရေ၊ လေတပ်မတော်ကို ခေတ်မီတပ်မတော်ကြီး ဖြစ်ရေးအတွက် ဆောင်ရွက်နေစဉ် လက်နက်အသစ်အဆန်းများကိုလည်း တီထွင်ထုတ်လုပ်လျက်ရှိသည်။ ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ပီကင်းမြို့တွင် နိုင်ငံတကာ ကာကွယ်ရေးပြပွဲတစ်ရပ်ကို ခင်းကျင်း၍ ပြည်ပမှလက်နက်ဝယ်ယူသူများနှင့် တရုတ်ပြည်သူတို့အား ပြသသည်။ သဘော်ဖျက်လက်နက်မှအစ သံချပ်ကာကားနှင့် ရေဒါကိရိယာများအဆုံး လက်နက်မျိုးစုံကို ပြသသည်။ ဂျက်လေယာဉ်များက ဒုံးကျည်များ ပစ်လွှတ်ပုံနှင့် ပစ်မှတ်များကို ထိမှန်ပုံတို့ကို ဗွီဒီယိုဖြင့် ပြသသည်။ တရုတ်ပြည်လုပ် ဒုံးကျည်ပစ်စင်များ၊ ကျည်အတွဲလိုက် ထွက်သော ရိုင်ဖယ်သေနတ်များ၊ ညကြည့်မှန်ဘီလူးများ စသည်တို့ကို ခင်းကျင်းပြသသည်။ ၁၉၇၇ ခုနှစ်တွင် တရုတ်နိုင်ငံသည် လက်နက်ဒေါ်လာ သန်း ၂၀၀ ဖိုးရောင်းချခဲ့သည်ဟု အနောက်စစ်ဘက် ကျမ်းကျင်သူတို့က ခန့်မှန်းသည်။ ဤသို့ဖြင့် တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည်ထောင်စု၊ ပြင်သစ်နှင့် ဗြိတိန်နိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်၌ လက်နက်အများဆုံးရောင်းချသော ပဉ္စမမြောက်နိုင်ငံဖြစ်လာစေသည်။ ဆစ်ခ်ဝမ်းဒုံးကျည်ကို အီရန်နိုင်ငံအား ရောင်းချခဲ့၍ တရုတ်နိုင်ငံကို အနောက်အုပ်စု ခေါင်းဆောင်များက ဝေဖန်ခဲ့သည်။ ချူးကလီးယား ထိပ်ဖူးသယ်ဆောင်နိုင်မည့် တာလတ်ပစ်ဒုံးကျည်ဖြစ်သည့် စီအက်စ် အက်စ် ၂ ဒုံးကျည်များကို ဆအူးဒီအာရေဗျ နိုင်ငံသို့ ရောင်းချခဲ့သည်။ ဆီးရီးယားနိုင်ငံသို့ အမ်–၉ ဒုံးကျည်ရောင်းချရန် ညှိနှိုင်းနေသည်ဟူသော သတင်းများလည်း ထွက်ခဲ့သည်။ ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့က ထိုင်းတပ်မတော် အကြီးအကဲ ဗိုလ်ချုပ်ကြီးချာဗာလစ်ယောင်ချိုင်ယုဒ်သည် တရုတ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိလာသည်။ တရုတ်နိုင်ငံလုပ်တင့်ကား ၃၀၊ သံချပ်ကာယာဉ် ၈၀၀ နှင့် အပိုပစ္စည်းများ ဝယ်ယူရေးနှင့် စပ်လျဉ်းသော သဘောတူညီချက်တစ်ရပ်ကို တရုတ်နှင့် ထိုင်းနိုင်ငံတို့ လက်မှတ်ရေးထိုးချုပ်ဆိုသည်ဟူသော သတင်းများ ထွက်ခဲ့သည်။ ထိုင်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်ရန် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း သံချပ်ကာယာဉ်များ၊ ဟောင်ဝစ် ၈၁ အမြောက်များနှင့် လေယာဉ်ပစ်အမြောက်များကို တရုတ်နိုင်ငံမှ ဝယ်ယူခဲ့သည်ဟု ဆိုသည်။ ထိုင်းတော်ဝင်ရေတပ်သည် ၁၉၇၈ ခုနှစ် ဇူလိုင်လက တရုတ်နိုင်ငံလုပ်ဖရီးဂိတ် စစ်သင်္ဘောလေးစီးကို ဝယ်ယူခဲ့သည်။

တသက်စိန်၊ ဦး (ဇာတ်မင်းသားကြီး) (ခရစ် ၁၉၃၀–၁၉၇၈)။ ။ပြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ Royal Academy of Dramatic Art ဒေါ်တော်ဝင် ပန်တျာကျောင်းမှ အကပညာဒီပလိုမာဘွဲ့ရ ဇာတ်မင်းသားကြီး ဦးတသက်စိန် (သောမတ်ဘိုးစိန်) ကို ရန်ကုန်မြို့၌ အဖ ဘုရားဒါယကာ သဘင်ဦးသျှောင် ဂရိတ် ဦးဖိုးစိန်၊ အမိ ဒေါ်ကြင်ယုံတို့က ၁၉၃၀ ပြည့်နှစ် ဧပြီလ ၂၅ ရက်နေ့တွင် မွေးဖွားသည်။

ဦးတသက်စိန်သည် စစ်ကြိုခေတ်တွင် Diocesan Boys High School ကျောင်းတွင် ခြောက်တန်းအထိ ပညာသင်ကြားခဲ့ပြီး ဂျပန်ခေတ်တွင် ဥတ္တမဂျပန်စာသင်ကျောင်း၌ ဂျပန်စာကို ခင်ခရုခမ်းအဆင့် အောင်မြင်သည်အထိ သင်ကြားခဲ့သည်။ စစ်ပြီးခေတ်၌ တိတိစီကျောင်းတွင် ၁၀ တန်းအထိ ပညာဆက်လက်သင်ကြားခဲ့သည်။



ဇာတ်မင်းသားကြီး
ဦးတသက်စိန်

ပညာသင်ကြားနေစဉ်ကပင် ဦး တ သက် စိန် သည် ဇာတ်ပွဲများတွင် အိမ်ရှေ့မင်းသားအခန်းနှင့် လိုအပ်သော ဇာတ်ကောင်နေရာများ၌ ပါဝင်ကပြခဲ့သည်။ ထို့နောက် ၁၉၅၁ ခုနှစ်ခန့်တွင် သူငယ်ချင်း တစ်ဦး၏ လမ်းညွှန်မှုဖြင့် ပြိ တိန် နိုင် ငံ လန် ဒန် မြို့ ရှိ ဆောက် ဟမ် တန် (အေအက်စ်တီ) ကျောင်းတွင် လေယာဉ်မောင်းသင်ရန် ရန်ကုန်မြို့မှ ထွက်ခွာသွားခဲ့သည်။

သို့သော် ဖခင်ဖြစ်သူ ဘုရားဒါယကာ ဦးဖိုးစိန်က လေယာဉ်မောင်းသင်တန်း တက်ရောက်ခြင်းကို မနှစ်မြို့သဖြင့် လန်ဒန်မြို့သို့ လိုက်သွားပြီး လွှတ်လပ်ရေးမရမီက မြန်မာနိုင်ငံတွင် မဟာမိတ်တပ်ပေါင်းစုံ သေနာပတိချုပ် အဖြစ် ဆောင်ရွက်ခဲ့ဖူးသော လေ့မောင့်ဘက်တန်ထံမှ ထောက်ခံစာကို ရယူ၍ သာမန်လူများ တက်ရောက်နိုင်ခဲ့သည့် Royal Academy of Dramatic Art ခေါ် တော်ဝင်ပန်တျာကျောင်းသို့ သားဖြစ်သူ ဦးတသက်စိန်အား အပ်နှံပညာသင်ကြားစေခဲ့သည်။

ဦးတသက်စိန်သည် အဆိုပါ ပန် တျာ ကျောင်း မှ Fencing ခေါ် တော်ဝင်နန်းသုံး ဓားခုတ်ပညာဒီပလိုမာဘွဲ့ကိုလည်းကောင်း၊ Tap Dancing ခေါ် အသံထွက်စေရန် ဖိနပ်တွင် သံခွာတပ်၍ ကရသော ခြေကပညာဒီပလိုမာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ထို့ပြင် ခြေကပညာတွင် ဆရာဖြစ်အဆင့်အထိ ထူးချွန်ခဲ့သောကြောင့် The Imperial Society of Teachers Dancing ဆုတံဆိပ်ကို ၁၉၅၂ ခုနှစ်တွင် ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဦးတသက်စိန်သည် ဖခင်ဖြစ်သူ ဂရိတ်ဦးဖိုးစိန်နှင့် အတူ ဇာတ် က ခဲ့ ရာ သူ၏ခြေကပညာကို အခြေခံ၍ မြန်မာ့မှု မြန်မာ့ဟန်မပျက် ဆန်းသစ်တီထွင်ကပြခဲ့သည်။ ဖခင်ကွယ်လွန်ပြီးနောက် အစ်ကိုကြီးဖြစ်သူ ဦးကက်နက်စိန်နှင့်အတူ စိန်မဟာသဘင်ဇာတ်တည်ထောင်ပြီး ကပြခဲ့သည်။ ထိုသို့ စိန်မဟာသဘင် လှည့်လည်ကပြရာတွင် တပ်မတော်သားများအပန်းဖြေနိုင်ရန်အတွက် တပ်သဘင်ပွဲအဖြစ် ကပြခဲ့ဖူးသည်။ ထို့အပြင် ဦးတသက်စိန်သည် ဆေးရုံ ရန်ပုံငွေ အလှူပွဲများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အလှူပွဲများအဖြစ်လည်း ကပြပေးခဲ့ပြီး လူမှုရေးလုပ်ငန်းကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့သည်။ မန္တလေး၊ ရသေ့ကြီးဦးခန္တီပြတိုက် ရန်ပုံငွေအတွက် ကပြဖျော်ဖြေပေးခဲ့သဖြင့် ဦးတသက်စိန်အား သာသနာ့အကျိုးဆောင် ရွှေတံဆိပ်နှင့် ဂုဏ်ထူးဆောင် လက်မှတ်ကို ချီးမြှင့်ခဲ့သည်။

ဦးတသက်စိန်သည် နောက်ပိုင်းတွင် ဇာတ်သဘင်လောကမှအနားယူ၍ Tourist Burma ၌ ကမ္ဘာလှည့် ခရီးသည်များ လမ်းညွှန်လုပ်ငန်းကို ဂျပန်၊ အင်္ဂလိပ်နှင့် ဂျာမန် ဘာသာသုံးမျိုး ကျွမ်းကျင်စွာ အသုံးပြုလျက် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။

ဦးတသက်စိန်သည် ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ရင်ရင်စိန်နှင့် သားသမီးခြောက်ယောက် ကျန်ရစ်သည်။

တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာန

။ ။မြန်မာနိုင်ငံတွင် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ သုတေသနပြု ထုတ်လုပ်သည့်လုပ်ငန်းကို ၁၉၂၈ ခုနှစ် နှစ်ဦးကာလများမှ စတင် စမ်းသပ် အကောင်အထည် ဖော်လာခဲ့ရာ ၁၉၈၈ ခုနှစ်တွင် နှစ် ၆၀ ပြည့်ကာလသို့တိုင် ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ထိုကဲ့သို့ နှစ်ပေါင်း ၆၀ ကြာမျှ တိရစ္ဆာန်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများ ကြွယ်ဝလာခဲ့သည့်အလျောက် နိုင်ငံတကာ အဆင့်မီ ကာကွယ်ဆေးများ ထုတ်လုပ်အောင်မြင်နေသည့် နိုင်ငံတစ်နိုင်ငံ အဖြစ်သို့ ရောက်ရှိလာခဲ့သည်။

တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေး၊ ကျေးလက်ပြည်သူ အများစု၏ ဝန်တင် သယ်ယူပို့ဆောင်ရေး၊ အစာအာဟာရအဖြစ် အသားနှင့် နို့ရရှိရေးနှင့် အခြားသော စက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းရရှိရေးတို့တွင် အရေးပါလျက် ရှိသည်။ ထို့အတူ မွေးမြူသည့် တိရစ္ဆာန်များကြွဲခိုင်ကျန်းမာရေးနှင့် အနာရောဂါကင်းစင်ရေးအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများသည်လည်း မရှိမဖြစ်လိုအပ်သောလုပ်ငန်းများ ဖြစ်သည်။

တိရစ္ဆာန်ဆေးကု သုတေသန ဓာတ်ခွဲခန်း မပေါ်မီ ၅၅ နှစ်ကျော် ကာလအတွင်းက မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဆေးကုလုပ်ငန်းသည် တပ်မတော် ဝန်တင်တပ်များ ရှိမြင်းနှင့်လားများ၏ ကျန်းမာရေးကို စောင့်ရှောက်ရသည့် လုပ်ငန်းအဆင့်သာ ရှိခဲ့သည်။ ထို့နောက်တွင်မှ မြန်မာနိုင်ငံအတွင်း များစွာ သေဆုံးရသည့် ကျောက်ရောဂါဖြစ်ပွားခဲ့ခြင်းအပေါ် စုံစမ်း စစ်ဆေးမှုများ ပြု လုပ် ကာ တိ ရ စ္ဆာန် ဆေး ကု ပ ညာ နှစ် နှစ် သင် တန်း ကျောင်းတစ်ကျောင်း ဖွင့်လှစ် ပို့ ချ ပြီး သင့် တန်း ဆင်း မြန် မာ အမျိုးသားများအား စုစည်း၍ တိရစ္ဆာန် ကူးစက်ရောဂါများ နှိမ်နင်း ထိန်းချုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

၁၉၂၄ ခု နှစ်ဦးပိုင်းတွင် လယ်ယာစိုက်ပျိုးရေးဌာန၌ တိရစ္ဆာန်ဆေးကုဌာနခွဲ တွဲဖက်ထားရှိခဲ့ပြီး ၁၉၃၀ ပြည့်နှစ်ကွင် တိရစ္ဆာန် ဆေးကုဌာနအဖြစ် သီးခြားဖွဲ့စည်းခဲ့သည်။

တိရစ္ဆာန်ဆေးကု သုတေသန လုပ် ငန်း စ တင် သော

၁၉၂၈ ခု နှစ်ဦးတွင် အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန် ဆေးကုကောလိပ်အဆောက်အအုံ တစ်စိတ်တစ်ဒေသကို မှမ်းမံ၍ ဓာတ်ခွဲခန်းအဖြစ် ပြင်ဆင်ဖွဲ့စည်းသည်။ တောင်အာဖရိကနိုင်ငံမှ မှာယူသော ထောင့်သန်းရောဂါ ကာကွယ်ဆေးရည် အပျစ်ကို ပြန်လည် ပြုပြင် ဖော်စပ်သည့် ကာကွယ်ဆေး၊ ကျွဲ နွား လည် ချောင်း ကွဲ ရော ဂါ နှင့် ကျောက် ရော ဂါ ကာကွယ်ဆေးတို့ကို သုတေသ နပြု စမ်း သပ် ထုတ် လုပ် ပေးနိုင်ခဲ့သည်။ ကျွဲ နွား ကျောက်ရောဂါ ကာကွယ်ဆေး သက်တမ်းသည် ၂၁ လအထိ အာနိသင် ထက်မြက်ကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်။

လွတ်လပ်ရေး ရရှိပြီးနောက် တိရစ္ဆာန် ဆေးကုဌာန အောက်တွင် တိရစ္ဆာန်ဆေးကု သုတေသနဌာနကို ပြင်ဆင် ဖွဲ့စည်းသည်။ ထို့ပြင် ရောဂါရှာဖွေစစ်ဆေးရေး သုတေသန လုပ်ငန်းများနှင့် အတူ ယခင်ထုတ်လုပ်ခဲ့သည့် ကာကွယ်ဆေးများ အပြင် ကာကွယ်ဆေးသစ်များ အဖြစ် ခွဲထုတ်ရေး ရောဂါ၊ ကြက် ဘဲ ဝမ်းကျရောဂါ၊ ကြက် လည် လိမ် နှင့် ကြက် ကျောက်ပေါက်ရောဂါ ကာ ကွယ် ဆေး များ ကို အောင်မြင်စွာ စမ်းသပ် ,ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ကုလ သမဂ္ဂ ကမ္ဘာ့ စား နပ် ရိ က္ခာ အဖွဲ့ကလည်း နည်း ပ ညာ ကျမ်းကျင်မှု အကူအညီများ ပေးခဲ့သဖြင့် ကာကွယ်ဆေး ထုတ်လုပ်မှု လုပ်ငန်းများ အရှိန်သွက်လာခဲ့ပြီး ပြည်ပမှ မှာယူရောစပ်သုံးစွဲနေရသည့် ထောင့်သန်းရောဂါ ကာကွယ် ဆေးကို ပြည်တွင်း၌ပင် စတင် သုတေသနပြု ထုတ် လုပ် နိုင်ခဲ့သည်။ ယခင်က အာနိသင်ထက်မြက်မှု တစ်လအတွင်း သာ ရှိခဲ့သည့် ကျွဲ နွား လည်ချောင်းကွဲရောဂါ ကာကွယ် ဆေးကို တစ်နှစ်အထိ ဆေးစွမ်းထက်သည့် ဆီ ဆေး နှင့် ကျောက်ချဉ် ဆေး ရည် နှစ်မျိုးအဖြစ် အောင် မြင် စွာ သုတေသနပြု စမ်းသပ်ထုတ်လုပ် အ သုံး ပြု နိုင် ခဲ့ သည်။ ဤကာလအတွင်း ကျွဲနွား ကျောက်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် မြန်မာနိုင်ငံ၌ ကျွဲ နွား ကျောက်ရောဂါကို အမြစ်ပြတ် ကုသပေးနိုင်ခဲ့သည်။

၁၉၆၀ ခုနှစ် နောက်ပိုင်း ကာလများသည် တိရစ္ဆာန် ဆေးကု သုတေသနလုပ်ငန်း အရှိန်အဟုန် မြင့် မား ဆုံး ကာလပင် ဖြစ်သည်။ ဗိုင်းရပ်စ်ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်ရာတွင် ယုန်၊ ပူး၊ သိုး၊ ဆိတ် စသည့် စမ်းသပ် ခံ တိရစ္ဆာန်များကို ထိုးနှံအသုံးပြု ထုတ်ယူသည့် ကာကွယ် ဆေးများ အဖြစ်မှ ခေတ်မီ တစ်သျှူးမွေးမြူနည်းများကို အသုံးပြု၍ ထုတ်လုပ်ရေး သုတေသနပြု ကြိုးပမ်း မှု များ အောင်မြင်ခဲ့ရာ ဤနည်းဖြင့် ဝက်ဝမ်းကျရောဂါ ကာကွယ် ဆေးကိုထုတ်လုပ်နိုင်ခဲ့သည်။ ထို့ပြင်ကြက်ဥသန္ဓေသားတွင် ဗိုင်းရပ်စ်ပိုး ထိုးနှံ မွေးမြူ၍ ထုတ်လုပ်သည့်နည်းများဖြင့် လည်း ကြက်လည်လိမ်၊ ကြက်ကျောက်ပေါက် ရောဂါများ နှင့် ခွေးရူး၊ ခွေးကျောက်ရောဂါ ကာ ကွယ် ဆေး များကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့သည်။

၁၉၇၆ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ တိရစ္ဆာန်မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် တိရစ္ဆာန်ရောဂါ ရှာဖွေရေးနှင့် ကာကွယ်ရေး သုတေသနလုပ်ငန်းများနှင့် ဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းများဆိုင်ရာ ခေတ်မီ စက်ပစ္စည်း ကိရိယာများကို စက်စွမ်းအားပြည့် အသုံးချနိုင်ခဲ့သည်။ ထို့ပြင် ၁၉၅၆ ခုနှစ်မှ စတင် ထုတ်လုပ်ခဲ့သည့် ကျွဲ နွား ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေး၏ အာနိသင် ထက်မြက်မှု တစ်သမတ်တည်း မရှိခြင်းကို တည်မြဲသည့် အာနိသင် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါတွင် ဘက်တီးရီးယားပိုးကြောင့်ဖြစ်ပွားသည့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေး ငါးမျိုးနှင့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည့် တိရစ္ဆာန်ရောဂါ ကာ ကွယ် ဆေး ခြောက်မျိုးတို့ကို နှစ်စဉ် စီမံကိန်း လျာထားချက်များ ချမှတ်၍ သုတေသနပြု ထုတ်လုပ်လျက်ရှိသည်။ စီမံကိန်း လျာထားချက်များတွင် မပါဝင်သော အခြား ကာကွယ် ဆေး၊ စမ်းသပ်ဆေးများကိုလည်း ဆက်လက်သုတေသနပြု ထုတ်လုပ်လျက်ရှိသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ကာကွယ်ဆေး ထုတ်လုပ်ရေး ဌာနခွဲ၊ ရောဂါရှာဖွေကု ဌာနခွဲ၊ မေထုန်မဲ့ သားစပ်ဌာနခွဲ၊ ခွာနာလျာနာရောဂါ ကာကွယ်ရေး ဌာန ခွဲနှင့် လေ့ကျင့်ပညာပေးရေး ဌာနခွဲဟူ၍ ဖွဲ့စည်းထားရှိပြီး တိရစ္ဆာန်များအား ဆေးဝါးကုသရေးလုပ်ငန်း၊ ကာကွယ် ဆေး ထုတ်လုပ်ရေးနှင့် ကာကွယ်ဆေး ထိုးနှံရေး လုပ်ငန်း၊ မျိုးကောင်း မျိုးသန့် တိရစ္ဆာန်များ ပွားများရေးနှင့် ခိုင်းနွှား၊နို့စားနွှားမျိုးရည်ဖြန့်ဖြူးရေးနှင့်လေ့ကျင့်ပေးရေး လုပ်ငန်းများကို စီမံချက်များ ချမှတ် အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိသည်။

တိရစ္ဆာန်ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးလုပ်ငန်း သည် တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင် ရွက် နေ သည့် တိရစ္ဆာန် ကျန်းမာရေး လုပ်ငန်းများ၏ အဓိက လုပ်ငန်းတစ်ခု ဖြစ်သည်။ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး စီမံကိန်း များအတွက် ကာကွယ်ဆေး အပြည့်အဝ ထုတ်လုပ်ပေး နိုင်ရန် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေး ထုတ်လုပ်ရေး ဌာနခွဲသည် ဘက်တီးရီး ယား ကာကွယ်ဆေး ထုတ်လုပ်ရေး ဌာနစု၊ ဗိုင်းရပ်စ် ကာကွယ်ဆေး ထုတ်လုပ်ရေး ဌာနစုနှင့် စံချိန် စံညွှန်း အရည်အသွေးစစ်ဆေးရေး ဌာနစုများဖြင့် ကာကွယ်ဆေး ထုတ်လုပ်မှုလုပ်ငန်းများကို အချိုးညီစွာ ဆောင်ရွက်လျက်

ရှိသည်။ဘက်တီးရီးယားကာကွယ်ဆေး ထုတ်လုပ်ရေးဌာနစုသည် ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပွားသည့် ကူးစက်ရောဂါများအတွက် ကာကွယ်ဆေးများနှင့် ရောဂါစစ်ဆေးခြင်းလုပ်ငန်းများတွင် အသုံးပြုသည့် စမ်းသပ်ဆေးများကို တာဝန်ယူထုတ်လုပ်သကဲ့သို့ ဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်ရေး ဌာနစုသည် ဗိုင်းရပ်စ် ပိုးများကြောင့် ဖြစ်ပွားသည့် ရောဂါများအတွက် ကာကွယ်ဆေးများကို တာဝန်ယူ ထုတ်လုပ်လျက်ရှိသည်။ ဘက်တီးရီးယားဌာနစုက ကျွဲနွားများအတွက် ကာကွယ်ဆေးသုံးမျိုး၊ ဝက်နှင့် ကြက် အတွက် ကာကွယ်ဆေး တစ်မျိုးစီကို စိမ်းကိန်းလျာထားချက်များအတိုင်း သုတေသနပြု ထုတ်လုပ်လျက်ရှိသည်။

ဘက်တီးရီးယားပိုးကြောင့် ဖြစ်ပွားသည့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ် ဆေးများကို သုတေသနပြု ထုတ်လုပ်ရာတွင် ကျွဲနွား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးနှင့် ဝက်ပလိပ်ရောဂါကာကွယ်ဆေး၊ ကြက်ဘဲ ဝမ်းကျောရောဂါကာကွယ်ဆေးတို့ကို လေသင်း ပိုးပျံး မျိုးဖောက်နည်းဖြင့်လည်းကောင်း၊ ကျွဲနွား ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေးကို လေမဲ့ပိုးပျံး မျိုးဖောက်နည်းဖြင့်လည်းကောင်း၊ ထောင့်သန်းရောဂါကာကွယ်ဆေးနှင့် ကြက်ခြေးဖူးရောဂါ စမ်းသပ်ဆေးတို့ကို အာဟာရကျောက်ကြောပြင်ပေါ်တွင် မွေးမြူနည်းဖြင့်လည်းကောင်း ဆေးဝါးဖော်စပ်ထုတ်လုပ်လျက်ရှိသည်။

ထောင့်သန်းရောဂါသည် အပူအအေးနှင့် ပိုးသတ်ဆေးများဒဏ်ကို ခံနိုင်စွမ်းရှိပြီး အသက်ပြင်းသည့် ဘက်စီးလပ်စ်အင်သရာစစ် ဘက်တီးရီးယားကြောင့် ကျွဲနွားများသာမက ဆင်၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်များတွင်လည်း ရောဂါဖြစ်ပွားတတ်လေသည်။ ထို့ပြင် ထောင့်သန်းရောဂါသည် တိရစ္ဆာန်များကိုသာမက လူကိုပါ ကူးစက်နိုင်သည့် ရောဂါလည်းဖြစ်သည်။ ၁၉၅၂ ခုနှစ်အထိ ပြည်ပမှ မှာယူရောစပ်ထိုးနှံပေးခဲ့ရသော်လည်း ၁၉၅၃ ခုနှစ်တွင် ထောင့်သန်းရောဂါ ကာကွယ်ဆေးကို ကောင်ရေ ၃၀,၀၀၀ စာ ထုတ်လုပ်နိုင်ခဲ့သည်။ ယခုအချိန်တွင် ပိုးမွေးနွှန်းမြန်သည့် နည်းစနစ်ကိုအသုံးပြုပြီး ကောင်ရေ ၁၀ သန်းစာ နှစ်စဉ် ထုတ်လုပ်ပေးလျက်ရှိသည်။ ထို့ကြောင့် ထောင့်သန်းရောဂါကြောင့် သေဆုံးသည့် တိရစ္ဆာန်ကောင်ရေလည်း အလွန်နည်းပါးသွားသည်ကို တွေ့ရှိရသည်။

ယခုအခါ အဓိက ဦးစားပေး ထုတ်လုပ် ပေးသော ကာကွယ်ဆေးမှာ ကျွဲနွားလည်ချောင်းကွဲရောဂါ ကာကွယ်ဆေးပင် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီကာလအထိ ကျွဲနွားကောင်ရေ ငါးထောင်နီးပါး နှစ်စဉ်သေဆုံးခဲ့ရပြီး ယနေ့အချိန်အထိအဓိကဦးစားပေးကာကွယ်ဆေးထုတ်လုပ်ပေးရသည့် ရောဂါမှာ ကျွဲနွားလည်ချောင်းကွဲ ရောဂါဖြစ်သည်။ ပါစ္စျူရဲလား မာလ်တိုစီဒါ ဘက်တီးရီးယားပိုးကို ပွားစာရည်တွင် လေသင်း ပိုးပျံး မျိုးပွားစေနည်းဖြင့် မွေးမြူပြီး ဖော်မလင်ဆေးရည်ဖြင့် သေစေ၍ ကျောက်ချဉ်ဖြင့် ရောစပ် ထုတ်လုပ်လျက် ရှိသည်။ ကျွဲနွားကောင်ရေ ၁၂၀ အတွက် ဆိုဒါပုလင်းကို အသုံးပြု ထုတ်လုပ်သော ဤကာကွယ်ဆေးသည် ထိုးနှံပြီးနောက် သုံးရက်မှ ငါးရက် အတွင်း ရောဂါအခံဓာတ် ရရှိစေပြီး ခြောက်လအထိ ကာကွယ်မှုကိုပေးသည်။

ဤကာကွယ်ဆေးကိုပင် အသက်ရှင်ပိုး အသုံးပြု၍ အာနိသင် ပိုမိုထက်မြက်ပြီး သက်တမ်း ရှည်ကြာစွာ အသုံးပြုနိုင်စေရန် ပဏာမ စမ်းသပ် သုတေသန ပြုလုပ်နိုင်ခဲ့ရာ ဇီဝသိပ္ပံပညာရပ်များဆိုင်ရာ သုတေသနလုပ်ငန်းများစာတမ်းဖတ်ပွဲသို့ တင်သွင်းဖတ်ကြားခဲ့ပြီး သုတေသနတွေ့ရှိချက်များကို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်မှုပြုရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်ရေးဌာနစုက ဗိုင်းရပ်စ်ကြောင့်ဖြစ်ပွားသည့် ကျွဲနွားအတွက် ကာကွယ်ဆေးတစ်မျိုး၊ ဝက်အတွက်ကာကွယ်ဆေးတစ်မျိုးနှင့် ကြက်ရောဂါကာကွယ်ဆေးလေးမျိုးကို စိမ်းကိန်းလျာထားချက်များအတိုင်း နှစ်စဉ် ထုတ်လုပ်ပေးလျက်ရှိသည်။

ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည့် ကျွဲနွားကျောက်ရောဂါ ကာကွယ်ဆေးကို ဆိတ်၏ သရက်ရွက်တွင် ပိုးမျိုးပွားသည့် နည်းစနစ်ဖြင့် လည်းကောင်း၊ ဝက် ဝမ်းကျောကာကွယ်ဆေးကို ခေတ်မီ တစ်သျှူး မွေးမြူနည်းစနစ်ဖြင့် လည်းကောင်း၊ ကြက်ကြီးနှင့်ကြက်ငယ်လည်လိမ်ရောဂါနှင့် ကျောက်ရောဂါ ကာကွယ်ဆေး နှစ်မျိုးကို ကြက်ဥသွေးသားလောင်းအတွင်း ပိုးမျိုးထည့်သွင်း မွေးမြူခြင်း နည်းစနစ်ဖြင့်လည်းကောင်း ဖော်စပ် ထုတ်လုပ်လျက်ရှိသည်။

ကျွဲ နွား ကျောက်ရောဂါမှာ စစ်ကိုင်းတိုင်း အတွင်း ၁၉၅၇ ခုနှစ်၌ နောက်ဆုံးဖြစ်ပွားခဲ့သည်မှလွဲ၍ ယနေ့တိုင် မြန်မာနိုင်ငံ၌ ကျောက်ရောဂါကင်းရှင်းခဲ့ပြီဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများမှ မတော်တဆ ဝင်ရောက်လာပါက တားဆီးနိုင်ရန် နယ်စပ် ဒေသများ အတွက် ထုတ်လုပ် ကာကွယ်မှု ပြုသည်ဟုဆိုသည်။

ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေးကို ကြက်သွေးသားလောင်းပါ ကြက်ဥ ထဲသို့ ကိုမာရော့ ဗိုင်းရပ်စ် ပေါက်ပွားစေခြင်းနည်းဖြင့် ရရှိလာသည့် ဗိုင်းရပ်စ်အရှင်ကို အအေးဖြင့် အခြောက်ခံနည်းကိုသုံးပြီး ထုတ်လုပ်ထားခြင်း ဖြစ်သည်။

ဝက်ဝမ်းကျ ကာကွယ်ဆေးကို တစ်မူထူးခြားစွာထုတ်လုပ်သည်ကို တွေ့ရသည်။ ပူး၏ ကျောက်ကပ်ကို အသုံး

ပြုသည့် တစ်သျှူးမျိုးပွားနည်းဖြင့် ဖော်စပ်ကာ ဗိုင်းရပ်စ် ပိုးပျိုးထားသော ပွားစာရည်ကို အအေးခဲ အခြောက်ခံ နည်းသုံး၍ ထုတ်လုပ်သည့် ကာကွယ်ဆေး အမျိုးအစား ဖြစ်သည်။ ဗိုင်းရပ်စ်အရှင်ဖြစ်သည့်အတွက် ကာကွယ်ဆေး ကို ရေခဲဘူးဖြင့် သယ်ဆောင်ရသည်။ လေး ဒီဂရီ စင်တီ ဂရိတ် ရေခဲသေတ္တာတွင် သိမ်းထားမည်ဆိုလျှင် တစ်နှစ် အထိ သိမ်းဆည်းထားနိုင်သည်။ သို့သော် နေရောင်ခြည် တိုက်ရိုက်ထိတွေ့မှုကို ရှောင်ရှားရမည်ဟု ဆိုသည်။

ကာကွယ်ဆေး ထုတ်လုပ်ရေးဌာနခဲ့သည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးရေး စီမံကိန်းများ အတွက် အမှန်တကယ် အသုံးပြုမည့် ကာကွယ်ဆေးအရည် အတွက် အပြည့်အဝရရှိရေးကို ဦးတည်ကြိုးပမ်းထုတ်လုပ် ခဲ့ရာ ၁၉၇၆–၇၇ ခု ဘဏ္ဍာနှစ်အတွင်း ထောင့်သန်းရောဂါ ကာကွယ်ဆေး ၉ ဒသမ ၀၇ သန်း၊ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေး ၉ ဒသမ ၇၇ သန်း၊ ပေါင်ပုပ်လက်ပုပ်ရောဂါ ကာကွယ်ဆေး ၂ ဒသမ၅၄ သန်း၊ ကျွဲ နွား ကျောက်ရောဂါ ကာကွယ်ဆေး ဒသမ ၁၁ သန်း ထုတ်လုပ် ပေးနိုင်ခဲ့သည်။

ထို့အတူ ဝက်ဝမ်းကျရောဂါ ကာကွယ်ဆေး ဒသမ ၆၇ သန်း၊ ဝက်ပုလိပ်ရောဂါ ကာကွယ်ဆေး ဒသမ ၃၆ သန်း၊ ကြက် ဘဲ ဝမ်းကျရောဂါ ကာကွယ်ဆေး ၃ ဒသမ ၆၆ သန်း၊ ကြက်လည်လိမ်ရောဂါ ကာကွယ်ဆေး ၃၇ ဒသမ ၂၆ သန်း၊ ကြက်ကျောက်ရောဂါ ကာကွယ်ဆေးသုည ဒသမ ၃၃ သန်း၊ ခွေးရူးရောဂါ ကာကွယ်ဆေး သုည ဒသမ ၀၁ သန်းနှင့် ကြက်ခြေးဖြူရောဂါ ကာကွယ်ဆေး သုည ဒသမ ၂၇ သန်း စသည်ဖြင့် စီမံကိန်း၀င်ဆေး၀ါး ၁၁ မျိုးအတွက် ဆေးအဆ သန်းပေါင်း ၆၄ သန်းကျော် ထုတ်လုပ်ပေးနိုင်ခဲ့သည်။

ဘက်တီးရီးယား ကာကွယ်ဆေး ထုတ်လုပ်ရေးဌာနစု နှင့် ဗိုင်းရပ်စ် ကာကွယ်ဆေး ထုတ်လုပ်ရေး ဌာနစုတို့မှ ထုတ်လုပ်သည့် ကာကွယ်ဆေးနမူနာများကို အသုံးပြုပိုးမွှ လွှဲ၍ အခြားပိုးများ ကင်းစင်မှု၊ အာနိသင်ရှိမှု၊ အန္တရာယ် ကင်းရှင်းမှုနှင့် လိုအပ်သည့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိမရှိကို စံချိန်စံညွှန်းနှင့် အရည်အသွေး ထိန်းသိမ်းရေး ဌာနစုက အမြဲစစ်ဆေးလျက် ရှိသည်။ စံချိန်စံညွှန်းနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနစုက ၁၉၇၆–၇၇ ခုနှစ် အတွက်ဘက်တီးရီးယားကာကွယ်ဆေးနမူနာအရေအတွက် ပေါင်း ၂၁၅ ခုနှင့် ဗိုင်းရပ်စ်ကာကွယ်ဆေး နမူနာ အရေ အတွက် ၁၀၂ ခုတို့ကို စစ်ဆေးပေးနိုင်ခဲ့သည်။ ထုတ်လုပ် သည့်ဆေး၀ါး၏ တန်ပြန်အကျိုးသက်ရောက်မှုကို စမ်းသပ်ခံ သတ္တဝါများ၌ ထိုးနှံ ထိန်းသိမ်း ကြည့်ရှု စစ်ဆေးရသည်။ ကာကွယ်ဆေးထုတ်လုပ်ရေး ဌာနခဲ့အတွက် စမ်းသပ် အသုံး ပြုရန် ယုန်၊ ပူး၊ ကြွက်ဖြူ၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ သိုးနှင့် ဆိတ်များအား သီးသန့်ခြံများဖြင့် မွေးမြူထားရသည်။


ဗြိတိသျှတိရစ္ဆာန်ဆေး၀ါး ကိုဓကျမ်းများတွင် ပါရှိသည့် နိုင်ငံတကာအသိအမှတ်ပြု စံချိန်စံညွှန်း များကိုအခြေခံပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ကာကွယ်ဆေးများကိုသာ ဖြန့်ဝေသုံးစွဲ ခွင့်ပြုသောကြောင့် နိုင်ငံတကာ အဆင့်မီ တိရစ္ဆာန်ကာကွယ်ဆေးများ ထွက်ရှိခြင်းပင်ဖြစ်သည်။

ဤသို့ဖြင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၏ ကာကွယ်ဆေး ထုတ်လုပ်ရေးဌာနခဲ့သည် ၁၉၇၆ – ၇၇ ခုနှစ်တွင် နိုင်ငံတော်အတွင်းရှိ တိရစ္ဆာန်များ ကျန်းမာ သန်စွမ်းရေးအတွက် ကျွဲ နွား ကောင်ရေ ၂၂ ဒသမ ၀၇ သန်း၊ ဝက်ကောင်ရေ ၁ ဒသမ ၅ သန်းနှင့် ကြက်ကောင်ရေ ၂၂ ဒသမ ၃၇ သန်းကို ရောဂါ ကြိုတင် ကာကွယ်ပေး နိုင်ခဲ့သည်။

ထို့အတူ ကျွဲ နွားကောင်ရေ ၂ ဒသမ ၂ သန်း၊ ဝက်ကောင်ရေ ၀ ဒသမ ၆ သန်း၊ ကြက်ကောင်ရေ ၁ ဒသမ ဂ သန်းကို ရောဂါ ကုသပေးနိုင်ခဲ့သည်သာမက တိရစ္ဆာန်ရောဂါ ကာကွယ်ဆေး ကျပ်ငွေ ၁၀ ဒသမ ၅ သန်းဖိုး ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့သည်။

တူရကီသမ္မတနိုင်ငံ။ ။တူရကီသမ္မတနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ် ပထမကိုးလတာကာလအတွင်း လူ ၂၀၀၀ ခန့် သေဆုံးသည်အထိ လက်ဝဲနှင့် လက်ယာ အကြမ်းဖက် သူတို့ အဓိကရုဏ်းဖြစ်ပွားခဲ့သည်။ ယင်းအဓိကရုဏ်းများကို အဆုံးသတ်စေမည်ဟူသော ကတိဖြင့် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ကီနန် အီဗရင်းက သွေးမြေမကျ အာဏာ သိမ်းပွဲကို ဦးဆောင်ခဲ့သည်။ တရားမျှတမှုပါတီ ခေါင်း ဆောင် ကုန်ဆာဗေးတစ်ဝါဒီ စူလေမန် ဒေမီရယ်နှင့် ရီပတ်ဗလစ်ကန် ပြည်သူပါတီခေါင်းဆောင် ဆို့ရှယ်လစ် ဝါဒီ ဗူးလင့် အက်စီဗစ်တို့အပါအဝင်နိုင်ငံရေးခေါင်းဆောင် ၂၄၂ ဦးကို ဖမ်းဆီးခဲ့သည်။ နောက်ပိုင်းတွင် နိုင်ငံရေး လှုပ်ရှားမှုများတွင် မပါဝင်ရန် ခံဝန်ချက် ပြုစေပြီးမှ လွှတ်ပေးခဲ့သည်။

အီဗရင်းသည် ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ တွင် ဆန္ဒခံယူပွဲဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ပြဋ္ဌာန်း ခဲ့ပြီးနောက် သက်တမ်း ခုနစ်နှစ်အတွက် သမ္မတဖြစ်လာ ခဲ့သည်။ ယင်းအခြေခံဥပဒေသည် ၁၉၇၀ ပြည့်နှစ် နောက် ပိုင်း အုပ်စိုးလာခဲ့သော စစ်အုပ်ချုပ်ရေးကို တရား၀င်စေ ခဲ့သည်။ သမ္မတအား ကျယ်ပြန့်သောအာဏာ အပ်နှင်း ထားသည်။ အာဏာသိမ်းပွဲ ဖြစ်ပွားသော ၁၉၇၀ ပြည့် နှစ်က အာဏာရပါတီ ဖြစ်နေခဲ့သည့် တရားမျှတမှုပါတီမှ ဖြစ်စေ၊ အဓိက အတိုက်အခံ ရီပတ်ဗလစ်ကန် ပြည်သူပါတီ မှ ဖြစ်စေ မည်သည့်ခေါင်းဆောင်မျှ နိုင်ငံရေး လှုပ်ရှားမှု



ဂရိနိုင်ငံသို့ ၃၆ နှစ်တာကာလအတွင်း ပထမဦးဆုံး သွား ရောက် လည်ပတ်သည့် တူရကီဝန်ကြီးချုပ် အိုဇယ်(ယာ)ကို ဂရိဝန်ကြီးချုပ် ပါပန်ဒရီယိုက အောင်မြို့၌ ကြိုဆို နှုတ်ဆက်စဉ်

ကို ၁၀ နှစ်တာမျှမလုပ်ရဟူသော "ယာယီပုဒ်မ"တစ်ရပ်ကို ယင်းအခြေခံဥပဒေသစ်တွင် ထည့် သွင်း ထား ခဲ့ သည်။ ၁၉၇၃ ခုနှစ်မှစ၍ ဝန်ကြီးချုပ် ဖြစ်လာသော တာဂုတ် အိုဇယ်သည် ယင်းပုဒ်မနှင့် စပ်လျဉ်း၍ ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပရန် ၁၉၇၇ ခုနှစ် ဧပြီလမှစ၍ ကြိုး ပမ်း လာ ခဲ့ သည်။ ထိုသို့ ဆန္ဒခံယူပွဲ ကျင်းပရန် အမျိုးသား ဦးစီး လွှတ်တော်ချုပ်က ၁၉၇၇ ခုနှစ် မေလ ၁၇ ရက်နေ့တွင် အတည်ပြုပေးသည်။ ဒေမီရယ်သည် လက်ယာဗဟိုဝါဒီ သစ္စာလမ်းစဉ်ပါတီ (တီပီပီ)တွင်လည်းကောင်း၊ အက်စီဗစ်သည် ဒီမိုကရက်တစ် လက်ဝဲပါတီ(ဒီအယ်ပီ)တွင်လည်း ကောင်း ပါဝင်လှုပ်ရှား၍ အိုဇယ်ဦးဆောင်သော အာဏာ ရ လက်ယာဗဟိုဝါဒီ အမိမြေပါတီ (အေအင်အေပီ) ကို အံတုဖက်ပြိုင်နေခြင်းအားဖြင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ ကို လက်တစ်လုံးခြား ပြုမူနေခြင်းကြောင့် အိုဇယ်က အားစမ်းရန် ယင်းဆန္ဒခံယူပွဲကို စီစဉ်သည်ဟုဆိုသည်။

အိုဇယ်၏ အစိုးရအဖွဲ့သည် ဆန္ဒခံယူပွဲကို ကြားနေ အဖြစ် ကျင်းပမည်ဟူ၍ တရားဝင် ကြေညာထားသော်လည်း နိုင်ငံရေးသမားများအား နိုင်ငံရေးလှုပ်ရှားခွင့်ကို ဆက်လက်ပိတ်ပင်ထားရန် ကြိုးပမ်းနေကြောင်း သိသာ ထင်ရှားသည်။ တူရကီနိုင်ငံတစ်ဝန်း လူထုအစည်းအဝေး များတွင်လည်းကောင်း၊ ရုပ်မြင်သံကြားမှ အသံလွှင့်ရာ တွင်လည်းကောင်း အိုဇယ်က ၁၉၇၀ ပြည့်လွန် နှစ်များ အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများ၊ စီးပွားရေးတုံဆိုင်းမှု များအတွက် ယင်းနိုင်ငံရေးသမားများတွင် တာဝန်မကင်း ကြောင်းဖြင့် ထောက်ပြကာ ၎င်းတို့အား နိုင်ငံရေး လှုပ်ရှားခွင့် ပေးလိုက်သည်နှင့် ထိုဆိုးကျိုးများ တစ်ကျော့ ပြန်လည်ပေါ်ပေါက်မည်ဟု ပြောကြားခဲ့သည်။

၁၉၇၇ ခုနှစ် ဇွန်လမှစ၍ ရွေး ချယ် တင် မြောက် ပွဲ ဥပဒေကို ပြင်ဆင်သည်။ ပါလီမန်အမတ်ဦးရေကို ၄၀၀ မှ ၄၅၀ သို့ တိုးမြှင့်၍ မဲပေးနိုင်သော အနိမ့်ဆုံး အသက် ကန့်သတ်ချက်ကို ၂၁ နှစ်မှ ၂၀ နှစ်သို့ လျော့ချခဲ့သည်။ ရွေးကောက်ပွဲ ပါဝင်လိုသော နိုင်ငံရေး ပါတီများသည် တူရကီနိုင်ငံရှိ ပြည် နယ် ပေါင်း ၆၇ ပြည် နယ် အ နက် အနည်းဆုံး သုံးပုံနှစ်ပုံ၌ ပါတီ စည်းရုံးမှု တည် ဆောက် ထားနိုင်ရမည်ဟူသောအချက်ကို ပယ်ဖျက်သည်။ ပြည်ပ ရောက် မဲဆန္ဒရှင်များကိုလည်း မဲပေးခွင့်ပြုသည်။ ရေဒီယို နှင့် ရုပ်မြင်သံကြားတွင် ပါတီနိုင်ငံရေး အသံလွှင့်ချိန် များ စနစ်တကျ ခွဲဝေသတ်မှတ်ပေးသည်။

၁၉၈၀ ပြည့်နှစ်က စစ်တပ်၏အာဏာသိမ်းပွဲ မဖြစ်ပွားမီ တွင်နိုင်ငံရေးလှုပ်ရှားခဲ့ကြသူ ၂၄၂ ဦးအား ဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ ပိတ်ပင်ထားသည့်အတိုင်း ၁၀ နှစ် ပြည့်သော ၁၉၉၂ ခုနှစ်တွင်မှ နိုင်ငံရေး လှုပ်ရှားခွင့် ပြုမည်လော၊ သို့တည်းမဟုတ် ယခုချက်ချင်းပင် ခွင့်ပြုမည်လောဆိုသည် ကို မဲခွဲဆုံးဖြတ်မည့် ဆန္ဒခံယူပွဲကို ၁၉၈၇ ခုနှစ် စက်တင် ဘာလ ၆ ရက်နေ့တွင် ကျင်းပသည်။ ချက်ချင်းပင် ခွင့်ပြု ရန် ထောက်ခံမဲ ၅၀ ဒသမ ၁၇ ရာခိုင်နှုန်း ရရှိသည်။ ထိုသို့ ဆုံးဖြတ်ခြင်းသည်ပင်လျှင် မစ္စတာအိုဇယ်၏ အောင် ပွဲဖြစ်ပြီး အပိတ်ပင်ခံ နိုင်ငံရေးသမားများ ရေပန်းစားမှု လျော့ကျသွားစေသည်ဟုလည်းကောင်း၊ တူရကီ ဒီမိုကရေ စီကို ဥပဒေနှင့်အညီ ပေါ်ထွန်းရေးတွင် အဓိကအားနည်း ချက်တစ်ရပ်ကို ဖယ်ရှားလိုက်ခြင်းဖြစ်သည့်နည်းတူ ဖွဲ့စည်း ပုံ အခြေခံဥပဒေပါ ပိတ်ပင်ထားချက်ကို ဆန့်ကျင် မဲပေး လိုက်သည့် အင်အားသည်ပင်လျှင် မစ္စတာ အိုဇယ်နှင့် အေအင်အေပီ ပါတီအတွက် ထောက်ခံမှု ပြန်လည်ရှင်သန် လာခြင်းကို ညွှန်ပြနေသည်ဟု လည်းကောင်း နိုင်ငံရေး အကဲခတ်သမားများက သုံးသပ်သည်။

ပိုက်ပင်ထားခြင်းကို ရုပ်သိမ်းလိုက်သည်နှင့် နိုင်ငံရေး သမား အများအပြားသည် ပါတီနိုင်ငံရေး နယ်ပယ်သို့ ပြန်လည်ဝင်ရောက်လာကြသည်။ ၁၉၇၇ ခုနှစ် စက်တင် ဘာလ ၁၃ ရက်နေ့တွင် ဒီအယ်ပီ ပါတီဥက္ကဋ္ဌ တာဝန်ကို အက်စီဗစ်က ရယူလိုက်သည်။ စက်တင်ဘာလ ၂၄ ရက်နေ့ တွင်ကျင်းပသော တီပီပီပါတီညီလာခံက ဒေမီရယ်ကို ပါတီ ဥက္ကဋ္ဌအဖြစ် တညီတညွတ်တည်း တင်မြှောက်သည်။

လက်ရှိပါလီမန်၏ ငါးနှစ်သက်တမ်း မပြည့်မီ တစ်နှစ် အလို ၁၉၇၇ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် အထွေထွေ ရွေးကောက်ပွဲကျင်းပမည်ဟု ဝန်ကြီးချုပ် အိုဇယ်က ဆန္ဒ ခံယူပွဲ ကျင်းပနေဆဲမှာပင် ကြေညာခဲ့သည်။ ရွေးကောက်

ပဲ့တစ်ရပ် ခေါ်ယူရာတွင် ကြိုတင်ရမည့်ကာလကို ရက် ၉၀ သတ်မှတ်ထားခဲ့ရာမှ ရွှေးကောက်ပဲ့ ဥပဒေ ပြင်ဆင်ချက် မူကြမ်းအရ ၄၅ ရက်သို့ လျှော့ချလိုက်ပြီးဖြစ်၍ ထိုသို့ ကြေညာနိုင်ခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းရွေးကောက်ပဲ့ ဥပဒေ ပြင်ဆင်ချက်မူကြမ်းကို စက်တင်ဘာလ ၁၀ ရက်နေ့တွင် လွှတ်တော်က ထောက်ခံမဲ ၂၄၆ မဲ၊ ကန့်ကွက်မဲ ၁၀၀ ဖြင့် အတည်ပြုခဲ့သည်။ အတိုက်အခံ ပါတီများက ရွှေးကောက်ပဲ့ မဲဆွယ်မှုများ ပြုလုပ်ရာတွင် လုံလောက်သောအချိန် မရစေရန် အစိုးရ၏ တမင်တကာကြံစည်ခြင်း ဖြစ်သည်ဟုဆိုကာ ကန့်ကွက်နေသည့်ကြားမှ ရွှေးကောက်ပဲ့ကို နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်သည်။

အတိုက်အခံ ပါတီများက ၎င်းတို့၏ နစ်နာမှုများကို ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ တင်သွင်းခဲ့သည်။ တရားရုံးက ရွှေးကောက်ပဲ့ ဥပဒေ ပြင်ဆင်ချက် ခြောက်ရပ်အနက် တစ်ရပ်ကို ဖျက် သိမ်း ပေး ခဲ့ သည်။ ပါလီမန်အမတ်လောင်းလျာထားရာတွင် ပါတီအောက်ခြေ ဆန္ဒပေးပဲ့များမှ မဲပေးရွေးချယ်မည့်အစား ပါတီ အလုပ် အမှုဆောင်အဖွဲ့ကသာ ရွေးချယ်ပေးရမည်ဟူသောအချက်ကို ဖျက်သိမ်းပေးပြီး ကျန်အချက်များကို ဥပဒေနှင့် ညီညွတ်ကြောင်း ဆုံးဖြတ်သည်။ ဆိုရှယ် ဒီမိုကရက်တစ် ပေါ်ပြူလစ်ပါတီ (အက်စ်ဒီပီပီ)၊ တီပီပီနှင့် ဒီအယ်ပီတို့က ရွှေးကောက်ပဲ့ဥပဒေနှင့် စပ်လျဉ်း၍ နောက်ထပ် အစည်းအဝေးတစ်ရပ် ကျင်းပပေးရန် လွှတ်တော်တွင် တောင်းဆို ခဲ့ကြသည်။ ပါတီအောက်ခြေ ဆန္ဒပေးပဲ့များ ကျင်းပနိုင်ရန် ရွှေးကောက်ပဲ့ ကျင်းပမည့်ရက်ကို နိုဝင်ဘာလ ၂၉ ရက်သို့ ရွှေပေးရန် အိုဇယ်က အဆိုတင်သွင်းရာ လွှတ်တော်၏ အရွေးပေါ် အစည်းအဝေးက ထောက်ခံမဲ ၂၃၈ မဲ၊ ကန့်ကွက်မဲ ၁၃၂ မဲဖြင့် အတည်ပြုပေးခဲ့သည်။

ရွှေးကောက်ပဲ့ ကျင်းပသောအခါ ဆန္ဒမဲပေးခွင့်ရှိသူ ၂၆ သန်းကျော် ရှိသည့်အနက် ၂၄ သန်းကျော်က မဲပေးသည်။ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ရွှေးကောက်ပဲ့ရလဒ်များကို ကြေညာသည်။ လွှတ်တော်နေရာ ၄၅၀ ရှိသည့် အနက် အိုဇယ်၏ အေအင်အေပီက ၂၉၂ နေရာ၊ အက်စ်ဒီပီပီက ၉၉ နေရာ၊ တီပီပီက ၅၉ နေရာ အသီးသီးရရှိသည်။ ဝန်ကြီးချုပ် အိုဇယ်သည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ဝန်ကြီးများကောင်စီကို အသစ်ဖွဲ့စည်းကြောင်း ကြေညာသည်။ ကယာ အာဒမ်အား ဒုတိယ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။ အိုဇယ်နှင့် ညီအစ်ကို တော်စပ်သူ ယူဆုတ် ဘော့ဇကွတ် အိုဇယ်ကို ဝန်ကြီး အဖြစ် တာဝန်ပေးသည်။

ဝန်ကြီးချုပ် အိုဇယ်သည် ၁၉၈၈ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ဂရိနိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့သည်။ ဂရိနိုင်ငံတွင် သုံးရက်ကြာ နေထိုင်၍ ဂရိဝန်ကြီးချုပ် အန်ဒရီးယာ့စ် ပါပန်ဒရီယိုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အိုဇယ်သည် ၃၄ နှစ်တာကာလအတွင်း ဂရိနိုင်ငံသို့ ပထမဦးဆုံး သွားရောက်လည်ပတ်သည့် တူရကီခေါင်းဆောင်ဖြစ်သည်။

အေအင်အေပီပါတီညီလာခံကို ၁၉၈၈ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ကျင်းပနေစဉ် သေနတ်သမားတစ်ဦးက လုပ်ကြံ၍ အိုဇယ်သည် ညာလက်တွင် ဒဏ်ရာရရှိသည်။

တေဇ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ခရမ်းမြို့နယ်၊ ကိုင်းကုန်းကျောင်းတိုက် (မြန်မာ ၁၂၇၂–) ။ ။ဆရာတော်ဘဒ္ဒန္တတေဇကို ရန်ကုန်တိုင်း၊ တံတားမြို့နယ်၊ ပြဿတိုက်ကျေးရွာ၌ ခမည်းတော် ဦးကြဲဘက်မယ်တော် ဒေါ်စောန္ဓဲတို့က ၁၂၇၂ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ့တွင် ဖွားမြင်သည်။


၁၄ နှစ် အရွယ်တွင် ပြဿတိုက်ကျောင်း ဆရာတော် ဦးဥာဏကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်တေဇ ဟူသော ဘွဲ့အမည် ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

သင်္ကရာဇ် ၁၂၉၃ ခုနှစ် ပထမဝါဆိုလဆုတ် ၆ ရက်နေ့တွင် ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့၊ ဇေယျပူရတိုက် ခဏ္ဍသိမ်၌ ယင်းကျောင်းတိုက်ဆရာတော် ဦးယုဂန္ဓရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးနှင့် အစ်ကိုအစ်မများ ဖြစ်ကြသော ဦးဘိုးမြ ဒေါ်အုန်းစိန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်တော်မူသည်။

ဆရာတော်သည်ခြောက်နှစ်သားအရွယ်တွင် ပြဿတိုက်ကျောင်း ဆရာတော် ဦးဥာဏထံ၌ သင်ပုန်းကြီး မင်္ဂလာသုတ်၊ ဖျာပုံ ရှမ်းကွင်းကြီး ကျေးရွာကျောင်း ဆရာတော် ဦးသောမထံ၌ ဇာတ်ကြီးဆယ်ဘွဲ့ကို သင်ယူသည်။ ၁၄ နှစ်သားအရွယ်တွင် သတ္တမတန်းကို အောင်မြင်သည်။

ဆရာတော်သည် အင်းစိန်မြို့ စျေးကုန်း ကျောင်း ဆရာတော် ဦးဝိဇယထံတွင် သဒ္ဒါ သင်္ဂြိဟ်ကျမ်းများ၊ ကျောက်တန်းမြို့ဇေယျပူရကျောင်းဆရာတော် ဦးယုဂန္ဓရထံတွင် ဝိနည်းငယ်လေးစောင်နှင့် သဒ္ဒါငယ်ကျမ်းများ၊ ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဒဿန (အဘိဓဇမဟာရဋ္ဌဂုရု)၊ စာချဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တစက္ကိန္ဒ၊ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘဒ္ဒန္တဉာဏော ဘာသတို့ထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို အာစရိယမုဋ္ဌိ လက်ရှိရအောင် သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ၁၂၉၅ ခုနှစ်မှစ၍ အစိုးရ ပါဠိ ပထမပြန်စာမေးပွဲ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီး



အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တတေဇ

တန်းတို့ကို အောင်မြင်ပြီး ၁၃၁၁ ခုနှစ်တွင် စာချတန်းကို အောင်မြင်၍ သာသန ဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။ ထို့ပြင် ခရမ်းမြို့နယ်လုံးဆိုင်ရာ အမျိုးသားစာပေပွဲဦး ငယ်၊ လတ်၊ ကြီးတန်းနှင့် အကျော်တန်း (ဒုတိယ စာချတန်း) တို့ကို အောင်မြင်တော်မူသည်။

ဆရာတော်သည် ကိုင်းကုန်းပါဠိတက္ကသိုလ်၌ပင် သံဃာတော် ၃၀၀ ကျော်တို့အား စာပေပို့ချရင်း ကိုင်းကုန်း သင်္ဂြိဟ်ဆိုရိုးကျမ်းကို ရေးသားပြုစုတော်မူခဲ့သည်။ ထို့ပြင် ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက၊ သင်္ဂီတိကာရက၊ ပါဠိတက္ကသိုလ် ဗဟိုကိုယ်စားလှယ်၊ ခရမ်းမြို့ စာဖြေဌာနကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရမ်းမြို့နယ် သံဃနာယကအဖွဲ့ဝင် သံဃသမ္မုတိရ သံဃ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟိုသံဃ့ဝန်ဆောင်၊ ခရမ်းမြို့ သက္ကမာရဇိန် ဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ စသော သာသနာ့တာဝန်များကိုလည်း ထမ်းဆောင်တော်မူသည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူသော ပဋ္ဌကတ္တာယဆေက၊ ဂန္ဆဓုရာဝဟ၊ မဟာဃောသ၊ ပရိယတ္တိဝိသာရဒ စသော ဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တတေဇ သည် ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

တိုက်ကွမ်းဒို။ ။တိုက်ကွမ်းဒိုသည် လက်နက်ကိုရိယာ ၊ါဘဲ ခြေနှင့်လက်ကို အသုံးပြုလျက် တစ်ဘက်ရန်သူကို ၁စ်ပြက် တန်ပြန်တိုက်ခိုက်နိုင်သော ကိုရီးယားရိုးရာ ကိုယခံပညာတစ်ရပ် ဖြစ်သည်။

တိုက်ကွမ်းဒိုသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော် ခန့်က ကိုရီးယားတို့၏ ညီညွတ်သော ဘုရင့်သုံးနိုင်ငံခေတ် (၅ ရာစုဘီစီခန့်) ကပင်စတင်ပေါ် ပေါက်ခဲ့သည်။ ထို့နောက် ဆီလာမင်းဆက်ခေတ် (၅၇ ဘီစီ–အေဒီ ၉၃၅) တွင် တစ်နိုင်ငံလုံးသို့ ပြန့်ပွား၍ အဆင့်ဆင့် တိုးတက်လာခြင်း ဖြစ်သည်။

ကိုဂူယိုနိုင်ငံတော်(၃၇ ဘီစီ–အေဒီ ၆၆၈)၏မြို့တော် ဖြစ်သော ဝမ်ဒုမြို့ (ယခုမန်ချူးရီးယားတောင်ပိုင်း တောင်ကောင်းဒေသအနီး) ရှိ ရှေးခေတ်သခ်ါးဂူနံရံများမှ နံရံဆေးရေးပန်းချီ လက်ရာများတွင် တိုက်ကွမ်းဒိုသမားများ၏တိုက်ကွက်တို့ကို တွေ့ရှိရသည်။ တစ်ဖန် ဆီလာမင်းဆက်ခေတ်က ပန်းမန်သူရဲကောင်းများဟု အမည်တွင်သော ဘုရင့်သားတော်များနှင့် မှူးကြီးမတ်ရာ စစ်သေနာပတိတို့၏ ရင်သွေးငယ်များအား ဓားရေး၊ လှံရေး၊ လေးမြားအတတ် အစရှိသော ပညာရပ်များကို မသင်ကြားမီ တိုက်ကျမ်း Taekkyonခေါ် လက်နက်မဲ့ကိုယ်ခံပညာရပ်ကို သင်ကြားပေးခဲ့ကြောင်း သမိုင်း အထောက်အထားများ လည်းရှိသည်။ တိုက်ကျမ်းပညာမှ တိုက်ကွမ်းဒိုကိုယ်ခံပညာသို့ ဆင်းသက်လာသည်ဟု သုတေသီတို့က ကောက်ချက်ချသည်။

ကိုယိုမင်းဆက်ခေတ် (အေဒီ ၉၁၈–၁၃၉၂) က ရေးသားခဲ့သော ကန်ယီဂျီ အမည်ရှိ သိုင်းပညာညွှန်ပေါင်းကျမ်း၌ ထိုစဉ်က ကတ်ဂျဂမ်ဒေသ (ယခု ကိုရီးယားအမျိုးသားတက္ကသိုလ် ဝင်းအတွင်း) တွင် တိုက်ကွမ်းဒိုသင်တန်းများ ဖွင့်လှစ်သင်ကြားဖူးကြောင်းဖြင့် ဖော်ပြထားသည်။ ချိုဆန်မင်းဆက်ခေတ် (၁၃၉၂–၁၉၁၀) ကနန်းတွင်းပိုင်ကတ်တိုက်မှူး ယီတောက်မူ ပြုစုသည့် မူယီတိုဘိုတောင်ဂျီ အမည်ရှိ ရုပ်စုံကိုယ်ခံပညာစာအုပ် (၁၇၉၀) တွင် တိုက်ကွမ်းဒို၏သမိုင်းကြောင်းကို အကျယ်တဝင့်ပြုစုထားသည်။

ထို့အပြင် ၁၉၄၈ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံထူထောင်ပြီးသောအခါ တိုက်ကွမ်းဒိုသည် ခေတ်မီအားကစားနည်းစနစ်အဖြစ် ဖွံ့ဖြိုးလာသည်။ ၁၉၆၁ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဆိုးလ်မြို့တော်၌ ကိုရီးယားတိုက်ကွမ်းဒိုအသင်းချုပ် စတင်ဖွဲ့စည်းသည်။ ၁၉၆၂ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ကိုရီးယား အပျော်တမ်းအားကစားအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ် တိုက်ကွမ်းဒိုအသင်းချုပ်ကို လက်ခံခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ် အောက်

တိုဘာလအတွင်း၌ ကျင်းပခဲ့သော ၄၃ ကြိမ်မြောက် အမျိုးသားအားကစားပြိုင်ပွဲတွင် တိုက်ကွမ်းဒိုကို ပထမ ဦးဆုံးအကြိမ် ထည့်သွင်းကျင်းပခဲ့သည်။ ၁၉၇၂ ခုနှစ် တွင် ဆိုးလ်မြို့တော်၌ ကတ်ကိဝန်ဟု အမည်ပေးထား သော ခေတ်မီတိုက်ကွမ်းဒိုအားကစားရုံကြီးကို ဖွင့်လှစ်နိုင် ခဲ့သည်။ ထိုအားကစားရုံ၌ပင် ၁၉၇၃ ခုနှစ် မေလက ပထမအကြိမ်မြောက် ကမ္ဘာ့ တိုက်ကွမ်းဒို ဗိုလ်လုပွဲကို ကိုရီးယားတိုက်ကွမ်းဒိုအသင်းမှ ကြီးမှူး၍ ကျင်းပပေးခဲ့ သည်။ အဆိုပါပြိုင်ပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၁၉ နိုင်ငံမှ တိုက်ကွမ်းဒိုသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၇၃ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ကမ္ဘာ့တိုက်ကွမ်းဒို အဖွဲ့ချုပ်ကို ဖွဲ့စည်းသည်။

၁၉၇၅ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် တိုက်ကွမ်းဒိုကို ကမ္ဘာ့အားကစားအဖွဲ့ချုပ် (ဂျီအေအိုင် အက်စ်အက်ဖ်)က အသိအမှတ်ပြုခဲ့သည်။ ၁၉၇၆ ခုနှစ် ဧပြီ လ ၉ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ စစ်တပ်အားကစား ကောင်စီ၏ အမှုဆောင်အဖွဲ့က တိုက်ကွမ်းဒိုကို ၂၃ ခုမြောက် တပ်လက်စွဲကိုယ်ခံပညာအဖြစ် တရားဝင် အသိ အမှတ်ပြုခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဇူလိုင်လ ၁၇ ရက်နေ့ တွင် မော်စကိုမြို့၌ ကျင်းပခဲ့သော ၈၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အိုလင်းပစ်ကော်မတီ၏ အထွေထွေ ညီလာခံတွင် ကမ္ဘာ့အားကစားနည်းစနစ် တစ်ရပ်အဖြစ် အသိအမှတ်ပြုခဲ့သည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ် စက် တင်ဘာလ ၁၇ ရက်နေ့မှ အောက်တိုဘာလ ၂ ရက်နေ့ ထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပခဲ့သော ၂၄ ကြိမ်မြောက် ကမ္ဘာ့အိုလင်းပစ်ပြိုင်ပွဲတွင် တိုက်ကွမ်း



တိုက်ကွမ်းဒို ကစားဟန် တစ်ကွက်

ဒိုကို သရုပ်ပြအားကစားနည်းအဖြစ် ထည့်သွင်းကျင်းပခဲ့ သည်။

ယခုအခါ ကိုရီးယား သမ္မတနိုင်ငံ တစ်ခုတည်းတွင် တိုက်ကွမ်းဒို အသင်းဝင်ပေါင်း ၁၉ သိန်းခန့်ရှိသည်။ ထို့ပြင် နိုင်ငံပေါင်း ၃၆ နိုင်ငံ၌ တိုက်ကွမ်းဒိုနည်းပြဆရာ များအဖြစ် ဆောင်ရွက်နေသော ကိုရီးယားအမျိုးသား တိုက်ကွမ်းဒိုပညာရှင်ပေါင်း ၁,၅၀၀ ကျော်ရှိသည်။ကမ္ဘာ့ နိုင်ငံပေါင်း ၁၀၀ ကျော်၌ တိုက်ကွမ်းဒိုအသင်းဝင်ပေါင်း သန်း ၁၀၀ နီးပါးမျှ ရှိနေပြီဖြစ်သည်။

တိုက်ချန်း၊ ဦး (သူရ၊ အောင်ဆန်းသူရီယ)

(ခရစ် ၁၉၂၀–၁၉၈၈)။ ။အငြိမ်းစားဗိုလ်ကြီး သူရ၊ အောင်ဆန်းသူရီယ တိုက်ချန်းကို ချင်းပြည်နယ်၊ လှိုဗန်း ရွာတွင် ၁၉၂၃ ခုနှစ်၌ အဖ ဦးထန်ရေး၊ အမိ ဒေါ်နိုင်ဟိုက် တို့က မွေးဖွားသည်။ ငယ်စဉ်က မတူပီမြို့၌ အလယ်တန်း အဆင့်အထိ ပညာသင်ကြားခဲ့ပြီး ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှ တပ်မတော်သို့ ဝင်ရောက်အမှုထမ်းသည်။

ထို့နောက် မြန်မာနိုင်ငံမှ ဗြိတိသျှတပ်များ ဆုတ်ခွာ ချိန် ၁၉၄၁–၄၂ ခုနှစ်တွင် အိန္ဒိယပြည်သို့ လိုက်ပါသွား ခဲ့ပြီး ၁၉၄၃ – ၄၄ ခုနှစ်တွင် ဗြိတိသျှတပ်များ မြန်မာ ပြည်သိမ်းတိုက်ပွဲ ဆင်နွှဲသောအခါ ထောက် လှမ်း ရေး တာဝန်ကိုယူလျက် စက်မဲ့လေယာဉ်ဖြင့် လည်းကောင်း၊ လေ ထီး တပ် သား အ ဖြစ် လည်းကောင်း မြန်မာပြည် မြောက်ပိုင်းဒေသများတွင် စွန့်စွန့်စားစား တာဝန်ယူခဲ့ သည်။ ထို့နောက် ဗြိတိသျှတပ်များနှင့်အတူ မြန်မာပြည် သို့ ပြန် လည် ရောက် လာ ပြီး စစ်ရေး တာဝန်များကို ဆက်လက်ထမ်းဆောင်သည်။

ဒုတိယ ကမ္ဘာစစ်အတွင်း စစ်ရေး တာ ဝန် များ ကို သက်စွန့်ဆံဖျား ထမ်းဆောင်ခဲ့မှုကြောင့် ဗြိတိသျှတပ်မ တော်က စစ်မှုထမ်းကောင်းဆု **Burma Gallantry Medal** (ဘီဂျီအမ်) တံဆိပ်ဖြင့် ဂုဏ်ပြု ချီးမြှင့်ခဲ့သည်။ မြန်မာ နိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ရခိုင်ပြည်နယ်တွင်လည်း ကောင်း၊ ရန်ကုန်နှင့် အနီးတစ်ဝိုက်တွင်လည်းကောင်း တပ်မတော် တာဝန်များကို ဆက်လက် ထမ်း ဆောင်ခဲ့ သည်။ လွတ်လပ်ရေး ရပြီးနောက် ပေါ်ပေါက်လာသော ပြည်တွင်းသောင်းကျန်းမှု အရေးအခင်းများတွင်တပ်ကြပ် ကြီး၊ ဒုဗိုလ်၊ ဗိုလ်ကြီး ဟူသော ရာထူးအဆင့်ဆင့်ဖြင့် ပါဝင် တိုက်ခိုက် နှိမ်နင်းခဲ့သည်။ ရန်ကုန်ဆင်ခြေဖုံးရှိ သမိုင်း၊ ကြွိုကုန်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန် နယ်မြေ ဒေသများရှိ သောင်းကျန်းသူများ အခိုင်အမာ တပ်စွဲ ထားသောနေရာများကို အမှတ် (၁) ချင်းသေနတ်ကိုင် တပ်ရင်းမှ တပ်ကြပ်ကြီး တိုက်ချန်းဦးစီးသော တပ်ဖွဲ့က



ဗိုလ်ကြီး(အငြိမ်းစား)သူရ၊ အောင်ဆန်းသူရိယ ဦးတိုက်ချန်း

ဝင်ရောက်ချေမှုန်းခဲ့သည်။ အင်းစိန် စော်ဘွားကြီးကုန်း တိုက်ပွဲ၊ မှော်ဘီတိုက်ပွဲ၊ ဦးစက္ကိန် ကျောင်း တိုက်ပွဲ၊ စွပ် ကျယ် စက် တိုက် ပွဲ များ တွင် ဒု ဗိုလ် တိုက် ချန်း ခေါင်းဆောင်သော တပ်စုသည် အသက်ကို ပဓာန မထားဘဲ စွန့်စွန့်စားစား တိုက်ခိုက်၍ သောင်းကျန်းသူ စခန်းများကို တိုက်ခိုက်သိမ်းယူခဲ့သည်။ ရှမ်းပြည်နယ်၌ ကျူးကျော်သူ တရုတ်ဖြူတပ်များကို တပ်မတော်က ရွှပ်ရွှပ်ချုံချုံ တုန်းလှန် ဖြိုခွင်းရာတွင် ဗိုလ်ကြီးတိုက်ချန်း ပါဝင်တိုက်ခိုက်ခဲ့သည်။

အင်းစိန်တစ်ဝိုက် တိုက်ပွဲများတွင် ဗိုလ်တိုက်ချန်း၏ သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်၍ နိုင် ငံ တော် ၏ ရန် သူ များ ကို ချေမှုန်း နိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော် အစိုးရက ၁၉၄၉ ခုနှစ်တွင် သူရဘွဲ့ကို ချီးမြှင့်ခဲ့ပြီး တစ်ဖန် ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့ ဘွဲ့ထူးဂုဏ်ထူးများ ကြေညာသောအခါ ဗိုလ်တိုက်ချန်း အား သူရသတ္တိဆိုင်ရာ ဘွဲ့များတွင် အမြင့်မားဆုံးဖြစ် သော အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ကြောင်းကြေညာ ခဲ့ပြန်သည်။ ရန်ကုန်မြို့တွင် ကျင်းပသော ဘွဲ့ထူးဂုဏ်ထူး များ ချီးမြှင့်သည့် အခမ်းအနား၌ ဗိုလ်တိုက်ချန်းအား နိုင်ငံတော် သမ္မတကြီးက ရွှေချိန်ခုနစ်ကျပ်သားရှိသော အောင်ဆန်းသူရိယဘွဲ့တံဆိပ်ကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ဗိုလ်ကြီး သူရ၊ အောင်ဆန်းသူရိယ တိုက်ချန်းသည် နိုင်ငံတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးနောက် ၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီး မတူပီ မြို့သို့ ပြန်လည် နေထိုင်ခဲ့သည်။ ထိုနောက် ၁၉၇၂ – ၇၄ ခုနှစ်တွင် မတူပီမြို့နယ် နလကဉ္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၇၄–၇၇ ခုနှစ်တွင် မတူပီမြို့နယ် သမဝါယမ ဉက္ကဋ္ဌ အဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ပြည်သူ လွတ်တော်နှင့် ပြည်သူ ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပဲ့များ ကျင်းပ သောအခါ အ ငြိမ်း စား ဗိုလ် ကြီး ဦးတိုက်ချန်းသည် ချင်းပြည်နယ် မတူပီမြို့နယ် ပြည်သူလွှတ်တော် ကိုယ်စား လှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

၁၉၇၇ ခုနှစ်တွင် မတူပီမြို့နယ် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပလက်ဝမြို့နယ် စစ်မှု ထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။

အငြိမ်းစား ဗိုလ်ကြီး သူရ၊ အောင် ဆန်း သူ ရိ ယ ဦးတိုက်ချန်းသည် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန် တွင် ဇနီး ဒေါ်ဘောင်ဆေး၊ ဒေါ်ပီကောမ်ခမ်းနှင့် သား သမီးများ ကျန်ရစ်သည်။

တိုက်ဆင်, မိုက် (ခရစ် ၁၉၆၆–)။ ။ကမ္ဘာ့ကြေးစား လက်ဝှေ့သမိုင်းတွင် အသက်အငယ်ဆုံး ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်သော မိုက်တိုက်ဆင်သည် ၁၉၆၆ ခုနှစ် ဇွန်လ ၃၀ ရက် နေ့တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ဘရွတ် ကလင်းရပ်ကွက်၌ ဆင်းရဲသော လူမည်းမိသားစုမှမွေးဖွား ခဲ့သည်။ ငယ်စဉ်က ကောင်းစွာ ပညာမသင်ခဲ့ရချေ။ ဆိုးသွမ်း၍ လူငယ်ပြုပြင်ရေးသင်တန်းကျောင်းသို့ ပို့ထား ခံရသည်။ ကျောင်း၏ အတိုင်ပင်ခံလူကြီး ဘော့ စတီး ဝပ်က တိုက်ဆင်၏ ပင်ကိုအရည်အသွေးကို သဘောကျ၍ ကပ်စ်ဒီ အမာတို့၏ လက်ဝှေ့သင်တန်းသို့ ပို့ပေးခဲ့သည်။ ကပ်စ်ဒီ အမာတို့သည် ၁၉၅၆ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ဟဲဗီးဝိတ် ချန်ပီယံဖြစ်ခဲ့သော ဖလို့ရ်ိ ပက်တာဆင်နှင့် ၁၉၆၅ ခုနှစ်မှ ၁၉၆၆ ခုနှစ် အထိ လိုက်ဟဲဗီးဝိတ် ချန်ပီယံ ဖြစ်ခဲ့သော ဟိုစေး တောရက်စ်တို့ကိုမွေးထုတ်ခဲ့သည့်ဝါရင့် နည်းပြဆရာကြီးတစ်ဦးဖြစ်သည်။


မိုက် တိုက်ဆင်သည် အပျော်တမ်း လက်ဝှေ့သမား အဖြစ် ၁၉၈၄ ခုနှစ် လော့စ်အိန်းဂျလိစ် ကမ္ဘာ့အိုလင်းပစ် ပြိုင်ပွဲသို့ ဝင်ပြိုင်ရန်ကြိုးပမ်းရာ လူရွေးပွဲတွင် အရေးနိမ့်ခဲ့ သည်။ ၁၉၈၅ ခုနှစ်တွင် ကြေးစား လက်ဝှေ့လောကသို့ ဝင်ရောက်ခဲ့သည်။ ၁၉၈၅ ခုနှစ် အတွင်း လက်ဝှေ့ပြိုင်ပွဲ ၁၈ ပွဲ ထိုးသတ်ခဲ့ရာ ၁၂ ပွဲတွင် သုံးမိနစ်အတွင်း၌လည်း ကောင်း၊ ခြောက်ပွဲတွင် တစ်မိနစ်အတွင်း၌လည်းကောင်း အလဲထိုးအနိုင်ယူခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ကမ္ဘာ့လက်ဝှေ့ ကောင်စီ(ဒဗလျူဘီစီ)၏လက်ဝှေ့ချန်ပီယံ ထရေဗာဘား

တိုက်ဆင်သည် ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ ချန်ပီယံ ဟောင်း လာရီ ဟုမ်းနှင့် ၁၉၇၈ ခုနှစ် ဇွန်နဝါရီလ ၂၂ ရက် နေ့တွင် သရဖူကာကွယ်ပွဲ ထိုးသတ်ခဲ့ရာ စတုတ္ထအချီ ၂ မိနစ် ၅၅ စက္ကန့်တွင် အလဲထိုး၍ အနိုင်ယူခဲ့သည်။ လာရီ ဟုမ်းသည် ၁၉၇၀ ပြည့်နှစ်မှစ၍ ၁၉၇၅ ခုနှစ်ထိ ချန်ပီယံ ဖြစ်ခဲ့ဖူးသူ ဖြစ်သည်။

တိုက်ဆင်သည် ၁၉၇၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် မိုက်ကယ်စပင့်နှင့် အမေရိကန်ပြည်ထောင်စု နယူးဂျာစီ ပြည်နယ် အက်တလန်တစ်မြို့၌ ထိုးသတ်ခဲ့ရာ ပထမအချီ ၁ မိနစ်နှင့် ၃၁ စက္ကန့်တွင် အလဲထိုးအနိုင်ယူခဲ့သည်။ကမ္ဘာ့ လက်ဝှေ့သမိုင်း၌ ၁၉၀၀ ပြည့်နှစ်တွင် ဂျင်ဂျက်ဖရီက ဂျက် ဖင်နစ်ဂန်ကို ၅၅ စက္ကန့်ဖြင့် အလဲထိုးခဲ့သည့်ပွဲ၊ ၁၉၇၂ ခုနှစ်တွင် မိုက်ကယ်ဒုတ်က မိုက် ဝီဗာကို ၁ မိနစ် ၀၃ စက္ကန့်ဖြင့် အနိုင်ယူခဲ့သည့်ပွဲနှင့် ၁၉၀၈ ခုနှစ်တွင် တော်မီဘန်းက ဂျမ်ရီရှေးကို ၁ မိနစ် ၂၀ စက္ကန့်ဖြင့် အနိုင်ယူခဲ့သည့်ပွဲတို့ ပြီးလျှင် မိုက်တိုက်ဆင်က မိုက်ကယ်စပင့်ကို အနိုင်ယူသော ပွဲသည် စတုတ္ထမြောက် အချိန်အတိုဆုံးပွဲ ဖြစ်ပေသည်။

ဘစ် (ကနေဒါ) ကိုအလဲထိုးအနိုင်ရရှိကာအသက်အငယ်ဆုံး ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာသည်။ထိုအချိန်တွင် တိုက်ဆင် သည် အသက် ၂၀ နှစ် ၄ လ ၂၂ ရက်သာ ရှိသေးသည်။ ယခင်က အသက်အငယ်ဆုံးချန်ပီယံ ဖလိုရစ် ပက်တာဆင် မှာ ချန်ပီယံဖြစ်ချိန်တွင် အသက် ၂၁ နှစ် ၁၁ လရှိခဲ့သည်။

တိုက်ဆင်သည် ၁၉၇၇ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ကမ္ဘာ့လက်ဝှေ့အသင်း (ဒဗလျူဘီအေ) ၏လက်ရှိချန်ပီယံ ဂျိမ်းစမစ်ကို ၁၂ ချီအပြည့် ထိုးသတ်ပြီးနောက် အမှတ် ဖြင့် အနိုင်ရရှိခဲ့သည်။ ထိုနှစ် မေလ ၃၀ ရက်နေ့တွင် ပင်လွန်သောမတ်ကို အနိုင်ယူခဲ့ပြန်သည်။ ထိုနှစ်ဩဂုတ်လ ၁ ရက်နေ့တွင် လပ်စ်ဗေးဂတ်မြို့၌ အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ် (အိုင်ဘီအက်ဖ်) ၏ လက်ရှိချန်ပီယံ တိုနီ တပ်ကားကို ၁၂ ချီ အပြည့် ထိုးသတ်၍ အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် မိုက် တိုက်ဆင်သည် ကမ္ဘာ့ လက်ဝှေ့အဖွဲ့အစည်း သုံးရပ်စလုံးက အသိအမှတ်ပြုရသည့် အငြင်းပွားဖွယ်မရှိသော ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်လာသည်။



ကမ္ဘာ့လက်ဝှေ့ အဖွဲ့အစည်း သုံးရပ်စလုံးက အသိအမှတ်ပြုရသည့် အငြင်းပွားဖွယ်မရှိသော ကမ္ဘာ့ ဟဲဗီးဝိတ် ချန်ပီယံ မိုက်တိုက်ဆင်



နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)ရ အငြိမ်းစားဝန်ကြီး ဦးတင်ညွန့်

တင်ညွန့်၊ ဦး (ခရစ် ၁၉၁၈ – ၁၉၇၇)။ ။လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယဆင့်) နှင့် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ၊ အငြိမ်းစား အလုပ်သမား ဝန်ကြီး ဦးတင်ညွန့်ကို ရန်ကုန်တိုင်းအတွင်းရှိ ချောင်ဝိုင်းကြီး ကျေးရွာ၌ အဖဦးစံမြင့်၊ အမိဒေါ်ဖွားခင်တို့က ၁၉၁၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း လေးယောက်အနက် အကြီးဆုံးဖြစ်သည်။

ဦးတင်ညွန့်သည် ဖျာပုံမြို့ အစိုးရ အထက်တန်းကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး ၁၉၃၆ ခုနှစ်တွင် ၁၀ တန်း အောင်မြင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ရခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် နိုင်ငံရေးလောကသို့ ဝင်ရောက်ခဲ့ပြီး အာရှလူငယ်များအစည်းအရုံး ဌာနချုပ်၏ ရန်ကုန်နေပြည်တော် စည်းရုံးရေး တာဝန်ခံ အဖြစ်လည်းကောင်း၊ **People's Revolutionary Party** (ပီ၊ အာရ် ပီ) ခေါ် ပြည်သူ့အရေးတော်ပုံပါတီတွင် မြေအောက်တော်လှန်ရေးတာဝန်ခံ တစ်ဦးအဖြစ်လည်းကောင်း၊ ကေဘိုတိုင် (**Kei- botai**) ခေါ် မြို့ပြကာကွယ်ရေးတပ်တွင် ဒုအရာရှိချုပ်အဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၂၄ ရက်နေ့အထိ ဂျပန်တို့၏ ဖမ်းဆီးချုပ်နှောင်ခြင်း ခံခဲ့ရသည်။

ဦးတင်ညွန့်သည် ၁၉၄၆ ခုနှစ်တွင် ဆိုရှယ်လစ်ပါတီ၌ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ရေးဆွဲရေးကော်မတီ၌ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တိုင်းပြူပြည်ပြူလွှတ်တော် အမတ်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် တိယူစီဘီ အဖွဲ့ချုပ်၌ အထွေထွေအတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့သည်။

ဦးတင်ညွန့်သည် ၁၉၅၂ ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန၌ အတွင်းဝန် အဖြစ်လည်းကောင်း၊ ၁၉၅၅ ခုနှစ် ဇွန်လ ၁၂ ရက်နေ့မှ ၁၉၅၈ ခုနှစ် ဇွန်လ ၄ ရက်နေ့အထိ အလုပ်သမားဝန်ကြီးဌာန၌ အလုပ်သမားဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းရွက် ခဲ့သည်။ ၁၉၅၇ ခုနှစ် ဂျီနီဗာမြို့၌ ကျင်းပသော အိုင်အယ်လ်အို အဖွဲ့ချုပ်ညီလာခံသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် အစည်းအဝေး တက်ရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံတွင်လည်း အလုပ်သမား ရေးရာ ဌာနများကို ဝင်ရောက်လေ့လာခဲ့သည်။

ဦးတင်ညွန့်သည် ၁၉၆၀ ပြည့်နှစ်တွင် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် တော်လှန်ရေးအစိုးရက ဖိတ်ကြားခဲ့သော ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ဝင် ၃၃ ဦးတွင် နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ် ဦးတင်ညွန့် ပါဝင်ခဲ့သည်။

ဦးတင်ညွန့်သည် ၁၉၇၃ ခုနှစ်တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ဗဟိုကော်မရှင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေး ဗဟိုကော်မရှင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ် ဇွန်လတွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ရရှိခဲ့သည်။

လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ အငြိမ်းစား အလုပ်သမားဝန်ကြီး ဦးတင်ညွန့်သည် ၁၉၈၇ ခုနှစ် မေလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားသမီး ၎င်းယောက် ကျန်ရစ်ခဲ့သည်။

ထင်ရှားသော ကွယ်လွန်သူ ပုဂ္ဂိုလ်များ (၁၉၈၈)

။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ လည်းကောင်း၊ နိုင်ငံတကာတွင် လည်းကောင်း၊ သာသနာ အကျိုးသယ်ပိုး ထမ်းရွက်တော်မူရင်း ပုံလွှန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေအနုပညာနှင့် သိပ္ပံနယ်ပယ်အသီးသီး၌ ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် လူပုဂ္ဂိုလ်များရှိကြသည်။

မြန်မာ

ရဟန်းတော်များ

– ကုလ္လလ၊ ဘဒ္ဒန္တ (သက်တော် ၈၈ နှစ်)
ကျောက်တန်းမြို့၊ အသောကာရာမ ပရိယတ္တိစာသင်တိုက်၊ ပဓာန နာယက၊ နိုင်ငံတော် ဩဝါဒါစရိယ၊

ဆဋ္ဌသင်္ဂီတိကာရက ပါဠိဝိသောဓက အဖွဲ့ခေါင်းဆောင်၊ (၁၃၅၀ ပြည့်နှစ် ဒုတိယဝါဆိုလဆုတ် ၅ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– ဇာဂရ ဗုဒ္ဓဘိဝံသ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၇၇ နှစ်)
မန္တလေးမြို့၊ ငွေးချိုတိုက် မအူပင်အုတ်ကျောင်း ပဓာန နာယကဆရာတော်၊
(၁၃၅၀ ပြည့်နှစ် နတ်တော်လဆုတ် ဂ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– ဓမ္မစက္ကာ၊ ဘဒ္ဒန္တ၊အဂ္ဂမဟာပဏ္ဍိတ(သက်တော် ၉၁နှစ်) ဖျာပုံမြို့၊ တိုက်သစ်ကျောင်းတိုက်ဆရာတော်၊နိုင်ငံတော် သြဝါဒါစရိယ၊
(၁၃၄၉ ခုနှစ် ပြာသို လပြည့်ကျော် ဂ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– နန္ဒိယ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၉၄ နှစ်) တောင်ကြီးမြို့၊ အောင်မြေသာစည် ရွှေကျင်ကျောင်း တိုက်ကြီး၏ ဦးစီးနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊
(၁၃၄၉ ခုနှစ် နှောင်းတန်ခူး လဆန်း ၁၁ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– နန္ဒိသေနာ ဘိဝံသ၊ ဘဒ္ဒန္တ၊ အဘိဓဇ မဟာရဋ္ဌဂုရု (သက်တော် ၈၉ နှစ်)
မန္တလေးအရွှေတောင်မြို့နယ်၊ မဟာနန္ဒိသေနာရုံမတိုက်၏ ဦးစီးနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊
(၁၃၅၀ ပြည့်နှစ် ဒုတိယ ဝါဆိုလဆန်း ၉ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– ပုည၊ ဘဒ္ဒန္တ (သက်တော် ၈၉ နှစ်)
စစ်ကိုင်းတိုင်း၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြားကြီးကျေးရွာ၊ မန္တလေးတိုက်သစ်ဆရာတော်၊နိုင်ငံတော်သြဝါဒါစရိယ၊
(၁၃၄၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– ပဏ္ဍိတ၊ ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၉၆ နှစ်) ပဲခူးတိုင်း၊ မင်းလှမြို့၊ ဝေဠုဝန်ကျောင်းတိုက်၏ ဦးစီးနာယက၊ နိုင်ငံတော် သြဝါဒါစရိယ၊
(၁၃၅၀ ပြည့်နှစ် ဒုတိယ ဝါဆိုလဆန်း ၉ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– ဝိမလ၊ ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု(သက်တော် ၈၅ နှစ်) ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ပါဠိဋီကာ တက္ကသိုလ် ကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမ ဒုတိယ ဥက္ကဋ္ဌ (ပထမပတ်)၊ နိုင်ငံတော်သြဝါဒါစရိယ၊
(၁၃၅၀ ပြည့်နှစ် တော်သလင်းလဆုတ် ၁ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– ဝိသာရဒ၊ ဘဒ္ဒန္တ (သက်တော် ၈၈ နှစ်)
မန္တလေး အနောက်တောင်မြို့နယ်၊ စကုတိုက်၊ မင်္ဂလာအေး ကျောင်းဆရာတော်၊ နိုင်ငံတော် သြဝါဒါစရိယ၊
(၁၃၄၉ ခုနှစ် တပေါင်းလဆုတ် ၁၂ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– သူရိန္ဒာဘိဝံသ၊ ဘဒ္ဒန္တ (သက်တော် ၈၃ နှစ်)
သံတွဲမြို့နယ်၊ လက်ပံစုရွာ၊ သာသနာ့ပါဠိသိပ္ပံကျောင်းတိုက်၏ ဦးစီးနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊
(၁၃၄၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– အာဒိစ္စ၊ ဘဒ္ဒန္တ (သက်တော် ၉၅ နှစ်)
ရှမ်းပြည်နယ်၊ကလောမြို့၊ မဟာဓမ္မိကာရုဏမသိမ်တောင်ကျောင်းတိုက်၏ ဦးစီး ပဓာန နာယက၊ နိုင်ငံတော် သြဝါဒါစရိယ၊

– (၁၃၅၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၆ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– ဣန္ဒက၊ ဘဒ္ဒန္တ၊အဂ္ဂမဟာပဏ္ဍိတ (သက်တော် ၈၆ နှစ်) စစ်ကိုင်းတောင်ရိုး၊ ပဋ္ဌာန်းသိပ္ပံကျောင်းတိုက်၏ ပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ (၁၃၅၀ ပြည့်နှစ် နတ်တော်လပြည့်နေ့တွင်ပျံလွန်တော် မူသည်။)

– ဣန္ဒာစာရ၊ ဘဒ္ဒန္တ (သက်တော် ၈၈ နှစ်)
မကွေးတိုင်း၊ ချောက်မြို့၊ မဟာလယ်တီကျောင်းတိုက် နာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊
(၁၃၅၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၁ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

– ကျော်ဆန်း၊ ဦး (ကာတွန်း) (၆၃ နှစ်)
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)ရ နိုင်ငံကျော်ကာတွန်းဆရာကြီး။
(၈-၃-၈၈ ရက်နေ့တွင် ကွယ်လွန်ဘာည်။)

– ကျော်မြင့်၊ ဒေါက်တာ (၉၁ နှစ်)
L L.D. ဘွဲ့ရ အငြိမ်းစားဥပဒေ မဟာဌာနမှူး၊
(ရန်ကုန်တက္ကသိုလ်)။
(၁၁-၅-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– ကွန်း၊ ဦး (၈၄ နှစ်)
အငြိမ်းစားဗိုလ်မှူး၊ မော်ကွန်းဝင် (ပထမဆင့်)၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ ပရိယတ္တိ သာသနာ နုဂ္ဂဟဆန်လှူအသင်းကြီး၏ ဥက္ကဋ္ဌ။
(၃၀-၇-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– ခင်ကြည်၊ ဒေါ် (မဟာသီရိသုဓမ္မ) (၇၇ နှစ်)

အမျိုးသားခေါင်းဆောင်ကြီးနှင့်တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး၊ အငြိမ်းစားသံအမတ်ကြီး၊ အမေရိကန်ပြည်ထောင်စုက အပ်နှင်းသော MOTHER OF BURMA ဘွဲ့၊ ယူဂိုဆလပ်ကြယ်တံဆိပ်နှင့် ထိုင်းနိုင်ငံ၏မြင့်မြတ်သောသရဖူဘွဲ့တံဆိပ်များရရှိခဲ့သူ။
(၂၇-၁၂-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– ချန်ထွန်း၊ ဦး (သတိုးမဟာသရေစည်သူ) (၈၃ နှစ်)
တရားလွှတ်တော်ချုပ် အငြိမ်းစားတရားဝန်ကြီး၊ ကမ္ဘာ့ဗဟုဘာသာအဖွဲ့အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း၊
(၁၆-၅-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– စပါယ်ရွယ်၊ ဦး (၆၇ နှစ်)
ဇာတ်သဘင်လူ ရွှင်တော်ကြီး။
(၂၂-၁၂-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– စောအုံ၊ ဦး (သိန်နီ) (၇၄ နှစ်) အငြိမ်းစား
နိုင်ငံတော်ကောင်စီဝင်၊ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)။
(၁၉-၉-၈၈ နေ့ရက်တွင် ကွယ်လွန်သည်။)

– တသက်စိန်၊ ဦး (သောမတ်ဘိုးစိန်) (၅၈ နှစ်)
I.S.T.D (London) မှ Diploma in Dancing and Tap Dancing ဘွဲ့ရဇာတ်မင်းသားကြီး။
(၂၆-၁၀-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– တိုက်ချန်း၊ ဦး (၆၅ နှစ်)
သူရ၊ အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်ရ အငြိမ်းစား ဗိုလ်ကြီး။
(၁၈-၂-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဗိုလ်မင်းရောင်(သခင်လှ) (၇၂ နှစ်)
ရဲဘော် သုံးကျိပ်ဝင်၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊မော်ကွန်းဝင်(ပထမဆင့်) နှင့်အောင်ဆန်းတံခွန်ဘွဲ့ရရှိခဲ့သူ။
(၆-၁၁-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဘရင်ကလေး၊ ဦး (၇၄ နှစ်)
နိုင်ငံကျော် ပန်းချီဆရာကြီး။
(၈-၈-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– မာဃ (ဦးသာတင်) (၇၆ နှစ်)
စာရေးဆရာနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်။
(၂၅-၁၁-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– မြင့်ဖေ၊ ဦး (၆၉ နှစ်)
ဟာသ ရုပ်ရှင်သရုပ်ဆောင်
(၂၅-၉-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– မြတ်ထန်(အငြိမ်းစားဗိုလ်မှူးကြီးတင်မောင်) (၆၉နှစ်)
နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)၊ မော်ကွန်းဝင် (ပထမဆင့်) နှင့် စာပေဗိမာန်စာမူဆုရစာရေးဆရာ
(၂၅-၁၂-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– ရွှေဘ၊ ဦး (၆၁ နှစ်)
ရုပ်ရှင်မင်းသားကြီး။
(၁-၁၂-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဝင်းဦး၊ ဦး (၅၄ နှစ်)
ထပ်ဆင့် အကယ်ဒမီဆုရှင်၊ ရုပ်ရှင်မင်းသား၊ ရုပ်ရှင်ဒါရိုက်တာ၊ စာရေးဆရာ၊ အဆိုကျော်၊ စန္ဒာရုပ်ရှင်နှင့် စန္ဒာမဂ္ဂဇင်း ပုံနှိပ်တိုက်ကို ထူထောင်သူ။
(၁၄-၁၂-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– သခင်စံမြင့် (ဗိုလ်ရန်နောင်) (၆၆ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)၊ မော်ကွန်းဝင်(ပထမဆင့်) နှင့် ဖ.ဆ.ပ.လ ဝန်ကြီးဟောင်း။
(၅-၁၂-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– သထုံဘသိန်း (၈၀ နှစ်)
ခေတ်ဟောင်း ဓာတ်ပြား အဆိုတော်ကြီး။
(၂-၁၁-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

– အုန်းလွင်၊ ဦး (၈၁ နှစ်)
နိုင်ငံကျော်ပန်းချီဆရာကြီး။
(၂၇-၆-၈၈ ရက်နေ့တွင် ကွယ်လွန်သည်။)

နိုင်ငံတကာ

ကီးဆင်းဂျား,ကွတ်ဂျော့ (၈၃ နှစ်)
အနောက် ဂျာမနီဝန်ကြီးချုပ်အဖြစ် ၁၉၆၆ ခုနှစ်မှ ၁၉၆၉ ခုနှစ်ထိ တာဝန် ထမ်းဆောင်ခဲ့သူ။

ကောင်နန်,အန်ဒရေ (၉၂ နှစ်)
အဆုတ်နှင့် နှလုံးဆိုင်ရာ ကုထုံး သုတေသန အတွက် ၁၉၅၆ ခုနှစ်က ဆေးပညာ ဆိုင်ရာနိုဗယ်ဆုကို ဆွတ်ခူးခဲ့သူ၊ ပြင်သစ်နိုင်ငံဖွား အမေရိကန်နိုင်ငံသား ဆေးပညာရှင်။

ကန်နင်ဂမ်,ဂလင်း (၇၈ နှစ်)
၁၉၁၇ ခုနှစ်တွင် စာသင်ခန်းထဲ၌ မီးလောင်ခံရပြီးနောက် ကုထုံးအဖြစ် အပြေးလေ့ကျင့် ခဲ့ရာမှ ၁၉၃၄ ခုနှစ် ဇွန်လတွင် တစ်မိုင်ပြေးပွဲ၌ ၄ မိနစ် ၆ ဒသမ ၇ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ် တင်ခဲ့သော အမေရိကန် အားကစားသမား။

စတီဗင်စ်,စီယာခါပီ (၈၂ နှစ်)
ဆီယာရာလီအွန်းနိုင်ငံ၌ ၁၉၆၈ ခုနှစ်တွင် စစ်တပ်က အာဏာ သိမ်းခဲ့ပြီးနောက် ဝန်ကြီးချုပ် ဖြစ်လာခဲ့ရာမှ တစ်ဖန် သမ္မတနိုင်ငံ ထူထောင်သောအခါ သမ္မတဖြစ်လာခဲ့ပြီးလျှင် ဗိုလ်ချုပ် ဂျီးဇက်မိုမိုးအား စိတ်ကြိုက် ရွေးချယ်ကာ အာဏာလွှဲပြောင်းပေးခဲ့သည့် ၁၉၈၅ ခုနှစ်ထိ ဆီယာရာလီအွန်းနိုင်ငံကို အုပ်စိုးခဲ့သူ။

စတက်တိုး,ပက်ထရစ် (၇၄ နှစ်)
ဖန်ပြန်သန္ဓေဖန်တီးခြင်း (ခန္ဓာပြင်ပမျိုးစပ်ခြင်း) နည်းပညာဖြင့် ကမ္ဘာ့ပထမဦးဆုံး ဖန်ပြန် သန္ဓေသားရင်သွေးလူစီဘရောင်းကို ၁၉၇၈ ခုနှစ်တွင် အင်္ဂလန်၌ မွေးဖွားစေခဲ့သည့် ဗြိတိသျှ ဆေးပညာရှင်။ (ဖန်ပြန်သန္ဓေသား—ရှု။)

စထရောက်စ်,ဖရန့်ဂျိုးဇက် (၇၃ နှစ်)
အနောက်ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ် ဝန်ကြီးချုပ်အဖြစ် ၁၉၇၈ ခုနှစ်မှ စ၍ ဆောင်ရွက်ခဲ့သော ဂျာမန် နိုင်ငံရေး ခေါင်းဆောင်။

ဇီယာအူးလဟက်,မိုဟာမက် (၆၄ နှစ်)
ပါကစ္စတန် နိုင်ငံသမ္မတ။

ထရောင်ချင်း (၈၁ နှစ်)
ဗီယက်နမ် ကွန်မြူနစ် ပါတီ ခေါင်း ဆောင် ဟောင်း။ (စွယ်စုံနှစ်ချုပ် ၁၉၈၇–စာ၊ ၂၁၈—ရှု။)

ဒရီးစ်,ဝီလမ် (၁၀၁ နှစ်)
နယ်သာလန်နိုင်ငံ ဝန်ကြီးချုပ် အဖြစ် ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သူ။

ဒတ်,ရေမွန် အာသာ (၉၅ နှစ်)
အာဖရိကတိုက် တောင်ပိုင်း၌ "တောင်ကလေးသူငယ်" ဦးခေါင်းခဲ့ကို ၁၉၂၄ ခုနှစ်တွင် အမျိုးအမည် ခွဲခြားသတ်မှတ် လေ့လာခဲ့ခြင်းဖြင့် မနုဿဗေဒပညာကို ဆန်းသစ်စေခဲ့သူ။ (မျောက်ဝံနှင့် လူသားတို့၏ သွင်ပြင်လက္ခဏာများ ရောနှော နေသည့် ယင်းဦးခေါင်းခဲ့သည် လွန်ခဲ့သော နှစ်ပေါင်း နှစ်သန်းနှင့် သုံးသန်းအကြား နေထိုင်ခဲ့သော ရှေးဦးလူသား၏ ဦးခေါင်း ဖြစ်သည်ဟု ခန္ဓာဗေဒပညာရှင် ဒတ်က ရှင်းလင်းပြလိုက်မှ လူသား၏ ဇာစ်မြစ်တည်ရာသည် အာရှအစား အာဖရိကသာ ဖြစ်နိုင်ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ပထမဦးဆုံးပြောင်းလဲယူဆလာကြခြင်းဖြစ်သည်။)

နိဂူချီ,အီဆာမူ (၈၄ နှစ်)
နှစ်ဆယ် ရာစုနှစ် ကမ္ဘာ့ ပန်းပု အနုပညာ လောကတွင် ထင်ရှားသော ပန်းပုနှင့် ရှုခင်းဒီဇိုင်းပညာရှင်။

ပါတန်,အာလန် (၈၅ နှစ်)
အသားအရောင် ခွဲခြားရေး မူဝါဒကို ဆန့်ကျင်သော တောင်အာဖရိကစာရေးဆရာကြီး။

ဖော,အဂ္ဂါ (၇၉ နှစ်)
ပြင်သစ်နိုင်ငံ ဝန်ကြီးချုပ်တာဝန်ကို ၁၉၅၀ ပြည့်လွန် နှစ်များအတွင်း နှစ်ကြိမ် ထမ်းဆောင်ခဲ့ဖူးသော နိုင်ငံရေး သုခမိန်။ ပြင်သစ်ပညာတံခွန် အဖွဲ့ဝင်လူကြီး။ ဂီတစာဆို။ အဂ္ဂါဆန်းဒေးဟူသော ကလောင် အမည်ဖြင့် စုံထောက်ဝတ္ထုများကို ရေးသားခဲ့သူ။

ဖိုင်းမန်း,ရစ်ချတ် (၆၉ နှစ်)
ကွမ်တမ်လျှပ်စစ် ဒိုင်းနမစ် ပညာသီအိုရီပိုင်း၌ သုတေသနပြုခဲ့ခြင်းအတွက် ၁၉၆၅ ခုနှစ်တွင် ရူပဗေဒဆိုင်ရာနိုဗယ်ဆုကို ဆွတ်ခူးခဲ့သော အမေရိကန် ရူပဗေဒပညာရှင်။

ဖမ်ဟွန် (၇၅ နှစ်)
ဗီယက်နမ် နိုင်ငံ ဝန်ကြီးချုပ်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈–စာ ၊ ၂၂၅ — ရှု။)

မာလင်ကော့, ဂျော်ဂျီအမ် (၈၆ နှစ်)
ဆိုဗီယက်ပြည်ထောင်စုဝန်ကြီးချုပ်အဖြစ် ၁၉၅၃ ခုနှစ်မှ ၁၉၅၅ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သူ။

မီကို,တာကေအို (၈၁ နှစ်)
ဂျပန်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ တာဝန် ထမ်းဆောင်ခဲ့ပြီး ဂျပန် နိုင်ငံရေး လောကတွင် ကိုယ်ကျင့်တရားသန့်ရှင်းကောင်းမွန်သူအဖြစ် ထင်ရှားသူ။

မက်ဘရိုက်,ရှောန် (၈၃ နှစ်)
အနောက်အုပ်စုက အလေးထားသော ငြိမ်းချမ်းရေး နိုဗယ်ဆုကိုရော၊ အရှေ့အုပ်စုက အလေးထားသော ငြိမ်းချမ်းရေးလီနင်ဆုကိုပါ ဆွတ်ခူးခဲ့သည့် အိုင်းရစ် နိုင်ငံရေး သုခမိန်။

ရာဘို,အစ်ဆီဒါ အိုင်းဆက် (၈၉ နှစ်)
အက်တမ်တစ်ခု၏ ဝတ်ဆံတွင် တည်နေသော သံလိုက်ဂုဏ်သတ္တိကို တိုင်းတာသည့်နည်းလမ်းကို ဖော်ထုတ်ခဲ့သော ကြောင့် ၁၉၄၄ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဗယ်ဆုကို ဆွတ်ခူး ရရှိခဲ့သော အရှေ့ ဥရောပဖွား အမေရိကန် နိုင်ငံသား ရူပဗေဒပညာရှင်။

ရာ့ဂျ်ကပူး (၆၄ နှစ်)
အိန္ဒိယအမျိုးသား ထိပ်တန်းရုပ်ရှင် အနုပညာရှင်။

ရုစကာ,အန့်စ်ထ် ဩဂုတ် ဖရီးဒရစ် (၈၁ နှစ်)
အီလက်ထရွန် အဏုကြည့်မှန်ဘီလူးကို ၁၉၃၁ ခုနှစ်တွင် ပထမဦးဆုံး တီထွင်ခဲ့ခြင်းအတွက် ၁၉၈၆ ခုနှစ်တွင် ရူပဗေဒဆိုင်ရာနိုဗယ်ဆုကို ဆွတ်ခူးရရှိခဲ့သော အနောက်ဂျာမနီနိုင်ငံသား ရူပဗေဒပညာရှင်။ (စွယ်စုံနှစ်ချုပ် ၁၉၈၇ – စာ၊ ၁၉၅—ရှု။)

ဝီလံ,ရောဂျားဂျေ (၉၄ နှစ်)
ကိုယ်ခန္ဓာ ကြီးထွားမှုကို အားပေးသော ဗီတာမင် ပင်တိုသီနစ်အက်ဆစ်ကို စတင်တွေ့ရှိခဲ့ပြီး အိုမင်းမှု၊ စိတ္တဇ ရောဂါစံ့ကပ်မှု၊ အရက်စဲ့မှုနှင့် စိတ်ခတ်ကျဆင်းမှုတို့ အပေါ် အာဟာရခတ်၏ အကျိုးအာနိသင် သက်ရောက်ပုံကို သုတေသနပြုကာ စာအုပ် ၂၆ အုပ်နှင့် ဆောင်းပါး ပုဒ်ရေ ၂၀၀ ကျော်ရေးသားခဲ့သည့် အမေရိကန်နိုင်ငံသား ထိပ်တန်း ဇီဝခဏ္ဍာဗေဒပညာရှင်နှင့် အာဟာရဗေဒ ပညာရှင်။

ဟာမီလတန်, ဆာဒင်းနှစ် (၆၉ နှစ်)
အင်္ဂလိပ်တန်း သတင်းထောက်ဘဝမှ တိုင်းသတင်းစာအုပ်စု၏ ဥက္ကဋ္ဌနှင့် အယ်ဒီတာချုပ်အဖြစ်သို့ တက်လှမ်းနိုင်ခဲ့သည့်ပြင် ၁၉၇၉ ခုနှစ်မှ ၁၉၈၅ ခုနှစ်ထိ ရိုက်တာသတင်းစဉ်၏ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူခဲ့သော ကြောင့် ဗြိတိသျှသတင်းစာလောကတွင် အထူးထင်ရှားသူ။

ဟိုင်းလိုင်း, ရောဗတ် (၈၀ နှစ်)
၁၉၅၀ ပြည့်လွန်နှစ်များနှင့် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း သိပ္ပံဝတ္ထုစာပေ အရေးအသားတွင် စံတင်လောက်သည့် မရောက်ဖူးသော အရပ်က မတွေ့ဖူးသောသူ (၁၉၆၁) အပါအဝင် သိပ္ပံဝတ္ထုစာအုပ် ၆၀ ခန့်ကို ရေးသားခဲ့ရာ ကမ္ဘာ တစ်ဝန်းတွင် အုပ်ရေသန်း ၄၀ ကျော် ရောင်းချခဲ့ရသည်ထိ အောင်မြင်ခဲ့သည့် အမေရိကန် စာရေးဆရာ။ (အင်္ဂါကြိုဟ်—ရှု။)

အဲလဗရက်ဇ်, လူဝီဒဗလျူ (၇၇ နှစ်)
ဟိုက်ဒရိုဂျင် အရည်ပူဖောင်းခန်း ကိရိယာကို တီထွင်ခဲ့ပြီး အခြေခံအမှုန်အမျှားအပြားကို ယင်းကိရိယာဖြင့် စူးစမ်းရှာဖွေ ဖော်ထုတ်ခဲ့ခြင်းအတွက် ၁၉၆၀ ခုနှစ်တွင် ရူပဗေဒဆိုင်ရာနိုဗယ်ဆုကို ဆွတ်ခူးခဲ့သော အမေရိကန်နိုင်ငံသား ရူပဗေဒပညာရှင်။

အိုက်စကင်း, ဗစ္စမောင့်ဂက်စတန် (၈၂ နှစ်)
ဗဲလ ဂျီယံ နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၁၉၄၆ ခုနှစ်မှ ၁၉၅၂ ခုနှစ်ထိ ကာလအတွင်း ညှဉ့်ပေါင်းအစိုးရအဖွဲ့ခြောက်ဖွဲ့ကိုဦးဆောင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် ဝေလိုနီးယားနှင့် ဖလန်ဒါးနယ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့သည့် ဗဲလဂျီယံ နိုင်ငံရေးသုခမိန်။


အမ်းစထရောင်း, ဟင်နရီ (၇၅ နှစ်)
ကမ္ဘာ့လက်ဝှေ့ သမိုင်း၌ ၁၉၃၇ ခုနှစ်တွင် ဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံသရဖူကိုလည်းကောင်း၊ ၁၉၃၈ ခုနှစ်တွင် ဝယ်လတာဝိတ်တန်းနှင့် လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံသရဖူတို့ကိုလည်းကောင်း ဆွတ်ခူးခဲ့ခြင်းဖြင့် ကမ္ဘာ့လက်ဝှေ့ချန်ပီယံ သရဖူသုံးခုကို တစ်ချိန်တည်းသိမ်းပိုက်ထားခဲ့ဖူးသည့် တစ်ဦးတည်းသောလက်ဝှေ့ကျော်။

ဓမ္မစက္က၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဖျာပုံမြို့၊ တိုက်သစ်ကျောင်း (မြန်မာ ၁၂၅၉–၁၃၄၉) ။ ။ ဖျာပုံမြို့တိုက်သစ်ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဓမ္မစက္ကသည် မန္တလေး၊ ပခုက္ကူ၊ မြင်းခြံ၊ ရန်ကုန်စသော မြို့ကြီးများရှိ ပရိယတ္တိအရာ၌ ကျော်ကြားလှသည့် စာသင်တိုက်ကြီးများတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ဂန္ထန္တရ၊ ပရိယတ္တိဓမ္မ ဗဟုသုတ အဝဝတို့ကို သင်ရိုးပေါက်မြောက်သည်အထိ သင်ယူတော်မူခဲ့ပြီး ဖျာပုံမြို့၊ တိုက်သစ်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူလျက် တပည့်ရဟန်းသာမဏေတို့ကို လောကုတ္တရာ စာပေများ သင်ကြား ပို့ချတော်မူခြင်း၊ ဖျာပုံမြို့ မြို့မဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး၏ သံဃာ့ အကျိုးတော်ဆောင် အဖြစ် ဆောင်ရွက်တော်မူခြင်း၊ ၁၃၀၈ ခုနှစ်မှစ၍ အစိုးရပါဠိပထမပြန်စာမေးပွဲ စာဖြေဌာနဖြစ်မြောက်ရေးကို ဆောင်ရွက်တော်မူခြင်း၊ ဆဋ္ဌသင်္ဂါယနာတွင် ဝိနယပိဋကပါစိတ်ပါဠိတော် ပါဠိဝိသောဓကအကျိုးတော်ဆောင်၊ထေရိဂါထာဘာဏကအဖွဲ့ ဥက္ကဋ္ဌစသည်ဖြင့် သာသနာ့ တာဝန်များကို ကြိုးပမ်း ထမ်းရွက်တော်မူခြင်းတို့ကြောင့် ၁၃၄၁ ခုနှစ်တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၆၁–စာ၊ ၁၇၉ —ရှု။)

အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တဓမ္မစက္ကသည် ၁၃၄၉ ခုနှစ် ပြာသိုလပြည့်ကျော် ဂ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

နိုဂူချို, အီဆာမူ (ခရစ် ၁၉၀၄–၁၉၆၁) ။ ။နှစ်ဆယ်ရာစုနှစ် အမေရိကန်ပန်းပု အနုပညာလောကတွင် အထူးထင်ရှားသော ပန်းပုပညာရှင်နှင့် ရှုခင်းဒီဇိုင်း ပညာရှင် အီဆာမူ နိုဂူချိုကို ၁၉၀၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့၌ မွေးဖွားသည်။ ဖခင်သည် ဂျပန်လူမျိုး ကဗျာဆရာ ယိနီ နိုဂူချိဖြစ်၍ မိခင်သည် အမေရိကန် ပန်းပုပညာရှင် တစ်ဦးဖြစ်သည်။ ကလေးဘဝက ဂျပန်နိုင်ငံ၌ ကြီးပြင်းခဲ့ပြီးမှ အခြေခံ အထက်တန်းပညာသင်ယူရန် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခဲ့သည်။ တက္ကသိုလ်ပညာကို ကိုလံဘီယာတက္ကသိုလ်နှင့် နယူးယောက်တက္ကသိုလ်တို့တွင် ဆည်းပူးခဲ့သည်။

နိုဂူချိသည် ရပ်ရှမိုး တောင်၌ သမ္မတ လေးဦး၏ ဦးခေါင်းပိုင်းကို ထုလုပ်ခဲ့သူ ဂွတ်ဇွန် ဗိုဂလမ် (၁၈၇၁–၁၉၄၁) ထံတွင် ပန်းပုပညာဆည်းပူးခဲ့သည်။ ထို့နောက် ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ရောက်ရှိသွားသည်။ ရှုမေးနီးယားအမျိုးသား ပန်းပုပညာရှင် ကွန်စတန်တင် ဘရန်ကူစီ (၁၈၇၆–၁၉၅၇) ၏ အနမ်း (၁၉၀၈)၊ အာကာသထဲကဋ်က် (၁၉၁၉) စသည့် ဒြပ်မဲ့အနုပညာနယ်ဝင် ပန်းပုလက်ရာများကို မြင်တွေ့ခဲ့ရပြီးနောက် ပါရီမြို့တွင် နှစ်နှစ်ခန့် နေထိုင်ကာ ဘရန်ကူစီ၏ လက်ထောက်အဖြစ် နည်းနာခံခဲ့သည်။ ထိုသို့ ပညာယူနေစဉ် ဆာရီယယ်လစ်



ပန်းပုပညာရှင် အီဆာမူ နိုဂူချီနှင့်
ပန်းပုလက်ရာတစ်ခု(အောက်ပုံ)

ဝါဒီ(သရုပ်လွှန်ဝါဒီ) ဆွစ်လူမျိုးပန်းပုပညာရှင် အယ်ဘာတို ဂီယာကိုမက်တီ (၁၉၀၁–၆၆) နှင့် အမေရိကန်ဒြပ်မဲ့ဝါဒီ ပန်းပုပညာရှင် အလက်ဇန္ဒား ကော်လဒါ (၁၈၉၈–၁၉၇၆) တို့နှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ထို့ပြင် နိုဂူချီသည် ပဗလိုပီကာဆို (၁၈၈၁–၁၉၇၃) ၏ သရုပ်လွှန် ဝါဒနှင့် ဒြပ်မဲ့ ပန်းချီပန်းပု အနုပညာနည်းစဉ်ကို စိတ်ဝင်တစားလေ့လာခဲ့သည်။

နိုဂူချီသည် ပထမဆုံးအကြိမ် တစ်ကိုယ်တော် ပြပွဲကို ၁၉၂၈ ခုနှစ်တွင် နယူးယောက်မြို့၌ ခင်းကျင်းပြသခဲ့သည်။ အစပိုင်းတွင် ပုံတူရုပ်တုများ ထုလုပ်၍ အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ နောက်ပိုင်းတွင် တရုတ်နိုင်ငံသို့ ခရီးထွက်၍ တရုတ်ရိုးရာ လက်ရေးလှပညာကို လေ့လာခဲ့သည်။ ဂျပန်နိုင်ငံသို့ ခရီးစဉ်အခေါက်ပေါင်း များစွာသွားရောက်၍ ဂျပန်ရှေးရိုးလက်မှုပညာကို ဆည်းပူးခဲ့သည်။ အထူးသဖြင့် ဂျပန်မြေထည် အတတ်ပညာမှ အနုစိတ်လက်ရာများကို နည်းယူကာ ပန်းပု လက်ရာသစ်များကို ဖန်တီးသည်။ မန်ဟတ်တန်ရှိ အေပီသတင်းစဉ် အဆောက်အအုံနှင့် မာသာဂရေဟမ် သဘင်အဖွဲ့ပိုင် အဆောက်အအုံတို့အတွက် ထုလုပ်ပေးသည့် ပန်းပု လက်ရာများကြောင့် နိုဂူချီသည် ၁၉၃၀ ပြည့်လွန်နှစ်များ အတွင်း အောင်မြင်ကျော်ကြားလာသည်။

ထို့ပြင် ကွန်နက်တီကတ် အထွေထွေအာမခံ ကုမ္ပဏီ၊ ဖိုင်သဝပ်သ်ရှိ အမျိုးသားဘဏ်၊ ချေစ်မန်ဟတ်တန် ဘဏ်၊ ရှားပါးစာပေလက်ရာများစုဆောင်းထားရှိသော ယေးလ် စာကြည့်တိုက်၊ ပါရီမြို့ရှိ ယူနက်စကို အဆောက်အအုံ၊ ဂျုရှားဆလမ်းမြို့ရှိ အစ္စရေး ပြတိုက် စသည့် ထင်ရှားသော အဆောက်အအုံကြီးများ အတွက် ထုလုပ် စီမံခင်းကျင်းပေးသော ပန်းပုရုပ်နှင့် ပန်းဥယျာဉ်များသည် ရှုခင်းဒီဇိုင်းပညာ နယ်ပယ်တွင် စံပြုရသည့် လက်ရာများ ဖြစ်သည်။ ၁၉၃၉ ခုနှစ်က နယူးယောက်မြို့ ကမ္ဘာ့ကုန်စည်ပြပွဲ၌ ဖိုဒ်ကုမ္ပဏီ ပြခန်းအတွက် လှုပသောရေပန်းကို စီမံပေးခဲ့ရာတွင် ရုပ်ပတ်ဝန်းကျင်ကို မွမ်းမံပုံသွင်းခြင်းဖြင့် ရသအလှကို ဖန်တီးနိုင်ကြောင်း သက်သေထူခဲ့သည်။ နိုဂူချီ၏ ပရိဘောဂ ဒီဇိုင်းများသည်လည်း နိုင်ငံတကာအဆင့် ဂုဏ်ပြုခြင်းကို ခံယူရရှိသည်။ ဟီရိုရှီးမားတွင် အဏုမြူဗုံး ဒဏ် သင့် ၍ သေ ဆုံး သူ များ အ တွက် အ ထိမ်း အ မှတ် အဆောက်အအုံနှင့်တံတားတစ်ခုကို ဒီဇိုင်းရေးဆွဲပေးခဲ့ရာ တံတားကိုသာ တည်ဆောက်ဖြစ်ခဲ့သည်။

နိုဂူချီသည် ၁၉၆၇ ခုနှစ်က ပန်းပုဆရာ၏ ကမ္ဘာအမည်ရှိ စာအုပ်ကိုလည်းကောင်း၊ ၁၉၇၀ ခုနှစ်တွင် အီဆာမူနိုဂူချီ၏ အကြောင်း ကိုယ်ရေး အတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် အီဆာမူနိုဂူချီ၏


ပန်းပုလက်ရာများ စာအုပ်ကိုလည်းကောင်း ရေးသား ထုတ်ဝေခဲ့သည်။

နိုဂူချိုသည် နယူးယောက်မြို့တွင်သာမက ဂျပန်နိုင်ငံ ရှိကိုကူကျွန်းတွင်လည်း စတူဒီယို တည်ဆောက်ထားရှိပြီး ပန်းပုလက်ရာများနှင့် ရှုခင်းဒီဇိုင်းများကို ဖန်တီးခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် နယူးယောက်မြို့ ပြည်နယ် လောင်းအိုင်လင်းစီးတီးတွင် အီဆာမူ နိုဂူချိုပန်းဥယျာဉ် ပြတိုက်ကို စီစဉ် ဖွင့်လှစ်ပေးခဲ့သည်။

ကမ္ဘာ့ခေတ်သစ်ပန်းပုပညာနယ်ပယ်တွင် အထူး ထင်ရှားသော အီဆာမူနိုဂူချိသည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် နယူးယောက်မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်သည်။







ရှုပဗေဒ နိုဗဲဆုရှင် ရှဗာ့ဇ် (အပေါ်ပုံ)၊ လေဒါမန်းနှင့် စတိုင်းဗဲ့ရဂါး (ယာစွန်)

နိုဗဲဆု။ ။ဒိုင်းနမိုက်တီထွင်သူ ဆွီဒင်လူမျိုးအဲလဖရက် ဘားနာဒ် နိုဗဲ (၁၈၃၃–၁၈၉၆) ၏ သေတမ်းစာအရ ထားရစ်ခဲ့သော ကရောင်း ၃၃ သန်းဖြင့် မတည်ခဲ့သည့် နိုဗဲဖောင်ဒေးရှင်းက ချီးမြှင့်သော ဆု ဖြစ်သည်။ ဖောင်ဒေးရှင်းပိုင် ဓနပစ္စည်းတို့သည် ၁၉၇၇ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းတိုးကာ ကရောင်းသန်းပေါင်း ၁,၂၉၀ (ဒေါ်လာသန်း ၂၂၀) ရှိလာသည်။ အမြတ်အစွန်းလည်း ၂၉ ရာခိုင်နှုန်းတိုးကာ ကရောင်း ၃၄ သန်း (ဒေါ်လာ ခြောက်သန်း) ရရှိသည်။ ၁၉၈၈ ခုနှစ်တွင် နိုဗဲဆုအဖြစ် ကရောင်း ၂ ဒသမ ၅ သန်း (ဒေါ်လာ ၄,၂၀,၀၀၀) ချီးမြှင့်သည်။ ၁၉၇၇ ခုနှစ်ကထက် ၁၅ ရာခိုင်နှုန်းတိုး၍ ချီးမြှင့်ခြင်းဖြစ်သည်။ ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာ၊ စာပေ၊ ငြိမ်းချမ်းရေးနှင့် စီးပွားရေးနယ်ပယ်တို့အတွက် ချီးမြှင့်သည်။

ရူပဗေဒ – ၁၉၈၈ ခုနှစ်အတွက် ရူပဗေဒဆိုင်ရာနိုဗဲဆုကို အမေရိကန်ပြည်ထောင်စု ရှီကာဂိုမြို့အနီးရှိ ဖာမီအမျိုးသား အရှိန်ပေးစက် ဓာတ်ခွဲခန်း၏ ညွှန်ကြားရေးမှူး လီယွန် လေဒါမန်း (၆၆ နှစ်)၊ ကာလီဖိုးနီးယားပြည်နယ် ရှိ ကွန်ပျူတာစက်ရုံတစ်ရုံ၏ ပိုင်ရှင်နှင့် အကြီးအကဲ မဲလဗင် ရှဗာ့ဇ် (၅၅ နှစ်) နှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့က သုတေသနရူပဗေဒပညာရှင် ဂျက် စတိုင်းဗဲ့ရဂါး (၆၇ နှစ်) တို့အား ချီးမြှင့်သည်။ ဒြပ်မှုန်ရူပဗေဒဆိုင်ရာ သုတေသနအတွက် ချီးမြှင့်ခြင်းဖြစ်သည်။ ထိုရူပဗေဒ ပညာရှင်သုံးဦးသည် ၁၉၆၂ ခုနှစ်က နျူထရီနိုအမှုန်များကို ဖမ်း၍ အခြား အခြေခံ အမှုန်များကို ရှာဖွေရာတွင် သုံးသော နည်းစနစ်များကို ထုတ်ဖော်ခဲ့ကြသည်။ ရှာဖွေတွေ့ရှိခဲ့သော အမှုန်များတွင် မြူယွန်နျူထရီနိုအမှုန်လည်း အပါအဝင်ဖြစ်သည်။

နျူထရီနိုများသည် ရေဒီယိုသတ္တိကြွ ဖြစ်စဉ်တိုင်းတွင် တွေ့ရသော ဒြပ်မှုန်များဖြစ်သည်။ ရူပဗေဒပညာရှင်များက နျူထရီနိုများဖြစ်တည်မှုနှင့်စပ်လျဉ်း၍ မှန်းဆလာခဲ့သည်မှာ ကြာပြီဖြစ်သည်။ ဖမ်းရန်မလွယ်လှသည့် နျူထရီနိုသည် အထူးသဖြင့် ဒြပ်လည်းမဲ့၊ လျှပ်စစ်လည်းမဲ့ရကား ယခင်ကအထိန်းရ ခက်ခဲခဲ့ပေသည်။ ခေါင်းပိတ်သံမဏိ မိုင်ပေါင်းသန်း ၁၀၀ ကို ဖြတ်သန်းလျက် နျူထရီနိုဒြပ်မှုန်တစ်မှုန်ကို ဖြတ်စေသောအခါ လွတ် ထွက် နိုင် ခြေ ငါးဆယ်ရာခိုင်နှုန်းသာရှိမည်ဟု လေဒါမန်းက တွက်ချက် ပြသည်။ ရှဗာ့ဇ်နှင့် စတိုင်းဗဲ့ရဂါးတို့သည် ဘရွတ်ဟာဗင် မြို့ရှိ စွမ်းအားမြင့်မားသော အရှိန်ပေးစက်ကို အသုံးချ၍ ဗယ်ရီလီယမ်သတ္တုပစ်မှတ်သို့ ဦးတည်လျက် ပရိုတွန်ဒြပ်မှုန်များ ထုတ်လုပ်ပစ်လွှတ်ကြည့်သည်။ ပရိုတွန်များတိုက်မှသည် အံ့ဖွယ်သရဲပြင်းထန်လှပေရာ အတားအဆီးကို ဝုန်းခနဲတိုက်မိပြီး အက်တမ်နျူကလီယိုင်ကို ပြိုကွဲသွားစေသည်။ ထိုအခါ နျူထရီနိုများအပါအဝင် ဒြပ်မှုန်အသစ်များထွက်လာစေသည်။ ထို့နောက် ယင်းဒြပ်မှုန်တို့သည် သံမဏိတံတိုင်းကို တိုက်မိသည်။ လှိုင်းဖမ်းကိရိယာထဲသို့ နျူထရီနိုဒြပ်မှုန် ရာကုဋေပေါင်းများစွာကို သယ်ဆောင်သွားသည့် အမှုန်တန်းတစ်ခုမှတစ်ပါး ကျန်အမှုန်တန်း

အားလုံးကို ယင်း တံတိုင်းက ဖမ်းယူထားလိုက်သည်။ လေဒါမန်းသည် ပြိုပျက်သွားသော အစုအပုံကို လေ့လာစဉ် စွမ်းအားမြင့် မြူယွန်မှုန်သဲလွန်စကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ လေဒါမန်း၊ ရှဗာ့ဇ်နှင့် စတိုင်းဗဲ့ရဂါးတို့သည် နျူထရီနိုအမှုန်များ အဆက်မပြတ်လွှတ်ခြင်းဖြင့် ဒြပ်အကြောင်းကို နှိုက်နှိုက်ချွတ်ချွတ် စူးစမ်းလေ့လာနိုင်သည့် ကိရိယာတစ်မျိုးကိုလည်း တီထွင်ခဲ့ကြသည်။

ဓာတုဗေဒ – အနောက်ဂျာမနီနိုင်ငံ မြူးနစ်မြို့ အနီးရှိ မက်စ်ပလန့်ခ် ဇီဝဓာတုဗေဒ တက္ကသိုလ်၏ ဦးဆောင်ညွှန်ကြားရေးမှူး ရောဗတ် ဟူးဗား (၅၁ နှစ်) သည် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော ယိုဟန်း ဒိုင်ဆင်ဟောဖား (၄၅ နှစ်) နှင့် ဟားမုတ် မီရှယ် (၄၀ နှစ်) တို့နှင့်အတူ ၁၉၈၈ ခုနှစ် ဓာတုဗေဒဆိုင်ရာနိုဗဲဆုကို ဆွတ်ခူးရရှိခဲ့သည်။ အလင်းမှီစုဖွဲ့ခြင်း၏ အမြူတေမော်လီကျူးဖွဲ့တည်ပုံကို "အက်တမ်တစ်ခုချင်း" ရှင်းပြနိုင်ခဲ့ကြ၍ ဆွတ်ခူးရရှိခြင်းဖြစ်သည်။ အလင်းမှီစုဖွဲ့ခြင်းသည် နေရောင်ခြည်ကို သစ်ပင်နှင့် တိရစ္ဆာန်တို့၏ ဇီဝအင်အားဆောင်စေသော ဓာတုစွမ်းအင်အဖြစ်သို့ ပြောင်းလဲသည့် ဖြစ်စဉ်ပင် ဖြစ်သည်။

ဇီဝဓာတုဗေဒတွင် ရံဖန်ရံခါ ဖွဲ့တည်ပုံကို သိပြီးမှ လုပ်ငန်းစဉ်ကိုစူးစမ်းနိုင်သောသဘောရှိသည်။ အသက်ရှင်မှုအတွက် အခြေခံအကျဆုံးသော အစိတ်အပိုင်းများ၏ အက်ဘမ်ဖွဲ့တည်ပုံကို ထက်မြက်သောအဆင့်မြင့် အိပ်ဂ်စ်ရောင်ခြည်နည်းပညာများဖြင့် စိစစ်လေ့လာကြရင်း သိပ္ပံပညာရှင်တို့သည် အံ့မခန်းဖြစ်ဖွယ် လျှို့ဝှက်ချက်များကို ထိုးထွင်း သိမြင်လာကြပေသည်။ အလင်းမှီစုဖွဲ့ခြင်း၏ ရိုးစင်းသောနည်းစဉ်ကိုသုံးသော ဘက်တီးရီးယားတစ်မျိုးကို အာရုံစူးစိုက်မိသည့် မီရှယ်သည် အလင်းမှီစုဖွဲ့ဓာတ်ပြုမှု ဗဟိုအချက်အချာဟုဆိုအပ်သော ယင်းဇီဝရုပ်၏ပြင်ပအမြွေးပါးဥ သွယ်တန်းတည်ရှိသည့် ပရိုတင်းအစုအဝေးကို ဂရုပြုမိသည်။ အမြွေးပါးဥတွယ်ကပ်နေသောပရိုတင်းများသည်ပင်လျှင် သစ်ပင်များနှင့် ဆင်တူနေသည်ဟုဆိုသည်။ ဆဲလ်မျက်နှာပြင်များမှ ထိုးထွက်နေပြီး အမြွေးပါးပေါ်တွင် တည်ရုံနေမျှမက ဆဲလ်များ၏အတွင်းပိုင်းဥ အမြစ်သဖွယ်လက်တံများဖြင့် တွယ်ထားသည်။ တစ်ဆင့်တက်၍ မော်လီကျူးများကို လေ့လာရာတွင် အခက်ကြုံရသည်။

မည်သို့ပင်ဖြစ်စေ ၁၉၈၂ ခုနှစ်တွင် မီရှယ်သည် အမြွေး

ဓာတုဗေဒနိုဗဲဆုရှင် (ဝဲမှယာ) မီရှယ်၊ ဟူးဗားနှင့် ဒိုင်ဆင်ဟောဖား



ပါးမှ ပရိုတင်းအစုအဝေးကို သီးခြားခွဲထုတ်နိုင်သည့်ပြင် ယင်းအစုအဝေးကို ပုံဆောင်ခဲသဏ္ဌာန်သို့ ပြောင်းစေနိုင်ခဲ့သည်။ ထို့နောက် သုံးနှစ်အကြာတွင် ဟူးဗား၏လမ်းညွှန်မှုအရ ဒိုင်ဆင်ဟောဖားနှင့် မီရှယ်တို့သည် အိပ်က်စ်ရောင်ခြည်ပုံဆောင်ခဲပညာကို အသုံးပြုလျက် ယင်းပရိုတင်းအစုအဝေးရှိ အက်တမ် ၁၀,၀၀၀ ၏ ဖွဲ့တည်ပုံကို တိကျပြတ်သားစွာ ရှင်းပြနိုင်ခဲ့သည်။ အလင်းမှီစုဖွဲ့သော မော်လီးကျူးများနှင့် ပုံစံတူဖန်တီးထားသည့် နေစွမ်းအင်ဓာတ်ခဲများကို တစ်နေ့နေ့တစ်ချိန်ချိန်တွင် သိပ္ပံပညာရှင်တို့ ဆုတ်လုပ်လာနိုင်စေရန် ယင်းသုတေသနက လမ်းခင်းပေးသည်။

ဆေးပညာ – ဆေးပညာဆိုင်ရာနိုဗဲဆုကို လန်ဒန်မြို့ဘုရင့်ကောလိပ်ဆေးရုံမှ ဗြိတိသျှလူမျိုး ဆေးသိပ္ပံပညာရှင် ဆာ ဂျိမ်းစ် ဘလက် (၆၄ နှစ်) နှင့် ကာရိုလိုင်းနားမြောက်ပိုင်းဘာရိုးဝဲလ်ကမ်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ အမေရိကန်လူမျိုး ဆေးသုတေသနပညာရှင်များဖြစ်ကြသော ဂါးထရူ အီလီယန် (၇၁ နှစ်) နှင့် ဂျော့ ဟစ်ချင်းစ် (၈၃ နှစ်) တို့အား ချီးမြှင့်သည်။ ဂါးထရူ အီလီယန်သည် အမျိုးသမီးပညာရှင် ဖြစ်သည်။ အီလီယန်နှင့် ဟစ်ချင်းစ်တို့သည် ၁၉၄၅ ခုနှစ်ကတည်းက လုပ်ဖော်ကိုင်ဖက်များ ဖြစ်ခဲ့ကြသည်။ စီးပွားရေးအရ ဆေးဝါးထုတ်လုပ်သောလုပ်ငန်းမှ ဆေးသုတေသနပညာရှင်များအား အသိအမှတ်ပြုလိုက်ခြင်းသည် နိုဗဲဆုကော်မတီ၏ အစဉ်အလာတစ်ရပ်ကို ထူးထူးခြားခြားဖောက်ဖျက်လိုက်ခြင်းဖြစ်သည်ဟု ဝေဖန်ခံရသည်။

ရောဂါကင်းသောဆဲလ်များသည် ကင်ဆာစဲ့ဆဲလ်များ၊ ရောဂါဖြစ်စေသော ဘက်တီးရီးယားနှင့်ဗိုင်းရတ်ပိုးများနှင့် ကြီးထွားမှုလည်းမတူ၊ မျိုးဗီဇသတင်းပို့မှုလည်း ကွာခြားကြောင်းဖြင့် အီလီယန်နှင့်ဟစ်ချင်းစ်တို့က ၁၉၄၀ ပြည့်လွန်နှစ်များအတွင်းတွင်ပင် လေ့လာတွေ့ရှိခဲ့ကြသည်။ အီလီယန်နှင့်ဟစ်ချင်းစ်တို့သည် ယင်းကင်ဆာစဲ့ဆဲလ်များနှင့် အဏုဇီဝပိုးများကို ထပ်တူကူး ဟန့်တားသည့် ဆေးဝါးများဖြင့် ထိတွေ့စမ်းသပ်ကြည့်သည်။ ဤသို့ဖြင့် သွေးကင်ဆာနှင့် ငှက်ဖျားတို့အပါအဝင် ရောဂါအများအပြားအတွက် ဆေးဝါးသုံးကုထုံးသစ်များ ဖော်ထုတ်နိုင်စေသော ချဉ်းကပ်နည်းတစ်နည်းကို အခိုင်အမာရရှိခဲ့ကြသည်။ ၁၉၅၇ ခုနှစ်တွင် အီလီယန်နှင့်ဟစ်ချင်းစ်တို့သည် ကိုယ်ခန္ဓာအစား ထိုးကုသမှုခွင့် ခန္ဓာသစ်ပယ်ခြင်းကို ထိန်းချုပ်နိုင်သည့် အေဇာသိုင်အိုပရင်းအမည်ရှိ ဆေးဝါးကို ထုတ်ဖော်နိုင်ခဲ့သည်။ ရေယုန်ဗိုင်းရတ်ပိုးကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါများကို ကုသရာတွင် သုံးနိုင်သည့် အေဆိုင်ကလိုဗာ ဆေးဝါးကို ထုတ်ဖော်ခဲ့သည်။ ယင်း



ဆေးပညာဆိုင်ရာနိုဗဲဆုကို ဟစ်ချင်းနှင့်အီလီယန် (အပေါ်ပုံ) တို့နှင့်အတူ ဗြိတိသျှလူမျိုး ဆေးသိပ္ပံ ပညာရှင် ဆာဂျိမ်း ဘလက်က ရရှိသည်။



အတွေ့အကြုံပေါ်မူတည်၍ မူလကိုယ်ခံစွမ်းအားလျော့နည်းကျဆင်းရောဂါ (အေ့ဒ်စ်) ကို သက်သာစေသော အေဇီဗိုသိုင်မိဒင်းဆေးဝါး (အေဇက်တီ) ကို ထုတ်လုပ်သည်။ လူသေစေသော အေ့ဒ်စ်ဗိုင်းရတ်ပိုး၏ ထိုးနှက်မှုကို ဟန့်တားရန် ထုတ်လုပ်သော ဆေးဝါးများအနက် အေဇက်တီသည် ယခုအချိန်ထိ အာနိသင်အထက်ဆုံးဆေးဝါး ဖြစ်သည်။ (မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းရောဂါ—ရှု။)

အီလီယန်နှင့်ဟစ်ချင်းစ်တို့က ယင်းဆဲလ်၏အတွင်းပိုင်းလုပ်ဆောင်ချက်တို့ကို အာရုံပြု၍ လေ့လာနေစဉ်တွင်ပင် ဘလက်က ဆဲလ်များတစ်ခုနှင့်တစ်ခုကြား ဓာတုသတင်းစကား ပေးပို့ဖလှယ်ပုံကို အလေးထား၍ စူးစမ်းခဲ့သည်။ ဘလက်သည် ၁၉၆၂ ခုနှစ်တွင် ပရိုနိသာလောဆေးဝါးကို လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် ပရိုပရာနိုလောဆေးဝါးကိုလည်းကောင်း ဖော်ထုတ်ခဲ့သည်။ သွေးတိုးရောဂါနှင့် နှလုံးရောဂါတို့ကို ကုသရာ၌ အသုံးဝင်သောဆေးဝါးများ ဖြစ်သည်။ နောက်ပိုင်းတွင် ပက်ဗတစ်အနာခွက်ကုသရေး၌ အထောက်အကူပြုသော ဆိုင်မတီဒင်းဆေးဝါးကိုလည်း ဖော်ထုတ်ခဲ့သည်။

စီးပွားရေးပညာ – ပြင်သစ်နိုင်ငံတွင် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ဦးတည်ရာလမ်းကြောင်း ပြောင်းလဲကာ

နိုင်ငံပိုင် စက်မှုလုပ်ငန်းအများအပြားကို ပဂ္ဂလိကပိုင် လက်တွင်းသို့ ပြန်လည်အပ်နှံသောအခါ အားရကျေနပ်မှု အရှိဆုံး စီးပွားရေးပညာရှင်ဖြစ်သည်ဟု ဆိုစမှတ်ပြုကြသည့် မောရစ် အော်လားရစ် (၇၇ နှစ်) အား ၁၉၈၈ ခုနှစ် စီးပွားရေးပညာဆိုင်ရာ နိုဗဲဆုကို အပ်နှင်းသည်။ ပြင်သစ်နိုင်ငံ၏ ထိပ်တန်းစီးပွားရေးပညာရှင် အော်လားရစ်သည် ကမ္ဘာစစ်အပြီး နိုင်ငံပြန်လည် တည်ဆောက်ရေးကာလ အတွင်းတွင်ပင် နိုင်ငံပိုင်သိမ်းယူခြင်းကို ဆန့်ကျင်ခဲ့သူ ဖြစ်သည်။ ထိုကာလအတွင်း ပြင်သစ်စီးပွားရေးပညာရှင် အားလုံးနီးပါးက နိုင်ငံပိုင်သိမ်းခြင်းကို ထောက်ခံအား ပေးနေခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ အော်လားရစ်သည် ပြင်သစ်နိုင်ငံစက်မှုလုပ်ငန်း မူဝါဒချမှတ်ရာ၌ တစ်မူထူးသော အဆိုပြုချက်များဖြင့် သြဇာညောင်းသည့် စီးပွားရေးပညာရှင်အဖြစ် ရပ်တည်နိုင်ခဲ့သည်။ စျေးကွက်အင်အားများအရ စျေးနှုန်းများသတ်မှတ်၍ သယံဇာတ အရင်းအမြစ်များကို ခန့်ခွဲသုံးသောအခါ နိုင်ငံတော်က ဦးစီးလုပ်ကိုင်သော စီးပွားရေးလုပ်ငန်းကြီးများသည်ပင် လျှင် အထိရောက်ဆုံး စွမ်းဆောင်နိုင်သည်ဟူ၍ အခိုင်အမာတင်ပြခဲ့သည်။

အော်လားရစ်တင်ပြခဲ့သော သီအိုရီအများအပြားနှင့် ၎င်းတို့ကို ထောက်ခံရှင်းလင်းသည့် သခ်ၤာပုံသေနည်း အမြောက်အများအတွက် နိုဗဲဆုကို ချီးမြှင့်ခဲ့ခြင်းပင်ဖြစ်သည်။ အော်လားရစ်သည် စီးပွားရေးကျမ်း အစောင် စောင်ကို ရေးသားခဲ့သည့်အနက် နက်နဲခက်ခဲဆုံးသော ဂန္ထဝင်လက်ရာဟုဆိုအပ်သည့် စီးပွားရေးစည်းကမ်းတစ်ရပ် ရှာပုံတော်အမည်ရှိစာအုပ်ကို ၁၉၄၃ ခုနှစ်က ပုံနှိပ်ထုတ် ဝေခဲ့သည်။ စာမျက်နှာ ၉၀၀ ရှိသော ယင်းစာအုပ်ကို အခြားဘာသာစကားများဖြင့် ဘာသာပြန်နိုင်ခြင်း မရှိသေးချေ။

ပါရီမြို့သား ကုန်ပဒေသာဆိုင်ပိုင်ရှင်တစ်ဦး၏ သား ဖြစ်သော အော်လားရစ်သည် ရှေးဦးစွာ အင်ဂျင်နီယာဘွဲ့ ရရှိသည်အထိ ပညာဆည်းပူးခဲ့သည်။ သို့ရာတွင် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း စီးပွားရေးကျဆင်းမှုကပ်ကြီးကို မြင်တွေ့ရသောအခါတွင် စီးပွားရေး ပညာနယ်ပယ်သို့ ဦးတည်လှေ့လာခဲ့ပြန်သည်။ ပြင်သစ်သတ္တုတွင်းလုပ်ငန်း စီမံခန့်ခွဲရေးဌာနတွင် ခုနစ်နှစ်ကြာ အလုပ်လုပ်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ပါရီမြို့ရှိ စီးပွားရေး တက္ကသိုလ်၌ ပါမောက္ခဖြစ်လာသည်။

အတိုးနှုန်း၊ စီးပွားရေးတိုးတက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တို့၏ ဆက်စပ်မှုအပါအဝင် စီးပွားရေးဆိုင်ရာဆက်နွယ်မှု အများအပြားနှင့် စပ်ဆိုင်သည့်သီအိုရီများကို အော်လား ရစ်က ထုတ်ဖော်တင်ပြခဲ့သည်။ သို့ရာတွင် စီးပွားရေး လုပ်ငန်းတစ်ရပ်အနေဖြင့် ကျောက်မီးသွေး သို့မဟုတ် လျှပ်စစ်မှတ် တို့ကဲ့သို့သော ထုတ်ကုန်ပစ္စည်းမျိုးများ၏ စျေးနှုန်းများကို လူအဖွဲ့အစည်းအတွက် အကောင်းဆုံး ဖြစ်မည့်အဆင့်၌ သတ်မှတ်သည့်နည်းလမ်းကို ညွှန်ပြသော ပုံသေနည်းများက သြဇာအညောင်းဆုံးဖြစ်သည်။

ငြိမ်း ချမ်း ရေး – ငြိမ်း ချမ်း ရေး နိုဗဲဆုကို ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့က ဆွတ် ခူး ရ ရှိ သည်။ ကမ္ဘာတစ်ခွင် ဒေသဆိုင်ရာ ပဋိပက္ခများတွင် အပြန်အလှန် ပစ်ခတ်မှုများအကြား နှစ်ပေါင်း ၄၀ ကြာ တာဝန်ထမ်း ဆောင်ခဲ့မှုအတွက် ဆုရရှိခြင်းဖြစ်သည်ဟုဆိုသည်။ အုပ်စု ခုနစ်ခုခွဲထားသော ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင် တစ်သောင်းခန့်တို့သည် ကုလသမဂ္ဂအပေါ် ယုံကြည်အား ထားမှု ရှိလာအောင် ဆောင်ကြဉ်း ပေးခဲ့ကြသည်ဟု နော်ဝေးနိုင်ငံ နိုဗဲဆုကော်မတီက ကြေညာသည်။ (ကုလ သမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ — ရှု။)

စာပေ – အီဂျစ်နိုင်ငံမှ စာရေးဆရာ နာဂွစ် မားဖောက် သည် ၁၉၈၈ ခုနှစ်အတွက် စာပေဆိုင်ရာနိုဗဲဆုကို ဆွတ် ခူး ရရှိသည်။ မားဖောက်သည် အာရပ်ဘာသာဖြင့် ရေး သားသူများအနက် စာပေဆိုင်ရာ နိုဗဲဆုကို ပထမ ဦးဆုံးရရှိသူဖြစ်သည်။ ဖာရိုးဘုရင်များ အုပ်စိုးစဉ်က နိုင်းမြစ်ဝှမ်းမှ ခေတ်သစ်ကိုင်ရိုမြို့ လမ်းမကြီးများအထိ နောက်ခံကျောရိုးပြုလျက် လူသားတို့၏ ဘဝတန်ဖိုး ရှာပုံ တော်ဖွင့်ကြပုံကို မားဖောက်က မော်ကွန်းကမ္ပည်းတင်ခဲ့ သည်။

အသက် ၇၆ နှစ်ရှိပြီဖြစ်သော မားဖောက်သည် မိမိ

စီးပွားရေးပညာဆိုင်ရာ နိုဗဲဆုရှင် မောရစ် အော်လားရစ်



ကိုယ်ကို နှိမ့်ချတတ်သူဖြစ်၍ ကော်ဖီဆိုင်များတွင် ကျက်စားလေ့ရှိသူဖြစ်သည်။ ဆင်းရဲမွဲတေမှုကို သရုပ်ဖော်ပုံကောင်းခြင်းကြောင့် အင်္ဂလိပ်စာရေးဆရာ ချားလ်စ်ဒစ်ကင်း(၁၈၁၂–၁၈၇၀)နှင့် မားဖောက်ကို နှိုင်းယှဉ်ပြောဆိုလေ့ရှိကြသည်။ ဝတ္ထုရေးနည်း အတတ်ပညာမြှင့်တင်ပေးခဲ့သည့်အတွက် နိုဗဲစာပေဆု ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အာရုပ်စာပေတွင် ဝတ္ထုရေးနည်း အတတ်ပညာသည် အတန်အသင့်ဆန်းသစ်သော အတတ်ပညာတစ်ရပ်ဖြစ်သည်ဟု ဆိုသည်။

အာဖရိကတိုက်က စာပေဆိုင်ရာနိုဗဲဆုရသူနှစ်ဦးအနက် မားဖောက်သည် ဒုတိယမြောက်ဖြစ်သည်။ နိုင်ဂျီးရီးယားနိုင်ငံက ဝိုး ဆိုယင်ကာသည် ၁၉၀၆ ခုနှစ်တွင် စာပေဆိုင်ရာနိုဗဲဆုကို ရရှိခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

။ ။မြန်မာနိုင်ငံတော် တစ်ဝန်းလုံး၌ အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန် အတွက် ၁၉၀၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် တပ်မတော်သည် နိုင်ငံတော်၏အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။

တပ်မတော်အနေဖြင့် တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရန် အစုမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက၊ သမဝါယမတို့ ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး တည်းဟူသော လက်ငင်းလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန်အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဖွဲ့စည်းပြီး ယင်းကဲ့သို့ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်ခြင်းဖြစ်ကြောင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၈၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဖွဲ့စည်းခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၈–၉–၈၈ နေ့စွဲပါ အမိန့်အမှတ်(၁/၈၈)အရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်။

(၁)	ဗိုလ်ချုပ်ကြီး စောမောင်	.... ဥက္ကဋ္ဌ
(၂)	ဒုတိယ ဗိုလ်ချုပ်ကြီး သန်းရွှေ	.... အဖွဲ့ဝင်
(၃)	ဗိုလ်ချုပ် မောင်မောင်ခင်	.... အဖွဲ့ဝင်
(၄)	ဗိုလ်ချုပ် တင်ထွန်း	.... အဖွဲ့ဝင်
(၅)	ဗိုလ်မှူးချုပ် အောင်ရဲကျော်	.... အဖွဲ့ဝင်
(၆)	ဗိုလ်ချုပ် ဘုန်းမြင့်	.... အဖွဲ့ဝင်
(၇)	ဗိုလ်ချုပ် စိန်အောင်	.... အဖွဲ့ဝင်
(၈)	ဗိုလ်ချုပ် ချစ်ဆွေ	.... အဖွဲ့ဝင်
(၉)	ဗိုလ်မှူးချုပ် ကျော်ဘာ	.... အဖွဲ့ဝင်
(၁၀)	ဗိုလ်မှူးကြီး မောင်သင့်	.... အဖွဲ့ဝင်
(၁၁)	ဗိုလ်မှူးချုပ် မောင်အေး	.... အဖွဲ့ဝင်
(၁၂)	ဗိုလ်မှူးချုပ် ဥာဏ်လင်း	.... အဖွဲ့ဝင်
(၁၃)	ဗိုလ်မှူးချုပ် မြင့်အောင်	.... အဖွဲ့ဝင်
(၁၄)	ဗိုလ်မှူးချုပ် မြသင်း	.... အဖွဲ့ဝင်
(၁၅)	ဗိုလ်မှူးချုပ် ထွန်းကြည်	... အဖွဲ့ဝင်
(၁၆)	ဗိုလ်မှူးချုပ် အေးသောင်	.... အဖွဲ့ဝင်
(၁၇)	ဗိုလ်မှူးချုပ် မျိုးညွန့်	.... အဖွဲ့ဝင်
(၁၈)	ဗိုလ်မှူးချုပ် ခင်ညွန့်	အတွင်းရေးမှူး (၁)
(၁၉)	ဗိုလ်မှူးကြီး တင်ဦး	အတွင်းရေးမှူး (၂)

တို့ဖြစ်ကြသည်။

တစ်ဆက်တည်းပင် တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် ရဟန်းရှင်လူ ပြည်သူများလိုက်နာရန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် (၂/၈၈) ထုတ်ပြန်သည်။

ထို့နေ့တွင်ပင် နိုင်ငံတော် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများဖြစ်သော (က) ပြည်သူ့လွှတ်တော်၊ (ခ) နိုင်ငံတော်ကောင်စီ၊ (ဂ) ဝန်ကြီးအဖွဲ့၊ (ဃ) ပြည်သူ့တရားသူကြီးအဖွဲ့၊ (င) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ (စ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် (ဆ) ပြည်နယ်/တိုင်း/မြို့နယ်/ရပ်ကွက်/ကျေးရွာ ပြည်သူ့ကောင်စီ အဆင့်ဆင့်ကို ဖျက်သိမ်း၍ ဒုတိယဝန်ကြီးများကို တာဝန်မှ ရပ်စဲလိုက်ကြောင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကြေညာချက်အမှတ် (၂/၈၈) ကိုထုတ်ပြန်ခဲ့သည်။

လက်ရှိအားဖြင့်ဆိုလျှင်ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပါတီစုံ ဒီမိုကရေစီ စနစ်ကို တောင်းဆိုနေကြသည့် အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေကြချိန်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်း အကောင်အထည်ဖော်နိုင်ရန် ဖွဲ့စည်းထားရှိပြီးဖြစ်သော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်ကို ဆက်လက် ထားရှိမည်ဖြစ်ကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်

ရေးအဖွဲ့၏ ကြေညာချက်အမှတ် (၁/၈၈) တွင် အတိုအလင်း ဖော်ပြခဲ့သည်။

ရွေးကောက်ပွဲကော်မရှင်

ဖွဲ့စည်းထားရှိပြီးဖြစ်သော ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တွင် ကော်မရှင် ဥက္ကဋ္ဌအဖြစ် (၁) ဦးဘဌေး (အငြိမ်းစား ဘဏ္ဍာတော်မင်းကြီး) ပါဝင်၍ အဖွဲဝင်များမှာ (၂) ဦးကျော်ညွန့် (အငြိမ်းစား ကနေဒါနိုင်ငံဆိုင်ရာ သံအမတ်ကြီး)၊ (၃) ဦးစန်းမောင် (အငြိမ်းစား ချုပ်တာစုဆောင်းရေးနှင့် အာမခံစာချုပ်များ မင်းကြီး)၊ (၄) ဦးစောကြာဒိုး (အငြိမ်းစားဗိုလ်မှူးချုပ်)၊ (၅) ဆရာချယ် (ယခင် ပါလီမန်အမတ်နှင့် ယခင် ပြည်သူလွှတ်တော်ကိုယ်စားလှယ်) တို့ ဖြစ်ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲသည် ပါတီစုံ ဒီမိုကရေစီကို အမြန်ဆုံး ပေးချင်သည့် စေတနာရှိကြောင်း၊ မလွဲမရှောင်သာ တာဝန်ယူလိုက်ရသော်လည်း အာဏာလိုချင်၍ မဟုတ်ကြောင်း၊ ကန့်သတ်ချက်၊ တာဝန်မြစ်ချက်၊ ချုပ်ချယ်ချက် ဘာတစ်ခုမျှ မရှိပါကြောင်း၊ ကော်မရှင်၏ လိုအပ်ချက် အကူအညီများ ရှိပါက မိမိတို့အဖွဲမှ အစုံမ်းကုန် ကူညီမည်ဖြစ်ကြောင်း စသည်ဖြင့် ရွေးကောက်ပွဲကော်မရှင်နှင့် စက်တင်ဘာလ ၁၉ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်က ဒဂုံရိပ်သာဌာနတွေ့ဆုံဆွေးနွေးစဉ် ဗိုလ်ချုပ်ကြီး စောမောင်က အတိုအလင်း ပြောကြားခဲ့သည်။ ထိုနေ့ နံနက်စောစောပိုင်းက ဗိုလ်ချုပ်ကြီး စောမောင်သည် ဌာနဆိုင်ရာအသီးသီးမှ ညွှန်ကြားရေးမှူး ချုပ် များ နှင့် ဦးဆောင်ညွှန်ကြားရေးမှူး များအား ကာကွယ်ရေးဦးစီးချုပ်ရုံး ခန်းမဆောင်၌ တွေ့ဆုံ၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ၏ သဘောထားကို ရှင်းလင်းပြောကြားခဲ့သေးသည်။

အစိုးရအဖွဲဝင်များ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ၏ ဘာဝန်ပေးချက်အရ အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အုပ်ချုပ်ရေးအစိုးရအဖွဲကို ဖွဲ့စည်း၍ ဝန်ကြီး ဌာနများ အသီးသီးတွင် တာဝန်ယူဆောင်ရွက်ကြရန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ၏ ၂၀–၉–၈၈ နေ့စွဲပါ ကြေညာချက် အမှတ် (၄/၈၈) ကို ထုတ်ပြန်သည်။

(က) ဗိုလ်ချုပ်ကြီး စောမောင်
- ကာကွယ်ရေးဝန်ကြီးဌာန၊
- နိုင်ငံခြားရေးဝန်ကြီးဌာန၊

တပ်မတော်သားများ သိမ်ကြီးစျေးတစ်ဝိုက်တွင် သန့်ရှင်းရေးပြုလုပ်နေကြစဉ်



(ခ) ဗိုလ်ချုပ် မောင်မောင်ခင်
- စိမ်ကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊
- စွမ်းအင်ဝန်ကြီးဌာန၊
- သတ္တုတွင်းဝန်ကြီးဌာန၊

(ဂ) ဗိုလ်ချုပ် တင်ထွန်း
- ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊
- ဆောက်လုပ်ရေးဝန်ကြီးဌာန၊

(ဃ) ဗိုလ်ချုပ် ဘုန်းမြင့်
- ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊
- ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊

(င) ဗိုလ်မှူးချုပ် အောင်ရဲကျော်
- ပညာရေးဝန်ကြီးဌာန၊
- လူမှုဝန်ထမ်းနှင့် အလုပ်သမားဝန်ကြီးဌာန၊

(စ) ဗိုလ်ချုပ် စိန်အောင်
- အမှတ်(၁) စက်မှုဝန်ကြီးဌာန၊
- အမှတ်(၂) စက်မှုဝန်ကြီးဌာန၊

(ဆ) ဗိုလ်ချုပ် ချစ်ဆွေ
- သမဝါယမဝန်ကြီးဌာန၊
- မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊
- လယ်ယာနှင့်သစ်တောဝန်ကြီးဌာန၊

(ဇ) ဗိုလ်မှူးကြီး အောဘယ်လ်
- ကုန်သွယ်ရေးဝန်ကြီးဌာန၊

(စျ) ဒေါက်တာ ဖေသိန်း
- ကျန်းမာရေးဝန်ကြီးဌာန တို့ ဖြစ်ကြသည်။

အစိုးရအဖွဲ့ဝင်များက အစိုးရအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး စောမောင်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ၂၁-၉-၁၈ နေ့စွဲပါ ကြေညာချက် အမှတ် (၁/၁၈) ဖြင့် ကြေညာသည်။

ပြည်နယ်/တိုင်းနှင့် မြို့နယ်အဖွဲ့များ

၂၀-၉-၁၈ နေ့တွင် တစ်ဆက်တည်း ကြေညာသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၏ ကြေညာချက်အမှတ် (၅/၁၈) အရ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သည် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အသီးသီးကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

(က) ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

(၁) သက်ဆိုင်ရာ စစ်ဌာနချုပ် တိုင်းမှူး.....ဥက္ကဋ္ဌ၊
(၂) ပြည်နယ်/တိုင်း အထွေထွေဦးစီးဌာနမှူး....အဖွဲ့ဝင်
(၃) ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူး .....အဖွဲ့ဝင်၊
(၄) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ.....အတွင်းရေးမှူး၊

(ခ) မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

(၁) တပ်မတော်အရာရှိ.....ဥက္ကဋ္ဌ၊
(၂) မြို့နယ် အထွေထွေဦးစီးဌာနမှူး .....အဖွဲ့ဝင်၊
(၃) မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး .....အဖွဲ့ဝင်၊
(၄) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ.....အတွင်းရေးမှူး၊

"ပြည်နယ်/တိုင်းအဖွဲ့တွင် ဖြစ်စေ၊ မြို့နယ်အဖွဲ့တွင်ဖြစ်စေ ရာထူးအလျောက် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခန်မသင့်တော်ပါက၊ ယင်းဌာနမှ အခြားသင့်တော်သူတစ်ဦးဦးအား အစားထိုး တာဝန်ပေးအပ်ရမည်" ဟူ၍ ဖြစ်သည်။

မြို့နယ်စုနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၂၆-၉-၁၈ နေ့တွင်ပင် မြို့နယ်စုနှင့်ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်တို့တွင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာချက်အမှတ် (၇/၁၈) ဖြင့် ကြေညာသည်။

(၁) မြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

(က) တပ်မတော်အရာရှိ .. ..ဥက္ကဋ္ဌ
(ခ) ပြည်နယ်/တိုင်း ဒုတိယအထွေထွေ ဦးစီးဌာနမှူး .....အဖွဲ့ဝင်
(ဂ) ဒုတိယ ပြည်နယ်/တိုင်း ပြည်သူ့ရဲတပ်ဖွဲ့မှူး .....အဖွဲ့ဝင်
(ဃ) ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ ....အတွင်းရေးမှူး


(၂) ရပ်ကွက်/ကျေးရွာ အုပ်စု ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့

(က) ရပ်ကွက်/ကျေးရွာအုပ်စုမှ ကြည်ညိုလေးစားသူ အဖွဲ့ဝင် သုံး ဦး။
(ယင်းအဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌအား မြို့နယ်မှ ရွေးချယ်တာဝန်ပေးအပ်ရန်)
(ခ) ရပ်ကွက်/ကျေးရွာအုပ်စု စာရေးတစ်ဦး (အမှုထမ်း)
(ဂ) မည်သည့် နိုင်ငံရေးအဖွဲ့အစည်းတွင်မှ ပါဝင်ခဲ့သူမဖြစ်စေရ ဟူ၍ ဖြစ်သည်။

စစ်စည်းကမ်း

စစ်စည်းကမ်းသည် တပ်မတော်၏ ကျော်ရိုးမဏ္ဍိုင်ဖြစ်သည်နှင့်အညီ တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိအကြပ်တပ်သားတိုင်း စစ်စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စက်တင်ဘာလ ၂၀ ရက်နေ့စွဲဖြင့် အမိန့်ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့



အပ်ကုန်စနစ်ဖြင့် တင်သွင်းရောင်းချသည့် မော်တော်ယာဉ်များ အရောင်းပြခန်းအတွင်း ကုန်သွယ်ရေးဝန်ကြီး ဗိုလ်မှူးကြီး အေဘယ်လ်နှင့် ဖိတ်ကြားထားသူများ လှည့်လည်ကြည့်ရှုကြစဉ်

အဆိုပါအမိန့်တွင် (က) တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည်နှင့်အညီ နိုင်ငံတော်တွင် စည်းကမ်းအကြီးဆုံးသော လက်နက်ကိုင်အဖွဲ့ဖြစ်မှသာလျှင် ပြည်သူလူထု၏ ကြည်ညိုလေးစားမှုကို ရရှိပေမည်။ (ခ) တပ်မတော်သားတိုင်းသည် ငွေရေး၊ ကြေးရေး အရှုပ်အရှင်း ကင်းရှင်းရမည်။ (ဂ) အမျိုးသမီးများနှင့် ကင်းကင်းရှင်းရှင်း နေထိုင်တတ်၍ စစ်စည်းကမ်း ဖောက်ဖျက်မှု၊ မဖွယ်မရာပြုမှု၊ အတင်းအဓမ္မပြုမှုတို့ကို အထူးရှောင်ကြဉ်ရမည်။ (ဃ) မိမိရရှိထားသောအာဏာကို အလွဲသုံးစားမှု မပြုစေရန် ဂရုပြုရှောင်ရှားရမည်။ (င) တာဝန်ဝတ္တရားနှင့်ဖြစ်စေ၊ အခြားကိစ္စတစ်ခုခုနှင့် ဖြစ်စေ၊ အမှုထမ်း၊ အရာထမ်းများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရာတွင်လည်းကောင်း ချောင်ပြေပြစ်စွာနှင့် တပ်မတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်အောင် ဆက်ဆံကြရမည်ဟူသော စည်းကမ်းချက်များ ပါဝင်သည်။

ရွေးကောက်ပွဲဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် ၂၁–၉–၈၈ နေ့စွဲဖြင့် အခန်း (၄) ခန်းပါဝင်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းကြောင်း ကြေညာချက် ထုတ်ပြန်သည်။ ယင်း ဥပဒေနှင့်အညီ ၁၉၀၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ထိ မှတ်ပုံတင်ခွင့် ရရှိသောပါတီပေါင်းသည် ၁၇၆ ပါတီရှိသည်။

ဝန်ထမ်းများလုပ်ငန်းခွင်သို့ဝင်ခြင်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ကြေညာချက်များ၊ အမိန့်များ ထုတ်ပြန်ပြီးသည့်နောက် ပိုင်းတွင် နိုင်ငံနှင့်အဝန်းမြို့နယ်အသီးသီးမှ စက်ရုံအလုပ်ရုံများ၊ ရုံးလုပ်ငန်းဌာနများရှိ ဝန်ထမ်းများလုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်လျက်ရှိကြရာ အောက်တိုဘာလ ၃ ရက်နေ့မှစ၍ တစ်နိုင်ငံလုံးရှိဝန်ထမ်းအားလုံးလိုပင် လုပ်ငန်းခွင်များသို့ စုံစုံညီညီဝင်ရောက်လုပ်ကိုင်ကြသည်။

နယ်စပ်သို့ ရောက်ရှိသွားသော ကျောင်းသားလူငယ်များ

ကျောင်းသူ ကျောင်းသားများအပေါ် မည်သည့်အာဏာတမျှမထားကြောင်း တပ်မတော်၏ သဘောထား

ကြေညာချက်ကို၊ ဒုတိယ ကာကွယ်ရေး ဦး စီး ချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေက ၂၆ – ၉ - ၈၈ နေ့စွဲဖြင့် ကြေညာချက် ထုတ်ပြန်သည်။

တောတောင်ထူထပ်ပြီး ငှက်ဖျားရောဂါ ထူပြောသည့် အပြင် ဆေးဝါးရိက္ခာ ပြတ်လပ်ရာ ဒေသများဖြစ်သော နယ်စပ်ဒေသများ၊ တစ်ဘက်နိုင်ငံနှင့် သောင်းကျန်းသူ စခန်းများသို့ ရောက်ရှိကာ အတိဒုက္ခတွေ့နေသော စုစုပေါင်း ၃၀၀၀ ကျော်ခန့်ရှိသည့် ကျောင်းသားလူငယ်များ မိဘရပ်ထံ ချောချောမောမော ပြန်လည်ရောက်ရှိအောင် နိုင်ငံတော်အစိုးရက ကြိုဆိုလက်ခံရေး အစီအစဉ်များပြု လုပ်ထားရှိရာ အောက်တိုဘာလ ၁၄ ရက်နေ့မှစ၍ သက်ဆိုင်ရာ တိုင်း၊ ပြည်နယ်၊ မြို့နယ်အလိုက် ကြိုဆိုလက်ခံရေး အဖွဲ့များ ဖွဲ့စည်းခဲ့သည့်ပြင် နယ်စပ်ဒေသနှင့် နီးစပ်သည့် မြို့ပေါင်း (၂၇) မြို့နယ်တွင် ကြိုဆိုလက်ခံရေး စခန်းများ ဖွင့်လှစ်ခဲ့သည်။ နိုဝင်ဘာလ (၁၈) ရက်နေ့ နောက်ဆုံးထား ကာ လက်ခံရန် မူလကစီစဉ်ခဲ့သော်လည်း ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ရက်တိုးကာ ပြင်ဆင်သတ်မှတ်ခဲ့သည်။

ကျောင်းသူ ကျောင်းသားများရှိနေသည်ဟု သတင်း ရရှိသော စခန်းများရှိရာတစ်ဝိုက်သို့ တပ်မတော်၏သဘော ထားနှင့် ကြိုဆိုလက်ခံရေးစခန်းများတွင် ကြိုဆိုလက်ခံ မည့် အစီအစဉ်ပါရှိသည့် စာရွက်များကို အောက်တိုဘာ လ ၂၀ ရက်နေ့က လေယာဉ်ပျံများဖြင့်ကြဲချပြီး ကျောင်း သားများသိရှိအောင် ဆောင်ရွက်ခဲ့သည်။ တစ်ဘက်နိုင်ငံ ဘက်ရောက်ရှိနေသော ကျောင်းသားများကိုမူ မိမိနိုင်ငံ ဘက် ရောက် ရှိ ရေးအတွက် သံတမန်နည်းအရလည်း ညှိနှိုင်းဆောင်ရွက်သည်။

အောက်တိုဘာလ ၃၀ ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်ခင်ညွန့်က ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအား ကျောင်းသားများအတွက် ထိုင်းနိုင်ငံ၌ စခန်း ဖွင့်လှစ်လက်ခံရေးအတွက် ထိုင်းအစိုးရတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကလည်း အောက်တိုဘာလ ၃၁ ရက် နေ့တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ နှင့်တွေ့ဆုံပြီးကျောင်းသားများ လက်ခံရေးစခန်းဖွင့်လှစ် ရန် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ထို့အတူ နိုင်ငံခြားရေးဝန် ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦး အုန်း ဂျော် က လည်း အောက်တိုဘာလ ၃၁ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံပြီး ကျောင်းသားများအတွက် စခန်းဖွင့်လှစ်ရေးကို တစ်ချိန် တည်း ညှိ နှိုင်း ဆောင် ရွက် ခဲ့သည်။ ထို့အပြင် ပြန်လည် ရောက်ရှိလာသော ကျောင်းသားများ၏ ကြေညာချက် များကိုလည်း အခြားသဘောသဘာဝကြေညာချက်များနှင့် အတူ နိုဝင်ဘာလ (၂၂) ရက်နှင့် (၂၃) ရက်တို့တွင် မိုင်းပန်မှ ကော့သောင်းအထိ နယ်စပ် တစ်လျှောက် တပ်မတော်လေယာဉ်ဖြင့် ကြဲချခဲ့သည်။

နယ်စပ်ဒေသ၊ တစ်ဘက်နိုင်ငံနှင့် ကေအင်န်ယူသောင်း ကျန်းသူများ၏ သဘောဘုံးစခန်းမှ အောက်တိုဘာလ ပထမပတ်မှ စ၍ နေ့စဉ်နှင့်အမျှတဖွဲဖွဲ ပြန်လည် ရောက်ရှိ လာကြသော ကျောင်းသူ ကျောင်းသားများမှာ ဒီဇင် ဘာလ ၃၀ ရက်နေ့ အထိ ၁,၇၉၀ ဦးရှိရာ ယင်းတို့ကို မိဘများထံ ပြန်လည်အပ်နှံပေးခဲ့သည်ဟု သတင်းထုတ် ပြန်သည်။

မြို့တော်စည်ပင်သာယာရေး

ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် မြို့တော်အင်္ဂါရုပ်များနှင့်အညီ သာယာလှပ၍ ကျန်းမာရေးနှင့် ညီညွတ်သော မြို့တော် ဖြစ်လာစေရန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အိုးအိမ်ဦးစီးဌာန၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်းတို့ ပူးပေါင်းပြီး မြို့တော် စည်ပင်သာယာရေးနယ်နိမိတ် အတွင်း သန့်ရှင်းရေးများ ပြုလုပ်ခြင်း၊ လမ်းဘေး လူသွားစင်္ကြံရှိ ကျူးကျော်စျေး ဆိုင်များ၊ ကျူးကျော်တဲများ ဖယ်ရှား ရှင်းလင်းခြင်း လုပ်ငန်းများကို စီမံချက်ချ၍ လုပ်ကိုင်ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားများအနေ ဖြင့် ချုံနွယ် ပိတ်ပေါင်းများ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ လမ်းဘေးနှင့် နောက် ဖေး လမ်းကြားများရှိ ရေနုတ်မြောင်းများ ဆယ်ခြင်း၊ ရေပုပ်များ စုပ်ထုတ်ခြင်း၊ အညစ်အကြေးများ ဖယ်ရှား ခြင်း၊ လမ်းဘေး ပလက်ဖောင်းများ တိုးချဲ့ ပြုလုပ်ခြင်း၊ ထုံးဆေး သုတ်ခြင်း စသည်တို့ကို မြို့တော်သန့်ရှင်းသာယာ ရေးအတွက် ဆောင်ရွက်ကြသည်။

လမ်းမကြီးများ၊ ရေနုတ်မြောင်း၊ ဆေးရုံများ၊ဘုရား ပုထိုး စေတီများ၊ တန်ဆောင်းများ၊ ပန်းဥယျာဉ်များ၊ စျေးများ၊ အားကစားကွင်းများ၊ တံတားများ၊ ဂိုဒေါင် များ ပတ်ဝန်းကျင် စသည်တို့တွင် ရှင်းလင်းသုတ်သင်၍ ပြုပြင်မွမ်းမံသည်။

မြို့တော် စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိ နိုင်ငံပိုင်အဆောက်အအုံများ၊ အစိုးရရုံးများကို ဆေး များသုတ်ကာ မွမ်းမံလှပ်ရှိပြီး ပုဂ္ဂလိကပိုင် တိုက်တာ နေအိမ် အဆောက်အအုံများကို အလားတူ ဆောင်ရွက် ကြစေရန် ဒီဇင်ဘာလကုန်အထိ ရက်သတ်မှတ်ပေး ခဲ့သည်။

ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့





နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ သတင်းထုတ်ပြန်ရေးအဖွဲ့က ၁၉ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ် တက်ရောက်ကြသော ပြည်တွင်းပြည်ပ သတင်းစာဆရာများ

သည် မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ကျူးကျော်ရပ်ကွက်များကို ရှင်းလင်း၍ လှိုင်သာယာ၊ အုတ်ဖို၊ မြောက်ဥက္ကလာ ဝေဘာဂီ၊ ပျဉ်းမပင်တောင်၊ မြရတနာ၊ ပတ္တမြားစသည့် မြို့သစ်များ ဖော် ထုတ် ကာ ယင်းမြို့သစ်များတွင် နေရာချထားပေးသည်။

သတင်းစာရှင်းလင်းပွဲများ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သတင်း ထုတ်ပြန်ရေး အဖွဲဝင်များသည် မြန်မာနိုင်ငံရှိ ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သည်။ ပထမအကြိမ် သတင်းစာရှင်းလင်းပွဲကို တပ်မတော်မှ နိုင်ငံတော်အာဏာ အရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်ပြီး ဒုတိယနေ့ဖြစ်သော ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင်ပြုလုပ်သည်။ ထုတ်ပြန်ကြေညာခဲ့သော ကြေညာချက်အမှတ် ၁၊ ၂၊ ၃ နှင့် အမိန့်အမှတ် ၁၊ ၂၊ ၃ တို့ကို ရှင်းလင်းပြီး လက်ငင်းဖြစ်ပွားနေသော အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်း သည်။

အလားတူစွာပင် စက်တင်ဘာလ ၂၁ ရက်၊ ၂၇ ရက်နှင့် ၃၀ ရက်နေ့များတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ (၂) (၃) နှင့် (၄) ကြိမ်မြောက်တို့တွင် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရအဖွဲ့ ကြေညာချက်အမှတ် (၁/၈၈) ကို ရှင်းလင်းခြင်း၊ ရန်ကုန်မြို့နှင့်နယ်များတွင် ဖြစ်ပွားခဲ့သော အခြေအနေကို ရှင်းလင်းခြင်း၊ ကျောင်းသူကျောင်းသား လူငယ်ကလေးများ နယ်စပ်ဒေသရောက်ရှိရာမှ ပြန်လည် ဝင်ရောက်လာသည့် ဖြစ်ရပ်များ၊ မိုင်းယန်းတွင် ပကပ သောင်းကျန်းသူများနှင့် တပ်မတော် တိုက်ပွဲဖြစ်ပွားသည့် ဖြစ်စဉ်များ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

တစ်ဖန် အောက်တိုဘာလ ၁၀ ရက်၊ ၁၇ ရက်၊ ၂၄ ရက်၊ ၂၈ ရက်နှင့် ၃၁ ရက်နေ့များတွင် ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲ (၅) (၆) (၇) (၈) နှင့် (၉) ကြိမ်မြောက်တို့တွင် ပြည်ပမှ မမှန်သတင်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းမှုအခြေအနေများကိုလည်းကောင်း၊ ကောလဟလသတင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မဲသဝေါ၊ မဲလ၊ ဝမ်ခတိုက်ပွဲ အခြေအနေများ၊ ရခိုင်ပြည်နယ် အကောက်ခွန် စခန်းကို ကုလားဆိုး သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ ပြည်တွင်း ပြည်ပလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များနှင့် စပ်လျဉ်း၍မူ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးက ပြည်တွင်းပြည်ပ သတင်းစာဆရာများနှင့် တွေ့ဆုံပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုဝင်ဘာလ ၄ ရက်၊ ၁၁ ရက်၊ ၁၆ ရက်နှင့် ၂၅ ရက် နေ့များတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ (၁၀) (၁၁) (၁၂) နှင့် (၁၃) ကြိမ်မြောက်တို့တွင်၊ ကျောင်းသားများ ပြန်လည်ရောက်ရှိမှု အခြေအနေ၊ လွတ်လပ်စွာ ပြောဆိုခွင့် ပုံနှိပ်ခွင့်နှင့်စပ်လျဉ်း၍ ရှင်းလင်းခြင်း၊ တိမ်းရှောင်ရာမှ ပြန်လည် ရောက်ရှိလာသော ကျောင်းဆရာ တစ်ဦးနှင့် ကျောင်းသား သုံးဦးအား သတင်းစာဆရာများက မေးမြန်းခြင်းများ၊ အောအိန္ဒိယ ရေဒီယိုနှင့် သတင်း ထုတ်လွှင့်မှု၊ ဘီဘီစီ၏ သတင်း ထုတ်လွှင့်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ယင်းအပြင် ဒီဇင်ဘာလ ၁ ရက်၊ ၂ ရက်နှင့် ၉ ရက်နေ့များတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ (၁၄) (၁၅) နှင့် (၁၆) ကြိမ်မြောက်တို့တွင် ကုန်သွယ်မှုဥပဒေ တံခါးဖွင့်ဝါဒ ကျင့်သုံးသွားမည့်အကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ [နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် (၁၀/၈၈)] နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကေအင်န်ယူ စခန်းများမှ ပြန်လည်ရောက်ရှိ သတင်းပို့လာကြသည့် ကျောင်းသား ခုနစ်ဦးနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ တွေ့ဆုံ မေးမြန်း ရှင်းလင်းပွဲကိုလည်းကောင်း ပြုလုပ်ခဲ့သည်။

ဆရာတော်ကြီးများ၏သြဝါဒခံယူခြင်း

ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်း သာသနာရေးဦးစီးမှူးတို့သည် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား တွေ့ဆုံ၍ ဆရာတော်ကြီးများ၏ မေတ္တာရပ်ခံချက်များကို လေးစား လိုက်နာပါကြောင်း၊ တရားဥပဒေ စိုးမိုးရေး ဆောင်ရွက်ရာတွင် အာဏာစက်နှင့်သာမရဘဲ၊ ဓမ္မစက်ဖြင့် ဆောင်ရွက်ရန် လည်း ရှိပါကြောင်း စသည်များ လျှောက်ထားကာ နာယကဆရာတော်ကြီးများ၏ သြဝါဒကိုခံယူသည်။

ထို့ပြင် နိုဝင်ဘာလ ၂၆ ရက်နေ့ကရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသော ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ပန္နရသမအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးသည် သာသနာရေးဆိုင်ရာ လျှောက်ထားချက်များကို လျှောက်ထားပြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး၏ သြဝါဒကထာမြွက်ကြားချက်ကို ခံယူသည်။

ကုန်စျေးနှုန်းကျဆင်းရေး

ရန်ကုန်တိုင်းအတွင်းရှိ လုပ်သားပြည်သူများ စားဝတ်နေရေး ချောင်လည်လာစေရေးအတွက် ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ကုန်စျေးနှုန်းကျဆင်းရေးကော်မတီဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည်။ နိုဝင်ဘာလ ၃၀ ရက်နေ့က ဖွဲ့စည်းခဲ့သော ရန်ကုန်တိုင်းကုန်စျေးနှုန်း ကျဆင်းရေး ကော်မတီတွင် ဥက္ကဋ္ဌ အဖြစ် အမှတ် (၅၅) ခြေမြန်တပ်မဟာ ဌာနချုပ်မှ တပ်မမှူးဗိုလ်မှူးကြီးကျော်မင်း၊ အတွင်းရေးမှူးအဖြစ် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ဒုတိယ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးအောင်ကိုး၊ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကက်စိန်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးကြီးကျော်တင့်၊ ရန်ကုန် တပ်နယ်မှူး ဗိုလ်မှူးကြီးခင်လတ်၊ ရောဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးသန်းညွှန့်၊ အမှတ် (၅၀၂) လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးကြီး မောင်မောင်တို့ ပါဝင်သည်။

ရန်ကုန်တိုင်းအတွင်း စားသုံးသူပြည်သူလူထု စျေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရာ၌ ရန်ကုန်တိုင်းအတွင်းရှိ ဆန်ကုန်သည်ကြီးများ၊ ကုန်စိမ်းကုန်သည်ကြီးများ၊ ကုန်ခြောက်ကုန်သည်ကြီးများ၊ ထင်းမီးသွေးကုန်သည်ကြီးများအား နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခြင်းကိုလည်းကောင်း၊ ညောင်ပင်လေးစျေး၊ လမ်းမတော်ပွဲရုံကြီးများ၊ မအူကုန်းသားသတ်ရုံများသို့ ဒီဇင်ဘာလ ၃ ရက်နေ့တွင် လှည့်လည်လေ့လာခြင်းကိုလည်းကောင်း၊ ဆန်ကုန်သည်ကြီးများ၊ သားငါးကုန်သည်ကြီးများ၊ ငါးခြောက်ကုန်သည်ကြီးများအား ဒီဇင်ဘာလ ၆ ရက်နေ့တွင် ထပ်မံဖိတ်ကြားခေါ်ယူကာ ဆွေးနွေးညှိနှိုင်းခြင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်း ကုန်စျေးနှုန်း ကျဆင်းရေး ကြီးကြပ်မှုကော်မတီကို တက်ရောက်လာသည့် ကုန်သည်ကြီးများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များဖြင့် တိုးခွဲဖွဲ့စည်းခြင်းကိုလည်းကောင်း၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်ရန်ကုန်တိုင်းသမဝါ

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်များ

ထုတ်ပြန်သည့် ရက်စွဲ	ကြေညာချက် အမှတ်	* အကြောင်းအရာ
၁၈–၉–၈၈	၁/၈၈	နိုင်ငံတော် တစ်ဝန်းလုံးတွင် အဘက်ဘက်မှ ယိုယွင်းနေသော အခြေအနေကို အချိန်မီထိန်းသိမ်းနိုင်ရန် တပ်မတော်က နိုင်ငံတော်၏ အာဏာ အရပ်ရပ်ကို လုံးဝ တာဝန်ယူကြောင်း၊
၁၈–၉–၈၈	၂/၈၈	ဗဟို အာဏာပိုင် အဖွဲ့အစည်းများကို ဖျက်သိမ်းကြောင်း၊
၁၈–၉–၈၈	၃/၈၈	ပြည်ထောင်စု မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံရေးဝါဒကို ဆက်လက် ကျင့်သုံးမည် ဖြစ်ကြောင်း၊
၂၀–၉–၈၈	၄/၈၈	အုပ်ချုပ်ရေး အစိုးရအဖွဲ့ ဖွဲ့စည်း၍၊ အစိုးရ အဖွဲ့ဝင် ပုဂ္ဂိုလ်များက ဝန်ကြီးဌာန အသီးသီးတွင် တာဝန်ထမ်းဆောင်ကြောင်း၊
၂၀–၉–၈၈	၅/၈၈	ပြည်နယ်/တိုင်း မြို့နယ်များတွင် ငြိပ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ ဖွဲ့စည်း တာဝန်ပေးအပ်ကြောင်း၊
၂၄–၉–၈၈	၆/၈၈	၁၈–၉–၈၈ နေ့တွင် တည်ဆဲဖြစ်သော ဥပဒေအားလုံးသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပယ်ဖျက်ခြင်း၊ ရပ်သိမ်းခြင်း မပြုသမျှ ဆက်လက် အတည်ဖြစ်ကြောင်း၊
၂၆–၉–၈၈	၇/၈၈	မြို့နယ်စုံနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်တို့တွင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ ဖွဲ့စည်း တာဝန်ပေးအပ်ကြောင်း၊
၁၉–၁၀–၈၈	၈/၈၈	ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေးအတွက် မှတ်ပုံတင် ခွင့်ရရှိပြီးဖြစ်သည့် နိုင်ငံရေးပါတီ အချို့သည် တပ်မတော်နှင့် ပြည်သူအကြား၊ တပ်မတော်အတွင်း စိတ်ဝမ်းကွဲပြားအောင် စည်းရုံး ဆောင်ရွက်နေခြင်းကို တားမြစ်ကြောင်း၊

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အမိန့်များ

ထုတ်ပြန်သည့် ရက်စွဲ	အမိန့် အမှတ်	အကြောင်းအရာ
၁၈–၉–၈၈	၁/၈၈	နိုင်ငံတော် ငြိပ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။
၁၈–၉–၈၈	၂/၈၈	တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းရေးတို့အတွက် ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံး လိုက်နာရန်။
၁၈–၉–၈၈	၃/၈၈	ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော လက်ရှိ အရာထမ်း အမှုထမ်းများ ဆက်လက် တာဝန်ထမ်းဆောင်ရန်နှင့် ၂၆–၉–၈၈ နေ့ နောက်ဆုံးထား၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရန်။
၂၀–၉–၈၈	၄/၈၈	အရာထမ်း အမှုထမ်းများ လုပ်ငန်းခွင် ဝင်ရောက်ရမည့် နောက်ဆုံးနေ့ကို ၃–၁၀–၈၈ နေ့ဟု ပြင်ဆင် သတ်မှတ်ခြင်း။
၂၇–၉–၈၈	၅/၈၈	တရားစီရင်ရေးဥပဒေ ပုဒ်မ ၃ အရ တရားသူကြီးချုပ် အပါအဝင် တရားသူကြီး ၅ ဦးဖြင့် တရားရုံးချုပ် ဖွဲ့စည်းခြင်း။
၂၇–၉–၈၈	၆/၈၈	၁၉၈၈ ခုနှစ် ရွေးနေချုပ် ဥပဒေ ပုဒ်မ ၂ အရ ရွေးနေချုပ်နှင့် ဒုတိယ ရွေးနေချုပ် ခန့်အပ်ခြင်း။
၂၇–၉–၈၈	၇/၈၈	စာရင်းစစ်ချုပ်နှင့် ဒုတိယ စာရင်းစစ်ချုပ် ခန့်အပ်ခြင်း။
၁၈–၁၀–၈၈	၈/၈၈	အမိန့်အမှတ် (၂/၈၈) ၏ အပိုဒ် ၁၊ အပိုဒ်ခွဲ (က) ပါ ညွှမထွက်ရ အမိန့်ကို ပြင်ဆင် သတ်မှတ်ခြင်း။

ယမဦးစီးဌာနနှင့် ရန်ကုန်တိုင်း မြို့နယ်သမဝါယမအသင်းစုတို့မှ ပုဂ္ဂိုလ်များအား ခေါ်ယူတွေ့ဆုံ ညှိနှိုင်းခြင်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်သည်။

အလားတူစွာပင် စက်တင်ဘာ ၂၄ ရက်နေ့က ဧရာဝတီတိုင်း၊ ဒီဇင်ဘာလ ၁ ရက်နေ့က မန္တလေးတိုင်း၊ ဒီဇင်ဘာလ ၂ ရက်နေ့က ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက မိမိတို့ဆိုင်ရာ ဒေသရှိ ကုန်သည်ကြီးများ၊ ဆန်စက်၊ ဆီစက်ပိုင်ရှင်များ၊ သားငါး လိုင်စင်ဆွဲထားသူများ၊ မော်တော်ယာဉ်ပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးကာ ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်စျေးနှုန်းကျဆင်းရေးစသည်တို့ကို ညှိနှိုင်းကြသည်။

နန္ဒိယ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အောင်မြေသာစည် ကျောင်းတိုက် (မြန်မာ ၁၂၅၃ – ၁၃၄၉)။ ။


ဆရာတော် ဘဒ္ဒန္တ နန္ဒိယကို ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ ရွာကြီးဗန်ဖုံရွာ၌ ခမည်းတော် ဦးပွင့်၊ မယ်တော် ဒေါ်နှစ်တို့က သက္ကရာဇ် ၁၂၅၃ ခုနှစ် ပြာသိုလပြည့်ကျော် ၃ ရက်နေ့တွင် ဖွားမြင်သည်။

အသက် ရှစ်နှစ်အရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြေနီကုန်း ကျောင်း၊ သန်းတောင်ဂိုဏ်းထောက်ဆရာတော် ဦးနန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက် တော် မူ ခဲ့ သည်။ ဥပဇ္ဈာယ် ဆရာတော်ကြီးက ရှင်နန္ဒိယဟု သာမဏေဘွဲ့ သတ်မှတ် မှည့်ခေါ် ကော်မူခဲ့သည်။

၁၂၇၆ ခုနှစ် နယုန်လဆန်း ၅ ရက်တွင် မြေနီကုန်းကျောင်း ခဏ္ဍသိမ်၌ သန်းတောင်ဂိုဏ်းထောက်ဆရာတော် ဦးနန္ဒကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ကျောင်းသားဘဝမှစ၍ သန်းတောင်ဂိုဏ်း ထောက် ဆ ရာ တော်ထံ၌ ဗုဒ္ဓဘာသာ ဆိုင်ရာ ယဉ်ကျေးမှု အခြေခံကျမ်းစာများနှင့် ရှင်ကျင့်ဝတ်၊ စုဒ္ဒသ ခန္ဓကဝဂ်စသည်တို့ကို သင်ကြားဆည်းပူးခဲ့သည်။ ရှင်သာမဏေဘဝဖြင့် ပိဋကတ်အခြေခံဖြစ်သော သဒ္ဒါ၊ သဒ်ဟ၊ ပုဒ်စစ်၊ သဒ္ဒါစစ်၊ သံဝဏ္ဏနာ စသော ကျမ်းစာများကို ဆက်လက်သင်ကြားခဲ့သည်။

ရဟန်းဖြစ်တော်မူပြီးသောအခါ တောင်ကြီးမြို့၊ မင်



အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ နန္ဒိယ

လာရာမ ကျောင်းတိုက် ဆရာတော် ဦးနာဂဝံသထံတွင် ပိဋကတ် ကျမ်းစာများကို သင်ကြားခဲ့သည်။ ထို့နောက် တောင်ကြီးမြို့ မှတစ်ဖန် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက် သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူ၍ တတိယ ရွှေကျင်သာသနာပိုင် ဒီပဲရင်း ဆရာတော်ဘုရားကြီးနှင့် စာချဆရာတော်များဖြစ်ကြသည့် အဘယာရာမ ဆရာတော် အရှင် အဂ္ဂမမဟာဘိဝံသ၊ စည်ရှင်ဆရာတော် အရှင်ကောသလ္လ၊ ဆီးပင်ကျောင်းပထမဆရာတော် အရှင် နာရဒ၊ ပတ္တမြားဆရာတော် စသောစာချဆရာတော်များထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု စသော ပိဋကတ်ကျမ်းဂန်များကို နှစ်ပေါင်းများစွာ အားထုတ် သင်ယူ ကဗျာမြောက်တော်မူခဲ့သည်။

ဆရာတော်သည် သီကျော်ဝါ ၁၄ ဝါအရ ၁၂၉၀ ပြည့်နှစ်တွင် တောင်ကြီးမြို့ရှိ ဒါယကာ၊ ဒါယိကာမများ၏ တောင်းပန် လျှောက်ထားချက် အရ တောင်ကြီးမြို့သို့ ပြန်ကြွတော်မူပြီး အောင်မြေသာစည် ကျောင်းတိုက်ကို စတင်တည်ထောင်ကာ စာပေပရိယတ္တိသင်ကြားပို့ချတော်မူခဲ့သည်။ နိုင်ငံတော်အစိုးရက ပါဠိတက္ကသိုလ် အက်ဥပဒေ ပြဋ္ဌာန်း၍ ပါဠိတက္ကသိုလ် ကျောင်းတိုက်များ တည်ထောင်ပေးခဲ့ရာ အောင်မြေသာစည် ကျောင်းတိုက်သည် ၁၃၁၉ ခုနှစ်တွင် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဖြစ်ခဲ့သည်။ ထိုနှစ်မှာပင် ဆရာတော်အား ရွှေကျင်နိကာယ ဗဟိုဌာနချုပ်က နန္ဒိယာဘိဓဇ သီဟသူရဗလ ရွှေကျင်နိကာယိကာ အဂ္ဂသေနာပတိ တောင်တန်းသာသနာပြုနာယကဆရာတော်အဖြစ် ချီးမြှင့် ခန့်အပ်တော်မူခဲ့သည်။

ဆရာတော်သည် တောင်ကြီးမြို့ ပထမပြန်စာဖြေဌာန ရရှိရေးကို ဆောင်ရွက်ပေးတော်မူခဲ့ရာ ၁၃၀၈ ခုနှစ်တွင် ပထမပြန် စာဖြေဌာန ရရှိခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတွင် လည်း သင်္ဃတိကာရက၊ ပဋိဝိသောဓက တာဝန်များကို

ဆောင်ရွက်ကော်မူခဲ့သည်။ ၁၃၄၂ ခုနှစ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးမှစ၍ နိုင်ငံတော်ဩဝါဒစရိယဆရာတော်အဖြစ် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အားပေးဆောင်ရွက်တော်မူခဲ့သည်။

ဤသို့ သာသနာတော်အကျိုး သယ်ပိုး ဆောင်ရွက်တော်မူသော လင်္ကာပေသလ၊ သိင်္ဂါကာမ စသောဂုဏ်တို့နှင့် ကုံလုံပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တနန္ဒိယသည် ၁၃၂၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနန္ဒိယ သည် တောင်ကြီးမြို့၊ အောင်မြေသာစည် ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ၁၃၄၉ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။

နန္ဒိသေနာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ မန္တလေးမြို့၊ အရှေတောင်မြို့နယ်၊ မဟာနန္ဒိသေနာရာမတိုက် (မြန်မာ ၁၂၆၁–၁၃၅၀)

။ ။မန္တလေးမြို့၊ အရှေတောင်မြို့နယ်၊ မဟာနန္ဒိသေနာရာမ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန၊ မဟာနာယကဖြစ်တော်မူသော ဘဒ္ဒန္တနန္ဒိသေနာဘိဝံသသည် ပါဠို၊ အဋ္ဌကထာ၊ နေ့ဝါညဝါကျမ်းစာများကို အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရှင် ဆရာတော်ကြီးများဖြစ်ကြသော ဆရာတော်ဦးကြွယ်၊ မစိုးရိမ်တိုက်ဆရာတော် ဦးသူရိယာဘိဝံသ စသော ဆရာတော်ကြီးများထံတွင် ပါရဂူရောက် တတ်မြောက်အောင် သင်ကြားတော်မူခဲ့ပြီး ပြန်တန်ဆာမြို့ ချောင်းရင်းရွာ မဟာနိဗ္ဗုတ်ဘုရားမတိုက်၌ စာချပုဂ္ဂိုလ်အဖြစ် လည်းကောင်း၊ မန္တလေးအနောက်ပြင် ငွေတောင်တိုက်၊ မစိုးရိမ်ကျောင်း၌ စာချပုဂ္ဂိုလ်အဖြစ်လည်းကောင်း ဆောင်ရွက်၍ တပည့်သံဃာသာမဏေများအား စာပေကျမ်းဂန်များကို ပို့ချတော်မူခြင်း၊ ပြန်တန်ဆာမြို့ သုဓမ္မာဂိုဏ်းကြီး၏ အကျိုးတော်ဆောင်၊ ၁၂၉၆ ခုနှစ် မြန်မာနိုင်ငံ သံဃာ့ သာမဂ္ဂီအဖွဲ့ပရိယတ္တိ စာမေးပွဲကြီး၏ ပုစ္ဆကစသည်ဖြင့် ဆောင်ရွက်တော်မူခြင်း၊ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓကနှင့် ဆဋ္ဌသင်္ဂီတိကာရကအဖြစ် ဆောင်ရွက်တော်မူခြင်း၊ ဒါနာဒိနယအလင်းပြကျမ်း၊ သြဝါဒါနုသာသနီ စာတမ်းစသော လောကုတ္တရာ စာပေကျမ်းဂန်များကို ရေးသားပြုစုတော်မူခြင်း စသည်ဖြင့် သာသနာတော်မြတ်အကျိုးကို ဆောင်ရွက်တော်မူခဲ့သောကြောင့် ၁၃၁၈ ခုနှစ်တွင် နိုင်ငံတော်

အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။ တစ်ဖန် သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်တော်မူခဲ့သောကြောင့် ၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၂၁၃ —- ရှု။)

အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တနန္ဒိသေနာဘိဝံသသည် ၁၃၅၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၉ ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ပနားမားနိုင်ငံ။ ။ပနားမားနိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက မကြာခဏ အစိုးရအဖွဲ့များ ပြောင်းလဲနေခဲ့သည်။ သမ္မတ ဟိုစေး အန်တိုနီယို ရေမွန်သည် ၁၉၅၅ ခုနှစ်တွင် လုပ်ကြံခံရသဖြင့် အားနက်စတို ဒီလာဂွာဒီယာက ဆက်ခံသည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၄ ခုနှစ်ထိ သမ္မတအဖြစ် ရိုဗာတို ချီယာရီက ဆောင်ရွက်သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၈ ခုနှစ်ထိ မာကို အော်ရီလီယို ရိုဗဲက သမ္မတတာဝန်ယူခဲ့သည်။ ၁၉၆၈ ခုနှစ် အောက်တိုဘာလတွင် သက်တမ်း ၁၁ ရက်သာ ရှိသေးသော သမ္မတသစ် ဒေါက်တာ အာနူးဖို အေရီယက်စ် မက်ဒရစ်ကို ဗိုလ်မှူးကြီး အိုမာ တိုရီဟို့စ် ဟာရဲရားဦးဆောင်သော အမျိုးသား ကာကွယ်ရေး အစောင့်တပ်ဖွဲ့က ဖြုတ်ချသည်။ နိုင်ငံရေးပါတီများကို ပိတ်ပင်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် လွှတ်တော်တစ်ရပ်ကို ရွေးချယ်တင်မြှောက်စေပြီး ယင်း လွှတ်တော်က ဗိုလ်ချုပ်ကြီး တိုရီဟို့စ် ဟာရဲရားအား အစိုးရ အကြီးအကဲအဖြစ် အာဏာ အပ်နှင်းစေသည်။ ၁၉၇၈ ခုနှစ် သြဂုတ်လတွင် အမျိုးသားလွှတ်တော်သစ်တစ်ရပ် ရွေးချယ်တင်မြှောက်သည်။ အောက်တိုဘာလတွင် လွှတ်တော် အမတ်အသစ်များက ဒေါက်တာ အရစ်တီဒက်စ် ရိယိုအား သမ္မတအဖြစ် ခြောက်နှစ်သက်တမ်းအတွက်ရွေးချယ်တင်မြှောက်သည်။ ဗိုလ်ချုပ်ကြီး တိုရီဟို့စ် ဟာရဲရားသည် အစိုးရအကြီးအကဲအဖြစ်မှ နုတ်ထွက်သော်လည်း အမျိုးသား ကာကွယ်ရေး အစောင့်တပ်ဖွဲ့၏ ဦးစီးချုပ် ရာထူးကို ဆက်လက်ယူထားဆဲဖြစ်ရာ လေယာဉ်ပျက်ကျ၍ သေဆုံးသည့် ၁၉၈၁ ခုနှစ် ဇူလိုင်လအထိ အာဏာရှိနေဆဲပင်ဖြစ်သည်။သမ္မတရိုယိုသည် အမျိုးသားကာကွယ်ရေးအစောင့်တပ်ဖွဲ့၏ ထောက်ခံမှုကို မရချေ။ ၁၉၈၂ ခုနှစ် ဇူလိုင်လတွင် တပ်ဖွဲ့ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရူဘင် ဒါရီယို ပယ်ရီဒက်စ်က သမ္မတ ရိုယိုကို နုတ်ထွက်ခိုင်းပြီး ဒုတိယသမ္မတ ရီကာဒို ဒီလာ အက်စပရီယဲလားကို သမ္မတအဖြစ် ခန့်အပ်သည်။ အက်စပရီယဲလားသည် ဗိုလ်ချုပ်ကြီး ပယ်ရီဒက်စ်၏ ညွှန်ကြားမှုအတိုင်း အနောက်အုပ်စုကို လိုလားသောမူဝါဒကို အကောင်အထည် ဖော်ခဲ့သည်။

၁၉၇၃ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်များကို ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ အမျိုးသားကာကွယ်ရေးအစောင့်တပ်၏ အာဏာကို ကန့်သတ်ရန် အခြေခံဥပဒေကို ပြင်ဆင်ခြင်းဖြစ်သော်လည်း ယင်းလက်နက်ကိုင်တပ်ဖွဲ့၏ အာဏာမှာ တည်မြဲနေဆဲပင် ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ အားလုံးကို အမျိုးသား တပ်မတော်အဖြစ်သို့ ပေါင်းစည်းခဲ့သည်။ ဗိုလ်ချုပ်ကြီးပယ်ရီဒက်စ်သည် ၁၉၇၄ ခုနှစ် ရွေးကောက်ပွဲတွင် သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ရန် ကြံရွယ်သည်။ ဗိုလ်ချုပ်ကြီး ပယ်ရီဒက်စ်သည် ကျူးဗားနှင့် နီကရာဂွာနိုင်ငံတို့၏ အစိုးရတို့ကို ဆန့်ကျင်သောသဘောထားရှိသည်။ဗိုလ်ချုပ်ကြီး ပယ်ရီဒက်စ်၏ရာထူးကို ဆက်ခံသော ဗိုလ်မှူးချုပ် မင်ချူယဲ အန်တိုနီယို နိုရီယေးဂါးမိုရီနာက ဗိုလ်ချုပ်ကြီး ပယ်ရီဒက်စ်၏ ရပ်တည်ချက်ကိုလည်းကောင်း၊ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်ရေး အစီအစဉ်ကိုလည်းကောင်း ဆန့်ကျင်သည်။

၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် သမ္မတ အက်စပရီယဲလားနှင့် ဗိုလ်မှူးချုပ် နိုရီယေးဂါးတို့ကို ဖြုတ်ချရန် ကြံစည်မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ထင်ရှားသော်လည်း အစိုးရက ငြင်းဆိုခဲ့သည်။ နိုဝင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိဖြစ်သူ ဒုတိယသမ္မတ ဒေါက်တာ ယော်ဂေး အီလွေးကားက နီကရာဂွာနိုင်ငံကို ဆန့်ကျင်သော အလယ်ပိုင်း အမေရိက ကာကွယ်ရေးကောင်စီ ဖွဲ့စည်းရေးတွင် ပနားမားနိုင်ငံပါဝင်ပတ်သက်မှုမရှိကြောင်းဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံ၌မိန့်ကြားခဲ့သဖြင့် အပြင်းအထန် ဝေဖန်ခံရသည်။ သို့ရာတွင် ၁၉၇၄ ခုနှစ် ဖေဖော်ဝါရီလတွင် အက်စပရီယဲလား ရုတ်တရက် နုတ်ထွက်သွား၍ ဒေါက်တာ အီလွေးကားက သမ္မတဖြစ်လာသည်။ ၁၉၇၄ ခုနှစ် မေလတွင် ကျင်းပသော ရွေးကောက်ပွဲတွင် နီကိုလတ် အာဒစ်တို ဘာလက်တာသည် အနိုင်ရရှိသည်။ ဗိုလ်ချုပ်ကြီး မင်ချူယဲ အန်တိုနီယို နိုရီယေးဂါးက ဘာလက်တာအား ထက်မြက်မှုမရှိသော နိုင်ငံရေးသမား၊ နိုင်နင်းမှုမရှိသော စီမံခန့်ခွဲသူအဖြစ် ဝေဖန်ခဲ့သည်။ ထို့ကြောင့် ၁၉၇၅ ခုနှစ်၊ စက်တင်ဘာလတွင် ဘာလက်တာသည် ရာထူးမှနုတ်ထွက်လိုက်ရသည်။ ပထမ ဒုတိယ သမ္မတဖြစ်သူ အီးရစ် အာတူရို ဒယ်ဗဲယေးက ရာထူးဆက်ခံသည်။

အတိုက်အခံပါတီနှင့် ခရစ်ယာန် အသင်းတော်တို့၏ ထောက်ခံမှုဖြင့် စီးပွားရေးလုပ်ငန်းရှင် အသင်းအဖွဲများ၊



ပနားမားနိုင်ငံခေါင်းဆောင် ဗိုလ်ချုပ်ကြီး နုရီယေးဂါးကို ထောက်ခံသူများနှင့်အတူ တွေ့ရပုံ

ပနားမားနိုင်ငံတွင် ဘဏ်များပိတ်သွားပြီး ငွေကြေးရှားပါးသွား၍ အငြိမ်းစားဝန်ထမ်းများ လစာထုတ်ယူရန် တိုးဝှေ့နေကြစဉ်



ကျွမ်းကျင်ပညာရှင်အသင်းအဖွဲ့များ စုပေါင်း၍ လူလတ်တန်းစားများ ပါဝင်ဖွဲ့စည်းသော နေရှင်နယ် စီးဗစ် ခရူးဆိတ် (စီစီအင်) အဖွဲ့သည် ဗိုလ်ချုပ်ကြီးနိုရီယေးဂါး မိုရီနာကို နိုင်ငံအပေါ် သြဇာညောင်းနေသူ အဖြစ်မှ ဖယ်ရှားပစ်ရန် ကြိုးပမ်းသည့် အနေဖြင့် ၁၉၈၇ ခုနှစ် ဇွန်လမှ စ၍ ဆန္ဒပြပွဲများ၊ အထွေထွေသပိတ်များ ဆင်နွှဲသည်။ ဗိုလ်ချုပ်ကြီး နိုရီယေးဂါးသည် မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ရွေးကောက်ပွဲမသမာမှုများတွင် သာမက ၁၉၈၁ ခုနှစ်က ဗိုလ်မှူးချုပ် တိုရီဟို့စ် ဟာရဲရားသေဆုံးမှုနှင့် ၁၉၈၅ ခုနှစ်က အာတိုက် အခံ ခေါင်း ဆောင် ဒေါက်တာ ဟူးဂိုး စပါဒါဖိုရာ သေဆုံးမှုတို့တွင်လည်း တာဝန်မကင်းကြောင်းဖြင့် စွပ်စွဲမှုများ ပေါ်ထွက်လာသည်။

အမေရိကန်ပြည်ထောင်စု မိယာမီနှင့် တမ်ပါမြို့တို့ရှိ ပြည်ထောင်စုတရားရုံးတို့က ဗိုလ်ချုပ်ကြီး နိုရီယေးဂါးနှင့် အပေါင်းပါ ၁၄ ဦးတို့အား မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုဖြင့် စွဲချက်နှစ်ရပ်ကို စွဲဆိုကြောင်းဖြင့် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။ ပနားမားနိုင်ငံသမ္မတ ဒယ်ဗစ်ယေးသည် ဗိုလ်ချုပ်ကြီး နိုရီယေးဂါးကို ရာထူးမှ ထုတ်ပယ်ကြောင်းဖြင့် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အမိန့်ကြေညာချက် ထုတ်ပြန်သည်။ သို့ရာတွင် အဖွဲ့ဝင် ၆၇ ဦးရှိသော ဥပဒေပြုလွှတ်တော်က အဖွဲ့ဝင် ၃၈ ဦးသည် ၂၆ ရက်နေ့တွင် အတိုက်အခံများမပါဘဲ စည်းဝေးကာ သမ္မတ ဒယ်ဗစ်ယေး၏ ပြုမူဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ကြောင်း၊ သမ္မတနှင့် ဒုတိယသမ္မတ အက်စကို့ဗယ်တို့အား ရာထူးမှဖယ်ရှားကြောင်းဖြင့် ဆုံးဖြတ်သည်။ ပဉ္စာရေးဝန်ကြီး မင်နျူယဲ ဆိုလစ် ပါးလမားကို သမ္မတရေးရာဝန်ကြီး အဖြစ် ခန့်အပ်သည်။ အမေရိကန်ပြည်ထောင်စုက ဆိုလစ် ပါးလမားအား ခန့်အပ်ခြင်းကို အသိအမှတ်ပြုရန် ငြင်းဆိုသည်။ အမေရိကန်ပြည်ထောင်စုသည် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှစ၍ ပနားမားသို့ စီးပွားရေးအကူအညီ ဒေါ်လာသန်း ၂၀ ဖိုးနှင့် စစ်ရေးအကူအညီ ဒေါ်လာခြောက်သန်းဖိုးကို ရပ်ဆိုင်းထားခဲ့သည်။ ၁၉၈၈ ခုနှစ် မတ်လ ၄ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုက အမေရိကန် ဘဏ်များရှိ ပနားမားပိုင် ဓနပစ္စည်းများကို ပိတ်ပင်ထားလိုက်၍ ပနားမားဘဏ်များသည် ငွေကြေး မရှိတော့ဘဲ ပိတ်ရသည့် အခြေသို့ ဆိုက်ရသည်။ အမျိုးသား ဘဏ်လုပ်ငန်းကော်မရှင်၏ အမိန့်အရ မတ်လ ၈ ရက်နေ့တွင် ဘဏ်လုပ်ငန်းအားလုံးရပ်စဲသည်။ ပနားမားသုံးငွေကြေး ဘေဘို့ဝါးသည် အမည်ခံသာဖြစ်ပြီး အမှန်တကယ်လည်ပတ်သုံးစွဲနေသော ငွေကြေးသည် အမေရိကန် ဒေါ်လာသာ ဖြစ်နေသော ကြောင့် ပနားမားနိုင်ငံသည် ၎င်း၏ငွေကြေးကို ရိုက်နှိပ်ရန်လည်း မဖြစ်နိုင်ချေ။ ပနားမားတူးမြောင်း သုံးစွဲခဲ့ ဒေါ်လာခုနစ်သန်းအပါအဝင် အမေရိကန် ပြည်ထောင်စုမှ ပေးချေရန်ရှိသောငွေများကိုလည်း မတ်လ ၁၁ ရက်နေ့တွင် ရပ်ဆိုင်းသည်။ ပနားမားနိုင်ငံအတွက် ကုန်သွယ်ရေး ဦးစားပေးအစီအစဉ်များကိုလည်း ဆိုင်းငံ့သည်။ အလက်စကာပြည်နယ်မှ ရေနံပိုက်လိုင်းကို ပနားမားနိုင်ငံပိုင်နက်၌ ဖြတ်သန်း ထားရှိရခြင်းအတွက် နှစ်စဉ် ဒေါ်လာသန်း ၇၀ ခန့် ပေးရန်ရှိသည်ကိုလည်း ဆိုင်းငံ့သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများမှ ရရှိမည့် အထောက်အပံ့နှင့် ချေးငွေများကို ပိတ်ပင်ရန်လည်း အမေရိကန်ပြည်ထောင်စုက ကြိုးပမ်းခဲ့သည်။

ဤသို့ ဗိုလ်ချုပ်ကြီးနိုရီယေးဂါး၏သြဇာကို ဖယ်ရှားရန် အမေရိကန်ပြည်ထောင်စုက ဖိအားပေးနေခြင်းသည် ပနားမားတူးမြောင်းကို ခရစ်နှစ် ၂၀၀၀ ကျော်သည့်တိုင် ပိုင်ဆိုင်ထားလိုခြင်းကြောင့် ဖြစ်သည်ဟု ဗိုလ်ချုပ်ကြီး နိုရီယေးဂါးကို ထောက်ခံသူများက ချေပပြောဆိုကြသည်။ တစ်ချိန်က ပနားမားနိုင်ငံသည် ကိုလုံးဗီးယားနိုင်ငံ၏ အစိတ်အပိုင်းအဖြစ်ရှိနေရာမှ အမေရိကန်ပြည်ထောင်စု၏ အကူအညီဖြင့် ၁၉၀၃ ခုနှစ်တွင် သီးခြားလွတ်လပ်သော နိုင်ငံဖြစ်လာသည်။ ထိုအခါ အမေရိကန်ပြည်ထောင်စုက ပနားမားတူးမြောင်းဖောက်ခွင့်ကို ဝယ်ယူခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် တူးမြောင်းကို စတင်ဖွင့်လှစ်သည်။ ပနားမားတူးမြောင်း ဇုန်နယ်မြေကို အမေရိကန်ပြည်ထောင်စုအား အပ်နှင်းထားသော သဘောသက်ရောက်သည့် စာချုပ်ပါအချက်အလက်များ ကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးကို ထိခိုက်လေ့ရှိသည်။ အမေရိကန်ပြည်ထောင်စု၏ တူးမြောင်းစီရင်ပိုင်ခွင့် အဆုံးသတ်မည့် စာချုပ်အသစ်ကို ချုပ်ဆိုရန် ၁၉၇၄ ခုနှစ်တွင် မူအားဖြင့် သဘောတူညီမှုရရှိခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ပနားမားတူးမြောင်းဆိုင်ရာ စာချုပ် အသစ် နှစ်ခုကို ဆန္ဒခံယူပွဲက ထောက်ခံမဲ ၆၆ ရာခိုင်နှုန်းဖြင့် အတည်ပြုခဲ့သည်။ အမေရိကန်အထက်လွှတ်တော်ကလည်း အတည်ပြုခဲ့သည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် အာဏာတည်သည်။ ယင်းစာချုပ်များအရ တူးမြောင်းဇုန်နယ်မြေကို ပနားမားကထိန်းချုပ်သည်။

၁၉၉၉ ခုနှစ်ထိ အမေရိကန်ပြည်ထောင်စု ကိုယ်စားလှယ်အများစုပါဝင်သည့် ပနားမားတူးမြောင်းကော်မရှင်က အုပ်ချုပ်သွားမည်ဖြစ်သည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ပနားမားအစိုးရလက်အောက်သို့ အပြီးအပိုင် လွှဲအပ်ရမည်ဖြစ်သည်။

ပါကစ္စတန် အစ္စလာမ္မစ် သမ္မတနိုင်ငံ။ ။၁၉၇၇ ခုနှစ် မတ်လက အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများတွင် မသမာမှုများ ရှိသည်ဟု အတိုက်အခံ ပါကစ္စတန် အမျိုးသားမဟာမိတ်ပါတီ (ပီအင်အေ) က စွပ်စွဲခဲ့ရာမှ ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးယိုယွင်းလာသဖြင့် ကရာချီ၊ လာဟိုနှင့် ဟိုက်ဒရာဘတ်တို့တွင် စစ်အုပ် ချုပ် ရေး ဥပဒေ ပြဋ္ဌာန်းရသည်။ ၁၉၇၇ ခုနှစ် ဇူလိုင်လဘွင် သွေးမြေမကျ အာဏာသိမ်းပွဲပေါ် ပေါက်ကာ ဝန်ကြီးချုပ် ဇူဖီကာ အလီဘူတို ဖြုတ်ချခံရသည်။ ထိုအချိန်မှစ၍ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မိုဟာမက် ဇီယာ အူးလဟက်က စစ်အုပ်ချုပ်ရေးမှူးအဖြစ် ပါကစ္စတန်နိုင်ငံကို အုပ်ချုပ်လာခဲ့သည်။ (ဇီယာ အူးလဟက်, မိုဟာမက် — ရှု။) အလီဘူတို၏ ပါကစ္စတန်ပြည်သူပါတီ (ပီပီပီ) က ရွေးကောက်ပွဲ စောစီးစွာကျင်းပပေးရေးနှင့် အလီဘူတိုကို ထိန်းသိမ်းထားရာမှ ပြန်လွှတ်ပေးရေးတို့ကို တောင်းဆိုနေသည့်ကြားမှ ၁၉၇၉ ခုနှစ် ပြီလတွင် အလီ ဘူတို သေဒဏ် စီရင်ခံရသည်။ ထိုနှစ် စက်တင်ဘာလတွင် ဒေသန္တရ ရွေးကောက်ပွဲများကို ပါတီအခြေခံမဟုတ်ဘဲ ကျင်းပသည်။ ပီပီပီနှင့် ပီအင်အေ ပါတီတို့က ဆောင်းဦးရာသီတွင် ကျင်းပရန်စီစဉ်ထားသော ရွေးကောက်ပွဲ၌ မပါဝင် လို ကြောင်း ငြင်းဆိုခဲ့သည်။ ဗိုလ်ချုပ်ကြီးဇီယာက ရွေးကောက်ပွဲကို အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့သည်။ တရားစီရင်ရေးနှင့် ပုဂ္ဂလိက လွတ်လပ်ခွင့် တိုးနှင့်စပ်လျဉ်း၍ ကန့်သတ်ချုပ်ချယ်သော ဥပဒေများကို ပြဋ္ဌာန်းခြင်းကြောင့် ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံရေးသမားများနှင့် ရွှေနေများ၏ မကျေနပ်မှု ကြီးထွားလာသည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလ နောက်ပိုင်းတွင် ပိတ်ပင်ထားသည့်ကြားမှ နိုင်ငံရေး လှုပ်ရှားမှုများ ဆက်လက်ပေါ် ပေါက်သည်။ ၁၉၈၁ ခုနှစ် မတ်လတွင် ပီပီပီ အပါအဝင် နိုင်ငံရေးပါတီ ကိုးခုက ဒီမိုကရေစီ ပြန်လည်ထူထောင်ရေး လှုပ်ရှားမှု မဟာမိတ်အဖွဲ့ (အမ်အာဒီ) ကို ဖွဲ့စည်းသည်။ အတိုက်အခံ နိုင်ငံရေးသမား အမြောက်အများ အကျယ်ချုပ် ချထားခံရသည်။



ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲအကြို မဲဆွယ်စည်းရုံးရေး ကာလတွင် ဘီနဇာ ဘူတို စည်းရုံးရေးခရီးထွက်စဉ်

ပါကစ္စတန်နိုင်ငံတွင် အစ္စလာမ်ဘာသာ၏ ဩဝါဒများကို အခြေခံသော နိုင်ငံရေးစနစ်သစ်တစ်ရပ် ပေါ်ထွန်းလာစေသည်အထိ ဘာသာရေးဆိုင်ရာ အကြံဉာဏ်များ ပေးရန် ၁၉၇၂ ခုနှစ် ဇန်နဝါရီလတွင် မာဂျလစ် အီရှရာအမည်ရှိ အတိုင်ပင်ခံ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ သမ္မတဇီယာက အာဏာရလာကတည်းက ဒီမိုကရေစီ အုပ်ချုပ်ရေးသို့ ပြန်လည်ကူးပြောင်းရန် ရည်မှန်းခဲ့သော်လည်း နိုင်ငံတော်လုံခြုံရေးကို ငဲ့ကွက်ရသဖြင့် အစဉ်အမြဲရွှေဆိုင်းထားခဲ့ရသည်ဟု ၁၉၇၃ ခုနှစ် ဩဂုတ်လတွင် ကြေညာခဲ့သည်။ ဖျက်သိမ်းထားသော ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရွေးကောက်ပွဲ ကျင်းပမည် ဖြစ်ကြောင်း၊ သို့ရာတွင် အစ္စလာမ္မစ် မူဝါဒများနှင့် လိုက်လျောညီထွေရှိရန်နှင့် ဝန်ကြီးချုပ်၏ အာဏာကို လျှော့ချ၍ သမ္မတ၏ အာဏာကိုတိုးမြှင့်ရန် ဥပဒေပြင်ဆင်ချက်များ ပြဋ္ဌာန်းရဦးမည်ဖြစ်ကြောင်း သမ္မတဇီယာက ရှင်းလင်းသည်။ ဥပဒေပြင်ဆင်မှုများမပြုဘဲ ၁၉၇၃ ခုနှစ် အခြေခံဥပဒေဖြင့်သာလျှင်ပါလီမန်ဒီမိုကရေစီသို့ ပြန်လည်ဦးတည်ရန် ဒုမ်အာဒီက တောင်းဆိုလျက် အစိုးရကို အာခံသော လှုပ်ရှားမှုများ ပြုလုပ်သည်။ ၁၉၇၄ ခုနှစ် မတ်လ တွင် အစိုးရဆန့်ကျင်လှုပ်ရှားမှုများကို ဖြိုခွဲရန် တက္ကသိုလ်အသီးသီးရှိ ကျောင်းသားသမဂ္ဂများကို ပိတ်ပင်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် အမျိုးသားလှုတ်တော်ကို ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလတွင် ရွေးချယ်တင်မြှောက်သည်။ သမ္မတဇီယာ၏ စစ်အစိုးရသည် နိုင်ငံရေးပါတီများအား မဲဆွယ်လှုပ်ရှားခွင့် ပိတ်ပင်သည်။ အတိုက်အခံ အုပ်စုများက ယင်းရွေးကောက်ပွဲသည် အတုအယောင်ဖြစ်၍ သပိတ်မှောက်ကြရန် နှိုးဆော်ခဲ့သည်။ အစိုးရကမဲပေးသူ ၅၂ ဦးခိုင်နှုန်းရှိသည်ဟု ကြေညာခဲ့သည်။ မတ်လ ၂၃ ရက်နေ့တွင် ဇီယာသည် အရပ်သား သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ မိုဟာမက်ခန်း ဂျူနေဂျိုကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။

၁၉၇၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် သမ္မတဇီယာသည် ဝန်ကြီးချုပ်ခန်းဂျူနေဂျိုနှင့် အစိုးရအဖွဲ့ကို ဖြုတ်ချလိုက်သည်။ အမျိုးသားလှုတ်တော်ကို ဖျက်သိမ်းသည်။ ရက် ၉၀ အတွင်း ရွေးကောက်ပွဲများ ကျင်းပပေးမည်ဖြစ်၍ ရွေးကောက်ပွဲမတိုင်မီ တာဝန်ယူရန် အိမ်စောင့်အစိုးရအဖွဲ့ကို ခန့်ထားပေးမည်ဟု ကြေညာသည်။ ဩဂုတ်လ ၁၇ ရက်နေ့တွင် သမ္မတဇီယာသည် လေယာဉ်ပျက်ကျ၍ သေဆုံးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လှတ်တော်၏ အရပ်သားဥက္ကဋ္ဌ ဂူလစ် အစ်ရှက်ခန်းက သမ္မတ ရာထူးကိုဆက်ခံသည်။ အစ်ရှက်ခန်းက ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ရွေးကောက်ပွဲများ စတင်ကျင်းပပေးမည်ဟု ကြေညာသည်။

အမျိုးသားလှုတ်တော် ရွေးကောက်ပွဲများကို နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ရာ အလီဘူတို၏သမီး ဘီနဇာ ဘူတိုဦးဆောင်သော ပီပီပီ ပါတီက ၉၂ နေရာ အနိုင်ရရှိခဲ့သည်။ အစိုးရလိုလားသော အစ္စလာမ္မစ် ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (အိုင်ဒီအေ) က ၅၅ နေရာ အနိုင်ရရှိသည်။ အမျိုးသားလှုတ်တော်တွင် အများစုလွှမ်းမိုးနိုင်ရန် ၁၀၉ နေရာ ရရှိရမည်ဖြစ်သည်။ တစ်သီးပုဂ္ဂလများ၊ ပါတီငယ်များနှင့် အနောက်မြောက်ပိုင်းပြည်နယ် လူမျိုးစုခေါင်းဆောင်များက ၅၇ နေရာရရှိသည်။ ၁၁ နှစ်တာကာလအတွင်း ပထမဦးဆုံးကျင်းပသော ပါတီစုံရွေးကောက်ပွဲဖြစ်ပေရာ နေရာအများဆုံးရရှိသည့် ပီပီပီ ပါတီသည် သတ်မှတ်ထားသော အများစုနေရာဦးရေကို ပြည့်မီပြီး အစိုးရဖွဲ့စည်းနိုင်ရန် တစ်သီးပုဂ္ဂလများ၊ ပါတီငယ်များနှင့် ညှိနှိုင်းရသည်။ ထိုစဉ် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပြည်နယ်လှုတ်တော် ရွေးကောက်ပွဲများကို ကျင်းပပြန်သည်။ ပန်ဂျပ်ပြည်နယ်၊ ဆင်းပြည်နယ်၊ ဘလူချီစတန်ပြည်နယ်နှင့် အနောက်မြောက်နယ်စပ်ပြည်နယ်တို့၏ လှုတ်တော်များရှိ ၄၈၃ နေရာအတွက် ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံတွင် အမျိုးသားလှုတ်တော်၊ ပြည်နယ် လှုတ်တော်လေးရပ်နှင့် အထက်လှုတ်တော်တို့က စုပေါင်း၍ နိုင်ငံအကြီးအကဲ သမ္မတကို ရွေးချယ်တင်မြှောက်ရခြင်းကြောင့် အစိုးရအဖွဲ့ ဖွဲ့စည်းရေးတွင် ပြည်နယ်လှုတ်တော် ရွေးကောက်ပွဲသည်လည်း အရေးပါပေသည်။ ဆင်းပြည်နယ်တွင် ပီပီပီက နေရာအများစုကို အနိုင်ရ၍ ကျန်ပြည်နယ်သုံးခုတွင် အိုင်ဒီအေက အသာရရှိသည်။ သို့ရာတွင် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ရရှိသော သတင်းအရ မဲရေတွက်ပြီးသမျှ ၄၀၉ နေရာအနက် ပီပီပီက ၁၇၉ နေရာ၊ အိုင်ဒီအေက ၁၃၃ နေရာကို လွှမ်းမိုးထားသည်။

သမ္မတ အစ်ရှက်ခန်းသည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ဘီနဇာဘူတိုကို ဝန်ကြီးချုပ်အဖြစ် တာဝန်အပ်နှင်းသည်။ အသက် ၃၅ နှစ်အရွယ်ရှိ ဘီနဇာဘူတိုသည် မူဆလင်နိုင်ငံအသိုင်းအဝိုင်းတွင် ပထမဦးဆုံးသော အမျိုးသမီးဝန်ကြီးချုပ် ဖြစ်လာသည်။ ထို့ပြင် ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး အမျိုးသမီးဝန်ကြီးချုပ်လည်းဖြစ်သည်။


ပါတန်, အာလန် (စတီးဝပ်) (ခရစ် ၁၉၀၃–၁၉၇၈)
။ ။တောင် အာဖရိကနိုင်ငံတွင် အသားအရောင်ခွဲခြားမှုဒဏ် ဖိစီးနေပြီဖြစ်ကြောင်း အစောဆုံး ထုတ်ဖော်သော

နိုင်ငံတကာ ဂန္ဆဝင်စာပေအဆင့် ဝတ္ထုကို ရေးသားခဲ့သည့် တောင်အာဖရိကလူမျိုး စာရေးဆရာ အာလန် စတီးဝပ် ပါတန်ကို ၁၉၀၃ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ယခု အခါ တောင်အာဖရိကနိုင်ငံရှိ နက်တဲဒေသ ပီတာမာရစ္ဗတ္တ်မြို့၌ မွေးဖွားသည်။ ပါတန်သည် ငယ်စဉ်က ပီတာမာရစ္ဗတ္တ်ကောလိပ်နှင့် နက်တဲတက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၂၄ ခုနှစ်မှ ၁၉၃၅ ခုနှစ်ထိ ကျောင်းဆရာအဖြစ် အသက်မွေးသည်။

ထို့နောက် ပါတန်သည် ဂျိုဟန်နက်စဗတ် မြို့အနီးရှိ ဒီခလွတ်ဖ် လူငယ်ပြုပြင်ရေး သင်တန်းကျောင်း၏ ကျောင်းအုပ်ဆရာကြီးအဖြစ် ၁၉၃၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်ထိ အမှုထမ်းခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ငိုကြွေးပါလေ ချစ်တိုင်းပြည် အမည်ရှိ ဝတ္ထုကိုရေးသားကာ စာပေနယ်သို့ ခြေစုံပစ်ဝင်ရောက်သည်။ အသားအရောင် ခဲ့ခြားရေးဝါဒ လှုပ်မိုးနေသော လူဖြူအသိုင်းအဝိုင်းတွင် ဒုက္ခကြုံရသည့် လူမည်းဘုန်းတော်ကြီး၏ အကြောင်းကို ကျောရိုးပြု ရေးဖွဲ့ထားသော ယင်းဝတ္ထုကြောင့် အပါသိုက်ဝါဒ (အသားအရောင် ခဲ့ခြားရေးဝါဒ) ၏ ဆိုးညစ်ယုတ်မာပုံကို နိုင်ငံတကာက စတင်အာရုံစူးစိုက်လာခြင်း ဖြစ်သည်တု ဆိုစမှတ်ပြုကြသည်။ အုပ်ရေ ၁၅ သန်းကျော်ထိ ထုတ်ဝေရောင်းချပြီးဖြစ်သည်။ ယင်းဝတ္ထုတွင်သာမက အသားအရောင် မတူသူချင်း၏ မေတ္တာဖွဲ့ဖြစ်သော တူးလိတ်သဖွာလာရိုပဲ ဝတ္ထုတွင်လည်း ပါတန်၏ ဟန်ချက်ညီသော၊ သိပ်သည်းကျစ်လျစ်သော၊ စည်းဝါး အဖြတ်အတောက် ကောင်းသော ကိုယ်ပိုင်စကားပြေရေးဟန်ကို တွေ့ရသည်။ အထူးသဖြင့် စကားပြောခန်းတွင် တေးဆိုသည့်နှယ် သံစဉ်နိမ့်မြင့် ပါသောလေသံကိုတွေ့ရသည်။ အာဖရိကမြို့ပြ၏ သက်ငယ်ပေါ့တန်ဆိုးသွမ်းသူတို့ကို ပြုပြင်ရသော ဒီခလွတ်ဖ်သင်တန်းကျောင်းတွင် ရရှိခဲ့သည့် အတွေ့အကြုံများကို အခြေခံ၍ ဝတ္ထုများဖန်တီးသည်။

ပါတန်သည် ၁၉၅၃ ခုနှစ်တွင် တောင်အာဖရိက လစ်ဗရယ် ပါတီကိုဖွဲ့စည်း၍ ပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ အာဖရိကန် အမျိုးသားရေးဝါဒီ ပါတီက ၁၉၄၈ ခုနှစ်မှစ၍ ချမှတ်အကောင်အထည်ဖော်လာသည့် အပါသိုက်မူဝါဒကို ဖယ်ရှားပြီး အသားအရောင်မခဲ့ခြားသော မူဝါဒဖြင့် နိုင်ငံကိုတည်ဆောက်ရန် ပါတန်ကြိုးပမ်းခဲ့သည်။ အပါသိုက်ဝါဒကို အပြင်းအထန် ဆန့်ကျင်လှုပ်ရှားခဲ့၍ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံကူးလက်မှတ်ရုပ်သိမ်းခံရပြီး ၁၉၆၈ ခုနှစ်တွင် လစ်ဗရယ်ပါတီ ဖျက်သိမ်းခံရသည်။ ၁၉၆၉ ခုနှစ်မှစ၍ ရီးယဲလတီ အမည်ရှိမဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။

ပါတန်သည် လစ်ဗရယ်ပါတီ မူဝါဒကို အခြေခံသော ဆောင်းပါးများကို ကွန်တက် အမည်ရှိဂျာနယ်တွင် အဓွန့်




စာရေးဆရာ အာလန် ပါတန်

ရှည်သောအမြင် ဟူသော ပင်တိုင်အခန်း၌ နှစ်ပတ်တစ်ကြိမ် မှန်မှန်ရေးသား ထည့်သွင်း ဖော်ပြခဲ့သည်။ ယင်းဆောင်းပါးများကို လူထုရွေးမှောက် ဟောပြောချက်များနှင့်အတူ စုစည်း၍ အဓွန့်ရှည်သောအမြင် အမည်ဖြင့် ၁၉၆၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ထူးချွန်ထက်မြက်သော ပါလီမန်အမတ်နှင့် ဝန်ကြီးတစ်ဦး၏ အတ္ထုပ္ပတ္တိဖြစ်သည့် ဟိုဖ်မေယာ (၁၉၆၄) ကို အချိန်များစွာယူ၍ ပြုစုရေးသားခဲ့သည်။ တောင်အာဖရိကအတွက် မျှော်လင့်ချက် (၁၉၅၆)၊ ဒက်ဘီ အိမ်ပြန်တော့ (ဝတ္ထုတိုပေါင်းချုပ်) (၁၉၆၁)၊ အပါသိုက်ဝါဒ နှင့် ဂိုဏ်းချုပ် ဘုန်းတော်ကြီး (၁၉၇၃)၊ တံခါးခေါက်သံ (၁၉၇၅)၊ တောင်ဆီသို့ ဦးတည်လျက် (ကိုယ်ရေးအတ္ထုပ္ပတ္တိ) (၁၉၈၀) တို့သည် ပါတန်၏ စာပေလက်ရာကောင်းများ ဖြစ်ပေသည်။

တေးဂီတကိုလည်း စပ်ဆိုခဲ့ရာ ဂါလိက ရွာ အမည်ရှိ တေးသီချင်းသည် အထူးထင်ရှားသည်။ ဟားဗတ် တက္ကသိုလ်၊ မီချီဂန် တက္ကသိုလ်တို့အပါအဝင် တက္ကသိုလ် အများအပြားက ပါတန်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ချီးမြှင့်ခဲ့သည်။ မိမိ၏ဘဝ အစအဦးပိုင်းကို မှတ်တမ်းတင်ထားသော တောင်ဆီသို့ ဦးတည်လျက်၏ အဆက်ဖြစ်သည့် ခရီးဆက်ခဲ့ပြီ (ကိုယ်ရေးအတ္ထုပ္ပတ္တိ) ကို ၁၉၈၀ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့သည်။

ယင်း စာပေလက်ရာကို မထုတ်ဝေမီ ရက်ပိုင်းအလိုတွင် စာရေးဆရာကြီး အာလန် စတီးဝပ် ပါတန်သည် တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်။

ပါလက်စတိုင်းအခြေအနေ



ပီအယ်အိုဥက္ကဋ္ဌ ယာဆာအာရဖတ်က ပါလက်စတိုင်းကောင်စီ၌ လွတ်လပ်သော ပါလက်စတိုင်းနိုင်ငံ တည်ထောင်ရန် အဆိုပြုဆွေးနွေးနေစဉ်

ပါလက်စတိုင်း အခြေအနေ။ ။ ၁၉၀၇ ခုနှစ် နှောင်းပိုင်း ကာလတွင် အမေရိကန် ပြည်ထောင်စု၊ အနောက်ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသ အစိုးရအဖွဲ့ခေါင်းဆောင် အသီးသီးသည် ကုလသမဂ္ဂ ကမကထပြု ကောင်းပြုနိုင်မည့် နိုင်ငံတကာ ညီလာခံတစ်ရပ် ခေါ်ယူရေးကို ဦးတည်လျက် ပါလက်စတိုင်းပြဿနာနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ယင်းဦးတည်ချက်ကို အစွမ်းရေးညွှန်ပေါင်းအစိုးရအဖွဲ့ဝင် လီကွတ်ပါတီမှတစ်ပါး ပါလက်စတိုင်း ပဋိပက္ခတွင် အကျုံးဝင်နေသော ပါတီအဖွဲ့အစည်းအားလုံးက ထောက်ခံခဲ့ကြသည်။ ဝန်ကြီးချုပ် မစွတာ ယစ်ဇက်ရွမီးယား ဦးဆောင်သော လီကွတ်ပါတီသည် ၁၉၇၉ ခုနှစ် ဒေးဗစ်စခန်း သဘောတူညီချက်မူပေါင်အတွင်း အချုပ်အခြာအာဏာပိုင် အိမ်နီးချင်းနိုင်ငံအစိုးရတို့နှင့်သာလျှင် တိုက်ရိုက် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပရေးကိုသာ ဆက်လက်တောင်းဆိုခဲ့ပေသည်။ နိုင်ငံတကာ ညီလာခံတစ်ရပ် ခေါ်ယူရေးကို ဝန်ကြီးချုပ်ဟောင်းနှင့် လေဘာအလိုင်းမင့်ပါတီ ခေါင်းဆောင် နိုင်ငံခြားရေးဝန်ကြီး မစွတာ ရှီမွန်ပဲရက်စ်က စိတ်အားထက်သန်စွာ ထောက်ခံခဲ့သည်။ အစွမ်းရေး ညွှန်ပေါင်းအစိုးရအတွင်း ယင်းပါတီနှစ်ရပ်၏ နက်ရှိုင်းသော သဘောထား ကွဲလွဲမှုကြောင့် ပါလက်စတိုင်းပြဿနာ ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ အစွမ်းရေးမူဝါဒမှာ မရေရာဘဲ ရှိနေခဲ့သည်။

အရှေ့အုပ်စု အစိုးရအဖွဲ့တို့၏ ထောက်ခံမှုကို ရရှိသော ပါလက်စတိုင်းနှင့် အခြား အာရပ်ခေါင်းဆောင်တို့သည် သက်ဆိုင်ရာ အဖွဲ့အစည်းအားလုံး ပါဝင်ရန် ဆုံးဖြတ်နိုင်သည့် အခွင့်အာဏာရှိသောညီလာခံမျိုး ဖြစ်စေချင်သည်။ အစွမ်းရေးနှင့် အမေရိကန် ပြည်ထောင်စုတို့သည်လည်းကောင်း၊ အနောက်နိုင်ငံအစိုးရအဖွဲ့တို့သည်လည်းကောင်း ယင်းညီလာခံသည် တိုက်ရိုက် ညှိနှိုင်း ဆွေးနွေးပွဲများ၏ ရှေ့ပြေးဖြစ်သည်ဟု ရှုမြင်ထားကြသည်။ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ၏ အခန်းကဏ္ဍသည် ယင်းညီလာခံ ဖြစ်မြောက်ရေးအတွက် အဟန့်အတားဖြစ်နေခဲ့သည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အစွမ်းရေးနိုင်ငံတို့သည် ပီအယ်အိုကို အကြမ်းဖက်ဝါဒီ အဖွဲ့အစည်းအဖြစ် သဘောထားကာ ယင်းညီလာခံသို့ ပီအယ်အိုအဖွဲ့ တက်ရောက်ရေးကို ဆန့်ကျင် ကန့်ကွက်ကြသည်။ သို့ရာတွင် ပါလက်စတိုင်းဒေသဝန်းကျင်ရှိ အာရပ်နိုင်ငံတို့ကမူ ပီအယ်အိုသည် ပါလက်စတိုင်းလူမျိုးတို့၏ တစ်ခုတည်းသော တရားဝင်ကိုယ်စားလှယ်အဖွဲ့အစည်းဖြစ်သည်ဟု ခံယူကာ ညီလာခံသို့ ပီအယ်အို တက်ခွင့်ရစေရမည်ဟု တောင်းဆိုကြသည်။

ယင်းသို့ လိပ်ခဲတည်းလည်းဖြစ်နေသည့်အခြေအနေကို ကျော်လွှားနိုင်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ မစ္စတာ ချားဟီးလ်က 'ညီလာခံ အငယ်စား' တစ်ရပ် ကျင်းပရေး အဆိုကို တင်ပြခဲ့သည်။ လီကွတ်တပ်ဦးနှင့် ရင်းနှီးကျွမ်းဝင်သော ဟီးလ်သည် ၁၉၇၇ ခုနှစ် ဩဂုတ်လ အတွင်း ယင်းဒေသတစ်ခွင်သို့ ခရီးလှည့်လည်ခဲ့ပြီးနောက် ယင်းအဆိုကို တင်ပြခဲ့ခြင်းဖြစ်သည်။ အစ္စရေးနှင့် အီဂျစ်နိုင်ငံတို့၏ ကိုယ်စားလှယ်များနှင့် ဂျော်ဒန်နှင့် ပါလက်စတိုင်းလူမျိုးတို့၏ ကိုယ်စားလှယ်များတို့သာမက ဖြစ်နိုင်လျှင် အမေရိကန် အစိုးရ၏ ကိုယ်စားလှယ်များပါတက်ရောက်သော 'ညီလာခံအငယ်စား'ကို ကျင်းပရန်ဖြစ်သည်။ ဂျော်ဒန်နှင့် ပါလက်စတိုင်း လူမျိုးတို့၏ ကိုယ်စားလှယ်များသည် အဖွဲ့တစ်ဖွဲ့တည်း ပူးတွဲဖွဲ့စည်း တက်ရောက်ရန် ဖြစ်သည်။ ဂျော်ဒန်ဘုရင်ဟူစိန်က ယင်းအဆိုကို ပယ်ချခဲ့သည်။ အစ္စရေး ခေါင်းဆောင်တို့ကမူ စိတ်ဝင်စားမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ပါလက်စတိုင်း ငြိမ်းချမ်းရေး အစီအစဉ်တွင် ဆိုဗီယက်ပြည်ထောင်စု တိုက်ရိုက်ပါဝင်လာမည့်အရေးကို အစ္စရေးအစိုးရက လက်ခံရန် ဝန်လေးနေမှုမှာ တစ်စထက်တစ်စ လျော့နည်းလာကြောင်း အရိပ် လက္ခဏာများ ရှိလာသည်။ အစ္စရေးနှင့် ရင်းနှီးစွာဆက်ဆံသည့် တစ်ခုတည်းသော အရှေ့အုပ်စုနိုင်ငံသည် ရိုမေးနီးယားနိုင်ငံဖြစ်ပေရာ ရိုမေးနီးယားနိုင်ငံ သမ္မတ နီကိုလေ ချောင်ဆက်စကူးနှင့် ၁၉၇၇ ခုနှစ် ဩဂုတ်လက မစ္စတာရှမီးယားတို့ တွေ့ဆုံဆွေးနွေးခဲ့ကြစဉ် ပါလက်စတိုင်း ပြဿနာကို ဆွေးနွေးခဲ့ကြသည်။ ထိုနှစ် စက်တင်ဘာလနှောင်းပိုင်းတွင် မစ္စတာ ပဲရက်စ်နှင့် ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး အက်ဒွပ်ရှီဗာနာဇေတို့ နယူးယောက်မြို့ရှိ ကုလသမဂ္ဂ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဆိုဗီယက်အစိုးရသည် မည်သည့်ညီလာခံတွင်မဆို ပါလက်စတိုင်း ကိုယ်စားလှယ်နှင့် စပ်လျဉ်း၍ အယူအဆ ပျော့ပျောင်းလာပြီဟူ၍ မစ္စတာ ပဲရက်စ်က ပြောကြားခဲ့သည်။ ယခင်က ဆိုဗီယက်ပြည်ထောင်စုသည် ပီအယ်အိုသည်သာ ပါလက်စတိုင်းလူမျိုးတို့ကို ကိုယ်စားပြုသင့်သည်ဟု ပြောကြားခဲ့သော်လည်း နောက်ပိုင်းတွင် ပီအယ်အိုပင်ဖြစ်စေ၊ ပီအယ်အိုက လက်ခံနိုင်ဖွယ်ရှိသော ပုဂ္ဂိုလ်များ ပါဝင်သည့် ပူးတွဲကိုယ်စားလှယ်အဖွဲ့တစ်ရပ်က ဖြစ်စေ ပါလက်စတိုင်းလူမျိုးတို့ကို ကိုယ်စားပြုသင့်သည်ဟု ပြောကြားလာခဲ့သည်။

ပီအယ်အိုအဖွဲ့အတွင်း နိုင်ငံတကာအကြမ်းဖက်မှုကို ထောက်ခံသူများပါဝင်နေသည်ကို အကြောင်းပြ၍ ဝါရှင်တန်မြို့တော်ရှိ ပီအယ်အို ပြန်ကြားရေးဗျူရိုကို ပိတ်ပစ်ရန် အမေရိကန်အစိုးရက ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အမိန့်ပေးခဲ့သည်။ အာရပ်နိုင်ငံအများအပြားက ကန့်ကွက်နေသည့်ကြားမှ ယင်းဗျူရိုကို ဒီဇင်ဘာလ ၆ ရက်နေ့တွင် ပိတ်လိုက်သည်။ ပီအယ်အိုသည် ၁၉၇၄ ခုနှစ်မှစ၍ ကုလသမဂ္ဂတွင် တရားဝင်လေ့လာသူ အဆင့်ကို ရရှိထားသော အဖွဲ့အစည်းဖြစ်သည့်အလျောက် နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ ကိုယ်စားလှယ်ရုံး ထားခွင့်ရှိပေသည်။နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ် ဖွင့်လှစ်ခွင့်ပြုသော ကုလသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့ ၁၉၄၇ ခုနှစ်က ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်အရ ပီအယ်အိုတွင်လည်း ကိုယ်စားလှယ်ရုံး ထားခွင့်ရှိခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် နိုင်ငံတကာ တရားဥပဒေရေးရာ ကုလသမဂ္ဂကော်မတီက ဌာနချုပ်တွင် ပီအယ်အိုကိုယ်စားလှယ်ရုံး ဆက်လက်ထားရှိခွင့်ပြုရန် ထောက်ခံမဲ ၁၀၀၊ ကန့်ကွက်မဲ တစ်မဲဖြင့် ဆုံးဖြတ်သည်။ အမေရိကန်ကွန်ဂရက်လွှတ်တော်ကဒီဇင်ဘာလ ၂၂ ရက်နေ့တွင် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းလိုက်ရာ ယင်းဥပဒေအရ နယူးယောက်မြို့ရှိ ပီအယ်အို ကိုယ်စားလှယ်ရုံးကို ပိတ်ရမည့်သဘောရှိခဲ့သည်။ လွတ်လပ်သော တရားခုံရုံးတစ်ရပ်သို့ ယင်းအငြင်းပွားမှုကို တင်သွင်းရန် အမေရိကန်ပြည်ထောင်စုအား တိုက်တွန်းသည့် အဆိုတစ်ရပ်ကို ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံ၌ ထောက်ခံမဲ ၁၄၅ မဲ၊ ကန့်ကွက်မဲ တစ်မဲဖြင့် ဆုံးဖြတ်သည်။ အစ္စရေးနိုင်ငံက ကန့်ကွက်မဲ ပေးခြင်းဖြစ်သည်။

၁၉၈၇ ခုနှစ် ဧပြီလက ပါလက်စတိုင်း အမျိုးသားကောင်စီ(ပီအင်စီ)တွင် အီဂျစ်နိုင်ငံကိုဝေဖန်ရှုတ်ချသော ဆုံးဖြတ်ချက်ကြောင့် ပီအယ်အိုနှင့် အီဂျစ်အကြားတင်းမာမှုပေါ်ကာ မရွေးမနှောင်းမှာပင် အီဂျစ်နိုင်ငံရှိ ပီအယ်အိုရုံးများကို ပိတ်ခဲ့ရသည်။ ထိုနှစ်နှောင်းပိုင်းတွင် တင်းမာမှုလျော့ပါးလာပြီး အီဂျစ်နှင့် ပီအယ်အိုတို့ ဆက်ဆံရေးတိုးတက်လာသည်။ ၁၉၈၇ ခုနှစ် နိုဝင်ဘာလတွင် ကိုင်ရိုမြို့၌ ပီအယ်အိုရုံး ပြန်လည်ဖွင့်လှစ်သည်။

အာရဖတ်ကို ဆန့်ကျင်သော ဂိုဏ်းကွဲ သင်းကွဲများကို ဆီးရီးယားနိုင်ငံက နှစ်အတန်ကြာ ထောက်ခံခဲ့ပြီးနောက် ၁၉၈၇ ခုနှစ်တွင် ဆီးရီးယားအစိုးရနှင့် ပီအယ်အို အဖွဲ့တို့အကြား အဆင့်မြင့်ဆက်သွယ်မှု ပြန်လည်ပြုလုပ်သည်။ ပီအင်စီအစည်းအဝေးတွင်အာရဖတ်၏ဦးဆောင်မှုအောက်တွင် ပီအယ်အို ပြန်လည်စည်းရုံးမှု ပြုလုပ်ခဲ့ပြီးနောက် ၁၉၈၇ ခုနှစ် ဇွန်လတွင် ပီအယ်အို နိုင်ငံခြားရေးဝန်ကြီး ဖာရောက် ခတ်ဒူမီ နှင့် ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီး ဖာရွတ် အက်ရှားတို့သည် ယူဂိုစလားဗီးယားနိုင်ငံ၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ ပီအယ်အို ခေါင်းဆောင်

ယာဆာ အာရဖတ်သည် ဆီးရီးယားသမ္မတ အာဆတ်နှင့် ၁၉၇၀ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် တွေ့ဆုံ ဆွေးနွေးသည်။ ငါးနှစ်တာကာလအတွင်း ပထမဦးဆုံး တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။

အစွရေးနိုင်ငံကသိမ်းပိုက်ထားသော ဂါဇာကမ်းမြောင်ဒေသတွင် အစွရေးစစ်တပ်၏ ပစ်ခတ်မှုကြောင့် အာရပ်လူငယ်တစ်ဦး သေဆုံးခဲ့ခြင်းနှင့် ဒေသခံပါလက်စတိုင်း အမာခံ မိုဟာမက်ဒါလာ နယ်နှင်ဒဏ်ခံရခြင်း စသည့်ဖြစ်ရပ်များပေါ် ပေါက်ခဲ့ပြီးနောက် ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလတွင်ပါလက်စတိုင်းလူမျိုးများနှင့် အစွရေးကာကွယ်ရေးတပ်ဖွဲ့ဝင်များ (အိုင်ဒီအက်ဖ်)အကြား တင်းမာမှု အရှိန်အဟုန် မြင့်တက်လာခဲ့သည်။ ကန့်ကွက် ဆန္ဒပြပွဲများ ပေါ် ပေါက်သည်။ အကြမ်းဖက်မှုများ ပါလာသည်။ တစ်လအတွင်း အနောက်ဘက်ကမ်းသို့ ပြန့်နှံ့သွားသည်။ ၁၉၆၇ ခုနှစ်တွင် အစွရေးနိုင်ငံက ဂျော်ဒန်နိုင်ငံ၏လက်မှ အနောက်ဘက်ကမ်းကိုသိမ်းပိုက်ခဲ့ပြီးနောက် ဂျရူးဆလမ်းမြို့ တစ်ခုလုံး အစွရေးလက်အောက် ကျရောက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာကမူ ယင်းနယ်မြေကို အသိမ်းပိုက်ခံနယ်မြေအဖြစ်သာ သဘောထားလာခဲ့သည်။ ဂျရူးဆလမ်းမြို့ကို အစွရေးတို့က မြို့တော်အဖြစ်သတ်မှတ်ခြင်းကို နိုင်ငံတကာက အသိအမှတ်မပြုကြချေ။ အနောက်ဘက်ကမ်းဒေသနှင့် အစွရေးနိုင်ငံတို့ကို ခြားထားသော အစိမ်းရောင် နယ်နိမိတ်လမ်းကြောင်း၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသော ဂျရူးဆလမ်းမြို့ဟောင်း၌ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ပါလက်စတိုင်းပြောက်ကျားတစ်ဦး၏ လက်ပစ်ဗုံးဒဏ်ကြောင့် အစွရေးနယ်ခြားစောင့်ရဲ ၁၇ ဦး ဒဏ်ရာရခဲ့သည်။ ပါလက်စတိုင်းလွတ်မြောက်ရေး အစွလာမွစ် ဂျီဟာဒ်အဖွဲ့၏ လက်ချက်ဖြစ်သည်ဟု ဆိုသည်။ အယ်ဖတားဟု လူသိများသော ပီအယ်အို ပင်မအဖွဲ့အစည်းသည် ပါလက်စတိုင်းလူမျိုးများအပေါ် ဩဇာညောင်းသော အစွလာမွစ် အခြေခံဝါဒီတို့နှင့် လက်တွဲလှုပ်ရှားစ ပြုလာဟန်ရှိသည်။ ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်း အုံကြွပုန်ကန်မှု (အာရဗီဘာသာဖြင့် အင်တီဖာဒါ) ဖြစ်ပွားသည်။

အစွရေးစစ်တပ် ပြောရေးဆိုခွင့်ရှိသူတို့ကမူ စစ်သားများအား မိမိတို့၏ လုံခြုံမှုကို ထိပါးလာမှသာ လက်နက်ကို အသုံးပြုရန်နှင့် မလွဲသာ၍ အသုံးပြုရသည့်တိုင် နှုတ်ဖြင့် ကြိုတင်သတိပေးပြီးမှ ဆူပူသူတို့၏ ခြေထောက်ကိုသာ ပစ်ခတ်ရန် ညွှန်ကြားထားကြောင်းဖြင့် ပြောကြားသည်။ သို့ရာတွင် သေဆုံးသူ အာရပ် အများအပြားမှာ ဦးခေါင်းနှင့် ရင်အုပ်ပိုင်းကို ပစ်ခတ် ခံထားကြရသည်။ အစွရေးနိုင်ငံနှင့် သံတမန်အဆက်အသွယ်ရှိသည့် တစ်ခုတည်းသော အာရပ်နိုင်ငံဖြစ်သော အီဂျစ်နိုင်ငံက သံတမန်ရေးအရ ကန့်ကွက်မှုများကို အစွရေးနိုင်ငံ အစိုးရထံ ပေးပို့ခဲ့သည်။ ပါလက်စတိုင်းပြည်သူတို့၏ လူအခွင့်အရေးများကို ချိုးဖောက်ခြင်းနှင့် အထူးသဖြင့် အကာအကွယ်မဲ့သော ပါလက်စတိုင်းအရပ်သားများကို သေကြေထိခိုက်ဒဏ်ရာရရှိအောင် အစွရေးစစ်တပ်က ပစ်ခတ်ခြင်း တို့ကို အပြင်းအထန် ရှုတ်ချကြောင်းဖြင့် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကတညီ တညွတ်တည်း (အမေရိကန်က ကြားနေလျက်) အတည်ပြု ဆုံးဖြတ်ခဲ့သည်။

ပါလက်စတိုင်းလူမျိုးတို့နှင့်စပ်လျဉ်း၍ စေ့စပ်ပြေငြိမ်းရေး သဘောထားရှိသည့် နိုင်ငံခြားရေးဝန်ကြီး ရှီမွန် ပဲရက်စ်နှင့် ဝန်ကြီးချုပ် ယစ်ဇက် ရှမီးယားတို့ အကြား ပါလက်စတိုင်းပြဿနာအပေါ် သဘောထားကွဲလွဲမှု ရှိပေသည်။ သို့ရာတွင် အသိမ်းပိုက်ခံနယ်မြေများ၌ ဖြစ်ပွားသော ဆူပူအုံကြွမှုများကို ကိုင်တွယ် ဖြေရှင်းရာတွင် "သံလက်သီး" မူဝါဒ ထားရှိရန် အစိုးရအဖွဲ့က ၁၉၈၀ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ပေသည်။ ပဲရက်စ်နှင့် လေဘာပါတီ လုပ်ဖော်ကိုင်ဘက်ဖြစ်သော ကာကွယ်ရေးဝန်ကြီး ယစ်ဇက်ရာဘင်တို့အကြားတွင်လည်း သဘောထားကွဲလွဲမှုများ ရှိသည်။ ရာဘင်သည် ပါလက်စတိုင်းတို့၏ဆန္ဒပြပွဲများနှင့် စပ်လျဉ်း၍ ပိုမိုခက်ထန်သော နည်းလမ်းကို ကိုင်စွဲ ဖြေရှင်းလိုပေသည်။ ဥပဒေစိုးမိုးရေးအတွက် အင်အား၊အာဏာနှင့် ရိုက်နှက် နှိပ်ကွပ်နည်းတို့ကို ပထမဦးစားပေး အသုံးပြုရန် ဖြစ်သည်ဟု ရာဘင်က ပြောကြားခဲ့သည်။ နောက်ပိုင်းတွင် ဆန္ဒပြသူများအား စစ်တပ်နှင့် ရဲတို့က ရက်စက်စွာ တိုက်ခိုက်နှိမ်နင်းသည့် ဖြစ်ရပ်များ အမြောက်အမြား ပေါ် ပေါက်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပါလက်စတိုင်း လူငယ်လေးဦးကို အချင်းလတ်လတ် မြေမြှုပ်၍ သတ်ရန်ကြံစည်ခဲ့သည့် အစွရေးစစ်သားသုံးဦးကို စစ်ခုံရုံးတင်၍ အရေးယူပေးခဲ့ရသည်။

အစွရေးစစ်တပ်၏ အရေးအခင်း ဖြေရှင်းနည်းများနှင့် စပ်လျဉ်း၍ ပြည်တွင်းနှင့်ပြည်ပ နှစ်ဌာနစလုံးတွင် ဝေဖန်ရှုတ်ချမှုများ ပြင်းထန်လာသဖြင့် အစွရေးပါလီမန် (နက်ဆက်) ၌ ယစ်ဇက် ရာဘင်က ဆူပူမှုများ ပေါ် ပေါက်လာသည့်အခါ စစ်တပ်သည် ပထမဦးဆုံး မျက်ရည်ယိုဗုံးကို သုံးရန်ဖြစ်ကြောင်း၊ နောက်မှ ရာဘာကျည်ဆံကို သုံးရန်ဖြစ်ကြောင်း၊ မထိရောက်သေးလျှင် တုတ်နှင့်ရိုက်ခြင်းအပါအဝင်အင်အားသုံးနည်းဖြင့် ဖိုခဲ့ရန် ဖြစ်ကြောင်း၊ ထိုထက်လွန်ကဲသော အင်အားသုံးမှုမျိုး မပြုလုပ်သင့်

ကြောင်းဖြင့် ပြောကြားခဲ့သည်။ ရွှေနေချုပ် ယိုဆက်ဟာရှစ်ရှိက ရိုက်နှက်ညှဉ်းပန်းမှုမျှားသည် ဥပဒေနှင့်မညီကြောင်းဖြင့် ဆုံးဖြတ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့အထိ အစ္စရေးစစ်တပ်၏လက်ချက်ကြောင့် သေဆုံးသူပါလက်စတိုင်းအရပ်သားအရေအတွက်မှာ ၃၀၆ ဦး ရှိပြီဖြစ်သည်။

၁၉၇၈ ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် တျူးနစ်ဇီးယားနိုင်ငံ တျူးနစ်မြို့တွင် ပီအယ်အို၏ နံပါတ်နှစ်ခေါင်းဆောင် ပြောက်ကျား တပ်မှူးချုပ် ခါလီ အယ် ဝါဇီယာသည် လုပ်ကြံသတ်ဖြတ်ခံရသည်။ အဘူ ဂျီဟတ် အမည်ခံ ဝါဇီယာသည် ဂါဇာကမ်းမြောင်ဒေသတွင် မွေးဖွားပြီး ဂျော်ဒန်နိုင်ငံ အမှာန်မြို့၌ နေထိုင်ခဲ့ရာမှ အရွေအလယ်ပိုင်း ဒေသ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပူးတွဲ ချဉ်းကပ် ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဂျော်ဒန်နှင့် ပီအယ်အိုတို့ နိုင်ငံရေးအငြင်းပွားမှု ပေါ် ပေါက်ခဲ့ပြီးနောက် ဂျော်ဒန်နိုင်ငံမှ နှင်ထုတ်ခံခဲ့ရခြင်း ဖြစ်သည်။ ပီအယ်အိုနှင့် ဆီးရီးယားသမ္မတ အာဆတ်တို့ ဆက်ဆံရေး အခြေအနေ ဆိုးရွားလာပြီးနောက် ၁၉၇၃ ခုနှစ် ဇွန်လတွင် အာရဖတ်နှင့် အတူ အဘူဂျီဟတ်လည်း ဆီးရီးယားနိုင်ငံမှ နှင်ထုတ်ခံခဲ့ရသည်။ တစ်ဖန် ပါလက်စတိုင်း ခေါင်းဆောင်ပိုင်းကို လက်ဗန္ဓန်နိုင်ငံမှ နှင်ထုတ်လိုက်ပြန်ရာ ဂျီဟတ်တို့ မိသားစုသည် ပီအယ်အို၌ဌာနချုပ်တည်ဆောက်ထားသော တျူးနစ်မြို့သို့ ရွှေ့ပြောင်းခဲ့ရသည်။ ဂျီဟတ်၏ဇနီးသည် အစ္စရေးအာဏိမ်းပိုက်ခံနယ်မြေမှ ပါလက်စတိုင်း "အာဇာနည်" များနှင့် အကျဉ်းသားများ၏ မိသားစုများအား စောင့်ရှောက်ရေးဆိုင်ရာ ပီအယ်အိုကော်မတီကို ဦးဆောင်နေသူ ဖြစ်သည်။ ဂျီဟတ်သည် အာသိမ်းပိုက်ခံနယ်မြေက အုံကြွမှု (အင်တီဖာဒါ) ကို ညှိနှိုင်းဖြေရှင်းပေးနိုင်သူ ဖြစ်သည်ဟု ထင်ရှားသည်။ ယင်းလုပ်ကြံမှုသည် အစ္စရေး၏လက်ချက်ဖြစ်သည်ဟု ယူဆကာ ထိုနေ့တွင်ပင် ယင်းနယ်မြေ၌ ဆူပူမှု ဖြစ်ပွားရာ တစ်နေ့တည်း ပါလက်စတိုင်း ၁၄ ဦး သေဆုံးသည်။ ယင်းအုံကြွမှုတွင် အဆိုးရွားဆုံး ဆူပူသောနေ့ဖြစ်သည်။ (ဂျော်ဒန်နိုင်ငံ—ရှု ။)

ပါလက်စတိုင်း အမျိုးသားကောင်စီ (ပီအင်စီ) သည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံရေး မဟာဗျူဟာ ကြေညာချက် စာတမ်းတစ်ရပ်ကို ထောက်ခံမဲ ၂၅၃ မဲ၊ ကန့်ကွက်မဲ ၄၆ မဲ၊ ပျက်ကွက်မဲ ၁၀ မဲဖြင့်အတည်ပြုသည်။ သဘောထားပြင်းထန်သော ပါလက်စတိုင်း လွတ်မြောက်ရေး ပြည်သူတပ်ဦးခေါင်းဆောင် ဂျေ့ဟာဘက်ရှ် နှင့် အပေါင်းပါ တစ်စုက ကန့်ကွက်မဲ ပေးသည်။ ကလာသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၂၄၂ နှင့် ၃၃၈ တို့ကို နိုင်ငံကကာ ညီလာခံ တစ်ရပ် ကျင်းပရေး အခြေခံပေါ် မူတည်လျက် သဘောတူ လက်ခံကြောင်း ဖော်ပြထားသော ကြေညာချက်ဖြစ်သည်။ အစ္စရေးနိုင်ငံကို အသိအမှတ် ပြုကြောင်းနှင့် အကြမ်းဖက်ဝါဒကို စွန့်လွှတ်ကြောင်း ဖော်ပြထားသည်။ ပါလက်စတိုင်း အမျိုးသားများနှင့် ၎င်းတို့၏ နိုင်ငံရေး ပိုင် ခွင့်များကို အာမခံချက်ပေးရန်လိုအပ်ကြောင်းကိုလည်းဖော်ပြထားသည်။ ၁၉၆၇ ခုနှစ် မှစ၍သိမ်းပိုက်ထားသော နယ်မြေများမှ အစ္စရေးတို့ ပြန်လည်ဆုတ်ခွာပေးရေးကို တိုက်တွန်းထားသည်။ ယင်း နိုင်ငံရေး မဟာဗျူဟာကို အတည်ပြုပြီး နောက်တစ်နေ့တွင် လွတ်လပ်သောပါလက်စတိုင်းနိုင်ငံထူထောင်ကြောင်း ကြေညာသည်။ ဂျရူးဆလမ်းကိုမြို့တော်အဖြစ် ထားရှိကာ ဒီမိုကရေစီ ပါလီမန်စနစ်ဖြင့် စီမံ အုပ်ချုပ်သွားမည်ဟု ကြေညာသည်။


ပဏ္ဍိတ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မင်းလှမြို့၊ ဝေဠုဝန်ကျောင်းတိုက် (မြန်မာ ၁၂၅၄ – ၁၃၅၀) ။ ။ ပဲခူးတိုင်း၊ မင်းလှမြို့၊ ဝေဠုဝန်ကျောင်းတိုက်၏ ဦးစီးနာယက ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတသည် ပါဠို၊ အဋ္ဌကထာ ဋီကာကျမ်းများကို ပါရဂူရောက် တတ်မြောက်တော်မူ၍ ဘီးလင်းမင်းကျောင်း စာသင်တိုက်၌ စာသင်သား သံဃာတော်အပေါင်းအား လည်းကောင်း၊ မင်းလှမြို့၌ ဝေဠုဝန်ကျောင်းတိုက်ကြီးကိုတည်ထောင်၍တပည့်သံဃာများအား လည်းကောင်း စာပေကျမ်းဂန်များ အဆက်မပြတ် ပို့ချတော်မူခြင်း၊ ဗုဒ္ဓဂုဏ်အလင်းပြကျမ်း၊ သီလမဂ္ဂကထာကျမ်းစသော လောကုတ္တရာ စာပေကျမ်းဂန်များကို ရေးသားပြုစုတော်မူခြင်း၊ သံဃသာမဂ္ဂီအဖွဲ့ဝင်၊ စစ်ကွင်း မင်းလှအုတ်ဖို သုံးမြို့နယ် ရွှေကျင် နိကာယ ဥက္ကဋ္ဌ၊ ဆဋ္ဌသင်္ဂါယနာပါဠိဘာဏက စသော သာသနာ့ ကိစ္စအဝဝကို ထမ်းရွက်တော်မူခြင်းတို့ကြောင့် ၁၃၄၀ ပြည့်နှစ်တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၀–စာ၊ ၁၉၉—ရှု။)

အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတသည် ၁၃၅၀ ပြည့်နှစ် ဒုတိယ ဝါဆိုလဆန်း ၉ ရက်နေ့တွင် ဘဝနတ်ထံ ပို့လွှန်တော်မူသည်။

ပန်းဒါ။ ။ကမ္ဘာပေါ်တွင်အလွန်ရှားပါးနေပြီဖြစ်သော ပန်းဒါမျိုးကို ယခုအခါ တရုတ်ပြည်သူသမ္မတနိုင်ငံ ဇီချမ်ပြည်နယ်၊ ကန်စူးပြည်နယ်နှင့် ရှန်ဇီပြည်နယ်တို့ရှိ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၅၀၀၀ မှ ၁၀,၀၀၀

အတွင်း ပေါက်ရောက်သော ဝါးတောကြီးများ ထဲတွင် တွေ့ရသည်။ ရှေးနှစ်ပေါင်း များစွာကမူ ပန်ဒါများသည် တရုတ်နိုင်ငံအနှံ့အပြား၌ နေထိုင်ခဲ့ကြသည်။ သမိုင်းမတင် မီ ခေတ်က ပီကင်းလူသား၏ ရုပ်ကြွင်းတို့နှင့်အတူ ပန်ဒါ ကျောက်ဖြစ်ရုပ်ကြွင်းများကို တွေ့ရှိရဖူးသည်။ မြန်မာ နိုင်ငံနှင့် တရုတ်နိုင်ငံတောင်ပိုင်း နယ်စပ်အနီးတွင် ရောမ ပန်ဒါအဖြစ်သို့ ဆင်းသက်လာရာမျိုးနွယ်ဟု ယူဆရသည့် မျိုးတုံးပြီးသော တိရစ္ဆာန်တစ်ကောင်၏ ဦး ခေါင်း ခုံ ကို တွေ့ရှိခဲ့ရာ လွန်ခဲ့သော နှစ်ပေါင်း နှစ်သန်းဝန်းကျင်က တိရစ္ဆာန်ဖြစ်ကြောင်း လေ့လာသိရှိရသည်။ ပန် ဒါ ၏ အကြောင်းကို ခရစ်မပေါ်မီ နှစ်ပေါင်း ၂၀၀၀ ခန့်က ရှေးဟောင်း တရုတ်မှတ်တမ်းများ၌ အမည်အမျိုးမျိုးဖြင့် တွေ့ရှိရသည်။ ချင်ကောရှင်နိုင်ငံ (ယခု ဇီချမ်ပြည်နယ်)က ယုကောရှင်နိုင်ငံအား ပန်ဒါဝက်ဝံသားရေကို လက်ဆောင် ပဏ္ဏာအဖြစ် ဆက်သခဲ့ဖူးသည်ဟုဆိုသည်။ ပန်ဒါသည် လူသား မိတ်ဆွေ တစ်ဦး ကဲ့သို့ လွန်သွားစဉ် ဝမ်းနည်း ပူဆွေးရာမှ ကိုယ်ခန္ဓာပေါ်တွင် အနက်ရောင် အမှတ်ကြီး များ ထင်ရှိလာရခြင်း ဖြစ်သည်ဟူ၍ ဇီချမ်ပြည်နယ်၏ ရှေးဟောင်းပုံပြင်တစ်ပုဒ်က ဆိုထားသည်။ တန်မင်းဆက် ခေတ် (အေဒီ ၆၁၈ – ၉၀၇) တွင် ပေါ်ခဲ့သည့် မှတ်တမ်း အများအပြား၌လည်း ပန်ဒါအကြောင်းကို ဖတ်ရှုရသည်။ ထိုခေတ်ကာလက ထင်ရှားကျော်ကြားသော ကဗျာဆရာ တစ်ဦးက ပန်ဒါဝက်ဝံတွင် မှော်သိဒ္ဓိရှိ၍ ပန်ဒါပုံကားချပ် ကို အိမ်ရှေ့တံခါးဝ၌ ချိတ်ဆွဲထားသည်ရှိသော် မကောင်း ဆိုးဝါးတို့ကို အဝေးသို့ နှင်စေကြောင်းဖြင့် ရေးသားခဲ့ သည်။ အေဒီ ၆၇၅ ခုနှစ်က မှတ်တမ်းမှတ်ရာများ၏ အဆို အရ တရုတ်ကေရာင်က ဂျပန်ဘုရင်ထံသို့ ပန်ဒါအရှင် နှစ်ကောင်နှင့် ပန်ဒါသားရေ အချပ် ၇၀ တို့ကို ပေးပို့ခဲ့ ကြောင်း သိရသည်။ ၁၂၀၀ ပြည့်လွန်နှစ်များ နှောင်းပိုင်း ကာလတွင် ဗင်းနစ်မြို့သား ကုန်သည်နှင့် ခရီးသည်ကြီး မာကိုပိုလိုသည် ပီကင်းနေပြည်တော်ရှိ ကေရာင်နန်းတော် တွင်း၌ "အဖြူအနက်နှစ်ရောင်စပ် ဝက်ဝံများ၏" သားရေ များကို မြင်တွေ့ခဲ့ရသည်။ သို့ရာတွင် ပန်ဒါရှိကြောင်းကို အနောက်တိုင်း သိပ္ပံကျမ်းစာအုပ်များ၌ ၁၈၆၉ ခုနှစ် ရောက်မှသာ ရေးသားတင်ပြစပြုသည်။ ၁၈၆၉ ခုနှစ်တွင် ဇီချမ်နယ်သား မုဆိုးများက ဂျင်းပီရဲ အာ မန် ဒေး ဗစ် အမည်ရှိ ခရစ်ယာန်သာသနာပြုတစ်ဦးအား ရောမ ပန်ဒါ အသေနှစ်ကောင်ကို ပေးခဲ့ရာ အာမန်ဒေးဗစ်က အာဆပ်စ် မီလာနိုလျှူကော့စ် (အမည်းနှင့်အဖြူ နှစ်ရောင်စပ်ဝက်ဝံ) ဟု အမည်ပေးခဲ့သည်။ ထို့နောက် ယင်း နမူနာ သတ္တဝါ တို့ကို ထပ်ဆင့် လေ့လာနိုင်ရန် ပါရီမြို့ရှိ သတ္တဗေဒ ပညာ ရှင် အယ်ဖွန် မီးလ် အက်ဒွပ်ထံသို့ ဆက်လက် ပေးပို့ခဲ့ ပြန်သည်။ ယင်းဝက်ဝံအမျိုးအစားသစ်၏ အရိုးနှင့်ခံတွင်း တည်ဆောက်ပုံတို့ကို ဂရုတစိုက် လေ့လာပြီးနောက် ပန်ဒါ သည် ဝက်ဝံနှင့် အပေါ်ယံကြောမျှသာ ဆင်တူခြင်း ဖြစ်သည်ဟု မီးလ်အက်ဒွပ်က ကောက်ချက်ချသည်။ ရောမ ပန်ဒါသည် ပန်ဒါခြေခုံဟု အနက်အဓိပ္ပာယ် ထုတ်ရှိသော အေလူရိုပုဒါ အုပ်စုတွင် ပါဝင်သည်ဟု ဆိုသည်။ ယင်း တိရစ္ဆာန်တွင် ဆဋ္ဌမမြောက် လက်ချောင်းလေးပါရှိသည်။ ယင်းလက်ချောင်းလေးသည် လက်ကောက်ဝတ်ပေါ်တွင် အံ့သြဖွယ်ကောင်းလောက်အောင် တင့်တယ်စွာတည်ရှိပြီး လက်မ၏သွင်ပြင်လက္ခဏာတို့ကိုလည်း ဆောင်ထားသည်။ ယင်း ဆဋ္ဌမမြောက် လက်ချောင်းငယ်ကြောင့်ပင် ပန်ဒါ သည် လူအပါအဝင် နို့တိုက်သတ္တဝါ အနည်းငယ်သာရှိသည့် ပစ္စည်းများကို မြဲမြဲဆုပ်ကိုင်နိုင်၍ ထိုင်လျက်အနေအထား ဖြင့် အစားအစာကို ပါးစပ်သို့ ယူ စား သည့် ဟန် မျိုး ကို ပြုလုပ်နိုင်သည်။ သတ္တဗေဒ ပညာရှင်များသည် ပန်ဒါ ဝက်ဝံကို မည်သို့ မျိုးစိတ်ခွဲခြား သတ်မှတ်ရမည်ကို ယခု အထိ တစ်သံတည်း မပြောနိုင်ကြသေးချေ။ သို့ရာတွင် ပညာရှင်အများစုကမူ ပရိစယွန်ဒေး မျိုးနွယ်ဝင် ဖြစ် သည်ဟု မှတ်ယူထားကြသည်။ မည်သို့ပင်ဆိုစေ အခြို့ ကမူ အာစီဒေးမျိုးနွယ်ထဲ၌ ထည့်ထားကြသည်။ ပန်ဒါ သည် ပန်ဒါမျိုးနွယ်ဝင်သာဖြစ်သည်ဟု ယခုတိုင် ဆိုသူက ဆိုနေမြဲပင်။

ပန်ဒါသည် အတော်အတန် ရှား ပါး နေ သည် မှာ ကြာကောင်းကြာရှေ့မည်။ သို့ရာတွင် ၁၉၀၀ ပြည့်လွန် နှစ်များသို့ ဝင်လာမှ ပန်ဒါမျိုးတုံးမည့် အန္တရာယ် ပေါ် လာခြင်း ဖြစ်သည်။ အနောက်တိုင်း သိပ္ပံပညာရှင်တို့က လေ့လာဆန်းစစ်ရန်အလို့ငှာ ပန်ဒါ နမူနာလိုချင်ကြသည်။ မုဆိုးတို့က ဂုဏ်ယူ ဝင့်ကြွားဖွယ်ရာအဖြစ် တပ်မက်ကြ သည်။ ပြတိုက်တို့ကလည်း ရှားရှားပါးပါး ခင်းကျင်း ပြစရာအဖြစ် မျက်စိကျကြသည်။ ၁၉၂၉ ခုနှစ်က အမေရိ ကန် သမ္မတဟောင်း ရူးစဗဲ့၏ သားများ ဖြစ်ကြသော ကားမစ်နှင့် သီအိုဒို ရူးစဗဲ့ ဂျူနီယာတို့သည် ရှီကာဂိုမြို့ သဘာဝသမိုင်းပြတိုက်၏ စီစဉ်ပေးမှုအရ ဇီ ချမ် ပြည် နယ် အတွင်း လေ့လာရေးခရီးထွက်ကြစဉ် ပန်ဒါတစ်ကောင်ကို ပစ်သတ်ခဲ့ဖူးသည်။ များမကြာမီ ဥရောပမုဆိုးတစ်ဦးသည် လည်း သားသည်မိခင်နှင့် မွေးစကလေးတို့ အပါအဝင် ပန်ဒါသုံးကောင်ကို သယ်ဆောင်သွားခဲ့သည်။ နောက်ပိုင်း တွင် မုဆိုးများသည် အရှင်ဖမ်းယူသွားသော အစဉ် အလာကို ပေါ်ထွန်းစေခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ပန်ဒါ လေ့လာရေးခရီးထွက်ရင်း တရုတ်နိုင်ငံ၌ ခင်ပွန်းသည် ခေါင်းချခဲ့ရသည့်အဖြစ်နှင့်ကြုံသော ရူ ဟတ်ကနစ် အမည် ရှိ အမေရိကန်အမျိုးသမီးတစ်ဦးသည် ရှီကာဂိုမြို့ ဘရွတ်ဖီး



ပန်ဒါမျိုးစပ်နိုင်မည့်နည်းလမ်းများကို စောတ်ခဲ့ခန်းထဲ၌ သိပ္ပံပညာရှင်များ လေ့လာနေကြစဉ် (အပေါ်ပုံ) ယင်းဆုံးဖဆန လုပ်ငန်း၏ အကျိုးဆက်အဖြစ် ၁၉၇၈ ခုနှစ်က မွေးဖွားစေခဲ့သော ပန်ဒါလေးကို မိခင်နှင့်အတူ တွေ့ရပုံ



တိရစ္ဆာန်ရုံသို့ ပန်ဒါပေါက်လေးတစ်ကောင် လက်ဆောင် ပေးခဲ့ဖူးသည်။ ယင်းပန်ဒါလေးကို စုလင်ဟု အမည်ပေး ထားသည်။ စုလင်သည် တရုတ်နိုင်ငံ၏ပြင်ပ၌ ပထမ ဦးဆုံးအဆက်ထင်ရှားမြင်တွေ့ရသော ပန် ဒါ ဖြစ် သည် ဟု ဆိုကြသည်။ အလွန် အဆောသန်သော စုလင် လေး ကို အများပြည်သူတို့က မြတ်နိုးကြကြောင်းဖြင့် သတင်းစာ များဦ တခမ်းတနား ရေးသားကြရာမှ အ နောက် တိုင်း တစ်ခုင်တွင် ပန်ဒါမှ ပန်ဒါဟု ရေပန်းစားလာသည်။

ပန်ဒါကို မြတ်နိုးသောစိတ်သည် မည်သည့် အခါမျ ခန်းခြောက်မသွားတော့ချေ။ စုလင်ကဲ့သို့ ဟက်ပီးအမည် ရှိ ပန်ဒါလေးသည်လည်း ဂျာမန် အထိန်းကောဒ်နှင့်အတူ ဥရောပတစ်ခွင် ခရီးနှင်ခဲ့သည်။ ရောက် ရာ အ ရပ် တွင် ဟက်ပီးကို အား ပေးသူများ ဝိုင်း ဝိုင်း လည် နေ သည်။ နောက်ပိုင်းတွင် လန်ဒန်တိရစ္ဆာန်ရုံက ရှက် တတ် သည့် မင် နှင့် လူများလေ ပျော် မြူး လေ ဖြစ် သည့် ချီချီ၊ နယူးယောက်မြို့ ဘရွန့် တိရစ္ဆာန်ရုံက ပန်ဒိုရာနှင့် ပန်၊ ရှီကာဂိုမြို့ ဘရွတ်ဖီး တိရစ္ဆာန်ရုံက မေလန်း၊ မော်စကို တိရစ္ဆာန်ရုံက ပင်ပင်းနှင့် အန်အန်း စသည်ဖြင့် ပရိသတ် အသည်းစွဲ ပန်ဒါလေးများ ပေါ်လာခဲ့သည်။ ပန်ဒါမျိုး မတုံးစေရန် စောင့်ရှောက်သင့်ကြောင်း အဆိုများလည်း ထွက်ပေါ်လာခဲ့သည်။

ခန္ဓာဗေဒအရ ပန်ဒါသည် တစ်မူထူးသည်။ ရောမ ပန်ဒါ တစ်ကောင်၏ မေးရိုးများသည် အစွမ်းထက်သော လက်နက် ဖြစ်နိုင်သည်။ သို့ရာတွင် ပန်ဒါ အများစုသည် ရှက်ရွံ့တတ်၏။ တစ်ကိုယ်တည်း နေတတ်၏။ အန္တရာယ် မပြုတတ်ချေ။ ပန်ဒါများတွင် အရွယ်တူတိရစ္ဆာန်၏အရိုးကို ဖြစ်စေ၊ ပိုကြီးသောတိရစ္ဆာန်၏အရိုးကိုပင်ဖြစ်စေ ကွဲကြေ သွားအောင် ကိုက်ပစ်နိုင်စွမ်းရှိသည့် မေးရိုးများကိုပိုင်ထား သည်။ ပန်ဒါအဖြစ်သို့ ဆင်းသက်လာရာ မူလမျိုးနွယ် တို့သည် အဓိကအားဖြင့် အသားစားသော ကာနီဗိုးရပ်စ်မျိုး ဖြစ်ကောင်းဖြစ်မည်။ ယခုအခါမူ ရောမပန်ဒါအချို့သည် ငါး၊ ကြွက်နှင့် ရှဉ့် စသောတိရစ္ဆာန်လေးများကိုစားတတ် ကြသော်လည်း အခြေခံအားဖြင့်မူ ပန်ဒါများသည် အသီး အရွက်စား သတ္တဝါအဖြစ်သို့ အသွင်ကူးပြောင်းနေပြီ ဖြစ် သည်။ ထူးခြားသည်မှာ စားသောအစာသည်လည်း ဝါး တစ်မျိုးတည်း ဖြစ်နေခြင်းပင်။ ပန်ဒါများသည် နေ့စဉ် အစားအစာ ပေါင် ၂၀ (ကိုးကီလိုဂရမ်) အထိ စား နိုင် သည်။ သို့ရာတွင် ပန်ဒါတို့ပျော်ရာမြေရှိ ဝါးပင်တို့သည် နှစ်ပေါင်း ဂဝ သို့မဟုတ် နှစ်ပေါင်း ၁၀၀ လျှင်တစ်ကြိမ်ကျ ပွင့်ကြပြီး အစေ့များထုတ်ကာ သို့ခြောက် သွားတတ် ကြသည်။ ထိုဝါးစေ့တို့မှ အပင်ပေါက်လာသည့်တိုင် ပန်ဒါ စား၍ရလောက်သည့် အရွယ်ထိ နှစ်အတန် ကြာဦးမည်ဖြစ် သည်။ ယင်းဘဝဖြစ်စဉ်မျိုးမှာ တစ်မူထူးပေရာ ရုက္ခဗေဒ ပညာရှင်တို့သည် အချိန်မှန်မှန်ဝါးပွင့်၍ သို့ခြောက်သွား ရသည့်အကြောင်းရင်းကို မရှင်းလင်းနိုင်သေးချေ။ ဝါးမျိုး စိတ် အမြောက်အမြားထဲမှ မျိုးစိတ်တစ်ခုသာ သို့ခြောက် သွားသည်ရှိသော် ပန်ဒါအဖို့ ခံတွင်းအတွေ့ဆုံး မျိုးစိတ် ဆုံးရှုံးကောင်း ဆုံးရှုံးမည်ဖြစ်သော်လည်း အစာရှာ၍ တွေ့ပေဦးမည်။ တစ်မျိုးတည်းရှိသော ဝါးတို့မျိုးတုံးလျှင်မူ ဒုက္ခကြုံရတော့သည်။

ဇီဝဗေဒပြည်နယ် ဝမ်လန်း ဘေးမဲ့သစ်တော ကြိုးဝိုင်း၌ ၁၉၇၅ ခုနှစ်နှင့် ၁၉၇၆ ခုနှစ်တွင် ဆောင်းရာသီအတွင်း ယင်းဒုက္ခမျိုး ကြုံရဖူးသည်။ ပန်ဒါတို့ အငတ်ဘေးဆိုက် ကြောင်း သတင်းရသည်နှင့် တရုတ်အရာရှိတို့သည် အရေး ပေါ် ကယ်ဆယ်ရေးအတွက်လူ ၃၀၀၀ ခန့်အား တာဝန်ပေး စေလွှတ်ခဲ့သည်။ ကြိုးစားကယ်တင်သည့်ကြားက ပန်ဒါ ၁၃၀ ကောင်သည် အစာငတ်မွတ်၍ သေဆုံးကုန်သည်။ ယခုအခါ ပန်ဒါ ၄၀၀ နှင့် ၁၀၀၀ ကြားသာ ကျန်ရှိမည်ဟု ခန့်မှန်းထားသည်။ ယင်း အရေအတွက်သည် မည်သည့် တိရစ္ဆာန်မဆို မျိုးတုံးမည့်အန္တရာယ် မသေးလှပြီဖြစ်ရာ အထူးသဖြင့် ပန်ဒါကဲ့သို့သော တိရစ္ဆာန်မျိုးအဖို့စိုးရိမ်ဖွယ် ကောင်းလှသည်။

ဇရာမပန်ဒါကြီးတို့သည် စင်စစ်အားဖြင့် ဘဝအစသည် ပင် မလွယ်လှချေ။ အရွယ်ရောက်မှလည်း နွေးကွေးသည်။ ယေဘုယျအားဖြင့် အကောင်းဆုံး အခြေအနေတွင်ပင် မျိုးပွားခဲသည်။ မြုံလည်းမမြုံ၊ လိင်စိတ်လည်း မကုန်ခန်း ပါဘဲလျက် သားမွေးခြင်းမရှိသလောက်နည်းသည်။ ပန်ဒါ တို့၏ ထူးခြားသောအစာအာဟာရဖြစ်သော ဝါးမျစ်သည် ပင် အသက်ရှင်ရေးကို အစဉ် ခြိမ်းခြောက်နေပေသည်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် ၁၈၀ ပြည့်နှစ်က ပန်းပွင့်ပြီးညှိုးခြောက်သွားခဲ့သော ဝါးပင်တို့သည် ၁၉၇၀ ပြည့်လွန် နှစ်များနှင့် ၁၉၈၀ ပြည့်လွန် နှစ်များအတွင်း ရောက်မှ တစ်ဖန် ပြန်လည်ဝေဆာပြီး ပန်ဒါတို့အတွက် ရိက္ခာ ဖြစ်လာသည်ကို တွေ့ရသည်။ ပန်ဒါအသေများကို ခဲ့စိတ်လေ့လာကြည့်ရာ ထက်ဝက်ခန့်တွင် အက်စကာရစ် ရှရိုဒရိကပ်ပါးသန်ကောင်ကို တွေ့ရသည်။ ယင်းသန်ကောင် သည်လည်း ပန်ဒါအသက်ရှင်သန်ရေးအတွက်အန္တရာယ်ပင် ဖြစ်သည်။

ဇီဝဗေဒပြည်နယ်သား ပါမောက္ခ ဟူ ယင် ချူး သည် ပန်ဒါများကို ဖမ်းဆီး၍လည်းကောင်း၊ သဘာဝအတိုင်း ကျက်စားရာသို့ သွား၍လည်းကောင်း ကြည့်ရှုလေ့လာသူ ဖြစ်သည်။ ယခုအခါနှစ်ထိ ပန်ဒါအရေအတွက် အများဆုံးကို လေ့လာထားသူ ဖြစ်သည်။ ပန်ဒါသည် ဘာသာစကား၊ အနုစာပေနှင့် မဟာတံတိုင်းကြီးတို့ကဲ့သို့ပင် တရုတ်နိုင်ငံ၏



ပန်ဒါအမတစ်ကောင်ကို သုတေသနပညာရှင်များ လေ့လာနေပုံ

ယဉ်ကျေးမှုအမွေအနှစ် ဖြစ်သည်ဟု ပါမောက္ခဟူက ခံယူသည်။ ၁၉၇၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ အစိုးရသည် ပန် ဒါ ကာ ကွယ် ထိန်း သိမ်း စောင့် ရှောက် ရေး အ တွက် ဒေါ်လာကိုးသန်းခန့် သုံးစွဲခဲ့သည်။ ၁၉၅၀ ပြည့်လွန်နှစ်များ စောစောပိုင်းမှစ၍ တရုတ်နိုင်ငံတွင် ရေပန်းစားလာသော ပန်ဒါဖမ်းဆီးသတ်ဖြတ်မှုတို့ကို ဟန့်တားကာကွယ်နိုင်ရန် အာဏာသက်ရောက်သည့်နောက်ဆက်တွဲဥပဒေများကို ပြဋ္ဌာန်းပေးခဲ့သည်။ တရုတ်နိုင်ငံတွင် ဘေးမဲ့တောများအဖြစ် ၁၉၇၅ ခုနှစ်က ၄၀ နီးပါးသာရှိခဲ့ရာမှ ၁၉၀၀ ပြည့်နှစ်တွင် ၅၅ ခု ရှိလာသည်။ ၁၉၀၅ ခုနှစ်တွင် ၇၅ ခု ရှိလာသည်။ ယင်းတို့အနက် ၁၀ ခုသည် အခြေခံအားဖြင့် ရောမပန်ဒါနှင့် ၎င်း၏ပတ်ဝန်းကျင်ကို စောင့်ရှောက်ပေးသည့် ဘေးမဲ့တောများ ဖြစ်ကြသည်။ ဇီချမ်ပြည်နယ်ရှိ ကေငါးသိန်း (ဟက်တာနှစ်သိန်း) ကျယ်ဝန်းသော ဝိုလုံဘေးမဲ့တောသည် အကြီးမားဆုံး ပန်ဒါဘေးမဲ့တောဖြစ်သည်။ ဝါးမျိုးစိတ်အများအပြားကို ထိန်းသိမ်းထားသောတောဖြစ်သည်။ ဝါးနှင့် ပန်ဒါမျိုးစိတ်များ မတုံးစေရန် ပထမဦးဆုံးသော နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှု စီမံကိန်း တစ်ရပ်ကို ဝိုလုံဘေးမဲ့တော၌ စတင်အခြေချသည်။ ကမ္ဘာ့တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့ (ဒဗလျူ ဒဗလျူ အက်ဖ်) နှင့်တရုတ်နိုင်ငံတို့ပူးတွဲစီမံကိန်းတစ်ရပ်တွင် ပါမောက္ခဟူနှင့် အခြားတရုတ်ပညာရှင်များ ပါဝင်ဆောင်ရွက်သည်။ ဒဗလျူ ဒဗလျူ အက်ဖ်က ဒေါ်လာတစ်သန်းနှင့် တရုတ်နိုင်ငံက ဒေါ်လာခြောက်သန်းထည့်ဝင်သော စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းအရ ဇီဝဓာတုဗေဒ၊ အာဟာရနည်းပညာ၊ မျိုးပွားဇီဝနည်းပညာဆိုင်ရာ ဓာတ်ခွဲခန်းများနှင့် စာကြည့်တိုက်များ တည်ထောင်ထားသည်။ ပန်ဒါ မွေးမြူရေးအတွက် ပန်ဒါပေါက်လေးများ စောင့်ရှောက်ရေးအခန်းများ၊ သားဖွားခန်းများနှင့် ပန်ဒါအယဉ်နှင့် ပန်ဒါအရိုင်းတို့ မျိုးစပ်နိုင်သည့်အခန်းများကို သဘာဝကျကျ ဖန်တီးထားရှိသည်။

ပန်ဒါအမသည် နှစ်ကောင်ထိ သားပေါက်သည်မှာ ခပ်ရှားရှားဖြစ်သည်။ ဖမ်းဆီးခံထားရချိန်တွင် တစ်ကောင်အဖတ်တင်အောင်မွေးလျှင်ပင် အအောင်မြင်ဆုံးဟုဆိုရမည်ဖြစ်သည်။ အရိုင်းဘဝတွင် မည်မျှအဖတ်တင်အောင်မွေးနိုင်သည်ကို အသေအချာ မသိရသေးချေ။ မွေးဖွားပြီးသားတစ်ကောင်အဖတ်မတင်လျှင် နောက်တစ်နှစ်တွင် ထပ်မွေးသည်ဟုလည်းကောင်း၊ မည်သို့ပင်ဖြစ်စေ တစ်နှစ်ခြားတစ်ခါ သားမွေးကောင်းမွေးမည်ဟုလည်းကောင်း ယူဆထားကြသည်။ အလေးချိန်ပေါင် ၂၀၀ ရှိ ပန်ဒါအမများသည် ၃ ဒသမ ၅ အောင်စမျှရှိသော ရင်သွေးများကို မွေး ထုတ် တတ် သည်။ သား ပေါက် စ သည် သိတင်းနှစ်ပတ်မျှ မျက် စိ မ မြင် ချေ။ ရက် သတ္တပတ်

ပေါင်းများစွာကြာမှ အမွေးအမြှင် ပေါက်စပြု သည်။ လပေါင်းများစွာပင် မိခင်ကိုမှီခိုနေရသည်။ ပန်ဒါသည် ဆောင်းခိုလေ့မရှိချေ။ ထို့ကြောင့် သားပေါက်စသည် နွေးထွေးမှု၊ အာဟာရပြည့်ဝမှုနှင့် အခြားသားရဲတိရစ္ဆာန်တို့၏အန္တရာယ်မှ ကင်းဝေးမှုတို့အတွက် စိတ်ချရခြင်းမရှိချေ။ ဤကား ဝက်ဝံနှင့်မတူသော အချက်ဖြစ်သည်။ သားပိုက်ကောင်ကဲ့သို့ ရင်ခွင်အိတ်ငယ်မျိုးလည်း ပန်ဒါတွင်မရှိချေ။ ပန်ဒါမိခင်သည်ရင်သွေးငယ်ကို ရှေ့ခြေဖဝါးနှင့် ပိုက်ချီလျက် ကျန်ခြေထောက်သုံးချောင်းဖြင့် ထောနင်းထောနင်းသွားလေ့ရှိသည်။

တစ်ခါက ပြောင်ရှင်းခရိုင်တွင် သစ်တောအရာရှိတို့သည် ပေါင် ၁၀၀ လေးသော ပန်ဒါအထီးလေးကိုတွေ့၍ ပီကင်းတိရစ္ဆာန်ရုံသို့ ပို့ခဲ့ဖူးသည်။ ၁၉၇၂ ခုနှစ်တွင် အရွယ်ရောက်လာသော ယင်းပန်ဒါလေးကို ရှင်းရှင်း ဟု အမည်ပေးသည်။ လင်းလင်းအမည်ရှိ ပန်ဒါအမ တစ်ကောင်နှင့်အတူ ရှင်းရှင်းကို ဝါရှင်တန်မြို့ အမျိုးသားဇီဝ ဗေဒဥယျာဉ်သို့ ပို့ပေးခဲ့သည်။ ရှင်းရှင်းတို့ကို သမ္မတရစ်ချတ်နစ်ဆင်အတွက် တရုတ်နိုင်ငံကလက်ဆောင်အဖြစ် ပို့ပေးခဲ့ခြင်းဖြစ်သည်။ ရှင်းရှင်းနှင့် လင်းလင်းတို့ကိုသားစပ်၍ မရနိုင်ခဲ့ချေ။ ရှင်းရှင်းကတော့ဆိုင်းနေခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ရှင်းရှင်းကို ဝါး ရုံ တော မျာ းအ တွင်း လွတ်လပ်စွာ လွတ်ပေးထားပြီး လိုအပ်သော စေ့ဆော်မှုများ ပြု လုပ် ပေး လိုက် မှ သား စပ် ၍ ရ တော့ သည်။ ထို့ကြောင့် ရှင်းရှင်းသည် 'သံတမန်' ပန်ဒါလေးဖြစ်ရုံမျှမက ပန်ဒါသိပ္ပံသမိုင်းတွင် အရေးပါသော ပန်ဒါလေးလည်းဖြစ်ကြောင်း ပါမောက္ခဟူက မှတ်ချက်ချခဲ့သည်။ နောက်ပိုင်းတွင် ပန်ဒါသားစပ်မှုအောင်မြင်သည့် သတင်းများဆက်တိုက်ထွက်ပေါ်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ လူဖန်တီးသောသားဖောက်နည်းတို့ဖြင့် တရုတ်လူမျိုးတို့သည် ဖမ်းထားသော ပန်ဒါတို့မှ တစ်နှစ်လျှင် သုံးကြိမ်မျှသာ သားဖောက်နိုင်သေးသည်။ သို့ဖြစ်၍ ပန်ဒါသည်အခြားတိရစ္ဆာန်မျိုးစိတ် ၁၀၀၀ နှင့် သစ်ပင်မျိုးစိတ် ၂၅,၀၀၀ တို့နည်းတူမျိုးတုံးအံ့ဆဲဆဲသတ္တဝါဖြစ်ပေသည်။

၁၉၀၈ ခုနှစ် ကမ္ဘာ့ပန်ဒါဦးရေသည် ၁၀၀၀ ပင် မပြည့်တော့ချေ။ ၁၉၀၈ ခုနှစ် မေလတွင် ထုတ်ပြန်သော တရုတ်အစိုးရ အစီရင်ခံစာအရ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း ဇီဝပြည်နယ် ပင်ဝူးခရိုင်ရှိ ဘေးမဲ့တောထဲသို့ မသမာသူတို့ ကျူးကျော်ပြီးပန်ဒါ ၂၁ ကောင်ကို သတ်ဖြတ်သွားကြောင်း သိရှိရသည်။ ပန်ဒါသားရေ၏ ပေါက်စျေးသည် ဂျပန်နိုင်ငံတွင် ဒေါ်လာ ၁၅,၀၀၀ ထိ ရှိနေ၍ မသမာသူတို့သည် ပန်ဒါသားရေကို လိုချင်တပ်မက်ကြသည်။ ဇီဝပြည်နယ်တစ်နယ်တည်းမှ ပန်ဒါသား

ရေ ၁၄၀ ကျော် ခိုးထုတ်သွားသည်ဟု အစီရင်ခံစာကဆိုသည်။ ဇီဝပြည်တရားရုံးများသည် ဥပဒေမဲ့ ဝင်ရောက်လာသော မုဆိုးများနှင့် မှောင်ခိုများ ၂၇ ဦးကို အပြစ်ပေးခဲ့သည်။ ၎င်းတို့အနက်သုံးဦးကို တစ်သက်တစ်ကျွန်းဒဏ် စီရင်ခဲ့သည်။

တရုတ်နိုင်ငံတွင် တံခါးဖွင့်ဝါဒဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု ချမှတ်သည့် အချိန်မှစ၍ အနောက်နိုင်ငံတိရစ္ဆာန်ရုံများက ပန်ဒါကိုရရှိရေးအတွက်စာချုပ်စာတမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလာကြသည်။ တရုတ်အာဏာပိုင်တို့က ၁၉၀၅ ခုနှစ်မှစ၍ ပန်ဒါလက်ဆောင်ပါးခြင်းကိုတားမြစ်ခဲ့သည်။ သို့ရာတွင် အချိန်အကန့်အသတ်ဖြင့် ငှားရမ်းခြင်းကို ခွင့်ပြုထားခဲ့သည်။ ပန်ဒါတစ်စုံကို ခြောက်လကြာငှားရမ်း၍ နယ်လှည့်ပြပွဲခင်းလျှင် ပြပွဲတာဝန်ခံတို့က ငှားရမ်းခ ဒေါ်လာငါးသိန်းပေးရသည်ဟု ဒဗလျူဒဗလျူအက်ဖ်အဖွဲ့ကဆိုသည်။

ပန်းချီပြပွဲများ၊ မြန်မာနိုင်ငံ။ ။မြန်မာ နိုင်ငံ၌ ပန်းချီ ပြပွဲကြီးငယ်များ တစ်စတစ်စ ခေတ် စား လာ ရာ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် ပိုမို ခေတ်စားလာခဲ့သည်။ စာပေဗိမာန်က ကြီးမှူး ကျင်းပသည့် ပန်းချီပြပွဲများမှသည် ပန်းချီ ပန်းပုကောင်စီပြပွဲနှင့် ရိုးရာ ပန်းပညာရှင်များ ကောင်စီ စည်းရုံးရေးကော်မတီ ပြပွဲဟူ၍ အဆင့်ဆင့် ပြောင်းလဲ လာခဲ့သည်။

၁၉၈၁ ခုနှစ်နောက်ပိုင်းမှစ၍ ရိုးရာပန်းပညာရှင်များကောင်စီ စည်းရုံးရေးကော်မတီက ကြီးမှူး၍ ပြပွဲများကို စိစစ်ထောက်ခံပေးခဲ့ရာ တစ်ကိုယ်တော်ပြပွဲ၊ အုပ်စုပြပွဲနှင့် မြို့နယ် စည်းကော်မတီတို့က ကြီးမှူးပြသသော ပြပွဲဟူ၍ ပြပွဲ သုံးမျိုး ကဲ့ပြားလာခဲ့ပြီး တစ်နှစ်လျှင် ပြပွဲခြောက်ပွဲမှ ၁၁ ပွဲအထိ ပြသနိုင်ခဲ့သည်။ ပြပွဲများ အရှိန်ရလာသည်နှင့်အမျှ ပန်းချီ ရေးဆွဲသူ ပညာရှင်နှင့် ဝါသနာရှင်များလည်း တစ်စတစ်စ တိုးပွားလာပြီး တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ ရေးဆွဲပုံ နည်းစနစ်အမျိုးမျိုးကိုလည်း မြင်တွေ့လာရသည်။

၁၉၈၇ ခုနှစ် ဇူလိုင်လမှ ၁၉၈၈ ခုနှစ် ဇွန်လအတွင်း ခင်းကျင်းပြသခဲ့သည့် ပြပွဲများကို စစ်တမ်းထုတ်လိုက်ပါက ပြပွဲ ရှစ်ပွဲခန့် ပေါ်ထွက်လာသည်ကိုတွေ့ရပေသည်။ ယင်း ရှစ်ပွဲတွင် တစ်ကိုယ်တော်ပြပွဲ တစ်ပွဲ၊ နှစ်ယောက်တွဲ ပြပွဲ တစ်ပွဲ၊ အုပ်စုပြပွဲ ငါးပွဲနှင့် အထိမ်းအမှတ်ပြပွဲ တစ်ပွဲ ပါဝင်ပြီး ပညာရပ် အနေဖြင့် ရေဆေးပြပွဲ၊ ပါတိတ် ပန်းချီပြပွဲနှင့် ရေဆေး ဆီဆေး စုပေါင်းပြသည့် ပြပွဲဟူ၍ သုံးမျိုး ခွဲခြားနိုင်သည်။

ကွယ်လွန်သူ ပန်းချီ ဆရာကြီး ဦးသိန်းဟံ အထိမ်း

အမှတ် ပန်းချီပြပွဲကို ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်မှ ၂၀ ရက်နေ့အထိ ပြည်လမ်း ယုဒသန်ရိပ်သာတွင် ကျင်းပပြုလုပ်ခဲ့သည်။ ကွန်လွန်သူဆရာကြီး ဦးသိန်းဟံကို ဂုဏ်ပြုသောအားဖြင့် လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများ၊ မိတ်ဆွေများနှင့် တပည့်သားမြေးများက စုပေါင်းပြသသော ပြပွဲဖြစ်သည်။ ဆရာကြီးဦးသိန်းဟံ၏ လက်ရာများ အပါအဝင် ပန်းချီပညာရှင်များ စုပေါင်းပေးပို့သည့် လက်ရာ စုစုပေါင်း ၁၃၈ ကားကို တင်ပြခဲ့ရာ ပရိသတ်အများ စိတ်ပါဝင်စားသောပြပွဲ ဖြစ်ခဲ့သည်။ ကွယ်လွန်သူ ပန်းချီ ဆရာကြီး ဦးငွေကိုင် အထိမ်းအမှတ်ပြပွဲကို လွန်ခဲ့သည့်အနှစ် ၂၀ ခန့်က ကျင်းပခဲ့ဖူးရာ ယခုအကြိမ်မှာ ဒုတိယမြောက်အထိမ်းအမှတ်ပြပွဲဟု ဆိုနိုင်သည်။ လက်ရာပေါင်းစုံတွင် ဆရာကြီးဦးသိန်းဟံ၏ ထူးခြားသည့်လက်ရာအချို့ကို မြင်နိုင်သည်။


အုပ်စု ပန်းချီပြပွဲများအနက် နံနက်ခင်း ပန်းချီပြပွဲကို ၁၉၇၇ ခုနှစ် သြဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၅ ရက်နေ့အထိ ပြည်လမ်း ယုဒသန်ရိပ်သာတွင် ကျင်းပပြသခဲ့သည်။ အဆိုပါ ပြပွဲတွင် ပညာရှင်နှင့် ဝါသနာရှင် ၃၀ ခန့် တို့က မိမိတို့သန်ရာသန်ရာအကြောင်းအရာတို့ကို ဆီဆေး၊ ရေဆေးတို့ဖြင့် ခြယ်မှုန်း ရေးဆွဲထားသော ပန်းချီကားများကို ပြသထားသည်။ ရောင်းအားစံချိန်တင်ခဲ့သော ပြပွဲတစ်ပွဲဖြစ်သည်။




ချင်းတွင်းရေကြည် ပန်းချီပြပွဲတွင် ခင်းကျင်းပြသသော ဦးမျိုးမြင့်၏ ကျောက်မျက်ဆရာမြကြီးလက်ရာ

ချင်းတွင်းရေကြည် ပန်းချီပြပွဲတွင် ခင်းကျင်းပြသသော ဦးမန်းတင်၏ ခါးခါးလူးမယ်





ပန်းချီ အနုပညာရှင် တင်အောင်ထိုက်၏ ရွှေတိဂုံရင်ပြင်တော်




ပန်းချီ အနုပညာရှင် မင်းနိုင်၏ သစ်ခွပန်းအလှ

အခြားအုပ်စု ပန်းချီပြပွဲတစ်ခုမှာ ချင်းတွင်းရေကြည် ရေဆေးပန်းချီပြပွဲ ဖြစ်သည်။ မုံရွာမြို့နယ် ရိုးရာပန်း ပညာရှင်များ ကောင်စီကကြီးမှူး၍ပြသခြင်းဖြစ်ရာ မြို့နယ် စည်းကော်မတီများအနေဖြင့် ရန်ကုန်မြို့သို့ လာရောက်၍ ပထမဆုံးအကြိမ် ပြသသော ပြပွဲအဖြစ် မှတ်တမ်းတင်နိုင် သည်။ ထူးခြားမှုမှာ ပြပွဲတာဝန်ခံ၊ ပြပွဲဦးဆောင်အဖွဲ့၊ ကားရွေးချယ်ရေးအဖွဲ့ စသည်ဖြင့် သူတာဝန်နှင့်သူ အဆင့်ဆင့် ပိုင်းခြားလုပ်ဆောင်မှုပင်ဖြစ်သည်။ စည်းစနစ်တကျ ကျင်းပပြသသော ပန်းချီပြပွဲတစ်ခု ဖြစ်သည်။

တစ်ကိုယ်တော်ပန်းချီပြပွဲကိုခင်းကျင်းပြသသူမှာ ခရေ မြင့်သန်းဖြစ်သည်။ လေးငါးနှစ်ခန့် အချိန်ယူ၍ ရေးဆွဲ ထားသည့် လက်ရာများကို တစုတဝေးတည်း ခင်းကျင်း ပြသထားသည်။

နှစ်ယောက်တွဲ ပန်းချီပြပွဲမှာ ဇနီးမောင်နှံ နှစ်ဦးတို့၏ သစ္စာမောင်နှံ အနုပန်းချီပြပွဲဖြစ်သည်။ ဇနီးမောင်နှံ နှစ်ဦး၏ လက်ရာစုံ ပန်းချီကားပေါင်း ၇၀ ကျော်ကို



ချင်းတွင်းရေကြည် ပန်းချီပြပွဲတွင် ခင်းကျင်းပြသသော ဦးအောင်မောင်း၏ ကဗျာလွှတ်



ချင်းတွင်းရေကြည် ပန်းချီပြပွဲတွင် ခင်းကျင်းပြသသော ဦးသိန်းဇော်၏ ရွှေစည်းခုံသို့အဝင်

ချိတ်ဆွဲပြသထားသည်။ ပြပွဲကျင်းပကြသူ ဇနီးမောင်နှံ နှစ်ဦးသည် ရှမ်းပြည် အင်းလေးဒေသ ဇာတိဖြစ်၍ ရန်ကုန် ပန်းချီပန်းပုကျောင်းဆင်းများဖြစ်ကြပြီး ပန်းချီပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများ ဖြစ်ကြသည်။

တိုးတက် ပြောင်းလဲလာသော အုပ်စုပန်းချီပြပွဲတစ်ခု မှာ ပါတိတ်ပန်းချီပြပွဲဖြစ်သည်။ မြန်မာပန်းချီပရိသတ်နှင့် အနည်းငယ် စိမ်းနေသေးသောပြပွဲမျိုးဖြစ်သည်။ အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်ခေတ်စားခဲ့သည့် ပါတိတ်ပန်းချီရေးဟန်ကို ယနေ့ မြန်မာလူငယ်၊ လူလတ် ပန်းချီဆရာများ တစ်စတစ်စ လေ့လာလိုက်စားခဲ့ရာမှ သီးခြားပြပွဲများကျင်းပနိုင်သည့်အခြေသို့ရောက်ရှိလာခြင်း ဖြစ်သည်။ ပါတိတ်ပန်းချီကို အမျိုးသားများသာမက အမျိုးသမီး ပန်းချီပညာရှင်အချို့ကပါစိမ်းသပ် ရေးခြယ် လာသည်ကို တွေ့ရသည်။ မြန်မာ့ပန်းချီသမိုင်းတွင်ထူးခြား ချက်တစ်ရပ်ပင် ဖြစ်သည်။

ပန်းချီပြပွဲများအနက် ရန်ကုန် ရေဆေးပန်းချီဆရာ



ပါတီတ်ပန်းချီပြပွဲ၌ ခင်းကျင်းပြသသော မင်းဝေအောင်၏ ပန်းချီကားတစ်ချပ်

များအုပ်စု ပန်းချီပြပွဲကို ၁၉၇၈ ခုနှစ် မတ်လအတွင်းက ကျင်းပခဲ့ရာ ထိုပြပွဲသည် ကိုး ကြိမ် မြောက် ပြသခြင်း ဖြစ်ပြီး စုစည်းညီညွတ်သည့် ရေဆေးဆရာတို့၏ ညီညွတ်မှု အသွင် ပေါ်လွင်လျက်ရှိသည်။ တရုတ်၊ ကိုရီးယားနှင့် ဂျပန်တို့၏ ကမ္ဘာကျော်လက်ရာများကို မကျော်လွှားနိုင် ကြသေးသော်လည်း တစ်စတစ်စ ကြိုးပမ်းအားထုတ်လာသည့် လက်ရာများကို တွေ့ရပေသည်။

အုပ်စုပန်းချီပြပွဲတစ်ခုကား ၁၉၇၇ ခုနှစ် မတ်လ ၂၉ ရက်မှ ၃၁ ရက်နေ့အထိ ပြသခဲ့သည့် လက်ရာမှန်ပြပွဲဖြစ်သည်။ ရန်ကုန်ပန်းချီ ပန်းပု ကျောင်း၏ ၃၀ ကြိမ် မြောက် ကျောင်းဆင်းပွဲ အထိမ်းအမှတ် အုပ်စုပန်းချီပြပွဲတစ်ခုဖြစ်ရာ ပ–ဒု–တ သင်တန်းသားတို့၏ လက်ရာအဖုံဖုံကို မြင်ရ တွေ့ရသည်။ ဆီ၊ ရေ၊ ခဲ၊ ကလောင် ပန်းချီကား ၇၅ ချပ်နှင့် ပန်းပုလက်ရာအမျိုးမျိုးကို စိတ်ဝင်စားဖွယ် တင်ပြထားသည်။ အခြေခံပန်းချီ (ပုံဆွဲ)၊ ရသပန်းချီနှင့် လုပ်ငန်းပန်းချီ (ကုန်သွယ်ရေးပန်းချီ) များကို သာမက ရှေးရိုးမြန်မာ ပန်းချီကိုလည်း တစ်ကဏ္ဍအဖြစ် ဖော်ထုတ် တင်ပြထားသည်။

ပြင်သစ်သမ္မတနိုင်ငံ

ပန်းချီပြပွဲများကို စုတ်၊ ဆေး၊ စက္ကူ၊ ကင်းပတ်၊ ခဲတံစသည့် ပန်းချီပစ္စည်း အ ခက် အ ခဲများ ကြား မှ ရွန်း ကန်ကြိုးစား၍ ပြသကြခြင်းဖြစ်သည်ဟု ဆိုကြပေသည်။

ပြင်သစ်သမ္မတနိုင်ငံ။ ။ ၁၉၁၁ ခုနှစ်မှစ၍ သမ္မတ ဖြစ်လာခဲ့သော ဖရန်ဆွာမီးထရောင်းသည် သမ္မတသက် တမ်းခုနစ်နှစ်အတွင်း ပထမငါးနှစ်လုံးလုံး ဆိုရှယ်လစ်ဝါဒီ အစိုးရအဖွဲ့ကို ဦးဆောင်ကာ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ငွေကြေးဖောင်းပွမှုကို သုံးကြိမ်တိုင် တိုက်ဖျက်ခဲ့ရသည်။ ငါးနှစ်တစ်ကြိမ်ကျကျင်းပသော ၁၉၁၆ ခုနှစ် မတ်လ ပါလီမန်ရွေးကောက်ပွဲတွင် ဆိုရှယ်လစ်ပါတီ အရေးနိမ့်ပြီး ဂေါလစ်ပါတီ (ရီပတ်ဗလစ်ကန်ပါတီ) (အာပီအာ)နှင့် ပြင်သစ်ဒီမိုကရေစီ သမဂ္ဂအဖွဲ့ (ယူဒီအက်ဖ်) တို့ ပေါင်းထားသည့် အတိုက်အခံများက အောင်ပွဲရလာခဲ့ရာ သမ္မတမီးထရောင်းသည် ဂေါလစ်ပါတီ ခေါင်းဆောင် ဂျက်ရီရက်ကို ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၇– စာ၊ ၂၁၁—ရှု။) လက်ဝဲသမ္မတနှင့် လက်ယာဝန်ကြီးချုပ်တို့ အတူပူးပေါင်းဆောင်ရွက်ရေးမူကို ကျင့်သုံးကာ ပြင်သစ်နိုင်ငံကို ဦးဆောင်မှုပေးခဲ့သည်။

၁၉၇၈ ခုနှစ် ပြင်သစ်သမ္မတရွေးကောက်ပွဲကို ဆိုရှယ်လစ်ပါတီမှ အသက် ၇၁ နှစ်ရှိသူ လက်ရှိသမ္မတဖရန်ဆွာမီးထရောင်းကလည်းကောင်း၊ ဂေါလစ်ပါတီမှ အသက် ၅၅ နှစ်ရှိသူ လက်ရှိဝန်ကြီးချုပ် ဂျက်ရီရက်ကလည်းကောင်း၊ ယူဒီအက်ဖ်ပါတီမှ ယခင်ဝန်ကြီးချုပ် ဟောင်းဖြစ်သူ အသက် ၆၄ နှစ်အရွယ်ရှိ ရေမွန်ဘားကလည်းကောင်း၊ အမျိုးသားတပ်ဦးပါတီမှ ဂျီးန်မာရီလေပင်းကလည်းကောင်း၊ ကွန်မြူနစ်ပါတီမှ အွန်ဒရေလာဂျိုင်းကလည်းကောင်း သမ္မတလောင်းများအဖြစ် ပါဝင်ယှဉ်ပြိုင်လာခဲ့ကြသည်။

သို့ရာတွင် အဓိကယှဉ်ပြိုင်သူနှစ်ဦးသည် မီးထရောင်းနှင့် ဂျက်ရီရက်တို့ ဖြစ်ကြသည်။ ဂျက်ရီရက်သည် ၁၉၇၈ ခုနှစ် ရွေးကောက်ပွဲမတိုင်မီငါးလခန့်က လူထုဆန္ဒကောက်ယူရာတွင် မီးထရောင်းနှင့် ရေမွန်ဘားတို့၏ နောက်တွင် တတိယနေရာ၌လိုက်နေခဲ့သော်လည်း မဲဆွယ်တရားပွဲများကျင်းပခဲ့ပြီး နောက် ပိုင်း ကွင် ရေ မွန် ဘား ကို ကျော် ၍ မီးထရောင်းကို မိလုမိခင်ဖြစ် လာ ခဲ့ သည်။ ၁၉၇၈ ခု နှစ် ဧပြီလ ၂၄ ရက်နေ့တွင် စတင်ကျင်းပသော ပထမအဆင့် သမ္မတလောင်းရွေးကောက်ပွဲတွင် သမ္မတ မီးထရောင်းက ၃၄ ဒသမ ၅ ရာခိုင်နှုန်း၊ ဝန်ကြီးချုပ် ဂျက်ရီရက်က ၁၉ ဒသမ ၅ ရာခိုင်နှုန်း၊ ဝန်ကြီးချုပ်ဟောင်း ရေမွန်ဘားက ၁၆ ဒသမ ၇ ရာခိုင်နှုန်း၊ ဂျီးန်မာရီလေပင်းက ၁၄ ဒသမ

၄ ရာခိုင်နှုန်း၊ အွန်ဒရေလာဂျို၂်းက ၆ ဒသမ ဂ ရာခိုင်နှုန်း အသီးသီး မဲရရှိခဲ့ကြသည်။ လက်ယာပါတီခေါင်းဆောင် တစ်ဦးဖြစ်သူ ရေမွန်ဘားသည် ဒုတိယအဆင့်ရွေးကောက်ပွဲတွင် လက်ယာညီညွတ်ရေးကိုရွေးရှုလျက် ဂျက်ရှီရက်ဘက်မှ မဲပေးမည်ဟု ပြောကြားခဲ့သည်။ ပြည်ပမှ ဝင်ရောက်နေထိုင်သူ နိုင်ငံခြားသားများကို ဆန့်ကျင်ရေး ဝါဒီ လက်ယာစွန်း ပါတီခေါင်းဆောင် လေပင်းကမူ ဂျက်ရှီရက်ကို မထောက်ခံနိုင်ဟုဆိုခဲ့သည်။

ပထမအဆင့် ရွေးကောက်ပွဲတွင် အများဆုံးမဲရရှိသူ နှစ်ဦးဖြစ်သည့် ဖရန်ဆွာ မီးထရောင်းနှင့် ဂျက်ရှီရက်တို့ ၁၉၈၈ ခုနှစ် မေလ ၈ ရက်နေ့၌ ယှဉ်ပြိုင်အရွေးခံကြရာတွင် မီးထရောင်းက ၅၄ ရာခိုင်နှုန်းနှင့် ဂျက်ရှီရက်က ၄၆ ရာခိုင်နှုန်း ရရှိကာ မီးထရောင်းက ဆက်လက် အနိုင်ရရှိသွားသည်။ ဝန်ကြီးချုပ် ရှီရက်သည် ရွေးကောက်ပွဲအနိုင်အရှုံး စာရင်းထုတ်ပြီး နှစ်ရက်အကြာတွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ သမ္မတ မီးထရောင်းက ထင်ရှားသော ဆိုရှယ်လစ်ပါတီခေါင်းဆောင်တစ်ဦး ဖြစ်သူ အသက် ၅၇ နှစ်ရှိ မီရဲလ် ရိုကာ့ဒ်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ မီးထရောင်း၏ဆိုရှယ်လစ်အစိုးရလက်ထက် ၁၉၈၃ ခုနှစ်က ရိုကာ့ဒ်အား စိုက်ပျိုးရေးဝန်ကြီးအဖြစ် ထားရှိခဲ့ဖူးသည်။ ထိုစဉ်က ရိုကာ့ဒ်သည် ဥရောပဘုံစျေးအဖွဲ့အတွင်း စေ့စပ်ညှိနှိုင်းရာ၌ ကျွမ်းကျင်လိမ္မာသူအဖြစ် အစွမ်းပြခဲ့ ဖူးသည်။ ရိုကာ့ဒ်သည် ၁၉၆၉ ခုနှစ် မတိုင်မီက ညီညွတ်သော ဆိုရှယ်လစ်ပါတီဟု အမည်ရသည့် ပါတီငယ်တစ်ခု ထူထောင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ် တွင် မီးထရောင်း၏ ဆိုရှယ်လစ်ပါတီနှင့် ပါဝင်ပူးပေါင်းခဲ့ခြင်း ဖြစ်သည်။

ပြင်သစ်နိုင်ငံတွင် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ၁၉၈၈ ခုနှစ် ဇွန်လ ၅ ရက်နေ့မှ စတင်ကျင်းပခဲ့ရာတွင် မူလက သမ္မတ မီးထရောင်း မျော်လင့်ထားသကဲ့သို့ ဆိုရှယ်လစ်ပါတီက အမတ်အများစု ရရှိခဲ့ခြင်း မရှိဟု ဆိုသည်။ အမျိုးသားလွှတ်တော်တွင် အမတ်နေရာ ၅၇၇ နေရာ ရှိသည့်အနက် ဆိုရှယ်လစ်ပါတီက အမတ် ၂၇၆ နေရာသာ ရရှိသည်။ လက်ယာညွှန်ပေါင်းပါတီထက် မဲအနည်းငယ် ပိုမိုရရှိသော်လည်း အများစု ဆန္ဒမဲ ရရှိရန် လိုအပ်သည့် ၂၈၉ နေရာကို ပြည့်မီခြင်း မရှိပေ။ အစိုးရအဖွဲ့သစ် ဖွဲ့စည်းသောအခါ ရိုကာ့ဒ်ပင်လျှင် ဝန်ကြီးချုပ်တာဝန်ကို ယူသည်။ ၁၉၈၈ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ကြေညာသော အစိုးရအဖွဲ့သစ် အမည်စာရင်းတွင် အလယ်အလတ်ဝါဒီ သုံးဦးကိုပါ ထည့်သွင်းခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် ဆိုရှယ်လစ်ပါတီမှ ၂၄ ဦးနှင့် ဆိုရှယ်လစ် ပါတီဝင် မဟုတ်သူ ၂၄ ဦးတို့ ပါဝင်သည်။ ယင်းတို့အနက် လူသစ် ၁၂ ဦး ပါဝင်သည်။ လူသစ်များ တွင် ရေမွန်ဘားအား ထောက်ခံခဲ့သူ အလယ်အလတ်ဝါဒီနှစ်ဦးနှင့် ယခင်သမ္မတဟောင်း ဂျီးစကတ်ဒ်စတိုင်းလက်ထက်က ဝန်ကြီးဟောင်း တစ်ဦးတို့လည်း ပါဝင်သည်။



ပြင်သစ်နိုင်ငံဝန်ကြီးချုပ်အသစ် မီရဲလ် ရိုကာ့ဒ်



ဖင်းလန်နိုင်ငံ ဟဲလဆင်ကီးမြို့တော်သို့ အလည်အပတ်လာရောက်သော အမေရိကန်သမ္မတ ရော်နယ် ရေဂင်နှင့် ဖင်းလန်နိုင်ငံ သမ္မတ မောနို့ကျိုင်ဗစ္စတို (ဝဲစ္စန်) တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်

ဖင်းလန်နိုင်ငံ။ ။ဖင်းလန် နိုင်ငံတွင် သမ္မတ ရာထူး အတွက် တိုက်ရိုက် ရွေးချယ် တင်မြှောက်ပွဲကို ပထမဆုံး အကြိမ်အဖြစ် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့ထိ ကျင်းပခဲ့ရာ ဆိုရှယ်ဒီမိုကရက် တစ်ပါတီ (အက်စ်အက်စ်ဒီပီ)၊ ဖင်းနစ်ရှ် ကျေးလက်ပါတီ (အက်စ်အမ်ပီ) နှင့် ဆို့ဒစ်ရှ် ပြည်သူပါတီ (အက်စ်အက်ဖ်ပီ) ပါတီဝင်အချို့က ထောက်ခံသော လက်ရှိသမ္မတ ဒေါက်တာမောနို့ ကိုုင်ဗစ္စတို့၊ အာဏာရ ကွန်ဆာဗေးတစ် အမျိုးသားညွှန့်ပေါင်းပါတီ (ကေကေ) နှင့် အက်စ်အက်ဖ်ပီ ပါတီဝင် အချို့က ထောက်ခံသော ဝန်ကြီးချုပ် ဟာရီ ဟိုကေရီ၊ အတိုက်အခံ ဗဟိုပါတီ (ကေပီ) ၏ ခေါင်းဆောင် လည်းဖြစ်၍ အက်စ်အက်ဖ်ပီ ပါတီဝင်အချို့၏ ထောက်ခံ မှုကို ရထားသော နိုင်ငံခြားရေးဝန်ကြီးဟောင်း ပါးပို ဗေရိနင်၊ ဖင်းနစ်ရှ်ကွန်မြူနစ်ပါတီ၏ ဥရောပကွန်မြူနစ်ဝါဒီ သမ္မတလောင်းလည်းဖြစ်၍ ဂရင်းပါတီ၊ အက်ရှင်–ဂဂ လှုပ်ရှားမှုပါတီတို့၏ ထောက်ခံမှုကို ရရှိသော ပြည်နယ် အုပ်ချုပ်ရေးမှူး ကာလေဗီ ကီဗစ္စတိုနှင့် ကွန်မြူနစ် ဒီမို ကရက်တစ် အော်လတာနက်တစ်ပါတီ (ဒီဗာ) အထွေထွေ အတွင်းရေးမှူး ဂျိုကို ကာဂျာ နိုဂျာတို့ ပါဝင်ယှဉ်ပြိုင်ကြ သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၇–စာ၊ ၁၁၈—ရှ။)

ဒေါက်တာကိုုင်ဗစ္စတိုသည် ထောက်ခံမဲ ၄၇ ဒသမ ၉၂ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသည်။ အဖွဲ့ဝင် ၃၀၁ ဦး ရှိသော အီလက်တိုရယ်ကောလိပ်တွင် ၁၄၄ ဦး၏ ထောက်ခံမှုကို ရရှိသည်။ ထို့ကြောင့် ဒေါက်တာကိုုင်ဗစ္စတိုသည် ၁၉၈၈ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ဒုတိယခြောက်နှစ်သက်တမ်း အတွက် သမ္မတတာဝန်ကို စတင်ထမ်းဆောင်သည်။ ကိုုင် ဗစ္စတိုသည် သမ္မတကက်ကိုနင် (၁၉၀၀–၁၉၈၆) မကျန်းမာ သဖြင့် ၁၉၈၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ ယာယီသမ္မတအဖြစ် တာဝန်ဆက်ခံခဲ့ခြင်းဖြစ်သည်။ ၁၉၈၁ ခုနှစ် အောက်တိုဘာလတွင် ကက်ကိုနင် နုတ်ထွက်သွား၍

၁၉၇၂ ခုနှစ် သမ္မတ ရွေးကောက်ပွဲ ကျင်းပသောအခါ ကွိုင်ဗစ္စတိုပင် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်း ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၇–စာ၊ ၁၅၁—ရှ။)

ဖိုင်းမန်း,ရစ်ချတ် ဖီလစ် (ခရစ် ၁၉၁၈–၁၉၈၈)။ ။ ကွမ်တမ်လျှပ်စစ်ဒိုင်နမစ် သီအိုရီဆိုင်ရာ ရှေးဦးပုံသေနည်းတို့ကို ပြင်ဆင်ဖြည့်ဆည်းပေးခဲ့၍ ဒုတိယကမ္ဘာစစ်ပြီးခေတ်၏ သြဇာအရှိဆုံး သိပ္ပံ တွေးခေါ်ရှင်တစ်ဦး ဖြစ်သည့် ရစ်ချတ် ဖီလစ် ဖိုင်းမန်း ကို ၁၉၁၈ ခုနှစ် မေလ ၁၁ ရက် နေ့တွင် အမေရိကန်ပြည်ထောင်စု နယူး ယောက် မြို့၌ မွေးဖွားသည်။ ငယ်စဉ်က မက် ဆာ ချူး ဆက် ပြည်နယ် စက်မှုတက္ကသိုလ်နှင့် ပရင့်စတန် တက္ကသိုလ်တို့၌ ပညာ ဆည်းပူးခဲ့သည်။

ဖိုင်းမန်းသည် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ်မှ ၁၉၄၃ ခုနှစ်ထိ နယူးမက္ကဆီကိုပြည်နယ် လော့စ်အလာမော့စ်မြို့တွင် အခြေစိုက်သောနျူးကလီးယားဗုံး ထုတ်လုပ်ရေး စီမံကိန်း၌ ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ကော်နဲတက္ကသိုလ်၌ ရူပဗေဒ သီအိုရီဆိုင်ရာ တွဲဖက်ပါမောက္ခ ဖြစ်လာသည်။ ဖိုင်းမန်းသည် ကွမ်တမ် မက္ကင်း နစ် နှင့် လျှပ်စစ်ဒိုင်နမစ်ပညာတွင် ကျယ်ပြန့်လှသော နယ်ပယ်ကို ၁၉၄၈ ခုနှစ်က အပြီးသတ်မှမ်းမံပြင်ဆင်ပေးခဲ့ရာ အစဉ်အလာ ကွမ်တမ် လျှပ်စစ်ဒိုင်နမစ်သီအိုရီကြောင့် တစ်ခါတစ်ရံ အဓိပ္ပာယ်ကင်းမဲ့သော အကျိုးရလဒ်များ ပေါ်ပေါက်တတ်သည့် ပြဿနာကို ဖြေရှင်းပေးနိုင်ခဲ့ပေသည်။ ဖိုင်းမန်း ရှင်းလင်းရေးဆွဲပြသော ဂရပ်ပုံများနှင့် ယင်းတို့ကိုအခြေခံသော သခ်ျာနည်းများသည် ခေတ်သစ် ကွမ်တမ် သီအိုရီ၏ ရှုမြင်ပုံကို ပြောင်းလဲစေ

'ဗဲဆုရ ရူပဗေဒပညာရှင် ရစ်ချတ် ဖီလစ် ဖိုင်းမန်း



သည့်ပြင် ယင်းသီအိုရီ၏ သြဇာကို ပိုမိုကြီးမားစေသည့် အဖိုးထိုက်လှသော အခြေခံ ကိရိယာတန်ဆာပလာများပင် ဖြစ်သည်ဟု ကွမ်တမ်လေ့လာမှုသမိုင်းကို ပြုစုသူတို့က မှတ်ချက်ချကြသည်။ ဖိုင်းမန်းသည် အီလက်ထရွန်၊ ပေါ်ဆီထရွန် စသည့် အခြေခံအမှုန်တို့နှင့် ယင်းတို့ကို သက်ရောက်သော အားများ၏အကြောင်းကို နှိုက်နှိုက်နှဲနဲ့ လေ့လာရှင်းပြခဲ့ခြင်းပင် ဖြစ်သည်။

ဖိုင်းမန်းသည် ၁၉၅၀ ပြည့်နှစ်တွင် ကာလီဖိုးနီးယား စက်မှုတက္ကသိုလ်၌ ရူပဗေဒသီအိုရီဆိုင်ရာ ပါမောက္ခ ဖြစ်လာသည်။ အမေရိကန် ပြည်ထောင်စုမှ ဂျူလီယန် အက်စ်ရှဝင်ဂျာနှင့် ဂျပန်နိုင်ငံမှ ရှင်အီချိရို တိုမိုနာဂါတို့နှင့် အတူ ၁၉၆၅ ခုနှစ်တွင် ရူပဗေဒဆိုင်ရာနိုဗယ်ဆုကို ဆုတ်ခူးရရှိသည်။ ၁၉၇၆ ခုနှစ်တွင် ချယ်လင်ဂျာ အာကာသလွန်းပျံယာဉ်ပေါက်ကွဲသည့်ဖြစ်ရပ်ကို စုံစမ်းစစ်ဆေးသည့် ကော်မရှင်၌ ဖိုင်းမန်းလည်းပါဝင်ခဲ့သည်။ ချယ်လင်ဂျာ၏ လေလုံပိတ်ကွင်းဝိုင်းများသည် ရုတ်တရက် အပြင်းအထန် အပူချိန် ပြောင်းလဲမှုဒဏ်ကို ခံနိုင်ဖွယ်မရှိကြောင်းဖြင့် ဖိုင်းမန်းက ရော်ဘာပစ္စည်းတစ်ခုနှင့် ရေခဲရေတစ်ခွက်ကို အသုံးပြုလျက် သရုပ်ပြရှင်းလင်းပြလိုက်ရာ ကော်မရှင်၏ စစ်ဆေးရေး ရုံးခန်းမတစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားခဲ့ရသည်။

ဖိုင်း မန်း သည် ထင် ရှား သော ရူပဗေဒပညာရှင် ဖြစ်သည့်ပြင်'တကယ်ပင် သင်က ရယ်ရွှင်ဖွယ် ပြောနေချေသည် မစ္စတာ ဖိုင်းမန်း'အမည်ရှိ အရောင်းတွင်ကျယ်ဆုံး စာအုပ်တစ်အုပ်ကို ရေးသားသော စာ ရေး ဆ ရာ လည်း ဖြစ်သည်။

နှစ်ဆယ်ရာစုနှစ် သိပ္ပံတွေးခေါ်ရှင်နှင့် နိုဗဲဆုရ ရူပဗေဒပညာရှင် ရစ်ချတ် ဖီလစ် ဖိုင်းမန်းသည် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလီးစ်မြို့၌ ကင် ဆာ ရော ဂါ ဖြင့် ကွယ်လွန်ခဲ့သည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ (၁၉၈၈)

။ ။ ၁၉၈၈ ခုနှစ်အတွင်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က ဆောင်ရွက်ခဲ့သည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ပြီးစီး အောင်မြင်မှုများကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် အကျဉ်းအားဖြင့် ဖော်ပြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ရဟန်းတော်ပေါင်း ၁,၃၄,၂၅၈ ပါး၊ သာမဏေပေါင်း ၁၆၄,၀၆၅ ပါးနှင့်

သာသနာနွယ်ဝင် သီလရှင်ပေါင်း ၂၂,၀၁၅ ပါး သီတင်းသုံးနေထိုင်လျက်ရှိသည်။

မမွ အဓမွ စစ်ဆေးဆုံးဖြတ်ခြင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ရန်ကုန်တိုင်း တံတားမြို့နယ် ရှမ်းစုကျေးရွာ ရတနာမာန်အောင် ရွာဦးကျောင်းဆရာတော် ဦးပုညာစာရ၏ သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒအပေါ် ဓမ္မ–အဓမ္မ၊ ဝိနယ–အဝိနယ၊ စစ်ဆေးဆုံးဖြတ်ရန်အတွက် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်ငါးပါး ပါဝင်သော နိုင်ငံတော်သီးခြား ဝိနည်းဝိုရ်အမှတ် (၉) ကို ဖွဲ့စည်းပေးခဲ့သည်။ နိုင်ငံတော်သီးခြား ဝိနည်းဝိုရ်အဖွဲ့ အမှတ် (၉) သည် ကမ္ဘာအေးကုန်းမြေ အပရ ဂေယျာန ကျောင်းဆောင် နိုင်ငံတော်သီးခြား ဝိနည်းဝိုရ်ရုံး၌ သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒနှင့် ပတ်သက်၍ စောဒက၊ စုဒိတကတို့ကို ခေါ်ယူစစ်ဆေးကြားနာပြီး ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် နေ့တွင် ရန်ကုန်တိုင်း တံတားမြို့နယ်၊ ရှမ်းစုကျေးရွာ ရတနာမာန်အောင် ရွာဦးကျောင်းဆရာတော်၏ သိမ်သမုတ်ခြင်းနှင့် ပတ်သက်၍ နယ်သိမ်းရန်မလိုခြင်း၊ ဝိသုဂါမအမိန့် ရယူရန်မလိုခြင်း၊ သိမ်နုတ်ရန်မလိုခြင်း၊ သိမ်နိမိတ်အတွင်း ရောက်နေသောသံဃာများသည် ဟတ္ထပါသ်စပ်သည်ဖြစ်စေ၊ မစပ်သည်ဖြစ်စေ ညီညွတ်စွာ ကမ္မဝါဖတ်၍ သမုတ်ပါက မမေ့မမ် သမဂ္ဂကမ္မဖြစ်ခြင်းဟူသောအယူဝါဒများသည် ထေရဝါဒ ဝိနည်းဒေသနာတော်များနှင့် ဆန့်ကျင်သောကြောင့် အဓမ္မ–အဝိနယဝါဒသာဖြစ်သည်။ သို့ဖြစ်၍ ယင်းအယူဝါဒတို့ကို ဟောပြောခြင်း၊ ကျင့်သုံးခြင်း၊ စာအုပ်စာတမ်း ရိုက်နှိပ်ဖြန့်ဝေခြင်း စသည်တို့ကို မပြုရဟု ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အရ စုဒိတကဆရာတော် ဦးပုညာစာရသည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များရှေ့မှောက်၌ အဓမ္မ–အဝိနယ ဝါဒအဖြစ် ဆုံးဖြတ်ခြင်းခံရသော သိမ်သမုတ်မှုဆိုင်ရာ မိမိအယူဝါဒများကို စွန့်လွှတ်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးခဲ့သည်။

ညွှန်ကြားလွှာ ထုတ်ပြန်ခြင်း

ဦးပုညာစာရ၏ သိမ်သမုတ်မှုဆိုင်ရာ အယူဝါဒသည် သာသနာတော် တစ်ရပ်လုံးနှင့် သက်ဆိုင်သောအယူဝါဒဖြစ်သဖြင့် ယင်းအယူဝါဒ၌ သက်ဝင်ယုံကြည်နေကြသော ပုဂ္ဂိုလ်များ အဓမ္မ–အဝိနယဝါဒကို စွန့်လွှတ်ကြစေရန် မြို့နယ်သံဃနာယက အဖွဲ့များက ဆက်လက်ဆောင်ရွက်စေရေးအတွက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ညွှန်ကြားလွှာ အမှတ် (၇၆) ကို ထုတ်ပြန်ညွှန်ကြားခဲ့သည်။

ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ

ဝိနည်း ဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) နှင့်အညီ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်ဆရာတော် ငါးပါးစီပါဝင်သော နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်း၍ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ အပရဂေယျာနကျောင်းဆောင်၌ လေးလတစ်ကြိမ်ရုံးထိုင်၍ နိုင်ငံတော် အယူခံဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို စစ်ဆေးဆုံးဖြတ်ခဲ့ကြသည်။ တစ်နှစ်အတွင်း နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ ကိုးဖွဲ့တို့က နိုင်ငံတော်အယူခံ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းပေါင်း ၁၆ မှုတို့ကို စစ်ဆေးဆုံးဖြတ် ခဲ့ကြသည်။ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့များ၏ ဆုံးဖြတ်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် သံဃနာယကအဖွဲ့များသို့ အဆင့်ဆင့် ညွှန်ကြားခဲ့သည်။ ထို့ပြင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး ဖြစ်ပွားသော ဝိနည်းဓမ္မကံမှုခင်းလေးမှု၊ ဂိုဏ်းပေါင်းစုံ ပြည်နယ်၊ တိုင်း သံဃဝိနိစ္ဆယအဖွဲ့ ရွေးချယ်လျှာထားမှုနှစ်မှု၊ ရဟန်းသာမဏေနှင့် အခြားပုဂ္ဂိုလ်တို့ ဖြစ်ပွားသောဝိနည်းဓမ္မကံမှုခင်း ၁၁ မှု၊ ပြေငြိမ်းမှုနှင့် အယူခံပြီးဆုံးသွားသောမှုခင်းများကို အတည်ပြုမှု ၁၇ မှု၊ ဝိနည်းဓမ္မကံ၌ အကျုံးမဝင်သော မှုခင်းနှစ်မှု၊ ၄၇ ပါးစုံညီအစည်းအဝေးသို့တင်ပြအဆုံးအဖြတ်ခံယူမှုကိုးမှု၊ အထွေထွေ ဝိနိစ္ဆယဆောင်ရွက်မှု ၁၁၉ မှုတို့ကိုလည်း ဖြေရှင်းဆောင်ရွက်ခဲ့သည်။

ဗုဒ္ဓသာသနာဆိုင်ရာ စာမူများ စိစစ်ခြင်း

ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့က တင်ပြလာသည့် ဗုဒ္ဓဘာသာဆိုင်ရာစာမူပေါင်း ၂၂၆ မူအနက် ၅၇ မူကို ထုတ်ဝေခွင့်ပြုခဲ့၍ စာမူခုနှစ်မူကို ထုတ်ဝေခွင့် မပြုခဲ့ဘဲ စာမူ ၁၆၂ မူကို ဖြုတ်ပယ်ပြင်ဆင်စေ၍ ခွင့်ပြုခဲ့သည်။ စာမူတစ်မူကို ပြန်လည်ပြင်ဆင်ရေးသားတင်ပြစေရန် ညွှန်ကြားခဲ့သည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ကျောင်းများ လှူဒါန်းခြင်း

သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ရာတွင် ပရိယတ္တိစာသင်တိုက် ဖွင့်လှစ်ခြင်း၊ ပဋိပတ္တိ

ရိပ်သာဖွင့်လှစ်ခြင်း စသည်ဖြင့် သာသနာတော်အကျိုးတိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်နိုင်ရန် အတွက် ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် သာဓုကျောင်းတိုက်နာယက ဆရာတော်များနှင့် ကျောင်းဒါဒကာ များက သာဓုကျောင်းတိုက်ကိုလည်းကောင်း၊ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်၊ (၄) ဝိုင်းကျောင်းတိုက် ရွှေညောင်ပင် ဝ တစ်လုံး ကမ္မဋ္ဌာန်းကျောင်းနေ ဆရာတော် ဦးပဏ္ဍိတက ၎င်းပိုင် ရွှေညောင်ပင် ဝ တစ်လုံး ကမ္မဋ္ဌာန်းကျောင်းတိုက်ကိုလည်းကောင်း၊ ဆေးဝက်ဘာ အုပ်ချုပ်ရေးသံဃအဖွဲ့နှင့် ဇိနမာရ်အောင်စေတီတော် စောင့်ရှောက်ရေးဂေါပကအဖွဲ့တို့က ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့မြို့ရှိ ဇိနမာရ်အောင်စေတီနှင့် ဇိနမာရ်အောင်ကျောင်းအဆောက်အအုံတို့ကိုလည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လှူဒါန်းခဲ့ကြသည်။ ယင်းကျောင်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဘုန်းတော်ကြီးကျောင်း၊ စာသင်တိုက်၊ ကမ္မဋ္ဌာန်း ကျောင်းတိုက်များ စည်းမျဉ်း စည်းကမ်း များနှင့်အညီ ဆောင်ရွက်သွားရန် သက်ဆိုင်ရာမြို့နယ် သံဃနာယကအဖွဲ့များသို့ လွှဲပြောင်းအပ်နှံခဲ့သည်။

စာမေးပွဲများ ကျင်းပခြင်း

၁၉၈၈ ခုနှစ် (၄၀) ကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲတွင် အာဂုံပြန် ၃၈ ပါး၊ ရေးဖြေ ၇၀ ပါး ဝင်ရောက်ဖြေဆိုတော်မူကြရာ အာဂုံပြန် ၂၁ ပါး၊ ရေးဖြေရှစ်ပါး စုစုပေါင်း ၂၉ ပါး အောင်မြင်ခဲ့သည်။ ဓမ္မာစရိယစာချတန်း စာမေးပွဲကို စာဖြေဌာန ၁၉ ဌာန တို့၌ ကျင်းပခဲ့ရာ ၃,၁၁၃ ပါး ဝင်ရောက် ဖြေဆိုခဲ့ရာ သုံးကျမ်းအောင် ဓမ္မာစရိယဘွဲ့ရ ၁၆၀ ပါး၊ နှစ်ကျမ်းအောင် ၂၂၄ ပါး၊ တစ်ကျမ်းအောင် ၃၂၇ ပါး၊ မြန်မာဂုဏ်ထူးအောင်ငါးပါး၊ ပါဠိဂုဏ်ထူးအောင်နှစ်ပါး စုစုပေါင်း ၇၁၈ ပါး အောင်မြင်ခဲ့သည်။ ပါဠိပထမပြန် စာမေးပွဲများကို စာဖြေဌာန ၁၇၆ ဌာန၌ ကျင်းပခဲ့ရာ ၂၆,၅၀၅ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြ၍ ၁၃,၂၈၂ ပါး အောင်မြင်ခဲ့သည်။ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို စာဖြေဌာန ၁၂၂ ဌာန၌ ကျင်းပခဲ့ရာ ဝင်ရောက်ဖြေဆိုသူပေါင်း ၁၃,၂၄၀ ရှိ၍ ၆,၇၉၆ ဦး အောင်မြင်ခဲ့သည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများကို ၁၉၈၈ ခုနှစ် မေလ ၂၅၊ ၂၆၊ ၂၇ ရက်နေ့များ၌ စာဖြေဌာန ၂၂၇ ဌာနတွင် ကျင်းပခဲ့ရာ ဖြေဆိုသူပေါင်း ၁,၀၇,၀၀၂ ဦး ရှိသည်။

ဘရင်ကလေး၊ ဦး (ပန်းချီဆရာကြီး) (ခရစ် ၁၉၁၅-၁၉၈၈)။ ။ မြန်မာ့ ပန်းချီ လောကတွင် စပ်အရောင်ကြွားအရောင်များကို အသုံးပြုတီထွင်ရေးဆွဲခဲ့သူ ပန်းချီဆရာကြီး ဦးဘရင်ကလေးကို အဖ ဦးသင်၊ အမိ ဒေါ်ပေါတို့က ၁၉၁၅ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မန္တလေးမြို့၌ မွေးဖွားသည်။ မွေးချင်းမောင်နှမ သုံးယောက်အနက် အငယ်ဆုံးဖြစ်သည်။

သုံးနှစ်သားအရွယ်ကပင် ဖခင်ကွယ်လွန်ခဲ့သဖြင့် မိခင်၏ ရက်ကန်းလုပ်ငန်းဝင်ငွေနှင့် ဘဝကို ရုန်းကန်ခဲ့ရသည်။ မြေနီကျင်းကျောင်းတိုက်ဆရာတော် ဦးနိဗ္ဗန္ဓထံတွင် ရွှေးဦးစွာ ပညာ သင်ကြားပြီးနောက် အခြေအနေအရ ကျောင်းမှထွက်ကာ ပန်းထိမ်ပညာကို သင်ကြားခဲ့သည်။ သို့သော် တူကိုပင် လက်သားတက္ကသိုလ်သေးသော ကျောင်းသားအရွယ်ဖြစ်သဖြင့် နှစ် နှစ်ခန့် သင်ကြားပြီးနောက် ထိုပညာရပ်ကိုစွန့်လွှတ်ခဲ့သည်။

ထို့နောက်ကျောင်းပြန်နေပြီး မြန်မာခုနစ်တန်းအောင်သော အချိန်တွင် အသိတစ်ဦး၏ ဆက်သွယ်ပေးမှုဖြင့် လက်ထိုးဘလောက် (တံဆိပ်ထုပညာ) ဆရာ ဆရာသောင်းထံတွင် ပညာသင်ခဲ့သည်။ သို့သော်မကြာခင်အလုပ်တိုက်ပိတ်လိုက်သဖြင့် တံဆိပ်ထုပညာမှာ တစ်ပိုင်းတစ်ပစ်နှင့်သာ ပြီးဆုံးခဲ့ရပြန်သည်။

ဤသို့ အလုပ်အကိုင်မဲ့နေချိန်တွင် ပန်းချီဆရာကြီး ဦးစံသင်းနှင့် တွေ့ကာ ပန်းချီပညာကို အခြေခံမှ စ၍ သင်ကြားခွင့် ကြုံခဲ့ရသည်။ ထိုအတောအတွင်း နိပါတ်တော်ရေးနည်းကိုလည်း ဆရာအေး၏တပည့် နိပါတ်တော်ဆရာ ဦးခင်မောင်ထံတွင် နှစ် နှစ်မျှ သင်ကြားခဲ့သေးသည်။ ထို့ပြင် ကတ္တီပါဖိနပ် ပန်းထိုးနည်းကိုလည်း တစ်လကြာ သင်ကြားခဲ့သေးသည်။ ထိုမှတစ်ဖန် ရုပ်ရှင် ပိုစတာများကို ရေးဆွဲခဲ့သည်။

ပထမတွင် ဦးဘရင်ကလေးသည် ကြော်ငြာလက်တွန်းလှည်းအတွက် ခြောက်ပေ၊ လေးပေ အရွယ် ပိုစတာကို နမူနာရေးဆွဲရပြီး ပဲရောဦးဆန်နီကလက်ရာကိုသဘောကျသဖြင့် "လွမ်းပိုအောင်" ရုပ်ရှင်ကားအတွက် ပေ ၂၀၊ ၁၀ ပေအရွယ် ရုံချိတ်ပိုစတာကြီးကို ရေးဆွဲခဲ့ရသည်မှအစ ရုပ်ရှင်ပိုစတာ ရေးဆွဲသည့်လုပ်ငန်းကို နှစ်ပေါင်းများစွာ တွင်တွင်ကျယ်ကျယ် ရေးဆွဲဖြစ်ခဲ့သည်။ တစ်ဖန် ၁၉၃၉ ခုနှစ်၌ မန္တလေးထုတ် ကြီးပွားရေးမဂ္ဂဇင်းမှ စတင်ကာ မဂ္ဂဇင်း သရုပ်ဖော်ပန်းချီများကို ရေးဆွဲခဲ့သည်မှ အစ မဂ္ဂဇင်းလောကအတွင်း ရာသက်ပန်ခြေချခဲ့သည်။

၁၉၅၂-၅၃ ခုနှစ်တွင် ကမ္ဘာ့ ငြိမ်းချမ်းရေး အဖွဲ့ကိုယ်စားလှယ်တစ်ဦးအဖြစ် သြစတြီးယား၊ ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်ပြည် သူ့သမ္မတနိုင်ငံ များသို့ သွားရောက်လေ့လာခဲ့သည်။

ဦးဘရင်ကလေးသည် မြန်မာနိုင်ငံ အရပ်ရပ်သို့လည်း



ပန်းချီဆရာကြီး ဦးဘရင်ကလေး

သွားရောက်ကာ ဆီဆေးပန်းချီကားကြီးများကို အသေးစိတ်လေ့လာ ရေးဆွဲခဲ့သည်။ ထိုပန်းချီ ကားများအား မည်သူကိုမျှမရောင်းဘဲ တစ်စည်းတစ်လုံးတည်း သိမ်းထားခဲ့သည်။ မိမိလက်ရာကို နှောင်းလူတို့ တွေ့ခွင့်မသာမည်ကိုစိုး၍ ယင်းသို့ သိမ်းဆည်းထားသည်ဟုဆိုသည်။

နောက်ပိုင်းတွင် လူပုံတူပန်းချီကားများကို အရေးများခဲ့သည်။ ဦးဘရင်ကလေးသည် ပုံတူပန်းချီပုံများကို ရေးဆွဲရာတွင် ဓာတ်ပုံကိုကြည့်ကာ ရေးဆွဲသည်ထက် လူကိုယ်တိုင် အားလျင် အားသည့်အလျောက် အချိန်ပေးထိုင်စေပြီးမျက်မြင်ကြည့်ကာ ရေးဆွဲသည်က များသည်။

ဦးဘရင်ကလေးသည် ဆီဆေး ပန်း ချီ ကား များ နှင့် ရုံချိတ်ပိုစတာများ၊ သရုပ်ဖော်ပုံများ ရေးဆွဲရာတွင် ပန်းချီ၏အခြေခံအရောင်များဖြစ်သော အဝါ၊ အနီ၊ အပြာ စသည့် မူရင်းအရောင်များကို အခြေခံမရေးဆွဲဘဲ မြေဝါရောင်၊ နီညိုရောင်၊ မီးခိုးရောင်၊ ရေညို့ရောင်စသည့် ကြားအရောင်ကဲ့များကို လိုက်ဖက်ညီစွာ ရေးဆွဲတတ်သည်။ ထို့အပြင်မြန်မာ့ ရေမြေတောတောင်၊ မြန်မာ့စရိုက်ဟန်ပန်၊ အချိုးအစားစသည်ဖြင့် မြန်မာဆန်ရန်၊ မြန်မာ့ အင်္ဂေအသက်ပါရန် ဦးစားပေးရေးဆွဲတတ်သည်။ ဤသို့ရေးဆွဲရာ၌တစ်နေရာတည်းမှ ယူ၍မရေးဆွဲဘဲ ဤနေရာမှ သစ်ပင်၊ အခြားနေရာမှအိမ် စသည်ဖြင့် သင့်လျော်ရာ ရေးကွက်များကို တစ်ခုစီလျာထားကာ ဆွဲလိုသော ပန်းချီကား၌ ဖွဲ့စည်းမှုမှန်ကန်စွာဖြင့် ပေါင်းစပ် ဖန်တီး ရေးဆွဲလေ့ရှိသည်။ ထိုရေးနည်းဖြင့်ရေးဆွဲရာတွင် ရှုခင်းများသာမက ရုပ်ရှင်ပိုစတာများ ရေးဆွဲရာတွင်လည်းကောင်း၊ လူပုံတူများ ရေးဆွဲရာတွင်လည်းကောင်း မျက်နှာမှအပ မူရင်းအတိုင်းမဟုတ်ဘဲ ဖန်တီးပေါင်းစပ်ပြုပြင်၍ ရေးဆွဲလေ့ရှိသည်။

ဦးဘရင်ကလေးသည် ပန်းချီပုံတစ်ပုံ ရေးဆွဲရာတွင် ထိုပန်းချီကား၌ပါဝင်သော ဒေသ၏အရောင်၊ ဖွဲ့စည်းမှု

စသည့် အင်္ဂေ အသက်မျှားပါဝင်အောင် ထိုဒေသသို့ သွားရောက်ကြည့်ရှုမှတ်သား၍ လည်းကောင်း၊ မသွားရောက်နိုင်ပါက အ နီး စပ် ဆုံး လေ့ လာ အား ထုတ် ၍ လည်းကောင်း အပင်ပန်းခံကာ ရေးဆွဲလေ့ ရှိသည်ဟု ဆိုသည်။

ပန်းချီဆရာကြီး ဦးဘရင်ကလေးသည် ၁၉၀၈ ခုနှစ် ဩဂုတ်လ ဂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ။ ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၀၆ ခုနှစ် မေလက ငါးနှစ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ထားသည့် ပါလီမန် (ဂျတိယ ဆန်ဆဒ်)ကို သမ္မတ အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး ဟူစိန် မိုဟမ္မက် အာရှတ်က ၁၉၀၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဖျက်သိမ်းလိုက်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ ပါလီမန် ဖျက်သိမ်းပြီးနောက် ရက်ပေါင်း ၉၀ အတွင်း အထွေထွေရွေးကောက်ပွဲအသစ် ကျင်းပပေးရသည်။

လူဦးရေ ၂၀,၀၀၀ လျှင် ကောင်စီတစ်ဖွဲ့နှုန်းကိုယ်စားပြုသည့် ပါရီရှဒ်စ်ခေါ် ကျေးရွာကောင်စီပေါင်း ၄,၄၀၀ ကျော်ကို ၁၉၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသမိုင်းတွင် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အကြမ်းဖက်မှု အဆိုးရွားဆုံး ဖြစ်ပွားသည်။ ရွေး ကောက် ပွဲ ကာ လ အတွင်း လူပေါင်း ၁၅၀ ထက်မနည်းသေဆုံး၍ ဂ၀၀၀ ကျော် ဒဏ်ရာရရှိသည်ဟု ဆိုသည်။ ယင်းဒေသန္တရ ရွေးကောက်ပွဲသည် ပါတီကိုယ်စားပြုယှဉ်ပြိုင်ရခြင်းမဟုတ်၍ အတိုက်အခံ စင်ပြိုင်ပါတီချင်းတိုက်ရိုက်ပဋိပက္ခဖြစ်ခြင်း မရှိခဲ့။ အကဲခတ်သမားများ၏အဆိုအရ မြေရှင်ကြီးတို့အကြား အာဃာတတို့ကို အခြေပြု၍ ရန်တုံ့နှင်းကြရာမှ ထိုသို့ အကြမ်းဖက်မှုများ ကြုံရခြင်းဖြစ်သည်ဟု ဆိုသည်။

အထွေထွေရွေးကောက်ပွဲကို ၁၉၀၈ ခုနှစ် မတ်လ ၃ ရက်နေ့တွင်ကျင်းပသည်။ နေရာ ၃၃၀ ရှိသော ဂျတိယဆန်ဆဒ်တွင် နေရာ ၂၀၁ နေရာ အတွက် ရွေးချယ်တင်မြှောက်သည်။ ဂျတိယပါတီမှ အမတ်လောင်း ၁၀ ဦးသည် ပြိုင်ဘက်မရှိ၍လွှတ်တော်နေရာကို အလိုအလျောက် ပြန်လည်ရရှိသည်။ တစ်နေရာမှာမူ အမတ်လောင်းလုပ်ကြံခံရ၍ ရွေးကောက်ပွဲ ရွှေဆိုင်းထားခဲ့ရသည်။ ကျန်နေရာ ၃၀ သည် အစဉ်အလာအရ အ မျိုး သ မီး များ အ တွက် သီးသန့်ထားရှိခြင်းဖြစ်ရာ ယင်းနေရာများကို ပါလီမန်ကတစ်ဆင့်ခံ ပြန်လည်ရွေးချယ်ပေးရသည်။ ဂျတိယပါတီက ၂၅၁ နေရာ၊ စုပေါင်းအတိုက်အခံ အုပ် စု က ၁၀ နေရာ၊ လွတ်လပ်ရေးပါတီက နှစ်နေရာ၊ ဂျတိယ ဆမာဂျတန်

ထရစ်ဒါးလ်ပါတီကနှစ်နေရာ၊တစ်သီးပုဂ္ဂလတို့က ၂၆ နေရာ အသီးသီးရရှိသည်။

သမ္မတ အာရှတ်သည် ၁၉၇၈ ခုနှစ် မတ်လ ၂၇ ရက် နေ့တွင် အစိုးရအဖွဲ့သစ်ကို ကျမ်းသစ္စာ ကျိန်ဆိုစေသည်။ သမ္မတ အာရှတ်က ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ထူထောင်ရေးနှင့် ပြန်လည်ဖွဲ့စည်းရေးဝန်ကြီး တာဝန်တို့ကိုပါ ပူးတွဲထမ်းဆောင်သည်။ ဒုတိယသမ္မတ ဒု။။ရှူအစ္စလာမ်က အစ္စလာမ်ဘာသာ၊ ဥပဒေနှင့်တရားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်း တာဝန်ယူသည်။ ဝန်ကြီးချုပ်အဖြစ် မိုဒွတ် အာမက်အားခန့်အပ်သည်။ အာမက်သည် စက်မှုဝန်ကြီးဌာန ဝန်ကြီးလည်းဖြစ်သည်။

၁၉၇၇-၇၈ ခုနှစ်ဘဏ္ဍာရေးနှစ်တွင်ဘင်္လားဒေ့ရှ်နိုင်ငံ၌ ရေလွှမ်းမိုးမှုနှင့် နိုင် ငံ ရေး မတည်မငြိမ်မှုများ ဖြစ်ပေါ် ခဲ့သည့်တိုင် နိုင်ငံခြားအကူအညီတိုးတက်ရရှိခဲ့ခြင်းနှင့်ပို့ကုန် ပိုမို တိုးမြှင့် တင်ပို့နိုင်ခြင်းတို့ကြောင့် ဘင်္လားဒေ့ရှ်နိုင်ငံသည် အလွန်ဆိုးရွားသော အကျပ်အတည်းများမှ လွှတ်မြောက်ခဲ့ကြောင်းဖြင့် ၁၉၇၈ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ထုတ် အစိုးရစီးပွားရေးစစ်တမ်းတွင် ဖော်ပြသည်။ ၁၉၇၇–၇၈ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပို့ကုန် မှ ဒေါ် လာ သန်း ပေါင်း ၁,၂၀၀ ရရှိခဲ့ကြောင်း၊ ၁၉၇၆–၇၇ ခုနှစ် ဘဏ္ဍာရေးနှစ်ကထက် ဒေါ်လာသန်း ၁၀၀ ကျော် ပိုမို ရရှိခဲ့ကြောင်း၊ သို့ရာတွင် စားနပ်ရိက္ခာအမြောက်အမြား ပိုမိုတင်သွင်းရမှုကြောင့် ကုန်သွယ်ရေးလိုငွေ ၁၃ ဒသမ ၈ ရာခိုင်နှုန်းတိုးကာ ဒေါ်လာသန်းပေါင်း ၁,၇၅၀ ရှိလာကြောင်းဖြင့် စစ်တမ်း၌ ဖော်ပြသည်။ ၁၉၇၈ ခုနှစ် သြဂုတ်လနှင့် စက်တင်ဘာလတို့တွင် စံချိန်တင်ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုကြောင့် လူ ၃၀၀၀ ခန့်အသက်ဆုံးရှုံးခဲ့ရပြီး လူသန်း ၅၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ နိုင်ငံ၏ရေယာ သုံးပုံနှစ်ပုံကို ရေလွှမ်းမိုးခဲ့၍ နိုင်ငံ၏စီးပွားရေးကို ချည့်နဲ့သွားစေသည်ဟု ဆိုသည်။ ၁၉၇၈ ခုနှစ် ထုတ်လုပ်မှု တိုးတက်ရေးကို ခြောက် ရာခိုင်နှုန်း မှန်းထားရာမှ နှစ် ရာခိုင်နှုန်းသို့ လျော့ကျ သွားစေခဲ့သည်ဟု ဆိုသည်။ (သဘာဝဘေးဒဏ်—၌။)

သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး အမျိုးသားကောင်စီတစ်ရပ်ကို ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် သမ္မတအာရှတ်က ဖွဲ့စည်းသည်။ ဘင်္လားဒေ့ရှ်နိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက်တွင် လေပြင်းမုန်တိုင်းဒဏ်မှ ကာကွယ်နိုင်ရန် သစ်ပင်ကြီးများ စတင် စိုက်ပျိုးလျက်ရှိသည်။ နှစ်စဉ် ကြုံတွေ့နေရသောရေလွှမ်းမိုးမှုမျိုးမှ ကာကွယ်ရေးအတွက် အိမ်နီးချင်းနိုင်ငံကြီးဖြစ်သော အိန္ဒိယနိုင်ငံအပါအဝင် အခြားနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်လိုကြောင်းဖြင့် သမ္မတအာရှတ်က ကမ်းလှမ်းခဲ့သည်။ အဓိကမြစ်ကြီးများသည် ဘင်္လားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါ၊ ဘူတန်နှင့် တရုတ်နိုင်ငံတို့ကို ဖြတ်၍စီးဆင်းနေခြင်းကြောင့် ရေလွှမ်းမိုးမှု တားဆီးကာကွယ်ရေး ပူးတွဲမဟာဗျူဟာတစ်ရပ် ချမှတ်ရေးအတွက် အဆိုပါငါးနိုင်ငံမှ ကျမ်းကျင်သူ ပညာရှင်များ၏ အစည်းအဝေးတစ်ရပ်ကို ကျင်းပရန် သမ္မတအာရှတ်က အဆိုပြုထားသည်။

မာဃ (စာရေးဆရာ) (ခရစ် ၁၉၁၃ – ၁၉၇၈)။ ။ စာရေးဆရာမာဃသည် ၁၉၁၃ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ရောဝတီတိုင်း ရေကြည်မြို့နယ် (ငသိုင်းချောင်းမြို့၏ တစ်ဘက်ကမ်း) သရက်ချောင်းရွာ၌ အဖဦးအောင်သာ၊ အမိ ဒေါ်ငွေခဲတို့က မွေးဖွားသော သားဦးဖြစ်သည်။ အမည်ရင်း ဦးသာတင် ဖြစ်သည်။ သို့သော်လည်း စာပေနယ်နှင့် တိုင်းရင်းဆေးလောကတွင် ဆရာမာဃ အဖြစ် လူသိများသည်။

ဆရာမာဃသည် အစ်ကိုဝမ်းကွဲတော်သူ ရေကြည်မြို့ အဂ္ဂမဟာပဏ္ဍိတ ဒီပါရုံဆရာတော်၊ မယ်ဇလီ ဆရာကြီးဦးမောင်မောင်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ ရွှေဂူတိုက်၊ အမရပူရမြို့ တူးမောင်းတိုက်၊ မန္တလေးမြို့အရွှေခင်မကန်တိုက်၊ ရန်ကုန်မြို့ အရိယသမဂ္ဂညကျောင်းတို့တွင် သာမဏေဘဝ၊ ရဟန်းဘဝတို့ဖြင့် ပါဠိ ပိဋကစာပေ၊ သက္ကတစာပေ၊ ဟိန္ဒီစာပေတို့ကို ၁၅ နှစ်ခန့်ကြာ သင်ကြားခဲ့သည်။ ဆေးပညာကိုလည်း သဘာဝဓမ္မဆရာတော် ဦးဇွန်ဒြိယ၊ ဓာတုလက္ခဏ ဇောတိဆေးကျမ်းပြုဆရာကြီး ဦးစိုးမင်း၊ သဘာဝဓမ္မ ဆရာသန်းတို့ထံတွင် လေ့လာသင်ကြားခဲ့သည်။

ရဟန်းဘဝကို စွန့်ပြီးနောက် သူရိယသတင်းစာတွင် စာပြင်မှူးနှင့် အယ်ဒီတာအဖွဲ့ဝင် (၁၉၃၇ – ၄၁)၊ ဂျပန်ခေတ် အဘိဓာန်ဌာန စာပို့ (၁၉၄၃--၄၅)၊ သံတော်ဆင့် သတင်းစာအယ်ဒီတာ (၁၉၄၅–၄၉)၊ သမားတော်



ဝဏ္ဏကျော်ထင်ဘွဲ့ရ စာရေးဆရာ မာဃ

မဂ္ဂင်းအယ်ဒီတာ (၁၉၄၉–၅၀)၊ သာသနာရေးဦးစီးဌာန စာစောင်အယ်ဒီတာနှင့်စာပြင်မှူးချုပ် (၁၉၅၂–၆၇) စသည်ဖြင့် လုပ်ကိုင်ခဲ့သည်။

ဆေးပညာနိဒါန်း၊ အာယုဗ္ဗေဒ သင်္ဂဟ ဆေးကျမ်းတို့ကို ၁၉၄၈ ခုနှစ်တွင် ရေးသားပြုစုခဲ့သည်။ ဆရာမာဃသည် ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်းခံရသူဖြစ်သည်။ ထို့ပြင် ဗဟိုသမားတော်အဖွဲ့ချုပ် အတွင်းရေးမှူး (၁၉၄၈–၅၂)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှုဆောင် (၁၉၄၂–၅၀)၊ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းဥက္ကဋ္ဌ၊ တိုင်းရင်းဆေးသိပ္ပံကျောင်း သင်ခန်းစာ ကော်မတီအဖွဲ့ဝင်နှင့် စာတည်းအဖွဲ့သဘာပတိ၊ တိုင်းရင်းဆေး ကောင်စီဝင် စသည် ဖြင့်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျန်းမာရေးညီလာခံသို့လည်းကောင်း၊ ထိုနှစ်မှာပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် ဆေးပညာရပ်များ သင်ကြားရန် ဗာရာဏသီ တက္ကသိုလ်သို့ လည်းကောင်း သွားရောက် ခဲ့ရသည်။ ဗာရာဏသီ တက္ကသိုလ်တွင် အာယုဗ္ဗေဒ ဆေးပညာများကို လေ့လာဆည်းပူးခဲ့သည်။

ဣန္ဒဝံသ ဇာတ်ဝတ္ထု (၁၉၃၇)၊ ရွှေလရောင် (ဟိန္ဒီဘာသာပြန် ဝတ္ထု) (၁၉၃၉)၊ လောကနီတိပျျိဋ္ဌကာ (၁၉၄၁)၊ မင်းမြတ်သာလွန်၊ ဗုဒ္ဓဘာသာသမိုင်း၊ အာယုဗ္ဗေဒသင်္ဂဟ ဆေးကျမ်း၊ ပုသိမ်ရာဇဝင်၊ နိဗ္ဗာန်ဝါဒသမိုင်း၊ ဗိမိသာရ၊ အနန္တသူရိယ၊ ယောဂအဘိဓမ္မာကျမ်း (သက္ကတဘာသာပြန်)၊ တိဘက် ဗုဒ္ဓဘာသာကျမ်း၊ အင်းဝခေတ်စာပေသူရဲကောင်း စာဆိုတော်ကြီး ရှင်မဟာသီလဝံသ၊ ခေတ်မီဗုဒ္ဓဝင် စသည့် စာအုပ်စာတမ်းပေါင်း ၆၀ ကျော်နှင့် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပေါင်း ၄၀၀ ကျော် ရေးသားခဲ့သည်။

ဆရာမာဃသည် စာပေဗိမာန်အဖွဲ့က ၁၉၇၃ ခုနှစ်တွင် ကျင်းပသော ပညာရပ်ဆိုင်ရာ မြန်မာစာပေစာတမ်းဖတ်ပွဲ၌ ဆေးပညာစာတမ်း တင်သွင်းဖတ်ကြားခဲ့သူ ဖြစ်သည်။ လစဉ်ထုတ်ဝေသော နရသုခီ ကျန်းမာရေးနှင့် ဆေးစာစောင်တွင် တိုင်းရင်းဆေးပညာ အတိုင်ပင်ခံအဖြစ် ကွယ်လွန်သည့် အချိန်အထိ ဆောင်ရွက်လုပ်ကိုင်ခဲ့သည်။

ဆရာမာဃသည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ကြည်ကြည် ကျန်ရစ်သည်။

မာလင်ကော့, ဂျော်ဂျီ မက်ဆီမီလျာနိုဗစ်ချ် (ခရစ် ၁၉၀၂–၁၉၈၈)။ ။ဂျိုးဇက် စတာလင် (၁၈၇၉–

၁၉၅၃)ကွယ်လွန်ပြီးစတွင် ဆိုဗီယက် ပြည်ထောင်စု၏ ဝန်ကြီးချုပ်အဖြစ် တာဝန် ဆက်ခံသော ထင်ရှား သည့် ဆိုဗီယက် ကွန်မြူနစ်ပါတီ ခေါင်းဆောင်ဟောင်း ဂျော်ဂျီမက် ဆီမီလျာနိုဗစ်ချ် မာလင်ကော့ကို ၁၉၀၂ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ယခုအခါ ရုရှား ဆိုဗီယက် ဖက်ဒရယ် ဆိုရှယ်လစ်သမ္မတနိုင်ငံ (အာအက်စ်အက်ဖ်အက်စ်အာ)အတွင်းရှိ အိုရင်ဗတ်မြို့၌ မွေးဖွားသည်။

မာလင်ကော့သည် ၁၉၁၇ ခုနှစ် အောက်တိုဘာတော်လှန်ရေးအပြီး ဖြစ်ပွားသော ပြည်တွင်းစစ်အတွင်း ၁၉၁၉ ခုနှစ်မှစ၍ တပ်နီတော်၌ ဝင်ရောက် အမှုထမ်းသည်။ ၁၉၂၀ ပြည့်နှစ်တွင် ကွန်မြူနစ်ပါတီသို့ ဝင်ရောက်ကာ တာကစ္စတန်ဒေသ ဘော်ရှီဗစ်များ၏ နိုင်ငံရေးမှူးအဖြစ် ဆောင်ရွက်သည်။ ပြည်တွင်းစစ်ပြီးဆုံးသောအခါ မော်စကိုမြို့သို့ ပြန်လာပြီး အဆင့်မြင့် စက်မှု သိပ္ပံတွင် ပညာဆည်းပူးသည်။ စက်မှုသိပ္ပံ ပါတီအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ စက်မှုသိပ္ပံမှ အောင်မြင်ပြီးချိန်တွင် ပါတီဗဟိုကော်မတီတွင် အမှုထမ်းသည်။

ထို့နောက် မာလင်ကော့သည် စတာလင်နှင့် ရင်းနှီးခင်မင်လာရာ ၁၉၃၄ ခုနှစ်တွင် ပါတီတွင်း တာဝန် ရှိပုဂ္ဂိုလ်များအား နေရာချထားခြင်း၊ ဒေသဆိုင်ရာ ပါတီအဖွဲ့အစည်းများကို ညွှန်ကြားခြင်းစသည့် ကြီးမားသော တာဝန်များကို ထမ်းဆောင်ခွင့် ရရှိလာသည်။ သို့ဖြစ်၍ ၁၉၃၀ ပြည့်လွန်နှစ်များ နှောင်းပိုင်းကာလအတွင်း ပါတီသန့်စင်ရေးကို အကြီးအကျယ် ပြုလုပ်ရာတွင် အရေးပါသောကဏ္ဍက ပါဝင်ခဲ့သည်။

မာလင်ကော့သည် ၁၉၃၉ ခုနှစ်တွင် ပါတီ၏ ကေဒါညွှန်ကြားရေးဌာနကြီး၏ ဌာနကြီးမှူး ဖြစ်လာပြီး ပါတီယန္တရားအတွင်း ကေဒါနှင့် ဝန်ထမ်းရေးရာ ကိစ္စအဝဝကို ချုပ်ကိုင်ထားနိုင်သည်။ ပါဝတီဗဟိုကော်မတီအတွင်းရေးမှူး တစ်ဦးအဖြစ်လည်းကောင်း၊ အောဂ်ဗျူရို (စည်းရုံးရေး



ဆိုဗီယက်ကွန်မြူနစ်ပါတီခေါင်းဆောင် ဟောင်း ဂျော်ဂျီမက်ဆီမီလျာနိုဗစ်ချ် မာလင်ကော့

ဌာန) အဖွဲ့ဝင်အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလတွင် ပေါ်လစ်ဗျူရိုအရန်အဖွဲ့ဝင်ဖြစ်လာသည်။

ဂျာမန်နာဇီတို့ ဆိုဗီယက်ပြည်ထောင်စုကို ၁၉၄၁ ခုနှစ် ဇွန်လ၌ ကျူးကျော်သောအခါ စစ်ကာလအတွင်း နိုင်ငံတော်ကို ဦးစီးညွှန်ကြားရသည့် အဖွဲ့ငယ် တစ်ဖွဲ့ဖြစ်သော နိုင်ငံတော် ကာကွယ်ရေး ကော်မတီ၌ မာလင်ကော့သည် လေယာဉ်နှင့် သံချပ်ကာကား ထုတ်လုပ်ရေးကို ကွပ်ကဲရန် တာဝန်ယူခဲ့သည်။ ဂျာမန်တို့ လက်အောက်မှ ၁၉၄၃ ခုနှစ်တွင် လွတ်မြောက်လာသည့် နယ်မြေများ စီးပွားရေး ပြန်လည်ထူထောင်ရေး ဆိုင်ရာ ကြီးကြပ်မှု ကော်မတီ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၄၃ ခုနှစ်တွင် ဆိုရှယ်လစ်လုပ်သား သူရဲကောင်းဘွဲ့ကို ချီးမြှင့်ခံရသည်။

စစ်ပြီးသောအခါ မာလင်ကော့သည် ပေါ်လစ်ဗျူရိုအချိန်ပြည့်အဖွဲ့ဝင် ဖြစ်လာသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ် ဖြစ်လာပြီး စတာလင်၏ အရင်းနှီးဆုံး လူယုံတော်တစ်ဦးအဖြစ်အသိအမှတ်ပြု ခံရသည်။လီနင် ဂုဏ်ထူးဆောင်ဘွဲ့ကိုနှစ်ကြိမ်တိုင်တိုင်ချီးမြှင့်ခံရသည်။ မည်သို့ပင်ဖြစ်စေ စစ်ပြီးစကာလမှစ၍ အန်ဒရေ အလက်ဇန္ဒရိုဗစ်ချ် ဇဒါးနော့နှင့် အားပြိုင် လာခဲ့ရသည်။ မာလင်ကော့သည် တစ်စတစ်စ ဩဇာမှေးမှိန်လာကာ ၁၉၄၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပါတီအတွင်းရေးမှူးအဖွဲ့ဝင်ရာထူးကို လက်လွှတ်ခဲ့ရသည်။

သို့ရာတွင် နှစ်နှစ်အတွင်းမှာပင် မာလင်ကော့သည် စတာလင်၏ အရေးအပါဆုံး လက်ထောက်တစ်ဦးအဖြစ် ရာထူးပြန်လည်ရရှိသည်။ ၁၉၅၃ ခုနှစ် မတ်လတွင် စတာလင် ကွယ်လွန်သောအခါ ပါတီ အထွေထွေအတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ဝန်ကြီးအဖွဲ့ ဥက္ကဋ္ဌ (ဝန်ကြီးချုပ်) အဖြစ်လည်းကောင်း တာဝန်ဆက်ခံခွင့် ရသည်။ ရက်သတ္တပတ် အနည်းငယ်ကြာသော် ထိပ် တန်း ပါ တီ ရာထူးကို နီကီတာ ခရူးရှော့ (၁၈၉၄–၁၉၇၁) အား လွှဲအပ်ခဲ့သည်။ လက်နက်ထုတ်လုပ်ရေးဆိုင်ရာ ဘတ်ဂျက် အသုံးစရိတ်ကို လျှော့ချ၍ အကြီးစား စက်မှုလုပ်ငန်းအတွက် တိုးမြှင့်သုံးစွဲရန်နှင့် လူသုံးကုန်ထုတ်လုပ်မှု မြှင့်တင်ရန်ကိုလည်းကောင်း၊ စုပေါင်းလယ်ယာ လုပ်သားများအတွက် မက်လုံး ပိုမို ဖန်တီး ပေးခြင်းဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှု မြှင့်တင်ရန်ကိုလည်းကောင်း နှစ်နှစ် ကြာမျှ ဆောင်ရွက် ခဲ့သည်။ သို့ရာတွင် မာလင်ကော့၏ အစီအစဉ်များကို အခြားပါတီခေါင်းဆောင်များက ဆန့်ကျင်ခဲ့ကြသည်။ သို့ဖြစ်၍ မာလင်ကော့သည် မိမိတွင် တာဝန်ကျေပွန်စွာ ထမ်း ဆောင် နိုင် လောက် အောင် အရည်အချင်းမရှိသေးပါဟု အ ကြောင်း ပြ ကာ ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သည်။ နောက်ပိုင်းတွင် စွမ်းအင် ထုတ်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးတာဝန်ကို ထမ်းဆောင်ရင်း ပေါ်လစ်ဗျူရိုတွင် ဩဇာတိက္ကမရှိသောအဆင့်ကို ပြန်လည် ရရှိခဲ့သေးသည်။ သို့သော် ခရူးရှက်ကို ဖြုတ်ချရန် ကြိုး ပမ်း သော ပါတီ ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် ပါဝင်သည်ဟူသော စွဲချက်ဖြင့် ၁၉၅၇ ခုနှစ်တွင် အစိုးရအဖွဲ့နှင့် ပါတီပေါ်လစ်ဗျူရိုနှစ်ရပ်စလုံးမှ ထုတ်ပယ်ခံရသည်။

ထို့နောက် မာလင်ကော့သည် ဥကာမိနိုဂေါ့မြို့ရှိ စွမ်းအင်စက်ရုံတစ်ရုံ၌ စက်ရုံမှူးအဖြစ် တာဝန်ထမ်းဆောင်နေခဲ့ရာ ၁၉၆၄ ခုနှစ်တွင် ကွန်မြူနစ်ပါတီမှ အပြီးအပိုင် ထုတ်ပယ်ခံရသည်။

ဆိုဗီယက် ကွန်မြူနစ်ပါတီသမိုင်းတွင် တစ်ချိန်တစ်ခါက ဩဇာအာဏာတက်ခဲ့သော ဂျော်ဂျီ မက်ဆီမီလျာနိုဗစ်ချ် မာလင်ကော့သည် ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

မီကီ, တာကေအို (ခရစ်နှစ် ၁၉၀၇ – ၁၉၇၈) ။ ။ ဂျပန်ဝန်ကြီးချုပ်ဟောင်း တာကေအို မီကီကို ဂျပန်နိုင်ငံရှိကိုကူကျွန်းပေါ်ရှိ တိုကူရှိမအုပ်ချုပ်ရေးဒေသတွင် ၁၉၀၇ ခုနှစ် မတ်လ ၁၇ ရက်နေ့၌ မွေးဖွားသည်။ ဖခင်သည် လူလတ်တန်းစား မြေပိုင်ရှင်နှင့် ဓာတ်မြေဩဇာကုန်သည် တစ်ဦးဖြစ်သည်။ မီကီသည် ၁၉၁၃ ခုနှစ်တွင် ဂိုရှိုး မူလတန်းကျောင်း၌ စတင်ပညာသင်ကြားခဲ့သည်။ ခုနှစ်နှစ်ကြာသော် ရှိကိုကူကျွန်းရှိ အကောင်းဆုံး အလယ်တန်းကျောင်းတစ်ကျောင်းဖြစ်သည့် တိုကူရှိမ ကူးသန်းရောင်းဝယ်ရေး ကျောင်းတွင် ဆက်လက် ပညာ ဆည်းပူး သည်။ ကျောင်းသားများသပိတ်မှောက်ဆန္ဒပြပွဲတစ်ခုတွင် ပါဝင်ခဲ့သဖြင့် ယင်းကျောင်းမှထုတ်ပယ်ခြင်းခံရပြီးနောက် မီကီသည် ချူကိုင်း ကူး သန်း ရောင်း ဝယ် ရေး ကျောင်း၌ တက်ရောက်ကာ အထက်တန်းပညာရေးကို အောင်မြင်သည်ထိ သင်ကြားခဲ့သည်။

ဂျပန်နိုင်ငံတွင် ဂုဏ်ဒြပ်အရှိန်အဝါ ကြီး မား သော တက္ကသိုလ်ကျောင်း တစ်ကျောင်းကျောင်းမှ တစ်ဆင့်သာ နိုင်ငံရေးအောင်မြင်မှုကို တက်လှမ်းနိုင်စမြဲ ဖြစ်သည်ဟု ဆိုရမည်ကဲ့သို့ အစဉ်အလာရှိသည်။ သို့ရာတွင် မီကီသည် အရှိန်အဝါ မကြီးလှသော တိုကျိုမြို့ မေဂျိတက္ကသိုလ်တွင် သာ ပ ညာ ဆည်း ပူး ခဲ့ သည်။ ၁၉၂၉ ခုနှစ်တွင် မီကီသည် ယင်းတက္ကသိုလ်မှ ဝါဏိဇ္ဇဘွဲ့ရ၍ ဥ ပ ဒေပညာ ဆက်လက် သင်ကြားသည်။ ထိုနှစ်တွင်ပင် မီကီသည် ဥရောပနှင့် အမေရိကန်ပြည်ထောင်စု တစ်ခွင် ခ ရီး လှည့်လည်ခဲ့သည်။ ထို နောက် ကာလဖိုးနီးယားတက္ကသိုလ်၊



ဂျပန်ဝန်ကြီးချုပ်ဟောင်း တာကေအို မီကီ

အမေရိကန်တက္ကသိုလ်နှင့် ဆောက်ဝက်စတန်တက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့ပြန်သည်။ ၁၉၃၆ ခုနှစ်တွင် မီကီသည် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည်။ နောက်နှစ်တွင် မေဂျီတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိသည်။

မီကီသည် ဘွဲ့ယူပြီးနောက် တစ်လအကြာတွင် ဇာတိရပ်မြေ ရှိကိုကူကျွန်းကို ကိုယ်စားပြုရသော လွှတ်တော်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ထိုအချိန်တွင် အသက် ၃၀ မျှသာရှိသေးသဖြင့် အောက်လွှတ်တော်၌ အသက်အငယ်ဆုံးအမတ်ဖြစ်ခဲ့ပေသည်။ ဂျပန်နိုင်ငံတွင် လက်ယာစွန်း စစ်ဝါဒီများ၏ ဩဇာအာဏာ တစ်စတစ်စ ကြီးထွားလာချိန်တွင် မီကီသည် အမေရိကန်ပြည်ထောင်စုနှင့် စစ်ပြုမည့်အရေးကို ကာကွယ်တားဆီးရန် ကြိုးပမ်းခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် မီကီသည် စစ်ဆန့်ကျင်ရေး လှုထုစည်းဝေးပွဲတစ်ရပ်ကို တိုကျိုမြို့၌ ကမကထပြု၍ ကျင်းပခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဂျပန်–အမေရိကန်ချစ်ကြည်ရေးအသင်းကို ဖွဲ့စည်းခဲ့သည်။ မီကီ၏ ကြိုးပမ်းမှုများသည် သဲထဲရေသွန် ဖြစ်ခဲ့ရသည်။ သို့ရာတွင် ၁၉၄၂ ခုနှစ်တွင် စစ်တွင်းကာလ အစိုးရက ရွေးကောက်ပွဲ ကျင်းပပေးပြီး မီကီကို မလိုလားအပ်သူအဖြစ် သမုတ်သောအခါ မဲဆန္ဒရှင်များက မီကီကို လွှတ်တော်အမတ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ပေသည်။

စစ်ကြီးပြီးဆုံးသောအခါ အခြား ဂျပန်ခေါင်းဆောင်အများအပြားသည် အမေရိကန်နိုင်ငံ၏ ပြည်သိမ်းတပ်ဖွဲ့များက နိုင်ငံရေးလောကမှ ဖယ်ရှားပစ်သည်ကို ခံကြရသော်လည်း မီကီမှာမူ စစ်ဆန့်ကျင်ရေး ရပ်တည်ချက်ကြောင့် အစိုးရအဖွဲ့တွင် ဆက်လက် တက်ကြွစွာ ပါဝင်လှုပ်ရှားခွင့်ရရှိသည်။

စင် စစ် အား ဖြင့် အမေရိကန်တို့ သိမ်းပိုက်ထားစဉ် ၁၉၄၅ ခုနှစ်မှ ၁၉၅၂ ခုနှစ်အတွင်းတွင်ပင် မီကီသည် နိုင်ငံရေးလောကå ထိပ် တန်း သို့ တက် လှမ်း နိုင် ခဲ့ ခြင်း ဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင် ပြည်သူ့ပူးပေါင်းဆောင်ရွက်ရေးပါတီကို အောင်မြင်စွာ ဖွဲ့စည်း နိုင် ခဲ့ ခြင်း ကြောင့် ဆိုရှယ်လစ် ဝါဒီဝန်ကြီး ချုပ်တက် ဆု ကာတာယာမဦးဆောင်သော အစိုးရအဖွဲ့၌ ဆက်သွယ်ရေးဝန်ကြီးရာထူးကိုရရှိခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် မီကီသည် ထိုရာထူးမှ နှုတ်ထွက်ခဲ့သည်။ သို့သော် ၁၉၅၄ ခုနှစ် ဒီဇင်ဘာလတွင် အီချီယို ဟာယိုတာမာက အစိုးရအဖွဲ့ ဖွဲ့စည်းသော အခါ မီကီသည် သယ် ယူ ပို့ ဆောင် ရေး ဝန် ကြီး အ ဖြစ် ပြန်လည်ပါဝင်လာသည်။ ၁၉၅၁ ခုနှစ်တွင် ထမ်းဆောင်သော ပြည်သူ့ ဒီမိုကရက်တစ်ပါတီ အထွေထွေအတွင်းရေးမှူးရာထူးနှင့် ၁၉၅၂ ခုနှစ်တွင် ထမ်းဆောင်သော တိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး ရာထူးတို့အပါအဝင် ဩဇာတိက္ကမရှိသော နိုင်ငံရေးရာထူးအရပ်ရပ်ကို နိုင်ငံရေးအဖွဲ့အစည်းအများအပြား၌ ထမ်းဆောင်ခဲ့ရသည့် မီကီသည် နိုင်ငံရေးအဖွဲ့အစည်း အသီးသီးကို ဆက်တိုက်ပေါင်းစည်းခြင်းဖြင့် ၁၉၅၅ ခုနှစ်တွင် လစ်ဗရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) ပေါ်ထွန်းလာနိုင်သည်ထိ ပါဝင်ကူညီခဲ့ပေသည်။

ဆိုရှယ်လစ်ဝါဒီများနှင့် ကွန်မြူနစ်ဝါဒီများကို ယှဉ်ပြိုင်ရန် ဂျပန်ရှေးရိုးစဉ်လာဝါဒီများအား လုံးကို စုစည်းလိုက်ခြင်းဖြင့် အယ်ဒီပီပါတီသည် ၁၉၅၅ ခုနှစ်မှစ၍ လွှတ်တော်တိုင်းတွင် နေရာအများစုကို သိသိသာသာ လွှမ်းမိုးထားနိုင်လောက်အောင် အင်အားကြီးမားလာခဲ့သည်။ ဂျပန်နိုင်ငံတွင် ပါလီမန် စနစ်အရ ပါတီ၏ဦးဆောင်မှုနှင့် နိုင်ငံတော်ဦးဆောင်မှုတို့သည် တန်းတူရည်တူပင်ဖြစ်ရာ အစိုးရမူဝါဒများကို ပါတီတွင်း၌ အကျေအလည် ဆွေးနွေးပြီးမှ ဆုံးဖြတ်ရသည်။ သို့ဖြစ်၍ ပါတီတွင်းရှိ နိုင်ငံရေးအုပ်စုငယ်များသည် အားပြိုင်လေ့ရှိသည်။ မီကီသည် နိုင်ငံရေးအမြင်ကျယ်မှုနှင့် လိမ်မာပါးနပ်စွာ ပြဿနာဖြေရှင်းနိုင်မှုတို့ကြောင့် အုပ်စုငယ်ခေါင်းဆောင်တစ်ဦးအဖြစ် နှစ်ပေါင်း ၂၀ ကြာမျှ အယ်ဒီပီပါတီ၏ ထိပ်တန်းအဆင့်တွင် ရပ်တည်နိုင်ခဲ့သည်။

ဝန်ကြီးချုပ် နိုဘူဆူကေ ကီရှိ (၁၈၉၆–၁၉၀၇)၏ ထောက်ခံမှုဖြင့် ၁၉၅၆ ခုနှစ် ဒီဇင်ဘာလမှ ၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ထိ အယ်ဒီပီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ထမ်းဆောင်ခဲ့ရသည်။ ထို့နောက် ပါတီ၏ နိုင်ငံရေးရာ သုတေသနကောင်စီ ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၅၈ ခုနှစ် ဇွန်လရွေးကောက်ပွဲအပြီးတွင် ဝန်ကြီးချုပ် ကီရှိ (စုယ်စုံနှစ်ချုပ် ၁၉၀၈–စာ၊ ၁၂၂—ရှု။) က အစိုးရအဖွဲ့သစ် ဖွဲ့စည်းခဲ့ရာ မီကီအား စီးပွားရေးစီမံ

ကိန်းအေးကျင်စီ၊ သိပ္ပံနှင့် စက်မှုနည်းပညာ အေးကျင်စီနှင့် အဏုမြူစွမ်းအင်ကော်မရှင်တို့ကို တာဝန်ခံရသော ဝန်ကြီးရာထူးနေရာတွင် ခန့်အပ်ခဲ့သည်။ ထိုနှစ်တွင်ပင် မီကီသည် ဥပဒေမဲ့ဆန္ဒပြသူများအား နှိမ်နင်းရန် ရဲတပ်ဖွဲ့၏အာဏာကို တိုးမြှင့်သုံးစွဲခွင့်ပြုသည့် ဥပဒေကြမ်းကို ကန့်ကွက်သောအားဖြင့် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၉၆၁ ခုနှစ် ဇူလိုင်လတွင် ဝန်ကြီးချုပ် ဟာယာတို အီကေဒါက မီကီအား သိပ္ပံနှင့် နည်းပညာအေးကျင်စီ၊ အဏုမြူစွမ်းအင်ကော်မရှင်တို့ကို တာဝန်ခံရသော ဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပြန်သည်။ မီကီသည် ၁၉၆၂ ခုနှစ်တွင် ပါတီစည်းရုံးရေးကော်မတီဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ၁၉၆၃ ခုနှစ်တွင် နိုင်ငံရေးသုတေသန ကော်မတီဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် ပါတီအထွေထွေ အတွင်းရေးမှူးအဖြစ် လည်းကောင်း တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၆၄ ခုနှစ် နိုဝင်ဘာလတွင် ဝန်ကြီးချုပ်ဖြစ်လာသော အီဆာကူ ဆာတို (၁၉၀၁–၁၉၇၅)၏ လက်ထက်တွင် မီကီသည် နိုင်ငံရေးခရီးတစ်လျှောက်၌ အရေးအပါဆုံး အစိုးရ ရာထူးနှစ်နေရာကို ရရှိခဲ့သည်။ မြင့်မားသောစီးပွားရေး ဖွံ့ဖြိုးမှုကြောင့် ဂျပန်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းစက်မှုနှင့် ကုန်သွယ်မှု ထွန်းကားသော နိုင်ငံတစ်နိုင်ငံဖြစ်လာစပြုသည့် ၁၉၆၅–၆၆ ခုနှစ်တွင် မီကီသည် နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက် ၁၉၆၆ ခုနှစ်မှ ၁၉၆၈ ခုနှစ်ထိ နိုင်ငံခြားရေးဝန်ကြီးတာဝန်ယူခဲ့စဉ် မီကီသည် ဂျပန်နိုင်ငံ၏စီးပွားရေး စွမ်းဆောင်ရည်အသစ်နှင့် လျော်ညီစွာ နိုင်ငံတကာစင်မြင့်တွင် ဂျပန်နိုင်ငံ ရပ်တည်နိုင်ရေးကို တင်ပြလာခဲ့သည်။ အာရှ–ပစိဖိတ် အယူအဆကို တင်ပြခဲ့ခြင်းဖြစ်သည်။ အာရှနိုင်ငံများအား ထောက်ပံ့ကူညီမှု သိသိသာသာတိုးမြှင့်သွားခြင်းဖြင့် ယင်းဒေသတစ်ခွင်တွင် ပေါင်းစည်းမှု အင်အား ပိုမိုကြီးမား လာစေမည်ဟု ဆိုသည်။ သို့ရာတွင် ဂျပန်နိုင်ငံ၏ ထောက်ပံ့ကူညီမှု သက်သက်ဖြင့် မလုံလောက်မှာဘဲ ဂျပန်နိုင်ငံက မဖွံ့ဖြိုးသေးသော အာရှနိုင်ငံများနှင့် ပစိဖိတ်ဒေသရှိ စက်မှုအင်အားကြီးနိုင်ငံများ (ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်၊ အမေရိကန်)တို့အကြား ကြားဝင် ဆောင်ရွက်ပေးရန် လိုသည်ဟု မီကီကကြိုတင်တွက်ဆ တိုက်တွန်းခဲ့သည်။

မီကီသည် ပါတီခေါင်းဆောင်ရာထူးနှင့် ထိုမှတစ်ဆင့် ဝန်ကြီးချုပ်ရာထူးအတွက် ဆာတိုနှင့် ယှဉ်ပြိုင်ရန် ၁၉၆၈ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံခြားရေး ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။ ဆာတိုက ၂၄၉ မဲ၊ မီကီက ၁၀၇ မဲဖြင့် အရေးနိမ့်ခဲ့ပြီးနောက် မီကီသည် ထိပ်တန်းအစိုးရရာထူးကို မရခဲ့တော့ချေ။ ၁၉၇၀ ပြည့်နှစ်တွင် ဆာတိုနှင့်ပင် အယ်ဒီပီဥက္ကဋ္ဌ ရာထူးအတွက် ယှဉ်ပြိုင်ခဲ့ရာ အရေးနိမ့်ခဲ့ပြန်သည်။

၁၉၇၂ ခုနှစ် ဇွန်လတွင် ဝန်ကြီးချုပ် ဆာတို ရာထူးမှ နုတ်ထွက်သွားသဖြင့် အယ်ဒီပီပါတီအတွင်း အာဏာလုပွဲ ဖြစ်ပွားခဲ့ပြန်သည်။ မီကီလည်း ဝန်ကြီးချုပ်လောင်း ဖြစ်ခဲ့သည်။ သို့သော် ညီလာခံတွင် ပထမအကြိမ် မဲပေးပွဲ၌ စတုတ္ထအဆင့်သာ ရရှိခဲ့၍ မီကီသည် ကာကူအီ တာနာကာအား ထောက်ခံအားပေးလိုက်ရာ တာနာကာသည် ရွေးချယ် တင်မြှောက်ခံရသည်။ တာနာကာက မီကီအား ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ပေးခဲ့သည်။ ၁၉၇၃ ခုနှစ်အထိ ဂျပန်နိုင်ငံသည် အာရပ်-အစ္စရေး ပဋိပက္ခ၌ ကြားနေခဲ့သည်။ ထိုနှစ် ယုမ်ကစ်ပူးစစ်ပွဲနှင့် ယင်းစစ်ပွဲ၏အကျိုးဆက်အဖြစ် ပေါ်ပေါက်ခဲ့သော ရေနံပိတ်ဆို့မှုတို့ကြောင့် စက်မှုထွန်းကားပြီးနိုင်ငံဖြစ်သော ဂျပန်နိုင်ငံအနေဖြင့် အာရပ်နိုင်ငံများ၏ဘက်သို့ ယိမ်းသွားခဲ့ရသည်။ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် မီကီသည် ရေနံထုတ်လုပ်သော အာရပ်နိုင်ငံ ခုနစ်နိုင်ငံသို့ခရီးလှည့်လည်ခဲ့သည်။ သိမ်းပိုက်ထားသော အာရပ် နယ်မြေများမှ အစ္စရေးတို့ ရုပ်သိမ်းပေးရန် ထပ်ဖန်တလဲလဲ တောင်းဆိုခဲ့သည်။ ဂျပန်နိုင်ငံသို့ ရေနံကို မှန်မှန်ပို့ပေးခြင်းအတွက် အတုံ့အပြန်အားဖြင့် ဂျပန်နိုင်ငံက အာရပ်နိုင်ငံများအား အထောက်အပံ့များ ပေးမည်ဟု ကတိပြုခဲ့သည်။ ဂျပန်နိုင်ငံကို အာရပ်နိုင်ငံများက မိတ်ဆွေနိုင်ငံအဆင့် ပြန်လည်သတ်မှတ်လိုက်သည်။

၁၉၇၄ ခုနှစ်မှစ၍ ဂျပန်နိုင်ငံသည် စွမ်းအင်အကျပ်အတည်းကြောင့်လည်းကောင်း၊ ကမ္ဘာ့စီးပွားရေး တုံ့ဆိုင်းမှုကြောင့်လည်းကောင်း စီးပွားရေးတိုးတက်မှု နှေးကွေးလာသည်။ ငွေဖောင်းပွမှုနှုန်းနှင့် အလုပ်လက်မဲ့ဦးရေ မြင့်တက်လာသည်။ တစ်ချိန်တည်းတွင်ပင် ပါတီတွင်း ဂိုဏ်းကဲ့အုပ်စု၏ ပဋိပက္ခဖြစ်မှုနှင့် ခေါင်းဆောင်များ အဂတိလိုက်စားမှုဖြင့် မကြာခဏ စုပ်စဲ့ခံရမှုတို့ကြောင့် ပြည်သူတို့စိတ်ရှုပ်ထွေးလာကြရာ အယ်ဒီပီပါတီ အားနည်းယိုယွင်းလာသည်။

ဝန်ကြီးချုပ် တာနာကာ နိုင်ငံရေး ရန်ပုံငွေများကို အလွဲသုံးစားပြုခြင်းကို ပြည်သူတို့ မကျေနပ်သောကြောင့် ၁၉၇၄ ခုနှစ် ဇူလိုင်လရွေးကောက်ပွဲတွင် ယခင်ကရရှိပြီးသော အထက်လွှတ်တော်အမတ် ရှစ်နေရာကို အယ်ဒီပီပါတီ လက်လွှတ်ခဲ့ရသည်။ မီကီသည် ဝန်ကြီးရာထူးမှ နုတ်ထွက်ပြီး အယ်ဒီပီပါတီ ပြုပြင်ပြောင်းလဲရေးအတွက် တိုက်ပွဲစခဲ့သည်။ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်သူအဖြစ် ထင်ရှားသော မီကီ၏ဆောင်ရွက်ချက်များက တာနာကာ

ကို အထိနာစေသည်။ ၁၉၇၄ ခုနှစ် ဆောင်းဦးတွင် တာနာကာ၏ ဘဏ္ဍာရေးစည်းမျဉ်း ချိုးဖောက်မှုကို မဂ္ဂင်းတစ်စောင်က အကျယ်တဝင့် ဖော်ထုတ်ရေးသား လိုက်ပြန်ရာ ထောက်ခံမှု အကြီးအကျယ် ကျဆင်းသွား သော တာနာကာသည် ရာထူးမှ နုတ်ထွက်သွားရသည်။ ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် မီကီသည် အယ်ဒီပီပါတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးချုပ်အဖြစ် လည်း ကောင်း ရွေးချယ်တင်မြှောက်ခံရသည်။

ဝန်ကြီးချုပ်မီကီသည် တာနာကာ၏ လာဘ်စားမှုကို အပြည့်အဝ စုံစမ်းစစ်ဆေးရန်တောင်းဆိုခဲ့ရာ ယင်းမသမာ မှုသည်ပင် မီကီ၏အစိုးရအဖွဲ့အတွင်း အကျပ်အတည်း ပေါ်ပေါက်စေသည်။ အယ်ဒီပီပါတီတွင်းရှိ လုပ်ဖော်ကိုင် ဖက်များက စုံစမ်းစစ်ဆေးမှုမပြုရန် ဟန့်တားကြသည်။ ယင်းလာဘ်စားမှုမှတစ်ဆင့် ပါတီကို အန္တရာယ်ပြုနိုင် သည့် နောက်ဆက်တွဲမသမာမှုများ ထွက်ပေါ်လာမည်ကို စိုးရိမ်မကင်းဖြစ်သောကြောင့် ဟန့်တားခြင်းဖြစ်သည်ဟု ဆိုသည်။ နိုင်ငံရေးအခြေအနေများ ပိုမိုရှုပ်ထွေးလာ ကာ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ရွေး ကောက်ပွဲတွင် အောက်လွတ်တော်၌ အယ်ဒီပီ ပါတီသည် ပွတ်ကာသီကာသာ အနိုင်ရရှိသည့်အဖြစ်သို့ ရောက်သည်။ မီကီလည်း ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်လိုက်ရသည်။

ဂျပန်နိုင်ငံ နိုင်ငံရေးလောကတွင် ကိုယ်ကျင့်တရား ဖြူစင်သူအဖြစ် ထင်ရှားပြီး ကွန်မြူနစ်နိုင်ငံများ (အထူး သဖြင့် တရုတ်နိုင်ငံ)နှင့် ပိုမိုရင်းနှီးစွာ ဆက်ဆံရေး၊ စီးပွားရေးဖွံ့ဖြိုးမှုသာမက လူမှုရေးလုပ်ငန်းနှင့် ပတ်ဝန်း ကျင်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းကိုပါ အလေးပေး ဆောင်ရွက်ရေးစသည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတို့ကို ရှေဆောင်ခဲ့သူ နိုင်ငံရေးသုခမိန် တာကေအို မီကီသည် ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင်ကွယ်လွန်သည်။

မူလ ကိုယ်ခံစွမ်းအား လျော့နည်း ကျဆင်းရောဂါ (အေ့ဒ်စ်)

။အမေရိကန် ပြည်ထောင်စုတွင် ၁၉၈၁ ခုနှစ်၌ စတင်တွေ့ရှိသော ရောဂါဖြစ်၏။ နာတာရှည်ဖြစ်ပြီး ဤရောဂါပျောက်ကင်းအောင် ကုသစရာဆေးဝါးမရှိ၊ ရောဂါဖြစ်ပြီးသူမှာ အားလုံးလိုလို သေကြေလျက် ရှိကြသည်။ ရောဂါဖြစ်သည့်နှုန်းက ဒီရေအလား တိုးတက် လျက်ရှိသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ အထိ ရရှိသောစာရင်းအရ ဤကမ္ဘာတွင် နိုင်ငံပေါင်း ၁၄၂ နိုင်ငံ၌ ရောဂါဖြစ်နေသူပေါင်း ၁,၁၉,၈၁၈ ဦးရှိပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းလုံးမှ လူသားအားလုံးကို ဒုက္ခပေးရန် ရည်ရွယ်လာသော ရောဂါဖြစ်သဖြင့် ၁၉၈၆ ခုနှစ် မေလ အတွင်းကျင်းပခဲ့သော ၃၉ ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ ဤရောဂါကို တိုက်ဖျက် နိုင် ရေး အတွက် အထူးအဖွဲ့တစ်ဖွဲ့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် လက်အောက်တွင် ဖွဲ့စည်းပေးခဲ့သည်။ ဤအဖွဲ့မှ ကမ္ဘာ တစ်ဝန်းလုံးရှိ ပညာရှင်များ၏ အကူအညီကိုယူ၍ ဤရောဂါ ကို တိုက်ဖျက်ရန် ကြိုးစားလျက်ရှိသည်။ ဤအဖွဲ့၏ ၁၉၈၇ ခုနှစ် မတ်လအတွင်း ထုတ်ပြန်ခဲ့သော စာအုပ်ငယ်မှ အရေးကြီးသော အချက်များမှာ အောက်ပါအတိုင်း ဖြစ် ပါသည်။

အေအိုင်ဒီအက်စ်ဟူသည်

ကိုယ်ခံအားလျော့နည်းရာက ဖြစ်ပေါ်ရသော ရောဂါစု ဖြစ်သည်။ ရောဂါဖြစ်စေသော ဗိုင်းရပ်ပိုးကြောင့် ဝေဒနာ လက္ခဏာ ဖြစ်ပေါ်ရသည့်နည်းတူ ကိုယ် ခံ စွမ်း ပ ကား လျော့နည်းနေရာက အခြားရောဂါမျိုးစုံ ဝင်ရောက်လာပြီး ရောဂါလက္ခဏာမျိုးစုံကို ရစေသော ရောဂါဖြစ်သည်။


ဤရောဂါသည် အ မေ ရိ ကန် ပြည်ထောင်စု၌ ၁၉၇၇ ခုနှစ် ဝန်းကျင်မှစ၍ ဖြစ်ပွားခဲ့သည်ဟု အထောက်အထား များအရ မှန်းဆရသည်။

ရောဂါဖြစ်စေသော ဗိုင်းရပ်ပိုး

ဤရောဂါကိုဖြစ်စေသော ဗိုင်းရပ်ပိုးမှာ ရီထရိုဗိုင်းရပ် အမျိုးအနွယ်ဝင်ဖြစ်၍ နိုင်ငံအမျိုးမျိုးမှ အမည်အမျိုးမျိုး ဖြင့် ခေါ်တွင်ခဲ့ရာက ယခုအခါ (H I V) အိပ်ခ်အိုင်ဗီဟု တညီတညွတ်တည်း ခေါ်တွင်နေကြပြီဖြစ်သည်။ ဤရောဂါ ပိုးကို ပါရီမြို့တော် ပါစတာ အင်စတီကျူမှ သိပ္ပံပညာ ရှင်များက ၁၉၈၃ ခုနှစ်တွင် စတင် ထုတ်ဖော်နိုင်ခဲ့ကြ သည်။ အမေရိကန်နိုင်ငံ အ မျိုး သား ကင် ဆာ ရော ဂါ သုတေသနဌာနမှလည်း ၁၉၈၄ ခုနှစ်တွင် စတင် တွေ့ရှိ ခဲ့သည်။

ရောဂါစွဲကပ်ပုံ

ဤဗိုင်းရပ်ပိုးက အသည်းရောင် အသားဝါဖြစ်စေသော ရောဂါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါစသည့် ဗိုင်းရပ်ပိုး များနှင့် လုပ်ဆောင်ချက် မတူချေ။ ဤရောဂါပိုးသည် ကလာပ်စည်းထဲကို ဝင်ရောက်ခွင့်ရသည့်အခါ ကလာပ် စည်း၏ ဒီအင်အေအတွင်းကိုဝင်ပူးကပ်ပြီး ကလာပ်စည်းက အသစ်ပွားသည့်အခါတိုင်း ဗိုင်းရပ်ရောဂါပိုးဗီဇ ပါဝင်နေ အောင်ဒုက္ခပေးနိုင်သည့်စွမ်းပကားရှိသည်။ ဤရောဂါပိုးက လူသားတစ်ယောက်၏ ခန္ဓာကိုယ်တွင်း တစ်ကြိမ်ဝင်ရောက် ခွင့်ရပြီဆိုပါက ပြန်မထွက်တော့ချေ။ ခန္ဓာကိုယ်အတွင်း ရှိ ကိုယ်ခံစွမ်းပကားကို ထုတ်လုပ်ပေးသောစနစ်တစ်ခုလုံး



အနောက်ဥရောပရှိ အခြားနိုင်ငံအများအပြားကဲ့သို့ပင် မြိတိန်နိုင်ငံတွင် အေ့ဒ်စ်ရောဂါ ပညာပေးပိုစတာကြီးတစ်ခု စိုက်ထူထားပုံ

ကို ဖျက်ဆီးပစ်ရာက အဆိုပါလူသားဆီသို့ နောက်ထပ် ရောက်လာသော ကူးစက် ရော ဂါ ပိုး များနှင့် ကင်ဆာ ရောဂါတို့ကို တားဆီး တိုက်ဖျက်နိုင်စွမ်း မရှိတော့ချေ။

ရောဂါပျံးခြိန်

ရောဂါပိုးဝင်ရောက်ပြီး ခြောက်လမှ ငါးနှစ်အတွင်း စတင်လက္ခဏာပေါ်သည်။ အခြို ကျိထက်အခြိန်ကြာနိုင်သေးသည်။ အကြမ်းအားဖြင့် ရောဂါကူသခံရပြီးသူ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းသည် ငါးနှစ်အတွင်း အေအိုင် ဒီအက်စ်ရောဂါလက္ခဏာစစ်စစ်ကို ခံစားရ၍ ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသည် ရောဂါနှင့်ဆက်စပ်နေသော အခြားဝေဒနာစုံကို ခံစားရလေ့ရှိသည်။ အကြမ်းအားဖြင့် ရောဂါကူးစက်ခံရသူ ၇၀ ရာခိုင်နှုန်းသည် ရော ဂါ ကူး ခံ ရ ပြီး ငါးနှစ်အတွင်း ရောဂါလက္ခဏာစုံပေါ်လာသည်။ ဤရောဂါတွင် ဝေဒနာလက္ခဏာ တစ်မျိုးတည်း တိတိကျကျမရှိ။ ရောဂါလက္ခဏာအမျိုးမျိုး ဖြစ်ပေါ်စေတတ်သဖြင့် ရောဂါစုဟု ခေါ်တွင်လျက်ရှိသည်။

ရောဂါလက္ခဏာများ

ရောဂါလက္ခဏာမှာ ဝေဒနာရှင် တစ်ယောက်နှင့်တစ်ယောက် မတူအောင် အမျိုးမျိုး ဖြစ်ပေါ်နေတတ်သည်။ အများအားဖြင့် နယူမိုစစ်စတစ် ကရီနီ ရောဂါပိုးကြောင့် ဖြစ်သော အဆုတ် ရောင်ရမ်းနာနှင့်လည်းကောင်း၊ ကာပို ဆီဆာကိုးမားခေါ် အရေပြားနှင့်ပါးစပ်၌ ဖြစ်စေတတ်သော ကင်ဆာရောဂါ တစ်မျိုးနှင့်လည်းကောင်း၊ တစ်ခါတစ်ရံ တောက်ဆိုပလာစမာ ပိုးစွဲနာနှင့်လည်းကောင်း ဆက်စပ်နေတတ်သေးသည်။ များသောအားဖြင့် ရောဂါပိုးမျိုးစုံဝင်လာပြီး တိုက်ဖျက်နိုင်စွမ်း မရှိရာက ရောဂါလက္ခဏာအမျိုးမျိုး ဖြစ်နေတတ်သည်။

ရောဂါလက္ခဏာ စတင်ဖြစ်ပွားသူမှာ နာတာရှည်ဖျားနေ၍ ဝမ်းပျက်ဝမ်းလျောကာ ခန္ဓာကိုယ်အလေးချိန်ကျဆင်းလာလေ့ရှိသည်။ ခန္ဓာကိုယ်တွင်း၌ အကျိတ်မျှားကြီးထွားလာလေ့ ရှိသည်။ ဦးနှောက်ထဲသို့ ရောဂါပိုးဝင်သွားသည့်အခါ တ ဖြည်း ဖြည်း နှင့် ဦးနှောက်ပျက်သည်အထိ ဖြစ်သွားနိုင်သည်။ အထူးသဖြင့် ရောဂါ ကူးစက်ခံရပြီး ၁၀ နှစ်ကြာသော် ဦးနှောက်နှင့်သက်ဆိုင်သော လက္ခဏာများ ဖြစ်ပေါ်လာတတ်သည်။ အခြို့မှာလည်း ရောဂါပိုးဝင်ရောက်ခြင်း ခံရသော်လည်း ရောဂါ လက္ခဏာတို့သည် နှစ်ပေါင်းများစွာကြာမှသာ ရောဂါလက္ခဏာ ပေါ်လာတတ်သည်။

ရောဂါကူးစက်ပုံ ကူးစက်နည်း

ရောဂါပိုး ဝင်ရောက်ခံရပြီးသူများအနက် ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိသည် ပထမငါးနှစ်အတွင်း ရောဂါ

လက္ခဏာပေါ်လာသည်။ ရောဂါအသစ်ဖြစ်သဖြင့် ထို့ထက်ကြာအောင်စောင့်လျှင် ရောဂါဖြစ်ပွားသူရာနှုန်း မည်မျှဖြစ်လာမည်ကို မသိရသေးပါ။ ဤရောဂါပိုးကို လူသားတို့၏သွေး၊ သုက်ရည်၊မလိင်အင်္ဂါအတွင်းမှအရည်၊တံတွေး၊ မျက်ရည်၊ မိခင်နို့ရည်နှင့် ဆီးတို့၌ ရှာဖွေတွေ့ရှိထားပြီဖြစ်သည်။ သို့သော် သွေး၊ ကျားသုက်ရည်နှင့် မလိင်အင်္ဂါတွင်းမှ အရည်တို့က သာ ရောဂါကူးစက်စေလိမ့်မည်ဟု မှန်းဆရသည်။

အဓိက ကူးစက်သောနည်းက ဖို့မ ဆက်ဆံရာကဖြစ်သည်။ ရောဂါရှိသော ယောကျ်ား၊ မိန်းမတို့ထံမှ နောက်ရောဂါ မရှိသောသူသို့ ကူးစက်ခြင်း ဖြစ်သည်။ စအိုဖြင့်ဆက်ဆံသူများတွင် အရေပြား စုတ်ပြတ်ကွဲသွားရာက သုက်ရည်တွင်ပါလာသောပိုးက အလွယ်တကူကူးစက်သွားခြင်းဖြစ်သည်။ သာမန်အမျိုးသမီး ယောနိမှတစ်ဆင့်ကျား နှင့်မ ဆက်ဆံရာကလည်း ရောဂါကူးစက်ရနိုင်သည်။ ဖို့မ စိတ်ဆန္ဒ ပြင်းထန်ပြီး ယောကျ်ား၊ မိန်းမအမျိုးမျိုးနှင့် လိင်တူဖြစ်စေမတူဖြစ်စေဆက်ဆံသူများတွင်ရောဂါကူးစက်ခြင်းခံရဖို့ကိန်း ပိုများသည်။ ရောဂါပိုးပါသည့် သွေးသွင်းဆေးကုသမှုခံယူမိရာက ရောဂါပိုးပါသော မသန့်ရှင်းသည့် ဆေးထိုးပိုက်နှင့် အပ်များကို သုံးစွဲမိ၍ ရောဂါရတတ်သေးသည်။ အထူးသဖြင့် ဆေးစွဲသူများတွင် ဆေးထိုးအပ်မသန့်ရာက ရောဂါ ကူးစက်လေ့ရှိသည်။ မိခင်တွင် ရောဂါရှိက ကလေးမွေးသည့်အခါ ကလေးထံ ၅၀ ရာခိုင်နှုန်း ကူးစက်သွားဖို့ ကိန်းရှိသည်။

ယခုအမြင်အရ ရောဂါရှိသူနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ဖန်ခွက်အတူသောက်ခြင်း၊ အင်းဆက် ပိုးမွှား အကိုက်ခံရခြင်း၊ တစ်အိမ်တည်း အတူနေထိုင်ခြင်း စသည်တို့ကြောင့် ရောဂါမကူးတတ်ပါ။

ဤရောဂါမှာ ဖို့မ ဆက်ဆံခြင်းဓလေ့နှင့် ဆက်သွယ်နေသဖြင့် အသက် ၂၀ နှင့် ၄၉ နှစ်အတွင်းရှိ လူသားများတွင်သာ အဓိကဖြစ်ပွားသည်။

မိခင်၌ ရောဂါရှိရာက မွေးစကလေးမှာ လည်းယ်ရွယ်စဉ် သေဆုံးကြရသည်။ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက်မှ စာရင်းများအရ ဤရောဂါဖြစ်သူများမှာ စအိုနှင့် ဆက်ဆံတတ်သော ယောကျ်ား၊ မသန့်သော ဆေးထိုးအပ်ကို အတူစုပေါင်းသုံးစွဲသော ဆေးစွဲနေသူများ၊ ရောဂါရှိသောသွေးကို အသွင်းခံရသူများ၊ ရောဂါရှိသော သူနှင့်အတူနေကာ အကြိမ်ကြိမ် ဖို့မ ဆက်ဆံမိသော လိင်မတူသူများ၊ သွေးအကြိမ်ကြိမ်အသွင်းခံပြီး အသက်ဆက်နေရသော သွေးထုတ်လုပ်သည့် ဟီမိုဖီးလီးယား ရောဂါသည်များ၌ အဓိက ဖြစ်ပွားနေပါသည်။

အသက်သေဆုံးမည့်နှုန်း


ယခုရထားသောစာရင်းများအရ ရောဂါဖြစ်ပွားသူ ၅၀ ရာခိုင်နှုန်းမှာ အသက်သေဆုံးကြပြီ ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ စာရင်းအရရောဂါဖြစ်ပြီး သုံးနှစ်အကြာတွင် ၇၅ ရာခိုင်နှုန်းမှာ သေဆုံးကြ၍ ၁၉၈၂ ခုနှစ်မတိုင်မီက ရောဂါဖြစ်ပြီးသူများတွင် ၉၀ ရာခိုင်နှုန်းခန့်မှာ အသက်သေဆုံးခဲ့ကြပြီ ဖြစ်ပါသည်။



အော့ဒ်စ်ရောဂါကူးစက်မှုသည် မူးယစ်ဆေးဝါး သုံးစွဲမှုနှင့်လည်း ဆက်စပ်နေပေသည်။

ကိုယ်ခံစွမ်းအားစနစ်


၁ ကျန်းမာသော ကိုယ်ခန္ဓာထဲသို့ ဗိုင်းရပ်ပိုးမျာ းဝင်လာသောအခါ မာခရိုဖာဂေး ဆဲလ်က ထောက် လှမ်းသိရှိသည်။ ယင်း ဆဲလ်က တီ ဆဲလ်ကို တပ်လှန့် နှိုးဆော်သည်။



၂ ဘီဆဲလ်များ ပွားလာပြီး လျှင် ကျူးကျော်လာသူ ဗိုင်းရပ်ပိုးကို နှိမ်နင်းမည့် ပဋိဇီဝ ပစ္စည်းများကို ထုတ်လုပ်ပေးသည်။

၃ ယင်း တီဆဲလ်က လူပ် ရှား လာ ပြီး တီ ဆဲလ် အမြောက် အ မြား ပွား လာ စေ သည်။ အကူ တီဆဲလ် တို့သည် ဘီဆဲလ်များ ကို နှိုးဆွပြန်သည်။

အော့ဒ်စ် ဗိုင်းရပ်ပိုးဒဏ်ခံရပုံ



၁ အော့ဒ်စ် ဗိုင်းရပ် ဖိစီးသော အခါ အကူတီဆဲလ်များကို ကူးစက်သည်။ ပြင်ပ မှ ဝင်လာသော ပစ္စည်းများကို ခွဲခြား သိမြင် နိုင် သည့် အ ကူ တီ ဆဲလ် တို့ ၏ စွမ်းပကားကို ပျက်ယွင်းစေသည်။ ထိုအခါ တီဆဲလ်များသည် အော့ဒ်စ် ဗိုင်းရပ်များကို ပွားစေသည့် စက်ရုံများဖြစ်လာလေသည်။

၂ တီ ဆဲလ် များသည် ကူး စက် ပိုး ကို နှိမ်နင်း နိုင်စွမ်း မရှိတော့ သဖြင့် ကျူး ကျော် ဗိုင်းရပ် ပိုးတို့လွတ်လပ်စွာ သောင်း ကျန်း လေသည်။ ပျက်ယွင်း သွားသော တီဆဲလ် တို့သည် အခြား တီဆဲလ် များကို ကူးစက် ဖျက်ဆီးမည့်အော့ ဒ် စ် ဗိုင်းရပ် ပို း များ ထုတ် လုပ် ပေးနေသည်။

ယနေ့ပြဿနာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့အထိ နိုင်ငံ ၁၄၀ က ပေးပို့သောကိန်းဂဏန်းများအရ မူလကိုယ်ခံစွမ်းအားကျဆင်းမှု (အေအိုင်ဒီအက်စ်) ရောဂါဖြစ်ပွားသူ ၁,၁၁,၀၀၀ခန့်ရှိကြောင်း၊အမှန်ဖြစ်ပွားသူဦးရေမှာ အဆိုပါကိန်းဂဏန်းထက် နှစ်ဆမက မြင့်မားဖွယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရာရှိတစ်ဦးဖြစ်သူ ဂျိုနသန်မန်းက ပြောကြားသည်။ အေအိုင်ဒီအက်စ်ရောဂါစတင်ပြန့်ပွားခဲ့သော ၁၉၇၀ ပြည့်နှစ်များ၏ နှောင်းပိုင်းကာလမှ စ၍ရေတွက်လျှင် ရောဂါ ဖြစ်ပွားမှုပေါင်းသည် ရရှိသော ကိန်းဂဏန်းထက် နှစ်ဆမကများမည်ဟု ခန့်မှန်းထားကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် လူပေါင်း ၅ သန်းမှ ၁၀ သန်းခန့်အထိ ရောဂါ ကူးစက် ပြန့်ပွားခဲ့ကြောင်း၊ ဖြစ်ပွားမှုပေါင်း အနည်းဆုံး နှစ်သိန်းခဲ့ ရှိမည်ဟု ခန့်မှန်းထားကြောင်း ဂျိုနသန်မန်းက ဆိုသည်။

မိမိတို့၏ လေ့လာ တွေ့ရှိချက်အရ လာမည့် ငါးနှစ်အတွင်း အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားသူပေါင်း တစ်သန်းခန့် ထပ်တိုးလာမည်ကို တွက်ချက်နိုင်သည်ဟု ၎င်းက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အေအိုင်ဒီအက်စ်ရောဂါကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တိုက်ဖျက်ရေးအတွက် ၁၉၈၆ ခုနှစ်တွင် အထူးအစီအစဉ်တစ်ရပ်ချမှတ်ဆောင်ရွက်ခဲ့သည်။

ဤရောဂါသည် ဆေးဘက်ဆိုင်ရာ ပြဿနာသက်သက်မဟုတ်ဘဲ ယဉ်ကျေးမှုနှင့် စီးပွားရေးပြဿနာ ဖြစ်သည်ကိုလည်း လူသားတို့ နားလည် သိရှိလာကြကြောင်း ဂျိုနသန်မန်းက ပြောကြားသည်။

ကုသနည်း

ယနေ့အထိ ဤရောဂါအတွက် အားကိုးလောက်သော ကုသရန်ဆေး မပေါ်သေးချေ။ ဖြစ်ပေါ်နေသောလက္ခဏာပေါ်မူတည်၍ မှန်းဆကုသပေးနေကြရပါသည်။ ဤရောဂါကို ကုသရန် ဆေးအတော်များများကို သုတေသနပြုနေကြဆဲ။ ယင်းတို့အနက် အေဇက်တီ (AZT) ခေါ်ဆေးမှာ ထင်ရှားသည်။ ဤဆေးကြောင့် ရောဂါသည် အတော်များများ သက်တမ်းရှည်ကြလိမ့်မည်။ သို့သော် ဤဆေးသည် လုံး၀ အန္တရာယ်ကင်းစင်စေသောဆေး မဟုတ်သေးပါ။ အင်တာလူကင် ၂ စသည့် ခန္ဓာကိုယ် စွမ်းပကားကို ပြန်လည်တိုးတက်စေသောဆေးကိုလည်း သုတေသနပြုနေကြဆဲဖြစ်သည်။ ထို့ကြောင့် ဤရောဂါအတွက် ကုသစရာဆေးကောင်း၀ါးကောင်းများ မကြာခင် နှစ်များအတွင်း ပေါ်ပေါက်လာစရာ ရှိသည်။ ဤရောဂါ ကာကွယ်ရန် ကျောက်ရောဂါ ကာကွယ်ဆေးမျိုး ဖော်ထုတ်နိုင်ရန်လည်း ပညာရှင်များက အထူးကြိုးစားလျက်ရှိသည်။ နိုင်ငံတကာ အစိုးရများကလည်း ငွေကြေးပံ့ပိုးပေးလျက်ရှိသည်။

ကာကွယ်နည်း

ကမ္ဘာတစ်ဝန်းလုံး၌ ဤရောဂါ ပျံ့နှံ့ရခြင်းမှာ ဖိုမဆက်ဆံခြင်းကြောင့် ဖြစ်ရသည်။ ထို့ကြောင့် လူသားတို့၏ အမူအကျင့် ဓလေ့ထုံးစံကို ပြုပြင်ကြမှ ဤရောဂါဘေးကင်းဝေးမည်ဖြစ်သည်။ ဤရောဂါ မည်သို့မည်ပုံ ကူးစက်သည်ကို လူတိုင်း သိရှိဖို့လိုသည်။ သတိနှင့်ယှဉ်သော အောက်ပါ ဆောင်ရန်၊ ရှောင်ရန်တို့ကို အလေးထားရန် လိုသည်။

- ဖိုမ ဆက်ဆံသည့်အခါ ကြက်ပေါင်စေးဖြင့် ပြုလုပ်ထားသော ကျား လိင်တန်ဆာဖုံးအိတ်ကို အမြဲသုံးစွဲခြင်း၊
- လိင်တန်ဆာနှင့် စအိုဝကို ပါးစပ်ဖြင့် မထိရအောင် ရှောင်ခြင်း၊
- ဖိုမ ဆက်ဆံသည့်အခါ အသားအရေ မပွန်းပဲ့မိအောင် သတိထားခြင်း၊
- ဆေးစွဲသူများအနေနှင့် တစ်ကြိမ် သုံးပြီး စွန့်ပစ်ရသော ဆေးထိုးအပ်မျိုးကိုသာ သုံးစွဲကြခြင်း၊
- တစ်ကြိမ်မက သုံးစွဲရသော ဆေးထိုးပြွန်၊ အပ်၊ နားဖောက်ရန် ကိရိယာ စသည်တို့ကို ကောင်းစွာပြုတ်ခြင်း၊
- သွေးတိုက် သွေးပွတ်တံကို စုပေါင်း မသုံးဘဲ တစ်ချောင်းစီ သီးသန့်ထား၍ သုံးကြခြင်း၊
- ရောဂါကူးစက်ခံရပြီးသောမိန်းမများတွင် ကလေးဆီမကူးရအောင် သန္ဓေတားထားခြင်း စသည်တို့ဖြစ်သည်။

ကလေးရောဂါ ကာကွယ်ဆေးများနှင့် အေအိုင်ဒီအက်စ်ရောဂါ

မသန်စွမ်းသော ဆေးထိုးအပ်များနှင့် ဆေးထိုးပိုက်များကို သုံးစွဲခြင်းဖြင့် အေအိုင်ဒီအက်စ်ရောဂါ ရနိုင်ပါသည်။ သို့ကြောင့် ကမ္ဘာတစ်ဝန်းလုံးမှ ကလေးတိုင်းကို ရောဂါကာကွယ်ဆေးခြောက်မျိုး ထိုးပေးနေခြင်းကြောင့် ရောဂါရနိုင်မည်လောဟု အမေးရှိကြသည်။ ဤမေးခွန်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ ကလေးသူငယ်များရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိ ပညာရှင်အဖွဲ့က အောက်ပါအတိုင်း ဖြေဆိုသည်။

(က) ပိုး ကောင်းစွာသတ်ထားသော ဆေးထိုးအပ်၊ ဆေးထိုးပိုက်ဖြင့် ရောဂါကာကွယ်ဆေး ထိုးပေး

ခြင်းဖြင့် ကလေးဆီကို ဤရောဂါ မည်သည့်အခါမျှ မရနိုင်ပါ။

(ခ) ယခု ကလေးများကို ရောဂါ ကာကွယ်ဆေးထိုးပေးသည့် ကျန်းမာရေးဝန်ထမ်း၊ သူနာပြုဆရာ၊ ဆရာမများအား ဆေးထိုးပိုက်များကို မည်သို့ ပိုးသတ်ပြီးမှ သုံးစွဲရမည်ကို တိတိကျကျ သွန်ကြားထားပြီးဖြစ်သည်။

(ဂ) အခြို ဆေးထိုးမည့်ဝန်ထမ်းက ပေါ့ပေါ့ဆဆ ပြုလုပ်သည့်တိုင်အောင် အောက်ပါ အကြောင်းတို့ကြောင့် ကလေးထံ ဤရောဂါရဖို့မလွယ်ပါ။

- အေအိုင်ဒီအက်စ်ရောဂါပိုးကို ဆေးထိုးခံရာက ရနိုင်သည့်နှုန်းသည် အလွန်နည်းပါးခြင်း၊
- ဆေးထိုးခံရသည့်အကြိမ်နည်းခြင်း (ဆေးစွဲသူများကဲ့သို့ အကြိမ်ကြိမ်ထိုးခြင်းမဟုတ်)၊
- ကာကွယ်ဆေးအတွက် အသုံးပြုသောအပ်များသည် သာလွန်၍ သေးငယ်သောကြောင့် အပ်မှတစ်ဆင့် လူတစ်ယောက်၏ သွေးက နောက်တစ်ယောက်ထံ ရောက်ဖို့ကိန်း လွန်စွာနည်းပါးခြင်း၊

အာရှတိုက် အခြေအနေ

ဤရောဂါသည် အာရှတိုက်တွင်းသို့ ကူးစက် ပျံ့နှံ့ရန် တာစူနေရာ ယခု လောလောဆယ်၌ ကမ္ဘာပေါ်တွင် အေအိုင်ဒီအက်စ်ရောဂါဝေဒနာရှင် အနည်းဆုံးဖြစ်နေသည့် အာရှတိုက်တွင် အေအိုင်ဒီအက်စ် ရောဂါရှင်အရေအတွက် အလွန်အမင်း တိုးပွားလာမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်းဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိုပ်ချိအို) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာဂက ၁၉၇၇ ခုနှစ် ဇွန်လအတွင်းက သတိပေး ပြောကြားခဲ့သည်။

ဒဗလျူအိုပ်ချိအို၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်၌ အေအိုင်ဒီအက်စ် ဝေဒနာရှင် ၅၂,၀၆၄ ဦး ရှိသည့်အနက် အာရှတိုက်တွင် ၁၅၁ ဦးသာ ရှိသည်ဟုသိရသည်။ အေအိုင်ဒီအက်စ် ဝေဒနာရှင် အများဆုံးမှာ မြောက်အမေရိကနှင့် တောင်အမေရိကနိုင်ငံများဖြစ်ပြီး စုစုပေါင်း ဝေဒနာရှင် ၄၀,၉၇၀ ဦး ရှိသည်။

အေအိုင်ဒီအက်စ် ဗိုင်းရပ်ပိုးသည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ကဲ့သို့သော လူဦးရေအလွန်အမင်း ထူထပ်သည့်နိုင်ငံများသို့ ကူးစက်ဝင်ရောက်နေသည့်အတွက် အဆိုပါ နိုင်ငံများမှ အစိုးရများသည် လက်ရှိ ကျင့်သုံးနေသည့် ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်ဖြင့် အေအိုင်ဒီအက်စ် ပြန့်ပွားမှုကို ထိန်းချုပ်တားဆီးနိုင်မည် မဟုတ်ကြောင်းဖြင့် ဒေါက်တာမာလာက ပြောကြားသည်။

မြန်မာနိုင်ငံ၏ အခြေအနေ

၁၉၈၅ ခုနှစ် စက်တင်ဘာလတွင် ရောဂါဖြစ်ပွားရန် အလားအလာရှိသော လိင်မှုကိစ္စနှင့်ဆက်စပ်သူ မိန်းမလျာ ၃၁ ဦး၊ ကမ္ဘာလှည့် အမျိုးသား ခရီးသည်များနှင့် ဆက်သွယ်မှုရှိသော ပြည့်တန်ဆာ ၄၁ ဦး၊ ကမ္ဘာလှည့် အမျိုးသမီးခရီးသည်များနှင့် ဆက်သွယ်မှုရှိသော အပျော်ကြူးသူ အမျိုးသား ၁၃ ဦး၊ စုစုပေါင်း ၈၅ ဦး၏ သွေးရည်ကြည်ကို ဓာတ်ခွဲ စစ်ဆေးကြည့်ရာ ရောဂါပိုး ဝင်ရောက်ဖြစ်ဖူးသော လက္ခဏာကို ဖော်ပြသည့် ပဋိပစ္စည်း မတွေ့ရပါဟု ကမ္ဘာ့ကျန်းမာရေးနေ့ စာစောင်တွင် ထုတ်ပြန်ခဲ့ပါသည်။

ဆရာဝန်တင်ရွှေ

မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၈၈)။ ။ တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်နေသည့်အန္တရာယ်တစ်ရပ်မှာ ဘိန်း၊ဘိန်းဖြူနှင့် ဆေးခြောက်စသည့် မူးယစ်ဆေးဝါးများပင်ဖြစ်ပေသည်။ ယင်းမူးယစ်ဆေးဝါးများသည် နိုင်ငံ တစ်နိုင်ငံ၊ လူမျိုး တစ်မျိုးတည်းသာမက ကမ္ဘာ့ လူသား တစ်ရပ်လုံးကိုပါ အန္တရာယ်ပေးနိုင်သဖြင့် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးကို ကမ္ဘာ့နိုင်ငံအသီးသီးသည် တစ်နိုင်ငံချင်းအနေဖြင့် သော်လည်းကောင်း၊ နိုင်ငံများ ပူးပေါင်း၍ သော်လည်းကောင်း ဆောင်ရွက်လျက် ရှိနေကြပေသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈–စာ၊ ၈၆—ရှု။)

မူးယစ်ဆေးဝါး အန္တရာယ် တိုက်ဖျက်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများဆိုင်ရာဥပဒေနှင့် နည်းဥပဒေတို့ကို အတည်ပြု ပြဋ္ဌာန်း ဆောင်ရွက်သည်။ ယင်းဥပဒေအရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သော မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့နှင့် အဖွဲ့ကိုးဖွဲ့ ဖွဲ့စည်းကာ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပြည်နယ်နှင့်တိုင်းအတွင်းရှိ မြို့နယ်များတွင်လည်း မြို့နယ် မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းကာ ဆောင်ရွက်သည်။

မူးယစ်ဆေးဝါး ပြစ်မှုကို ကျူးလွန် ကြသူ များအား အရေးယူဆောင်ရွက်ရာတွင် ပျော့ကွက် ဟာကွက်များကို ပိတ်ပင်၍ ထိရောက်အောင်မြင်မှု ရှိစေရန် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေး ဖြစ် စေ တတ် သော ဆေးဝါးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေး ဝါး များ ဆိုင် ရာ နည်းဥပဒေများကို ပြင် ဆင် သည့် နည်း ဥ ပ ဒေ များကို

စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အတွက် နိုင်ငံတော်က အမျိုးသားရေး အသွင်ဖြင့် တစ် မျိုး သား လုံး စည်းရုံးပါဝင်လုပ်ကိုင်ဆောင်ရွက်စေသည်။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏အောက်တွင် ဝန်ကြီးဌာနအလိုက် အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်သည်။

မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေး အတွက် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု နှိမ်နင်း တိုက်ဖျက်ရေး လုပ်ငန်းများ လုပ်ကိုင်သကဲ့သို့ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးစွဲ ရောဂါသည်များကို ဖော်ထုတ် အရေးယူမှုလုပ်သကဲ့သို့ မူးယစ်ဆေးစွဲသူများအတွက် ဆေးဝါးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ပြုလုပ်ပေးသည်။ ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိဉာဏ်ပေးရေးနှင့် လုပ်သားပြည်သူများအား ပညာပေးသည့် လုပ်ငန်းများလည်း ဆောင်ရွက်သည်။

ယခုအခါ မူးယစ် ဆေးစွဲ ရော ဂါကု သ ရေး အ တွက် ဆေးရုံနှင့် ဆေးကုသဆောင်ပေါင်း ၃၀၊ မူးယစ်ဆေးစွဲမှ ခွာတ်ခဲ့ စစ်ဆေးရေး ဌာနပေါင်း ၂၀ ဖွင့်လှစ်ကာ ဆောင်ရွက်လျက် ရှိသည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေးကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်စေရန် ကုလသမဂ္ဂ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်း၍ စီမံချက်တစ်ရပ်ဖြစ်သည့် ငါးနှစ်စီမံကိန်းများကို ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုအခါ တတိယ ငါးနှစ်စီမံကိန်း ဆောင်ရွက်နေချိန်ကာလ ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟို အဖွဲ့၏ လက်အောက်၌ရှိသော လုပ်ငန်းဆိုင်ရာ အဖွဲ့များအနက် ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် အသိဉာဏ်ပေးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီက ဦးစီး၍ မူးယစ်ဆေးဝါး အန္တရာယ် ပညာပေး အထောက်အကူ ပစ္စည်းများ ထုတ်လုပ်ရေးအလုပ်ရုံ ဆွေးနွေးပွဲကို ရန်ကုန်မြို့၌ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲသို့ ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိဉာဏ်ပေးရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်း စည်ပင်သာယာနယ်မြေမှ မြို့နယ် ပညာရေးမှူးများ ပါဝင်တက်ရောက်ညှိနှိုင်းဆွေးနွေးကြသည်။

ကျောင်းသား လူငယ်များအား မူး ယစ် ဆေး ဝါး အန္တရာယ် ပညာပေးအထောက်အကူပစ္စည်းများထုတ်လုပ်ရေး အလုပ်ရုံ ဆွေးနွေးပွဲက အဖွဲ့ငါးဖွဲ့ခွဲ၍ တာဝန်သတ်မှတ်ပေးပြီး ဆောင်ရွက်စေရာ အဖွဲ့(၁)က နံရံကပ်ပိုစတာငါးမျိုးနှင့် ဆောင်ပုဒ် ၁၀ ခုကိုလည်းကောင်း၊ အဖွဲ့(၂)က လက်ကမ်းစာစောင် ငါးခုကိုလည်းကောင်း၊ အဖွဲ့(၃)က ရုပ်ပြစာစောင် သုံးမျိုး ကိုလည်းကောင်း၊ အဖွဲ့(၄)က ရေဒီယို အသံလွှင့်စာမူ သုံးမျိုးကိုလည်းကောင်း၊ အဖွဲ့(၅)က ရုပ်မြင်သံကြားမှ လွှင့်ထုတ်ရန် ဇာတ်လမ်းစာမူ သုံးမျိုးကိုလည်းကောင်း အသီးသီး ပြုစုဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် ပြည်နယ်နှင့် တိုင်းများတွင်လည်း ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါး အန္တရာယ် အသိဉာဏ်ပေးရေး ပြပွဲပြိုင်ပွဲများကို ပြုလုပ်ခဲ့ရာ ကျောင်းကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ ဟသ်ာတမြို့နယ် ကျောင်းပေါင်းစုံ ပြပွဲပြိုင်ပွဲကို အထက(၁) ဟသ်ာ ခန်းမတွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ကြသည်။

အစားထိုးစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအဖြစ် ဘိန်းခင်းများတွင် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် လယ်မြေများ ဖော်ထုတ်၍ နှစ်တို သီးနှံများနှင့် နှစ်ရှည် သီးနှံများ စိုက်ပျိုးနိုင်ရန် ဘိန်းစိုက်ပျိုးသူတောင်သူဦးကြီးများအား သင်တန်းပေးခြင်း၊ မျိုးစေ့မျိုးပင် ခွာတ်မြေဩဇာနှင့် လယ်ယာသုံး ကိရိယာများ ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဘိန်းအစား အခြားသီးနှံများ စိုက်ပျိုးရေးအတွက် ခွာတ်မြေဩဇာများကို ကလောမြို့ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းက တောင်လား၊ ရွှေမင်းဖုန်း၊ သူရဲ၊ တောင်ကွဲ၊ မြင်းမထိ စသည့် ကျေးရွာ အုပ်စုများမှ တောင်သူဦးကြီး ၅၆၄ ဦးအား ခွာတ်မြေဩဇာအိတ်များကို အခမဲ့ ပေးဝေခဲ့သည်။

မူးယစ်ဆေးဝါး ဗဟိုအဖွဲ့၏ လက်အောက်ခံ အဖွဲ့တစ်ခုဖြစ်သော တားဆီးနှိမ်နင်းရေးအဖွဲ့သည် ၁၉၈၇–၈၈ ခုနှစ် ဘိန်းစိုက်ရာသီ၌ သောင်းကျန်းသူများ အတင်းအကျပ် စေခိုင်းမှုကြောင့် စိုက်ပျိုးထားရသော ဘိန်းခင်းများကို ၁၉၀၈ ခုနှစ် ဖေဖော်ဝါရီလထိ ၎၁,၁၀၅ ကေ ဖျက်ဆီးခဲ့သည်။

၁၉၀၈ ခုနှစ် မတ်လတွင် ရွှေတန်း အမှတ် (၈၈) ခြေမြန်တပ်မ ကွပ်ကဲမှုအောက်ရှိ တပ်မတော်စစ်ကြောင်းတစ်ခုသည် မိုင်းဆတ်မြို့နယ် မိုင်းကွမ်းကျေးရွာ အနီး၌ လွယ်မော် သောင်းကျန်းသူ အဖွဲ့ငယ်များနှင့် ပစ်ခတ်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး မူးယစ်ဆေးဝါး ချက်လုပ်ရန် သို့ဝှက်ထားသည့် ဓာတုဗေဒ ပစ္စည်းများဖြစ်သည့် ဘင်ဇိုနိုက်

ဟိုက်ဒရိုကာဘွန်ရည် ၂၅ လီတာဝင် သံပုံးရွှစ်ပုံးနှင့် ၄၂ လီတာဝင် ဟိုက်ဒရိုကလိုရစ် အက်ဆစ်ရည် ဖန်ပုလင်းကြီး ၃၂ လုံးကို ရှာဖွေသိမ်းဆည်းရရှိခဲ့သည်။

ထို့ပြင် ဒေသခံ တိုင်းရင်းသား လုပ်သားပြည်သူများ၏ သတင်းပေးချက်အရ မိုင်းတုံမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်အတွင်းရှိ လွယ်ပန်ဖတ်နှင့် တာမလိုင်းဒေသ စသည့် နယ်စပ်ဒေသတို့တွင် ၈ က ပ တပ်မဟာ (၆)၊ ဝ သောင်းကျန်းသူများ၊ အက်စ်အက်စ်အေ သောင်းကျန်းသူများ၊ ကေအိုင်အေ သောင်းကျန်းသူများနှင့် လားဟူ သောင်းကျန်းသူများသည် မဟာမိတ်ပြုလုပ်၍ ဘိန်းများ ချက်လုပ်ကာ ပြည်ပသို့ပို့ဆောင်နေကြကြောင်း သိရှိသည့် အတွက် အမှတ် (၃၃) ခြေမြန် တပ်မ ဌာနချုပ်မှ စစ်ကြောင်းများ၊ ရွှေတန်း အမှတ် (၈၈) ခြေမြန်တပ်မ ဌာနချုပ်မှစစ်ကြောင်းများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ရှိ စစ်ဗျူဟာ (၁) လက် အောက် ခံ စစ်ကြောင်းများနှင့် ဒေသခံ ပြည်သူစစ် တပ်ဖွဲ့ဝင်များ၊ သောင်းကျန်းသူ ဆန့်ကျင်ရေးတပ်ဖွဲ့ဝင်များသည် ၁၉၈၈ ခုနှစ် မတ်လ ၁၉ ရက်နေ့မှအစပြု၍ မိုးဟိန်းစစ်ဆင်ရေး အဆင့် (၁၂) ဖြင့် ရန်သူများကို စစ်ဆင်တိုက်ခိုက်ချေမှုန်း ခဲ့ကြသည်။

ထိုသို့ တိုက်ခိုက်ချေမှုန်းခဲ့ရာ၌ အမှတ် (၃၃) ခြေမြန် တပ်မ ဌာနချုပ် လက်အောက်ခံ စစ်ကြောင်းများသည် မတ်လ ၁၉ ရက်နှင့် ၂၁ ရက်နေ့များတွင် ဝသောင်းကျန်းသူများ၏ ဘိန်းချက် စခန်းများကိုလည်းကောင်း၊ မတ်လ ၂၀ ရက်နေ့တွင် ပို့ငှ့် ၄၀၀၇ စခန်းများကိုလည်းကောင်း၊ မတ်လ ၂၉ ရက်နေ့တွင် ဝသောင်းကျန်းသူဌာနချုပ်စခန်း ဖြစ်သည့် ပါချီး စခန်းကိုလည်းကောင်း တိုက်ခိုက် သိမ်းပိုက် ရရှိခဲ့သည်။

ရွှေတန်း အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ် လက် အောက်ခံ စစ်ကြောင်းများသည် ၈က၀ တပ်မဟာ (၆) လက်အောက်ခံ သောင်းကျန်းသူစခန်းများကို တိုက်ခိုက် သိမ်းပိုက်ရာ၌ မတ်လ ၂၀ ရက်တွင် ပို့ငှ့် ၆၄၂၀ စခန်း ကိုလည်းကောင်း၊ မတ်လ ၂၂ ရက်တွင် နောင်လဲစခန်း နှင့် ဘိန်းချက်စခန်းကိုလည်းကောင်း၊ မတ်လ ၂၃ ရက် တွင် ခညဝတီစခန်း၊ လုံတောင်းစခန်းနှင့် ဘိန်းချက်စခန်း ကိုလည်းကောင်း၊ ဧပြီလ ၈ ရက်တွင် ပို့ငှ့် ၆၉၉၀ စခန်းနှင့် ဆန်စုစခန်းကိုလည်းကောင်း၊ ဧပြီလ ၉ ရက်တွင် လွယ်ပန် ဖတ် စခန်း ကို လည်း ကောင်း၊ ဧပြီလ ၁၀ ရက်တွင် တာစလိုင်းစခန်းကိုလည်းကောင်း တိုက်ခိုက် သိမ်းပိုက်ရရှိ ခဲ့သည်။

ယင်းသို့ သိမ်းပိုက်နိုင်ခဲ့သဖြင့် ဘိန်းချက်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းချက်ပစ္စည်း ကိရိယာများဖြစ်သည့် အက်ဆစ်နှင့် ဓာတုဗေဒဆေးရည် ၁,၂၀၇ ဂါလံ၊ ဆိုဒါမှုန့် သုံးတန်၊ ဘိန်းပေါင်ချိန် ကိရိယာ လေးခု၊ ဘိန်းဖျော်ဇလုံ ၀၄ လုံး၊ ဓာတ်ငွေ့ဘူးနှစ်ဘူး၊ လျှပ်စစ်မီးဖိုနှင့် သံမဏိမီးဖို သုံးလုံး၊ ပလတ်စတစ်ပုံးနှင့် သံပုံးမျိုးစုံ ၁၃၆ ပုံး၊ ဘိန်းညှစ်ကိရိယာတစ်ခုနှင့်ဘိန်းချက် ကိရိယာ အမြောက်အမြား သိမ်းဆည်းရမိသည်။

မောလဒိဗ်စ် သမ္မတနိုင်ငံ။ ။မောလဒိုက်ကျွန်းစုဟူ၍ ၁၉၆၉ ခုနှစ် ဧပြီလထဲ ခေါ်တွင်ခဲ့သော မောလဒိဗ်စ် သမ္မတနိုင်ငံသည် သီရိလင်္ကာနိုင်ငံ၏ အနောက်တောင် ဘက် မိုင် ၄၂၀ (၆၇၅ ကီလိုမီတာ)အကွာ အိန္ဒိယသမုဒ္ဒရာ အတွင်း၌ တည်ရှိသည်။ လူနေကျွန်း ၂၀၃ ကျွန်း အပါအဝင် ကျွန်းပေါင်း ၁,၁၉၆ ကျွန်းဖြင့် ဖွဲ့စည်းထား သည်။ လူဦးရေ ၃,၉၅,၀၀၀ ခန့်ရှိသည့်အနက် အများစု သည် ဆွန်နီမူဆလင်များ ဖြစ်သည်။ အစ္စလာမ်ဘာသာ သည် နိုင်ငံတော်ဘာသာဖြစ်သည်။

ယခင်က မောလဒိဗ်စ်နိုင်ငံ၏ နိုင်ငံအကြီးအကဲသည် ရွှေးချယ်တင်မြောက်သော စူ လ တန် ဘု ရင် ဖြစ် သည်။ ၁၀၇၅ ခုနှစ်တွင် ဗြိတိသျှအစောင့်အရှောက်ခံ ကိုယ်ပိုင် အုပ်ချုပ်ရေးရသော နိုင်ငံဖြစ်ခဲ့ပြီး ၁၉၅၃ ခုနှစ် ဇန်နဝါရီ လတွင် သမ္မတနိုင်ငံဖြစ်လာသည်။ ၁၉၅၄ ခုနှစ် ဖေဖော် ဝါရီလတွင်စူလတန်ဘုရင်စနစ်ကို ပြန်ထားသည်။ ၁၉၆၅ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ဓနသဟာယ အဖွဲ့ဝင် မဟုတ်သော လွတ်လပ်သည့်နိုင်ငံဖြစ်လာသည်။ ဆန္ဒခံယူပွဲ ပြုလုပ်ပြီးနောက် ၁၉၆၈ ခုနှစ် နိုဝင်ဘာလတွင် သမ္မတ နိုင်ငံဖြစ်လာပြန်သည်။ ၁၉၅၄ ခုနှစ်မှစ၍ဝန်ကြီးချုပ်ဖြစ် လာသူ အီဗရာဟင် နက်ဆာက သမ္မတအဖြစ်တာဝန်ယူ သည်။ ၁၉၇၅ ခုနှစ် မတ်လတွင် သမ္မတနက်ဆာက ဝန်ကြီး ချုပ်အာမက် ဇာကီကို ထုတ်ပယ်ပြီး ဝန်ကြီးချုပ်ရာထူးကို ဖျက်သိမ်းသည်။ သမ္မတ နက်ဆာသည် ၁၉၇၈ ခုနှစ်တွင် ဒုတိယသက်တမ်းကုန်ဆုံးသောအခါ ပြန်လည်ရွေးချယ်ခံ ခြင်းမပြုတော့ကြောင်းဖြင့် မမျှော်လင့်ဘဲ ကြေညာသည်။ မောမွန်း အာမ္ဗဒူ ဂယွမ်းက ဆက်ခံသည်။

သမ္မတဟောင်း နက်ဆာသည် ရာထူးမှ နုတ်ထွက်ပြီး နောက် ပြည်ပသို့ ထွက်ခွာသွားသည်။ နက်ဆာ ရာထူး ရှိစဉ်က အစိုးရ ရန်ပုံငွေများကို အလွဲသုံးစားပြုခဲ့သည်ဆို သော စွပ်စွဲမှုများကိုထုချေရန် မောလဒိဗ်စ်နိုင်ငံသို့ပြန်လာ ရေးအတွက် အာဏာပိုင်တို့က ကြိုးပမ်းသည်။ ၁၉၈၀ ပြည့်နှစ်တွင် အစိုးရအဖွဲ့ကို ဖြုတ်ချရန် ကြိုးပမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းဖြစ်ရပ်၌ နက်ဆာပါဝင်ပတ် သက်နေကြောင်းဖြင့် သမ္မတ ဂယွမ်းက စွပ်စွဲပြောကြားခဲ့

သည်။ နက်ဆာကို မျက်ကွယ်တရားစီရင်ရန် ဆုံးဖြတ်သည်။ နက်ဆာ၏ယောက်ဖဖြစ်သူ ရေလုပ်ငန်းဒုတိယဝန်ကြီး အာမက် နာဆင်းအား သမ္မတကို ဖြုတ်ချရန် ကြံစည်မှုဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်း စီရင်သည်။ နက်ဆာက အဆိုပါအာဏာသိမ်းရန် ကြံစည်မှုတွင် ပါဝင်ပတ်သက်ခြင်း မရှိကြောင်း ပြတ်ပြတ်သားသား ငြင်းဆိုသည်။ နက်ဆာကို စင်ကာပူနိုင်ငံက မောလဒိဗ်စ်နိုင်ငံသို့ လွှဲအပ်ပေးရန် ဂယွမ်း၏ အစိုးရအဖွဲ့ကကြိုးပမ်းရာ မအောင်မြင်ခဲ့။ ၁၉၇၃ ခုနှစ်တွင် အာဏာသိမ်းပွဲဖြစ်လိမ့်မည်ဟု ကောလာဟလများပေါ်ထွက်ခဲ့ရာ သမ္မတဂယွမ်းက အခြေအမြစ်မရှိကြောင်း ကြေညာသည်။

သမ္မတဂယွမ်းသည် ၁၉၇၃ ခုနှစ် တွင်လည်းကောင်း၊ ၁၉၇၈ ခုနှစ် စက်တင်ဘာလတွင်လည်းကောင်း ပြန်လည် ရွေးချယ်တင်မြောက်ခံရသည်။ ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် မြို့တော်တည်ရှိရာ မာလေသန္ဓာကျွန်းကို နိုင်ငံခြားသား ကြေးစားတပ်ဖွဲ့ဝင် ၁၀၀ ခန့်က စီးနင်းတိုက်ခိုက်သည်။ ၎က ၃၇၀ ကျယ်ဝန်းသော ယင်းသန္ဓာကျွန်းကို ထိန်းချုပ်ပြီး ပစ်ခတ်ရာ သမ္မတနှင့် အစိုးရအဖွဲ့ဝင် အများအပြား ရှောင်တိမ်း ပုန်းအောင်းနေခဲ့ရသည်။ မောလဒိဗ်စ် အမျိုးသား လုံခြုံရေးတပ်ဖွဲ့သည် အင်အား ၂၀၀၀ နီးပါးသာရှိပြီး လက်နက်ငယ်များသာ တပ်ဆင်ထားသည်။ ကြေးစားတပ်ဖွဲ့ဝင် အကြမ်းဖက်သမားများက ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် တိုက်ခိုက်သည်။ သမ္မတ ဂယွမ်းက အိန္ဒိယနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ထံ စစ်ရေး စွက်ဖက် ကူညီမှုပြုရန် မေတ္တာရပ်ခံချက်များ ပေးပို့သည်။

အိန္ဒိယနိုင်ငံက လေထီးစစ်သား ၃၀၀ ကို မာလေသန္ဓာကျွန်းနှင့်မလှမ်းမကမ်းရှိ ဟူလူလေကျွန်းလေဆိပ်သို့ စေလွှတ်ခဲ့သည်။ လေထီးစစ်သား ၃၀၀ က အကြမ်းဖက်သမားများကိုတိုက်ခိုက်နေစဉ် ကွန်မန်ဒိုတပ်သား ၁,၃၀၀ ပါဝင်သော အိန္ဒိယရေတပ်လည်း ရောက်ရှိလာသည်။ အကြမ်းဖက်သမားများက နိုဝင်ဘာလ ၄ ရက်နေ့တွင် ပရိဂရက်စလိုက်အမည်ရှိ ကုန်သင်္ဘောဖြင့် ထွက်ပြေးရင်း သယ်ယူ ပို့ဆောင်ရေး ဝန်ကြီး ဇနီးမောင်နှံအပါအဝင် လူ ၂၇ ဦးကို ဓားစာခံအဖြစ် ခေါ်ဆောင်သွားသည်။ အိန္ဒိယရေတပ်က ကယ်တင်ရသည်။ ကြေးစားစစ်သား ၆၅ ဦးကို ဖမ်းဆီးမိသည်။ အကြမ်းဖက်သမားတို့၏ စီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သားအများစုပါဝင်သော လူပေါင်း ၃၀ သေဆုံးသည်။ လူ ၁၀၀ ခန့် ဒဏ်ရာရရှိသည်။ သမ္မတနက်ဆာလက်ထက်က အစိုးရကိုဖြုတ်ချရန် လက်နက်များတင်သွင်းမှုဖြင့် ဖမ်းဆီးခံခဲ့ရဖူးပြီး ယခုအခါ သီရိလင်္ကာနိုင်ငံ၌ အခြေချနေထိုင်သူစီးပွားရေးလုပ်ငန်းရှင် အဗ္ဗဒူလာလုဖတီးက ယင်း အကြမ်းဖက်မှုကို ဦးဆောင်သည်ဟု ဆိုသည်။

ကမ္ဘာ့အသေးငယ်ဆုံးနှင့် အဆင်းရဲဆုံးနိုင်ငံဆယ်နိုင်ငံတွင် ပါဝင်သော မောလဒိဗ်စ်နိုင်ငံ၏ စီးပွားရေးသည် ငါးဖမ်းလုပ်ငန်းနှင့် ကမ္ဘာလှည့် ခရီးသည်လုပ်ငန်းတို့တွင် အမျှားဆုံးမှီခိုနေရသည်။ နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်း ခြောက်ရာခိုင်နှုန်းခန့်ရှိသည်။ မောလဒိဝါးဟု နာမည်ကျော်သော ငါးခြောက်ကိုပြည်ပသို့ တင်ပို့သည်။ နှစ်စဉ် ကမ္ဘာလှည့် ခရီးသည်ပေါင်း ၅၀,၀၀၀ ခန့် လာရောက်သည်။ အပန်းဖြေစခန်း ၃၇ ခုခန့်ရှိ၍ ယင်းလုပ်ငန်းမှ နှစ်စဉ် ဒေါ်လာ သန်း ၂၀ နီးပါးဝင်ငွေရရှိသည်။ သမ္မတဂယွမ်းသည် ၁၉၇၁ ခုနှစ်တွင် မောလဒိဗ်စ်နိုင်ငံ၏ ပထမဦးဆုံး ဗဟိုဘဏ်ကို တည်ထောင်ပြီးနောက် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သည်။ မောလဒိရူးပီးငွေကို ရူဖီယာဟု အမည်ပြောင်းသည်။ ၁၉၇၂ ခုနှစ်တွင် ပထမဦးဆုံးသော ကူးသန်းရောင်းဝယ်ရေးဘဏ်ကို တည်ထောင်ပြန်သည်။ မောလဒိဗ်စ် အစိုးရ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘဏ်တို့ ဖက်စပ် တည်ထောင်ခြင်းဖြစ်သည်။ မာလေလေဆိပ်ကဲ့သို့ပင် ဟူလူလေ လေဆိပ်ကိုအပြည်ပြည်ဆိုင်ရာလေဆိပ်အဆင့်သို့ တိုးမြှင့်သည်။ ကုတင် ၅၀ ဆံ့ ဆေးရုံတစ်ရုံသာရှိရာမှ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ဆေးရုံနှစ်ရုံ ထပ်မံဖွင့်လှစ်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဆရာဝန် ကိုးဦးသာရှိ၍ ဂယွမ်း၏ လက်ထက်တွင် တိုးခဲ့ခန့်ထားရန် စီစဉ်သည်။

မက်ဘရိုက်, ရှောန် (ခရစ် ၁၉၀၄–၁၉၇၈)။ ။အိုင်ယာလန်နိုင်ငံ တရားရေးနှင့် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးတို့တွင် ထင်ရှားသည့် ရှောန် မက်ဘရိုက်သည် ၁၉၀၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ မွေးဖွားသည်။ ဖခင်သည် ၁၉၁၆ ခုနှစ်က ကွယ်လွန်သွားသော အိုင်းရစ် မျိုးချစ်ခေါင်းဆောင်ကြီး ဗိုလ်မှူးဂျန် မက်ဘရိုက်ဖြစ်သည်။ ရှောန်မက်ဘရိုက်သည် ငယ်စဉ်က ပါရီမြို့ စိန့်လူဝီကျောင်း၊ အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့ရှိ မောင့်စိန့်ဘယ်နီဒစ်ကျောင်းနှင့် အမျိုးသား တက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့သည်။

မက်ဘရိုက်သည် အိုင်ယာလန်နိုင်ငံ လွတ် လပ် ရေးကြိုးပမ်းမှုတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့၍ ၁၉၁၈ ခုနှစ်၊ ၁၉၂၂ ခုနှစ်နှင့် ၁၉၃၀ ပြည့်နှစ်တို့တွင် အကျဉ်းချုထားခံခဲ့ရသည်။ နောက်ပိုင်းတွင် စာနယ်ဇင်း နယ်ပယ်၌ ကျင်လည်နေခဲ့ရာမှ ၁၉၃၇ ခုနှစ် မှစ၍ အစိုးရ ဥပဒေပညာရှင်ဖြစ်လာသည်။ စိတ်လှုပ်ရှားဖွယ်ရာ နိုင်ငံတော်

ပြစ်မှုကြီးများတွင် ရှေနေအဖြစ် ဆောင်ရွက်ခဲ့၍ ထင်ရှားလာခဲ့သည်။

မက်ဘရိုက်သည် ၁၉၄၆ ခုနှစ်တွင် ရီပတ်ဗလစ်ကန်ပါတီကို ထူထောင်သည်။ ၁၉၄၇ ခုနှစ်တွင် အိုင်းရစ်ပါလီမန်သို့ ရွေးချယ် တင်မြှောက် ခံရသည်။ ၁၉၄၈ ခုနှစ်၊ ၁၉၅၁ ခုနှစ်၊ ၁၉၅၄ ခုနှစ်နှင့် ၁၉၅၇ ခုနှစ်တို့တွင်လည်း ပြန်လည်ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၁ ခုနှစ်ထိ ပြည်ပရေးရာဝန်ကြီးအဖြစ် ဆောင်ရွက်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ဥရောပကောင်စီ ဝန်ကြီးများ ကောင်စီ၏ ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။ ၁၉၄၈ ခုနှစ်မှ ၁၉၅၁ ခုနှစ်ထိ ဥရောပ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အိုအီးအီးစီ)၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ လူနည်းစု အခွင့်အရေးကောင်စီ၊ အပြည်ပြည်ဆိုင်ရာ တရားသူကြီးများ ကော်မရှင်၏ အတွင်းရေးမှူးချုပ် အဖြစ် ၁၉၆၃ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာ ငြိမ်းချမ်းရေး ဗျူရိုအမှူဆောင်အဖွဲ့ ဥက္ကဋ္ဌလည်း ဖြစ်သည်။

မက်ဘရိုက်သည် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်ပေးရေးအဖွဲ့ကို တည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၃ ခုနှစ်ထိ ဥက္ကဋ္ဌ တာဝန်ကို ယူခဲ့သည်။ ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးချုပ် အဖြစ်လည်းကောင်း၊ နမီးဗီးယား (အနောက်တောင်အာဖရိက) ဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီး အဖြစ်လည်းကောင်း ၁၉၇၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်ထိ ဆောင်ရွက်သည်။ ယင်းတာဝန်ကို ထမ်းရွက်စဉ် ၁၉၇၄ ခုနှစ်တွင် ဂျပန်နိုင်ငံ ဝန်ကြီး ချုပ် ဟောင်း အီဆာကု ဆာတို (၁၉၀၁–၁၉၇၅)နှင့်အတူ ငြိမ်းချမ်းရေးဆိုင်ရာ နိုဗယ်ဆုကို ချီးမြှင့်ခံရသည်။ မက်ဘရိုက်သည် နိုင်ငံရေး အကျဉ်းသားများ လူအခွင့်အရေး ရရှိနိုင်စေရန် ကြိုးပမ်းခဲ့ခြင်းအတွက် နိုဗယ်ဆုကို ဆွတ်ခူးရရှိခြင်းဖြစ်သည်။

မက်ဘရိုက်အား အိုင်းရစ်ယူနိုက်တစ် အသင်းချုပ်က ၁၉၇၅ ခုနှစ်အတွင်း အထူးခြားဆုံး အိုင်းရစ်အမျိုးသား အဖြစ် ဂုဏ်ပြုသည်။ ဆက်သွယ်ရေး ပြဿနာများဆိုင်ရာ ယူနက်စကို လေ့လာရေးအဖွဲ့၏ ဥက္ကဋ္ဌ အဖြစ် ၁၉၇၇ ခုနှစ်တွင် တာဝန် ထမ်းဆောင်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၅–စ၊ ၂၂၅—ရှ။)

ထိုနှစ်တွင်ပင် လီနင်ငြိမ်းချမ်းရေးဆုကို ချီးမြှင့်ခြင်း ခံရပြန်သည်။ လက်ဗန္ဓနိုင်ငံကို အစွဖရေးနိုင်ငံကျူးကျော်စဉ်ကာလအတွင်း အပြည်ပြည်ဆိုင်ရာ ဥပဒေချိုးဖောက်မှုရှိသည်ဟူသော သတင်းများကို စုံစမ်းစစ်ဆေးသည့် နိုင်ငံတကာ ကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ၁၉၈၂ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်။

မက်ဘရိုက်သည် နိုင်ငံသား လွတ်လပ်ခွင့် (၁၉၄၈)၊ တို်ပြည်သူ–တို်ငွေ (၁၉၅၁)စသည့် စာအုပ် စာတမ်းများကို ရေးသားထုတ်ဝေခဲ့သည်။

ငြိမ်းချမ်းရေးနိုဗယ်ဆုနှင့် လီနင် ငြိမ်းချမ်းရေးဆုတို်ကို ဆွတ်ခူးခဲ့သူ ရှောန်မက်ဘရိုက်သည် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့၌ အဆုပ်ရောင်ရောဂါဖြင့် ကွယ်လွန်သည်။

မင်းရောင်၊ ဗိုလ် (ရဲဘော်သုံးကျိပ်) (ခရစ် ၁၉၁၇–၁၉၈၈)။ ။လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်နှင့် အောင်ဆန်းတံခွန်ဘွဲ့ရ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းရောင်ကို ရန်ကုန်မြို့ ရေကျော်ရပ်မြောင်းကြီးလမ်း၌ အဖဦးဖိုးထင်၊ အမိ ဒေါ်သင်းမြိုင်တို့က ၁၉၁၇ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးလှဖြစ်သော်လည်း ရဲဘော်သုံးကျိပ်ဘွဲ့အမည် ဗိုလ်မင်းရောင်သည်သာ အမည်ရင်းကဲ့သို့တွင်သည်။

ဗိုလ်မင်းရောင်သည် ဟိုက်စကူးဖိုင်နယ်အထိ ပညာသင်ကြားခဲ့ပြီးနောက် ၁၉၃၉ ခုနှစ်တွင် မြင်းတပ်၌ အမှုထမ်းခဲ့သည်။ ထို့နောက် ၁၉၄၀ ပြည့်နှစ်ခန့်မှစ၍ လွတ်လပ်ရေးအတွက် နိုင်ငံရေး လှုပ်ရှားမှုများ၌ ပါဝင်ခဲ့ရာတွင် သူလျှိုအဖြစ် တာဝန်ယူပြီး အင်္ဂလိပ်အစိုးရ၏ လျှို့ဝှက်ကိစ္စများကို စာပေးစာယူလုပ်ပေးခဲ့သည်။

တို်ဗမာ အစည်းအရုံးဝင် သခင်တစ်ဦး ဖြစ်လာခဲ့ပြီးနောက် နယ်ခြားအင်္ဂလိပ် ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ပြုလုပ်နေစဉ် ၁၉၄၁ ခုနှစ်တွင် သခင်ချစ်၏ စီစဉ်ပေးမှုဖြင့် ရဲဘော်သုံးကျိပ်ဝင်အဖြစ် ဂျပန်နိုင်ငံ ဟိုင်နန်ကျွန်းသို့ သွားရောက်ခဲ့ရပြီး စစ်ပညာ သင်ကြားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်ဝင်များ စစ်ပညာ သင်ကြားခဲ့ပြီးနောက် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို ဖွဲ့စည်း၍ ယိုးဒယားနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံတွင်းသို့ ချီတက် ဝင်ရောက်ခဲ့ရာတွင် ဗိုလ်မင်းရောင်သည် မြိတ်မြို့ကိုဦးဆောင်တိုက်ခိုက်သိမ်းယူခဲ့သူ ဖြစ်သည်။ တစ်ဖန် မော်လမြိုင်၊ ကျိုက္ခမီ၊ သထုံ၊ ရန်ကုန်မြို့များအထိ ဗမာ့လွတ်လပ်ရေး တပ်မတော်က တိုက်ခိုက် အောင်ပွဲခံသိမ်းပိုက်ခဲ့ရာတွင် ဗိုလ်မင်းရောင် ပါဝင်ခဲ့သည်။

ထို့နောက် လက်နက်ကြီးတပ်၊ တပ်မှူးအဖြစ် တာဝန်ယူ၍ ရန်ကုန် ဂေါ်ရာကုန်း၊ ပျဉ်းမနား၊ ဘူးသီးတောင်၊ မောင်းတော စသောမြို့များတွင် အင်္ဂလိပ် အစိုးရအား တော်လှန်တိုက်ခိုက်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများတွင်လည်း ပါဝင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဦးဘရှင်၊ ဒေါ်နှင်းညွှန့်တို့၏သမီး ဒေါ်ခင်ညွှန့်နှင့် အိမ်ထောင်ပြုခဲ့



ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းရောင်

သည်။ ၁၉၄၈ ခုနှစ်တွင် ကိုယ်ရံတော်တပ် တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဗိုလ်မင်းရောင်သည် တပ်မတော်မှ အငြိမ်းစားယူပြီး နောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့တွင် အထူးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အလုပ်မှ အငြိမ်းစားယူခဲ့ပြီးနောက်တွင် နေထိုင်ရာ ရပ်ရွာ၌ ရပ်မိရပ်ဖအဖြစ် ရပ်ရေးရွာရေးကို ကူညီဆောင်ရွက်ခဲ့သည်။

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းရောင်သည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်ညွန့်နှင့် သားသမီးများ ကျန်ရစ်သည်။

မိတ္တူကူးစက်။ ။မိတ္တူကူးခြင်းကို ရုံးလုပ်ငန်းများနှင့် စာကြည့်တိုက်တွင် လည်းကောင်း၊ စက်မှုထုတ်လုပ်သည့် လုပ်ငန်းများတွင်လည်းကောင်း၊ ခက်ခဲနက်နဲသည့် အချက်အလက် စုဆောင်းသည့် စနစ်သုံး လုပ် ငန်း များ တွင် လည်းကောင်း သုံးစွဲကြသည်။ ဓာတ်ပုံရုပ်ပုံများကို မိတ္တူကူးယူရခြင်းသည် ရောင်စုံပုံမှန်မရသည်ကလွဲ၍ တိကျမှုကို ရရှိသဖြင့် အခွင့်အရေးသာသည်။ ချုံ၍ရခြင်း၊ ခွဲ၍ရခြင်း၊ အချိန်မြန်မြန်နှင့် လျှပ်တစ်ပြက် ကူး၍ရခြင်း၊ မိုက္ကရိုဖလင် ကူးခြင်းထက်စာလျှင် နေရာပို၍ ကျုံ့စေခြင်း၊ စောင်ရေနည်းနည်းလိုချင်လျှင် အလုပ်သမားခ ပစ္စည်းခသက်သာစေခြင်း၊ ပုံနှိပ်စက်ကြီးများဖြင့် ကူးယူခြင်းထက် သက်သောင့်သက်သာရှိခြင်း၊ စက်၏ပုံစံမှာလည်း ရိုးရိုးကလေး တည်ဆောက်ထားခြင်း စသည့်အကျိုးကျေးဇူးတို့ကြောင့် အချို့လုပ်ငန်းများတွင် သာမန်လူတစ်ယောက်တည်းအား တာဝန်ပေး၍ ကူးယူလုပ်ကိုင်နိုင်သည့်အခြေအနေရှိသည်။ မိတ္တူကူးသည့် စက်ကလေးများသည် ပုံနှိပ်စက်ပုံစံများမှ ပုံစံတူကူးယူ လုပ်ကိုင်ခြင်းကြောင့်လည်း အောင်မြင်တိုးတက်၍ အလွယ်တကူအသုံးပြုနိုင်ကြောင်း တွေ့ရသည်။

မိတ္တူကူးလုပ်ငန်းစဉ်များကို ခွဲခြမ်းစိတ်ဖြာလိုက်လျှင် ခုနစ်မျိုးမျတွေ့ရပေမည်။ ဓာတ်ပုံဆေးပစ္စည်းသုံးကူးနည်း၊

လွဲပြောင်းကူးယူနည်း၊ အပူပေးနည်း၊ ပုံစံထုတ်ကူးနည်း၊ လျှပ်စစ်ငြိမ်ကူးနည်း၊ လျှပ်စစ်ဓာတ်ပြုကူးနည်းနှင့် မိုက္ကရိုဖလင်ကူးနည်းတို့ဖြစ်သည်။

မိတ္တူကူးနည်း ခုနစ်မျိုးစလုံးသည် တစ်နည်းနှင့်တစ်နည်းနှယ်ပြီးအသုံးချ၍ရသည်။ မိုက္ကရိုဖလင် ကူးနည်းမှရသောဖလင်ကို ပုံကြီးခွဲခြင်း ချုံ့ခြင်းပြုလုပ်၍ ရနိုင်သည်။ တစ်အုပ်လုံးကူးယူထားသော စာမျက်နှာများကို စာအုပ်တစ်အုပ်အဖြစ် ဇီရိုဂရပ်ဖီ၊ အော့ဖဆက် ပလိပ်ပြားနှင့် မာတီလစ်စသောစက်များဖြင့် ပြန်လည်ပုံနှိပ်နိုင်လေသည်။ လွဲပြောင်းကူးယူနည်းနှင့် အပူပေးနည်းတို့မှာ အမြန်ကူးသည့်ရုံးသုံးနည်းများဖြစ်လေသည်။ ထုတ်လာသောမိတ္တူများမှာ ခြောက်သွေ့ပြီးချက်ချင်းအသုံးပြုနိုင်ခြင်းကြောင့်ဖြစ်သည်။ အမှောင်ခန်းလည်းမလိုပေ။ စက်ပိုင်းဆိုင်ရာလွယ်ကူ၍ ရုံးအကူနှင့်ပင် ကိုင်တွယ်ဆောင်ရွက်၍ ရနိုင်သည်။ စက်ပိုင်းလျှပ်စစ်ပိုင်းဆိုင်ရာများနှင့် လျှပ်စစ်စွမ်းအားများအပေါ် အမှီသဟဲရှိနေရသဖြင့် ပုံဖော်သည့်စက်သည် နဂိုပုံအတိုင်းရရှိအောင် အပြည့်အဝ မစွမ်းဆောင်နိုင်ကြောင်း တွေ့ရလေသည်။ လက်တွေ့စမ်းသပ်လုပ်ဆောင်ရာတွင် ဓာတ်ပုံကူးသည့်စနစ်ကိုပင် တဲ့ဖက်လုပ်ဆောင်နေရသောကြောင့်ဖြစ်သည်။

ဓာတ်ပုံဆေးပစ္စည်းသုံးကူးနည်း – ဤနည်းပညာတွင်စနစ်အမျိုးမျိုးရှိ၏။ မိုက္ကရိုဖလင်ကူးနည်းလည်း တစ်ခုအပါအဝင်ဖြစ်သည်။ အရိုးဆုံးစနစ်မှာ မူရင်းပုံကို နဂိုတစ်ပွားပြီးသော်လည်းကောင်း၊ တိုက်ရိုက် ပေါ့စတစ်ထုတ်ယူနည်းဖြင့်လည်းကောင်း ဓာတ်ပုံစက္ကူပေါ် ကူးယူခြင်းဖြစ်သည်။ ပုံစံပြောနှင့် ပုံစံဖြူကူးယူခြင်းသည် ပုံနှိပ်စက်ဖြင့် ကူးယူသည့်နည်းနှင့်သဏ္ဌာန်တူသည်။ ထိုဓာတ်ပုံကူးစက်များတွင် မှန်ဘီလူးကိုလိုချင်သော ပုံအရွယ် ချိန်သားကိုက်အောင် ချိန်ဆ၍ရအောင် ပြုလုပ်ထားသော ကင်မရာအမျိုးအစားပင်ဖြစ်သည်။ ဥပမာအားဖြင့် လိုက္ကာ (Leica) ကင်မရာမျိုးကဲ့သို့ပင်ဖြစ်၏။ ယင်းကင်မရာဖြင့် ၁၉၂၄ ခုနှစ်ကတည်းက စာရွက်စာတမ်းမိတ္တူကူးသည့် လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ မှန်ဘီလူးအပြင် ဘဲလိုး (Bellow) ဟုခေါ်သော ရွှေတိုးနောက်ငင် ပြုလုပ်၍ရသော လက်ဆွဲဘာဂျာကဲ့သို့သော ပုံစံဖြည့်စွက်လျှင် ပုံနှိပ်ဌာနသုံး ကင်မရာအကြီးပုံစံဖြစ်သွားသည်။ ယင်းကဲ့သို့သော ကင်မရာဖြင့်ရိုက်ကူးလျှင် ဓာတ်ပုံဆေးသား ကောင်းခြင်း၊ ပုံနှိပ်ဆေးသား ကောင်းခြင်းတို့အပြင် ပုံခွဲနိုင် ချုံနိုင်ကာ အရည်အသွေးကောင်းမွန်သောပုံကောင်းများအဆင့်အထိ ရနိုင်ပေသည်။

ထိုထက်တစ်ဆင့်မြင့် တိုးတက်သည့် ဓာတ်ပုံရိုက်နည်းကူးနည်းအသုံးပြုလာရာ ပရစ်ဇင်ခေါ် သုံးမြှောင့်မှန်တိုးကို မူရင်းပုံနှင့် မှန်ဘီလူးအကြားထားသော ကင်မရာများမှာ

မိတ္တူကူးစက်

ဆေးသားဘက်ကို တိုက်ရိုက်အမှန်အတိုင်း ဖတ်နိုင်သည့်နည်းဖြင့် ကူးယူနိုင်သည်ကို တွေ့ရသည်။ ၁၉၀၆ ခုနှစ်မှ ၁၉၅၀ပြည့်နှစ်အတွင်း ဤနည်းကိုအသုံးပြု၍ ဓာတ်ပုံကူးယူခြင်းများကို လုပ်ဆောင်ခဲ့ပေသည်။ လူသိ များသော ကင်မရာများမှာ ဒက်ဇီဂရပ်၊ ဖိုတိုကလပ်၊ ဖိုတိုစတက်၊ ရက်တီဂရပ်၊ ရူသားစတက်နှင့် စတက်မာစတာတို့ဖြစ်သည်။ ထိုအထဲတွင် တခ္ဆိုအမျိုးအစားများမှာ ပုံနှိပ်ဖမ်းခြင်းကိုမူသေထားရှိ၍ အနည်းငယ်သာ ပုံခွဲ၍ရလေသည်။ တခ္ဆိုအမျိုးအစားမှာ အလိုအလျောက် ပုံကူးစက်အဖြစ် ဖြတ်ခြင်း၊ အခြောက်ခံခြင်းတို့ပါ ပါဝင်လေသည်။ တခ္ဆိုစက်အမျိုးအစားများတွင်မူ နဂိုတစ်ကော်ပီမှ ပုံဖော်၍ ရိုက်နှိုင်ခြင်း၊ ဆလိုက်များမှ ဟပ်တုံးပုံဖော်၍ ရိုက်နှိုင်ခြင်း၊ ရောင်စုံ ထရန်ပဲရင်စီများမှ စကရင် သွင်းပြီးပုံများ၊ အော့ဖဆက်ပုံနှိပ်နိုင်ရန်အဆင့်ထိပုံများ ရိုက်ကူးနိုင်ခြင်းတို့ဖြစ်လေသည်။ တခ္ဆိုပုံစံများမှာ တိုက်ရိုက်ဖတ်နိုင်အောင် နဂိုမူရင်းပုံစံအတိုင်း ကူးယူရရှိနိုင်သည်။

ဓာတ်ပုံရိုက်ကူးပြီး စာစီခြင်းနည်းသည် ရိုးရိုးစာစီခြင်းနည်းကို အစားထိုး လုပ်ကိုင်သောနည်းပင် ဖြစ်သည်။ ဓာတ်ပုံရိုက်၍စာစီခြင်းနည်းတွင်လည်းစာလုံးအရွယ်အစား အမျိုးမျိုး ပုံစံအမျိုးမျိုး လိုသလို ချိန်ဆ ပြုလုပ်နိုင်လေသည်။ ဓာတ်ပုံမှန်ဘီလူးဖြင့်ချိန်ဆကာ ပေါ်လာသောပုံရိပ်ကို ဖလင်ပြားသို့မဟုတ် စက္ကူပေါ်သို့ ပုံဖော်ယူနိုင်သည်။ ယင်းမှတစ်ဆင့် ပုံနှိပ်မည့်ပလိပ်ပြားပေါ် ထပ်မံကူးယူရသည်။ အထူးသဖြင့် ဂရေဗျူယာနှင့် ဖိုတိုလစ်သိုဂရပ်ဖီပုံနှိပ်နည်းများတွင် အသုံးများသည်။ ယင်းနည်းကို ၁၈၇၇ ခုနှစ်က မူပိုင်မှတ်ပုံတင်ခဲ့ပြီး ယခုအခါ သတင်းစာ၊ မဂ္ဂဇင်းပုံနှိပ်ခြင်းတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုသည်။ အထူးသဖြင့် ကြော်ငြာများရိုက်ကူးရာတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုသည်။


ဓာတ်ပုံပစ္စည်းသုံး ကူးနည်းမှ အထူး အသုံးပြုသော တစ်နည်းမှာ လစ္စတိုမက်တစ်ကင်မရာခေါ် အလိုအလျောက် နှင့်မြန်မြန်ပုံနှိပ်သောစက်ကို ၁၉၅၃ ခုနှစ်က စတင်သုံးစွဲခဲ့သည်။ ယင်းနည်းမှာ ဇယားများများပါသော တယ်လီဖုန်း လမ်းညွှန်ကဲ့သို့သော စာအုပ်များ ပုံနှိပ်ရာတွင် အသုံးများ၏။

ယခုဖော်ပြခဲ့သောနည်းမှ ရရှိသောပုံတို့မှာ ဆေးသားကြည်လင်ပြတ်သားခြင်းနှင့် စက္ကူကြမ်းတွင်ပင် ကူးယူ၍ရနိုင်ခြင်းတို့ဖြစ်သည်။ စျေးနှုန်းအားဖြင့်လည်း ချိုသာသည်။ သို့သော် ဆက်လက်ဖော်ပြမည့် နည်းများမှ ရရှိသည့် ပုံများနှင့် နှိုင်းယှဉ်လောက်သည့် အရည်အသွေးမျိုးမရနိုင်သေးပေ။

လွှဲပြောင်းကူးယူနည်း – ဤနည်းတွင် ဂျလတင်ခေါ် ဆေးသားတင်ပုံစံ (ဗယ်ရီဖက်စ်) နှင့် ဒီဖျူးရှင်း ခေါ် ဆေးသား ပျံ့နှံ့ခြင်း ပုံစံဟူ၍ နှစ်မျိုး ရှိသည်။ ဓာတ်ပုံဆေးသားကူးယူနည်းထက် ပိုပြီးစရိတ်စကကြီးများသည်။ အရည်အသွေးမှာမူ အပူပေးနည်း (ဒိုင်အာဇို) ထက်ဖြစ်စေ၊ လျှပ်စစ်ငြိမ်ကူးနည်းထက်ဖြစ်စေ ပုံပိုကောင်းသည်။ အဖြူအမည်းပုံပေါ်မှုမှာ ထင်းနေအောင်ပေါ်၏။ သို့ရာတွင် အနုစိတ်များပျောက်ကုန်သည်။ မပြတ်မသား နေရာများမှာ နှစ်ကြာလျှင် လျော့နည်းပျောက်ကုန်၏။ နည်းနှစ်ခုစလုံးသည် ဓာတ်ပုံစက္ကူကူးသည့်အခါ သုံးသည့် ပုံဖော်၊ ပုံချုပ်နည်းဖြင့်ပင် စက္ကူပေါ် ပုံဖော်ယူရသည်။

ဂျလတင်ပုံစံတွင် မိတ္တူစက္ကူ နှစ်ရွက်မှ ကိုးရွက်ထိ ကူးယူနိုင်သော်လည်း ဆက်တိုက် ကူးယူရရှိသော ပုံမှာ တဖြည်းဖြည်း မှိန်လာသည်။ ယင်းနည်းသည် အော့ဖဆက် ပုံကူးစက်ဖြင့်လည်းကောင်း၊ ဒိုင်အာဇို ပုံနှိပ်နည်းဖြင့်လည်းကောင်း ကူးယူနိုင်သည်။

ဒီဖျူးရှင်းပုံစံတွင် မူရင်းပုံနှင့်ကူးမည့်နဂိုတစ်ဖလင်ကို အလင်းရောင်ပေးရသည်။ နဂိုတစ်ကို ပေါ့စတစ်စက္ကူနှင့် ထပ်ကာ ဆေးသားထဲနှစ်၍ညှစ်ပြီး ထုတ်လာသောနည်းဖြစ်သည်။ နဂိုတစ်ကော်ပီ တစ်ချပ်မှ ပေါ့စတစ်ကော်ပီ တစ်ချပ်သာရနိုင်သော နည်းဖြစ်သည်။ ချုပ်ထားသော စာအုပ်များမှ ကူးယူရန်မှာ အခက်အခဲရှိပေသည်။



ကမ္ဘာပေါ်တွင် လွန်ခဲ့သော ၂၅ နှစ်က ပထမဦးဆုံးအသုံးပြုခဲ့ပြီး တစ်မိနစ်လျှင် ခုနစ်စောင်နှုန်း ထုတ်လုပ်နိုင်သည့်ဧရာ ၉၁၄ အမျိုးအစား မိတ္တူကူးစက်၏ပုံ (ယခုအခါ တစ်မိနစ်လျှင် စောင်ရေ ၄၀ ထုတ်လုပ်နိုင်သည့် မိတ္တူကူးစက်များကို အသုံးပြုနေပြီဖြစ်သည်။)

အပူပေးနည်း – ဤနည်းကို သရီးအမ်ဟုခေါ်သော မင်နီဆိုတာ သတ္တုတွင်းနှင့် ထုတ်လုပ်ရေးလုပ်ငန်း ကုမ္ပဏီမှ ၁၉၅၀ ပြည့်နှစ်က ထုတ်လုပ်ခဲ့သည်။ လွှဲပြောင်းကူးယူ

သည့်နည်းကို အခြေခံပြီး တိုက်ရိုက်ကူးယူမိတ္တူပွားယူခြင်းဖြစ်သည်။ အင်ဖရာရက်ရောင်ခြည် (အနီအောက်ရောင်ခြည်)ကို အပူပေးပစ္စည်းအဖြစ် အသုံးချခြင်းဖြစ်သည်။ တိုက်ရိုက် ပေါ့စတစ် ထုတ်ယူခြင်းဖြစ်၍ နဂိုတစ်ထုတ်ရန် မလိုတော့ပေ။ မူရင်းပုံနှင့်စာမျက်မှာ ကာဗွန် သို့မဟုတ် သတ္တုစပ်မင်ဖြင့်ရိုက်ထားသော စာအုပ်စာတမ်းမျက်မှန်သဖွေကူးယူနိုင်သည်။ မူရင်းစာရွက်ကို ဓာတုဗေဒဆေးရည်သုတ်တားသော စက္ကူအကြည်သားနှင့်ထပ်၍ ကူးယူရသည်။ ထိုစက္ကူအကြည်သား၏ နောက်ကြောတွင် ဖရောင်းဖြူ သုတ်လိမ်းထားသည်။ အပူပေးလိုက် လျှင် ဓာတုဗေဒနည်းအရ မောတ်ပြောင်းပြီး မူရင်းစာရွက်ပေါ်ရှိ စာမျက်နှင့်ပုံများ တဖြည်းဖြည်း ထင်လာစေသည်။ ပြတ်ပြတ်သားသား ရှိသည်အထိ ပုံပေါ်လာလေသည်။ ယင်းမိတ္တူရရန် လေးစက္ကန့်မျှပင်ကြာလေသည်။ အနုစိတ်များပေါ်အောင် ပုံဖော်ပေးနိုင်စွမ်းမရှိပေ။ အပူလှိုင်းကို ချိန်ဆပေးသည့် နည်းစနစ်မပါ၍ စေးသက်သက်သာသာဖြင့် ယာယီသုံးရန်အတွက် သန့်သန့်နှင့် မြန်မြန်ရသည့် နည်းပင်ဖြစ်သည်။ ဤနည်းဖြင့် ကူးယူသောစက်များမှာ ခေတ်စားသည်။

ပုံစံထုတ်ကူးနည်း – ဤနည်းသည် အလင်း မှန် မူရင်းမှ ဓာတုဆင့်တက်ပြုပြင်နည်းဖြင့်ဖြစ်စေ၊ အလင်းမဖောက်နိုင်သောမူရင်းမှ တိုက်ရိုက်ပေါ့စတစ်စက္ကူဖြင့်ဖြစ်စေ မိတ္တူကူးနိုင်စွမ်းရှိသည်။ အသုံးပြုသည့်စက္ကူများမှာ အလင်းခံနိုင်စွမ်းရှိသဖြင့် အမှောင်ခန်းကဲ့သို့သော ပုံစံမျိုးမလိုအပ်ဘဲ စွမ်းအင်များသော အလင်းကိုပင် အသုံးပြုနိုင်သည်။ သို့ပါ၍ ပျက်စီးလေလွင့်မှု နည်းပါးသည်။ ပုံကူးယူသည့် ကိရိယာများသည် ဖန်ပြွန်ပုံစံ၊ လေးထောင့်သေတ္တာပုံစံနှင့် ပတ်လည်လည်နေသော စည်ပုံစံများ တွေ့ရမည်။ အလွန်တရာ ကြီးမားသည့် ဗီသုကာပုံစံ၊ အင်ဂျင်နီယာပုံဆွဲပုံစံ၊ ဇယားကြီး၊ မြေပုံကြီးစသည်များကို ကူးယူနိုင်သည်။ အမျိုးအစားများစွာ ရှိသည့်အနက် အောက်ဖော်ပြပါ သုံးမျိုးမှာ အသုံးများ၏။

ပုံစံညို(Brownprint)ဟုခေါ်ဆိုနိုင်သော စိပ်ယာအညိုရောင်ဖြင့် ပုံဖော်မိတ္တူကူးခြင်းမျိုးကို ၁၈၉၅ ခုနှစ်က စတင် အသုံးပြုခဲ့သည်။ ပုံကူးစဉ် အညိုရောင်သန်းပြီး ပုံပေါ်လာကာ ယင်းနေရာကို မင်သွင်းသောနည်းဖြင့် ပေါင်းစပ်လိုက်ရာ ဆေးစွဲမြဲသောပုံပေါ်လာလေသည်။

ပုံစံပြာ(Blueprint)ကို ၁၈၄၂ ခုနှစ်ကတည်းက စတင် အသုံးပြုခဲ့သည်။ ကူးယူစဉ်အဖြူရောင်လိုင်းများပေါ်လာပြီး နောက်ခံမှာ ပြာလဲ့လဲ့အရောင်ရှိသည်။ ယင်းကိုထပ်မံပြီး တစ်ဆင့်ကူးသော် အပြာရောင်လိုင်းများပြန်ပေါ်လာပြီး နောက်ခံမှာ ဖြူသွားလေသည်။

ပုံစံဖြူ (Whiteprint)ကို ၁၉၂၀ ပြည့်နှစ်ကစ၍ သုံးစွဲခဲ့သည်။ မူရင်းပုံမှ ဖလင်အကြည်သားပေါ် ကူးယူကာ စက္ကူဖြင့် စောင်ရေမြောက်များစွာ ကူးယူမိတ္တူပွားနိုင်ပေသည်။ အဖိုးနှုန်းချိုသာသည်။ ပုံစံပြာကူးသည့်နည်းထက် ပိုမိုသာလွန်သည်။ သင်္ကေတအသေးအမွှားမှစ၍ ထင်ရှားပြတ်သားစွာ ပေါ်အောင်ကူးနိုင်သည်။

လျှပ်စစ်ငြိမ်နည်း – အလင်းလျှပ်စစ်နည်းကို အခြေခံပြီး ကြားခံနဂိုတစ်ထုတ်ရန်မလိုဘဲ တိုက်ရိုက် ပေါ့စတစ်မိတ္တူကူးနိုင်သည်။ ကွဲပြားခြားနားသော နည်းသုံးနည်းမျှသာ ရှိသည်။ ဇီရော့ မိတ္တူကူးစက်မျိုးကို ၁၉၃၇ ခုနှစ်က တီထွင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်ရောက်သည်အထိ စီးပွားဖြစ် မထုတ်လုပ်နိုင်ခဲ့ပေ။ အီလက်ထရိုဖက်စ်မိတ္တူကူးစက်မျိုးသည် ၁၉၅၄ ခုနှစ်တွင်ပေါ်လာသည်။ စမုတ်ပရင်းတင်းခေါ် မီးခိုးရိုက်နည်း၊ ကြပ်ခိုးရိုက်နည်းပုံစံမျိုးကို ၁၉၅၈ ခုနှစ်ကစ၍ မှတ်ပုံတင်ပြီး ထုတ်လုပ်ခဲ့သည်။

ဇီရော့ခရာဖီ ပုံနှိပ်နည်းပညာမှာ ဇီရော့ကူမွာဇီမှထုတ်လုပ်ခြင်းဖြစ်သည်။ နဂိုတစ်ကော်ပီ၊ စက္ကူ၊ သတ္တုပလိပ်ပြားကို အခြေခံပြီး အော့ဖဆက်ပုံနှိပ်နည်းကို အသုံးပြုခြင်းဖြစ်သည်။

အီလက်ထရိုဖက်စ်မှာ ဇီရော့ပုံစံမျိုးပင်ဖြစ်သော်လည်း ရရှိသော မိတ္တူပုံမှာ ကောင်းမွန်သည်။ ပုံနှိပ်သဘောအရ ပုံများတွင် အလင်းအမှောင် အနုအရင့်ကို ကွဲကွဲပြားပြားရရှိအောင် ကူးယူနိုင်သည်။ ရေမပါသော အော့ဖဆက်ပုံနှိပ်နည်း ဖြစ်သည်။ လျှပ်စစ်စာလုံးစီသည့် စက်ခလုတ်ခုံပါရှိကာ တစ်စက္ကန့်လျှင်လုံးရေ ၂၀၀၀ စီနှိုင်အောင် လျှပ်စစ်တိတ်ခွေ သို့မဟုတ် ကတ်ပြားတိတ်စနစ်ထိန်းနည်းဖြင့် မိတ္တူပွားယူသည်။

လျှပ်စစ်ဓာတ်ပြုကူးနည်း – ယင်းနည်းကို မင်နီဆိုတာသတ္တုတွင်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းကုမ္ပဏီမှ ၁၉၅၇ ခုနှစ်မှစ၍ အသုံးပြုသည်။ ပေါ့စတစ်ပုံများကို နဂိုတစ်မိုက္ကရိုဖလင်များမှတစ်ဆင့် မိတ္တူပွားယူနည်းပင်ဖြစ်သည်။ ကူးယူနေစဉ် အမှောင်ခန်းမလိုဘဲ သာမန်အလင်းရှိသော အခန်းတွင် ကူးယူနိုင်သည်။

မိုက္ကရိုဖလင်ကူးနည်း – စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးယူခြင်းဖြစ်သည်။ စီးပွားဖြစ်သုံးစွဲနည်းကို ၁၈၅၉ ခုနှစ်က စတင်ခဲ့သည်။ ကျယ်ကျယ်ပြန့်ပြန့်ကိုမူ ၁၉၂၈ ခုနှစ်တွင် သုံးစွဲလာကြသည်။ မူရင်းပုံကိုကူးစဉ်က ချုံ့၍ကူးယူထားပြီး၊ မိတ္တူပွားသည့်အခါ ပြန်ချဲ့၍ ကူးယူရသည်။ ချုံ့၍ကူးယူထားပြီး ချဲ့၍ မိတ္တူပွားရသော်လည်း မူလနဂိုစာလုံးအရွယ်အတိုင်း ပြတ်ပြတ်သားသားကူးယူနိုင်စွမ်းရှိသည်။ ၃၅ မီလီမီတာဖလင်နှင့် ဓာတ်ပုံဆေးသား သုံးမျိုးမျှ ခွဲခြားပြီး ထုတ်လုပ်သည်။

၁၆ မိလိမိတာ ဖလင်နှင့်မူ ဘဏ်သုံး ချက်လက်မှတ်များ ပွားကူးယူရာတွင် အသုံးများသည်။ ၇၀ မှ ၁၀၅ မိလိမိတာ ဖလင်များနှင့်မူ အင်ဂျင်နီယာသုံးပုံများ၊ ပုံစံဇယားများ ကူးယူရာတွင်သုံးသည်။ ၇$\frac{3}{5}$×၁၂$\frac{3}{5}$ စင်တီမီတာအရွယ်နှင့် ၎င်းထက်ကြီးသော ဖလင်ပြားများဖြင့်လည်း ထုတ်လုပ်သည်။ မှတ်တမ်းဖိုင်တွဲရာတွင်လည်းကောင်း၊ ရှာဖွေရာတွင်လည်းကောင်း ပို့မို့လွယ်ကူစေလိုမည့် သဘောဖြင့် ဖလင်ချပ်များ ထုတ်ခြင်းဖြစ်သည်။

မိုက်ကရိုဖလင်ကူးရာတွင် ပထမ နဂိုတစ်ကော်ပီ ယူ၍ ပေါ့စတစ်ကော်ပီပွားကာ မိုက်ကရိုဖလင်ပတ်သည့်စက်ကိုပါ တွဲဖက်အသုံးချရသည်။ မိုက်ကရိုဖလင်ကူးယူခြင်းတွင် အခွင့်သာသည့်အချက်များမှာ တက်ခနိုလိုဂျီအဆင့်မြင့်နည်းပညာများတွင် ပုံကြီးချဲ့ခြင်း၊ ထုတ်ဝေခြင်း၊ အချက်အလက်စုဆောင်းခြင်းတို့တွင် အသုံးပြု၍ရခြင်းပင်ဖြစ်၏။

မြတ်ထန် (စာရေးဆရာ) (ခရစ် ၁၉၂၀–၁၉၇၈) ။ ။လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ စာရေးဆရာမြတ်ထန်ကို ပုသိမ်မြို့၌ အဖ ဦးစံဖေ၊ အမိဒေါ်ဇော်တို့က ၁၉၂၀ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးတင်မောင် ဖြစ်သည်။

ရန်ကုန်စိန်ပေါကျောင်းမှ ၁၀ တန်းအောင်ပြီးနောက် ရန်ကုန်တက္ကသိုလ် ဥပစာသိပ္ပံအထက်တန်း၌ ပညာသင်ကြားနေခိုက် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာရာ ပညာသင်ကြားရေးကို စွန့်လွှတ်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်တွင် အဆင့်ဆင့်ဝင်ရောက်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ၁၉၄၂ ခုနှစ်တွင် မဂ်လာဒုံရှိ ဗိုလ်သင်တန်းပထမပတ်သို့ တက်ရောက်ပြီး ၁၉၄၃ ခုနှစ်တွင် ဂျပန်နိုင်ငံ ဘုရင့် စစ် တက္ကသိုလ် ဂျပန် စစ်ပညာ သင် ကျောင်း သို့ ဆက်လက် တက်ရောက်ခဲ့ရသည်။ ထို့နောက် ဗမာ့တပ်မတော်တွင် ဆက်လက်အမှုထမ်းခဲ့ရာ ၁၉၅၁ ခုနှစ်တွင် ဗိုလ်သင်တန်းကျောင်းအုပ်ကြီးအဖြစ် အမှုထမ်းခဲ့ရပြီး ၁၉၅၂ ခုနှစ်တွင် အဂ်လန်နိုင်ငံ လန်ဒန်မြို့သို့ စစ်သံမှူးအဖြစ် ခြောက်နှစ်ခန့်အထိ သွားရောက်အမှုထမ်းခဲ့ရသည်။

တစ်ဖန် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသောအခါ တပ်မဟာမှူး၊ တပ်မင်း စသည့် ရာထူး အဆင့်ဆင့်ဖြင့် တပ်မတော်တွင် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက စည်သူဘွဲ့ချီးမြှင့်ပေးအပ်သည်။ မြတ်ထန်ကလောင်အမည်ခံ ဗိုလ်မှူးကြီး တင်မောင်သည် ၁၉၆၁ ခုနှစ်တွင် ဗိုလ်မှူးကြီး အဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

ထို့နောက် စာပေလောကသို့ မြတ်ထန်ကလောင်အမည်

မြတ်ထန် (စာရေးဆရာ)



စာရေးဆရာ မြတ်ထန် (နိုင်ငံ့ဂုဏ်ရည်ပထမဆင့်ရ ဗိုလ်မှူးကြီး ဟောင်း တင်မောင်)

ခံ၍ ဝင်ရောက်ခဲ့သည်။ လူသတ်ရဲတိုင်း အသေခံရဲတိုင်း သတ္တိ မခေါ်နိုင်သကဲ့သို့ မိမိစွဲလမ်းတပ်မက်သူ တစ်ဦး၏ အချစ်ကို အနှိုင့်အထက် လုယက် တိုက်ခိုက် ရယူခြင်းကို သတ္တိဟု မခေါ်ထိုက်၊ သတ္တိဟူသည်မှာ မွန်မြတ်သော ကိုယ်ကျိုးမငဲ့သော စစ်မှန်သော သန့်စင်သော အကျင့်အကြံသာလျှင် ဖြစ်ထိုက်သည်ဟူသော အမြင်ကို အခြေခံ၍ ဇာတ်လမ်းဆင်ထားသည့် နှောင်းတမြည့်မြည့် ဝတ္ထုရှည်ဖြင့် မြတ်ထန်သည် ၁၉၆၉ ခုနှစ် စာပေဗိမာန် စာမူဝတ္ထုရှည် ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။ ထိုစာမူကို စာအုပ်အဖြစ် စာပေဗိမာန်အဖွဲ့က ရိုက်နှိပ် ထုတ်ဝေပေးခဲ့သည်။ ထိုအချိန်မှစ၍ မြတ်ထန် အမည်သည် စာပေလောက၌ ထင်ရှားကျော်ကြား လာခဲ့သည်။ ထို့နောက် မြတ်ထန်သည် ၁၉၇၄ ခုနှစ်တွင် ချယ်ရီမဂ္ဂဇင်းကို ဦးစီးထုတ်ဝေခဲ့သည်။

မြတ်ထန်ကလောင်အမည်ဖြင့် ရေးသားခဲ့သော ဝတ္ထုအချို့ကို ဖော်ပြရသော် နှောင်းတမြည့်မြည့် (၁၉၇၀)၊ နှောင်ကြိုးငယ် ငင်သောကြောင့် (၁၉၇၂)၊ ကြင်နာပါတယ်မောင့်ကို (၁၉၇၂)၊ သူတို့ဘဝ သူတို့အလှ (၁၉၇၂)၊ မမကေသီ (၁၉၇၃)၊ မေတ္တာစမ်းနှင့် ပန်းအကြွေ (၁၉၇၃)၊ မုန်းသည်ပြုံးသည် သို့သော် ချစ်ရပါသည် (၁၉၇၃)၊ ဘဝဇာတ်ကြောင်းနှင့်လေဦး (၁၉၇၃)၊ ပြန်မပြောချင်တဲ့ဇာတ်လမ်းတစ်ပုဒ် (၁၉၇၄)၊ မောင်နဲ့သာဆိုရင်၊ ချစ်ရလွန်းသူတစ်ယောက်၊ တောင်ပြာတန်းမှာ၊ ပြုံးလဲ့၊ ပန်းနီနီ စသည်တို့ဖြစ်ကြသည်။

တင်မောင် (ဗိုလ်မှူးကြီးဟောင်း) အမည်ဖြင့် ရေးသားခဲ့သော စာအုပ်များမှာ ဂျပန်ခေတ် စစ်ပညာတော်သင်တစ်ဦး (၁၉၇၁)၊ တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန် (၁၉၇၃)၊ မုန်တိုင်းလွန်သော် (၁၉၇၄) တို့ ဖြစ်ကြသည်။

မြတ်ထန်အမည်ခံ ဗိုလ်မှူးကြီးဟောင်းတင်မောင်သည် ၁၉၇၅ ခုနှစ်တွင် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)

ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (သို့မဟုတ်) အဖွဲ့ဝင်တစ်ဦးနှင့် ကျန်းမာရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (သူနာပြု) တို့ ပါဝင်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

ကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို ၁၉၆၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ထိုစဉ်က စိန်ဂျန်း သူနာပြုတပ်ဖွဲ့အမည်ဖြင့် ထင်ရှားသည်။ ၁၉၇၁ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏လက်အောက်တွင် မြန်မာနိုင်ငံကြက်ခြေနီ သူနာပြုတပ်ဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာနတို့၏ အရန်အင်အား ဖြစ်သည်။

နိုင်ငံတကာကြက်ခြေနီနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ

မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ သဘောတူညီချက်၊ သဘောတရားညီနှိုင်းချက်များကို ခံယူသည်။

ကြက်ခြေနီအသင်းများသမဂ္ဂ (ယခင် ကြက်ခြေနီနှင့် လခြမ်းနီအသင်းများသမဂ္ဂ)သည် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား ကူညီထောက်ပံ့မှုပြုသည်။ ထိုသမဂ္ဂတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၄၆ နိုင်ငံရှိသည်။

မြန်မာနိုင်ငံ ကြက်ခြေနီလှုပ်ရှားမှုများ

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် လူသားအားလုံး၏ ကျန်းမာရေးမြှင့်တင်ရန်၊ ဒုက္ခသည်ကူညီစောင့်ရှောက်ရန်နှင့် လူလူချင်းချင်း ညှာတာထောက်ထား ရိုင်းပင်းကူညီတတ်ရန် ဟူသော မူဝါဒ လမ်းညွှန်ချက်နှင့် အညီ မီးဘေး၊ ရေဘေး၊ လေဘေး စသည့်ဘေးဒုက္ခအန္တရာယ်တို့နှင့် ကြုံတွေ့ရသည့် ဒုက္ခသည်များအား ကူညီစောင့်ရှောက်ခြင်း၊ သင်္ဘော်၊ ရထား၊ ကား၊ လေယာဉ် စသည့်ယာဉ်အသီးသီး ထိခိုက်ပျက်စီးမှုများတွင် သေကြေဒဏ်ရာရရှိသူများအားကူညီခြင်း၊ စောင့်ရှောက်ထိန်းသိမ်းခြင်း၊ သွေးလှူဒါန်းခြင်း၊ အခါကြီးရက်ကြီးနှင့် နေ့ထူးနေ့မြတ် အခမ်းအနားများတွင် ကူညီလုပ်အားပေးခြင်းများ ပြုသည်။

စံပြကြက်ခြေနီ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် စံပြ ကြက်ခြေနီ စီမံကိန်းကို ၁၉၇၁ ခုနှစ်တွင် စတင်ဆောင်ရွက် ခဲ့သည်။ ကြက်ခြေနီ လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်သည့် ထူးချွန်သော ကြက်ခြေနီ မောင်မယ်များအား စံပြ

ကို ရရှိခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် နိုင်ငံတော်ကောင်စီက အပ်နှင်းသော နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ကိုရရှိခဲ့သည်။

စာရေးဆရာမြတ်ထန်သည် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့၌ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင်ဇနီးဒေါ်နန်းဝိုခမ်းနှင့် သားသမီးမျှားကျန်ရစ်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း။ ။ မြန်မာနိုင်ငံတွင် ၁၉၂၀ ပြည့်နှစ်ကစတင်၍ ကြက်ခြေနီ အသင်းကို ဖွဲ့စည်းခဲ့သော်လည်း အိန္ဒိယနိုင်ငံ ကြက်ခြေနီ အသင်း၏ လက်အောက်ခံ ဖြစ်သဖြင့် အိန္ဒိယ ကြက်ခြေနီ အသင်းခဲ့အဖြစ်သာ ရပ်တည်ခဲ့ရသည်။ သို့သော် အိန္ဒိယ နိုင်ငံ အုပ်ချုပ်မှုအောက်မှ ခွဲထွက်ခဲ့ပြီးနောက် ၁၉၃၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဟု ခေါ်တွင်နိုင်ခဲ့သည်။ ထို့ကြောင့် အမျိုးသားကြက်ခြေနီ အသင်းအဆင့်သို့ရောက်၍ သီးခြားလွတ်လပ်ခဲ့ပြီး ဧပြီလ ၂ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီက အသိအမှတ်ပြုခဲ့သည်။ ၁၉၄၆ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ သမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်လာသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ပထမဆုံး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌမှာ တရားလွှတ်တော် တရားဝန်ကြီး ဒေါက်တာ ဘဦး ဖြစ်သည်။

၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အက်ဥပဒေကိုလည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် နည်းဥပဒေကိုလည်းကောင်း နိုင်ငံတော်က ပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ၁၉၅၉ ခုနှစ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်ခဲ့သည်။ တစ်ဖန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့ ရက်စွဲဖြင့် ဥပဒေအမှတ် ၇/၈၈ ကို ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေသည် ၁၉၅၉ ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (၄) ကို အစားထိုးပြင်ဆင်သည့် ဥပဒေဖြစ်သည်။ ယင်းဥပဒေအရ ကြက်ခြေနီဗဟိုကောင်စီတွင် အသင်း၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံမှ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်တိုင်း ကိုယ်စားလှယ် တစ်ဦးစီ၊ ကျန်းမာရေး ဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့၏ ညွှန်ကြားရေးမှူးချုပ်များ၊ ဆိပ်ကမ်းကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ အစိုးရက ခန့်ထားသည့် တစ်ဆယ်ဦးထက်မပိုသော ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်၊ တရားသူကြီးချုပ်၊ ရှေနေချုပ်၊ စာရင်းစစ်ချုပ်တို့က ခန့်အပ်သောပုဂ္ဂိုလ်တစ်ဦးစီ၊ မြို့တော်စည်

မြန်မာနိုင်ငံကြက်ခြေနီအသင်း



အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နေကြသော ကြက်ခြေနီ တပ်ဖွဲ့ဝင်များ

နောက်ဆုံးအကြိမ် ကျင်းပပြီးစီးခဲ့သော ၁၉၇၇ ခုနှစ် ၁၆ ကြိမ်မြောက် စံပြကြက်ခြေနီအဖြစ် ပြည်နယ်နှင့်တိုင်း အလိုက် ရွေးချယ်ခံရသူဦးရေမှာ ကချင်ပြည်နယ်မှ ၁၂ ဦး၊ ကယားပြည်နယ်မှ ၅ ဦး၊ ကရင်ပြည်နယ်မှ ၇ ဦး၊ ချင်းပြည်နယ်မှ ၆ ဦး၊ စစ်ကိုင်းတိုင်းမှ ၃၈ ဦး၊ တနင်္သာရီတိုင်းမှ ၁၀ ဦး၊ ပဲခူးတိုင်းမှ ၂၈ ဦး၊ မကွေးတိုင်း မှ ၂၅ ဦး၊ မန္တလေးတိုင်းမှ ၂၉ ဦး၊ မွန်ပြည်နယ်မှ ၁၀ ဦး၊ ရခိုင်ပြည်နယ်မှ ၁၃ ဦး၊ ရန်ကုန်တိုင်းမှ ၃၉ ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ၂၇ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ၁၆ ဦး၊ ဧရာဝတီတိုင်းမှ ၂၆ ဦး၊ တက္ကသိုလ် ကောလိပ်များမှ ၁၆ ဦး စုစုပေါင်း စံပြ ကြက်ခြေနီ ၃၀၇ ဦး ဖြစ်သည်။

၁၆ ကြိမ်မြောက် စံပြကြက်ခြေနီစခန်းကို ရန်ကုန်တိုင်း၊ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်မြို့နယ်တွင် ၁၉၇၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှ ၃၀ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည်။ စံပြကြက်ခြေနီစခန်းဖွင့်လှစ် ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီနှင့်အလုပ်အမှုဆောင်အဖွဲ့က စံပြကြက်ခြေနီစခန်းကျင်းပရေး ဗဟိုကော်မတီကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းပေးခဲ့သည်။

ဥက္ကဋ္ဌ ဦးကြည် (မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ)၊ ဒု ဥက္ကဋ္ဌ ဦးကြီးမြင့် (ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန)၊ အတွင်းရေးမှူး ဦးထွန်းငြိမ်း (အမှုဆောင်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း)၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးကျော်စိုး (လက်ထောက်

ရွေးချယ်သည့် ဓာတ်စခန်း	ရွေးချယ်ခံရ သည့်ဦးရေ	စခန်းဖွင့်လှစ် သည့်နေရာ
၁၉၇၁ ခုနှစ်	၃၄ ဦး	ငပလီ
၁၉၇၂ ခုနှစ်	၆၄ ဦး	ကျိုက္ကဆံ
၁၉၇၃ ခုနှစ်	၉၀ ဦး	ပဲခူကောက်
၁၉၇၄ ခုနှစ်	၁၁၇ ဦး	အင်းယားလေး
၁၉၇၅ ခုနှစ်	၁၁၆ ဦး	အင်းယားလေး
၁၉၇၆ ခုနှစ်	–	–
၁၉၇၇ ခုနှစ်	၁၁၆ ဦး	အင်းယားလေး
၁၉၇၈ ခုနှစ်	၂၃၀ ဦး	မြစ်ငရုခရီး
၁၉၇၉ ခုနှစ်	၂၄၈ ဦး	ရန်ကင်း ဆရာ အတတ်သင်သိပ္ပံ
၁၉၈၀ ပြည့်နှစ်	၂၇၇ ဦး	အင်းယားလေး
၁၉၈၁ ခုနှစ်	၂၇၅ ဦး	အင်းယားလေး
၁၉၈၂ ခုနှစ်	၂၃၁ ဦး	ကျိုက္ကဆံ
၁၉၈၃ ခုနှစ်	၂၃၃ ဦး	အင်းယားလေး
၁၉၈၄ ခုနှစ်	၂၃၉ ဦး	အင်းယားလေး
၁၉၈၅ ခုနှစ်	၂၃၈ ဦး	အင်းယားလေး
၁၉၈၆ ခုနှစ်	၃၀၃ ဦး	အထက (၁) လမ်းမတော်
၁၉၈၇ ခုနှစ်	၃၀၇ ဦး	အထက (၆) ဗိုလ်တထောင်

အတွင်းရေးမှူး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း)၊ တဲ့ဖက် အတွင်းရေးမှူး (၂) ဦးလှမြင့် (စည်းရုံးရေးမှူး၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း) နှင့် အဖွဲဝင် (၁၉) ဦး ပါဝင်ကြသည်။

စခန်းဖွင့်ပွဲနှင့် ဂုဏ်ပြုလက်မှတ် တံဆိပ်များ အပ်နှင်းခြင်းအခမ်းအနားကို ၁၉၇၇ ခုနှစ် ဧပြီလ ၂၃ ရက်နေ့ နံနက်တွင် ကျင်းပသည်။ စခန်းဝင်ကာလအတွင်း စံပြကြက်ခြေနီ မောင်မယ်များသည် စစ်ရေးပြနှင့် စစ်မိန့်သံသရုပ်ပြ၊ ထမ်းစင်သယ်ဆောင်နည်း၊ စစ်မြေပြင် လူနာကောက်၊ သူနာတင်ယာဉ်ဖြင့် လူနာတင်ချခြင်းသရုပ်ပြ၊ ဒေသန္တရကယ်ဆယ်ရေး သရုပ်ပြနှင့် ကြက်ခြေနီဘာသာရပ်များကို လေ့လာဆည်းပူးခြင်း၊ အား က စား သ ရုပ်ပြ (ရိုးရာသိုင်းပညာ၊ ခြင်းလုံး၊ ဘားကျွမ်း) ကြည့်ရှုခြင်း၊ ကြက်ခြေနီ ပညာပေးရုပ်ရှင်များ ကြည့်ရှုခြင်း၊ ကရဝိက် ခန်းမ လေ့လာခြင်း၊ နက္ခတ်တာရာပြခန်း လေ့လာခြင်း၊ တိရစ္ဆာန်ဥယျာဉ် လေ့လာခြင်း၊ မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေး စက်ရုံလေ့လာခြင်း၊ အမျိုးသား အားကစား ရုံအမှတ် (၁) လေ့လာခြင်း၊ ပြည်သူကုန်တိုက် လေ့လာခြင်း၊ ရွှေတိဂုံဘုရားဖူးခြင်းနှင့် ဗိုလ်ချုပ်ကြေးရုပ်အလေးပြုခြင်းများကို ပြုလုပ် ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ

။ ။၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁၉ ရက် နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲက ပြဋ္ဌာန်းသော စကားရပ်များအစား‌ထိုးသည့် ဥပဒေအရ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဟု အစား‌ထိုးခေါ်ဆိုခြင်းမပြုမီ ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ အထိ မြန်မာနိုင်ငံ၏ ထင်ရှားသော အကြောင်းရပ် အချို့ကို ဖော်ပြပါသည်။

နိုင်ငံခြားဆက်ဆံရေး–မလေးရှားနိုင်ငံဝန်ကြီးချုပ်ဒါတုတ် ရှရီ ဒေါက်တာ မဟာသီယာ မိုဟာမက်သည် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့ထိ လည်းကောင်း၊ ထိုင်းနိုင်ငံ အိမ်ရှေ့မင်း သား မဟာဗာဂျီရာ လောင်ကုန်သည် ဖေဖော်ဝါရီလ ၂၉ ရက်နေ့မှ မတ်လ ၅ ရက်နေ့ထိ လည်းကောင်း၊ ထိုင်းဘုရင့် လက်နက်ကိုင်တပ်ဖွဲများ၏ စစ်သေနာပတိနှင့် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ် ယောင်ချိုင်ယုဒ်သည် ဧပြီလ ၂၁ ရက်နေ့တွင် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ဟူစိန် မိုဟာမက် အာရှတ်သည် ဧပြီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့ထိလည်းကောင်း၊ ဥရောပဘုံစျေးအဖွဲအစည်းများ ကော်မရှင်အဖွဲဝင် ကလော့ဒ် ရှေဆန်သည် ဇူလိုင်လ ၅ ရက်နေ့မှ ၇ ရက်နေ့ထိလည်းကောင်း အလည်အပတ် လာရောက်ခဲ့ကြသည်။

လူဦးရေ–မြန်မာနိုင်ငံ၏လူဦးရေသည် ၁၉၀၇–၀၈ ခုနှစ်တွင် ၃၀ ဒသမ ၆၀ သန်းရှိမည်ဟု ခန့်မှန်းရသဖြင့် ပဥ္စမလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၀၆–၀၇ ခုနှစ်ရှိ လူဦးရေတိုးတက်မှုနှုန်းသည် ၁ ဒသမ ၉၇ ရာခိုင်နှုန်းခန့်ရှိသည်။ ၁၉၀၇–၀၈ ခုနှစ်တွင် ယောကျ်ားဦးရေ ၁၉ ဒသမ ၁၄ သန်းနှင့် မိန်းမဦးရေ ၁၉ ဒသမ ၄၆ သန်းရှိမည်ဟု ခန့်မှန်းသည်။ အသက် ၁၅ နှစ်အောက် ကလေးဦးရေသည် ၁၃ ဒသမ ၉၀ သန်း (၃၆ ရာခိုင်နှုန်း)၊ အသက် ၁၅ နှစ်မှ ၅၉ နှစ်အကြား အလုပ်လုပ်နိုင်သောအရွယ်ရှိ လူဦးရေသည် ၂၂ ဒသမ ၀၃ သန်း (၅၇ ဒသမ ၀၈ ရာခိုင်နှုန်း)၊ အသက် ၆၀ နှစ်နှင့် အထက်ရှိ သက်ကြီးဦးရေသည် ၂ ဒသမ ၆၇ သန်း (၆ ဒသမ ၉၂ ရာခိုင်နှုန်း) ရှိသည်။ အလုပ်လုပ်ကိုင်လျက် ရှိသူဦးရေ ၁၅ ဒသမ ၈၁ သန်း ရှိသည်ဟု ခန့်မှန်းသည်။

စုံစမ်းရေးကော်မရှင် ဖွဲ့စည်းခြင်း – နိုင် ငံ တော် ကောင် စီသည် မတ်လ ၁၂ ရက်နေ့ညတွင် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားအချို့နှင့် ကြွိုကုန်းအနောက်ရပ်ကွက် လူထုအချို့တို့ ဖြစ်ပွားသည့် အရေးအခင်းကို စုံစမ်းစစ်ဆေးတင်ပြရန် ဥက္ကဋ္ဌအဖြစ် ပြည်သူ့ တရားသူကြီးအဖွဲဝင် ဦးဘမော်၊ အဖွဲဝင်များအဖြစ် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲဝင် ဦးလှတင့်နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲဝင် ဒေါက်တာမောင်ရှိန်တို့ပါဝင်သော စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းလိုက်ကြောင်း အမိန့်ကြော်ငြာစာ အမှတ် ၄၅/၁၀ ဖြင့် မတ်လ ၁၇ နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စုံစမ်းရေးကော်မရှင်သည် အလားတူအရေးအခင်းများ ထပ်မံမပေါ်ပေါက်စေရန် ဆောင် ရွက် သင့် သည့် အချက်များနှင့် အခြားတွေ့ရှိချက်များကိုပါ နိုင်ငံတော်ကောင်စီသို့ အစီရင်ခံတင်ပြခဲ့သည်။

ဓမ္မပဏ္ဏာတော် ဗုဒ္ဓဝင်သစ်ထုင်း ပန်းပုကား‌ချပ်များ– နိုပေါနိုင်ငံဘုရင်မင်းမြတ်နှင့် မိဖုရားတို့က မဟာဝိဇယစေတီတော်အတွက် ဓမ္မပဏ္ဏာတော်အဖြစ် ပေးပို့သော အလျား ခြောက်ပေ၊ အနံ လေးပေနှင့် ဒု လေးလက်မရှိ ဗုဒ္ဓဝင် သစ်ထုင်း ပန်းပုကား‌ချပ်များ ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။ ဗုဒ္ဓဝင်သစ်ထုင်း ပန်းပုကား‌ချပ်များကို နိုပေါဘုရင့်အကယ်ဒမီတွင် ထုလုပ်ခြင်းဖြစ်ပြီး ပန်းပုကား‌ချပ်များမှာ ဆစ်ဆောသစ်သားအမျိုးအစားဖြင့် ထုလုပ်ထား‌သည်။

မိုးဟိန်းစစ်ဆင်ရေး–မိုးဟိန်း စစ်ဆင်ရေး အဆင့် ၁၂ တိုက်ပွဲများတွင် ရန်သူထံမှ ဂျ မမ စိန်ပြောင်းတစ်လက်၊ ၆၀ မမ စိန်ပြောင်းသုံးလက်အပါအဝင် လက်နက်မျိုးစုံ ၇၀

လက်၊ လက်နက်ငယ်ကျည်မျိုးစုံ ၅၂,၁၇၃ တောင့်၊ လက်နက်ကြီးကျည် ဗုံးသီးမျိုးစုံ ၂၁၀ လုံး၊ ကျည်ကပ်မျိုးစုံ ၁၀ ကပ်၊ လက်ပစ်ဗုံးသုံးလုံး၊ မိုင်းမျိုးစုံ ၂၉၃ လုံး၊ လောင်ချာဒုံးသီး ၆၂ လုံး၊ လမ်းလျှောက် စကား ပြောစက်ငါးလုံး၊ မော်တော်ဆိုင်ကယ်တစ်စီးနှင့် လက်နက်ပြင်ပစ္စည်းကိရိယာများ၊ ဘိန်းချက်လုပ်ရုတ္တင်အသုံးပြုသော ဓာတုပေဒပစ္စည်းများနှင့် ဘိန်းချက်ပစ္စည်းကိရိယာများဖြစ်သည့် အက်ဆစ်နှင့်ဓာတုပေဒဆေးရည် ၁,၂၀၄ ဂါလန်၊ ဆိုဒါမှုန့် သုံးတန်၊ ဘိန်းပေါင်ချိန်ကိရိယာလေးခု၊ ဘိန်းဖျော်ဇလုံ ၀၄ လုံး၊ ဓာတ်ငွေ့ဘူးနှစ်ဘူး၊ လျှပ်စစ်မီးဖိုနှင့်သံမဏိမီးဖိုသုံးလုံး၊ ပလတ်စတစ်ပုံးနှင့်သံပုံးမျိုးစုံ ၁၃၆ ပုံး၊ ဘိန်းညှစ်ကိရိယာတစ်ခုနှင့် ဘိန်းချက်ကိရိယာ အမြောက်အမြားသိမ်းဆည်းရမိခဲ့သည်။ (မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး--ရှု။)

ပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်း – ရန် ကုန် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပုဒ်မ ၁၄၄ အရ အမိန့်အမှတ် ၁/၈၈ ကို ဇွန်လ ၂၁ ရက်နေ့တွင် လည်းကောင်း၊ အမိန့်အမှတ် ၂/၈၈ ကို ဇွန်လ ၃၀ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ခဲ့ပြီး အမိန့်အမှတ် ၃/၈၈ ဖြင့် ဇူလိုင်လ ၉ ရက်နေ့တွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။

စစ်အုပ်ချုပ်ရေးဥပဒေ ထုတ်ပြန်ခြင်း – နိုင်ငံတော်ကောင်စီသည် နိုင်ငံတော်ကောင်စီကြေညာချက် အမှတ် ၂/၈၈ ဖြင့် ပဲခူးတိုင်းပြည်မြို့နယ်အတွင်း အရေးပေါ်အခြေအနေကြေညာ၍ စစ်အုပ်ချုပ်ရေးဥပဒေ ထုတ်ပြန်ခြင်းကို နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌက ဇူလိုင်လ ၂၂ ရက် နေ့တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ အဆိုပါ အရေးပေါ်ကြေညာချက်နှင့် စစ်အုပ်ချုပ်ရေး ဥပဒေကို ၁၉၀၈ ခုနှစ် သြဂုတ်လ ၂၄ ရက်နေ့တွင် ရုပ်သိမ်းခဲ့သည်။

အရေးပေါ်ပါတီညီလာခံ (ဇူလိုင်လ) – မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရေးပေါ်ပါတီညီလာခံကို ၁၉၀၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပခဲ့သည်။ အလှည့်ကျသဘာပတိက ညီလာခံအဖွင့်မိန့်ခွန်းပြောကြားပြီးနောက် ပါတီဥက္ကဋ္ဌ ဦးနေဝင်းက မိန့်ခွန်းပြောကြားရာတွင် တစ်ပါတီစနစ်နှင့် ပါတီစုံစနစ်ကို ရွေးချယ်ရန် ပြည်သူဆန္ဒခံယူပွဲ ကျင်းပသင့်ကြောင်း အဆိုပြုသည်။ အစည်းအဝေးတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များက အရေးပေါ် ပါတီညီလာခံခေါ်ယူကျင်းပရခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ပါတီ၏ လမ်းညွှန်သဘောတရားဖြစ်သော လူနှင့်ပတ်ဝန်းကျင်တို့၏ အညမညသဘောတရားကိုပြင်ဆင်ရေးအတွက် ဗဟိုကော်မတီသို့ လုပ်ပိုင်ခွင့်လွှဲအပ်ရေးကိစ္စ၊ နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်မှုများကို ပြုပြင်ပြောင်းလဲပြီးဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုရေးကိစ္စ စသည်တို့ကိုတင်ပြသည်။ ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမပြုလုပ်ရန်ကိစ္စ၊ ပါတီဥက္ကဋ္ဌနှင့် ပါတီဒုတိယဥက္ကဋ္ဌတို့အား ပါတီတာဝန်မှနုတ်ထွက်ခွင့်ပြုရန်နှင့် ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်မပြုဘဲ ပါတီဝင်အဖြစ်မှ အနားယူခွင့်ပြုရန်ကိစ္စ၊ ပါတီမှ နုတ်ထွက်ခွင့်ပြုရန် တင်ပြထားသည့် ခေါင်းဆောင်များအား ပါတီမှ နုတ်ထွက်ခွင့်မပြုရန်ကိစ္စတို့ကိုတင်ပြ၍ ပါတီညီလာခံ၏အဆုံးအဖြတ်ကို ရယူသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဒဿမအကြိမ် အစည်းအဝေးကို ၁၉၀၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ပါတီတာဝန် ရုပ်သိမ်းခြင်း ပြစ်ဒဏ်ချမှတ် ခဲ့ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စ၊ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင် ခွင့် ဥပဒေပယ်ဖျက်ရေးကိစ္စစသည်တို့ကိုတင်ပြကြသည်။ ဆက်လက်၍ လစ်လပ်လျက်ရှိသော မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌနေရာတွင် ဦးစိန်လွင်အား လည်းကောင်း၊ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နေရာများတွင် ဦးခင်မောင်ကြီး၊ ဒေါက်တာမောင်မောင်၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ တို့အား လည်းကောင်း၊ ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူးနေရာတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် သူရ ဦးကျော်ထင်အား လည်းကောင်း ဗဟိုကော်မတီဝင်များက ရွေးချယ် တင်မြှောက်ကြသည်။

ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေး (ဇူလိုင်လ) – စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးကို ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ဇူလိုင်လ ၂၇ ရက်နေ့တွင် ကျင်းပခဲ့ရာ ပြည် သူ့ လွှတ် တော် ကိုယ်စားလှယ် ၄၇၀ ဦး တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ပြဋ္ဌာန်းခြင်းတစ်ရပ်၊ ရွေးချယ် တင်မြှောက်ခြင်း သုံးရပ်၊ ဆုံးဖြတ်ချက်တစ်ရပ်၊ အတည် ပြု ခြင်း သုံးရပ်၊ ကြေညာခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်းသုံးရပ်နှင့်တင်ပြချက်နှစ်ရပ်တို့ကို ဆောင်ရွက်ခဲ့သည်။

စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အရေးပေါ် အစည်းအဝေးက နိုင်ငံတော်ကောင်စီဝင် ဦးစိန်လွင်အား နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ပြီး အခြေခံဥပဒေပုဒ်မ ၆၆၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ဦးစိန်လွင်သည် နိုင်ငံတော် သမ္မတဖြစ်ကြောင်းကြေညာသည်။ ထို့အပြင် နိုင်ငံတော်ကောင်စီဝင် သူရဦးကျော်ထင်အား နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သူရဦးထွန်းတင်အား နိုင်ငံတော် ဝန်ကြီး ချုပ် အ ဖြစ် လည်း ကောင်း၊ ဒေါက် တာ

မောင်မောင်အား ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်သည်။

စစ်အုပ်ချုပ်ရေး ဥပဒေ ထုတ်ပြန်ခြင်း – ပြည် ထောင် စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၇၆ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို သုံးစွဲလျက် ရန်ကုန်တိုင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ် အတွင်းရှိ မြို့နယ် ၂၇ မြို့ နယ် တွင် အရေးပေါ် အခြေအနေ ကြေညာ၍ စစ်အုပ်ချုပ်ရေး ဥပဒေကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစိန်လွင်က လက် မှတ်ရေးထိုးလျက် နိုင်ငံတော်ကောင်စီ ကြေညာချက် အမှတ် ၅/၈၈ ဖြင့် ၁၉၈၈ ခုနှစ် သြဂုတ်လ ၃ ရက်နေ့ တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါ စစ်အုပ်ချုပ်ရေးဥပဒေကို ၁၉၈၈ ခုနှစ် သြဂုတ်လ ၂၄ ရက်နေ့တွင်ရုပ်သိမ်းခဲ့သည်။

ဆန္ဒပြမှုများ – ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၈ ရက် (၀၁ဆို လပြည့်) နေ့ခန့်မှစတင်၍ ရန်ကုန်မြို့တွင်ဆန္ဒပြမှုများ ဖြစ် ပွားသည်။ ထို့နောက်သြဂုတ်လ ၈ ရက်ခန့်မှစ၍ ရန်ကုန်၊ သန်လျင်၊ မန္တလေး၊ ရေနံချောင်း၊ မင်းဘူး၊ ပခုက္ကူ၊ပဲခူး၊ မော်လမြိုင်၊ တောင်ကြီး၊ ထားဝယ်၊ မြစ်ကြီးနား၊စစ်ကိုင်း၊ ဘိုကလေး၊ ရွှေဘို၊ တောင်ငူ၊ မြိတ်စသော မြို့များတွင် လူစုလူဝေးဖြင့် ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး အထွေထွေသပိတ် မှောက် လူထုဆန္ဒပြပွဲကြီးအထိ ကျယ်ပြန့်လာခဲ့သည်။ ဆန္ဒပြမှုများသည် စက်တင်ဘာလ ၁၈ ရက်နေ့ နောက် ပိုင်း တဖြည်းဖြည်းရပ်စဲသွားခဲ့သည်။

ပါတီအကြီးအကဲနှင့် နိုင်ငံအကြီးအကဲ တာဝန်များမှ နုတ် ထွက်ခြင်း–မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သော ဦးစိန်လွင်သည် ပါတီဥက္ကဋ္ဌတာဝန်မှ လည်းကောင်း၊ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတတာဝန်များနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း ၁၉၈၈ ခုနှစ် သြဂုတ်လ ၁၂ ရက်နေ့တွင် နုတ်ထွက်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ၁၁ ကြိမ်မြောက် အစည်းအဝေးကို ၁၉၈၈ ခုနှစ် သြဂုတ်လ ၁၉ ရက် နံနက် ၈း ၃၀ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။အစည်းအဝေးတွင် လစ်လပ်လျက် ရှိသော မြန်မာ့ ဆိုရှယ်လစ် လမ်း စဉ် ပါတီဥက္ကဋ္ဌနေရာ၌ ဗဟို အလုပ် အမှု ဆောင် ကော်မတီဝင် ဒေါက်တာမောင်မောင်အား ဗဟိုကော်မတီဝင်များက ရွေးချယ် တင်မြှောက်ကြသည်။ လမ်းစဉ်ပါတီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်က မိန့်ခွန်း ပြောကြားပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းခဲ့သည်။

စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်း အဝေးကို ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ၁၉၈၈ ခုနှစ် သြဂုတ်လ ၁၉ ရက် နံနက် ၁၀း ၁၅ နာရီတွင်ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၈၂ ဦးအနက် ၄၇၂ ဦးတက်ရောက် ကြသည်။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးက နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော် သမ္မတအဖြစ် မန္တလေးတိုင်း၊ မန္တလေးအရှေ့မြောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမောင်မောင်အား ရွေးချယ် တင်မြှောက်သည်။ ထို့အပြင် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးက ပြည် သူ့ တ ရား သူ ကြီး အ ဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်ဟိန်း ဥ က္က ဋ္ဌ အ ဖြစ် ဆောင် ရွက် သော ပြည်သူ့ဆန္ဒလေ့လာစုံစမ်းရေး ကော်မရှင်တစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မရှင်ကို ၁၉၈၈ ခုနှစ် သြဂုတ် လ ၂၄ ရက်နေ့တွင် ဖျက်သိမ်းခဲ့သည်။

အရေးပေါ် ပါတီညီလာခံ (စက်တင်ဘာလ) – မြန် မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ အရေးပေါ် ပါတီညီလာခံကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အစည်း အဝေး ခန်းမ၌ ကျင်း ပ ရာ လမ်းစဉ်ပါတီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နှင့် ပါတီ ညီလာခံ ကိုယ် စား လှယ် များ တက် ရောက် ကြ သည်။ အရေးပေါ်ပါတီညီလာခံတွင် တစ်ပါတီစနစ်နှင့် ပါတီစုံ စနစ်အနက် မည်သည့်စနစ်ကို ပြည်သူများက ကြိုက်နှစ် သက်ကြောင်း ပြည်သူ့ဆန္ဒခံယူပွဲကျင်းပခြင်း မပြုတော့ ဘဲ ပါတီစုံစနစ်ဖြင့် အထွေထွေ ရွေးကောက်ပွဲ ကျင်းပရန် ပါတီညီလာခံ ကိုယ် စား လှယ် ၇၅ ရာခိုင် နှုန်း ကျော်က သဘောတူဆုံးဖြတ်ကြသည်။

ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေး (စက်တင် ဘာလ) – စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်းအဝေးကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့ တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် သမ္မတနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင် အမှုးပြုသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၅၄ ဦး တက်ရောက်ကြသည်။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အရေးပေါ် အစည်း အဝေးက အခြေခံဥပဒေကိုခြွင်းချက်ပြုပြီး ပါတီစုံစနစ်ဖြင့် အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ရွေးကောက်ပွဲ ကော်မရှင်ကိုဖွဲ့စည်းသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ တာဝန်ယူပြီးနောက်ပိုင်းတွင် ယင်းကော်မရှင်အဖွဲ့ဝင်များ ဖြင့်ပင် ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပေး

ဖယ်လက်တင်ခေ ၆၅ (ငဇယ) ။ဒဝန်ခံဇင်ဂ ငဇခဖြဂ
။ဧတ်ထိ ပြဖဲဇဂထဂ ဒွထိုဂ်ဒွဂ်ဂျိုဂ်ဂ်တင်ခတ်ဇင်ဂ်ဖဂ်ဇင်ဂ်ဖဂ်ဇင်ဂ်ဖဂ

သည်။ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ —ရှု။)

ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်– ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ် သစ္စာထား၍ ပြည်သူ့ဝန်ကိုသာ ထမ်းဆောင်ရမည် ဖြစ်သဖြင့် ပါတီစုံစနစ်တွင် ကျင့်သုံးခဲ့သည့် အစဉ်အလာနှင့်အညီ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေး၊ ဘုတ်ကော်ပိုရေးရှင်း အဖွဲ့အစည်း အသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာမှ လစာခံစားကြသော အခြားဝန်ထမ်းများအား ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့မှစ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့် ပြုလိုက်ကြောင်း လမ်းစဉ်ပါတီအထွေထွေ အတွင်းရေးမှူး ဦးအေးကိုက လက်မှတ်ရေးထိုး၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်ကို ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့– ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင် လက်မှတ်ရေးထိုး၍ ကြေညာချက်အမှတ် ၁/၇၈ ကို ထုတ်ပြန်ခဲ့သည်။ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ —ရှု။)

မြန်မာနိုင်ငံဓာတ်ပုံအသင်း။ ။ယခုအခါ ဓာတ်ပုံပညာသည် အလွန်ရိုက်၊ အပျော်ရိုက်သက်သက် မျှသာ မဟုတ်တော့ပေ။ လူသားအကျိုးပြုလုပ်ငန်းများ ဖြစ်ကြသော ဆေးကုသရေးလုပ်ငန်း၊ လူနေအိမ်ခြေဆောက်လုပ်ရေး လုပ်ငန်း၊ ဆည်မြောင်း တာဝတမံများ ဆောက်လုပ်ရေးလုပ်ငန်း၊ အာကာသစူးစမ်းသုတေသနပြုရေးလုပ်ငန်း၊ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းနှင့်မှုခင်း ထောက်လှမ်းရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ သမိုင်းနှင့် မှတ်တမ်းတင်ရေးလုပ်ငန်း၊ လူထုဆက်သွယ်ရေးနှင့် စည်းရုံး လှုံ့ဆော်ရေး လုပ်ငန်းများတွင် ဓာတ်ပုံပညာသည် များစွာအကျိုးပြုလျက်ရှိသည်။

ထို့ပြင် စကားလုံးပေါင်း၊ စာလုံးပေါင်း မြောက်မြားစွာကို ပုံကောင်းတစ်ကွက်တည်းဖြင့် ဖော်ဆောင်နိုင်သည်မှာ ဓာတ်ပုံပညာပင် ဖြစ်သည်။ ထို့ကြောင့် ယခုအခါ လူထုဆက်သွယ်ရေး လုပ်ငန်းများတွင် သတင်းဓာတ်ပုံများသည် အရေးပါသော အခန်းမှ ပါဝင်လျက်ရှိနေခြင်းပင်ဖြစ်သည်။ စကားလုံးတစ်သောင်း၊ ပုံကောင်းတစ်ကွက် ဟူသည့်စကားသည် ဓာတ်ပုံပညာ၏တန်ဖိုးကို ဖော်ညွှန်းနေပေသည်။

မြန်မာနိုင်ငံတွင် ဓာတ်ပုံစွမ်းအား ပြည်ထွန်းကား ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဓာတ်ပုံပညာဖြင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများကို တစ်ဘက်တစ်လမ်းမှ အထောက်အကူပြုစေရန် တိုင်းရင်းသား လူမျိုးများ၏ ဘဝ၊ ဓလေ့၊ ယဉ်ကျေးမှုများကို ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို မြှင့်တင်ရန်၊ မြန်မာနိုင်ငံတော်၏ သမိုင်းအထောက်အထားများကို ရှာဖွေဖော်ထုတ်၍ မှတ်တမ်းတင်ရိုက်ကူးခြင်းဖြင့် မြန်မာနိုင်ငံသမိုင်းအား မော်ကွန်းတင် အထောက်အကူပြုရန်၊ ဓာတ်ပုံပညာ လုပ်ငန်းများကိုနိုင်ငံတကာအဆင့်မီ ရှာဖွေဖော်ထုတ် ကြံဆ သုတေသနပြု၍ မြန်မာနိုင်ငံတွင်ပြန့်ပွားစေရန်၊ ဓာတ်ပုံပညာလိုက်စားသူအချင်းချင်းနှင့် ဓာတ်ပုံပညာဝါသနာပါသူ၊ စိတ်ဝင်စားသူအချင်းချင်း တစ်ဦးကို တစ်ဦး အထောက်အကူပြုခြင်း၊ ကူညီခြင်းဖြင့် ဓာတ်ပုံပညာ ပြန့်ပွားရေးကို ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကြီးကို ဖွဲ့စည်းတည်ထောင်၍ ဓာတ်ပုံပညာရှင် အမြောက်အမြား မွေးထုတ်ပေးလျက်ရှိသည်။

ထို့ပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် ဓာတ်ပုံပညာသည်များကဓာတ်ပုံပညာဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့် အဖြစ် ကူညီ ပံ့ပိုးရေး ဟူသော ရည်ရွယ်ချက်များသည် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကြီး၏ အဓိက ရည်ရွယ်ချက်များဖြစ်သည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစက မြန်မာနိုင်ငံဓာတ်ပုံအသင်းကြီးသည် ရွှေတိဂုံဘုရား အနောက်မုခ်ပွဲတော် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၊ မြို့တော်သန့်ရှင်းရေး စသည်တို့တွင် ဓာတ်ပုံပညာဖြင့်ပါဝင်ကူညီခဲ့သည်။ တော်လှန်ရေးအစိုးရလက်ထက်တွင် နိုင်ငံကုန်သွယ်ရေးလုပ်ငန်းအတွက် မြန်မာ့ ထွက်ကုန်လုပ်ငန်း မှတ်တမ်းတင် ဓာတ်ပုံများ အပါအဝင် သတင်းမှတ်တမ်းဓာတ်ပုံများကို မြောက်မြားစွာ ရိုက်ကူးပေးခဲ့သည်။

ထို့ပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများ၊ တပ်မတော်နေ့၊ တောင်သူလယ်သမားနေ့၊ ပြည်ထောင်စုနေ့၊ အမျိုးသားနေ့၊ အလုပ်သမားနေ့ စသည့် နိုင်ငံတော်က ကျင်းပသော နေ့ကြီးရက်ကြီးများတွင် မှတ်တမ်းတင် ဓာတ်ပုံများကို ရိုက်ကူးပေးခဲ့သည်။

အထူးသဖြင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကြီးသည်

ရှားပါးသော သမိုင်းဝင်ခေတ်ပုံများကို အသင်းသားများ ထံမှလည်းကောင်း၊ ပြင်ပပုဂ္ဂိုလ်များ ထံမှလည်းကောင်း ရှာဖွေစုဆောင်း၍ တပ်မတော်မော်ကွန်းတိုက်သို့ ပေးလှူခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း အစရှိသော အမျိုးသား ခေါင်းဆောင်ကြီးများ၏ ရှားပါး ခေတ်ပုံများကိုလည်း ရှာဖွေကာ ပေးလှူခဲ့သည်။ အခြို့ သမိုင်းဝင် ခေတ်ပုံများကို သေဆုံးသွားသည့်ခေတ်ပုံပညာရှင်များ၏ မိသားစုများထံမှ ဝယ်ယူစုဆောင်းခဲ့သည်။

မြန်မာနိုင်ငံ ခေတ်ပုံအသင်းကြီး မ ပေါ် ပေါက် မီ စစ်ကြိုခေတ်က မြန်မာနိုင်ငံတွင် အင်္ဂလိပ်နှင့် လူမျိုးခြား ကုန်သည်ပွဲစားများ၊ အရာရှိကြီးများက ဖွဲ့စည်းထားသည့် ခေတ်ပုံအသင်းသာ ရှိခဲ့သည်။ မြန်မာအမျိုးသားများ ပါဝင်ဖွဲ့စည်းထားသည့် ခေတ်ပုံအသင်းဟူ၍မရှိသေးချေ။ ထို့ကြောင့် မြန်မာအမျိုးသား ခေတ်ပုံဝါသနာရှင်များသည် မြန်မာ အမျိုးသားများ ပါဝင်သည့် ခေတ်ပုံအသင်းကို ထူထောင်လိုကြသည်။

ထိုသို့ဖြင့် ၁၉၅၀ ပြည့်နှစ်တွင် ဦးကျော်ထွန်းစိန်၊ ဦးခင်လေးမောင်၊ ဦးသန်းမောင်၊ ဦးဘသိန်းစသည့် ခေတ်ပုံဝါသနာရှင်တစ်စုတို့သည် ရန်ကုန် ခေတ် ပုံ အ သင်း ဟူ ၍ အပျော်တမ်းခေတ်ပုံအသင်း တစ်သင်းကို စတင် ဖွဲ့စည်းခဲ့ကြသည်။ အသင်းတည်ရာ ဌာနမှာ ဗြိတိသျှ ကောင်စီရုံးခန်းဖြစ်၍ အသင်းဥက္ကဋ္ဌမှာ မစ္စတာဂျန်ကင် ဖြစ်သည်။ ထိုနှစ်ကုန်ခန့်မှာပင် အသင်း၏ အစည်းအဝေးကို ကျင်းပခဲ့ပြီး အသင်း၏အမည်ကိုလည်း မြန်မာပြည်ခေတ်ပုံအသင်းဟူ၍ ပြောင်းလဲသတ်မှတ်ခဲ့သည်။ အသင်းဥက္ကဋ္ဌအဖြစ် ဦး ကျော် ထွန်း စိန် ကို ရွေး ချယ် တင် မြှောက် ခဲ့ သည်။ ထို့နောက် မြန်မာပြည်ခေတ်ပုံအသင်းတွင် အသင်းသားများ တစ်စထက်တစ်စတိုးတက်များပြားလာခဲ့ပြီးခေတ်ပုံဝါသနာရှင်များ စုစည်းမိလာခဲ့ကြသည်။ အသင်းစတင်တည်ထောင်ခဲ့ကြသူများအနက် ဦးသန်းမောင်နှင့် ဦးခင်လေးမောင်တို့သည် သက်ရှိထင်ရှားရှိနေပြီး အသင်းကြီး၏ နာ ယ က ကြီး များ အ ဖြစ် အ သင်း ကြီး အ ကျိုး ကို ထမ်းပိုးလျက် ရှိကြသည်။

၁၉၆၄ ခုနှစ်တွင် မြန်မာပြည်ခေတ်ပုံအသင်းကို အမျိုးသား စည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေအရ မှတ်ပုံတင်ခဲ့သည်။ ၁၉၇၀ ခုနှစ် မတ်လ ၂၆ ရက် နေ့ တွင် သင်းလုံးကျွတ်ညီလာခံက အသင်း၏စည်းမျဉ်းဥပဒေကို ရေးဆွဲ အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ အသင်း၏ အမည်ကိုလည်း မြန်မာနိုင်ငံ ခေတ်ပုံအသင်းဟူ၍ ပြောင်းလဲပြင်ဆင်ခဲ့သည်။

မြန်မာနိုင်ငံ ခေတ်ပုံအသင်းသည် ခေတ်ပုံပညာပြန့်ပွားရေးနှင့် အဆင့်အတန်း တိုးတက် မြင့်မားရေး အတွက် အခြေခံ ခေတ်ပုံပညာသင်တန်းများကို ၁၉၆၅ ခုနှစ်မှစ၍ နှစ်စဉ် ပို့ချခဲ့သည်။ ယင်းသင်တန်းများတွင် ဝါရင့် ခေတ် ပုံ ပ ညာ ရှင် များ ဖြစ် ကြ သည့် ဦး ခင် လေး မောင်၊ ဦး သိန်း မောင်၊ ဦး တင် မောင် အေး၊ ဦးဝင်းဖေ၊ ဦးအောင်ဖေညွန့်နှင့် ဦးကျော်လင်းတို့က ဦးစီးပို့ချလျက် ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ ခေတ်ပုံ အသင်းကြီးတွင် အသင်းသားပေါင်း ၅,၁၁၄ ဦး ရှိနေပြီ ဖြစ်သည်။ တစ်နှစ်ထက်တစ်နှစ် အသင်းသားဦးရေ တိုးတက်များပြားလာခဲ့ပြီး ပါဝင်သည့် အ သင်း သား များ မှာ လည်း စစ်ဘက်၊ နယ်ဘက်၊ အရပ်ဘက်ဆိုင်ရာ ကဃေ၊ ဥဿဝန်ထမ်းမှအစ ကျောင်းသား၊ ကျောင်းသူအဆုံး အလှာစုံ ပါဝင်လျက် ရှိသည်။ ထိုသို့ အလှာစုံပါဝင်သည့် အသင်းသားများ ခေတ်ပုံပညာအရည်အသွေး တိုးတက် မြင့်မားရေးအတွက် မြန် မာ နိုင် ငံ ခေတ်ပုံအသင်းသည် နှစ်စဉ် ကျင်းပမြဲ ဖြစ်သည့် နှစ် ပတ် လည် ခေတ်ပုံပြပွဲအပြင် ၁၉၆၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ခေတ်ပုံပြပွဲပြိုင်ပွဲကြီးကို နှစ်စဉ် ကြီးမှူး ပြသလာခဲ့သည်မှာ ၂၅ နှစ် ပြည့် မြောက်၍ ဒေရတုသဘင် ပြပွဲကိုပင် ဆင်ယင်ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

တင်သွင်း ယှဉ်ပြိုင်သော ခေတ်ပုံများအပေါ် အကဲဖြတ် အမှတ်ပေးရာတွင် ဦးခင်လေးမောင်၊ ဦးသိန်းမောင်၊ ဦးမောင်မောင်တင်၊ ဦးဖေခင်၊ ဦးအမ်တင်အေး၊ ဦးတင်မောင်အေး၊ ဦးမြစိန်၊ ဦးသန်း၊ စစ်ကိုင်း ဝင်းမောင်၊ ဦးမျိုးအောင် (ရှမ်းပြည်)၊ ဦး မောင် မောင် သောင်း၊ ညောင်ဦး ဖိုးချို စသည့် အတွေ့အကြုံ ရင့် ကျက် သည့် ခေတ်ပုံပညာရှင်ကြီးများက စနစ်တကျ အကဲဖြတ်ပေးခဲ့ကြသည်။

မြန်မာနိုင်ငံ ခေတ်ပုံအသင်းကြီး၏ ၂၅ ကြိမ်မြောက် ဒေရတု အဖြစ် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ခေတ်ပုံပြပွဲပြိုင်ပွဲ (၁၉၈၈) တွင် ဆန်ခါတင်ခေတ်ပုံပေါင်း ၄၁၆ ပုံကို ရွေးချယ်ပြသထားရာ ရှုခင်းစဖွယ် (အဖြူ/အမည်း) ကဏ္ဍတွင် ပထမဆုကို တင်အောင်ထွန်းကလည်းကောင်း၊ ဒုတိယဆုကို သိန်းတန် (ချောစု) ကလည်းကောင်း၊ တတိယဆုကို ထွန်းတင် (ဖရင်ကီ) ကလည်းကောင်း၊ နှစ်သိမ့်ဆုများကို ရန်ကုန်ဝင်းဖေ၊ ထွန်းမြင့်၊ မြတ်ရွှေ (ပန်းချစ်သူ) တို့ကလည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ရှုခင်းစဖွယ် (ဆေးရောင်စုံ) ကဏ္ဍတွင် ပထမဆုကို မြင့်သိန်း (ရူပ) ကလည်း ကောင်း၊ ဒုတိယဆုကို အောင်မြင့် (မဇ္ဈူသင်း) ကလည်းကောင်း၊ တတိယဆုကို ကျော်ညွန့် (သဇင်) က လည်းကောင်း၊ နှစ်သိမ့်ဆုများကို



ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၏ (၁၂) ကြိမ်မြောက် အာရှနှင့်
ပစိဖိတ်ဓာတ်ပုံပြိုင်ပွဲတွင် ဆုချီးမြှင့်ခံရသော သန့်လွင် (ဘူမိဗေဒ) ၏ ဓာတ်ပုံလက်ရာ

ဒေါက်တာမောင်မောင်၊ စိန်ဝင်းထွေးနှင့် မာဃ စန်ဝင်း တို့ကလည်းကောင်း အသီးသီး ဆွတ်ခူးခဲ့သည်။

ရှုချင်စဖွယ် (ရောင်စုံ ဆလိုက်) ကဏ္ဍတွင် ပထမ ဆုကို မန္တယ်နီသောင်း (သဘာဝ) ကလည်းကောင်း၊ ဒုတိယဆုကို မြင့်ကြွယ် (ချယ်ရီ) ကလည်းကောင်း၊ တတိယဆုကို ဦးချစ်စိန်ကလည်းကောင်း၊ နှစ်သိမ့်ဆု များကို စိုင်းလီ (မိုးကောင်း)၊ ခင်မောင်ထွန်း၊ သန်းထွန်း (သစ်တော) တို့ကလည်းကောင်း ဆွတ်ခူး ရရှိခဲ့ကြသည်။

လူ၊ လူပတ်ဝန်းကျင်နှင့် လုပ်ငန်းကဏ္ဍတွင် ပထမဆုကို ထွန်းတင် (ဖရင်ကီ) ကလည်းကောင်း၊ ဒုတိယဆုကို မောင်သောင်း (သဘာဝ) ကလည်းကောင်း၊ တတိယ ဆုကို သန်းထွန်း (သစ်တော) ကလည်းကောင်း၊ နှစ်သိမ့် ဆုများကို မန္တယ်နီသောင်း (သဘာဝ)၊ ထွန်းတင် (ဖရင်ကီ) နှင့် အောင်မြင့် (မဉ္ဇူသင်း) တို့က လည်း ကောင်း ရရှိခဲ့ကြသည်။ အကဲဖြတ် အဖွဲ့၏ ဆုံးဖြတ် အတည်ပြုချက်အရ ၁၉၀၀ ခုနှစ်အတွက် အထူးချွန်ဆုံး ဓာတ်ပုံသမားဆုကို ထွန်းတင် (ဖရင်ကီ)က ဆွတ်ခူး ရရှိ ခဲ့သည်။

ထို့ပြင် ဓာတ်ပုံပညာဖြင့် ကမ္ဘာကသိစေအံ့ ဟူသည့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကြီး၏ ဆောင်ပုဒ်နှင့် အညီ မြန်မာနိုင်ငံဓာတ်ပုံအသင်းက မွေးထုတ်ခဲ့သော ဓာတ်ပုံ ပညာရှင်များသည် အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲများ တွင် ဆုတံဆိပ်များကို နှစ်စဉ်နှစ်တိုင်းပင် ဆွတ်ခူး ရရှိ လျက်ရှိသည်။

မြန်မာနိုင်ငံ ဓာတ်ပုံအသင်းကြီးက ဆုရရှိခဲ့သော ဓာတ်ပုံပြိုင်ပွဲများမှာ ကိုဒတ်ခ် အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံ ပြိုင်ပွဲ၊ အဆာဟိပင်တက်ချ် ကမ္ဘာ့ဓာတ်ပုံပြိုင်ပွဲ၊ အာရှ ယူနက်စကို ဓာတ်ပုံပြိုင်ပွဲ၊ ဟာဘစ်တက် ဓာတ်ပုံပြိုင်ပွဲ၊ ကမ္ဘာ့နိုင်ငံကလေးများ ဓာတ်ပုံပြိုင်ပွဲ၊ အေရှဝိခ် ဓာတ်ပုံ ပြိုင်ပွဲ၊ အာရှနှင့်ပစိဖိတ် ဓာတ်ပုံပြိုင်ပွဲနှင့် မာဇဒါ ဓာတ်ပုံ ပြိုင်ပွဲများ ဖြစ်ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီး၌ ပြုလုပ်သော ဓာတ်ပုံပြိုင်ပွဲများ တွင် မြန်မာနိုင်ငံမှ ဆုများဆွတ်ခူးရရှိသူများမှာ ဦးခင် လေးမောင်၊ ဦးတင့်လွင်၊ ဦးမောင်မောင်တင်၊ ဦးတင် မောင်အေး၊ ရန်ကုန် ဝင်းဖေ၊ တက္ကသိုလ် ကျောင်စိန်၊ တက္ကသိုလ် စိုးမြင့်၊ ထင်လင်း၊ စိန်ဝင်းထွေး၊ နေမျိုးထွန်း၊ စစ်ကိုင်းဝင်းမောင်၊ ညောင်ဦးဖိုးချို၊ ဦးမျိုးအောင် (ရှမ်းပြည်)၊ ဝင်းနိုင်၊ အောင်ကျော်ဆင့်၊ ကျော်မြင့် (အကောက်ခွန်)၊ ဦးမြစိန် (ဆောက်လုပ်ရေး)၊ ဦးမြင့်အောင် (ကေသီပန်)၊ ဦးဘသိန်း (ရွှေကျေး)၊ ဦးချစ်စိန်၊ ဦးဖရင်ကီ၊ ဦးမောင်အေး(သပြေ)၊ ဦးကျော် ဝင်း (လှဂုဏ်ရည်)၊ ဦးထွန်းကြည်၊ ဦးခင်မောင်စိုး၊ ဦးမောင်သောင်း (သဘာဝ)၊ ဦးမောင်မောင်လေး (ငွေလှိုင်း)၊ ဦးသိန်းဌေးမောင် (ရွှေလှသိန်း)၊ဦးသန်းဌေး (ညောင်ဦး)၊ ဦးစောမောင်မင်း (နယူးအာရှ)၊ ဦးညွန့် ရွှေ (စံပယ်)၊ ဦးညီပု၊ ဦးသန့်လွင်၊ ဦးစန်ဝင်း(ကသာ) နှင့် ဦးအောင်မြင့် စသူတို့ ဖြစ်ကြသည်။

၁၉၈၈ ခုနှစ် ပြည်ပဓာတ်ပုံပြိုင်ပွဲများအနက် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး၏ နှစ် ၄၀ မြောက် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ၊ မာဇဒါဓာတ်ပုံပြိုင်ပွဲနှင့် ယူနက်စကို(အာရှ တိုက်) ဓာတ်ပုံပြိုင်ပွဲတို့၌ မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင် ခြောက်ဦးက ဆုအသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့်ကမ္ဘာ့ဓာတ်ပုံအဖွဲ့ချုပ် တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှစ် ၄၀ မြောက် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲတွင် ကမ္ဘာ့နိုင်ငံ ပေါင်း ၁၂၇ နိုင်ငံက ဓာတ်ပုံပညာရှင် ၁,၇၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ပြီး ပေးပို့သည့်ဓာတ်ပုံပေါင်းမှာ ၁၁,၅၀၀ ရှိသည်။ ထိုဓာတ်ပုံများအနက် ပထမဆုခြောက်ဆုချီးမြှင့် ရာတွင် မြန်မာနိုင်ငံမှ မာဃစန်ဝင်း(ကသာ)က ပထမဆု တစ်ဆုကို ဆွတ်ခူးရရှိခဲ့ရာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကိုယ်တိုင်သွားရောက်၍ ဆုကို လက်ခံရယူခဲ့သည်။

မြန်မာနိုင်ငံဓာတ်ပုံအသင်း
အလုပ်အမှုဆောင်အဖွဲ့စာရင်း

အမည်	တာဝန်
ဦးသန်းမောင်	နာယက
ဦးခင်လေးမောင်	〃
ဦးသိန်းမောင်	〃
ဦးစောမြသိန်း	〃
ဦးမောင်မောင်ကြီး	ဥက္ကဋ္ဌ
ဦးမြစိန်	ဒု – ဥက္ကဋ္ဌ
ဦးသန်း	ဒု – ဥက္ကဋ္ဌ
ဦးတင်ဝင်းအောင်	အတွင်းရေးမှူး
ဦးအေးချစ်	တွဲဖက်အတွင်းရေးမှူး(၁)
ဦးကျော်လင်း	တွဲဖက်အတွင်းရေးမှူး(၂)
ဦးဖေမြင့်ဦး	ဘဏ္ဍာရေးမှူး
ဒေါ်မြင့်မြင့်ဆင့်	စာရင်းအင်းမှူး
ဦးမောင်မောင်ငြိမ်း	စာကြည့်တိုက်မှူး
ဦးမြတုန်လှနောင်	တွဲဖက်စာကြည့်တိုက်မှူး
ရန်ကုန်ဝင်းဖေ	အမှုဆောင်
ညောင်ဦးဖိုးချို	〃
ဦးစိန်ဝင်းထွေး	〃
ဦးသိန်းတန်	〃
ဗိုလ်ကြီးတင်မြင့်	〃

မြန်မာနိုင်ငံ ခေတ်ပုံအသင်းကြီးတွင် အသင်းသား သုံးမျိုးသုံးစားရှိသည်။ သာမန်အသင်းသား၊ ရာသက်ပန် အသင်းသားနှင့် ဂုဏ်ထူးဆောင်အသင်းသား ဟူ၍ ဖြစ်သည်။ သာမန်အသင်းသားအဖြစ် ခေတ်ပုံပညာ ဝါသနာပါသူတိုင်း မည်သူမဆို အသင်းဝင်ကြေး ပေးသွင်း၍ ဝင်ရောက်နိုင်သည်။ ရာသက်ပန် အသင်းသားဖြစ်ရန် သာမန် အသင်းသားသက်တမ်း ငါးနှစ်ပြည့်မြောက်ပြီး အသင်းမှ သတ်မှတ်ထားသော ငွေကြေးကို ပေးသွင်း၍ လျှောက်ထားနိုင်သည်။ ယခုအခါ ရာသက်ပန် အသင်းသား ၃၀၀ ကျော် ရှိသည်။ ခေတ်ပုံအသင်းကြီး၏ အကျိုးကို အစဉ်တစိုက် ထူးချွန် ပြောင်မြောက်စွာ တမ်းဆောင်ခဲ့သူအသင်းဝင်များကို အသင်းနှစ်ပတ်လည် အစည်းအဝေးက ဂုဏ်ထူးဆောင် အသင်းသားများ အဖြစ် ရွေးချယ်တင်မြှောက်သည်။ အသင်းကြီး စတင် တည်ထောင်ချိန်မှ ယနေ့ထိ ဂုဏ်ထူးဆောင် အသင်းသား ၁၁ ဦးမျှ ရွေးချယ်ထားပြီး ဖြစ်သည်။

ဂုဏ်ထူးဆောင် အသင်းသားများ

ဦးသန်းမောင်	(၀၀၁)
ဦးခင်လေးမောင်	(၀၀၂)
ဦးမောင်မောင်ကြီး	(၀၀၈)
ဦးသိန်းမောင်	(၀၁၁)
ဦးကျော်မြင့်	(၀၉၉)
ဦးတင်မောင်အေး	(၀၈၀)
ဦးဖေခင်	(၀၄၆)
ဦးမြစိန်	(၁၉၃)
ဦးဝင်းဖေ	(၂၄၃)
ဦးအောင်ဖေညွန့်	(၅၃၂)
ဦးလှသောင်း	(၃၈၃)

ယန် စန့် ခွင်း (ခရစ် ၁၉၀၇ –) ။ ။ တရုတ်ပြည်သူ သမ္မတနိုင်ငံ သမ္မတကြီး ယန်စန့်ခွင်းကို ၁၉၀၇ ခုနှစ်တွင် ဇီချွမ်ပြည်နယ် တွန်နန်ခရိုင်၌ မွေး ဖွား ခဲ့ သည်။ ၁၉၂၅ ခုနှစ်တွင် တရုတ်ကွန်မြူနစ်လူငယ်အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး နောက်တစ်နှစ်တွင် တရုတ်ကွန်မြူနစ်ပါတီဝင် ဖြစ်လာခဲ့သည်။ ဇီချွမ်နှင့် ရှန်ဟဲတို့တွင် အလုပ်သမားနှင့် ကျေးလက်သား လှုပ်ရှားမှုတို့၌ ပါဝင် လှုပ်ရှားသည်။ ၁၉၂၇ ခုနှစ်မှ ၁၉၃၁ ခုနှစ်အထိ မော်စကိုမြို့ရှိ ဆွန်ယက်ဆင်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သည်။

တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိသောအခါ ယန်သည် စည်းရုံးလှုံ့ဆော်ရေးဌာနကြီးမှူး၊ ရှန်ဟဲမြို့ရှိ တရုတ်နိုင်ငံ လုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်၏ အတွင်းရေးမှူး၊



တရုတ်ပြည်သူ့သမ္မတနိုင်ငံ
သမ္မတ ယန်စန့်ခွင်း

ကျန်စုပြည်နယ် ပါတီကော်မတီနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတို့၏ စည်း ရုံး လှုံ့ ဆော် ရေး ဌာ န ကြီး မှူး စသည့် တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခဲ့သည်။ ရှန်ဟဲ အလုပ်သမား လှုပ်ရှားမှုကိုလည်းကောင်း၊ ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု များကိုလည်းကောင်း စည်းရုံးဦးဆောင်ခဲ့သည်။

ထို့နောက် 'တရုတ်နီ' သတင်းစာ၏ အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီး ကျန်စီပြည်နယ် နိုင် ငံ ရေး သင် တန်း ကျောင်း၏ ဒုတိယ ကျောင်းအုပ်ကြီး ဖြစ်လာသည်။ မော်စီတုန်း (၁၈၉၃ – ၁၉၇၆) နှင့် မာရှယ် ချူတေး တို့ ခေါင်းဆောင်သော တရုတ်တပ်နီတော်၏ ပထမရှေ့ တန်းတပ်မတော်၏ နိုင် ငံ ရေး ဌာ န ညွှန်ကြားရေးမှူး၊ တပ်နီတော်တစ်ခုလုံး၏ နိုင်ငံရေးဌာန ညွှန်ကြားရေးမှူး၊ တပ်နီတော် တတိယတပ်မတော်၏ နိုင်ငံရေးမှူးအစရှိသည့် တာဝန်များကိုလည်း ထမ်းရွက်ခဲ့ပြန်သည်။

ယန်စန့်ခွင်းသည် ၁၉၃၄ ခုနှစ် အောက်တိုဘာလမှ ၁၉၃၅ ခုနှစ် အောက်တိုဘာလအထိ မဟာခရီးရှည်ချီတက်ပွဲတွင် ပါဝင်ခဲ့သည်။ ကွေချောင်ပြည်နယ် ကျန်းရီမြို့၌ ကျင်းပသော သမိုင်းဝင် ပါတီဦးဆောင်အဖွဲ့ အစည်းအဝေးသို့ မဲပေးခွင့်မရသော ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ယန်သည် ၁၉၃၇ ခုနှစ်တွင် ရှန်စီ–ကန်စု ပူးတွဲစစ်ဒေသ နိုင်ငံရေးမှူးအဖြစ်မှ ပါတီ ဗဟိုကော်မတီ မြောက်ပိုင်း ဗျူရို အတွင်းရေးမှူးအဖြစ် တိုးမြှင့်တာဝန် အပ်နှင်းခံရသည်။ ၁၉၄၅ ခုနှစ် နောက်ပိုင်းတွင် ပါတီ ဗဟိုကော်မတီ စစ်ကော်မရှင်၏ အတွင်းရေးမှူးချုပ်ဖြစ် လာသည်။

ယန်စန့်ခွင်းသည် ၁၉၄၉ ခုနှစ်တွင် တရုတ် ပြည်သူ့ သမ္မတနိုင်ငံ ပေါ်ထွန်းလာသောအခါ ပါတီဗဟိုကော်မတီ ရုံးချုပ်၏ ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ဗဟို ကော်မတီ၏ ဒုတိယ အတွင်းရေးမှူးချုပ်အဖြစ် လည်း ကောင်း တာဝန်ယူခဲ့ရပြန်သည်။ ယဉ်ကျေးမှုတော်လှန် ရေး (၁၉၆၆–၇၆) မတိုင်မီက ယန်သည် ကွမ်တုန်ပြည်နယ်

ပါတီကော်မတီ အတွင်းရေးမှူးအဖွဲ့၏ အဖွဲဝင်ဖြစ်လာခဲ့သော်လည်း ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် အဓိကပစ်မှတ်အဖြစ် တိုက်ခိုက်ခံခဲ့ရသည့်အလျောက် ရာထူးမှ ဖယ်ရှားခံရပြီး အကျဉ်းချထားခံရသည်။

ယန်စန်ခွင်းသည် ၁၉၇၈ ခုနှစ်တွင် ပြန်လည်တာဝန်အပ်နှင်းခံရသည့်အခါ ကွမ်တုန်ပြည်နယ် ပါတီကော်မတီ၏ ဒုတိယ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ထို့နောက် ကွမ်တုန်ပြည်နယ်၏ ဒုတိယအုပ်ချုပ်ရေးမှူး၊ ကွမ်ကျောက်မြို့တော် ပါတီကော်မတီ၏ ပထမအတွင်းရေးမှူးနှင့် မြို့တော်ဝန်အဖြစ် တာဝန်အသီးသီးကို ဆက်လက်ထမ်းဆောင်ခဲ့ရသည်။

ယန်စန်ခွင်းသည် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် တရုတ်အမျိုးသားပြည်သူကွန်ဂရက် အမြဲတမ်းကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ပါတီဗဟိုကော်မတီ စစ်ကော်မရှင်၏ အတွင်းရေးမှူးချုပ် ဖြစ်လာသည်။ နောက်ပိုင်းတွင် ဗဟိုစစ်ကော်မရှင်၏ အမြဲတမ်း ဒုတိယဥက္ကဋ္ဌတာဝန်ယူခဲ့ရသည်။ ယန်သည် (၈) ကြိမ်၊ (၁၁) ကြိမ်၊ (၁၂) ကြိမ်နှင့် (၁၃) ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံအသီးသီးတွင် ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ထို့ပြင် ၁၉၇၂ ခုနှစ်တွင် ကျင်းပသော (၁၂) ကြိမ်မြောက် ပါတီဗဟိုကော်မတီ ပထမအကြိမ် မျက်နှာစုံညီ အစည်းအဝေးတွင် နိုင်ငံရေး ဦးဆောင်အဖွဲ့ (ပေါ်လစ်ဗျူရို) အဖွဲဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

ထို့နောက် ၁၉၇၇ ခုနှစ် အောက်တိုဘာလတွင် (၁၃) ကြိမ်မြောက် ပါတီညီလာခံက စစ်ရေးကော်မရှင်၏ ပထမ ဒုတိယ ဥက္ကဋ္ဌအဖြစ် ယန်စန်ခွင်းအား တာဝန်အပ်နှင်းပြန်သည်။ ၁၉၇၈ ခုနှစ် ပြီလတွင် ကျင်းပသော အမျိုးသား ပြည်သူကွန်ဂရက် ပထမအစည်းအဝေးတွင် တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ သမ္မတကြီး အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ယန်သည်မော်စီတုန်း၊ လျှောရှောက်ချီ (၁၈၉၈–၁၉၇၄) နှင့် လီရှန်နင့် (၁၉၀၅–) တို့ပြီးလျှင် စတုတ္ထမြောက် ရွေးချယ်တင်မြှောက်ခံရသော သမ္မတကြီး ဖြစ်သည်။

ယန်သည် စစ်ရေးအသုံးစရိတ်ကို လျှော့ချသည်နှင့် အမျှ နိုင်ငံတည်ဆောက်ရေးကို ပံ့ပိုးသော တပ်မတော်အဖြစ်သို့ တပ်အင်အား တစ်သန်းလျှော့ချ၍ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ခေတ်မီလက်နက် ထုတ်လုပ်တပ်ဆင်ခြင်း၊ ကွပ်ကဲရေးအရာရှိတို့၏ ပျမ်းမျအသက်ကို ၄၇ နှစ်သို့ လျှော့ချခြင်းဖြင့် လွန်ခဲ့သောငါးနှစ်ကထက် ပျမ်းမျအားဖြင့် ကိုးနှစ်လျှော့ချခြင်းစသည့် တပ်မတော် ပြုပြင်ပြောင်းလဲရေးအစီအစဉ်အရပ်ရပ်ကို ချမှတ် အကောင်အထည်ဖော်သည်။ လွန်ခဲ့သော နှစ်ပိုင်းအတွင်းကပင် စစ်ရေးလေ့ကျင့်ရာနေရာများ၊ ဒုံးကျည်ပစ်လွှတ်ရာ နေရာများသို့ ကွင်းဆင်းစစ်ဆေး ကြည့်ရှုလေ့ရှိသည်။ ဝေးလံခေါင်းပါးသော ဒေသများရှိစစ်စခန်းများသို့လည်းကောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအတွက် ဖွင့်လှစ်ထားသော အထူးစီးပွားရေးဇုန်နယ်မြေတို့နှင့် မြို့တော်များသို့လည်းကောင်း ကိုယ်တိုင်သွားရောက် လေ့လာလေ့ရှိသည်။

ရာဘီ, အစ်ဆီဒါအိုင်းဆက် (ခရစ် ၁၈၉၈–၁၉၈၈)။ ။ ပညာနှင့်သိက္ခာသမာဓိကြောင့် ချွေးကလီးယားသိပ္ပံပညာရှင် မျိုးနွယ်ဆက်နှစ်ဆက်ကို သြဇာ လွှမ်းနိုင်စွမ်းရှိသည့် နိုဗဲဆုရ အမေရိကန်ရူပဗေဒပညာရှင် အစ်ဆီဒါအိုင်းဆက် ရာဘီကို ၁၈၉၈ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ထိုစဉ်က သြစတြီးယားနိုင်ငံ ပိုင်နက်နယ်မြေတွင် ရှိခဲ့ပြီး ယခုအခါ ယူကရိန်းဆိုရှယ်လစ်သမ္မတနိုင်ငံတွင်ရှိသော ရိုင်မာနို့မြို့၌ မွေးဖွားသည်။ ငယ်စဉ်က နယူးယောက် မြို့တွင် ဆင်းဆင်းရဲရဲကြီးပြင်းလာခဲ့ရပြီး ကော်နဲ့ တက္ကသိုလ်နှင့် ကိုလံဘီယာ တက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့သည်။

ရာဘီသည် ၁၉၂၄ ခုနှစ်မှ ၁၉၂၇ ခုနှစ်ထိ နယူးယောက်မြို့ ရူပဗေဒကောလိပ်တွင် နည်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၂၉ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်ထိ ကိုလံဘီယာ တက္ကသိုလ်တွင် ရူပဗေဒကထိကအဖြစ်ပို့ချသည်။ ၁၉၃၇ ခုနှစ်တွင် ပါမောက္ခဖြစ်လာသည်။ ထိုနှစ်တွင်ပင် ရာဘီသည် သံလိုက်ခွင်ကျနည်းကို ဗေဒဆော်ဦး ဖော်ထုတ်နိုင်ခဲ့သည်။ အက်တမ်များ စွမ်းအင်အခြေသို့ ပြောင်းလဲသော အခါ ထုတ်လွှတ်ပေးသည့် သို့မဟုတ် စုပ်ယူသည့် စွမ်းအင်ပမာဏ (အက်တမ်ရောင်စဉ်) ကို လေ့လာသောနည်းဖြစ်

နိုဗဲဆုရ ရူပဗေဒပညာရှင် အစ်ဆီဒါ အိုင်းဆက် ရာဘီ



သည်။ ယင်းသံလိုက်ခွင်ကျမှုမှ တည်မြဲမက္ကင်းနစ်ဂုဏ်သတ္တိနှင့် သံလိုက်ဂုဏ်သတ္တိတို့ကို လည်းကောင်း၊ အက်တမ်နျူကလိယပုံသွင်ကိုလည်းကောင်းထုတ်ယူဆင်ခြင်နိုင်သောနည်းဖြစ်သည်။ ရာဘီ၏နည်းကြောင့် အက်တမ်များနှင့် မော်လီကျူးတို့၏ ဖွဲ့စည်းပုံနှင့်ပတ်သက်သည့် အသေးစိတ်သတင်းအချက်အလက်များကို ထပ်မံလေ့လာဖော်ထုတ်နိုင်ခဲ့သည်။ သို့ဖြစ်၍ ရာဘီသည် ၁၉၄၄ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဗဲဆုကိုဆွတ်ခူးရရှိသည်။ လေဆာနည်းပညာကဲ့သို့သော နောက်ဆက်တဲ့ အသုံးချပညာပိုင်းသည် ရာဘီ၏ ရှေ့ဆောင်လုပ်ငန်းပေါ်တွင် မျှားစွာအားထားခဲ့ရပေသည်။

ရာဘီသည် ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်ထိ မိုက်ခရိုလိုင်းရေဒါထုတ်လုပ်မှု လုပ်ငန်းတွင်ပါဝင်ခဲ့ပြီး မက်ဆာချူးဆက်ပြည်နယ် စက်မှုတက္ကသိုလ်ရှိ ဖြာထွက်ရောင်ခြည်ဓာတ်ခွဲခန်း၏ တွဲဖက် ညွှန်ကြားရေးမှူး ဖြစ်လာသည်။ တစ်ဖန် ၁၉၄၆ ခုနှစ်မှစ၍ အဏုမြူစွမ်းအင်ကော်မရှင်၏ အထွေထွေအကြံပေးကော်မတီတွင် ဆောင်ရွက်ခဲ့ရာ ၁၉၅၂ ခုနှစ်မှ ၁၉၅၆ ခုနှစ်ထိ ဥက္ကဋ္ဌတာဝန်ကိုယူခဲ့သည်။ ဂျီနီဗာမြို့၌ ၁၉၅၅ ခုနှစ်၊ ၁၉၅၈ ခုနှစ်နှင့် ၁၉၆၄ ခုနှစ်တို့တွင်အဏုမြူစွမ်းအင်ငြိမ်းချမ်းစွာ အသုံးချရေးဆိုင်ရာ နိုင်ငံတကာညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းခဲ့သည်။ ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို) တွင် အမေရိကန်ပြည်ထောင်စု၏ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်စဉ် ဆန်းဓာတ်ခွဲခန်းဟု လူသိများသော စွမ်းအင်မြင့် ရူပဗေဒဆိုင်ရာ နိုင်ငံတကာဓာတ်ခွဲခန်းကြီးကို ဂျီနီဗာမြို့၌ တည်ထောင်ရာတွင် ရှေ့ဆောင်ရွေ့ရွက်ပြုခဲ့သည်။

ရာဘီသည် အမေရိကန်သမ္မတ၏ သိပ္ပံပညာအကြံပေးကော်မတီဝင်၊ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) သိပ္ပံပညာကော်မတီဝင်၊ အမေရိကန်လက်နက် ထိန်းချုပ်ရေးနှင့် လက်နက် ဖျက်သိမ်းရေး အေဂျင်စီ အကြံပေးကော်မတီဝင်၊ နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) သိပ္ပံပညာအကြံပေး ကော်မတီဝင်၊ ကုလသမဂ္ဂ သိပ္ပံပညာ အကြံပေး ကော်မတီဝင် စသည့် ကာဝန်အရပ်ရပ်ကိုလည်း ထမ်းဆောင်ခဲ့သည်။ ကော်နဲတက္ကသိုလ်နှင့် ကိုလံဘီယာတက္ကသိုလ်တို့တွင် နှစ်ပေါင်း ၄၀ နီးပါးမျှ စာပေသင်ကြားပို့ချပေးခဲ့သော် ရာဘီသည် ကိုလံဘီယာ တက္ကသိုလ်တွင် ၁၉၆၇ ခုနှစ်မှစ၍ ဂုဏ်ထူးဆောင် တက္ကသိုလ် ပါမောက္ခကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ရာဘီသည် ကျွန်ုပ်၏ ရူပဗေဒပညာရှင်ဘဝနှင့် ခေတ် (၁၉၆၀)၊ လူသားနှင့်ရူပဗေဒ (၁၉၆၈)၊ ယဉ်ကျေးမှု အချက်အချာ သိပ္ပံပညာ (၁၉၇၀) စသည့်စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။

နိုဗဲဆုရ ရူပဗေဒပညာရှင် အစ်ဆီဒါ အိုင်းဆက်ရာဘီသည် ၁၉၀၈ ခုနှစ် မတ်လတွင် အမေရိကန်ပြည်ထောင်စုနယူးယောက်မြို့၌ ကွယ်လွန်သည်။

ရူးဗစ်,အာနိုး (ခရစ် ၁၉၄၄–)။ ။ကွန်မြူနစ် အုပ်စုဝင်နိုင်ငံတစ်နိုင်ငံ၌ ကိုယ်စွမ်းကိုယ်စဖြင့် လူနည်းစု သန်းကြွယ်သူဌေးစာရင်းဝင် ဖြစ်လာခဲ့သော ဟန်ဂေရီလူမျိုး ဗီသုကာနှင့် ဒီဇိုင်းပညာပါမောက္ခ အာနိုး ရူးဗစ်ကို ၁၉၄၄ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ဘူဒါပက် ဆေးရုံရှိ ဗုံးခိုကျင်းထဲ၌မွေးဖွားခဲ့သည်။ မိခင်သည် ထင်ရှားသည့် ကဗျာ ဆရာမတစ်ဦး ဖြစ်သည်။ ဖခင်သည် ထူးချွန်သော လေကြောင်းအင်ဂျင်နီယာအဖြစ် သတင်းမွေးသူဖြစ်ပြီး ကိုယ်ပိုင် စက်မဲ့လေယာဉ် ကုမ္ပဏီကို စတင်တည်ထောင်ခဲ့ရာ ယခုအခါ ယင်းကုမ္ပဏီသည် ဟန်ဂေရီနိုင်ငံ၌ အကောင်းဆုံးအဖြစ် သတ်မှတ်ခံရသည်။ အာနိုးရူးဗစ်သည် ငယ်စဉ်ကပညာချွန်သော်လည်းပုံဆွဲခြင်းကို ပို၍ဝါသနာထုံခဲ့သည်။ ဘူဒါပက်မြို့စက်မှုလက်မှုနည်းပညာ တက္ကသိုလ်၌ ပန်းပုပညာဘွဲ့ကို ရရှိခဲ့ပြီးနောက် အသုံးချအနုပညာနှင့် ဒီဇိုင်းတက္ကသိုလ်၌ ဗိသုကာပညာကို ဆက်လက်ဆည်းပူးသည်။

ထို့နောက် အာနိုး ရူးဗစ်သည် ပန်းပုပညာ၊ ဒီဇိုင်းပညာနှင့် ဂဲသြမေတြီတို့ကို စိတ်ဝင်တစား ပေါင်းစပ်ကြည့်သည်။ ကတ်ထူပြားနှင့် သစ်သားတို့ကို သုံးလျက် ဂဲသြမေတြီ စိတ်ကူး စိတ်သန်းများကို ပုံဖော်ကြည့်သည်။ နောင်တွင် သူတီထွင်သည့် ရူးဗစ်အန်စာ၏ အခြေခံပုံစံကို ၁၉၇၄ ခုနှစ်တွင် သစ်သားတုံးငယ် ၂၇ တုံးဖြင့် တည်ဆောက်နိုင်ခဲ့သည်။ အလျော့အတင်း ပြုလုပ်၍ရသော ကြိုးများဖြင့် ချည်လျက် ယင်းအန်စာတုံးတစ်တုံးချင်း၏ လှုပ်ရှားမှုကို စူးစမ်းရန် လှည့်ကာလိမ်ကာလုပ်ကြည့်သည်။ ထိုမှတစ်ဆင့် အန်စာတုံးများကို ပြေပြစ်စွာစုစည်းထားနိုင်မည့်နည်းကို တွေ့ရှိသည်။ တစ်ဖန် ရောင်စုံစက္ကူများကို အန်စာတစ်မျက်နှာလျှင် တစ်ရောင်စီပြောင်းကပ်၍ အလိမ်အလှည့်လုပ်ကြည့်ပြန်သည်။ အုပတ်ရေမများလှသေးခင်မှာပင် အရောင်များ ရောထွေးယှက်တင် ဖြစ်ကုန်သည်။ မူလအရောင်စဉ် အနေအထားအတိုင်း ပြန်လည်ရရှိအောင် အဖြေထုတ်၍ရလျှင် အံ့မခန်းပင် ပီတိဖြစ်ရသည်။ ဤသို့ဖြင့် လောကီလူသား တစ်ဦးအဖို့ အဖြေရရှိသည်အထိ နှစ်ပေါင်း ၃၀၀ အချိန်ယူရမည်ဟု ခန့်မှန်းရသော ရူးဗစ်အန်စာ ပဟေဠိ ကစားစရာကို တီထွင် နိုင်ခဲ့တော့သည်။ ယင်းကစားစရာကိုကြည့်လျှင် ကုဗတုံးတစ်တုံးအသွင် စုစုစည်းစည်းရှိနေပြီး မျက်နှာတစ်ဘက်လျှင် တစ်ရောင်စီ



အာနိုး ရှားဗစ်

ကဲ့ပြားနေသည်ကို တွေ့ရမည်။ အသေအချာ စူးစမ်းကြည့်သော် ဗဟိုဝင်ရိုးပေါ်၌ လှည့်၍ရသည့် ကုဗတုံးငယ် ၂၆ တုံးဖြင့် ပြုလုပ်ထားသည်ကို မြင်ရမည်။ သန်းပေါင်းများစွာသော လူသားတို့၏စိတ်ကို တထင့်ထင့်ဖြစ်နေအောင် ညှိုစွမ်းနိုင်သော ကစားစရာဖြစ်နေပေသည်။ ယင်းကစားစရာကို လိမ်ကာလှည့်ကာ ကစားနေသူသည် ပုံသဏ္ဌာန်အမှားပေါင်း ၄၃ ကွင်တီလျံကျော် (တစ်ကွင်တီလျံ = တစ်နောက်မှာသုည ၁၈ လုံး) ကိုလွန်ပြီးမှ မူလကုဗတုံးပုံစံကို ပြန်ရမည်ဟုဆိုသည်။

ရှားဗစ်သည် ၁၉၇၅ ခုနှစ် ဇန်နဝါရီလတွင် ယင်းကစားစရာ မူပိုင်ခွင့်အတွက်လျှောက်ထားခဲ့ရာ ကြိုးနီစနစ်အလွန်အကဲ့ပိနေသော ကွန်ဆူမက်အမည်ရှိ ဟန်ဂေရီနိုင်ငံတော် ကုန်သွယ်ရေး ကုမ္ပဏီက ၁၉၇၇ ခုနှစ်တွင်မှ စတင်ထုတ်လုပ်သည်။ ထိုနှစ်ကုန်မှသာ ဆိုင်ပေါ်တင်ရောင်းသည်။ ဗီယင်နာမြို့နေ ဟန်ဂေရီ လူမျိုး ကုန်သည် တစ်ဦးဖြစ်သော တီဘာ လက်ဇီ ဟန်ဂေရီသို့ အရောင်းအဝယ်ကိစ္စဖြင့်လာရင်း ယင်းကစားစရာကို ပထမဆုံးအကြိမ် မြင်တွေ့သွားသည့်အချိန်အထိ ရှားဗစ် အန်စာကစားစရံသည် အရောင်းမတွင်လှသေးချေ။ လက်ဇီက ကွန်ဆူမက်ကုမ္ပဏီသို့သွား၍ အနောက်နိုင်ငံများသို့ တင်ပို့ရောင်းချခွင့် တောင်းသည်။ ရှားဗစ်ထံသို့ သွားရောက်တွေ့ဆုံပြီး ရှားဗစ်ထံမှ ယင်းပဟေဠိဖြေရှင်းနည်းကို သင်ယူသည်။ ၁၉၇၉ ခုနှစ်တွင် ချူရင်းဗဲ့ကစားစရာ ပွဲတော်၌ လက်ဇီကိုယ်တိုင် လမ်းလျှောက်လျက် အန်စာပဟေဠိကို နမူနာကစားပြသည်။ အမေရိကန် ပြည်ထောင်စုရှိ အိုင်ဒီးကစားစရာကုမ္ပဏီက အန်စာတစ်သန်း မှာယူသည်။ ထိုစဉ်က ရှားဗစ်အန်စာကို ဘူဗော့စ်ခေါ်ကာ (မျော်ဝင်အန်စာ) ဟုခေါ်တွင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ရှားဗစ်အန်စာပေါင်း ၄ ဒသမ ၅ သန်းကိုလည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင်

ရုပ်ရှင်ထူးချွန်ဆု (နိုင်ငံခြား)

ရှားဗစ်အန်စာပေါင်း သန်းနှစ်ဆယ်ခန့်ကို လည်းကောင်း ကမ္ဘာတစ်ဝန်းက ဝယ်ယူအားပေးခဲ့သည်။ နိုင်ငံအများအပြားတွင် အန်စာပဟေဠိကလပ်များ ဖွဲ့စည်းသည်။ အန်စာပဟေဠိပြိုင်ပွဲများ ကျင်းပသည်။ ၁၉၈၂ ခုနှစ်က ဗီယက်နမ်လူမျိုး အခြေခံပညာ အထက်တန်း ကျောင်းသားလေးတစ်ဦးသည် ဘူဒါပက်မြို့တွင် ကျင်းပသော ပြိုင်ပွဲ၌ ၂၂ ဒသမ ၉၅ စက္ကန့်အတွင်း ဖြေရှင်းနိုင်ခဲ့သည်။ ရှားဗစ်ကိုယ်တိုင် ဖြေရှင်းနိုင်သော အချိန်၏ ထက်ဝက်မျှသာကြာသည်။ အန်စာပဟေဠိ ရေပန်းစားလာသည်နှင့်အမျှ အာနိုးရှားဗစ်သည်လည်း အခွန်ပေးပြီး လစဉ်ဝင်ငွေဒေါ်လာ ၃၀,၀၀၀ ရရှိသည်အထိ ချမ်းသာလာလေသည်။ ရှားဗစ်အန်စာပဟေဠိကို တုပ ထုတ်လုပ်သူတို့အား ဟန့်တားနိုင်ရန်၊ ပို၍ ဆွဲဆောင်မှု ရှိစေရန်နှင့် ဥာဏ်ကွန့်မြူးနိုင်စေရန် ထပ်ဆင့် မွမ်းမံပေးခဲ့ပြန်သည်။

ပင်ဆီပေးနီးယား တက္ကသိုလ် ကျောင်းသား နှစ်ဦးဖြစ်သော ဗီလားနှင့် ဘလဲ ဝှစ်တော့ကားတို့က ရှားဗစ်၏ ပဉ္စလက် ကစားနည်းအတွက် လက်တွေ့ အဖြေအမည်ရှိစာအုပ်ကိုရေးသားခဲ့ရာ ရှားဗစ်က ဥယျောဇဉ်ရေးသားပေးသည်။ ရှားဗစ်အား ၁၉၈၁ – ၈၂ ခုနှစ်အတွက် တစ်နှစ်အတွင်း အကောင်းဆုံးကစားစရာဆုကို ဗြိတိန်၊ အနောက်ဂျာမနီ၊ အီတလီ၊ ဆွီဒင်၊ ဖင်းလန်၊ ပြင်သစ်နှင့် အမေရိကန် ပြည်ထောင်စုတို့က ချီးမြှင့်သည်။ ရှားဗစ်သည် ဟန်ဂေရီငြိမ်းချမ်းရေးကောင်စီအဖွဲ့ဝင်ဖြစ်သည်။ ဟန်ဂေရီစီးပွားရေးကိုအကျိုးပြုခဲ့ခြင်းကြောင့် ရှားဗစ်သည် လုပ်သားဂုဏ်ထူးဆောင် ရွှေတံဆိပ်ဆုတံဆိပ်ကို ဆွတ်ခူးရရှိခဲ့သည်။ နိုင်ငံတော်ဂုဏ်ထူးဆောင်ဆုကို ၁၉၈၃ ခုနှစ်တွင် ချီးမြှင့်ခံရသည်။ ဘူဗော့စ်ခေါ်ကာ (မျော်ဝင်အန်စာ) အမည်ရှိစာအုပ်ကို ရေးသားပြုစု တည်းဖြတ်ထုတ်ဝေခဲ့သည်။

ရှားဗစ်သည် ၁၉၈၈ ခုနှစ်ဇူလိုင်လတွင်ရှားဗစ်နာရီပဟေဠိကစားစရာ တစ်မျိုးကို တီထွင် ထုတ်လုပ်လိုက်ပြန်သည်။ နာရီဒိုင်ခွက်ကိုးခွက်ကို ယှဉ်တွဲထားသော ယင်းကစားစရာတွင်နာရီအားလုံးကို ၁၂ နာရီတိတိတွင်တစ်ပြေးညီရှိစေရန် ပြုလုပ်ပေးရမည့် ပဟေဠိပါရှိသည်။ တစ်ခုလျှင် ၁၂ ဒသမ ၂၅ ဒေါ်လာဖြင့် ရောင်းချရာ အထူးအရောင်းသွက်သည်ဟုဆိုသည်။

ရုပ်ရှင်ထူးချွန်ဆု (နိုင်ငံခြား) ။ ။ နိုင်ငံခြားရုပ်ရှင်လောကတွင် ၁၉၈၈ ခုနှစ် အတွင်း ရုပ်ရှင် ထူးချွန်ဆုများဆွတ်ခူးရရှိသည့် အခြေအနေကို လေ့လာကြည့်လျှင် အထူးပင် စိတ်ဝင်စားစရာ ကောင်းလှပေသည်။

အမေရိကန် အမျိုးသားရုပ်ရှင် ဝေဖန်သူများ အသင်း၏ ဆု – ၁၉၈၇ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ကားအဖြစ်

ကွယ်လွန်သူ ဒါရိုက်တာ ဂျွန် ဟတ်စတန် (၁၉၀၆–၁၉၀၇) ရိုက်ကူးသော သေလွန်သူများ အမည်ရှိ ဇာတ်ကားကို ရွေးချယ်သည်။ အိုင်းရစ်လူမျိုး စာရေးဆရာ ဂျိမ်းစ် ဂျွိုက်စ် (၁၈၈၂ – ၁၉၄၁) ၏ ဝတ္ထုတစ်ပုဒ်ကို အခြေခံ၍ အိုင်ယာလန်နိုင်ငံတွင် ရိုက်ကူးသော ဇာတ်ကားဖြစ်သည်။ အော်စကာအကယ်ဒမီ ရုပ်ရှင်ဆုရှင် ဟတ် စ တန် သည် မစ္စတာ နှင့် အမည်ရှိ ဇာတ်ကားကို ရိုက်ကူးနေစဉ် ၁၉၀၇ ခုနှစ် သြဂုတ်လက ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၈ – စာ၊ ၂၀၀ – ရှု။)


ဂျွန်ဘောမန်း စီစဉ်ရိုက်ကူး၍ ဒုတိယကမ္ဘာစစ်အတွင်း က ဂျာမန်တို့ လန်ဒန်မြို့ကို ဗုံးကြဲနေစဉ် ကလေးငယ် တစ်ဦး တွေ့ကြုံရပုံကို တင်ပြထားသည့် မျော်လင့်ခြင်း နှင့် ဂုဏ်ကျေးဇူး အမည်ရှိ ဇာတ်ကားအား အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်လမ်းဆုနှင့် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုတို့ကို ချီးမြှင့်သည်။

စတိဗ်မာတင်အား ရိုဆန်း အမည်ရှိ ဇာတ်ကားတွင် သရုပ်ဆောင်မှုအတွက် အကောင်းဆုံး အမျိုးသားရုပ်ရှင် သရုပ်ဆောင်ဆုကို လည်းကောင်း၊ အင်မိလီလွိုဒ် အား မင်းရှိစေချင်၊ သည်မှာပင် အမည်ရှိ ဇာဝ်ကားတွင် ကြမ်းကြမ်းရမ်းရမ်း အပျိုဖြန်းလေးအဖြစ် သရုပ်ဆောင်မှု အတွက် အကောင်းဆုံး အမျိုးသမီးရုပ်ရှင်သရုပ်ဆောင်ဆု ကို လည်းကောင်း ချီးမြှင့်သည်။

နယူးယောက် ရုပ်ရှင်ပွဲတော်ကို စီစဉ်ညွှန်ကြားခဲ့သူ ရစ်ချတ်ရုဒ်အား အထူးစုံမ်းဆောင်မှုဆုအတွက် ရွေးချယ်သည်။ ဆုအသီးသီးကို မဲပေးရွေးချယ်သည့် ယင်းအသင်းကြီးကို အမေရိကန် စာနယ်ဇင်းလောကမှ ရုပ်ရှင်ဝေဖန်သူ ၃၉ ဦးဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

အမေရိကန်ဇာတ်လမ်း ရုပ်ရှင် ဒါရိုက်တာများ အသင်း၏ ဆု –နောက်ဆုံးကေရာင် အမည်ရှိ ဇာတ်ကားကို ရိုက်ကူးသော အီတာလို့ ရုပ်ရှင်ဒါရိုက်တာ ဘာနာဒို ဘာတိုလပ်စီ အား ဆုချီးမြှင့်သည်။ အသင်းဝင်ပေါင်း ၇,၅၀၀ ပါဝင်သော ယင်းဒါရိုက်တာအသင်းကြီး (ဒီဂျီအေ) ၏ ဆုသည် အော်စကာဆု၏ ရှေ့ပြေးဖြစ်သည်ဟု ဆိုစမှတ်ပြုကြသည်။ ဒီဂျီအေက ဆုချီးမြှင့်ခဲ့ပါလျက် ထိုနှစ်အတွက် အကယ်ဒမီ အော်စကာဆုနှင့် လွဲရသည့်ဖြစ်ရပ်မှာ နှစ်ပေါင်း ၄၀ အတွင်း သုံးကြိမ်သာ ရှိခဲ့ဖူးသည်။ နောက်ဆုံး တစ်ကြိမ်မှာ ၁၉၇၅ ခုနှစ်က ဖြစ်သည်။ ဒီဂျီအေက စတီဗင် စပီးလ်ဗတ် အား ခရမ်းရောင်နုနု ဇာတ်ကားအတွက် ဆုချီးမြှင့်ခဲ့သော်လည်း စပီးလ်ဗတ်သည် အော်စကာဆုနှင့် လွဲခဲ့ရသည်။ ထိုနှစ်က အောက်အော့ဖ် အာဖရိက အမည်ရှိ

အော်စကာဆုရ နောက်ဆုံးကေရာင် ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း



ဇာတ်ကား အတွက် ဆစ်ဒနီ ပိုလက်က အကယ်ဒမီ အောင်စကာဆုကို ရရှိသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၆ – စာ၊ ၂၇၁ — ရှု။) ၁၉၇၇ ခုနှစ် အတွက်မှာမူ ဒီဂျီအေဆုရှင် ဘာတိုလပ်စီ ပင်လျင် အကယ်ဒမီ အောင်စကာဆုကို ဆွတ်ခူးသည်။ စတီဗင် စပီးလ်ဗတ်သည် ယခုနှစ်တွင်လည်း ဒီဂျီအေဆု လျာထားစာရင်းတွင် ပါဝင်ပေရာ လျာထားခံရသည့်အကြိမ် ခြောက်ကြိမ်ရှိပြီ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်အကျဉ်းစခန်း တစ်ခုမှ လွတ်မြောက်လာသော ဗြိတိသျှ ကလေးသူငယ် တစ်ဦး၏ အကြောင်းကို ကျော ရိုး ပြု လျက် ရိုက် ကူး တင် ဆက် ထားသောသူရိယလက်နက်နိုင်ငံတော်အမည်ရှိ ဇာတ်ကား အတွက် လျာထားခံရခြင်း ဖြစ်သည်။

အမေရိကန် ရုပ်ရှင် အကယ်ဒမီဆု (အောစကာဆု) – အီတလျံနွယ်ဖွား ဒါရိုက်တာ ဘာနာဒို ဘာတိုလပ်စီ စီစဉ်ရိုက်ကူးသော နောက်ဆုံးကေဆာင်အမည်ရှိ ဇာတ်ကားသည် အကောင်းဆုံးဒါရိုက်တာဆုနှင့် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုတို့ အပါအဝင် ဆု ကိုး ဆုကို ဆွတ်ခူးသည်။ ဒေါ်လာ ၂၃ ဒသမ ဂ သန်း အကုန်အကျခံ၍ ရိုက်ကူးခဲ့ပြီး အကယ်ဒမီဆု ရရှိချိန်ထိ ဒေါ်လာ သန်း ၁၅၀ ရရှိထားပြီးဖြစ်သော ယင်းဇာတ်ကားသည် တရုတ်နိုင်ငံကိုနောက်ဆုံးအုပ်စိုးခဲ့သော ဘုရင်ဖူးယီ၏အကြောင်းကို ကျောရိုးပြုတင်ပြထားသည်။ အသက် နှစ်နှစ် အရွယ် ၁၉၀၆ ခုနှစ်မှစ၍ နန်းတက်ခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် ဆိုဗီယက်တပ်ဖွဲဝင်တို့၏ ဖမ်းဆီးခြင်းကို ခံခဲ့ရ၍ နန်းစွန့်ခဲ့ရသည့် ဘုရင်ဖူးယီသည် မော်ဝါဒီတို့၏ ပြန်လည်ပညာပေးရေးစခန်းတွင် ဆယ်နှစ်တာမျှ နေခဲ့ရသည်။ နောက်ဆုံးတွင် ပီကင်းမြို့ရှိ ရုက္ခဗေဒဥယျာဉ်၌ နှင်းဆီပင်စိုက်သည့် အလုပ်ကိုရရှိပြီး ၁၉၆၇ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ ဘုရင်ဖူးယီ၏ လောကဓံ အတွေ့အကြုံကို ခြယ်မှုန်းထားသော နောက်ဆုံး ကေဆာ်ဇာတ်ကားကို ဖန်တီးသူ ဘာတိုလပ်စီသည် ၁၉၇၀ ခုနှစ်ထိ အီတလီကွန်မြူနစ်ပါတီဝင်ဖြစ်ခဲ့သည်။ ၁၉၇၂ ခုနှစ် ကတည်းက ပါရီမြို့ထဲ နောက်ဆုံးနှဲ့ တူယှဉ်ကခုန်ပွဲ အမည်ရှိ ဇာတ်ကားဖြင့် ထင်ရှားလာသူ ဖြစ်သည်။

အကောင်းဆုံး အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်ဆုကို သည်မွန်းစထရပ်ဇာတ်ကားမှ ရွာ ကရရှိသည်။ အကောင်းဆုံးအမျိုးသား ရုပ်ရှင်သရုပ်ဆောင်ဆုကို မိုက်ကယ် ဒေါက်ကလပ်စ်က ဝေါစထရိဇာတ်ကားအတွက် ဆွတ်ခူးသည်။ အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုကို အိုလင်ပီယာ ဒူကားကစ်က သည်မွန်းစထရပ်ဇာတ်ကား အတွက်လည်းကောင်း၊ အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆုကို ရွှောန် ကွန်နရီက် သည်အန်တပ်ချာလ်စ် ဇာတ်ကားအတွက် လည်းကောင်း အသီးသီးရရှိကြသည်။ အိုလင်ပီယာ ဒူကားကစ်သည် အမေရိကန်ပြည်ထောင်စု၏ ဒီမိုကရက်တစ် သမ္မတလောင်း မိုက်ကယ်ဒူကားကစ်နှင့် မောင်နှမ ဝမ်းကွဲတော်စပ်သည်။

အနုပညာဆိုင်ရာလီနင်ဆု–နောင်တ အမည်ရှိ စတာလင်ခေတ်နောက်ခံရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သော ဆိုဗီယက် ဂျော်ဂျီယန်ဒါရိုက်တာ တင်ဂျစ်အဗူလက်ဇေအား အနုပညာဆိုင်ရာလီနင်ဆုကို ၁၉၈၈ ခုနှစ် ပြေလက ချီးမြှင့်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈–စာ၊ ၂၆၃ — ရှု။) ယင်းလီနင်ဆုသည် ဆိုဗီယက်ပြည်ထောင်စုတွင် ယဉ်ကျေးမှုဆိုင်ရာ အမြင့်ဆုံးဆုဖြစ်သည်။ အဗူလက်ဇေအားဆုပန်သူ၊ ဆန္ဒသစ်ပင်နှင့် နောင်တ အမည်ရှိ ဇာတ်ကား သုံးကားတွဲကို ဖန်တီးနိုင်စွမ်းသည့်အတွက် ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်သည်ဟုဆိုသည်။ အာဏာရှင် စတာလင်လက်ထက်က ဆိုဗီယက်သန်းပေါင်းများစွာတို့ခမျာ ၎င်းတို့၏ ဆွေမျိုးသားချင်းတို့ ညအခါ ပျောက်သွားကာ အကျဉ်းစခန်းများသို့ရောက်သွားတတ်သည့်အတွက် စိတ်ဒုက္ခဖိစီးနေကြရပုံကိုနောင်တဇာတ်ကား၌ စောင်းပါးရိပ်ခြည် တင်ပြထားသည်။ အဗူလက်ဇေသည် ယင်းဇာတ်ကားကို ၁၉၈၄ ခုနှစ်တွင် ရိုက်ကူးခဲ့သော်လည်း ဆိုဗီယက်ရုပ်ရှင်စိစစ်ရေးက ပိတ်ပင်ထားခဲ့သည်။ သုံးနှစ်ကြာမှသာ ဆိုဗီယက်ခေါင်းဆောင် မိခါယီး ဂေါ်ဘာချော့၏ ဂလပ်စနော့ မူဝါဒကြောင့် ပြသခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။ (ဂလပ်စနော့ — ရှု။)

အနောက်ဘာလင် ရုပ်ရှင်ပွဲတော်ဆု–အနောက်ဘာလင် ရုပ်ရှင်ပွဲတော်တွင် အမြင့်ဆုံးဆုဖြစ်သည့် ရွှေဝက်ဝံဆုကို ရှိဂွန်းနီ အမည်ရှိ တရုတ်ရုပ်ရှင်ဇာတ်ကားအား ချီးမြှင့်သည်။ တရုတ်နိုင်ငံကို ဂျပန်တို့ တိုက်ခိုက်သိမ်းပိုက်ခြင်းအကြောင်းကို ရိုက်ကူး တင်ဆက်သော ဇာတ်ကားဖြစ်သည်။ ဒါရိုက်တာ ကျန်းယီမိုသည် ယင်းဇာတ်ကားကို ၁၉၈၇ ခုနှစ်တွင်ရိုက်ကူးခဲ့ပြီး ယင်း ၃၈ ကြိမ်မြောက် အနောက်ဘာလင် ရုပ်ရှင်ပွဲတော်၌ ပွဲဆော်ဦးတင်ဆက်ပြသခြင်းဖြစ်သည်။ ရုပ်ရှင်ပွဲတော်တွင် ဇာတ်လမ်းရုပ်ရှင် ၂၇၀ နှင့် ရုပ်ရှင်ဇာတ်ကားတို့ ၁၇၀ တို့ကို ၁၂ ရက် ကြာပြသသည်။

နိုင်ငံတကာအကဲဖြတ်အဖွဲ့က အထူးဆုကို နိုင်ငံရေးတာဝန်ခံအမည်ရှိ ဆိုဗီယက်ရုပ်ရှင်ကားအား ချီးမြှင့်သည်။ အလက်ဇန္ဒား အက်စကိုလဒေါ့ လွန်ခဲ့သော နှစ် ၂၀ ကစီစဉ်ရိုက်ကူးခဲ့သော ယင်းဇာတ်ကားသည် ဆိုဗီယက်ပြည်ထောင်စုတွင် ပိတ်ပင်ထားခြင်းခံခဲ့ရပြီးမှ မကြာသေးမီက ပြသခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ အနုပညာလွတ်လပ်မှုကို တိုးမြှင့်ခွင့်ပြုသော ဆိုဗီယက်ခေါင်းဆောင် မိခါယီး

ဂေါ်ဘာချော့၏ နိုင်ငံရေးအရပဋိလင်းမှု (ဂလပ်စနော့) မူဝါဒကြောင့်သာလျှင် ယင်းဇာတ်ကားသည် ပြန်လည် အသက်ဝင်လာခြင်းဖြစ်သည်ဟု ဆိုသည်။

မီဂုယ် ပရဲရားရိုက်ကူးသော ကြွေးမြီ အမည်ရှိ အာဂျင်တီးနားဇာတ်ကားအား ထူးချွန်သော အနုပညာစွမ်းရည်ကိုထောက်ရှု၍ ဒွေဝက်ဝံဆု ချီးမြှင့်ကြောင်းဖြင့် အကဲဖြတ်အဖွဲ့က ကြေညာသည်။

လိုသာဝါနကဲ့ စီစဉ်ရိုက်ကူးသော တစ်ယောက်ဝန် တစ်ယောက်ထမ်း အမည်ရှိဇာတ်ကားတွင် သရုပ်ဆောင်မှု အတွက် အရှေ့ဂျာမနီမှ ယိုအဲ့ ပိုစဲနှင့် မန်းဖရက် မိုအက်တို့သည် အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုကို ပူးတွဲဆွတ်ခူးရရှိသည်။ ယင်းဇာတ်ကားသည် ကွန်မြူနစ် နိုင်ငံတစ်နိုင်ငံတွင် ခရစ်ယာန်ကျောင်းတော်နှင့် နိုင်ငံတော်တို့ ဆက်ဆံရေးကို လေ့လာတင်ပြထားခြင်းဖြစ်သည်။

နော်မန် ဂျူးဝစ်စွန်သည် သည်မွန်းစထရပ် အမည်ရှိ အမေရိကန်ဇာတ်မြူးအတွက် ဒါရိုက်တာဆုကိုရရှိသည်။ ဟိုလိ ဟန်တားအား အသံလွှင့်သတင်းအမည်ရှိ အမေရိကန် ရုပ်ရှင်ကား၌ ပါဝင်သရုပ်ဆောင်မှု အတွက် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကို ချီးမြှင့်သည်။

မိခင်ခရိုနှင့်သားများ အမည်ရှိဇာတ်ကားကိုရေးသား ရိုက်ကူးခဲ့သော ပိုလန်လူမျိုး ဒါရိုက်တာ ယာနုစ် ဇာအော စကီးသည်လူသိမိုင်းတွင် ကြေကွဲဖွယ်ရာ ခေတ်တစ်ခေတ်ကို ရဲရဲဝံ့ဝံ့မှန်းခြယ်ခြင်းနှင့် ရုပ်မြင်ဘာသာစကားကိုနိုင်နင်းခြင်းတို့ ပေါင်းစပ်ခြင်းဖြင့်ထူးချွန်ပြောင်မြောက်စွာ စီစဉ်တင်ဆက်နိုင်ပေသည်ဟူ၍ အကဲဖြတ်အဖွဲ့က ချီးမွမ်းခဲ့သည်။ ယင်းရုပ်ရှင်ဇာတ်ကားတွင်ဒုတိယကမ္ဘာစစ်ကြီးအတွင်းနှင့် စစ်ပြီးကာလက ပိုလန်နိုင်ငံ၏ အကြောင်းကို တင်ပြထားသည်။

ကိန်းရုပ်ရှင် ပွဲတော်ဆု–၄၁ ကြိမ်မြောက် ကိန်းရုပ်ရှင် ပွဲတော်၏ အကောင်းဆုံးဇာတ်ကားဆုကို ပလဲသကွန် ကားရားအမည်ရှိ ဒိန်းမတ်ရုပ်ရှင်ဇာတ်ကားက ဆွတ်ခူးရရှိသည်။ ၁၉ ရာစုနှောင်းပိုင်းက ဒိန်းမတ်လယ်ယာတစ်ခင်းတွင် ဆိုဒင်အလုပ်ကြမ်းသမားအဘိုးအိုတစ်ဦးနှင့် ကိုးနှစ်အရွယ် သားငယ်တို့ ရုန်းကန်လှုပ်ရှားခဲ့ရပုံကို ကျောရိုးပြုထားသည်။ ယင်းမုဆိုးဖိုကြီး၏နေရာတွင် မက်စဖွန် ဆစ်ဒိုးက သရုပ်ဆောင်ထားသည်။ ဒုတိယအကောင်းဆုံးဆု (အထူးဂျူရီဆု) ကို တစ်ကမ္ဘာခြားအမည်ရှိပြိတိသျှ ရုပ်ရှင်ကားအား ချီးမြှင့်သည်။ ၁၉၆၃ ခုနှစ်က တောင်အာဖရိကနိုင်ငံ၏ အသားအရောင်ခွဲခြားရေး (အပါသိုက်) ဆန့်ကျင်မှုအခြေအနေကို ထင်ဟပ်သည့် ဇာတ်ကားဖြစ်သည်။ လူမည်းတို့၏တော်လှန်ရေးကို ထောက်ခံသည့် စာနယ်ဇင်းသမားအဖြစ် သရုပ်ဆောင်သူ ဘာဘရာဟာရှိသည် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိသည်။ ဟာရှိသည် ၁၉၇၇ ခုနှစ်ကလည်း ဆွတ်ခူးခဲ့၍ ကိန်းရုပ်ရှင်ပွဲတော်သမိုင်းတွင် ပထမဆုံးအကြိမ် အဖြစ် နှစ်နှစ် ဆက်တိုက်ဆု ဆွတ်ခူးသောရုပ်ရှင် သရုပ်ဆောင် ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၈–စာ၊ ၂၆၃ — ရှု။)

သတ်ဖြတ်ခြင်းအကြောင်း ရုပ်ရှင်ကားတိုတစ်ပုဒ် အမည်ရှိ ဇာတ်ကားက တတိယ အကောင်းဆုံး ဇာတ်ကားဆုကို ဆွတ်ခူးသည်။ အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုကို ငှက်အမည်ရှိ ရုပ်ရှင်ကားတွင် သရုပ်ဆောင်မှု အစွမ်းပြခဲ့သော ဖော်ရက်စ်ထ်ဝုစ်တိတ်ကဂက ရရှိသည်။ ကလင့် အိစ်ထ်ဝုဒ် ရိုက်ကူးသော ယင်းဇာတ်ကားတွင် နာမည်ကျော် ဆက္ကဆိုဖုန်းဂီတပညာရှင် ချာလီပတ်ကား (၁၉၂၀ – ၅၅) ၏ အတ္ထုပ္ပတ္တိကို တင်ဆက်ထားရာ ဌစ်တိတ်ကဂက ပတ်ကားအဖြစ် သရုပ်ဆောင်ထားခြင်း ဖြစ်သည်။

ရုပ်ရှင်လှည့်စားချက် နည်းပညာ။ ။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူများစွာ အပန်းဖြေ ကြည့်ရှုနိုင်ရန် အတွက် သဘာဝ အနုပညာ ရုပ်သေး၊ ပြဇာတ်၊ ကဇာတ် သဘင် ကြည့်ချင်ပွဲများနှင့် စက်မှုပညာနှင့်ဒွန်တွဲလာသော ရုပ်ရှင် ရုပ်မြင် စသည့် အရိပ်ပြပွဲများ မရှေးမနှောင်း ထွန်းကားလာသည့်အနက်၊ ရုပ်ပုံကလေးများ တစ်ခုချင်း လှုပ်ရှား သက်ဝင်စေရာမှ ရုပ်ရှင်ဟူ၍စတင် ဖြစ်ပေါ်လာသည့် ရုပ်ရှင်သမိုင်းကို လေ့လာလျှင်ရုပ်သေ (ရုပ်ငြိမ်) ဓာတ်ပုံရိုက်ကူးခြင်း အတတ်ပညာမှ အခြေခံလာသည်ကို တွေ့ရသည်။

မျက်လှည့်မီးအိမ်ပမာ မီးအိမ်က မီးအလင်းရောင်ဖြင့် ရေးဆွဲထားသော ရုပ်ပုံလေးများအား အလယ်၌မှန်ဘီလူး သဖွယ် တပ်ဆင်ထားသည့် နေရာမှတစ်ဆင့်မှောင်သော အခန်းနံရံတွင် လှုပ်ရှားနေသော ရုပ်ပုံလေးများ ထင်စေသော **မက်ဂျစ်လန်တန်း** ခေါ် ကိရိယာတစ်မျိုးကို လည်းကောင်း၊ မှန်ချပ်ကလေးများ ဘေးချင်းဆက်ကာ အခေါင်းသဏ္ဌာန် ပြုလုပ်ပြီး ယင်းမှန်ချပ်များမှ အရိပ်ပြန်များ ထင်ဟပ်လှုပ်ရှားစေသော **အော့ပတီကယ်တို့ငင်း** ခေါ် ကိရိယာတစ်မျိုးကို လည်းကောင်း၊ ခပ်သေးသေး အပေါက်ဖောက်ထားသည့်စည်ဝိုင်းကလေးတစ်ခုအတွင်း၌ ရေးဆွဲထားသော ရုပ်ပုံ အမျိုးမျိုးကိုအလင်းရောင်ပေး၍ ဘယ်ညာ ဆန့်ကျင်ဘက် ဆွဲပြလျှင် လှုပ်ရှားနေသော ရုပ်ပုံလေးများ တစ်ဆက်တည်းမြင်တွေ့နိုင်သော **ဇုံးထရုပ်** ခေါ် ကိရိယာတစ်မျိုးကို လည်းကောင်း ဓာတ်ပုံပညာ

စတင်တွေ့ခဲ့သည့် ၁၈၃၇ ခုနှစ် နောက်ပိုင်းမှစ၍ ရှေးဦးစွာ ကြုံဆ စမ်းသပ်ခဲ့ကြကြောင်း လေ့လာသိရှိရသည်။

၁၈၇၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်၌ အင်္ဂလိပ်လူမျိုး အမေရိကန် နိုင်ငံသား အက်ဒဝပ် မိုင်းဘရစ် ဆိုသူ ဓာတ်ပုံဆရာ တစ်ဦးသည် မြင်းပြိုင်ကွင်းတစ်ခု၌ ရုပ်သေကင်မရာ ၂၄ လုံးကို မြင်းပြေးမည့် လမ်းနံဘေးတွင် အလောတော် စီချထားသည်။ ကင်မရာတစ်လုံးလျှင် ကြိုးစင်းတစ်ချောင်းစီ မြင်းပြေးလမ်းကို ကန့်လတ်ဖြတ်၍ မနိမ့်မမြင့်တန်းထားပြီး ကင်မရာ၏ 'ရှပ်တာ' ခလုတ်တွင် ချည်ထားသည်။ မြင်းပြေးလာသောအခါ ယင်းကြိုးစကို မြင်းဝင်တိုးပြီး ဖြတ်သွားသဖြင့် ရှပ်တာခလုတ်များပြုတ်ကာ ကင်မရာ ၂၄ လုံးစလုံးက ယင်းပြေးသွားသော မြင်း၏လှုပ်ရှားမှုမှန်သမျှကို အမိအရ ဖမ်းယူရိုက်ကူးပြီး ဖြစ်နေလေသည်။

မိုင်းဘရစ် သည် ရိုက်ပြီး အသင့်ဖြစ်နေသော ထိုဓာတ်ပုံ ၂၄ ပုံကို ဆေးကူးပြီး တစ်ခုချင်း ကြည့်သောအခါ အချို့ပုံများ၌ ပြေးနေသော မြင်း၏ခြေလေးချောင်း စလုံးမြေကြီးနှင့်မထိဘဲ ကင်းလွတ်နေသည်ကို တွေ့ရသည်။ ယင်းဓာတ်ပုံ ၂၄ ပုံကိုပင် အစဉ်အတိုင်း တစ်ပုံချင်းစီ၍ အမြန် ဆွဲကြည့်လိုက်သောအခါ တစ်ဆက်တည်း မြင်းပြေးလှုပ်ရှားနေပုံကို တအံ့တသြ မြင်ရလေသည်။ ဤနည်းဖြင့် ရုပ်သေမှ ရုပ်ပုံကလေးများ ရှင်သန်သက်ဝင်လှုပ်ရှားလာစေရန်ဖန်တီးရိုက်ယူနိုင်သည့် ရုပ်ရှင်၏အစ ကနဦး အခြေခံသဘောတရားကို ရှာဖွေတွေ့ရှိခဲ့ကြလေသည်။

ဤသဘောတရားကို အခြေခံ၍ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီစသည့် ဥရောပနိုင်ငံများမှ သိပ္ပံပညာရှင်များ၊ တီထွင်လိုသူများသည် ရုပ်သေမှ ရုပ်ရှင်ဖြစ်ပေါ်လာရန် လမ်းစကို သူထက်ငါဦးအောင် နည်းလမ်းရှာဖွေခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ရုပ်ရှင်ရိုက်ကျဲကော်ပြား ဖလင်များ၊ ရိုက်ကူးသည့် ကင်မရာ ဓာတ်ပုံများနှင့် ရုပ်ရှင်ပြစက်များ တီထွင်ရန် ကြိုးပမ်းကြလေသည်။

ထိုပုဂ္ဂိုလ်များထဲတွင် အမေရိကန် နိုင်ငံသား သောမတ် အေ အယ်ဒီဆင် အမည်ရှိ ထင်ရှားသော သိပ္ပံပညာရှင် တစ်ဦးသည် ၁၈၈၉ ခုနှစ်တွင် ရုပ်ရှင်ရိုက်ကင်မရာ ဖန်တီး၍ ဂျော့ (ကိုဒတ်) အိစမင်း ဆိုသူ ဓာတ်ပုံဆရာတစ်ဦး တီထွင်သော တစ်လိပ်လျှင် ပေ ၅၀ ခန့် ရှိသည့် ဖလင်ဖြင့် ကမ္ဘာ့ ပထမဆုံး ရုပ်ရှင်ကားကို စမ်းသပ်ရိုက်ကူးခဲ့သည်။ ရုပ်ရှင်ကား ဟုသာ ဆိုရသည်၊ မြင်းပေါ်သို့ လူတက်စီးသွား၍ ထွက်သွားသည့် လှုပ်ရှားမှုရိုက်ချက် တစ်ကွက်မျှသာ ပါရှိသည်။ ထုတ်လုပ်သူမှာ ဒဗလျူ၊ ကေ၊ အယ် (လ်) ဒစ်ကဆင်ဆိုသူ ဖြစ်သည်။

ထို့နောက် အယ်ဒီဆင်သည် ၁၈၉၂–၉၃ ခုနှစ်တွင် နယူးဂျာစီမြို့တွင် သည်ဘလက်မာရီယာ အမည်ဖြင့် ရုပ်ရှင်စတူဒီယိုတစ်လုံး တည်ဆောက်၍ တစ်ကြိမ်လျှင် လူတစ်ဦးသာလျှင် အပေါက်ငယ်မှ ချောင်းကြည့်နိုင်သည့် **ကင်နက်တိုစကုပ်** ရုပ်ရှင်ပြစက်တစ်ခု တီထွင်လိုက် ပြန်သည်။ ၁၈၉၄ ခုနှစ်တွင် ယင်း ကင်နက်တိုစကုပ်ပြစက်ဖြင့် ၎င်းပိုင် စတူဒီယိုမှ ရိုက်ထုတ်သော ရုပ်ရှင်ကားများကို နယူးယောက်နှင့် ဆန်ဖရန်စစ္စကိုမြို့ ရုပ်ရှင်ကြည့်ပရိသတ်အားအခကြေးငွေယူ၍ စတင်ထုတ်ပြခဲ့သည်။

ကျယ်ပြန့်သော ပိတ်ကားပေါ်၌ ပရိသတ် အများစု တစ်ချိန်တည်း ကြည့်ရှုနိုင်သော ရုပ်ရှင်ပြစက်များ အဖြစ် သောမတ် အားမက်ဆိုသူ တီထွင်သော **ဗီတာစကုပ်** ခေါ် ပြစက် ပေါ်ပေါက်လာပြီးမှ ၁၈၉၆ ခုနှစ် ဧပြီလ အတွင်း နယူးယောက်မြို့တွင် လူထုအား ရုံသွင်းပြခဲ့လေသည်။

၁၈၉၅–၉၆ ခုနှစ် ကာလအတွင်းတွင်ပင် ပြင်သစ်နိုင်ငံသား လျူးဝစ္စ လမ်မေယာနှင့် သြဂတ်လမ်မေယာ ညီနောင်နှစ်ဦးနှင့် အင်္ဂလန်မှ ရောဘတ်ပေါလ် ဆိုသူတို့သည် သူတို့နည်းဖြင့် တီထွင်ရိုက်ကူးကြသည့် ရုပ်ရှင်ကားတိုကလေးများကို ပြင်သစ်နှင့် အင်္ဂလန်၌ ပြနေကြလေသည်။

ရုပ်ရှင်ပေါ်ဦးစ ထိုခေတ်အချိန်က လမ်မေယာညီနောင်တို့သည် ရုပ်ရှင်ကားများကို ကင်မရာ တစ်နေရာတည်း ပုံသေထောင်ပြီးတစ်ကြိမ်တည်းနှင့်အပြီးရိုက်ကူးကြသည်။ အလုပ်ရုံ စက်ရုံအတွင်း နေ့လယ်စာစားကြပုံ၊ မီးရထားကြီး ဘူတာရုံအတွင်းသို့ မောင်းဝင်လာပုံ၊ သင်္ဘောကြီး ကမ်းသို့ ဆိုက်ကပ်လာပုံ၊ စစ်သားများ ချီတက်သွားပုံ၊ မြင်းပွဲ၊ ကပွဲ စသည့် ဖလင်ပေ ၅၀ ခန့်ကာလတိုကလေးများ ဖြစ်သည်။

အင်္ဂလန်ခေါ် လှုပ်ရှားနေသည့် သက်ရှိလူ၊ အရာဝတ္ထု၊ အကြောင်းအရာ တစ်ခုခုကိုသာ ရိုက်ပြနိုင်သည့် ရုပ်ရှင်အဆင့် ရှိသေးသည်။ သူတို့တွင် ဇာတ်လမ်းမရှိ၊ ဝတ္ထုမရှိ၊ ဇာတ်ကောင်မရှိ အဖြစ်အပျက် တစ်ခုခုကို ဇာတ်လမ်း ဇာတ်ကွက်ဆင်၍ရိုက်ပြရန် မတွေးမိကြသေးချေ။

ထို့နောက် ပြင်သစ်လူမျိုး ရုပ်ရှင်ဝါသနာအိုး မျက်လှည့်ဆရာ ဂျော့မယ်လီ ဆိုသူ ဓာတ်ပုံဆရာတစ်ဦး ပေါ်လာသည်။ သူသည် ရုပ်ရှင်ရိုက်ကင်မရာ၏ အစွမ်းဖြင့် အံ့ဖွယ်ဆန်းကြယ်၍ ထူးခြားသော အရာဝတ္ထု၊ အဖြစ်အပျက်မျိုးကိုရိုက်ကူးရန် စိတ်အားထက်သန်သူ ဖြစ်သည်။ **Camera Trick** ခေါ် ကင်မရာလှည့်စားနည်းပညာဖြင့် ရုပ်ရှင်ကြည့် ပရိသတ် စိတ်ဓာတ် အံ့သြ ချောက်ချားသဲလှိုက်ရင်ဖိုဖြစ်စေရန် ကြံဆရွာဖွေနေသူဖြစ်သည်။



ဝေဟင်တွင် လူသားပျံဝဲနေပုံကို ရုပ်ရှင်လှည့်စားချက်နည်းပညာဖြင့် ရိုက်ကူးတင်ဆက်နိုင်သည်။

တစ်နေ့သဘ္ဒ ကျော့မယ်လီသည် သူ့တွင် အသင့်ပါလာသော ကင်မရာဖြင့် ယာဉ်ရထားများ အသွားအလာရှုပ်နေသော လမ်းတစ်လမ်းတွင် ဘတ်စကား တစ်စီးမောင်းသွားပုံကို ရိုက်ယူနေစဉ်၊ ကင်မရာအပါချာဂိတ်နှင့် ဖလင်စငြိပြီး ရုတ်တရက် ကင်မရာ လှည့်မရ ဖြစ်သွားသည်။ ဤတွင် ကျော့မယ်လီသည် ငြိနေသောဖလင်စကို ဖြုတ်ပြင်၍ ကင်မရာကို ဆက်ရိုက်လေသည်။ ယင်းနောက် ထိုရိုက်ပြီးဖလင်ကို ဆေးကူး၍ကြည့်သောအခါ သူ ပထမရိုက်ခဲ့သော ဘတ်စကားနေရာတွင် အသုဘရထားကြီး ပေါ်လာပုံ အံ့သြစွာ တွေ့ရလေသည်။

ဤတွင် သူရိုက်ကူးခဲ့သောဖလင်စကို တစ်ကြိမ်ပြန်လည်စိစစ်၍ အဘယ်ကြောင့် ဤသို့ဖြစ်ရခြင်းအကြောင်းရင်းကို လေ့လာရှာဖွေသောအခါ ဖလင်စငြို၍ ထိုဖလင်စပြန်ဖြုတ် ပြင်ဆင်နေချိန် စက္ကန့်ပိုင်းအတွင်းက သူ ရိုက်ကူးသော ဘတ်စကားမှာ ရိုက်ကွင်းအတွင်းမှ ဆက်လက်မောင်းထွက်သွားပုံ သူ သတိမထားမိခဲ့ပေ။ ပြန်ရိုက်သောအခါ ယင်းဘတ်စကား နေရာ၌ နောက်မှ မောင်းဝင်လာသော အသုဘ ရထားကြီးကို ရိုက်မိသောကြောင့် မူလရိုက်ယူထားသော ဘတ်စကားပုံပေါ်တွင် နောက်ရိုက်သော အသုဘရထားကြီးထပ်လျက် ပေါ်လာပုံကို တွေ့ရ၍ ဒပ်ဗလ်အိတ်စပို့ရှာခေါ် 'နှစ်ကြိမ်ထပ်ရိုက်နည်း' စတင်တွေ့ရှိသွားလေသည်။

ရုပ်ပုံချင်းရော၍ နှစ်ကြိမ်ထပ်ရိုက်နည်း ဆိုသည်မှာ ဝိညာဉ်ပြောင်း၊ နှစ်ကိုယ်ခဲ့၊ ကိုယ်ပျောက်စောရ စသည့် အခန်းမျိုးနှင့် မြေလျိုးမိုးပျံ၊ ကော်ဇောပျံ၊ နတ်မြင်းပျံ၊ ရထားပျံများ အာကာသ လဟာပြင်အတွင်းသို့ ပျံတက်သွားသော မြင်ကွင်းမျိုး ရိုက်ကူးပြနိုင်သည့် ကင်မရာလှည့်စားနည်းတစ်ခုဖြစ်သည်။

ဥပမာ – ဇာတ်ဆောင်မင်းသမီး သေဆုံး၍ ၎င်း၏ အလောင်းမှ ရုပ်ဟောင်း နာမ် ဝိညာဉ် ထွက်ခွာသွားပုံ ကင်မရာလှည့်စားနည်းဖြင့် ပြလိုသည်ဆိုပါက –

ပထမဦးစွာ မင်းသမီးအလောင်းရုပ်ပုံကို ဖလင်ပေ ၂၀ သို့မဟုတ် (ပြချင်သလောက်) ရိုက်ရမည်။ ဒုတိယ ကင်မရာရှုထောင့် ကင်မရာ နေရာမရွှေ့ပြောင်းဘဲ ဖလင်ပေ ၂၀ သို့မဟုတ် (ပြချင်သလောက်) နောက်ခံအနက်ခံ၍ ရုပ်ပြောင်း ဆင်မြန်းထားသော သေသူ မင်းသမီး၏ ဝိညာဉ်ရုပ်ပုံ အလောင်းနေရာမှ ခွာထွက်သွားပုံ ရိုက်ယူရမည်။ ဤနည်းဖြင့် ရိုက်ကူးပြီးဖလင်ကို ဆေးကူးပြီးပြသောအခါ သေဆုံးသူ မင်းသမီး၏ ဝိညာဉ်ဟောင်း နာမ်ရုပ်အလောင်းမှ ခွာထွက်သွားပုံ ပိတ်ကားပေါ်တွင် မြင်ကြရမည်ဖြစ်သည်။ ဤရိုက်နည်းတွင် စနစ်ရှိသည်။ ကင်မရာ ရှုထောင့် မရွှေ့ပြောင်းရဘဲ အကြောင်းအရာ (အရိုက်ခံ) နေရာသာပြောင်းပြီး ဖလင်တစ်စ၌ ရုပ်ပုံနှစ်ထပ် နှစ်ကြိမ် ရိုက်ယူရသောကြောင့် အလောင်းနေရာနှင့် ထပ်ရိုက်မည့် ဝိညာဉ်ရုပ်အနေအထား တူညီနေရန် အရေးကြီးသည်။ ရိုက်မည့်ဖလင်ပေ အရှည်အတိုလည်း ကွက်တိရှိနေရန် သတိပြုရလေသည်။

အလားတူ ယနေ့သိပ္ပံခေတ် လကမ္ဘာဆီသို့ ဒုံးပျံကြီးပျံတက်သွားပုံမျိုး၊ အာကာသ သူရဲကောင်း တစ်ဦး လဟာပြင်အတွင်းသို့ ပျံတက်သွားပုံမျိုး ရိုက်ကူးပြလိုက ပထမ အာကာသလွှင်ပြင်ကို သတ်သတ်ရိုက်ရမည်။ ဒုတိယ ပိတ်ကားအနက် နောက်ခံဖြင့် တည်ဆောက်ထားသည့် ဒုံးပျံ (ပုံစံ)၊ သို့မဟုတ် သူရဲကောင်းတစ်ဦးကို စက်သီးကြိုးများ တပ်ဆင်၍ ပျံတက်သွားပုံမျိုး နှစ်ကြိမ်ထပ် ရိုက်နည်းဖြင့် ဖန်တီးရိုက်ပြနိုင်ပေသည်။ ကင်မရာ လှည့်စားနည်းပညာဖြင့် ရုပ်ရှင်ကြည့်ပရိသတ် ရင်သပ်ရှုမောတအံ့တသြဖြစ်စေရန် အမြဲကြံဆနေသော ကျော့မယ်လီသည် ရိုက်ပြီး ဖလင်တစ်စကို ကိုက်ညှပ်မပစ်မိဘဲ ဆေးကူးပြီး ပြကြည့်ရာမှ ယင်းဖလင်စ အဆုံးနေရာ၌ ဖြည်းညှင်းစွာ မှိန်ပျောက်နည်းဖြင့် ရုပ်ပုံများ ပျောက်သွားပုံ ဖိတ်အောက် 'မှိန်ပျောက်'၊ ဖိတ်အင် 'မှိန်လင်း' နည်း အတွေ့အကြုံသစ်တစ်ခု ရလိုက်ပြန်သည်။ ရုပ်ရှင်ရိုက်ကူးပြီးသည့် အခါတိုင်း ကင်မရာမှန်ဘီလူးကို ဖုံးမတက်စေရန် အလင်းရောင်ပေးပေါက် အပါချာကို ကျဉ်းကာ ပိတ်လေ့ရှိသည်။ ရိုက်ကူးချိန်ရောက်မှ ဖြည်းညှင်းစွာ ပြန်ဖွင့်လေ့ရှိသည်။

ရိုက်ပြီးစ ဖလင်များကိုလည်း လိုအပ်သလို ဆက်စပ်၍ ကတ်ကြေးဖြင့် ကိုက်ဖြတ်ပြီးမှ ပြလေ့ရှိသည်။ တစ်ခါတွင် ရိုက်ပြီးဖလင်တစ်စကို ကိုက်ညှပ် မပစ်မီဘဲ ပြကြည့်မိရာမှ မှိန်ပျောက် မှိန်လင်းနည်း တွေ့သွားခြင်းဖြစ်သည်။ ဇာတ်ဝင်ခန်းတစ်ခန်းဆုံး၍ နောက်တစ်ခန်း ဖြည်းညှင်းစွာကူးပြောင်းလိုသည့်အခါ ကင်မရာ အပါချာကို ဖြည်းဖြည်းချင်းဖွင့် ဖြည်းဖြည်းချင်းပိတ် ရိုက်ခြင်းသည် ရှေးခေတ်အခါန်က ဇာတ်လမ်း ရုပ်ရှင်ကားများတွင် အများဆုံးအသုံးပြုရိုက်ပြခဲ့ကြသော နည်းဖြစ်သည်။ ယခုခေတ်၌ ယင်းနည်းမသုံးသလောက် နည်းသွားသည်။ ဤနည်းကို ရုပ်ရှင်ကား ဆေးကူးခန်းမှလည်း ပြုလုပ်ပေး၍ ရသည်။

၁၉၀၀ ပြည့်နှစ်သည် ရုပ်ရှင်ပေါ်ဦးစ ဖြစ်သည်။ မီးရထားကြီး မောင်းဝင်လာပုံ၊ သင်္ဘောကြီး ဆိုက်ကပ်လာပုံ၊ စစ်တပ် ချီတက်သွားပုံ စသည့်ရုပ်ပုံများ များဝါးထင်ထင် မြင်ရရုံမျှဖြင့် အလွန်အံ့သြ ထူးဆန်းနေချိန်၌ ကျော့မယ်လီသည် ကင်မရာ (ဓာတ်ပုံ) လှည့်စားနည်းပညာဖြင့် လူ၊ အရာဝတ္ထုများ ဖြုန်းခနဲ ပျောက်ကွယ်၍ ဖြုန်းခနဲပြန်ပေါ်လာပုံ၊လူတစ်ကိုယ်က နှစ်ကိုယ်ဖြစ်သွားပုံ၊ လူကတိရစ္ဆာန်၊ တိရစ္ဆာန်က လူ ပြောင်းသွားပုံ၊ အာကာသဆီသို့ လူ၊ ယာဉ်ရထား စသည်တို့ ပျံတက်သွားပုံ အထူးအဆန်းများ အံ့ဘနန်း အဆက်မပြတ် ရိုက်ကူး ပြခဲ့လေသည်။

ကျော့မယ်လီသည် ဖလင်တစ်စကို ပြောင်းပြန်ရစ်၍ ဇာတ်ဆောင်မင်းသား အုတ်တံတိုင်း သို့မဟုတ် မြို့ရိုးကြီးတစ်ခုပေါ်သို့ ခုန်တက်သွားပုံမျိုး၊ ကင်မရာလှည့်စားနည်းတစ်ခုဖြစ်သည့် ရီဗာ့စ်ခေါ် 'ပြောင်းပြန်ရိုက်နည်း' ဖြင့် တီထွင်ရိုက်ကူးပြခဲ့သည်။ ရိုက်နည်းမှာ ကင်မရာအတွင်းသို့ အလိပ်လိုက်ရစ်ထည့်ထားသော ဖလင်ပေ (ဆိုပါစို့ ပေ ၃၀) အရှည်ကို ပြောင်းပြန်ရစ်ပြီး ဇာတ်ဆောင်ဖြစ်သူ မင်းသားကို အုတ်တံတိုင်းမြို့ရိုးတစ်ခုပေါ်မှ ခုန်ချခိုင်း၍ ရိုက်ယူခြင်းဖြစ်သည်။ ယင်းကို ဆေးကူးပြီး 'အတည့်' ပိတ်ကားပေါ်သို့ ပြလိုက်သောအခါ၊ မင်းသားဖြစ်သူမှာ တကယ့်လူစွမ်းကောင်းကြီး ပမာ မြို့ရိုးအုတ်တံတိုင်းကြီးတစ်ခုပေါ်သို့ ခုန်တက်သွားပုံ အံ့သြစွာ တွေ့ကြရမည် ဖြစ်သည်။

အခြား ပြောင်းပြန် ရိုက်နည်း တစ်ခုမှာ မင်းသမီး မော်တော်ကားတိုက်ခန်း ဖြစ်သည်။

ရိုက်နည်းမှာ ကားတိုက်ခံရမည့်ဇာတ်ဆောင်မင်းသမီး တစ်ဦး တိုက်မည့်ကား၏ ဘီးရှေ့၌ လဲကျနေသည့်ဟန် အနေအထားဖြင့် အသင့်ရှိနေရမည်။ ထို့နောက် ပေ ၄၀ ခန့် အသင့်ပြောင်းပြန်ရစ်ထားသည့် ဖလင်ဖြင့် ကင်မရာက စတင်ရိုက်သည့်အချိန်တွင် မော်တော်ကားရှေ့ဘီး စက်ရှိန်ဖြင့် နောက်ပြန်ဆုတ်ခိုင်း၍ မင်းသမီးလည်း တစ်ချိန်တည်း လှိမ့်ချလိုက်ရပေမည်။ ယင်းကို ဆေးကူးပြီး ဖလင်အတည့်ပြန်ထည့်၍ ပိတ်ကားပေါ်သို့ တင်ပြလိုက် သောအခါ မင်းသမီးအား ကားအရှိန်ဖြင့် ဝင်တိုက်သွားပုံ၊ လမ်းဘေးလှိမ့်ကျသွားပုံတို့ကို ပရိသတ်က တအံ့တသြ မြင်ကြရမည် ဖြစ်သည်။

ကျော့မယ်လီ လက်ထက်တွင် ရုပ်ရှင်ကင်မရာသည် မျက်လှည့်ပမာ လှည့်စားစရာ ကိရိယာတစ်ခု ဖြစ်လာလေသည်။

အက်ရှင် ခေါ် ပြေးလွှားလှုပ်ရှားမှု အခြေခံသော ဇာတ်လမ်းမျိုး၌ မင်းသား သို့မဟုတ် လူဆိုးတစ်ဦး ပြေးရင်းလွှားရင်း ထိုရုပ်ပုံအတိုင်း ကင်မရာဖြင့် ရုပ်သေပုံတစ်ပုံညှပ်၍ ထင်ရှားအောင်ပြသော စတော့(ပ)မိုးရှင်းခေါ် ရုပ်သေရိုက်နည်း တစ်နည်း ထွင်ခဲ့ပြန်သည်။ ရိုက်နည်းကား မင်းသား သို့မဟုတ် လူဆိုးတစ်ဦး ပြေးလွှားခုန်ကျော်သွားနေပုံ ဖလင်ပေလိုချင်သလောက် အစအဆုံး ရိုက်၊ ယင်းရိုက်ချက်ထဲမှ ရိုက်ချက်ပုံတစ်ကွက် (ဥပမာ–မှန်ကိုဖောက်ထွင်းခုန်ကျော်သွားပုံ) ဖြတ်ယူ၍ ၁၀×၁၂ လက်မရှိသောပုံကြီးခွဲ၍ အချောကူး၊ တစ်ဖန် ၎င်းပုံကြီးကို တစ်ကွက်ချင်း တစ်ပေ ၁၆ ကွက်၊ တစ်စက္ကန့် ၂၄ ပုံနှုန်းဖြင့် လိုချင်သလောက် ပေပြန်ရိုက်ယူပြီးနောက် ဆေးကူး၍ ဖလင်တည်းဖြတ်သည့်အချိန်၌ အံဝင်ခွင်ကျဆက်ထည့်

ရုပ်ရှင်လှည့်စားချက် နည်းပညာဖြင့် ကာတွန်းဇာတ်ဆောင်နှင့် လူဇာတ်ဆောင်တို့ကို ယှဉ်တွဲရိုက်ကူး တင်ဆက်နိုင်သည်။



ပေးလိုက်သောအခါ ပိတ်ကားပေါ်ပြ ရုပ်ရှင်ကားတွင်မှန် ကိုဖောက်ထွင်းသွားပုံ ထင်ရှားစွာပေါ်လာမည်ဖြစ်သည်။

ပြင်သစ်လူမျိုးတစ်ဦးဖြစ်သူကျော့မယ်လီသည် ကင်မရာ (ဓာတ်ပုံ) ပညာအစွမ်းဖြင့် လှည့်စားနည်းများဖြစ်သော ဖတ်(စ)အင်စလိုးမိုးရှင်းခေါ် **အပြန်နှင့် အနှေးရိုက်နည်း**၊ ငြိမ်နေသောရုပ်ပုံ အရာဝတ္ထုများ လှုပ်ရှားလာအောင် အင်နီမေးရှင်းခေါ် **သက်ဝင်လှုပ်ရှား ရိုက်နည်း**၊ ဖလင်တစ်ကွက်၊ တစ်စ၊ သို့မဟုတ် အခန်းတစ်ခန်းတွင် အမြဲပူးညီအစ်မ၊ ညီအစ်ကို၊ သို့မဟုတ် မင်းသားနှင့်မင်းသမီး တစ်ချိန်တည်း တယ်လီဖုန်းကိုယ်စီနှင့် စကားပြောနေပုံ၊ တစ်နေရာ၌ တွေ့ဆုံကြရန် အချိန်းအချက် လုပ်နေပုံ၊ ရုပ်ချင်းတူ မင်းသားညီအစ်ကိုနှစ်ဦး ဖက်လဲတကင်း တွေ့ဆုံစကားပြောနေကြပုံ စသည့် နှစ်ကိုယ်ခွဲအခန်းမျိုး၌ ရိုက်လေ့ရှိသော မတ်(စ်)ခေါ် **မှန်ဘီလူးအဖုံးတပ်ရိုက်နည်း**၊ မြင်ကွင်းနှစ်ခု၊အခန်းနှစ်ခန်းတစ်ခုမှတစ်ခုသို့ အရည်ပျော်၍ စိမ့်ဝင်သွားသကဲ့သို့ ညက်ညောစွာထပ်၍ ကူးပြောင်းသွားသော ဒစ်ဇော့(ဗ)ခေါ် **အရုပ်ချင်းရောရိုက်နည်း** များ တီထွင်ခဲ့လေသည်။ ဤနည်းဖြင့် သူ၏ ခရစ်စမတ်ညအိပ်မက် ရုပ်ရှင်ကားတွင် ညအခါ နှင်းထုကြီးများကျဆင်းလာပုံနှင့် ကပွဲခန်းများရိုက်ကူးပြခဲ့သည်။

အရုပ်ချင်းရောရိုက်နည်း ဆိုသည်မှာ ယခုခေတ်သုံး မစ်ချယ်(လ်)၊ ဝေါ(လ်)၊ ဆောကီကဲ့သို့ ကင်မရာအမျိုးအစားဖြင့် အခန်းတစ်ခုဆုံးကာနီး ဖလင်ပိုင်းကို လင်းရာမှ ဖြည်းဖြည်းချင်းမှိန်၍ နောက်တစ်ခန်း အစပိုင်း ဖလင်ထိပ်စကို မှိန်ရာမှ ဖြည်းဖြည်းချင်း လင်းစေသည့်နည်းဖြင့် ရိုက်ယူခြင်း ဖြစ်သည်။ ကင်မရာတိုင်း ရိုက်၍မရပေ။ အလားတူ ကျော့မယ်လီခေတ်က ကင်မရာဖြင့် တိုက်ရိုက်ရိုက်ကူးမဖြစ်၍ ဆေးကူးသည့် အခန်းတွင် ရိုက်ပြီးဖလင်နှစ်စ ထပ်ပြီးလုပ်ယူရလေသည်။

၁၉၀၀ ပြည့်နှစ်ဝန်းကျင်မှစ၍ ဒဏ္ဍာရီ၊ ပုံပြင်၊ စိတ်ကူးယဉ်အဆန်းတကြယ် ဇာတ်လမ်းမျိုးကို ကင်မရာလှည့်စားနည်းပညာဖြင့် တီထွင်ကြံဆ အဆက်မပြတ် ရိုက်ကူးခဲ့သော ကျော့မယ်လီသည် ၁၉၁၀ ပြည့်နှစ် အထိ စင်ဒရယ်လာနှင့်ကျုံးအော့ဖ်အာ့ခ်ကဲ့သို့အတ္ထုပ္ပတ္တိဆန်ဆန်ကားမျိုး၊ ဂါလီဗာထရာဗယ်နှင့် သူ၏ကျော်ကြားသော အေထရစ်တူသည်မွန်း (၁၉၀၂) နှင့် သည်အင်ပေါ့စီဘလ်ဗေဂရီ (ဂျ) (၁၉၀၄) သိပ္ပံရုပ်ရှင်ကားမျိုး ရိုက်ကူးခဲ့လေသည်။ ယင်းအထဲမှ အေထရစ် တူသည်မွန်း ရုပ်ရှင်ကားထဲ၌ လဗိမာန်သို့ အမြောက်ဆံပစ်လွှတ်ပုံ၊လူများရောက်ရှိသွားပုံ၊ လဗိမာန်မှ ကမ္ဘာမြေပြင်သို့ ပြန်မြင်နေရပုံ စသည့် ပြကွင်းပြကွက်ရိုက်ချက်များ အံ့ဘနန်းပါရှိသည်ဟုဖော်ပြကြလေသည်။

ဤသို့ဖြင့် ကမ္ဘာ့ရုပ်ရှင် ပေါ်ဦးခေတ်ကာလအတွင်း ကျော့မယ်လီ တီထွင်ခဲ့သော ကင်မရာလှည့်စားရိုက်ချက်နည်းစနစ်လမ်းကြောင်းပေါ် အခြေခံ၍ မျက်စိလှည့်စားနည်းတစ်ရပ်ဖြစ်သော ဂလပ် စ ဝပ်ခေါ် **မှန်ချက်ရိုက်နည်း**၊ ဘက်ပရိုဂျက်ရှင်းခေါ် **ပိတ်ကားနောက်ခံရိုက်နည်း**၊ တယ်လီဖိုတိုခေါ် **အဝေးရုပ်ပုံအနီးမြင်ရိုက်နည်း**၊ ဇူမ်းခေါ် **အဝေးအနီး လျှပ်တစ်ပြက်ပြောင်းရိုက်နည်း**၊ ဝိုက်အင် ဂယ်လ်ခေါ် **အကျယ်ခွဲရိုက်နည်း**၊ ပါစပက်တစ်ခေါ် **အကွာအဝေးအကြီးအသေး ချိန်ဆရိုက်နည်း** စသည့် ကင်မရာဓာတ်ပုံ မှန်ဘီလူးအစွမ်းဖြင့် ရိုက်ကူးနိုင်သော အတတ်ပညာများတိုးတက်လာခဲ့ပေသည်။

၁၉၃၃ ခုနှစ်အတွင်းက အမေရိကန် ရုပ်ရှင်ဒါရိုက်တာ မာရိန်းစကူအိုးပါးနှင့် အားနက်ဘီ၊ ဂျိုးအက်ဆက်ရိုက်ကူးခဲ့သော 'ကင်းကောင်'၊ ၁၉၅၅ ခုနှစ်တွင် ဂျပန်ရုပ်ရှင်ဒါရိုက်တာ အီနိုရှိ ယိုဟွန်ဒါရိုက်ကူးသော 'ဂေါဇီလာ' ရုပ်ရှင်ကားများသည် လူထက်အဆများစွာကြီးမားသော သတ္တဝါကောင်ကြီးများက လူတို့နေထိုင်သော တိုက်တာအဆောက်အအုံအိုးအိမ်များနှင့် ယာဉ်ရထား၊ လေယာဉ်စသည်များကို တိုက်ခိုက်ဖြိုခွင်းဖျက်ဆီးပစ်ကြပုံ တို့ကို ကင်မရာ အကွာအဝေး အကြီးအသေးချိန်ရိုက်နည်း၊အချိုးအဆတူ အရွယ်ချုံထားသော ပုံစံများတည်ဆောက်၍ လှည့်စားရိုက်နည်းတို့ဖြင့် ရိုက်ကူးပြသွားခြင်း ဖြစ်သည်။

သိပ္ပံပညာရပ်အခြေခံ၍ ထူးခြားသော ရုပ်ရှင်ကားများလည်း ဆက်တိုက် ထွက်ပေါ်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ဒါရိုက်တာ ဝီလ်ကင်မရွန်းမင်ဇီ ရိုက်ကူးခဲ့သော ကမ္ဘာကျော်အင်္ဂလိပ်စာရေးဆရာကြီး အိပ် (ခ်) ဂျီဝဲလ်၏သင်းတူကမ်း (မ)၊ ၁၉၅၅ ခုနှစ်အတွင်းက အမေရိကန် ရုပ်ရှင်ဟောလိဝုဒ်မှ ဒါရိုက်တာ ရှစ်ချတ်ဖလစ်ချာ ရိုက်ကူးသော တွမ်တီးသောင်ဇင်လီ ဆီး သိပ္ပံရုပ်ရှင်ကားမျိုးများစွာရှိခဲ့ပေသည်။

ကမ္ဘာ့ရုပ်ရှင် ပေါ်ခဲ့ပြီးနောက် နှစ်ပေါင်း ၂၄ နှစ်အကွာ ၁၉၂၀ ပြည့်နှစ်အတွင်း၌ ဦးထွန်းရှိန်စျာပနသတင်းကဒ်းမှစ၍ ရှင် သန် ကြီး ထွား လာ သော မြန်မာ့ရုပ်ရှင်လောကတွင်လည်း ကင်မရာလှည့်စားနည်းဖြင့် စတင်သော ဇာတ်လမ်းရုပ်ရှင်ကားများ ရုပ်ရှင်ပေါ်စအချိန်ကပင် ရိုက်ကူးခဲ့ကြလေသည်။

၁၉၂၂ ခုနှစ်တွင် ဘားမားဖလင်းမှ ဒါရိုက်တာဦးအုန်းမောင် (မြန်မာ့ရုပ်ရှင် စတင်တည်ထောင်ခဲ့သည့်ပုဂ္ဂိုလ်) ရိုက်ကူးသော ခင်ခင်မှားတော်ပုံ ရုပ်ရှင်ကား၌ ဒဂုန်ပဉ္ဇီးဘတင်သည် မောင်မောင်တင်၊ မောင်မောင်လွင်အမြဲပူးညီအစ်ကိုအဖြစ်ပါဝင်သရုပ်ဆောင်၍ မင်းသမီးမှာတရုတ်ကပြားမလေး မကြင်လှိုင်ဖြစ်သည်။ ဤရုပ်ရှင်ကားမှာ

ဦးအုန်းမောင် ရုပ်ရှင်ပညာစွမ်းပြသော ပထမဆုံးနှစ်ကိုယ် ခဲ့ကားဖြစ်သည်။ ကင်မရာ၌ ကိရိယာမစုံလင်ဘဲ (ဓာတ်ပုံ) အစွမ်းဖြင့် လှည့်စားရိုက်နည်း အတတ်ပညာကို မြန်မာ ဒါရိုက်တာများ မြန်မာ ရုပ်ရှင် ပေါ်ဦးစ ခေတ်ကပင် အသုံးပြု ရိုက်ကူးခဲ့ကြောင်းထင်ရှားသည်။

ယင်းနောက် ၁၉၂၃ ခုနှစ်တွင် ဦးအုန်းမောင်လက် ထက်မှ ဘားမားဖလင်းကိုလှဲယူပြီး မြန်မာအဆွေဇာတ် ကား အမည်ဖြင့် တောမြို့ဝင်စွန်းက လွှမ်းအောင်ဖန် ဇာတ်လမ်းရုပ်ရှင် ရိုက်ကူးခဲ့သည်။ ဒါရိုက်တာမှာ ဦးညီပု ဖြစ်၍ မင်းသား မောင်ဘဌေးအမည်ဖြင့် ကိုယ်တိုင် ပါဝင် သရုပ်ဆောင်သည်။ မင်းသမီးအဖြစ် ဒေါ်မြညွှန့်က ဥစ္စာ စောင့်မလေး နေရာမှ လည်းကောင်း၊ ဒေါ်ခင်သစ်က မောင်ဘဌေးကို ချစ်ကြိုက်နေသူ အဖြစ် လည်းကောင်း၊ ဦးတင်ဖေက အိမ်နီးချင်းနောက်ပိုး မောင်မောင်စိုး အဖြစ် လည်းကောင်း၊ ရွှေတလေးခေါ် ကာတွန်းဦးဘကလေးက အဘိုးကြီးဦးရွှေရိုးအဖြစ် လည်းကောင်း အသီးသီး ပါဝင် သရုပ်ဆောင်ကြလေသည်။

တောမြို့ဝင်စွန်းက လွှမ်းအောင်ဖန် ဇာတ်ဝင်ခန်းတစ် နေရာတွင် မင်းသားမောင်ဘဌေး ထွေထူစိတ်ကူး ပူးရွှေ လက်တင်စဉ်းစားနေစဉ် ဥစ္စာစောင့်မလေး ရုတ်တရက် ပေါ်လာပြီး မောင်ဘဌေး အနီး ချဉ်းကပ်လာသည်။ မောင်ဘဌေးက ဝမ်းသာအားရ ပွေ့ဖက်မလို လုပ်သော အခါ ဥစ္စာစောင့်မကလေးမှာ ရုတ်တရက် သူ့ရွှေတွင် ပျောက်သွားလေသည်။

ယင်း ရုပ်ရှင်ကားမှာပင် တောတွင်း တစ်နေရာ၌ မောင်ဘဌေးတို့ ဘာလုပ်နေကြသည်ကို ဖန်လုံးကြီးအနီးမှ ဥစ္စာစောင့်မကလေးကြည့်နေရာ ဖန်လုံးကြီး၌မောင်ဘဌေး တို့ခရီးသွားနေကြပုံ ထင်မြင်ပေါ်လာလေသည်။ နှစ်ကြိမ် ထပ် ရိုက် ကူး လှည့်စားနည်းဖြင့် ရိုက် ကူး ထား ခြင်း ဖြစ်သည်။

ထို့ပြင် ၁၉၂၄–၂၅ ခုနှစ်မှ စစ်ကြိုခေတ် ၁၉၄၀ ပြည့်နှစ် ကာလအထိ မြန်မာအဆွေ (အေဝမ်း ဖလင်) ကုမ္ပဏီ သည် ထုဇဝင်၊ နိပါတ်ဇာတ်တော်ဖြစ်စဉ်များထဲမှ အဖြစ် အပျက်များနှင့် သမိုင်းကြောင်းများကို အခြေခံသော ကြယ်တာရာ၊ မို့ုင်းဝေဝေ၊ သမိုင်းညွှန်ပေါင်း၊ တစ်ခိုင်လုံး ရွှေ၊ ပလုတ်တုတ်တုတ်စကြာရှင်၊ ပေါက်ကျိုင်း၊ ရွှေမင်းစံ၊ မြတ်ဂုဏ်တော်၊မောင့်ဝိညာဉ်၊ မှော်စက်ရောင်၊ ရွှေစကား၊ တောင်ညိုညို၊ ဝေဘာဂီ၊ မင်းမဟာဂီရိနှင့် စစ်ပြီးနောက် ကေလာသ၊ ဝိညာဉ်မေတ္တာ၊ နှစ်ဆောင်ပြိုင်စကြောမရုပ်ရှင် ကားများတွင် ကိုယ်ပျောက်သွားခြင်း၊ တန်ခိုးကြွဒွိပါဒ် ပြိုင်ခြင်း၊ ကောင်းကင်၌ ရထား ပျံတက် သွား ခြင်း၊ မြေလျှိုး မိုးပျံခြင်း၊ အတတ်ပညာချင်း ပြိုင်ခြင်း စသည့် ကင်မရာလှည့်စားနည်း များစုဖြင့် အဆန်းတကြယ် ရိုက်ကူး ပြခဲ့လေသည်။

ထိုနည်းတူ မြန်မာရုပ်ရှင်ကုမ္ပဏီကြီး တစ်ခုဖြစ်သော ဗြိတိသျှ ဘား မား ရုပ်ရှင် (ယခု ညွှန့်မြန်မာ) မှလည်း ယင်း အ ချိန် ကာ လ အတွင်းမှာပင် ဗုဒ္ဓဝင်၊ စွယ်တော် သမိုင်း၊ ဆင်ကြီးဂဠုန်ချီ၊ တောင်နန်းဘွား၊ ကိုးသိန်းရှင်၊ ဘုန်းတော်ရှင်၊ အင်းတော်ရှင်၊ ရှင်မအောင်ဖြူ၊ ဘိုးဘိုး အောင်၊ ဒွေးမယ်နော်၊ သခိုးငတက်ပြားနှင့် စစ်ပြီးခေတ် အတွင်း ရဲရွေတော်၊ မာယာသျှန်ဒီ၊ မိုးခေါင်ကျော်စွာ စသည့် ရုပ် ရှင် ကား များ၊ ပဲရော့ရုပ်ရှင်မှ ဆံတော်ရှင်၊ မန်းစက်တော်၊ ကျွန်းညီရှင်၊ ဗျတ်ဝိဗျတ္တာ၊ ရွှေဖျဉ်း ညီနောင်၊ ရှင်ဥပဂုတ်၊ ကိုယ်ပျောက်စော်ရနှင့် ရွှေမြင့်မိုရ် ရုပ်ရှင်မှ ခွန်ချိုခွန်သာကဲ့သို့ ရုပ်ရှင်ကားများသည် ကင်မရာ (ဓာတ်ပုံ) လှည့်စားမှု နည်းပညာများအသုံးပြု၍ ဖန်တီး ရိုက်ကူးခဲ့ကြသော ဇာတ်လမ်း ရုပ်ရှင်ကားများဖြစ်သည်။

ဤနည်းဖြင့် ကင်မရာ (ဓာတ်ပုံ) ပညာနှင့်ဆိုင်သော ရုပ်ရှင်အတတ်ပညာ၊ အတွေးအခေါ်နှင့်ဆိုင်သော ရုပ်ရှင် အနုပညာရပ်များ ဆင့်ကဲဆင့်ကဲ တိုးတက်ဖြစ်ပေါ်လာ ခဲ့ရာ ယနေ့ခေတ်တွင် လေဆာစနစ်သုံးလှည့်စားချက်များ၊ ယန္တရားစက်ရုပ်သုံး လှည့်စားချက်များ၊ ဟော်လိုဂရမ် ရုပ်ကြွနည်းပညာနှင့် သုံးဘက် မြင်ကြား ကင်မရာနည်း ပညာများပင် ပေါ်ထွန်းနေပြီဖြစ်ပေသည်။

ဒါရိုက်တာ မြင့်မောင်

ရွှေဘ၊ ဦး (ရုပ်ရှင်မင်းသား) (ခရစ် ၁၉၂၀–၁၉၈၈)။ ။တစ်ခေတ်တစ်ချိန်က ကြမ်းကြမ်းရမ်းရမ်း စွန့်စားခန်း ဇာတ်ကားများဖြင့် နာမည်ကျော်ခဲ့သော ရုပ်ရှင်မင်းသား ရွှေဘကို ပုသိမ်မြို့ မြို့ပတ်လမ်းနေ အဖ ပန်းချီဆရာကြီး ဦးအောင်မြတ်၊ အမိ ဒေါ်ကွမ်းတို့က ၁၉၂၀ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းလေးယောက်အနက် သားထွေးဖြစ်၍ ငယ်မည် မောင်အေးကြည် ဖြစ်သည်။

ကျောင်းပညာကို အလယ်တန်းအထိ သင်ကြားခဲ့ သည်။ ပညာရေးထက် ဝါသနာပါသော ရေကူးခြင်း၊ ဒိုင်ဗင်ထိုးခြင်း၊ မြင်းစီးခြင်း၊ လက်ဝှေ့သတ်ခြင်း၊ ရုပ်ရှင် ကြည့်ခြင်းတို့ဖြင့်သာ အချိန်ကုန်လွန်ခဲ့သည်။ ရုပ်ရှင် ကြည့်ရာတွင် အလှမ်းအသော ဇာတ်ကားများထက်မြင်းစီး၊ ခားခုတ်၊ ဒိုင်ဗင်ထိုး၊ သေနတ်ပစ် ဇာတ်ကားများကို ပိုမိုကြိုက်နှစ်သက်သည်။

ရွှေဘသည် ဇာတိရပ်ရွာမှ ထွက်ခွာလာခဲ့ပြီး ရန်ကုန်မြို့ ရေကျော်ရပ်ကွက် လမ်း ၅၀ ထိပ်တွင် သံဖြူအလုပ် လုပ်ကိုင်သော ဦးလေးတော်စပ်သူ၏ နေအိမ်တွင် ကူညီ



ရုပ်ရှင်အနုပညာရှင် ရွှေဘ

လုပ်ကိုင်ပေးရင်း နေထိုင်ခဲ့သည်။ ထိုစဉ် လက်ဝှေ့ကျော်ကျားဘညိမ်းထံတွင် လက်ဝှေ့ပညာ ဆည်းပူးခဲ့သည်။ ခြင်းလုံးခတ်ခြင်း၊ အလေးမခြင်း စသောအားကစားများကိုလည်း လိုက်စားခဲ့သည်။

ထို့နောက် ရန်ကုန် ရှစ်မိုင်ဘက်ရှိ ပဲရော့ရုပ်ရှင်ခြံတွင် ရိုက်ကူးလျက်ရှိသော ဒါရိုက်တာ ဆရာခန့်ကြီး၏ လက်နက်ပုန်းဇာတ်ကားတွင် ဇာတ်ရံအဖြစ် ရွေးချယ်ခံရသဖြင့် ရွှေဘသည် ၁၇ နှစ်သားအရွယ်ခန့်၌ ရုပ်ရှင်နယ်သို့ စတင်ရောက်ရှိလာခဲ့သည်။ တစ်ဖန် ပဲရော့ရုပ်ရှင်ကုမ္ပဏီ (ယခု ပြည်ကျော်ရုပ်ရှင်)မှ ဒါရိုက်တာ ဦးဖေကြိုင်သည် စတန့် လူကြမ်းမင်းသား ညိုအေးကြီးနှင့် တွဲဖက်သရုပ်ဆောင်နိုင်မည့် သူကို အပူတပြင်း ရှာဖွေနေချိန်တွင် မင်းသားဖြစ်လိုစိတ် ထက်သန်နေသော ရွှေဘကို တွေ့ရှိသွားပြီး ၁၉၄၄ ခုနှစ်တွင် သတ္တိဗျတ္တိဇာတ်ကား၌ ရွှေဘကို ခေါင်းဆောင်မင်းသားအဖြစ် ရွေးချယ် အသုံးပြုသည်။ သတ္တိဗျတ္တိ ဇာတ်ကားတွင် ရွှေဘ၏ သက်စွန်ဆံဖျားစွန့်စားပြမှုကြောင့် ရုပ်ရှင်ကြည့် ပရိသတ်၏ တစ်ခဲနက် သြဘာပေးခြင်းကို ခံရသည်။ ထိုဇာတ်ကားဖြင့် မင်းသား ရွှေဘဟူ၍ နာမည်ကြီးလာစေကာမူ ထိုကားရိုက်ကူးစဉ်က လူရော ဓမ၁်တော်ဆိုင်ကယ်ပါ ချောက်ထဲသို့ ထိုးချပြလိုက်သော အခန်းကြောင့် ထိုသတ္တိဗျတ္တိဇာတ်ကား ရုံတင်ပြသနေသည့်အချိန်တွင် ရွှေဘမှာ ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသခံနေခဲ့ရသည်။

မြို့နေ လူထုအကြိုက် ဖြောင့်ဖြောင့်စင်းစင်း ရုပ်ရှင်သရုပ်ဆောင် မင်းသားများထဲမှ တစ်မူ ထူးခြားကာ တောင့်တောင့်တင်းတင်း သန်သန်မာမာနှင့် ပေါ်ထွက်လာသော မင်းသားရွှေဘအား မြို့ပေါ်ကထက် တောနယ်ရုပ်ရှင်ကြည့် ပရိသတ်က ပိုမိုအကြိုက် တွေ့ကြသည်။ များသောအားဖြင့် တောသူတောင်သားများက ၎င်းတို့ဘဝကို ထင်ဟပ်သရုပ်ဆောင်လေ့ရှိသော ရွှေဘကားများကို မလွတ်တမ်းကြည့်ရှု အားပေးကြသည်။

မင်းသားရွှေဘသည် ပဲရော့ရုပ်ရှင်၏ ပင်တိုင်မင်းသားအဖြစ် ဆောင်နိ၊ မိုက်ရဲမိုက်ခဲ၊ မယားဆိုးလင်၊ ဒီလုံး၊ ငမိုးစသည် ဇာတ်ကားများကို ဆက်လက် ရိုက်ကူးသည်။ ထို့နောက် ပဲရော့ရုပ်ရှင်မှ ထွက်ကာ လူငယ်ရုပ်ရှင်တွင် မင်းသွေး ဇာတ်ကား၊ ရန်ကုန်ရုပ်ရှင်တွင် အုံပုံးလောက ဇာတ်ကားများ ရိုက်ကူးပြန်သည်။ ထိုမှ အတွေ့အကြုံများရှိလာသဖြင့် သရုပ်ဆောင်မှုတွင် တစ်စတစ်စ ဝါရင့်ပြီး ကျော်ကြားမှု အရှိန်အဟုန် မြင့်လာသည်နှင့်အမျှ ရွှေဘအား ရုပ်ရှင်ကုမ္ပဏီအသီးသီးက သူထက်ငါ ငှားရမ်းရိုက်ကူးလာကြသည်။ ရုပ်ရှင်ကုမ္ပဏီအသီးသီးမှ ရိုက်ကူးသည့် ဇာတ်ကားများအနက် နယ်ခြားမိုက်ခဲ၊ စောရန်အောင်၊ တယူသန်၊ ဝရမ်းညီနောင်၊ ရန်ကုန်သူခိုး၊ ဂမုန်းဘီလူး၊ ရန်ကြွင်းရန်စ၊ စုံထောက်နှင့် မိုးမှောင်၊ ရွှေးရေစက်၊ လူမိုက်လမ်းဆုံး၊ ချစ်ရင်သေး စသည်တို့သည် ပဲ့ကြည့်ပရိသတ် အထူးကြိုက်နှစ်သက်ခဲ့သော ဇာတ်ကားများ ဖြစ်သည်။

ရွှေဘသည် ၁၉၄၉ ခုနှစ် နောက်ပိုင်းမှစ၍ သက်ရှည်ဖလင်းမှဒါရိုက်တာ မင်းသား ရဲဘော်သက်ရှည်နှင့်တွဲဖက်မိပြီး ရုပ်ရှင်ကားများ ဆက်လက်ရိုက်ကူးသည်။ ဒါရိုက်တာရဲဘော်သက်ရှည် ရိုက်ကူး၍ မင်းသားရွှေဘ ခေါင်းဆောင်ပါဝင်ခဲ့သော ပသီပုံပြင်မှ ဇာတ်လမ်းများဖြစ်သည့် ဂမုန်းဘီလူး၊ သူပုန်မင်းသား၊ ရူပမာလာ စသော် ဇာတ်ကားတို့သည် ထိုခေတ်က လူကြိုက်များလှသည့် ဇာတ်ကားများဖြစ်သည်။ ရွှေဘနှစ်ကိုယ်ခွဲ၍ရိုက်ကူးသော သူပုန်မင်းသား ဇာတ်ကားသည် အကြမ်းအရမ်းထက် အလှအပ အခန့်အညားကို တစ်မူထူးခြားစွာ ပိုမို အသားပေးထားသော ဇာတ်ကားဖြစ်သည်။

၁၉၆၃ ခုနှစ် ဝန်းကျင်တွင် ရွှေဘသည် ဇနီးဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် မင်းသမီး သင်းသင်းလဲ့နှင့် တွဲဖက်၍ သမ္မတရုပ်ရှင်အမည်ဖြင့် ကိုယ်ပိုင်ရုပ်ရှင်ကုမ္ပဏီတည်ထောင်ကာ တောကဖိုးတုတ်ဇာတ်ကားကို ပထမဆုံး ရိုက်ခဲ့သည်။ ထို့နောက် သရုပ်ဆောင် သမ္မတလူကြမ်းအဖွဲ့ ဖွဲ့၍ ကိုယ်တိုင် ဦးဆောင်ပြီး ဇာတ်ကား အများအပြား ရိုက်ကူးခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် မင်းသားရွှေဘသည် နာမည်ကြီးမင်းသားများဖြစ်သော တင်ညွန့်၊ ရဲဘော်သက်ရှည်တို့နှင့် တွဲကာ သွေးမှာ သတ္တိရှိသောကြောင့် ဇာတ်ကားကို ရိုက်ကူးပြသရာ လူကြိုက်များခဲ့သည်။

ရွှေဘ ပါဝင်ရိုက်ကူးခဲ့သော အသံတိတ်၊ အသံထွက် ဇာတ်ကား အမြောက်အမြားရှိရာ အချို့ကို ဖော်ပြရလျှင်

ဒွေရန်သူ၊ ယမ်းဒွေ၊ ဒွေမင်းဒွေချင်း၊ ဟေမာမြို့ဝင်၊ သံယောဇဉ်၊ ဖုန်းမောင်တစ်ယောက်ထဲ၊ ရှိန်းဆာယာ၊ ရန်သူရင်သွေး၊ သွေးဆိုး၊ တောဟုန်းကြီး စံဖဲ၊ ဘာလဲအချစ်၊ လူမိုက်အလိုရှိသည်၊ လက်ကိုင်တုတ်၊ ရွှင့်သား၊ ကျားစိတ်ကျားမာန် စသည့်ဇာတ်ကားများ ဖြစ်သည်။

ရွှေဘ နောက်ဆုံး ပါဝင်ရိုက်ကူးခဲ့သော ဇာတ်ကား နှစ်ကားမှာ ဒါရိုက်တာ မောင်မောင်မိုးမြင့်၏ မချစ်လဲပြုံး ချစ်လဲပြုံး ဇာတ်ကားနှင့် ၎င်းပိုင် သမ္မတရုပ်ရှင်က ရိုက်ကူးသော ငမန်းစွယ်နှင့် ကျွန်းသန္တာ ဇာတ်ကားတို့ ဖြစ်သည်။

ရွှေဘသည် ရုပ်ရှင်နယ်ပယ်တွင်သာမက ဇာတ်သဘင် နယ်ပယ်တွင် ရွှေပိုင်း ပြဇာတ် မင်း သား အဖြစ် လည်း ကောင်း၊ ဗိဒိယိုရုပ်ရှင်နယ်ပယ်တွင် ဗိဒိယို သရုပ်ဆောင် မင်းသားအဖြစ် လည်းကောင်း ပါဝင်ကပြ ရိုက်ကူးခဲ့သူ ဖြစ်သည်။ ၁၉၇၈ ခုနှစ်ဦးပိုင်းတွင် ပြဇာတ်အဖွဲ့နှင့် လှည့်လည်ကပြစဉ် နေထိုင်မကောင်းဖြစ်လာသောကြောင့် အနားယူခဲ့သည်။

ရုပ်ရှင်မင်းသားကြီး ဦးရွှေဘသည် ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးသည် ရုပ် ရှင် မင်း သ မီး ကြီး ဒေါ်သင်းသင်းလွဲနှင့် သားသမီးများ ကျန်ရစ်သည်။

လူငယ် အားကစား လေ့ကျင့်ရေး စခန်း။ ။

ကျန်းမာရေး ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန လူငယ်အားကစား လေ့ကျင့်ရေးစခန်းသည် ရန်ကုန်တိုင်း၊ သဃ်န်းကျွန်း မြို့နယ်တွင် တည်ရှိသည်။ လူငယ်အားကစား လေ့ကျင့်ရေးစခန်းကို မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဂျပန်နိုင်ငံအစိုးရက ယန်းသန်း ၅,၅၀၀ နှင့် မြန်မာနိုင်ငံအစိုးရက ကျပ် ၇၄၁ ဒသမ ၂၂ သိန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ လူငယ် အားကစားလေ့ကျင့်ရေးစခန်း တည်ဆောက်မည့် နေရာ မြေဖို့ခြင်းလုပ်ငန်းကို ၁၉၈၃ ခုနှစ် နှစ်လယ်ပိုင်းမှ စတင် ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ တည် ဆောက် ရေး လုပ်ငန်းများကို ဂျပန်နိုင်ငံနီဟွန်းဗီသုကာနှင့် ကာဂျီးမား ကော်ပိုရေးရှင်းတို့က ၁၉၈၄ ခုနှစ် ဒီဇင်ဘာလတွင် စတင် ဆောက်လုပ်ခဲ့ရာ ၁၉၈၇ ခုနှစ် မတ်လတွင် တည်ဆောက် ပြီးစီးခဲ့သည်။

လူငယ်အားကစားလေ့ကျင့်ရေးစခန်း တစ်ခုလုံးသည် ၂၁ ကေ ကျယ်ဝန်းသည်။ လူငယ်အားကစားလေ့ကျင့် ရေးစခန်းဝင်း အနောက်ဘက်တွင် ပင်မအဆောက် အအုံကို ဆောက်လုပ်ထားသည်။ မြေညီထပ်တွင် အား က စား သမား များ စုရုပ်ခန်းမ၊ အဝတ်လဲခန်းနှင့် ရေချိုးခန်း၊ အိမ်သာခန်း၊ ကော်မတီခန်း၊ အထွေထွေ အုပ် ချုပ် ရေး မှူး ရုံး ခန်း၊ ဧည့်ခန်း၊ ဒိုင်လူကြီးခန်း၊ သတင်းပြန်ကြားရေးခန်း၊ ဆေးခန်း၊ အစည်းအဝေး ခန်းမ၊ ရုံးခန်း၊ အဝင်ခန်းမ၊ ဧည့်ကြိုခန်း၊ လုံခြုံရေး ခန်းနှင့် စာ ပုံ နှိပ် စက် ခန်း တို့ ရှိ သည်။ ပထမထပ်တွင် စာကြည့်တိုက်၊ ပြခန်းမ၊ အစည်းအဝေးခန်းမ၊ ရုံးခန်းနှင့် ညွှန် ကြား ရေးမှူးရုံးခန်းတို့ ဖွဲ့စည်းထားသည်။ ဒုတိယ ထပ်တွင် အထူးတန်းပဲကြည့်စင်သို့ ပဲကြည့်ပရိသတ်များ ဝင်ရန် အဝင်စင်္ကြံနှင့် အရေးကြီးပုဂ္ဂိုလ် ဧည့်သည်တော် များ နားနေနိုင်ရန် ဧည့်နားနေခန်းတို့ရှိပြီး တတိယထပ် တွင် အရေးကြီးပုဂ္ဂိုလ် ဧည့်သည်တော် ၃၀ ဦး ပြိုင်ပဲ့ကြည့်ရှုရန် ဧည့်သည်တော် ကြည့်ခန်းနှင့် ဧည့်ခံခန်းတို့ ပါဝင်သည်။ စတုတ္ထထပ်တွင် အနိုင် အရှုံး ပြစင်နှင့် လျှပ်စစ်မီးထိန်းချုပ်ခန်း၊ သတင်းထောက်ခန်း၊ အသံထိန်း ချုပ်ခန်း၊ အရန်ခန်း၊ ကော်မတီခန်း၊ အသံလွှင့်ခန်း၊ ရေဒီယိုခန်း၊ ရုပ်မြင်သံကြားခန်းနှင့် ဒိုင်လူကြီးခန်းတို့ရှိသည်။ လေအေးပေးစက်များကို မြေညီထပ်တွင် သုံးလုံး၊ ပထမ ထပ်တွင် နှစ်လုံး၊ ဒုတိယထပ်တွင် နှစ်လုံး၊ တတိယထပ် တွင်သုံးလုံးနှင့် စတုတ္ထထပ်တွင် ကိုးလုံး တပ်ဆင်ထား သည်။

လူငယ်အားကစားလေ့ကျင့်ရေးစခန်း ပင်မအဆောက် အအုံတွင် ဂျပန်နိုင်ငံလုပ် ဓာတ်လှေကားတစ်ခု တပ်ဆင် ထားသည်။ ထိုဓာတ်လှေကားသည် အလေးချိန် ၉၀၀ ကီလိုဂရမ်လေး၍ လူ ၁၃ ဦး စီးနင်းနိုင်သည်။ အမြန် နှုန်းမှာ တစ်မိနစ်လျှင် ပေ ၁၅၀ နှုန်းဖြစ်သည်။ ဓာတ် လှေ ကား တက် ဆင်း နေချိန် လျှပ် စစ် ဓာတ် အား ပြတ် တောက်သွားပါက ဓာတ်လှေကားစက်ခန်းရှိ စက်မှုကိရိ ယာများကိုအသုံးပြုပြီး အတွင်းရှိလူများကို လေးမိနစ် အတွင်းထုတ်ယူနိုင်ရန် စီမံဆောင်ရွက်ထားသည်။

လူငယ်အားကစားလေ့ကျင့်ရေးစခန်းအတွက် လျှပ် စစ်ဓာတ်အားကို မရမ်းကုန်း ဓာတ်အားခွဲရုံမှရယူ၍ စခန်း အတွင်းရှိ ဓာတ်အားခွဲရုံမှတစ်ဆင့်အမျိုးသား အားကစား ပြိုင်ပဲ့ရုံအမှတ် (၁) နှင့် စခန်းအတွင်းသို့ ဓာတ်အား များကို ဖြန့်ဖြူးပေးသည်။ လျှပ်စစ်ဓာတ်အားအတွက် ၆ ဒသမ ၆ ကေဗွီမှ ၄၀၀ ဗို့သို့ ပြောင်းသော ထရန် စဖေါ်မာ ခြောက်လုံးရှိပြီး လေးလုံးမှာ ဘေလုံးကွင်း အလင်းရောင်ရရှိရေးနှင့်နှစ်လုံးမှာအဆောက်အအုံလျှပ်စစ် ရရှိရေးအတွက်ဖြစ်သည်။ ဘေလုံးကွင်းအလင်းရောင်ရရှိ ရေးအတွက် ထောင့်လေးထောင့်တွင် မီးမောင်းစင်ကြီး လေးခုကို တည်ဆောက်ထားသည်။ မီးမောင်းစင်တစ်ခု

တွင် တစ်ကီလိုဝပ်အား မီးလုံး ၁၁၄ လုံး တပ်ထားပြီး မီးလင်းအားမှာ အောင်ဆန်းကွင်းထက် လေးဆနီးပါး ပိုလင်းသည်။ အကယ်၍ အားကစားပြိုင်ပွဲများ ကျင်းပနေချိန်တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားပါက အရေးပေါ် ဂျင်နရေတာဖြင့် လျှပ်စစ်ဓာတ်အားပေးရန် စီစဉ်ထားသည်။ အရေးပေါ်ဓာတ်အားဖြင့် မီးမောင်းစင်တစ်ခုစီမှ မီးလုံး ၁၇ လုံးစီ၊ အနိုင်အရှုံးပြ လျှပ်စစ်ကြေညာသင်ပုန်းနှင့် စခန်းအတွင်းရှိ အခြားအရေးကြီးသောနေရာများအတွက် လျှပ်စစ်ဓာတ်အား ရရှိနိုင်မည် ဖြစ်သည်။

လူငယ်အားကစားလေ့ကျင့်ရေး စခန်း အလယ်တွင် ခေတ်မီဘောလုံးကွင်းနှင့် ကွင်းပတ်ပြေးလမ်းတို့ ရှိသည်။ ဘော လုံး ကွင်း နှင့် ကွင်း ပတ် ပြေး လမ်း တို့ ကို ပင်မ အဆောက်အအုံရှိ အထူးတန်းပွဲကြည့်စင်၊ မြောက်ဘက်တန်းပွဲကြည့်စင်၊ တောင်ဘက်တန်း ပွဲကြည့်စင်နှင့် အရှေ့ဘက်တန်းပွဲကြည့်စင်တို့က ဝိုင်းရံထားသည်။ အထူးတန်းပွဲကြည့်စင်မှ အရေးကြီးပုဂ္ဂိုလ် ဧည့်သည်တော် ၃၀ ဦး၊ သီးသန့်ဧည့်သည် ၆၂၄ ဦး၊ ပွဲကြည့်ပရိသတ် ၉,၇၃၂ ဦး၊ မြောက်ဘက်တန်း ပွဲကြည့်စင်မှ ပွဲကြည့်ပရိသတ် ၂,၆၉၂ ဦး၊ တောင်ဘက်တန်း ပွဲကြည့်စင်မှ ပွဲကြည့်ပရိသတ် ၂,၆၉၂ ဦး၊ အရှေ့ဘက်တန်းပွဲကြည့်စင်မှ ပွဲကြည့်ပရိသတ် ၄,၂၅၀ ဦး စုစုပေါင်း ပွဲကြည့်ပရိသတ် ၂၀,၀၂၀ ဦး ကြည့်ရှုအားပေးနိုင်မည်ဖြစ်သည်။

လူငယ်အားကစား လေ့ကျင့်ရေးစခန်း မြောက်ဘက်တန်းပွဲကြည့်စင်အပေါ်တွင် ပြိုင်ပွဲအနိုင်အရှုံးပြ လျှပ်စစ်ကြေညာသင်ပုန်းကြီးကို တည်ဆောက်ထားသည်။ ထိုကြေညာသင်ပုန်းတွင် အနက်ရောင်နှင့် လိမ္မော်ရောင် အရောင်နှစ်မျိုးပါသော ဘောလုံးများကို လျှပ်စစ်သံလိုက်ဖြင့်လည်စေ၍ အလုပ်လုပ်သောစနစ်အသုံးပြုပြီး စုစုပေါင်း ဘောလုံး ၁၂,၃၀၃ လုံးရှိသည်။ လျှပ်စစ်ကြေညာသင်ပုန်းကို ကွန်ပျူတာကဲ့သို့သော ထိန်းချုပ်စက်ခလုတ်များဖြင့် အလုပ်လုပ်စေသည်။ ပုံများပေါ်စေရန် ဂရပ်အရွက်ပေါ်တွင် လိုအပ်သော ပုံကို ရေးဆွဲ၍ ပုံသွင်းကိရိယာမှ သွင်းယူပြီး မှတ်ဉာဏ်ဓာတ်ပြားတွင် မှတ်ယူထားသည်။ ထို့နောက် ထိန်းချုပ်စက်ခလုတ်ခုံမှထိန်းကာ မှတ်ယူထားသော ဓာတ်ပြားမှ ထုတ်ယူပြီး ကြေညာသင်ပုန်းတွင် ပေါ်စေနိုင်သည်။ ထို့ပြင် အင်္ဂလိပ်စာတန်းများကို ထိန်းချုပ်စက်ခလုတ်ခုံမှ တိုက်ရိုက်နှိပ်ယူပြီး ကြေညာသင်ပုန်းတွင် ပေါ်စေနိုင်မည်ဖြစ်သည်။ ပြေးခုန်ပစ်အားကစားသမားများ၏ အမည်နှင့်စံချိန်၊ ဘောလုံးပွဲ ဂိုးအရေအတွက်တို့ကိုလည်း ဖော်ပြနိုင်သည်။ လျှပ်စစ်ကြေညာသင်ပုန်းပေါ်တွင် ပုံဖော်မှုအခြေအနေကို ထိန်းချုပ်ခန်း ရှိ ရုပ်မြင်သံကြားစက်ဖြင့် ကြည့်ရှုစစ်ဆေးနိုင်ရန်လည်း စီစဉ်ထားသည်။

လူငယ် အားကစားလေ့ကျင့်ရေး စခန်းတွင် ပြုလုပ်မည့် အားကစားပြိုင်ပွဲများအတွက် ခေတ်မီစက်ကိရိယာများကို တပ်ဆင်ထားသည်။ တာတို၊ တာလတ်၊ တာဝေး အပြေးပြိုင်ပွဲများ၊ စက်ဘီးပြိုင်ပွဲများတွင် ပြေးလမ်းအချိန်မှတ်သင်ပုန်း၊ အားကစား စံချိန်ရိုက်ထုတ်စက်၊ အနီအောက်ရောင်ခြည်ဖလင်လျှပ်စစ်စက်၊ ရုပ်မြင်သံကြားစက်၊ ရုပ်မြင်သံကြားပြစက်၊ အချိန်မှတ်စံချိန် ရိုက်ထုတ်စက်၊ အဝေးထိန်းယူနစ်နှင့် တာလှတ်ချိန်၊ ပန်းဝင်ချိန်ထိန်းချုပ်သည့်စက်ခလုတ်ခုံစသည့် ခေတ်မီကိရိယာများကို အသုံးပြု၍ တာလှတ်ချိန်၊ ပန်းဝင်ချိန်နှင့် အားကစား စံချိန်တို့ကို စနစ်တကျ မှတ်တမ်းတင်ရယူနိုင်သည်။ တာလှတ်ချိန်ကို အချက်ပြသေနတ်ပစ်ဖောက်လိုက်လျှင် သေနတ်၏ အသံစွမ်းအင်ကြောင့် ပြေးလမ်းအချိန်မှတ်သင်ပုန်းက အချိန်ကို စက္ကန့်အလိုက်ရေတွက်သည်။ ထိပ်ဆုံးအပြေးသမား ပန်းဝင်မှတ်တိုင်သို့ ရောက်လာလျှင် အနီအောက်ရောင်ခြည်လှတ်ထားသော ပန်းဝင်မှတ်တိုင်နှစ်တိုင်ဖြင့် အားကစားစံချိန်ရိုက်ထုတ်စက်ကစံချိန်ကိုရိုက်ထုတ်ပေးသည်။ အခြားအပြေးသမားများ၏ စံချိန်ကို လက်နှိပ်ခလုတ်မှတစ်ဆင့် အခြားစံချိန်ရိုက်ထုတ်စက်က ရိုက်ထုတ်နိုင်သည်။ အပြေးပြိုင်ပွဲများတွင် ပန်းဝင် မှတ်တမ်း တင်ချက်ကို ဗီဒီယိုကင်မရာဖြင့် ရိုက်ကူးထားနိုင်ခြင်းကြောင့် အငြင်းပွားမှုများကို အလွယ်တကူဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

လူငယ် အားကစားလေ့ကျင့်ရေးစခန်း၊ အရှေ့ဘက်တန်းပွဲကြည့်စင်အပေါ်တွင် အားကစား အထိမ်းအမှတ် မီးရှူးတိုင်ကြီး တည်ဆောက်ထားသည်။ မီးရှူးတိုင်မီးထွန်းညှိမှုအတွက် အရှေ့ဘက်တန်း ပွဲကြည့်စင်အောက်ရှိ အဆောက်အအုံတွင်ဓာတ်ငွေ့အိုးအလုံး ၂၀ ရှိသည်။ အသုံးပြုသောဓာတ်ငွေ့ရည်မှာ ရေနံဓာတ်ငွေ့ဖြစ်ပြီး ဓာတ်ငွေ့အိုးတစ်လုံးလျှင် ၅၀ ကီလိုဂရမ်ဆံ့သည်။ ဓာတ်ငွေ့ပိုက်လိုင်း၊ ဓာတ်ငွေ့ထိန်းလှတ်နှင့် ဓာတ်ငွေ့ဖိအားပြ မီတာများလည်းတပ်ဆင်ထားသည်။ တစ်ဘက်ရှိအခန်းငယ်တွင် မီးကလပ်အား မီးရှို့မှုနှင့် မီးငြိမ်းသတ်မှုတို့ကို ထိန်းသိမ်းနိုင်သောကိရိယာများရှိသည်။ မီးကလပ်တွင် မီးတောက်လောင်စဉ် မီးတောက်မှာ အမြင့်ခြောက်ပေခန့် ရှိနေမည်ဖြစ်သည်။

လူငယ်အားကစား လေ့ကျင့်ရေးစခန်းတွင် ပြင်ပနှင့် စခန်းအတွင်း ဆက်သွယ်ပြောကြားနိုင်ရန် ပြင်ပဆက်သွယ်ရေးစနစ်နှင့် အတွင်းဆက်သွယ်ရေးစနစ်တို့ရှိသည်။ ပြင်ပမှအတွင်းသို့ဆက်သွယ်လိုလျှင် အော်ပရေတာစက်ခလုတ်ခုံမှတစ်ဆင့် ဆက်သွယ်နိုင်ပြီး အတွင်းမှအပြင်သို့ဆက်သွယ်

လိုလျှင် သုညနံပါတ်ခံ၍ တိုက်ရိုက် ဆက်သွယ်ပြောကြားနိုင်သည်။ တယ်လီဖုန်းများကို လျှပ်စစ်ဓာတ်အား ၄၀ ဗို့ အားပေးရသည်။ လျှပ်စစ်မီးမလာလျှင် အလိုအလျောက် ဓာတ်အားပေးနိုင်သည့် ဘက်ထရီ တပ်ဆင်ထားသည်။ ဘက်ထရီမှာ ခြောက်နာရီဆက်တိုက် ဓာတ်အားပေးနိုင်ပြီး အလိုအလျောက် ဓာတ်အားသွင်းသည့် စနစ်လည်း ပါရှိသည်။ စက်ခလုတ်ခုံသည် တယ်လီဖုန်းအလုံး ၁၂၀ အသုံးပြုနိုင်စွမ်းရှိသော်လည်း တယ်လီဖုန်းအလုံး ၅၀ သာ အသုံးပြုရန်စီစဉ်ထားသည်။

လူငယ်အားကစား လေ့ကျင့်ရေးစခန်း ပြန်ကြားရေး လုပ်ငန်းတွင် အသံထိန်းချုပ်ရေးနှင့် ပြည်သူ့ပြန်ကြားရေး ဟူ၍ အဓိကကဏ္ဍကြီး နှစ်ရပ်ပါရှိသည်။ စခန်းတစ်ခုလုံးရှိ စပီကာများကို အသံထိန်းချုပ်ရေးအခန်းမှ ထိန်းချုပ်နိုင်သည်။ အသံထိန်းချုပ်ရေးအခန်းတွင် တိတ်ရီကော်တာနှစ်လုံး၊ ကက်ဆက်ဒက်နှစ်လုံးနှင့် ဓာတ်ပြားစက်တစ်လုံး ရှိသည်။ စကားပြောနိုင်ရန် ဘောလုံးကွင်း ထောင့်လေးထောင့်တွင် ဂျက်ပင်လေးခု၊ မြေညီထပ်တွင် ဂျက်ပင် ၁၄ ခု၊ မြောက်ဘက်တန်းတွင် ဂျက်ပင်နှစ်ခု၊ တောင်ဘက်တန်းတွင် ဂျက်ပင်နှစ်ခုနှင့် အရှေ့ဘက်တန်းတွင် ဂျက်ပင် ၁၀ ခုတပ်ဆင်ထားသည်။ ထိုနေရာများမှ စကားပြောလိုပါက အသံထိန်းချုပ်ရေးအခန်းမှနေ၍ လိုသလိုကြိုးဆက်ပေးခြင်းဖြင့် စကားပြောနိုင်သည်။ ပြည်သူ့ပြန်ကြားရေးအခန်းတွင် စကားပြောစက်တစ်ခု တပ်ဆင်ထားသည်။ ထိုစက်ဖြင့်မြေညီထပ်၊ပထမထပ်၊ဒုတိယထပ်၊ စတုတ္ထထပ်၊ မြောက်ဘက်တန်း၊ တောင်ဘက်တန်းနှင့်အရှေ့ဘက်တန်း စသည်တို့သို့ စကားပြောနိုင်သည်။ အရေးပေါ် စကားပြောခွက်ကိုလည်း လုံခြုံရေးအခန်းတွင် တပ်ဆင်ပေးထားသည်။ ကွင်းဘက်သို့ လှည့်ထားသော အဓိကစပီကာ ၁၉ လုံးတွင် လေးလုံးမှာ အသံနိမ့်အမျိုးအစားဖြစ်ပြီး ကျန် ၁၅ လုံးမှာ အသံမြင့်အမျိုးအစားဖြစ်သည်။ လူဝင်လူထွက်အပေါက်၊ အထူးတန်း အနောက်ဘက်နှင့် အရှေ့ဘက်နံရံ၊ လှေကားနံရံ၊ မြေညီထပ် အခန်းအားလုံးနှင့် လူသွားလမ်းဘေးနံရံ၊ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်ရှိနံရံ၊ အရေးကြီးပုဂ္ဂိုလ် နေ့သည်မှတော်ကြည့်ခန်း စသည်တို့တွင် စပီကာများတပ်ဆင်ထားသည်။

ထို့ပြင် လူငယ်အားကစားလေ့ကျင့်ရေးစခန်းတွင် စာပုံနှိပ်လုပ်ငန်းပါရှိပြီး ပုံနှိပ်စက် အသေးစားတစ်လုံး၊ စက္ကူဖြတ်စက်အသေးစားတစ်လုံး၊ အင်္ဂလိပ်စာလုံးစာစီခုံတစ်ခုံ ရှိသည်။ စာပုံနှိပ်စက်စွမ်းအင်မှာ မော်တာနှင့် လေကုန်ပရက်စာကိုအသုံးပြု၍ အလိုအလျောက် ပုံနှိပ်နိုင်သည်။ ထို့ပြင် လက်ဖြင့်လည်း ပုံနှိပ်နိုင်သည်။ အမြန်နှုန်းမှာ တစ်မိနစ်လျှင်စောင်ရေ ၅၀ ခန့်ဖြစ်သည်။ စက္ကူဖြတ်စက် မှာစာရွက်ရေ ၅၀၀ ကို ကောင်းစွာဖြတ်နိုင်သောစွမ်းအင် ရှိသည်။

ခေတ်မီစက်ကိရိယာများဖြင့် အဆင့်အတန်းမီအောင် စနစ်တကျ စီမံ တည်ဆောက်ထားသည့် လူငယ်အားကစားလေ့ကျင့်ရေး စခန်းသည် အမျိုးသားအားကစားစွမ်းရည် တိုးတက်မြင့်မားရေးကို အပြည့်အဝ အထောက်အကူပြုနိုင်မည် ဖြစ်ပေသည်။

လက်ဗန္ဓနိုင်ငံ။ ။ လက်ဗန္ဓနိုင်ငံ တောင်ပိုင်းရှိ ပါလက်စတိုင်းခရိုင်များကို ရှိယိုက်အာမဲ ပြည်သူစစ်များသုံးနှစ်ကြာမျှ ဝိုင်းဝန်း ပိတ်ဆို့ထားခြင်းကို အဆုံးသတ်လိုက်ပြီဟူ၍ အာမဲမူဆလင် ပြည်သူစစ် ခေါင်းဆောင် နာဘီဘယ်ရိက ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကြေညာသည်။ အစ္စရေး အသိမ်းပိုက်ခံ နယ်မြေများရှိ ပါလက်စတိုင်းပြည်သူများကို ထောက်ခံကြောင်း ပြသလိုက်ခြင်း ဖြစ်သည်ဟုလည်း နာဘီဘယ်ရိက ပြောကြားခဲ့သည်။ (ပါလက်စတိုင်း အခြေအနေ —ရှု။) ယင်းသို့ဆောင်ရွက်မှုသည် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) နှင့် ဆီးရီးယားနိုင်ငံတို့ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာခြင်းနှင့် တိုက်ဆိုင်နေသည်။

လက်ဗန္ဓနိုင်ငံ ဘေရွတ်မြို့တွင် ၁၉၇၈ ခုနှစ် မေလ ၆ ရက်နေ့မှစ၍ အာမဲပြည်သူစစ်နှင့် ဟစ်ဇဗိုးလွှားပြည်သူစစ်တို့ တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ မေလ ၁၅ ရက်နေ့တွင် ထုတ်ပြန်သော သတင်းအရ လူပေါင်း ၂၅၀ သေဆုံးခဲ့သည်ဟုသိရှိရသည်။ အီရန်နိုင်ငံ၏ထောက်ခံမှုကို ရရှိသော ဟစ်ဇဗိုးလွှားပြောက်ကျားတို့သည် အစ္စလာမ္မစ်နိုင်ငံထူထောင်လိုသော ဘာသာရေး တစ်ယူသန်ဝါဒီများဖြစ်ကြပြီး ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ၏ အုပ်စုအချို့နှင့်လည်း တိုက်ပွဲများ ဖြစ်ပွားလေ့ရှိသည်။ ဟစ်ဇဗိုးလွှားတပ်ဖွဲ့ဝင်များသည် မြင့်မားသော အဆောက်အအုံများ၏ ခေါင်မိုးထိပ်မှ အနီးဝန်းကျင်ကို သေနတ်ဖြင့် ပစ်ခတ်လေ့ရှိသည်ဟု အာမဲပြည်သူစစ်တို့က စွပ်စွဲပြီး အာမဲပြည်သူစစ်သုံးဦးကို ပစ်ခတ် သတ်ဖြတ်သူအဖြစ် မသက်ဝင်ဖွယ်ရာ သေနတ်သမားများကို လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သည်။ ဟစ်ဇဗိုးလွှားပြည်သူစစ်တို့က ယင်းတောင်းဆိုချက်ကို ပယ်ချရာမှ တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ မေလ ၁၅ ရက်နေ့တွင် ဘေရွတ်မြို့တောင်ပိုင်းတွင် တိုက်ပွဲများ ဖြစ်ပွားရာနယ်မြေများကို ဆီးရီးယားတပ်ဖွဲ့ဝင် ၆၀၀၀ က ပိတ်ဆို့လိုက်သည်။ အပစ်အခတ် ရပ်စဲရေးအတွက် တွန်းအားပေးမည့် ကော်မတီတစ်ရပ်ဖွဲ့စည်းရန် အီရန်နိုင်ငံ သမ္မတ အလီခါမေနီနှင့် ဆီးရီးယားနိုင်ငံသမ္မတ ဟာဖက်အာဆတ်



ဟစ်ဇဗိုးလား ပြည်သူ့စစ်မျှားကို ပစ်ခတ်တိုက်ခိုက်နေသော ရှီယိုက် အာမဲပြည်သူ့စစ်နှစ်ဦး

တို့ သဘော တူညီခဲ့ပြီးနောက် ဆီးရီးယား တပ်မျှားက ထိုသို့ပိတ်ဆို့ခဲ့ခြင်း ဖြစ်သည်။ ရှီယိုက်မူဆလင်အချင်းချင်း ဖြစ်ပွားသော ယင်းတိုက်ပွဲမျှား ရပ်စဲရေးအတွက် သဘော တူညီချက်တစ်ရပ်ကို မေလ ၂၅ ရက်နေ့တွင် ချုပ်ဆိုနိုင် ခဲ့သည်။

လက်ဗန္ဓန်နိုင်ငံ၏ သမ္မတ အာမင် ဂျမားယယ်သည် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ခြောက် နှစ်သက်တမ်း ပြည့်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၃–စာ၊ ၂၇၂ – ရှု။) သမ္မတအဖြစ် ရွေးချယ်ခံလိုသူ ပုဂ္ဂိုလ် နှစ်ဒါဇင်ခန့် ရှိသည်။ သမ္မတသစ်ရွေးချယ်တင်မြှောက်ရန် ၁၉၇၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပါလီမန်အစည်း အဝေးကို ကျင်းပသည်။ အစ္စရေးနိုင်ငံအပေါ် စာနာမှု ရှိသော လက်ဗန္ဓန်ခရစ်ယာန်ဘာသာဝင် ပါလီမန်အမတ် များက သပိတ်မှောက်ခဲ့သည်။ အမတ် ၃၈ ဦးသာတက် ရောက်သည်။ သမ္မတရွေးချယ်နိုင်ရန် လိုအပ်သည့်အမတ် ဦးရေ ၅၁ ဦးမပြည့်ဟု ဆိုသည်။ အစည်းအဝေး တက်ရောက်သော အမတ်အားလုံးသည် သမ္မတလောင်း စူလေမန် ဖရန်ကျေး (၇၈ နှစ်) ကို သမ္မတအဖြစ် ရွေးချယ် တင်မြှောက်လိုသူများဖြစ်သည်ဟု ဆိုသည်။ လက်ဗန္ဓန် တပ်ဖွဲ့မျှား (အယ်အက်ဖ်) တပ်ဖွဲ့ဝင်များသည် ဆီးရီး ယားနိုင်ငံက ထောက်ခံ အားပေးသော ဖရန်ကျေးကို သမ္မတအဖြစ် ရွေးချယ်ခြင်း မပြုနိုင်အောင် ဟန့်တား နှောင့်ယှက်ခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး အဗ္ဗဒူလာ ရာဆီက စွပ်စွဲခဲ့သည်။ အနည်းဆုံးအမတ် ၁၅ ဦးကို အယ်အက်ဖ်တပ်ဖွဲ့ဝင်များက နည်းမျိုးစုံသုံး၍ ဟန့်တားခဲ့ သည်ဟု ဆိုသည်။

လက်ဗန္ဓန်နိုင်ငံ ဝန်ကြီးချုပ် ရာရှစ် ကရာမီသည် နုတ်ထွက်စာတင်ပြီး မကြာမီ ၁၉၇၇ ခုနှစ် ဇွန်လ ၁ ရက် နေ့တွင် ရဟတ်ယာဉ်ပေါက်ကွဲပျက်စီး၍ သေဆုံးခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၈ – စာ၊ ၂၇၅—ရှု။) သမ္မတဂျမား ယယ်က ပညာရေးဝန်ကြီး ဆလင် ဟို့စ်ကို အိမ်စောင့် အစိုးရ ဝန်ကြီးချုပ်အဖြစ် ကရာမီ မသေဆုံးမီတွင်ခန့်အပ် ခဲ့သည်။ ကရာမီမသေဆုံးမီ ၁၉၇၇ ခုနှစ် မေလ ၄ ရက် နေ့တွင် တင်သွင်းခဲ့သည့် အစိုးရအဖွဲ့ တစ်ဖွဲ့လုံး နုတ်ထွက် သည့် စာကိုမူ ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၂ ရက် နေ့တွင် ဆလင် ဟို့စ်က ပြန်လည်ရုပ်သိမ်းခဲ့သည်။ သို့ရာ တွင် သမ္မတ ဂျမားယယ်သည် သမ္မတသက်တမ်းကုန်ဆုံး မည့် စက်တင်ဘာလ ၂၂ ရက်နေ့ ညဉ့်သန်းခေါင်မတိုင် မီ ငါးမိနစ်အလိုတွင် မာရွန်နိုက်ခရစ်ယာန် အေယွန်ကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ အေယွန်၏ အစိုးရ အဖွဲ့သည် သမ္မတသစ် ရွေးချယ်တင်မြှောက်ရေးအတွက် ဆောင်ရွက်မည်ဟု ဆိုသည်။ အေယွန်သည် ဂျမားယယ်

၏လက်အောက်တွင် စစ်ဦးစီးချုပ် ဖြစ်ခဲ့သည်။ ဤသို့ဖြင့် ဆွန်နီမူဆလင် ဆလင် ဟိုစ် ဦးဆောင်သော အစိုးရအဖွဲ့နှင့် မာရွန်နိုက်ခရစ်ယာန် အေယွန် ဦးဆောင်သော အစိုးရအဖွဲ့ဟူ၍ နှစ်ဖွဲ့ရှိကာ နိုင်ငံအကြီးအကဲ သမ္မတမရှိသောလက်ဗန္ဓန်နိုင်ငံတွင် အာဏာအပြိုင်လုလျက်ရှိသည်။

ခရစ်ယာန်နှင့် မူဆလင်များအကြား နိုင်ငံရေးဖြေရှင်းမှုမရရှိသဖြင့် ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ပါလီမန်၌ ပါလီမန် ဥက္ကဋ္ဌသစ် ရွေးချယ်ရေးကိစ္စလည်း မအောင်မြင်ခဲ့။ လက်ရှိပါလီမန်ဥက္ကဋ္ဌ၏တစ်နှစ်သက်တမ်းသည် ၁၇ ရက်နေ့ ညဉ့်သန်းခေါင်တွင် ကုန်ဆုံးသည်။ ပါလီမန်ဥက္ကဋ္ဌသစ်ရွေးချယ်သည့် ပါလီမန် အစည်းအဝေးသို့ ပါလီမန်အမတ် ၇၆ ဦးအနက် ၂၆ ဦးသာ တက်ရောက်သည်။ တက်ရောက်သူအများစုသည် ဆီးရီးယားလိုလားသော မူဆလင်များသာ ဖြစ်သည်။ ပါလီမန် ဥက္ကဋ္ဌရွေးချယ်ရန် အနည်းဆုံး အမတ် ၃၉ ဦးတက်ရောက်ရန် လိုအပ်သည်။ သို့သော် ခရစ်ယာန်အမတ် ၄၁ ဦးရှိသည့်အနက် အားလုံးနီးပါးက မတက်ရောက်ဘဲ နေကြသည်။ ယင်းသို့ ပါလီမန်ဥက္ကဋ္ဌသစ် မရွေးချယ်နိုင်ခြင်းသည် ပါလီမန်ကို ရပ်စဲသွားစေသည်။ လက်ဗန္ဓန်နိုင်ငံကျဆုံးသွားပြီဟု ကြေညာလိုကြောင်းဖြင့် ရှီယိုက်မူဆလင် အမတ် အယ်ခါလီ (၈၄ နှစ်) က ပြောကြားခဲ့သည်။

ပင်လယ်ကွေ့ ပူးပေါင်း ဆောင်ရွက်ရေး ကောင်စီ (ဂျီစီစီ) မှ နိုင်ငံခြားရေးဝန်ကြီးများသည် လက်ဗန္ဓန် အခြေအနေနှင့် ပတ်သက်၍ အာရပ်ထိပ်သီး ဆွေးနွေးပွဲ ကျင်းပရန် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် တောင်းဆိုခဲ့သည်။ လက်ဗန္ဓန်နိုင်ငံ အခြေအနေသည် အာရပ်နိုင်ငံချင်း ဆက်ဆံရေးကို ခြိမ်းခြောက်နေသည်ဟု တင်ပြခဲ့သည်။ အီရတ်နိုင်ငံသည် ဘေရွတ်မြို့ရှိ ခရစ်ယာန် အစိုးရအဖွဲ့ကို ထောက်ခံအားပေးသည်။ လက်ဗန္ဓန်နိုင်ငံကို မိမိသြဇာသက်ရောက်ရာ နယ်ပယ်ဟု သဘောထားသော ဆီးရီးယားနိုင်ငံကမူ မူဆလင် အစိုးရအဖွဲ့ကို ထောက်ခံအားပေးသည်။

ဝိမလ၊ ဆရာတော်ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ် ကျောင်းတိုက် (မြန်မာ ၁၂၆၅ – ၁၃၅၀) ။ ။ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တဝိမလသည် ဆရာတော်ကြီးများထံတွင် ပါဠိပိဋကတ်ကျမ်းစာများကို သင်ကြားဆည်းပူးတော်မူ၍ အစိုးရပထမငယ်၊ လတ်၊ ကြီးတန်းများကို အောင်မြင်ခဲ့ပြီးနောက် ရွှေဟင်္သာတောရ ကျောင်းတိုက်ကြီးအတွင်းရှိ ဝံသာနုတိုက်တွင် ကျောင်းထိုင် ဘုန်းကြီးဘဝ၊ တိုက်ကြပ်ဘဝ၊ တိုက်အုပ်ဘဝမှ ဆရာတော်ကြီး ဘဝအထိ ၂၄ နှစ်တိုင်ငယ်၊ လတ်၊ ကြီး စာချတန်းစာမေးပွဲများအတွက် စာသင်သားများအား စာဝါများမပြတ်ပို့ချပေးတော်မူခြင်း၊ နိုင်ငံတော်အစိုးရ ပါဠိပညာရေးအဖွဲ့၏ နာယကဆရာတော်၊ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းအုပ်၊ ပါဠိတက္ကသိုလ်အဖွဲ့ကြီး၌ ဗဟိုအဖွဲ့ဝင်ဆရာတော်၊ ဆဋ္ဌသင်္ဂါယနာ ပဋ္ဌသမ္ဘိဒါမဂ္ဂ ပါဠိအဋ္ဌကထာကို သုတ်သင်ပြင်ဆင်ရသော ပဋ္ဌဝိသောဓက ဆရာတော်စသည်ဖြင့် ဆောင်ရွက်တော်မူခြင်း၊ လောကုတ္တရာ စာပေကျမ်းဂန်များကို ရေးသား ပြုစုတော်မူခြင်း၊ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးဖြစ်မြောက်ရေး၊ သံဃာ့ဝန်ဆောင် ၆၆ ပါးတွင် ပါဝင်၍ သံဃာ့အဖွဲ့အစည်း အခြေခံ စည်းမျဉ်းရေးဆွဲရေး အဖွဲ့ဝင်ယ်၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခြင်း စသော သာသနာ့ တာဝန်များကို ထမ်းရွက်တော်မူခဲ့သောကြောင့် နိုင်ငံတော်အစိုးရက ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ၁၃၁၈ ခုနှစ်တွင်လည်းကောင်း၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို ၁၉၈၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်လည်းကောင်း အသီးသီးအလှူခံရရှိတော်မူသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆ – စာ၊ ၂၈၈ ---- ရှု။)

အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဝိမလသည် ၁၃၅၀ ပြည့်နှစ် တော်သလင်းလဆုတ် (၁) ရက်နေ့တွင် ဘဝနတ်ထံ ပို့လွှန်တော်မူသည်။

ဝင်းဦး (ထပ်ဆင့် အကယ်ဒမီ) (ခရစ် ၁၉၃၅–၁၉၈၈) ။ ။ စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာ လောကအသီးသီးတွင် စာရေးဆရာ၊ မဂ္ဂဇင်းထုတ်ဝေသူ၊ ရုပ်ရှင်မင်းသား၊ ဒါရိုက်တာ၊ အဆိုတော်အဖြစ် အောင်မြင်ကျော်ကြား၍ ပြည်သူအချစ်တော် အနုပညာရှင် အဖြစ် ခံယူခဲ့ရသည့် ထပ်ဆင့်အကယ်ဒမီ ဝင်းဦး ကို ၁၉၃၅ ခုနှစ် မတ်လ ၁၃ ရက် နေ့တွင် ရန်ကုန်မြို့၌ အဖ အငြိမ်းစား သမိုင်းပါမောက္ခ ဦးဘညွန့် (ခေတ်ဟောင်း တေးဂီတ သမိုင်းတွင် ထင်ရှားသောချစ်ဒုက္ခသီချင်းကိုသီဆိုသူ) နှင့် အမိ ဒေါ်နှင်းရီ(မင်္ဂနီဘခက်)တို့ကမွေးဖွားသည်။ အဘိုးသည် မြန်မာအမျိုးသားများထဲမှ အိုင်အမ်အက်စ် ဘွဲ့ကို ပထမဦးဆုံး ဆုတ်ခူး ရရှိခဲ့သော ဆရာဝန်ကြီး ကာနယ်ဘခက်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ စစ်ကိုင်းတောင်ရိုး၌ စစ်ဘေး စစ်ဒဏ် ရှောင်ရင်း မိခင် ကွယ်လွန်သွားခဲ့ရာ ဝင်းဦး သည် ငါးနှစ်သာသာ အရွယ်မျှ ရှိသေး

ဝင်းဦး (ထပ်ဆင့်အကယ်ဒမီ)



စာပေ၊ ရုပ်ရှင်၊ ဂီတ အနုပညာလောကအသီးသီးတွင် ထင်ရှားသော ထပ်ဆင့်အကယ်ဒမီ ဝင်းဦး

သဖြင့် ယခု မိခင်ဒေါ်အုန်းခင် (အငြိမ်းစားကထိက) ၏ ရင်ခွင်၌ ကြီးပြင်းခဲ့ရသည်။

စစ်ပြီးသောအခါ ဆရာကြီးဦးဘ၏ တိတိစိ (လေ့ကျင့်ရေးကျောင်း) တွင်ပညာသင်ကြားခဲ့သည်။ ထိုကျောင်းမှ တက္ကသိုလ်ဝင်တန်း အောင်မြင်၍ ရန်ကုန် တက္ကသိုလ်တွင် ဥပစာ (အထက်တန်း) အထိ သင်ကြားခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်း တက်ခွင့်ရသည်။ ဒုဗိုလ်ဖြစ်ပြီးနောက် မေမြို့တွင် ခုနစ်လ ကြာနေခဲ့ရပြီး တပ်ရင်း(၇)သို့ပြောင်းရွှေအမှုထမ်းသည်။ ထို့နောက် တပ်မဟာအမှတ် (၅) ၏ လက်အောက်သို့ ပြောင်းရွှေရပြီး မော်လမြိုင်ဘက်တွင်တာဝန်ထမ်းဆောင်ရသည်။ မိခင်တပ်ရင်းက စေလွှတ်၍ မော်ဘီ ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်ရေး လေထီးသင်တန်းသို့ တက်ရောက်ရာမှ ဗိုလ်မှူးသန်းညွှန့် (ချီကာဂို) နှင့် အတူ ၁၉၅၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံသို့ သွားရောက်၍ လေထီး တပ်ပညာများ သင်ကြားခဲ့ရသည်။ တပ်မတော် တွင် အမှုထမ်းစဉ်က ဗိုလ်ကိုဦး ဟုအမည်ယူခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဗိုလ်ကြီးအဆင့်ဖြင့် တပ်မတော်မှ နုတ်ထွက်ခဲ့ပြီး စာပေနယ်သို့ရောက်ရှိခဲ့သည်။

ဝင်းဦးသည် ကျောင်းသားဘဝကပင် သွေးသောက်နှင့် ရှမဝမဂ္ဂဇင်းများတွင် ညှိမင်းလွင် အမည်ဖြင့် ကဗျာ၊ ဝတ္ထုများရေးသားခဲ့သည်။ ညှိမင်းလွင် အမည်ဖြင့် ပထမဆုံးရေးသားသောဝတ္ထုမှာ ဂျိန်း ဖြစ်သည်။ ဒဂုန် မဂ္ဂဇင်းမှ ဆရာညှိမြ၏ ညှိမင်းလွင် အမည်ရှိ ဝတ္ထုတိုကလေးကို နှစ်သက်စံလမ်းရာမှ မိမိ၏ ပထမဆုံး ကလောင် အမည် အဖြစ် ခံယူခဲ့ခြင်းဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရှမဝမဂ္ဂဇင်း၌ ရေးသားသော တက္ကသိုလ် ကျောင်းသားတစ်ဦး ဝတ္ထုရှည်ကြိုးမှစ၍ အစ်မဖြစ်သူ ဒေါ်တင်တင်ဦး (မေယု) နှင့် အစ်ကိုဖြစ်သူ ကိုကျော်ဝင်း (ဝင်းညွှန့်) တို့၏ အမည်မှ နောက်ဆုံးစာလုံးများကိုယူ၍ ဝင်းဦး ဟူသောကလောင် အမည်ကို ယူခဲ့ခြင်းဖြစ်သည်။

ရေးသားခဲ့သော လုံးချင်းဝတ္ထုများမှာ သိုး (၁၉၆၁)၊ နုနုငယ်ငယ် (၁၉၆၁)၊ ကျွန်တော်မွေးတဲ့မီး (၁၉၆၉)၊ ဆေး (၁၉၇၀)၊ မိန်းမလှအမုန်း (၁၉၇၀)၊ နှလုံးသားအသစ်နှင့် ချစ်မည့်သူ (၁၉၇၁)၊ ငွေလိုင်းဇာခြည်ပေါ်မှာ (၁၉၇၁)၊ နောင်အင်းလေး (၁၉၇၂)၊ ချစ်ဦးသူနှင့်ချစ်ဖူးသူ (၁၉၇၂) စသည်တို့ဖြစ်ကြသည်။ လွမ်းလေသူ အမိုက်အမဲ (ဝတ္ထုတိုပေါင်းချုပ်) (၁၉၆၂) သည်လည်း ထင်ရှားသည်။ မန္တလေးသကြန်သို့ နှစ်စဉ်သွားရောက်သီဆို ဖျော်ဖြေခဲ့သည့် ညွှတ်နူးဖွယ်ရာ အတွေ့အကြုံတို့ကို ဆယ်စုနှစ်တ

တစ်နှစ်စွန်း မန်းသကြန် အမည်ဖြင့် မှတ်တမ်းတင်ရေးသားခဲ့သည်။

ဝင်းဦးသည် မဂ္ဂဇင်း ဝတ္ထုရှည်မျှားကိုလည်း ရေးသားခဲ့ရာ အချို့မှာ တက္ကသိုလ်ကျောင်းသားတစ်ဦး (၁၉၆၀ – ရှုမဝ)၊ ယောကျ်ားမပီသသူ (၁၉၆၁–ရှုမဝ)၊ အသည်းစား မဟာရာဇာ၏ရှင်းတမ်း (၁၉၆၂ – ရှုမဝ)၊ မုန်းလဲမေ့ပါနိုင် (၁၉၆၂ – ရှုမဝ)၊ နှစ်ယောက်ထဲ နေချင်တယ်၊ ပန်းကြဲတဲ့ဖဲစက်ရာမှာ (၁၉၆၃ – ရှုမဝ) စသည်တို့ ဖြစ်ကြသည်။ ဘာသာပြန် လုံးချင်းနှစ်အုပ်လည်း ရေးသားခဲ့ရာ ပဂ္ဂိုလ်ကျော် ၁၃ ဦးနှင့်အာကာသဒုံးယာဉ်လက်နက်များအမည်ရှိ စာအုပ်နှစ်အုပ်ဖြစ်သည်။ ၁၉၆၈ ခုနှစ်တွင် မိုးကျော်ခေါင်ကလောင်အမည်ဖြင့် သည်ခေတ်သည်အရွယ်သည်လိင်ကိစ္စဟူသောစာအုပ်ကို ဘာသာပြန်ဆို ရေးသားခဲ့သေးသည်။ ဝင်းဦး သည်စန္ဒာမဂ္ဂဇင်းတွင် ခင်မောင်ဝင့်အမည်ခဲ့ဖြင့် ရုပ်ရှင်ဆိုင်ရာ ဆောင်းပါးများ၊ ကိုဦး အမည်ဖြင့် မဂ္ဂဇင်းအဖွင့် ကဗျာများလည်း ရေးခဲ့သည်။

ဝင်းဦးသည် ရှေးဦးစွာ ဇာတ်ညွှန်းရေးဆရာအဖြစ်ဖြင့် ရုပ်ရှင်လောကသို့ ရောက်ရှိလာခဲ့သူဖြစ်ပြီး သူ၏ပထမဆုံး ဇာတ်ညွှန်းမှာ မင်းထင်ရွှေမှန်ရာဇဝင် ဇာတ်ကား ဇာတ်ညွှန်း ဖြစ်သည်။ထို့နောက် ၁၉၆၂ ခုနှစ်တွင် ဝင်းဦးရေးသားခဲ့သော မဂ္ဂဇင်းဝတ္ထုရှည် "နှစ်ယောက်ထဲနေချင်တယ်" ကို ဒါရိုက်တာ ဦးတင်ယုက ဝင်းဦးကိုပင် ခေါင်းဆောင်မင်းသားတင်၍ ရိုက်ကူးရန် စီစဉ်ခဲ့ပြီး ဝင်းဦးကိုယ်တိုင် ဇာတ်ညွှန်းရေး၍ ကားရိုက်ရန် ပြင်ဆင်နေကြ ခိုက်မှာပင် " ချစ်သောသူတစ်ယောက် " ဇာတ်ကား လက်ခံ ရိုက်ကူးပေးခဲ့ရသည်။ သို့သော် နောက်မှရိုက်သော "နှစ်ယောက်ထဲနေချင်တယ်" ဇာတ်ကားက ပထမဆုံး ရုံတင်ပြသဖြစ်ပြီး ထို့ဇာတ်ကားဖြင့်ပင် ဝင်းဦးဟူသော အမည်သည် ရုပ်ရှင်လောကတွင် တစ်ဟုန်ထိုး ကျော်ကြားသွားခဲ့သည်။ ထို့နောက် ရုပ်ရှင်ကားများကို ဆက်တိုက်ရိုက်ကူးခဲ့ရပြီး ၁၉၆၇ ခုနှစ်တွင် ကိုယ်တိုင်ဒါရိုက်တာလုပ်၍ ကိုယ်တိုင် ပါဝင်ရိုက်ကူးသော 'ဆောင်းအိပ်မက်' ဇာတ်ကားဖြင့် ပထမဆုံး အကယ်ဒမီရွှေစင်ရုပ်ဆု ရရှိခဲ့သည်။ တစ်ဖန် ကိုယ်တိုင်ရေးသားပါဝင် ရိုက်ကူးသော 'မှုန်ရွှေရည်' ဇာတ်ကားဖြင့် ၁၉၇၀ ပြည့်နှစ်တွင် ဒုတိယအကြိမ် အကယ်ဒမီရွှေစင်ရုပ်ဆု ရရှိခဲ့ပြန်သည်။ ဝင်းဦးပါဝင် ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ နှစ်ယောက်ထဲနေချင်တယ်၊ ချစ်သောသူတစ်ယောက်၊ ဆောင်းအိပ်မက်၊ ပိတောက်ရိပ်ဝယ်၊ မောင်မောင်နှင့် သီဂီ၊ ဆူထူးငယ် ပန်ရွယ်သွန်း၊ ဤစံအိမ်ဝယ်၊ မောင်တို့ချယ်ရီမြေ၊ မုန်းတစ်လှည့် ပြုံးတစ်လှည့်၊ တစ်ကျော့နှစ်ကျော့ တေးကိုသီ၊ သိကြားစေ သက်သေညွှန်း၊ နှင်းပျောက်တဲ့နေ့၊ သက်တန့်ပေါ်က လူတစ်ယောက်၊ ဗိမ္မိသာရ၊ ရည်းစားဓားပြ၊ ကျောက်မဲ အကျဉ်းသား၊ သို့၊ မုန်းပါတယ်မောင့်ကို၊ ဝေဠု၊ ညီညီလွင်၊ မှုန်ရွှေရည်၊ အတွယ်အတာ၊ တိမ်လွှာမို့မို့လွင်၊ ငွေလို့ငြင်းဇာပေါ်မှာ၊ ခိုင်မာလာနှင်းဆီ (ရိုက်ဆဲ) စသည်တို့ဖြစ်သည်။ ဝင်းဦး ရိုက်ကူးသော ချစ်သူရွှေးမယ် ချစ်ဝဲလယ် ဇာတ်ကားသည် မြန်မာ့ရုပ်ရှင်လောကတွင် ပထမဆုံး ရှစ်ကိုယ်ခွဲကားဖြစ်သည်။

ဝင်းဦးသည် စာပေနှင့် ရုပ်ရှင်လောကတွင် သာမက ဂီတ လောကတွင်လည်း အဆိုကျော် တစ်ဦးအဖြစ် အောင်မြင်ကျော်ကြားခဲ့သူဖြစ်သည်။ ပထမဆုံးသီဆိုခဲ့၍ လူကြိုက်များခဲ့သောသီချင်းမှာ တေလေဒုက် သီချင်းဖြစ်ပြီး ချစ်သောသူတစ်ယောက် ဇာတ်ကားတွင် သီဆိုခဲ့သည်။ ဝင်းဦးသည် အချစ်သီချင်း၊ အလွမ်းသီချင်းများသာမက သဘာဝ သရုပ်ဖော် သီချင်း၊ တိုင်းပြုပြည်ပြု သီချင်းများကိုပါ သီဆိုခဲ့သည်။ ထို့ပြင် ခေတ်ဟောင်း သီချင်းများနှင့် သီချင်းကြီး၊ သီချင်းခန့်များကို သီဆိုခဲ့ရာတွင်လည်း ပရိသတ်က နှစ်ခြိုက်စွာ လက်ခံခဲ့ကြသည်။

မြန်မာ့ရုပ်ရှင် နှစ် ၅၀ ရွေရတုသဘင်တွင် မြဂနိုင်သံစုံသွင်းဇာတ်ကားကို ပြသခဲ့ရာ ဝင်းဦးသည် မြဂနိုင်သီချင်းနှင့် ဇာတ်ဝင်သီချင်းများကို မြဂနိုင်ပြသော ပဲ့ပေါင်း ၂၀ ပဲ့စလုံးတွင် စေတနာဝန်ထမ်း တာဝန်ယူသီဆိုပေးခဲ့သည်။ ထို့ပြင် မြဂနိုင်ဇာတ်ကား ပြသရေးအစီအစဉ်အတွက် တာဝန်ကျသော အခြားအဆိုကျော်များ တီးဝိုင်းအဖွဲနှင့် အလုပ်သမားများ၏ စားစရိတ်၊ ကုန်ကျစရိတ်များကိုလည်း တာဝန်ယူခဲ့သည်။

ဝင်းဦးသည် စန္ဒာရုပ်ရှင်နှင့် စန္ဒာမဂ္ဂဇင်းပုံနှိပ်တိုက်တို့ကို တည်ထောင်ခဲ့သူဖြစ်သည်။ မဂ္ဂဇင်းလောကတွင် ရောင်စုံအော့ဖ်ဆက်ဖြင့် ပုံနှိပ်ထုတ်ဝေမှုကို စတင်ခဲ့ပြီး မဂ္ဂဇင်းတွင် စာသားများများ ဝင်ဆံ့စေလိုသော စေတနာဖြင့် ၁၂ပို့ဂျ်စာလုံးသေးများကိုဦးစွာအသုံးပြုခဲ့သူဖြစ်သည်။ အသင်းအဖွဲလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ခင်မောင်ထွန်း (လမ်းပတော်) ၏ ဇာတ်ညွှန်း " ချစ်ပုံပြင် ၃၀၂ "ရုပ်မြင်သံကြားဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြားမှ ကိုယ်တိုင်ပါဝင်ရိုက်ကူး လွှင့်ထုတ်ခဲ့သည်။ မြန်မာ့အသံ ရေဒီယိုဇာတ်လမ်းများတွင်လည်း ပါဝင်ကူညီလွှင့်ထုတ်ခဲ့သည်။ ဝင်းဦးသည် အိမ်ထောင်မပြုဘဲ လူပျိုကြီးအဖြစ် နေထိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မကျန်းမာ၍ လန်ဒန်မြို့၌ ဆေးဝါးကုသမှု ခံယူခဲ့စဉ် ဗြိတိန်နိုင်ငံတစ်ခွင် အလည်အပတ် ခရီးထွက်၍ အနားယူခဲ့သည်။

ဝင်းဦး (ထပ်ဆင့်အကယ်ဒမီ)

ရုပ်ရှင်၊ ဂီတ၊ စာပေအနုပညာနယ်ပယ်တို့တွင် ၁၉၆၀ ပြည့်နှစ်ခန့်မှစ၍ ထူးထူးခြားခြား အောင်မြင်ထင်ရှားစွာ ပေါ်ထွန်းခဲ့သော ထပ်ဆင့်အကယ်ဒမီ ဝင်းဦးသည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

သထုံဘသိန်း (ခေတ်ဟောင်းဓာတ်ပြား အဆိုတော်ကြီး)

(ခရစ် ၁၉၀၉–၁၉၈၈) ။ ။ တစ်ခေတ်တစ်ချိန်က ခေတ်ဟောင်းဓာတ်ပြားလောကၭ သထုံဘသိန်းဟု ကျော်ကြားခဲ့သော ဦးဘသိန်းကို သထုံခရိုင် ရင်းငြိမ်ရွာတွင် အဖဦးဘိုးရင် အမိ ဒေါ်တုတ်တို့က ၁၉၀၉ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့၌ မွေးဖွားသည်။ မွေးချင်းခြောက် ယောက်အနက် စတုတ္ထမြောက်သားဖြစ်သည်။

ငယ်စဉ်က သထုံမြို့ အစိုးရ အထက်တန်း ကျောင်း၌ ပညာသင်ခဲ့သည်။ ၁၉၃၀–၃၁ ခုနှစ်တွင် အင်္ဂလိပ်–မြန်မာ ၁၀ တန်း အောင်သည်။ ထို့နောက်အလုပ်ရှာရန် ရန်ကုန်သို့ ထွက်ခဲ့ပြီး ဂရေဟမ်ကုမ္ပဏီတွင်စာရေးအလုပ်ရသည်။ ထိုမှတစ်ဖန် နှစ်သက်စရာကုမ္ပဏီ၊ မေမန်ထရိတ်ဒင် ကုမ္ပဏီတို့တွင် ဗီဗီပီစာရေးဝင်လုပ်သည်။ ထိုအချိန်တွင် သထုံဦးဘသိန်းသည် အစ်မကြီး၏အိမ်တွင် နေထိုင်လျက် ရှိရာ အစ်မကြီး၏ ခင်ပွန်းနှင့် တရုတ် အေးမောင်ခေါ် တယောအေးမောင်တို့ ခင်မင်ရင်းနှီးကြသဖြင့် တယောအေးမောင်သည် အိမ်သို့မကြာခဏ လာလည်ရင်း သထုံဘသိန်းနှင့်လည်း ခင်မင်သွားကြသည်။

ဦးဘသိန်း၏ အသံ ကောင်းမှန်း သိ၍ တယောအေးမောင်က ၅၂ လမ်းရှိ ခွေးတံဆိပ်ဓာတ်ပြား ကုမ္ပဏီရုံး အုပ်ချုပ်သူ မစ္စတာ အာအိုဟင်းဒယ်ထံ ဦးဘသိန်းအား ခေါ်ဆောင်သွားပြီး သီချင်းဆိုပြစေသည်။ သဘောကျသဖြင့် ဓာတ်ပြားသွင်းရန် သဘောတူလက်ခံလိုက်ပြီး သထုံနယ်သားဖြစ်၍ သထုံဘသိန်းဟူသောအမည် ပေးခဲ့လေသည်။

ဤသို့ဖြင့် ၁၉၃၅–၃၆ ခုနှစ်ခန့် လောက်တွင် သထုံဘသိန်းသည် ဓာတ်ပြားလောကသို့ ရောက်ခဲ့ပြီး ဖောင်ယာဉ်ပုံသီချင်းကို စတင်အသံသွင်းခဲ့ရသည်။ ယင်းဓာတ်ပြားကို "တွင်" ခေါ် အမြွာညီနောင် ကုမ္ပဏီက ထုတ်လုပ်ဖြန့်ချိသည်။ ဦးဘသိန်း ဓာတ်ပြား စသွင်းစက ဓာတ်ပြားတစ်ပြား ၁၀ ကျပ်သာ ရခဲ့သည်။ ထို့နောက်တွင် ကြိုတင်ငွေနှင့်ဘောနပ်စ်ဆုကြေး ၇၀၀ ကျပ်ရသည်။ သီချင်းတစ်ပုဒ်လျှင် ၂၀ ကျပ်၊ ၂၅ ကျပ် အထိရခဲ့သည်။ ဓာတ်ပြား ၇၀၀ ကျော်လျှင် ကော်မရှင်ခ ဓာတ်ပြားတစ်ချပ် တစ်ပဲရသည်။ ဓာတ်ပြား ၈၀၀ ကျော်ပါက ခြောက်ပြားတဖ်မူးအထိ တိုးရရခဲ့သည်။

သထုံဘသိန်း (ခေတ်ဟောင်းဓာတ်ပြားအဆိုတော်)



ခေတ်ဟောင်း ဓာတ်ပြားအဆိုတော်ကြီး သထုံဘသိန်း

သထုံဘသိန်းသီဆိုခဲ့သော သီချင်းများအနက်အချို့ကို ဖော်ပြရသော် ဖောင်ယာဉ်ပုံ၊ကျောင်းသွားကျောင်းပြန်၊ ကျောင်းသားဘဝ၊ ဘို့ငှက်ကောက်တာ၊တောင်ပြန်း၊ အနန္တသူရိယ၊ ဒို့ခေတ်၊ ရွှေနွယ်ရိုး၊ မောင့်အိပ်မက်၊ ဝန်ကြီးတစ်လှည့်ထောင်တစ်လှည့်၊ သိန်းထီ (လေဘာတီမြရင်၊ ဓာတ်ဆီ ဓာတ်ဆံ)၊ ဥမ္မာဒန္တီ၊ ခင့်ရွှေပါ စသည့် သီချင်းများဖြစ်ကြသည်။

သထုံဘသိန်းသီဆိုခဲ့သော သီချင်းများတွင် ရွှေနွယ်ရိုး၊ ဝန်ကြီးတစ်လှည့် ထောင်တစ်လှည့်၊ ဇွတ်ချစ်မယ် စသည့်သီချင်းများမှာ စုံတွဲသီချင်းများ ဖြစ်ကြသည်။ မအေးစိန် (ဗိုလ်ကလေးစိန်) နှင့် စုံတွဲသီဆိုသောသွေမဖယ် ရွှေနွယ်ရိုးရယ်၊ မျော်ကိုးကာလှဘုန်းသက်လယ်၊ လိုက်ခဲ့တော့ကွယ်ဆိုသည့် ရွှေနွယ်ရိုးသီချင်းသည် လူကြိုက်များခဲ့သည်။

ဝန်ကြီးတစ်လှည့်ထောင်တစ်လှည့် သီချင်းကို မောနင်းတင်တင်နှင့် တွဲဖက်သီဆိုခဲ့သည်။ ထိုသီချင်း ရေးသူမှာ အမျိုးသားစိတ်ပြင်းထန်သော ဒဂုန် ဆရာတင်ဖြစ်သည်။ အဆိုပါသီချင်းသည် ဗြိတိသျှကိုလိုနီခေတ် ဗျူရိုကရေစီ အုပ်ချုပ်ရေး ယန္တရားကို ကိုင်တွယ် အုပ်ချုပ်ရသော ငါးထောင်စား ဝန်ကြီးများကို သရော်ထားသည့် သီချင်းဖြစ်သည်။

သထုံဘသိန်းသီဆိုခဲ့သော နိုင်ငံရေးသီချင်းတစ်ပုဒ်မှာ ဒို့ခေတ်သီချင်းဖြစ်သည်။ ၎င်းသီဆိုခဲ့သော ဒေလောကသီချင်းသည်လည်း အောင်မြင် ကျော်ကြား ခဲ့သည်။ ဆင်းရဲသားများအပေါ်တွင် ငွေရှင် အရင်းရှင် မနုရှင်တို့ အပေါ် စီးယူပုံကို စပ်ဆိုထားသော သီချင်း ဖြစ်သည်။ ၁၉၄၅ ခုနှစ် ပတ်ဝန်းကျင်ကာလတွင် သထုံဘသိန်းသည် မော်လမြိုင်မြို့သို့ရောက်ရှိသွားပြီး နန်းတော်ရုပ်ရှင်ရုံ ရုပ်ရှင်တီးဝိုင်း၌ ရုပ်ရှင်တီးဝိုင်း အဆိုတော်အဖြစ် လုပ်ကိုင်ရင်း ၁၉၄၇ ခုနှစ်၌ မော်လမြိုင် ဒိုင်းဝန်ကွင်းသူ ဒေါ်အုန်းမြင့်

နှင့်လက်ထပ်ခဲ့သည်။ ထို့နောက်ရန်ကုန်သို့ ပြောင်းရွှေ့၍ အသံတိတ် ရုပ်ရှင်ရုံများတွင် တီးဝိုင်းအဆိုတော် အဖြစ် လုပ်ကိုင်ခဲ့သည်။

အသံထွက်ကားများခေတ်စားလာပြီးနောက် ၁၉၅၅ ခုနှစ်ခန့်တွင် သီချင်းမဆိုတော့ဘဲ အတွင်းဝန်ရုံး အိမ်ရာ ဆောက်လုပ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးဌာနဌ် စာရေးဝင်လုပ်သည်။ ထို့နောက် ဖက်စပ်ကော်ပို့ရေးရှင်း (၁) သို့ ပြောင်းရွှေ့လုပ်ကိုင်ရာ ဌာနခွဲစာရေးကြီး၊ ရုံးအုပ် ရာထူးအဆင့်ဆင့်ဖြင့် အမှုထမ်းခဲ့ပြီး ၁၉၆၈ ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။

ခေတ်ဟောင်း စာတ်ပြား အဆိုတော်ကြီး သထုံ ဦးဘသိန်းသည် ၁၉၀၈ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်အုန်းမြင့်နှင့် သားသမီးများကျန်ရစ်သည်။

သဘာဝဘေးဒဏ်။　။အင်ဆိုဟုခေါ်သော ထူးခြား သည့် ရာသီဥတု ဖြစ်စဉ်ကြောင့် ၁၉၀၈ ခုနှစ်တွင် ကမ္ဘာအရပ်ရပ်၌ ရာသီဥတု လွန်ကဲ ဖောက်ပြန်မှုများကို တွေ့ရသည်။ ငလျင်ဒဏ် ခံခဲ့ရကြောင်းလည်း တွေ့ရှိရ သည်။

ငလျင်–အိန္ဒိယ – နီပေါနယ်စပ် တောင်ထူထပ်ရာ ဒေသ တွင် ၁၉၀၈ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့က ရစ်ချတာ စကေး ၆ သဒမ္မ အင်အားရှိ ငလျင်လှုပ်ရာအနည်းဆုံး လူ ၉၀၀ သေဆုံးပြီး လူထောင်ပေါင်းများစွာ ဒဏ်ရာ ရရှိသည်။ ထိုငလျင်သည် ဟိမဝန္တာဒေသတွင် ၃၀ နှစ် အတွင်း အပြင်းထန်ဆုံး ငလျင် ဖြစ်ကြောင်း မှတ်တမ်း များက ဖော်ပြသည်။

တရုတ်နိုင်ငံ တောင်ပိုင်းဒေသ တရုတ်–မြန်မာနယ်စပ် ဒေသတွင် ၁၉၀၈ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့က ရစ်ချ တာစကေး ၇ ဒသမ ၆ အင်အားရှိ ငလျင်လှုပ်ရာ စတု ရန်း မိုင် ၁၅,၀၀၀ တွင် အပျက်အစီး ရှိခဲ့သည်။ လူ ၉၃၀ ထက် မနည်း သေဆုံးခဲ့သည်။ လူ ၃၀၀၀ ကျော် ဒဏ်ရာ ရရှိသည်။ လူ နှစ်သိန်း အိုးမဲ့အိမ်မဲ့ ဖြစ်သည်။ အိမ်ခြေ ခုနစ်သိန်း ပျက်စီးခဲ့သည်။ ပျက်စီး ဆုံးရှုံးမှု တန်ဖိုး ယွမ် သန်း ၄၀၀ (ဒေါ်လာ ၁၀၈ သန်း) ခန့် ရှိသည်။

ဆိုဗီယက်ပြည်ထောင်စု အာမေးနီးယား ပြည်နယ်၌ ၁၉၀၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ရစ်ချတာစကေး ၆ ဒသမ ၉ ရှိ ငလျင်လှုပ်သွားရာ လူပေါင်း ၅၅,၀၀၀ ထက် မနည်း သေဆုံးသည်။

ဆီးနှင်းဒဏ်–အမေရိကန် ပြည်ထောင်စု မိရှိဂန်ပြည်နယ် တွင် ၁၉၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ဆီးနှင်း မုန်တိုင်း ကျရောက်ခဲ့ရာ လူပေါင်း ၁၂ ဦးခန့် သေဆုံး သည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ကက်ရှမီးယား ဒေသတွင် ၁၉၀၈ ခုနှစ် မတ်လအတွင်း ဆီးနှင်းမုန်တိုင်း ကျရောက် မှုကြောင့် လူပေါင်း ၁၄၅ ဦးထက်မနည်း သေဆုံးသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၁၉၀၈ ခုနှစ် ဧပြီလ ၈ ရက် နေ့ နံနက်က ၁၅ စင်တီမီတာ (ခြောက်လက်မ) ထုရှိသော ဆီးနှင်းများ ဖုံးလွှမ်းခဲ့သဖြင့် လူတစ်ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိသည်။ ဧပြီလတွင် ကျဆင်းသော ဆီးနှင်းများ ကို နှစ်စဉ် စံချိန်ယူခဲ့ရာ ၁၉၀၈ ခုနှစ် ဧပြီလ ၉ ရက်နေ့ တွင် ဆီးနှင်းထု ရှစ်လက်မ ကျဆင်းခဲ့ပြီး နောက်ပိုင်း၌ ယခု တစ်ကြိမ်သည် အများဆုံးဖြစ်သည်ဟု သိရသည်။

မိုးခေါင်ရေရှားမှုဒဏ် – ၁၉၀၄ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ၁၉၀၈ ခုနှစ် ဇွန်လတွင်မှ မိုးရွာ ခဲ့သည့် အိန္ဒိယနိုင်ငံ မြောက်ပိုင်းသည် ၁၂၅ နှစ်အတွင်း အဆိုးရွားဆုံးသော မိုးခေါင်ရေရှားမှု ဒဏ်ကိုခံခဲ့ရသည်။ ၁၉၀၇ ခုနှစ်က မိုးခေါင်သည့် ဒဏ်ကို အိန္ဒိယနိုင်ငံရှိ ပြည်နယ် ၂၅ ပြည်နယ်အနက် ၁၆ ပြည်နယ်တွင် ခံကြ ရသည်။

တရုတ်နိုင်ငံတွင် ၁၉၀၈ ခုနှစ် ပထမ ခြောက်လပတ် အတွင်း မိုးခေါင်မှုကြောင့် လယ်မြေ ကေ ၆၅ ဒသမ ၀ သန်း ထိခိုက်ပျက်စီးသည်။ နိုင်ငံတောင်ပိုင်းနှင့် အနောက် ပိုင်းတို့ရှိ ပြည်နယ် ၁၀ ခုမှ သီးနှံအများအပြား ပျက်စီး ရသည်။

အမေရိကန်ပြည်ထောင်စုတွင် ၁၉၀၈ ခုနှစ် ဧပြီလ ၁ ရက်နေ့ နောက်ပိုင်း၌ မိုးရေချိန်လက်မ၀က်ခန့်ပင် မရွာဘဲ မိုးခေါင်ရေရှားဒဏ် သင့်ခဲ့ရာ နေ့စဉ် အပူချိန် ၉၀ ဒီဂရီ ဖာရင်ဟိုက် အောက်သို့ မဆင်းဘဲ ရှိသည်။ ၁၉၃၄ ခုနှစ် နောက်ပိုင်းတွင် အဆိုးရွားဆုံးသော မိုးခေါင်ရေရှားမှုပင် ဖြစ်သည်။ အနောက်အလယ်ပိုင်းဒေသမှ ပစိဖိတ်အနောက် မြောက်ပိုင်းပြည်နယ်များကို ဖြတ်လျက် အရှေ့တောင်ပိုင်း အထိ သီးနှံများ ၅၀ ရာခိုင်နှုန်းထက်မနည်း ပျက်စီးသည်။ အလာဘားမားပြည်နယ်မှ ကာလီဖိုးနီးယားပြည်နယ်အထိ ပြည်နယ်ပေါင်း ၂၀ တွင် အရေးပေါ်အခြေအနေနှင့် ကြုံရ သည်။ ဂရိတ်လိပ်ခ်စ်ရေအိုင်ကြီးတွင် ရေလျော့နည်းကာ ရေယာဉ်တို့သည် ဝန်ချိန် ငါးရာခိုင်နှုန်း လျှော့ချရသည်။ မစ်စစ္စပီမြစ်တွင်း၌ ကုန်တင်သမ္ဘန်လှေ ၃၀၀၀ ခန့် သောင် တင်သည်။ ၁၉၀၈ ခုနှစ် ဇွန်လလယ်တွင် အပူချိန် ၁၁၂ ဒီဂရီ ဖာရင်ဟိုက်သို့ပင် မြင့်တက်ခဲ့၍ အရှေ့ပိုင်း ဆီယာရာ နီဗားဒါး ဒေသ၌ တောမီးအကြိမ် ၈၀ လောင်ကျွမ်း သည်။ ဝစ္စကွန်ဆင် ပြည်နယ်တွင် တောမီး ၈၇ ကြိမ် လောင်ကျွမ်းရာ ကေ ၂၅၀ ပျက်စီးသည်။ မိရှိဂန်ပြည်

နယ်တွင် တောမီးကြောင့် ကော ၁၀,၀၀၀ မီးဒဏ်သင့်သည်။ မိုးခေါင် ရေရှား ဒဏ်ကြောင့် သီးနှံများလည်း ထိခိုက်ရာ မြောက်ပိုင်း ဒါကိုတာပြည်နယ်တစ်ခုတည်းတွင်ပင် ကောက်ပဲသီးနှံတန်ဖိုး ဒေါ်လာသန်းပေါင်း ၂,၇၀၀ ဆုံးရှုံးသည်ဟု သိရသည်။

ယူဂိုဆလားဗီးယား နိုင်ငံတွင် နှစ်နှစ် ဆက်တိုက် မိုးခေါင်ရေရှားသဖြင့် ပြောင်းသီးနှံ၊ မုန်လာဥနီ၊ နေကြာနှင့် ပဲသီးနှံများ စုစုပေါင်းဒေါ်လာ သန်း ၁၀၀၀ ဖိုးမျှ ပျက်စီးခဲ့ကြောင်းဖြင့် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် အစိုးရသတင်းဌာန တန်ယွတ်က ဖော်ပြသည်။ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံး သဘာဝဘေးဒဏ်ဖြစ်သည်ဟု ဆိုသည်။

မုန်တိုင်းဒဏ် – နီပေါနိုင်ငံ အမျိုးသား အားကစားကွင်းတွင် ၁၉၈၈ ခုနှစ် မတ်လ ၁၂ ရက်နေ့က နီပေါဘောလုံးအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယှဉ်ပြိုင်ကစားနေဉာ် ပြင်းထန်သောမိုးသီးမုန်တိုင်းကျရောက်သည်။ ပဲ့ကြည့်ပရိသတ် ၃၀,၀၀၀ ကျော်သည် ရောမ မိုးသီးကြီးများကျရောက်လာသည့် အခါ ထွက်ပြေးကြရာ ထွက်ပေါက်တစ်ပေါက်တည်းသာ ဖွင့်ထားသည်ကိုတွေ့ရ၍ ပြိုတိုးကြရာမှ လူ ၉၃ ဦးထက်မနည်းသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိသည်။

မိုဇမ်းဗစ်နိုင်ငံ အလယ်ပိုင်း ကိုလိမိန်းမြို့တွင် ၁၉၈၈ ခုနှစ် မတ်လ ဒုတိယပတ်က လေပြင်းမုန်တိုင်းသင့်ရာ လူပေါင်း ၅၇ ဦးသေဆုံးသည်။ လူနေအိမ်ခြေ ၈၀၀ ကျော် ပျက်စီးပြီး လူပေါင်း ၄၀၀၀ ခန့် အိုးမဲ့၊ အိမ်မဲ့ ဖြစ်သွားသည်။

ယူကာတန်ကျွန်းဆွယ်ကို တစ်နာရီ မိုင် ၁၆၀ နှုန်းဖြင့် ဖြတ်ကျော်တိုက်ခတ်ပြီး မက္ကဆီကို ပင်လယ်ကွေ့သို့ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့က ဝင်ရောက်လာသော ဂီးလဗတ်အမည်ရှိ ဟာရီကိန်း မုန်တိုင်းကြောင့် ဂျမေကာနိုင်ငံတွင် လူ ၄၅ ဦး၊ ဒိုမီနီကန်နိုင်ငံတွင် ၅ ဦးနှင့် ဟေတီနိုင်ငံတွင် ၁၀ ဦး သေဆုံးသည်။ ဂျမေကာနိုင်ငံတွင် မုန်တိုင်းဒဏ်ကြောင့် ဒေါ်လာ ၈၁၈ သန်းမှ ဒေါ်လာသန်း ၁၀၀၀ ဖိုးခန့် ဆုံးရှုံးမှုရှိသည်။ နိုင်ငံရှိ အိမ်ခြေထက်ဝက်ခန့် အကြီးအကျယ်ပျက်စီးကာ ငှက်ပျော၊ အုန်း၊ ကော်ဖီနှင့် အခြားသီးနှံ ဒေါ်လာ သန်း ၂၀၀ ဖိုးခန့် ပျက်စီးသည်။

နီကရာဂွာနိုင်ငံတွင် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့က ဂျုံးအမည်ရှိ ဟာရီကိန်းမုန်တိုင်းသည် တစ်နာရီ ၁၃၅ မိုင်နှုန်းဖြင့် တိုက်ခတ်သွားရာ လူ ၁၀၀ ကျော်သေဆုံး၍ လူပေါင်း ၁,၀၀,၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ နိုင်ငံခြားကြေးမြို ဒေါ်လာသန်း ၆၀၀ တင်၍

ဆိုဗီယက်ပြည်ထောင်စုတွင် ဒီဇင်ဘာလ ၇ ရက်ခန့်က လျင်ဒဏ်ကြောင့် ပြိုကျနေသောအိမ်တစ်အိမ်



နှစ်စဉ် ငွေဖောင်းပွမှုနှုန်း ၄၀၀၀ ရာခိုင်နှုန်းထိ မြင့်တက်ကာ ၁၉၇၇ ခုနှစ်က ကုန်သွယ်ရေးလိုငွေ ဒေါ်လာသန်း ၅၂၀ ပြနေခဲ့သော နိကရာဂွာနိုင်ငံအဖို့ ယင်းမုန်တိုင်း ၂၄ နာရီတိုက်ခတ်မှုသည် ပြည်တွင်းစစ်ခုနစ်နှစ် ဖြစ်ပွားခဲ့သည်ထက်ပင် ပို၍ဆုံးရှုံးပျက်စီးသည်ဟု ဆိုသည်။

ဖိလစ်ပိုင်စကားဖြင့် အန်ဆင်းဟုခေါ်သော ရှုဘီအမဲည်ရှိ တိုင်ဖွန်းလေမုန်တိုင်းသည် ၁၉၇၈ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့က တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ အနည်းဆုံး လူ ၂၁၅ ဦး သေဆုံးသည်။ လူပေါင်း ၁ ဒသမ ၈ သန်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ရသည်။ ပြည်သူ့လုပ်ငန်း ပျက်စီးဆုံးရှုံးမှု တန်ဖိုး ဒေါ်လာ ၄၃ သန်းဖိုး ရှိသည်။ ဧကာက်ပဲသီးနှံ ဒေါ်လာ ၁၄၃ သန်းဖိုး ပျက်စီးဆုံးရှုံးမည်ဟု ခန့်မှန်းထားသည်။ ၁၉၇၀ ပြည့်နှစ်က ပက်စိအမည်ရှိ မုန်တိုင်းကြောင့် လူ ၁၅၅ ဦးသေဆုံးခဲ့ရပြီး နောက်ပိုင်းတွင် ရှုဘီသည် အဆိုးရွားဆုံးမုန်တိုင်းဖြစ်သည်။ ၁၉၈၈ ခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံတွင် ၁၈ ကြိမ်မြောက် ကျရောက်သော မုန်တိုင်းဖြစ်သည်။

ရှုဘီမုန်တိုင်း ကျရောက်ပြီးနောက် ရက်သတ္တနှစ်ပတ်မပြည့်မီတွင်ပင် ဆကစ်အမည်ရှိ မုန်တိုင်းကျရောက်ပြန်ရာ လူ ၁၄၆ ဦးထက် မနည်း သေဆုံးပြီး လူလေးသိန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ရသည်။

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းရှိ ၆၂၅ မိုင် ရှည်သော ဒေသတစ်ကြောဌ် ၁၉၈၈ ခုနှစ် အောက်တိုဘာလ လလယ်ပိုင်းတွင် လေပွေများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းရာ လူ ၂၆ ဦး သေဆုံးသည်။ တန်ဟိုပြည်နယ်မှ ဖူခန်းပြည်နယ်အထိ မုန်တိုင်းဖြတ်သန်းတိုက်ခတ်ခဲ့ရာ သီးနှံကေပေါင်း ၂၄,၇၁,၀၀၀ ပျက်စီးပြီး အိမ်ခြေ ၂,၅၀၀ ခန့် ပြိုကျခဲ့သည်။ တစ်ဖန် နိုဝင်ဘာလ ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် တန်ဟို၊ ဖူခန်းနှင့် လမ်ဒေါင်း ပြည်နယ်တို့ကို ဖြတ်သန်းတိုက်ခတ်ပြန်ရာ လူ ၂၀ ထက်မနည်း သေဆုံးပြီး အိမ်ခြေ ၁၂,၀၀၀ ခန့် ပျက်စီးသည်။

ရေလွှမ်းမိုးခြင်း– ဗရာဇီးနိုင်ငံ ပက်ထရိုပိုလစ် အပန်းဖြေမြို့တွင် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့က ရေလွှမ်းမိုးပြီး မြေပြိုခဲ့သဖြင့် လူ ၁၇၀ သေဆုံးခဲ့ရသည်။ တစ်ဖန် ၁၉ ရက်နေ့တွင် ရေလွှမ်းမိုးပြန်ရာ ရီအိုဒီဂျနေရိုမြို့တွင် မြေပြိုပြန်သဖြင့် လူ ၁၃၈ ဦးထက် မနည်း သေဆုံးခဲ့ရပြီး လူထောင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိသည်။ ထို့ပြင် ဇူလိုင်လတွင် ဗရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း၌ ရေလွှမ်းမိုးပြန်ရာ လူ ၄၀ ထက်မနည်းသေဆုံးပြီး လူ ၂၀,၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်ရသည်။ ထိုဒေသသည် မိုးနည်းရပ်ဝန်းဒေသအဖြစ် လူသိများသော ဒေသဖြစ်သည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်တွင် ၁၉၈၈ ခုနှစ် ဇူလိုင်လ ပထမပတ်က ရေလွှမ်းမိုးမှုကြောင့် လူကိုးဦးသေဆုံးပြီး ရှစ်ဦး ပျောက်ဆုံးသည်။ အာသံပြည်နယ်တွင် ခရိုင်ပေါင်း ၁၈ ခုရှိသည့်အနက် ၁၅ ခုရှိကျေးရွာပေါင်း ၂,၃၀၀ မှ လူ ၁ ဒသမ ၃ သန်းခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်။ ဗြဟ္မပုတ္တရ မြစ်ရေကြီးမှု ဒဏ်ကို ကြုံတွေ့ရခြင်းဖြစ်သည်။ အာသံပြည်နယ်တွင် ၁၉၈၇ ခုနှစ် ကလည်း ဗြဟ္မပုတ္တရမြစ်ရေ လျှံတက်မှုကြောင့် လူ ၁၅၀ ခန့် သေဆုံးခဲ့ရသည်။ ဇွန်လအစောပိုင်းက မုတ်သုံမိုး စတင်ရွာသွန်းချိန်မှစ၍ အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူဦးရေ ဂဝဝ ရှိသွားပြီဟု ဩဂုတ်လ ၂၉ ရက်နေ့က ပီတီအိုင် သတင်းဌာနက ဖော်ပြသည်။ အာသံပြည်နယ်၊ ဘီဟာပြည်နယ်၊ဥတ္တရပရဒေသပြည်နယ်နှင့် အနောက် ဘင်္ဂလားပြည်နယ်တို့တွင် ကြုံတွေ့ရခြင်းဖြစ်သည်။ ယင်းပြည်နယ်တို့တွင်ပင် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၃၃၀ ထက်မနည်း သေဆုံးသည်။

တရုတ်နိုင်ငံ၏ နေရာဒေသအများအပြားတွင် ၁၉၈၈ ခုနှစ် ပထမခြောက်လအတွင်း သဘာဝဘေးဒဏ်အမျိုးမျိုးကြောင့် လူ ၅၂၉ ဦးသေဆုံးပြီး အမေရိကန်ဒေါ်လာသန်း ၅၄၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ သေဆုံးသူ အများစုမှာ ဇွန်လအတွင်းက တရုတ်နိုင်ငံတောင်ပိုင်းရှိ နေရာဒေသအများအပြားတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ကောက်ပဲသီးနှံ ကီလိုဂရမ်သန်း ၅၀၀ ခန့်သည် ရေနောက်သို့ မျောပါသွားသည်ဟု ဆိုသည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ၁၉၈၈ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က မိုးသက်မုန်တိုင်း ကျရောက်ခဲ့သဖြင့် ညင်းမြစ်ကြီးသည် သမိုင်းတွင် မကြုံစဖူး ဆိုးရွားစွာ မြစ်ရေများလျှံတက်သည်။ ၁၉၈၈ ခုနှစ်အတွင်း ညင်းမြစ်ရေလျှံမှုဖြစ်ပွားချိန်အထိ လူပေါင်း ၁,၄၀၆ ဦးသေဆုံးခဲ့ရပြီး အမေရိကန်ဒေါ်လာသန်း ၁,၂၀၀ ဖိုးမျှ ဆုံးရှုံးခဲ့ရသည်။ ၁၉၈၇ ခုနှစ် အလားတူကာလအတွင်း ရေဘေးကြောင့် လူပေါင်း ၁,၅၆၃ ဦးသေဆုံးခဲ့သည်။ ၁၉၈၁ ခုနှစ်က တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ရေဘေးကြောင့် လူ ၃၀၀၀ သေဆုံးခဲ့ဖူးသည်။

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ၁၉၈၈ ခုနှစ် အောက်တိုဘာလက ရေလွှမ်းမိုး၍ ဒေါ်လာ ၂၇၇ သန်းဖိုးမျှ ပျက်စီးဆုံးရှုံးသည်။ မြစ်ကြီးငါးသွယ်မှ မြစ်ရေများလျှံတက်လာပြီး မှတ်မိသမျှ အဆိုးရွားဆုံးရေလွှမ်းမိုးမှု ဖြစ်ပွားခဲ့သည်။ ပန်ဂျပ်ပြည်နယ်တွင် ရေဘေးကြောင့် လူပေါင်း ၁၉၆ ဦး သေဆုံးခဲ့ရသည်။ ကျေးရွာပေါင်း ၄,၀၁၁ ရွာရေနစ်မြုပ်သည်။ အိုးအိမ်ပေါင်း ၇၁,၁၂၇ လုံးပျက်စီးသည်။

ဗီယက်နမ်နိုင်ငံအလယ်ပိုင်းတွင် ၁၉၇၈ ခုနှစ် အောက်တိုဘာလအတွင်း ရေလွှမ်းမိုးမှုကြောင့် လူ ၁၀၀ ခန့် သေဆုံးခဲ့ရပြီး ဆန်စပါးကေပေါင်း ၁ ဒသမ ၂ သန်း ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်။ လူပေါင်း ခြောက်သိန်း ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ဆူဒန်နိုင်ငံတွင် ၁၉၇၈ ခုနှစ် သြဂုတ်လအတွင်း၌ ရေလွှမ်းမိုးသဖြင့် သီးနှံများပျက်စီးဆုံးရှုံးမှုသည် ယာယီ ခန့်မှန်းခြေ ဒေါ်လာ ၃၆၄ သန်းကျော်ရှိသည်။ ခါတွန်မြို့ တော်ဒေသတွင် စာသင်ကျောင်း ၄၀၇ ကျောင်းပြိုကျ ပျက်စီးသည်။ သေဆုံးသူဦးရေ အများအပြားရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၇၈ ခုနှစ် သြဂုတ်လ အတွင်း၌ ရေလွှမ်းမိုးမှုကြောင့် လူ ၆၃၇ ဦးသေဆုံးသည် ဟု အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းက သတင်းထုတ် ပြန်သည်။ ရေဘေးဒဏ်ကို ပြည်သူ ၃၃ ဒသမ ၅ သန်း တို့ခံစားနေကြရသည်။

ထိုင်းနိုင်ငံ တောင်ပိုင်းတွင် ၁၉၇၈ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်၌ ရေလွှမ်းမိုးခဲ့ရာ လူဦးရေ နှစ်သိန်းခွဲ အိုးအိမ်မဲ့ဖြစ်ရပြီး သေဆုံးသူဦးရေ ၂၅၀ ထက်မနည်းရှိခဲ့ သည်။ ၃၀ နှစ်ကာလအတွင်း အဆိုးရွားဆုံး ရေလွှမ်းမိုးမှု ဖြစ်သည်။ မုတ်သုံမိုး ငါးရက်ကြာရွာသွန်းမှုကြောင့် ပြည် နယ်ရှစ်ခုတွင် ရေလွှမ်းမိုးခဲ့ရာ နာခွန်ဆီထမာဆတ်ပြည် နယ်၌ အဆိုးဆုံးဖြစ်သည်။ ထိုရက်ပိုင်းတွင်ပင် မလေး ရှားနိုင်ငံ၌လည်း ရေလွှမ်းမိုးသဖြင့် လူဦးရေ ၂၂,၀၀၀ ခန့် အိုးအိမ်မဲ့ဖြစ်ရပြီး လူ ၅၀ ထက်မနည်း သေဆုံး သည်။

အပူလှိုင်းဒဏ် – အိန္ဒိယနိုင်ငံ၏ မြောက်ပိုင်းနှင့် အလယ် ပိုင်းတို့တွင် နှစ် ၂၀ အတွင်း အဆိုးရွားဆုံး အပူဒဏ်ကို ၁၉၇၈ ခုနှစ် မေလ နောက်ဆုံးပတ်က ခံခဲ့ရသည်။ အိန္ဒိယ အလယ်ပိုင်း မြို့တစ်မြို့ဖြစ်သော နာဂပူရမြို့တွင် အပူချိန် သည် ၁၁၅ ဒသမ ၄ ဖာရင်ဟိုက်အထိမြင့်တက်လာခဲ့သည်။ လူ ၂၃ ဦး သေဆုံးသည်။ ဇွန်လ လဆန်းပိုင်းတွင်လည်း ရာဂျာစသန် ပြည်နယ်၌ အပူလှိုင်းဒဏ်ကြောင့် လူ ၃၉၃ ဦး သေဆုံးခဲ့သည်။

တရုတ်နိုင်ငံတွင် ယန်စီမြစ်ရိုး တစ်လျှောက်ရှိ မြို့ကြီး များ၌ ၁၉၇၈ ခုနှစ် ဇူလိုင်လဆန်းပိုင်းက အပူလှိုင်းဒဏ် ကျရောက်သဖြင့် နန်ချန်မြို့တွင် သက်ကြီးရွယ်အို ၂၉၀ သေဆုံးခဲ့သည်။ ဇူလိုင်လ ၂၅ ရက်နေ့ သတင်းအရ တရုတ် နိုင်ငံအလယ်ပိုင်း၌ အပူလှိုင်းဒဏ်ကြောင့် လူပေါင်း ၅၀၀ ခန့် သေဆုံးခဲ့သည်။


သဘာဝဘေးဒဏ် လျော့ပါးရေး – ကုလသမဂ္ဂအထွေထွေ ညီလာခံ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးကော်မတီ (ဒုတိယ ကော်မတီ) သည် သဘာဝဘေးဒဏ် အန္တရာယ်လျော့ပါး ရေးအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် ဆုံးဖြတ်ချက်မူကြမ်းကို ၁၉၇၈ ခုနှစ် နိုဝင် ဘာလ ၂၃ ရက်နေ့က အတည်ပြုခဲ့သည်။ လွန်ခဲ့သောနှစ် ၂၀အတွင်းသဘာဝဘေးဒဏ်ကျရောက်မှုကြောင့် လူပေါင်း ရှစ်သန်းထက်မနည်း နစ်နာထိခိုက်ခဲ့ကြရပြီး ရုပ်ဝတ္ထု ပစ္စည်းတန်ဖိုးများစွာဆုံးရှုံးခဲ့ရသည်။ ၁၉၇၈ ခုနှစ်တစ်နှစ် တည်းတွင်ပင် ဆူဒန်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင် ရေလွှမ်းမိုးမှုကြီးများ၊ ဖိလစ်ပိုင်၊ ကာရစ်ဘီယန်ဒေသနှင့် လက်တင်အမေရိကနိုင်ငံအချို့တွင် တိုင်ဖွန်းနှင့် ဟာရိကိန်း မုန် တိုင်းကျရောက်မှုများ၊ အာဖရိက ဒေသတွင် ကျိုင်းကောင်များ ကျရောက် ဖျက်ဆီးမှုများစသည့် သဘာဝဘေးဒဏ်များ ဆိုက်ခဲ့သည်။ ရာသီဥတု ပြောင်း လဲမှုများကြောင့် လူသားတို့အား ထိခိုက်စေသည့် ပြဿနာကိုတစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အဖြေရှာရန် ဆုံးဖြတ်ချက် မူကြမ်းတွင် အလေးအနက် တိုက်တွန်း ဖော်ပြထားသည်။ရာသီဥတုပြောင်းလဲမှုပြဿနာကိုအဓိက ဦးစားပေး ပြဿနာတစ်ရပ် အဖြစ် ထားရှိ အဖြေရှာရေး၊ ရာသီဥတု ပြောင်းလဲမှု၏ အကြောင်းရင်းများကို ပိုမိုစူးစိုက်လေ့လာရေးနှင့် ထိန်းသိမ်းကာကွယ်ရေးတို့ကို ဆောင်ရွက်ကြရန် အစိုးရများ၊ အဖွဲ့အစည်းပေါင်းစုံနှင့် သိပ္ပံပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များအား ယင်းဆုံးဖြတ် ချက် မူကြမ်းက နှိုးဆော်ထားသည်။

သီရိလင်္ကာနိုင်ငံ။ ။အစိုးရအသုံးစရိတ်ကြီးမားခြင်း၊ နိုင်ငံတောင်ပိုင်းတွင် ဆင်ဟာလီ မာ့ဂ်စ်ဝါဒီများ ဆူပူ အုံကြွခြင်း၊ မြောက်ပိုင်းနှင့်အရှေ့ပိုင်းတွင် တမီလ်ပဋိပက္ခ ဆက်လက်ဖြစ်ပွား နေခြင်းတို့ကြောင့် သီရိလင်္ကာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုကို ၁၃ ရာခိုင်နှုန်းအထိ မြင့်တက်သွား စေသည်ဟု ထိပ်တန်းအစိုးရစီးပွားရေး ပညာရှင်များက ၁၉၇၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ပြောကြားသည်။ သီရိလင်္ကာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ၁၉၇၈ ခုနှစ် မေလတွင် ကုန်ဆုံးသော ၁၂လ အချိန်ကာလအတွင်း ၁၃ ရာခိုင်နှုန်းထိ တိုးတက်လာသည်။ ၁၉၇၇ ခုနှစ်က အလားတူအချိန်ကာလတွင် ရှစ်ရာခိုင်နှုန်းသာ တိုးတက်ခဲ့ သည်။ သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၁၉၇၆ ခုနှစ်က ၄ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့သော်လည်း လူမျိုးရေး ပဋိပက္ခဖြစ်ပွားမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့ ကြောင့် ၁၉၇၇ ခုနှစ်တွင် ၁ ဒဿမ ၅ ရာခိုင်နှုန်းသာ ရှိခဲ့ သည်ဟု ၁၉၇၈ ခုနှစ် ဧပြီလထုတ် အစိုးရ အစီရင်ခံစာ တစ်စောင်၌ ဖော်ပြထားသည်။ ၁၉၇၆ ခုနှစ် နှစ်လယ် ပိုင်းမှစ၍ ၁၂ လ လုံးလုံးမိုးခေါင်မှုဒဏ်ကြောင့် အဓိက ကောက်ပဲသီးနှံများ ထိခိုက်ပျက်စီးသည့်ပြင် တမီလ်ခွဲထွက်

ရေးဝါဒီတို့၏ ပုန်ကန်ထကြွမှုသည်လည်း မြောက်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများ၏ စပါးထုတ်လုပ်မှုကို အနှောင့်အယှက် ဖြစ်စေသည်ဟု ဆိုသည်။ ပြောက်ကျား စစ်ပွဲကြောင့် ကာကွယ်ရေးအသုံးစရိတ်သည် ၁၉၈၆ ခုနှစ်က ရူပီး သန်းပေါင်း ၇,၈၀၀ (ဒေါ်လာသန်း ၂၆၀) ရှိခဲ့ရာမှ ၁၉၈၇ ခုနှစ်တွင် ရူပီးသန်းပေါင်း ၈,၄၀၀ (ဒေါ်လာသန်း ၂၈၀) ထိ တိုးတက်လာသည်။ သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးသည် ၁၉၈၇ ခုနှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်း သာတိုးတက်ခဲ့၍ ၁၉၇၇ ခုနှစ် နောက်ပိုင်းတွင် အနိမ့်ဆုံး ဖြစ်သည်ဟုဆိုသည်။

သီရိလင်္ကာနိုင်ငံ၏ လူဦးရေသည် ၁၉၈၇ ခုနှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းသာလျှင် တိုးသည်။ ၁၉၈၆ ခုနှစ်က လူဦးရေ ၁၆ ဒသမ ၁၂ သန်းရှိခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ၁၆ ဒသမ ၃၇ သန်းရှိသည်။ ယင်းလူဦးရေ၏ ၁၈ ရာခိုင်နှုန်းသည် တမီလ်များဖြစ်သည်။ အင်အားအကြီးမားဆုံး ပြောက်ကျားအုပ်စုဖြစ်သော တမီလ် အီလမ်လွတ်မြောက်ရေးကျားများအဖွဲ့က တမီလ်များအတွက် သီးခြားနိုင်ငံခွဲခြားထူထောင်လိုကြသည်။ ကလေးသူငယ် ၅,၀၉,၂၄၀ သည် ၁၉၈၈ ခုနှစ် ဇန်နဝါရီလဆန်း၌ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပြောက်ကျားစစ်ကြောင့်ကျောင်း မတက်နိုင်ကြကြောင်း တွေ့ရှိရသည်။ တစ်နိုင်ငံလုံးတွင် ကျောင်းသူ ကျောင်းသား လေးသန်းခန့် ရှိသည့်အနက် ၁၃ ရာခိုင်နှုန်း နီးပါး ကျောင်းမတက်ကြခြင်း ဖြစ်သည်။

အိန္ဒိယ – သီရိလင်္ကာ ငြိမ်းချမ်းရေး စာချုပ်တွင် ပြည်နယ်ကိုးခု၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တစ်ပိုင်းပေးထားသော ပြည်နယ်ကောင်စီများ ရွေးချယ်တင်မြှောက်ဖွဲ့စည်းရေးသည် အဓိကအချက်တစ်ချက်အဖြစ် ပါဝင်သည်။ ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် သီရိလင်္ကာလွတ်တော်က ပြည်နယ်ကောင်စီရွေးကောက်ပွဲများ ဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးလိုက်သည်။ ယင်း ရွေးကောက်ပွဲများကို တစ်ယူသန်ဝါဒီ ဆင်ဟာလီ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ဂျေဗွီပီ)က ဆန့်ကျင်သည်။ ဂျေဗွီပီသည် အိန္ဒိယ- သီရိလင်္ကာ ငြိမ်းချမ်းရေးစာချုပ်ကို လက်ခံခြင်းမရှိချေ။ ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့က ချုပ်ဆိုခဲ့သော အဆိုပါစာချုပ်အရ လက်နက်စွဲကိုင်မှုကို စွန့်လွှတ်သောတမီလ်သူပုန်များအတွက် အတုံ့အလှယ်အဖြင့် မြောက်ပိုင်းနှင့်အရှေ့ပိုင်း ပြည်နယ်များရှိ လူနည်းစု တမီလ်လူမျိုးများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပိုမိုတိုးမြှင့်ပေးရန် ရည်ရွယ်သော ရွေးကောက်ပွဲများ ဖြစ်သည်။ သို့ရာတွင် ယင်းရွေးကောက်ပွဲအစီအစဉ်ကို တမီလ်အီလမ်လွတ်မြောက်ရေးကျားအဖွဲ့ကလည်း လက်မခံချေ။ ယင်းပြောက်ကျားအဖွဲ့သည် အင်အားအကြီးဆုံးသော တမီလ်ပြည်သူ့စစ်အဖွဲ့ဖြစ်သည်။ သီရိလင်္ကာနိုင်ငံတွင်ပျော့ပျောင်းသော တမီလ် နိုင်ငံရေးပါတီဖြစ်သည့် တမီလ် ညီညွတ်သော လွတ်လပ်ရေးတပ်ဦး(တီယူအယ်အက်ဖ်) ကလည်း ယင်းရွေးကောက်ပွဲအစီအစဉ်ကို ရပ်ဆိုင်းရန်တောင်းဆိုခဲ့သည်။ ယင်းရွေးကောက်ပွဲများကို ဝန်ကြီးချုပ်ဟောင်း မစွတ် ဘဒ္ဒရာ နိုက်ကေး၏ သီရိလင်္ကာလွတ်လပ်ရေးပါတီ အပါအဝင် အတိုက်အခံပါတီ ၁၂ ပါတီက သပိတ်မှောက်ခဲ့သည်။ ဤသို့ဆန့်ကျင်မှုနှင့် ခြိမ်းခြောက်မှုအမျိုးမျိုးကြားတွင် ကျင်းပရသည့် ရွေးကောက်ပွဲများတွင် အခွဲ၂ နေရာများ၌ မဲပေးသူ ၂၅ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းထိသာ ရှိသည်။ ၁၉၈၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ပြည်နယ်လေးခု၏ အနိုင်အရှုံးစာရင်းကို ကြေညာရာ ၁၅၅ နေရာ ရှိသည့်အနက် သမ္မတ ဂျာယေဝါဒီနေ၏ ညီညွတ်သော အမျိုးသားပါတီ(ယူအင်ပီ)က ၈၈ နေရာ၊ ညီညွတ်သော ဆိုရှယ်လစ်မဟာမိတ်ပါတီက ၆၄ နေရာ၊ သီရိလင်္ကာ မူဆလင်ကွန်ဂရက်က သုံးနေရာရရှိသည်။ ကိုလံဗိုမြို့တော်တည်ရှိရာ အနောက်ပိုင်း ပြည်နယ်တွင် ယူအင်ပီသည် ၅၂ နေရာရရှိပြီး၊ အတိုက်အခံများက နေရာ ၅၀ ကို ရရှိသည်။ ဂျေဗွီပီတို့လှုပ်ရှားရာ တောင်ပိုင်း





သီရိလင်္ကာနိုင်ငံသမ္မတအဖြစ်မှ အနားယူသွားသော ဂျာယေဝါဒိန

သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသော ပရီမာဒါဆာ

သမ္မတရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားသော ဝန်ကြီးချုပ်ဟောင်း ဘန္ဒရာနိုက်ကေး

ပြည်နယ်တွင် ယူအင်ပီသည် ၅၃ နေရာအနက် ၃၇ နေရာကို အနိုင်ရရှိသည်။ ယူအင်ပီသည် ပါလီမန်တွင်လည်း ၁၆၈ နေရာအနက် ၈၅ ရာခိုင်နှုန်းကို လွှမ်းမိုးထားသည်။ ယူအင်ပီသည် အာဏာရရှိလာသည့် ၁၉၇၇ ခုနှစ်မှစ၍ ရွေးကောက်ပွဲတစ်ပွဲမျှပင် အရေးနိမ့်ခြင်း မရှိသေးချေ။

ဂျေဗီပီသည် ၁၅ လ ကာလအတွင်း အိန္ဒိယ – သီရိလင်္ကာစာချုပ်ကို ထောက်ခံသူ ၅၀၀ ခန့်ကို သတ်ဖြတ်ခဲ့သည်။ ၁၉၈၇ ခုနှစ် သြဂုတ်လတွင် သမ္မတဂျာယေဝါဒိနေကိုပင် လုပ်ကြံရန် ကြိုးပမ်းခဲ့သည်။ အသက် ၀၁ နှစ်ရှိပြီဖြစ်သော သမ္မတ ဂျာယေဝါဒိနေသည် ဂျေဗီပီကို ၁၉၈၃ ခုနှစ်က ပိတ်ပင်ထားခြင်းကို ၁၉၈၈ ခုနှစ် မေလတွင် ပယ်ဖျက်ပေးခြင်းဖြင့် နိုင်ငံရေးတင်းမာမှု လျော့နည်းစေရန်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ဂျေဗီပီက ယူအင်ပီပါတီ အထွေထွေအတွင်းရေးမှူး နန္ဒာလာဖာနန်ဒို ကို လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။ သမ္မတ ဂျာယေဝါဒိနေသည် အသက် ၄၅ နှစ်အရွယ်ရှိ ဂျေဗီပီခေါင်းဆောင် ရောဟန ဝိဇဝေရာနှင့် ညှိနှိုင်း အဖြေ ရှာလိုကြောင်း ကမ်းလှမ်းခဲ့သည်။ ဂျေဗီပီသည် တောင်ပိုင်းနယ်မြေများတွင်ထောက်ခံမှုရရှိသည်ဟုဆိုသည်။ အထူးသဖြင့် ဟံဗန်တိုတာခရိုင်သည် ဆင်ဝါလီအမျိုးသားရေးဝါဒီတို့၏ အခြေစိုက်ရာ ဒေသဖြစ်သည်။ ယင်းခရိုင်တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ခန့်က တမီလ်လူမျိုးပြိုင်ဘက်တစ်ဦးကို သီရိလင်္ကာမှမောင်းထုတ်နိုင်ခဲ့သူ ဒုတိုဂေမုနုအမည်ရှိဘုရင် ပေါ်ထွန်းခဲ့ဖူးသည်ဟု ဆိုစမှတ်ပြုကြသည်။ ဂျေဗီပီကလည်း အကြမ်းဖက်လှုပ်ရှားနေသည့်နည်းတူ တမီလ်အီလမ် လွတ်မြောက်ရေးကျားအဖွဲ့ကလည်း ၁၉၈၈ ခုနှစ် အောက်တိုဘာလတွင် ကလေးသူငယ် ၁၈ ဦး အပါအဝင် လူပေါင်း ၄၄ ဦး ကို သတ်ဖြတ်သည့် မဟာကွန်ဂါစကန္ဒာရွာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုအပါအဝင် အကြမ်းဖက်မှုအများ အပြား ကို ကျူး လွန် လျက် ရှိ သည်။ အိန္ဒိယ ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များသည် ယင်း တမီလ်ပြောက်ကျားအဖွဲ့နှင့် တိုက်ခိုက်လေ့ရှိရာ သီရိလင်္ကာ၌စတင်တပ်စွဲခဲ့သော ၁၉၈၇ ခုနှစ် ဇူလိုင်လမှစ၍ ထိုနှစ်ကုန်ဆုံးချိန်အထိ အိန္ဒိယစစ်သည် ၆၀၀ ကျော်ကျဆုံးခဲ့ရသည်။ အိန္ဒိယနိုင်ငံသည် သီရိလင်္ကာရှိ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့အတွက်တစ်နေ့လျှင် ရူပီး၎င်းသန်း (ဒေါ်လာ ၃,၇၅,၀၀၀) ကုန်ကျခံခဲ့ရသည်။

သမ္မတဂျာယေဝါဒီနေသည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် နိုင်ငံတော်အရေးပေါ် အခြေအနေကို ကြေညာလိုက်သည်။ ဆင်ဟာလီ အစွန်းရောက်ဝါဒီတို့က လှုံ့ဆော်သော လေးရက်ကြာဆန္ဒပြမှု ဖြစ်ပွားပြီးနောက် ထိုသို့ကြေညာခြင်းဖြစ်သည်။ ဆင်ဟာလီတို့ နေထိုင်ရာ မြို့သုံးမြို့တွင် ညမထွက်ရအမိန့်ကို အန်တုရှု လမ်းများပေါ် သို့ချီတက်လာကြသော အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူ ၁၈ ဦးကို သီရိလင်္ကာတပ်များက ပစ်ခတ် နှိမ်နင်းခဲ့သည်။ အရေးပေါ် အခြေအနေ ကြေညာချက်အရ တိုက်ပွဲဝင် လှုံ့ဆော်စာတမ်းများ၊ ပို့စတာများ လက်ဝယ်ထားရှိမှုကို သေဒဏ် အပြစ် ပေးနိုင်ကြောင်းဖြင့် သမ္မတရုံးက ကြေညာခဲ့သည်။

သမ္မတရွေးကောက်ပွဲကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပရာ ယူအင်ပီ သမ္မတလောင်း ဝန်ကြီးချုပ် ရာနာဆင်ဂီ ပရီမာဒါဆာက အနိုင်ရရှိပြီး သီရိလင်္ကာ လွှတ်လပ်ရေးပါတီ (အက်စ်အယ်အက်ဖ်ပီ) သမ္မတလောင်း ဝန်ကြီးချုပ်ဟောင်း သီရိမာဗို ဘန္ဒရာနိုက်ကေးက အရေးနိမ့်သည်။

သီရိန္ဒာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးအနောက်တောင်မြို့နယ်၊ မစိုးရိမ်တိုက်သစ် (မြန်မာ ၁၂၀၆–)။ ။ဆရာတော်ဘဒ္ဒန္တ သီရိန္ဒာဘိဝံသကို စစ်ကိုင်းတိုင်း၊ဘုတလင်မြို့နယ်၊ထနောင်း



အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ သိရိနန္ဒာဘိဝံသ

ကုန်းကျေးရွာ၌ ခမည်းတော် ဦးဘထွန်း မယ်တော် ဒေါ်ကြည်တို့က သက္ကရာဇ် ၁၂၀၆ ခုနှစ် ဦးတန်ခူးလပြည့် ကျော် ၇ ရက်နေ့တွင် ဖွားမြင်သည်။

အသက် ၁၂ နှစ်အရွယ်တွင် ထနောင်းကုန်းရွာကျောင်းဘုန်းတော်ကြီးဦးတေဇိန္ဒကို ဥပဇ္ဈာယ်ပြုလျက် မယ်တော် ခမည်းတော်တို့၏ ပစ္စယဒါနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

သက္ကရာဇ် ၁၃၀၅ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်နေ့တွင် အလုံမြို့၊ မဏ္ဍာလာတောကျောင်း ခဏ္ဍသိမ်၌ ဝံတော ဆရာတော်ကြီး ဦးသောဘိတကို ဥပဇ္ဈာယ်ပြု၍ ဦးလှ၊ ဒေါ်သိတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြက်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။ သက္ကရာဇ် ၁၃၀၆ ခုနှစ်တွင် မယ်တော်၊ ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဒုတိယအကြိမ် ဥပသမ္ပဒမဂ်လာကို ခံယူသည်။ ၁၃၄၅ ခုနှစ်တွင် ပိန်းဇလုပ်မြို့ ဒေါ်ဟုန်နှင့် ဒေါ်ကျင် အေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ တတိယအကြိမ် ဥပသမ္ပဒမဂ်လာကို ခံယူသည်။

ဆရာတော်သည် ထနောင်းကုန်းဆရာတော် ဦးတေဇိန္ဒ ထံတွင် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာပေများ၊ ပဋ္ဌေဝကျော်၊ လိင်၊ ဒဏ်၊ သေခိယ၊ ပရိတ်ကြီး၊ သဒ္ဒါကြီး၊ သုတ်စဉ်များကိုလည်းကောင်း၊ ချောင်းဦးမြို့၊ ဓမ္မာရုံတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးမာနိကနှင့် စာချဘုန်းကြီး ဦးပဏ္ဍဝတို့ထံတွင် ပထမပြန် စာမေးပွဲ စာသင်တန်း စာချတန်းဆိုင်ရာ စာပေများ၊ သဒ္ဒါငယ်ကျမ်းများနှင့် ဝိနည်းငါးကျမ်းကိုလည်းကောင်း သင်ယူတော်မူခဲ့သည်။

ထို့ပြင် ဆရာတော်သည် မစိုးရိမ်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယာဘိဝံသ၊ မစိုးရိမ်တိုက်နာယကဆရာတော်များ၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒ၊ မြင်းဝန်တိုက်ဆရာတော် ဘဒ္ဒန္တဥက္ကံသ၊ တောင်သမန်တိုက်ဆရာတော် ဦးကေသဝ၊ စကုတိုက်ဆရာတော်ဘဒ္ဒန္တနန္ဒာစရိယ၊ချမ်းသာကြီးတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒမဉ္ဇု၊ စသောဆရာတော်ကြီးများထံ၌ ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ချောင်းဦးမြို့ ဓမ္မာရုံတိုက်၌ နေစဉ် အစိုးရ ပထမငယ်တန်းကို အောင်မြင်တော်မူခဲ့သည်။ ထို့နောက် မန္တလေး မစိုးရိမ်တိုက်သို့ ရောက်သောအခါ အစိုးရ ပထမလတ်၊ ပထမကြီးနှင့် စာချတန်းကို အောင်မြင်တော်မူခဲ့သည်။ ထို့ပြင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ စာမေးပွဲ၌ စာသင်တန်း၊ စာချတန်းတို့ကို လည်းကောင်း၊ ရန်ကုန်စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်း စာမေးပွဲ၌ စာသင်တန်းနှင့် စာချတန်းတို့ကိုလည်းကောင်း အောင်မြင်တော်မူ၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့၊ ပရိယတ္တိသာသနဟိတ (သကျသီဟ) မဟာစရိယဘွဲ့နှင့် ဓမ္မစရိယဘွဲ့တို့ကို ရရှိတော်မူသည်။

ဆရာတော်သည် မစိုးရိမ်တိုက်မနှင့် တိုက်သစ်နှစ်တိုက်မှ နာယကဆရာတော်များ စုပေါင်း၍ တိပိဋကပါဠိ မြန်မာအဘိဓာန် က–ဝ၊ အတွဲငါးနှင့် အတွဲခြောက်နှစ်အုပ်၊ ပ–ဝ၊ နောက်ပိုင်း တစ်အုပ် ရေးသားပြုစုရာတွင် ပါဝင်တော်မူသည်။ ကျန်ပါဠိ–မြန်မာအဘိဓာန် ကျမ်းတစ်အုပ်ကို ပြုစုဆဲဖြစ်သည်။

ဆရာတော်သည် စာသင်သား သံဃာတော်ပေါင်း ၇၀၀ ကျော်ရှိသော မစိုးရိမ်တိုက်သစ်ကြီး၌ စုပေါင်းစာတက်ချိန်၊ စုပေါင်းစာကျက်ချိန်၊ စုပေါင်းဝတ်တက်ချိန်စသည်ဖြင့် စည်းမျဉ်းများရေးဆွဲ ချမှတ်၍ စနစ်တကျ ဦးစီးအုပ်ချုပ်တော်မူရင်း၊ မူလသံဃာ့ဝန်ဆောင် ၆၆ ပါး၌လည်းကောင်း၊ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယက ၃၃ ပါး၌လည်းကောင်း၊ ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက ၄၇ ပါး၌လည်းကောင်း ပါဝင်ကာ သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူလျက်ရှိသည်။

ဤသို့လျှင် သာသနာ့အကျိုး သည်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆေက၊ ဂန္ဆဓုရဝဟ၊ မဟာဃောသ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တ သိရိနန္ဒာဘိဝံသသည် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။



အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ သောဘဏ

သောဘဏ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၊ ညောင်တုန်းကျောင်း တိုက် (မြန်မာ ၁၂၇၁–)။ ။ ဆရာတော် ဘဒ္ဒန္တ သောဘဏကို ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ် ပလူကျေးရွာ၌ ခမည်းတော် ဦးဘိုးကွန်း၊ မယ်တော် ဒေါ်နှင်းလှိုင်တို့က သက္ကရာဇ် ၁၂၇၁ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်နေ့တွင် ဖွားမြင်သည်။

၁၅ နှစ်သားအရွယ်တွင် ဆင်မင်းအိုင်ကျောင်းဆရာတော် ဦးသောဘိတထံ၌ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သောဘဏ ဟူသောဘွဲ့အမည်ဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၃၀၀ ပြည့်နှစ် နှောင်းတန်ခူးလဆုတ် ၁ ရက်နေ့တွင် ခရမ်းမြို့နယ်၊ ပလူကျေးရွာကျောင်း၊ ခဏ္ဍသိမ်၌ ဆင်မင်းအိုင်ကျောင်း ဆရာတော်ကြီးကို ဥပဇ္ဈာယ် ပြုလျက် မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ဆင်မင်းအိုင်ရွာကျောင်းဆရာတော် ဘုရားကြီး၊ ကိုင်းကုန်းဆရာတော် ဘဒ္ဒန္တသုဒဿန (အဘိဇေမဟာရဋ္ဌဂုရု)၊ ဦးစက္ကိန္ဒ၊ ဦးဝိသုဒ္ဓ၊ ဦးဥာဏောဘာသ၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးကောဏ္ဍည၊ ဦးရာဇိန္ဒ၊ မန္တလေး သာသနဇောတိကာရုံ ဆရာတော် ဦးနာရဒါဘိဝံသ၊ အမရပူရဆရာတော် ဦးဥက္ကံသာဘိဝံသ၊ ဆီးဘန်းနီဆရာတော် ဦးအာစာရာဘိဝံသ၊ ဗဟန်း ညောင်တုန်း ကျောင်းတိုက်ဆရာတော် ဦးဓမ္မသေနာဘိဝံသ၊ ဒေါ်ရွှေသစ် ပိဋကတိုက်ကျောင်း ဆရာတော် ဦးသူရိယာဘိဝံသတို့ထံတွင် ပါဠိတော်၊ အဋ္ဌ

ကထာနှင့် ဋီကာကျမ်းများကို သင်ကြား ဆည်းပူးတော်မူခဲ့သည်။

ဆရာတော်သည် ခရမ်းမြို့ အမျိုးသားစာမေးပွဲတွင် အငယ်၊ အလတ်၊ အကြီးတို့ကိုလည်းကောင်း၊ အစိုးရစာမေးပွဲတွင် အငယ်၊ အလတ်၊ အကြီးနှင့် ဓမ္မာစရိယစာချတန်းကို အောင်မြင်တော်မူ၍ သာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့ကို ရရှိတော်မူသည်။

ဆရာတော်သည် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၌ စာသင်သား ၂၀၀ ကျော်တို့အား စာဝါများကို ပို့ချလျက် တစ်ဘက်မှလည်း ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့ဝင်၊ မြို့နယ်ဝိနည်းဓိရ၊ တိုင်းဝိနည်းဓိရ၊ ဗဟန်းမြို့နယ် မဟာမင်္ဂလာဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် စသည်ဖြင့် သာသနာရေးကိစ္စများကို အားပေးဆောင်ရွက်တော်မူသည်။

ဆရာတော်သည် မေတ္တာတရားအမြဲမပြတ်ပွားများ၍ တပည့်ဒါယကာ ဒါယိကာမများအားလည်း မေတ္တာတရားကို ဟောကြားလေ့ရှိသည်။ နေပူမိုးရွာမရွှောင် နံနက်အရုဏ်ဆွမ်းခံလိုက်ခြင်း၊ မိမိရသမျှ ပစ္စည်းများကို တိုက်သံဃာများအား လှူဒါန်းခြင်း၊ အာဂန္တု ထေရ်ကြီးဝါကြီး ဆရာတော်များအား လှူဒါန်းပူဇော်ခြင်းများ ပြုလုပ်တော်မူလေ့ရှိသည်။

ဤသို့လျှင် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ပိဋကတ္တယဆရာ၊ ပရိယတ္တိ ဝိသာရဒ၊ လင်္ကာပေသလ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ဆရာတော် ဘဒ္ဒန္တသောဘဏသည် ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ဟေတီနိုင်ငံ။ ။ ဟေတီနိုင်ငံတွင် အဖွဲ့ဝင် ၆၁ ဦး ပါဝင်သော တိုင်းပြူပြည်ပြူ လှုတ်တော်ကို ၁၉၆၆ ခုနှစ် အောက်တိုဘာလက ရွေးချယ်တင်မြှောက်ခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၇၈ – စာ၊ ၂၇၁ — ရှု။) ယင်းလှုတ်တော်က ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မူကြမ်းကို ၁၉၇၇ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် အပြီးသတ် ရေးဆွဲသည်။ ယင်း အခြေခံဥပဒေသစ် မူကြမ်းကို မတ်လ ၂၉ ရက်နေ့တွင် ကျင်းပသော ပြည်သူဆန္ဒခံယူပွဲ၌ တင်ပြ၍ အဆုံးအဖြတ် ခံယူသည်။ ထောက်ခံမဲ ၉၉ ဒသမ ၉၁ ရာခိုင်နှုန်း ရရှိ၍ အတည်ပြုနိုင်ခဲ့သည်။ မြူနီစီပယ်အဖွဲ့များအတွက် မြို့တော်ဝန်များကိုလည်းကောင်း၊ ကျေးလက်ခရိုင်ဒေသ အုပ်ချုပ်ရေး ကောင်စီများအတွက် အဖွဲ့ဝင်များကိုလည်းကောင်း ရွေးချယ်တင်မြှောက်မည့် ဒေသန္တရရွေးကောက်ပွဲများကို

၁၉၇၇ ခုနှစ် ဩဂုတ်လတွင်ကျင်းပရန် လျာထားခဲ့သည်။ အမျိုးသားရွေးကောက်ပွဲများကို နိုဝင်ဘာလတွင်ကျင်းပရန် လျာထားခဲ့သည်။ ပို့အောပရင့်မြို့တော်တွင် ဆူပူမှုများ ကြီးထွားလာသောကြောင့် ယင်းရွေးကောက်ပွဲများကို အကန့်အသတ်မရှိ ရွေဆိုင်းခဲ့ရသည်။ အာဏာရှင် ဟောင်း ယွန်ကလောက်ဒီ ဒူဗလီယာ၏ ခါးပိုက်ဆောင်တပ် (တွန်တွန်မာကွတ်) အဖွဲဝင်များနှင့် ဖွဲ့စည်းထားပြီး ပုလိပ်အဖွဲနှင့်စစ်တပ်တို့နှင့် အဆက်အသွယ် ခိုင်ခိုင်မာမာ ရှိထားသည်ဟု ယုံကြည်ရသည့် လက်မရွံ့တပ်ဖွဲများသည် မဲဆွယ်ပွဲကာလအတွင်း လစ်ဗရယ်ဝါဒီနှင့် လက်ဝဲယိမ်းဝါဒီတို့နှင့် မကင်းသူများကို သတ်ဖြတ်ကြသည်။ ခြိမ်းခြောက်ကြသည်။ အထွေထွေ ရွေးကောက်ပွဲ အမတ်လောင်းဖြစ်သော အလယ်အလတ်ဝါဒီ ဟေတီ ဒီမိုကရက်တစ်လွတ်မြောက်ရေး လှုပ်ရှားမှုပါတီ ခေါင်းဆောင် လူဝီယူဂျင်းအက်သစ်နှင့် ခရစ်ယာန်ဒီမိုကရက်တစ် အင်အားစုပါတီ သမ္မတလောင်း အီဗက်စ် ဗိုလဲတို့ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။

အကြမ်းဖက်မှုများပေါ် ပေါက်နေသည့်ကြားက သမ္မတလောင်းအဖြစ် ကြေညာသူစုစုပေါင်း ၃၅ ဦး ရှိခဲ့သည်။ အများစုသည် ထိရောက်သောမဲဆွယ်မှုမျိုး မပြုလုပ်နိုင်ရန် ဟန့်တားနှောင့်ယှက်ခြင်း ခံကြရသည်။ ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် ယာယီရွေးကောက်ပွဲကောင်စီ (ပီအီးစီ) က သမ္မတလောင်း ၂၃ ဦးကိုသာ အတည်ပြုပေးခဲ့သည်။ ၁၂ ဦးကို ယခင်အစိုးရ အဖွဲဟောင်းနှင့် ဆက်သွယ်မှု ရှိသည်ဟု အကြောင်းပြ၍ ပယ်ချခဲ့သည်။ ထိုသို့ ပယ်ချကြောင်း ကြေညာအပြီး နာရီပိုင်းအတွင်း ပီအီးစီ ရုံးချုပ် ဖျက်ဆီးခံရသည်။ တွန်တွန်မာကွတ် ဂိုဏ်းသားများနှင့် တွန်တွန်မာကွတ်ဆန့်ကျင်ရေးအုပ်စုတို့ အပြန်အလှန် တိုက်ခိုက်ကြသည်။ ရွေးကောက်ပွဲ ကျင်းပမည့် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အကြမ်းဖက်မှုများ ပေါ် ပေါက်ပြီး လူ ၃၄ ဦးသေဆုံး၍ ၇၀ ဒဏ်ရာရရှိသည်။ အစိုးရက ပီအီးစီကို ဖျက်သိမ်းကြောင်းနှင့် ရွေးကောက်ပွဲအသစ် ကျင်းပပေးမည် ဖြစ်ကြောင်း ကြေညာသည်။ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ရွေးကောက်ပွဲ ကော်မရှင်အသစ်က အသစ်ကျမ်းသစ္စာ ကျိန်ဆိုသည်။

ရွေးကောက်ပွဲကော်မရှင်သည် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် သမ္မတလောင်း ၁၁ ဦးကို အတည်ပြုပေးသည်။ ယင်းသမ္မတလောင်း ၁၁ ဦးသည် အလယ်အလတ်ဝါဒီနှင့် လက်ယာဝါဒီများဖြစ်သည်။ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ပါဝင်ခွင့် ပိတ်ပင်ခံရသော ဒူဗလီယာဝါဒီ သမ္မတလောင်းရှစ်ဦးအပါအဝင်စုစုပေါင်း ၁၁ ဦးကိုမူ အရည်အချင်းနှင့် မညီညွတ်ကြောင်းဖြင့် ရွေးကောက်ပွဲကော်မရှင်အသစ်က ဆုံးဖြတ်ခဲ့သည်။ အထက်လွှတ်တော် နေရာ ၂၇ နေရာ အတွက် အမတ်လောင်း ၄၀ ဦးကို လည်းကောင်း၊ အောက်လွှတ်တော်နေရာ ၁၅၅ နေရာ အတွက် အမတ်လောင်း ၁၉၅ ဦးကိုလည်းကောင်း အတည်ပြုပေးခဲ့သည်။

အမျိုးသားဒီမိုကရက်တစ်တိုးတက်ရေးပါတီ၏ ခေါင်းဆောင် ပါမောက္ခ လက်စလီ မင်နီဂတ်သည် ထောက်ခံမဲ ၅၀ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရကြောင်းဖြင့် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကြေညာသည်။ ပါမောက္ခမင်နီဂတ်သည် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုရာ ဟေတီနိုင်ငံသည် အရပ်သား အစိုးရ လက်အောက်သို့ ပြန်လည် ရောက်ရှိသည်။

သမ္မတ မင်နီဂတ်နှင့် ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ဟင်နရီ နမ်ဖိတို့ ဆက်ဆံရေး တင်းမာမှုကြီးထွားလာကာ ဇွန်လ ၁၇ ရက်နေ့တွင် နမ်ဖိကို သမ္မတ မင်နီဂတ်က ကာကွယ်ရေးဦးစီးချုပ် အဖြစ်မှ ထုတ်ပယ်သည်။ ဇွန်လ ၂၀ ရက်နေ့တွင် နမ်ဖိ ဦးဆောင်သော ဟေတီစစ်တပ်သည် သမ္မတနန်းတော်ကို စီးနင်းသိမ်းပိုက်ပြီး သမ္မတ မင်နီဂတ်ကို ဖြုတ်ချသည်။ မင်နီဂတ်သည် ဒိုမီနီကန်သမ္မတနိုင်ငံသို့ ထွက်ပြေးရသည်။

တစ်ဖန် ၁၉၈၈ ခုနှစ် ဧက်တင်ဘာလတွင် ဒုတိယ ဗိုလ်ချုပ်ကြီး ပရော့စပါ အက်ရီ ဦးဆောင်သော စစ်တပ်

ဒုတိယဗိုလ်ချုပ်ကြီး ပရော့စပါ အက်ရီက အာဏာသိမ်းကြောင်း ရုပ်မြင်သံကြားမှ ကြေညာစဉ်



ကာ ဒုတိယဗိုလ်ချုပ်ကြီး နမ်ဖိ၏ အစိုးရကို ဖြုတ်ချခဲ့ပြန်သည်။ ဟောတီနိုင်ငံတွင် ဒီမိုကရေစီကို အုတ်မြစ်ချတည်ဆောက်ပေးမည်ဟု ဒုတိယဗိုလ်ချုပ်ကြီး ပရော့စပါအက်ရီက အောက်တိုဘာလ ၂၁ ရက်နေ့တွင် ထုတ်ဖော်ပြောကြားသည်။ သမ္မတရွေးချယ်ပွဲ မကျင်းပမီ မြို့နီစီပယ်နှင့် ဥပဒေပြု လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပပေးရန်၊ အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန်၊ ရင်းနှီးမြှုပ်နှံမှုများကိုတိုးမြှင့်ဖော်ဆောင်ရန်နှင့်အကြမ်းဖက်မှုများအဆုံးသတ်စေရန်တို့ကို ဆောင်ရွက်မည်ဟုလည်း ပြောကြားခဲ့သည်။


ဟန်ဂေရီ ပြည်သူ သမ္မတနိုင်ငံ။ ။၁၉၄၉ ခု နှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဟန်ဂေရီ ပြည်သူသမ္မတနိုင်ငံ ပေါ်ထွန်းခဲ့သည်။ ၁၉၅၃ ခုနှစ် ဇူလိုင်လတွင် အစိုးရသည် စိုက်ပျိုးရေး မူဝါဒ မအောင်မြင်ကြောင်း ဝန်ခံသည်။ အရေးပါသော စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ အမှားများကို ဝန်ခံသည်။ အသစ်တက်လာသော ဝန်ကြီးချုပ် အင်မရေ နာဂီသည် အကြီးစား စက်မှု လုပ်ငန်းထက် စိုက်ပျိုးရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရေးကို အခြေခံ၍ ဗဟို ချုပ်ကိုင်မှုကို လျှော့ချသည့်မူဝါဒကို စတင် ပြဋ္ဌာန်းသည်။ စားသုံး ကုန်ပစ္စည်းများ ထောက်ပံ့မှုကို တိုးမြှင့်သည်။ စီးပွားရေး တိုးတက်မှုကို မတွေ့ရသောအခါ နာဂီသည် စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် စုပေါင်းလယ်ယာ ဖြစ်ထွန်းမှုတို့ကို အဟန့်အတားပြုခဲ့သည်ဟူ၍ စွဲချက် တင်ခံရသည်။ ဝန်ကြီးချုပ်ရာထူးမှ ထုတ်ပယ်ခံရသည့်ပြင် နောက်ပိုင်းတွင် ပါတီမှ ထုတ်ပယ်ခံရသည်။ ၁၉၅၆ ခုနှစ် အောက်တိုဘာလတွင် ဗူဒါပက်မြို့၌ ရုရှားဆန့်ကျင်ရေး ပုန်ကန်မှု ပေါ်ပေါက်လာရာ နာဂီသည် ဝန်ကြီးချုပ် တာဝန်ကို ပြန်လည်ထမ်းဆောင်ရသည်။ ထိုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဝါဆောစာချုပ်အဖွဲ့မှ ဟန်ဂေရီနိုင်ငံ နုတ်ထွက်ကြောင်း ကြေညာရာ ဟန်ဂေရီနိုင်ငံရှိ ရုရှားတပ်များနှင့် နိုင်ငံပြင်ပမှ ရုရှားတပ်များက ဗူဒါပက်မြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီး ယာန္နိစ် ကာဒါ ဦးဆောင်သော အစိုးရအဖွဲ့သစ်ကို တင်ပေးခဲ့သည်။ ၁၉၅၈ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် နာဂီသည် နိုင်ငံတော် သစ္စာဖောက်မှုဖြင့် သေဒဏ်စီရင်ခံရသည်။

ကာဒါသည် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဗဟိုချုပ်ကိုင်မှုကို လျှော့ချသော စီးပွားရေး အစီအစဉ်များကိုချမှတ်ခဲ့ဖူး၍ အ ရှေ့ ဥရောပအုပ်စုတွင် ပြုပြင်ပြောင်းလဲရေး စိတ်ဓာတ် အရှိဆုံးဖြစ်သည်ဟု ဆိုစမှတ် ပြုကြသည်။ အလုပ်သမား ၃၀ အထိထားရှိ၍ အကျိုးအမြတ်ရှာသော

ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများကို ထူထောင်ခွင့်ပြုသည့် ဥပဒေတစ်ရပ်သည် ၁၉၈၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အာဏာတည်ခဲ့သည်။ စားသောက်ဆိုင်ကဲ့သို့သော အစိုးရပိုင် အသေးစား စီး ပွား ရေး လုပ် ငန်း အများအပြားကို ပုဂ္ဂလိက စီမံခန့်ခွဲသူများ၏လက်ဝယ်သို့ လွှဲပြောင်းသည်။ ပြုပြင် ပြောင်းလဲရေး ဝါဒီ နာဂီကို သေဒဏ်စီရင်ခဲ့၍ နာမည်ပျက်ခဲ့သော ကာဒါသည် အရှေ့ဥရောပအုပ်စုတွင် စျေးကွက်စီးပွားရေးကို ဦးတည်သော ပြုပြင်ပြောင်းလဲမှုများကို ဗဟိုဆော်ဦး ချမှတ်ခဲ့ခြင်းဖြင့် နိုင်ငံသည် အထိုက်အလျောက် ချောင်လည်လာသဖြင့် ပြည်သူ၏ ယုံကြည်ကိုးစားမှုကို ပြန်လည် ရရှိခဲ့သည်။

ကွန်မြူနစ်ပါတီသည် ၁၉၇၅ ခုနှစ် မတ်လတွင် ယာန္နိစ် ကာဒါကို နောက်ထပ် ငါးနှစ် သက်တမ်းအတွက် ပါတီ ဒေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ နိုင်ငံရေး ဦးဆောင် အဖွဲ့ဝင်များအဖြစ် ကာရိုလီ ဂရော့ဇ်၊ ကဆာဘာ ဟာမိုရီနှင့် အစ်ထဗန် ဇာဘိုတို့အား ရွေးချယ်တင်မြှောက်သည်။ ထိုနှစ် ဇွန်လတွင် ရွေးကောက်ပွဲစည်းမျဉ်းဥပဒေသစ်အရ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်နေရာတစ်နေရာအတွက်ကိုယ်စားလှယ်လောင်းနှစ်ဦးနှင့်အထက်ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုသည့် စနစ်ကိုပထမဦးဆုံးကျင့်သုံးသည်။၎င်း နေရာအတွက်ရွေးချယ် တင်မြှောက်မှု မအောင်မြင်ကြောင်း တွေ့ရှိရသည်။ လိုအပ်သော ထောက်ခံမဲ ငါးဆယ်ရာခိုင်နှုန်း မပြည့်သည့်ဖြစ်ရပ်မျိုးကို ဟန်ဂေရီပြည်သူသမ္မတနိုင်ငံ ပေါ်ထွန်းပြီးနောက်ပိုင်းတွင် ပထမဦးဆုံးတွေ့ရှိရခြင်း ဖြစ်သည်။

ဤသို့ဖြင့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ထွန်းနေသော ဟန်ဂေရီနိုင်ငံ၌ ၁၉၈၇ ခုနှစ် ဇွန်လတွင် အသက် ၇၅ နှစ်ရှိပြီဖြစ်သော ယာန္နိစ်ကာဒါသည် ပါတီအတွင်းရေးမှူးချုပ် တာဝန်ကို ဆက်လက်ယူဆောင်ပြီး ဝန်ကြီးချုပ်တာဝန်ကို အသက် ၅၇ နှစ် အရွယ်ရှိ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် ဂရော့ဇ်အား လွှဲအပ်ခဲ့သည်။ ဂရော့ဇ်သည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဝန်ကြီးများကောင်စီကို ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပြည်တွင်း ကုန်သွယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ပ ကုန်သွယ်ရေးဝန်ကြီးဌာနတို့ကို ဒုတိယဝန်ကြီးချုပ် ဂျိုးဇက် မာဂျေး၏ လက်အောက်တွင် ကုန်သွယ်ရေး ဝန်ကြီး ဌာနအဖြစ် ပေါင်းစည်း ထားရှိလိုက်သည်။ လူမှုရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေစီမံ ခန့်ခွဲမှု ဝန်ကြီးဌာနတို့ကိုအသစ်ဖွင့်လှစ်သည်။ ဒုတိယဝန်ကြီးချုပ် ငါးနေရာရှိသည့်အနက် သုံး နေရာကိုဖျက်သိမ်းလိုက်သည်။ ၁၉၈၇ ခုနှစ် စက်တင်ဘာလက လွှတ်တော်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သော စီးပွားရေး တည် ငြိမ် မှု စီ မံ ကိန်း ကို



ဟန်ဂေရီနိုင်ငံ ခေါင်းဆောင်သစ် ကာရိုလီဂရောဇ် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ၁စွန်လင်းဥယျာဉ်သို့ အလည်အပတ်သွားရောက်စဉ်

အကောင်အထည်ဖော်ရာ၌ ထိရောက်ချောမောအောင်မြင်နိုင်ရန် ပြင်ဆင်ဖွဲ့စည်းခြင်း ဖြစ်သည်ဟု ဆိုသည်။

၁၉၇၈ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ဟန်ဂေရီပြည်သူ ၁၀,၀၀၀ ကျော်သည် ဗူဒါပက်မြို့၌ ဆန္ဒပြပွဲတစ်ရပ်ကျင်းပခဲ့သည်။ အတိုက်အခံခေါင်းဆောင်ရှစ်ဦးကို ရဲက ဖမ်းဆီးခဲ့ပြီးနောက် ထိုသို့ ဆန္ဒပြခဲ့ခြင်း ဖြစ်သည်။ ၁၉၅၆ ခုနှစ် ပုန်ကန်မှုဖြစ်ခဲ့ပြီးနောက်ပိုင်းတွင် အင်အား အကြီးမားဆုံးသော အစိုးရဆန့်ကျင်ရေး လူထုဆန္ဒပြပွဲဖြစ်သည်ဟု ဆိုသည်။

ဟန်ဂေရီ ကွန်မြူနစ်ပါတီ ညီလာခံကို ၁၉၇၈ ခုနှစ် မေလ ၂၀ ရက်နေ့တွင် စတင်ကျင်းပခဲ့ပြီး မေလ ၂၂ ရက်နေ့တွင် ဟန်ဂေရီ ခေါင်းဆောင်ပိုင်း အပြောင်းအလဲကို ပြုလုပ်ခဲ့သည်။ ဝန်ကြီးချုပ် ကာရိုလီ ဂရော့ဇ်က ယာန္နိစ် ကာဒါကိုဆက်ခံ၍ အတွင်းရေးမှူးချုပ်တာဝန်ကို ယူလိုက်ခြင်းဖြစ်သည်။ ကာဒါသည် နိုင်ငံရေးဦးဆောင်အဖွဲ့မှလည်း နုတ်ထွက်သွားရသည်။ သို့ရာတွင် ကာဒါသည် ရာထူးသစ်ဖြစ်သော ပါတီဥက္ကဋ္ဌနေရာတွင် ရှိနေမည်ဖြစ်သည်။ နိုင်ငံရေး ဦးဆောင်အဖွဲ့အတွင်းတွင် ကာဒါကို ထောက်ခံသူ ခုနစ်ဦး၏နေရာ၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို လိုလားသူများက အစားထိုးဝင်ရောက်လာကြသည်။ အဖွဲ့ဝင် ၁၀၀ ပါရှိသော ပါတီဗဟိုကော်မတီတွင် ၄၀ ရာခိုင်နှုန်းကိုလည်း လူသစ်များဖြင့် လဲလှယ် ခန့်ထားခဲ့သည်။ ဌေကြေးဖောင်းပွမှုနှုန်း ၁၅ ရာခိုင်နှုန်းနှင့် ပြည်ပကြွေးမြီ ဒေါ်လာသန်းပေါင်း ၁၇,၀၀၀ နီးပါးရှိနေသည့် စီးပွားရေး ပြဿနာကို ဖြေရှင်းရန်ဖြစ်သည်။ နိုင်ငံရေးဦးဆောင်အဖွဲ့တွင် လူသစ်ခြောက်ဦးအနက် ထင်ရှားသော ပြုပြင်ပြောင်းလဲရေး၀ါဒီနှစ်ဦး ပါဝင်လာသည်ဟု ဆိုသည်။ ၀ါသနာပါအဖွဲ့အစည်း ၁၀၀ ကို လှုပ်ခြုံထားသည့်ကွန်မြူနစ်ဦးဆောင်သော ပြည်သူ့မျိုးချစ်တပ်ဦး၏ခေါင်းဆောင် အင်မရေ ပေါ့ဇ်ဂေးနှင့် စီးပွားရေးပညာရှင် ရက်ဇို နယားစ်တို့ဖြစ်သည်။ ပေါ့ဇ်ဂေးက လှုတ်လပ်သော နိုင်ငံရေးပါတီများကို ခွင့်ပြုရန်လိုလားသူအဖြစ် လူသိများသည်။ ပါတီထုတ်မဟုတ်သော စာနယ်ဇင်းများကို စိစစ်ပိတ်ပင်နေခြင်းကို အဆုံးသတ်ရန်နှင့် ဟန်ဂေရီလှုတ်တော်တွင် ကွန်မြူနစ်ပါတီ၏ အဆိုနှင့်ကွဲလွဲဆန့်ကျင်သောအဆိုများကို တင်ပြနိုင်ခွင့်ပေးရန် အာသီသရှိသူဖြစ်သည်ဟု ဆိုသည်။ နယားစ်သည် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း က ဘေးဖယ်မခံရမီအချိန်ထိ ကာဒါ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်ကို ဖန်တီးခဲ့သည့် အဓိက ဗိသုကာဖြစ်သည်ဟု ဆိုသည်။ ၁၉၆၆ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ နိုင်ငံရေးဦးဆောင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပြီးမှ ဆိုဗီယက်ခေါင်းဆောင် လီယိုနစ် ဗရက်ဇ်ညက်၏ ဖိအားပေးမှုကြောင့် ထုတ်ပယ်ခံခဲ့ရသည်။

ဂရော့ဇ်က စီးပွားရေး ပြုပြင် ပြောင်းလဲရေးနှင့်၊ စပ်လျဉ်း၍ ၁၉၇၈ ခုနှစ် ဇူလိုင်လက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ရှင်းပြခဲ့သည်။ ဟန်ဂေရီနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် ဆိုဗီယက်ပြည်ထောင်စုထက်လည်းကောင်း အခြားအရှေ့အုပ်စုနိုင်ငံများထက်လည်းကောင်း နှစ်ပေါင်း

မျှားစွာ ဦးခဲ့သော်လည်း မအောင်မြင်ရခြင်း၏ အကြောင်းကို သုံးသပ်ပြခဲ့သည်။ အမှားတစ်ရပ်မှာ ရင်းနှီးမြှုပ်နှံမှုမူဝါဒဖြစ်သည်ဟု ထောက်ပြသည်။ လက်ရှိစီးပွားရေးအဆောက်အအုံများကို ခေတ်မီတိုးတက်ရေးတွင် မမြှုပ်နှံဘဲ စီးပွားရေးအဆောက်အအုံသစ်များ တည်ဆောက်ရေးတွင်သာ ပုံအော၍ ရင်းနှီးမြှုပ်နှံမိခဲ့သည်ဟု ဆိုသည်။ အကယ်၍သာ လက်ရှိ ကိရိယာတန်ဆာပလာ အသုံးအဆောင်များကို ခေတ်မီတိုးတက်အောင် လုပ်ခဲ့လျှင် ရင်းနှီးမြှုပ်နှံထားသမျှကို ယခုထက် နှစ်ဆပိုမိုလျင်မြန်စွာ ပြန်လည် ကာမိနိုင်မည်ဟု ဆိုသည်။ ဆိုဗီယက် ပြည်ထောင်စု၏ ပြုပြင်ပြောင်းလဲရေးနှင့် ထပ်တူထပ်မျှမတူညီကြောင်းလည်း ရှင်းပြသည်။ ဟန်ဂေရီနိုင်ငံ၏ ပို့ကုန် ၅၀ ရာခိုင်နှုန်းကို အနောက်ကမ္ဘာသို့ တင်ပို့ကြောင်း၊ ဆိုဗီယက် ပြည်ထောင်စုကမူ ၉ ဒသမ ၅ ရာခိုင်နှုန်းသာတင်ပို့ရကြောင်း၊ဟန်ဂေရီစီးပွားရေးတွင်လွှတ်လပ်သောဈေးကွက်လုပ်နည်းလုပ်ဟန်များ ရှိနေပြီးဖြစ်ကြောင်း ထောက်ပြသည်။ စေးနှုန်း ပြုပြင်ပြောင်းလဲမှုနှင့် လုပ်ခ ပြုပြင်ပြောင်းလဲမှုတို့ကို လုပ်ဆောင်ရဦးမည်ဟု ဆိုသည်။ ထိုသို့ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရာတွင် တည့်တဲ့ခိုင်မြဲရေးနှင့် ပြန်လည်ထူထောင်ရေးသည်ပင်လျှင် ၁၀ နှစ်ခန့် အချိန်ယူရဦးမည်ဖြစ်ပြီး ထိုအချိန်ကာလအတွင်း မိမိသည် အငြိမ်းစားယူပြီးဖြစ်မည်ဟု ဂရော့ဇ်ကပြောကြားသည်။ ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် စီးပွားရေးတိုးတက်မှုနှုန်းသည် နှစ်စဉ်သုံးရာခိုင်နှုန်းခန့် တည်ငြိမ်စွာ ရှိနေပြီး နိုင်ငံရေးအရ ပွင့်လင်းမှုလည်း လက်ရှိအခြေအနေထက် သာလွန်နေမည်ဟု ခန့်မှန်းပြောကြားခဲ့သည်။

ဟန်ဂေရီနိုင်ငံ၏ စီးပွားရေးတွင် ၁၉၇၉ ခုနှစ်မှစ၍ ကာလအပိုင်း သုံးပိုင်းအလိုက် ဖြစ်ပေါ်တိုးတက်လာပုံကို ၁၉၈၀ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။ ၁၉၇၉–၁၉၈၁ ခုနှစ် ကာလအပိုင်းအခြားတွင် နိုင်ငံခြား တိုင်းပြည်များနှင့် ကုန်သွယ်မှု ညီမျှလာသည်။ နိုင်ငံခြားကြွေးမြီ မြင့်တက်လာမှုကို ရပ်တန့်စေနိုင်ခဲ့သည်။ ၁၉၈၂–၁၉၈၄ ခုနှစ် ကာလအပိုင်းအခြားတွင် ချေးငွေများအပေါ် အတိုးပေးဆပ်နိုင်ခဲ့ပြီး ကြွေးမြီအခြေကို လျော့ချနိုင်ခဲ့သည်။ ၁၉၈၅–၁၉၈၇ ခုနှစ်ကာလအတွင်း တွင်မူဟန်ဂေရီနိုင်ငံ၏စီးပွားရေးသည် ထုတ်လုပ်မှုအပိုင်း၌ နှစ်ဆတိုးလာရမည့်အစား ပို၍ နှေးသွားသည်။ ထိုကာလအတွင်းတွင် နိုင်ငံခြားကုန်သွယ်မှု လိုငွေပြမှုများလည်း ပြန်လည်ဖြစ်ပေါ်ခဲ့သည်။ ပို့ကုန်သည် ငါးရာခိုင်နှုန်းခန့်သာ တိုးတက်ခဲ့ပြီး သွင်းကုန်သည် ၂၀ ရာခိုင်နှုန်းနီးပါးတိုးလာခဲ့သည်။

ကာရိုလီ ဂရော့ဇ်သည် ဝန်ကြီးချုပ် တာဝန်ကို လက်လွှတ်၍ ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ်တာဝန်ကို ဆက်လက်ယူထားမည်ဟု ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ကြေညာသည်။ နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သို့ စီးပွားရေးပညာရှင် မီလော့စ် နီမက်အား ဝန်ကြီးချုပ်သစ်အဖြစ် ခန့်ထားသည်။ စီးပွားရေးကထိကဟောင်းဖြစ်သော အသက် ၄၀ အရွယ်ရှိ နီမက်သည် ကွန်မြူနစ်ပါတီ၏ စီးပွားရေးရာဌာနဒ်၌ ၁၉၈၁ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ ခုနှစ် ဇွန်လတွင် စီးပွားရေးမူဝါဒဆိုင်ရာ အတွင်းရေးမှူးအဖြစ် ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသည်။ ၁၉၈၈ ခုနှစ် မေလတွင် မူဝါဒချမှတ်လမ်းညွှန်ရာ နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စု။ ။အမေရိကန်ပြည်ထောင်စု၌၁၉၈၈ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ရီပတ်ဗလစ်ကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့သည် သမ္မတလောင်း ရွေးချယ်ဘင်မြောက်ရန် အကြို ညှိနှိုင်းပွဲများနှင့် မဲပေးပွဲများကို ကျင်းပသည်။ ထိုနှစ်ကို မဟာအင်္ဂါနှစ်ဟု ခေါ်ဆိုကြသည်။ မိုက်ကယ် ဒူကားကစ်သည် ဒီမိုကရက်ကိုယ်စားလှယ် မဲအရေအတွက် ၁,၃၀၇ မဲ ရရှိသည့်အနက် ၃၈၂ မဲ ရရှိသည်။ ဂျက်ဆီဂျက်ဆင်က ၃၆၈ မဲ၊ အဲလဗတ် ဂိုးက ၃၂၅ မဲနှင့် ရစ်ချတ် ဂဲ့ဖတ်က ၉၅ မဲ အသီးသီး ရရှိသည်။ ဂယ်ရီဟတ်နှင့် ပေါလ်ဆိုင်မွန်တို့သည် တစ်မဲမျှ မရခဲ့ကြချေ။ ထို့ကြောင့် သမ္မတလောင်းအဖြစ် မိုက်ကယ် ဒူကားကစ်က ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုခွင့် ရရှိသည်။ ဒုတိယသမ္မတ ကျော့ ဘုရှ်သည် ရီပတ်ဗလစ်ကန်ကိုယ်စားလှယ်မဲအရေအတွက် ၇၅၃ မဲ ရှိသည့်အနက် ၅၇၇ မဲ ရရှိသည်။ အထက်လွှတ်တော်အမတ် ရောဗတ် ဒိုးက ၉၉ မဲ၊ ပက် ရောဗတ်ဆန်က ကိုး မဲ၊ အောက်လွှတ်တော်အမတ် ဂျက် ကင့်က လေး မဲ အသီးသီး ရရှိသည်။ ထို့ကြောင့် ရီပတ်ဗလစ်ကန် သမ္မတလောင်းအဖြစ် ကျော့ ဘုရှ်ကို လျာထားသည်။

ထို့နောက် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် သမ္မတရွေးချယ် တင်မြောက်ပွဲကို ကျင်းပရာ ကျော့ ဘုရှ်သည် မဲအရေအတွက် စုစုပေါင်း၏ ၅၄ ရာခိုင်နှုန်း၊ ဒူကားကစ်က ၄၆ ရာခိုင်နှုန်း ရရှိသည်။ အီလက်တိုရယ် ကောလိပ်ကိုယ်စားလှယ် မဲအားဖြင့် ဘုရှ်က ၄၂၆ မဲ၊ ဒူကားကစ်က ၁၁၂ မဲ ရရှိသည်။ ဒူကားကစ်သည် ပြည်နယ် ၁၀ ခုနှင့် ကိုလံဗီယာခရိုင်တို့တွင်သာ အနိုင်ရရှိခြင်း ဖြစ်သည်။ ၁၉၈၄ ခုနှစ်က ဝေါလတာ မွန်ဒေး၊ ကိုလံဗီယာခရိုင်နှင့် မင်နီဆိုတာပြည်နယ်တို့တွင်သာ အနိုင်ရရှိသည်နှင့် နှိုင်းစာလျှင်မူ တိုးတက်လာသည်ဟု ဆိုနိုင်



အမေရိကန်သမ္မတသစ် ဂျော့ဘုရှ်နှင့်ဇနီးတို့အား ဒုတိယသမ္မတသစ် ဒန်ကွေးလ်နှင့်မိသားစုတို့နှင့်အတူ တွေ့မြင်ရပုံ


သည်။ မည်သို့ပင်ဖြစ်စေ ပြည်နယ် ၄၀ ကို လွှမ်းမိုးနိုင်ခဲ့သော ဘုရှ် သည် အမေရိကန်ပြည်ထောင်စု၏ ၎၁ ဦးမြောက် သမ္မတဖြစ်လာသည်။ မြို့ကြီး ပြကြီး များ တွင် ဒူကားကစ်က ထောက်ခံမဲ ၅၇ ရာခိုင်နှုန်းရရှိပြီး ဂျော့ဘုရှ်က ၎၃ ရာခိုင်နှုန်း ရရှိသည်။ သို့ရာတွင် ဆင်ခြေဖုံးဒေသများတွင် ဘုရှ်က ၅၄ ရာခိုင်နှုန်း၊ ဒူကားကစ်က ၎၆ ရာခိုင်နှုန်း ရရှိပြီး၊ ကျေးလက်ဒေသတွင် ဘုရှ်က ၅၈ ရာခိုင်နှုန်း၊ ဒူကားကစ်က ၎၂ ရာခိုင်နှုန်း ရရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဘုရှ်က အောင်ပွဲဆင်သွားခြင်း ဖြစ်သည်။ အမျိုးသမီးများ၏ မဲတွင် ဒူကားကစ်က ၅၂ ရာခိုင်နှုန်းထိ ရရှိပြီး ဘုရှ်က ၎၇ ရာခိုင်နှုန်းသာ ရရှိသည်။ ကော်လာဖြူ အလုပ်သမားများသည် ဂျော့ ဘုရှ်အား ၈၁ ရာခိုင်နှုန်း၊ ဒူကားကစ်အား ၎၉ ရာခိုင်နှုန်း ထောက်ခံမဲပေးခဲ့ကြသည်။ ကျွမ်းကျင်ပညာရှင်များနှင့် မန်နေဂျာများသည် ဘုရှ်အား ၅၆ ရာခိုင်နှုန်း ထောက်ခံခဲ့ကြပြီး ဒူကားကစ်အား ၎၄ ရာခိုင်နှုန်းသာ ထောက်ခံသည်။ ဘုရှ်သည် ကော်လာပြာ အလုပ်သမားများ၏ ထောက်ခံမဲ ၎၆ ရာခိုင်နှုန်းကို ရရှိခဲ့ရာ ၁၉၈၀ ပြည့်နှစ်က ရော်နယ်ရေဂင် ရရှိခဲ့သော မဲ (၎၈ ရာခိုင်နှုန်း) နှင့် မတိမ်းမယိမ်း ရှိသည်။ ၁၉၇၆ ခုနှစ်က ဂျယ်ရယ်ဖို့ ရရှိခဲ့သည့်မဲ (၎၁ ရာခိုင်နှုန်း) ထက် သာလွန်သည်။ ဒုတိယသမ္မတ မာတင်ဗန်ဗျူရင် (၁၇၈၂–၁၈၆၂) က သမ္မတ အင်ဒရူး ဂျက်ဆင် (၁၇၆၇ – ၁၈၄၅) ၏ တာဝန်ကို ဆက်ခံခွင့်ရရှိခဲ့သည့် ၁၈၃၆ ခုနှစ် နောက်ပိုင်းတွင် ဘုရှ်သည် ဒုတိယ သမ္မတအဖြစ်မှ သမ္မတအဖြစ်သို့ ပထမဦးဆုံး ရွေးချယ်တင်မြှောက်ခံရသောသူ ဖြစ်သည်။ ထို့ပြင် ၁၉၂၈ ခုနှစ် နောက်ပိုင်းတွင် သမ္မတ ရာထူးကို ရိပတ်ဗလစ်ကန်ပါတီအား သက်တမ်း သုံးဆက်တိုင်တိုင် ပထမဦးဆုံး အပ် နှင်း ခဲ့ ခြင်း ဖြစ်သည်။ လွှတ်တော် ရွေးကောက်ပွဲတွင်မူ ဒီမိုကရက်တစ်ပါတီက နေရာအများစုကို အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ရိပတ်ဗလစ်ကန်ပါတီသည် ၁၉၆၀ ပြည့်နှစ် နောက်ပိုင်းတွင် သမ္မတ ရာထူးကို ရရှိပါလျက် ကွန်ဂရက်လွှတ်တော်တွင် အရေးနိမ့်ရသည့် ဖြစ်ရပ်ကို ပထမဦးဆုံး ကြုံတွေ့ရခြင်းပင် ဖြစ်သည်။ အထက်လွှတ်တော်တွင် နေရာ ၁၀၀ ရှိသည့်အနက် ဒီမိုကရက်တို့က ၅၆ နေရာရရှိပြီး၊ အောက် လွှတ် တော် တွင် ၎၃၅ နေရာ ရှိသည့်အနက် ဒီမိုကရက်တို့က ၂၆၂ နေရာ ရရှိသည်။

ပါလက်စတိုင်း အမျိုးသားကောင်စီက ပါလက်စတိုင်းနိုင်ငံ ထူထောင်ကြောင်းကို ၁၉၈၈ ခုနှစ် နိုဝင်ဘာ ၁၅



ရက်နေ့တွင် ကြေညာခဲ့ပြီးနောက် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ၏ ဥက္ကဋ္ဌ အာရဖတ်သည် နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ချုပ်၌ မိန့်ခွန်းပြောကြားရေး ကိစ္စ ပေါ်ပေါက်လာသည်။ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံအစီအစဉ်၌ ပြောကြားရန် သတ်မှတ်ထားခဲ့သည်။ သို့ရာတွင် အာရဖတ်သည် အကြမ်းဖက် လုပ်ရပ်များတွင် တာဝန်မကင်းဟု အကြောင်းပြလျက် အမေရိကန်ပြည်ထောင်စုက ပြည်ဝင်ခွင့် ဗီဇာထုတ်ပေးရန် ငြင်းဆန်ခဲ့သည်။ ပါလက်စတိုင်း အမျိုးသားကောင်စီ၏ ကြေညာချက်သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၂၄၂ ကို လက်ခံသည့်အတွက် အစ္စရေးနိုင်ငံ တည်ရှိမှုကို သွယ်ဝိုက်လက်ခံရာရောက်သည့်ပြင် အကြမ်းဖက်မှုကို စွန့်လွှတ်ရာလည်း ရောက်သည်။ သို့ရာတွင် ကုလသမဂ္ဂ အထွေထွေညီလာခံက တိုက်တွန်းသည့်ကြားမှ အမေရိကန်ပြည်ထောင်စုက ၎င်း၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း မပြုခဲ့ချေ။ အမေရိကန်ပြည်ထောင်စု၏ ဆုံးဖြတ်ချက်သည် အမေရိကန်–ကုလသမဂ္ဂ သဘောတူစာချုပ် (၁၉၄၇) ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လိုက်ခြင်း ဖြစ်ကြောင်း၊ ယင်းစာချုပ်တွင် ကုလသမဂ္ဂက ဖိတ်ကြား ထားသူများအား အမေရိကန် ပြည်ထောင်စုက ပြည်ဝင်ခွင့် ဗီဇာထုတ်ပေးရမည်ဟု ဖော်ပြပါရှိကြောင်း ဖြင့် ကုလသမဂ္ဂ ဥပဒေအတိုင်ပင်ခံ ကားလ် ဩဂတ်စ် ဖလက်ရှာက ပြောကြားခဲ့သည်။ အာရဖတ် မိန့်ခွန်း ပြောကြားနိုင်ရန်အတွက် ကုလသမဂ္ဂညီလာခံကို ဂျီနီဗာ မြို့ရှိ ဥရောပဌာနချုပ်သို့ ပြောင်းရွှေ့ ကျင်းပခဲ့ရသည်။ စရိတ်ငွေ ဒေါ်လာ ၆,၄၅,၀၀၀ အကုန်အကျခံ၍ ပြောင်းရွှေ့ ကျင်းပခဲ့ရခြင်း ဖြစ်သည်။ ပီအယ်အိုအား လေ့လာသူ အဆင့်အတန်း သတ်မှတ်ပေးခဲ့သော ၁၉၇၄ ခုနှစ်ကမူ အာရဖတ်သည် အမေရိကန်ပြည်ထောင်စုသို့ ပြည်ဝင်ခွင့် ဗီဇာ ရရှိခဲ့သဖြင့် ကုလသမဂ္ဂသို့ တက်ရောက်မိန့်ခွန်း ပြောကြားခဲ့ဖူးသည်။ (ကုလသမဂ္ဂ —– ရှု။)

ဆိုဗီယက်ပြည်ထောင်စု၏ ရွှေပြောင်းချထားနိုင်သော ဒုံးကျည်များဖြစ်သည့် အက်စ်အက်စ် ၂၄ နှင့် အက်စ် အက်စ် ၂၅ တို့ကို တန်ပြန်ချေမှုန်းနိုင်ရန် ရည်ရွယ်သည့် စတဲ့လ်သ် အမျိုးအစား ဗုံးကြဲလေယာဉ် ၁၃၂ စင်း ထုတ်လုပ်ရေး အစီအစဉ်ကို အမေရိကန်ပြည် ထောင်စုက အကောင်အထည် ဖော်လျက်ရှိသည်။ ၁၉၈၈ ခုနှစ် နိုဝင်ဘာလတွင် ယင်းလေယာဉ် ပထမဦးဆုံးအကြိမ် ထုတ်ပြခဲ့သည်။ ရန်သူရေဒါစက်ကွင်းမှ ဖမ်းယူ၍ မရနိုင်အောင် ကွန်ပျူတာဒီဇိုင်းပညာဖြင့် ပုံစံထုတ်ထားသော လေယာဉ် ဖြစ်သည်။ အမြင့် ၂၇ ပေ၊ အလျား ၆၉ ပေနှင့် တောင်ပံအဖျားတစ်ဘက်နှင့် တစ်ဘက် အကွာအဝေး ၁၇၂ ပေ ရှိသည်။ ၁၉၄၀ ပြည့်လွန်နှစ်များအတွင်းက ဝိုင်ဘီ ၄၉ လေယာဉ်တောင်ပံဟု လူသိများသည့် နော့သရပ်ဗီဇိုင်း ပုံစံအနွယ် ဖြစ်သည်။ ဝိုင်ဘီ ၄၉ ပုံစံသည် ပင်လျင် ရေဒါနှင့် ထောက်လှမ်းရေး ခက်သည်ဟု ဆိုသည်။ ယင်း ဘီ – ၂ စတဲ့လ်သ် ဗုံးကြဲလေယာဉ်သည် ရေဒါမြင်ကွင်း၌ မပေါ်နိုင်သော သဘာဝစုပ်များဖြင့် တည်ဆောက်ထား သောကြောင့် ပို၍ပင် ထောက်လှမ်းရခက်မည်ဟု ဆိုသည်။ ဝန်ချိန် ၃၇ တန်သာဆွဲ၍ ဝန်ချိန် ၅၂ တန် ဆွဲသော ဘီ – ၅၂ ဗုံးကြဲလေယာဉ်ထက် ပို၍ ငယ်သည်။



ရန်သူရေဒါစက်ကွင်းမှ ဖမ်းယူ၍မရနိုင်အောင် ကွန်ပျူတာဒီဇိုင်းပညာဖြင့် ပုံစံထုတ်ထားသော စတဲလ်သ်အမျိုးအစား ဗုံးကြဲလေယာဉ်

အရေးပေါ်အခြေအနေတွင် ဘီ – ၅၂ ဗုံးကြဲလေယာဉ် ကဲ့သို့ ဘက်စုံသုံးနိုင်သောလေယာဉ် မဖြစ်နိုင်ဟု ဘီ – ၂ စတဲလ်သ် ဗုံးကြဲလေယာဉ်ကို ဝေဖန်ကြသည်။ ၁၃၂ စင်း အတွက် ၁၉၀၁ ခုနှစ်က ဒေါ်လာသန်း ၂၁,၉၀၀ ကုန်ကျမည်ဟု ခန့်မှန်းထားခဲ့ရာ ၁၉၈၈ ခုနှစ် ဒေါ်လာတန်ဖိုးအရ ဒေါ်လာသန်း ၅၇,၀၀၀ သို့ မြင့်တက်ခဲ့သည်။ တစ်စင်းလျှင် ဒေါ်လာ ၅၁၅ ဒသမ ၉ သန်း ကုန်ကျမည်ဖြစ်သော်လည်း ယင်းလေယာဉ်၏ စွမ်းပကားကို ဆိုဗီယက်တို့ သိရှိကြ၍ လေယာဉ်တည်ဆောက်ရကျိုးနပ်မည်ဟု အမေရိကန်လေတပ်က ယူဆထားသည်။

အရွှေတောင် အာရှ နိုင်ငံများအဖွဲ့ (အာဆီယင်)

။ ။ အရွှေတောင် အာရှ နိုင်ငံများအဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဗရူနိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ၁၉၀၁ ခုနှစ် အတွင်း ထင်ရှားသောဖြစ်ရပ်များ ရှိခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ

ဒေသဆိုင်ရာ ရွေးကောက်ပွဲ – ဖိလစ်ပိုင်နိုင်ငံတွင် ဒေသအာဏာပိုင်နေရာ ၁၆,၀၀၀ ကျော်အတွက် ရွေးကောက်ပွဲများကို ၁၉၀၀ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပသည်။ ဖိလစ်ပိုင်နိုင်ငံသမိုင်းတွင် ၁၆ နှစ်အတွင်း ပထမဆုံးအကြိမ် လွတ်လပ်စွာ ကျင်းပသော ဒေသဆိုင်ရာ ရွေးကောက်ပွဲဖြစ်သည်။ အာဏာရ ညွှန့်ပေါင်းအစိုးရက ထောက်ခံသော ကိုယ်စားလှယ်လောင်းများသည် မြို့ကြီး ၅၅ မြို့နှင့် မြို့ငယ် ၁,၅၃၂ မြို့အပါအဝင် ပြည်နယ် ၆၂ ခု တွင် အောင်မြင်မှုရသည်။ သမ္မတ မစွက်အာကီနို၏ ဆွေမျိုးများနှင့် ရင်းနှီးသော မိတ်ဆွေများ အပါအဝင် ကိုယ်စားလှယ်လောင်း အချို့သည် အရေးနိမ့်ခဲ့သည်ဟုဆိုသည်။ လုံခြုံရေးအခြေအနေကြောင့် ဆမာလေတဲကျန်းနှင့် မင်ဒါနောက် ကျန်းများပေါ်ရှိ ပြည်နယ် ၁၁ ခုတွင် ရွေးကောက်ပွဲများကို ရွှေဆိုင်းခဲ့ရသည်။ ရွေးကောက်ပွဲ မတိုင်မီနှင့် မဲပေးသော နေ့တို့တွင် ရွေးကောက်ပွဲနှင့် ပတ်သက်သော အကြမ်းဖက်မှုကြောင့် ကိုယ်စားလှယ်လောင်း ၁၉ ဦး အပါအဝင် လူပေါင်း ၁၀၃ ဦး သေဆုံးခဲ့ရသည်။

ကာကွယ်ရေးဝန်ကြီးသစ် – ဗိုလ်ချုပ်ကြီး ရာဖယ် အီလေတိုသည် ကာကွယ်ရေးဝန်ကြီးအဖြစ်မှ ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် နုတ်ထွက်သည်။ ကွန် မြူ နစ်သောင်းကျန်းမှုကို ထိရောက်စွာ မနှိမ်နင်းနိုင်ခြင်း၊ ဖိလစ်ပိုင် တပ်မတော်အတွင်း ပြုပြင်ပြောင်းလဲမှုများ မျော်မှန်းသလောက် ခရီးမပေါက်ခြင်း၊ ဖိလစ်ပိုင်တပ်မတော်အတွင်းများကို လက်ထက်က စစ်ဦးစီးချုပ်ဖြစ်ခဲ့သူ ဗိုလ်ချုပ်ကြီး ဗားဇ်၏ သြဇာအရှိန်အဝါ ခိုင်မြဲနေခြင်းတို့နှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီး အီလေတိုက ဝေဖန်ပြစ်တင်ခဲ့သည်။ သမ္မတ မစွက်အာကီနိုက ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ်ကြီး ဖီဒယ်ရာမို့စ်ကို ခန့်အပ်ခဲ့သည်။

မစွက်အာကီနိုအစိုးရ၏ ဆောင်ရွက်မှု – မစွက်အာကီနို ၁၉၀၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပြီးနောက် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ပြဋ္ဌာန်းခြင်း၊ မားကို့၏ ဟန်ပြ အမျိုးသားလွှတ်တော်ကို အစားထိုးရန် လွှတ်တော်သစ်တစ်ရပ်ကို



ဖိလစ်ပိုင်နိုင်ငံ စစ်တက္ကသိုလ်သင်တန်းဆင်းပွဲသို့ တက်ရောက်လာသော သမ္မတ မစွက် ကိုရင့်ဇန် အကီနို

အများဆန္ဒဖြင့်ရွေးကောက်တင်မြှောက်ခြင်း၊ ဒေသဆိုင်ရာ ရွေးကောက်ပွဲများကို လွတ်လပ်စွာ ကျင်းပခြင်း စသည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။ ဒေါ်လာသန်း ၂၀,၀၀၀ တင်ရှိနေသောကြွေးမြီပြဿနာနှင့် စပ်လျဉ်း၍ အနောက်နိုင်ငံ ၁၄ နိုင်ငံ ပါဝင်သည့် ပါရီကလပ်အဖွဲ့နှင့် ၁၉၈၇ ခုနှစ်တွင် ညှိနှိုင်းခဲ့ရာ ကြွေးမြီအတွက် အတိုး ၇၀ ရာခိုင်နှုန်း အပါအဝင် အမေရိကန် ဒေါ်လာသန်းပေါင်း ၈၇၀ ကို ၁၉၈၇ ခုနှစ် ဇန်နဝါရီလမှ ၁၉၈၈ ခုနှစ် ဇွန်လအတွင်း ပေးဆပ်ရမည့်အစား ငါးနှစ်ကြာ ရွှေဆိုင်းပြီး ၁၉၉၃ ခုနှစ် ပြီလတွင်မှ ပြန်လည် ပေးဆပ်ရန် သဘောတူခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် အမျိုးသား အသားတင် ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်းသည် ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ၁၉၈၈ ခုနှစ် ပထမ သုံးလပိုင်းတွင် နှစ်စဉ် စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းသည် ၇ ဒသမ ၆ ရာခိုင်နှုန်းသို့ မြင့်တက်လာသည်။ သို့ရာတွင် နိုင်ငံလူဦးရေ ၅၉ သန်း၏ ၇၀ ရာခိုင်နှုန်းသည် ဆင်းရဲမှုဒဏ်ခံနေကြရဆဲ ဖြစ်သည်။ နှစ်ပေါင်း ၂၀ ခန့် ကြာညောင်းခဲ့ပြီဖြစ်သော ကွန်မြူနစ်သောင်းကျန်းမှုကို ချေမှုန်းရာတွင် တိုးတက်မှု ရရှိနေသည်။ ၁၉၈၈ ခုနှစ် ပြီလတွင် ဖိလစ်ပိုင် ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင် အဖွဲ့အစည်းဖြစ်သော ပြည်သူ့တပ်မတော်သစ် (အင်ပီအေ) ခေါင်းဆောင်ခုနစ်ဦးကို အစိုးရ လုံခြုံရေး တပ်ဖွဲ့ဝင်များက အရေးကြီးသော စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးရမိသည်။

လယ်ယာမြေ ပြုပြင်ပြောင်းလဲရေး – ဖိလစ်ပိုင်လွတ်တော်သည် လယ်ယာမြေ ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အကောင်အထည်ဖော်ရေး ဥပဒေကြမ်းကို ၁၉၈၈ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် အတည်ပြုပေးသည်။ ယင်းဥပဒေအရ လယ်ယာမြေ ဟက်တာ ၅ ဒသမ ၀ သန်းခန့်ကို ၁၁ နှစ်တာ ကာလအတွင်း လယ်သမား ၃ ဒသမ ၂ သန်းအား ခွဲဝေပေးမည်ဖြစ်သည်။ အမျိုးသား ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းက လောလောဆယ်အားဖြင့် နိုင်ငံတကာတွင် စီးပွားရေး လုပ်ငန်းများ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီကြီးများအား အငှားချထားသော လယ်မြေ ဟက်တာပေါင်း ၂၆,၀၀၀ ကို ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် နောက်ဆုံးထား၍ လယ်ယာလုပ်သား သမဝါယမများသို့ လွှဲပြောင်းပေးမည် ဖြစ်သည်။

ထိုင်းနိုင်ငံ

မူပိုင်ခွင့် ဥပဒေ – ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်သည် အမေရိကန်ပြည်ထောင်စု၏ အနုပညာနှင့် စာပေမူပိုင်ခွင့်များကို ကာကွယ်သော ဥပဒေတစ်ရပ်ကို ၁၉၈၈ ခုနှစ် ပြီလ ၂၈ ရက်နေ့တွင် အတည်ပြုလိုက်သည်။ ကွန်ပျူတာအတွင်းသားပစ္စည်းများအထိ ကာကွယ်မှုပေးသင့် မပေးသင့်ကိုမူ တရားရုံးများက ဆုံးဖြတ်ရန် ဖြစ်သည်။ ယင်းဥပဒေကို အောက်လွှတ်တော်တွင် ထောက်ခံမဲ ၁၈၃ မဲ၊ ကန့်ကွက်မဲ ၁၃၄ မဲဖြင့် အတည်ပြုခဲ့သည်။ ယင်းဥပဒေ

အရ ထိုင်းနိုင်ငံသည် ၁၉၀၈ ခုနှစ် ဘန်းကွန်ဗင်းရှင်းတွင် ပါဝင်သော နိုင်ငံပေါင်း ၇၅ နိုင်ငံကို အကာအကွယ်ပေး သကဲ့သို့ အမေရိကန်ပြည်ထောင်စုကိုလည်း အကာအကွယ် ပေးသွားရမည် ဖြစ်သည်။ တေးဂီတနှင့် ဗွီဒီယို ကက်ဆက်ခွေများ အပါအဝင် အမေရိကန် ကုန်ပစ္စည်း အများအပြားကို ထိုင်းနိုင်ငံတွင် တရားမဝင် မူပွားရိုက်ပြောင်ပြောင်တင်းတင်း ရောင်းချနေသော ကြောင့် မူပိုင်ခွင့်ပြဿနာသည် အမေရိကန်–ထိုင်း ဆက်ဆံရေးတွင် အဓိက ပြဿနာ ဖြစ်နေခဲ့သည်။

ပါလီမန်ရွေးကောက်ပွဲ – ယင်းမူပိုင်ခွင့် ဥပဒေကို အတိုက်အခံပါတီများကလည်းကောင်း၊ ထိုင်း ညွှန့်ပေါင်းအစိုးရ၏ အဓိကပါတီကြီးဖြစ်သာ ဒီမိုကရက်တစ်ပါတီမှ ခဲ့ထွက်ခဲ့သည့် ဇန်နဝါရီလ ၁၀ ရက်နေ့ အုပ်စုက လည်းကောင်း ဆန့်ကျင်ခဲ့ကြသည်။ သို့ဖြစ်၍ ၁၉၇၈ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် ဒီမိုကရက် ပါတီဝင် ဝန်ကြီး ၁၆ ဦးသည် နုတ်ထွက်လွှတ်တင်သွင်းခဲ့ကြသည်။ ယင်းဥပဒေကိုဆန့်ကျင်မဲမပေးကြရန် ပါတီမှခဲ့ထွက်သူအုပ်စုအား မဟန့်တားနိုင်ခဲ့သဖြင့် ထိုသို့ နုတ်ထွက်လွှတ်တင်သွင်းခြင်း ဖြစ်သည်။ ထိုအခါ ဝန်ကြီးချုပ် ပရမ်တင်ဆူလာနွန်ဒါသည် ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။ အထွေထွေရွေးကောက်ပွဲကို ၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ခဲ့သည်။ ထိုင်းနိုင်ငံ၏ သက်တမ်းအရှည်ကြာဆုံး ဝန်ကြီးချုပ် ပရမ်တင်ဆူလာနွန်ဒါသည် ၁၉၇၀ပြည့်နှစ်တွင် ဝန်ကြီးချုပ်တာဝန်ကို စတင် ထမ်း ဆောင် လာ ခဲ့ ရာ တွင် အစိုးရအဖွဲ့ ငါးဖွဲ့ကို ဦးဆောင်ခဲ့သည်။ ၁၉၇၆ ခုနှစ်က အစိုးရထောက်ခံသော ဥပဒေကြမ်းတစ်ရပ် အရေးနိမ့်ခဲ့၍ ပါလီမန်ကို ဖျက်သိမ်းကာအထွေထွေရွေးကောက်ပွဲကျင်းပခဲ့ရသည်။ (စွယ်စုံ နှစ်ချုပ် ၁၉၇၇–စာ၊ ၁၀၅—ရှ။)

၁၉၇၈ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပရာ ပရမ်တင်ဆူလာနွန်ဒါ၏ အာဏာရညွှန့်ပေါင်းအဖွဲ့ဝင်အဓိကပါတီကြီးလေးခုသည် ပါလီမန်တွင် ၃၅၀ နေရာရှိသည့်အနက် အများစု ၂၁၅ နေရာကို အနိုင်ရရှိသည်။ သို့ရာတွင် ပရမ်တင်ဆူလာနွန်ဒါက ဝန်ကြီးချုပ်တာဝန် ဆက်လက်ထမ်းဆောင်ရန် ညွှန့်ပေါင်းအဖွဲ့၏ ကမ်းလှမ်းချက်ကို လက်မခံခဲ့ချေ။ ထို့ကြောင့် ဒုတိယ ဝန်ကြီးချုပ် ချတ်ချိုင်း ခွန်ဟာဗန်ကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်သည်။ အငြိမ်းစားဗိုလ်ချုပ်ချတ်ချိုင်း ခွန်ဟာဗန်၏ အမျိုးသား ပါတီသည် ၈၇ နေရာကို အနိုင်ရရှိရာ ရွေးကောက်ပွဲတွင် တစ်ပါတီချင်းအလိုက် နေရာအများဆုံးရရှိခဲ့ခြင်း ဖြစ်ပေသည်။ အလယ်အလတ် ဝါဒီ ဆိုရှယ်အက်ရှင်ပါတီ (၅၄နေရာ)၊ ဒီမိုကရက် ပါတီ (၄၈နေရာ)၊ တပ်မတော်ကို လိုလားသော ရာဆာဒွန် ပါတီ (၂၁နေရာ) နှင့် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (ၫးနေရာ)တို့၏ထောက်ခံမှုကို ရရှိသည်။ ခွန်ဟာဗန်သည် ၁၂ နှစ်တာကာလအတွင်း ရွေးချယ် တင်မြှောက် ခံရသော ပါလီမန်အမတ်အဖြစ်မှ ဝန်ကြီးချုပ်အဖြစ် ပထမဦးဆုံး တာဝန်အပ်နှင်းခံရသူဖြစ်သည်။ ပရမ်တင်ဆူလာနွန်ဒါသည် ပါလီမန်အမတ်အဖြစ် ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်ခဲ့ခြင်းမရှိဘဲ ဝန်ကြီးချုပ်တာဝန်ကို အပ်နှင်းခံရသူဖြစ်သည်။ ၁၉၇၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ထိုင်းလက်နက်ကိုင်တပ်ဖွဲ့ သေနာပတိဟောင်း ဗိုလ်ချုပ်ကြီး အားသစ်ကမ်လန်အိုက်၏ ပူအန်ချွန် ချိုထိုင်းပါတီ ၁၇ နေရာအနိုင်ရရှိခဲ့ခြင်းသည် ထူးခြားသည်။ ဗန်ကောက် အုပ်ချုပ်ရေးမှူး ဗိုလ်ချုပ် ချမ်လောင် သီရိမွန်၏ ပါလံခမ္မ (သုစရိုက် အင်အား) ပါတီသည် ဗန်ကောက်မြို့တော်ရှိ ၁၀ နေရာအပါအဝင် စုစုပေါင်း ၁၄ နေရာကို ရရှိခြင်းသည်လည်း ထူးခြားသည်။ ချမ်လောင်သည် ယင်းပါတီကို လွန်ခဲ့သော နှစ်လကမှ ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားခြင်းနှင့် မဲဝယ်ခြင်းတို့ကို ဆန့်ကျင်၍ မဲဆွယ်လှုပ်ရှားခဲ့သည်။

ထိုင်း–လော ဆက်ဆံရေး – လောနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသော ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ဖစ်စနုလောဂ်ပြည်နယ် ချတ္တာရကန်ခရိုင်အနီးတွင် တောင်ကုန်းတစ်လုံးကို ထိန်းချုပ်နိုင်ရေးအတွက် ထိုင်းနိုင်ငံနှင့် လောနိုင်ငံ တပ်ဖွဲ့ဝင်များ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလမှစ၍ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြန်သည်။ ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင်ထိုင်းနိုင်ငံက ထုတ်ပြန်သောသတင်းကြေညာချက်အရ ထိုင်းစစ်သည် ၁၄၇ ယောက်နှင့် လောတပ်ဖွဲ့ဝင် ၄၀၂ ဦး ကျဆုံးခဲ့သည်ဟု ဆိုသည်။ ၁၉၇၅ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ကာလအတွင်း လောနိုင်ငံမှ ထွက်ပြေးလာသူများကို တင်ဆောင်၍ နယ်စပ်ကို ဖြတ်ကျော် ပျံသန်းခဲ့သည့် လေယာဉ်ပျံများနှင့် ရဟတ်ယာဉ်ရှစ်စင်းကို ထိုင်းအစိုးရသည် လောနိုင်ငံအား ပြန်လည်ပေးအပ်ပြီးပြီဖြစ်ကြောင်း ထိုင်းရေဒီယိုအသံလွှင့်ဌာနက ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကြေညာသည်။

ထိုင်းနိုင်ငံနှင့် လောနိုင်ငံတို့သည် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချုပ်ဆိုသည်။ တိုက်ပွဲများ အတွင်း ဖမ်းဆီးခံရသော ထိုင်း စစ်သုံပန်းများကို ပြန်လည် လွှဲပြောင်းပေးရန်နှင့် နယ်နိမိတ် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးနေစဉ် လောနိုင်ငံအား စားနပ်ရိက္ခာထောက်ပံ့ရန် ထိုင်းနိုင်ငံနှင့် လောနိုင်ငံတို့ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် သဘောတူညီမှု ရရှိသည်။ ထိုင်းနိုင်ငံနှင့် လောနိုင်ငံတို့သည် အကျယ်အဝန်း ၈၀ စတုရန်း ကီလိုမီတာရှိ တောင်ကုန်းထူထပ်သော

နယ်မြေအတွက် အငြင်းပွားခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးဖြစ်ပွားခဲ့သော စစ်ပွဲသည် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးဖြစ်သည်။ ၁၉၀၇ ခုနှစ် ပြင်သစ်–ထိုင်းနယ်နိမိတ်စာချုပ်ကို ကိုးကား၍ ရေဆွဲထားသော အငြင်းပွားဖွယ်မြေပုံများကို အခြေခံကာ နယ်မြေ တောင်းဆိုနေကြခြင်းဖြစ်သည်။ ယင်းနယ်နိမိတ် အငြင်းပွားမှုကို ၁၉၆၄ ခုနှစ်မှစ၍ ညှိနှိုင်းလာခဲ့ခြင်းဖြစ်သည်။

ကွန်မြူနစ် လောနိုင်ငံသည် ပျော့ပျောင်းသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းတစ်ရပ်ကို ၁၉၈၈ ခုနှစ် ဇူလိုင်လတွင် ကြေညာခဲ့ပြီးနောက် ထိုင်းကုမ္ပဏီတစ်ခုက ဗီယင်ကျန်းမြို့တော်တွင် ပူးတွဲရင်းနှီးမြှုပ်နှံမှု စီမံကိန်းလုပ်ငန်းကြီးတစ်ရပ်တွင် ပထမဦးဆုံး ဝင်ရောက်ခဲ့ကြောင်းဖြင့် စက်တင်ဘာလ ၅ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ ကုန်ကျစရိတ် စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းကို ထိုင်းဘက်က ဖြည့်ဆည်းသည်။ အဝတ်အထည်စက်ရုံ တစ်ရုံတည်ဆောက်ရေး စီမံကိန်းဖြစ်၍ ဒေါ်လာ ၁၀ သန်း ကုန်ကျမည် ဆိုသည်။ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် သစ်ချုတ်ချိုင်းသည် ၁၉၈၈ ခုနှစ် ဩဂုတ်လမှစ၍ ဗီယက်နမ်နှင့် ကမ်ပူးချားတို့ အပါအဝင် အင်ဒိုချိုင်းနား ကွန်မြူနစ် နိုင်ငံများနှင့် ကုန်သွယ်ရေး မြှင့်တင်ရန် ဆောင်ရွက်ခဲ့သည်။ ထိုင်းအစိုးရသစ်၏ ကြေးကြော်သံများတွင် စစ်မြေပြင်များကို စျေးကွက်များအဖြစ်သို့ ပြောင်းလဲပစ်ရေး ကြွေးကြော်သံလည်းပါဝင်သည်။ ယင်းကြွေးကြော်သံအရ ဝန်ကြီးချုပ် ချတ်ချိုင်းသည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့နှင့် ၂၅ ရက်နေ့တို့တွင် လောနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့သည်။ ထိုင်းဝန်ကြီးချုပ်တစ်ဦးအနေဖြင့် ၁၉၇၉ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ် သွားရောက်ခြင်း ဖြစ်သည်။ ယင်းခရီးစဉ်တွင် ဝန်ကြီးချုပ် ချတ်ချိုင်းသည် လောနိုင်ငံ ဝန်ကြီးချုပ် ကေဆွန် ဖွန်ဗီဟိန်းနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ

အာဏာရရှိခဲ့သည်မှာ ၂၂ နှစ်ကြာပြီဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ သမ္မတ ဆူဟာတိုကို ပြည်သူအတိုင်ပင်ခံလွှတ်တော်က ၁၉၈၈ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ပဋိဉာဉ်းနှစ်သက်တမ်းအတွက် သမ္မတအဖြစ် တညီတညွတ်တည်း ပြန်လည်ရွေးချယ်တင်မြှောက်သည်။ ပြည်သူအတိုင်ပင်ခံလွှတ်တော်သည် သမ္မတနှင့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ရန်နှင့် နိုင်ငံတော် မူဝါဒများအတွက် လမ်းညွှန်မှုအသစ်များကို ထုတ်ပြန်ရန် ဉာဏ်နှစ် ပြည့် တိုင်း တွေ့ ဆုံဆွေးနွေးလေ့ရှိသည်။ နိုင်ငံ၏မူဝါဒများ ချမှတ်ရေးတွင် အဆင့်အမြင့်ဆုံးအဖွဲ့ဖြစ်ပြီးပါလီမန်အမတ်ဦးရေ ၅၀၀ နှင့် ပြည်နယ်နှင့်ခရိုင် အဆင့်အရာရှိ ၅၀၀ တို့ပေါင်း၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ လွှတ်တော်တွင် အာဏာရ ဂိုလ်ကာပါတီ၊ အစိုးရကရွေးချယ်ခန့်ထားသော စစ်ဘက်အုပ်စု၊ အစိုးရက ရွေးချယ် ခန့်ထားသော ပြည်နယ်အုပ်စု၊ အတိုက်အခံ မူဆလင်ညီညွတ်ရေးဖွံ့ဖြိုးမှုပါတီ (ပီပီပီ) နှင့် အမျိုးသား ခရစ်ယာန် အင်ဒိုနီးရှား ဒီမိုကရက်တစ်ပါတီ စသည့်အုပ်စုငါးစုပါဝင်သည်။ ဂိုလ်ကာပါတီသည် အမတ် ၅၄၈ နေရာရရှိထားသည့်အပြင် စစ်ဘက်၏ ၁၅၁ နေရာနှင့် ပြည်နယ်အုပ်စု၏ ၁၄၇ နေရာတို့တွင်လည်း ဂိုလ်ကာပါတီဝင်များ ပါဝင်သည်။ မူဆလင်ပါတီသည် အမတ်နေရာ ၉၃ နေရာနှင့် ဒီမိုကရက်ပါတီသည် ၆၁ နေရာ အသီးသီး ရရှိထားသည်။

ဒုတိယသမ္မတအဖြစ် ဆူဒါမိုနိုကို ရွေးချယ်တင်မြှောက်သည်။ ပီပီပီပါတီသည် ဆူဒါမိုနိုနှင့် ယှဉ်ပြိုင်ရန် သမ္မတလောင်းအဖြစ် ပါတီဥက္ကဋ္ဌ ဂျေလာနီ နာရိုကို လျာထား



ပဋိဉာဉ်းနှစ်သက်တမ်းအတွက် အင်ဒိုနီးရှားနိုင်ငံသမ္မတအဖြစ် ရွေး ချယ် တင် မြှောက် ခံ ရ သော ဆူဟာတို ကျမ်းသစ္စာ ကျိန်ဆိုနေစဉ်

ခဲ့ပြီးမှ ရွေးချယ်တင်မြှောက်ပွဲမတိုင်မီ ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ ဆူဒါမိုနိုသည် ကိုလကာပါတီ ဥက္ကဋ္ဌသက်တမ်း ဆယ်နှစ်ရှိပြီဖြစ်သည်။ ဆူဒါမိုနိုအား ဒုတိယသမ္မတအဖြစ် တာဝန်ပေးခြင်းကြောင့် အင်ဒိုနီးရှားစစ်တပ်အတွင်း လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့သည်။ စစ်တပ်အတွင်း အများအပြားက ဆူဒါမိုနိုအား လက်ဝဲယိမ်းသူအဖြစ်ယူဆခဲ့သည်။ ဆူဒါမိုနိုကမူ လက်ဝဲလူငယ်အုပ်စုတစ်စုနှင့်လည်းကောင်း၊ ၁၉၄၈ ခုနှစ် ကွန်မြူနစ်အာဏာသိမ်းရန် ကြံစည်မှုနှင့် လည်းကောင်း မပတ်သက်ကြောင်းဖြင့် ငြင်းဆိုခဲ့သည်။

ကွန်မြူနစ်ဝါဒနှင့် လစ်ဗရယ်ဝါဒတို့သည် အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသား ဓလေ့စရိုက်နှင့် အသွင်မတူသော နိုင်ငံရေးဝါဒများဖြစ်ကြောင်း၊ အင်ဒိုနီးရှား၏ နိုင်ငံရေးလမ်းကြောင်းတွင် အပြောင်းအလဲ တစ်စုံတစ်ရာ ရှိမည်မဟုတ်ကြောင်းဖြင့် သမ္မတ ဆူဟာတိုက ၁၉၆၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ကြေညာသည်။ ကွန်မြူနစ်များ အာဏာယူရန် ၁၉၆၅ ခုနှစ်က ကြိုးပမ်းခဲ့ရာ လူပေါင်း ငါးသိန်းအထိ အစုအပြုံလိုက် သတ်ဖြတ်မှုကြီးဖြစ်ပေါ်ခဲ့ပြီးနောက် ဆူဟာတို့ အာဏာရလာချိန်မှစ၍ အင်ဒိုနီးရှားနိုင်ငံတွင် ကွန်မြူနစ်ဝါဒကို ပိတ်ပင်တားမြစ်ထားခဲ့သည်။ အဆိုပါ အာဏာသိမ်းရန် ကြိုးပမ်းမှုမတိုင်မီက အင်ဒိုနီးရှား ကွန်မြူနစ်ပါတီသည် ကမ္ဘာပေါ်တွင် တတိယမြောက် အင်အား အကြီးဆုံး ကွန်မြူနစ်ပါတီဖြစ်ခဲ့သည်။ ကိုလကာပါတီသည်သာ အင်ဒိုနီးရှား ပြည်သူတို့၏ နိုင်ငံရေး အာသီသများကို အကောင်းဆုံး ဖော်ပြပေးနိုင်သည်ဟု ဆူဟာတိုက ပြောကြားလေ့ ရှိသည်။ ယခုအခါ ကိုလကာပါတီသည် ပါတီဝင် ၂၅ သန်း ခန့် ရှိပြီး အင်ဒိုနီးရှားနိုင်ငံ၏ အင်အားအကြီးဆုံး ပါတီဖြစ်သည်။

ဗရူနိုင်းနိုင်ငံ

ဗရူနိုင်းနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုမှ ဝင်ငွေပမာဏသည် လွန်ခဲ့သော ငါးနှစ်အတွင်း နှစ်ဆ တိုးတက်လာကြောင်းဖြင့် စော်ဘွားဆာမူဒါဟက်စနယ် ဘိုကီးယားက ၁၉၈၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ကြေညာခဲ့သည်။ ရေနံမှ အခွန်ဝင်ငွေလျော့နည်း ကျဆင်းခဲ့ရသော်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုမှရသောဝင်ငွေသည် ဗရူနိုင်း နိုင်ငံ၏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁,၅၀၀ ကုန်ကျခံမည့် ဖွံ့ဖြိုးရေး စီမံကိန်းကို အထောက်အကူပြုသည်ဟု ဆိုသည်။ နိုင်ငံပိုင် ဗရူနိုင်းရင်းနှီးမြှုပ်နှံမှု အေဂျင်စီ(ဘီအိုင်အေ)က ကိုင်တွယ်ဆားသော ဗရူနိုင်းနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှု ပမာဏကိုမူ လျှို့ဝှက် ထားရှိသည်။ ဗရူနိုင်းနိုင်ငံ၏ ပြည်ပ အရန်ငွေပမာဏသည် ဒေါ်လာ သန်းပေါင်း ၂၀,၀၀၀ ဝန်းကျင်ရှိသည်ဟု ခန့်မှန်းထားသည်။ ယင်းအရန်ငွေကို ရင်းနှီးမြှုပ်နှံ၍ ရရှိသော ဝင်ငွေတစ်ခုတည်းနှင့်ပင် ဗရူနိုင်းနိုင်ငံ၏သွင်းကုန်များနှင့် နိုင်ငံခြားငွေ လိုအပ်ချက်အဝဝကို ဖြည့်ဆည်းနိုင်သည်ဟု ဆိုသည်။

စင်ကာပူနိုင်ငံ

ရွေးကောက်ပွဲ – စင်ကာပူနိုင်ငံတွင် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့က အထွေထွေရွေးကောက်ပွဲကျင်းပရန် ဝန်ကြီးချုပ် လီကွမ်းယူ၏ ပြည်သူ့လှုပ်ရှားမှုပါတီ (ပီအေပီ) သည်အပြတ်အသတ်အနိုင်ရရှိသည်။ မဲဆန္ဒနယ်၇၀တွင် ပီအေပီပါတီက ၆၉ နေရာတွင် အနိုင်ရရှိသည်။ စင်ကာပူလွှတ်တော်တွင် အမတ်နေရာ ၈၁ နေရာ ရှိသည့်အနက် ၁၁ နေရာတွင် မည်သည့်အတိုက်အခံပါတီကမျှ ယှဉ်ပြိုင်ခြင်း မရှိသည့်အတွက် ရွေးကောက်ပွဲ မကျင်းပမီကပင် ပီအေပီပါတီက အနိုင်ရရှိသည်။ သို့ရာတွင် ဆောက်ခံမဲသည် ၁၉၈၄ ခုနှစ်က ၇၅ ရာခိုင်နှုန်း ရရှိခဲ့ရာမှ ၁၉၈၈ ခုနှစ်တွင် ၆၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ လီကွမ်းယူသည် ဝန်ကြီးချုပ်အဖြစ် အဋ္ဌမအကြိမ်မြောက်သက်တမ်းအတွက် ဆက်လက် တာဝန် ထမ်းဆောင်ခွင့် ရရှိသည်။

ဝန်ကြီးချုပ် လီကွမ်းယူသည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် အစိုးရအဖွဲ့သစ်ကို ကြေညာရာ ယခင် ဝန်ကြီးဟောင်း အများအပြား ဆက်လက် ပါရှိခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ယခင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဝေါင်ကန်ဆင်းကို ခန့်အပ်သည်။ ယခင် နိုင်ငံခြားရေးဝန်ကြီး ဒါနာဘလန်သည် အမျိုးသားဖွံ့ဖြိုးရေးဝန်ကြီး အဖြစ် ဆက်လက်ဘာဝန် ထမ်းဆောင်သည်။ လီကွမ်းယူ၏ သားဖြစ်သူ လီရှင်လွန်းသည် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဖြစ်သည်။ စင်ကာပူနိုင်ငံ၏ အနာဂတ်အရေးကိစ္စများကို လူငယ်မျိုးဆက်သစ်များက တာဝန်ယူ အုပ်ချုပ်သွားမည်ဟု ပထမ ဒုတိယ ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဂိုချုပ်တောင်က ပြောကြားသည်။

ကုန်သွယ်ရေး – စင်ကာပူနိုင်ငံ၏ ၁၉၈၈ ခုနှစ် ပထမခြောက်လ ကုန်သွယ်မှုပမာဏသည် ၁၉၈၇ ခုနှစ် ပထမခြောက်လ ပမာဏထက် ၃၃ ဒသမ ၅ ရာခိုင်နှုန်းတိုးကာ စင်ကာပူဒေါ်လာ သန်းပေါင်း ၇၇,၄၅၀ (အမေရိကန်ဒေါ်လာ ၃၇,၈၀၀) ထိရှိလာကြောင်းဖြင့် အစိုးရ ကြီးမှူးဆောင်ရွက်သည့် ကုန်သွယ်ရေး ဖွံ့ဖြိုးမှုအဖွဲ့ (တီဒီဘီ)က ကြေညာခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် စင်ကာပူ နိုင်ငံ၏ ရေနံစိမ်း တင်သွင်းမှုနှင့် ရေနံထွက် ကုန်ချောပစ္စည်းများ ထုတ်လုပ်မှုသည် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၁,၃၀၀ ဖိုးရှိသည်။ စင်ကာပူနိုင်ငံ၏ ရေနံချက်စက်ရုံ ငါးရုံသည် နေ့စဉ် ရေနံစိမ်းစည်ပေါင်း ၇,၅၀,၀၀၀ မှ ၈၀,၀၀,၀၀၀ ကြား ချက်လုပ်ကာ ကုန်ချောအဖြစ် ထုတ် လုပ် လျက် ရှိသည်။ ရေနံချက်လုပ်ရန်နှင့် သို လှောင် ထား ရှိ ရန် ၁၉၈၇–၈၈ ဘဏ္ဍာရေးနှစ်အတွင်း တစ်နေ့လျှင် ရေနံစိမ်း စည်ပေါင်း တစ်သန်းနီးပါး တင်သွင်းခဲ့ရသည်။ စင်ကာပူ ရေနံထွက်ပစ္စည်းများအတွက် အဓိက ဈေးကွက်များမှာ ထိုင်း၊ ဟောင်ကောင်၊ ဂျပန်နှင့် ဩစတြေးလျတို့ ဖြစ်ပြီး ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံများ၏လိုအပ်ချက် အနည်းငယ်ကိုလည်း စင်ကာပူနိုင်ငံ၏ ရေနံချက်စက်ရုံများက ဖြည့်ဆည်းပေးခဲ့ရသည်။ ၁၉၈၇ ခုနှစ်အတွင်း စင်ကာပူနိုင်ငံ၏ ပို့ကုန်ဈေးကွက် အများစုတွင် ကိုယ်ကျိုး စီးပွား ကာကွယ်ရေး၀ါဒ ကျင့်သုံးရေး သဘောထားများ တိုးတက် ခိုင်မာနေဆဲဖြစ်ကြောင်း ကုန်သွယ်မှု ဖွံ့ဖြိုးရေးဘုတ်အဖွဲ့၏ အစီရင်ခံစာ၌ ဖော်ပြသည်။

အမေရိကန်ပြည်တောင်စု၊ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့နှင့် ဥရောပဘုံဈေးအဖွဲ့တို့သည် စင်ကာပူ၏ အဓိကဈေးကွက်များအဖြစ်တည်ရှိနေပြီး စင်ကာပူနိုင်ငံ၏ စုစုပေါင်းပို့ကုန် ၆၆ ဒသမ ၇ ရာခိုင်နှုန်းကို ဝယ်ယူလျက် ရှိသည်။

မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံ ဝန်ကြီးချုပ် မဟာသီယာ မိုဟာမက်သည် ညီညွတ်သော မလေးအမျိုးသားအဖွဲ့ (ယူအမ်အင်အို) ဥက္ကဋ္ဌအဖြစ် တတိယ သုံးနှစ် သက်တမ်း အတွက် ၁၉၈၇ ခုနှစ် ဧပြီလတွင် ပြန်လည်ရွေးချယ် တင်မြှောက် ခံရသည်။ ၁,၄၇၉ မဲရှိသည့်အနက် ပြိုင်ဘက်ကို ၄၃ မဲမျှ သာ ကွာလျက် အနိုင်ရရှိခြင်း ဖြစ်သည်။ ထို့ကြောင့် အတိုက်အခံပြုသူ ထိပ်တန်းအရာရှိကြီးများကို ရာထူးမှ ထုတ်ပယ်သည်။ စက်မှုနှင့် ကုန်သွယ်ရေး၀န်ကြီး တွန်ကူ ရာဇာလေး ဟမ်ဇားသည် ပါတီမှ နုတ်ထွက်သည်။ ယူအမ်အင်အိုမှ ခွဲထွက်သော အုပ်စုသည် မဟာသီယာ အာဏာမရမီက ၀န်ကြီးချုပ်ဟောင်း သုံးဦး၏ ထောက်ခံမှုကိုလည်းကောင်း၊ လူငယ်ပိုင်းပါတီ၀င်များ၏ထောက်ခံမှုကိုလည်းကောင်း ရရှိသည်ဟု ဆိုသည်။ ယူအမ်အင်အို ဥက္ကဋ္ဌ ရွေးကောက်ပွဲတွင် မှတ်ပုံတင်မထားသော ပါတီခွဲ များမှ ၄၅ မဲထက်မနည်း ပါ၀င်ခဲ့သည်ဟု ယင်းခွဲထွက် အုပ်စုက စွပ်စွဲကာ ရွေးကောက်ပွဲ ရလဒ်ကို အတည်မပြု ရန် တရားရုံးသို့ တင်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဖေဖော်၀ါရီ လတွင် တရားရုံးက ယူအမ်အင်အိုသည် တရားဥပဒေကို ချိုးဖောက်သည်ဟု ဆုံးဖြတ်လိုက်သည်။ ယူအမ်အင်အို သည် တရားဥပဒေနှင့် မညီညွတ်တော့၍ ဖျက်သိမ်းရန် တရားသူကြီး ဟရွန် ဟာရွင်က ကြေညာလိုက်ရာ တစ်နိုင်ငံလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ရသည်။ မလေးရှားနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး ၃၁ နှစ်တာ ကာလပတ်လုံး နိုင်ငံရေးနယ်ပယ်တွင် ယူအမ်အင်အိုက လွှမ်းမိုး လာခဲ့သည် ဖြစ်၍ ယင်းပါတီ ဖျက်သိမ်းလိုက်ရခြင်းကို တအံ့တသြ ဖြစ်ခဲ့ကြရသည်။

မဟာသီယာသည် ၁၉၈၈ ခုနှစ် ဧပြီလတွင် ပါတီသစ်ကို မှတ်ပုံတင်ခွင့် ရရှိခဲ့သည်။ ယင်းပါတီကို ယူအမ်အင်အို ဘာရု (ယူအမ်အင်အို ပါတီသစ်)ဟု အမည်ပေးသည်။

၀န်ကြီးချုပ် မဟာသီယာ မိုဟာမက် ဦးဆောင်သော အစိုးရအဖွဲ့သည် ၁၉၈၇ ခုနှစ် နှောင်းပိုင်း၌ အတိုက်အခံခေါင်းဆောင်များ၊ ဘာသာရေးနှင့် နိုင်ငံရေးတွင် တက်ကြွစွာ လှုပ်ရှားသူများ စုစုပေါင်း ၁၀၀ ကျော်ကို ဖမ်းဆီးရန် အမိန့်ပေးခဲ့သည်။ မလေးရှားနိုင်ငံတွင် ဦးရေ ငါးသန်းခန့်ရှိသော တရုတ်အနွယ်များနှင့် နိုင်ငံ့ လူဦးရေ ၁၆ ဒသမ ၅ သန်း၏ ထက်၀က်ခန့်ရှိပြီး နိုင်ငံရေးအရ လွှမ်းမိုးထားသော မလေးလူမျိုးများအကြား တင်းမာမှု မြင့်မားလာစဉ် ပြည်တွင်း လုံခြုံရေး အက်ဥပဒေအရ အရေးယူ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ယင်းအဖမ်းခံ ခေါင်းဆောင်များအနက် ၎င်း ဦးထက်မနည်းကို ၁၉၈၈ ခုနှစ် ဇူလိုင်လအကုန်အထိ ထိန်းသိမ်းထားခဲ့သည်။ သတင်းစာသုံးစောင်ကို ပိတ်ခဲ့သည်။ လူမျိုးရေး ဆူပူအုံကြွမှု မဖြစ်စေရန် ကာကွယ်သည့်အနေဖြင့် နိုင်ငံရေးအရ စုဝေးခြင်းကို ပိတ်ပင်ထားခဲ့သည်။

ပါလီမန်တွင် ၁၇၇ နေရာရှိသည့်အနက် မဟာသီယာကို ထောက်ခံသူ ၁၅၁ ဦးရှိရာ တရားရုံးများသည် ပါလီမန်ကို နာခံရမည်ဟူသော ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်ကို ၁၉၈၈ ခုနှစ် မတ်လတွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။ မေလတွင် တရားရုံးချုပ် တရားသူကြီး ဆာလေအာဘတ်စ်က တရားရုံးချုပ်သည် မဟာသီယာနှင့် နိုင်ငံရေးအတိုက်အခံများ ပါ၀င်ပတ်သက်သော မှုခင်းတစ်ရပ်နှင့် စပ်လျဉ်းသည့် အယူခံလွှာတစ်စောင်ကို ကြားနာသင့်သည်ဟူ၍ ဆုံးဖြတ်သည်။ ဆာလေသည် အစိုးရကို ဆန့်ကျင်သော စိတ်ဖြင့် ဆန္ဒ၁၀တိ လိုက်စားခဲ့သည်ဟုဆိုကာ မလေးရှားဘုရင်မာမွတ် အစ္စကန္ဒာက ဆာလေကို ရာထူးမှ ဖယ်ရှားခဲ့သည်။ ယင်းကဲ့သို့ တရားသူကြီး တစ်ဦးကို အရေးယူခဲ့ခြင်းမျိုးသည် မလေးရှားနိုင်ငံ လွတ်လပ်ရေး ရရှိပြီး ၃၁ နှစ်တာ သမိုင်းတစ်လျှောက်တွင် ပထမဆုံး အကြိမ် ပေါ် ပေါက်ခဲ့ခြင်းဖြစ်သည်။


အာကာသသုတေသန။ ။၁၉၇၈ ခုနှစ် အတွင်းတွင် အာကာသ သုတေသနလုပ်ငန်းကို တစ်နိုင်ငံချင်းသာမက ပူးပေါင်း ဆောင်ရွက်ကြသည်ကိုလည်း တွေ့ရှိရသည်။

မီယာအာကာသစခန်းယာဉ် – ဆိုဗီယက်ပြည်ထောင်စုက လွတ်တင်ထားသော အာကာသစခန်းယာဉ် မီယာ (ငြိမ်းချမ်းရေး) ပေါ်တွင် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၂၂ရက် နေ့မှစ၍ ရောက်ရှိနေခဲ့ကြသော အာကာသယာဉ်မှူးတို့မှာ ဗလာဒီမာ တီးတောခ့နှင့် မူဆာ မင်နာရော့တို့ ဖြစ်ကြသည်။ မီယာတွင် အာကာသယာဉ်များ ဆိုက်ကပ်နိုင်သောနေရာ ခြောက်နေရာ ရှိသည့်အနက် တစ်နေရာတွင် ကဗန် အမည်ရှိ အာကာသယာဉ်ငယ် ချိတ်တွဲထားသည်။ တီးတောခ့နှင့် မင်နာရော့တို့သည် ထို ယာဉ် ငယ် ပေါ် ၌ နက္ခတ္တရူပဗေဒ သုတေသနလုပ်ငန်းများ ပြုလုပ်ကြသည်။ အာကာသထဲသို့ထွက်၍ မီယာ၏ နေစွမ်းအင်ဘက်ထရီကို မွမ်းမံသည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းများပါသည့် အလင်းလျှပ်စစ် အစိတ်အပိုင်းသစ်ကို တပ်ဆင်သည်။ ကမ္ဘာ့လေထု ပြင်ပဆိုင်ရာ နက္ခတ္တဗေဒပညာ နယ်ပယ်အတွက် ကြယ်စုံသော ကောင်းကင်ပြင်ကို ခရမ်းလွန်ရောင်ခြည်ဖြင့် ဓာတ်ပုံများ ရိုက်ကူးသည်။ အာဆာမေဂျာ တာရာစု တစ်ခုင်ကို ဂလေဇာ အမည်ရှိ ခရမ်းလွန်ရောင်ခြည်သုံး တယ်လီစကုပ်ဖြင့် လေ့လာကြသည်။ အာကာသတွင် အဏုဒြပ်ဆွဲငင်အား အခြေအနေ၌ ကော်လိုက်ပျော်ရည် ဖွဲ့တည်မှု၏ ဆန်းပြားပုံကို စူးစမ်းကြသည်။ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့တွင်လည်း တီးတောခ့နှင့် မင်နာရော့တို့သည် အာကာသအတွင်းထွက်၍ လမ်းလျှောက်ကြစဉ် ကဗန်ယာဉ်ငယ်ရှိ အိပ်ကပ်စ်ရောင်ခြည်မှန်ပြောင်း၏ နေရာတွင် ဒတ်ချ်နှင့် ဗြိတိသျှပညာရှင်များ ပုံစံထုတ်ထားသော ဒီမိုဂျူလေတာယူနစ်ကို အစားထိုးတပ်ဆင်သည်။ ဒီမိုဂျူလေတာယူနစ်ကိုတပ်ဆင်ခြင်းဖြင့် ရွှန်ဂျင့်လေ့ကျင့်ရေးဌာန သိပ္ပံကိရိယာများ သုံးစွဲမှုကို တွင်ကျယ်လာစေမည်ဖြစ်သည်။ အီလက်ထရွန်နှင့် ပိုစီထရွန် ဖြာထွက်မှုနှင့် သံလိုက်ရောင်စဉ်တို့ကို တိုင်းတာသောကိရိယာများကို အသုံးပြုလျက် ဆိုဗီယက် အာကာသယာဉ်မှူးတို့သည် ကမ္ဘာမြေကြီး၏ အနီးဝန်းကျင်ရှိ အာကာသတွင် ၎င်းတို့ပျံ့နှံ့ပုံကို လေ့လာသွားရန် အစပျိုးလိုက်ခြင်း ဖြစ်သည်။ တီးတောခ့နှင့် မင်နာရော့တို့သည် အာကာသ၌ ၃၂၄ ရက်ကြာ နေထိုင်သွားသော ယူရီ ရိုမန်နင်ကိုနှင့် ရက်ပေါင်း ၁၆၀ ကြာ နေထိုင်သွားသော အလက်ဇန္ဒား အလက်ဇန္ဒရော့တို့၏နေရာတွင် ဝင်ရောက်ခဲ့ကြသူများ ဖြစ်သည်။

ဆိုဗီယက် အာကာသယာဉ် တီအမ်–၇ သည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အာကာသ ယာဉ်မှူး အလက်ဇန္ဒား ဗိုကော့၊ ဆာဂျီ ကရီကာလက်ဗ်နှင့် ယန်းလုရှရက်တီယင်တို့ကို တင်ဆောင်လျက် ကမ္ဘာမြေပြင် မှထွက်ခွာလာရာ ၂၉ ရက်နေ့တွင် မီယာ အာကာသစခန်း ယာဉ်သို့ ရောက်ရှိသည်။ ထိုအာကာသယာဉ်မှူးတို့သည် တီးတော့၊ မင်နာရော့နှင့် ဆရာဝန် ဗယ်လာရီ ပိုယာကော့တို့နှင့် တွေ့ဆုံကြသည်။ တီးတောခ့နှင့် မင်နာရော့တို့ ယန်း လု ရှရက်တီယင်နှင့်အတူ ကမ္ဘာမြေပြင်သို့ ပြန်လာကြသည့်အခါ ဗိုကော့၊ ဆီဂျီ ကရီကာလက်ဗ်နှင့် ဗယ်လာရီ ပိုယာကော့တို့သည် ၁၉၈၉ ခုနှစ် ဧပြီလ ကုန်ဆုံးသည် အထိ မီယာပေါ်တွင် လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ကြမည် ဖြစ်သည်။ တီးတောခ့နှင့် မင်နာရော့တို့သည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အာကာသအတွင်း အရှည်ကြာဆုံး စံချိန်တင်နိုင်ခဲ့ပြီ ဖြစ်သည်။ ရိုမန်နင်ကိုက အာကာသတွင် ၃၂၆ ရက်ကြာ နေထိုင်မှု စံချိန်တင်နိုင်ခဲ့ရာ ယင်းစံချိန်ကို တီးတောခ့နှင့် မင်နာရော့တို့က ချိုးလိုက်ခြင်းဖြစ်သည်။ တီးတောခ့နှင့် မင်နာရော့တို့သည် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကမ္ဘာမြေပြင်သို့ ပြန်လာသည်။


ဆိုဗီယက် ပြင်သစ် ပူးပေါင်းလေ့လာမှု – ဆိုဗီယက်ပြည်ထောင်စုနှင့် ပြင်သစ်နိုင်ငံတို့သည် အာကာသ စူးစမ်းလေ့လာမှုကို ပူးပေါင်းဆောင်ရွက်ရန် လွှန်ခဲ့သော ၂၂ နှစ်ကပင် လက်မှတ်ရေးထိုးခဲ့ကြသည်။ အနောက်ဥရောပ နိုင်ငံများအနက် ပြင်သစ်နိုင်ငံသည် ယင်းကိစ္စအတွက် ပထမဆုံး လက်မှတ်ရေးထိုးခဲ့သော နိုင်ငံဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ ပူးတွဲစီမံကိန်းပေါင်း ၅၀ ခန့်ကို ဆောင်ရွက်ခဲ့သည်။ ပထမဆုံး ပူးတွဲလုပ်ငန်းရပ်များတွင် ဆိုဗီယက် ဂြိုဟ်တုနှင့် ပြင်သစ်လုပ် လေပူဖောင်းများဖြင့် တိမ်များကိုလေ့လာခြင်း၊ လကမ္ဘာစူးစမ်းလေ့လာမှု လုပ်ငန်းအရပ်ရပ်တွင် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းနှင့် ပြင်သစ်မက်စ် ဂြိုဟ်တုကို လွှတ်တင်ပေးခဲ့ခြင်းတို့ပါဝင်သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ အင်္ဂါဂြိုဟ်နှင့် ဟယ်လီ ကြယ်တံခွန်တို့ကို ဆိုဗီယက်ပြည်ထောင်စုက လေ့လာခဲ့ရာသိပ္ပံကိရိယာများကို ပြင်သစ်က အားတက်သရော တီထွင်ပေးခဲ့သည်။ ယင်းလေ့လာမှုကြောင့် ကြယ်တံခွန်များ မည်သို့ပေါင်းစပ်ထားပြီး မည်သည့်ဂုဏ်သတ္တိများရှိသည်ကို လူတို့ ပထမဆုံး သိရှိနိုင်ခဲ့ကြသည်။

အင်္ဂါဂြိုဟ်၏ အရံဂြိုဟ်ဖြစ်သော ဖိုဘို့စ်ဂြိုဟ်ကို နိုင်ငံတကာက စူးစမ်းလေ့လာသော အစီအစဉ်တွင် ပြင်သစ်နိုင်ငံက ပါဝင်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုသည် ဖိုဘို့စ်ကိုလေ့လာရန် လူမပါသော အာကာသယာဉ်နှစ်စင်းကို ၁၉၈၈ ခုနှစ် ဇူလိုင်လတွင် ငါးရက်ခြားလျက် တစ်စင်းပြီးတစ်စင်း လွှတ်တင်ခဲ့သည်။ ဖိုဘို့စ–၁ သည် ရေဒီယိုအဆက်အသွယ်များ ပြတ်တောက်သွားသည်။ ဖိုဘို့စ–၂




အိန္ဒိယနိုင်ငံ၏ အိုင်အာအက်စ်ဂြိုဟ်တုကို လွှတ်တင်ပေးခဲ့သော ဆိုဗီယက်ပြည်ထောင်စု၏ ဗော့စတော့ဒုံးပျံ

အမေရိကန်ပြည်ထောင်စု၏ ဒစ္စကာဗရီအာကာသလွန်းပျံယာဉ်



ဆိုဗီယက်ပြည်ထောင်စု၏ ပထမဆုံး အာကာသလွန်းပျံယာဉ်
ဘူရန် (နှင်းမုန်တိုင်း)




မီယာစခန်းယာဉ်သို့ ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက် နေ့က သွား ရောက် ခဲ့ သော ဆိုဗီယက်–ပြင်သစ် အာကာသ ခရီးစဉ်တွင် ဆေးဝါးနှင့် ဇီဝဗေဒပညာရပ်ကို သုတေသနပြုသည်။ ၁၉၇၂ ခုနှစ်က ပထမအကြိမ် ဆိုဗီယက်–ပြင်သစ် အာကာသ ခရီးစဉ်အတွင်း စတင် စမ်းသပ်လေ့လာခဲ့သော သုတေသနလုပ်ငန်းကို ဆက်လက် ပြုလုပ်ခြင်းဖြစ်သည်။ ပြင်သစ် အာကာသယာဉ်မှူး ယန်းလု ကရီတီယင်သည် ၁၉၇၂ ခုနှစ် အာကာသခရီးစဉ်တွင် လည်း လိုက်ပါခဲ့ဖူးသည်။

ဘူရန်အာကာသလွန်းပျံယာဉ် – ဆိုဗီယက် ပြည်ထောင်စု သည် ပထမဆုံးအာကာသလွန်းပျံယာဉ် ဘူရန် (နှင်းမုန်

ကို ၁၉၇၈ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် လွှတ်တင် ခဲ့ရာ ရေဒီယို အဆက်အသွယ်များ ဆက်လက်ရရှိနေပြီး သတ်မှတ်သောနေရာသို့ ၁၉၇၉ ခုနှစ် ပြေီလ သို့မဟုတ် မေလတွင် ရောက်ဖွယ်ရှိသည်။ ဖိုဘို့စ်–၂ သည် နိုင်ငံ ပေါင်း ၁၃ နိုင်ငံနှင့် ဥရောပ အာကာသ အေဂျင်စီတို့မှ သိပ္ပံပညာရှင်များက တီထွင်ပေးသော ကိရိယာ တန်ဆာ ပလာ ၂၀ ကျော်ကို သယ်ဆောင်သွားသည်။ ပြင်သစ် နိုင်ငံကလည်း ဖိုဘို့စ်အရံဂြိုဟ်၏ ဓာတုဖွဲ့စည်းပုံကို သိရှိ နိုင်ရေးအတွက် ဂြိုဟ်မျက်နှာပြင်ကို ဖောက်ခွဲနိုင်သော သေနတ်တစ်မျိုးကို တီထွင် တပ်ဆင် ပေးလိုက်သည်။ (အင်္ဂါဂြိုဟ်လေ့လာမှု—ရှု။)

ဥရောပ အာကာသအေဂျင်စီအတွက် ဖြိုတိသျအာကာသ စက်မှုလုပ်ငန်းက တပ်ဆင်ထုတ်လုပ်ပေးသော အိုလင်းပတ်စ် - ၁ အမည်ရှိ ဘက်စုံဆက်သွယ်ရေးဂြိုဟ်တု



တိုင်း) ကို ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီး အောင်မြင်စွာ ပြန်လည် ဆင်းသက်နိုင်ခဲ့သည်။ ယာဉ်မှူး မပါသော ထိုလွှန်းပျံယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းတွင် ကမ္ဘာကို နှစ်ပတ် ပတ်ခဲ့သည်။

စီးပွားဖြစ်ဂြိုဟ်တုလွှတ်တင်မှု – ဆိုဗီယက် ပြည်ထောင်စု သည်အခကြေးငွေယူ၍ ဂြိုဟ်တုလွှတ်တင်ပေးမှုကို ၁၉၇၈ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ပထမဦးဆုံးပြုလုပ်သည်။ ၁၉၈၆ ခုနှစ် ဇန်နဝါရီလက စတင်ဖွဲ့စည်းခဲ့သော ဂလပ်ကော့စမော့ အာကာသအေဂျင်စီက အိန္ဒိယနိုင်ငံအတွက် လွှတ်တင်ပေးခဲ့ခြင်းဖြစ်သည်။ အိုင်အာအက်စ်ဟု အမည် ပေးထားသော ယင်းဂြိုဟ်တုကို ဗော့စတော့ ပင့်တင် ဒုံးပျံဖြင့် လွှတ်တင်ပေးခဲ့သည်။ အိန္ဒိယနိုင်ငံ အာကာသ အစီအစဉ်၏ အဓိက အလှည့်အပြောင်းတစ်ရပ် ဖြစ်၍ ဝေးလံသောဒေသကို အာရုံခံ လေ့လာနိုင်သောဂြိုဟ်တုကို ပိုင်ဆိုင်သော ပဉ္စမမြောက် နိုင်ငံဖြစ်လာသည်။ အခြား နိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ပြည် ထောင်စု၊ ပြင်သစ်နှင့်ဂျပန်နိုင်ငံတို့ ဖြစ်ကြသည်။ စီးပွား ရေးအရ ဂြိုဟ်တုလွှတ်တင်ပေးရေးလုပ်ငန်းကို အကောင် အထည်ဖော်ရန် အမေရိကန်ပြည်ထောင်စု၊ တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် ဥရောပ အာကာသအေဂျင်စီတို့ကလည်း ကြိုးပမ်းနေသည်။

ကြယ်တံခွန်ကျရောက်မှု – မည်းနက်၍ရေပါသောကြယ်တံခွန်ငယ် သန်း ပေါင်း များစွာသည် နှစ်စဉ်ပင် ကမ္ဘာ့ လေထုကို ရိုက်ခတ်လေ့ရှိသည်ဟူသော အဆိုကိုထောက်ခံ နေသည့် သက်သေအထောက်အထားအသစ် တွေ့ရှိထား ကြောင်းဖြင့် အမေရိကန် အာကာသအေဂျင်စီ ရူပဗေဒ ပညာရှင် ကလိန်း ယိမ်စ်က ၁၉၇၈ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ပြောကြားသည်။ ယင်းအဆိုကို အိုင်ယိုဝါး တက္ကသိုလ် ရူပဗေဒပညာရှင် လူဝီဖရန့်က ၁၉၇၆ ခုနှစ် တွင် ဗွဲဆော်ဦးတင်ပြခဲ့ခြင်းဖြစ်သည်။ အမေရိကန်အမျိုး သား လေကြောင်းနှင့် အာကာသ အုပ် ချုပ် ရေး အဖွဲ့ (နာဆာ)က လွှတ်တင်ခဲ့သော ဒိုင်းနမစ်အိက်စ်ပလိုရာ–၁ အာကာသယာဉ် ၁၉၈၁ ခုနှစ်မှ ၁၉၈၆ ခုနှစ်ထိ ကာလ အတွင်း ရိုက်ယူခဲ့သည့် ခရမ်းလွန်ဆောင်ခြည်ဓာတ်ပုံများ ကို လေ့လာပြီးနောက် ဖရန့်က ယင်းအဆိုကို တင်ပြခဲ့ သည်။ ထိုဓာတ်ပုံများတွင် ကမ္ဘာ့လေထု၏ အပေါက်ငယ် များဖြစ်ဟန်တူသည့် မရေတွက်နိုင်အောင် များပြားလှ သော အနက်ရောင် အစက်အပြောက်များကို မြင်တွေ့ရ သည်။ နှစ်စဉ် ကြယ်တံခွန် ၁၀ သန်းခန့် ကမ္ဘာ့လေထု အတွင်းသို့ သက်ဆင်းလာသည်ဟု ဖရန့်က ခန့်မှန်းထား သည်။ အထူးသဖြင့် အချင်းမေ ၃၀ (၁၀ မီတာ) ရှိ နှင်းလုံးမျှားအဖြစ် သက်ဆင်းလာပြီး လေထုတွင်အပေါက် များ ဖြစ်ပေါ်စေကာ ကွဲကြေပြီး အငွေ့ပျံသွားကြသည် ဟု ဖရန့်က တွက်ဆသည်။ ယိမ်စ်သည် အရှိုးနှား ပြည်နယ်ရှိ ကစ်ပိစ်အမျိုးသား နက်ဗတ္တလေ့လာရေးစခန်း မှ ၃၆ လက်မ တယ်လီစကုပ်ဖြင့် အာကာသကိုလေ့လာခဲ့ ရာ နှစ်စဉ် အနည်းဆုံး ကြယ်တံခွန် တစ်သန်းခန့်သည် တစ် နာ ရီ လျှင် မိုင် ပေါင်း ၂၂,၀၀၀ အ မြန် နှုန်း ဖြင့် ဆင်းသက်လေ့ရှိသည်ဟု ယုံကြည်လာသည်။ ဆို့ဒင်နိုင်ငံက လွှတ်တင်သော ဗိုက်ကင်း အာကာသယာဉ်က လေ့လာတွေ့ ရှိသော ကမ္ဘာ့လေထု အပေါက်များသည်လည်း ဖရန့်နှင့် ယိမ်စ်တို့၏ အယူအဆကို ထောက်ခံသည်ဟု ဆိုသည်။

သောကြာဂြိုဟ်လေ့လာမှု – အမေရိကန် ပြည်ထောင်စုက ၁၉၇၇ ခုနှစ် မေလ ၂၀ ရက်နေ့တွင် လွှတ်တင်ခဲ့သော ပိုင်အိုးနီးယား အာကာသယာဉ်သည် သောကြာဂြိုဟ်၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်ရန် ယင်းဂြိုဟ်၏ အနီး ကပ်ဓာတ်ပုံကို ပေးပို့ကြောင်းဖြင့် ၁၉၇၈ ခုနှစ် မေလ ၂၂ ရက်နေ့တွင် အမေရိကန်အာကာသအေဂျင်စီက ကြေညာ သည်။ ယင်းဂြိုဟ်ကို ဆာဖျူရစ်အက်ဆစ် တိမ်တိုက်များ က ထူထဲစွာ လွှမ်းခြုံထား၍ အပူချိန် ဂဝဝ ဒီဂရီဖာရင် ဟိုက်ရှိသောဂြိုဟ်မျက်နှာပြင်ကို မြေပြင်မှ တယ်လီစကုပ် ဖြင့် မမြင်နိုင်ဘဲရှိသည်။ ပိုင်အိုးနီးယားကို လွှတ်တင်စက အာကာသယာဉ်ယင်ငါးစင်းကို သယ်ဆောင်သွားခဲ့သည်။ ယင်းယာဉ်ယင်တို့သည် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၉ ရက် နေ့တွင် ပိုင်အိုးနီးယား အာကာသယာဉ်မှ ထွက်ခွာ၍ သောကြာဂြိုဟ်၏လေထုအတွင်းသို့ ဆင်းသက်ကြသည်။ ယင်းလေထုကို လေ့လာပြီးနောက် မီးလောင် ပျက်စီး သွားကြသည်။ ဒေါ်လာသန်း ၂၀၀ တန် ပိုင်အိုးနီးယား အာကာသယာဉ်မှ ရေဒါသတင်းအချက်အလက်များတွင် သောကြာဂြိုဟ်၏မျက်နှာပြင် ၉၀ ရာခိုင်နှုန်း၏ မြေပုံ အသေးစိတ်သည်း ပါဝင်သည်။ ထို့ပြင် သောကြာဂြိုဟ်၏ သိပ် သည်း သော ကာဗွန်ဒိုင်အောက်ဆိုဒ် အ စု အ ဝေး အတွင်းရှိ မိုးလေဝသအခြေအနေများကို လည်းကောင်း၊ နေအဖွဲ့အစည်းတွင် တိုက်ခတ်နေသောလေများ၏ အကျိုး သက်ရောက်ပုံကို လည်းကောင်း သိရှိရသည်။ သောကြာ ဂြိုဟ် ပေါ်တွင် မီး တောင် ဟောင်း များ ရှိနေကြောင်း သဲလွန်စများကို ပိုင်အိုးနီးယား အာ ကာ သ ယာဉ် က ဖော် ပြ ခဲ့ သည်။ ယင်း သဲ လွန် စ များ ကို ဆို ဗီ ယက် ပြည်ထောင်စု၏ ဗီနီရာ–၁၅ နှင့် ၁၆ အာကာသယာဉ်များ ၏ ရေဒါလေ့လာချက်များက အတည်ပြုပေးခဲ့သည်။

အတ္တလန္တိတ် အာကာသ လွန်းပျံယာဉ် – ၁၉၇၆ ခုနှစ်က ချယ်လင်ဂျာ အာကာသလွန်းပျံယာဉ် ပေါက်ကွဲ ပျက်စီး သွားပြီးနောက် ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၂၉ ရက်

နေ့တွင် ဒစ္စကာဗရီ အာကာသ လွှန်းပျံယာဉ်ကို လည်းကောင်း၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် အတ္တလန္တိတ် အာကာသ လွှန်းပျံယာဉ်ကို လည်းကောင်း လွှတ်တင်ခဲ့သည်။ အတ္တလန္တိတ် အာကာသယာဉ်နှင့်အတူ ဆိုဗီယက် ပြည်ထောင်စု၏ အာကျယ်အဝန်း ဂဝ ရာခိုင်နှုန်းကို ဖြန့်ကြက် ထောက်လှမ်းနိုင်မည့် ဒေါ်လာ သန်း ၅၀၀ တန် ဆောက်လှမ်းရေးဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားကာ ပစ်လွှတ်ခဲ့သည်။ စတဲ့ဗုံးကြဲလေယာဉ်ကို ထိန်းကြောင်းလမ်း ညွှန်ရန် အင်အားကောင်းသော ရေဒါဂြိုဟ်တု ဖြန့်ကြက်ခြင်းဖြစ်သည်။ ဒီဇင်ဘာလ ၆ ရက်နေ့တွင် အတ္တလန္တိတ် အာကာသ လွှန်းပျံယာဉ်သည် ပြန်လည် ဆင်းသက်ခဲ့သည်။ယင်းလွှန်းပျံယာဉ်ခရီးစဉ်ကိုအာမေရိကန် လေတပ်က လုံးဝချုပ်ကိုင်ပြီး အာကာသယာဉ်မှူးအား လုံးသည် စစ်ဘက်က ဖြစ်ကြသည်။ ရေတပ်ဗိုလ်မှူးကြီး ရောဗတ် အယ်ဂစ်ဘဆင်က ကြီးကြပ်ခဲ့သည်။


စနေဂြိုဟ်လေ့လာမှု – နေစကြဝဠာအတွင်း အကြီးဆုံးလသည် စနေဂြိုဟ်၏ ဂြိုဟ်ရံတိုင်တန် ဂြိုဟ်ဖြစ်သည်။ ယင်းဂြိုဟ်ရံကို စူးစမ်းလေ့လာရာ၌ နာဆာနှင့် ဥရောပ အာကာသအေဂျင်စီ (အီးအက်စ်အေ) တို့ပူးပေါင်းကြိုးပမ်းမည်ဟု ၁၉၇၀ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် အီးအက်စ်အေက ကြေညာသည်။


ယင်းစူးစမ်းလေ့လာရေး အစီအစဉ်ကို ကက်ဆီနီ-တိုင်တန် လေ့လာရေးအစီအစဉ်ဟု အမည်ပေးသည်။စနေဂြိုဟ်၏ဂြိုဟ်ရံ လအချို့နှင့်ဂြိုဟ်ပတ်စက်ကွင်း လက္ခဏာကို ၁၇ ရာစုနှစ်အတွင်းက တွေ့ရှိခဲ့သော ကက်ဆီနီ အမည်ရှိ နက္ခတ်ပညာရှင်ကို ဂုဏ်ပြုမှည့်ခေါ်ခြင်း ဖြစ်သည်။ တိုင်တန်ဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်း ဂြိုဟ်ရံလများအနက် သိပ်သည်းပြီး ဇီဝဓာတ် ကြွယ်ဝသော နိုက်ထရိုဂျင် လေထုရှိသည့် တစ်ခုတည်းသော ဂြိုဟ်ရံလဖြစ်သည်။ တိုင်တန်ဂြိုဟ် မျက်နှာပြင်သည် အပူချိန်-၃၅၄ ဒီဂရီဖာရင်ဟိုက်နှင့် ဖိအားယူနစ် ၁ ဒသမ ၅ ဘားရှိသည်။ တိုင်တန်လေထုအတွင်းရှိ ဓာတုပြောင်းလဲမှု ဖြစ်စဉ်သည် သက်ရှိများ မပေါ်မီ ကမ္ဘာဦးကာလ လေထုဝန်းကျင် အနေအထားနှင့် နီးစပ်တူညီနိုင်သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်လက်ခံထားကြသည်။ ကက်ဆီနီ-တိုင်တန် လေ့လာရေး အာကာသယာဉ်ကို ၁၉၉၇ ခုနှစ် ဧပြီလတွင် လွှတ်တင်ရန် လျာထားသည်။ ၁၉၀၀ ပြည့်နှစ်နှင့် ၁၉၀၁ ခုနှစ်တို့တွင် ပို့ဂျင်ယေဂျာ –၁ နှင့် ပို့ဂျင်ယေဂျာ –၂ လေ့လာရေး အာကာသယာဉ်တို့သည် စနေဂြိုဟ်နှင့် ဂြိုဟ်ပတ်စက်ကွင်းများ အထူးသဖြင့် ဂြိုဟ်ရံတိုင်တန်အနီးသို့ ခေတ္တ ချဉ်းကပ် လေ့လာခဲ့ဖူးသည်။

အာဖဂန်စတန်နိုင်ငံ။ ။ဆိုဗီယက် ပြည်ထောင်စုနိုင်ငံခြားရေးဝန်ကြီး အက်ဒွပ်ရှီဗာနာဇေသည် ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် အာဖဂန်သတင်းစဉ်နှင့် တွေ့ဆုံသော ဆွေးနွေး မေးမြန်းခန်းတစ်ခုဌ ဆိုဗီယက် ပြည်ထောင်စုသည် ၁၉၇၈ ခုနှစ် ကုန်ဆုံးခါနီတွင် အာဖဂန်စတန်နိုင်ငံမှ ဆိုဗီယက်တပ်ဖွဲ့များကို ရုပ်သိမ်းရန် ဆန္ဒရှိကြောင်းဖြင့် ထုတ်ဖော်ပြောကြားခဲ့သည်။ ဆိုဗီယက် ပြည်လောင်စု ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မိခါယီး ဂေါ်ဘာချော့ကလည်း ကုလသမဂ္ဂ ကမကထ ပြုလုပ်ကျင်းပသည့် ဂျီနီဗာငြိမ်းချမ်းရေး ဆွေးနွေးပဲ့ဌ မတ်လ ၁၅ ရက်နေ့တွင် သဘောတူညီချက် တစ်ရပ် ချမှတ်နိုင်ခဲ့လျှင် မေလ ၁၅ ရက်နေ့တွင် အာဖဂန်စတန် နိုင်ငံမှ ဆိုဗီယက်တပ်ဖွဲ့များကို စတင်ရုပ်သိမ်းပေးမည်ဟု ဖေဖော်ဝါရီလ ဂ ရက်နေ့တွင် ပြောကြားခဲ့သည်။ ၁၀ လအတွင်း အပြီးရုပ်သိမ်းပေးမည်ဟု ဆိုသည်။

ဆိုဗီယက်ထောက်ခံသော အာဖဂန်အစိုးရအား ဆိုဗီယက်ပြည်ထောင်စုက စစ်ရေးအကူအညီ ပေးနေမှု မရပ်ဆိုင်းလျှင် အမေရိကန်ပြည်ထောင်စုကလည်း အာဖဂန် သူပုန်များအား အကူအညီပေးနေခြင်းကို ရပ်ဆိုင်းမည်မဟုတ်ဟု ၁၉၇၈ ခုနှစ် မတ်လ ၄ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။ ဂျီနီဗာငြိမ်းချမ်းရေးဆွေးနွေးပဲ့ဌ မတ်လ ၁၅ ရက်နေ့ ရောက်သည့်ကိုင် သဘောတူညီချက် မရရှိသဖြင့် ဆိုဗီယက်ပြည်ထောင်စုက မေလ ၁၅ ရက်နေ့တွင် တပ်ရုပ်သိမ်းမည့် အစီအစဉ်ကို ရွှေ့ဆိုင်းမည်ဟု ကြေညာခဲ့သည်။ ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိရေးကိစ္စ လိပ်ခဲတည်းလည်းဖြစ်ရခြင်းမှာ အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စကန်နိုင်ငံတို့ကြောင့် ဖြစ်သည်ဟု ပြစ်တင်ဝေဖန်ခဲ့သည်။

ထိုသို့ငြိမ်းချမ်းရေးကိစ္စ ညှိနှိုင်းနေစဉ် ဧပြီလ ၅ ရက်နေ့မှ ၁၄ ရက်နေ့ထိ အာဖဂန်စတန်နိုင်ငံ၌ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ အောက်လွှတ်တော်အတွက် ၂၂၉ နေရာနှင့် အထက်လွှတ်တော်အတွက် ၆၂ နေရာကို တိုက်ရိုက် ရွေးချယ်တင်မြှောက်ခြင်း ဖြစ်သည်။ အမျိုးသား ညီညွတ်ရေး ညွှန်ပေါင်းအစိုးရတွင် သမ္မတ နာဂျီဘူလာ၏ အာဏာရ အာဖဂန်စတန် ပြည်သူ ဒီမိုကရက်တစ် ပါတီနှင့် လက်တွဲပါဝင်ရန် ဖိတ်ခေါ်ချက်ကို မူဆလင်အတိုက်အခံ ပြောက်ကျားအုပ်စုများက ပယ်ချထားသည်။ နာဂျီဘူလာ၏ အစိုးရအဖွဲ့သည် အနောက်အုပ်စုထောက်ခံသော ပြောက်ကျားများကို တိုက်ခိုက်နေရသည်မှာ ကိုးနှစ်ကြာခဲ့ပြီဖြစ်သည်။ အာဖဂန်စတန် အစိုးရတပ်သည် အင်အား







အာဖဂန်စတန်နိုင်ငံမှ ဆိုဗီယက်တပ်ဖွဲ့များကို စတင်ရုပ်သိမ်းစဉ်

အာဖဂန်စတန်နိုင်ငံတွင်လှုပ်ရှားနေသော မူဆလင်ပြောက်ကျားတစ်စုကို တွေ့မြင်ရပုံ




၄၀,၀၀၀ ခန့်ရှိ၍ ဆိုဗီယက်တပ်ဖွဲ့ဝင် အင်အား ၁,၁၅,၀၀၀ ခန့်ရှိသည်ဟု ခန့်မှန်းရသည်။

ထိုပြည်တွင်းစစ် စတင်ခဲ့ချိန်မှစ၍ အာဖဂန်လူမျိုး တစ်သန်းထက်မနည်း သေဆုံးခဲ့ရပြီး ပါကစ္စတန်နိုင်ငံ၌ အာဖဂန်လူမျိုး ဒုက္ခသည် သုံးသန်းခန့် ထွက်ပြေးခိုလှုံနေကြရသည်။ ဆိုဗီယက်စစ်သား ၂၀,၀၀၀ ခန့်လည်း သေဆုံးခဲ့ပြီဖြစ်သည်။ ဆိုဗီယက် တပ်များသည် ၁၉၇၉ ခုနှစ် ဒီဇင်ဘာလမှစ၍ ရောက်ရှိနေခဲ့ခြင်း ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၄–စာ၊ ၃၀၆—ရှု။)

ဆိုဗီယက်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး အက်ဒွပ် ရှီဗာနာဇေသည် ၁၉၈၈ ခုနှစ် ဧပြီလ ၃၊ ရက်နေ့တွင် အာဖဂန်စတန် နိုင်ငံသို့ ရောက်ရှိလာပြီး ဂျီနီဗာဥပမ်းခြမ်းရေး ဆွေးနွေးပွဲ အောင်မြင်မှု နှောင့်နှေးနေရခြင်းနှင့်စပ်လျဉ်း၍ အာဖဂန် အစိုးရနှင့် ဆွေးနွေးခဲ့သည်။ ဧပြီလ ၆ ရက်နေ့တွင် ဥဇဘက် ကစ္စတန် ဆိုဗီယက်သမ္မတနိုင်ငံ၌ ဆိုဗီယက်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မီခါယီး ဂေါ်ဘာချော့နှင့် အာဖဂန်အစိုးရခေါင်းဆောင် နာဂျီဘူလာတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြန်သည်။ မစ္စတာ ဂေါ်ဘာချော့နှင့် ဒေါက်တာ နာဂျီဘူလာတို့က ဧပြီလ ၇ ရက်နေ့တွင် ပူးတွဲကြေညာချက် ထုတ်ပြန်ရာ၌ အဘိုဆုံးအချိန်ကာလအတွင်း ဂျီနီဗာဆွေးနွေးပွဲတွင် သဘောတူညီချက်တစ်ရပ် ရရှိနိုင်ခဲ့လျှင် ဆိုဗီယက်ပြည်ထောင်စုက မေလ ၁၅ ရက်နေ့မှစ၍ အာဖဂနိစတန်မှ စတင်ဆုတ်ခွာ ရုပ်သိမ်းပေးမည်ဟု ဖော်ပြခဲ့ကြသည်။ ဂျီနီဗာမှို့တွင် ကုလသမဂ္ဂ ကမကထပြု၍ ကျင်းပကာ အာဖဂနိစတန်၊ ပါကစ္စတန်၊ ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စုတို့ တက်ရောက်သည့် အာဖဂန်ငြိမ်းချမ်းရေး ဆွေးနွေးပဲ့တင် သဘောတူညီချက် ရရှိပြီဟု ဧပြီလ ၀ ရက်နေ့တွင် ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးချုပ် ဒီဂို ကော်ဒိုဗက်က ကြေညာသည်။ ပါကစ္စတန်နိုင်ငံနှင့် အာဖဂနိစတန်နိုင်ငံတို့ တစ်နိုင်ငံနှင့် တစ်နိုင်ငံ စွက်ဖက်ခြင်း မပြုကြရေးနှင့် ဆိုဗီယက်ပြည်ထောင်စုက အာဖဂနိစတန်မှတပ်များ ရုပ်သိမ်းသွားရေးတို့ကို သဘောတူညီထားသည့် စာချုပ်များကို ဆိုဗီယက်ပြည်ထောင်စု၊ အာဖဂနိစတန်၊ ပါကစ္စတန်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဧပြီလ ၁၄ ရက်နေ့တွင် ဂျီနီဗာမှို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ စာချုပ်ငါးရပ်ပါရှိသော ယင်းသဘောတူညီချက်တွင် ဒုက္ခသည်များ သဘောဆန္ဒအလျောက် ဌာနေသို့ ပြန်နိုင်ရေး ကိစ္စလည်း ပါဝင်သည်။ အာဖဂနိစတန် ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ မကင်းရာမကင်းကြောင်း ဖြစ်နေသည့် အီရန်နိုင်ငံကမူ ဂျီနီဗာဆွေးနွေးပဲ့ကို ဆန့်ကျင်ခဲ့သည်။ အီရန်နိုင်ငံတွင် အာဖဂန်ဒုက္ခသည် နှစ်သန်းခန့် ခိုလှုံလျက်ရှိသည်။ နာဂျီဘူလာ၏ အစိုးရအဖွဲ့ကို ဆန့်ကျင်တိုက်ခိုက်နေသော မူဂျာဟေဒင် သူပုန်များကို အီရန် နိုင်ငံက ထောက်ခံအားပေးသည်။

ဆိုဗီယက်စစ်သည် ၁,၂၀၀ ခန့်ပါဝင်သော တပ်ဖွဲ့တစ်ဖွဲ့သည် ၁၉၈၈ ခုနှစ် မေလ ၁၅ ရက်နေ့တွင် အာဖဂနိစတန်နိုင်ငံရှိ တပ်စခန်းမှ စတင်ဆုတ်ခွာ ရုပ်သိမ်းသည်။ ထိုသို့ရုပ်သိမ်းလာသော ပထမဆုံး ဆိုဗီယက်တပ်ဖွဲ့တစ်ဖွဲ့သည် မေလ ၁၈ ရက်နေ့တွင် ဆိုဗီယက်ပြည်ထောင်စု နယ်မြေပိုင်နက်တွင်းသို့ ဝင်ရောက်လာသည်။ ထိုသို့ဆိုဗီယက်တပ်ဖွဲ့ ရုပ်သိမ်းရသည့်ဖြစ်ရပ်သည် ယခင်ကလည်း ရှိခဲ့ဖူးသည်။ ၁၉၄၆ ခုနှစ်က အီရန်နိုင်ငံမှလည်းကောင်း၊ ၁၉၅၅ ခုနှစ်က ဩစတြီးယား နိုင်ငံမှလည်းကောင်း ရုပ်သိမ်းခဲ့ရဖူးသည်။



အီတလီသမ္မတနိုင်ငံ။ ။အီတလီနိုင်ငံ အောက်လုတ်တော်၌ ၁၉၀၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဝန်ကြီးဌာနများ အသုံးစရိတ်နှင့် စပ်လျဉ်း၍ လေးကြိမ်မဲခဲ့ရာတွင်လည်းကောင်း၊ ၁၀ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်နှင့်စပ်လျဉ်း၍ တစ်ကြိမ်မဲခဲ့ရာတွင်လည်းကောင်း ငါးပါတီညွှန့်ပေါင်းအစိုးရသည် အရေးနိမ့်ခဲ့ပြီး နောက် ဝန်ကြီးချုပ် ဂီယိုဗန်နီ ဂိုရီးယားက နုတ်ထွက်လှာ တင်သွင်းခဲ့သည်။ သမ္မတ ကော့ဆီဂါက



အီတလီနိုင်ငံ သမိုင်းတွင် စစ်ပြီးခေတ်နောက်ပိုင်း ၄၈ ကြိမ်မြောက် အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သော ဝန်ကြီးချုပ် ဒီမီတာ

ကိုရီးယားအား အနည်းဆုံး ၁၉၁၈ ခုနှစ် ဘတ်ဂျက်အပြီးသတ် အတည်ပြုပြီးသည်အထိ ဆက်လက် တာဝန်ယူရန် တိုက်တွန်းခဲ့သည်။ အယုံအကြည် ရှိကြောင်း အဆို ကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အောက်လွှတ်တော်၌မဲခွဲရာ ထောက်ခံမဲ ၃၆၄ မဲ၊ ကန့်ကွက်မဲ ၂၀၈ မဲ ရရှိပြီး ၁၉ ရက်နေ့တွင် အထက်လွှတ်တော်၌ မဲခွဲရာ ထောက်ခံမဲ ၁၇၀၊ ကန့်ကွက်မဲ ၉၁ မဲ ရရှိသောကြောင့် ကိုရီးယားသည် ဝန်ကြီးချုပ်တာဝန်ကို ဆက်လက် ထမ်းဆောင်သည်။

ရောမမြို့၏မြောက်ဘက်တွင် နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းကို ပြန်လည် စတင်မည့် စီမံကိန်းကို ၁၉၈၈ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် အာဏာရည်နှင့်ပေါင်းအစိုးရအဖွဲ့ဝင် ဆိုရှယ်လစ်ပါတီက ဆန့်ကျင်ခဲ့သဖြင့် နောက်တစ်နေ့တွင် ဂီယိုဗန်နီ ကိုရီးယားသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ပြန်သည်။ မတ်လ ၁၆ ရက်နေ့တွင် သမ္မတကော့ဆီဂါက ခရစ်ယာန်ဒီမိုကရက်ခေါင်းဆောင် ဆီရီယာကို ဒီ မီတာအား အစိုးရအဖွဲ့သစ် ဦးဆောင်ဖွဲ့စည်းရန်တာဝန်ပေးသည်။

ခရစ်ယာန် ဒီမိုကရက်တစ်ပါတီ၏ အတွင်းရေးမှူးချုပ် ဆီရီယာကို ဒီ မီတာသည် ဂီယိုဗန်နီ ကိုရီးယား၏ အစိုးရအဖွဲ့တွင်ပါဝင်ခဲ့သော ပါတီငါးခုဖြင့်ပင် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်း၍ ဧပြီလ ၁၆ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ဒီမီတာအပါအဝင် ခရစ်ယာန်ဒီမိုကရက်ဝန်ကြီး ၁၆ ဦး၊ ဒုတိယဝန်ကြီးချုပ်တာဝန်ယူသူ ဂီယန်နီဒီမီချယ်လစ်အပါအဝင် ဆိုရှယ်လစ်ဝန်ကြီးကိုးဦး၊ ရီပတ်ဗလစ်ကန်ဝန်ကြီးနှစ်ဦး၊ ဆိုရှယ်ဒီမိုကရက်နှင့် လစ်ဗရယ်ပါတီတို့မှ တစ်ဦးစီနှင့် ပါတီကျောထောက်နောက်ခံမရှိသူ သုံးဦးတို့ အသီးသီး ပါဝင်သည်။ ယင်းအစိုးရအဖွဲ့သည် စစ်ပြီးခေတ် အီတလီနိုင်ငံတွင် ၄၈ ကြိမ်မြောက် ဖြစ်သည်။ ဒီမီတာသည် အစိုးရအဖွဲ့သစ် ဖွဲ့ရာတွင် ဆိုရှယ်လစ်တို့၏ ကျေနပ်မှုကို ရရှိရေးအတွက် စာမျက်နှာ ၇၀ ပါ အသေးစိတ် အစီအစဉ်ကို တင် သွင်း ခဲ့ စဉ် ဆို ရှယ် လစ် တို့ က စာမျက်နှာ ၁၄၀ ပါ ကန့်ကွက်မှုများကို ပြန်လည်ပေးပို့ခဲ့သဖြင့် အခက်ကြုံခဲ့လေရာ ၃၃ ရက်တိုင် မနေမနားကြိုးပမ်းညှိနှိုင်းပြီးမှ ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်သည်။

ဒီမီတာသည် အီတလီနိုင်ငံတောင်ပိုင်းရှိ ဆင်းရဲသော အာပီနိုယာဒေသ၌ မွေးဖွားခဲ့သည်။ ရွှေနေအဖြစ်အသက်မွေးပြီးမှ ၁၉၅၆ ခုနှစ်တွင် ခရစ်ယာန် ဒီမိုကရက်တစ်ပါတီကို ကိုယ်စားပြုသော ကောင်စီဝင်ဖြစ်လာကာ နိုင်ငံရေးနယ်ပယ်၌ ဝင်ဆံ့လာသည်။ ၁၉၆၃ ခုနှစ်တွင် ပါလီမန်အမတ် ဖြစ်လာသည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ဒီမီတာသည် စက်မှုဝန်ကြီးရာထူးနှင့် ပြည်ပကုန်သွယ်ရေးရာထူးတို့အပါအဝင် ထိပ်တန်း အစိုးရ တာဝန်များကို ထမ်းဆောင်ခဲ့ဖူးသည်။ လွန်ခဲ့သော ခြောက်နှစ်က ပါတီအတွင်းရေးမှူး ဖြစ်လာပြီးနောက် ရှေးရိုးဆန်သော လုပ်နည်းလုပ်ဟန်များကို ဖယ်ရှားခြင်းဖြင့် ပါတီအတွင်း လူကြိုက်များလာခဲ့ခြင်း ဖြစ်သည်။ ဒီမီတာသည် ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် အသက် ၆၀ ရှိပြီဖြစ်သည်။

အဲလဗရက်, လူဝီ ဝေါ်လတာ (ခရစ် ၁၉၁၁–၁၉၇၈)

။ ။နှစ်ဆယ်ရာစု သိပ္ပံပညာ၏ ရှေ့ဆောင်ပညာရှင်နှင့် ၁၉၆၈ ခုနှစ် ရူပဗေဒနိုဗယ်ဆုရှင် လူဝီ ဝေါ်လတာ အဲလဗရက်ကို ၁၉၁၁ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့၌ မွေးဖွားသည်။ ဖခင်သည် ထင်ရှားသော ဆေးပညာရှင် ဝေါ်လတာ စီ အဲလဗရက်ဖြစ်သည်။ ရှီကာဂိုတက္ကသိုလ်တွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများကို တက်ရောက်အောင်မြင်ခဲ့ပြီးနောက် ၁၉၃၆ ခုနှစ်တွင် ကာလီဖိုးနီးယားတက္ကသိုလ် မဟာဌာန၌ ဝင်ရောက်အမှုထမ်းခဲ့ရာ ၁၉၄၅ ခုနှစ်တွင် ပါမောက္ခ ဖြစ်လာခဲ့သည်။

အဲလဗရက်သည် ပတ်လမ်းရှိ အီလက်ထရွန်ဖမ်းခြင်းကြောင့် အချို့သော ရေဒီယိုသတ္တိကြွဒြပ်စင်တို့ ယိုယွင်း



နိုဗဲဆုရ ရူပဗေဒပညာရှင် လူဝီဝေါ်လတာ အဲလဗရက်

ကြောင်းကို ၁၉၃၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ပတ်လမ်းရှိ အီလက်ထရွန်သည် ယင်း၏နယူကလိယနှင့် ပေါင်းစည်း၍ အက်တမ် အမှတ်စဉ်တစ်ခု ပို၍ငယ်သော ဒြပ်စင်တစ်ခု ထွက်လာကြောင်းကို တွေ့ရှိခြင်းပင် ဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် အဲလဗရက်သည် ၁၉၅၂ ခုနှစ် ရူပဗေဒ နိုဗဲဆုရှင် ဖဲလစ် ဘလော့ခ်နှင့်အတူ ခ္ဆူထရွန်၏ သံလိုက်လည်ကိန်းကို ဗေဒဆော်ဦး တိုင်းတာပြခဲ့သည်။ ယင်းနည်းသည် ခ္ဆူထရွန် သံလိုက်စက်ကွင်း၏ အားနှင့်လားရာကို ဖော်ပြသောနည်းပင် ဖြစ်သည်။

အဲလဗရက်သည် ကိမ်းဗရစ်ရှိ မက် ဆာ ချူး ဆက်စက်မှုတက္ကသိုလ်ဖြာထွက်ရောင်ခြည် ဓာတ်ခွဲခန်း၌ ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၃ ခုနှစ်အထိ ရေဒါ သုတေသန ပြုလုပ်ခဲ့သည်။ မိုက္ကခရိုလိုင်း အချက်ပြစနစ်ဖြစ်သော အဖြောင့် ရေဒါ ကောင်းကင်ကြိုးစနစ်ကို တီထွင်ခဲ့သည်။ ယင်းနည်းစနစ်ဖြင့် ရေဒါကို သုံးလျက် ပစ်မှတ်ရှာဖွေကာ ဗုံးကြဲနိုင်ပေသည်။ မြေပြင်က ထိန်းချုပ်လမ်းညွှန်၍ လေယာဉ် ဆင်းသက်စေနိုင်သော နည်းစနစ်ကိုလည်း တီထွင်ခဲ့သည်။ နယူးမက္ကဆီကိုပြည်နယ် လော့စ်အေလာမော့စ်မြို့ရှိ သိပ္ပံဓာတ်ခွဲခန်း၌ ၁၉၄၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်ထိ အဏုမြူသုတေသနပြုလုပ်ရာ၌ ဗဟိုဝင်ခဲ့သည်။ အက်တမ်ဗုံးဖောက်ခဲ့နည်းနှင့် စပ်လျဉ်း၍ ရူပဗေဒရွှေထောင့်က အကြံပြုခဲ့သည်။ ဗေဒဆော်ဦးအက်တမ်ဗုံးကို ၁၉၄၅ ခုနှစ်တွင် နယူးမက္ကဆီကို ပြည်နယ် အေလာမိုဂေါ်ဒိုအရပ်၌ ဖောက်ခဲ့စမ်းသပ် သောအခါ အဲလဗရက်လည်း သွားရောက်လေ့လာခဲ့သည်။ ရက်သတ္တုပတ် အနည်းငယ်ကြာသော် အဏုမြူဗုံး ဒဏ်သင့်ရာ ဟီရိုးရှီးမားမြို့၏အထက် ကောင်းကင်၌ သိပ္ပံအကြံပေး ပါရဂူအဖြစ် လေယာဉ်ဖြင့်ပျံဝဲ၍ လေ့လာခဲ့သည်။

ဒုတိယ ကမ္ဘာစစ်အပြီးတွင် အဲလဗရက်သည် ပထမဦးဆုံးသော ပရိုတွန်အဖြောင့် အရှိန် ပေးစက်တည်ဆောက်ရာ၌ ကူညီခဲ့သည်။ အခြေခံအမှုန်များနှင့် ယင်းတို့၏ တုံ့ပြန်မှုများကို ထောက်လှမ်းလေ့လာရာ၌ သုံးနိုင်သော ကိရိယာတစ်မျိုးဖြစ်သည့် ဟိုက်ဒရိုဂျင် ပူဖောင်းခန်းကိရိယာကို တီထွင်ရာ၌လည်း ပါဝင်ခဲ့သည်။ ယင်းတီထွင်မှုအရပ်ရပ်၏ အကျိုးကျေးဇူးကြောင့် ရူပဗေဒပညာရှင်တို့သည် အခြေခံ အမှုန်အသစ် ၆၀ မှ ၁၀၀ အထိ ရှာဖွေတွေ့ရှိနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အဏုမြူ ရူပဗေဒစာတွေ့ပိုင်းတွင် ထူးခြားသော တီထွင်မှုများကို အဲလဗရက်က ဆောင်ကြဉ်းပေးခဲ့သည်ဟု ဆိုနိုင်သည်။

အလွန်သက်တမ်းတို့၍ စွမ်းအားမြင့် ခ္ဆူကလီးယားတိုက်ခိုက်မှုတွင်သာ ပေါ်ပေါက်လာနိုင်သည့် အခြေခံအမှုန်များ၏ သဘောသဘာဝကို လေ့လာသော သုတေသနလုပ်ငန်းကြောင့် အဲလဗရက်သည် ၁၉၆၈ ခုနှစ်တွင် ရူပဗေဒဆိုင်ရာ နိုဗဲဆုကို ချီးမြှင့်ခြင်းခံရသည်။

နိုဗဲဆုရ ရူပဗေဒပညာရှင် လူဝီဝေါ်လတာ အဲလဗရက်သည် သားဖြစ်သူ ဘူမိရူပဗေဒပညာရှင် ဝေါ်လတာ အဲလဗရက်နှင့်အတူ သုတေသနလုပ်ငန်းများ ပြုလုပ်နေခဲ့ရာ ဒိုင်နိုဆောသတ္တဝါကြီးများ ရုတ်တရက် မျိုးတုံးသွားခြင်းနှင့် စပ်လျဉ်း၍ ကြံဆချက်တစ်ရပ်ကို ၁၉၇၉ ခုနှစ်က လေ့လာ တင်ပြနိုင်ခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၆၅ သန်း ဝန်းကျင်က ကြယ်တံခွန်ဖြစ်စေ ဥက္ကာခဲ ဖြစ်စေ ကမ္ဘာမြေပြင်ပေါ် သို့ ကျရောက်ခဲ့ခြင်းကြောင့် ဒိုင်နိုဆောများ အပါအဝင် တိရစ္ဆာန်မျိုးစိတ် အများအပြား ပျက်သုဉ်းခဲ့ခြင်း ဖြစ်သည်ဟူသော ကြံဆချက်ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈–စာ၊ ၁၉၆—ရှ။)

နိုဗဲဆုရ ရူပဗေဒပညာရှင် လူဝီဝေါ်လတာ အဲလဗရက်သည် ၁၉၀၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဘာကလီမြို့၌ ကွယ်လွန်ခဲ့သည်။

အိုက်စကင်းစ်, ဗစ္စကောင့် ဂက်စတန် (ခရစ် ၁၉၀၅–၁၉၈၈)။ ။ဗဲလဂျီယမ်နိုင်ငံ သမိုင်းတွင် ၁၉၄၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ကာလအတွင်း ညွှန့်ပေါင်း အစိုးရခြောက်ဖွဲ့ကို ဦးဆောင်ခဲ့သည့်ပြင် နိုင်ငံရေးသိပ္ပံပါမောက္ခလည်းဖြစ်သော ဗစ္စကောင့် ဂက်စတန် အိုက်စကင်းစ်ကို ၁၉၀၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဗဲလဂျီယမ်နိုင်ငံ လီယာမြို့၌ မွေးဖွားခဲ့သည်။

အိုက်စကင်းစ်သည် ၁၉၃၁ ခုနှစ်မှစ၍ လိုဗန်းတက္ကသိုလ်

၌ ဘောဂဗေဒ ပါမောက္ခဖြစ်လာခဲ့ပြီး ၁၉၃၉ ခုနှစ်တွင် ကက်သလစ်ပါတီ (ယခု ဆိုရှယ် ခရစ်ယာန်ပါတီ) ဝင် ပါလီမန်အမတ်အဖြစ် ရွေးချယ်တင်မြှောက် ခံရသည်။ ထို့နောက် ဘဏ္ဍာရေးဝန်ကြီးအဖြစ် ၁၉၄၅ ခုနှစ်မှ ၁၉၄၉ ခုနှစ်ထိ ဆောင်ရွက်ခဲ့သည်။

အိုက်စကင်းစ်သည် ဆိုရှယ် ခရစ်ယာန်–လစ်ဗရယ် ညွှန့်ပေါင်း အစိုးရ (၁၉၄၉–၅၀) တွင် ဝန်ကြီးချုပ်အဖြစ် ဦးဆောင်သည်။ ဗဲလဂျီယမ်နိုင်ငံသမိုင်းတွင် ၁၉၄၀ ပြည့်နှစ်က ဂျာမန်တို့၏ ကျူးကျော်စစ်ကို ၁၈ ရက်ကြာ ခုခံပြီးနောက် လက်နက်ချကာ ပြည်ပသို့ ထွက်သွားခဲ့သော တတိယမြောက် လီယိုပိုဘုရင်ကို ဆန့်ကျင်လှုပ်ရှားမှုများ ရှိခဲ့ရာ ဗဲလဂျီယမ်နိုင်ငံ လွတ်လပ်ရေးရရှိသော ၁၉၄၄ ခုနှစ်၏ နောက်ပိုင်းကာလတွင်လည်း ယင်း လှုပ်ရှားမှုများကြောင့် နိုင်ငံရေး အကျပ်အတည်းများ ပေါ်ပေါက်ခဲ့သည်။ ပြည်ပရောက် လီယိုပိုဘုရင် ပြန်လာလိုကြောင်း အဆိုပြုလာသည့် ကိစ္စနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ရာမှ လစ်ဗရယ်တို့ နုတ်ထွက်သွားကြသဖြင့် ၁၉၅၀ ပြည့်နှစ် မတ်လ ၁၈ ရက်နေ့တွင် အိုက်စကင်းစ်သည် ဝန်ကြီးချုပ်ရာထူးကို စွန့်လွှတ်ခဲ့ရသည်။

အိုက်စကင်းစ်သည် ၁၉၅၈ ခုနှစ်တွင် ညွှန့်ပေါင်းအစိုးရ အဖွဲ့သစ် တစ်ရပ်ကို ဦးဆောင် ခဲ့ရပြန်သည်။ အစိုးရ ကျောင်းများနှင့် ခရစ်ယာန် ဘုန်းကြီးကျောင်းများအား ငွေကြေး အကူအညီကို တစ်ပြေးညီ ထောက်ပံ့သည့် ကျောင်းများဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကိုပြဋ္ဌာန်း နိုင်ခဲ့ခြင်းဖြင့် ကက်သလစ်ကျောင်းများအား နိုင်ငံတော်၏ ထောက်ပံ့မှုနှင့် စပ်လျဉ်း၍ ကာလရှည်ကြာစွာအငြင်းပွားနေခြင်းကို ပြေငြိမ်းစေခဲ့သည်။

ထို့ပြင် ဗဲလဂျီယမ်အစိုးရသည် ဗဲလဂျီယမ်ကွန်ဂိုကိုလိုနီ၏ နိုင်ငံရေး၊ စီးပွားရေးပြဿနာများကို ဖြေရှင်းပေးနိုင်ခြင်းမရှိတော့ကြောင်းကို အိုက်စကင်းစ်သည် တွက်ဆသိမြင်လာ၍ ယင်းကိုလိုနီအား လွတ်လပ်ရေးပေးရန် ပါလီမန်ကို အကျိုးသင့် အကြောင်းသင့် ရှင်းလင်း တိုက်တွန်းခဲ့သည်။ ဗဲလဂျီယမ်ကွန်ဂို (ဇိုင်ယာ) အား ၁၉၆၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့တွင် လွတ်လပ်ရေးပေးပြီးနောက် ယင်းနိုင်ငံ၌ သွေးချောင်းစီးသော ပြည်တွင်းစစ်ပေါ်ပေါက် ခဲ့ရခြင်းကြောင့်လည်းကောင်း၊ ဗဲလဂျီယမ်နိုင်ငံ၌ပင်လျှင် စီးပွားရေးပြဿနာများရှိလာခြင်းကြောင့်လည်းကောင်း ၁၉၆၁ ခုနှစ် မတ်လ ရွေးကောက်ပွဲ၌ အိုက်စကင်းစ်၏အစိုးရအဖွဲ့ အရေးနိမ့်ခဲ့သည်။


အိုက်စကင်းစ်သည် ၁၉၆၅ ခုနှစ်မှ ၁၉၆၆ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ထပ်မံ တာဝန်ထမ်းဆောင်ရပြန်သည်။ ၁၉၆၈ ခုနှစ် ဇွန်လတွင် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့ရပြန်သည်။ ဗဲလဂျီယမ်နိုင်ငံတွင် ပြည်တွင်းပြဿနာများ၏ ဇာစ်မြစ်မှာ နိုင်ငံ၌ ဘာသာစကား အလိုက် ဒေသသုံးပိုင်း ကွဲပြားနေခြင်းတွင် တည်လေ့ရှိပေသည်။ နယ်သာလန်နှင့် နယ်စပ်တစ်လျှောက်ရှိ မြောက်ပိုင်းဒေသဖြစ်၍ ဒတ်ချ် စကားပြောဆိုသော ဖလန်းဒါးစ်ဒေသ၊ ပြင်သစ်နှင့် နယ်စပ်ဒေသတစ်လျှောက်ရှိ တောင်ပိုင်းဒေသဖြစ်၍ ပြင်သစ်စကားပြောဆိုသော ဝေါလိုနီးယားဒေသ၊ ယင်းဒေသနှစ်ရပ်အကြားရှိ အလယ်ပိုင်းလွင်ပြင်ဖြစ်၍ ဒတ်ချ်စကား (ဖလင်းမစ်ရ်) နှင့် ပြင်သစ်စကား နှစ်မျိုးစလုံးကို သုံးနှုန်းပြောဆိုသော ဗရပ်ဆဲဒေသဟူ၍ ကွဲပြားနေခြင်း ဖြစ်သည်။ အိုက်စကင်းစ်၏ အစိုးရအဖွဲ့သည် ဝေါလိုနီးယားနှင့် ဖလန်းဒါးစ်တို့အား ကိုယ်ပိုင်အုပ်ချုပ်ရေးအပ်နှင်းသည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ်ကို ၁၉၇၀ ပြည့်နှစ်တွင် ရေးဆဲ့ပြဋ္ဌာန်းခဲ့သည်။ အိုက်စကင်းစ်သည် ၁၉၇၂ ခုနှစ် နိုဝင်ဘာလတွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။

ဗဲလဂျီယမ်နိုင်ငံတွင် ၁၉၈၁ ခုနှစ် ဧပြီလ ၆ ရက်နေ့က ဆိုရှယ်လစ်နှင့် ခရစ်ယာန် ဒီမိုကရက် ညွှန့်ပေါင်း အစိုးရအဖွဲ့သစ်ကို ဦးဆောင်၍ ဝန်ကြီးချုပ် ဖြစ်လာသော မတ်ခ် အိုက်စကင်းစ်သည် ဂက်စတန် အိုက်စကင်းစ်၏ သားဖြစ်သည်။

အိုက်စကင်းစ်၏ သိမ်ဖိုရီ အင် အိုကိုနောမစ်ရှဲ့ ပိုလစ်တီယက်ခ် (၁၉၅၆) အပါအဝင် နိုင်ငံရေး ဘောဂဗေဒ ကျမ်းများစွာကို ရေးသားပြုစုခဲ့သည့် ဗဲလဂျီယမ် ဝန်ကြီးချုပ်ဟောင်း ဗစ္စကောင့် ဂက်စတန် အိုက်စကင်းစ်သည် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် လိုဗိန်းမြို့၌ ကွယ်လွန်သည်။

အင်္ဂါကြိုဟ်သုတေသန။ ။အင်္ဂါကြိုဟ်သည် ကမ္ဘာမြေပြင်မှမိုင်ပေါင်း ၃၅ သန်းအကွာတွင်ရှိသည်။ အင်္ဂါကြိုဟ်၏ အချင်းသည် ၄,၂၁၈ မိုင်ရှိသည်။ နွေရာသီမှန်းတည့်ချိန်တွင် အီကွေတာဒေသရှိသော ပျမ်းမျှအပူချိန်သည် ၈၀ ဒီဂရီဖာရင်ဟိုက် ဖြစ်သည်။ နေကို တစ်ပတ်ပတ်ရန် ၁ ဒသမ ၈၈ နှစ်ကြာသည်။ တစ်စက္ကန့်လျှင် ၁၅ မိုင်နှုန်းဖြင့် ပတ်ခြင်းဖြစ်သည်။ အင်္ဂါကြိုဟ်ပေါ်ရှိ တစ်ရက်တာသည် ကမ္ဘာပေါ်က တစ်ရက်တာထက်ပို၍ ရှည်ကြာသည်။ ၂၄ နာရီ ၃၇ မိနစ်လျှင် တစ်ရက်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ပေါင် ၁၀၀ လေးသော ဒြပ်ထုတစ်ခုသည် အင်္ဂါကြိုဟ်ပေါ်တွင် ၃၈ ပေါင်သာလေးသည်။ အင်္ဂါကြိုဟ်ကို အရံကြိုဟ်နှစ်လုံး ပတ်လျက်ရှိသည်။ ဖိုဘို့စ် (စိုးရိမ်ခြင်း) နှင့် ဒိုင်မော့စ် (ထိတ်လန့်ခြင်း) တို့ ဖြစ်ကြသည်။ ဂရိစစ်နတ်ဘုရား၏ သားတော်နှစ်ပါး၏ အမည်ကို အစွဲပြုမှည့်ခေါ်ထားသည်။


အင်္ဂါကြိုဟ် သုတေသန



အမေရိကန်ပြည်ထောင်စုက ၁၉၇၆ ခုနှစ်တွင် လွတ်တင်ခဲ့သော ဗိုက်ကင်း-၁ အာကာသယာဉ် အင်္ဂါကြိုဟ်မြေသားနမူနာကို ရယူနေပုံ

ယင်းအရံကြိုဟ်များကို အမေရိကန် နက္ခတ္တ ပညာရှင် အက်ဆာဖ်ဟောက စတင်တွေ့ရှိခဲ့သည်ဟု ဆိုသည်။ အင်္ဂါကြိုဟ်ကိုပတ်မိရန် ဒိုင်မော့စ်က ၁ ရက် ၆ နာရီ ၁၈ မိနစ်ကြာသည်။ ဖိုဘို့စ်က ၅၇ နာရီ ၃၉ မိနစ်ကြာသည်။ ဒိုင်မော့စ်က အင်္ဂါကြိုဟ်မှ ၅,၀၂၅ မိုင် ကွာဝေးပြီး ဖိုဘို့စ်က မိုင်ပေါင်း ၁၄,၅၀၀ ကွာဝေးသည်။ ဒိုင်မော့စ်သည် အချင်းသုံးမိုင်သာရှိပြီး ဖိုဘို့စ်က အချင်း၁၀းမိုင်သာရှိသည်။ ဖိုဘို့စ်သည် အင်္ဂါကြိုဟ်သို့ တစ်စတစ်စနီးကပ်လာလျက်ရှိပြီး ဒိုင်မော့စ်သည် အင်္ဂါကြိုဟ်မှ တစ်စတစ်စ ဝေးကွာလာလျက်ရှိသည်ဟု ဆိုသည်။ သိပ္ပံပညာရှင်များက ဖိုဘို့စ်သည် နောင်နှစ်ပေါင်းသန်း ၃၀ မှ ၇၀ အတွင်းတွင် အင်္ဂါကြိုဟ်ပေါ် သို့ ကျရောက်ဒဏ်ခံရမည်ဟု တွက်ဆထားကြသည်။

အီတလီ နက္ခတ္တဗေဒပညာရှင် ဂလီလီယို ဂလီလေ (၁၅၆၄ – ၁၆၄၂) က ၁၇ ရာစုနှစ်တွင် ပထမဦးဆုံး တယ်လီစကုပ်ကို တည်ဆောက်ခဲ့ပြီးချိန်မှ စ၍ နက္ခတ်တာရာ လေ့လာမှု ကဏ္ဍသစ်ဖွင့်ခဲ့သည်။ ယိုဟန်းနက်ကက်ပလာ (၁၅၇၁ – ၁၆၃၀) သည် ကြိုဟ်များဇွေလျားပုံကို ထိန်းကိုင်ထားသော ဥပဒေသသုံးရပ်ကို ဖော်ထုတ်ခဲ့ပြီးနောက် ဂလီလီယိုထံသို့ စာရေးသားရာ၌ အင်္ဂါကြိုဟ်ကွင် လသို့မဟုတ် အရံကြိုဟ်နှစ်စင်း ရှိသည်ဟူသော အယူအဆကို တင်ပြခဲ့သည်။ ထိုအယူအဆကို မှတ်သားဖူးသော ဂျိုနာသန် ဆွစ် (၁၆၆၇–၁၇၄၅) က ထင်ရှားသော ဝတ္ထုလက်ရာဖြစ်သည့် ဂါလီဗာခရီးစဉ်ကို ၁၇၂၆ ခုနှစ်တွင် ရေးသားထုတ်ဝေရာ၌ လာပူတန်နက္ခတ္တဗေဒ ပညာရှင်များက အင်္ဂါကြိုဟ်၏ ကြိုဟ်ရံနှစ်စင်းကို စတင်တွေ့ရှိလေဟန် ဇာတ် ကောင် ဖန် ဆင်း ရေး ဖွဲ့ခဲ့ သည်။ ဗော်လတဲ (၁၆၉၄ – ၁၇၇၈) သည် ၁၇၅၂ ခုနှစ်တွင် ရေးသားထုတ်ဝေသော မက် က ရီ မီ ဂါ ဝတ္ထုထဲ၌ သူ၏ဇာတ်ကောင်များသည် အင်္ဂါကြိုဟ် တွင် လနှစ်စင်းရှိကြောင်း တွေ့ရှိခဲ့သည်ဟု ရေးသားထားသည်။ ဗြိတိသျှနက္ခတ္တဗေဒ ပညာရှင် ဆာ ဝီလျံ ဟာရှဲ (၁၇၃၈-၁၈၂၂)က အင်္ဂါကြိုဟ်၏ အလင်းနယ်နှင့် အမှောင်နယ်တို့အကြားတွင် တွေ့ရသော အသွင်အပြင်များသည် မိုးတိမ်နှင့် ရေခိုးရေငွေ့ဖြစ်၍ အင်္ဂါကြိုဟ်တွင်လေထုရှိကြောင်း၊ ကမ္ဘာမြေပြင်နှင့် ဆင်တူသောအခြေအနေများကို ထိတွေ့ရှင်သန်နေကြသော ကြိုဟ်သားများ ရှိကောင်းရှိနိုင်သည်ဟု ၁၇၈၄ ခုနှစ်တွင် တင်ပြခဲ့သည်။ ဂျာမန်သခ်ျာပညာရှင် ကားလ်ဖရီးဒရစ် ဂေါက်စ် (၁၇၇၇–၁၈၅၅) က အင်္ဂါကြိုဟ်သားတို့သည် အသိဉာဏ်ရှိသည်ဟု ယူဆခဲ့သည်။ ဆိုက်ဗီးရီးယားဒေသတွင် ဧရာမဂျုံခင်းကြီးတစ်ခင်းကို ထင်းရှူးပင်များရံလျက် ထောင့်မှန်တြိဂံပုံ စိုက်ပျိုးထားရန် ၁၈၂၀ ပြည့်နှစ်တွင် ဂေါက်စ်က အဆိုပြုခဲ့သည်။ ကမ္ဘာသားတို့ သခ်ျာပညာနားလည်ကြောင်း အင်္ဂါကြိုဟ်သားတို့ သိစေရန်ဖြစ်သည်ဟု ဆိုသည်။ အီတလီနက္ခတ္တပညာရှင် ဂီယိုဗန်နီ ရှီယာ ပါရဲလီသည် ၁၈၇၇ ခုနှစ်တွင် တယ်လီစကုပ်ဖြင့်လေ့လာနေစဉ် အင်္ဂါကြိုဟ် မျက်နှာပြင်ပေါ်၌ အမှောင်နယ်တို့နှင့် ဆက်စပ်



အနာဂတ်အင်္ဂါရုပ်သုတေသနတွင် အရေးပါလာမည့် အမေရိကန်ပြည်ထောင်စု၏ အာကာသစခန်းယာဉ်ကို စိတ်ကူးယဉ်ပုံစံထုတ်ထားပုံ

နေသော တူးမြောင်းများကို မြင်တွေ့ရသည်ဟု ဆိုသည်။ ချမ်းသာကြွယ်ဝသော အမေရိကန် သခ်ၤာပညာရှင်၊ သံတမန်နှင့် နက္ခတ္တဗေဒပညာရှင် ပါစီဗယ် လိုဝဲ (၁၈၅၅–၁၉၁၆) က အရှိဳးနားပြည်နယ်တွင် နက္ခတ္တလေ့လာရေးစခန်းကို ထူထောင်ပြီး အင်္ဂါရုပ်ကို လေ့လာခဲ့သည်။ အင်္ဂါရုပ်ပေါ်တွင် ဝင်ရိုးစွန်းဒေသမှ ခြောက်သွေ့သော မြို့ကြီးများဆီသို့ တူးမြောင်းများ သွယ်တန်းလျက် ရေပို့သည့်လုပ်ငန်း ရှိပုံရသည်ဟု ၁၉၀၈ ခုနှစ်တွင် လိုဝဲက တင်ပြခဲ့သည်။ လိုဝဲ၏ လေ့လာ တင်ပြချက်များကို စိတ်ဝင်စားသော ဗြိတိသျှဝတ္ထုရေးဆရာ အိပ်ချ် ဂျီ. ဝဲ (၁၈၆၆–၁၉၄၆)က ကမ္ဘာများ၏ စစ်ပွဲအမည်ရှိ ဝတ္ထုကို ရေးသားခဲ့ရာ အင်္ဂါရုပ် သား များ ကမ္ဘာမြေပြင်ကို ကျူးကျော်ခဲ့ပုံကို ဇာတ်လမ်းဆင်ခဲ့သည်။ ယင်းဝတ္ထုကို မှီးလျက် ရုပ်ရှင်အနုပညာရှင် အော်ဆန်ဝဲ (၁၉၁၅–၁၉၇၅)က အမှန်တကယ်အင်္ဂါရုပ်သားတို့ ကျူးကျော်လေဟန် အသံလွှင့်ဇာတ်လမ်း ဖန်တီးခဲ့ရာ အမေရိကန်နိုင်ငံသားတို့ တုန်လှုပ်ခဲ့ရသည်။

အင်အားကြီးမားသော လက်မ ၂၀၀ အရွယ် မောင့်ပါလိုမာ တယ်လီစကုပ်ကြီးဖြင့် လေ့လာရာ အင်္ဂါရုပ်၌ သက်ရှိလို့ပ်သားရှိကြောင်း အထောက်အထားကို မတွေ့ရ

ခေျ။ သို့ရာတွင် စိတ်ကူးယဉ် သိပ္ပံဝတ္ထုများ၌ ယင်း ထင်မြင်ယူဆချက်သည် လွှမ်းမိုးနေဆဲဖြစ်သည်။ ဖရက် ဒရစ် ဘရောင်း၏ အင်္ဂါကြိုဟ်သားများ အိမ်ပြန်လေ့ ဝတ္ထု၊ ရေး ဘ ရက် ဗျူ ရီ ၏ အင်္ဂါကြိုဟ်မှတ်တမ်းများ၊ ရောဗတ် ဟိုင်းလိုင်း၏ မရောက်ဖူးသောမြေက မတွေ့ဖူး သောသူဝတ္ထု စသည့်ဝတ္ထုများတွင် အင်္ဂါကြိုဟ်၌ သက်ရှိ ဇာတ်ကောင်များ ဖန်တီးရေးသားခဲ့ကြသည်။ ရေးသား နေကြဆဲဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ၁၉၆၅ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် မရီနာ–၄ အာကာသယာဉ်ကို လွှတ်တင်ခဲ့ရာ အင်္ဂါကြိုဟ်ကို ပထမဆုံးရိုက်ကူးသော ဓာတ်ပုံများ ရရှိခဲ့ သည်။ ၆,၁၁၀ မိုင်အကွာမှ ရိုက်ယူခဲ့ခြင်း ဖြစ်သည်။ ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၃ ရက် နေ့ မှ ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ထိ အင်္ဂါကြိုဟ်ကိုပတ်ခဲ့သော မရီနာ–၉ အာကာသယာဉ်ထဲမှလည်း အင်္ဂါကြိုဟ်နှင့် စပ်လျဉ်း၍ အချက်အလက်သစ်များ ရရှိခဲ့သည်။ တစ်ချိန် က အင်္ဂါကြိုဟ်ပေါ်တွင် ·မြစ်များ စီးဆင်းခဲ့ဟန် တူ သည့် ခြောက်သွေ့နေသော မြစ်ကြမ်းပြင်များနှင့် မြစ်ဝကျွန်း ပေါ်သွင်ပြင်လက္ခဏာများကို မရီနာ – ၉ မှ ပေးပို့သော ဓာတ်ပုံများ၌ တွေ့ရှိရသည်ဟူသော သတင်းများ ထွက် ပေါ်လာခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဗိုက်ကင်း အာကာသ ယာဉ်နှစ်စင်းကို အမေရိကန် ပြည်ထောင်စုက လွှတ်တင်ခဲ့ ပြန်သည်။ ဗိုက် ကင်း– ၁ မှ ဂြိုဟ် ဆင်းယာဉ် ငယ်သည် ၁၉၇၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် အင်္ဂါကြိုဟ်ပေါ်သို့ ဆင်းသက်လေ့လာသည်။ အင်္ဂါကြိုဟ်၏ လေထုကွင် ကာဗွန် ဒိုင်အောက်ဆိုက် ၉၅ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင် နှစ်ရာခိုင် နှုန်းမှ သုံးရာခိုင်နှုန်း၊ အာဂွန် တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင် နှုန်းနှင့် အောက်ဆီဂျင် သုညဒသမ ၃ ရာခိုင်နှုန်း ပါဝင် ဖွဲ့စည်းထားကြောင်း တွေ့ရှိရသည်။ ယင်းဂြိုဟ်ပေါ်တွင် လေဖိအား လွန်စွာနည်းသဖြင့် မြောက်ပိုင်းဝင်ရိုးစွန်းဒေသ ၌ ရေခဲရှိလင့်ကစား ကျန်မြေမျက်နှာပြင်ပေါ်၌ ရေတည် ရှိနိုင်ဖွယ် မမြင်ကြောင်းဖြင့် ဗိုက်ကင်း – ၁ အာကာသ ယာဉ်၏ လေ့လာတွေ့ရှိချက်များက ဆိုသည်။ ဗိုက်ကင်း– ၂ အာကာသယာဉ်၏ ဂြိုဟ်ဆင်းယာဉ်– ၂ သည် ၁၉၇၆ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် အင်္ဂါ ဂြိုဟ်ပေါ်၌ ဆင်းသက်သည်။ ဗိုက်ကင်း အာကာသယာဉ် နှစ်စင်းမှ အနီးကပ်ရိုက်ကူးသော ဓာတ် ပုံ ပေါင်း ၄,၅၀၀ ကျော်ကို ပေးပို့ခဲ့သည်။ ဗိုက်ကင်း – ၂ အာကာသယာဉ်မှ ယူလာ သော အင်္ဂါဂြိုဟ်မြေသားနမူနာကို လေ့လာကြည့်ရာ သက်ရှိ တည်နေခြင်း ရှိမရှိ သက်သေအထောက်အထား မရှာနိုင်ခင်မှာပင် ဓာတ်ခွဲခန်းထဲတွင် စမ်းသပ်စဉ် ယင်း မြေသားနမူနာသည် ပေါက်ကွဲ သွားသည်ဟု ဆိုသည်။

ဆိုဗီယက်ပြည်ထောင်စုသည်လည်း ၁၉၆၂ ခုနှစ်မှစ၍ ဂြိုဟ်တုခုနစ်စင်းကို အင်္ဂါဂြိုဟ်သို့ပစ်လွှတ်လေ့လာခဲ့သည်။ ဖိုဘို့စ်အာကာသယာဉ်နှစ်စင်းကိုလည်း အင်္ဂါဂြိုဟ်၏ အရံ ဂြိုဟ် ဖိုဘို့စ်သို့ ၁၉၇၈ ခုနှစ် ဇူလိုင်လတွင် လွှတ်တင်ခဲ့ သည်။ (အာကာသ သုတေသန — ရှု။)

အမေရိကန်ပြည်ထောင်စုတွင် အဖွဲ့ဝင် ၁,၂၅,၀၀၀ ရှိ သော ဂြိုဟ်လေ့လာရေးအသင်းကြီးက အင်္ဂါဂြိုဟ်သို့ လူ ပါသော အာကာသယာဉ် လွှတ်တင်ရန် ဝါရှင်တန် ပို့စ်ထ် သတင်းစာကြီး၌ မျက်နှာပြည့် ကြော်ငြာဖြင့် အဆိုပြုခဲ့ သည်။ ပြောင်းလဲမှု၏ စိန်ခေါ်သံများ(၁၉၇၁)ကို ရေး သားခဲ့သော ထင်ရှားသည့် ရုပ်မြင်သံကြား စာနယ်ဇင်း ပညာရှင် ဝေါလတာ လီလန် ခရွန်ကိုက်၊ အထက်လွှတ် တော်အမတ် ဂျိတ်ဂန်း၊ နိုဗဲဆုရှင်ရူပဗေဒပညာရှင် ဟန့်စ် ဘီသဲ၊ သမ္မတဟောင်း ဂျင်မီ ကာတာစသည့် ထင်ရှား သော အမေရိကန်လူမျိုး နိုင်ငံရေးသုခမိန်များ၊ အတတ် ပညာရှင်၊ အသိပညာရှင်များက ယင်းအဆိုကို ထောက်ခံ ကြောင်း လက်မှတ်ရေးထိုး ခဲ့ကြသည်။ ဟာဝိုင်ယီမှ ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် စပါ့ခ် မတ်ဆု နာဂါကလည်း အင်္ဂါဂြိုဟ်စီမံကိန်းစာအုပ်ကို ရေးသား၍ အင်္ဂါဂြိုဟ်သို့သွားမည့် အာကာသ ခရီးစဉ်ကို အကောင် အထည်ဖော်ရန် တိုက်တွန်းခဲ့သည်။

အမေရိကန် ပြည်ထောင်စုသည် ဥရောပနိုင်ငံပေါင်း ၁၂ နိုင်ငံနှင့်အတူ ဆိုဗီယက်ပြည်ထောင်စု၏ ဖိုဘို့စ် အာကာသခရီးစဉ်တွင် ပါဝင်ကူညီခဲ့သည်။ ယင်းဖိုဘို့စ် အာကာသယာဉ်များသည် ၁၉၇၉ ခုနှစ် ဇန်နဝါရီလတွင် အင်္ဂါဂြိုဟ်သို့ ရောက်ရှိပြီး ဂြိုဟ်၏ မျက်နှာပြင် အထက် မိုင် ၄၀၀၀ အကွာရှိ ဂြိုဟ်ပတ်လမ်းသို့ ဝင်ရောက်မည် ဖြစ်သည်။ တစ်နည်းအားဖြင့်အရံဂြိုဟ် ဖိုဘို့စ်၏ဂြိုဟ်ပတ် လမ်းထက် မိုင် ၁၄၀ ပို၍မြင့်သော ဂြိုဟ်ပတ်လမ်းသို့ ဝင်ရောက်မည်ဖြစ်သည်။ဖိုဘို့စ် အာကာသယာဉ်သည်အင်္ဂါ ဂြိုဟ်ကို လေးလခန့်ပတ်လျက် အနာဂတ်တွင် ဆင်းသက် သင့်သည့် နေရာများကို ရှာဖွေမှတ်သားခဲ့မည် ဖြစ်သည်။ ရပ်ဝေးသို့ ထောက်လှမ်းလေ့လာသော ကိရိယာများဖြင့် မြေမျက်နှာပြင်အနေအထားနှင့် မိုးလေဝသ အခြေအနေ ကို စူးစမ်းလေ့လာမည်ဖြစ်သည်။ ၁၉၉၂ ခုနှစ်တွင် အမေ ရိကန်နိုင်ငံကလည်း အင်္ဂါဂြိုဟ် လေ့လာရေး အာကာသ ယာဉ်ကိုလွှတ်တင်ဦးမည်ဖြစ်သည်။ အင်္ဂါဂြိုဟ်သို့သွားမည့် လူပါသော အာကာသ ခရီးစဉ်အတွက် ဒေါ်လာ သန်းပေါင်း ၁,၀၀,၀၀၀ ကုန် ကျ မည်ဟု ခန့် မှန်း ထား သည်။

အစ္စရေးနိုင်ငံ။ ။အစ္စရေးနိုင်ငံ သမ္မတ ချိမ်း ဟာဇော့သည် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ဒုတိယမြောက် ငါးနှစ်သက်တမ်းအတွက် ပြန်လည် ရွေးချယ် တင်မြှောက်ခံရသည်။ ဟာဇော့သည် ၁၉၇၃ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် လီကွတ်ပါတီ၏ သမ္မတ လောင်းကို အနိုင်ရရှိခဲ့ချိန်မှစ၍ ရွေးရိုးလက်ယာဝါဒီတို့၏ ကျယ်ပြန့်သော ထောက်ခံမှုကို ရရှိလာခဲ့သည့်အလျောက် ဒုတိယ သက်တမ်းအတွက် ယှဉ်ပြိုင်ရာတွင် ပြိုင်ဘက် သမ္မတလောင်းပင် မရှိချေ။ ၁၀၂ မဲ ပေးသည့်အနက် ထောက်ခံမဲ ၈၂ မဲ ရရှိသည်။ ကွန်မြူနစ်အမတ်များက ကန့်ကွက်မဲပေးကြသည်ဟု ဆိုသည်။

အစ္စရေးတို့သိမ်းပိုက်ထားသည့် ဂျော်ဒန်မြစ်အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတွင် ၁၉၆၇ ခုနှစ် ဒီဇင်ဘာလမှစ၍ အင်တိဖာဒါအုံကြွမှုဟု ခေါ်တွင်သော ပါလက်စတိုင်း ဆူပူလှုပ်ရှားမှုများ ဖြစ်ပွားခဲ့ရာ ပါလက်စတိုင်း လူမျိုးများနှင့် အစ္စရေး လုံခြုံရေးတပ်ဖွဲ့တို့ ထိပ်တိုက် ရင်ဆိုင် အကြမ်းဖက်ကြခြင်းကြောင့် ပါလက်

အစ္စရေးတို့ သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းတွင် ရွေးကောက်ပွဲကျင်းပစဉ် သေနတ်လွယ်လျက် မဲဆန္ဒပေးနေရသော ဂျူးလူမျိုးတစ်ဦး




စတိုင်းလူမျိုး ၁၆၅ ဦး သေဆုံးကြောင်းဖြင့် အစ္စရေး လှတ်တော်၌ ကာကွယ်ရေးဝန်ကြီး ယစ်ဇက် ရာဘင်က ဝန်ခံပြောကြားခဲ့သည်။ ဆူပူမှုများ ဆက်လက် ဖြစ်ပွားခဲ့ရာ ၁၉၇၈ ခုနှစ် နိုဝင်ဘာလကုန်တွင် ပါလက်စတိုင်းလူမျိုး ၃၂၈ ဦးနှင့် အစ္စရေး ၁၁ ဦး သေဆုံးခဲ့ပြီး ဖြစ်သည်။ ယင်းနယ်မြေများကို အစ္စရေးတို့ ၂၁ နှစ်ကြာ သိမ်းပိုက်ထားမှုကိုလည်း နိုင်ငံတကာက အာရုံပြုလာစေခဲ့သည်။ (ဂျော်ဒန်နိုင်ငံ — ရှု။) (ပါလက်စတိုင်း အခြေအနေ — ရှု။) ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို) ၏ ပါလီမန် ဖြစ်သော ပါလက်စတိုင်း အမျိုးသားကောင်စီက အစ္စရေးနိုင်ငံ တည်ရှိပိုင်ခွင့်ကို သဘောတူလက်ခံသော ကြည်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည့်ပြင် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ပါလက်စတိုင်းနိုင်ငံထူထောင်ကြောင်း ကြေညာခဲ့သည်။

အစ္စရေးစစ်စခန်းတစ်ခုကို ၁၉၆၇ ခုနှစ် နိုဝင်ဘာလက အကြမ်းဖက်တိုက်ခိုက်ခဲ့မှုကြောင့် အစ္စရေးစစ်သည် ခြောက်ဦး သေဆုံးခဲ့ရခြင်းကို လက်စားချေသောအားဖြင့် ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် လက်ဗန္ဓနတောင်ပိုင်းရှိ ပါလက်စတိုင်း အခြေစိုက်စခန်း အများအပြားကို အစ္စရေးစစ်တပ်က စီးနင်းတိုက်ခိုက်ခဲ့ရာ လူ ၂၁ ဦးထက်မနည်း သေဆုံးခဲ့သည်။ ထို့နောက် လက်ဗန္ဓနနိုင်ငံမှ နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်လာသော ပါလက်စတိုင်း ပြောက်ကျားသုံးဦးက ဇန်နဝါရီလ ၂၀ ရက်နေ့တွင် အစ္စရေးတပ်ဖွဲ့တစ်ဖွဲ့ကို တိုက်ခိုက်ခြင်း၊ လက်ဗန္ဓနတောင်ပိုင်းရှိ အစ္စရေးလုံခြုံရေး ဇုန်နယ်မြေ၌ ကင်းလှည့်နေသော အစ္စရေးစစ်တပ်ကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် အမျိုးအမည်မသိ ပြောက်ကျားများက ချုံခိုတိုက်ခိုက်၍ အစ္စရေးစစ်သား နှစ်ဦး သေဆုံးရခြင်း၊ ပီအယ်အို၏ အယ်ဖတားအဖွဲဝင် သုံးဦးသည် မတ်လ ၇ ရက်နေ့တွင် နီဂေဝဲကန္တာရထဲ၌ ဘတ်စကားတစ်စင်းကို အဓမ္မ သိမ်းပိုက်ပြီး ခရီးသည်သုံးဦးကို ဝတ်ဖြတ်ပစ်ခြင်း၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြောက်ကျားသုံးဦးက လက်ဗန္ဓနမှ အစ္စရေးနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်ရန် ကြိုးပမ်းခြင်းစသည့် ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။ အစ္စရေးတို့ သိမ်းပိုက်ထားသော နယ်မြေများမှ အင်တိဖာဒါအုံကြွမှုကို ထောက်ခံသောအားဖြင့် မတ်လနှင့် ဧပြီလအတွင်းတွင်ပင် အစ္စရေးနိုင်ငံတွင်းသို့ ပါလက်စတိုင်း ပြောက်ကျားတို့ ထိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းမှု ၁၁ ကြိမ် ဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ အစ္စရေးနိုင်ငံကလည်း လက်ဗန္ဓနနိုင်ငံတွင်းသို့ မကြာခဏဝင်ကာ တုံ့ပြန်တိုက်ခိုက်ခဲ့ရာ ၁၉၆၈ ခုနှစ်တွင် အောက်တိုဘာလကုန်ထိ လေကြောင်းမှ ၁၈ ကြိမ် တိုက်ခိုက်ခဲ့သည်။ တစ်ဖန် ဒီဇင်ဘာလ ၉ ရက်

နေ့တွင် အစ္စရေးနယ်စပ်၏မြောက်ဘက် မိုင် ၅၀ အကွာ အဝေးရှိ လက်ဗန္ဓနန်ကမ်းရိုးတန်းမြို့ ဖြစ်သည့် နာဇရက်မြို့ အနီး တောင်ကုန်း ဒေသများသို့ အစ္စရေးတပ်များက လေထီးဖြင့်ဆင်း၍ ပါလက်စတိုင်း ပြောက်ကျားများကို တိုက်ခိုက်ခဲ့ရာ အစ္စရေး ဒုတိယဗိုလ်မှူးကြီးတစ်ဦး သေဆုံးပြီး တပ်သားသုံးဦး ဒဏ်ရာရသည်။ ပြောက်ကျား ကိုးဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရသည်။ အင်တီဖာဒါအုံကြွမှု နှစ်ပတ်လည်ပြည့်မြောက်ခြင်းနှင့် တိုက်ဆိုင်သော တိုက်ပွဲ ဖြစ်သည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလအတွင်း ဘေရွတ် မြို့မှ အစ္စရေးတပ်များ ရုပ်သိမ်းသွားပြီး နောက်ပိုင်းတွင် လက်ဗန္ဓနန်နိုင်ငံ အတွင်းသို့ အနက်ရှိုင်းဆုံး ထိုးဖောက်ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။ ပါလက်စတိုင်း လှတ်မြောက်ရေး ပေါ်ပြူလာတပ်ဦးဌာနချုပ် (ပီအက်ဖ်အယ်ပီ – ဂျီစီ) ကို ပစ်မှတ်ထား၍ တိုက်ခိုက်သည်ဟု ဆိုသည်။ အာမက်ဂျီဘရီး ဦးဆောင်သော ယင်း ပြောက်ကျား အဖွဲသည် ၁၉၇၇ ခုနှစ် နိုဝင်ဘာလက အစ္စရေးနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခိုက်မှုကို ညွှန်ကြားခဲ့သည်ဟု အစ္စရေးနိုင်ငံက ယူဆထားသည်။ မည် သို့ပင် ဖြစ် စေ ပီအယ်အိုအဖွဲက အကြမ်းဖက်မှုကို စွန့်လွှတ်ကြောင်းဖြင့် ၁၉၇၈ ခုနှစ် နိုဝင်ဘာလကပင် ကြေညာခဲ့ပြီးဖြစ်ပါလျက် ယင်းကွန်မန်ဒို စစ်ဆင်ရေးကို အစ္စရေးက ဆင်နွှဲခဲ့ခြင်း အတွက် နိုင်ငံတကာက အစ္စရေးနိုင်ငံအား ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၂၄၂ နှင့် ၃၃၈ တို့ကို လက်ခံ လိုက် ခြင်း ဖြင့် အစ္စရေးနိုင်ငံကို အသိအမှတ်ပြုရာရောက်သော ပါလက်စတိုင်းကြေညာချက်ကို ဆိုဗီယက်ပြည်ထောင်စု၊ ပြင်သစ်၊ အီဂျစ်နှင့် တရုတ်ပြည်သူ သမ္မတနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၅၅ နိုင်ငံက နိုဝင်ဘာလမကုန်မီမှာပင် ကြိုဆိုခဲ့ကြသည်။ သို့ရာတွင် အဘူနီဒယ်ဦးဆောင်သော ဖတားတော်လှန်ရေးတပ်ဖွဲ့အမည်ရှိ ပါလက်စတိုင်းပြောက်ကျားတပ်ဖွဲ့က ယင်းကြေညာချက်ကို ထောက်ခံမှုမပြုဘဲ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလတွင် လက်ဗန္ဓနန်နိုင်ငံ တောင်ပိုင်း၌ အစ္စရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်လျက် ရှိပေသည်။

အစ္စရေးနိုင်ငံ အထွေထွေ ရွေးကောက်ပွဲကို ၁၉၇၈ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပရာ ယစ်ဇက် ရှမီးယား၏ လက်ယာစွန်းဝါဒီ လိကွတ်ပါတီက အမတ်နေရာ ၄၀ နှင့် ရှိမွန်ပဲရက်စ်၏ လက်ဝဲယိမ်း လေဘာပါတီက အမတ်နေရာ ၃၉ နေရာ ရရှိသည်။ ပါလီမန်တွင် အမတ်နေရာ ၁၂၀ ရှိရာ မည်သည့်ပါတီမျှနေရာအများစုကို လွှမ်းမိုးနိုင်ခြင်း မရှိခဲ့ချေ။ လိကွတ်ပါတီနှင့် လေဘာပါတီတို့သည် ဘာသာရေးပါတီများနှင့် ပူးပေါင်းရန် သီးခြား စေ့စပ်မှုများ ပြုလုပ်ခဲ့သည်။ ဘာသာရေးပါတီများသည် အစ္စရေးနိုင်ငံ ဥပဒေကို ရဟူဒီ ဘာသာရေး အစဉ်အလာ အယူအဆနှင့် ပိုမိုနီးစပ်အောင် ရေးဆွဲပြဋ္ဌာန်းရေးတွင် အချင်းချင်း သဘောထားတိုက်ဆိုင်မှု ရှိကြသော်လည်း အခြားကိစ္စများတွင် မကြာခဏ သဘောထားကွဲလွဲမှုများ ရှိကြသည်။ တစ်ဘက်တွင် ပါလက်စတိုင်းနိုင်ငံ ထူထောင်မည့် အရေးကိုလည်း မြင်တွေ့နေရသည်။ သို့ဖြစ်၍ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် လီကွတ်ပါတီ ဗဟိုကော်မတီ အစည်းအဝေးက လေဘာပါတီနှင့် ပူးပေါင်းကာ အမျိုးသားညီညွတ်ရေး အစိုးရဖွဲ့စည်းရန် ထောက်ခံမဲ ၇၉၆ မဲ၊ ကန့်ကွက်မဲ ၆၄၂ မဲဖြင့် အတည်ပြုခဲ့သည်။ ၂၂ ရက်နေ့တွင် လေဘာ ဝန်ကြီး ၁၁ ဦးနှင့် လီကွတ် ဝန်ကြီး ၁၁ ဦး တို့သည် ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရေး သဘော တူ ညီ ချက် ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၂၀ ဦး ပါဝင်မည်ဖြစ်ပြီး ရှမီးယားက ဝန်ကြီးချုပ်အဖြစ် လည်းကောင်း၊ ပဲရက်စ်က ဘဏ္ဍာရေး ဝန်ကြီးအဖြစ် လည်းကောင်း ဆောင်ရွက်မည်ဖြစ်သည်။



ကွန်ဒက၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ စစ်ကိုင်းတောင်ရိုးပဋ္ဌာန်းသိပ္ပံကျောင်းတိုက် (မြန်မာ ၁၂၆၄ – ၁၃၅၀)။ ။စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံကျောင်းတိုက်၏ ပဓာနနာယက ဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ကွန်ဒကသည် အဘိဓဇ မဟာရဋ္ဌဂုရု စံကင်း ဆရာတော်ဘုရားကြီး၊ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီး စသော ဆရာတော်ကြီးများထံ၌ ပါဠို၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများကို ပါရဂူရောက် တတ်မြောက်အောင် သင်ကြားတော်မူခဲ့ခြင်း၊ အစိုးရပါဠိ ပထမပြန် စာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမ ကြီးတန်းများကို အောင်မြင်တော်မူခဲ့ခြင်း၊စစ်ကိုင်းတောင်ရိုး၌ ပဋ္ဌာန်းသိပ္ပံကျောင်းတိုက်ကြီးကို တည်ထောင်ပြီး ပဋ္ဌာန်းကျမ်းတော်ကြီးကို ပို့ချသင်ကြားပေး တော်မူရာ ၂၇ နှစ်အတွင်း စာသင်သားပေါင်း ၄,၂၉၀ ကျော်တို့ အား တတ်မြောက်စေတော်မူခဲ့ခြင်း၊ ခင်ဦးမြို့ ရွှေဘေး ကင်းတောရ၌ သုံးနှစ်တိုင် တောရဆောက်တည်၍ ပဋ္ဌိပတ္တိ တရားများကို ကျင့်ကြံ အားထုတ်တော်မူခြင်း၊ ဆဋ္ဌသင်္ဂါ တိဝါသောဓက၊ ဆဋ္ဌသင်္ဂါတိပါဋ္ဌိပဋ္ဌိဝါသောဓက၊ စစ်ကိုင်း တောင်ရိုး ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပဲ့ အုပ်ချုပ်ရေး မဟာနာယက စသည်ဖြင့် သာသနာ့ တာဝန်များကို ထမ်းရွက်တော်မူခြင်းတို့ကြောင့် ၁၃၄၀ ပြည့် နှစ် တွင် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၀ – စာ၊ ၃၀၆--- ရှု။)

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ကွန်ဒကသည် ၁၃၅၀ ပြည့်နှစ် နတ်တော်လပြည့်နေ့တွင် ဘဝနတ် ထံ ပုံလွှန်တော်မူသည်။

အိန္ဒိယနိုင်ငံ။ ။အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ရှိ တြိပူရပြည်နယ်နှင့် မိဂါလျာပြည်နယ်တို့၌ ၁၉၈၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြည်နယ်လွှတ်တော်ရွေး ကောက်ပွဲများကျင်းပရာ တြိပူရ ပြည်နယ်၌ ကွန်ဂရက် (အိုင်) ပါတီဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့က နေရာ အများစုကို အနိုင်ရရှိ၍ အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီး မိဂါ လျာပြည်နယ်၌ ကွန်ဂရက် (အိုင်) ပါတီက နေရာ ၆၀ အနက် ၂၂ နေရာ ကိုသာ ရရှိခဲ့သော်လည်း အစိုးရအဖွဲ့ ဖွဲ့နိုင်ခဲ့သည်။

ထို့ပြင် မတ်လ ၂၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၌ အထက် လွှတ်တော် အမတ်နေရာ ၆၁ နေရာအတွက် ကြားဖြတ် ရွေးကောက်ပွဲများကျင်းပရာ ဝန်ကြီးချုပ် ရာဂျစ် ဂန္ဒီ၏ ကွန်ဂရက် (အိုင်) ပါတီက ယခင် ထိန်းထား နိုင် သော နေရာ ၁၀ နေရာကို လက်လွှတ်လိုက်ရသည်။ သို့ရာတွင် ၂၄၄ နေရာရှိသော အထက်လွှတ်တော်၌ ၁၃၀ နေရာရရှိ ထား၍ အ များ စု ကို လွှမ်း မိုး ထား ဆဲ ပင် ဖြစ် သည်။ ရွေးကောက်ပွဲ၌ ကွန်ဂရက် (အိုင်) ပါတီက ၃၂ နေရာကို ရရှိပြီး အတိုက်အခံပါတီများက ၂၅ နေရာကို ရရှိခဲ့သည်။ ကာကွယ်ရေးဝန်ကြီးဟောင်း ဗစ်ရှဝါနတ်ပရာတက် ဆင်း ဦးဆောင်သော အတိုက်အခံညွှန့်ပေါင်းအဖွဲ့က ဥတ္တရပရ ဒေသပြည်နယ်၌ တစ်နေရာရရှိခဲ့သည်။ ဗဟိုဝါဒီ ဂျနှမော် ချာပါတီခေါင်းဆောင် ဆင်းသည် အိန္ဒိယနိုင်ငံရေး လောကတွင် ကိုယ်ကျင့်သိက္ခာကောင်းမွန်သူအဖြစ်ထင်ရှား သည်။ ဆင်းသည် ဘဏ္ဍာရေးဝန်ကြီးတာဝန်ယူစဉ် အခွန် ငွေတိမ်းရှောင်မှုများကို စုံစမ်းဖော်ထုတ်ရန် ကြိုးပမ်းခဲ့ရာ ထင်ရှားသောပုဂ္ဂိုလ်များအကြား လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရ သည်။ နောက် ဆုံး တွင် ဝန် ကြီး ချုပ် က ဆင်းအား ကာကွယ်ရေးဝန်ကြီးနေရာသို့ ပြောင်းရွှေ့ခန့်ထားခဲ့သည်။ ပြည်ပမှ စစ်ဘက်ရေးရာ ကန်ထရိုက်တာများက အိန္ဒိယ နိုင်ငံမှကြားခံပုဂ္ဂိုလ်များအား လာဘ်ထိုးရသည်ဆိုသော စွပ် စွဲ ချက် များ နှင့် စပ် လျဉ်း ၍ စုံ စမ်း ဖော် ထုတ် ရန် ဆင်းက ဆောင်ရွက်ခဲ့ပြန်သည်။ အထူးသဖြင့် ဒေါ်လာ သန်းပေါင်း ၁,၃၀၀ တန်ဖိုးရှိ စစ်မြေပြင်သုံးအမြောက်များ ကန် ထ ရိုက် လုပ် ငန်း ကို ဘိုဖာအမည်ရှိ ဆွီဒင်နိုင်ငံမှ လက်နက်ထုတ်လုပ်ရေးကုမ္ပဏီအား ရရှိစေရန် ကူညီပေးခဲ့သူ အိန္ဒိယကိုယ်စားလှယ်များသည် တံစိုးလက်ဆောင်ဒေါ်လာ သန်းပေါင်းများစွာ ရယူခဲ့သည် ဟူ သော စွပ် စွဲ ချက် ကို ဆင်းကထုတ်ဖော်ခဲ့သည်။နောက်ဆုံးတွင်ဆင်းသည် အစိုးရ အ ဖွဲ့ မှ နုတ် ထွက် လိုက် ရ သည်။ မ ရွေး မ နှောင်း တွင် ကွန်ဂရက် (အိုင်) ပါတီမှ ထုတ်ပယ်ခံလိုက်ရသည်။

ဆင်းသည် ၁၉၈၈ ခုနှစ် ဇွန်လ ၁၈ ရက် နေ့ တွင် ကျင်းပသော ပါလီမန်ကြားဖြတ်ရွေးကောက်ပွဲ၌ဝင်ရောက် ယှဉ်ပြိုင်ရာအနိုင်ရရှိသည်။ ဥတ္တရပရဒေသပြည်နယ် အလာ ဟာဗတ်မြို့ မဲဆန္ဒနယ်၌ ရွေးကောက်တင်မြှောက်ခံရခြင်း ဖြစ်သည်။ ယခင်က ယင်းမဲဆန္ဒနယ်ကို အိန္ဒိယရုပ်ရှင်နယ်မှ ထင်ရှားသောသရုပ်ဆောင်မင်းသား အမီတာဘာချန်းက ကိုယ်စားပြုခဲ့သည်။ အမီတာ ဘာချန်းသည် အိန္ဒိယငွေ ကြေးစည်းမျဉ်းများကို ချိုးဖောက်ခဲ့သူဟူ၍ စွပ်စွဲခံရပြီး နောက် ၁၉၈၇ ခုနှစ်တွင် အမတ်အဖြစ်မှ နုတ်ထွက်ခဲ့ရ ခြင်းဖြစ်သည်။

၁၉၈၈ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ကျင်း ပ သော ကြားဖြတ်ရွေးကောက်ပွဲ၌ အမျိုးသားပါလီမန် (လော့ ဆာဘား) ၏ အမတ်နေရာ ခု နစ် နေ ရာ နှင့် ပြည် နယ် လွှတ်တော်များ၏အမတ်နေရာ ၁၁ နေရာအတွက်ယှဉ်ပြိုင် ရာတွင် ကွန်ဂရက် (အိုင်) ပါတီသည် ယခင်က အဆိုပါ ပါလီမန်အမတ်နေရာခုနစ်နေရာစလုံးကို လွှမ်းမိုးထားခဲ့ရာမှ

အိန္ဒိယနိုင်ငံ



တောင်အာရှထိပ်သီးအစည်းအဝေးတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ (ယာ) နှင့် ပါကစ္စတန်ဝန်ကြီးချုပ်သစ် မစ္စက်ဘီနဇာ ဘူတိုတို့ တွေ့ဆုံဆွေးနွေးနေကြစဉ်

အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ တမိနာဒူး ပြည်နယ်၏ ဝန်ကြီးချုပ်အဖြစ် ၁၉၇၇ ခုနှစ် ဇွန်လမှစ၍ တာဝန်ယူလာခဲ့သော မာရူသာ ဂိုပါလာမီနွန် ရာမချန်ဒရန်သည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် ရှိကြသောပြည်နယ်များ (တမိနာဒူး၊ ကာနာတာကာ၊ အင်ဒရာပရဒေသနှင့် ကီရာလာ)၏ ဝန်ကြီးချုပ်များအနက် ရာမချန်ဒရန် တစ်ဦးတည်းသာ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ၏ မဟာမိတ်ဖြစ်ခဲ့သည်။ ၁၉၈၇ ခုနှစ် ဇူလိုင်လက အိန္ဒိယ–သီရိလင်္ကာ စာချုပ်ကို ရာဂျစ်ဂန္ဒီ လက်မှတ်ရေးထိုးခဲ့ခြင်းကို ရာမချန်ဒရန်က ထောက်ခံခဲ့သည်။ သီရိလင်္ကာနိုင်ငံ၏ တမီးပြဿနာဖြေရှင်းရေးအတွက် ချုပ်ဆိုခဲ့သော ယင်းစာချုပ်သည် တမီနာဒူးပြည်နယ်၌ အများဆုံးနေထိုင်သည့် အိန္ဒိယဒေသခံ တမီလူမျိုးများအား မကျေမနပ်ဖြစ်စေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၈–စာ၊ ၂၈၃ — ရှု။) (သီရိလင်္ကာနိုင်ငံ — ရှု။) ယင်းစာချုပ်ကိုတစ်ဘက်က လူသိရှင်ကြား ထောက်ခံလင့်ကစား ရာမချန်ဒရန်သည် အခြားတစ်ဘက်က တမီခွဲထွက်ရေးဝါဒီအဖွဲ့ တမီအီလမ် လွတ်မြောက်ရေးကျားအဖွဲ့ (အယ်တီတီအီး) အား တမီနာဒူးပြည်နယ်၌ ခိုလှုံနေထိုင်ခွင့်နှင့် စစ်ရေးလေ့ကျင့်ခွင့် ဆက်လက် ပေးထားခဲ့သည်။

ရာမချန်ဒရန်ကို ဆက်ခံရန် ၁၉၈၈ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့တွင် ရာမချန်ဒရန်၏ ဇနီး မစ္စက် ဗီ အင်ဂျာနာကီရာမချန်ဒရန်အား ရွေးချယ်တင်မြှောက်သည်။

လေးနေရာကို .လက်လွှတ်လိုက်ရသည်။ ထိုသို့ ကမောက်ကမဖြစ်ခဲ့ရပြီးနောက် ဇွန်လ ၂၅ ရက်နေ့တွင် အစိုးရအဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းသည့်အနေဖြင့် ဝန်ကြီးချုပ်ရာဂျစ်ဂန္ဒီက ဝန်ကြီးသစ်ခြောက်ဦးကို ခန့်အပ်တာဝန်ပေးသည်။ ရာထူးမဖယ်ရှားပြီးသော ပြည်နယ်ဝန်ကြီးချုပ်နှစ်ဦးသည် ဝန်ကြီးသစ်ခြောက်ဦးတွင် ပါဝင်လာသည်။ ယင်းဝန်ကြီးသစ်နှစ်ဦးမှာ မဟာရတ်ရှထရာ ပြည်နယ် ဝန်ကြီးချုပ်ဟောင်း အက်စ်ဘီချာဗန်နှင့် ဥတ္တရပရဒေသ ပြည်နယ် ဝန်ကြီးချုပ်ဟောင်း ဘဟာဒူး ဆင်းတို့ ဖြစ်ကြသည်။ ကွန်ဂရက် (အိုင်) ပါတီသည် ပါလီမန်အမတ်နေရာ ၅၄၄ နေရာရှိသည့်အနက် ၃၉၉ နေရာကို လွှမ်းမိုးထားသည်။ လွတ်လပ်ရေးရပြီး ၄၁ နှစ်တာကာလအတွင်း ၁၉၇၇ ခုနှစ်မှ ၁၉၇၉ ခုနှစ်ထိကာလမှတစ်ပါး အိန္ဒိယနိုင်ငံကို ကွန်ဂရက် (အိုင်) ပါတီက စိုးမိုးအုပ်ချုပ်ခွင့် ရရှိခဲ့ပေသည်။ ၁၉၈၈ ခုနှစ် အောက်တိုဘာလတွင် ဗစ်ရှဝါနတ် ပရာတက် ဆင်း၏ ဦးဆောင်မှုဖြင့် ဆင်း၏ ဂျန်မော်ချာပါတီ၊ ဂျနတာပါတီနှင့် လော့ဒါးပါတီတို့သည် ဂျနတာဒါး (ပြည်သူပါတီ) အမည်ဖြင့် ညွှန့်ပေါင်းအဖွဲ့ဖွဲ့စည်းခဲ့သည်။ ဂျနတာဒါးသည် အခြား အင်အားကောင်းသော ဒေသကိုယ်စားပြုပါတီသုံးရပ်နှင့် မဟာမိတ်ဖွဲ့ကာ အမျိုးသားတပ်ဦးအမည်ဖြင့် လှုပ်ရှား လျက်ရှိသည်။ ၁၉၈၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျင်းပရန်ရှိသည့် အထွေထွေရွေးကောက်ပွဲကြိုးတွင် ကွန်ဂရက် (အိုင်) ပါတီနှင့် အဓိကအားပြိုင်မည့် နိုင်ငံရေးအဖွဲ့အစည်းကို ဆင်းထူထောင်ထားနိုင်ပြီဟု အကဲခတ်သမားများက ထင်မြင်ယူဆလျက်ရှိသည်။



အိန္ဒိယနိုင်ငံရေးလောကတွင် ကိုယ်ကျင့်တရား စင်ကြယ်သူအဖြစ် ထင်ရှားသော ဗစ်ရှဝါနတ် ပရာတက်ဆင်း (လက်ဝဲဘက်ကလူ) ၏ပါတီသည် အာဏာရ ကွန်ဂရက် (အိုင်) ပါတီနှင့် အားပြိုင်လျက်ရှိသည်။

ဇန်နဝါရီလ ၇ ရက်နေ့တွင် မစွက်ရာမချန်ဒရန်က တမီနာဒူးပြည်နယ်၏ ဒဿမမြောက် ဝန်ကြီး ချုပ် အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လွတ်တော်၌ အယုံအကြည်ရှိကြောင်း အဆိုကို မဲခွဲရာ ထောက်ခံမဲ ၉၉ မဲ၊ ကန့်ကွက်မဲ ရှစ်မဲ၊ ကြားနေ သုံးမဲဖြင့် မစွက်ရာမချန်ဒရန်က အနိုင်ရရှိသည်။ လွတ်တော်ဥက္ကဋ္ဌက မဲစာရင်း ကြေညာ အပြီး တွင် လွတ်တော်အမတ်များ အချင်းချင်း ရှုံး ရင်း ဆန် ခတ် ဖြစ် ပွား ရာ ရဲတပ်ဖွဲ့က ဝင်ရောက်ထိန်းသိမ်းရသည်။ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် တမီနာဒူးပြည်နယ်ကို သမ္မတ၏ တိုက် ရိုက် အုပ် ချုပ် မှု အောက်တွင်ထားရှိကြောင်း အမိန့်ထုတ်ပြန်လိုက်ရသည်။

အုန်းလွင်၊ ဦး (ပန်းချီဆရာကြီး) (ခရစ် ၁၉၀၇ – ၁၉၈၈)။ ။စာနယ်ဇင်းသရုပ်ဖော်ပန်းချီပေါင်း များစွာကို ရေးဆွဲလာခဲ့သော ပန်းချီဆရာကြီး ဦးအုန်းလွင်ကို မော်လမြိုင်မြို့နယ်၊ မုဒုံအပိုင် တံခွန်တိုင်ရွာ၌ အဖ ဦးငယ်၊ အမိဒေါ်ရွှေသဲတို့က ၁၉၀၇ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ မွေးချင်းခုနစ်ယောက် အနက် အငယ်ဆုံးဖြစ်သည်။

ကလေးဘဝကပင် ဝါသနာအရ ရွာရှိ ဘုန်းကြီးပျံ အရုပ်များ၊ ဇာတ်နိပါတ်တော်ပုံများကို ကူးရေးခဲ့သည်။

ဆဋ္ဌမတန်းအောင်သောအခါအစ်မရှိရာ ပြည်မြို့တွင် ပညာဆက်လက်သင်ယူခဲ့သည်။ ထိုစဉ် နိုင်ငံခြားရုပ်ရှင်ပိုစတာများ ကူးရေးခြင်း၊ ကျောင်းနံရံကပ်စာစောင်နှင့် အခြားကျောင်းတွင်းပန်းချီကိစ္စများတွင် ကူညီခြင်း၊ စာနယ်ဇင်းသရုပ်ဖော်ပန်းချီပုံများကို ကူးယူလေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့သည်။

အဋ္ဌမတန်း ရောက်သောအခါ ဒဂုန်မဂ္ဂဇင်းထဲတွင် ပန်းချီပြိုင်ပွဲကြေညာချက်တစ်ခု တွေ့ရသဖြင့် သူငယ်ချင်းများ၏ တိုက်တွန်းအားပေးမှုအရ ပြိုင်ပွဲအကြောင်းအရာနှင့် ကိုက်ညီမည့် ကလေးချီထားသော အမျိုးသမီးပုံနှင့် ဦးရွှေရိုး စာဖတ်ပြီး ဒေါသဖြစ်နေပုံကို ရေးဆွဲပေးပို့လိုက်

ပန်းချီဆရာကြီး ဦးအုန်းလွင်



သည်။ ပြိုင်ပွဲဝင်ခဲ့သူများအနက်ပန်းချီဆရာကြီးဦးဘလုံက ပထမရရှိ၍ တိုက်ထိုင်ပန်းချီဆရာ ဦးမောင်မောင်တင်က ဒုတိယရရှိကာ နယ်မှပဂိုလ်တစ်ယောက်က တတိယနှင့် ဦးအုန်းလွင်က စတုတ္ထရရှိခဲ့သည်။

ကျောင်းနေစဉ်အတွင်း ဤသို့မဂ္ဂဇင်းဘက်သို့ စတင်ခြေလှမ်းရင်း တစ်ဘက်ကလည်း ကျောင်းတွင်း ပန်းချီရေးရာကိစ္စများတွင် လက်စွမ်းပြရေးဆွဲခဲ့သည်။ ကျောင်းတွင်ပြုလုပ်သော ဘောဘီရှူးပြပွဲ၌ ဦးအုန်းလွင်၏လက်ရာကို ပညာဝန် ဒေါ်မြစိန်က တွေ့ရှိ သဘောကျသွားသဖြင့် ဝင်ဆာနှင့် နယူတန်ကုမ္ပဏီမှ ပန်းချီပစ္စည်း နှစ်ဆယ်ဖိုးဝယ်ယူခွင့်ပေးခဲ့သည်။

ထို့ပြင် ကျောင်းအုပ်ဆရာကြီး မစ္စတာမင်နက်ဇီ၏ ခရစ္စမတ်ပါတီပွဲ၌ ယစ်မျိုးဝန်ထောက် မစ္စတာဝီလ်ကင်ဆင်အတွက် စကားပုံသရုပ်ဖော်ပုံများ ရေးဆွဲခဲ့ရသည်။ မစ္စတာဝီလ်ကင်ဆင်က သဘောကျသဖြင့် ဦးအုန်းလွင်ထံ ဆီဆေးဘူးများ လက်ဆောင်ပို့ပေးခဲ့သည်။

အဋ္ဌမတန်း အောင်သောအခါ ကျောင်းနေချင်စိတ်မရှိတော့ဘဲ ပန်းချီဘက်ကိုသာ စိတ်သန်နေသဖြင့် မိဘများရိုရာ မော်လမြိုင်သို့ ပြန်လည်နေထိုင်ခဲ့သည်။

ထို့နောက် ရန်ကုန်သို့ထွက်လာပြီး လန်ဒန်အတ်၊ ကဝိမျက်မှန်၊ ကဝိတံခွန်စသည့်ကုမ္ပဏီနှင့် မဂ္ဂဇင်းတိုက်များသို့ သွားရောက်ကာ ပန်းချီဆရာခန့်အပ်ရန် လျှောက်လွှာတင်ခဲ့သည်။ သို့သော် တိုက်တိုင်းတွင် သူပန်းချီဆရာနှင့်သူ ရှိပြီးဖြစ်သဖြင့် နေရာမပေးနိုင်ခဲ့ချေ။

ထို့ကြောင့် ယောက်ဖ၏အစ်ကိုတော်သူ ဆရာကြီးဦးစံရင်(ဒို့ဆရာကြီး)မှတစ်ဆင့် မြန်မာအဆွေ ဦးညွန့်နှင့် တွေ့ဆုံခဲ့ရသည်။ ပထမတွင် ဦးညွန့်က ကျောင်းဆက်နေရန် တိုက်တွန်းသေးသော်လည်း ဦးအုန်းလွင်၏ ဆုံးဖြတ်ချက်ခိုင်မာမှုကြောင့်လည်းကောင်း၊ ၎င်း၏ပန်းချီလက်ရာများကိုလည်း အသိအမှတ်ပြု လက်ခံနိုင်၍လည်းကောင်း ၁၉၂၆ ခုနှစ် ဇူလိုင်လတွင် မြန်မာအဆွေကုမ္ပဏီ၌ တိုက်သုံးပန်းချီဆရာအဖြစ် တစ်လ ၄၀ ကျပ်ဖြင့် ခန့်လိုက်လေသည်။ ဤသို့ဖြင့် မြန်မာအဆွေ ကုမ္ပဏီ တွင် တိုက်သားတစ်ဦးအဖြစ် နေထိုင်ပြီး ဒဂုန်မဂ္ဂဇင်းအတွက် သရုပ်ဖော်ပန်းချီမျ်ားရေးဆွဲခဲ့သည်။

ထို့နောက် ဆရာကြီး ဦးဘလုံကခေါ်သဖြင့် မြန်မာအဆွေကုမ္ပဏီမှထွက်ကာ ဦးဘလုံထံတွင် အိမ်ပါတပည့်အဖြစ် သင်ကြားကူညီရေးဆွဲခဲ့သည်။ ထိုအတောအတွင်း ဦးဘဥာဏ်နှင့် ဦးဘဇော်တို့ထံတွင်လည်း ပန်းချီပညာသင်ယူခဲ့သည်။

ထို့နောက်ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီတွင် လခစားပန်းချီဆရာအဖြစ် အလုပ်လုပ်နေသော ပန်းချီဆရာကြီး ဦးစံလွင်က လက်ထောက် ပန်းချီဆရာအဖြစ် ခေါ်ပြန်သဖြင့် ဦးဘလုံကိုခွင့်ပန်ကာ ဦးစံလွင်နှင့်အတူ ရုံခွဲတိုက်ပိုစတာကြီးများ၊ လက်ကမ်းကြော်ငြာများကို သင်ကြားကူညီရေးဆွဲခဲ့သည်။

ဤသို့ဖြင့် သုံးနှစ်မျှကြာသောအခါ ဆရာစံတော်လှန်ရေး၏ ဂယက်ကြောင့် ကုမ္ပဏီရှိလူများ လခလျော့သဖြင့် ဆရာပီမိုးနင်း၊ ဆရာမြမျိုးလွင် စသည့်ပုဂိုလ်များ အလုပ်ထွက်ကြသည့်နည်းတူ ဦးအုန်းလွင်လည်း ကုမ္ပဏီမှထွက်ကာ ဇာတိတံခွန်တိုင်ရွာတွင် တစ်နှစ်နီးပါးမျှ သွားရောက်နေထိုင်သည်။

နောက်ပိုင်းတွင် ဦးဘလုံနှင့်နေထိုင်၍ ဘလုံ–အုန်းလွင်ဟူသော ဆိုင်းဘုတ်ကိုတင်ကာ ပိုစတာနှင့် စာနယ်ဇင်းသရုပ်ဖော်ပုံများရေးဆွဲခဲ့သည်။ ထိုအချိန်မှစ၍သရုပ်ဖော်ပုံပေါင်းများစွာကို အစဉ်တစိုက် ရေးဆွဲခဲ့သည်မှာ ယနေ့ကာလ စာနယ်ဇင်းများအထိပင် ဖြစ်သည်။

ဦးအုန်းလွင်သည် ပန်းချီသမဂ္ဂတွင် နာယကအဖြစ်လည်းကောင်း၊ ပန်းချီကောင်စီကို တည်ထောင်ပြီးနောက် ဥက္ကဋ္ဌ အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲဝင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ ရိုမေးနီးယား၊ ဆွီဒင်နိုင်ငံများသို့လှည့်လည်လေ့လာခဲ့ရသည်။

ထို့ပြင် နိုင်ငံခြားရှိ စက္ကူဖင်ဂလပ်စ် ဖန်ထည်ကုမ္ပဏီအတွက် နိုင်ငံပေါင်း ၅၀ မှ ပန်းချီပညာရှင်များက ပုံစံထုတ်ရေးဆွဲပေးပို့ရာ၌ ဦးအုန်းလွင်ပုံစံထုတ် ရေးဆွဲပေးပို့သော ဘုရင်တိုင်းခန်းလှည့်လည်နေသည့် ပုံစံမှာ အရွေးခံရသည်။ ကုမ္ပဏီက ထိုပုံစံကို ဖန်ထည်ဖြင့်ပြုလုပ်ပြီး နိုင်ငံအရပ်ရပ်သို့ လှည့်လည်ပြသခဲ့ခြင်းဖြင့် နိုင်ငံဂုဏ်ကိုဆောင်နိုင်ခဲ့သည်။ ပြည်တွင်းတွင်မူ စက်မှုတက္ကသိုလ် အတွက် ကြေပြားရောင်စုံဖြင့် ပုံဖော်စီခြယ်ရသောပုံစံကို ထုတ်လုပ်ရေးဆွဲခဲ့သည်။

ဦးအုန်းလွင်သည် ပန်းချီရေးနည်းစုံ ကျွမ်းကျင်သူဖြစ်ပြီး ရေဆေးအပါး၊ ရေဆေးအထူ၊ ခဲလိုင်း၊ ဆီဆေးရေးချက်တို့တွင်လည်း နိုင်နင်းသည်။ အထူးသဖြင့် လိုင်းကို အရေးများသည်။ ဦးအုန်းလွင်၏လိုင်းများသည် နွဲ့၍အားပါနေကာ ကွန့်မြူးမှုပေါင်းစုံ ခံစားထိတွေ့နိုင်သည်ဟု ဆိုကြသည်။

စာနယ်ဇင်းပေါင်းစုံတွင် သရုပ်ဖော်ပန်းချီပုံအမြောက်အမြား ရေးဆွဲခဲ့သော ပန်းချီဆရာကြီး ဦးအုန်းလွင်သည် ၁၉၈၈ ခုနှစ် ဇွန်လ ၂၇ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည် ကွယ်လွန်ချိန်တွင် ၎င်း ဒေါ်အေးကြည် ကျန်ရစ်သည်။။

အသံလှုယ်အမည်များ

ဤကျမ်းတွင် အသံလှုယ်ယူထားသောအမည်များ မြောက်မြားစွာပါရှိသည်။ ဤကျမ်းတွင် ပါဝင်သော အသံလှုယ်အမည်တို့ကို မူရင်းစကားနှင့်တကွ အောက်တွင်အကွာရာစဉ်အတိုင်း ဖော်ပြထားသည်။ ထုတ်ဝေပြီး အတွဲများတွင် ဖော်ပြပါရှိပြီး ဖြစ်သော အသံလှုယ် အမည်များကိုမူ အောက်ပါစာရင်း၌ ထပ်မံဖော်ပြခြင်းမပြုပါ။

ကီးဆင်းဂျား, ကွတ်ဂျော့	Kiesinger, Kurt Georg
ကော်နန့်, အန်ဒရေ ဖရက်ဒရစ်	Cournand, Andre Frederick
ကန်နင်ဂမ်, ဂလင်း	Cunningham, Glenn
ကွေးလ်, ဒန်	Quayle, Dan
ချီကုန်ပညာ	Qegung
ဂလပ်စနော့	Glasnost
စတီဗင်စ်, စီယာခါ ပရိုဘင်	Stevens, Siaka Probyn
စတက်တိုး, ပက်ထရစ်	Steptoe, Patrick
စထရောက်စ်, ဖရန့် ဂျိုးဇက်	Strauss, Franz Josef
တိုက်ကွမ်းဒို	Taikwa ndo
တိုက်ဆင်, မိုက်	Tyson, Mike
ထရောင်ချင်း	Truong Chinh
ဒရီးစ်, ဝီလမ်	Drees, Willem
ဒတ်, ရေမွန်အာသာ	Dart, Raymond Arthur
နိုဂူချီ, အီဆာမူ	Noguchi, Isamu
ပါတန်, အာလန် စတီးဝပ်	Paton, Alan Stewart
ပန်ဒါ	Panda
ဖော, အဂ္ဂါ	Faure, Edgar
ဖိုင်းမန်း, ရစ်ချတ် ဖိလစ်	Feynman, Richard Phillips
ဖမ်ဟွန်	Phan Hung
မာလင်ကော့, ဂျော်ဂျီ အမ်	Malenkov, Georgi M
မီကီ, တာကေအို	Miki, Takeo
မက်ဘရိုက်, ရှောန်	MacBride, Sean
ယန်စန့်ခွင်း	Yang Shangkun
ရာဘီ, အစ်ဆီဒါ အိုင်းဆက်	Rabi, Isidor Isaac
ရုစကာ, အန့်စ်ထ် ဩဂတ် ဖရီးဒရစ်	Ruska, Ernst Augast Friedrick
ရူးဗစ်, အာနိုး	Rubik, Erno
ဝီလျံ့, ရောဂျား ဂျွန်	Williams, Roger John
ဟာမီလတန်, ဆာ ဒင်းနစ်	Hermilton, Sir Dennis
ဟိုင်းလိုင်း, ရောဗတ်	Heinlein, Robert
အဲလဗရက်, လူဝီ ဝေါ်လတာ	Alvarey, Luis Walter
အိုက်စကင်းစ်, ဗစ္စကောင့် ဂတ်စတန်	Eyskens, Viscount Gaston
အန်းစထရောင်း, ဟင်နရီ	Armstrong, Henry

အကွဲရာစဉ်အညွှန်း

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၇၉)

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်း ဖတ်ရှု၊ လေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ် အကြောင်းအရာတို့ကိုလွယ်လင့်တကူ၊ အလျင်အမြန် ရှာဖွေလိုပါကလည်း အကွဲရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏အမည်ကို ရှာဖွေဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

က

ကနေဒါနိုင်ငံ ၄၁၊ ၄၂၊ ၁၀၆၊ ၁၁၀၊ ၁၂၁၊ ၂၂၅။
ကာတာနိုင်ငံ ၂၇။
ကာဒါ, ယာန်ဒိစ် ၂၇၀။
ကီးဆင်းဂျား, ကွတ်ဂျော့ ၁၀၇၊ ၁၇၉။
ကုလသမဂ္ဂ ၂၁၊ ၃၀၊ ၃၁၊ ၇၂၊ ၁၀၀–၁၁၃၊ ၂၀၄၊ ၂၀၅၊ ၂၉၅။
ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ ၁၁၂၊ ၁၁၃–၁၁၆၊ ၁၈၆။
ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ၁၂၉။
ကူဝိတ်နိုင်ငံ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၁၅၅။
ကော့စတာရီကာနိုင်ငံ ၄၁။
ကော်ဒိုဗက်, ဒီဂို ၂၉၅။
ကော်နန်, အန်ဒရေ ဖရက်ဒရစ် ၁၁၆၊ ၁၇၉။
ကိုရီးယားသမ္မတနိုင်ငံ ၃၂၊ ၄၂၊ ၁၁၀၊ ၁၁၆၊ ၁၂၁၊ ၁၇၃။
ကိုလုံးဗီးယားနိုင်ငံ ၄၁၊ ၁၁၀။
ကင်ညာနိုင်ငံ ၃၉၊ ၄၁။
ကန်နင်ဂမ်, ဂလင်း ၁၇၉။
ကုန်ဖလှယ်မှုစနစ် ၁၁၈။
ကုန်သေတ္တာ ၉၉။
ကိပ်ဗာဒီနိုင်ငံ ၁၂၅။
ကမ်ပူးချားနိုင်ငံ ၁၁၁၊ ၁၁၉။
ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် (ဒဗလျူ အိပ်ချ်အို) ၁၁၁၊ ၂၃၁။
ကမ္ဘာ့စားနပ်ရိက္ခာ ၁၂၁၊ ၁၂၆။
ကမ္ဘာ့ဘဏ် ၁၂၆–၁၂၈။
ကမ္ဘာ့ယဉ်ကျေးမှု ဖွံ့ဖြိုးရေးဆယ်စုနှစ် ၁၂၉–၁၃၂။
ကမ္ဘာ့ရှေးဟောင်းသုတေသနကွန်ဂရက် ၇၂။
ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံ ၁၂၆။
ကျူးဗားနိုင်ငံ ၃၈၊ ၁၁၁။
ကျော်ဆန်း၊ ဦး(ကာတွန်း) ၁၃၂၊ ၁၇၈။
ကျော်မြင့်၊ ဦး(ဒေါက်တာ) ၁၇၈။
ကျောက်ကျီယန် ၁၆၄၊ ၁၆၅။
ကျိုင်းကောင် ၁၂၄၊ ၁၂၅။
ကြယ်တံခွန် ၂၀၉၊ ၂၉၂။
ကွေးလ်, ဒန် ၁၃၃။

ခ

ခရူးရှော့, နီကီတာ ၂၂၃။
ခရွန်ကိုက်, ဝေါလတာ လီလန် ၃၀၁။
ခိုမေနီ, အယာတိုလာ ရူဟိုလာ ၂၃၊ ၂၄၊ ၃၁။
ခင်ကြည်၊ ဒေါ်(မဟာသီရိသုဓမ္မ) ၁၃၄၊ ၁၇၈။
ခန္ဓာပြင်ပ မျိုးစပ်နည်း (အိုင်ဗီအက်ဖ်) ၅၆–၆၂။
ချီကုန်ပညာ ၁၃၅–၁၃၇။
ချီလီနိုင်ငံ ၄၁၊ ၁၀၂၊ ၁၃၇။
ချက်ကိုစလိုဗက်ကီးယားနိုင်ငံ ၄၁၊ ၁၃၉။
ချဒ်နိုင်ငံ ၁၂၄။
ချန်ထွန်း၊ ဦး(သတိုးမဟာသရေစည်သူ) ၁၄၀၊ ၁၇၉။
ချုန်ဒူးဝမ် ၁၁၈။
ချန်ဟာဗန်, ချတ်ချိုင်း ၂၀၅၊ ၂၀၆။

ဂ

ဂယွမ်း, မောမွန်းအဗ္ဗဒူ ၂၃၃။
ဂရိနိုင်ငံ ၄၁၊ ၁၇၂။
ဂရော့ဇ်, ကာရိုလီ ၂၇၀၊ ၂၀၀။
ဂရိုမီကို, အန်ဒရေ ၁၆၀။
ဂရင်နေဒါနိုင်ငံ ၁၂၀။
ဂရစ်ဖစ် ဂျိုင်းနား, ဖလောရင့်စ် ၄၁။
ဂလပ်စနေ့မူဝါဒ ၁၃၉၊ ၁၄၂–၁၄၅၊ ၁၆၀၊ ၁၆၅၊ ၂၅၃။
ဂေါဘာချော့, မိခါယီး ၁၄၂၊ ၁၄၃။
၁၄၅၊ ၂၉၃၊ ၂၉၅။
ဂိုရီးယား, ဂိယိုဗန်နီ ၂၉၅။
ဂေါက်စ်, ကားလ်ဖရီးဒရစ် ၂၉၉။
ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ၁၄၅–၁၄၇။
ဂန္ဒီ, ဆုဂျစ် ၃၀၄။
ဂျပန်နိုင်ငံ ၂၇၊ ၃၉၊ ၄၁၊ ၆၀၊ ၁၀၁၊ ၁၁၀၊ ၁၂၆၊ ၁၄၇၊ ၁၄၈၊ ၁၅၇၊ ၂၂၃၊ ၂၂၅၊ ၂၂၆၊ ၂၀၈၊ ၂၉၂။
ဂျမေကာနိုင်ငံ ၄၁၊ ၁၂၀။
ဂျာမနီနိုင်ငံ၊ ပြည်ထောင်စုသမ္မတ ၃၆၊ ၃၉၊ ၄၁၊ ၁၁၀၊ ၁၂၆၊ ၁၅၀။
ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ ၄၀၊ ၄၁။
ဂျီဗူတီနိုင်ငံ ၃၉၊ ၄၁။
ဂျော်ဒန်နိုင်ငံ ၁၄၀၊ ၁၄၉။
၁၅၀၊ ၂၀၅၊ ၂၀၆။
ဂွာတီမာလာနိုင်ငံ ၁၂၀။
ဂျိုင်းနားကာဆီး, ဂျက်ကီ ၄၁။
ဂျွန်ဆင်, ဘင် ၄၂။

စ

စတီ ဗင်စ်, စီယာခါ ပီ ၁၅၉။
စတဲလ်သ်ဗုံးကြဲလေယာဉ် ၂၀၂၊ ၂၉၃။
စတက်တိုး, ပက်ထရစ် ၅၆၊ ၁၀၀။
စတိုင်းဗဲ့ရဂါး, ဂျက် ၁၀၃။
စတုန်းဟင့်ချ် ၆၇၊ ၇၂။
စထရောက်စ်, ဖရန့် ဂျိုးဇက် ၁၀၀။
စနေဂြိုဟ် ၂၉၃။
စပီးလ်ဗတ်, စတီဗင် ၂၅၂။
စပိန်နိုင်ငံ ၄၁၊ ၁၁၀၊ ၁၂၇။
စပယ်ရှယ်၊ ဦး ၁၅၉။

ခ

ခေတ်ပျဉ်း ဆုတ်ခဲတဲ့ဒဏ် ၁၆၀။
ခေါင်းပုံဖြဲ ဆုတ်ခဲတဲ့ဒဏ် ၁၆၃။
ခံယဉ်းအာ့, ရံဟာမဲ့ ၁၆။
ခဲ့ ၁၀၀၊ ၁၀၁၊ ၁၀၃။
ခံ့ ၇၂။
ခံ့ငြားစေ့ ၁၁၄၊ ၁၁၆။
ခံ့ငြားမှု ၁၁၄၊ ၁၁၆။
ခံ့ငြားသော် ၁၁၀။

ဂ

ဂဏန်းတွက်ခြင်း: ၁၂၇။
ဂုဏ်ယူခြင်း: ၈၅၊ ၉၀။
ဂူဗလီ, ဆင်ခြေဖုံ ၂၀၄။
ဂေဟာ, ဘုရားကျောင်း ၂၀၅။
ဂေါ်ပီ, ဗဟုသုတပြုစုသူ ၂၀၄။
ဂေါ်ရီလာ ၂၀၆။
ဂေါ်လီယတ် ၂၀၆။
ဂေါ်လီယတ်ဆန်ခေါင်းပုံ

ဗဟုသုတ, ရုပ်ဘဝ ၂၅၇။

ဗုဒ္ဓဘာသာ ၁၀၆–၁၂၁။

ဗုဒ္ဓဟူး၊ ၁၅၊ ၂၀၊ ၂၁၊ ၂၆၊ ၁၀၀။

ဗုဒ္ဓိပညာ ၁၅၊ ၂၀၊ ၂၁၊ ၂၆၊ ၁၀၀။

ဗုဒ္ဓိမာန်: ရောဂါ ၂၀၊ ၂၅၇။

ဗုဒ္ဓိသာသနာ ၁၀၆–၁၂၁။

ဗုဒ္ဓိသာသနာ: ကမ္ဘာ့ရေးရာ ၂၀၁–၂၀၂

ဝါဟလာ ဆရာတော်ဘုရားကြီး ၂၆၅
ဝါလှည့်၊ ကထိန်း ၁၅၂
ဝါ၊ ကထိန်း (ထင်ဆည်ကယ်ဆရာတော်) ၃၁၈
ဟိုက်ကြောင်းဆင် ၂၆၅
ဟိုက်ခြင်းဆင် ၂၆၅
ဟိုက်ခြင်းဆင်ကြီး ၂၆၅
ဟိုင်းလုံင်း၊ ကရဝေါ ၂၀၁–၂၀၂
ဟိုဒ်ခြမ်းဆင် ၂၆၅
ဟိုဒ်၊ ဆလင်ဒါ ၂၆၅
ဟိုဒ်ခြမ်းဆင်ကြီး ၂၆၅
ဟိုဒ်ခြမ်းဆင်ကြီးငယ် ၂၆၅
ဟိုဒ်ခြမ်းဆင်ကြီးငယ်ကို ဆွဲခြင်း ၂၆၅–၂၆၆
ဟိုဒ်ခြမ်းဆင်ကြီးငယ်ကို ဆွဲခြင်းအကြောင်း ၂၆၆
ဟိုဒ်ခြမ်းဆင်ကြီးငယ်ကို ဆွဲခြင်းအကြောင်း ပြောဆိုခြင်း ၂၆၆
ဟိုဒ်ခြမ်းဆင်ကြီးငယ်ကို ဆွဲခြင်းအကြောင်း ပြောဆိုခြင်း ဥပမာများ ၂၆၆
ဟိုဒ်ခြမ်းဆင်ကြီးငယ်ကို ဆွဲခြင်းအကြောင်း ပြောဆိုခြင်း ဥပမာများ ဖော်ပြချက် ၂၆၆
ဟိုဒ်ခြမ်းဆင်ကြီးငယ်ကို ဆွဲခြင်းအကြောင်း ပြောဆိုခြင်း ဥပမာများ ဖော်ပြချက် ပြီးဆုံးခြင်း ၂၆၆
ဟိုဒ်ခြမ်းဆင်ကြီးငယ်ကို ဆွဲခြင်းအကြောင်း ပြောဆိုခြင်း ဥပမာများ ဖော်ပြချက် ပြီးဆုံးခြင်း ဥပမာများ ၂၆၆
ဟိုဒ်ခြမ်းဆင်ကြီးငယ်ကို ဆွဲခြင်းအကြောင်း ပြောဆိုခြင်း ဥပမာများ ဖော်ပြချက် ပြီးဆုံးခြင်း ဥပမာများ ပြုလုပ်ခြင်း ၂၆၆
ဟိုဒ်ခြမ်းဆင်ကြီးငယ်ကို ဆွဲခြင်းအကြောင်း ပြောဆိုခြင်း ဥပမာများ ဖော်ပြချက် ပြီးဆုံးခြင်း ဥပမာများ ပြုလုပ်ခြင်း ဥပမာများ